ကျော်ဝတ်ရည်



အညွှန်းခိုင်

စံပယ်မြိုင်

About Us

ကျွန်တော်တို့အဖွဲ့သည် မြန်မာနိုင်ငံအတွင်းက e-Books Reader အသုံးပြုသူများနှင့် Digital Devices တွေမှာ စာဖတ်သူများ အတွက် မြန်မာစာအုပ်များကို ဖတ်ရှုနိုင်စေရန် ကူညီပေးဖို့ ရည်ရွယ် ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါသည်။

တိုးတက်လာသော နည်းပညာများအရ e-books Reader အသုံးပြုသူများလည်း များပြားလာပြီ ဖြစ်သော်လည်း နိုင်ငံတွင်းမှတော့ e-books Reader အသုံးပြုသူများ အတွက် မြန်မာစာအုပ် ဖတ်ရှုနိုင်ရန် အလွန် ခက်ခဲလျက်ရှိသည်။

ထို့ပြင်လက်ရှိမှာလည်း မြန်မာစာအုပ်များကို Digital နည်းဖြင့် ဖြန့်ဝေမှု လုံးဝ မရှိသလောက် ဖြစ်သည်။

ထိုအခက်ခဲများကိုကျနော်တို့တတ်နိုင်သည့်ဘက်မှကူညီပေးနိုင်ရန် ရည်ရွယ်ပြီး ပြုလုပ်ထားခြင်းဖြစ်ပါသည်။

မူပိုင်ခွင့်ချိုးဖေါက်ပြီးကိုယ်ကျိုးအတွက်လုံးဝ(လုံးဝ)အသုံးမပြုပါ။

"စာရေးဆရာများနှင့် စာပေထုတ်လုပ်ရေးများသို့ ပန်ကြားချက်"

စာပေထုတ်ဝေသူတို့နှင့် ဆရာ၊ ဆရာမများ အနေဖြင့် မြန်မာနိုင်ငံအတွင်းက e-Books Market အတွက်ကိုလည်း ဖြည့်ဆည်းပေးနိုင်ရန် အကြံပြုလိုပါသည်။ eBooks Digital Marketဟာ မြန်မာနိုင်ငံမှာ ကြီးမားစွာ ရှိနေပါပြီ။

Digital Product ဖြစ်သည့်အတွက် ဆရာ၊ ဆရာမများ အတွက်လည်း ပိုမိုအကျိုးများပါသည်။

ကျွန်ုပ်တို့ ယခုကဲ့သို မူပိုင်ခွင့် ချိုးဖေါက်နေမှုများကိုလည်း လိုအပ်ချက်အရဟု နားလည်ခွင့်လွှတ်ပေးပြီး စာချစ်သူ၊ စာဖတ်သူများ ဆီသို့ တစ်နည်းနည်းနှင့် ပို့ပေးနေသည်ဟု နားလည် ပေးကြပါရန် ပန်ကြားတောင်းဆိုအပ်ပါသည်။

"စာဖတ်သူများသို့ ပန်ကြားချက်"

စာဖတ်သူများသို့ ပန်ကြားလိုသည်မှာ eBook ဖတ်ပြီးလို့ "ကြိုက်နှစ်သက်တယ်" စာရေးသူများအား "အသိမှတ် ပြုသင့်တယ်" လို့ ယူဆပြီး ဖတ်ပြီးသွားလျှင်တောင် လက်လှမ်းမှီပါက မူရင်းစာအုပ်ကို ဝယ်ယူအားပေးကြပါ။

စာအုပ်များဝယ်ယူမှု မရှိလျှင် မိမိကြိုက်သော ဆရာ၊ ဆရာမတို့ နောက်ထပ် နောက်ထပ်သော ဖန်တီးမှုတို့ ပြုလုပ်ရန် ခက်ခဲပါလိမ့်မည်။ ထိုအခါ စာချစ်သူ၊ စာဖတ်သူများနှင့် မြန်မာနိုင်ငံ စာပေလောက အတွက် အနာဂတ် ကလေးငယ်များ အတွက် များစွာ နစ်နာကြပါလိမ့်မည်။

ကျွန်တော်တို့ အဖွဲ့သားများဆိုလျှင်လည်း (Ebook ရှိလျှင်) Ebook များကို အဓိက ဖတ်ကြပါသည်။

ပြီးလျှင် စာရေးဆရာတို့အား "အသိမှတ်ပြုသောအားဖြင့်" တစ်ခုတည်းကို ရည်ရွယ်ပြီး စာအုပ် ဝယ်လိုက်တာတွေ များစွာရှိပါသည်။

ထို့ကြောင့် လက်လှမ်းမှီပါက မိမိကြိုက်နှစ်သက်သော ဆရာ၊ ဆရာမတို့၏ မူရင်းစာအုပ်များကို ဝယ်ယူအားပေးကြဖို့ တိုက်တွန်းပါသည်။

အခကြေးငွေဖြင့် ရောင်းချခြင်း မပြုရ

အကယ်၍ ဤစာအုပ်အတွက် အဖိုးအခ တစ်စုံတစ်ရာ ပေးခဲ့ပြီး ရခဲ့သည် ရှိသော် ဂျင်းထည့်ခံရပြီ မှတ်ပါ။

WHISPER of WORDS

https://t.me/TheBookR

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကုံကော်ဝတ်ရည် စာပေ(၀၀၄၅၄) ၅၁၊
ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ ။

ပထမအကြိမ် - ဇူလိုင်လ၊ ၂၀၁၈ ခုနှစ်။ ကုံကော်ဝတ်ရည်စာပေ။

အုပ်ရေ - ၁၀၀၀

မျက်နှာဖုံးပုံနှိပ် နှင့် အတွင်းပုံနှိပ် - စွယ်တော်ပုံနှိပ်တိုက် (၀၀၄၁၁) အမှတ်
(၁၄၇)၊ (၅၁) လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ - နေမျိုးဆေး

တန်ဖိုး - ၆၀၀၀ကျပ်

မာတိကာ

အလွမ်းဆိုင်သို့ ခရီးရှည်
အစ
မြတ်မော် ပုံရိပ်(၁)
မြတ်မော် ပုံရိပ်(၂)
မြတ်မော် ပုံရိပ် (၃)
နွေပုံရိပ် (၁)
မြတ်မော် ပုံရိပ် (၄)
မြတ်မော် ပုံရိပ် (၅)
နွေပုံရိပ် (၂)
မြတ်မော် ပုံရိပ် (၆)
မြတ်မော် ပုံရိပ် (၇)
မြတ်မော် ပုံရိပ် (၈)
မြတ်မော်၏ ပေးစာများ
ပေးစာ(၁)
ပေးစာ(၂)
ပေးစာ(၃)
ပေးစာ(၄)
ပေးစာ(၅)
ပေးစာ(၆)
အဆုံး

အလွမ်းဆိုင်သို့ ခရီးရှည်

"အလွမ်းဆိုင်" ဟာ ဘယ်တုန်းက စလို့ အခြေတည်ပါလိမ့်ဆိုရင် ရွှေအမြုတေမဂ္ဂဇင်းမှာ ရေးခဲ့ဖူးတဲ့ မဂ္ဂဇင်းဝတ္ထုရှည် တစ်ပုဒ်အကြောင်း ကျွန်မ စပြောရပါလိမ့်မယ်။

"အလွမ်းဆိုင်" လို့ပဲ အမည်ပေးထားတဲ့ အဲဒီ မဂ္ဂဇင်းဝတ္ထုရှည်ကို ရေးဖို့ စိတ်ကူးရတော့လည်း စာအုပ်ဆိုင်လေးတွေ နောက်ခံနဲ့ပါပဲ။ စာမရေးခင် စာအုပ်ဆိုင်ရှင်တွေနဲ့ စကားပြော၊ စာအုပ်ဆိုင်တွေဆီ တလည်လည် ရောက်တဲ့အခါ ချန်ခဲ့ရတဲ့ခေတ်ကြီး တစ်ခေတ်လုံးကို လွမ်းလာပါရော။ ပြန်မရနိုင်မှန်းလည်း နားလည်နေတဲ့အခါ အလွမ်းစိတ်ဟာ ပိုနာကျင်စရာ ကောင်းခဲ့ပါတယ်။

မဂ္ဂဇင်းဝတ္ထုရှည် အဖြစ်နဲ့သာ ရေးလိုက်ပေမယ့် စိတ်ထဲက ဆက်လိုက်မိတဲ့ အတွေးကတော့ အဲဒီမှာတင် မရပ်ခဲ့ဘူး ဆိုပါတော့။ တစ်နေ့ကျရင် မတူတဲ့ ဇာတ်ကောင်တွေနဲ့ မတူညီတဲ့ နောက်ခံကိုယူပြီး ဒီနာမည်နဲ့ပဲ ဝတ္ထုရှည် တစ်ပုဒ်ရေးမယ်လို့ ကျွန်မ စိတ်ကူးခဲ့ပါတယ်။ စိတ်ကူးရုံ အဆင့်ကနေ တကယ် ရေးဖြစ်ဖို့တော့ အချိန်ကာလတစ်ခု ကြာခဲ့ပါတယ်။

တစ်ခါတလေမှာ ရေးလိုက်မယ် တေးထား၊ တွေးထားပေမယ့် တကယ့်ရေးချင်စိတ်ကို လှုပ်နှိုးဖို့တော့ အခြေအနေ၊ ဒါမှမဟုတ် အချက်လေး တစ်ခုခု ကြုံလာဖို့ လိုသေးတာကိုး။

ကျွန်မရဲ့ မဖြစ်မနေ ရေးချင်စိတ်ကို လှုပ်နှိုးခဲ့တဲ့ အချက်ကတော့ ခရီးတစ်ခုကနေ အစပြုခဲ့တာပါ။

၂၀၁၆ နိုဝင်ဘာလ နေကြာရိုင်းတွေ ဝင်းဝါထိန်အောင် ပွင့်နေချိန်မှာပဲ ကျွန်မ သီပေါကို ပထမဆုံး ရောက်ခွင့်ကြုံပါတယ်။ "လက်ဖက်ရည် တစ်ခွက်ရဲ့ ဒိုင်ယာရီ" ရေဒီယိုဇာတ်လမ်းတွဲက ဇာတ်ဝင်ခန်းတွေ အသံသွင်းဖို့ ရောက်သွားရတဲ့ ခရီးပါ။ တစ်ပတ်လောက်ကြာမယ့် ဒီခရီးဟာ ကျွန်မအတွက် အမှတ်တရများစွာ မွေးဖွားပေးတဲ့ ခရီးတစ်ခု ဖြစ်လာမယ်ဆိုတာ အဲဒီတုန်းကတော့ မသိနိုင်ခဲ့သေးပါဘူး။

အစဦး ရက်တွေမှာတော့ ဒါရိုက်တာ၊ ဇာတ်ညွှန်းရေးသူတွေ အသံသွင်းမယ့်နေရာ ရှာကြဖွေကြ၊ ကွင်းဆင်း အင်တာဗျူးလုပ်ကြဆဲ။ ကျွန်မတို့ကို ခဏလောက်နားရင် နားလို့ရတယ် ဆိုပေမယ့် မရောက်ဖူးတဲ့ အရပ်ဒေသမို့ ကွင်းဆင်းရာမှာလည်း နောက်က တောက်လျှောက်

လိုက်မိတယ်။

တစ်ရက်တော့ ဘော်ကြိုကို ရောက်ပါတယ်။ ဘော်ကြိုဘူတာလေးကို စတွေ့ပါတယ်။ ဘူတာများစွာကို မြင်ဖူးပေမယ့် ဒီဘူတာရုံလေးကို စတွေ့လိုက်တဲ့ အချိန် ကျွန်မစိတ်ထဲ လှုပ်ခတ်လှတာ ဘာကြောင့်ဆိုတာ အဲဒီတုန်းက နားမလည်သလို ခုထိလည်း နားမလည်နိုင် ဖြစ်ရတုန်းပါပဲ။

ကွင်းဆင်းသူတွေ အလုပ်များနေကြသလို ကျွန်မလည်း တစ်နေရာမှာ ထိုင်ပြီး ဘူတာလေးကို ငေးပါတယ်။ နေကြာရိုင်းတွေ နောက်ခံထားတဲ့ တောင်တန်းတွေကို ငေးပါတယ်။ သံလမ်းကို ငေးပါတယ်။ အရိပ်များစွာကို မြင်ပါတယ်။

ဒီတစ်ကြိမ်တော့ အလုပ်နဲ့မို့ နောက်တစ်ကြိမ် သီးခြားလာဦးမယ်လို့ တေးပြီး သီပေါကို နှုတ်ဆက်ခဲ့ပါတယ်။ တကယ်တမ်း သီပေါ ပြန်သွားဖြစ်တော့ ၂၀၁၇ မှာပါ။ မွန်လရဲ့ မိုးရေစက်တွေ ကြားထဲမှာပဲ ကျွန်မ နေရာဟောင်းလေးဆီ ပြန်ရောက်သွားခဲ့ပါတယ်။ တစ်ပတ်ပဲနေဖို့ အချိန်ရတဲ့အထဲ သုံးရက်လောက်က စျာန်မဝင်လှ၊ နောက်လေးရက်ကတော့ စျာန်ဝင်စားရာနောက် စိတ်ရော ကိုယ်ပါ ပင်ပန်းလောက်အောင် အပြေးအလွှား သွားလာခဲ့ရတာလည်း အမှတ်ရစရာပါပဲ။

ရန်ကုန် ပြန်ရောက်တော့ “အလွမ်းဆိုင်” ကို စရေးပါတယ်။ အခု ထွက်လာတဲ့ပုံစံ မဟုတ်သေးတဲ့ တင်ပြပုံတစ်ခုနဲ့ပါ။ ရေးရင်းနဲ့မှ အမျိုးသမီး ဇာတ်ကောင် ငယ်ဘဝကို ထားချင်တဲ့ ရွာကလေး အာရုံမှာ ပေါ်လာ၊ သို့သော် မရေရာပြန်တော့ အဲဒီဘူတာရွာကို ကြည့်ဖို့သက်သက် မန္တလေး-လားရှိုးလမ်းကို တစ်ခေါက် ပြန်သွားခဲ့ရပါသေးတယ်။ ၂၀၁၇ ဩဂုတ်မှာပါပဲ။

“အလွမ်းဆိုင်” ခရီးရှည်အကြောင်း ပြောရင်းနဲ့ ကျေးဇူးတင်စရာ မိတ်ဆွေများကို အမှတ်ရပါတယ်။ ပထမအကြိမ်၊ ဒုတိယအကြိမ် ရထားခရီးတွေမှာ ကျွန်မကို အကြို၊ အပို့နဲ့ ခဏတာ နားနေတည်းခိုဖို့ စီစဉ်ပေးခဲ့ကြတဲ့ မန္တလေးနဲ့ ပြင်ဦးလွင်က မိတ်ဆွေသူငယ်ချင်းများ၊ သီပေါမှာ နေရေး ထိုင်ရေးအတွက် အဝေးက လှမ်းစီစဉ်ပေးခဲ့တဲ့ သူငယ်ချင်း စိမ်း၊ သီပေါမှာ နေရတဲ့ တစ်ပတ်တာအတွင်း မိသားစုလို စောင့်ရှောက်ခဲ့ကြတဲ့ ညီမ နန်းဆက်ထက်ဦး မိသားစု၊ ဆွေမျိုးပမာ ချစ်ခင်ရတဲ့ ဟိုမော်ရွာက လုံးသုမနနဲ့ ပါရွှေယိမ်း မိသားစု…ကျေးဇူးတင်ရပါတယ်။

ကျွန်မ သီပေါ ပြန်မသွားခင် တစ်ချိန်က နေ့ရက်တွေကို ပြန်ပြောင်း ပုံဖော်ပြခဲ့တဲ့ ဦးဇင်းကျောင်းကျောင်း (ရွှေဝါရောင်)၊ သားကြီးမောင်ဇေယျ၊

သီပေါမြို့ ရှေးဟောင်းနှောင်းဖြစ်တွေ ပြောပြပေးခဲ့ကြတဲ့ ဘဘ ဦးကျော်စိန် မိသားစု၊ ဝင်းသီရိ ပုံနှိပ်တိုက်က ဦးလှဘော်၊ ရွှေချိန်ခွင် ရွှေဆိုင်က ဘဘ ဦးကျော်သိန်း၊ နဂါးလက်ဖက်ရည်ဆိုင်က ဦးစံဝင်းနဲ့ ဒေါ်ဟန်တင်၊ ဦးလေး ဦးရဲအောင် (တေးရေး တက္ကသိုလ်ရဲအောင်)၊ ကာကာလက်ဖက်ရည်ဆိုင်က ဦးဘလှိုင်၊ အ-ထ-က(၁) သီပေါက ကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာသိန်း၊ စိန်လက်ဖက်ခြောက်နှင့် ကုန်မျိုးစုံ ရောင်းဝယ်ရေးက ဦးစံလှ၊ ကိုစိုင်းမြတ်ကျော် အပါဝင် ဆရာမ မသီတာ(စမ်းချောင်း)ရဲ့ ဆွေမျိုးများ၊ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) ဘော်ကြိုက ကျောင်းအုပ်ဆရာမကြီးနဲ့ ဆရာမများ၊ ဘော်ကြိုရွာ ပဒုမ္မာဆိုင်က ဒေါ်သင်းသင်းရီ၊ ဘော်ကြိုဘုရားဂေါပကအဖွဲ့၊ ကျွန်မနဲ့အတူ ဘော်ကြိုကျောင်း၊ ဘော်ကြိုဘူတာ၊ သီပေါဟော် စတဲ့နေရာတွေဆီ အတူ လိုက်ပါပေးခဲ့တဲ့ ကိုပေါက်၊ ဆရာ ရဲကျော်သူ..။ “အလွမ်းဆိုင်” ကို ပြန်ဖတ်မိခိုက်မှာ သီပေါမြို့ပေါ်က၊ ဘော်ကြိုရွာ၊ ဟိုမှော်ရွာ၊ နားခဲရွာတွေက (အမည်ဖော်ပြဖြစ်သော၊ မဖော်ပြဖြစ်သော) မိတ်ဆွေတွေကို ပြေးမြင် အမှတ်ရပါတယ်။ .

စာအုပ်ဆိုင်တွေကိုလည်း အဓိကနောက်ခံ တစ်ခုအနေနဲ့ ရေးဖို့ရှိတဲ့အတွက် ကျွန်မ ရောက်ခဲ့ရတဲ့ သီပေါမြို့က ခရေရိပ်စာပေ၊ ပုရစ်ဖူးစာပေ၊ ရန်ကုန်မြို့ စမ်းချောင်းက ထင်ပေါ်စာပေ၊ အလုံက အိပ်မက်ရိပ်စာပေ၊ သုဝဏ္ဏက နှင်းပန်းအိမ် စာပေတို့ကိုလည်း ကျေးဇူးမှတ်တမ်း တင်ချင်ပါတယ်။

ရေဒီယိုခေတ်တစ်ခုကို ပြန်ပြောင်းပြောပြရုံမက ကျွန်မရဲ့ နေကြာရိုင်း ပွင့်ကလေး လှပလာအောင် အကြမ်းထည်အဆင့်မှာ အယ်ဒီတာ တာဝန် ယူပေးခဲ့တဲ့ ကြည်၊ မျက်နှာဖုံးအတွက် နားပူခဲ့တဲ့ ကျွန်မကို နှစ်သိမ့် ကျေနပ်စရာ အဖုံးလှလှလေး ဖန်တီးပေးခဲ့တဲ့ ဆရာ နေမျိုးဆေး၊ ပြင်ဦးလွင်မှာ လေးရက်တာ စာရေးနေထိုင်ဖို့ စီစဉ်ပေးခဲ့တဲ့ အစ်မ ဝင်းဝင်းမေ၊ “မြတ်မော်” ဇာတ်ကောင်ကို ဖန်တီးစဉ်တစ်လျှောက် စိတ်ကူးပေါ်တိုင်း ကျွန်မ မေးမြန်းသမျှ ဖြေပေးခဲ့တဲ့ မောင်ဂါကြီး၊ Somewhere My Love သီချင်းကို ကြားဖူးရုံကနေ ခံစားသက်ဝင်အောင် စာသင်ချိန်တွေမှာ မိတ်ဆက်ပေးခဲ့တဲ့ NUAC Yangon က ဆရာဦးသန်းအေး၊ ဇူလိုင်လထဲ ဒီစာအုပ် ထွက်လိုက်ချင်တဲ့ ကျွန်မအတွက် အချိန်ပေး ဖြည့်ဆည်းပေးခဲ့ကြတဲ့ ကံ့ကော်ဝတ်ရည်မိသားစု...ကျေးဇူးစကား လှိုက်လှဲစွာ ဆိုပါရစေ။

ကျွန်မ တစ်ခါက ပြောခဲ့ဖူးသလိုပါပဲ။ အလွမ်းဆိုင်ဟာ လွမ်းလို့ ရေးတဲ့ စာပါ။ ခပ်ရိုးရိုးစာလေး တစ်ပုဒ်ပါ။ ပုံစံ သုံးမျိုး ပြောင်းရေးခဲ့ပြီးတော့ နောက်ဆုံးပုံစံကို အတည်ယူ၊ အချိန်ကာလတစ်ခု ပေးခဲ့ဖူးတဲ့စာမို့

အမှတ်ရစရာလည်း များစွာ ရှိခဲ့ပါတယ်။ ခေတ်တစ်ခုရဲ့ ရေးဟောင်းနှောင်းဖြစ်တွေ၊ မြို့တစ်မြို့ စတင်တည်ရှိလာပုံကအစ နောက်ခံ သမိုင်းဇာတ်လမ်းတွေ လေ့လာနိုင်ခဲ့တာဟာ စာရေးသူတစ်ယောက်အတွက် အဖိုးလည်းတန်သလို တကယ် ရေးတဲ့အခါမှာ အခက်အခဲလည်း ဖြစ်ခဲ့ပါတယ်။ ဘာလို့ဆို ကိုယ်သိသမျှ ထည့်လိုက်ချင်၊ ရေးလိုက်ချင်တော့တာကိုး။ ဒီစိတ်ကို အတတ်နိုင်ဆုံး ဖျောက်ပါတယ်။ အချက်အလက်တွေ မေ့ပြီး ဝတ္ထုဟာ ဝတ္ထုဖြစ်ဖို့ပဲ အာရုံစိုက်ခဲ့ပါတယ်။

ကလေးလေးတစ်ယောက်ကို ဝမ်းနဲ့ လွယ်ပိုးထားတဲ့ တစ်ချိန်တည်းမှာပဲ စာတစ်အုပ်ကိုလည်း ရင်ခွင်ပိုက် ထားခဲ့ဖူးပါတယ်။ ခုတော့ ကျွန်မရဲ့ ချစ်လှစွာသော သားသမီး “အလွမ်းဆိုင်” ကို စာဖတ်သူဆီ ပို့လိုက်ပါပြီ။

ချစ်ခင်စွာ



စံပယ်ဖြူနု

သူစိမ်းနှစ်ဦးနှင့် မေးခွန်းစကား အချို့ စာအုပ်ဆိုင်ကလေးဆီ ရောက်မလာခင် အထိတော့ ထိုနံနက်ခင်းသည် စာအုပ်ဆိုင်ရှင်အတွက် ပုံမှန် ကြုံနေကျ နံနက်ခင်းမျိုးသာ ဖြစ်သည်။ ဖြူလွင်လွင်တိမ်တိုက်တို့ လွင့်မျောခြံရံရာ ကောင်းကင်သည် စာအုပ်ဆိုင်ကို အပေါ်စီးမှ ငုံ့ကြည့်လျက်။ လေပြည်နုနု ညင်သာ တိုးဝှေ့လျက်။ ဆိုင်ကို ရိပ်မိုးသည့် ကံ့ကော်ပင်၊ ခရေပင်တို့ထံက လေတိုးသံသည် ဆိုင်ကလေးထဲမှာပင် လွင့်ပျံ့ကခုန်လျက်။

နံနက်ခင်းများစွာလိုပင် စာအုပ်ဆိုင်ကို ဖွင့်မြဲ ဖွင့်ထားသည်။ နေအိမ် အရှေ့ဘက် အခန်းတစ်ခန်းလုံးနီးပါး နေရာယူထားသော စာအုပ်ဆိုင်သည် နံရံတစ်လျှောက် စာအုပ်စင်များ အကန့်လိုက် အစီအရီရှိနေကာ အလယ်မှာ တော့ ရွှေ့နိုင်ပြုနိုင်သော စာအုပ်စင်တန်းနှစ်ခုနှင့်။ အခန်း၏ မျက်နှာစာ ဘယ်ဘက်ထောင့်တွင် ကျွန်းစာရေး စားပွဲဟောင်း တစ်ခု ရှိသည်။ အငှားစာရင်း မှတ်သော စာရင်းစာအုပ်ကို ရောက်ရှိလက်စ စာရွက်ကြားမှာ ဘောပဲန် တစ်ချောင်း ညှပ်လျက် တင်ထားသည်။ စားပွဲ၏ တစ်ဝက်တိတိ နေရာယူ ထားတာကတော့ မဂ္ဂဇင်းအချို့၊ ကာတွန်းစာအုပ်သစ်၊ ဝတ္ထုသစ်အချို့။

မနေ့ညနေကမှ အပ်သွားသော စာအုပ်အချို့သည် စာအုပ်ပုံ၏ ထိပ်ဆုံးမှာ ရှိနေ၏။ စာအုပ်ဖုံးများကို နောက်တစ်ကြိမ်ပင် ပြန်ကြည့်ရန် မလို။ စွဲမြဲ မှတ်မိနေသည်။ မနေ့ကတည်းက အငှားစာရင်း ဖျက်ရင်း လူမသိ သူမသိ နှစ်ကြိမ်လောက် သက်ပြင်း ရှိုက်လိုက်မိသေးသလို သည်နေ့ညနေ ဖုန် ဘာညာ ခါရင်း၊ ဆိုင်ဖွင့်ရင်း စိတ်မသက်မသာ နှာခေါင်း ရှုံ့မိပြန်သည်။ ခေတ်ကိုက…။

'ခေတ်ကိုက' ဆိုသော စကားလုံး ထည့်ပြော၍ ဖောက်ခွဲချလိုက်ရလျှင် စိတ်အတွင်း တစ်နေရာ၌ ခိုအောင်းနေတတ်သော မွန်းကျပ်ပိတ်လှောင်သည့် ခံစားချက်တို့ သက်သာရသလို သူ ခံစားရတတ်သည်။

ခေတ်ကိုက… ခေတ်ကိုက။

စာအုပ်စင်ထက်ရှိ စာအုပ်ဟောင်း၊ စာအုပ်ကောင်းများပေါ်က ဖုန်များကို လက်ဖျားနှင့် တို့ထိစမ်းမိလျှင်၊ ခေါင်းငုံ့နေသူတို့ စုဝေးရာ လက်ဖက်ရည်ဆိုင်မှာ ထိုင်မိလျှင်၊ စာတိုက်ပုံးနီနီလေးကို ဘယ်အရပ်မှာ ဖြစ်စေ တွေ့မိလျှင် သူ့ရင်သည် တစ်စုံတစ်ရာသော ခံစားမှုနှင့် တမြည့်မြည့် လှုပ်ခါမြဲ။ "ခေတ်ကိုက…" ဟု အစချီ တွေးလိုက်ရမှ နေသာထိုင်သာ ရှိသည်။ ကုန်လွန်ခဲ့သော၊ ပြန်မရနိုင်တော့သော တစ်ခေတ်တစ်ခါကို လွမ်းတစိတ်လား၊ အရာရာကို အလိုမကျ အလိုက်တသင့် မျောမပါနိုင်သော ခေါင်းမာစိတ်လား

မရေရာ။

မီးဖိုထဲမှ ထွက်ကတည်းက ကိုင်လာသော လက်ကိုင်ပါ ကြွေသား ကော်ဖီခွက်ကို စားပွဲပေါ် ချလိုက်သည်။ စာအုပ်ပုံပေါ် လွင့်ကျတင်ကျန်နေသော ရွက်ခြောက်လေးများကို ကောက်ယူလျက် စားပွဲအောက်က အမှိုက်ပုံးထဲ လွှင့်ပစ်လိုက်သည်။ စာရင်းစာအုပ်ကို ဖွင့်သည်။ မနေ့က တစ်နေကုန်မှ စာအုပ်ငှားသူ လေးဦးအတိပဲ။ အမေကတော့ "မိုးရွာနေလို့ နေမှာပါ" အကြောင်းပြသည်။ သို့သော် မိုးမရွာသော နွေနေ့များ၊ ဆောင်းနေ့များမှာလည်း ထူးမခြားနားသော ဇာတ်လမ်းသာ ဖြစ်ကြောင်း သူ သိသလို အမေလည်း သိပါလိမ့်မည်။

ရံခါတော့ အမေ့ကို ကြည့်၍ သူ စိတ်မကောင်းချေ။ တစ်နေကုန်လို့မှ စာအုပ်ငှားသူ လေး၊ ငါးဦးသာ ရှိတတ်သော ဆိုင်ကို နံနက် ကိုးနာရီ ပုံမှန် ဖွင့်တတ်သလို စာအုပ်ငှားသူ ရှိရှိ၊ မရှိရှိ ည ကိုးနာရီမထိုးမချင်း မပိတ်တတ်တာသည် မြဲမြံသော အမေ့အလေ့အထ ဖြစ်၏။ အရေးတကြီး သွားလာချိန်ကလွဲ၍ ဆိုင်ပိတ်ခဲ့သည်။ အမေ့ကြောင့်သာပဲ၊ သူ့သဘောနှင့်သာဆိုလျှင် စာအုပ် ဆိုင်သည် လွန်ခဲ့သော သုံးနှစ်လောက်ကတည်းက ပျောက်ကွယ်နှင့်ပြီ။ ဘာလုပ်မလဲ... စိတ်အပင်ပန်းခံနေလို့ ဘာလုပ်မလဲ။ ပင်ပန်းသလောက် အကျိုးအမြတ် မရှိ၊ စိတ်ကိုလည်း ထိရှနာကျင်စေမည် ဆိုလျှင် တွယ်တာမြတ်နိုးဖူးရာကအစ သူ စွန့်လွှတ်ဝံ့သည်။

သို့သော် စာအုပ်ဆိုင်အရေးမှာတော့ ဆုံးဖြတ်ခွင့်ရှိသူမှာ အမေသာတည်း။ "ကံ့ကော်ရိပ်" သည် အမေ အစပြုခဲ့သော စာအုပ်ဆိုင်၊ အမေနှင့်အဖေးမှာ သူနေထိုင်ကတည်းက တောက်လျှောက်ဖွင့်ခဲ့သော ဆိုင်။ စာအုပ်ဆိုင်နှင့် တွဲလျက်ဖြစ်သော သည်အိမ်မှာပင် အမေသည် သူနှင့် မအေတူ ဖအေကွဲ ညီမငယ်နန်းနန်းကို မွေးဖွားခဲ့သည်။ ငယ်စိတ်နှင့် မကြည်မလင် ရှိဖူးသော်လည်း နွေကျောင်းပိတ်ချိန် ရောက်လာသမျှတော့ သွေးသားရင်းပမာ ဂရုစိုက်တတ်သည့် အမေ့ဒုတိယအိမ်ထောင် ဦးဦးကျော် သည်အိမ်မှာပင် ဆုံးပါးခဲ့သည်။ အမေ့အတွက် အမှတ်ရဖွယ် အရိပ်တို့သည် အိမ်ကလေးထဲမှာ၊ မားမားမတ်မတ် ရပ်တည်သည့် စာအုပ်စင်များအကြားမှာ လွမ်းစဖွယ် ပျံ့လွင့်နေပေလိမ့်မည်။

ရန်ကုန်မြို့မှသည် မြို့ကလေးဆီ အမေနှင့် အတူနေရအောင် ပြန်လာ ပြီးကတည်းက ဘယ်ကိစ္စမဆို အရင်လို အတိုက်အခံမပြု၊ စိတ်ချမ်းသာအောင် ထားပါတော့မည် ရည်ရွယ်နှင့်တော့လည်း ဆိုင်ပိတ်ပါ့လား မပြောသာ၊ မပြောလို။ သည်တော့ အချိန်တန်လျှင် အိမ်တံခါးလည်း ဖြစ်သော

စာအုပ်ဆိုင်တံခါးကို ဖွင့်မြဲလို ဖွင့်လိုက်ရတော့သည်။

ပါးစပ်ထဲ ကွက်ကွက်ကျန်သလို ရှိသော ရှမ်းခေါက်ဆွဲအရသာသည် တစ်ခွက်စာလုံးကို နှစ်ကျိုက်လောက်နှင့် မျှောချလိုက်သော ကော်ဖီကြမ်းအရသာနှင့် ရောနှောသွားသည်။ ရှမ်းခေါက်ဆွဲမှာ ဆိုင်က ဝယ်သော ရှမ်းခေါက်ဆွဲ မဟုတ်။ ကိုယ်တိုင် လုပ်သော ခေါက်ဆွဲ၊ တော်တော့တန်တန် ဆိုင်နှင့် ယှဉ်ဝံ့သော ခေါက်ဆွဲ ဖြစ်သည်။ သည်အရပ် သည်ဇာတိ မဟုတ်သော်လည်း သည်ရှမ်းအစားအစာများကို ကောင်းစွာ ချက်ပြုတ်တတ်သူ။ ဆံပင်ရှည်တို့ကို သပ်သပ်ရပ်ရပ် ထုံးနှောင်လျက်၊ မီးဖိုခုံအနီးမှာ မတ်မတ်ရပ်လျက် အမေ အစားအစာ ပြင်ဆင်ပုံမှာ သူ့အတွက် ယဉ်ပါးနေသော မြင်ကွင်းတည်း။

လောလောဆယ်တော့ အိမ်သူအိမ်သားဟာ အမေရယ်၊ သူရယ်ပဲ။ ညီမငယ်သည် အိမ်နှင့်ရာနှင့် လားရှိုးမှာ အခြေကျနေပြီ။ သူ့မှာသာ…။

အသက်ရလာသလောက် ဗိုက်မှာပါ အဆီများ တစ်ရစ်စုလာသော ခန္ဓာကို ကုလားထိုင်ပေါ် အားပါးတရ ထိုင်ချလိုက်သည်။ နောက်မှီကို မှီပြန်တော့ အစာဝလို့ပေလား၊ မျက်လုံးများက စင်းချင်လာပြန်သည်။ အဓိပ္ပာယ်မရှိ။ အခုမှ ဘယ်နှနာရီ ရှိသေးလို့လဲ။ စာအုပ်စင် အပေါ်မှာ ရှိနေသော တိုင်ကပ်နာရီကို မော့ကြည့်တော့ နံနက် ကိုးနာရီခွဲသာသာ။

အိမ်ရှေ့လမ်းမှာ အဓိကလမ်း မဟုတ်၊ လမ်းသွယ်မို့ လူအသွားအလာ မစည်လှ။ ပုံမှန်နေ့များလို ဖြတ်မြဲမျက်နှာတို့ကိုပဲ တွေ့နေကျလို တွေ့ရသည်။ ဈေးနှင့် သိပ်မဝေးလှတာမို့ ဈေးဘက်က ပြန်လာသူ၊ လမ်းလျှောက်ထွက်ရာက ပြန်လာသူ၊ လက်ဖက်ရည်ဆိုင်၊ ခေါက်ဆွဲဆိုင်က ပြန်လာသူများ။ မြို့ကလေးသည် ဧရိယာ မကျယ်ဝန်းလှသလို မျက်နှာတို့သည်လည်း တွေ့နေကျ မြင်နေကျ ရင်းနှီးကျွမ်းဝင်သော မျက်နှာသာ များလေသည်။ လူစိမ်းသူစိမ်းဆိုလျှင် နဖူးမှာ စာကပ်ထားသလို အင်မတန် သိလွယ်ကြသည်။

သည်ဘက်နှစ်များမှာတော့ နိုင်ငံရပ်ခြားက အလည်အပတ်လာသူတို့ အဝင်၊ အထွက် ပိုလာသလို ပြည်တွင်းအရပ်ရပ်က အလည်လာသူတို့နှင့်လည်း စည်စပြုလာသည်။ ညော့ပါးချိန်ဆိုလျှင်တော့ မြို့ကလေးသည် ရုပ်ရှင်ဇာတ်ကား များထဲက ဆက်တင်လုပ်ထားသော မြို့သေးသေးလေးများနှင့်ပင် ဆင်သလို ဆိုရလိမ့်မည်။ ဒေသဟန်ပါသော နှစ်ထပ် သစ်သားအိမ်လေးများ ငြိမ်ငြိမ်ဝပ်ဝပ် ရှိနေတတ်သည့် လမ်းသွယ်ထဲ တစ်ယောက်တည်းများ လမ်းလျှောက်ဝင်မိလျှင် အိပ်မက်မြို့တစ်မြို့ထဲ ရောက်နေသလို ထင်ရလိမ့်မည်။

ဆိုင်ရှေ့လမ်းပေါ် ကြည့်မိကြည့်ရာ ငေးစိုက်နေသော သူ့အာရုံတွင် တစ်စုံတစ်ဦးသည် လမ်းပေါ်က ဖဲ့ဆင်းလျက် ဆိုင်ဘက်သို့ ဦးတည်လိုက်ပုံကို သတိပြုမိသည်။ မရင်းနှီးသော မျက်နှာ။ တိတိပပ ဆိုရလျှင် သူစိမ်းတစ်ယောက်။ သူနှင့် အသက်အရွယ်ချင်း မတိမ်းတယိမ်း ဖြစ်သည်။ အသားညိုညို၊ ကိုယ်လုံး ကိုယ်ထည်မှာလည်း သူ့လိုပဲ ခပ်ပြည့်ပြည့်။ တစ်စုံတစ်ရာ မေးစမ်းလိုက်တော့မလို မျက်လုံးများ စူးလက်နေပုံကို တွေ့တော့ သူ နှုတ်ခမ်း တစ်ချက် လှုပ်မိသည်။ လမ်းမေးမလို့ပဲ ဖြစ်မှာပေါ့။

သူတို့အိမ် တည်နေရာသည် လမ်းသွယ်ဆိုသော်လည်း အချက်အချာကျသော နေရာအတော်များများနှင့် မနီးမဝေးမှာ ရှိသည်။ လမ်းသွယ်လေးက ထွက်လိုက်လျှင် ဈေးရောက်မည်၊ စာတိုက်ရောက်မည်၊ လူသူစည်ကားသော မိုင်းပွန်လမ်းကို လမ်းလျှောက်သွားနိုင်သည်။ ဘဏ်သို့လည်း ရောက်နိုင်သည်။ မူဆယ်အတက် မန္တလေးအပြန် ကုန်ကားများ တစ်နေ့တာလုံး ဖြတ်သန်းနေတတ်သည့် မန္တလေး-လားရှိုးလမ်းမကို သည်ဘက်ကနေ ထွက်လိုက်နိုင်သည်။ ပြည်သူ့ဆေးရုံကိုလည်း လမ်းလျှောက်သွားနိုင်သည်။ မြို့လယ်နှင့် မလှမ်းလှသော နေရာမို့လား၊ စာအုပ်ဆိုင်ဖြစ်နေတာကြောင့်လား မသိတတ်ဘဲ နေ့စဉ်လိုလို လူစိမ်းသူစိမ်းတို့၏ အမေးစကားတို့ကို အမေ မဟုတ်လျှင် သူ ဒိုင်ခံဖြေရ တတ်သည်။

"ဒီကနေ သီပေါဟော်ကို ဘယ်လို သွားရမလဲ"၊ "ဒုဋ္ဌဝတီမြစ် ကမ်းနားကို ဘယ်လို သွားရမလဲ၊ လှေငှားလို့လွယ်သလား"၊ "Little Bagan က ဒီကနေ ဝေးသေးလား၊ ဆိုင်ကယ် ကယ်ရီ ငှားရင် ဘယ်နားက ငှားရမလဲ"၊ "အင်္ဂလိပ် စာအုပ်တွေ ရောင်းတယ်ဆိုတဲ့ ခရေရိပ်စာအုပ်ဆိုင် သွားချင်လို့ ဘယ်လမ်းက ဆက်သွားရမလဲ" စသော စသော ခရီးသွားလူစိမ်းတို့ မေးနေကျ မေးခွန်းမျိုး မေးလိမ့်မည်။ "ကျေးဇူးတင်ပါတယ်" ဆိုကာ ကျောခိုင်းလျှင် သူနှင့် သူ့နံနက်ခင်းသည် ပုံမှန်လို ကျန်ရစ်ခဲ့လိမ့်မည်။ အမေသာ ကနေ့ လားရှိုး တက်မသွားလျှင်တော့ အမေ့လက်သို့ ဆိုင်ကို လက်လွှဲထားရစ်ကာ လက်ဖက်ရည်ဆိုင်လေး ဘာလေး သူ ခြေဦးလှည့်နိုင်လိမ့်မည်။ သည်နေ့တော့ တစ်နေကုန်အိမ်မှာ၊ ဆိုင်မှာပဲ ခြေချုပ်မိရုံ။

ဆိုင်ရှေ့တံခါးဝကို ချဉ်းကပ်မိလာသော သူစိမ်းမျက်နှာက အပြုံးကို တွေ့လျှင် သူလည်း တုံ့ပြန်ပြုံးမိသည်။ လူစိမ်း၏ အပြုံးမှာ ဖော်ရွေသူတို့ ပြုံးတတ်သော အပြုံးမျိုး၊ သူ့အပြုံးကတော့ ပျင်းရိပျင်းတွဲ ရှိနေရာက မတတ်သာ အားတင်းပြုံးသော အပြုံးမျိုးလည်း ဖြစ်ကောင်း ဖြစ်ပါလိမ့်မည်။

"တစ်ခုလောက် မေးချင်လို့ ခင်ဗျ"

"ဟုတ်ကဲ့…"

လူစိမ်းသည် မေးခွန်းကို စဉ်းစားနေသလို တစ်ခဏ ငြိမ်သွားသည်။ နောက် ဆိုင်ကို ဝေ့ဝဲကြည့်ပြန်သည်။ ကော်ဖီမှုန် မည်းနှစ်နှစ်များ ခိုကပ်ကျန်နေသော ကော်ဖီခွက်ကို ဘေးသို့ တွန်းရွှေ့ကာ မေးခွန်းကို သူ နားစွင့်၏။

"ထိုင်လို့ ရမလား ခင်ဗျ"

သူ့မျက်ခုံးများ ဆတ်ခနဲ ပင့်တက်သွားသည်။ ဘယ်လူစိမ်းသူစိမ်းမှ ထိုင်ရမလား မမေးစဖူး။ မေးချင်တာ မေးပြီး ထွက်သွားကြတာပဲ။ သူ့ကျမှ။ နဂိုက ပျင်းရိလေးလံနေသော စိတ်ကို အတတ်နိုင်ဆုံး ဆွဲဆန့်ကာ "ထိုင်ပါဗျ" ဆိုရသည်။ လူစိမ်းသည် စားပွဲကို ရံလျက် ရှိနေသော လက်ကျန်ခုံမှာ ဝင်ထိုင်သည်။ သူ့မျက်နှာကို တေ့တေ့ဆိုင်ဆိုင် ကြည့်ကာ ပြုံးလိုက်သည်။ အဲဗျာ… စာအုပ်တွေ ကြည့်နေပြန်ပါရောလား၊ မေးခွန်းက ဘယ်မတုံး။ ဘယ့်နှယ် လူတုံး။

သူသည် အတွင်းမနောက စကားသံကို တစ်ဖက်လူ ကြားတော့မှာ စိုးရိမ်သလို အလုပ်ရှာသလိုလို စာအုပ်တို့ကို အထက်အောက် ပြန်စီနေသည်။ မဂ္ဂဇင်းများက သီးသန့်တစ်ပုံ၊ ကာတွန်းစာအုပ်တို့ကလည်း သီးသန့်။ ဝတ္ထုပုံကိုလည်း အထက်အောက် အလဲအထပ် လုပ်ပြန်သည်။ "ဒီလိုဗျ" ဟု စကား ပြန်စလာမှ လူစိမ်းဘက် ပြန်ငဲ့လိုက်သည်။

လူစိမ်း၏ မျက်နှာထက်မှာ အားတောင့်အားနာဟန် အပြုံး။

"အေးဗျာ၊ ဘယ်က စမေးရမှာပါလိမ့်လို့ စဉ်းစားနေတာ"

တုံ့ပြန်စကားဆိုရန် သူ အတွေး မရ။ နားသာ စိုက်ထားမိသည်။

"ခင်ဗျား သီပေါထောင်က ဝန်ထမ်းတွေနဲ့ ခင်သလား"

"ဘယ်လို…"

သူ့မျက်ခုံးများ ဆတ်ခနဲ ပင့်တက်သွားပေမည်။

"သီပေါထောင်က ဝန်ထမ်းတွေနဲ့ ခင်သလားလို့"

"မခင်ဘူးဗျ၊ ကျွန်တော် ဒီမှာ အမြဲနေဖြစ်တာ မဟုတ်ဘူး၊ အမေ့အိမ် လာလိုက်၊ ရန်ကုန် ပြန်လိုက်ပဲ၊ မနှစ်ကမှ ဒီပြောင်းလာတယ်တောင်

ပြောလို့ရတယ်၊ ဘာလို့တုံး”

လူစိမ်းက သက်ပြင်းချသည်။ ပြီးမှ စကားဆက်ပြန်သည်။

“ဒါဖြင့် လွန်ခဲ့တဲ့ ရှစ်နှစ်၊ ကိုးနှစ်လောက်က ဝန်ထမ်းတွေဆိုရင် ခင်ဗျား မသိနိုင်တော့ဘူးပေါ့၊ အဲဒီလိုလား”

“အင်းပေါ့”

လူစိမ်းက တစ်ခဏ ငြိမ်နေပြန်သည်။ သက်ပြင်းသံကိုလည်း ကြားလိုက်ရပြန်ပြီ။ သီပေါထောင်တဲ့၊ ထောင်ဝန်ထမ်းတဲ့။ ဘာများ အရေးကြီးပါလိမ့်။

မြို့တစ်မြို့မှာ မရှိမဖြစ်သော ထောင်ဆိုတာသည် စိတ်ဝင်စားအပ်ရာ အရပ် မဟုတ်၍ သည်မြို့က ဖြစ်စေ၊ ဘယ်မြို့ကပဲဖြစ်စေ ထောင်ရှိရာနေရာကို သူ တကူးတက သွားမကြည့်ဖူးပါ။ ဇာတိ ရန်ကုန်မှာလည်း အင်းစိန်ထောင်ကို အသေအချာ မတွေ့ဖူး။ ဇာတိ မဟုတ်ပေမဲ့ သူ နေထိုင်ရာ သီပေါမြို့က အကျဉ်းထောင်ဆိုတာလည်း လမ်းကြုံဖြတ်ချိန် လှမ်းကြည့်ရုံပဲ။ ဒီလူ့နှယ် ထောင်အကြောင်းများ မေးနေရတယ်လို့။

စိတ်က အလုပ်လုပ်လျှင် ခြေ၊ လက်တို့ အငြိမ်မနေသာသလို သူ စားပွဲခုံကို လက်နှင့် တတောက်တောက် ခေါက်နေသည်။ နောက် ဖြုန်းခနဲ ရပ်မိသည်။ ရုံးသမားဘဝတုန်းက ရှိခဲ့ဖူးသော စားပွဲခုံခေါက်ရမှာ ကြောက် စိတ်မျိုးနှင့်။ ဘယ်သူ့ဘယ်သူက စ၍ လက်ဆင့်ကမ်းလာသော အယူမှန်းလည်း မသိ။ စားပွဲခုံခေါက်တော့ အလုပ် ပိုလာသတဲ့။ စာအုပ်ဆိုင်က စားပွဲခုံတော့ ခေါက်၍သာ လက်နာလာဖို့ရှိသည်။ ထူးမည်မဟုတ်။ စားပွဲခုံနှင့် လက်သည်းဖျားတို့ တတောက်တောက် ထိတွေ့သံကို လူစိမ်း၏ စကားသံ ပြန်ကြားရမှ ရပ်မိသည်။

“လွန်ခဲ့တဲ့ ရှစ်နှစ်၊ ကိုးနှစ်လောက်က သီပေါထောင်မှာ ကျွန်တော် နေခဲ့ဖူးတယ်ဗျ”

“ထောင်ဝန်ထမ်းပေါ့”

“ကျွန်တော်က ထောင်ကျတာဗျ၊ ဝန်ထမ်းတော့ မဟုတ်ဘူး”

ဟာ။ သူ့မျက်ခုံးများ ဆတ်ခနဲ လှုပ်သွားသည်။

လွန်ခဲ့သော မိနစ်ပိုင်းကမှ ဦးဆုံး စတွေ့ရပေမယ့် သူ့အသက်အရွယ်

အတွေ့ကြုံအရတော့ သည်လူနှင့် ထောင်သားဘဝ အဆက်အစပ်ရှိလိမ့်မည် လုံးလုံး မထင်ခဲ့ပါ။ ဆင်ခြင်တွေးတော တတ်ပုံရသော ကြည်လင်ရှင်ပျ မျက်နှာပေးကို သူ အကဲခတ်နေသည်။ ကြားဖူးနားဝ အမှုမျိုးစုံကို တွေးကြည့်သည်။ တစ်မှုကလေပင် ဆက်စပ် မရ။ ဘယ်လို အမှုမျိုးနဲ့ ဖြစ်ရတာပါလိမ့်။ အမေ ပြောတတ်သော "အပွေးမြင် အပင်သိ" ဆိုတာ အမြဲ မမှန်ဘူးလား။

"ကျွန်တော်က နိုင်ငံရေးအကျဉ်းသားပါ၊ ရွှေဝါရောင် တော်လှန်ရေးမှာ အဖမ်းခံရပြီး သီပေါထောင်မှာ ကျခဲ့တာပါ"

"ဩော်..."

အတွင်းစိတ်က တွေးတောပုံကို တစ်ချက်ပင် မထိန်းလိုက်နိုင်ဘဲ အမူအရာ တဒင်္ဂ ပျက်မိခြင်းကို သူ အားနာစိတ် ဝင်လာသည်။

"အေးဗျာ...ထောင်ကျဖူးတယ်ဆိုလို့..."

သူ အိုးတိုးအမ်းတမ်း ဆိုတော့ လူစိမ်းက အသံထွက်အောင် ရယ်သည်။ သူလည်း ရယ်မိသည်။ အတူတကွ ရယ်မောခြင်းသည် သူစိမ်းတို့ကို လျင်မြန်စွာ နီးကပ်စေနိုင်ကြောင်း သူ သတိပြုမိလာသည်။ တွေ့စကလောက် စိမ်းသက်သော ခံစားမှု မရှိလှတော့။ ဆိုင်တံခါး ဖွင့်ခါစတုန်းကလို လေးလံ ထိုင်းမှိုင်းမှုလည်း သူ့ထံက လွင့်ပျောက်ပြီ။ ခန္ဓာရော စိတ်ပါ လန်းဆန်း ပေါ့ပါးသလို ရှိလာသည်။ ကုလားထိုင်ပေါ် ခြေပစ်လက်ပစ် ထိုင်ချပုံအား အနည်းငယ်ပြောင်းလျက် ခါး အတန်ငယ် ဆန့်သည်။

လူစိမ်း၏ အမူအရာသည်လည်း ပို၍ သက်သောင့်သက်သာ ရှိလာသလို ထင်ရသည်။ လူစိမ်းဘက်က နေရပ်၊ အမည် ပြောပြမိတ်ဆက်တော့ သူလည်း တုံ့ပြန်ရသည်။ နာမည်ရင်းတော့ မပြောမိ။ အရပ်အခေါ် ကိုစော ဆိုလျှင် လုံလောက်ပါလိမ့်မည်။

"ကျွန်တော် သီပေါထောင်မှာ သုံးနှစ်ကျော်လောက် နေခဲ့ရတယ်ဗျ၊ ထောင်က လွတ်ကတည်းက သီပေါ ပြန်လာဖြစ်တာတော့ ဒါ ပထမဆုံးပဲ"

"ဒါနဲ့ ခုနက ထောင်ဝန်ထမ်းကို ဘာလို့ မေးရတာလဲ ပြောပါဦး"

"ဒီလိုဗျာ" ဟု လူစိမ်းက စကား အစချီသည်။ နဂိုနေ စူးလက်ပုံရသည့် မျက်လုံးများသည် စိတ်အားထက်သန်မှုနှင့် အရောင် ပိုတောက်လာ၏။

"ကျွန်တော်တို့ ထောင်ထဲမှာ နေရတုန်းက စာဖတ်တာကို

ခွင့်ပြုထားတယ်ဗျ၊ စာကြည့်တိုက်လည်း ရှိတယ်၊ ပထမတုန်းကတော့ စကားလုံးလေးက အစ အာဏာရှင်ဆိုတာ ပါရင်ကို ပေးမဖတ်ဘူး၊ စာအုပ်တွေ ပို့ရင်လည်း စစ်တယ်၊ ထောင်ထဲမှာ နေရင်းကိုပဲ အပြင်မှာ ပွင့်လင်းလာတာတွေ ရှိတော့ နောက်ပိုင်းကျ မစစ်တော့ပါဘူး၊ စာတအားဖတ်နေလို့ အညောင်းမိ ဘာညာ ဖြစ်မှာစိုးလို့သာ လမ်းထွက်လျှောက်ခိုင်းတာ၊ ကျွန်တော်ရယ်၊ နောက် နိုင်ငံရေးအကျဉ်းသား တစ်ယောက်ရယ် လွှတ်တော့ကို စာအုပ်တွေ တစ်ရာကျော် ကျန်ခဲ့တာ၊ စာကြည့်တိုက် လှူခဲ့တာ။

ပြောချင်တာက ကျွန်တော် မေးချင်တဲ့ မေးခွန်းက အဲဒီ စာဖတ်တာ ကနေ စတာပဲ၊ ကျွန်တော်တို့တွေ စာတွေ ဖတ်ဖတ်နေတော့ ထောင်ဝါဒါလေး တစ်ယောက်က သူလည်း စာဖတ်ဝါသနာပါတယ်၊ ဘယ်လို စာအုပ်မျိုး တွေ ဖတ်ရမလဲ၊ ညွှန်ပေးပါဆိုပြီး ပြောလာတယ်၊ ကျွန်တော်က အဆင့်လိုက် ဖတ်ခိုင်းတာ၊ သူလည်း ဖတ်တယ်၊ ဒီအထဲတော့ ဒါတွေပဲ ရှိတာ၊ ကျန်တာတွေတော့ အပြင်မှာ ငှားဖတ်ဆိုတော့ သူ့ဘာသာ ငှားပြီး ခါးကြားထိုးလာတာပဲ၊ သူ ငှားလာရင် ကျွန်တော်တို့လည်း ဖတ်ရတာပေါ့၊ နောက်ပိုင်းကျ အဲဒီအငှားဆိုင်လေးက ထောင်ထဲကို စာအုပ်တွေ ပို့ပို့ပေးတယ်၊ ဆေးဝါးတွေလည်း တစ်နည်းမဟုတ် တစ်နည်း ဆက်သွယ်ပြီး ပို့ပေးတယ်၊ ထောင်ဝါဒါလေးက ဘယ်ဆိုင်လို့ မပြောဘူး၊ စာအုပ်ဆိုင်လို့ပဲ ကျွန်တော်တို့ မှတ်ထားခဲ့တာ”

ပထမဆုံးအကြိမ် တွေ့ဆုံသူချင်းအကြား သည်မျှ စကားရှည်ရှည် ပြောဖြစ်သည်ဆိုလျှင် ပုံမှန်တော့ အံ့သြစရာဖြစ်လိမ့်မည်။ စာဖတ်သူနှင့် စာအုပ် အငှားဆိုင်က စာအုပ်အကြားကလူ၊ ထိုသူနှစ်ယောက် ကြားမှာတော့ ဘာသာ စကားတူညီမှုသည် စိတ်နှလုံးချင်း ဆက်နွယ်ရာ ကြိုးတစ်ချောင်း ဖြစ်လာပုံရသည်။ ပြီးတော့ ယုံကြည်သက်ဝင်ရာ တူသူချင်းလေ။ ခံစားမှု လှိုင်းရိပ်အပြည့် လေသံ အတက်၊ အကျနှင့် ထိုလူ တောက်လျှောက် ပြောလေသမျှ သူ့ဘက်ကလည်း မျှောပါနားထောင်နိုင်သည်။ ဝတ်ကျေတမ်းကျေ မဟုတ်။ အရာရာကို စိတ်လက်မပါ ရှိနေတတ်သလို မှိုင်းမှိုင်းမှုန်မှုန် စိတ်အစုံသည် တစ်ခဏတော့ဖြင့် သူ့ထံက ပျောက်ဆုံးလျက် ရှိလေပြီ။

“သီပေါကို ပြန်လာချင်တယ် စဉ်းစားတိုင်း ကျွန်တော် လုပ်ချင်တာ နှစ်ခုပဲ ရှိတယ်၊ တစ်ခုက အဲဒီစာအုပ်ဆိုင်လေးကို ရှာချင်တာ၊ ကျေးဇူးတင်စကား ပြောချင်တာ၊ ပြီးတော့ ကျွန်တော် ရေးထားတဲ့ စာအုပ်လေးတစ်အုပ် ရှိတယ်၊ ရေးတာတော့ ထောင်ထဲမှာကတည်းက ရေးခဲ့တာပဲ၊ ဒိုင်ယာရီ ရေးတာပေါ့၊ အဲဒီဒိုင်ယာရီလည်း ပျောက်သွားတာပဲ၊

ဒါပေမဲ့ ဟိုးတစ်နှစ်က ပြန်စရေးတယ်၊ မှတ်မိသမျှ မှတ်ဉာဏ်ကို ပြန်ခေါ်ပြီး ရေးခဲ့တာ၊ ဒီနှစ်တော့ ကျွန်တော့်ရဲ့ "သီပေါဒိုင်ယာရီ" စာအုပ်လည်း ထွက်လာ၊ အခြေအနေလည်း ပေးတော့ ရောက်လာတာပဲ၊ ကျွန်တော် နာမည်လည်း မသိခဲ့တဲ့ စာအုပ်ဆိုင်ကို လမ်းကြုံဝင်ရှာဖို့ပဲ၊ ဒါက နံပါတ် တစ်"

သူသည် စကားထောက်ခြင်း အလျှင်းမရှိဘဲ ခေါင်းသာ တဆတ်ဆတ် ညိတ်လိုက်သည်။ အပြင်တွင် နှုတ်နှေးကာ စိတ်အတွင်းက စကားသံ ညံလေ့ရှိသူတို့ ထုံးစံအတိုင်း ပြောမထွက်သော မေးခွန်းသံကတော့ ရင်၌ လှုပ်လှုပ်ခုန်ခုန်။ ဒါဖြင့် နံပါတ် နှစ်ကရော စာရေးဆရာရဲ့။

"နံပါတ် နှစ်ကတော့ ခင်ဗျားကို ခုနေ ပြောရင် ဘယ်လို လူလဲ ထင်မှာပဲ၊ အဲဒါက သီပေါက ဒုဋ္ဌဝတီကို မြင်ဖူးချင်တာဗျ"

"မြစ်ကတော့ ရောက်ဖို့ လွယ်ပါတယ်ဗျာ"

"ဟုတ်ပါတယ်၊ မြစ်က တွေ့ရဖို့လွယ်တယ်၊ ဒါပေမဲ့ ဒီ လွယ်တာလေးကိုပဲ ငါးနှစ်ကျော် စောင့်ပြီး လာတွေ့ရတာ၊ မနက်က ရောက်ရောက်ချင်း ဈေးဘက်ကနေ တောက်လျှောက် ဆင်းသွားလိုက်တာ မြစ်ဆိပ်ကို ရောက် တာပဲ၊ နံပါတ် နှစ်က အရင်အောင်မြင်ခဲ့တယ် ဆိုပါတော့၊ အဲ...နံပါတ် တစ်ပဲ ခုထိ အစရှာရခက်နေတာ၊ စာအုပ်အငှားဆိုင်ကလည်း ဒီမြို့မှာ သိပ်မကျန် တော့ဘူးဆို"

"စာအုပ်ဆိုင်က အငှားဆိုင်ဆိုရင် နှစ်ဆိုင်ပဲ ကျန်တာ၊ စာတိုက်နဲ့ မျက်စောင်းထိုးလောက်က ခရေရိပ်ကတော့ စာအုပ်အရောင်းဆိုင်ပေါ့"

"ကျွန်တော် ခရေရိပ်ကို ရောက်ပြီးပြီ၊ ခရေရိပ်က ညွှန်လို့ ခင်ဗျားတို့ ဆိုင်ကို ရောက်လာတာ"

"ဒါဖြင့် မိုင်းပွန်လမ်းပေါ်က ပုရစ်ဖူးရော၊ သူဆိုရင်လည်း နှစ်ပေါင်း သုံးဆယ်ကျော်သက်တမ်းပဲ၊ နည်းတာ မဟုတ်ဘူး၊ ကျွန်တော်တို့ဆိုင်ရယ် သူတို့ဆိုင်ရယ် နှစ်ဆိုင်ပဲ ကျန်တော့တာ၊ သူတို့ဆိုင်က ဒီဆိုင်ထက်တောင် သက်တမ်း ပိုတယ်ဗျ၊ ခင်ဗျား မေးတဲ့ဟာ သူတို့ သိရင်လည်း သိနေမှာပဲ"

"ပုရစ်ဖူးလည်း မနေ့ညနေက ရောက်ပါတယ်၊ ရောက်ရောက်ချင်းပဲ ဆိုပါတော့၊ ကျွန်တော် တည်းတဲ့ ဟိုတယ်က မိုင်းပွန်လမ်းပေါ်ပဲ ဆိုတော့ အရင်ဆုံး ရောက်သွားတာ၊ သူတို့ဆိုင်တော့ မေးခဲ့ပါပြီ၊ ဟိုဝါဒါကောင်လေးနဲ့ အဆက်အစပ် လုံးလုံး မရှိကြဘူး၊ အခု ခင်ဗျားကလည်း မသိဘူးဆိုတော့၊ စာအုပ်ဆိုင်ကလည်း ဒါ နောက်ဆုံး လက်ကျန်ဆိုတော့ ဘယ်လိုက်ရမယ်

မသိတော့ဘူး၊ အချိန်အကြာကြီး စောင့်ပြီး လာခဲ့မှဗျာ”

“အေးဗျာ” ဟု သူ မရေမရာ ညည်းတွားမိပေသည်။

“စာအုပ်ဆိုင်က တစ်ဆိုင်ပြီး တစ်ဆိုင် ပျောက်သွားတာပဲ၊ တခြားမြို့တွေလိုပဲပေါ့ဗျာ၊ ဒီဆိုင်တောင် အမေ တင်းခံနေလို့ ကျန်နေတာ၊ ကျွန်တော့်အလိုသာဆို ပျောက်တာ ကြာပြီ”

“အမေ၊ ခင်ဗျားအမေ ဒီအိမ်မှာပဲ အတူနေတယ်ပေါ့၊ ဒီဆိုင်မှာ ရှိတယ်ပေါ့”

အားတက်သရော လေသံနှင့်အတူ စာရေးဆရာ၏ မျက်နှာ ဝင်းခနဲလက်လာတော့မှ “ဟာ” ဟု သူ သတိတရ ရေရွတ်မိသည်။

“ဟုတ်သားပဲ၊ ကျွန်တော့်အမေ ရှိတာပဲ၊ လွန်ခဲ့တဲ့ ရှစ်နှစ်၊ ကိုးနှစ်ဆို ကျွန်တော် ရန်ကုန် နေတုန်းဆိုတာပဲ စိတ်စွဲနေလို့၊ အဲဒီတုန်းက အမေ ရှိတယ်ဗျ၊ ဒီစာအုပ်ဆိုင် သက်တမ်းကိုက နှစ် သုံးဆယ်နီးပါး ရှိပြီ”

“ခင်ဗျားအမေကို မေးလို့ ရတာပဲ”

“အစစ်ပေါ့”

စာရေးဆရာ၏ မျက်မှန်အောက်က မျက်လုံးများသည် အလင်းရောင်အားဖျော့သော အိမ်အတွင်းပိုင်းဆီ အားစိုက်ဝေ့ဝဲလျက်။ အမျိုးသမီးကြီးတစ်ဦး၏ အရိပ်အယောင်ကို ရှာနေပုံ ပေါ်သည်။ နောက်ဆုံးတော့ လူကို မတွေ့၊ စာအုပ်စင်များ၏ အနောက်ဘက် ဧည့်ခန်းနံရံထက်က ဓာတ်ပုံတစ်ပုံမှာ အကြည့်တန့်တော့သည်။

ထိုအဖြူ၊ အမည်း ဓာတ်ပုံထဲတွင် ဆံထုံးမြင့်မြင့်ထုံးကာ၊ နှင်းဆီတစ်ပွင့် ထိုးစိုက်ကာ ရင်ဖုံးလက်တိုအင်္ကျီကို ဝတ်ဆင်ထားသော အမေ့မျက်နှာမှာ ပန်းနှင့် အပြိုင် လှပပြုံးမြလျက် ရှိသည်။

“ဒါပေမဲ့ အမေက ဒီနေ့တော့ မရှိဘူးဗျ၊ လားရှိုး သွားလိုက်တာ”

“ဘယ်တော့ ပြန်ရောက်နိုင်သလဲဗျာ”

“ညပါ အိပ်မှာဗျ၊ ဟိုမှာ ညီမအိမ် ရှိတော့လေ၊ မနက်ဖြန် ညနေလောက်တော့ ပြန်ရောက်နိုင်ပါတယ်”

“ဒါဖြင့် ကျွန်တော် ပြန်လာပါ့မယ်၊ လေး၊ ငါးရက်လောက်နေရင်

မူဆယ်က အပြန် ဝင်လာမယ် ပြောထားပေးပါလားဗျာ”

“စိတ်ချပါ”ဟု သူ ကတိခံသည်။ အပြန်အလှန် နှုတ်ဆက်စကား ဆိုဖြစ်ကြသည်။

နှုတ်ဆက်ထွက်ခွာသူ၏ ကျောပြင်ကို ဘာရယ် မဟုတ် လိုက်ပါငေးနေရာက လမ်းအချိုးအကွေ့ဆီ ကွယ်ပျောက်ပုံ မြင်ရလျှင် ထိုင်ရာက ထရပ်သည်။ ပုံမှန်ကျင်လည်နေကျ အချိန်ဇယားများထဲ တစ်မျိုးတစ်ဖုံ ဆန်းသစ်သော အပိုင်းကဏ္ဍကလေး ပေါ်လာ၍ပေလား။ ထရပ်လိုက်ရတာကိုက အခါတိုင်းနှင့်မတူ ပေါ့ပါးလှသည်။ စာအုပ်များ၏ ဟောင်းမြင်းမြင်း ရနံ့အီအီကိုပင် မွှေးပျံ့သလို စိတ်လက်ရွှင်ရွှင် သူ ရှိုက်မိသည်။ သစ်ပင်များထက်က လေတိုးသံ၊ ငှက်ကလေးတို့ စိုးစိုးစီစီ မြည်သံကိုပင် ရေဒီယို တေးသံသာလို နားထောင်ကောင်းလှချည့် ထင်လာသည်။ မိုးရိပ်ငွေ့ ကင်းစင်သော ကောင်းကင်ကတော့ ဆိုဖွယ် မရှိ။ တိမ်မျှင်စကိုပင် လှမ်း၍ ဖမ်းဆုပ်နိုင်မည် ထင်၏။

သူသည် ကော်ဖီခွက်ကို ကိုင်ကာ အိမ်အတွင်းဘက် ဝင်သည်။ လက်ဆေးကန်ထဲ ထည့်ထားလိုက်သည်။ ခေါက်ဆွဲပန်းကန်၊ ဟင်းရည်ပန်းကန်တို့၏ ဘေးမှာ။ ပန်းကန်လည်း မဆေးချင်။ အမေ ပြင်ဆင်ပေးခဲ့သော နေ့လယ်စာ စားသောက်ပြီးမှပင် ပန်းကန်အပုံလိုက် ဆေးတော့မည်။

အိမ်ရှေ့ခန်းဆီ ပြန်ထွက်လာတော့ စာအုပ်စင်များဘက်ဆီ တန်း၍ မလျှောက်ဖြစ်။ ရုပ်မြင်သံကြားစက်ကို ဖွင့်လိုက်ရမလား တစ်ခဏ ရပ်လျက် စဉ်းစားနေသည်။ ဖွင့်လိုက်တော့ရော ဘာများ စိတ်ဝင်စားစရာ လာမှာမို့လဲ။ သတင်းဆိုလည်း လောလောဆယ် နားမထောင်ချင်။ ကြော်ငြာများလည်း မကြည့်ချင်။ မိန်းကလေးတို့၏ အလှအပများအကြောင်း ဆိုလျှင် ပို၍ပင် ငြီးငွေ့ဖွယ် ဖြစ်လိမ့်မည်။ သူတို့သာ ဝါးလုံးကွဲ၍ ကြည့်သူ မရယ်မောရသော ဇာတ်ကားများရှေ့လည်း ငုတ်တုတ် ထိုင်မနေချင်။ ဘာလုပ်ရမည်နည်း။

အားသွင်းထားသော လက်ကိုင်ဖုန်းကို ဖြုတ်ယူသည်။ အရွှင်စိတ်ကလေး ကျန်နေတုန်း သီချင်းလေး ဘာလေး နားထောင်လိုက်ဦးမည်။

ဖုန်းမျက်နှာပြင်ပေါ် သူ့ညာလက်ညှိုး တဖျပ်ဖျပ် ရွေ့သည်။ အပုဒ်ရေများစွာ မရှိသော သီချင်းများထဲက တစ်ပုဒ်ကို ရွေးလိုက်သည်။ စားပွဲပုလေးပေါ် ဖုန်းကို တင်ကာ ပက်လက်ကုလားထိုင်ထဲ ခန္ဓာကို မြှုပ်၏။ ငြိမ့်သော တေးသံသည် နားသို့ တအိအိ စိမ့်လာ၏။ ငြီးငွေ့စရာ လောကထဲ စာအုပ်နှင့်

ဂီတအပေါ် ခံစားလိုစိတ် မကုန်ခန်းသေးတာ သူ ဝမ်းသာလာပြန်သည်။

ဂီတသံကြားက လှလိုက်တဲ့ စကားလုံးလေးတွေ။

"သော်က စံပယ် ခတ္တာငယ်နဲ့

သဇင်ညှာခက်များ မြင့်ပါရက်သားနဲ့

မသွေ ညှိုးပြောင်းကြွေသွား နွေမိုးဆောင်းတွေအလား

ဝိုးတဝါး အဖြေရှာ ယိုးမှား မသေချာတယ်...

တာရှည်ကွဲနေသော်လည်း ကမ္ဘာမြေထဲမှာ အတူရှိနေသ၍

ပြန်လည် ဆုံစည်းကြမယ် အချစ်ရယ်

ပြန်လည် ဆုံစည်းကြမယ် အချစ်ရယ်

ပြန်လည် ဆုံစည်းကြမယ် အချစ်ရယ် အချစ်ရယ်"

မျက်လုံးအစုံ မှေးမှိတ်ကာ ဂီတသံတွင် နစ်မျောနေခိုက်မို့ ပထမသော် ဆိုင်ရှေ့က ခေါ်သံကို မကြား။ သီချင်းဆုံးတော့မှ "ဆိုင်ရှင် ရှိသလားခင်ဗျာ" ဆိုသော အသံကို သတိပြုမိတော့သည်။ အသံမှာ အမျိုးသားအသံ ဖြစ်သည်။ ထုံးစံအတိုင်း လမ်းမေးသူ တစ်ဦးဦး ဖြစ်မှာပေါ့။ ဘယ်တုန်းကတည်းကများ အသံပြုနေခဲ့ပါလိမ့်။

အားတုံ့အားနာစိတ်နှင့် အိမ်ရှေ့ဆီ ခပ်သွက်သွက် ထွက်လာတော့ ခရေပင်ရိပ်မှာ ရပ်လျက် စာအုပ်ဆိုင်က ထွက်လာလောက်မည့်သူ တစ်ဦးဦးအား မျှော်နေပုံရသူကို တွေ့လိုက်ရသည်။ လူလတ်ပိုင်းအရွယ် အမျိုးသား တစ်ဦး။ ထပ်ဖြည့်ရလျှင် သူစိမ်းတစ်ဦး ဖြစ်သည်။ စောစောက စာရေးဆရာလိုပင် အကြည်ဓာတ်ရှိသော မျက်နှာမျိုးဖြစ်သည်။ စူးစမ်းတတ်သော မျက်လုံး ကြည်လဲ့လဲ့ ရှိသည်။ ထိုမျက်လုံးများသာမက နှုတ်ခမ်းများကပါ နွေးထွေးသော အပြုံးရိပ်ဆင်လျက် သူ့အား ဆီး၍ နှုတ်ဆက်လာသည်။

"အစ်ကိုရေ၊ ကျွန်တော် တစ်ခုလောက် မေးစရာရှိလို့ဗျ"

* * *

"အဲဒီတစ်ယောက်က ပိုလို့တောင် ဆန်းသေးတယ် အမေ"

စာအုပ်အငှားစာရင်းကို ဟိုလှန် ဒီလှန် ကြည့်နေရာက အမေ သူ့ကို မော့ကြည့်သည်။ စာအုပ်ငှားသူ အထက်အောက် မွှေသွားသော စာအုပ်ပုံကို အနှောင့်မျှား ညီအောင် ပြန်စီရင်း သူ စကားဆက်သည်။ သည်းစပြုလာသော မိုးသံကို လွှမ်းနိုင်အောင် လေသံမြှင့်လျက်။

"လူကတော့ ကျွန်တော်တို့ထက် တော်တော်ငယ်မှာပေ့ါ၊ လူလတ်ပိုင်းပဲ၊ ဟိုနားမယ် ရပ်နေတဲ့နေရာကနေ မေးစရာရှိလို့တဲ့ ပြောတော့ ထုံးစံ အတိုင်း ရပါတယ်၊ မေးပါပေ့ါ၊ အဲဒီတော့မှ ဝင်လာတယ်၊ ပထမတစ်ယောက် လိုပဲ ကျွန်တော် ထိုင်မယ်နော်တဲ့၊ ဒီနေ့ တစ်နေ့တည်း မေးခွန်းလည်း မေး၊ ထိုင်ခွင့်လည်း တောင်းတဲ့သူ နှစ်ယောက်တောင်ပဲလို့ ကျွန်တော် တွေးလိုက်သေးတယ်၊ ပါးစပ်ကတော့ ထိုင်ပါပေ့ါ"

"အင်း"ဟု အမေ စကားထောက်၏။

သူသည် စားပွဲအနီးက ခွာကာ အိမ်ရှေ့တံခါးလည်း ဖြစ်သော တံခါးများကို ချက်ချ ပိတ်လိုက်သည်။

သွပ်မိုးပေါ်သို့ မိုးပေါက်များ တပေါက်ပေါက် ခုန်ဆင်းသံမှာ ညံစပြုနေသည်။ ခရေပင်က အကိုင်းအခက်တို့ လှုပ်ရှားပုံကို မြင်ရသည်။ မိုးစက်တို့သည် ခရေရွက်တို့ကို တဆတ်ဆတ် ခုန်အောင် တို့ထိကာ မြေပြင်သို့ ဆင်းသက်လာကြသည်။ ညနေကတည်းက စွေနေခဲ့သော မိုး၊ ညဦးမှာ တစ်ချီ သည်းလိုက်သေးသော မိုးကြောင့် ည ရှစ်နာရီကျော်ကျော်ကတည်းက အိမ်ရှေ့လမ်းပေါ်မှာ လူသွားလူလာ ကျဲပါးခဲ့ပြီ။

သို့သော် ကိုးနာရီမထိုးဘဲ ဆိုင်ပိတ်လေ့ မရှိသည့်အတိုင်း အမေသည် သူ့ခုံလေးထက်မှာ ထိုင်လျက် ရေဒီယိုသီချင်းသံကို နားဆင်မြဲလို နားဆင်ကာ ဆယ်ရေး တစ်ရေး မရေရာသော စာအုပ်ငှားသူများကို စောင့်စားနေခဲ့လေသည်။ "ကိုးနာရီအထိ ဖွင့်တော့ရော ဒီမိုးထဲ ဘယ်သူလာမှာမို့လဲ အမေရာ" ဟု နှစ်ကြိမ်၊ သုံးကြိမ်လောက် ပြောခါမှပင် တံခါးပိတ်ခွင့် ရတော့သည်။

တံခါးချက်ကျသံမှာ မိုးသံနှင့် နှောလျက်။ လက်ဝါးနှစ်ဖက်ကို အကျင့်ပါနေသလို ပွတ်သပ်ခါကာ အမေ့ဘက်သို့ သူ ပြန်လှည့်၏။

"ဒီဆိုင်က အရင်ပိုင်ရှင်တွေပဲနော်၊ မပြောင်းပါဘူးနော်တဲ့၊ မပြောင်းပါဘူးလို့ ဖြေလိုက်တယ်၊ အဲဒီမှာ သူက ကျွန်တော် လွန်ခဲ့တဲ့နှစ် နှစ်ဆယ်လောက်တုန်းက ဒီဆိုင်မှာ စာအုပ်ငှားနေကျပါတဲ့၊ သီပေါရောက်တုန်း အလွမ်းပြေ ဆိုင်လာကြည့်တာ၊ ဆရာမကို မတွေ့လို့ ပိုင်ရှင်များ

ပြောင်းသွားသလား မေးမိတာပါတဲ့၊ ပြန်စဉ်းစားတော့လည်း သူ့မျက်နှာကို ကျွန်တော် မမှတ်မိဘူး၊ ဝေဝေဝါးဝါးရယ်၊ ပြောသာပြောရတယ်၊ အဲဒီတုန်းက ရန်ကုန်မှာ နေတဲ့အချိန်က ပိုများတာ၊ ဒီမှာ နေရင်လည်း နွေတစ်လလောက်ပဲမို့လား အမေရဲ့"

ပြုံးရိပ်ထင်သော အမေ့မျက်နှာတွင် စကားလုံးများစွာ မြင်ရသလို သူ ခံစားလိုက်ရသည်။ တစ်ချိန်တစ်ခါဆီက ဟောင်းနွမ်းကျန်ရစ်သော အတိတ် စာမျက်နှာကို အမေလည်း အမှတ်ရပါလိမ့်မည်။

ထိုအတိတ် စာမျက်နှာများတွင် သည်မြို့ကလေးဆီ ကျောင်းဆရာမ ဘဝနှင့် အမေ အပြောင်းအရွှေ့ ရောက်သွားချိန် ပါဝင်၏။ ထိုခရီးသည် အခါ များစွာလို တစ်နှစ်တန်သည်၊ နှစ်နှစ်တန်သည် အထိပါပဲ သူ ထင်ခဲ့ဖူးတာ၊ စမ်းချောင်းက အဘွားအိမ်မှာ ဦးလေး၊ အဒေါ်နှင့်၊ ဝမ်းကွဲ မောင်နှမများနှင့် ငယ်ကတည်းက နေနေကျလို ကျန်နေရစ်ခဲ့တာလည်း ပါဝင်၏။

အဘွားသည် ဖတဆိုး သူ့အပေါ် တွယ်တာလှ၍ နေရထိုင်ရတော့ အတော်လေး ချောင်သည်။ ဘယ်သူကမှ မဖိနှိပ်သာ။ ဝမ်းကွဲအစ်ကို၊ အစ်မတို့က ဆော့ရင်းကစားရင်း ရန်ဖြစ်၊ ခေါင်းခေါက်ဖို့ နေနေသာသာ လက်နှင့် ရွယ်မိလျှင်ပင် ပြေးတိုင်နိုင်သည်အထိ အခွင့်ထူးခံတစ်ယောက် ဖြစ်ခဲ့သည်။ သို့သော် သူသည် အခြေအနေကို အလိုက်သင့် နားလည်သုံးသပ်ကာ အတော် နေတတ်ခဲ့သူတည်း။ အဘွားအသည်းကျော် ဘဝမှာလည်း ပျော်သလို တစ်မိုးအောက် မဖြစ်မနေ နေကြရသော အဆွေအမျိုးများနှင့်လည်း ပြဿနာရယ်လို့ ကြီးကြီးမားမား မဖြစ်အောင် သတိထားသည်။ အလိုက်သင့် မောင်စော။

သူ့ဘဝ အမှောင်ခြမ်း စတင်သည်ဟု သူ့ဘာသာ မှတ်ယူသည်မှာ အမေ နောက်အိမ်ထောင် ပြုစဉ် ဖြစ်သည်။ သိတတ်စ အရွယ်ကတည်းက အတူ နေရချိန် တိုတောင်းခဲ့သော်လည်း အမေ့အပေါ် နှောင်သော စိတ်ကြိုးအစုံမှာ အင်မတန် တင်း၏။ အမေ့ရင်ခွင်သည် သူတစ်ယောက်သာ ပိုင်သောအရပ်ဟု ထင်မှတ်ခဲ့ရာက သူစိမ်းတစ်ဦး အမှတ်မထင် ပေါ်ပေါက်လာသော ကာလသည် သူ့အတွက် အမှောင်တွင်းဆုံးကျချိန်။ အသက်ကလေးကလည်း ဆယ့်ငါး၊ ဆယ့်ခြောက် သွေးကလေး ကြွချိန်မို့ ကံဆိုးလှချည့် ခေါင်းစဉ်တပ်ကာ အမေ မပြောသာ၊ အဘွား လက်မြှောက်ရသည် အထိလည်း တစ်ခဏ လေလွင့်ခဲ့သေးသည်။ နောက်တော့လည်း လေတွင် ဝဲသောစွန် ကြိုးစကုန်တော့ တင်း ခနဲ ရပ်သလိုပေါ့။ ဘာက တန့်သည် မသိဘဲ အရှိန်ကုန်တော့ အသားတကျ ရှိခဲ့ပြန်သည်။

ရန်ကုန်မှာ အမေတို့ မင်္ဂလာဆွမ်းကျွေးတော့ သူ့မျက်နှာ မသာယာ သည်ကလွဲ၍ အနှောင့်အယှက် မပြုတော့ပြီ။ ဘယ်သူက ဘယ်လိုသင်သင် အဖေ ခေါ်မရ။ "ဦးကျော်" ဟု အများခေါ်သလို လိုက်ခေါ်သည်။ သီပေါမှာ အခြေကျသော အမေ့နောက် လိုက်ရန်တော့ စိတ်မကူး။ အဘွား မဆုံးပါးခင် အထိ ရန်ကုန်မှာ နေမြဲ နေရစ်ခဲ့သည်။ သူ့ဇာတိဟာ ရန်ကုန်ပဲ။ သူ့အိမ်ဟာ ရန်ကုန်ပဲ။ ဘယ်မြို့မှာမှ အိမ်လို မနေချင်၊ မနေဘူး တွေးခဲ့သည်။ သီပေါကိုလည်း နွေရာသီလောက်သာ ရောက်လာဖြစ်ခဲ့သည်။

ကာယကံရှင်အကြိုက် တစိုးတစိမျှ မလိုက်၊ သူ့သဘော သူ ဆောင်သော ကံကြမ္မာကို မေ့လျော့ခဲ့ရာ ကာလများ။

ခုတော့လည်း အတိတ်မှာ မှုန်ဝါးစပြုပြီ။ အချို့ အချို့သော အရိပ်ပုံများ ဆေးသားထင်းထင်း ကျန်ရစ် သည်မှအပ အများစုမှာ အသက်အရွယ်က စကားပြောသလို အပိုင်းလိုက် အကွက်လိုက် မေ့ကျန်ရစ်ခဲ့ပြီ။

ပြီးပြီးပျောက်ပျောက် ချန်မထားနိုင်ခဲ့သော အရိပ်များမှာတော့ အမေ လက်ထပ်၍ တော်စပ်ခဲ့ရသည့် ပထွေး၏ အုပ်မိုးဝေမျှခဲ့သော မေတ္တာ၊ အမေ့လို လှပ၍ မွေးကတည်းက ချစ်မွေးပါသော ညီမငယ်တို့ ပါလေသည်။

သည်ကနေ့ အမေ ပြန်ခါနီးကပဲ ညီမငယ်က ကပ်မေး လိုက်ပါသေးသတဲ့။ "အစ်ကိုက ဘာလို့ လိုက်မလာရသလဲ၊ ကလေး လာမတွေ့သေးဘူးလား" တဲ့။ အမေ ရိုက်ယူလာသော ဖုန်းဓာတ်ပုံမှာတော့ ဘယ်သူနှင့်ဆင်မှန်း မရေရာသေးသော တူမငယ် နုထွေးထွေးကို တွေ့လျှင် ညီမလေးကို စတွေ့ဖူးစဉ်ကလို ရင်မှာ နွေးခနဲ လှပ်ခနဲ ဖြစ်ရသည်။

"နှစ် နှစ်ဆယ်လောက်ဆိုတော့ ဟုတ်တာပေ့ါ၊ မင်းမှ ဒီမှာ အမြဲ မရှိဘဲ"

"ကျွန်တော်လည်း ပြောလိုက်တယ်၊ မင်းပြောတဲ့ ဆရာမဆိုတာ ကိုယ့်အမေလို့၊ ဟာဆရာမနဲ့ တွေ့ချင်လိုက်တာ အစ်ကို၊ အခု ရှိသလားတဲ့၊ မရှိဘူး၊ လားရှိုးသွားတယ် ပြောပြလိုက်ရတယ်၊ လာချင်သပဆိုရင်တော့ သန်ဘက်ခါ မနက်လောက်မှ လာလို့၊ မနက်ဖြန်ပေ့ါ၊ မနက်ဖြန် လာရင် လာလိမ့်မယ်၊ အထူးအထွေကိစ္စ ပါသေးသလားဆိုတော့ မပါဘူးတဲ့၊ သီပေါကို ပြန်ရောက်တုန်း ငယ်တုန်းက သွားလာခဲ့တဲ့ နေရာတွေ လိုက်ကြည့်ရုံ သက်သက်ပဲတဲ့၊ အဓိက လာချင်တာ နှစ်နေရာ ရှိတယ်တဲ့၊ တစ်နေရာက ဒီဆိုင်တဲ့"

"ဆိုင်ကို အလွမ်းပြေတွေဘာတွေ လာကြည့်တဲ့သူလည်း ရှိတုန်းပဲကိုး၊ အင်း...ဒီကလေး ပြောတဲ့ လွန်ခဲ့တဲ့နှစ် နှစ်ဆယ်ဆိုတာကိုများ အမေတောင်

ပြန်လွမ်းသေးတယ်၊ အခုနဲ့များ အကွာကြီးကွာ၊ ကွာချင်တိုင်းကွာ”

အမေသည် အဆုံးသတ်စကားကို သက်ပြင်းနှင့် နှောလျက် ညည်းညူဟန် ဆိုကာ ထိုင်ရာမှ ထရပ်သည်။ အမေ့ကိုယ်မှာ လွှားထားသော စိမ်းပြာရောင် ခြုံပဝါပေါ်က နှင်းဆီပွင့်နွယ်များ မီးရောင်အောက်မှာ ဆတ်ခနဲ လှုပ်သွားသည်။ သည့်ထက် ငယ်ရွယ်တုန်းက ဟောဒီ ထိုင်ခုံကနေ ဆတ်ခနဲ ထရပ်၊ ဖျတ်ခနဲ ဝင်ထိုင်တတ်သော အမေ့လှုပ်ရှားဟန်မှာ ခုတော့ ဖြည်းဖြည်းဆဆ။ ညင်သာသော ခြေလှမ်းများနှင့် အိမ်ရှေ့ခန်း စာအုပ်ဆိုင်မှ ဧည့်ခန်းဆီသို့ ကူးလူးပုံကို မမြင်ဖူးသည့်နှယ် သူ တစ်ခဏ ငေးမိသည်။

“အဲဒီ ကလေး နာမည်ရော ပြောမသွားဘူးလား မောင်စောရယ်”

ထိုင်နေကျ ပက်လက်ကုလားထိုင်လေးမှာ အိခနဲ ထိုင်ချရင်း၊ တီဗွီ အဝေးထိန်းခလုတ်ကို ခပ်ဆဆ လှမ်းဖွင့်လိုက်ရင်း အမေ မေး၏။ ထိုင်ခုံက အောက်ခံဖျင်စဟောင်း အိကျသွားပုံကို ကြည့်ကာ ဖျင်စလဲရင်လဲ၊ မဟုတ်ရင် ခုံအသစ်ဝယ်ဦးမှ တွေးနေတာကြောင့် အမေ့စကားသံကို ရုတ်တရက် မကြား။ အမေ ထပ်ပြောတော့မှပင် “ဩော်... နာမည်လား” ဟု ဆိုမိသည်။

“ပြောမသွားဘူး အမေ”

“အင်းလေ သူ ပြောသလို မနက်ဖြန် ပြန်လာတော့ သိမှာပဲဟာ”

လမ်းကြုံမဟုတ်ပါဘဲ သူတို့စာအုပ်ဆိုင်ကလေးဆီ ရှာရှာဖွေဖွေ ဆိုက်မြိုက်ရောက်လာသည့် ဒုတိယလူစိမ်း၏ မျက်နှာကို သူ တစ်ဖန်မြင်ယောင်လာသည်။ ဆိုင်ကို ဝေ့ဝဲကြည့်ခိုက် နင့်သီးနက်ရှိုင်းသော ခံစားမှုတစ်စုံတစ်ရာ ခိုကပ်သည့် မျက်ဝန်းများ။ ဘာလို့များပါလိမ့်။ ငယ်ဘဝ ခြေရာဟောင်းများ ကျန်ရစ်ခဲ့သည့် စာအုပ်ဆိုင်တစ်ဆိုင်ကို လွမ်း၍ ငေးပုံသက်သက်နှင့်တော့ မတူလှ။ သူ ပြောသလို အလွမ်းပြေ ဆိုတာထက် ပိုကောင်း ပိုလိမ့်မည်။

တံတွေး ဗျစ်ခနဲ ထွေးချင်စိတ် ပေါ်လာ၍ မီးဖိုခန်းနှင့် ကပ်လျက် ရေချိုးခန်းဆီ လျှောက်လာသည်။ မီးခလုတ် မဖွင့်၊ ရေချိုးခန်းထဲ ခြေမချဘဲ ရေမြောင်းပေါက်လေးရှိရာ မှန်းကာ တံတွေးထွေးချသည်။

သူ အိမ်ရှေ့ခန်းသို့ ပြန်ထွက်လာတော့ အမေသည် ကိုရီးယားမလေး နှစ်ဦး၏ အပြန်အလှန် စကားပြောခန်းမှာ အောက်ခြေက စာတန်းများကို လိုက်လံဖတ်လျက် မျောပါခံစားလျက်ရှိပြီ။ ငိုသံနှောသော စကားသံများ၊ ပူဆွေးပန်းလျ မျက်နှာမူရာများ။

အပေါ်စီးက မြင်ရသည့် ဆံပင်ဖြူ ခပ်များများ အမေ့ဦးခေါင်းကို ငုံ့ကြည့်ကာ သူ ပြုံးမိသည်။ မနစ်က အတူတကွ ပြန်နေစကတော့ ဇာတ်လမ်းတွဲများအား အမေ စောင့်ကြည့်တတ်ပုံကို နားမလည်။ အပြစ်ပင် ပြောမိသေး။

သူသည် အသစ်အသစ်သော အနုပညာရေစီးကြောင်းများနှင့် အသားတကျ မရှိတတ်၍မဟုတ်။ တစ်စုံတစ်ရာကို စွဲလမ်းစောင့်မျှော်နေရမှာ မကြိုက်လှသော စိတ်နှင့် အခန်းဆက်ဝတ္ထု မဖတ်၊ ဇာတ်လမ်းတွဲ မကြည့်။ ဖတ်ချင်း ဖတ်လျှင် ဝတ္ထုရှည်တစ်အုပ်လုံး စဆုံး ဖတ်ပစ်လိုက်သည်။ နှစ်နာရီ နီးပါးမျှ အချိန်ပေးရုံနှင့် တိခနဲ ဖြတ်နိုင်သော ရုပ်ရှင်များ ကြည့်လိုက်သည်။ တစ်ယောက်တည်း လုပ်နေရုံနှင့်မပြီး၊ ဘေးလူ လုပ်သမျှ ကိုင်သမျှကိုပါ အမြင်မတူလျှင် ဆွဲညှိလိုက်ချင်သော ဝါသနာနှင့် အမေ့ကိုပါ ပြောမိသည်။ အမေကား မရပ်။ တဖြည်းဖြည်းနှင့် အနေကြာတော့မှပင် အမေ့သဘောကို စောကြောမိသည်။ တစ်စုံတစ်ခုသော အကြောင်းတရားအပေါ် စွဲလမ်းမျှော်လင့်စိတ်သည်လည်း ရှင်သန်ရာ ဘဝအပေါ် နေပျော်ကျေနပ်ခြင်း မည်ကြောင်း တွေးတတ်လာသည်။

ခုတော့ အမေ့ကိုမှ မဟုတ်၊ ဘယ်သူ့ဘယ်သူ၏ မူပိုင် ရှင်သန်နေထိုင်မှုကိုမှ အပြစ်မဆိုမိတော့။ နေပျော်သလိုသာ နေကြပါစေ။ မပျော်မှတော့ အသက်ရှင်လည်း ဘာလုပ်မလဲ။

မတ်မတ်ရပ်လျက်ကပင် ဖန်သားပြင်၏ အောက်ခြေမှာ ပေါ်သော စာတန်းကို သူ လိုက်ဖတ်နေသည်။ မျက်နှာအမူအရာ ပြကွက်တို့ကို လိုက်ကြည့်နေသည်။ စိတ်မှတ်မဲ့ အပျင်းပြေ။

ပြကွက်တစ်ကွက် ပြောင်းလျှင် မြင်ရသည်မှာ ရထားနှင့် ဘူတာရုံ၏ မြင်ကွင်း ဖြစ်သည်။ ခရီးသွားတို့၏ တလှုပ်လှုပ်ရှိပုံ၊ ရထားဥသြသံ။ သူ မျက်မှောင်ကြုတ်လိုက်သည်။ မနက်ခင်းက သူစိမ်းကောင်လေးသည် အလွမ်းပြေ အသွားချင်ဆုံး ဒုတိယနေရာ သူ့ကို ပြောခဲ့သေးသည်။ သူ့နှုတ်တွင် ထိုစကားလုံးတို့ ရစ်သီအိုင်ဖွဲ့လျက် ရှိလာပြီ။ အမေ့အာရုံကို အနှောင့်အယှက် ပြုရာများ ကျလေမလား။

ပြောတော့ ပြောရမည်၊ အနည်းဆုံးတော့ မနက်ဖြန် ဧည့်သည် ရောက်မလာမီ ဘယ်သူဘယ်ဝါဆိုတာ အမေ ကြိုတင် ဆက်စပ်တွေးယူနိုင်တာပေါ့။

“ကောင်လေး ပြောသွားတာ တစ်ခု ရှိသေးတယ် အမေ”

အမေသည် သူ့ကို လှည့်မကြည့်ဘဲ "ဘာတဲ့လဲ" ဟု ဆိုလိုက်၏။

"ဟိုကောင်လေး သီပေါ ပြန်ရောက်တုန်း အလွမ်းပြေ အသွားချင်ဆုံးနေရာ နှစ်နေရာ ရှိတယ်လို့ ကျွန်တော် ပြောတယ် မဟုတ်လား၊ တစ်ခုက ကျွန်တော်တို့ စာအုပ်ဆိုင်၊ နောက်တစ်ခုက အဲဒီ ဘော်ကြိုဘူတာရုံတဲ့"

"အင်း"ဟု အမေ စကားထောက်၏။ မျက်လုံးအကြည့်မှာ ဖန်သားပြင်နှင့် မကင်းကွာသေး။ အမေ့အာရုံ စိမ့်မျောလျက်ရှိသည့် ဇာတ်လမ်းတွင် လူငယ်စုံတွဲတစ်တွဲသည် ဘူတာစင်္ကြံမှာ ရပ်တန့်ကာ စကားဆိုလျက်ရှိကြသည်။ နောက်ခံတီးလုံးမှာ ကြည်နူးဖွယ် တငြိမ့်ငြိမ့်။

"ကောင်မလေးတစ်ယောက် ခေါ်လာပေးလို့ ကျွန်တော်တို့ စာအုပ်ဆိုင်ကို သူ စရောက်ဖူးတာတဲ့၊ ကောင်လေးကို ကျွန်တော် မမှတ်မိပေမဲ့ ကျွန်တော့် တလွဲမှတ်ဉာဏ်က ကောင်မလေးအကြောင်း ပြောတော့ မျက်စိထဲ တန်းမြင်တယ်၊ ဟိုကောင်မလေးပေ့ါ၊ ဘော်ကြိုကနေ စာအုပ် လာလာငှားတာ၊ ဘော်ကြိုဘူတာ ရုံပိုင်ဟောင်းရဲ့ မြေးဆိုတာလေ၊ သူ့နာမည် နွေ ဘာ ဆိုလား၊ အမေ ချစ်တဲ့ ကောင်မလေး"

အမေ့နှုတ်မှ အာမေဍိတ်သံ ခပ်သဲ့သဲ့ သူ ကြားလိုက်ရလေသည်။

❀

မြတ်မော် ပုံရိပ်(၁)

မမနွေ့ရယ်၊ ကျွန်တော်ရယ် "ကံ့ကော်ရိပ်" ကို ပထမဆုံး အတူလာကြတဲ့ နေ့က ဘော်ကြိုကနေ သီပေါကို လာတဲ့ လမ်းတစ်လျှောက်မှာ နေကြာရိုင်းတွေ ထိန်နေအောင် ပွင့်နေကြတယ်။ လမ်းဘေး မြက်ခင်းစပ်တွေမှာရော၊ လှမ်းကြည့်လိုက်ရင် မြင်နေရတဲ့ လယ်ယာခင်းတွေ၊ တောင်တန်းလျှောတွေမှာရော နေကြာပွင့်ဝါဝါတွေ လွှမ်းလို့၊ အစိမ်း၊ အဝါ အလှချင်း ပြိုင်နေပုံဟာ နောင် နှစ်များစွာ ကြာတဲ့အထိ ကျွန်တော့်အာရုံမှာ စွဲခဲ့ရတယ်။

တစ်ခါတုန်းကတောင် အိပ်မက်မှာ ကျွန်တော်ဟာ အဲဒီနေကြာရိုင်း ပင်တွေကြားထဲ ရောက်လို့။ မမနွေ့က အတော်ဝေးဝေး ခပ်လှမ်းလှမ်းမှာ ကျွန်တော့်ကို ကျောခိုင်းလို့။ မတွေ့ရတာ နှစ်ပေါင်း ၂၀ နီးပါး ကြာခဲ့ပြီ ဆိုပေမယ့် အိပ်မက်ထဲမှာတော့ မမနွေ့ဟာ ကျွန်တော်တို့ တွေ့ခဲ့ကြတဲ့ အချိန်တုန်းကလို ဆယ်ကျော်သက်ရွယ်ပဲ။ နေကြာရိုင်းတစ်ပွင့်ကို ခပ်ဆဆ ကိုင်ရင်းကနေ နောက်တော့ တောင်တန်းလျှောတွေဘက် လှမ်းကြည့်နေတယ်။

မမနွေ့ဟာ အဖြူရောင် ဂါဝန်ရှည်နဲ့။ လေပြည်တိုးတော့ နေကြာရိုင်းတွေ တရှဲရှဲ မြည်သံပေးလို့ ယိမ်းလှုပ်နေပုံ၊ မမနွေ့ရဲ့ ဂါဝန်အနားစလေး နွဲ့နေပုံကို ကျွန်တော် ငေးနေတယ်။ ကျွန်တော့်နှုတ်ကနေ "မမနွေ့" လို့ အသံတိုးတိုး ခေါ်မိတယ်။ မမနွေ့ မကြားဘူး။ ကျွန်တော် ခြေလှမ်း သုံး၊ လေးလှမ်းလောက် လှမ်းတယ်၊ ထပ်ခေါ်တယ်။ ဒီတစ်ခါတော့ မမနွေ့ ကြားပါတယ်။

လှည့်ကြည့်လိုက်တဲ့ မျက်နှာဝင်းပပဟာ ကျွန်တော့်ရင်ကို လှပ်ခနဲ နွေးစေတယ်။ နှစ်ပေါင်းများစွာ ကြာပေမယ့် မပြောင်းလဲတဲ့ ခံစားမှုတစ်မျိုးဟာ ကျွန်တော့်ဘယ်ဘက်ရင်အုံကို လက်သည်းချွန်နဲ့ ခပ်ဖွဖွ ခြစ်နေသလိုပဲ။ အဲဒီ ဝင်းပပမျက်နှာထက်က မျက်လုံးရီမှိုင်းမှိုင်းလေးတွေကို မမြင်ရတာ ဘယ်လောက် ကြာခဲ့ပြီလဲ။ မျက်လုံးက မပြုံး၊ နှုတ်ခမ်းကသာ များသောအားဖြင့် ပြုံးတတ်ပေမယ့် အဲဒီအပြုံးနွမ်းလျကိုပဲ လွမ်းဆွတ်ခဲ့ရတာ ရာသီ ဘယ်လောက် ရှိခဲ့ပြီလဲ။ ချစ်ရသူကို ချစ်ကြောင်း ပြောခွင့်မသာခဲ့ဘဲ ကျွန်တော်ဟာ ရင်ဘတ်ဟင်းလင်းနဲ့ နှစ်များစွာ အသက်ရှင်ခဲ့ရတယ်။

"မမနွေ့" လို့ တစ်ခွန်း ထပ်ခေါ်ရင်း ကျွန်တော် တိုးမိတယ်။ မမနွေ့ ပြုံးလိုက်သလား။ နှုတ်ခမ်းလေး လှုပ်လို့ ကျွန်တော့်ကို တစ်ခုခု ပြောလိုက်သလား။ ဘာမှမရေရာခင်မှာပဲ အိပ်မက်ဟာ အဲဒီနေရာမှာတင် အဆုံးသတ်တယ်။ အိပ်မက်က နိုးတာနဲ့ ကျွန်တော့်မှာ အဆုံးမရှိစတမ်း

တသီတတန်း ဆက်တွေးမိတော့တာပဲ။ ကျွန်တော် တွေးမိတဲ့ မြင်လွှာရိပ်ပုံမှာ နေကြာရိုင်းတွေ ဟိုဘက်ဒီဘက် ရံထားတဲ့ လမ်းကလေး ပါမယ်။ ကားရှင်းပြီဆိုတာနဲ့ တစ်စီးနဲ့တစ်စီး အပြိုင်နင်းနေတဲ့ စက်ဘီးလေးနှစ်စီး ပါမယ်။ အသက် ၁၅ နှစ်အရွယ် ကောင်မလေးတစ်ယောက်နဲ့ အသက် ၁၂ နှစ်အရွယ် ကောင်လေးတစ်ယောက် ပါမယ်။ မမနွေရယ်၊ ကျွန်တော်ရယ်။

စိတ်ဆိုတဲ့ မြင်တွေ့ ထိမရ ဖမ်းဆုပ်မရတဲ့ အလျဉ်ဟာ ဘယ်လောက်များ ရွေ့လိုက်သလဲဆို အဲဒီတုန်းက လမ်းနံဘေး တောတောင်တွေဆီက၊ လယ်ကွင်းတွေဆီက အနံ့အသက်တွေကိုတောင် ပြန်ရလာသလိုပဲ။ တောမှာ သာ ရတတ်တဲ့ လတ်ဆတ်မွှေးမြတဲ့ ရနံ့တစ်မျိုးဆိုပါတော့။ လေပြည်မှာ အဲဒီရနံ့ဟာ စီးမျောလို့။ ကျွန်တော့်ပါးပြင်ဟာ လေပြည်အထိနဲ့ အေးမြနေတယ်။ ကျွန်တော့်စိတ် ဆိုတာလည်း နဂိုကတည်းက ကြည်နေတော့ စက်ဘီး အပြိုင် နင်းရတဲ့ အပျော်ပါ ထပ်ပေါင်းလိုက်တဲ့အခါ စိတ်လက်ရွှင်ပျ ရယ်မောမိတယ်။

အဲဒီနေ့ကတော့ ကျွန်တော် ပျော်နေတာကြောင့်များလား မဝေခွဲတတ်ပေမဲ့ မမနွေရဲ့ အပြုံးဟာ ကြည်ကြည်ကလေး ဆိုတာတော့ မှတ်မိနေတယ်။ မျက်လုံးလေးတွေ ထူးပြီး မတောက်ပလှပေမဲ့ ဒီလို ပြုံးပုံလေး တွေ့ရခဲတော့ ကျွန်တော် ပိုပျော်လာတယ်။ မေမေ ဖွင့်နေကျ ရေဒီယိုသီချင်း တစ်ပုဒ်အလိုက်တောင် လေချွန်မိသေးတယ်။ အဲဒီတုန်းကတော့ မမနွေရဲ့ ပျော်ရွှင်မှုဟာ ကျွန်တော့်ပျော်ရွှင်မှုအဖြစ် တိုက်ရိုက် အချိုးကျနေပြီလား ဆိုတာမျိုး ကျွန်တော် မတွေးတတ်သေးဘူး။ သိလည်း မသိတတ်သေးဘူး။

နေ့ခင်းနေဟာ ဆောင်းနေခြည်မို့ မစူးရဲလှဘူး။ မမနွေရဲ့ အင်္ကျီ ပန်းနုရောင်လေးပေါ် နေခြည်ဖျော့ဖျော့လေး ဖြာတော့ ပန်းရောင်ဟာ ပိုလို့ ဖျော့တော့နေသလိုပဲ။ လုံချည်လေးကတော့ ဘီဘဲလ် နက်ပြာရောင်။ မမနွေက အနက် ဝတ်လေ့ဝတ်ထ မရှိဘူး။ ဆံပင်တွေကတော့ ကျောလယ်မက ရှည်လျားနေပြီ။

အဲဒီ ဆံပင်တွေကို ကျစ်ဆံမြီး နှစ်ဖက် ခွဲကျစ်ထားတဲ့ မမနွေဟာ ခေါင်းပေါ်မှာတော့ နေကာဖို့ရာ ဝါးခမောက်လေး ဆောင်းထားပါရော။ ခမောက်အရိပ်ဟာ နှာခေါင်းထိပ်နားလေးအထိ ကွက်ပြီး ကာလို့ နေတယ်။ မမနွေရဲ့ မျက်နှာအသားပြင်ဟာ နှစ်ရောင်စပ်ပေါ့။ မျက်လုံး မှိုင်းမှိုင်းလေးတွေဟာ အရိပ်ထဲကျနေတော့ ပိုလို့ မှိုင်းတယ် ထင်ရတယ်။ နှုတ်ခမ်းပေါ် အပြုံးလေး ထင်ပြန်ရင်တော့ အဲဒီမျက်လုံးလေးတွေဟာ အမှိုင်းဖျော့ပြန်ရော။ နည်းနည်းတော့ ကြည်လာပြန်ရော။

"ပျော်တယ်ပေါ့လေ"

ကျွန်တော် နှုတ်က မဖြေဘူး။ လေချွန်လက်စနဲ့ ခေါင်း ဆတ်ခနဲ ညိတ်မိတယ်။

"နောက်နှစ်လောက်ဆို ဒီလမ်းပေါ် မင်းတစ်ယောက်တည်း သွားနိုင်လောက်ပြီ၊ ဒီနှစ်ပဲ စာအုပ်ငှားချင်ရင် မမနဲ့ အတူသွားဦးပေါ့"

ကျွန်တော် လေချွန်တာကို တိခနဲ ရပ်လိုက်တယ်။

"နောက်နှစ်လည်း အတူသွားမှာပဲ"

"အလို" လို့ မမနွေက ရေရွတ်လိုက်တယ်။

"တကယ်ပြောတာ၊ နှစ်တိုင်း အတူသွားမှာ"

အဲဒီတုန်းကတော့ ကျွန်တော့်အတွေးဟာ အင်မတန် ရိုးစင်းလှတယ် ဆိုတာ ဘယ်နားလည်တတ်ပါဦးမလဲ။ ဆန္ဒမှန်သမျှ ပြည့်တယ်ရယ် ယူဆတတ်တဲ့ ငယ်ဘဝအရွယ်ကိုး။ ကြယ်တွေကြည့်ပြီး ဆုတောင်းရင် ပြည့်တယ်ဆိုတဲ့ ယုံကြည်မှုကို ပိုက်ထွေးထားတဲ့ ကောင်ကလေးဘဝက လွန်မြောက်စကိုး။ ကျွန်တော် တွေးတဲ့ အနာဂတ်ဟာ ခပ်ရိုးရိုးပဲ။

နှစ်ဘယ်လောက် ကြာသည်ဖြစ်စေ မမနွေဟာ အခုလိုပဲ ကျွန်တော်နဲ့ ဘေးချင်းယှဉ်လျက် ရှိနေလိမ့်မယ်၊ ကျွန်တော်တို့ အမြဲပျော်နိုင်ကြမယ်ပေါ့။ နှစ်တချို့ ကြာတဲ့အခါ ကျတော့မှသာ ကျွန်တော် အဲဒီလို ပြောလိုက်တုန်းက မမနွေ အပြုံးနဲ့ပဲ တုံ့ပြန်ခဲ့တာ သတိပြုမိတော့တယ်။

* * *

တကယ့် တကယ်တော့ နေကြာရိုင်းတွေ သူ့ထက်ငါ အပြိုင်အဆိုင် ရွှေဝါရေး လှသွေးကြွယ်တဲ့ ဆောင်းဦးပေါက် ချိန်မျိုးမှာမှ နေရာဟောင်းဆီကို ကျွန်တော် ခရီးနှင်လာသင့်တာပဲ။

မိုးအကုန် ဆောင်းအကူးဆိုရင် တစ်မိုးတွင်းလုံး ပွင့်ဖူးဖို့ အသင့် စောင့်စားနေပုံ ရတဲ့နေကြာရိုင်းပင်တွေဟာ ရှမ်းရိုးမ တောင်တစ်ကြောရဲ့ သင်္ကေတဖြစ်တဲ့ ပန်းပွင့်ဝါဝါတွေကို ကိုယ်ထင်ပြပြီ။ တောင်ရိုး တောင်ကြောတွေမှာ၊ မြေနီလမ်းနံဘေး၊ ကတ္တရာလမ်းနံဘေး တစ်လျှောက်မှာ၊ တောင်ယာတွေမှာ နေကြာရိုင်းဝါဝါတို့ရဲ့ ညို့ငင်တဲ့ အဆင်အသွေးက လွှမ်းမိုးပြီ။ ငယ်အိပ်မက်ရဲ့ တစ်ကန့်တစ်နေရာမှာ ရှိစမြဲ နေကြာပွင့်တွေ မြင်ရမယ် ဆိုတော့မှသာ မြို့ကလေးဆီ ကျွန်တော် ပြန်ရောက်လာသင့်ပေမယ့် တကယ်တမ်းကျတော့ အခါရယ် ဘာရယ် ရွေးနိုင်ခဲ့တာ မဟုတ်ဘူး။ ဒီအချိန်

ဒီရက်အတွင်း ကျွန်တော် မြို့ကလေးဆီ ရောက်မှ ဖြစ်မှာကိုး၊ နှစ်များစွာ ကွဲကွာနေပြီး မကြာသေးခင်ကမှ အဆက်အသွယ် ပြန်ရလေတဲ့ ငယ်သူငယ်ချင်းဟာ သူ့ဘဝရဲ့ လှပတဲ့ တစ်ဆစ်အချိုးမှာ ကျွန်တော့်ကို ပါဝင်စေချင်တာကိုး။

ကျွန်တော်ဟာ အခါခါ တွေးဖူးတာနဲ့ ဆန့်ကျင်ဘက် ဆိုရလောက်အောင် မိုးဖွဲဖွဲမှုန်မှုန် စကျတဲ့ အခါရာသီမှာ မောမြေဆီ ပြန်ရောက်လာခဲ့တယ်။ အလွမ်းပြေနေရာတွေ၊ ခြေရာတွေ ပြန်ကြည့်နိုင်မယ့် နေရာဆီ ပြန်ရောက်လာခဲ့တယ်။

မမနွေ့ရဲ့ အရိပ်ဟောင်းတွေ တွယ်ခိုနေမြဲ ကံ့ကော်ရိပ်ကို ရောက်ရပြီးတဲ့နောက် ကျွန်တော့်စိတ်ဟာ နောက်ထပ် လွမ်းစရာ တစ်နေရာလို့ ဆိုရမယ့် ဘော်ကြိုဘူတာလေးဆီ ပြေးနှင့်တယ်။ မိုးရနံ့ သင်းဝေနေတဲ့ ဘူတာကလေးကို စိတ်ကူးနဲ့ပဲ ငေးတယ်၊ ရှာလိုသူကို စိတ်ကူးနဲ့ပဲ ရှာမိတယ်။ လူကိုယ်တိုင်ကျတော့ အခုမှပဲ တွေ့တွေ့ဆိုင်ဆိုင် ရောက်လာခဲ့တော့တယ်။

ကျွန်တော် မမနွေ့ကို စတွေ့တော့ ဒီဘော်ကြိုဘူတာမှာပါပဲ။

အဲဒီတုန်းက ဘော်ကြိုဘူတာက ဘယ်လိုပုံစံတုံးဆိုရင် အခုပုံစံလေးပဲ။ ဒီလို မိုးရာသီဆိုရင် မြက်ပင်၊ ချုံပင်တွေ စိမ်းလန်းနေမယ်။ ဟောဟို မျက်နှာချင်းဆိုင်က ကုန်းတန်းလေးမှာ ခရမ်းရောင်တောပန်းတွေ လူတွေ စိုက်ပျိုးထားတဲ့ တကယ့်ပန်းခင်းတစ်ခင်းလို ရှိနေမယ်။ ကျွန်တော်တို့ ငယ်တုန်းက လုံချည်တွေ၊ ဘောင်းဘီရှည်တွေမှာ တွယ်ကပ်ပါလာတတ်လို့ စိတ်ရှည်လက်ရှည် ထိုင်ခွာရတဲ့ မြက်သီးတွေ ရှိတဲ့ မြက်ပင်တစ်မျိုး သံလမ်းအစပ်နားက မြက်တောထဲမှာ စပါးခင်းလို ထိုးထိုးထောင်ထောင် ပေါက်နေမယ်။ မြက်ပင်စိမ်းတွေကြားမှာ စိန်ပန်းပွင့်ကြွေ နီရဲရဲတွေကိုတောင် တွေ့ရလိမ့်မယ်။

နီညိုရောင်ရယ်၊ ဝါညို့ညို့အရောင်ရယ် ရောထားတဲ့၊ ရှေးအငွေ့အသက် ရတတ်တဲ့ ဘူတာရုံလေးဟာ စိန်ပန်းပင်ကြီးတစ်ပင်ရဲ့ ဘေးမှာ ကပ်လျက် ရှိနေတာကိုး။ အင်း...စိန်ပန်းပင်က တစ်ပင်တောင် မဟုတ်၊ နှစ်ပင်၊ နှစ်ပင်တိတိ။ လမ်းမတန်းကနေ ဘူတာကို ဖဲ့ဆင်းလာတဲ့ လူသွားလမ်းလေး အဆုံး မြောင်းကလေးဘေးမှာ တစ်ပင်၊ ဘူတာဘေးမှာ တစ်ပင်။ နွေဆို နီစွေးနေအောင် ပွင့်ဝေမယ်၊ မိုးဦးမှာ မိုးစက်ပေါက်တွေနဲ့အတူ တဖြုတ်ဖြုတ် ကြွေမယ်။ ဝေတုန်းက တစ်ပင်လုံး ရဲနေအောင် လှခဲ့သလို ကြွေပြန်တော့လည်း မြက်ခင်းစိမ်းတွေပေါ်မှာ အနီရောင်စွက်လို့ ပန်းချီတစ်ချပ်လို လှပြန်တာပဲ။

အဲဒီနှစ်က စိန်ပန်းပင်ပေါ်မှာ အနီရောင်ပန်းပွင့်တွေ ဝေနေတုန်း ကျွန်တော်တို့ ဘော်ကြိုကို စရောက်လာခဲ့တာ။ ကျွန်တော်တို့ဆိုတာ ကျွန်တော်ရယ်၊ မေမေရယ်။

ဘော်ကြိုကျောင်းကို အလယ်တန်းပြတာဝန်နဲ့ မေမေပြောင်းလာတော့ မေမေ့သား ကျွန်တော်လည်း လိုက်ခဲ့ရတယ်။ အမှန်က မလိုက်လည်း ဖြစ်တာပဲ။ ရန်ကုန်မှာ ကြီးကြီးနဲ့အတူ နေခဲ့လည်း ဖြစ်တာပဲ။ ကြီးကြီးဟာ သားသမီး မရှိသူ၊ တစ်ကိုယ်တည်း နေသူမို့ ရန်ကုန်အိမ်မှာသာ နေရစ်ခဲ့ရင် သားရင်းချာလို နွေးထွေးစောင့်ရှောက်မှာပဲဆိုတာ မေမေ သိတယ်။ ဒါပေမဲ့ ခင်ပွန်း မရှိတော့ကတည်းက ဒီသားကို ရဲဘော်ရဲဘက်လိုပါ အားထားချစ်ခင် တတ်တဲ့ မေမေက မထားရစ်ခဲ့ပါဘူး။ သိတတ်စကတည်းက မေမေ ပြောင်းလေရာ လိုက်ရတာ၊ မြို့အသစ်၊ ရွာအသစ်မှာ အတန်းသစ် ပြောင်းတက်ရတာဟာ ကျွန်တော့်ရိုးရာ။

အဲဒီနှစ်က ဘော်ကြိုရောက်တော့ ငါးတန်းမတက်ရခင် နွေရာသီ။

နွေရာသီဆိုပေမယ့် နွေနှောင်းပါ။ မကြာခင် မိုးဝင်တော့မယ့် စပ်ကူး မပ်ကူးကာလပါ။ မိုးရာသီကို ကြိုတဲ့ မိုးပေါက်တွေ တချို့နေ့တွေမှာ ပက်ဖျန်းလို့ စိမ်းမြလာတဲ့ ပတ်ဝန်းကျင်မှာ နွေရဲ့ အကြွင်းအကျန် အလှတွေကလည်း ရှိနေသေးတော့ ဘယ်နေရာပဲကြည့်ကြည့် လွမ်းစရာကောင်းတယ် ဆိုရမယ်။ နွေဆိုပေမယ့် သိပ်ပူပြင်းနေတာ မဟုတ်၊ နေရထိုင်ရ စိတ်အနှောင့်အယှက် မဖြစ်လောက်အောင် ပူနွေးလှပတဲ့ရာသီမှာ ကျွန်တော်တို့ ဘော်ကြို ရောက်လာ ခဲ့ကြတယ်။

မန္တလေးကနေ လာမယ်ဆိုရင် သီပေါမြို့ မဝင်မီ တည်ရှိတဲ့အရပ်၊ တစ်ချိန်တစ်ခါတုန်းက ပုဂံမင်းနေပြည်တော်ကနေ ဇာတိ မောမြေဆီ စောမွန်လှ ပြန်လာတဲ့ခရီးမှာ ဖခင်ဖြစ်သူ အကြိုထောက်တဲ့နေရာမို့ "ပေါ့ကြို" လို့ ခေါ်ရာက "ဘော်ကြို" တွင်လာတယ် ဆိုတဲ့အရပ်။ ပေါ့ဆိုတာ ရှမ်းဘာသာစကားနဲ့ ဖခင်ကို ဆိုလိုတာမို့ ဒီအရပ်ဟာ အဝေးတစ်မြေကနေ ရင်ကွဲလို့ ပြန်လာတဲ့သမီးလေးကို ဖခင်က နွေးထွေးဆီးကြိုခဲ့တဲ့အရပ် ဆိုပါတော့လေ။

ရန်ကုန်ကနေ ရထားတစ်တန်၊ ကားတစ်တန်နဲ့ ရောက်လာတဲ့ မေမေနဲ့ ကျွန်တော်ဟာ ရွာက စီစဉ်ပေးတဲ့ အိမ်ကလေးမှာ နေကြရတယ်။ ကျောင်းဝင်းနဲ့ မလှမ်းမကမ်း၊ ဘော်ကြိုဘုရားကြီးနဲ့လည်း မဝေးလှသလို ကျောင်းဝင်းကိုလည်း လမ်းလျှောက်သွားနိုင်တဲ့ နေရာလောက်မှာ ရှိတဲ့အိမ်၊ သက်ငယ်မိုး၊ ထရံကာ၊ ပျဉ်ခင်း ခြေတံတို အိမ်ကလေး။ အိပ်ခန်းတစ်ခန်း၊

အိမ်ရှေ့ခန်းတစ်ခန်းပါ၊ အနောက်ဘက်မှာ ကြမ်းပြင်နဲ့ တစ်ဆက်တည်းရှိနေတဲ့ မီးဖိုချောင်။

ရပ်ဝေးက ဆရာ၊ ဆရာမတွေ အစဉ်အဆက် နေသွားကြတယ်ဆိုတဲ့ အဲဒီအိမ်ဟောင်းကလေးမှာ ကျွန်တော် သဘောအကျဆုံးနေရာကတော့ အိမ်ရှေ့ဝရန်တာပါပဲ။

သစ်သားလက်ရန်းလေးတွေနဲ့ သပ်သပ်ရပ်ရပ် ရှိလှတဲ့ ဝရန်တာလေးမှာ အိမ်ရှေ့ခန်းနဲ့ ခြားထားတဲ့ထရံကို ကျောမှီထိုင်၊ လက်ရန်းလေးတွေကြားကနေ ကုန်ကား၊ လူစီးကား အသွားအလာ ရှိနေမြဲ ကားလမ်းမကို ငေးရတာ အရသာတစ်မျိုးပဲ။ ဆယ်မိနစ်လောက်အတွင်း ကားဘယ်နှစီး ဖြတ်သလဲ ထိုင်ရေရတာ၊ ကားအကြီးနဲ့အသေး ဘယ်သင်းက ပိုသာသလဲ တွက်နေရတာကိုက ရောက်ရောက်ချင်းမို့ ကစားဖော်လည်း မရှိ၊ ဘာလုပ်ရမှန်းလည်း မသိတဲ့ ကျွန်တော့်အတွက် အပျင်းပြေစရာ ကစားနည်းတစ်ခုလိုပဲ။ အိမ်ရှေ့ ကားလမ်းပေါ်မှာကလည်း လားရှိုး၊ မူဆယ်ဘက်သွားတဲ့ ကားတွေ၊ မန္တလေးဘက် သွားတဲ့ကားတွေ အစုန်၊ အဆန် အမြဲ ဖြတ်နေတော့တာကိုး။

အဲဒီလို လမ်းမတစ်လျှောက် တောင်ငေးမြောက်ငေး ငေးနေရတာက အပျင်းပြေတယ်ဆိုပေမယ့် တကယ်တမ်းကျတော့လည်း ခဏပါပဲ။ ကျွန်တော်တို့ အရွယ်ဟာ အငြိမ်နေတာ နည်းနည်းကြာရင် ပျင်းရိငွေ့ခေါက်လာတတ်တဲ့ အရွယ်မဟုတ်လား။ ပြီးတော့ မိန်းကလေးတွေလိုလည်း အရုပ်တမ်းဘညာနဲ့ တစ်ယောက်တည်း ကစားနိုင်တဲ့သူမျိုးတွေ မဟုတ်၊ အပေါင်းအဖော် ရှာတဲ့ သူမျိုးတွေ။

မေမေကတော့ ကျွန်တော်နဲ့စာရင် ရောက်ပြီး ခဏနေတော့ အသား ကျခဲ့တယ် ဆိုရမယ်။ ကျောင်းဝင်းထဲမှာပဲ အိမ်ကလေးနဲ့ နေတဲ့ ကျောင်းအုပ် ဆရာမကြီးနဲ့ အဖော်ရသွားတော့ နေ့လယ်နေ့ခင်း အိမ်ကူးလည်ကြ၊ လက်ဖက်သုပ်လေးစား၊ စကားလေးပြော၊ ပြီးတော့ စာအုပ်တွေ အလဲအလှယ်လုပ်ပြီး ဖတ်ကြ၊ ရေဒီယိုရှေ့ အတူနားထောင် ပြုံးရယ်ကြ။ ကျွန်တော့်မှာသာ လူကြီးတွေနား နေရင်း ကလေးဖော် တောင့်တလို့ ပျင်းရတယ်။

မမနွေ့နဲ့ စတွေ့တဲ့ တစ်ရက်တုန်းကလည်း ကျွန်တော် ပျင်းနေတဲ့ ရက်ပါပဲလို့ ပြောတော့ မမနွေ့က ရယ်စရာထင်တယ်။ ဒါပေမဲ့ အဲဒါ တကယ်။

အဲဒီနေ့က အိမ်မှာ မေမေ မရှိဘူး။ သီပေါကို ဈေးဝယ်ရအောင် သွားတဲ့

ဆရာမကြီးနဲ့ ပါသွားတယ်။ ကျွန်တော်တို့မှာ စက်ဘီး မရှိသေးတော့ ဆရာမကြီး ငှားပေးတဲ့ စက်ဘီးတစ်စီးကို မေမေက နင်းလို့၊ ဆရာမကြီးက လည်း သူ့မိကျောင်းဘီးလေးနဲ့။ နေ့လယ်စာစားပြီး ထွက်မသွားခင်တော့ "စာဖတ်နေနော်" လို့ မေမေက မှာသေးတယ်။ ကျွန်တော်ကလည်း "ဟုတ်ကဲ့" ပေါ့။ ဒါပေမဲ့လည်း အိမ်မှာ ရှိတဲ့ စာအုပ်တွေဆိုတာ (ဝတ္ထုတွေက လွဲလို့) ကာတွန်းတွေ၊ မဂ္ဂဇင်းတွေအကုန် ကျွန်တော် ဖတ်ပြီးသားတွေ မဟုတ်လား။ ဘော်ကြိုမှာ စာအုပ်ငှားရအောင် စာအုပ်အငှားဆိုင်လည်း ရှိတာ မဟုတ်။

မေလရဲ့ နေရောင်ခြည်က ကျွန်တော်တို့အိမ်ကလေးပေါ် ပူပူနွေးနွေး ဖြာကျနေတယ်။ အိမ်တံစက်မြိတ်ရဲ့ အပြင်ဘက် မြေပြင်ပေါ်က အရိပ်ကွက်တွေကို ကျွန်တော် ငေးနေတယ်။ "ကျောင်းဖွင့်တော့မယ်၊ ကျောင်းဖွင့်တော့မယ်" ဆိုတာကို ဂါထာလို ရွတ်နေတယ်။ ကျောင်းဖွင့်ရင် သူငယ်ချင်းတွေ ရမယ်၊ ပြီးရင်တော့လည်း ကျွန်တော် ပျော်သွားမယ်၊ နောက် ပြန်ခွဲရတဲ့အခါ မျက်ရည်တွေ ဘာတွေကျ၊ အချိန်နည်းနည်း ကြာတော့လည်း နေရာဟောင်းက လူတွေကို မေ့မေ့ပျောက်ပျောက်၊ နေရာသစ်က လူတွေနဲ့ပဲ လုံးချာလည်လိုက် ပျော်မွေ့။ ဒါဟာ ကျွန်တော် ဖြတ်သန်းလာရတဲ့ နှစ်တွေပဲ။

အရိပ်တွေကို ငေးနေရာကနေ တစ်စုံတစ်ရာကို ကျွန်တော် ဖြုန်းခနဲ သတိရတယ်။ ရထားသံ၊ ဥသြသံ။ ဒီလေးရက်လောက်အတွင်း မနက်ရယ် နေ့ခင်းရယ် ပုံမှန်ကြားနေကျ ရထားဥသြသံ။ ဒီအချိန်၊ ဒီအချိန် ရထားလာခါနီးတဲ့ အချိန်ပဲ။ အနည်းဆုံးတော့ ဘူတာရုံရောက်လို့ ရထားမြင်ရတဲ့အခါ ကျွန်တော် အပျင်းပြေမှာပဲ။ မေမေ ပြန်ရောက်ရင်လည်း ဘူတာရုံကနေ အိမ်ကို ကျွန်တော် ရောက်နေလောက်ပါပြီ။

ခဏလောက်အကြာမှာတော့ ကျွန်တော်ဟာ ခြံတံခါးလို့ ဆိုနိုင်တဲ့ ဝါးကပ်လေးကို ခြံတိုင်ဘေးကနေ ဆွဲပိတ်ပြီး ဘော်ကြိုလမ်းမပေါ် ရောက်ပြီ။ အင်း... လမ်းမဘေးမှာပေါ့။ ကားကြီးတွေကို ကြောက်လို့ လမ်းမဘေး မြေသားပေါ်မှာ ဖြည်းဖြည်းမှန်မှန် လျှောက်နေတာပေါ့။ ဘူတာဟာ အိမ်ကနေ ဘော်ကြိုဘုရားကြီးဝင်းကို ကျော်ရင် နည်းနည်း ဆက်လျှောက်ရဦးမယ်လို့ ကျွန်တော် သိနေတယ်။ ဆရာမကြီး တစ်ခါပြောတာ ကြားဖူးတယ်လေ။ ဘုရားသွားဖူးကြတုန်းက ထင်တာပဲ။

ပိုသေချာအောင် တစ်ယောက်ယောက် မေးရမယ်လို့ ကျွန်တော် ဆုံးဖြတ်လိုက်တယ်။ လမ်းဘေးမှာ တွေ့ရတဲ့ ခေါက်ဆွဲဆိုင်လေးနားကို ကျွန်တော် တိုးကပ်လိုက်တယ်။ ဆိုင်ရှင်အမျိုးသမီးဟာ ကျွန်တော့်ကို စူးစမ်းဟန်နဲ့ ကြည့်နေပါတယ်။

"ဟိုလေ ကျွန်တော် ရထားသွားကြည့်ချင်လို့ ဘယ်နားအထိ သွားရလဲ အဒေါ်"

"ဘူတာကိုလား"

ပြန်မေးတဲ့အသံဟာ ကျွန်တော်တို့ မေမေတို့ စကားပြောသံနဲ့ မတူဘူး။ အညာသူဆိုတဲ့ ဆရာမကြီးလေသံနဲ့လည်း မတူဘူး။ ဒီလေသံဟာ ဝဲတဲတဲ။ ဒေသတစ်ခုမှာ တစ်မျိုး ထူးခြားလို့ နားထောင်ကောင်းတဲ့ ချစ်စရာ ဝဲပုံမျိုးပဲ။ "ဟုတ်"

"ဒီလမ်းအတိုင်း သွား၊ တည့်တည့်ပဲသွား၊ ညာဘက်မှာ လမ်းပေါ်ကနေ ကြည့်ရင် မြင်ရတယ်၊ သိပ်မလိုတော့ဘူး"

ကျေးဇူးစကားဆိုပြီး စောစောကလိုပဲ လျှောက်လာတော့ ကျွန်တော်ဖြင့် ချွေးကလေးတောင် နည်းနည်းစို့ချင်လာတယ်။ ချွေးစို့နေတဲ့ မျက်နှာပေါ် လေပြည်လေး ဝှေ့တိုက်တော့ နေလို့ ကောင်းလိုက်တာ။ တစ်နေ့လုံး ပျင်းရိ ခြောက်သွေ့နေတဲ့ ကျွန်တော်ဟာ ခုမှပဲ အတွေ့အကြုံသစ်နဲ့ လန်းဆန်းစ ပြုလာတယ်။ ခြေလှမ်းတွေလည်း သွက်လာတယ်။

တစ်အောင့်လောက်ကြာတော့ တကယ်ပဲ ဘူတာရုံကို လမ်းပေါ်ကနေ လှမ်းမြင်ရပြီ။ မြေသားလမ်းကလေးပေါ် ကျွန်တော် ချိုးကွေ့လိုက်တယ်။ လမ်းဟာ လူတစ်ယောက် လျှောက်သာရုံ လမ်းကလေးပဲ။ လမ်းနံဘေးမှာတော့ မိုးကြောင့် စိမ်းလာတဲ့ မြက်ပင်မြက်တောတွေ။ ဘူတာကို ဝန်းရံထားတဲ့ စိန်ပန်းပင်တွေကတော့ နီရဲတဲ့ အပွင့်တွေကို ဆင်လို့။ စိန်ပန်းပွင့်တွေ ဝေနေတာကို တွေ့ရင် "ကျောင်းဖွင့်တော့မယ်"လို့ မေမေ ပြောတတ်တယ်။

စိန်ပန်းပင်တစ်ပင်ရဲ့ အမြစ်ဆုံနားက မြောင်းကူး ပျဉ်ချပ် တံတားလေးကို ဖြတ်ပြီး ဘူတာရုံလေး ရှိတဲ့ဘက်ကို ကျွန်တော် ကူးလိုက်တယ်။ မေမေနဲ့အတူ ရန်ကုန်-မန္တလေး ရထားတို့၊ ရန်ကုန်မှာပဲ မြို့ပတ်ရထားတို့ စီးခဲ့ဖူးတော့ ဘူတာတွေ အများကြီး တွေ့ဖူးပြီးသားပဲ။ ဒါပေမဲ့လည်း ဘော်ကြိုဘူတာကို စတွေ့ရတဲ့နေ့ကတော့ ကျွန်တော့်စိတ်ထဲ ဒီဘူတာလေးလောက် လှတဲ့ ဘူတာမျိုး တစ်ခါမှ မတွေ့ဖူးသလိုပဲ။ ကြည့်ပါဦး၊ တောတန်းရိပ်၊ တောင်တန်းရိပ် ရံထားတဲ့ တောဘူတာရုံကလေး။ နေရာသစ်မို့ စိမ်းတိမ်းတိမ်း ရှိရမယ့်အစား ကျွန်တော် ရွှင်လာတယ်။ မြက်တောထဲက စိန်ပန်းပွင့်ကြွေ ကိုတောင် စိတ်လိုလက်ရ ကုန်းကောက်လိုက်ပါသေးတယ်။ နောက်မှသာ မြက်ခင်းပေါ် ပြန်ချလိုက်တာ။

နီစွေးတဲ့ စိန်ပန်းပွင့်တွေကို မေမေ သိပ်သဘောကျတာ မှတ်မိတယ်။

"အင်မတန် သတ္တိရှိတဲ့ပန်းမျိုး" လို့ ပြောသေးတယ်။ ပန်းဟာ ပန်းပဲ၊ ဘာလို့များ သတ္တိရှိရသလဲ။ ကျွန်တော် စောဒကတက်တော့ မေမေက ပြုံးနေတာပဲ။ "ပန်းတစ်မျိုးချင်းစီမှာ သူ့ဂုဏ်နဲ့သူ ရှိတယ် သားရဲ့၊ စိန်ပန်းကတော့ သတ္တိပေါ့၊ ရဲရင့်တာပေါ့" တဲ့။

ဘူတာရုံလေးထဲ ဝင်ဖို့ ပြင်တော့ ခွေးညိုလေးတစ်ကောင်ကို တန်းပြီး သတိပြုမိတယ်။ အမွေးလေးတွေက လှလှပွပွလေးတွေ။ အညိုခပ်များများ၊ အမြီးပိုင်းမှာရယ်၊ ခြေဖျားလေးတွေမှာရယ် အဖြူရောင်။ နှာရောင်ကလည်း အဖြူရောင်ပဲ။ အညိုများတဲ့ခွေးမို့ ခွေးညိုလေးပဲ ဆိုပါတော့။ ဒီခွေးကလေး ကျွန်တော့်အနား ကပ်လာတာကို ပထမတော့ နည်းနည်းရွံ့သလို ဖြစ်နေမိပြီးမှ ယဉ်ပါးတဲ့ ခွေးပုံစံလေးမို့ စိတ်အေးရတယ်။ ဘောင်းဘီအိတ်ထဲ အသင့် ရှိနေတဲ့ သဇင်ဘီစကွတ် မုန့်အပဲ့လေးတွေ ချကျွေးလိုက်တယ်။ နောက်နေ့လည်း မေမေ မဆူရင် ဘူတာ ထပ်လာမယ်၊ ခွေးကလေးအတွက် မုန့်ယူလာမယ်လို့ ကျွန်တော် တေးထားလိုက်တယ်။

ဘူတာရုံးခန်းလေးထဲမှာတော့ ဦးလေးကြီးနှစ်ယောက်ကို တွေ့ရပါတယ်။ နောင်တော့ ရုံပိုင်၊ လမ်းခွဲကိုင် စတဲ့ အခေါ်အဝေါ်တွေကို လူကြီးတွေ ဆီမှာ နားယဉ်လာရပေမယ့် အဲဒီတုန်းကတော့ ရထားဦးလေးကြီးတွေလို့ပဲ ကျွန်တော် နာမည်ပေးခဲ့တယ်လေ။

"သီပေါ သွားဖို့လား၊ လူကြီးတွေ မပါဘူးလား"

ဖတ်လက်စ စာအုပ်ကို ဘေးချပြီး ဦးလေးကြီးတစ်ယောက်က လှမ်းမေးတော့ "ဟင့်အင်း၊ မသွားပါဘူး"လို့ ကျွန်တော်ငြင်းလိုက်တယ်။ ပြီးမှ-

"ရထား လာကြည့်တာ"

"ဟ ရထား လာကြည့်တာ၊ အဟုတ်ပဲဟ၊ အေးပါ ကြည့် ကြည့်၊ ရထား ခဏနေကျ လာတော့မှာ"

အောက်ခြေမှာ နီညိုညို ဆေးသားခြယ်ထားတဲ့ ဝါနှစ်နှစ်အုတ်တိုင် ကွဲကြားက အသင့်ဖွင့်ထားတဲ့ သံဆန်ခါ တံခါးလေးကို ဖြတ်ပြီး စင်္ကြံလေးပေါ် ကျွန်တော် ထွက်လိုက်တယ်။ အံမယ် ဒီကနေ မြင်ရတဲ့မြင်ကွင်းက ပို့တောင် လှနေသေး။ သံလမ်းကို အတော်ပဲ နီးနီးကပ်ကပ် တွေ့နေရပြီလေ။ သံလမ်းအပိုင်းလေးပေါ့။ တောတန်းလေးတွေနဲ့အနားသတ်ထားသလို ကျွန်တော် ရပ်နေရာက မြင်ရတဲ့ သံလမ်းအပိုင်းအဖြတ်လေးပေါ့။

စင်္ကြံပေါ်ကနေ မြက်ခင်းစပ်ကို ကျွန်တော် ဆင်းလိုက်တယ်။

သည်းကြိုးအဝါတပ် ဆင်ကြယ်ဖိနပ်ဟောင်းလေး စီးထားတဲ့ ကျွန်တော့်ခြေထောက်ဟာ မြက်ခင်းစိမ်းမှာ အိလို့ နစ်လို့။ မိုးရေစက်တွေ တင်နေတော့ အသားနဲ့ မြက်ပင်ဖျားလေးတွေ အထိအတွေ့မှာ အေးခနဲပဲ။

ခဏတော့ ကျွန်တော် ငြိမ်ငြိမ်လေး ရပ်ပြီး ရှေ့ကို ငေးနေတယ်။ အိမ်အနောက်ကနေ မြင်ရတဲ့ တောင်တန်းပြာကို ဒီနေရာကနေလည်း တွေ့နေရတယ်။ ရှေ့ဆုံးက တောင်တန်းအလွှာက အရောင်ခပ်ရင့်ရင့်။ နောက်ဘက်မှာတော့ အရောင်တဖြည်းဖြည်း ဖျော့လို့။ "တောင်တန်းတွေ သိပ်လှတာပဲ" လို့ ပြောရင်း မေမေ ရှုခင်းငေးတိုင်း ကျွန်တော်လည်း လိုက်လို့ ငေးရတယ်။

ကျွန်တော်ကတော့ မေမေ့လို ရှုခင်းအလှကို ငေးတာ မဟုတ်ဘူး။ တောင်တန်းတွေရဲ့ အပေါ်မှာ၊ ဘေးမှာ သစ်ပင်တွေနဲ့တောင် ထိစပ်တော့မလို မြင်နေရတဲ့ တိမ်တွေကို ငေးရင်း စိတ်ကူးနဲ့ အကောင်ဖော်ကြည့်တာပေါ့။ ဟောဟို တိမ်ကလေးက ဝက်ဝံနဲ့ မတူဘူးလားတို့၊ ဟော...ဟိုးနားက တိမ်ကတော့ ခွေးကလေးနဲ့ ပိုတူတာတို့၊ စောစောက ဝက်ဝံနဲ့ တူတဲ့တိမ်က တဖြည်းဖြည်း လွင့်သွားတော့ ငါးတွေ အုပ်စုလိုက် ကူးနေသလို မြင်ရပြန်ပါရောလားတို့။

အဲဒီလို အဲဒီလို တိမ်တွေကို အရုပ်ဖွဲ့လို့ အားရရင် တိမ်တွေရဲ့ အနောက်မှာ ဘာရှိသလဲသိချင်ပြန်တယ်။ ကန့်လန့်ကာ ကာထားသလို တစ်ခုခုကို ကာထားတာပဲ ထင်တယ်။ တောင်တန်းတွေကို ငေးမိရင်လည်း အဲဒီတောင်တန်းတွေရဲ့ နောက်ဘက်မှာ ဘာရှိသလဲ သိချင်ပြန်တယ်။ "ရွာတွေ ရှိမှာပေါ့" လို့ မေမေ ပြောတော့ အဲဒီရွာတွေဆီ သိပ်သွားချင်တာပဲ။ တောင်တွေကလည်း ခု သွားရင် ခု ရောက်တော့မလို မြင်နေရတာကိုး။

ခုပဲ ကြည့်ပါလား။ သံလမ်းလေးကိုကျော်၊ ဟောဟိုဘက်က တောတန်းလေးကို ကျော်လိုက်ရင် တောင်တန်းတွေဆီ ရောက်တော့မလိုပဲ။ ကျွန်တော် တကယ်ပဲ ပြေးသွားချင်တော့တယ်။ အဲဒီတုန်းကတော့ စူးစမ်းချင်စိတ်သက် သက်ပါပဲ။ မြန်မာပြည်ရဲ့ ဘယ်အရပ်က တောင်တန်းတွေကိုပဲ တွေ့ရပါစေ၊ တစ်စုံတစ်ယောက်ကို နင့်နင့်သီးသီး အပြေးကလေး လွမ်းမိလိမ့်မယ် ဆိုတာ မသိတတ်ခင်ကာလများပေါ့။

တောင်တန်းတွေ၊ တိမ်တွေ၊ တောတန်းကလေး၊ သံလမ်းပိုင်း စတဲ့ စတဲ့ မြင်ကွင်းကို ငေးလို့ အားရတော့မှ ဘူတာရုံဘက် ကျွန်တော် ဝေ့ကြည့်လိုက်တယ်။ ကျွန်တော် ဖြတ်လာတဲ့ စကြံတစ်လျှောက် ဟိုဘက်ထောင့် နားမှာ လူတချို့ ရထားစောင့်နေပုံကို တွေ့ရတယ်။

တောင်းပလုံးတွေ ရှေ့ချပြီး ထိုင်နေတဲ့ အမျိုးသမီးတွေဆီက ကျွန်တော် နားမလည်တဲ့ စကားသံတွေ။ ရှမ်းစကားလည်း ဖြစ်နိုင်သလို ပလောင်စကားလည်း ဖြစ်နိုင်ပါတယ်။ ဒီဒေသမှာ ရှမ်းအများစု နေထိုင်သလို ဗမာလူမျိုးတွေလည်း တော်တော်များများ ရှိ၊ ပလောင်နဲ့ တခြားလူမျိုးတွေလည်း ရှိတယ်လို့ ဆရာမကြီးက ပြောပြတယ်။ ကျွန်တော့်အတွက်တော့ လူမျိုးတွေ ဘာတွေ ပြောလည်း သေချာ နားလည်သေးတာ မဟုတ်ဘူး။ စကားပြောတာ မတူဘူးလို့ပဲ ရိုးရိုးမှတ်လိုက်တာ။

သူတို့တွေ ရထားစောင့်ပြီးတော့ ဘယ်သွားကြမှာလဲ။ တစ်ဘူတာပဲ ဝေးတယ်ဆိုတဲ့ သီပေါကိုလား၊ ဒါမှမဟုတ် ခရီးဆုံးမြို့ဆိုတဲ့ လားရှိုးကိုလား၊ အဲဒီမြို့ မရောက်ခင် ကြားဘူတာတွေကိုလား။ သူတို့တွေလိုပဲ ရထားပေါ် တက်လိုက်သွားရင် ကျွန်တော် မရောက်ဖူးသေးတဲ့ သီပေါ ရောက်မှာပေါ့။ ဆရာမကြီးကတော့ သီပေါမှာ စာအုပ်အငှားဆိုင်တွေ ရှိတယ်ဆိုတာပဲ။ စာအုပ်တွေ ငှားလို့ရတာပေါ့။ ဒါပေမဲ့ သီပေါကနေ ဘော်ကြိုကို ကျွန်တော် ဘယ်လို ပြန်လာမလဲ။ အင်းလေ…နောက်တော့မှ မေမေနဲ့ အတူသွားတာပေါ့။

တောင်ငေးမြောက်ငေး ငေးနေတဲ့ ကျွန်တော်ဟာ ခြေထောက်မှာ စိုစိစိအရာတစ်ခု ရုတ်တရက် ကပ်လာတော့ လန့်သွားတယ်။ ထိတ်ထိတ်ပျာပျာ ငုံ့ကြည့်တော့ ခွေးညိုလေးရယ်။

“မင်းကွာ“

လက်စသတ်တော့ သူ့လျှာကလေးနဲ့ ကျွန်တော့်ခြေထောက်ကို လျက်နေတာကိုး။ ခေါင်းကို လက်နဲ့ သပ်ပေးတော့ အမြီးလေးနန့်လို့။ မသိရင် သူ့သခင်လိုလို ဘာလိုလို။ မုန့်ကျွေးဖူးတော့ ရင်းနှီးတယ် လာလုပ်ပြတာဖြစ်မှာ။ ခွေးလည်လေး။

“ဒီကောင်က ဘူတာခွေးလေ”

အသံကြောင့် ကျွန်တော် နောက်ဘက် ဆတ်ခနဲ လှည့်ကြည့်လိုက်တယ်။

ကျွန်တော့်နောက်ကျောက စကြံအစပ် မြက်ခင်းလေးမှာ မိန်းကလေး တစ်ယောက် မတ်မတ်ရပ်နေတယ်။ လက်ပိုက်ထားပြီး ကျွန်တော်တို့ရှိရာကို ကြည့်နေတယ်။ သူ့မျက်လုံးက ကျွန်တော့်ဆီမှာ မဟုတ်၊ ခွေးညိုလေးဆီမှာ။ မိန်းကလေးလို့ပဲ ခပ်လွယ်လွယ် ပြောလိုက်ပေမယ့် သူဟာ ကျွန်တော့်ထက် အသက်နည်းနည်း ကြီးမယ့်သူဆိုတာ တွေ့တာနဲ့ တန်းသိပါတယ်။ အရပ်ရှည်ရှည်၊ ပိန်ပိန်ပါးပါး၊ ဆံပင်က ပခုံးကျော်ကျော်။ သူ့အသားရေဟာ

ဒီအရပ်သူတွေမှာ တွေ့ရသလို ဝင်းဝင်းစိုစို။ ခွေးကလေးကို အပြုံးနဲ့ လှမ်းကြည့်နေတဲ့ မျက်နှာကို ကျွန်တော် အကဲခတ်နေတယ်။

ကျက်သရေရှိရှိ လှပတဲ့မိခင်က မွေးခဲ့လို့ (ကိုယ်တိုင် သာမန်ရုပ်ရည် ပေမယ့်) အလှကို မြင်နေကျမို့ ထင်ပါရဲ့။ ကျွန်တော်ဟာ လှသူ၊ ကြည့်ကောင်းသူတွေ တွေ့ရင် စိတ်က အလိုလို အသိအမှတ်ပြုမိတယ်။ အဲဒီတုန်းကလည်း တွေ့စမှာတင် "ဒီအစ်မ လှလိုက်တာ" လို့ စိတ်ထဲ တန်းပြီး မှတ်ချက်ပြုတယ်။ အထူးသဖြင့် မျက်လုံးလေး။ ပြုံးရိပ်ဝေမနေတဲ့ မျက်လုံးတွေဟာ မှိုင်းညို့ညို့နဲ့ တစ်မျိုး လှနေတယ်။

အဝတ်အစား ဝတ်ပုံကတော့ ခပ်ရိုးရိုးပဲ။ ရန်ကုန်က ကျွန်တော့်အစ်မ ဝမ်းကွဲတွေလို လက်ဖောင်းတွေ၊ အတွန့်အဖတ်တွေနဲ့ အင်္ကျီမျိုး ဝတ်မထားဘူး။ ကျွန်တော်တို့ ဝတ်သလိုပဲ ရှပ်အင်္ကျီအကွက်စိပ်စိပ် လက်တိုနဲ့၊ လုံချည်ဖြောင်နဲ့။ သူ့အနားမှာတော့ ဟိုနားက အမျိုးသမီးတွေလို အိတ်တွေ၊ တောင်းတွေ မတွေ့ရဘူး။ ခရီးသွားမယ့်သူ မဟုတ်ဘူးလား။

"သူ့နာမည်က ဘရောင်းတဲ့"

"ဘရောင်း..."

"ဟုတ်တယ်၊ ဘရောင်းတဲ့၊ အဲဒီနာမည် မမ ပေးထားတာ"

မမတဲ့။ တွေ့တွေ့ချင်း သူ့ကိုယ်သူ သုံးနှုန်းလိုက်တဲ့ အသုံးအနှုန်းကို စိတ်ထဲကနေ တိုးတိုးလေး ထပ်ခေါ်ကြည့်မိတယ်။ မမ...မမတဲ့။

မေမေဟာ သားတစ်ယောက်တည်းပဲ မွေးခဲ့တော့ ကျွန်တော့်ဘဝ တစ်လျှောက်လုံး အစ်ကို၊ အစ်မ သိပ်လိုချင်ခဲ့တယ်။ တစ်ဝမ်းကွဲတွေရှိပေမယ့် မတူဘူး မှတ်တာပဲ။ ဝမ်းကွဲတွေအချင်းချင်း စိတ်အခန့်မသင့်ဖြစ်ရင်၊ ကျွန်တော့်ကို တစ်ခုခု ရန်လုပ်ရင် စိတ်ထဲကနေ "ငါ့အစ်ကို၊ အစ်မသာ ရှိရင် ဒါမျိုး လုပ်မှာမဟုတ်ဘူး" လို့ တွေးမိရော။ အတန်းထဲမှာ ကျွန်တော်က ပြဋ္ဌာန်းစာအုပ်တွေ အစုံအလင် မရှိသေးတဲ့အချိန်မှာ သူငယ်ချင်းတွေက သူတို့အစ်ကို၊ အစ်မရဲ့ စာအုပ်အကျတွေ အဆင်သင့် ရှိနေရင် သိပ်အားကျတယ်။ သူတို့တွေ တစ်ယောက်ယောက်နဲ့ ရန်ဖြစ်ရင် အဲဒီ အစ်ကို၊ အစ်မတွေကို အားကိုးနိုင်တာ၊ ပြေးတိုင်နိုင်တာ သိပ်သဘောကျတယ်။ ညီ၊ ညီမလို အငယ်ကျတော့ မလိုချင်ပြန်ဘူး။ ကိုယ့်ကို ဂရုစိုက်မယ့်သူပဲ ကျွန်တော် လိုချင်ခဲ့တယ် ထင်ပါတယ်။

မမလို့ သူ့ကိုယ်သူ သုံးနှုန်းလိုက်တဲ့ မိန်းကလေးက ဘရောင်းကို

ပြုးပြုံးလေး ကြည့်ရင်း ခွေးတွေကို ခေါ်ရင် လုပ်တဲ့အသံတစ်မျိုး လုပ်လိုက်တယ်။ ဘရောင်းဟာ တန်းပြီး ပြေးကပ်တာပဲ။ စောစောကလိုပဲ အမြီးလေး တနှန့်နှန့်နဲ့။ မိန်းကလေးက လက်ဖျောက် တီးလိုက်တော့ အဲဒီလက်ကို ဖမ်းမိတော့မလို ပတတ်ရပ်လိုက်သေး။ အံမယ်...အခွဲလေး။

"သူ့ကို စတွေ့တော့ ဒီဘူတာမှာပဲ၊ ဘယ်က ရောက်လာမှန်းလည်း မသိပါဘူး၊ ဒီလိုပဲ နေနေတော့တာပဲ၊ အားလုံးက ဝိုင်းကျွေး၊ ဝိုင်းချစ်နဲ့ ဒီကောင် ကံတော့ သိပ်ကောင်းတာ၊ နော်...နော် ဘရောင်း"

"သူ့ကို အိမ်ခေါ်မသွားဘူးလား"

မမလို့ ခေါ်ဖို့ရာ ကျွန်တော့်ပါးစပ်က မထွက်တတ်သေးတာနဲ့ပဲ စကားအဆုံးသတ်ကို ဒီအတိုင်း ရပ်ထားလိုက်တယ်။

"ခေါ်လို့ မရဘူးတော့်၊ ဘူတာမှာပဲ ပျော်တယ် ထင်တာပဲ၊ ဦးရဲကလည်း သူ့ကို တအားဂရုစိုက်တာကိုး"

"ဦးရဲ..."

"ဘူတာက ဦးလေးကြီးလေ၊ ဟော...ဟော ဟိုမှာ ပြောရင်းဆိုရင်း ရထား လာတော့မယ် ထင်တယ်၊ ဦးရဲ သွားနေပြီ"

ဘူတာကို ရောက်စတုန်းက တွေ့ခဲ့တဲ့ ရထားဦးလေးကြီး နှစ်ယောက်ထဲက တစ်ယောက်ဟာ ကျွန်တော်တို့နားက ဖြတ်ပြီး သံလမ်းအစပ် မြက်ခင်းပေါ်ကနေ လျှောက်သွားနေတယ်။ သူ့လက်မှာ ပိတ်စိမ်းစပါတဲ့ တုတ်တံလိုဟာလေး ကိုင်လို့။ မြက်ခင်းပေါ်ကနေ ကျွန်တော် ခြေလှမ်းနည်းနည်း ရှေ့တိုးကြည့်တော့ ဦးလေးကြီး အတော်ဝေးဝေးအထိ လျှောက်နေတာ တွေ့လိုက်ရတယ်။ ရထားဥသြသံက တဖြည်းဖြည်း နီးလာပြီ။ ရထားကိုတော့ မမြင်ရသေးဘူး။

တောတန်းကလေးထဲ ပျောက်သွားတော့မလို တိုးဝင်သွားတဲ့ သံလမ်းကို ငေးကြည့်ရင်း ဒီသံလမ်းအဆုံးဟာ ဘယ်ရောက်သွားတာပါလိမ့် ကျွန်တော် တွေးနေတယ်။ ဟောဟိုဘက်က သံလမ်းဆိုရင်တော့ မေမေတို့ ခု သွားနေတဲ့ သီပေါဆိုတဲ့ မြို့ဆီ ရောက်မှာပေ့ါ။ ဒါတောင် သံလမ်း မဆုံးသေးဘူးဆိုတာပဲ။ သံလမ်းမှာ အဆုံးရှိသလား။ တစ်နေ့နေ့တော့ သံလမ်းတွေပေါ်ကနေ အစ အဆုံး လမ်းလျှောက်ဖူးချင်လိုက်တာ။

သံလမ်း ဟိုဘက် တောလမ်းကလေးက ကျွဲခလောက်သံ ကြားတော့

ကျွန်တော် လှမ်းကြည့်မိတယ်။ ကျွဲနှစ်ကောင်ရယ်၊ ဝါးခမောက် ဆောင်းထားတဲ့ ဦးလေးကြီးတစ်ယောက်၊ အဒေါ်ကြီးတစ်ယောက်ရယ်။ တစ်ခါမှလည်း မစီးဖူးတဲ့ ကျွဲကို စီးကြည့်ချင်စိတ်တောင် ပေါ်လာတယ်။ ကောင်းဘွိုင်ရုပ်ရှင်တွေ ထဲက မင်းသားတွေ မြင်းစီးသလို ကြည့်ကောင်းမှာတော့ မဟုတ်ဘူး ထင်တယ်။ ဒါပေမဲ့လည်း ကျွဲစီးရတာလည်း ဇိမ်ရှိမှာပါ။ ကျွဲတွေရဲ့ ခန္ဓာမှာတော့ ရွှံ့အလိမ်းလိမ်း။ ခုပဲ အိုင်ထဲက ထလာတာလည်း ဖြစ်ရင်ဖြစ်မှာပေါ့။

“ရထား လာတော့မှာနော်၊ တအား ကပ်မသွားနဲ့”

“မမ”ဆိုတဲ့ မိန်းကလေးက ပြောတော့ ကျွန်တော် ခေါင်းညိတ်လိုက်တယ်။ သူနဲ့ ကျွန်တော် ခုတော့ ဘေးချင်းယှဉ်လျက် ရပ်နေကြတာပေါ့ ။ ကျွန်တော်တို့လိုပဲ သံလမ်းတစ်ဝိုက်မှာ ရထားစောင့်သူတွေ လှုပ်လှုပ်ရွရွ ရှိနေကြပြီ။

“မင်းက သီပေါ သွားမလို့လား”

“ဟင့်အင်း”

“ဒါဖြင့်...”

“ရထား လာကြည့်တာ၊ အိမ်မှာ နေရတာ ပျင်းလာလို့”

“အလို...ရထားကြည့်တော့ အပျင်းပြေရောလား”

“ကျွန်တော်က ရထားတွေ မြင်ရင် တအားပျော်တယ်”

“ခရီးဝေးရော စီးဖူးလား”

“စီးဖူးတယ်၊ ရန်ကုန်ကနေ မန္တလေးအထိလေ၊ ပြီးတော့ ရန်ကုန်မှာ မြို့ပတ်ရထားလည်း မေမေနဲ့ စီးနေကျ”

“ရန်ကုန်ကပေါ့”

“ဟုတ်ကဲ့၊ ရန်ကုန်က”

“အခု ဘော်ကြို နေတာပေါ့”

“ဟုတ်ကဲ့၊ မေမေ ဘော်ကြိုကျောင်းကို ပြောင်းလို့ လိုက်လာတာ”

"ဒီမှာ ပျင်းတယ်လို့ စောစောက ပြောသွားသလားလို့၊ ကြာကြာ နေရင် ပျော်သွားမှာ ကြည့်နေ"

"စာအုပ်ဆိုင် ရှိရင်တော့ ပျော်မှာပေါ့ အစ်မကလည်း..."

"မမ" ခေါ်ဖို့ရာ နှုတ်မသွက်တော့ "အစ်မ"လို့ ထွက်သွားလေရဲ့။ "အစ်မ" ခေါ်လို့ ပြုံးတယ်လို့ ကျွန်တော် ထင်လိုက်တယ်။ နောင် အတော် ခင်မင်ကြတော့မှ စာအုပ်ဆိုင်အကြောင်း ပြောလို့ သဘောတကျ ပြုံးမိတယ် ဆိုတာ မမနွေက ပြန်ပြောပြတယ်။

"စာအုပ်ဆိုင်ကတော့ ဒီမှာ ဘယ်ရှိမလဲ၊ သီပေါရောက်မှ ရှိမှာ၊ ဒါပေမဲ့ မင်း ဖတ်ချင်ရင်တော့ မမတို့အိမ်မှာ စာအုပ်တွေ ရှိတယ်၊ လာငှားလေ၊ ဘာတွေ ကြိုက်တတ်သလဲ လာကြည့်ပေါ့"

"တကယ်ငှားပေးမှာလား"

"အင်းပေါ့၊ ပြန်တော့ ပေးပေါ့"

အခုမှ တွေ့ဖူးတဲ့သူတွေနဲ့ မတူဘဲ ရထားလာမယ့်ဘက် အတူမျှော်ကြည့်၊ အပြန်အလှန် စကားပြောရင်းကနေ အဲဒီမမကို ကျွန်တော် တိတ်တဆိတ် အကဲခတ်နေတယ်။ ကျွန်တော့်ထက် အသက် ဘယ်လောက်ကြီးမလဲ၊ အတန်း ဘယ်လောက်ကြီးမလဲ စဉ်းစားနေတယ်။ နှစ်တန်းလောက်တော့ ကွာမယ် ထင်တာပဲ။ ဒီ့ထက်လည်း ပိုရင်ပိုမှာပေါ့။ ခုနစ်တန်း၊ ရှစ်တန်းဆိုရင်တော့ ဒီဘော်ကြို အလယ်တန်းကျောင်းမှာ တက်မှာပေါ့။ ကျောင်းမဖွင့်ခင် သူငယ်ချင်းရပြီလို့ ဝမ်းသာရအောင်ကလည်း အတန်းချင်း ကွာမယ့်သူ ဖြစ်နေပြန်ရော၊ မခက်ဘူးလား။

ဝေးဝေးမှာတော့ ရထားဦးလေးကြီးဟာ အဝတ်စိမ်းစကို ဘယ်ညာ မနားတမ်း ဝှေ့ယမ်းပြနေတယ်။ ကျွန်တော် ငေးကြည့်နေတုန်းမှာပဲ တွဲခေါင်း နီနီလေးနဲ့ ရထား စပေါ်လာတယ်။ ဘေးနားမှာသာ အဲဒီမမ မရှိရင်၊ ဟောဟို နားမှာသာ ရထားပေါ်တက်ဖို့ ပြင်တဲ့သူတွေ ရှိမနေရင် "ဟေး" လို့တောင် ကျွန်တော် အော်မိမယ် ထင်တာပဲ။

ရထားမြင်ရတော့ ဘာလို့မှန်းမသိ ကျွန်တော် ပျော်နေတယ်။ စတွေ့တုန်းကတည်းက လှတယ်ထင်ပြီးသား ဘူတာရုံကလေးဟာ တဂျုံးဂျုံး တဂျက်ဂျက် မောင်းဝင်လာတဲ့ ရထားပါလာတော့ ပိုလို့တောင် လှသွားသေး။ ရထားအရှိန် တဖြည်းဖြည်း လျှော့တယ်။ နောက်တော့ တံ့ရပ်လိုက်တယ်။ ရထားဟာ ခရီးဝေးက ပြေးလာလို့ မောပန်းတကြီး ဖြစ်နေသူနဲ့ သိပ်တူပါတယ်။

ရထားပေါ်က ဆင်းတဲ့သူက တစ်ယောက်ပဲ။ တွဲပေါ် လှမ်းတက်တာကတော့ ကျွန်တော်တို့ ရှေ့မှာ ရထားစောင့်နေတဲ့ အမျိုးသမီးတွေပေ့ါ။ တောင်းပလုံးတွေကို အချင်းချင်း တွဲကူ၊ သယ်ကူနဲ့ အချိန်တိုအတွင်း ရထားပေါ် ရောက်သွားကြတယ်။ ရထားပေါ်က ခရီးသည်တွေကတော့ ပြတင်းဝကနေ ဘူတာဘက် ငေးတဲ့သူငေး၊ အိပ်ငိုက်တဲ့သူကလည်း ငိုက်လို့။

ကျွန်တော့်လိုပေ့ါ။ ကျွန်တော်လည်း ခရီးဝေး သွားရင် အိပ်ငိုက်ပြီး လိုက်လာတာချည်းပဲ။ အစားလေးများ စားရအောင် မေမေနှိုးရင်တော့ ထစားပေ့ါ၊ ပြီးတော့လည်း ပြန်ခွေပေ့ါ။ ရထားကလည်း ပုခက်လွှဲသလို ဟိုဒီယိမ်းနေတာ မဟုတ်လား။ ငယ်ငယ်တုန်းက ထုပ်တန်းမှာ ကြိုးပုခက်ဆင်လို့ အိပ်ခဲ့ရဖူးတာတောင် အသေးစိတ် မမှတ်မိပါဘဲ သိနေသလိုလို ထင်လာမိတာ ရထားပေါ် ရောက်တိုင်းပါပဲ။ ဒီရထားကိုလည်း သီပေါအထိ၊ ဒါမှမဟုတ် လားရှိုးကို လိုက်သွားချင်လိုက်တာလို့ အတွေးပေါ်တော့ မေမေနဲ့မှ အတူသွားမယ်လို့ တေးရပြန်တယ်။ အဲဒီအခါကျရင် ကျွန်တော်တို့ကို တင်သွားတဲ့ ရထားဟာ အခုလိုပဲ တောတန်းလေးတွေ ကြားမှာ တိုးဝင်လိုက်၊ ပြန်ထွက်လိုက်၊ တိမ်တွေနဲ့အတူ ပြေးလိုက် ရှိနေမှာပေ့ါ။ ရထားပြတင်းကနေ လေတဟူးဟူး တိုးဝှေ့တာကို မျက်လုံးမှိတ်လို့ ခံယူနိုင်မှာပေ့ါ။ ပြီးတော့ တောပန်းချုံပင်က အရွက်လေးတွေကိုရော လက်နဲ့ တို့ထိနိုင်လေမလား။ မိုးရာသီဆိုရင် ရေစက်ကလေး တွေတောင် အရွက်ဖျားကနေ လက်ဆီကို ကူးလာမှာပဲ၊ ခပ်ကြာကြာ တို့ထိမိရင် အေးစိမ့်နေမှာပဲ ထင်တယ်။

ရထားဥသြသံ တူခနဲ ကြားတော့မှ ကျွန်တော် ဘေးဘက်ကို ကပျာကယာ လှည့်ကြည့်မိတယ်။ ဟော...ကျွန်တော့်လိုပဲ သူလည်း မတ်တတ် ရပ်မြဲ ရပ်လို့ပါရော။

“ဟိုဟာလေ...ဟို...ရထားနဲ့ လိုက်မသွားဘူးလား”

“မလိုက်ဘူးလေ”

“ဩော်...” လို့ ကျွန်တော် ရေရွတ်လိုက်တယ်။

မျက်လုံးအစုံကတော့ ဘော်ကြိုဘူတာဆိုတဲ့ ဆိုင်းဘုတ်ကို တရိပ်ရိပ်ဖြတ်နေတဲ့ ရထားနောက်မှာ ကောက်ကောက်ပါလို့။ သံလမ်းနဲ့ ရထားဘီး ကြိတ်သံ ဘူတာလေးဆီကနေ တဖြည်းဖြည်း တိုးသဲ့ဝေးကွာတော့မှ ကျွန်တော် သံလမ်းနားကို တိုးကပ်လာတယ်။ ရထားနောက်မြီးလေးတောင်

မမြင်ရတော့ဘူး။ တောတန်းကလေးထဲကို ဝင်သွားခဲ့ပြီပေါ့၊ သံလမ်းတွေပေါ်ကနေ နောက် တစ်ဘူတာဆီ ပြေးနေပြီပေါ့။ နောက်တစ်ရက် မနက်ကျရင် ဒီသံလမ်းတွေကနေပဲ ရထားတစ်စင်း ဒီဘူတာဆီ ရောက်လာဦးမယ်ဆိုတာ ရထားဥသြသံ ကြားနေကျမို့ ကျွန်တော် သိနေတယ်။

"ဟော့… မပြန်သေးဘူးလား နွေအိမ်"

"ခုပဲ ပြန်မှာ"

နွေအိမ် …တဲ့။

နောက်ကျောပေးထားပေမယ့် အသံကို ကျက်မိနေပြီမို့ (ဘူတာမှာလည်း ဒီလူဒီလူတွေပဲ ကျန်ခဲ့တာမို့) "နွေအိမ်" ဆိုတာ ဘယ်သူ့နာမည်မှန်း ကျွန်တော် တန်းသိလိုက်တယ်။ နွေအိမ်၊ နွေအိမ်…တဲ့။ ခေါ်လို့ ကောင်းသား ပဲ။ လူနာမည်မှာ "အိမ်" ဆိုတာလေး ထည့်မှည့်တာ ရန်ကုန်က ဝမ်းကွဲအစ်ကို တစ်ယောက် သိပ်ကြိုက်တဲ့ အဆိုတော်နာမည်မှာ ကတည်းက သဘောကျရတာ။ ဘာတဲ့…ထူးအိမ်သင်တဲ့။ မလှဘူးလား။ အစ်ကိုက သူ့သီချင်းတွေ ဆိုပြတတ်တော့ ကျွန်တော်ပါ အလွတ်ရနေတဲ့ သီချင်းလေးတွေတောင် ရှိသေး။

"ဟိတ်…မပြန်သေးဘူးလား"

နာမည်မတပ်ပေမဲ့ အဲဒါ ကျွန်တော့်ကို ပြောတာပဲလို့ အဲဒီတုန်းက ဘာကြောင့် သိသွားမှန်း ကျွန်တော် မပြောတတ်ဘူး။ မေးလိုက်သံ ကြားကြားချင်း နောက်ကို ချာခနဲ လှည့်ပြီး "အခုပြန်တော့မယ်လေ" လို့ ဖြေလိုက်ပေမယ့် တကယ်တမ်းကျတော့ မြက်ပင်ဖျားလေးကို ခြေနဲ့ ထိခတ်ရင်း သံလမ်းပေါ် ကျွန်တော် လှမ်းတက်လိုက်တယ်။ ဇလီဖားတုံးပေါ် ရပ်လိုက်တယ်။ နောက်တော့ ခြေတစ်လှမ်း၊ နှစ်လှမ်း။ ကျွန်တော့်မျက်နှာမူရာဟာ သီပေါကို သွားတဲ့ဘက်ပဲ။ ဘယ်ဘက်ခြမ်းကို လှည့်လိုက်တော့ တောင်တန်းပြာကို တွေ့ရတယ်။ တိမ်ဖြူစတွေ လွင့်လို့။

တစ်နေ့တော့ ချစ်ခင်ရသူတွေနဲ့ ဒီဘူတာလေးမှာပဲ ခွဲရတဲ့အခါ အဲဒီ တောင်တန်းတွေဘက် ငေးရင်း ရင်ဆို့တာမျိုး ကြုံရဦးမယ်လို့ ကျွန်တော် မသိတတ်သေးဘူး။ တိမ်တွေကို တွေ့တော့လည်း ပျော်တယ်။ တိမ်တွေနဲ့ထိစပ် နေသလို မြင်ရတဲ့တောင်လွှာတွေကို တွေ့တော့လည်း ပျော်တယ်။ "မနက်ဖြန် ရထားလာကြည့်မယ်ဆိုရင် အပြန်ကျ စာအုပ်ငှားချင်ရင် ငှားသွားနော် သိလား" လို့ ပြောလာတော့လည်း ကျွန်တော် ပျော်နေခဲ့ပါတယ်။

❀

ဘူတာရုံကို ကျောခိုင်းလျက် တောင်တန်းများဆီ ငေးရီရီ ပြုနေသော ကောင်လေးကို သူ တစ်ချက်မျှ လှမ်းကြည့်လိုက်သည်။ တိုးတိတ်သွားသော စကားသံများ၏ နောက်ဆက်တွဲအဖြစ် ထွက်ကျလာခဲ့သည့် သက်ပြင်းချသံ ခပ်မှျဉ်းမှျဉ်းမှာလည်း ကောင်လေး၏ အနီးဝန်းကျင်က လေပြည်တွင် ဆော့ကစားနေသည့်ပမာ။ မိုးပြာနုရောင် ရုပ်အင်္ကျီမှာ လေတိုး၍ လှုပ်လှုပ်အိအိ။

မိုးလေမှာ အေးမြစိမ့်လျက်။ ကောင်းကင်သည် မှိုင်းလျက်။ ဘော်ကြိုဘက် ထွက်လာချိန် လမ်းတစ်လျှောက် မိုးနှင့် တည့်တည့်တိုးမည်ကို စိုးထိတ်ခဲ့သော်လည်း ခုထိတော့ မိုးရိပ်ဝေသော ကောင်းကင်မှာ ပြိုကျမည့်အလားအလာ မမြင်ရသေးချေ။

လေရနံ့ကို မွတ်မွတ်သိပ်သိပ် ရှူရှိုက်ကာ၊ ကောင်လေးထံက အကြည့်လွှဲကာ သူ ပြုံးမိသည်။ တစ်ရက်၊ နှစ်ရက်အတွင်းမှာပင် စတင်ဆုံစည်းရသော ကောင်လေးတစ်ယောက်နှင့် ခရီးတိုများစွာ အတူရှိဖို့ ဖန်လာခဲ့ပုံမှာ မျက်ခုံးပင့် ပြုံးချင်စရာ။

မျက်မြင် ရှေ့တူရူက တောင်တန်းကြီးများဆီ မှုန်မှုန် ငေးပြန်သော်လည်း စင်စစ်တော့ သူသည် တိမ်မျှင်ငွေ့များ ဝန်းပတ်ရာ တောင်တန်းတို့ကို မတွေ့။ အမေ့မျက်နှာကိုသာ မြင်သည်။ ဘဝမှာ သွေးသားရင်းချာရယ်လို့ ကျောချင်းကပ်စရာ ရှားရှားပါးပါး ကျန်ရစ်သော၊ စိတ်လက်ချမ်းသာရာ အလုပ်တစ်ခုခု လုပ်နေချိန်၊ လုပ်ပြီးချိန်တိုင်း ကြည်ကြည်စင်စင် ပြုံးနေတတ်သော အမေ့ကို မြင်လေသည်။

အခြားသူများတော့မသိ။ သူ့မှာတော့ မိခင်ကို စိတ်ချမ်းသာအောင် ထားရတာ အပြောလွယ်သလောက် အတော်ခက်သော အလုပ် ဖြစ်လေသည်။ အကယ်၍များ သူ့လိုပဲ မှတ်ကျောက် အတင်ခံရလောက်အောင် သဘောမနော မပြည့်လှသူ၊ ကိုယ် သက်သာရ ပြီးရော၊ စိတ်မရှုပ်ရ ပြီးရော တော်ရာတွင် ခပ်အေးအေး ရှောင်ဖယ်ဖယ် နေလိုသူမှာများ တစ်ပါးသူအပေါ် အကူအညီ ပေးရတာ အင်မတန် ခုံမင်သော၊ တစ်ယောက်တည်းနှင့် မပြီး တစ်နွယ်ငင် တစ်စင်ပါ အိမ်ရှိ လူကုန် မနေနိုင် ဝိုင်းကြဝန်းကြ ဖြစ်ရတတ်သော အမိအဖမျိုး ရှိနေလျှင်တော့ သူ့ကို ကိုယ်ချင်းစာနိုင်လိမ့်မည်။

ခုလည်း သူသည် အမေထွင်သော တစ်ဇာတ်မှာ ဝင်ကနေရပြီ။

ကိုယ်ပိုင်အစီအစဉ် ဖန်တီးကာ သီပေါဆီ ရောက်လာခဲ့သူ၊ တစ်ချိန်

တစ်ခါက ကျောင်းပိတ်ရက် အပတ်စဉ် စာအုပ်များ ငှားဖတ်ခဲ့ရာက စာအုပ်ဆိုင်ရှင်နှင့် ငှားသူအကြား နှောင်မြဲနှောင်တတ်သော ကြိုးနှင့် ချည်နှောင်ခဲ့ဖူးသူ ဝေးတစ်မြေက သူစိမ်းဧည့်သည်လေးကို သည်အတိုင်း မလွှတ်လိုက်ချင်ပြီတဲ့။

နဂိုမူလ ကောင်လေး၏ စိတ်ကူးမှာ တောင်ပေါ်ရွာက ကျောင်းနေဖက် ငယ်သူငယ်ချင်းမင်္ဂလာပွဲ တက်ရောက်ရန်။ နောက်တော့လည်း မင်္ဂလာပွဲ မတိုင်ခင် သီပေါဆီ အရောက်လာဖို့၊ နေရာဟောင်းများထံ အလွမ်းပြေ သွားလာဖို့ စိတ်ကူးများ ထပ်တိုးပေါင်းကာ ကြိုတင်လာခဲ့ပါသတဲ့။ အလုပ် လုပ်ကိုင်ရာ တစ်ဖက်နိုင်ငံဆီက သူငယ်ချင်း ပြန်ရောက်မလာခင် အခိုက်အတန့်မှာ အချိန်လည်း ရနေသမို့ "မနက်ဖြန် အရင်ဦးဆုံး ဘယ်သွားချင်သလဲ" အမေ မေးတော့ "ဘော်ကြိုဘူတာ" ဟု ကောင်လေးက ဖြေခဲ့လေသည်။

ဟော...ခုတော့ သူသည် အိမ်ရှင်ကောင်း ပီသချင်သော အမေ့ဆန္ဒ ပြည့်ရန်အလို့ငှာ ကောင်လေးကို ဆိုင်ကယ်ထက် တင်လျက် ဘော်ကြိုဘူတာဆီ ရောက်ခဲ့ရပြီ။ တောင်တန်းငေးသူက ဆိတ်ငြိမ်ငေးတော့ သည်ရထားလမ်းထက် အခါခါ ခရီးသွားဖူးသူမှာ အသစ်အဆန်းတစ်ခု လုပ်ရသလို ငေးမိ ငေးရာ ငေးနေရပြီ။ ပထမတော့ အမှတ်မဲ့။ နောက်တော့ စိတ်ပါလက်ပါ။

လှပခမ်းနားသည်နှင့်အမျှ ကဗျာဆန်သော တောတောင်မြင်ကွင်း၊ လွမ်းစရာ့ဘူတာငယ်မြင်ကွင်းသည် စာအုပ်တစ်အုပ်ထဲက စာမျက်နှာများ သဖွယ် သူ့စိတ်ကို ညှို့ငင်စပြုသည်။ သည်ဝန်းကျင်သည် စာမျက်နှာများဟု ဆိုပါစို့။ စာမျက်နှာများထက် ရေးရေးရိပ်ရိပ် ထင်သော ဇာတ်ဆောင်များလည်း ရှိပါလိမ့်ဦးမည်။

သည်လိုဆိုရင်ဖြင့် ရှေ့က ကောင်လေးသည်လည်း ဇာတ်ဆောင်၊ ပစ္စုပ္ပန်မှာ ဘယ်အရပ် ရှိနေမှန်း မသိပေမဲ့ အတိတ်တစ်ချိန်က သည်မြေမှာ ကျင်လည်ကြီးပြင်းခဲ့သော မိန်းကလေးသည်လည်း ဇာတ်ဆောင်ပဲပေါ့။

"နွေအိမ်..."

တစ်ယောက်တည်း ကြားသာရုံ သည်အမည်ကို ရေရွတ်တော့ နုနယ်သော မျက်နှာတစ်ခုကို သူ အပြေးမြင်လေသည်။

* * *

နွေအိမ့်ကို ဘယ်တုန်းက စတွေ့ဖူးပါလိမ့် ပြန်စဉ်းစားတော့ ဆယ်တန်း

အောင်မြင်ပြီးနောက် တက္ကသိုလ်ပညာရေး တစ်ပိုင်းတစ်စနှင့် ရပ်ထားရချိန် တစ်ခုသော နွေရာသီကို သူ ပြန်လည် အောက်မေ့မိသည်။

ထိုနှစ် နွေတွင် သူသည် သီပေါရှိ အမေ့အိမ်သို့ ပထမဆုံး ရက်ရှည် နေဖို့ရာ ရောက်လာခဲ့သည်။ အရင့် အရင်တုန်းကတော့ အမေနှင့် ဦးကျော် ရန်ကုန်လာလျှင် တွေ့လိုက်ရသည်။ အဘွားနှင့် အလည်အပတ် တစ်ကြိမ် လိုက်လာဖူးသည်။ နွေရာသီလို ကျောင်းပိတ်ချိန်မျိုးမှာ အမေက အတူ နေစေလိုသော်လည်း ရန်ကုန်ကိုသာ သူ အပြေးပြန်မြဲ။

ထိုတစ်နှစ်ကတော့ ညီမလေး နန်းနန်းကို ကိုယ်ဝန် စလွယ်ရချိန် နေ့စဉ်နှင့်အမျှ မအီမသာ ဝေဒနာ ခံစားနေရသည်ဆိုသော အမေ့ထံ ဘယ်သူကမှ မတိုက်တွန်းရပါဘဲ သူ ထွက်လာမိခဲ့သည်။ အမေ့အိမ်သည် ဦးဆုံး ရောက်ဖူးစဉ်ကလောက် သူနှင့် မစိမ်းသက်တော့ချိန်၊ အမေနှင့် လက်ထပ်တော့မှ တွေ့ဆုံပတ်သက်ရသော ဦးကျော်အပေါ်လည်း ပြောပြောဆိုဆို ရှိလာနိုင်ချိန်သည် နွေအိမ့်ကို စတွေ့ဖူးချိန်နှင့် တစ်ပြိုင်တည်းလို ဖြစ်ခဲ့သည်။

အမေ့အိမ်တွင် သူ ကူညီညာ လုပ်နိုင်သမျှမှာ စာအုပ်ဆိုင် ထိုင်ရန်သာတည်း။ အမေသည် ညနေပိုင်းကျတော့မှသာ ဆိုင်မှာ ထိုင်နိုင်သည်။ မနက်ခင်းနှင့် နေ့ခင်းများမှာ နုံးနုံးခွေခွေ။

နွေကလည်း နွေမို့ ဆိုင်မှာ လူကျဲလေသည်။ နံနက်ခင်း၊ နေ့ခင်းများမှာတော့ သူတစ်ယောက်တည်း ကြဲနိုင်သည်။ ညပိုင်းဆိုလျှင်တော့ သားအမိ နှစ်ဦး လက်ကို စက်တပ်ထားသလို ရေးရ မှတ်ရတော့သည်။ စာအုပ်ဆိုင်သည် အိမ်၏ အဓိက စီးပွားရေးလမ်းကြောင်း တစ်ခုအဖြစ် ရှိခဲ့ဖူးရာ ကာလများ။

သီပေါ၏ နွေသည် ထူး၍ မပူပြင်းလှပေ။ နေ၍ထိုင်၍ ကောင်း၏။ ဆိုင်မှာ လူကျဲပါးတတ်သော နေ့လယ်ခင်းမျိုးဆိုလျှင် သစ်ရွက်လေးများ ကြွေသက်လိုက်၊ လေပြည်ဝှေ့လိုက် ရှိတတ်သည့် ဆိုင်ရှေ့ ခရေရိပ်က ကွပ်ပျစ်မှာ ထိုင်လျက် စာတစ်အုပ် ကိုင်ဖတ်နေရတာကိုက သူ့အတွက် အရသာတစ်မျိုး။

ထိုတစ်ရက်ကလည်း သူ စာတစ်အုပ်နှင့် ငြိမ့်နေခိုက် ဘီးကလေး တစ်စီး ဆိုင်ရှေ့မှာ ဆိုက်လာခဲ့သည်။ စာအုပ်ဆီက အကြည့်ခွာလျက် အာရုံစိုက်မိလျှင် ဘီးနင်းလာသူမှာ ကိုးနှစ်၊ ဆယ်နှစ်အရွယ်ကောင်လေး။ နောက်က ကယ်ရီယာမှာ ထိုင်လိုက်လာသူကတော့ ရှစ်နှစ်ဝန်းကျင် ကလေးမလေး။

ကောင်လေးကိုတော့ သူ မြင်ဖူးတွေ့ဖူးသည်။ တစ်ဦးတည်းလည်း စာအုပ်လာငှားတတ်၊ အဒေါ်နှင့်လည်း အတူ ပါလာတတ်သူ။ ကလေးမလေးကိုတော့ မမြင်စဖူးပါ။

စာအုပ် လာအပ်သူများထံ အမှတ်မဲ့ ကြည့်နေကျလို ကြည့်မိရာက ကလေးမလေးကို ဘာကြောင့်များ သတိပြုမိခဲ့ပါလိမ့်။ ချစ်စရာ နုနယ်သော ကလေးအရွယ်မို့လား၊ မျက်လုံး ဝိုင်းနက်နက်ကလေးများကြောင့်လား၊ ဆံပင် ကုပ်ဝဲ ရံသည့် မျက်နှာပြည့်လေးကြောင့်လား မရေရာ။ ဒါမှမဟုတ် ချစ်စရာ မျက်နှာအလှလေးပေါ်မှ မဝံ့ရဲလှသော အမူအရာက သူ့ကို ဂရုပြုမိစေခဲ့တာလည်း ဖြစ်ကောင်း ဖြစ်လိမ့်မည်။

တစ်ယောက်တည်း နေလျှင် အသိသာချည်း ရှိနေမည်မဟုတ်သည့် ထိုမျက်နှာမူရာမှာ အင်မတန် ပြုံးရွှင်ချိုမြတတ်သော ကောင်ကလေးနှင့် ယှဉ်လျက်သား ရှိနေတော့လည်း ခြားနားပုံမှာ ထင်းထင်းရှိခဲ့သည် ဆိုရမည်။

“စာအုပ်အပ်မလို့ အစ်ကိုကြီး” ဟု ကောင်ကလေး ပြောတော့ သူ ထိုင်ရာက ထလျက် ဆိုင်ထဲသို့ ဦးဆောင် ဝင်လာခဲ့သည်။ ထိုစဉ်က “ကံ့ကော်ရိပ်” သည် ဆိုင်သက်တမ်း နှစ်အနည်းငယ်သာ ရှိသေးသော်လည်း စာအုပ် စုံလင်ပုံမှာတော့ ရှိနှင့်ပြီးသား စာအုပ်ဆိုင်များနှင့် မကွာခြားလှ။ စာအုပ်စင်ကလည်း နံရံသုံးဖက်သာမက အလယ်အူကြောင်းမှာပါ ကျောချင်းကပ်လျက်သား ရှိနေတော့ အပ်စရာ စာအုပ်များ အပ်နှံပြီးသည်နှင့် ကလေးနှစ်ဦးမှာ စာအုပ်စင်များကြား အပြေးအလွှား ရောက်တော့သည်။

သူသည် စာအုပ်အငှားစာရင်း ရေးမှတ်သည့် စာအုပ်ကို ဘောပဲန် ညှပ်၍ ပိတ်လိုက်၏။ နေ့ခင်းဆိုလျှင် စာရင်းစာအုပ်တစ်အုပ်သာ သုံးရသည်။ ညဘက်တော့ တစ်အုပ်နှင့် မလုံလောက်ချေ။ အမေတစ်အုပ်၊ သူ တစ်အုပ်နှင့် ဝိုင်းဝန်းကာ စာရင်းမှတ်မှပဲ မျှတော့သည်။ လောလောဆယ်တော့ နေ့ခင်း လူပါးချိန်မို့ စာအုပ်ငှားသူဟာ သည်ကလေးနှစ်ဦးပါပဲ။

အင်း… သူတို့တစ်တွေကို ကလေးဆိုတော့ သူကရော ဘယ်အရွယ်များ ရောက်လို့တုံး။

အတွေးနှင့် ပြုံးချင်ချင်ဖြစ်ရသော်လည်း ဆယ်နှစ်အကွာ သက်တမ်းလောက်က မျှော်ကြည့်လျှင် သည်အရွယ်လေးဟာ ကလေးပဲဟု ထုချေရလေသည်။ အထူးသဖြင့် ကိုယ့်ကိုယ်ကိုယ် လူကြီး ထင်တတ်သော မောင်ငြိမ်းစောတို့ အရွယ်တမ်းကကြည့်တော့ ဆယ်နှစ်ဝန်းကျင်မပြောနှင့်၊ ဆယ့်နှစ်၊ ဆယ့်သုံး အရွယ်ဆိုလျှင်ပင် ကလေး ဆိုမိလိမ့်မည်။

ဖတ်လက်စ စာအုပ်ကို ဘေးချကာ စာအုပ်စင်တန်းဆီ သူ့အကြည့် ဖျတ်ခနဲ ရွေ့သွားသည်။ နံရံထောင့်ချိုးက စာအုပ်ပုံအနီး ဘေးတစောင်း အနေအထားနှင့် စာအုပ်ရွေးနေသော ကလေးမလေး။ အရှေ့က စာအုပ်ပုံမှာ ကာတွန်းစာအုပ်များချည်း။ ကလေးတို့အကြိုက် နာမည်ကျော် ကာတွန်းစာအုပ်များကို ထိုနံရံထောင့်ချိုးမှာ သုံးပုံလောက် စီထပ်ထားပေးရသည်။ ကလေးမလေး လက်ထဲမှာတော့ တွတ်ပီ ကာတွန်းစာအုပ်တစ်အုပ်။ ဘေးမှာ ပုံချထားတာကလည်း နှစ်အုပ်ရှိပြီ။ အောက်က တစ်အုပ်ကတော့ မမြင်သာ။ အပေါ် တစ်အုပ်က နန်းဦး။

ကာတွန်းစာအုပ်များက စလိုက်သည့် ငယ်ဘဝစာဖတ်ခရီးကို ပြန်အမှတ်ရဆဲမှာပင် ကလေးမလေးသည် သူရှိရာ စားပွဲအနီးသို့ တိုးကပ်လာခဲ့သည်။

“ဆရာမ မရှိဘူးလားဟင်”

တွန့်ဆုတ်ဆုတ် မရဲ့မရဲ မျက်ဝန်းလေးများထံ သူ တစ်ချက် စိုက်ကြည့်ကာ ပြုံးလိုက်သည်။ အမေ့ပရိသတ်တို့သည် အမေ မရှိလျှင် သည်သို့သာ မေးတတ်ကြပေသည်။

“အထဲမှာ ခဏ အိပ်နေတယ် ကလေးရဲ့၊ အိပ်တာတော့ ကြာပြီ၊ နိုးတော့ နိုးတော့မယ် ထင်တာပဲ”

စာရင်းမှတ်ပြီးသော ကာတွန်းစာအုပ်သုံးအုပ်ကို လက်ကမ်းတော့ ကလေးမလေးက ရင်ဝယ်ပိုက်လိုက်သည်။ စာအုပ်စင်များဘက်သို့ လည်ပြန် ငေးသည်။ အမေ့မိတ်ဆွေ ဆရာမ၏ တူဟု သူ သိထားသည့် ကောင်ကလေး ကတော့ စာအုပ်အရွေးကောင်းဆဲ။ ကာတွန်းလည်းငှား၊ မဂ္ဂဇင်းလည်း ငှားတတ်သည့်ကောင်ကလေး။ သူ့တုန်းက အတိုင်းပဲ။ ကာတွန်းဖတ်၊ မဂ္ဂဇင်း ဖတ်ရာက နောက်တော့လည်း ဝတ္ထုစာအုပ်များကို မက်မက်မောမော ဖတ်တတ်လာခဲ့သည်။ ဝတ္ထုဆိုပေမယ့် အစဦးတုန်းကတော့ သိုင်းဝတ္ထုများ။ အံမယ်... ဆော့ကစားချိန်မှာတောင် သိုင်းကွက်နာမည် ထုတ်သုံးရတာ ပျော်စရာ။

“မယ်မယ်က ညနေမှ လာခဲ့မယ်လို့ ပြောခိုင်းလိုက်တယ်”

“ဟင်” ဟု မရေမရာ အာမေဋိတ်နှင့်အတူ သူ လည်ပြန်လှည့်ရသည်။

“မယ်မယ်က ဆရာမဆီကို ညနေ လာခဲ့မယ်တဲ့”

"မယ်မယ်..."

"ဟုတ်၊ မယ်မယ် ပြောခိုင်းလိုက်တာ"

"မယ်မယ်လို့ပဲ ပြောလိုက်ရင် အစ်ကို့အမေက သိမလား"

ညီ၊ ညီမလေးများ မရှိခဲ့သူ၊ အမေ့ဝမ်းထဲက ကလေးကို မနာလိုစိတ် တစ်ဝက်နှင့် ချစ်ခင်မျှော်လင့်နေသူမို့ "အစ်ကို" ဆိုသော အသုံးအနှုန်းက ရှောရှောရှူရှူ။

"မယ်မယ်ဆိုတာ သူ့အမေ၊ ကျွန်တော့်အဒေါ်ဗျ၊ ဆရာမ ဒေါ်ရီရီလို့ ပြောတာ မဟုတ်ဘူး မိန္ဓေအိမ်ကလည်း..."

ကောင်ကလေးက မဂ္ဂဇင်းနှစ်အုပ်ကို စားပွဲပေါ် ချလာရင်း ညီမလုပ်သူဘက် ရယ်ကျဲကျဲ မျက်နှာပေးနှင့် ငဲ့ကြည့်သည်။ စောစောက သူ့ကို အရဲကိုး ကြိုးစားပြောနေပုံနှင့် ကလေးမလေးက ခုတော့လည်း အစ်ကို့အနီးမှာပြုးလို့။ စာအုပ်ပုံပေါ်က ဆံပင်အမောက် အကွေ့အဝိုက်၊ လုံချည်တိုတို၊ ဂျင်းဂျာကင်နှင့် မင်းသမီးလေး ရှိရာ မျက်နှာဖုံးကို ငုံ့ကြည့်လျက်။

"အိုကေလေ၊ အဲဒါဆို ဆရာမ ဒေါ်ရီရီ ညနေ လာမယ် ပြောထားလိုက်မယ် ဟုတ်ပြီလား"

မောင်နှမနှစ်ယောက် ပြိုင်တူ ခေါင်းညိတ်ကြသည်။ နောက်တော့ အငှားစာအုပ်လေးများ ပိုက်ကာ အလာတုန်းကလို အစ်ကိုက ဘီးနင်း၊ ညီမက နောက်က လိုက်ကာ ဆိုင်ကို ကျောခိုင်းသွားကြသည်။

နွေခင်းနေသည် ပူနွေးမြဲ။ ခရေပင်ရိပ်သည် အပူကို ကာပေးထားသလို အေးမြမြ။ ကွပ်ပျစ်တွင် ထိုင်မြဲလို ထိုင်ကာ ဖတ်လက်စ စာအုပ်ကို ဆက်ဖတ်ရသည်။

တစ်အောင့်နေတော့ အမေလည်း နိုးပေပြီ။ အမေသည် ချည်ထည် ဗိုက်ဖုံးအင်္ကျီလေးနှင့် ဆံပင်တို့ကို သေသေသပ်သပ် စည်းနှောင်ကာ ကျက်သရေရှိရှိ လှပမြဲ။ ပတ်ဝန်းကျင်က "မိန်းကလေး ထင်ပါရဲ့" ပြောလျှင် အမေ ပြုံးနေတတ်သည်။ "သားတစ်ယောက်ဆို တော်ပြီလေ၊ သမီးလေးပဲရချင်တယ်" တဲ့။ ကျေနပ်စိတ်နှင့် သူ ကွယ်ဝှက်ပြုံးခဲ့ရတာ အခါခါ။

သားအမိနှစ်ဦး စာအုပ်စီရင်း ဟိုပြော ဒီပြောနှင့်မို့ မမေ့လျော့မိ ဖျတ်ခနဲ သတိရခိုက် ကလေးတို့၏ သတင်းစကားကို ပါးရသည်။

"မယ်မယ်က မယ်မယ်ကနဲ့ ပြောနေတော့ ဘယ်သူမှန်း မသိဘူး၊ ကောင်လေး ဝင်ပြောမှ နာမည်သိတာ"

"မယ်မယ်ဆိုတာ အမေပေါ့၊ ရှမ်းလိုတော့ အမေကို မယ့်ပဲ ခေါ်တာ၊ နှစ်လုံးဆင့်တော့ မယ့်မယ့်ပေါ့၊ နွေအိမ် ခေါ်တော့ အောက်ကမြစ်သံလေး ပျောက်ပြီး မယ်မယ်တဲ့၊ သူ့အမေကလည်း အဲဒီလို ခေါ်တာလေး သဘောကျသတဲ့၊ နွေအိမ်က အမေ မခေါ်တတ်ဘူးကိုး"

အမေ့မျက်နှာဆီ သူ ဇဝေဇဝါ အကြည့်ရောက်သည်။ ဘယ့်နှယ်ပါလိမ့်။ အမေ မခေါ်တတ်ဘူးဆိုတာ ဘာအဓိပ္ပာယ်ပါလိမ့်။

"ဘာလို့ အမေ မခေါ်တတ်တာလဲ"

အမေသည် စာအုပ်အနှောင့်များကို ညီအောင် စီနေရာက သူ့ထံ ရိပ်ခနဲအကြည့်ရွှေ့သည်။ ချက်ချင်းတော့ မဖြေ။ ပြောရမလို၊ မပြောဘဲထားရမလို ချိန်ဆဆ အမူအရာ။ နောက်မှ သက်ပြင်းတစ်ချက် ရှိုက်ကာ ဖြည်းဖြည်း လေးလေး စကားစသည်။

"ဘာလို့ မခေါ်တတ်သလဲဆိုတော့ နွေအိမ့်မှာ အမေခေါ်ရတဲ့သူက သတ်သတ်ရှိခဲ့တာကိုး မောင်စောရဲ့၊ နွေအိမ်ဟာ ရီရီ့ မွေးစားသမီး"

"ဩော်" ဟု သူ ရေရွတ်မိသော အသံမှာ တိုးတိမ်စွာ။ ကလေးမလေး၏ မျက်နှာထက်က တောက်တောက်ပပ မရှိလှသော အရိပ်ကလေးကို သူ ပြန်အမှတ်ရသည်။ ပြုံးချိန်မှာတောင် ဝံ့ဝံ့စားစား မရှိသူကလေး။ အသက်ကလေးငယ်ငယ်နှင့် တစ်ပါးသူအိမ် ရောက်ခဲ့ရရှာသူကလေး။ ငယ်ငယ်ရွယ်ရွယ် ချစ်စရာ သမီးလေးတစ်ယောက်ကို ဘယ်သူကများ စွန့်ခဲ့ပါလိမ့်။

မေးခွန်းများစွာ အာရုံ၌ လူးလာခေါက်ပြန် ဟန်ရေးတပြင်ပြင်ရှိသော်လည်း အမေ့ကို သူ ထပ်မမေးဖြစ်ပါ။ စာအုပ်ငှားသူအချို့ ရယ်မောသံ၊ နှုတ်ဆက်သံများနှင့် ဆိုင်ထဲ ဝင်လာပြီမို့ ကံ့ကော်ရိပ်၏ ညနေခင်းသည် ပုံမှန်လိုပင် စီးဆင်းရပါတော့သည်။

နောက်ရက် နောက်ရက်များမှာတော့ နွေအိမ်ဆိုသော ကလေးမလေး စာအုပ်ဆိုင် လာတတ်ချိန်ကို အမှတ်မဲ့မဟုတ် တခုတ်တရ မျှော်မိခဲ့တာ၊ ရောက်လာလျှင်လည်း တရင်းတနှီး စကားဆိုရန် အားမထုတ်၊ အတွင်းစိတ်က စာနာချစ်ခင်ရိပ်နှင့် မကြာမကြာ အကြည့်စိုက်မိတာ သူ ဝန်ခံရမည်။

အမေနှင့် ခွဲနေခဲ့ဖူးသူ သူ့ထံမှာ ရှိတတ်ခဲ့သော အလွမ်းစိတ်ထက် မလျော့သော ခံစားမှုသည် ငြိမ်ဆိမ် တွေးငေးနေတတ်သည့် ကလေးမလေးထံမှာလည်း မဖြစ်မနေ ရှိလိမ့်မည်ဆိုတာ ထိုစဉ်ကတည်းက သူ အတပ်သိသလို ရှိနေခဲ့ပါသည်။

* * *

"ကျွန်တော်တို့ သွားကြမလား အစ်ကို"

လွင့်သောစိတ်သည် သူ့ထံ အပြေးကပ်၏။ တောင်တန်းများကို ငေးနေခဲ့သော ကောင်လေးသည် သူ့ဘက် လှည့်ပြန်ငဲ့လျက်။

"သွားလေ..."

မြက်ခင်းစပ်ပေါ်ခြေချလျက် စကြိုထက်ထိုင်နေရာက သူ ခါးကြောဆန့် မတ်မတ်ရပ်လိုက်သည်။ စကြိုပေါ်တက်ရန် ပြင်လိုက်သည်။ သို့သော် သွားကြမလား ဆိုသူမှာ သံလမ်းအစပ် မြက်ခင်းပြင်ထက် ရပ်ကာ မန္တလေးဘက် ဦးတည်သော သံလမ်းဆီ မျှော်ကြည့်နေပြန်သည်။ စောစောတုန်းဆီက ရထားဖြတ်သွားပုံကို မြင်ယောင်ကြည့်နေလေသလား။ ရထားနောက် စိတ်နှင့်များ အပြေးလိုက်နေလေသလား။

သူ့အတွက်တော့ ရထားဖြတ်သော မြင်ကွင်းဟာ မဆန်းလှပါ။ ဘော်ကြိုမရောက်လည်း သီပေါဘူတာမှာ တွေ့နေမြင်နေကျပဲ။ သီပေါဘူတာနှင့် မလှမ်းမကမ်းက ကာကာလက်ဖက်ရည်ဆိုင်မှာ တစ်ယောက်တည်း ငူငူထိုင်ကာ ငေးမိငေးရာ ငေးရတာကို သူ သဘောကျသည်။ ဘယ်မြို့မှာ နေမိသည် ဖြစ်စေ တိုက်သစ်၊ နေရာသစ်များထက် ရှေးကတည်းက ရှိခဲ့သော နေရာဟောင်းများဆီသာ တကူးတက သွားချင်စိတ် သူ့မှာ စွဲနေ၏။ လက်ဖက်ရည်ဆိုင်ဟောင်း၊ ဘူတာရုံဟောင်း၊ ကုက္ကိုပင်အို၊ ပြီးတော့ လမ်းဟောင်းကလေး။

လက်ဖက်ရည် ကျဆိမ့်တစ်ခွက်မှာ၊ ကြွေရည်သုတ် ကရားအိုးဟောင်းထဲက ရေနွေး (လက်ဖက်ခြောက်နဲ့ ခပ်သင်းသင်း) ကို အနားသတ်မှာ ပန်းပွင့်လေးများ စီသော အကြမ်းပန်းကန်ထဲဖြည့်၊ နောက်တော့ တွေးပေ ငေးပေရော့။ လမ်းသွားလမ်းလာလည်း ငေး၊ ရထားကြီး ဘော်ဘော်ဘူဘူ ခုတ်မောင်း ဝင်လာတော့လည်း မြင်နိုင်သမျှအထိ လိုက်ငေး။ ရုံခါတော့ ဆိုင်ကယ်ကို လက်ဖက်ရည်ဆိုင်မှာပဲ ချန်ရစ်ကာ ဘူတာအထိ သူ လမ်းလျှောက်ဖြစ်သည်။ ခရီးသွားများ စောင့်ဆိုင်းတတ်သော ခုံတန်းရှည်မှာ ဝင်ထိုင်ကာ ရာသီပေါ် ဒေသထွက် အသီးအနှံသည်များ၊ ပြောင်းဖူးပြုတ်၊

မြေပဲပြုတ်လို အစားအစာ ရောင်းသည့် ဈေးသည်များ၊ ခရီးသွားများ လိုအပ်ရာရာ တိုလီမုတ်စ၊ မုန့်လေး ပဲလေး ရောင်းသူများထံ အကဲဖြတ်ခြင်း အလျှင်းကင်း၊ စိတ်ဝင်တစားပုံလည်း မပေါက်သော မှုန်ရီရီအကြည့်တို့ တဖျပ်ဖျပ် ရွေ့သည်။ နောက်တော့လည်း ရထားဝင်လာချိန် တလှုပ်လှုပ် ရှိကြပုံ၊ ရထား တစ်ဖန် ထွက်ခွာတော့လည်း နဂိုမူလအတိုင်း ကျန်ရစ်ခဲ့ကြပုံ မြင်နေကျလို မြင်ရပြီးလျှင် ဘူတာကို ခွာစမြဲ။

သီပေါဘူတာနှင့်သာ ရင်းနှီးခဲ့သူမှာ မနက်ကမှ ဘော်ကြိုဘူတာဆီ တွေ့တွေ့ဆိုင်ဆိုင် ရောက်လာရလေသည်။

သူတို့လည်း ဘူတာဆီ ရောက်၊ ရထားလည်း မကြာမတင် ဆိုက်ပါရော။ ဘူတာလေးမို့ ရထားပေါ်တက်သူ ခရီးသည်တစ်ဦးသာ ရှိ၏။ ဆင်းသူ လုံးလုံးမရှိ။ ရထားထွက်ပြန်တော့ အသိအမှတ်မဲ့သူ တစ်ယောက်လို ကောင်လေး မျောပါငေးပုံကို သူ မျက်ခုံးပင့်မိသည်။ နောက်တော့လည်း ဆိတ်ငြိမ်သွားပြန်သော ဘူတာလေးမှာ အတိတ်နှင့် ပစ္စုပ္ပန် လွှမ်းထိုးယှက်နွယ်ရာ စကားသံများ။

“အစ်ကို ကျွန်တော်တို့ သွားရအောင်”

သည်တစ်ခါတော့ တကယ်ပင် နောက်ကြောင်းပြန်လှည့် ခြေလှမ်းစသည်။ နှစ်ဦးသား စကားလည်း ထပ်မဆို၊ ရှေ့ဆင့်နောက်ဆင့်ပင် ဘူတာကို ကျောခိုင်းလာကြသည်။ ဘူတာဘေး မြေကွက်လပ်မှာတော့ ပြောင်းနှံပင်တို့ ယိမ်းနွဲ့လျက်။ သည်ပြောင်းနှံပင်တို့ကြောင့် ဘူတာလေးကို လမ်းမပေါ်က မမြင်ရ။ လမ်းကလေးထဲ ကွေ့ဝိုက် ဝင်လာတော့မှသာ အပင်ရိပ်များအောက် ပုန်းခိုနေဟန်တူသည့် တောဘူတာကို ဘွားခနဲ တွေ့ရလိမ့်မည်။

လမ်းမကြီး နံဘေးချ၍ ရပ်ထားသည့် ဆိုင်ကယ်ကို သော့ဖွင့်ဖို့ ပြင်လိုက်သော သူ့လက်မှာ “ခဏလေး အစ်ကို” ဆိုသော အသံကြောင့် တန့်ရသည်။ ကောင်လေးကို သူ ငဲ့ကြည့်ရင်း မေးဆတ်လိုက်သည်။

“ကျွန်တော်တို့ ဆိုင်ကယ် ဒီမှာပဲ ထားရအောင်၊ မြစ်ကမ်းနား ခဏ သွားချင်လို့”

“မြစ်ကမ်းနား…”

မြစ်ကမ်းနားကို ဘယ်လို သွားပို့ရမလဲ သူ မသိပါ။ သီပေါမှာတော့ မြစ်ကမ်းနားကို ပို့ပေးပါဆိုလျှင် အဆင်ပြေသမှ သိပ်ပြေ။ ဘော်ကြိုမှာတော့

မသိပါ။ မြစ်ကမ်းနားတစ်လျှောက် အိမ်များ အစီအရီ ရှိနေလေရာ ရှုခင်းသက်သက် ကြည့်ဖို့ဆိုလျှင် ဘယ်လမ်းက ဖြတ်၍ ပို့ရလေမလဲ။

"ဟိုခြံဝင်း အနောက်ဘက်ကနေ ကြည့်လို့ရတယ် အစ်ကို"

ဟိုဟိုဒီဒီ ဝေ့ဝိုက်ကာ မျက်မှောင်ရိပ်ရိပ် တွန့်ချိုးသော သူ့မျက်လုံးများကို ကောင်လေး အကဲဖမ်းမိပုံပါပဲ။ လက်ညှိုးညွှန်ရာ အိမ်ဝင်းဆီ လှမ်းကြည့်တော့ ခြံဝင်းတံခါးမှာ သော့ပိတ်မထားသော်လည်း အိမ်တံခါးကတော့ သော့ခတ်လျက်သား။ ခြံဝင်းတံခါးမှာ တွန်းသာဖွင့်သာသော သစ်သားတံခါးမျိုး ဖြစ်သည်။

အိမ်သည် သွပ်မိုး၊ ပျဉ်ထောင် အိမ်ဟောင်းကလေး။ သစ်ရိပ်မိုးနေသော ဝင်းထဲ မှုန်ကုပ်ကုပ် ရပ်ကာ သူတို့ထံ စူးစမ်းနေသလို ထင်ရသည်။

"ပိုင်ရှင် သိရင် မကောင်းဘူး ထင်တယ်"

"ဒီအိမ် မရောင်းသေးဘူး ပြောကြတာဆိုတော့ ပိုင်ရှင်က နဂိုပိုင်ရှင်ပါပဲ၊ ကိစ္စ မရှိလောက်ဘူး ထင်တာပဲလေ"

"မင်း အဆင်ပြေရင် ပြီးတာပဲ၊ သွားတာက သွားပါ၊ ရတယ်"

ကတ္တရာလမ်းပေါ်ဝယ် ကုန်ကားတစ်စီး တလိမ့်လိမ့် မောင်းနှင်လာချိန်မို့ လမ်းကူးရန် စောင့်ဆိုင်းနေကြစဉ်မှာ ကောင်လေးက စကား ထပ်စသည်။

"ပိုင်ရှင်က ဘယ်သူလဲ အစ်ကို သိလား"

ဟ…ဘယ်သိလိမ့်မလဲ။

အပြင်ပန်းကတော့ သူ ခေါင်းခါပြရုံသာ တုံ့ပြန်လိုက်သည်။

"မမန္တလေ အစ်ကို"

တစ်ခဏတော့ အငိုက်မိကြောင်း ဝန်ခံရမည်။

ကောင်လေး လမ်းကူးချိန်မှာ အတူမကူးနိုင်ဘဲ ခြေလှမ်းတုံ့မိသည်။ နောက်မှ ကမန်းကတန်း လိုက်ကူးရ။

သူ လမ်းတစ်ဖက် ရောက်ချိန်မှာတော့ ကောင်လေးသည် ခြံဝိုင်းလေး ရှေ့မှာ ခြေစုံရပ်လျက် သစ်သားတံခါးနှင့် ခြံစည်းရိုး ချိတ်ဆက်ရာ ရော်ဘာကွင်းငယ်ကို ဆွဲဖြုတ်လျက် ရှိလေပြီ။

မြတ်မော် ပုံရိပ်(၂)

တစ်ခါတုန်းက မမနွေအကြောင်း တသီတတန်း ပြန်တွေးတော့ ကျွန်တော့်စိတ်မျက်လွှာမှာ ဒီအိမ်ကလေးရဲ့ အရိပ်က ဦးဆုံး ထင်ဟပ်လာတယ်။ သစ်သားအိမ်ကလေး၊ မမနွေ နေခဲ့တဲ့ အိမ်ကလေး။ မမနွေရဲ့ အရိပ်ဟောင်းတွေ အများဆုံး တွေ့နိုင်မယ့် ဒီအိမ်ဟာ မိုင်ပေါင်းများစွာ ဝေးကွာတဲ့အရပ်က လည်ပြန်ငေးတာတောင် ကျွန်တော့်အတွက် သက်ရှိလူသားတစ်ယောက်လိုပဲ နွေးထွေးလှတယ်။

အိမ်ကလေးကို မြင်ယောင်တဲ့နေရာမှာမရပ် ဝေ့ဝေ့လည်လည် မဆုံးစတမ်း အတွေးဆက်တဲ့အခါ အဲဒီအိမ်လူသားလေးဟာ ကျွန်တော့်ကို မှုန်ဝေဝေ ငေးနေတယ်လို့လည်း ခံစားရပြန်တယ်။ ငယ်နုချိန်ကတည်းကစလို့ ဆယ်ကျော် သက်ရွယ်ကာလတစ်လျှောက် ရင်ခွင်ပိုက်ထားခဲ့ရတဲ့ မိန်းကလေးတစ်ယောက် ပျောက်ဆုံးသွားခဲ့တာ အိမ်ကလေးအတွက် ဝမ်းနည်းစရာ ပုံပြင်တစ်ပုဒ်များ ဖြစ်ခဲ့မလား။ အိမ့်နောက်ဖေး ဒုဋ္ဌဝတီမြစ်ဆီက ရေစီးသံသာသာ ကြားရတဲ့ ညချမ်းမျိုးဆို တိတ်တဆိတ် ငိုကြွေးတတ်မလား။ ကျွန်တော် မသိနိုင်ပါဘူး။

ကျွန်တော့်အတွက်တော့ ကျွန်တော် ချစ်ရတဲ့မြို့ကလေးမှာ မမနွေ မရှိတော့ဘူးဆိုတဲ့ အဖြစ်ဟာ ကျိန်စာတမျှပါပဲ။

* * *

ဒီအိမ်လေးရှေ့ ပထမဆုံး ရောက်ရတဲ့နေ့ကို ကျွန်တော် ဘယ်တုန်းကမှ မမေ့ခဲ့ဘူး။ အဲဒီတုန်းက ကျွန်တော် ပိုင်ဆိုင်ခဲ့ရတဲ့ ရင်ခုန်ပျော်ရွှင်မှုဆိုတာလည်း ပြန်တွေးလိုက်တိုင်း မနေ့တစ်နေ့ကအထိ တကယ်ကြုံနေရသလို နွေးထွေးလိုက်ခုန်ရတုန်းပဲ။

ဘူတာရုံဆီ ဒုတိယအကြိမ်မြောက် ရထားကြည့် ရောက်ပြီးတဲ့နေ့မှာပဲ “မပြန်ခင် စာအုပ်ဝင်ငှားလေ” လို့ မမနွေ ခေါ်တာနဲ့ အိမ်ကလေးထဲ ကျွန်တော် စရောက်ဖူးရတယ်။

မမနွေရဲ့ အိမ်ကလေးဟာ ပုံပြင်ထဲက အိမ်တစ်လုံးလိုပဲလို့ တွေ့တွေ့ချင်း ကျွန်တော် တွေးမိတယ်။ ကျွန်တော်တို့ နေတဲ့အိမ်၊ (အရပ်အခေါ်) “ဆရာမအိမ်” လိုပဲ ခြေတံ မရှည့်တရှည်။ ရေနံချေး ဝနေတဲ့ ပျဉ်ချပ်နံရံတွေ ရှိတယ်။ သံချေးနီရောင်နဲ့ သွပ်မိုးဟောင်းတွေရှိတယ်။ ရေအိုးစင်လေးရှိတဲ့၊ သစ်သားလက်ရန်းကွက်လှလှ ဖော်ထားတဲ့ ဝရန်တာ ရှိတယ်။ အိမ်ကိုတော့

သစ်ပင် ဝါးပင်တွေ ရံလို့။

အိမ်ရှေ့မှာ ကျွန်တော်တို့ ရပ်မိတော့ အပင်တွေဆီက လေတိုးသံကို ဦးဆုံး သတိပြုမိတယ်။ သစ်ရွက်တွေကြားထဲ လေတိုးလို့ အပင်တစ်ပင်ချင်းက အတိုးအကျယ် အနိမ့်အမြင့် မတူညီတဲ့ အသံတွေ ပေါင်းဆုံတဲ့အခါ၊ ငှက်ကလေးတွေရဲ့ မြည်သံပါ ဖြည့်လိုက်တဲ့အခါ အင်မတန် လှတဲ့ ဂီတတစ်မျိုး ဖြစ်လာတာပဲလို့ နောင်တော့ ခံစားသိမြင်တတ်ပေမယ့် အဲဒီတုန်းကတော့ ရှည်ရှည်ဝေးဝေး ခွဲခြမ်းစိတ်ဖြာမိခြင်းမရှိ၊ နားထောင်ကောင်းလို့ နားစိုက်မိရုံလောက်ပဲ။ ဒီအသံတစ်သံကလွဲလို့ အိမ်ကလေးဟာ ဆိတ်ဆိတ်ငြိမ်ငြိမ်။

"လာလေ မြတ်မော်"

သစ်သားချောင်းလေးတွေ ခပ်ကျဲကျဲနဲ့ ဖွဲ့ထားတဲ့ ခြံတံခါး ထောင့်ဆုံးတိုင်နဲ့ ခြံစည်းရိုးတိုင်ကို ချိတ်ထားတဲ့ ရော်ဘာကွင်းလေးကို ဖြုတ်လို့ ဖွင့်ရင်း မမနွေ့ ခေါ်တယ်။ ရှေ့ကနေ ဦးဆောင်ဝင်ပြီး စောစောကလိုပဲ ခြံတိုင်နဲ့ ခြံတံခါးတိုင်ကို တွဲချိတ်လိုက်ပြန်တယ်။ တံခါးအောက်ပိုင်း ထောင့်စွန်းလေးနဲ့ မြေသားဟာ တံခါး ဖွင့်ပိတ်လိုက်တိုင်း တိုးတိုက်ဖန်များတော့ မြောင်းလို အရာလေးတောင် ထင်လို့။ တံခါးလေး လှုပ်နေတဲ့ အသံ တအီအီဟာ လှေကားရင်း ဖိနပ်ချွတ်နား ကျွန်တော်တို့ ရောက်တဲ့အထိ ကပ်ပါလာတယ်။

မမနွေ့ရဲ့ ကတ္တီပါဖိနပ်လေးနဲ့ မနီးမဝေးမှာ ကျွန်တော့် ဆင်ကြယ် ဖိနပ်လေး ချွတ်လိုက်တယ်။ မမနွေ့ ခပ်ဖွဖွ နင်းတဲ့ ခြေလှမ်းအတိုင်း လှေကား တစ်ထစ်ချင်း လိုက်တက်တယ်။ နေ့ခင်း နေရောင် ထိတွေ့ထားတာမို့ သစ်သား လှေကားထစ်တွေဟာ ခပ်နွေးနွေး။ လှေကားထိပ်မှာလည်း ခြံတံခါးက သစ်သားတံခါးလို တစ်ပုံစံတည်း နောက်ထပ် သစ်သားတံခါးတစ်ခု။ သစ်သားချောင်းလေးတွေ ဒေါင်လိုက် ခပ်ကျဲကျဲ ဖွဲ့ထားတာမှာ ကန့်လန့်ဖြတ် သစ်သားချောင်း သုံး၊ လေးချောင်းနဲ့ အကွက်ဖော် လုပ်ထားတဲ့ တံခါးမျိုးပေ့ါ။ အောက်ခြေမှာ တညီတည်းပေမယ့် အပေါ်ကတော့ တြိဂံအနား နှစ်ဖက်လို။

ဒီတံခါးကိုတော့ မမနွေ့က အတွင်းဘက်မှာ သံနဲ့ ချိတ်ထားတဲ့ ကြိုးကွင်းလေးကို လက်လျှို ဖြုတ်လိုက်တယ်။ ဝရန်တာပေါ် ခြေချလိုက်တဲ့ ကျွန်တော့်ခြေသံဟာ မဆိုစလောက် ကျယ်သွားလို့ ထင်ပါရဲ့၊ မမနွေ့က "ရှူး" လို့ လှည့်ဆိုတယ်။ နှုတ်ခမ်းလေး ဝိုင်း၊ မျက်လုံးလေး ပြူးလို့၊ နှုတ်ခမ်းပေါ်မှာ ညာလက်ညှိုးလေး ကန့်လန့်ဖြတ် တင်လို့။ လက်သည်းတွေ တိတိရိရိ ဖြတ်ထားတဲ့ လက်ချောင်းသွယ်တွေဟာ သူ့ပိုင်ရှင်ရဲ့ မျက်နှာလိုပဲ တစ်မျိုး ကြည့်ကောင်းနေပြန်တယ်။

ဒါမျိုးအစ်မတစ်ယောက်သာ မေမေ မွေးပေးခဲ့လို့ကတော့ ကျွန်တော် အတော်လေး မျက်နှာမော်ရမှာပဲ။ ခုတော့ ကျွန်တော်က သူများတွေ ပြောကြသလို တစ်ကောင်ကြွက်ရယ်။ ဘာလို့များ တစ်ကောင်ဆိုတာနဲ့ ကြွက်နဲ့ ပေါင်းလိုက်ရတယ် ကျွန်တော် မသိဘူး။ ကြွက်လောက် မုန်းစရာ သတ္တဝါ ရှိဦးမလား။ ကျွန်တော်ဖြင့် ကြီးကြီးက လေသံလေး တိုးတိုးနဲ့ "ကျွန်မတူလေးက ဖတဆိုး တစ်ကောင်ကြွက်လေး" လို့ ဧည့်သည်တွေကို ပြောပြရင် နားထဲတောင် တူးခါး စိမ့်သွားတာပဲ။ ဖတဆိုးဆိုတာတော့ အဖေ မရှိတာကို ပြောတာလို့ နားလည်ခဲ့ပြီ။ ခုထိ မကြိုက်သေးတဲ့ နောက်ထပ်စကားလုံးတစ်ခုက မေမေ့ကို "မုဆိုးမ" ပြောကြတာပဲ။ မေမေနဲ့ လေး၊ မြားတွေ၊ ဒါမှမဟုတ် သေနတ်ကြီး ဆွဲထားမယ့် မုဆိုးဟာ မအပ်မစပ်လို့ မှတ်တာကိုး။

"ဘာရယ်တာတုံး" လို့ မမနွေ့ အသံတိုးတိုးကလေးနဲ့ မေးတော့မှ ကျွန်တော် ရယ်လိုက်မိတာ သိတော့တယ်။ ပါးစပ်ကို အမြန် ဖမ်းအုပ်ရတယ်။ 'ရှူး' ဆိုမှ ရယ်တော့ တော်ကြာ စာအုပ်ငှားမပေးတော့ဘူး၊ ပြန်ပေ့ဆို ကျွန်တော် ပြန်ရမှာ စိုးသားပဲ။

သေတောင့်သေချာ သတိထားနေတဲ့ ခြေလှမ်းလေးနဲ့ အခန်းထောင့်က စာအုပ်စင်အနား မမနွေ့ တိုးကပ်တော့ ကျွန်တော်လည်း နောက်ကနေ တစ်ပုံစံတည်း လိုက်လျှောက်တယ်။ ဘာကြောင့် ဒီလိုလျှောက်ရသလဲ မေးချင် လိုက်တာမှ ပါးစပ်ကို ယားနေတာပဲ။ ဒါပေမဲ့ လျှာရှည်ရန်ကော ထင်မှာစိုးလို့ မမေးရဲဘူး။

ကျွန်တော် မမေးပေမဲ့ မမနွေ့ကပဲ အဖြေကို ပြောပြတယ်။

"ဘွားကြင် အိပ်နေလို့"

"ဘွားကြင်..."

"မမ အဘွားလေ"

စာအုပ်စင်လေးနား အတူ ချဉ်းကပ်မိကြတော့ ကျွန်တော့်ပါးစပ်က အသံထပ်မထွက်တော့ပေမဲ့ စိတ်ထဲမှာတော့ "ဟာ" ဆိုတဲ့ အသံ အကျယ်ကြီး မြည်သွားသလိုပဲ။ စာအုပ်တွေ စာအုပ်တွေ။ ကျွန်တော် ကြိုက်တဲ့ ကာတွန်း စာအုပ်တွေ တစ်လှေကြီး။ မေမေ ဖတ်တဲ့ မဂ္ဂဇင်းမျိုးတွေရော၊ ဝတ္ထုရှည်တွေရော။ စာအုပ်စင်က သစ်သားစင်။ အဆင့်ငါးဆင့် ပါတယ်။ ကျွန်တော့် အရပ်နဲ့ဆို ထိပ်ဆုံးတစ်ဆင့်ကတော့ ခြေဖျားထောက်ယူရမယ်။ ဒါပေမဲ့ ထိပ်ဆုံးမှာ ဝတ္ထုတွေမို့ ကျွန်တော် လက်မလှမ်းဖြစ်ဘူး။ အောက်ဆုံး နှစ်ဆင့်က ကာတွန်းတွေကို ကြည့်ပြီး သွားရည်တမျှားမျှား။ "ကြိုက်တာရွေး၊

အိမ်လည်း သိနေတာပဲ၊ လေး၊ ငါးအုပ်စီ ငှားငှားပြီး ပြန်လာလဲပေါ့” လို့ မမနွေက တိုးတိုး ပြောတယ်။

တွတ်ပီ၊ သမိန်ပေါသွပ်၊ ကိုပူစီ၊ ဒီလုံး စတဲ့ ကျွန်တော်ချစ်တဲ့ ကာတွန်းဇာတ်ကောင်တွေ ပါတဲ့ ကာတွန်းတစ်အုပ်စီရယ်၊ မေမေ့အတွက် မြားနတ်မောင်မဂ္ဂဇင်း တစ်အုပ်ရယ် ရွေးလိုက်တယ်။ ဆောင့်ကြောင့်ထိုင်လို့ ရွေးပြီးသား စာအုပ်တွေ လက်တစ်ဖက်နဲ့ ပိုက်ထားပြီးတာတောင် ကျွန်တော့်မှာ တခြားစာအုပ်တွေဆီ လွတ်နေတဲ့လက်က ဝဲချင်တုန်းပဲ။ မမနွေ ပြောသလို နောက်လာငှားလို့ ရသားပဲလို့ စိတ်ဖြတ်ရတယ်။ ဒီနေ့လိုပဲ ဘူတာသွားမယ့် အကြောင်း၊ “နွေအိမ်” လို့ ခေါ်တဲ့ အစ်မတစ်ယောက်ဆီက စာအုပ်ငှားလာမယ့် အကြောင်း မေမေ့ဆီက ခွင့်တောင်းလာလို့ ရသားပဲ မဟုတ်လား။

“ခဏနော်” ဆိုပြီး မီးဖိုခန်း ဖြစ်ပုံရတဲ့ အခန်းဘက် မမနွေ ကူးသွားတော့ အားနေတဲ့ ကျွန်တော့်မှာ တောင်ကြည့် မြောက်ကြည့်ပေါ့လေ။

အိမ်ရှေ့ခန်းဟာ မကျဉ်းမကျယ်။ သစ်သားကြမ်းခင်းပေါ် ဖျာချော ခပ်ကြီးကြီး တစ်ချပ် ထပ်ခင်းထားတယ်။ ဖျာပေါ်မှာ အသံတိတ် ငြိမ်နေတဲ့ ရေဒီယိုလေးတစ်လုံးရယ်၊ ဒန်ကွမ်းအစ်တစ်လုံးရယ်။ ဖျာပေါ်ကနေ လက်လှမ်းလို့ လွယ်တဲ့နေရာ တိုင်ထောင့်လေးမှာတော့ ထွေးခံတစ်လုံး။ စောစောက နာမည် သိလိုက်ရတဲ့ ဘွားကြင်ရဲ့ ပစ္စည်းတွေ ဖြစ်မှာပေါ့။ ဒါမျိုး ကွမ်းအစ်တို့၊ ထွေးခံတို့ဆိုတာ အဘိုး၊ အဘွားတွေရဲ့ လက်စွဲလို့ ဆုံးပါးသွားတဲ့ အဘွားနဲ့ အတူနေလိုက်ဖူးတဲ့ ကျွန်တော် သိသားပဲ။

အိမ်ဦးမှာတော့ ရွှက်လှပန်းတွေ စိမ်းစိုဝေဆာနေတဲ့ ဘုရားစင်ရှိတယ်။ ကြေးဘုရားဆင်းတုတော်ဟာ ရွှက်လှပန်းအိုးတွေ ဟိုဘက်ဒီဘက်ရဲ့လို့ စံပယ်တော်မူနေတယ်။ ဘုရားစင်ပေါ်မှာတော့ မွှန်းလွဲချိန်မို့ ဆွမ်းပွဲ မတွေ့ရတော့ဘူး။ သောက်တော်ရေချမ်း ခွက်ကလေးတွေရယ် ဆီမီးထွန်းနေကျ ဖြစ်ပုံရတဲ့ မြေဆီမီးခွက်လေးတွေရယ်၊ အမွှေးတိုင်တိုလေးတွေ ရှိနေတဲ့ ပန်းအိုးအသေးစားလို စဥ့်ထည်လေးရယ်။ အဲဒီဘေးမှာတော့ တရားစာအုပ်တချို့၊ စိပ်ပုတီး ခွေခွေ။

ကျွန်တော့်အသည်း စာအုပ်စင်ရဲ့ ဘေးမှာတော့ ဗီရိုဟောင်းတစ်လုံး။ အဝတ်ဗီရိုလား၊ ညှော်သည်အတွက် စောင်၊ ခေါင်းအုံးတို့ သိမ်းသန့်ထားရာ ဗီရိုလားတော့ မပြောတတ်ဘူး။ မမနွေတို့ အိမ်ရှေ့ခန်းဟာ လေဝင်၊ လေထွက် အတော်ပဲ ကောင်းလှတယ်။ အိမ်ဦးမှာ ပြတင်းပေါက်က နှစ်ခု။ ပြတင်းပေါက်ကလည်း အထက်အောက် နှစ်ပေါက်စီ ဆင့်ဖောက်ထားတာ။ အောက်ဘက်က ပြတင်းမှာ ပွတ်လုံးတိုင်လေးတွေ ကျဲကျဲစီလို့၊ အိမ်ရှေ့မှာတော့

တံခါးမကြီး နှစ်ခု။ တံခါးချပ်တွေက ပြတင်းပေါက်မှာရော၊ တံခါးမကြီးမှာရော ရင်ခွဲ တံခါးတွေ။ အိမ်ရှေ့ကို လှမ်းကြည့်ရင် ကတ္တရာလမ်းကို ကောင်းကောင်း မြင်ရတယ်။ ပြတင်းတံခါးတွေမှာ ခန်းဆီး မရှိဘူး။

အိပ်ခန်းဖြစ်မယ့် အတွင်းခန်းတစ်ခန်းပဲ ခန်းဆီး ရှိတာ။ အဲဒီအခန်းမှာလည်း နှစ်ပေါက်ဆင့် ပြတင်းပေါက်တွေ ရှိတယ်ဆိုတာ အိမ်ထဲအဝင်မှာ ကတည်းက ကျွန်တော် တွေ့ခဲ့သေးတယ်။ ဒီအိမ်မှာ သဘောအကျဆုံး အရာကို ပြောပါဆိုရင် ပြတင်းပေါက်တွေလို့ ပြောရမှာပဲ။

နံရံပေါ်မှာတော့ ပြက္ခဒိန်တွေထဲက စိုးမြတ်သူဇာတို့၊ မေသန်းနုတို့ဟာ အဝတ်စားလှလှပပ၊ အမူအရာ ခပ်ကြော့ကြော့၊ အပြုံးနုနုနဲ့။ မင်းသမီးပုံဆိုလို့ ဒီနှစ်ယောက်တည်းရယ်။ ကျန်တဲ့ပြက္ခဒိန်တွေမှာတော့ ကျော်သူ၊ စိုးသူ၊ ရန်အောင်။ မမနွေ ဘယ်မင်းသား၊ မင်းသမီးများ ကြိုက်သလဲ မသိဘူး။ မေမေ့လို မေသန်းနု အသည်းစွဲများ ဖြစ်လေမလား။

ကျွန်တော်ကတော့ မင်းသမီးထဲမှာ သိပ်ကြိုက်တဲ့သူမရှိ။ မင်းသားလည်း အတူတူပါပဲ။ ကြည့်လို့ကောင်းတဲ့ မင်းသား၊ အထူးသဖြင့် ဖိုက်တင်ကောင်းတဲ့ မင်းသားဆို ကြိုက်လိုက်တယ်။ ဂျက်ကီချန်း ကြိုက်တယ်၊ ရမ်ဘို ကြိုက်တယ်၊ အာနိုး ကြိုက်တယ်၊ ဗန်ဒမ်း ကြိုက်တယ်။ အကြိုက်ဆုံးမင်းသားကတော့ ဟာသလည်း ရ၊ ဖိုက်တင်လည်း ရေရေလည်လည် မိတဲ့ ဂျက်ကီချန်း ပေါ့လေ။ ဖိုက်တင်အသားပေးတဲ့ ဇာတ်ကားတွေရယ်၊ လူစွမ်းကောင်းတွေပါတဲ့ ရုပ်ရှင်တွေရယ်များ ကြည့်မိရင် မင်းသားနေရာ ကိုယ်တိုင် ရောက်တော့မလို ကျွန်တော့်မှာ အားကျတော့တာပဲ။ မြန်မာဇာတ်ကားတော့ မေမေ ကြည့်တာ လိုက်ကြည့်တာပဲ။ ကျော်ဟိန်းလည်း ကြည့်၊ စိုးသူလည်း ကြည့်၊ ရန်အောင်လည်း ကြည့်၊ ရဲကိုကိုလည်း ကြည့်၊ မို့မို့မြင့်အောင်တို့၊ မေသန်းနုတို့၊ စိုးမြတ်သူဇာတို့လည်း ကြည့်ပေါ့ ။

ပြောမယ့်သာ ပြောရတာ ဒီရောက်ကတည်းက ဗွီဒီယိုရုံဆီ တစ်ခါတောင် မရောက်ရသေးဘူး။ ကျောင်းမဖွင့်ခင် တစ်ခါလောက်တော့ မေမေ လိုက်ပြမယ် ထင်ရတာပဲ။

"ဟိတ် သွားစို့" ဆိုတဲ့ မမနွေ အသံဖျော့လေး ထပ်ပေါ်လာတော့ ကျွန်တော် ဆတ်ခနဲ လှုပ်သွားတယ်။

"ဟင်...ဘယ်သွားမှာလဲ"

"မင်း ပြန်ဖို့လေ၊ နေပူထဲ လမ်းလျှောက်နေရမှာစိုးလို့ စက်ဘီးနဲ့ လိုက်ပို့မလို့"

"လမ်းလျှောက်ပြန်လည်း ရတာပဲဟာ"

"လာမှာသာ လာစမ်းပါ" လို့ ပြောပြီး မမနွေ့ ရှေ့က ဦးဆောင်ဆင်းတော့ ကျွန်တော် လိုက်ခဲ့ရပြန်တယ်။ အိမ်အောက်ဘက် မြေသားပေါ်မှာ နေရောင် ကွက်တိကွက်ကျား ဖြာကျနေတယ်။ သစ်ရွက်တွေရဲ့ အရိပ်ဟာ မြေပြင်မှာ ရုပ်ရှင်ပြနေသလိုပဲ ကခုန်နေကြတယ်။ အရိပ်ရုပ်ရှင်။ တစ်ခါတလေ အဲဒီလို အရိပ်တွေကို ထိုင်ကြည့်ပြီး ကိုယ့်ဘာသာ ဇာတ်လမ်းတစ်ပုဒ်လို မြင်နေရတာ ကျွန်တော် သိပ်သဘောကျတာပဲ။ လေတိုးတာ ပြင်းရင် ပြင်းသလို သစ်ခက်တွေ အရှိန်နဲ့ လှုပ်သွားတာ၊ လေဖျော့ရင် ဖြည်းဖြည်းလေး နွဲ့နေတာ ဘယ်လောက် လှသလဲ။

အဲဒီအရိပ်တွေကြားမှာ မမနွေ့ရော ကျွန်တော်ပါ အရိပ်ပွားတွေအဖြစ်နဲ့ ဟိုတစ်ကွက် ဒီတစ်ကွက် ရောနှောလို့။ ကျွန်တော်တို့ရဲ့ အရိပ်ရုပ်ရှင်။

* * *

တစ်ရက်ကျပြန်တော့ အဲဒီအရိပ်ရုပ်ရှင်ဟာ လှပခမ်းနားတဲ့ သဘာဝ ပန်းချီကားတစ်ချပ် အနီးမှာ တည်ခဲ့တယ်။

အဲဒီရက်က ခါတိုင်းလို စာအုပ်ငှားပြီး မပြန်ဘဲ "ခြံနောက်ဘက် သွားကြည့်လို့ ရမလား မမနွေ့" လို့ ကျွန်တော်မေးတဲ့အခါ "ကြည့်လေ" တဲ့။ တွေ့စတုန်းကတော့ သူ့ကိုယ်သူ သုံးနှုန်းသလို မမလို့လည်း လိုက်မသုံးတတ်ဘဲ အစ်မလို့ တုံးတိတိ ခေါ်ခဲ့ဖူးတယ်။ နှစ်ရက်က သုံးရက် ကူးလာတော့လည်း အစ်ကိုဝမ်းကွဲ၊ အစ်မဝမ်းကွဲတွေကို ကိုကို၊ မမ အနောက်မှာ နာမည်တပ်ခေါ် သလိုပဲ "မမနွေ့" လို့ မရည်ရွယ်ဘဲ ခေါ်မိပါရော။

"ခုမှ ဒီလို အခေါ်ခံရဖူးပေမယ့် နားဝင်ချိုသားပဲ" တဲ့။

သူစိမ်းအရပ်ဒေသမှာ ဦးဆုံး သိကျွမ်းခင်မင်ရတဲ့ မိတ်ဆွေမမဟာ ကျွန်တော့်ကို ဦးဆောင်လို့ ခြံနောက်ဘက်ကို လျှောက်တယ်။ အိမ်နောက်ဖေးကို ခဏတင် ကျွန်တော်တို့ ချဉ်းမိကြတယ်။

ကျွန်တော် စိတ်ဝင်စားမိတဲ့ ခြံနောက်ဘက် အနားသတ်ဟာ တကယ်တော့ ကုန်းမြင့်စွန်းမဟုတ်ဘူး။ ကမ်းပါးတစ်ခုဖြစ်နေတာကိုး။ ကမ်းပါးလျှောစောက်ရဲ့ အောက်ဘက်မှာ မြင်နေရတာကတော့ ကျွန်တော် မျှော်လင့်မထားတဲ့ မြစ်တစ်စင်း။

အဲဒီ မြစ်ဆီကို ကုန်းထိပ်ကနေ ဆင်းသွားတဲ့ အုတ်လှေကားထစ်

ကလေးတွေက ဦးတိုက်နေတာ။ မမနွေတို့ရဲ့ ကိုယ်ပိုင်လှေကား၊ မြစ်ဆိပ်ဆင်းတဲ့ လှေကား ဖြစ်မှာပေါ့။

မြစ်ဟာ ကျွန်တော့် လက်ယာဘက်ကနေ လက်ဝဲဘက်မြင်ကွင်းဆီ ညင်ညင်သာသာ စီးနေတယ်။ ရေလှိုင်းနုတွေဟာ မွန်းလွဲနေခြည်အောက်မှာ ဖိတ်ဖိတ်လက်လို့။

ပထမတော့ ခြံနောက်ဘက်ကို တွေ့ရရင် ပြန်ဖို့ပါပဲ။ ဒါပေမဲ့လည်း ရိုးရိုးသာမန် နေရာတစ်ခု ဟုတ်မနေဘဲ တစ်သက်လုံးမှာ များများစားစား မြင်ဖူးထိတွေ့ဖူးတာ မရှိတဲ့ကြားက ကျွန်တော့်စိတ်ထဲ မြင်လေတိုင်း ရင်ခုန်ပျော်ရွှင်စေတဲ့ မြစ်ရေပြင် ဖြစ်နေတာကိုး။ မြစ်ကမ်းနား ဆင်းကြည့်ချင်စိတ်ဟာ ကားမရဆီးမရ ပေါ်လာတယ်။ အနည်းဆုံးတော့ မြစ်ဟာ ဘယ်နေရာက စလို့ စီးလာတယ်ဆိုတာ ကျွန်တော် မြင်ရင် မြင်ရမှာပေါ့။

"အောက်ဆင်းလို့ ရတယ် မဟုတ်လား မမနွေ"

"အို…ရတာပေါ့၊ မရဘူးဆိုတာ ဘယ်ရှိပါ့မလဲ"

တံ့ရပ်နေတဲ့ မမနွေကို ကျော်လို့ လှေကားထစ်တွေကနေ ကျွန်တော် ဦးအောင် ဆင်းချလာခဲ့တယ်။ လှေကားထစ်တွေမှာ ကြွေနေတဲ့ ဝါးရွက်ဝါ၊ သစ်ရွက်ရော်တွေပေါ် ဖိနင်းမိသံရယ်၊ ရေစီးသံသာသာရယ်ဟာ အချက်ကျကျ ထွက်ပေါ်လို့။

လှေကားအောက်ဆုံးထစ် ရောက်တော့ ကျွန်တော် ရပ်လိုက်တယ်။ မရပ်ရင်လည်း ရှေ့မှာ မြေသား ခပ်ပျော့ပျော့၊ ပြီးရင်တော့ မြစ်ရေစပ်လေ။ ကျွန်တော်က ရေမကူးတတ်ဘူးကိုး။ မမနွေဆိုရင်တော့ ကူးတတ်မှာပဲ။ မြစ်နား ကမ်းနား နေရတဲ့သူများဟာ အတော် ကံကောင်းကြတာပဲ။ လှေလည်း အလွယ် စီးနိုင်သလို ငါးတွေလည်း လတ်လတ်ဆတ်ဆတ် စားရ၊ ရေလည်း ကူးလို့ရ၊ အဝတ်တွေ၊ ဘာတွေ လျှော်ချင်တောင် ရေငင်စရာ မလို။

ပြီးတော့ မြစ်ရေ၊ မြစ်ရေကို ဖြတ်လာတဲ့ လေရနံ့ဟာ တစ်မျိုးလေးပဲ။ မနားတမ်းရှူရှိုက်နေဖို့ပဲ ကောင်းတော့တယ်။ ရေပြင်ဟာလည်း လက်နဲ့ လှမ်းလို့ တို့ထိချင်စရာပဲ။

မမနွေကို လှည့်ကြည့်တော့ ကျွန်တော့် နောက်ဘက် သုံးထစ်လောက် အကွာမှာ ထိုင်ချလိုက်ပြီ။ မမနွေရဲ့ ဝတ်ပုံစားပုံဟာ ကျွန်တော်တို့ စတွေ့တဲ့နေ့ကနဲ့ ခပ်ဆင်ဆင်ပဲဆိုတာ ခုမှသတိပြုမိတယ်။ ပန်းပွင့်နုနုစိပ်စိပ်

ချည်ထည်လုံချည်နဲ့ အကွက် မစိပ်မကျဲ ချည်သား ရှပ်အင်္ကျီလက်တို ကိုယ်ထည် ပွပွနဲ့။

နဖူးထက်က ဆံပင်ကျပြန့်တော့ မေမေတို့လိုပဲ အတိုညှပ်လို့ ဘေးဘက်ကို ခွဲထားတယ်။ ရန်ကုန်မှာ ကျွန်တော်တွေ့ဖူးတဲ့ အစ်မကြီးတွေလို အမောက်ကလေး ကော့နေအောင် ထောင်ထားတာ၊ ဘေးခွဲဆံပင်ရဲ့ ဒီဘက် လွတ်နေတဲ့ နေရာမှာ ဆံလျှော်လေးတွေ ချထားတာတော့ လုပ်မထားဘူး။ ဒါပေမဲ့ မမနွေဟာ ရိုးရိုးဆင်ထားရုံနဲ့ကို လှနေပြီ မှတ်တာပဲ။ ပါးကွက်လေး ညီညီ ကွက်ထားပုံကလည်း နေ့ခင်း နေအပူမှာတောင် မြင်ရတာ ငြိမ်းချမ်းနေပါတယ်။

“မမနွေ၊ ဒါ ဘာမြစ်လဲ ဟင်”

“ဒုဋ္ဌဝတီလေ”

“ဒုဋ္ဌဝတီ...”

“ဒုဋ္ဌဝတီဆိုတာ ဧရာဝတီမြစ်ရဲ့ မြစ်လက်တက်လေ၊ မြစ်ငယ်မြစ်လို့လည်း ခေါ်တယ်၊ အဲဒါက ဧရာဝတီနဲ့ ပေါင်းခါနီးတော့မှပါ၊ ရှမ်းပြည်မှာတော့ သူ့နာမည်က ဒုဋ္ဌဝတီပဲ”

လူတစ်ယောက်ကို ပြောသလို ချစ်ချစ်ခင်ခင် ရှိလှဟန် “သူ” ဆိုတဲ့ နာမ်စားကို ကျွန်တော် သတိပြုလိုက်မိတယ်။

ဒုဋ္ဌဝတီ..ဒုဋ္ဌဝတီ တဲ့။ ဒီနာမည် ကျွန်တော် သိသားပဲ။

“ဟိုလေ...ဟို ကျောက်မဲအကျဉ်းသားထဲက ဒုဋ္ဌဝတီလား”

“အံမယ် ကျောက်မဲအကျဉ်းသား ကြည့်ဖူးတယ်ပေါ့လေ၊ ခုခေတ် ကလေးတွေက ရှေးကား အဖြူ၊ အမည်းတွေ သိပ်မကြည့်ဖူးဘူး မှတ်နေတာ”

အသက်ဖြင့် သိပ်ကွာပုံ မပေါ်ဘဲနဲ့ “ခုခေတ်ကလေးတွေ” တဲ့။ ဒီ အသုံးကို အတော်မကြိုက်လှတာနဲ့ ကျွန်တော် မဆိုင်းမတွ တုံ့ပြန်ဖို့ပြင်တယ်။

“ကြည့်ဖူးပါတယ် မမနွေရဲ့၊ မေမေနဲ့ အတူကြည့်တာ၊ တနင်္ဂနွေ ရုပ်ရှင်မှာ ပြတုန်းကလေ၊ အဲဒီကားထဲမှာ မေမေ သဘောကျတဲ့ စကားတောင် ကျွန်တော် မှတ်မိသေးတယ်”

“အင်း...ပြောပါဦး”

စကားလုံး ရေရာအောင် ကျွန်တော် တစ်ချက် တွေပြီး စဉ်းစားလိုက်တယ်။

“ဒုဋ္ဌဝတီမြစ်ရေ သောက်မိရင် သီပေါကို နောက်တစ်ခေါက် ပြန်လာရတယ်တဲ့၊ ဝင်းဦးတစ်ကိုယ်က နောက်တစ်ကိုယ်ကို ပြောတာလေ”

“အလဲ့ မှတ်ဉာဏ်ကောင်းသားပဲတော့်”

မမနွေရဲ့ မှတ်ချက်စကားသံဟာ ရယ်သံနုနုနဲ့ ရောနေတယ်။

“အဖြူ၊ အမည်းမို့တဲ့၊ ဆေးရောင်စုံနဲ့ဆို ရှုခင်းတွေ သိပ်လှမှာပဲတဲ့ မေမေက ပြောသေးတယ်၊ ကျွန်တော်တော့ ဝင်းဦး မြင်းစီးတဲ့အခန်းတွေ တအားသဘောကျတာပဲ၊ ကျွန်တော်လည်း မြင်းစီးတတ်ရင် သိပ်ကောင်းမှာပဲ၊ ဟောဟိုမြစ်ကမ်းနားမှာ မြင်းစီးပြီး တောထဲ လျှောက်ကြည့်မယ် သိလား မမနွေ”

ကျွန်တော် လက်ညှိုးညွှန်လိုက်တဲ့ မျက်နှာချင်းဆိုင် မြစ်ကမ်းနား တစ်လျှောက်ဟာ သိပ်လှတာပဲ။ ယာခင်းရယ်၊ နောက်ဘက်က ခင်တန်းလေးရယ် ပြီးတော့ တောင်တန်းတွေရယ်။ ယာခင်းစောင့်တဲကလေး ဆိုတာလည်း ခုပဲ ပြေးသွားဆော့လိုက်ချင်စရာပဲ။ မြင်နေရသမျှ မြင်ကွင်းတွေဟာ အိမ်မှာ မေမေ ချိတ်ထားတတ်တဲ့ ရှုခင်းအလှသီးသန့် ပြက္ခဒိန်တွေထဲက ဓာတ်ပုံတွေ၊ ပန်းချီတွေလိုပဲ ကြည့်လို့ သိပ်ကောင်းတယ်။

မြစ်အထက်ဘက်ကို မျှော်ကြည့်တော့ ကျွန်တော် ထင်ထားသလို မြစ်စီးဆင်းလာပုံကို အတိုင်းသား မမြင်ရပါဘူး။ တောင်ကုန်းစိမ်းစိမ်းတွေ ရံထားတဲ့ မြစ်အကွေ့လေးကို ရေကန်အနားသတ်တစ်ခုလို မြင်နေရပါတယ်။ တိမ်မျှင်တိမ်အုပ်တွေကတော့ မြစ်ကို ငုံ့ကြည့်နေကြသလိုပဲ။

ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ တိုးဝှေ့နေတဲ့ လေပြည်ဟာ မြစ်ပြင်ကို ဖြတ်လာတာမို့ စိမ့်စိမ့်လေး အေးနေတယ်၊ မွှေးနေတယ်။ ဒီလေကို တဝ ရှူကြည့်ဦးမှပဲလို့ ကျွန်တော်က တွေးလိုက်ရုံရှိသေး ကျွန်တော့်ဘေးနား ရောက်လာတဲ့ မမနွေကဖြင့် အသံကလေး ထွက်အောင် ရှူရှိုက်လိုက်လေရဲ့။

“ဒီလေအနံ့ကို မမ တအားကြိုက်တာပဲ၊ အိမ်မှာ ဒီနေရာလေးကို အကြိုက်ဆုံးပဲ၊ စာဖတ်ရင်လည်း ဒီနေရာမှာ စာလာဖတ်တာ သိလား”

“ကျွန်တော်လည်း ဒီမှာ လာထိုင်ဖတ်လို့ ရလား”

“ရတာပေါ့”

"ဘွားကြင်…ဘွားကြင် ဆူရင် ဘယ်လို လုပ်မလဲ"

"အံမယ် ဘွားကြင်က ကလေး ချစ်တတ်ပါတယ်၊ လာလည်ချင်ရင် လာသာလာ"

အဲဒီနှစ်က နေရာသစ် အိမ်သစ်မှာ ကျောင်းမဖွင့်ခင် ဖြတ်သန်းရတဲ့ နွေနှောင်းဟာ ကျွန်တော် မရောက်ခင်ရယ်၊ ရောက်စတုန်းကရယ် တွေးမိသလို ပျင်းစရာ မဟုတ်တော့ပါဘူး။ နေ့လယ်နေ့ခင်းဆို ကျွန်တော်ဟာ မေမေ့ကို ခွင့်တောင်းပြီး မမနွေတို့အိမ်ဆီ လမ်းလျှောက်သွားတော့တာပဲ။ မမနွေကို တွေ့ဖူးနေ သိနေပြီမို့ ဒီနာမည် ပြောလိုက်တာနဲ့ မေမေ့ဂိတ်တံခါးက အလိုလို ပွင့်ပြီးသားပဲ။ "လမ်းဘေးက လျှောက်နော်" လို့တော့ ပူပူပန်ပန် မှာသေးတာပေ့ါ။ တကယ်တော့လည်း ကုန်ကားကြီးတွေ၊ လူစီးကားတွေဆိုတာ ခုခေတ်လို အသွားအလာ မများလှတော့ ကတ္တရာလမ်းဘေး မြက်ခင်းစပ်က ကပ်လျှောက်လည်း အန္တရာယ် ရှိမယ် မဟုတ်ပါဘူး။ ဒါပေမဲ့ လမ်းဘေး ဆိုတာမှာမှ လမ်းအောက်ဘက်နား ကပ်ပြီးတော့ကို ကျွန်တော် လျှောက်ပါတယ်။

ဘော်ကြိုရွာလမ်းမဟာ မြင့်မားစိမ်းစိုတဲ့ ကုက္ကိုပင်ကြီးတွေ မိုးထားလို့ လမ်းလျှောက်ရင် သိပ်လည်း မမောပန်းလှဘဲ မမနွေတို့အိမ်ဆီ ရောက်နိုင်တယ်။ များသောအားဖြင့် ကျွန်တော် ရောက်တဲ့အချိန်ဟာ မမနွေတို့၊ ဘွားကြင်တို့ ထမင်းစားသောက်ပြီး အိုးခွက်ပန်းကန် ဆေးကြောပြီးလို့ နေ့လယ်နေ့ခင်း နားနားနေနေ ရှိကြတဲ့အချိန်မျိုးပဲ။ ဘွားကြင်ကတော့ ရေနွေးကြမ်းခွက်လေး ဖြည့်ဖြည့်ပြီး တစိမ့်စိမ့် သောက်လို့ ရေဒီယိုလေး နားထောင်။ မမနွေကလည်း ဘွားကြင်အနားမှာ ရေဒီယို အတူနားထောင်လို့ ရှိနေတတ်တယ်။ တစ်ခါတလေလည်း အိမ်နောက်ဘက်က မြစ်ဆိပ်မှာ အဝတ်လျှော်၊ ဒါမှမဟုတ် အိမ်ဘေးက ကြိုးတန်းတွေမှာ အဝတ်လှန်းနေတဲ့ မမနွေကို တွေ့ရတတ်တယ်။ ဆန်ပြာ၊ မီးဖိုချောင်သိမ်း စတဲ့ အိမ်အလုပ် လုပ်လက်စရှိနေတာ တွေ့ရတတ်တယ်။ တစ်ခါတစ်ခါ ကျပြန်တော့ ဝရန်တာလေးမှာ ဖြစ်ဖြစ်၊ မြစ်ဆိပ်လှေကားမှာ ဖြစ်ဖြစ် ထိုင်လို့ စာဖတ်နေတာ တွေ့ရတာပဲ။

ခုထိတော့ ကျွန်တော် ရောက်လာသမျှ ရက်တွေမှာ တခြားအိမ်သားလည်း မတွေ့ရသေးဘူး။ မမနွေရယ်၊ ဘွားကြင်ရယ် နှစ်ယောက်တည်းပဲ။ ဒီအိမ်မှာ အိမ်သား နှစ်ယောက်ပဲ ရှိသလား။ မမနွေမှာ အဖေ၊ အမေ မရှိဘူး လား။ မောင်နှမတွေရော မရှိဘူးလား။ အတောမသတ် သိလိုတဲ့ မေးခွန်းတွေကို တစ်ရက် မေမေ့ရှေ့မှာ လွှတ်ခနဲ ပြောမိတော့ ကျွန်တော် ကြိုအတားခံရတယ်။

"သူများ မပြောပြဘဲ သူများအကြောင်း ဟိုမေးဒီမေး မမေးရဘူးနော်၊ အဲဒီလို မေးတာ မကောင်းဘူး ကြားလား"

"ကျွန်တော် မမေးပါဘူး မေမေရာ"

"မမေးတာတော့ သိပါတယ်၊ တော်ကြာ စကားပြောရင်း လွှတ်ခနဲ ပါမစိုးလို့ ပြောနေရတာ၊ တစ်ခါတစ်ခါကျ လူကြီးတွေရှေ့ ဘာတွေမှန်းလည်း သေချာနားမလည်၊ ပြောရမှန်း မပြောရမှန်းလည်း မသိဘဲ လွှတ်ခနဲ ပြောချင်တာတွေ ပြောတတ်ပြီးတော့"

မေမေ ဘာပြောတယ်ဆိုတာ ကျွန်တော် သိသားပဲ။ ခုအရွယ်လည်း မဟုတ်၊ ငယ်တုန်းက အကြောင်းတွေပါလေ။ ဒါကိုပဲ သတိရတိုင်း မေမေက အစဖော် ရယ်စရာ လုပ်တတ်တယ်။

ကျွန်တော်ဟာ လေး၊ ငါးနှစ်အရွယ်တုန်းက လူကြီးတွေ ပြောတာတွေ မှတ်မှတ်ထားပြီး ပြောရမယ့်နေရာ ဟုတ်ဟုတ်၊ မဟုတ်ဟုတ် ပြောချလိုက်တတ်သတဲ့။ လူကြီးတွေမှာ တစ်ခဏတော့ ဒီကလေး ဘာပြောလိုက်ပါလိမ့် ကြောင်အမ်း၊ နောက်တော့ နားလည်ရင် တဝေါဝေါ ရယ်ရတယ် ဆိုတာပဲ။ ဥပမာ ဆိုပါစို့၊ ကြီးကြီးနဲ့အတူ မြန်မာဗွီဒီယို အတူ ကြည့်နေရင်း မင်းသမီး ပျို့အန်တဲ့အခန်း ရောက်ရင် "ကြီးကြီး၊ အဲဒါလေ သူ ကိုယ်ဝန်ကျိုသွားတာ သိလား" လို့ ဝင်ပြောတယ်ဆိုပဲ။ ကြီးကြီးရော၊ ဘေးက အတူကြည့်နေသူတွေရော ရယ်လိုက်ကြတာ တော်တော်နဲ့ မရပ်ဘူးတဲ့လေ။ ခုချိန်အထိ လက်ဆင့်ကမ်းလာကြတဲ့ ဟာသမှာ ကျွန်တော်ဟာ အသက်ဘယ်လောက် ရောက်လာ ရောက်လာ လေး၊ ငါးနှစ် ဖြစ်မြဲပဲ။

'ငယ်တုန်းကဟာတွေပါ မေမေရာ၊ သားက အခု လူကြီးဖြစ်နေပြီ၊ မမနွေ့ မပြောဘဲ မမေးဘူး၊ တကယ်ပြောတာ' လို့ အဲဒီနေ့က မေမေ ကျေနပ်အောင် ကတိပေးခဲ့တာဟာ စကားအဖြစ် ပြောတာတော့ မဟုတ်ဘူး။ စကား အတိုင်း တစ်သဝေမတိမ်း မမေးမစမ်းဘဲနဲ့ မမနွေ့တို့အိမ်မှာ ဝင်ထွက်နေမိတာပဲ။

ဒီအိမ် လာရတဲ့ ကျွန်တော်ရဲ့ ဦးတည်ချက် နှစ်ရပ်က အပျင်းပြေဖို့၊ စာအုပ်ငှားဖို့ ဒါပဲ မဟုတ်လား။ အဲဒီနှစ်ခုစလုံး အောင်မြင်မှတော့ ကျန်တာ ဘာမှ အရေးမကြီးဘူးလို့ပဲ ကျွန်တော် မှတ်တယ်။

မမနွေ့တို့ အိမ်ဝိုင်းကလေးထဲ ဝင်လာရင် လူဟာ အလိုလို ရွှင်လာတတ်တယ်။ နေ့ခင်း နေရိပ်ထိုးလို့ သစ်ရွက်လေးတွေ၊ ပင်စည်တွေ မြေပြင်မှာ အရိပ်ဇာတ်ခင်းတာကို မြင်မြဲလို မြင်ရတယ်။ ခြံနောက်ဘက်က သစ်ပင်မြင့်တွေ၊ ဝါးရုံတွေဆီက လေတိုးသံကြားရတယ်။ အသေအချာ

နားထောင်ရင် ဖြစ်ရေစီးသံ သဲ့သဲ့လေးကိုတောင် ကြားနိုင်သေးတယ်။

လှေကားထစ်တွေကို စတက်လိုက်တာနဲ့ ကျွန်တော့်နှုတ်က ထွက်ပေါ်မြဲ ခေါ်သံဟာ “မမနွေ” ဆိုတာပါပဲ။

* * *

မမနွေရဲ့ နာမည်လေးကို တိုးတိုးဖွဖွ ရွတ်ရင်ပဲ ဖြစ်ဖြစ်၊ မှတ်မိသမျှ ငယ်မျက်နှာလေးကို မြင်ယောင်ရင်ပဲ ဖြစ်ဖြစ် ကျွန်တော့်နှလုံးခုန်သံဟာ တငြိမ့်ငြိမ့်စီးဆင်းတဲ့ စမ်းချောင်းကလေးလိုပဲ။ အေးမြတယ်၊ ငြိမ်းချမ်းတယ်၊ ဂီတရဲ့ သိမ်မွေ့နက်နဲခြင်း သဘောတရားတွေလည်း ပေါင်းစပ်ပါဝင်နေတယ်။

စမ်းရေစီးနဲ့ တအိအိ တလွင့်လွင့် မျောသလို စိတ်ကို လွှတ်ပေးမိတဲ့ အခါ နှစ်ပေါင်း ၂၀ ဆိုတဲ့ ကာလဟာ ဘာမှ မဟုတ်တော့သလို အမှုန် အမွှားမျှသာပဲ။ ကျွန်တော်ချစ်ခဲ့ပါတယ်၊ လွမ်းခဲ့ပါတယ်။ ပစ္စုပ္ပန်မရှိ၊ အနာဂတ် မသိ၊ အတိတ်တစ်ခုသာ သက်ဝင်လှုပ်ရှားတော့သလို ကြုံနေရတဲ့ အချိန်နာရီတွေ နောက်ပြန်လည်သလို မကြာခဏ. အမှတ်မှားပါတယ်။

မြူမှုန်လို ကာလွှားတဲ့ နံရံတစ်ခုကို တိုးဖယ်လိုက်ရုံနဲ့ အတိတ်ကို ပြန်ရောက်၊ အရာရာဟာ ပိတ်ကားထက် ထင်တဲ့ ရုပ်မြင်ရိပ်ပုံတွေပဲလို့ ကျွန်တော် ပြောရင် အပိုလို့ ဘေးလူတွေက ဆိုကောင်းဆိုမယ်။ ကျွန်တော့် အတွက်တော့ ဘေးလူတွေ ဘယ်လို မြင်တယ်ဆိုတာ သိပ်အရေးမကြီးလှဘူး။ ကျွန်တော် ဖန်တီးတဲ့ သီးခြားကမ္ဘာမှာ ငြိမ်ဆိမ်လွမ်းနေရရုံနဲ့ ပြည့်စုံခဲ့ပါတယ်။

မှတ်ဉာဏ်ကောင်းလှသူ မဟုတ်တဲ့ ကျွန်တော့်မှာ မမနွေနဲ့ ပတ်သက် လာရင်တော့ အသေးစိတ်ကအစ မှတ်မိနေပြန်တယ်။ ဥပမာ ဆိုပါစို့၊ မမနွေမှာ မောင်နှမများ မရှိလေဘူးလားလို့ သိချင်ရက်နဲ့ မမေးဖြစ်ခဲ့တဲ့ မေးခွန်းရဲ့ အဖြေ ကျွန်တော့်ဆီ ဆိုက်ဆိုက် ရောက်လာခဲ့တဲ့နေ့ ဆိုပါစို့။ ဘယ်ပုံ ဘယ်နည်း အဖြေ သိရတယ်ဆိုတဲ့ မြင်ကွင်းတွေဟာ ခု ပြန်စဉ်းစားရင် ခုပဲ မျက်စိရှေ့ ဖြစ်ပျက်နေသလို တရေးရေး ပေါ်လာတော့တာပဲ။

အဲဒီနေ့က ကျွန်တော်ဟာ မမနွေတို့ ခြံဝိုင်းထဲကို နေ့ခင်းချိန် ဝင်မြဲတိုင်းလို ဝင်လာခဲ့တယ်။ “မမနွေ” လို့ အသံပြုတယ်။ မမနွေရဲ့ ပြန်ထူးသံ၊ ဒါမှမဟုတ် အဘွားကြင်ရဲ့ တုံ့ပြန်သံ မကြားရခင် အိမ်ထဲကနေ လူရိပ်တစ်ရိပ် ထွက်လာတာ တွေ့လိုက်ရတယ်။

ကာတွန်းစာအုပ်တွေ ရင်မှာပိုက်၊ လှေကားရင်းမှာ ခြေစုံရပ်ပြီး ဝရန်တာကလူကို ကျွန်တော် စူးစမ်းမိသလို သူကလည်း ကျွန်တော့်ကို

အကဲခတ်လို့။ သူဟာ မမနွေ့နဲ့ အသက်ချင်း မတိမ်းတယိမ်း ဖြစ်လိမ့်မယ်။ ရုပ်ဆင်သလား ဆိုတော့လည်း အဆင်ချည်း ဟုတ်မနေဘူး။ ရှမ်းစပ်သူတွေလို အသားအရေမျိုး ရှိတယ်၊ မျက်လုံးမျက်ဆန်ကတော့ မမနွေ့လို ဝန်းဝန်းလှလှမဟုတ်ဘူး၊ နှာတံစင်းစင်း၊ နှုတ်ခမ်းပိပိရိရိ။ ခြုံပြောရရင် ကြည့်ကောင်းသူတစ်ယောက်ပဲ။ အရပ်အမောင်းဟာ အသက်နဲ့ စာရင် နည်းနည်းတော့ ရှည်လျားလျား နိုင်သလိုလို။ လူက မပြည့်ဖြိုးလှတော့ အရပ်က ပိုရှည်နေသလို ထင်ရတာ ဖြစ်လိမ့်မယ်။

သူ ဘယ်သူလဲ၊ မမနွေ့ရဲ့ အစ်ကိုလား၊ သူငယ်ချင်းလားလို့ ကျွန်တော် တွေဝေတွေးနေတုန်းမှာပဲ "နွေ့က မီးဖိုထဲမှာ" လို့ ပြောလာတယ်။

ကျွန်တော် အိမ်ပေါ်ရောက်တယ်ဆိုရင်ပဲ မမနွေ့ မီးဖိုထဲက ထွက်လာပြီ။ ခါတိုင်းလိုပဲ ပါတိတ်ထဘီ အိမ်နေရင်းဝတ်လေးနဲ့၊ ရှပ်အင်္ကျီပွပွနဲ့။ ဆံပင်တွေကို အလွယ်စည်းနေကျလို စည်းနှောင်ထားတယ်။ သနပ်ခါး ပါးကွက်ရေးရေးနဲ့။ ပြုံးလိုက်တော့ အဲဒီ ပါးကွက်ကလေးတွေပါ လှုပ်လို့။ "လာလေ မြတ်မော်" တဲ့။

စားစားက တစ်ယောက်ဟာ စာအုပ်စင်နဲ့ မလှမ်းမကမ်းက ဖျာချောပေါ် ထိုင်နေပြီ။ နေကြာစေ့ပန်းကန်ထဲက နေကြာစေ့တွေ တဖြောက်ဖြောက် ဝါးနေပြီ။ ဘေးမှာ ခေါင်းအုံးနှစ်လုံးဆင့် ချထားပုံ၊ ဝတ္ထုတစ်အုပ် မှောက်လျက် ချထားပုံထောက်တော့ စားစားက ကျွန်တော် မရောက်ခင်အထိ လဲလျောင်းရင်း စာဖတ်နေပုံပဲ။ အဘွားကြင်ကိုတော့ မတွေ့ရ။ အိမ်လည်တာလည်း ဖြစ်ရင် ဖြစ်လိမ့်မယ်။ ဘာလို့ဆို အိမ်မှာသာ ဘွားကြင် အိပ်နေရင် မမနွေ့ဟာ အသံ ဒီလောက် မကျယ်ဘဲ တိုးတိုးညင်သာ ပြောတတ်တာကိုး။

"စာအုပ် လာယူတာဆို အတော်ပဲ၊ သုံး၊ လေးရက်စာသာ ယူသွားတော့ မြတ်မော်၊ မမ ဒီနေ့ သီပေါ ပြန်မှာ"

"သီပေါ ပြန်မှာ" ဆိုတဲ့ စကားလုံးကို ကျွန်တော် သံယောင်လိုက်မိတယ်။

"အင်းလေ ဒီညနေ သီပေါ ပြန်မှာ၊ သန်ဘက်ခါ ကျောင်းဖွင့်တော့မှာပဲ မြတ်မော်ရဲ့၊ ဒါတောင် ကျူရှင်မတက်လို့ မမ စောမပြန်ရတာနော်"

"ဩော်" လို့ လူကြီးတွေ လေသံဖမ်းပြီး ကျွန်တော် ဆိုတယ်။ ရှစ်တန်းတက်မယ့် မမနွေ့ဟာ ကျွန်တော် ထင်ထားသလို ဘော်ကြိုကျောင်းမှာ တက်တာ မဟုတ်မှန်း သိနှင့်သားပဲ။ ကျောင်းကြီးလို့ ခေါ်ကြတဲ့ သီပေါက အထက်တန်းကျောင်းမှာ တက်မှန်းလည်း သိသားပါပဲ။ ဒါပေမဲ့ သိရက်နဲ့

မေ့မေ့လျော့လျော့ ရှိမိတယ်။ ကျောင်းတွေ ဖွင့်ရင် ကျွန်တော်နဲ့အတူ ကျောင်းသွားဦးမလို ထင်မိခဲ့တယ်။ ခုတော့ မမနွေက ပြန်တော့မတဲ့။

ကျောင်းမဖွင့်ခင် ကာလတိုလေးမှာတင် သိကျွမ်းလိုက်ရပေမယ့် နေရာစိမ်းမှာ ဦးဆုံး ခင်တွယ်ရသူမို့ မမနွေ ဒီအိမ်မှာ ရှိတော့မယ် မဟုတ်ဘူးဆိုတဲ့ အကြောင်းအရာဟာ ကျွန်တော့်ကို ဝမ်းနည်းစေတယ်။ ခါတိုင်းလိုဆိုရင် တစ်ခုခုတော့ ပြောလိုက်မိမှာပဲ။ သူတစိမ်းရှေ့မို့ ကျွန်တော် နှုတ်ဆိတ်နေတယ်။

ကာတွန်းစာအုပ်လေးတွေကို စာအုပ်စင်မှာ ကျွန်တော် စီရရီ တင်လိုက်တယ်။ စာအုပ်ရွေးနေတုန်းမှာပဲ စောစောက ဘယ်သူပါလိမ့် ကျွန်တော် သိချင်လှသူနဲ့ မမနွေက မိတ်ဆက်ပေးသလို ဆိုလာတာပဲ။ “ဒါ မမအစ်ကိုလေ၊ ကိုလေးလို့ ခေါ်တယ်၊ မမကို ပြန်လာကြိုတာ” တဲ့။ အစ်ကိုလည်း ပြောသေး၊ ရုပ်လည်းမတူဘူးလို့ ကျွန်တော် တွေးမိတယ်။ ဒါပေမဲ့ နှုတ်ဆိတ်လျက်ပဲ။

“မြတ်မော်လေ ကိုလေး” လို့ မမနွေ ပြောတော့ ရင်းနှီးဟန်အပြုံးကို တွေ့လိုက်ရတယ်။ ကျွန်တော့်နာမည်တော့ သူ့ကို မမနွေ ပြောဖူးမှာပေါ့။ စာအုပ်လာလာငှားတဲ့ ကောင်လေးဆိုပြီး ပြောပြဖူးမှာပေ့ါ။ ဘယ်တုန်းက ပြောပြတာ ဖြစ်လေမလဲ။ ဒီအိမ်ကိုတော့ ကိုလေးလာတာ ကျွန်တော် အခုမှ တွေ့ဖူးတာမို့ ဖြစ်ချင်းဖြစ် မမနွေ စာအုပ်ဆိုင် သွားတုန်းက ဖြစ်ပါလိမ့်မယ်။

မမနွေဟာ ဒီအိမ်မှာ စာအုပ်တွေ ဖတ်စရာ မကျန်တော့တာမို့ နှစ်ရက်ခြားနေ တစ်ခါလောက် သီပေါက စာအုပ်ဆိုင်ဆီ စာအုပ်ငှားဖို့ သွားတတ်သူပါပဲ။ အဲဒီဆိုင်ဟာ ကလေးတုန်းကတည်းက ငှားလာခဲ့တဲ့ ဆိုင်မို့၊ မမနွေ လာရတာလည်း ဝေးမှန်းသိတာမို့ ရက်လွန်ကြေးမရှိ ရက်ကျော်ငှားခွင့် ပေးထားသတဲ့။ ကျွန်တော့်ကိုတော့ နောက်နှစ်လောက်ကျမှ စက်ဘီးနဲ့ လွှတ်ဖို့၊ မေမေ စိတ်ချတဲ့အချိန်လောက်မှ လိုက်ခဲ့ဖို့ ဆိုတယ်။

“နွေ ပြန်ရင် မင်းတော့ ပျင်းနေတော့မှာပဲ”

ကျွန်တော် ပြောချင်တဲ့စကားဟာ ကိုလေးဆိုသူရဲ့ နှုတ်က ထွက်ကျ လာပါပကော။ ကာတွန်းစာအုပ် တစ်အုပ်ကို ကြမ်းမှာ ချလိုက်ရင်း “ဟုတ်” လို့ ကျွန်တော် တုံ့ပြန်လိုက်မိတယ်။

“အံမယ် ကျောင်းဖွင့်လို့ သူငယ်ချင်းတွေ ရလာရင် ဆော့ရတာနဲ့တောင် ဝမှာ မဟုတ်ဘူး”

မောင်နှမနှစ်ယောက် ရယ်ကြတော့ ကျွန်တော်လည်း လိုက်ရယ်မိတယ်။ မမနွေ့ဟာ ကျွန်တော်နဲ့ တွေ့တာ သိပ်မကြာသေးပေမဲ့ ကျွန်တော့် စိတ်ကို အတိအကျ ခန့်မှန်းတတ်သလိုပဲ။ ကျွန်တော်ဟာ အဖော်အပေါင်း မင်လှသူ၊ အဆော့မက်သူဆိုတာ မမနွေ့ ဘယ်လိုများ သိပါလိမ့်။

"ဟိုတစ်နေ့ကတောင် အိမ်နားက ဖိုးခွားနဲ့ တွေ့ပြီးပြီ၊ အဖော်ရနေပြီ မဟုတ်လား၊ မင်းနဲ့ အတန်းတူပဲလေ"

မမနွေ့ ပြောတော့မှ သူငယ်ချင်းအသစ်ကို ကျွန်တော် အမှတ်ရလာတယ်။ ဟုတ်သား၊ သူငယ်ချင်းအသစ်ရတာ၊ မနေ့ကတောင် နှစ်ယောက်သား အိမ်နောက် တောတန်းဘက် သွားဆော့ကြသေးတာ ညနေဘက် လာတုန်းက ပြောပြမိတာကိုး။ (ကျောင်းဖွင့်တော့ သူငယ်ချင်းလေးယောက် တတွဲတွဲ နေကြတဲ့အထဲ ဖိုးခွားလည်း ပါတယ်၊ နောက်နှစ်ယောက်က ဟိုမှော်ရွာက စိုင်းနောင့်ရယ်၊ နားခဲရွာက ရွှေယိင်းရယ်။)

"ဆော့သာဆော့ကွာ မြတ်မော်၊ အတန်းကြီးလာရင် စာတွေ နင်းကုန်းကျက်ရတာ ပျင်းစရာကြီး၊ ဒီအချိန်လေးတွေပဲ ပျော်စရာကောင်းတာ"

"ကျွန်တော် အတန်းလည်း မကြီးချင်ဘူး၊ စာလည်း တအားမကျက်ချင်ဘူး၊ စာကျက်ရတာ ပျင်းတယ်"

"စာဖတ်ရတာတော့ ပျော်တယ်မို့လား" လို့ မမနွေ့ စကားထောက် စတော့ ကျွန်တော် ရယ်မိတယ်။ ကျွန်တော်ဟာ မေမေ တဖွဖွ ဆူပြောနေမှ စာကျက်တတ်သူပဲ။ ဖြစ်နိုင်ရင် ကာတွန်းတွေ ဖတ်ပြီး၊ သူငယ်ချင်းတွေနဲ့ ဆော့ပြီးတော့သာ နေချင်တယ်။

"ဖတ်ပါ၊ အပြင်စာ ဖတ်တာကဖတ်၊ ကျောင်းစာလည်း မလွတ်စေနဲ့"

မမနွေ့ရဲ့ လေသံဟာ အစ်မကြီးတစ်ယောက်ရဲ့ လေသံမျိုးပဲ။ ကျွန်တော် စောဒက မတက်၊ အရွှင်စိတ်နဲ့ပဲ ခေါင်းညိတ်မိတယ်။

အဲဒီညနေက ကိုလေးနဲ့ မမနွေ့ ဘီးကလေး တစ်စီးစီနဲ့ သီပေါ ပြန်ကြတော့ ကျွန်တော်ရယ်၊ ဖိုးခွားရယ်ဟာ ကျွန်တော်တို့ အိမ်ရှေ့ကွက်လပ်မှာ ဂျင်ပေါက်နေတုန်း။ "မြတ်မော်ရေ၊ မမ ပြန်ပြီနော်" လို့ မမနွေ့ အော်တော့မှ ကျွန်တော် ခြံရှေ့ပြေးထွက်မိတယ်။ မမနွေ့ရယ်၊ ကိုလေးရယ်ဟာ ဘီးနင်းရင်း လက်ပြလို့၊ ကျွန်တော်လည်း ပြုံးရွှင်ရယ်မော လက်ပြနှုတ်ဆက်မိတယ်။

ဘီးနှစ်စီး တဖြည်းဖြည်း ဝေးသွားတော့ ကျွန်တော့်လက်ဟာ ဖတ်ခနဲ

ပြုတ်ကျတော့တယ်။ ဝမ်းနည်းသလိုလို ခံစားမှုတစ်မျိုးဟာ ကျွန်တော့်စိတ်ထဲ လှုံးလိမ့်ပြေးလွှားနေတယ်။ လမ်းကလေးအကွေ့မှာ ပျောက်ကွယ်သွားတဲ့အထိ ဘီးလေးတွေကို ငေးလို့ နေမိတယ်။

မမနွေ ပြန်လာဦးမယ်ဆိုတာ သိရက်နဲ့ ဝမ်းနည်းလွမ်းဆွတ်သလိုလို ဖြစ်မိတဲ့ အဲဒီအခိုက်အတန့်ကို မမနွေနဲ့ လုံးလုံး ပြန်မတွေ့ရတော့ဘူးလို့ သိလိုက်ရတဲ့ အချိန်ကျတော့မှ ဘာကြောင့်မှန်းမသိ တိုက်တိုက်ဆိုင်ဆိုင် ပြန်တွေးမိတယ်။

❁

ဆိုင်အပြင်ဘက်တွင် မိုးသည်းစပြုလျက် ရှိသည်။

နံနက်တုန်းက မိုးရိပ်မိုးငွေ့ မမြင် မိုးလေကင်းခဲ့တာကို ဝမ်းသာခဲ့ရ သလောက် ခုတော့လည်း ဒုဋ္ဌဝတီမြစ် ကမ်းနံဘေး အိမ်ကလေးနှင့် မလှမ်းမကမ်းက လက်ဖက်ရည်ဆိုင်မှာပင် သူတို့ ခိုနေကြရပြီ။

လက်ဖက်ရည်ဆိုင်ဆီ မရောက်မီတုန်းကတော့ သူတို့သည် ကောင်လေး၏ မမနွေ နေထိုင်ခဲ့သော အိမ်ဝင်းခြံအတွင်းမှာ၊ ခြေရာဟောင်း၊ ပုံရိပ်ဟောင်းတို့နှင့် အနီးစပ်ဆုံးသောနေရာမှာ ရှိနေခဲ့လေသည်။

တံခါးစေ့ပိတ် သော့ခတ်၍ ငြိမ်ချက်သားကောင်းလှသော အိမ်ကလေးကို မြတ်မော် ငေးတော့ လှေကားထစ်လေးများကအစ ဝရန်တာက ရေအိုးစင်ဟောင်းလေး အထိ သူပါ စူးစမ်းရသည်။ ဒုဋ္ဌဝတီမြစ်ကမ်းသို့ မြတ်မော် ဆင်းလျှင် သူသည် လှေကားထစ်မှာ နေရာယူကာ မြစ်ကို မမြင်ဖူးသလို ငေးမျှော်၏။ စကားဆိုလျှင် နားစိုက်ထောင်၏။ တစ်ချက် တစ်ချက် လိုအပ်လာလျှင်တော့ စကားထောက်ပေးမိလေသည်။

မြစ်ရေစီးသံသည် အတိတ်ကို တသသူတစ်ဦး၏ သရုပ်ကို ပံ့ပိုးပေးသည့် နောက်ခံဂီတလည်း ဖြစ်ခဲ့သည်။

မြစ်ကမ်းနံဘေးမှ ခွာကာ အိမ်ဝင်းထဲက နှစ်ယောက်သား ထွက်ရန် ပြင်ဆဲမှာပင် မိုးက ဆိုင်းမဆင့် ဗုံမပါ ဖြုန်းဆို ရွာတော့သည်။ မသည်းသည်ကိုပင် ကျေးဇူးတင်ရ၏။ နို့မို့ဆိုလျှင်တော့ အဆောင်းမပါသူတို့မှာ လူကြီးများ ပြောတတ်သလို ဒုက္ခနှင့် လှလှ တွေ့ရလိမ့်မည်။

ဖွဲသော မိုးစက်တို့အောက်မှာပင် လက်ဖက်ရည်ဆိုင်အရောက် ချီတက်ခဲ့ကြရသည်။

ဆိုင်သည် ရွာဆိုင်ငယ်မျှသာမို့ ဆိုင်ဖျော် လက်ဖက်ရည်၊ ကော်ဖီစစ်စစ် မရချေ။ အသင့်ဖျော် အထုပ်များနှင့် လက်ဖက်ရည်၊ ကော်ဖီ တစ်ခွက်စီသာ မှာ၍ရကြသည်။ အပူငွေ့တလူလူထသော ကော်ဖီကို တစ်ငုံမျှ သောက်ချတော့ မိုးအနည်းငယ် စိုခဲ့၍ ချမ်းစိမ့်ရခြင်းမှာ နေသာပေသည်။

သူနှင့် ဓားလွယ်ခုတ် အနေအထားမှာ ထိုင်သည့် မြတ်မော်သည် မှတ်စုစာအုပ်တစ်အုပ်ထဲ တစ်စုံတစ်ရာ ရေးချလျက်ရှိသည်။ ဖျတ်ခနဲ လှမ်းကြည့်ခိုက် “မမနွေ” ဆိုသော စာလုံးလေး မြင်လိုက်သည်ကိုပင် အားနာကာ သူ အကြည့်လွှဲရသည်။ ကော်ဖီငွေ့၊ ဆိုင်တံစက်မြိတ်တို့ကို ကျော်၍ ဆိုင်အပြင်သို့။

အပြင်ဘက်က ကံ့ကော်ပင်ပျိုမှာ မိုးလေပြည်ကြောင့် အကိုင်းအခက်များ နွဲ့ယိမ်းလျက်။ ရွက်စိမ်းများပေါ် မိုးစက်တို့ တပေါက်ပေါက် တို့ထိခုန်ဆင်းလျှင် ထိုရွက်စိမ်းတို့သည် နာကျင်မှုကို တုံ့ပြန်သည့်နှယ် တဆတ်ဆတ် ယမ်းခါလျက်။

သည်ကံ့ကော်ပင်ပျိုကို တွေ့တော့ အမေ့ကိုပင် အောက်မေ့သည်။ အမေနှင့်တွဲလျက် နွေအိမ့်ကိုပါ ရေးရေးမြင်ယောင် အောက်မေ့လေသည်။

* * *

အိမ်တွင် ရှိသော သစ်ပင်တို့အနက် အမေ အခင်တွယ်ဆုံးမှာ အိမ်ရှေ့က ခရေပင်၊ အိမ်ခေါင်းရင်းက ကံ့ကော်ပင်နှင့် ပိတောက်ပင်တို့ ဖြစ်သည်။ ကံ့ကော်ရနံ့၊ ပိတောက်ရနံ့ သင်းပျံ့တတ်သော နွေချိန်ရာသီမှာ သူ ရောက်လာတတ်သော အခါရာသီလည်း ဖြစ်တာမို့ အမေ့ခေါင်းထက် ပန်းအလှဆင်ပုံကို အခါများစွာ မြင်ခဲ့ဖူးသည်။

အမေသည် ဘုရားတင်ရာက ကံ့ကော်ပန်းခြောက်များကို စွန့်လျှင်၊ ပန်ဆင်ရာက ဖယ်လျှင် မပစ်မူဘဲ တယုတယ သိမ်းတတ်ပါသေးသည်။

“ဘာလုပ်ဖို့လဲ” သူ မေးတော့ “နွေ့အတွက်လေ၊ ဝတ်ဆံခြောက်တွေကို သနပ်ခါးနဲ့ ရောလိမ်းဖို့” တဲ့။

ထိုစဉ်က ကလေးမလေးနှင့် ဆုံစည်းတာ တတိယမြောက် နွေရာသီမို့ အမေနှင့် ကလေးမလေးအကြားက စာအုပ်ဆိုင်ရှင်နှင့် စာအုပ်ငှားသူ ဆိုတာထက် ပိုသော နှောင်ကြိုးကို သူ ကောင်းစွာ နားလည်နေခဲ့ပြီ။

အမေ့မေတ္တာသည် ကရုဏာနှင့် ယှဉ်လိမ့်မည်။ ပင်ကို နူးညံ့သော အမေ့နှလုံးသားသည် အမိမဲ့ရှာသူ ကလေးမလေးအပေါ်မှာ ပန်းပွင့်လေးများ

ကြွေသလို လှပသိမ်မွေ့စွာ ဖြန့်ကြဲထားလိမ့်မည်။ သူသည် မနာလိုခြင်းအလျှင်း မရှိ။ သဘောမနော ကြီးလှခြင်းကြောင့်လား ဆိုတော့လည်း မဟုတ်။ ကလေးမလေး၏ မျက်နှာပေါ်က တစ်ယောက်တည်းဆိုလျှင် ငေးငေးရီရီ ရှိတတ်သော အမူအရာတစ်မျိုးမှာ သူ့စိတ်ကို ညှို့ထားသလို ရှိခဲ့သည်။ သူကလေးကို အမေ ချစ်ရင်တော့လည်း ချစ်ပါစေ။

ဆိုင်ရှေ့ ခရေရိပ်က ကွပ်ပျစ်မှာ စာဖတ်တတ်သော နွေအိမ့်အသွင်မှာ ဆယ်နှစ်အရွယ် ကလေးမလေးတစ်ယောက် ဆိုတာထက် နက်သော အရိပ်တစ်မျိုး လွှမ်းနေတတ်ပုံကို သူ တွေ့စကလိုပင် သတိပြုမိမြဲဖြစ်သည်။ ညီမလေး နန်းနန်းကို မြှူချိန်၊ အမေနှင့် စကားစမြည် ဆိုချိန်များမှာ တွေ့ရမြဲ မြူးရွှင်ခြင်းသည် ထီးတည်းကျန်ချိန်မှာ ပျောက်တော့သည်။ ငေးရီမှုန်သော မျက်ဝန်းများမှာ ကလေးအရွယ်နှင့် မလိုက်ဖက်ဟု သူ တွေးမြဲ။ နက်မှောင်လှပသော ဆံတို ကုပ်ဝဲသည် စာငုံ့ဖတ်သော ကလေးမလေး၏ မျက်နှာတစ်ခြမ်းကို သူ့မြင်ကွင်းမှ ကွယ်ကာထား၏။

“နွေရေ” ဟု အမေ အိမ်ထဲက လှမ်းခေါ်လျှင် “ဟုတ် ဆရာမ” ဟု ထူးသံနှင့်အတူ ပြန်မော့လာသော မျက်နှာလေးမှာတော့ အပြုံးရိပ်က လက်ခနဲ ပေါ်ပြန်သည်။

နွေအိမ်သည် ဆိုင်ကို နေ့ခင်းနေ့လယ်များတွင် ရောက်လာတတ်သည်။ သည်တစ်နှစ် နွေရာသီမှာတော့ နွေအိမ်က ဘီးအနင်းလည်း ရဲဝံ့ခဲ့ပြီ။ ကုန်ကားများ ဖြတ်တတ်သည့် မိန်းလမ်းမမှအပ လမ်းသွယ်အများစုထက်မှာ ကား၊ စက်ဘီး နည်းပါးတော့ နွေအိမ့်အဖို့ရာ အန္တရာယ်လည်း နည်းပေမည်။

“ကံ့ကော်ရိပ်” ရောက်လျှင် နွေအိမ်သည် စက်ဘီးလေးကို ခပ်သာသာပင် ရပ်၏။ ခရေပင်ရိပ်မှာ။

သည်တုန်းက နွေအိမ်သည် ဂါဝန်ဝတ်ဆဲ။ အပွင့်အခက်လေးများ ပါသော ချည်ထည်ဂါဝန်လေးများသည် ဝင်းဝါသော နွေအိမ့်အသားနှင့် လိုက်ဖက်လှသည်။ နွေအိမ်သည် တွေ့စကလို အသားညိုပုံမရှိတော့ပြီ။ ပိန်သွယ်ဟန်ကတော့ မပြောင်းလဲ။ အရပ်ရှည်မည့် အရိပ်အယောင်မှာ ထိုအရွယ်မှာပင် ထင်းထင်း ပေါ်၍ နေသည်။

အငှား အပ်မည့် စာအုပ်လေးများ ပိုက်ကာ ဆိုင်ဘက်ဆီ မျက်နှာမူလျှင် နွေအိမ်သည် “ဆရာမရေ” ဟု အသံပြုတတ်သည်။ သူ့ကို တန်းတွေ့လျှင် မဝံ့မရဲ ပြုံးကာ၊ မျက်ဝန်းနက်လေးများ ဝေ့လည်ကာ အမေ့ကို အိမ်အတွင်း တစ်နေရာရာမှာ တွေ့လေမလား ရှာဟန်ပြုတတ်သည်။ အမေသော အိမ်ထဲက

ထွက်လာပြီး နှုတ်ဆက်လျှင်တော့ စောစောက မဝံ့သော အပြုံး ပျောက်ရပြီ။

ရွှင်သော အပြုံးနှင့် စာအုပ် အပ်လိမ့်မည်။ အမေ့နောက် လိုက်ကာ နန်းနန်း ရှိရာ အခန်းသို့ ဝင်လိမ့်မည်။ အိမ်မှာ ဦးကျော် ရှိလျှင်တော့ အခန်းသို့တိုင် မဝင်။ နွေအိမ်သည် အိမ်မှာ ဦးကျော်ကို အနည်းငယ် စိမ်း၏။ သူ့ကိုလည်း စိမ်းပုံပြ၏။ အရက်သေစာ သောက်စားမှုးယစ်ချိန်၌ ဘေးဘီရှိသူကို အပြစ်ရှာ ရိုက်နှက်တတ်သော ဖခင်နှင့် ကြီးပြင်းလာခဲ့သည်ဟု အမေ ပြောပြတော့လည်း ထိုစိမ်းဟန်မှာ သူ့အတွက် အရေးလုပ်စရာ မဟုတ်တော့ပေ။

တစ်ရက်မှာတော့ စာအုပ်ငှားသူ နှစ်ဦး၊ သုံးဦး ပြန်လျှင် သူသည် ကော်ဖီလေး တစ်ခွက်တလေ ဖျော်ရအောင် မီးဖိုဘက်သို့ ထလာသည်။ အမေတို့ အခန်းအနီးက ဖြတ်မြဲလို ဖြတ်ရသည်။

လေအဝှေ့တွင် တလှုပ်လှုပ် ရှိသော ခန်းဆီးပြာအနီးက ဖြတ်ကျော်မည် အပြု အပြင်သို့တိုင် လျှံကျသည့် အမေ့စကားသံမှာ စိတ်ဝင်စားဖွယ် ဖြစ်လေတော့ သူ့ခြေလှမ်းများ အလိုလို တန့်ခဲ့ရသည်။

“နွေ သီပေါအိမ်မှာ မနေချင်ဘူးလို့ ရီရီကို ဆရာမ ပြောပေးရမလား”

သီပေါအိမ်မှာ မနေချင်ဘူး။ ဘာကြောင့်များပါလိမ့်။

ရီရီဆိုသည်မှာ နွေအိမ့်မယ်မယ်မှန်း သူ သိပါသည်။ နွေအိမ်တို့မောင်နှမ တစ်ယောက်မဟုတ် တစ်ယောက်နှင့် ဆိုင်လာနေကျ။ ကြည်လင်သော ရုပ်ရည်ရှိသည့် မိန်းမချောပါပဲ။ အသက်အရွယ်ကတော့ အမေနှင့် မတိမ်းတယိမ်း ရှိလိမ့်မည်။ ဒေါ်ရီရီတင်သည် သားသမီးမထွန်းကား။ နွေအိမ်တစ်ယောက်သာ။ အင်း...နွေအိမ်တစ်ယောက်သာပေ့ါလေ...။

“ဟင့်အင်း...မပြောနဲ့ ဆရာမ”

“မယ်မယ့်ကို ကြောက်လို့လား”

“မဟုတ်ပါဘူး”

“ဒါဖြင့် ပြောရမှာပေ့ါ၊ ဘာလို့ မပြောရမလဲ နွေရယ်၊ သမီးမှ ဒီအိမ်မှာ မပျော်တဲ့ဟာ၊ ပျော်တဲ့နေရာမှာ နေရမှာပေ့ါ”

“သမီး...သမီး....”

"ပြော သမီး ဘာဖြစ်"

"သမီး ဒီအိမ်မှာ ပျော်တယ်လို့ မယ်မယ့်ကို ပြောထားတယ်"

တိုးသဲ့သော အသံကလေးနောက်မှာတော့ အမေ့ထံက တုံ့ပြန်သံ မကြားရ။ သက်ပြင်းများ ချလိုက်လေသလား။ ကလေးမလေးကိုများ ငေးနေလေသလား။

အကွယ်တွင် ရပ်သော်လည်း ခန်းဆီးစ လေအဝှေ့မှာ ကံမလှလျှင် မြင်ရတော့မည်မို့ မီးဖိုသို့ ထွက်လာရသည်။ အတွေးကား မရပ်။ နွေအိမ် ဘာကြောင့် သီပေါအိမ်မှာ မပျော်ပါလိမ့်။

နွေအိမ်ကို မွေးစားသော ဆရာမ ဒေါ်ရီရီတင် နေထိုင်သည့် ဝင်းခြံသည် မြန်မာရပ်မှာ ရှိလေသည်။ လမ်းမကြီးက ဖဲ့ဆင်းလျှင် လမ်းသွယ်၏ အလယ်နားလောက်မှာ တည်၏။ ခြံသည် ခပ်ကျယ်ကျယ်။ စိမ်းမြသော သစ်ပင်များ ဂန်းရံကာ ရာသီအလိုက် ပွင့်သော ပန်းများ ဝေဝေဆာဆာ ရှိတတ်သည်။ ခြံရှေ့က ဖြတ်လျှင် နေချင့်စဖွယ်ဟု သူ မှတ်ချက်ချမိခြဲ။

ထိုအိမ်မှာ ဒေါ်ရီရီတင်တို့ ဇနီးမောင်နှံ၊ ခင်ပွန်းသည်၏ မိခင်၊ ခင်ပွန်းသည်၏ အစ်မကြီး မိသားစုပါ အတူနေထိုင်ကြတာ သူ သိထားသည်။ ဒေါ်ရီရီတင့် တူနှစ်ဦးစလုံး စာအုပ်ဆိုင်ကို အဝင်အထွက်ရှိကြသည်။ တူအကြီးကတော့ မျက်နှာတည်တည်နှင့် လူအေးဟန်။ တူအငယ်ကျပြန်တော့ မျက်နှာချိုချို စကားခပ်သွက်သွက်။ နွေအိမ်နှင့်တော့ တူအငယ်က ပိုရင်းသည်။ နွေအိမ် သူတို့ကို ခေါ်ပုံက ကိုကြီး၊ ကိုလေးတဲ့။

အပြင်ပန်းက လှမ်းကြည့်လျှင် ပျော်မွေ့ဖွယ် ဖြစ်သော ခြံမှာ၊ နွေးထွေးခြင်းလည်း ရှိကောင်း ရှိမည့် အသိုက်အမြုံတစ်ခုမှာ နွေအိမ် ဘာကြောင့် မပျော်ရသနည်း။

နွေအိမ် မပျော်ရခြင်း အဖြစ်သနစ် အစုံအလင်ကို ညကျခါမှ စာအုပ်ဆိုင် သိမ်းရန် ပြင်ရင်း အမေနှင့် စကားစပ်လျှင် သိရတော့သည်။

"ဘာကြောင့်ရမလဲ မောင်စောရယ်၊ ရီရီ ယောက္ခမရော၊ ယောက်မရော နွေကို မွေးစားကတည်းက မကြည်ကြတာပဲ၊ နှိပ်စက်နေကြတာလား၊ ခိုင်းစားနေကြသလား ဆိုတော့လည်း မဟုတ်ပါဘူးကွယ်၊ ဒါပေမဲ့ တစ်ယောက်ယောက်က ကိုယ့်ကို မကြည်ဘူးဆိုရင်၊ အဲဒီလူရဲ့ မျက်နှာကို ကြည့်နေရသလိုလည်း ဖြစ်မယ်ဆိုရင် သူ့အိမ်အမိုးအောက်မှာ အလိုလို အနေကျုံ့တယ် မဟုတ်လား၊ အဲဒါပဲ…အဲဒါကြောင့်ပဲ"

သူက ဘယ်မှာ နေချင်တာတဲ့တုံး”

“ဘော်ကြိုလေ၊ ဘော်ကြိုက ရီရီအမေအိမ်မှာပေါ့၊ ဘွားကြင်က နွေ့ကို ချစ်ရှာတယ်၊ တကယ့် မြေးအရင်းလေးလို ချစ်တာ”

“ဒါဆိုလည်း သွားနေ ပြီးရော”

ငယ်စိတ်နှင့်မို့ မဆိုင်းမတွပင် ဆိုမိသည်။ အမေသည် သူ့လေသံ ခပ်ဆတ်ဆတ် ဖြစ်ရပုံကြောင့်လား။ တစ်ချက် ပြုံးလိုက်လေသည်။ ချက်ချင်းတော့ စကားမတုံ့။ ဝတ္ထုစင်ပေါ်၌ စာရေးဆရာ တစ်ဦးချင်းအလိုက် စာအုပ်များ တစုတစည်းတည်း ရှိစေရန် နေရာချနေသည်။ သူကတော့ နံရံထောင့်ချိုးက ကာတွန်းစာအုပ်ပုံမှာ။ ကလေးတို့ စိတ်ကြိုက် မွှေထားသော ကာတွန်းစာအုပ် ပုံကို ဆိုင်သိမ်းတိုင်း သည်လိုပင် စိတ်ရှည်လက်ရှည် ပြန်စီရတတ်သည်။

“မောင်စောရဲ့” ဟု အမေ စကားစတော့ မြိုင်ရာဇာတွတ်ပီ ကာတွန်း တစ်ထပ်ကို ပွေ့ပိုက်လျက်က သူငဲ့ကြည့်ရသည်။

“ဘော်ကြိုမှာ ပျော်တယ်ဆိုပြီး ဘော်ကြိုအိမ် အပြီး သွားနေမယ် ဆိုတော့လည်း နွေ့အတွက် ဘယ်လွယ်မလဲ၊ ရီရီကျပြန်တော့လည်း သူ့ကို မွေးစားခဲ့တဲ့သူ၊ စောင့်ရှောက်နေတဲ့သူ ဆိုပြီး နွေ့ကချစ်တာကိုး၊ သိတတ်တာကိုး၊ ရီရီ သူ့ကိုသံယောဇဉ်ကြီးမှန်းလည်း သိနေတော့ ရီရီကို ထားပြီး ဘော်ကြိုမှာ ဘယ်လိုလုပ် သွားနေတော့မလဲ၊ အခုလိုပဲ ဟိုနဲ့ ဒီနဲ့ ကူးနေရတာပေါ့”

တစ်ခါတုန်းက ဘော်ကြိုအိမ်ကနေ စက်ဘီးနှင့် လာခဲ့သော ကလေးမလေး၏ ပုံရိပ်ကို သူ ပြန်မြင်ယောင်နေသည်။ ဘော်ကြိုနှင့် သီပေါ အချိန် ဘယ်လောက်ကြာအောင် သွားရလေသလဲ သူ မသိပါ။ ကလေးမလေးကတော့ စက်ဘီးပေါ်က ဆင်းလိုက်လျှင် ဝင်းသော မျက်နှာလေး အနီဘက် ပြေးနေတာ တွေ့ရသည်။ အနည်းငယ် မောဟိုက်ပုံ။ သို့သော် မျက်နှာကြည်ကြည်။ “နွေ့ မလာတာ တစ်ပတ်လောက် ရှိပြီ၊ ဘော်ကြိုများ ရောက်နေသလား” ဟု မျှော်ခဲ့လေသော အမေ့မျက်နှာ ရွှင်ပျပုံကိုလည်းကောင်း၊ နန်းနန်းလေးကပါ လှုပ်လှုပ်နှင့် ရယ်ရယ်မောမော ရှိပုံကိုလည်းကောင်း သူ အမှတ်ရလာသည်။

“ရီရီ အဲ ဒေါ်ရီရီက ကောင်မလေး ဒီအိမ်မှာ မပျော်တာကို မသိဘူးတဲ့လား”

"သိ၊ မသိတော့ အမေလည်း မပြောတတ်ဘူး မောင်စောရေ၊ သိရင်လည်း သိလိမ့်မပေါ့၊ သူ့မှာလည်း သူ့အကြောင်း ရှိမှာပေါ့၊ ထားပါတော့လေ၊ အမတော့ နွေ လာပြောရင် နားထောင်လိုက်တယ်၊ နွေက သူ ပြောချင်တာလေးတွေ ရှိရင် အမေ့ကိုသာ ပြောပြတာ၊ သူ ဘယ်က လာတယ်ဆိုတာလည်း လူတွေကို ပြောခဲ့တယ်၊ သူ့ဘဝ အကြောင်းလည်း ပြောပြခဲ့တယ်၊ သူစိတ်ညစ်နေသလား၊ ပျော်နေသလား ဆိုတာလည်း ဘေးလူတွေကို အမူအရာနဲ့တောင် မသိစေတတ်ဘူး၊ အင်း...အမေ့ကျတော့ သူက အလိုလို ပြောပြတတ်ပြန်တယ်၊ ပြီးတော့ ဘာပြောသေးသလဲ သိလား၊ ဆရာမက သမီးရဲ့ ဒေါ်ကြီးဘုပဲတဲ့"

"ဘာတဲ့..."

"ဒေါ်ကြီးဘုတဲ့၊ သူ့အမေရဲ့ အိမ်နီးချင်း၊ သူ့ကို ကြီးတော်လို စောင့်ရှောက်ခဲ့တာတဲ့"

"ဩော်" ဟု တီးတိုးရေရွတ်မိသည့် ခဏမှာပင် မှိုင်းဝေသော မျက်ဝန်းလေးများ သူ့ရှေ့မှောက် ဖိတ်ဖိတ်လက်နေသလို။ ပြုံးတတ်သော်လည်း ဟက်ဟက်ပက်ပက် ရယ်ခဲ့သည့် ကလေးမလေး။ အလွှာတစ်ခု ရံထားသလို ခံစားမှု အစစ်ကို သိုဝှက်ဖို့ရာအတွက် နွေအိမ့်အရွယ်မှာ တကယ့်တကယ်တော့ ငယ်လှပါသေးသည်။

သူ့တုန်းကဖြင့် အမေ နောက်အိမ်ထောင်ပြုချိန်မှာ တစ်ဆွေလုံး တစ်မျိုးလုံးထံ သူ ဘယ်လိုဘယ်ပုံ ခံစားရကြောင်း အမူအရာဖြင့်၊ စကားလုံးများဖြင့် သိစေခဲ့ဖူးသည်။ သည်အသက်အရွယ် အထိလည်း စိတ်ထဲ ရှိသလိုသာ မျက်နှာမှာ အရိပ်ထင်တတ်သည်။ သူ့တွင် ဒုတိယအလွှာ မရှိချေ။

"အမေ ပြောလိုက် ပြီးရော"

"ဟဲ့...ဘာတုံး" ဟု အလန့်တကြားလေသံ အမေ့ထံက ထွက်ကျလာသည်။

"ဒီအိမ်မှာ နွေအိမ် မပျော်ဘူးပေါ့၊ ဘော်ကြို့မှာပဲ ထားရင် ထားဖို့ပေါ့"

"ကိုယ့်အလုပ်မှ မဟုတ်တာ မောင်စောရယ်၊ အသာနေစမ်း၊ လူဆိုတာ သူ့ဘဝနဲ့သူ၊ ကိုယ့်ဘဝနဲ့ ကိုယ်ချည်းပဲ၊ သူများဘဝထဲ သွားပြီး စွက်ဖက်လို့မှ မရတာ၊ မိတ်ဆွေမှာလည်း သူ့စည်းကိုယ့်စည်း ရှိတယ်၊ ရီရီဟာ အမေ့ မိတ်ဆွေဆိုပေမယ့် အမေ ပိုင်တဲ့ဆိုင်တဲ့ သွေးသားရင်းချာ မဟုတ်ဘူးလေ"

"အမေ့လောက်တော့ ကျွန်တော်လည်း မပြောတတ်ဘူး၊ ဒါပေမဲ့ သူ

နေ့ခင်းက ပြောတာလေး ကြားရတော့ စိတ်မကောင်းလို့”

သည်ကလေးမလေးအပေါ် သူ အာရုံဝင်စားမိပုံကို အမေကတော့ “စာနာခြင်း” ဟု အမည်တပ်ခဲ့ပေသည်။

“မင်း ငယ်ငယ်တုန်းက အမေနဲ့ ခွဲပြီး အဘွားနဲ့ နေခဲ့ရတယ်မဟုတ်လား မောင်စောရဲ့၊ အဘွားရင်းမို့ ဘယ်လောက်ပဲ ဂရုစိုက်တယ်ပြောပြော မင်းစိတ်ထဲမှာ ကွက်လပ်တစ်ခုတော့ ဖြစ်ကျန်ခဲ့မှာပဲ၊ အဲဒီကွက်လပ်ဟာ ဘာနဲ့ ဖြည့်ဖြည့် မပြည့်ဘူး၊ အမြဲ ဟာနေတာမျိုး၊ ငယ်ဘဝမှာတင် ကျန်မနေဘဲ တစ်ဘဝလုံး နောက်က ပါလာတာမျိုး မဟုတ်လား မောင်စောရဲ့၊ နွေ့ကို တွေ့တဲ့ အခါ မင်း ငယ်ဘဝကို သတိရမယ်၊ ကလေးမလေး အမေ့အိမ် မဟုတ်တဲ့ အိမ်မှာ ဘယ်လိုများ နေနေသလဲလို့ မင်း တွေးမယ်”

သည်လိုဆိုတော့လည်း ကိုယ့်ကိုယ်ကိုယ် ကြီးပြင်းလုပြီ ထင်သူမှာ မိခင်ရှေ့ ကွယ်ဝှက်မရသူလို ခပ်စင်းစင်း ပြုံးမိတော့သည်။ ညီအောင် စီပြီးသော စာအုပ်များကိုပင် လက်ဖနောင့်နှင့် နှစ်ချက်၊ သုံးချက် ဖိတိုက်လိုက်သည်။

ကာတွန်းစာအုပ်ပုံ၏ အပေါ်ဆုံးမှာတော့ စံရွှေမြင့်၏ ကာတွန်းစာအုပ်။ သည်စာအုပ်ကို နေ့ခင်းကမှ နွေအိမ် အပ်ခဲ့တာ သူ မှတ်မိသည်။ တိုက်တိုက် ရယ်မှ ဆိုင်ဆိုင်။

“နွေအိမ် သီပေါ ရောက်လာတော့ အသက်ဘယ်လောက်လဲ အမေ”

အိမ်ရှေ့တံခါးကို ပိတ်နေရာက အမေ သူ့ထံ ငဲ့ကြည့်လာသည်။ မျက်မှောင်ကြုတ်လျက် စဉ်းစားဟန်ပြုသည်။ အိမ်အတွင်းဘက်က ဦးကျော်၏ ကလေးမြူသံ၊ စည်းဝါးမပီ တေးသီသံသည် ပြုံးမြချင်စရာပင် အိမ်ရှေ့သို့ လွင့်လာလေသည်။

“ဘယ်လောက် ရှိဦးမလဲ၊ ခုနစ်နှစ်လောက် ထင်တာပဲ သားရယ်၊ သူ့အမေ ဆုံးပြီး သိပ်မကြာခင်ပဲ ရီရီနဲ့ ပါလာတာ”

အတော် ငယ်သေးတာပဲ။ မိခင်၊ သို့မဟုတ် သွေးသားရင်းချာ အုပ်ထိန်းသူတို့ ရင်ခွင် ခေါင်းထိုးဝင်နေရမည့် အရွယ်။

ငယ်နုသော အရွယ်မှာ အမိမဲ့ အဖမဲ့ခဲ့ရခြင်းသည် နွေအိမ့်အပေါ် ဘယ်လောက်များ အထိနာစေခဲ့ပါသနည်း။ အမိမဲ့ပြီးချိန်နှင့် မရေးမနှောင်းမှာ တစ်ပါးသူအိမ်အရိပ် ခိုရချိန် နွေအိမ် ဘယ်လောက်များ တိတ်တဆိတ် ဝမ်းနည်း နေခဲ့ပါသနည်း။

* * *

"အစ်ကို"

အတွေးနွံက ရုန်းထဖို့ရာ ခေါ်သံသည် မြတ်မော်၏ နှုတ်က ဆိုင်းမဆင့် ဗုံမပါ ထွက်ကျလာသည်။ အကြည့် ဖျတ်ခနဲ ရောက်တော့ စာအုပ်ကို ဘောပဲန် ညှပ်ပိတ်လျက် သူ့ထံ ဝေ့နေသော မျက်ဝန်းများ။

"ပြောလေ" ဆိုပြန်တော့လည်း မြတ်မော်က စကားလုံးစီသလို တစ်ခဏ ငြိမ်သက်နေပြန်သည်။ ဆိုင်ပြင် တစ်ချက် ငေးလိုက်ပြန်သည်။ ဝေဝေဝါးဝါး ရှိတတ်ပုံမှာတော့ ဒုတိယ မောင်ငြိမ်းစောပါလား ကိုယ့်လူရေ။

ကော်ဖီတစ်ငုံမျှ သူ ထပ်သောက်မိ၏။ ဆိုင်အပြင်ဘက်မှာတော့ မိုးစဲလုပြီ။ တစ်အောင့်နေလျှင် မြတ်မော် ပြောထားသလို ဘော်ကြိုကျောင်းဆီ သွားကြရဦးမည်။

"ဘာပြောဖို့လဲ မြတ်မော်" ဟု ထပ်ဆိုတော့မှ သူ့ထံ အကြည့်စိုက်လာသည်။ ရက်ပိုင်းအတွင်း ရေစက်ဆုံလာရသော မိတ်ဆွေသစ်။ ထိုမိတ်ဆွေ၏ အဆွေဟောင်းကတော့ အတိတ်တစ်ချိန်က သူနှင့်ရေစက်ဆုံခဲ့ဖူးသူ။ ကမ္ဘာ လောကဟာ ကျဉ်းလှပါရဲ့။ တစ်ပတ်လည်သော သံသရာစက်ဝန်း၏ မျဉ်းတစ်ကြောမှာ ဆုံလိမ့်မည် မထင်သူတို့ကိုလည်း ကြုံရဆုံရတတ်ပေသည်။

မြတ်မော်၏စူးလက်သော မျက်ဝန်းများသည် နှုတ်ဖျားက ကျလုလု စကားလုံးတို့ကို နောက်ဆုံးအကြိမ် ဆန်းစစ်နေသည့်နှယ်။

"အစ်ကို၊ ကျွန်တော် တစ်ခု မေးစရာ ရှိလို့"

"မေးပါ ရတယ်"

မြတ်မော်သည် ခဏတော့ စကားမစဘဲ ငြိမ်ဆိတ်နေသည်။ နောက်မှ ဆုံးဖြတ်ပြီးဟန် ပင့်သက်ဖျဖျ ရှိုက်ကာပင်-

"မမနွေ ဘယ်မှာ ရှိတယ်ဆိုတာ ဆရာမ တကယ်မသိဘူးပေါ့နော်၊ အစ်ကို့ကိုရော ဘာမှ ပြောမပြဖူးဘူးလား"

ဟ…။ သူသည် မျက်ခုံးကို ဆတ်ခနဲ ချီကာ ကောင်လေးကို စူးစိုက်ကြည့်မိသည်။ အမေ့ကို မယုံသလို ဘာကြောင့် ဆိုရသလဲ။

သူ့မျက်လုံးမှ အသံတိတ်စကားကို ရိပ်မိနားလည်ဟန်နှင့် မြတ်မော် ပျာသွားပုံ မြင်ရ၏။

"ဟာ…အစ်ကို၊ ကျွန်တော် ဆရာမကို မယုံလို့ ပြောတာ မဟုတ်ဘူးနော်၊ ကျွန်တော်…ကျွန်တော် မမနွေ့ကို မယုံတာ"

သူ စကားမဆို။ မြတ်မော်ကို စူးစိုက်ကြည့်မြဲ။ မျက်မှောင် တွန့်ချိုးခြင်းကိုတော့ သတိနှင့် ထိန်းထားလိုက်ရသည်။

"တစ်နေ့နေ့ ကျွန်တော် လာရင် လာမှာပဲလို့ မမနွေ့ တွေးရင် တွေးမှာပဲ၊ ဆရာမကို သူ ရှိတဲ့နေရာ မပြောဖို့ ပိတ်ရင် ပိတ်ထားမှာပဲ အစ်ကို၊ ကျွန်တော် အဲဒီလို တွေးမိလို့ပါ"

"မမနွေ့…အဲ…နွေ့အိမ်က ဘာလို့ ပိတ်ရမှာလဲ"

"သူ့ကို နောက်ထပ် အဆက်အသွယ် မလုပ်ပါနဲ့လို့ ကျွန်တော့်ကို ပြောထားဖူးတယ် အစ်ကို"

"အမေ ပြောတော့ နွေ့အိမ်က မင်းကို…ဘယ်သူတွေ ဆိုလား၊ သူတို့ ပြီးရင် သံယောဇဉ် အရှိဆုံးဆို"

"အဲဒီတုန်းကတော့ ဟုတ်မှာပေါ့ အစ်ကိုရာ"

နာနတ်သီး တစ်ဖတ်ကို ခက်ရင်းခွနှင့် ခပ်ဆဆ ထိရင်း ကောင်လေး ဆက်မည့် စကားကိုသာ သူ နားစွင့်နေသည်။ မျက်နှာကိုလည်း တေ့တေ့ဆိုင်ဆိုင် မကြည့်တော့။ တစ်ခါတစ်ရံတော့ စိတ်လွတ်လက်လွတ် ခံစားလိုသော အခိုက်မှာ တစ်ပါးသူအကြည့်ဟာလည်း အနှောင့်အယှက်သက်သက် ဖြစ်လိမ့်မည်။

နားလည်သိတတ်မှု နည်းသည်ဟု အများမြင်သော မောင်ငြိမ်းစော ဆိုတာ ဒါမျိုးတော့လည်း ရေလည်ပါသေးသည်။ မလုပ်လိုတာသာ ရှိမှာ၊ "မသိ" ဆိုတာ မရှိချေ။

"တစ်ခါတစ်ခါ ကျတော့လည်း တချို့ စိတ်ခံစားမှုတွေဆိုတာ သူ့ အလိုလို ဖြစ်လာတာမျိုး အစ်ကိုရ၊ လုပ်ယူလို့လည်း မရဘူး၊ ဖြစ်လာရင်လည်း ဘာနဲ့မှ တားလို့ မရဘူး"

ကိုယ့်ထက် ငယ်ရွယ်သူက လေးနက်ဟန်နှင့် ဆိုတော့လည်း ပြုံးချင်စိတ်ကို မျိုသိပ်ကာ "အင်း" ဟု သူ စကားထောက်လိုက်ရသည်။

"မမနွေက သူ ပြောသမျှ နားထောင်ပေးတဲ့ မောင်လေးတစ်ယောက် နေရာမှာပဲ ကျွန်တော့်ကို ထားချင်တယ်၊ ကျွန်တော်က... ကျွန်တော်ကကျတော့လည်း ထားတဲ့နေရာမှာ နေရတာ ပျော်ပေမယ့် အသက်အရွယ် ပြောင်းလာတဲ့အချိန် စိတ်ကိုက အလိုလို ပြောင်းမိလာတာတော့ ဘယ်တတ်နိုင်ပါ့မလဲ"

သည်တစ်ကြိမ်တော့ ကောင်လေးကို သူ လှမ်းကြည့်မိသည်။ ပြက်ပြက်ထင်ထင် မှိုင်းမှုန်ရီသော မျက်ဝန်းများ။

"မမနွေဟာ ကျွန်တော့်ကို အရင်တုန်းက ဘယ်လောက်တောင် ယုံကြည်ခဲ့သလဲ အစ်ကို သိလား၊ သူများတကာကို ပြောပြဖို့ အင်မတန် ဂန်လေးတဲ့ ငယ်ဘဝအကြောင်းလို ဟာမျိုးကိုတောင် ကျွန်တော် မမေးဘဲနဲ့ ပြောပြခဲ့ဖူးတယ်"

❀

မြတ်မော် ပုံရိပ် (၃)

ကျွန်တော့်အတွက် ဒုတိယမြောက် သီပေါနွေရာသီဟာ မနှစ်ကလိုပဲ နွေးနွေးထွေးထွေး သာယောင့်သာယာ။ နွေအကုန် မိုးအကူး ရာသီနှစ်ခုရဲ့ အလှတွေ အရပ်ရှစ်မျက်နှာမှာ အားပြိုင်လို့ နေတုန်းပဲ မေမေရယ်၊ ကျွန်တော် ရယ် ဘော်ကြို ပြန်ရောက်လာတယ်။

ဒီတစ်ကြိမ်တော့ လမ်းခရီး ကျွမ်းဝင်သွားတဲ့ မေမေဟာ သီပေါကို မန္တလေးကနေ ရထားစီးလာတယ်။ ဘော်ကြိုဘူတာမှာ ဆင်းလိုက်တယ်။ အရင်တစ်ခေါက်ကလို ကားနဲ့ လာပြီးခါမှ ဘော်ကြိုကို ခရီးဆက်ရတာမျိုး မလုပ်တော့ဘူး။ သားအမိနှစ်ယောက် အိတ်လေး တစ်လုံးစီ၊ ကြိမ်ခြင်းတောင်း တစ်လုံး ဒါပါပဲ။

ကြိမ်ခြင်းတောင်းထဲမှာတော့ ကြီးကြီး ထည့်ပေးလိုက်တဲ့ စားဖွယ် သောက်ဖွယ်တွေ။ အသားခြောက်ကြော်တွေ၊ ငါးပိကြော်တွေ၊ လက်ဖက်ဆီစိမ်၊ မြေပဲလှော်၊ မြေပဲကြော်လိုဟာမျိုးတွေ။ ကြီးကြီးဟာ သူ့ညီမကို သမီးအပေါ် ချစ်ပုံမျိုးနဲ့ ဂရုစိုက်တတ်တယ်။ ခရီးသွားခါနီးရင် ကလေးတွေလိုပဲ တတွတ်တွတ် မှာမဆုံးဘူး။ ကျွန်တော့်ကိုလည်း ရန်ကုန်မှာ ထားခဲ့ဖို့ ဆွယ်သေးတာပဲ။ ဒါပေမဲ့ မေမေက မထားသလို ကျွန်တော်ကလည်း မနေခဲ့ချင်ဘူး။

ကျွန်တော် သီပေါမှာ ပျော်နေပြီလေ။ ချစ်ခင်သူတွေကိုလည်း လွမ်းလှပြီလေ။

အပြန်ခရီးဟာ ကျွန်တော် ပျော်တဲ့နေရာကို ပြန်နေရတဲ့ ခရီးမို့လား၊ ခရီးလမ်းကိုက လှလွန်းလို့လား မသိဘူး။ ကျွန်တော့်အတွက် မြင်မြင်လေရာဟာ စိတ်ဝင်စားစရာချည်းပဲ။ အရင်တုန်းက ရန်ကုန်-မန္တလေးရထား၊ ရန်ကုန် မြို့ပတ်ရထားတွေ လိုက်စီးရတဲ့ ခံစားမှုဟာ မန္တလေး-လားရှိုးဘက် စီးလာရတဲ့ ခံစားမှုနဲ့ လုံးလုံး မတူဘူး။

မန္တလေးကနေ ခရီးစတုန်းကတော့ ရထားထွက်ပြီး သိပ်မကြာခင် မေမေ့ကို မှီပြီး အိပ်လိုက်လာတာမို့ ဘာမှ သိပ်မမှတ်မိဘူး။ ဟော…နံနက် အလင်းပျပျမှာ ရောက်တဲ့ဘူတာကတော့ “ဆည်တော်” လို့ မေမေ ပြောပြတယ်။ “မနက်စာ စားရအောင်” တဲ့။ ဘူတာမှာ ရောင်းတဲ့ ကောက်ညှင်းပေါင်း၊ အကြော် ဝယ်စားကြတယ်။ ရေနွေးသောက်ကြတယ်။ အဲဒီဘူတာကနေ ရထားပြန်ထွက်တော့ ကျွန်တော် မေးခနဲ အိပ်ပျော်သွားပြန်ရော။

နောက်တစ်ကြိမ် ပြန်နိုးတော့ ရထားဟာ ဘယ်လိုဖြစ်တယ် မသိ၊ နောက်ပြန်သွားနေပါရော။ "မေမေ၊ ရထားကြီး နောက်ပြန်သွားနေတယ် ဘာဖြစ်တာလဲ မသိဘူး" လို့ အထိတ်တလန့် ဆိုတော့ မေမေလည်း ရယ်၊ ကြားလိုက်တဲ့ ခရီးသည်တွေလည်း ရယ်ကြတယ်။ နောက်တော့ မေမေ ပြောပြမှ အဲဒါ လွှန်းထိုးတယ်ဆိုတာ သိရတယ်။ တောင်တက်လမ်းမို့ အားယူတယ် ဆိုတာပဲ။ ဘူတာလေးတစ်ခုမှာ ရထား တံ့ခနဲ ရပ်တော့ ကျွန်တော့်မှာ မြင်နေရတဲ့ ရှုခင်းတွေကို ကြည့်မိပြန်တယ်။ မမနွေဆိုရင်တော့ သိပ်လှတာပဲလို့ တဖွဖွ ပြောလိမ့်မယ် ထင်ပါရဲ့။

တောင်တန်းတွေဟာ ကျွန်တော်တို့ အိမ်နောက်ဘက်က တောင်တန်းကြီးတွေလိုပဲ အရောင်ရင့်ရာကနေ တဖြည်းဖြည်းနုလို့ တိမ်စိုင်တွေနဲ့ ဆက်ဆက် စပ်စပ် ရှိနေကြတယ်။ မိုးရာသီ ဝင်တော့မှာမို့ မိုးအကြိုမိုးလည်း ရွာနေပြီမို့ ပတ်ဝန်းကျင်ဟာ တကယ့်ကို စိမ်းစိမ်းစိုစို။ တောပန်းရောင်စုံဟာ အစိမ်းရောင်၊ စိမ်းညိုရောင် အရွက်တွေကို နောက်ခံထားလို့ ရထားဆီ ငေးနေကြသလိုပဲ။

အဲဒီခဏ ရှုခင်း ကြည့်နေတဲ့ ကျွန်တော့်အာရုံကို တစ်စုံတစ်ရာက တို့ထိစပြုတယ်။ ပထမတော့ နှာခေါင်းကို ရှုံ့ပွပွ လုပ်ရင်း ကျွန်တော် စူးစမ်းတယ်။ နောက်တော့မှ လေပြည်မှာ ကျွန်တော် သိတဲ့ အနံ့တစ်မျိုး ပါနေတာပဲလို့ သတိထားမိလာပါရော။ သင်းသင်းလေး ပျံ့မွှေးနေတဲ့ ရနံ့၊ ကျွန်တော့်ဘဝမှာ ထူးထူးခြားခြား မှတ်မှတ်မိမိ ရှိရတဲ့ရနံ့၊ တောတွေတောင်တွေဆီက ဖြတ်လာရင် ရတဲ့ ရနံ့မျိုးလေ။

ဒုဋ္ဌဝတီ မြစ်ကမ်းနံဘေးမှာ မမနွေနဲ့ အတူထိုင်ရင်း မြစ်ပြင်ကို ဖြတ်လာတဲ့ လေပြည်ကို ရှူရှိုက်ဖူးတာ၊ ရထားသံလမ်း ဟိုဘက်က ခရမ်းရောင် တောပန်းခင်းမှာ ရပ်ပြီး တောင်တန်းတွေဘက် လှည့်လို့ လေရနံ့ သက်သက်ကို ရှူခဲ့ဖူးကြတာတောင် သတိရလာတယ်။ ဒါဟာ မမနွေ လုပ်တတ်လို့ လိုက်လုပ်ရာက ကျွန်တော်ပါ စွဲလမ်းခဲ့ရတဲ့ အကျင့်တွေထဲက တစ်ခုမျှပါပဲ။

"ဒီအနံ့တွေ မမနွေအတွက် ယူသွားပေးလို့ ရရင် တအားကောင်းမှာပဲ မေမေရာ နော်"

မေမေက မျက်ခုံးပင့်ပြီး ကျွန်တော့်ကို ကြည့်တယ်။ နောက်တော့ သဘောတကျ ရယ်ပါတယ်။

"အံမယ်လေး ငါ့သား စိတ်ကူးယဉ် တယ်ဆန်နေပါလား မြတ်မော်ရဲ့၊ နွေအိမ့်ကိုတော့ တွေ့ရင် ပြောပြမှပဲ"

"ဟုတ်တယ်လေ မေမေရဲ့၊ သီချင်းတွေဆို ကက်ဆက်ခွေ တစ်ခွေတည်းမှာ ကိုယ်ကြိုက်တဲ့သီချင်းလေးတွေချည်းပဲ စုပြီး ကူးလို့ရတာပဲဟာ၊ အနံ့တွေလည်း အဲဒီလို စုပြီး သိမ်းလို့ရရင် ကောင်းမှာပဲ၊ ကျွန်တော် မကြိုက်တဲ့ အနံ့ဆို ရှူစရာ မလိုတော့ဘူးပေါ့"

"ဒါဖြင့်ရင် ကောင်းတဲ့ အနံ့တွေချည်း ရွေးရှူနေရတော့ ပျင်းစရာကြီး ဖြစ်နေတော့မှာပေါ့၊ တော်ကြာ အမှိုက်လေးတွေက ငါတို့အနံ့တွေ မြတ်မော် မရှူတော့ပါလားလို့ ဝမ်းနည်းသွားရင် ဘယ်လိုလုပ်မလဲ၊ ကဲ…"

"အမှိုက်နံ့ကျတော့ ကောင်းမှ မကောင်းဘဲ၊ မင်းလည်း ရှူလို့ ကောင်းတဲ့ အနံ့ဖြစ်အောင် ကြိုးစားလို့ ပြန်ပြောမှာပေါ့"

မေမေ့ရယ်သံဟာ ရထားဥဩသံကြားမှာ တလိမ့်လိမ့် မျောပါသွားတယ်။ ရထား ထွက်ပြန်ပြီ။ ဘူတာလေးကို ကျွန်တော် လည်ပြန်ငေးမိတယ်။ ဘော်ကြိုဘူတာလေးလိုပဲ တောဘူတာရုံကလေး။ တောင်တန်းတွေ နောက်ခံနဲ့ လွမ်းစရာလေး။

လမ်းတစ်လျှောက်လုံးဟာလည်း တချို့ဘူတာတွေဟာ အိပ်ငိုက်ရင်း ရောက်လာ၊ တချို့ဘူတာတွေကျတော့လည်း ဗိုက်ဆာလို့ မုန့်စားချင်လို့ တမျှော်မျှော် ရှိနေတုန်း ရောက်လာနဲ့ပေါ့။

ပြင်ဦးလွင်က မြေနီနီတွေ၊ ရောင်စုံပန်းခင်းတွေကို ကျွန်တော်တို့ ထားရစ်ခဲ့တယ်။ ရွာကလေးတွေ၊ ဘူတာလေးတွေကို ထားရစ်ခဲ့တယ်။ ရထားပေါ်က လူတွေဆီ အပျော် လက်ပြနှုတ်ဆက်နေတဲ့ ကျွန်တော့်ထက် ငယ်တဲ့ ကလေးတွေ၊ ကျွန်တော့်အရွယ် ကလေးလည်းမက ဆယ်ကျော်သက်လို့လည်း မဆိုနိုင်သေးတဲ့ ကောင်လေး၊ ကောင်မလေးတွေကို ထားရစ်ခဲ့တယ်။ မြေသား နီနီ ညိုညိုနဲ့ အစိမ်းရောင် သစ်ပင်တွေ၊ လယ်ကွင်းစိမ်းတွေ၊ ကြံခင်းတွေဟာ ကျွန်တော်တို့ နောက်ကျောမှာ တရိပ်ရိပ် ကျန်ရစ်ခဲ့တယ်။

ကျွန်တော့်စိတ်ထဲ စွဲခဲ့ရတဲ့အထဲ ဂုတ်ထိပ်တံတား ပါတယ်။ အဝေး ကတည်းက ရထားအရှိန် လျှော့သွားကတည်းက မေမေ ညွှန်ပြလို့ မြင်ရတဲ့၊ ခမ်းနားလှပတဲ့ မြင်ကွင်းကျယ်ဟာ ကျွန်တော့်မျက်လုံးတွေကို အရောင်လက်လာစေတယ်။ ဂုတ်ထိပ်တံတားဟာ အိပ်မက်ထဲက တံတားတစ်စင်းလိုပါပဲ။

တောတောင်စိမ်းမြ ရံထားတဲ့ အဲဒီ အိပ်မက်တံတားဟာ ခုံပေါ် ခွေလျော့လျော့ ထိုင်နေတဲ့ ကျွန်တော့်ကို ချက်ချင်းပုံပြောင်းပြီး တက်ကြွရွှင်လန်း လာစေတယ်။ ဒီလမ်းခရီးကို မမနွေလည်း သိမှာပဲ။ ပြန်ရင်

အတူပြောကြရဖို့ မြင်သမျှကို ကျွန်တော် တေးမှတ်ထားတယ်။

ဒီလိုနဲ့ ခရီးဆုံးပန်းတိုင်ဟာ တဖြည်းဖြည်း နီးလာရော ဆိုပါတော့။ လွယ်ကော်ဆိုတဲ့ ဘူတာကျော်တော့ မကြာခင် ဘော်ကြိုရောက်တော့မယ်လို့ မေမေ ပြောတယ်။ ပစ္စည်းတွေ ပြင်ကြရတယ်။ ဘော်ကြိုဘူတာမှာ ရထား ခဏလေး ရပ်တယ်ဆိုတာ ကျွန်တော် သိပြီးသားလေ။ ရထားအရှိန် ဖြည်းဖြည်းလျှော့တော့ မေမေ့နောက်ကနေ အိတ်လေးတစ်အိတ် ဆွဲလို့ ကျွန်တော် လိုက်ဆင်းတာပဲ။

အံမယ်...ကျွန်တော်တို့မှာ နှုတ်ဆက်တဲ့ သူတွေဘာတွေနဲ့။ မမနွဲ့ရယ်၊ ဘူတာခွေးလေး ဘရောင်းရယ်လေ။

မေလဆန်းတုန်းက စာတိုက်ကနေ မေမေ ထည့်ပေးမယ်ဆိုလို့ မမနွဲ့ဆီ စာရေးခဲ့သေးတယ် မဟုတ်လား။ ကျွန်တော်တို့ ပြန်လာမယ့်အပတ်ကို မမနွဲ့ သိပြီးသားမို့ ဒီရထားနဲ့ ပါရင် ပါလာမှာပဲဆိုပြီး လာစောင့်နေတာလား၊ အရင်ကလို ရထားကြည့်ရုံသက်သက် ရှိနေတာလား ဆိုတာတော့ မပြောတတ်ပေမဲ့ ကျွန်တော်တို့ သားအမိကို တွေ့တော့ မမနွဲ့ဟာ ချက်ချင်းလို ရွှင်မြူးသွားတယ်။ မေမေ့လက်က ကြိမ်ခြင်းကို ဝင်ဆွဲတယ်။

ကျွန်တော့်မှာ မမနွဲ့ကို နှုတ်ဆက်ရ၊ ရုံပိုင်ဦးလေးကြီး၊ လမ်းခွဲကိုင် ဦးလေးကြီးကို နှုတ်ဆက်ရ၊ ဘရောင်းကို နှုတ်ဆက်ရနဲ့ပေ့ါလေ။ သုံးလနီးပါး ခွဲနေရတဲ့ ဘူတာလေးဟာ ကျွန်တော် စတွေ့တုန်းကလိုပဲ မိုးမြင်ကွင်းနဲ့ ကြည့်ကောင်းမြဲပါပဲ။ စိန်ပန်းပင်ကလည်း ပန်းပွင့်နီနီနဲ့ ကိုင်းခက်ရှည်တွေ လှုပ်ယမ်းလို့ ကျွန်တော့်ကို နှုတ်ဆက်နေသလိုပဲ။ ဟော... ဟိုမှာ ဟိုမှော်ရှာ ရှိနေတဲ့ တောင်တန်းလေ။ စိုင်းနောင့်ရေ...ငါ ပြန်လာပြီဟေ့။

ဟိုမှော်ရှိတဲ့ ဘက်ဆီတော့ စိတ်ထဲကနေပဲ အော်ခဲ့ရပေမယ့် ဖိုးခွားတို့ အိမ်ရှေ့က ဖြတ်တော့ “ဖိုးခွားရေ၊ ငါ ပြန်လာပြီ” လို့ ဝမ်းသာအားရ အော်မိတယ်။ သားအမိနှစ်ယောက်ပဲ ဝင်ရမယ်ထင်တဲ့ ခြံဝင်းလေးဟာ လိုက်ပို့တဲ့ မမနွဲ့ရယ်၊ သူ့ခြံထဲကနေ ပြုံးပြုံးရွှင်ရွှင် ကူးလာတဲ့ ဖိုးခွားရယ်နဲ့မို့ ရယ်သံ နှုတ်ဆက်သံ စကားပြောသံတွေနဲ့ ညံနေပြန်ရော။ လူမနေတာ သုံးလနီးပါး ကြာသွားတဲ့ အိမ်ကလေးက ဖုန်တက်ဘာတက်နဲ့မို့ မေမေနဲ့အတူ ကျွန်တော်တို့ ကူရှင်းကြတယ်။ အိုးခွက်ပန်းကန်တွေ ဆေးကြတယ်။ ဖိုးခွား ယူလာပေးတဲ့ ထမင်းကြမ်းနဲ့ ကြီးကြီး ထည့်ပေးလိုက်တဲ့ ဟင်းအကြော်တွေ၊ လက်ဖက်တွေ ပြင်ဆင်လို့ အတူလက်ဆုံ စားကြရတဲ့ မွန်းလွဲစာဟာ အတော်မြိန်ခဲ့တာပါပဲ။

ကျွန်တော် ဘော်ကြိုရွာကို၊ ပြီးတော့ သီပေါကို ဘာကြောင့် သံယောဇဉ် ဖြစ်ရတယ်ဆိုတာ ရှင်းရှင်း သိရတဲ့ နွေကာလများပေါ့။ နေရာတစ်ခုခုကို ခင်တွယ်ဖို့ဆိုရင် အဲဒီနေရာမှာ ရှိတဲ့ လူတွေကို အရင်ခင်တွယ်ဖို့ လိုလိမ့်မယ် ဆိုတာ သိတတ်လာတဲ့ ကာလများပေါ့။

နောက်ရက် နောက်ရက်တွေကတော့ ဒုံရင်း ဒုံရင်းပဲပေါ့လေ။

ကျောင်းဖွင့်ဖို့လည်း အချိန်နှစ်ပတ်လောက် လိုသေးတယ် ဆိုတော့ကာ ကျွန်တော်တို့ရဲ့ လက်ကျန်ပိတ်ရက်ဟာ ပျော်စရာအတိ ပြီးမြဲပေါ့။ ထုံးစံမပျက် ဖိုးခွားတို့ခြံ ကူးတယ်။ မမနွေတို့ဆီ သွားလည်တယ်။ ဘွားကြင်ရဲ့ ရှေးစကား (ရှေးရှေးတုန်းကလေ၊ ဟိုတုန်းကလေနဲ့ အစချီတဲ့ ပုံပြင်တွေ၊ တကယ့်ဘဝ ဇာတ်ကြောင်းတွေ) နားထောင်၊ မုန့်ကပ်စား။ နောက်တော့ မြစ်ကမ်းနံဘေး စာဖတ်၊ အာလူးဖုတ်။ နေ့ခင်းဘက်ကျတော့ ရထားကြည့်မြဲ ကြည့်ကြတယ်။

တချို့နေ့တွေကျပြန်တော့ မမနွေ ငှားပေးတဲ့ စက်ဘီးလေး စီးပြီး စိုင်းနောင့်ဆီ သွားလည်တယ်။ စိုင်းနောင့်အမေ ပါပါ (အဒေါ်)၊ စိုင်းနောင့်အဖေ လုံး (ဦးလေး) တို့ရဲ့ ခြံဝင်းကလေးတင်မက ရွာထိပ်က ရေထွက်နတ်စင်နားက ရေကန်ပါမချန်၊ တောင်ယာတွေဆီ သွားရတဲ့ တောင်ကုန်းအတက် နေရာတွေလည်း မကျန်ရအောင် ကျွန်တော်တို့ မီးကုန် ယမ်းကုန် ဆော့ကြတယ်။

မေမေသာ စက်ဘီး ဝယ်ပေးရင် ကျောင်းပိတ်ရက်တိုင်း ကျွန်တော် ဟိုမှော် လာမယ်လို့ စိုင်းနောင့်ကို ကတိပေးလိုက်သေးတာ အဲဒီ နွေရာသီပဲ။

တကယ်တမ်း ကျတော့လည်း ကျောင်းမဖွင့်မချင်း စိုင်းနောင်နဲ့ ထပ်တွေ့ဖြစ်ဘူး။ စက်ဘီးက တစ်ရက်လောက်ပဲ ငှားလို့ ကောင်းတာ မဟုတ်လား။ ဒီတော့လည်း ဖိုးခွားနဲ့ မမနွေဟာ ကျွန်တော့်အဖော် ဖြစ်မြဲ။

တစ်ရက်တော့ မမနွေနဲ့အတူ မြစ်ကမ်းနံဘေး ထိုင်ရင်း စာအုပ်ပုံ တစ်ပုံဘေးချလို့ စကားထာဝှက်တမ်း၊ စာအုပ်လှန်တမ်း (နံပါတ်အကြီး ရသူ နိုင်စတမ်း) ကစားနေရင်းကနေ ဘယ်လိုက ဘယ်လို စိတ်ကူးပေါက်တယ် မဆိုနိုင်ဘူး။ ကျွန်တော်ဟာ အပြန်ခရီးအကြောင်း စကားစပ်မိပါလေရော။ ရထား နောက်ဆုတ်နေတဲ့အချိန် ကျွန်တော် လန့်နိုးလာပုံကအစ ရှုခင်းသိပ်လှလို့ ငေးရင်း လေအနံ့ကို မမနွေအတွက် ယူလာပေးဖို့ စိတ်ကူးမိပုံအဆုံး လေရှည်ရှည် ဖောင်ဖွဲ့လို့ ပြောဖြစ်ပါလေရော။

အဲဒီမှာပဲ မမနွေက “အဲဒီရွာကို မမ သိတယ်” တဲ့။

“ဘူတာရှာလား”

“အင်းပေါ့”

“ရထားနဲ့ သွားဖူးတာလား”

“သီပေါ ရောက်ကတည်းက ဆိုရင်တော့ ရွာကို မရောက်ဖူးတော့ ကြာပြီပေါ့၊ ဘူတာကလည်း ငယ်တုန်းက ရထားစောင့်စီးနေကျ ဘူတာပဲ”

“ဘာလုပ်ဖို့ ရထားစောင့်စီးရတာလဲဟင်”

မမနွေက မြစ်ပြင်ကို ငေးနေပြန်တယ်။ မျက်တောင်ကော့လေးတွေ တဖျပ်ဖျပ်ခတ်တယ်။ နဂို လက်နေတတ်တဲ့ မျက်လုံးလေးတွေဟာ ပိုလို့ စိုလဲ့လာသလိုပဲ။ အဲဒီ မျက်လုံးတွေနဲ့ ကျွန်တော့်ဘက် ဖြည်းဖြည်းချင်း လှည့်ကြည့်လာတော့ မျက်ခုံးပင့်လိုက်မိတယ်။ လေပြည်ဝှေ့တော့ ဆံနွယ်မျှင် တချို့ဟာ မမနွေရဲ့ ပါးပြင်မှာ တင်လို့။

အဲဒီခဏ ဆံနွယ်မျှင်တွေကို သပ်တင်ပေးလိုက်ချင်စိတ် ဘာကြောင့် ပေါ်လာတယ် ကျွန်တော် မပြောတတ်ဘူး။ ဒါပေမဲ့ တကယ်တမ်းကျတော့ လုပ်မပေးဖြစ်ပါဘူး။ ကျွန်တော် မလှုပ်ရှားမိခင်မှာ မမနွေ စကားပြောလိုက်တာကြောင့် ဖြစ်မှာပေါ့။ ပြီးတော့ အဲဒီစကားကလည်း ကျွန်တော် အံ့အားတသင့် အငိုက်မိစေတဲ့စကား မဟုတ်လား။

“အဲဒီရွာက မမ ရွာလေ၊ မမ မွေးခဲ့တဲ့ရွာ၊ မမ နေခဲ့တဲ့ရွာ၊ အမေနဲ့အတူ နေခဲ့တဲ့ရွာ”

“အမေ...”

မယ်မယ်လို့ပဲ ကြားဖူးနေတာကြောင့် “အမေ” ဆိုတဲ့ အသုံး ပထမဆုံး အကြိမ် မမနွေ နှုတ်က ထွက်ကျတာကို ကျွန်တော် အံ့ဩသွားတယ်။

“အမေဆိုတာ မမ အမေလေ၊ မယ်မယ်က မွေးစားအမေပေါ့”

ဒီတစ်ကြိမ်တော့ ကျွန်တော့် အံ့အားသင့်မှုဟာ မိုင်ကုန် ဘူတာ လွန်သွားတော့တာပဲ။ ကျွန်တော်ဟာ ဘာဆက်ပြောလိုက်ရမှန်း မသိတော့သလို မမနွေကို ငေးမိတယ်။ မမနွေရဲ့ စကားသံ သဲ့သဲ့ကိုပဲ မြစ်ရေစီးသံ အကြားက အမိအရ ဖမ်းဆုပ်နေမိတယ်။

❀

နွေ့ပုံရိပ် (၁)

နွေသည် သစ်ရွက်ကြွေများပေါ်တွင် တစ်လှမ်းချင်း လျှောက်လာသည်။ နွေ့ခြေအစုံနှင့် ထိခတ်သော သစ်ရွက်လေးများ၏ ချိုးချိုးချွတ်ချွတ် ဖိကြေသံကိုပင် နားနှင့် ဆတ်ဆတ် ကြားနေရသည်။ တောမှာ လေတိုးသံမှ အပ ငြိမ်သက်လျက်။ ခေါင်းမော့ကြည့်လျှင်ပင် နွေ့အရပ်ကလေးနှင့် ထိပ်ဖျားမမြင်သာသော သစ်ပင်များမှာ ပင်ချင်း ရွက်ချင်းဆက်မျှ မှိုင်းမှောင်ရိပ်မိုးလျက် ရှိကြသည်။ တောသည် ထူထပ်၏။ ပြီးတော့ စိမ်းညို့နက်မှောင်၏။ လူသွားလမ်းပင် မရှိသော သည်တောထဲ နွေ ဘယ်လိုများ ရောက်ခဲ့ရသနည်း။

အဖြူပေါ် ပန်းရောင် အပွင့်သေးသေးကလေးများ ပါသော အသားပျော့ပျော့ ဂါဝန်အနားစလေးကို ဖောင်းအိအိ လက်ကလေးများနှင့် အားကိုးရာ ရှာသလို တင်းတင်းရင်းရင်း ဆုပ်ကိုင်လျက် ဟိုဟို ဒီဒီ ငေးမျှော်နေသော နွေသည် ပထမသော် စိမ်းသက်သော အရပ်ဒေသဆီ ဘယ်သို့ဘယ်ပုံ ရောက်နေပါလိမ့် အံ့ဩခြင်းသာ ဖြစ်ရသည်။ ကြည့်လေမြင်လေရာ ကြောက်မက်ဖွယ်သော အခြင်းအရာများ ပြည့်နေသလို ဟိုနေရာ သည်နေရာကပဲ သားကောင်များ တိုးထွက်လာတော့မလို စိတ်၌ ထိတ်လန့်စ ပြုရသည့်အထဲ ရှဲခနဲ ရှဲခနဲ တိုးတိုက်သော လေကြမ်းကလည်း အားငယ်စိတ်ကို တိုး၍ဖြစ်စေသည်။

အမေ...အမေ ဘယ်မှာလဲ။ နွေတစ်ယောက်တည်း ဘာလို့များ ဒီတောထဲ ရောက်နေတာလဲ။

နွေသည် မျက်တောင်ကော့လေးများကို တဖျပ်ဖျပ် ခတ်လိုက်သည်။ အနီး၌ အမေ မားမားမတ်မတ် ရှိလျှင် စိုးစဉ်းမျှ အားမငယ်တတ်သလို ပျော်ရွှင် တက်ကြွနေတတ်သော နွေမှာ ခုတော့လည်း ခြေဦးတည့်ရာ ပြေးချင် စိတ်ပင် ပေါက်လာသည်။ ဒါမှမဟုတ်လည်း ထိုင်၍သာ ငိုလိုက်ချင်တော့သည်။ အားငယ်သည်၊ ဝမ်းနည်းသည် စသဖြင့် နွေ ပြောမပြတတ်သေးသော ခံစားမှု ပေါင်းစုံသည် ရင်၌ စိမ့်၍ စိမ့်၍ လှိုက်ခတ်လျက်ရှိသည်။ နဂိုကပင် ဝန်းဝိုင်းသော နွေ့မျက်လုံးလေးများမှာ ပို၍ပင် အဝန်းကျယ်လာသည်။ ထိုမျက်လုံး များထဲတွင် မျက်ရည်လည်း စိမ့်လျက်ရှိပြီ။ အမေ...အမေ..။

ပထမတော့ နွေ့အသံမှာ သူကိုယ်တိုင် ကြားသာရုံ ခပ်တိုးတိုး ဖြစ်သည်။ နောက်တော့ တိုး၍ တိုး၍ ကျယ်လောင်လာကာ အသံရှိန် အမြင့်ဆုံးသော တစ်ခွန်းကိုတော့ ရင်အတွင်းဆုံး တစ်နေရာက ဖောက်ထွက်ကျလာသလို

အားနှင့် ဟစ်ချလိုက်သည်။ အမေ…။

"နွေ…သမီး နွေ"

နွေသည် မျက်လုံးများကို အားယူဖွင့်လိုက်သည်။ စူးရှသော ရောင်ခြည်တန်းကြောင့် တစ်ဖန်မှိတ်သည်။ နောက် ဖြည်းဖြည်းချင်း ပြန်ဖွင့်သည်။ မျက်ခုံး ခပ်ကျုံ့ကျုံ့ မေးစင်းထားသော မျက်ဝန်းများဖြင့် ဝေ့ဝဲကြည့်၏။ သစ်တော…သစ်တောက ဘယ်မှာပါလိမ့်။

နွေ့အမြင်တွင် စိမ်းစိုအုပ်ဆိုင်းသော သစ်ပင်ကြီးများလည်း မရှိ။ နေပြောက်ပင် မထိုးနိုင်အောင် ညို့ညို့ဆိုင်းသော တောအုပ်အလယ်တွင် မဟုတ်ဘဲ နွေသည် အိပ်ရာပုံတစ်ခုထဲ ရောက်ကာနေသည်။ လင်းကျင်းသော နံနက်ခင်းတွင် ဖြစ်သည်။ ဘေးတွင် "သမီး" ဟု ခေါ်နေသူမှာလည်း တကယ်တမ်းတော့ အမေ မဟုတ်ပါလား။ ညိုတိုတိုမျက်နှာပေါ်က အရောင်မှိန်သော်လည်း အပြုံးစွက်သော အမေ့မျက်လုံးများနှင့် ဆုံရလိမ့် ထင်ခဲ့သော်လည်း ဖြူဝင်းဝင်း အဆင်းနှင့် မေတ္တာပြည့်သော မျက်နှာအလှကိုသာ နွေ တွေ့ရ၏။

"ဆရာမ"

တိုးသဲ့သော အသံသည် ရှိုက်ငင်ခြင်းကို အဖော်ပြုလျက် နွေ့ထံက ရုန်းထွက်လာသည်။ မျက်ရည်တို့သည် တာတမံ ကျိုးသည့်အလား ပါးပြင်ပေါ် တလိမ့်လိမ့် စီးကျလာတော့သည်။

"အိပ်မက် မက်ပြန်ပြီလား"

"ဟုတ်ကဲ့"

"ဟိုတစ်ခါလို တောထဲမှာ နွေတစ်ယောက်တည်း ရောက်နေပြန်ပြီလား"

နွေသည် ကြင်ကြင်နာနာ ငေးစိုက်နေသော ဆရာမ၏ မျက်ဝန်းများကို စေ့စေ့ရင်ဆိုင်ကာ ခေါင်းညိတ်လိုက်သည်။ သည်အိမ်ကို ရောက်စကတည်းက၊ အတိအကျဆိုရလျှင် အမေနှင့်၊ မွေးရပ်မြေနှင့် ဝေးကတည်းက သည်အိပ်မက်ကို နွေ မက်တတ်သည်။ အထူးသဖြင့် တစ်စုံတစ်ရာသော အကြောင်းကြောင့် ဝမ်းပန်းတနည်း စိတ်ပင်ပန်းနေသော အခါမျိုးမှာ၊ အနီးတွင် လူများစွာ တွေ့နေရပါလျက် စိတ်ချလက်ချ မှီတွယ်ရမည့်သူ တစ်ယောက်မျှ မရှိတော့သလို အားငယ်ရသော အခါမျိုးမှာ ထိုအိပ်မက်မျိုး မက်တော့သည်။ အတိတ်၏ ဆုံးရှုံး နာကျင်မှုများထံက မလွတ်မြောက်နိုင်သေးသော နွေသည် သူ

ပိုင်ဆိုင်သော၊ ဘာမဆို ဖန်တီးခွင့်ရှိသော အိပ်မက်မှာပင် ပျော်စရာအကြောင်းနှင့် မကြုံကြိုက်ရာချေ။

"နွေ့ အခုတစ်ယောက်တည်း မဟုတ်တော့ဘူးလေ၊ နွေ့အနားမှာ ဆရာမရှိတယ်လေ၊ ဘာမှစိုးရိမ်စရာ မရှိဘူးလို့ ပြောထားတယ် မဟုတ်လား"

"ဟုတ်ကဲ့"

နွေ့ သိပါတယ်...။ ဒါပေမဲ့ အိပ်မက် မမက်အောင်၊ ဝမ်းမနည်းဘဲနေတတ်အောင် နွေ့မှ မတတ်နိုင်ဘဲ။ နွေ့သည် မျက်ရည်တို့ကို လက်ခုံနှင့် တို့သုတ်လိုက်သည်။ မျက်ရည်သည် မျက်ဝန်းအိမ်ထဲမှာရော မျက်တောင်ဖျားမှာပါ ကတ်သတ်ကျန်ဆဲ။ ရှိုက်ငင်သံမှာ တစ်စစ တိုးလျှလာသည်။ နောက်တော့ ငိုသံကို ကြားလျှင် စိတ်ဆင်းရဲနေတော့မည့် ကျေးဇူးရှင်၏ မျက်နှာကို အရိပ်လို ကြည့်ကာ ငိုခြင်းကို တန့်လိုက်သည်။ မျက်လုံးများက မျက်ရည်ခန်းသော်လည်း နွေ့တွင် ဝမ်းနည်းခြင်းသည် အရှင်းပျောက်မသွားချေ။

ဝမ်းနည်း နာကျင်မှုသည် အရွယ်နှင့် မမျှအောင်ပင် အစိုင်အခဲတစ်ခုပမာ အခိုင်အမာ ဖွဲ့တည်လျက် နွေ့ဝမ်းတွင်းတွင် တငွေ့ငွေ့ လောင်သော အရှိန်နှင့် ပုန်းအောင်းလျက်ရှိသည်။ ဘယ်တုန်း ကတည်းကလဲဆို ရွာက ထွက်လာရကတည်းကပါပဲ။ ရွာကလေးကို ခွဲခွာချန်ထား ရပြီဆိုကတည်းက နွေ့သည် အော်ဟစ်၍သာ ငိုလိုက်ချင်သည်။ သူငယ်တန်းတုန်းက ကျောင်းမသွားချင်၍ ဘုတာရုံကလေးက မြက်ခင်းစပ်မှာ လူးလိမ့်ငိုဖူးသလို ငိုလိုက်ချင်သည်။ သို့သော် ထိုစဉ်တုန်းကလို "ကျောင်းမသွားချင် တစ်ရက်တော့ မသွားနဲ့ပေါ့၊ နောက်ရက်တော့ မရဘူး" ဟု အလိုလိုက်တတ်သော အမေလည်း မရှိပြီ။

အမေသည် နွေ့ကမ္ဘာမှာ မရှိတော့ပြီ။ လောကကမ္ဘာမှာလည်း မရှိတော့ပြီ။

ကုန်လွန်ခဲ့သော သုံးလတာ တစ်ညနေတုန်းက "အမေ သေပြီ" ဆိုသော စကားကို ကျောင်းအပြန် ရထားပေါ်က ဆင်းပြီးနောက် များမကြာမီမှာပင် နွေ့ သိလိုက်ရသည်။ နွေ့ရွာက လူများသည် ဘုတာရုံမှာ ကျောင်းအပြန် ရထားနှင့် ပြန်ပါလာမည့် ကလေးတစ်သိုက်ကို စိတ်စောသော၊ နွမ်းသော မျက်နှာများနှင့် မစောင့်စဖူး စောင့်နေခဲ့ကြလေသည်။

နွေ့သည် ရွယ်တူကလေးများနှင့် ရထားပေါ်က ဆင်းရန် ပြင်ဆင်ခိုက်မှာပင် ငြင်းခုံမဝသေး၍ အတန်းကြီး အစ်ကို၊ အစ်မများ သတိပြုမိသလို "ဘူတာမှာ ဒီလူတွေ ဘာ လာစောင့်နေကြတာလဲမသိဘူး" ဟု

မတွေးအားပေ။ ရထားက တုံ့ရပ်လျှင် "ဟဲ့ ဖြည်းဖြည်း" ဟု ဘယ်သူကမှန်းမသိ သတိပေးသော်လည်း အခါတိုင်းလိုပင် သူ့ထက်ငါ ဘုတ်ခနဲ ခုန်ချကြသည်။ မြက်ခင်းအစပ်မှာ လွယ်အိတ်ပြုတ်ကျတော့ အသာ ကောက်ယူပြီး စလွယ်သိုင်း လွယ်သည်။ ရထားပေါ်က ဆင်းလာသည့် ကလေးတစ်သိုက်ထဲ တစ်စုံတစ်ဦးအား အလောတကြီး ရှာဖွေနေပုံရသည့် လူအများကို နွေ တော်တော်နှင့် ဂရုမပြုမိချေ။

ဘူတာရုံဆီ အမေ လာကြိုလေ့ ကြိုထ မရှိတာကြောင့် အိမ်ရှိရာဆီ တစ်ယောက်တည်း ပြန်နေကျလို ပြန်ရန် သူငယ်ချင်းများကို နွေ နှုတ်ဆက်လျက် ခြေလှမ်းပြင်လိုက်သေးသည်။

"ဟော...ဟိုမယ် ဟိုမယ်၊ နွေအိမ်ရေ၊ ဟေ့...နွေအိမ်"

ခေါ်သံကြောင့် ခေါင်းကလေး ဘယ်ညာ ဝေ့ဝဲလျှင် ဘေးအိမ်က ဒေါ်ကြီးဘုကို တွေ့ရလေသည်။ ဒေါ်ကြီးဘုဘေးမှာတော့ ဒေါ်လေးရီတို့၊ ဦးလေးကျော်တို့။ သူတို့သည် အချင်းချင်း တီးတိုးတိုင်ပင်လျက် ရှိရာက လွယ်အိတ်ကြိုးကလေး တင်းတင်းဆုပ်ကာ အနီးသို့ တိုးကပ်လာသော နွေ့အား ကြင်နာစွာ လှမ်းကြည့်ကြသည်။ ဒေါ်ကြီးဘုက နွေ့လက်ကို လှမ်းကိုင်သည်။ ပိန်သွယ်လှပ်သော ခန္ဓာမှာတော့ အမေ့အတိုင်းပဲ။ အဝတ်အစားကလည်း အမေ့လို ခပ်နွမ်းနွမ်းပဲ။ အိမ်နီးနားချင်း ဆိုသော်လည်း ညီအစ်မနှင့် သာ၍ တူသည်ဟု အရပ်ထဲက ပြောကြသည်။

နွေ့အမေနှင့် ဒေါ်ကြီးဘုသည် မုဆိုးမ ဖြစ်တာချင်းလည်းတူ၊ သည်ရွာ ဇာတိမဟုတ်ဘဲ မြင်းခြံနယ် တစ်ကြောကနေ ဒေ့ပြောင်းနောက် ဆံထုံးပါ အခြေလာချပုံလည်း တူ၊ နောက်ဆုံးကုန်ကုန်ပြောရလျှင် တောထဲထင်းအရှာထွက်ကာ အသက်မွေးရတာလည်း တူသည်။ သားသမီး မရှိသော ဒေါ်ကြီးဘုအတွက် နွေသည် သမီးတစ်ယောက်လိုလည်း ဖြစ်သေးသည်။

"ဒေါ်ကြီးဘု၊ ဘာလုပ်နေကြတာတုံး"

"သမီးကို စောင့်နေကြတာ"

နွေသည် ချွေးစေးပြန်နေသော ဒေါ်ကြီးဘု၏ လက်အထိအတွေ့ကို ဘာကြောင့်မှန်းမသိ မကြိုက်ချင်ပြန်သလို သူ့လက်ကလေးကို မသိမသာ ရုန်းနေသည်။ သို့သော် ဒေါ်ကြီးဘု၏ လက်များကား မြဲမြံလှသည်။

"ဘာလို့တုံး"

ဒေါ်ကြီးဘု၏ သက်ပြင်းချသံမှာ အတော်ပဲ ကျယ်လောင်ပါသည်။

"အိမ်ရောက်တော့ သိလိမ့်မပေါ့"

အိမ်ရောက်တော့ သိလိမ့်မယ်ဆိုတာ ဘာများပါလိမ့်။ မေးခွန်းတစ်ခု၊ နှစ်ခုလောက် ထပ်မေးရန် ကြံရွယ်သော်လည်း မသာယာလှသော ဒေါ်ကြီးဘုနှင့်တကွ အခြားအခြားသော မျက်နှာများကိုပါ အကဲဖမ်းမိကာ ပါးစပ်ကလေး ပိတ်လျက် စိုက်စိုက် လိုက်လာသည်။ နွေတို့အိမ် ရှိရာဆီ ဘူတာရုံကလေးမှ အနည်းငယ် လျှောက်ရသည်။ ကုန်းကလေး ပြေပြေ တက်ရသည်။ ရွာသည် အိမ်ခြေလည်း မများလှ။ ရထားဝန်ထမ်းများ၊ သူတို့ သူတို့နှင့် ဆက်စပ်ရာ ရောက်ရှိလာရာက တစ်စစ အခြေတည်လာသော ရွာဟု လူကြီးသူမများ စကားလက်ဆင့် ကမ်းတတ်သော နွေ့မွေးဇာတိရွာမှာ စိုက်ပျိုးစား၍ မရသော မြေပေါ်တွင် တည်ရှိလေသည်။

နွေတို့အိမ်မှာလည်း ရွာက အိမ်အများလိုပင် ခပ်သေးသေးသာ ဖြစ်သည်။ ထည်ဝါခြင်း အလျှင်းမရှိ။ စည်းရိုးဆိုတာပင် မရှိသော ခြံကလေးသည် ယခင်က သားအမိ ဆုံချိန်မှအပ၊ နွေတစ်ယောက် အပေါင်းအသင်းများနှင့် ချိန်းချက်ဆော့ချိန်မှအပ ဆိတ်ဆိတ်ငြိမ်နေလေ့ ရှိသော်လည်း ကနေ့တော့ဖြင့် လူတို့ ရုံးစုရုံးစု ဖြစ်လျက် ရှိပုံကို အဝေးကပင် မြင်နေရသည်။

ဇဝေဇဝါကြည့်ဖြင့် ဒေါ်ကြီးဘုကို နွေ မော့ကြည့်လိုက်သည်။

"ဒေါ်ကြီးဘု၊ နွေတို့အိမ်မှာ ဘာလုပ်နေကြတာတုံး"

ဘာကြောင့်မသိ နွေ့လက်ကို ဒေါ်ကြီးဘုက တစ်ချက် တင်းတင်း ဆုပ်လိုက်သည်။ အမေ လုပ်တတ်သလို သက်ပြင်းကြီးလည်း ချလိုက်သေးသည်။ မျက်တောင်တဖျပ်ဖျပ် ခတ်သည်ကိုလည်း တွေ့ရသည်။ ဒေါ်ကြီးဘု ပြန်ဖြေမည့် အသံကို နွေ နားစွင့်သော်လည်း အချည်းနှီးသာ။ လေတိုးသံ၊ နွေတို့နောက်နားဆီမှ လိုက်ပါလာကြသူများ၏ တီးတိုး တီးတိုး လေသံသာ ဝေ့ဝဲလွင့်ပျံ့နေသော ဝန်းကျင်ဝယ် နွေသည် အဖြေစကားမရဘဲ အိမ်သို့သာ ရောက်လာရသည်။

"ဟယ်..ရောက်လာပြီတော့်" ဟု ဘယ်သူကမှန်းမသိ စပြောလိုက်သည်။ လူသံသူသံတို့သည် တစ်ခဏ ဆိတ်သွားပြီး နွေ့အား ယခုမှ မြင်ဖူးသလိုပင် စိုက်ကြည့်နေကြသည်။

နွေသည် ဝေဝေဝါးဝါး နိုင်လှသော အကြည့်ဖြင့် ဒေါ်ကြီးဘုကို

တစ်လှည့်၊ ဝိုင်းထဲမှာ၊ အိမ်ရှေ့ကပြင်မှာ မိုးတိုးမတ်တတ်၊ ထိုင်လျက်သား စသဖြင့် ပုံစံအသီးသီး ရှိနေကြသော ရွာကလူများကိုတစ်လှည့် ကြည့်နေသည်။ နွေ့မျက်လုံးများသည် ဝိုင်းလျက်။ "လာ သမီး" ဟု ဒေါ်ကြီးဘု ထပ်ခေါ်မှပင် မိမိအိမ်ဝင်းကိုပင် သူစိမ်းအိမ်ပမာ နွေ တွန့်ဆုတ်ဆုတ်ဝင်၏။ အမေ...အမေ...အမေ့ မတွေ့ပါလား။ ဧည့်သည်တွေ အများကြီးရောက်နေရက်နဲ့ အမေ ဘယ်ရောက်နေသလဲ...။

"ဒေါ်ကြီးဘု၊ အမေရော"

"ညည်းအမေလား..."

တစ်လမ်းလုံး မျက်နှာပျက်ရုံ ပျက်လာသော ဒေါ်ကြီးဘုသည် စကားမျှပင် မဆက်နိုင် နွေ့လက်ကို လွတ်ထွက်သွားတော့မလို ဆုပ်ကာ ဟီးခနဲ ငိုချလိုက်သည်။ ငိုမယ့် ငိုတော့လည်း မျက်ရည်က အတောမသတ်နိုင်သလို စိမ့်လျက် စိမ့်လျက် စီးကျလာသည်။ နွေလက်ကိုလည်း မဖြုတ်၊ အိမ်ကပြင်သို့ တက်သည့် လှေကားလေးပေါ် တက်စေကာ နောက်က လိုက်တက်လျက် အိမ်ခန်းတွင်းသို့ လှမ်းမြင်မိလျှင်ပင် နောက်ဆက်တွဲ စကားသံသည် ဒေါ်ကြီးဘု၏ နှုတ်က နာနာကျင်ကျင် တိုးထွက်ကျလာပေသည်။

"ညည်းအမေ သေပြီ နွေအိမ်ရဲ့၊ ညည်းအမေ သေပြီ"

ငိုသံ တစ်စ၊ နှစ်စသည် လူအုပ်ထဲက တိုးထွက်လာ၏။ သနားစရာ ကလေးမလေးဟု ရေရွတ်သူက ရွတ်၏။ ခုနစ်နှစ် နီးပါးအရွယ် နုနယ်လှသော မျက်နှာလေးထက်က "သေပြီ" ဆိုသော စကားလုံးကို နားမလည်သည့် အရိပ်အယောင်များက ဘေးလူများထံသို့ပင် ဝမ်းနည်းစာနာစိတ် တစိမ့်စိမ့် ကူးစက်လျက်။ "အဖေ သေတုန်းက ဒီကလေးလေး လေးနှစ်ထင်ပ၊ ခုတော့ တစ်ခါ အမေက သေပြန်ပြီ" ဟု တစ်ယောက်က ပြောသည်။

"ဒီမှာလည်း အမျိုးမရှိ ဘာမရှိ၊ တစ်ကောင်ကြွက်၊ အညာမှာ အမျိုးရှိရင်လည်း ဒီကလေး ကျွေးမွေးဖို့ ကျောင်းထားဖို့ နေနေသာသာ ကိုယ့်ဝမ်းမှ ကိုယ် အနိုင်နိုင်ဖြစ်ဖို့ များတာပဲ၊ ခက်တာပဲ" ဟု စကားဆက်သံ။

နွေ့မှာတော့ ဟိုမှသည်မှ တိုးသဲ့သဲ့ လွင့်ပျံ့သည့် စကားသံများအား လည်းကောင်း၊ စာနာစိတ်နှင့် လျှံကျသည့် ငိုသံများအား လည်းကောင်း သိမှတ်နားလည်ခြင်း အလျှင်းမရှိ။ လူအများရှေ့ အိပ်ပျော်နေသည့် အမေ့ကိုသာ အံ့နေလေသည်။ စောစောက ဒေါ်ကြီးဘု ပြောလိုက်တာ "သေပြီ" တဲ့။

သေပြီ ဆိုတာ အိပ်နေတာကို ပြောတာ ဖြစ်မှာပဲ။ တစ်ခါတစ်ခါ

လူကြီးသူမ စကားများထဲမှာ "အိပ်နေတာ အသေကောင် ကျနေတာပဲ" ဆိုတာလည်း နွေ ကြားဖူးသား။ အသေကောင်လိုပဲ၊ အသေကောင်လိုပဲ။ အမေ အိပ်နေတာ အသေကောင်လိုလား။

နွေ့လက်ကို ဒေါ်ကြီးဘု လွှတ်ပေးတော့ အမေ့အနီးသို့ တိုးကပ်ကာ ငုတ်တုတ်လေး ထိုင်ချလိုက်သည်။ လွယ်အိတ်သည် ဖျာဟောင်းလေးမှာ ပုံလျက်။ ရင်ဘတ်ပေါ် ယှက်ထားသည့် အမေ့လက်များကို နွေ ဆုပ်ကိုင်လိုက်သည်။ အမေ့လက်တို့သည် အနည်းငယ် အေးစက်လျက်။ ထိုလက်တို့ကို နွေလှုပ်ယမ်းလိုက်လေသည်။

"အမေ့...အမေ့၊ ထတော့လေ၊ ဘာလို့ ဒီအချိန် အိပ်နေတာတုံး"

"မမိုးရေ၊ နင့်သမီးလေး လာပြီလေ ထပါဦးအေ၊ ထကြည့်ပါဦး"

နွေ့အနီးမှာ ထိုင်ချလျက် နွေ့မိခင်အမည် တ,ကာ ဟစ်၍ ငိုချလိုက်သော ဒေါ်ကြီးဘု၏ အသံမှာ ရင်နင့်စဖွယ်ပင် ဝန်းကျင်သို့ ဝေ့ဝိုက်ပျံ့လွင့်လေသည်။ သက်ပြင်းချသံတို့ ပို၍ကျယ်လာသည်။ ငိုသံတို့မှာ ဟိုမှ သည်မှ တိုး၍ ထွက်လာသည်။

"အမေ့...အမေ့...ထပါလို့ဆိုနေ"

စေ့စေ့ပိတ်နေသော အမေ့မျက်ခွံတို့ကို နွေ စိုက်ကြည့်လျက် မျက်နှာမှာ အလိုမကျသလို ညို့လာသည်။ ပတ်ဝန်းကျင်က ငိုသံများကိုလည်း အံ့အား အသင့်ကြီးသင့်ကာ ဘာရယ်မှန်း မသိပါဘဲ လိုက်၍ ငိုချင်နေသည်။ အမေ တစ်ယောက်သာ အိပ်၍ ကျန်သူများ သူ့အပေါ် ဝိုင်းကြည့်နေပုံမှာ အားငယ်စိတ်ကို တစိမ့်စိမ့် ပေါ်ပေါက်စေသည်။ နောက်တစ်ကြိမ် "အမေ့" ဟု ခေါ်လိုက်သော နွေ့အသံမှာ တိုးတိမ်လျက်။

"အမေ့...အမေ့"

နွေသည် အမေ့လက်ကလေးကို လှုပ်သည်။ အခါခါ ခေါ်သည်။ အမေသည် မထူး။ တုတ်တုတ်မျှ မလှုပ်ပြီ။

နွေ့လက်ကို လက်တစ်စုံက အုပ်မိုးတော့ မော့ကြည့်လျှင် မျက်ရည်ဝေသော မျက်လုံးများက ကြင်ကြင်နာနာ ကြည့်မြဲ ကြည့်လျက်။

"ဒေါ်ကြီးဘု၊ အမေက ဘာလို့ မထတာလဲ"

"ညည်းအမေ သေပြီလေ သမီးရဲ့" ဟု မျက်ရည်ကို တို့သုတ်လျက်က

ဖြေသော အဖြေစကားမှာ နွေ့မျက်နှာလေးကို ညှိုးလျစေသည်။ ခုမှပင် လူသူအများ စုဝေးလျက် လှုပ်လှုပ်ခတ်ခတ် ရှိကြခြင်း၊ ငိုကြွေးသံများ ပေါ်ပေါက်ခြင်းအား မြင်ဖူးတွေ့ဖူးသော မြင်ကွင်းများနှင့် ဆက်စပ်ကြည့်ကာ အမေ ပျောက်တော့မှာပါလားဟု ပထမဦးဆုံးအကြိမ် အသိဝင်လေသည်။ သူငယ်ချင်းများ၏ အဘိုး၊ အဘွားတို့ ဒီလိုပဲ ပျောက်သွားကြတာ သတိရသည်။ ဒီလိုပဲ လူတွေ ဝိုင်းအုံလာရင်...ဒီလိုပဲ လူတွေ ဝိုင်းငိုကြရင် ...ဒီလိုပဲ...။

"အမေ သေပြီဆိုတာ ပျောက်သွားတော့မှာလား၊ ပျောက်တာကို ပြောတာလားဟင် ဒေါ်ကြီးဘု"

"ပျောက်သွားမလား၊ အင်း...ပျောက်တာပေါ့၊ သမီးတို့၊ ဒေါ်ကြီးဘုတို့ အနားမှာ မရှိနိုင်တော့ဘူးဆိုမှတော့ ပျောက်တာပေါ့ အေရဲ့ "

ဒေါ်ကြီးဘုက တစ်ချီ ငိုပြန်သည်။ နွေသည် ငိုလည်း မငို။ မျက်နှာလေး ငယ်လျက် အမေ့ကို ငေးနေသည်။ အမေ မပျောက်အောင် နွေ ဘာလုပ်ရမလဲ။ တစ်ညလုံး ထိုင်စောင့်ရင်ရော မပျောက်အောင် တားလို့ ရမလား။

နွေသည် မမီမကမ်း ဉာဏ်ကလေးနှင့်ပင် ရောက်တတ်ရာရာ တွေးသည်။ သူများ အဘိုး၊ အဘွားတွေ ပျောက်ပေမယ့် နွေ့အမေကျမှ မပျောက်ဘဲ ဒီမှာပဲ ရှိရင်လည်း ရှိနေမှာပေါ့။ နွေ့ကို အမေ ဒီလောက် ချစ်တဲ့ဟာ။

သို့သော်လည်း သေခြင်းတရားဟူသည် တားမြစ်ခြင်းငှာ တစိုးတစိမျှ မစွမ်းသာ၊ ရှင်သူနှင့် သေသူအကြား နံရံတစ်ချပ် ခြားစေရုံမက သေသူ့အပေါ် ရှင်သူ၏ လွမ်းခြင်းကိုလည်း ရှင်ကျန်ရစ်သော အသက်နှင့်အမျှ ဖြစ်တည်စေကြောင်း အရွယ်နှင့်မှ မလိုက်အောင်ပင် နွေ ကောင်းစွာ သိတတ်ခဲ့ရသည်။

အမေသည် တကယ်ပင် ပျောက်ခဲ့ပြီ။ အမေ့ကို နွေတို့ ချန်ခဲ့ရသည်။ အိမ်တွင် အမေ မရှိတော့ပေ။ အိမ်နှင့် အဝေးမှာ ထားခဲ့ရပြီ။ အမေ့ရုပ်ကလာပ် ထည့်ထားရာ ခေါင်းကို မြေကျင်းထဲချတော့ နွေသည် ရှိသမျှသော အားကလေးနှင့် ဒေါ်ကြီးဘုလက်ထဲက ငိုယို အော်ဟစ်ကာ ရုန်းခဲ့သေးသည်။ အမေ့ကို ဘာလုပ်ကြတာလဲ၊ ဘာလုပ်ကြမလို့လဲ။ မြေကြီးတို့သည် တစ်စစပင် ထုထပ်လာတော့ကာ အခေါင်းကို မမြင်သာအောင် ပိတ်ဖုံးလိုက်သည်။ လူကြီးများအလယ် မျက်စိသငယ်နှင့် နွေ ပြန်လိုက်လာရသည်။

လူအများ ရုံးစု ရှိပါလျက် တစ်ဦးတည်းသော သွေးသားရင်းချာ အမေ မရှိသော အိမ်တွင် အမေ့ကို တ,ကာ တ,ကာ နွေငိုတော့လည်း ငိုခြင်းသာ

အဖတ်တင်သည်။ နံနက်သည် ရောက်မြဲ ရောက်လာ၏။ ညသည် ရောက်မြဲ ရောက်လာ၏။ အမေကား ရောက်မလာ။ ခြံတံခါးကို ဖွင့်လှပ်ကာ အမေ ဝင်လာတော့မည်ဟု နွေ အခါခါ ထင်သည်။ ခေါင်းမှာ ထင်းစည်း ရွက်ကာ မောပန်းတကြီး ဝင်လာမည့် အမေ့ကို မြင်ရတော့မည် နွေ ထင်သည်။ နွေသည် အိမ်အလည်သွားရန်၊ အပေါင်းအသင်းများနှင့် ဆော့ကစားရန်ပင် ခေါင်းထဲ မရောက်ဘဲ အမေ့ကို စောင့်နေသည်။ စောင့်ခြင်းသာ တည်မြဲလျက် အမေ ရောက်မလာသောအခါ နွေသည် တစ်ခုတည်းသော အဖြေကို လက်မခံလိုဘဲ ရင်ဝယ်ပိုက်လိုက်ရသည်။

အမေ တကယ် ပျောက်သွားခဲ့ပြီ။

နံနက်ဦးများမှာ နွေ့ကို လာနှိုးတော့မည်မဟုတ်။ သနပ်ခါးလိမ်းပေး၊ နံနက်စာ ပြင်ဆင် ကျွေးမွေးတော့မည်မဟုတ်။ ဘုတာရုံကလေးမှာ သားအမိ အတူတကွ ရထားစောင့်ကြတော့မည် မဟုတ်။ ဆင်းချိန်တန်သည့်အခါ ရထားပေါ်မှသည် တောတန်းအစပ်သို့ (ထင်းခွေရန်) အမေ လွှားခနဲ ခုန်ချတော့မည် မဟုတ်။ ကျောင်းသွားရန် ဆက်ပါသွားသော ရထားပေါ်က နွေ့အား လက်ပြ ကျန်ရစ်တော့မည် မဟုတ်။ နွေ ကျောင်းပြန်ချိန်တွင်လည်း အိမ်က စောင့်နေတော့မည် မဟုတ်။ ချွေးနံ့နှင့် သနပ်ခါးနံ့ ရောနေသော အမေ့ကိုယ်နံ့ကို နွေ ဘယ်အခါမျှ ရှူရှိုက်ခွင့် ရတော့မည် မဟုတ်။

နွေသည် အမေမရှိဘဲ ညများစွာ အိပ်ရတော့မည်။ ညဘက်ညဘက် နှစ်ယောက်အတူ ကြည့်နေကျ ကြယ်ကလေးများကို အနားမှာ အမေ မရှိပါဘဲ တစ်ယောက်တည်း ကြည့်ရတော့မည်။ ကြယ်ကလေးများက "မင်းအမေရော" မေးသည့်အခါ "ပျောက်သွားပြီလေ" ဟု နွေ တိုးတိုးလေး ဖြေရတော့မည်။

* * *

အမေ ပျောက်သွားပြီးနောက် အချိန်ကာလ အနည်းငယ်မျှ ကြာသည့်အခါ နောက်ထပ်မိခင်တစ်ယောက်ကို ရလာလိမ့်မည်ဟု အစဦးရက်များက နွေ မသိနိုင်ခဲ့ချေ။

အမေ့ရက်လည်သည်နှင့် နွေတို့အိမ်၏ တစ်အိမ်ကျော်မှာ ရှိသော ဒေါ်ကြီးဘုအိမ်ကို ပြောင်းနေရသည်။ ဒေါ်ကြီးဘုအိမ်ကနေပဲ နွေ ကျောင်းတက်ရသည်။ အမေ့ထက်ပင် ချူချာသေးသော၊ အမေ့လိုပင် ဆင်းရဲသော ဒေါ်ကြီးဘု တစ်ယောက် နွေ့အတွက် ခေါင်းမီးတောက်နေမှန်းလည်း စိုးစဉ်းမျှ မရိပ်မိ။ အချိန်တန်လျှင် ကျောင်းသွားကာ ကျောင်းက ပြန်ရောက်တော့လည်း ကိုယ့်အိမ် မဟုတ်ပေမဲ့

နွေးထွေးသော ဒေါ်ကြီးဘု၏ အရိပ်မှာ တဖြည်းဖြည်း နေသား ကျသလို ရှိလာသည်။

စင်စစ်တော့ နွေသည် အမေ့ကို တစ်ရက်ပင် မမေ့။ ဒေါ်ကြီးဘု အပါအဝင် အခြား အခြားသောသူများရှေ့ အမေ့အကြောင်း ပြောလေ့ပြောထ နည်းသော်လည်း နွေ့ရင်တွင် အမေ့အရိပ်မှာ ပီသဆဲ။ အမေ့ကို နွေ ခဏ ခဏ မြင်ယောင်အိပ်မက်သည်။ အိပ်မက်တွင် အမေသည် နွေ့ကို ကိုယ်ထင်ပြကာ ပုံပြင်ပြော စကားစမြည်ဆိုကာ နောက်တော့ ထားမြဲ ထားသွားတတ်သည်။ အမေ့နောက်လိုက်မည် အခါခါ တောင်းဆိုသော်လည်း မအောင်မြင်။ နွေသည် အိပ်မက်တွင်ပင် မပျော်ရွှင်ရ။ ငိုရင်းရှိုက်ရင်း နိုးလာတော့ အနီးတွင် အမေမရှိ၊ ဟာ၍ နေလေသည်။

စောစီးစွာ နိုးတတ်သော ဒေါ်ကြီးဘု၏ အိပ်ရာနေရာလွတ်ကလေးမှာ အမေ့ကို ခဏလေးပဲ ဖြစ်ဖြစ် တွေ့ရလျှင် ဘယ်လောက်ကောင်းမည်နည်း။

မနက်ခင်း ရထားဥသြသံ ကြားသည့်အခါ တောတန်းကလေးကနေ အမေ ဘွားခနဲ ပေါ်လာလျှင် ဘယ်လောက် ကောင်းမည်နည်း။ ညဘက် ညဘက် နွေ ထိုင်ကြည့်တတ်သော ကြယ်ပွင့်ကလေးများထဲမှာ အမေ့ကို ပြန်မြင်ရလျှင် ဘယ်လောက် ကောင်းမည်နည်း။

ရွာဝန်းကျင်၊ အိမ်ဝန်းကျင်တွင် အရာရာသည် ပုံမှန်သာ လည်ပတ်နေသလို ထင်မြင်ရသော်လည်း တကယ်တမ်းတော့ ပြောင်းလဲခဲ့ပြီဟု နုနယ်သော အသိဉာဏ်ကလေးဖြင့် နွေ ခံစားမိနေသည်။ အမေ မရှိခြင်း၏ ကြီးစွာသော ကွက်လပ်မှာ နွေ့စိတ်ကို ဟင်းလင်းဖြစ်စေသည်။ ရွယ်တူကလေးတစ်သိုက်နှင့် ဆော့ကစားချိန် ပေါ့ပါး ပျော်ရွှင်နေသယောင် ရှိသော နွေသည် တစ်ယောက်တည်း ကျန်လျှင်တော့ ဆိတ်ဆိတ်နေတတ်လာသည်။

ဒေါ်ကြီးဘုရှေ့တွင် ရယ်ရယ်မောမော နေလေ့ရှိသော နွေသည် ခြံဝိုင်းလေးထဲ မြေပြင်ပေါ် အရုပ်များ ခြစ်သည့်အခါ အမေနှင့် သူ့ပုံကိုသာ ဖြစ်သည်။ မှုန်တွေငေးငိုင်သော မျက်နှာတွင် အပြုံးစစ်သည် ပျောက်ဆုံးခဲ့ပြီ။ နေမှ ဖြစ်တော့မည် နားလည်လျက် ဒေါ်ကြီးဘုအိမ်မှာ အသားကျအောင် ကြိုးစားနေထိုင်သော နွေသည် ထိုအိမ်ကိုပါ တစ်ဖန် ခွဲရဦးမည် စိုးစဉ်းမျှ မထင်ခဲ့ချေ။

နွေနှင့် နွေ့အုပ်ထိန်းသူ ဒေါ်ကြီးဘုတို့ ခွဲရမည့်တစ်ရက်သည် အမှန်ပင် ဆိုက်ရောက်လာခဲ့လေသည်။ နွေ့အတွက် ဒုတိယမိခင် ရပြီ။ နွေ့ကို ပညာ

ကောင်းစွာ သင်ပေးကာ သမီးပမာ ချစ်ခင် စောင့်ရှောက်နိုင်မည့်သူဟု ဒေါ်ကြီးဘု အပါအဝင် ရပ်ဆွေရပ်မျိုးတို့ ယူဆကြသော မိခင်နောက်သို့ လိုက်ပါရန် နွေ ပြင်ရပြန်သည်။ တစ်ခါတုန်းက ဒေါ်ကြီးဘုအိမ် ပြောင်းခဲ့ဖူးသလိုပင် ပစ္စည်းလေး အနည်းအကျဉ်းကို သိမ်းထုပ်ပိုးရသည်။ အမေ့ ဓာတ်ပုံဟောင်းလေးကို အဖေ့ပုံနှင့်အတူ ထည့်သို၏။

ပျော်ရွှင်ကြည်သာ မရှိလှသော နွေမှာ ဝမ်းနည်းခြင်းတော့ သိသိမှတ်မှတ် ဖြစ်ရသည်။ ဒေါ်ကြီးဘုကို ထားခဲ့ရမည်။ ရွာကိုထားခဲ့ရမည်။ ငယ်ဘဝ၏ အမှတ်ရဖွယ် အားလုံးကို ထားခဲ့ရတော့မည် ဆိုတာ နွေ သိနေပြီ။ ရွေးချယ်ခွင့်လည်း မရှိမှန်း နားလည်နေရတာက အရာရာထက် ပို၍ ဝမ်းနည်းစရာ ကောင်းပါသည်။

နွေ့ ဒုတိယမိခင်သည် သူစိမ်းတော့လည်း မဟုတ်။ နွေ့ဆရာမ၏ သူငယ်ချင်း၊ အလယ်တန်းပြဆရာမဖြစ်သည်။ ဇီးပင်ကြီးကျောင်းက ဆရာမ ပါပဲ။ သမီးတစ်ယောက် မွေးဖူးသော်လည်း အဖတ်မတင်ခဲ့သော ဆရာမသည် နွေ့အကြောင်းကို ကြားသိရတော့ ကရုဏာဖြစ်ရသည်။ ကျောင်းမှာပင် မျက်နှာကလေး မြင်ရအောင် လာကြည့်တော့ ရေးရေးဘဝများက ဖန်သည့်ရေစက် ဆိုရမလို နွေ့အပေါ် ချစ်ခင်ခြင်းမှာ အတောမသတ်နိုင်တော့သလို ရှိလာသည်။ ညှိုးနေသော မျက်နှာကလေး ပြုံးစေချင်သည်။ ပူပင်ခြင်းရယ်လို့ မရှိရလေအောင် ရိပ်မိုးလိုက်ချင်သည်။ ရင်၌ ရှိသမျှ မေတ္တာတို့ကို မိုးနှောင်းမိုးစက်များ အကုန်အစင် သွန်ချသလို ဖျန်းပက်လိုက်ချင်သည်။

နောက်ဆုံးတော့ ပိုင်ပိုင်နိုင်နိုင် မွေးစားခွင့်အတွက် ဆရာမ၏ ကြိုးပမ်းခြင်းသည် ဖြစ်မြောက်ခဲ့ပြီ။ ဇာတိ သီပေါမြို့ဆီ တာဝန်ထမ်းဆောင်ရန် အပြောင်းအရွှေ့တွင် နွေ့ကိုပါ တစ်ပါတည်း ခေါ်သွားမည်။

တွေ့စမှာ နွေသည် ဆရာမဟုပင် ခေါ်မိသည်။ “အမေ” ခေါ်ပါလားဟု ဒေါ်ကြီးဘုက သင်သော်လည်း ထိုဝေါဟာရမှာ အမေက လွဲ၍ မည်သူနှင့်မျှ မသက်ဆိုင်သလို နွေ့မှာ ဆိတ်ဆိတ်ငြိမ်။ တစ်ရွာလုံးကတော့ နွေ ကံကောင်းလာပြီ ဆိုကြ၏။ ဟုတ်သလား၊ နွေ ကံကောင်းသလား။ အမေ့ထက်လှသော မွေးစားအမေ၊ အမေ့ထက် ပြည့်စုံသော မွေးစားအမေကို ရတာနဲ့ပဲ နွေ ကံကောင်းသလား။

ဘယ်လိုဖြည့်ဖြည့် မပြည့်တော့သော ကွက်လပ်တစ်ခု နွေ့ရင်တွင် ဟာ၍ နေကြောင်း ဘယ်သူမှ မသိနိုင်ပြီ။

“သမီး လိမ်လိမ်မာမာနေနော်၊ ပြောသာ ပြောရတာပါအေ၊ ညည်းကလေးက လိမ္မာပါတယ်၊ သိတတ်ပါတယ်၊ ငါ့သမီးလေး ရှေ့လျှောက် ကံကောင်းမှာပါ”

မျက်ရည်အကုန်အစင် မသွေ့ခြောက်သေးသော ဒေါ်ကြီးဘု၏ မျက်နှာကို မျက်လုံးဝိုင်းလေးနှင့် ငေးလျက် နွေ ခေါင်းညိတ်လိုက်သည်။

“ဖြစ်နိုင်ရင်တော့ ကျုပ်ရင်မှာသာ ထားလိုက်ချင်တာပါ ဆရာမရယ်၊ မတတ်သာလွန်းလို့သာ ထည့်ရတာ၊ ကျုပ်နဲ့နေရင် ဒီကလေး စာတတ် ပေတတ်လည်း ဖြစ်လာမှာ မဟုတ်ဘူး၊ ဟော…အခု တစ်တန်း ဖြေပြီးပြီ၊ လာမယ့်မိုးကျတော့ နှစ်တန်းတက်ပေ့ါ၊ အလွန်ဆုံး ထားနိုင်ရင် လေးတန်းပေ့ါ ဆရာမရယ်၊ အချိန်တန်တော့ ကျုပ်တို့လိုထင်းရှာ၊ ဟင်းရှာအလုပ်တွေပဲ လုပ်ရမှာ၊ အခုလို…အခုလို ကလေးကို ထည့်လိုက်တာ သိရင် မမိုးလည်း စိတ်ချမ်းသာမှာပါ”

ဒေါ်ကြီးဘုသည် မျက်နှာကို လက်ဝါးတစ်ဖက်နှင့် ပွတ်သပ်လိုက်သည်။ နောက်တစ်ဖက်ကတော့ နွေ့ကိုယ်ကလေးကို ပွေ့ပိုက်ထားလေသည်။ နွေတို့သည် မြက်ခင်းစပ်တွင် ထိုင်၍ ရထားအလာစောင့်လျက်။ ရထားလာလျှင် နွေသည် ဆရာမနောက် လိုက်ရပေတော့မည်။ အနီးဝန်းကျင်မှာတော့ ဒေါ်ကြီးဘုလိုပဲ နွေ့ကို လိုက်ပို့သူအချို့။ လူကြီးများလည်း ပါသည်။ ကလေးများလည်း ပါသည်။ နွေသည် စောစောလေးကပင် ကလေးအုပ်အနီးက ခွာကာ လူကြီးများထံ တိုးကပ်လာခဲ့သည်။ ခွဲခွာချိန်သည် တဖြည်းဖြည်း နီးကပ်လာပြီ ဖြစ်ကြောင်း သူ သိနှင့်ပေသည်။

“ကျွန်မကို စိတ်ချပါ အစ်မကြီးရယ်၊ သမီးလေး အစားရတယ်ပဲ ကျွန်မ မှတ်ပါတယ်၊ မမွေးရုံတစ်မည် တစ်သက်လုံး ဂရုစိုက်သွားမှာပါ၊ မျက်နှာ မြင်ကတည်းက ဒီကလေးကို ဘာလို့မှန်းမသိ သံယောဇဉ် ဖြစ်ရတာ ကိုယ့် သမီးလေးလိုပဲ”

“ဒီကလေးမကိုက မျက်နှာမြင် ချစ်ခင်ပါစေ ဆုနဲ့ ပြည့်တာ ဆရာမ ရေ” ဟု အမျိုးသမီးတစ်ယောက်က ဝင်ပြောသည်။ သူတို့အားလုံး ပြုံးလိုက်ကြသည်။ နွေဆိုလျှင် သောက်သုံးရေ ခက်ခဲတတ်သော၊ စိုက်ပျိုးစား၍ မရသော၊ ဝမ်းစာရေးအတွက် ရပ်တည်ရ ခက်ခဲသော စသည့် စသည့် အဆိုးဘက်သို့ ပြဆိုရာ အထူးပြုစကားလုံးများနှင့် တစ်သက်တာနီးပါး အကျွမ်းဝင်ခဲ့သူများပေမယ့် ကိုယ့်မြေက ကလေးလေး ပိုသာသည့်မြေဆီ ကူးမည့် မြင်ကွင်းကိုတော့ ပြုံးရွှင်မြမြ ကြည့်မြင်လိုခဲ့ကြသည်။

ရထားအလာကို သူတို့စောင့်ခဲ့ကြသည်။ ရထားဥသြသံကို ကြားလျှင် အခုမှ ကြားဖူးသလို ခေါင်းထောင်ကြည့်ကြသည်။ နွေနှင့် သူ့မွေးစားမိခင် ရထားပေါ်တက်လျှင် လက်များကို မညောင်းတော့သလို ဝှေ့ယမ်းပြကြသည်။ ရထားသည် သူတို့မြင်ကွင်းက တဖြည်းဖြည်း ဝေး၍ ဝေး၍ သွားသည်။ ရထားထွက်ပါပြီ ဆိုကတည်းက ငိုရှိုက်မဆုံးတော့သော ဒေါ်ကြီးဘုကို ထိန်းဖက်သူက ထိန်းလျက်၊ ရထား ဝင်ရောက်သွားသော တောတန်းကလေးဆီ လည်ပြန် ငေးသူက ငေးလျက် အိမ်ကလေးများဆီ သူတို့ ပြန်လာခဲ့ကြသည်။ ခြေလှမ်းများက လေးကန်စွာ။

တစ်ချိန် တစ်ခါက ဤမြေမှာ မွေးဖွားကြီးပြင်းခဲ့သော နွေအိမ် ဆိုသော မိန်းကလေးသည် ရေကြည်ရာအရပ်၊ သူတို့အားလုံးနှင့် ဝေးရာအရပ်ဆီ ခရီးဦးတည်ခဲ့လေပြီ။

* * *

ထိုထိုသော အချိန်ကာလ၏ နောက်ပိုင်းနေ့ရက်များသည် နွေ့အတွက်တော့ စိမ်းလှစွာသော ကမ္ဘာအသစ်သို့ တိုးဝင်ခြင်းမျှသာတည်း။ နွေ့လောကသည် အသစ် ဖြစ်၏။ အိမ်အသစ်၊ မိဘအသစ်၊ နေရာအသစ်။

သီပေါက အိမ်နှင့် ဝင်းခြံမှာ နွေ့အတွက်တော့ နတ်ဘုံနတ်နန်းဟု တင်စားလိုက တင်စားနိုင်မည်။ ပန်းစုံပွင့်သော၊ သစ်ပင်ဝါးပင်များ စိမ်းမြရိပ်မိုးသော ခြံမှာ သူ နေထိုင်ခဲ့ရသော တဲကုပ်ကလေး၊ ခြံဝိုင်းကလေးနှင့် ဆိုလျှင် ဆီနှင့်ရေ။

ကနဦးတွင် ဆရာမဟု ခေါ်ဝေါ်သော်လည်း သီပေါကို ရောက်ချိန်က စ၍ မယ်မယ် ခေါ်ရသည့် မွေးစားမိခင်သည် အမေ့လို မေတ္တာမျိုး၊ နွေးထွေးမှုမျိုး နွေ့အား ပေးပါသည်။ ဖခင်ကို မှတ်မိခွင့် မသာခဲ့သည့် နွေ့အတွက် ဖေဖေ ခေါ်ရသော မယ်မယ့်ခင်ပွန်းမှာလည်း မယ်မယ့်လို နွေးထွေးပါသည်။ မမှတ်မိလှသော ငယ်နုစဉ်က အညာအလည်ပြန်ချိန် မန္တလေးမြို့ကို ဖြတ်ဖူးရုံမှအပ အခြားသော မြို့ကြီးပြကြီးများဆီ မရောက်ဖူးခဲ့သူ နွေ့အတွက် သီပေါသည် လှပခမ်းနားသော အိပ်မက်ထဲက မြို့တစ်မြို့ ဖြစ်ပါသည်။

သို့သော် နွေသည် အသစ် အသစ်သော သက်ရှိ၊ သက်မဲ့များ၏ ဝန်းကျင်မှာ အသားမကျနိုင်သေး။ တစ်ခုခုတော့ လစ်ဟာနေသလို အမြဲတစေ ခံစားနေရသည်။

“သမီး လိမ္မာရမယ်နော်၊ မွေးစားသမီးဆိုတာ မွေးစားမိဘတွေဆီက ဘယ်လောက်အချစ်ခံရ ခံရ တစ်ခုခု မဟုတ်တာ လုပ်မိတာနဲ့ ပတ်ဝန်းကျင်က

မွေးစားထားတာကိုး လုပ်မှာပေါ့၊ မိဘအရင်းမှ မဟုတ်တာလို့ အပြောခံရမှာကြားလား၊ လိမ္မာနော်” စသည်ဖြင့် နေ့ရှိသရွေ့ ပူပူပင်ပင် မှာကြားသော ဒေါ်ကြီးဘု၏ စကားသံများမှာ နားတွင်သာမက စိတ်မှာပါ စိမ့်လျက် ခိုလျက် လိုက်ပါလာတော့လည်း နွေသည် ပြုံးပြုံးလေး နေတတ်သော အရုပ်ကလေး တစ်ရုပ်နှင့် သာ၍ တူလာသည်။ ပြောစကား နားထောင်၏။ မပြောဘဲနှင့်လည်း အလိုက်သိတတ်၏။ နိုင်ရာဝန် ထမ်းချင်၏။ အိမ်အလုပ်ကူချင်၏။ မယ်မယ့် ယောက္ခမ (နွေ့ အခေါ် အဘွားလေး)၊ ဖေဖေ့အစ်မ ကြီးကြီး၊ ကြီးကြီး၏ ခင်ပွန်းသည် ဘဘနှင့် သားများဖြစ်သော ကိုကြီး၊ ကိုလေး စသဖြင့် အိမ်သားများ၏ အရိပ်အကဲကို အမြဲတစေ ကြည့်နေတတ်သော နွေ။ အထူးသဖြင့် မယ်မယ့်မျက်နှာကို မှန်လို အကဲဖမ်းလျက် ထပ်တူသက်ဝင်သော နွေ။

နွေသည် ဇီးပင်ကြီးမှာ ခဏနေရစဉ် မယ်မယ့်အနီး အိပ်စက်ရစဉ်က ပုံပြင်နှင့် မေးမိုတ်ပျော်ရသည့် ညများကို သိပေါရောက်တော့ လွမ်းရလေသည်။ နွေ့မှာ သီးခြားအခန်းရှိခဲ့ပြီ။ ဖေဖေ့ဘက်မှ ဆွေမျိုးနီးစပ်တော်သော မမခမ်းနှင့်အတူ နေရသည်။ ခုတင်နှင့် ဘာနှင့် တစ်ကြိမ်ပင် မအိပ်ဖူးသော နွေသည် တစ်ယောက်အိပ် ခုတင်လေးထက်က လိမ့်ကျမည်ကို စိုးထိတ်နေရသည်။ ပြတင်းပေါက်က တိုးဝင်ဖြာသော အလင်းများ၊ သစ်ပင်သစ်ခက်တို့၏ မည်းမည်းမှောင်သော အရိပ်များ၊ လေတိုးသံများကိုပင် အသည်းငယ် ထိတ်လန့်သည်။ ငိုချင်စိတ်နှင့် ဘေးဘီကို ငဲ့ကြည့်တော့ တစ်ဖက်ခုတင်မှာ မမခမ်းသည် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်လျက်၊ နွေ့ဖြစ်အင်ကို မသိ။

နွေသည် ထိုသို့သော ညမျိုးမှာ အမေ့ကို လွမ်းလှ၏။ အမေ့ရင်ငွေ့ကို လွမ်းလှ၏။ အမေ့ရင်ခွင်ကို ခေါင်းတိုးကာ၊ အမေ့ကို ဖက်ကာ အိပ်ရလျှင် နွေသည် အိပ်မက်ဆိုးလည်း မမက်။ ဘာကိုမှလည်း မကြောက်တတ်။ ခုတော့ဖြင့် နွေ ကြောက်လှသည်။ ဘာကို ကြောက်ပါသလဲ မေးလျှင် ဖြေတတ်မည် မဟုတ်။ အားလုံးကို ကြောက်တာပဲ။ လေတိုးသံကအစ ကြောက်စရာ ဖြစ်သည်။ ပြတင်းမှန်ကို သစ်ကိုင်းခြစ်သံကအစ ကြောက်စရာ ဖြစ်သည်။ ကြောက်စိတ်၊ အားငယ်စိတ်နှင့် အသံ မထွက်အောင် နွေ တီးတိုးရှိုက်မိသည်။ ကြာတော့လည်း မောမောနှင့် အိပ်မောကျခဲ့သည်။

တစ်ညလည်း မဟုတ်။ နှစ်ညလည်း မဟုတ်။ ညများစွာ။ နံနက်လင်းချိန်တိုင်း “ညက အိပ်လို့ကောင်းလား နွေ” ဟု မယ်မယ် မေးသည့်အခါ “ဟုတ်ကဲ့” ဟု နွေ အပြုံးနှင့် ဖြေသည်။ မယ်မယ် စိတ်ချမ်းသာအောင် နေထိုင် ပြောဆိုရမည်ဟု ရင်အတွင်း နက်ရှိုင်းသော

နေရာတစ်နေရာမှ အသံတစ်သံက အမြဲပင် အသိပေးသလို ရှိနေ၍ ည၏ ချောက်ချားဖွယ်ရာများ အကြောင်း လေသံမျှ မဟ။ ကြာတော့လည်း တစ်ပါးသူ စိတ်ချမ်းသာမှုအတွက် ဟန်လုပ်ခြင်း မဟုတ်ဘဲ နွေ တကယ်ပင် နေသားကျလာသည်။

နွေသည် နေရာသစ်မှာ နေတတ်လာပြီ။ စိတ်ပျော်သော နေရာ မဟုတ်သော်လည်း ပျော်အောင် နေရခြင်းကို အချိန် မတိုင်မီမှာပင် နွေ တတ်မြောက်လာပြီ။ နေရာသစ်မှာ အဖော်သစ်ကိုလည်း နွေ တွေ့ခဲ့ပြီလေ။

နွေ့အဖော်သစ်သည် စာအုပ်စာစောင်များ ဖြစ်၏။ မယ်မယ့် ဗီရိုမှာ သိမ်းထားသော ဝတ္ထုစာအုပ်များကိုတော့ ထိုစဉ်က မဖတ်နိုင်သေး။ နွေ့အတွက် မယ်မယ် ဝယ်ပေးသော ရွှေသွေး၊ တေဇ၊ မိုးသောက်ပန်းလို စာစောင်များ၊ မယ်မယ် လစဉ် မှာယူသော စန္ဒာ၊ တိုင်းရင်းမေလို မဂ္ဂဇင်းများ။ ပထမတော့ ကစားဖော်လည်း မရှိသော နေရာသစ်မှာ စိတ်ပျော်လေမလား တို့ထိမိခြင်း။ နောက်တော့ စာအုပ်များနှင့် နွေသည် မွေးချင်းမောင်နှမပမာ ရင်းနှီးလာသည်။ နွေ့အတွက် ပျော်ရွှင်ခြင်းသည် စာမျက်နှာများနှင့် မျက်နှာအပ်နေရချိန် ဖြစ်လာသည်။

စာများထဲက အရိပ်များ၊ အရုပ်များနောက်သို့ လိုက်ပါနေရချိန်တွင် နွေသည် တစ်ပါးသူအရိပ်အောက် ခိုနေရ၍ အတွင်းစိတ်တွင် ရှိမြဲဖြစ်သော တိတ်တခိုး သိမ်ငယ်ရခြင်းကို မေ့ထားနိုင်သည်။ တစ်မိုးအောက်တွင် အတူနေရသူ အချို့၏ အမြဲတစေ မမှန်လှသော သဘောထားတို့ကို မသိယောင် ပြုထားနိုင်သည်။ အမေနှင့် နေထိုင်ခဲ့ရသော ငယ်ဘဝအား တိုးတိတ် လွမ်းဆွတ်ရခြင်းကို ခဏတော့ ဖျောက်ထားနိုင်သည်။ မယ်မယ်စိတ်ချမ်းသာအောင် နွေ ကြိုးစား လုပ်ယူသော အလေ့အထများထဲတွင် စာဖတ်ခြင်းတော့ မပါဝင်ခဲ့ပါ။

နွေသည် နေအိမ်၏ ပြင်ပသို့ ထွက်ရမည်ကို မတွန့်ဆုတ်တတ်တော့ပေ။ အစ်ကိုရင်း မဟုတ်သော်လည်း တကယ့်အစ်ကို ရှိလျှင်ပင် သူ့လောက် တည့်လိမ့်မည် မထင်ရသော မယ်မယ့်တူ ကိုလေးနှင့် အိမ်မှ သိပ်မဝေးသော ကံ့ကော်ရိပ်စာပေသို့ ရံခါအတူသွားသည်။ ကိုလေးက နွေ့ထက် နှစ်နှစ်ကြီးသူမို့ ကျောင်းဖွင့်လျှင် လေးတန်းတက်မည့်သူ။

ကံ့ကော်ရိပ်ရောက်လျှင် နွေသည် ကာတွန်းပုံများဆီ အပြေးသွားလေ့ ရှိသည်။ မယ်မယ်နှင့်လည်း ရင်းနှီးသော စာအုပ်ဆိုင်ရှင်ဆရာမသည် နွေ့ကို တွေ့လျှင် ‘မယ်မယ် မပါဘူးလား သမီး’ ဟု မေးတတ်သည်။

"ဒီနေ့ ကိုလေးနဲ့ပဲ ဆရာမ"

"ကာတွန်းဖတ်မယ် မဟုတ်လား၊ မနေ့ကတောင် ကာတွန်းအသစ်ရောက်တာ သမီးအတွက် ချန်ထားပေးသေးတယ်"

စားပွဲအံဆွဲမှာ သိမ်းထားပေးသော ကာတွန်းကို နွေ ဝမ်းသာအားရ လှမ်းယူသည်။ ရောင်စုံပြေးသော အဖုံးကလေးကို တွေ့ရလျှင်ပင် နွေ့စိတ်မှာ ရွှင်ရသည်။ ဆရာမဘေးက ခုံပုလေးမှာ ဝင်ထိုင်၏။ စာအုပ်ရွေးနေသော ကိုလေးကို စောင့်ရမည်လေ။

"ကျောင်းဖွင့်ရင်ကျတော့ သမီးမယ်မယ်ကျောင်းမှာပဲ တက်မှာပေါ့ ဟုတ်လား"

ကာတွန်းစာအုပ် အဖုံးလေးကို တပြုံးပြုံး ငုံ့ကြည့်ရင်းကပင် နွေ ခေါင်းညိတ်သည်။

"ဆရာမက မယ်မယ်နဲ့ ကျောင်းမတူဘူးလား"

"မတူဘူး သမီးရဲ့"

"ကျောင်းဖွင့်ရင် စာအုပ်ဆိုင်က ဘယ်လို လုပ်ထားခဲ့မှာလဲဟင်"

ဆရာမတို့အိမ်တွင် ဆရာမနှင့် သူ့ခင်ပွန်းသာ ရှိမှန်း နွေ သိထားပါသည်။ ဆရာမ၏ မျက်နှာချိုချိုနှင့် စကားပြောပုံ အပြုအမူ သိမ်သိမ်မွေ့မွေ့ ရှိလှပုံ၊ စာအုပ်ငှားသူများအပေါ် ဆွေမျိုးရင်းချာလို ရင်းနှီးဆက်ဆံတတ်ပုံကို နွေ သဘောကျလှသည်။ မယ်မယ် မပါ၊ ကိုလေး မပါလည်း ကံ့ကော်ရိပ် ကိုတော့ တစ်ယောက်တည်း သွားပါဆိုလျှင်ပင် နွေ သွားရဲလိမ့်မည်။ အခြား နေရာများ ဆိုလျှင်တော့ မဝံ့ရဲ။ လူသူ စည်ကားသော လက်ဖက်ရည်ဆိုင်များ ဆိုလျှင် တစ်ယောက်တည်း ရှိနေတာ မဟုတ်ဘဲ အနီးမှာ မယ်မယ်၊ ဖေဖေ တစ်ယောက်ယောက် ပါလျက်နှင့် စကားရဲရဲ မပြော၊ မုန့်ကလေး ဝါးလျက် ခေါင်းငုံ့နေမိတတ်သည်။

စာအုပ်ဆိုင်ရှင် ဆရာမကျပြန်တော့ အခြားသော လူစိမ်းသူစိမ်းများကို ကွန့်ဆုတ်သလို နွေ မစိမ်းသက်မိ။ အပြန်အလှန် မေတ္တာကြိုးသည် နွေတို့ အကြား နှောင်စပြုပြီ။

"ကျောင်းက ပြန်လာပြီး ရေမိုးချိုးပြီးမှ ဖွင့်မှာပေါ့ သမီးရဲ့"

"ဆရာမရော မယ်မယ့်လို စာအုပ်အထူကြီးတွေ ဖတ်တာပဲလား"

"ဖတ်တာပေ့ါ၊ ဆရာမတို့ ငယ်ငယ်ကတည်းက စာဖတ်တာပဲ လုပ်စရာ ရှိတာ၊ စာဖတ်ရင်ဖတ်၊ မဖတ်ရင်လည်း ရေဒီယိုနားထောင် ဒါပဲရှိတာ"

"မယ်မယ့်အိမ်မှာလည်း ရေဒီယို ရှိတယ်၊ သမီးက ပုံပြင် နားထောင်တယ်၊ ဇာတ်လမ်းပမာ နားထောင်တယ်၊ သီချင်းလည်း ကြိုက်တယ်"

"ဆရာမလည်း ရေဒီယိုသီချင်းတွေ သိပ်ကြိုက်တာ"

"ဘွားကြင်လည်း သီချင်း တအားကြိုက်တယ် ဆရာမ၊ သီချင်းတွေလည်း ဆိုပြတယ်၊ အသံ တအားကောင်းတာပဲ သိလား"

"ဘွားကြင်နဲ့ တွေ့ပြီးပြီလား"

"ဟုတ်ကဲ့၊ ဟိုးတစ်ရက်က အိမ်လာတယ်"

"သမီး ဘော်ကြို မရောက်သေးဘူးပေ့ါ"

"ဘော်ကြို...ဟင့်အင်း"

"အဲဒီဘက်က သိပ်သာယာတာ သမီးရဲ့၊ မယ်မယ် သွားတော့ လိုက်သွားပေ့ါ၊ ဘော်ကြိုဘုရားကြီးလည်း ဖူးခဲ့ပေ့ါ"

တကယ်တမ်း ဘော်ကြိုရောက်တော့ ကျောင်းဖွင့်ချိန် အစဦးကာလများ ဖြစ်သည်။ မယ်မယ်၊ ဖေဖေ၊ ဘဘ၊ ကိုကြီး၊ ကိုလေးနှင့် အတူ သွားကြသည်။ စက်ဘီး သုံးစီး။ နွေသည် ကိုကြီး၏ ဘီးနောက်မှာ ထိုင်လိုက်ရသည်။ မယ်မယ်နှင့် ဖေဖေက တစ်စီး။ ကိုလေးနှင့် ဘဘက တစ်စီး။ ကြီးကြီးကတော့ လက်ဖက်ခြောက် လာသွင်းသူများ ရောက်မည်ဆို၍ ချန်နေ ရစ်ခဲ့သည်။ ကြီးကြီး ပါမလာတာကိုလည်း နွေ စိတ်ပေ့ါပါး ပျော်ရွှင်နေသည်။ သို့သော် ထိုအပျော်ကိုတော့ လူ မသိစေရ။

မြို့ကထွက်သည်နှင့် တစ်စစ ပြောင်းလဲသွားသော မြင်ကွင်းများကို နွေ သဘောတကျ ငေးမိသည်။ စိမ်းမြသော လယ်ကွင်းများသည် နွေ့အာရုံကို ညို့၏။ သည်လောက် တပြန့်တပြောကျယ်သော လယ်ကွင်းများကို မြင်တော့ သူ့ဇာတိရွာက မြေများကို သတိရလာသည်။ ဒီလယ်ကွင်းတွေ ဒေါ်ကြီးဘုတို့ဆီ ပို့ပေးချင်လိုက်တာ။ စိတ်ရှိတိုင်းသာ ပို့နိုင်လျှင် ဒေါ်ကြီးဘုတို့၊ သူ့ရွာက အခြားအခြားသော လူတို့သည် တောကိုသာ မှီလျက် မရေရာသော ဝမ်းစာရှာ ဘဝနှင့် နေကြရတော့မည် မဟုတ်။ ပြီးတော့ ရေ။ တောင်ပေါ်က ကြည်ကြည်

လင်လင် စီးကျလာသော ရေမြောင်းငယ်တို့ကိုလည်း ရွာသို့ ပို့လိုက်ချင်သည်။

လမ်းနံဘေးတစ်လျှောက် စိမ်းမြမြ မြင်ကွင်းများ၊ ရွာငယ်များ စသည် စသည်ကို တရွေ့ရွေ့ လွန်မြောက်တော့ နွေတို့အားလုံး ခရီးဦးတည်သည့် နေရာ ရောက်ပါပြီ။ ဘော်ကြို။ မယ်မယ့် မွေးရာ ဇာတိမြေ။ ယခုထက်တိုင် မယ်မယ့်မိခင် ဘွားကြင် နေထိုင်မြဲ မြေ။

မယ်မယ့်လိုပင် ကြင်နာတတ်သော ဘွားကြင်နှင့် ပြန်တွေ့ရတာ နွေ ပျော်နေသည်။ သူတို့တစ်တွေ ဘွားကြင်အိမ်မှာပဲ နေ့လယ်စာ စားသောက် ကြသည်။ လူကြီးများက စကားပြောကြ၊ နားနေကြလျှင် ကလေးနှစ်ယောက်မှာ မြစ်ကမ်းနံဘေး ရောက်ကြသည်။

ဒုဋ္ဌဝတီ။

ပထမဆုံးအကြိမ် မြင်ဖူးသော မြစ်သည် နွေ့ကို နွေးထွေးပျူငှာသော ရေစီးသံနှင့် ဆီးကြိုနေခဲ့သည်။ ရေက ကြည်အေးအေး။ “ညနေကျတော့ ရေချိုးပြီး ပြန်မယ်” ဟု ကိုလေး ကြွေးကြော်လျက် တစ်ဖက်ခြံက ငါးမျှားသော ကလေးတစ်သိုက်နှင့် ပူးပေါင်းရန် ကြံစည်နေချိန်မှာပင် နွေသည် အသံတစ်သံကို သတိပြုမိလိုက်သည်။

ရထားသံ၊ ရထားဥသြသံ။ မွေးကတည်းက ရင်းနှီးလာသော အသံသည် နွေ့နားစည်သို့ ရိုက်ခတ်လာသည်။ ဘယ်မှာလဲ၊ ရထား ဘယ်မှာလဲ။ နွေ့ရင်ခုန်သံမှာ မြန်ဆန်လာ၏။ နွေသည် အသက်ပြင်းပြင်းရှူ၏။ မျက်လုံးကလေးကို ဟိုဟို ဒီဒီ အလောတကြီး ဝေ့ဝဲရှာမိသည်။

“ကိုလေး၊ ကိုလေး၊ ရထား ဘယ်မှာလဲဟင်”

“ရထားလား၊ ရထားက ဘူတာမှာပေါ့”

“ဘူတာ ဘယ်မှာလဲဟင်”

“အိမ်ရှေ့ ဟိုဘက် လမ်းအကျော်မှာလေ”

“နွေ သွားချင်တယ်၊ နွေ ရထားကြည့်ချင်တယ်”

ဘာလုပ်မလို့လဲဟု ကိုလေး မမေး။ “လာလေ” ဆိုကာ လှေကားထစ်များကို အပြေးတက်၏။ ကိုလေးက ရှေ့မှ ဦးဆောင်လျက် နှစ်ယောက်သား ဘူတာရုံဆီ အပြေးလာကြသည်။ မြက်ပင်တွေကြားက လမ်းသေးသေးကလေးကို ဖြတ်ရသည်။ မြောင်းကလေးကို ကျော်ရသည်။

စိန်ပန်းပင်၏ အနောက်မှာတော့ ဘူတာရုံ၊ ပြီးတော့ ရထား…ရထား။

ချွေးကလေး စို့လျက် မောဟိုက်နေသော နွေသည် မြက်ခင်းအစပ်မှာ ရပ်ကာ ရထားဆီ မမှိတ်မသုန် စူးစိုက်သော မျက်ဝန်းများနှင့် ငေးမျှော်နေသည်။ ဘူတာ သေးသေးလေးတွေဆို ခဏပဲ ရပ်သတဲ့။ ဒီမှာ ခဏပဲ ရပ်မှာပေါ့။

ခုနေပဲ မြင်ကွင်းက ရထားပျောက်သွားတော့မလို နွေ တရှိုက်မက်မက် ကြည့်မိသည်။ မြင်တွေ့နေကျ ရထားများထဲက တစ်စင်းပါပဲ။ တွဲအရောင်၊ ပြတင်းတံခါးများ၊ တံခါးပေါက်ဝများ၏ ပုံစံအနေအထားကိုတောင် နွေ မှတ်မိသလို ရှိနေသည်။ မိတ်ဟောင်းဆွေဟောင်း တွေ့သလို၊ ငယ်ကတည်းက မခွဲမခွာ ကြီးပြင်းလာသူကို တွေ့ရသလို၊ အမေ့ကိုယ်ပွားကို တွေ့လိုက်ရသလို။ ခုနေတော့ ရထားပေါ်ကနေ အမေ ဘုတ်ခနဲ ခုန်ချလာစေချင်သည်။ တောတန်းအစပ်မှာ နံနက်ခင်းများ၌ ခုန်ချတတ်သလို။ “သမီးရေ” ခေါ်ကာ ထွေးပွေ့ လိုက်စေချင်သည်။ နံနက်ဦးတိုင်း အိပ်ရာက ချော့မော့နိုးသလို။

နွေ မငိုပါဘူး၊ အမေ့ကို တွေ့ရင် မငိုပါဘူး၊ ပြီးတော့ မသွားပါနဲ့လို့လည်း ဆွဲမထားပါဘူး၊ နွေနဲ့ ခဏလေးပဲ နေပြီး ပျောက်သွားရမယ့် နေရာဆီ အမေ ပြန်ရင်လည်း နွေ မငိုပါဘူးနော်။

“မဖြစ်နိုင်တော့တာတွေကို ခဏ ခဏ မတွေးရဘူး သမီးရဲ့၊ ဒီလို ဖြစ်လာရင် ကောင်းမယ်လို့ တွေးရင် တွေးနေတုန်းတော့ စိတ်ချမ်းသာတယ်၊ ပျော်တယ် ထင်ရတယ် မဟုတ်လားအေ့၊ ဒါပေမဲ့ တကယ် ဖြစ်မလာမှန်း ကိုယ့်ဘာသာလည်း သိပြီးသားဆိုတော့ ခဏပျော်ပြီးရင် ပြန်စိတ်ညစ်ရရော မဟုတ်လား၊ အကောင်းဆုံးကတော့ ဖြစ်မလာနိုင်တော့တာတွေကို ဖြစ်လာရင် ကောင်းမှာ၊ ဖြစ်လာရင်ကောင်းမှာလို့ မတွေးနဲ့၊ ရောက်တဲ့နေရာမှာ ပျော်ပျော် နေရမယ်၊ ကြားလား၊ ညည်းပျော်နေရင်၊ စာတွေ ကောင်းကောင်း သင်နေရင် ညည်းအမေလည်း ပျော်မှာပေါ့၊ စိတ်ချလက်ချ ရှိမှာပေါ့အေ”

ဒေါ်ကြီးဘု၏ စကားသံကို ပြန်ကြားတော့ နွေ့မျက်နှာလေး ခပ်မဲ့မဲ့ ဖြစ်၏။ မျက်တောင် တဖျပ်ဖျပ်ခတ်၏။ လက်ချောင်းများအား တရွရွ ဆုပ်နယ်လျက်။ ဝိုင်းစက်သော မျက်လုံးလေးများက ရထားကို ငေးမြဲ ငေးလျက်။

“ဒီရထား ဘယ်ကနေ လာတာလဲဟင် ကိုလေး၊ ဇီးပင်ကြီးဘက်ကလား”

“ဇီးပင်ကြီး…”

“မေမြို့နားကလေ…”

“မေမြို့နား၊ အင်းပေ့ါ၊ မေမြို့ကို ကျော်လာတာပေ့ါ၊ တကယ်တမ်းက မန္တလေးက စလာခဲ့တာ”

“အဲဒါဆို ဇီးပင်ကြီးက ဖြတ်ခဲ့မှာပေ့ါနော်”

“ဖြတ်မှာပေ့ါ”

“ဒါဆို ဒေါ်ကြီးဘုတို့ မနက်က ဒီရထားပေါ် ပါခဲ့မှာပဲ”

နွေ့အသံမှာ တိုးတိမ်တိမ်။

“နင် ဘာပြောလိုက်တာ”

နွေသည် ခေါင်းကလေးကို လူကြီးများ လုပ်သလို ခပ်လေးလေး ခါယမ်းလိုက်လေသည်။

“ဘာမှ မဟုတ်ပါဘူး ကိုလေးရယ်”

❀

မြတ်မော် ပုံရိပ် (၄)

မမနွေ့ရဲ့ ငယ်ဘဝကို သိရပြီးချိန်က စလို့ ရေတွက်ရင် နောက်ထပ် တစ်ပတ်ကျော်ကျော်လောက်မှာ ကျွန်တော်တို့ ကျောင်းဖွင့်ရာသီ ပြန်စတယ်။

ကိုးတန်းကျောင်းသူ မမနွေ့ဟာ မနှစ်ကလိုပဲ မိုးဦးရက် တစ်ရက်မှာ ဘော်ကြိုကို နှုတ်ဆက်လို့ သီပေါ ပြန်တယ်။ ကျောင်းပိတ်ရက်တွေကျမှပဲ တစ်ပတ်ခြား တစ်ခါလောက် ပြန်လာတော့မယ်လို့ ဆိုပါတယ်။

ဒီနှစ်လည်း မမနွေ့နဲ့ခွဲရတဲ့အခါ ကျွန်တော် မနှစ်ကလိုပဲ ဝမ်းနည်းရပြန်တယ်။ မမနွေ့နဲ့ ကိုလေး အိမ်ရှေ့က ဖြတ်တဲ့အခါ ထွက်နှုတ်ဆက်ပြီး စက်ဘီးလေးတွေကို ငေးမောကျန်ရစ်ရပြန်တယ်။ ဒါပေမဲ့လည်း အဲဒီအရွယ် ကာလရဲ့ သဘောသဘာဝလိုပဲ တစ်ရက်၊ နှစ်ရက်နေတော့ အသားကျလာ ပြန်ပါရော။ ကျောင်းကလည်း ဖွင့်ပြီမို့ သူငယ်ချင်းတွေနဲ့ ပြန်ဆုံကြပြီလေ။ စိတ်ထင်တိုင်း ဆော့ကြ ပျော်ကြရတဲ့ ကျောင်းသားဘဝမှာ ဘယ်လို အပူအပင် အလွမ်းအဆွေးမျိုးကမှ ကြာကြာမခံဘူးဆိုတာ ငယ်ဘဝက ကိုယ့်ကိုယ်ကိုယ် ပြန်မြင်ကြည့်ရင်ကို နားလည်ယူနိုင်တယ်။

ကျွန်တော်တို့တွေဟာ ကျောင်းဖွင့်ရက်ဆို ကျောင်းကို အသင်း တာဝန်ကျကျ၊ မကျကျ စောစော ရောက်အောင် လာကြတယ်။ မိုးမရွာရင် ကျောင်းရှေ့ကွင်းပြင်မှာ ဆော့ကြတယ်။ တခြားသူတွေနဲ့လည်း ပေါင်းဆော့၊ လေးယောက်တည်းလည်း ဆော့တာပေါ့။ မိုးရွာတဲ့ရက်တော့ အတန်းရှေ့တစ်လျှောက်က စင်္ကြံမှာရော၊ အတန်းနောက်က နေရာလွတ်မှာရော ရသလို ဆော့တာပေါ့။

ဆော့စရာ နေရာ မရှိရင်တောင် ဖိုးခွားက အပျင်းပြေ ကြံတတ် ဖန်တတ်တယ်။ တစ်ရက်တုန်းကဆို ကျွန်တော်နဲ့ စိုင်းနောင့်နားကို သူ့စိတ်ကူး တစ်ခု ကပ်ပြောတော့ ကျွန်တော်တို့ ခေါင်းညိတ်လိုက်တာပဲ။ အေးကွာ... ချပေါ့။

ခဏနေတော့ အတန်းထဲက ကောင်မလေးတွေရဲ့ အာရုံဟာ အတန်းနောက်ဘက်က ကျွန်တော်တို့ ခုံတန်းဆီ ရောက်လာတော့တာပဲ။ ရောက်ရမယ်လေ။ ဆရာကြီးဖိုးခွားက ကျွန်တော့်လက်ဝါးပြင်ကို တစ်လှည့်၊ စိုင်းနောင့် လက်ဝါးပြင်ကို တစ်လှည့် ကြည့်နေတော့တာကိုး။ တစ်ခုခု အရေးတကြီး ရှာဖွေတွေ့ရှိတော့မလို မျက်မှောင်တောင် ကြုတ်ထားသေးတာကိုး။

တချို့က တီးတိုး တီးတိုးပေမယ့် ရွှေယိမ်းရယ်၊ သူနဲ့အတူ ထိုင်တဲ့ မိန်းကလေးတွေရယ်၊ နောက်ခုံတန်းက မိန်းကလေးတွေရယ် ကျွန်တော်တို့နား စွေ့ခနဲ ရောက်လာတယ်။

"ဟဲ့...ဗေဒင် ကြည့်နေတာလား"

ဖိုးခွားရော ကျွန်တော်တို့နှစ်ယောက်ပါ သူတို့ကို မော့မကြည့်ပါဘူး။

"ဟဲ့... ဗေဒင်ကြည့်နေတာလားလို့ဆို"

"အေးလေ မေးနေတဲ့ဟာကို"

"ဗေဒင်ကြည့်ရင် ငါတို့ကိုလည်း ကြည့်ပေးဟယ်"

"ငါ့ကို အရင်ကြည့်ပေး၊ ငါ့ကို အရင်"

ကောင်မလေးတွေရဲ့ အသံဟာ လက်ပံပင် ဆက်ရက်ကျသလို စီစီညံလို့ပဲ။ ကျွန်တော်တို့ ခုံနောက်မှာရော၊ ဘေးဘက်မှာရော။ အံမယ်... တချို့က လူလွတ်နေတဲ့ ရှေ့ခုံတန်းကြားမှာတောင် မရရအောင် အတင်းဝင်ရပ်လို့။

ဗေဒင်ဆရာကြီးအိုက်တင် ဖမ်းထားတဲ့ ဖိုးခွားက မျက်မှောင်ကြုတ်မြဲ ကြုတ်လို့။ စိုင်းနောင့်ကလည်း ဖိုးခွားမျက်နှာကို ကြည့်လို့ ခပ်တည်တည် မျက်နှာပေးနဲ့ပဲ။ ကျွန်တော်တစ်ယောက်သာ နှုတ်ခမ်းကို အတင်းကိုက်ပြီး မရယ်မိအောင် ထိန်းနေရတယ်။

"ငါ မေးနေတယ်လေဟယ်" ဆိုတဲ့ ရွှေယိမ်းအသံ ထပ်ထွက်လာတော့ ကောင်မလေးတွေကလည်း "အေးလေ အေးလေ" တဲ့။ ဒီတော့မှ ဖိုးခွားက ခပ်တည်တည် မော့ကြည့်တယ်။ ပြီးတော့ မေးစေ့ကို လက်နဲ့ ပွတ်ရင်း-

"မင်းတို့ အသက်ကြီးလာရင် လက်ဝါးက ဒီထက် ကြီးလာမှာပဲကွ၊ ခုတော့ ဒီအရွယ်ပဲ ဖြစ်နေဦးမှာ၊ ငယ်တုန်းဆို ဒီ့ထက် သေးမှာပဲဆိုတာ၊ ငါ သေချာပေါက် ပြောရဲတယ်"

"မှန်လိုက်တာကွာ"

"အေးကွာ ဒါကြောင့်လည်း ဆရာဖိုးခွား ဖြစ်နေတာကိုး"

အဲဒီနောက်တော့ ကျွန်တော်တို့ သုံးကောင်ဟာ မိန်းကလေးတစ်သိုက်ရဲ့ မေတ္တာပို့သံကို နားထောင်ရတော့တာပဲ။ ပြောချင်သလို ဆိုချင်သလို

ကျေကျေနပ်နပ် ပြောဆိုကြပါစေ။ ကျွန်တော်တို့ကတော့ မျက်နှာခပ်ပြောင်ပြောင်နဲ့ ပြုံးပြုံးပဲ။ နဂိုကကို အပျင်းပြေအောင်၊ သူတို့ စိတ်မဆိုး ဆိုးအောင် စတဲ့ဟာကိုး။ သူတို့ကလည်း သူတို့ပဲ။ ဖေဒင်တို့ဘာတို့ဆို အရွယ်နဲ့မလိုက် သိပ်စိတ်ဝင်စားချင်တော့ ဖိုးခွားချောက်ထဲ ကျတော့တာပေါ့။

အဲဒီလို ဖေဒင်ဟော ဟန်ဆောင်တဲ့နည်းအပြင် နောက်ထပ် နောက်ထပ်နည်းတွေလည်း ဖိုးခွားက ထွင်တတ်သေးတယ်။ ဒီကောင်မလေးတွေ ဖိုးခွားဇာတ်လမ်းထဲ မပါဘူးလားဆို ထပ်ပါပြန်တာပဲ။ ကောင်မလေးတွေတင် မကဘူး၊ အတန်းထဲက တခြားကောင်တွေလည်း ပါတာပဲ။ ကျွန်တော်တို့ကိုတောင် မထင်ရင် မထင်သလို သူ့ဇာတ်လမ်းထဲ ဆွဲထည့်ပစ်လိုက်တာ။

တစ်ခါတုန်းကဆို ဖိုးခွားက ဇာတ်လမ်းတစ်ပုဒ် ထွင်တယ်။ ကျောင်းအနောက်ဘက်က ကုက္ကိုပင်ကြီးမှာ သရဲရှိသတဲ့။ သူ ကိုယ်တိုင် မြင်ဖူးတာတဲ့။ တစ်ရက်တုန်းက ကျောင်းအိမ်သာတွေ မအားလို့ ကုက္ကိုပင်ကြီးအောက်မှာ အပေါ့သွားဖို့ တစ်ယောက်တည်း ရောက်သွားတော့ သရဲဟာ ကုက္ကိုကိုင်းပေါ် ထိုင်ပြီး သူ့ကို ငုံ့ကြည့်နေတယ်တဲ့၊ ဆံပင်ရှည်ရှည်၊ ဝတ်ရုံရှည် တလွင့်လွင့်နဲ့ လက်ထဲမှာတောင် တုတ်လိုလို ဘာလိုလို ကိုင်ထားသေး ဆိုပဲ။

နောက်ရက်တွေကျတော့ သရဲ ထပ်ကြည့်ချင်ပေမယ့် တစ်ယောက်တည်းဆိုတော့ မသွားရဲ၊ လူစုပြီး တစ်ခေါက်လောက် သွားရအောင်တဲ့၊ အုပ်စုလိုက်ဆိုတော့ သရဲလည်း ဘယ်ခြောက်မလဲ၊ ကိုယ်ထင်ပြရုံ ပြမှာပေါ့တဲ့။

ဟာ...သရဲဆိုတော့ ဘာပြောကောင်းမလဲ။ သူသူကိုယ်ကိုယ် သရဲသာ ကြောက်ကြတာ အဲဒီသရဲဆိုတဲ့အသံ ကြားရင်တော့ စိတ်ဝင်တစား နားရွက်လှုပ် ခေါင်းထောင်လာတော့တာ မဟုတ်လား။ ကျွန်တော်ဆိုလည်း သရဲဆိုတာ ကြောက်စရာပဲလို့ ထင်တတ်နေတဲ့ အရွယ်ပဲ၊ ကြောက်တာပဲ။ ဒါပေမဲ့လည်း ရွာထဲက ဗွီဒီယိုရုံမှာ ထိုင်းသရဲကား၊ မလေးရှား စုန်းကားဟော့ဆိုရင် ရှေ့ဆုံးက ရောက်ပြီးသားပဲ။ သရဲလာတဲ့ အခန်းကျတော့မှသာ မျက်လုံးမှေး လက်ချောင်းတွေ ကျဲကျဲကာပြီး ကြည့်ရင် ကြည့်ရပေ့စေ၊ ညကျရင် ခြံဝင်းထဲက အိမ်သာဆီ မသွားရဲလို့ မေမေ့ကို အဖော်ခေါ်ရင် ခေါ်ရပေ့စေ ကြည့်တာပဲ။

အားလုံးဟာလည်း ကျွန်တော့်လို လူတွေချည်းပဲ ဆိုတော့ ဖိုးခွားရဲ့ သရဲဇာတ်လမ်းဟာ 'ဟင်' 'ဟာ' ဖြစ်ရ၊ မမြင်ရသေးဘဲနဲ့ကို ခြေဖျား၊ လက်ဖျားတွေ အေးလို့ ရင်တထိတ်ထိတ် ဖြစ်ရတော့တာပေါ့။

ကဲ…ဟုတ်ပြီ၊ ဖိုးခွား သွားတဲ့နောက် ဘယ်သူတွေ လိုက်မလဲဆိုတော့ ကျွန်တော်ရယ်၊ စိုင်းနောင့်ရယ်၊ ရှေ့ခုံက ကောင်လေးနှစ်ယောက်ရယ်၊ ယိင်းတို့ မိန်းကလေး သုံး၊ လေးယောက်ရယ်ပေါ့ ။

ဆရာကြီး ဖိုးခွားက ကျောင်းဆင်းရင် ချက်ချင်း မပြန်ဘဲ လူနည်းနည်း ရှင်းတော့မှ သွားကြမတဲ့၊ တခြားသူတွေတော့ မပြောနဲ့တော့၊ လူသိပ်များရင် သရဲမလာဘဲ နေဦးမတဲ့။ သူ ပြောသမျှ “အေးပါ အေးပါ” ပေါ့။

အဲဒီညနေက အတန်းသားတွေ အကုန်ပြန်တော့ ကျွန်တော်တို့တစ်စုပဲ ယောင်လည်လည်နဲ့ ကျန်ခဲ့တယ်။ အခန်းတံခါးတွေ ဘာတွေ သေချာပိတ်ပြီး တစ်ယောက်နဲ့ တစ်ယောက် အချက်ပေးလို့ ကျောင်းနောက်ကို ထွက်လာကြတယ်။ အံမယ်…အင်မတန် ကြီးလေးတဲ့ အလုပ်တာဝန်တစ်ခုကို လုပ်ရတော့မလို မျက်နှာပေးတွေ၊ ခြေလှမ်းတွေနဲ့ပေါ့။ ကောင်မလေးတွေဆို လက်တွေ အချင်းချင်း ဆုပ်၊ အပြန်အလှန် ရယ်ပြ အားပေးလို့။ ကျွန်တော်တို့ကလည်း မကြောက်သယောင်ပေါ့။ စိတ်ထဲတော့ တွေ့ချင်လှတဲ့ သရဲပေမယ့် ကြောက်လည်း ကြောက်လှပေါ့။ လူများတော့လည်း ခြေလှမ်းတွေ လှမ်းရဲတာပေါ့လေ။

ဒီလိုနဲ့ ကုက္ကိုပင်အောက် ရောက်ရော ဆိုပါတော့။

ဖိုးခွားက တိတ်တိတ်နေကြဆိုတဲ့ ဟန်နဲ့ ကျွန်တော်တို့ဘက်ကို မျက်ရိပ်ပြတယ်။ ကုက္ကိုပင်ကြီးပေါ် သူ မော့ကြည့်တော့ လိုက်ကြည့်ကြတယ်။ မရဲတရဲမှ တကယ့်မရဲတရဲ။ သူ ပြောသလို ကုက္ကိုကိုင်းကြီးတွေပေါ် ဘာသရဲမှလည်း မတွေ့ရပါဘူး။ မိုးရာသီမို့ ပင်စည်မှာ တွယ်ကပ်နေတဲ့ အပင်မွှားတွေ၊ သစ်ကပ်ပင်တွေကိုပဲ တွေ့ရတာပဲ။ လေတိုးသံ တရှီရှီကတော့ မသိရင် သရဲပဲ လေချွန်နေသလိုလို။

“မင်း သရဲက ဘယ်မှာလဲ ဖိုးခွား”

ကျွန်တော် မေးတော့ ဖိုးခွားက ခပ်တည်တည်ပဲ “လူများသွားတယ် ထင်တယ်ကွာ၊ သူ ထွက်ရမလား၊ မထွက်ရဘူးလား စဉ်းစားနေတာဖြစ်မှာပေါ့၊ ဒီလိုလုပ်ကွာ” တဲ့။

“မင်းတို့ ခဲတစ်လုံးစီ ကောက်ကိုင်လိုက်”

“ခဲ ဘာလုပ်ဖို့လဲဟဲ့”

ကောင်မလေးတစ်ယောက်က ထမေးတော့ ဆရာကြီးဖိုးခွားက

“ကောက်မှာသာ ကောက်စမ်းပါဟာ” လို့ ဆိုတယ်။ ဒါနဲ့ပဲ သူ့စကားအတိုင်း ခဲတစ်လုံးစီ ကုန်းကွလို့ ရှာကြတော့တာပဲ။ ခဏနေတော့ ကျွန်တော်တို့လက်ထဲမှာ ခဲတွေ ကိုယ်စီနဲ့။ ဖိုးခွား ဘာပြောမလဲပဲ နားစွင့်နေကြတယ်။

“မင်းတို့ ကောက်ထားတဲ့ခဲနဲ့ အပင်ကို ဝိုင်းပေါက်၊ ပြီးရင် မျက်စိမှိတ်ထား၊ သရဲ ပေါ်လာလိမ့်မယ်၊ ဟိုတစ်ခါတုန်းက သူ ပျောက်သွားတော့ ငါ အဲဒီလို လုပ်တဲ့အခါ ပြန်ပေါ်လာတာပဲ”

“ပေါက်လိုက်ရမှာလား၊ ပြီးရင် မျက်စိမှိတ်ရမှာလား” လို့ ရွှေယိမ်းက မေးပြန်တယ်။

“အေးလေ ဟုတ်ပါတယ်ဆို၊ ငါ ပြောတဲ့အတိုင်း လုပ်”

သရဲ တွေ့ဖူးတယ်ဆိုတဲ့သူက လုပ်ဆိုတော့လည်း လူအုပ်စု အားကိုးနဲ့မို့ သရဲကို မြင်ဖူးချင်သူတွေ လိုက်လုပ်ကြတော့တာပေါ့။

သစ်ပင်ကို ခဲတွေနဲ့ တတုတ်တုတ် တတောက်တောက် မြည်အောင် ပေါက်ကြတယ်။ နောက် မျက်စိကို တင်းတင်းမှိတ်ကြတယ်။ မျက်စိမှိတ်ထားတဲ့ အခိုက်အတန့်ဟာ အတော်တော့ ရင်ခုန်ဖို့ ကောင်းသားပဲ။ ကိုယ့်ဘေးမှာ လူအများကြီးလို့ ဘယ်လိုပဲ တွေးတွေး မျက်လုံးမှိတ်လိုက်ရင် တစ်ယောက်တည်းလို ဖြစ်သွားရော မဟုတ်လား။ ခုနေများ သရဲဆိုတာကြီး ပေါ်လာပြီး ကျွန်တော့်ကို ပခုံးတို့လိုက်ရင် ဘယ်လိုလုပ်မလဲ။ ပြီးတော့ သရဲတွေဟာ အလကားနေရင်း ခြေထောက်ကိုပဲ ဘာလို့မှန်းမသိ ဆွဲကြတာ၊ အိပ်ရာထဲဆို စောင်ကို ခြေရင်းကနေ ဖြည်းဖြည်းချင်း ဆွဲချတာနော်။ ခုနေများ ခြေထောက်ကို လာထိလိုက်ရင် ဘုရားဘုရား။ ငါ့နှယ် ဖိုးခွားနောက် လိုက်လာတာ မှားပါပြီ။

ကျွန်တော် တွေးသလိုပဲ ကောင်မလေးတွေလည်း တွေးလိမ့်မယ်။ အသံတိုးတိုးလေးတွေ ဟိုဟို ဒီဒီက ကြားရတယ်။ သူတို့အချင်းချင်း ပူးကပ်နေလိမ့်မယ်။ အချင်းချင်း အားပေးနေလိမ့်မယ်။ သူတို့မပြောနဲ့ ကောင်လေးတွေဆီကလည်း တထိတ်ထိတ် ဖြစ်နေတဲ့ အသံတိမ်တွေ ကြားရသေးတာပဲ။

တစ်အောင့်နေတော့ ကျွန်တော့်မှာ ကြောက်စိတ်ကြီးနဲ့ မျက်လုံးမှိတ်နေရတာ အတော်ပဲ နေရထိုင်ရခက်လာပါရော။

“ဟေ့ကောင် ဖိုးခွား၊ ဘယ်မှာလဲ သရဲ”

“အေးလေ ဟုတ်တယ် ဘယ်မှာလဲ”

ကျွန်တော် မေးတဲ့နောက်မှာ ကျွန်တော့်လိုပဲ လိုက်မေးသံတွေ ကျက်စီကျက်စီ ပေါ်လာတယ်။

“မျက်လုံးမှိတ်ထားကြပါဆိုကွာ”

“မျက်လုံးမှိတ်လည်း နင့်သရဲက မမြင်..ဟင်”

ရွှေယိင်းအသံဟာ တိခနဲ ရပ်သွားတယ်။ နောက်တော့ စွာတာတာ အသံဟာ စီခနဲ ပေါ်လာပါရော။

“ဟင်..ဖိုးခွား၊ နင် ငါတို့ကို ချောက်ချပြန်ပြီ”

ကျွန်တော် မျက်လုံးဖွင့်လိုက်တော့ အားလုံးလည်း မျက်လုံးလေးတွေ ပြန်ပွင့်လို့ ဖိုးခွားကို တစ်လှည့်၊ ရွှေယိင်းကိုတစ်လှည့် ကြည့်နေကြတယ်။

“ငါ ဘယ်မှာ ချောက်ချလို့လဲ၊ ငါ လုပ်ခဲ့တာ ပြန်ပြောပြတဲ့ဟာ”

“အစုတ်ပလုတ် ဖိုးခွား၊ ဟင်...မျက်လုံး မှိတ်ထားမှတော့ သရဲ ဘယ်မြင်ရတော့မလဲဟဲ့၊ မျက်လုံးမှိတ်ထား မြင်ရလိမ့်မယ် ဆိုတာကို အဟုတ်မှတ်နေတာ၊ မျက်လုံးမှိတ်ရင် နင့်အဘ သရဲလည်း မမြင်ရဘူး၊ နင့်ကိုလည်း မမြင်ရဘူးဟဲ့”

“ဟာ...ဟုတ်သားပဲ ခွေးကောင်”

ကျွန်တော် ထအော်တော့ ရွှေယိင်းက မျက်စောင်းထိုးတယ်။

“အလကား မြွတ်မော်စုတ်၊ နင်လည်း သိတယ်၊ နင်တို့တွေ ပေါင်းပြီး စနေကျပဲ၊ အပိုမလုပ်နဲ့”

“ဟ...ငါလည်း တကယ် မသိဘူး၊ နော့ကွာ စိုင်းနောင့်”

“တကယ် ရွှေယိင်းရ၊ ဖိုးခွား သူ့ဘာသာ လုပ်တာ”

ကျွန်တော်တို့ ရှေ့ခုံတန်းက ကောင်တွေကလည်း ကောင်မလေးတွေ ရှေ့မှာ ချောက်ကျတော့ ဘယ်ကျေနပ်ပါ့မလဲ။ “မင်းတို့ကွာ ဘာညာ” နဲ့ ပွစိပွစိ လုပ်ကြတယ်။ “ပြန်ပြီကွာ” ဆိုပြီး လှည့်ပြန်ကြတယ်။ ကျွန်တော်တို့လည်း မိန်းကလေးတစ်သိုက်ကို ဘယ်လိုမှ ရှင်းပြမရတဲ့အဆုံး ဖိုးခွားကိုပဲ “မင်းကွာ၊ မင်းကွာ” နဲ့ မဆုံးနိုင်အောင် ဆိုပြောရင်း ကုက္ကိုပင်အောက်က ခွာရတယ်။

ရွှေယိင်းတို့ မိန်းကလေးတစ်စုဟာ ခါတိုင်းလို ကျွန်တော်တို့ကို

စိတ်ကောက်ကြပြန်တာပဲ။ နင်တို့ကို နောက် ဘယ်တော့မှ မခေါ်တော့ဘူး။ ငါတို့ကို လာမခေါ်နဲ့ ဘာညာပေါ့။ သူတို့ စိတ်ကောက်တာလည်း ခါတိုင်းလို ခဏပါပဲ။ နောက်တော့လည်း ဒီလူ ဒီလူပဲ ပေါင်းစရာရှိ၊ ပြေးကြည့်လို့မှ ခြောက်တန်းဆိုတာ တစ်ခန်းတည်းရှိတဲ့ ရွာကျောင်းလေး မဟုတ်လား။ တစ်ခါ ပြန်လို့ တည့်တည့်ရှုရှုဖြစ်ကြ၊ အတူ ဆော့ကြပြန်တာပဲ။

စာတွေ သင်ရတာ စိတ်ဝင်စားစား၊ မဝင်စားစား အတင်းကျက်ရတာက လွဲရင် ကျောင်းဖွင့်ရက်တွေက ပျော်စရာ ကောင်းပါတယ်။ သားအမိနှစ်ယောက် မနက်မနက်ဆို ကျောင်းအတူသွား၊ နေ့ခင်းတော့ အိမ်မှာ ထမင်း ပြန်စားကြတယ်။ ညနေကျောင်းဆင်းရင် မေမေကလည်း ဆရာမကြီးနဲ့၊ ဆရာမတွေနဲ့ စကားလေးဘာလေး နည်းနည်းပါးပါး ပြောဆိုပြီး ပြန်။

ကျွန်တော်ကတော့ မေမေနဲ့ အတူပြန်တာ ရှားတယ်။ သူငယ်ချင်းတွေနဲ့ ဆော့ရင်း ကစားရင်း ပြန်တာပဲ။ ကျွန်တော်တို့မှာ ကျူရှင်ဆိုတာလည်း မရှိဘူး။ ကျောင်းမှာ သင်လိုက်သမျှဟာ စာမေးပွဲအတွက် လုံလောက်ပြီးသား ခေတ်အခါကိုး။

ကျောင်းပိတ်ရက်တော့ ကျွန်တော် သွားစရာနေရာက နှစ်ခုတည်းရယ်။ ဖိုးခွားတို့ခြံရယ်၊ မမနွေတို့ခြံရယ်။ စက်ဘီး မရှိသေးတော့ ဟိုမှော်လည်း စိတ်ရှိတိုင်း သွားမလည် နိုင်သေးဘူးလေ။

ဖိုးခွားဆီ ရောက်ရင်တော့ သူ ထိန်းနေရတဲ့ ညီမလေး မိစုပါ လိုက်ဆော့လို့ရတာလေး တစ်ခုခု ဆော့ရတယ်။ အရုပ်တမ်း၊ ဈေးရောင်းတမ်း၊ အိုးပုတ်တမ်းတော့ ကျွန်တော်က လုံးဝပဲ။ ကျန်တာတော့ ဘာပဲဖြစ်ဖြစ်ပေါ့။ တူတူပုန်းတမ်းတို့၊ စိန်ပြေးလိုက်တမ်းတို့ ဆော့တာပေါ့။ ညီမလေးကို ထားခဲ့လို့ ရရင်တော့ ကျွန်တော်တို့ လမ်းဘေးမှာ လျှောက်ဆော့နိုင်သေးတယ်။ ဒါပေမဲ့ ဖိုးခွားအမေက ဘော်ကြိုဘုရားကြီး ဝင်းထဲမှာ ဈေးရောင်းတယ် မဟုတ်လား။ ဖိုးခွားမှ အိမ်မစောင့်ရင်၊ ညီမလေး မထိန်းရင်လည်း အဆင်မပြေဘူး မဟုတ်လား။ အဖော်မက်တဲ့ ကျွန်တော့်မှာလည်း သူငယ်ချင်းနဲ့ ဆော့ချင်တော့ ညီမလေးကိုပါ အတူခေါ်ဆော့ရတော့တာပေါ့။

တူတူပုန်းလို့များ ညီမလေး ရှာတဲ့ အလှည့်ဆိုရင် သူ ဘယ်လိုမှ မရှာတတ်တဲ့အဆုံး ကိုယ့်ဘာသာ သူ မမြင်မြင်အောင် အမိခံရတာတို့ ဘာတို့ ကတော့ သိပ်မနိုပ်ဘူးပေါ့လေ။

တစ်ခါတလေ ခြံနီးချင်း ရွယ်တူကလေးမလေးတွေ ကူးလာရင်တော့ အတော်ပဲဆိုပြီး သူတို့ကလေးတစ်သိုက်ကို ကျွန်တော်တို့ ပျော်ပျော်ကြီး

ထားခဲ့တော့တာပဲ။ ဝေးဝေးတော့ မသွားပါဘူး။ သူတို့ ခြံရှေ့ မြေကွက်လပ်မှာ ဂျင်ပေါက်ကြတာပဲ။ တစ်ခါတလေ ခြံဝင်းအပြင်ထွက်ပြီး စွန်လွှတ်ကြတာပဲ။

ကျွန်တော့်ရဲ့ ကျောင်းပိတ်ရက် နေ့လယ်နေ့ခင်းတွေဟာ ဒီလိုပဲ ပုံမှန်လည်ပတ်နေခဲ့တာပါပဲ။ ဖိုးခွားနဲ့ဆော့မယ်။ မမနွေ့တို့အိမ် ကူးပြီး စာအုပ် ပြန်ပေးမယ်၊ သီပေါစာအုပ်ဆိုင်ကနေ ငှားလာပေးတဲ့စာအုပ် ယူမယ်၊ ပြီးတော့ ဘွားကြင်ရဲ့ ရှေးစကား ပုံပြင်တွေ၊ ဇာတ်လမ်းတွေ နားထောင်ရင်း လက်ဖက်သုပ်၊ ချင်းသုပ်လေး ကပ်စားမယ်။ သာသာယာယာ နေ့ရက်တွေပါပဲ။

နေ့ခင်း ရထားလာချိန် နီးရင်တော့ ကျွန်တော်တို့တွေ ဘူတာရုံဘက် ကူးကြတယ်။ ဘွားကြင်က တစ်ရေး အိပ်တယ်။

ဘူတာက ဘရောင်းလေးဟာ မမနွေ့ကို ချစ်ခင်လှသလိုပဲ ကျွန်တော့်ကိုလည်း အရေးပေးချွတ်တတ်နေပြီ။ ရထားပေါ်က လူတွေကို လက်ပြနှုတ်ဆက် တာကတော့ ကျွန်တော့်ရဲ့ မရိုးနိုင်တဲ့ ကစားနည်းတွေထဲက တစ်ခုပဲ။ ရထားကြီး ကျွန်တော်တို့ မြင်ကွင်းကနေ ပျောက်ကွယ်သွားတဲ့နောက် မမနွေ့ တမေ့တမော လိုက်ပြီးငေးတတ်တာလည်း မြင်နေကျ မြင်ကွင်းတစ်ခုပဲ ဆိုပါတော့။

ရထားသံဆိတ်လို့ ဘူတာလေးလည်း နောက်တစ်ကြိမ် ပြန်ငိုက်ဖို့ ပြင်ရင်တော့ ကျွန်တော်တို့နှစ်ယောက် ဘူတာကို ခွာလာကြပြီ။ အိမ်ထဲ ပြန်ဝင်၊ အိမ်ရှေ့လှေကားမှာ တင်ထားတဲ့ စာအုပ်တွေ ယူပြီး မြစ်ဆိပ်လှေကား ဆီ တိုးကပ်လာကြပြီ။

နေရောင်ကျဲပြောက်ပြောက် ဖြာကျနေတဲ့ လှေကားထစ်လေးတွေဟာ တွေ့စနေ့ကလိုပဲ သစ်ရွက်၊ ဝါးရွက်ကြွေတွေ ဟိုတစ်စ ဒီတစ်စနဲ့။

တစ်ခြံလုံးကို တံမြက်စည်း လှည်းတတ်ပုံရတဲ့ မမနွေ့၊ သပ်ရပ်တာ ကြိုက်မယ့် မမနွေ့ဟာ ဒီလှေကားကျတော့ ဘာလို့ ချန်ထားခဲ့သလဲ။

တစ်ရက်တုန်းကတော့ မမနွေ့ကို မနေနိုင် မထိုင်နိုင် မေးမိသေးတယ်။

“လှေကားက အမှိုက်တွေ တံမြက်စည်း မလှည်းဘူးလား မမနွေ့”

“တံမြက်စည်းနဲ့ လှည်းလိုက်ရင်၊ သစ်ရွက်ကြွေတွေ မရှိတော့ရင် ဒီလှေကားထစ်တွေ ခုလောက် ဘယ်လှတော့မလဲ မြတ်မော်ရဲ့”

ဟင်... ကျွန်တော်ဟာ မမနွေ့ရဲ့ စကားကြောင့် လှေကားထစ်တွေကို တအံ့တဩ ငုံ့ကြည့်လိုက်တယ်။

သစ်ရွက်ကြွေနဲ့ အုတ်လှေကားထစ်တွေဟာ ဘယ်မှာများ လှလို့ပါလိမ့်။ ပြန်မေးချင်လှပေမယ့် ဒါလေးတောင် နားမလည်ရကောင်းလား အထင်သေးမှာ စိုးတဲ့စိတ်နဲ့ တစ်ခွန်းမှ ပြန်မမေးဘဲ နားလည်သယောင်ယောင် ခေါင်းတောင် ညိတ်လိုက်သေးတယ် (ကျွန်တော့် အမူအရာကို မမနွေ ရိပ်မိတယ် ဆိုတာ နောက်မှ သိရတယ်)။

တကယ်တမ်းကျတော့ နောက်ထပ် လနည်းနည်းလောက် ကြာတဲ့ အခါကျမှ မမနွေ ပြောတဲ့အလှ ဆိုတာကို ကျွန်တော် သိတတ်တာပဲ။ အုတ်လှေကားထစ်ဟောင်းတွေ ပေါ်က သစ်ရွက်ကြွေတွေဟာလည်း လှတယ်လို့ ထင်လာတယ်။ မြစ်ရေထဲ တိမ်အရိပ်တွေပါ ခိုလို့တွယ်လို့ ပါလာတာ၊ တောတောင်အရိပ်ကလေးလည်း မြစ်ရေမှာ ပေါလောမျောနေတာဟာ လှတယ်လို့ ထင်လာတယ်။ တိမ်တွေ တောင်ခိုးတွေ ဝန်းဝန်းဝေနေတဲ့ တောင်တန်းတွေကလည်း လှလွန်းလွန်းတယ် ထင်လာတယ်။

ပြီးတော့ ပြီးတော့လည်း မမနွေဟာ စတွေ့တုန်းထက် ပိုလှတယ်လို့ ကျွန်တော် မြင်တတ်လာတယ်။ ဒီလို မြင်တတ်တာ ကျွန်တော်တစ်ယောက်တည်း မဟုတ်၊ မမနွေရဲ့ ကိုယ် စိတ်နှလုံးကို နှစ်လိုမိသူဟာ ကျွန်တော် တစ်ယောက်တည်း မဟုတ်ဘူးဆိုတာကိုလည်း တစ်ပြိုင်တည်း သိခွင့်ရလိုက်ရော ဆိုပါတော့။

ပြောရရင်တော့ ကျွန်တော် ဆွေးရတဲ့ နာရီများဟာ နေကြာရိုင်းပွင့်တွေ ကြားထဲမှာပဲ လှလှပပ ရောက်လာခဲ့တာပါ။

* * *

အဲဒီနေ့က ခါတိုင်းလို ရထားကြည့်ဖို့ သွားကြပေမယ့် ဘယ်အရာကမှ ခါတိုင်းလို မဟုတ်ခဲ့ဘူး။ မမနွေရဲ့ ရှပ်အင်္ကျီလေးဟာ ခါတိုင်းလို အကွက် မဟုတ်ဘူး၊ ချည်ထည် အပွင့်စိပ်စိပ်လေးတွေ။ မမနွေရဲ့ ဆံပင်ဟာ ခါတိုင်း သို့ ကျစ်ဆံမြီးနဲ့ မဟုတ်ဘူး၊ ခေါင်းလျှော်ခြောက်စ ဖားလျားချလို့။ မမနွေရဲ့ မျက်နှာလေးဟာ ခါတိုင်းလို ရထားကြည့်တဲ့အချိန် မြင်ရတတ်တဲ့မျက်နှာမျိုး မဟုတ်ဘူး၊ တစ်ခုခုကို မျှော်နေသလို မျက်လုံးလေးတွေပါ လက်နေခဲ့တာ။

အခါတိုင်း ဘူတာ သွားကြရင် ပြောနေစရာ မလိုပေမဲ့ အဲဒီနေ့ အဖို့တော့ တစ်ရက်လောက်ကြိုပြီး "မနက်ဖြန်နေ့ခင်း ဘူတာ သွားကြမယ်နော်" လို့ မမနွေ အဆန်းလုပ် ပြောခဲ့သေးတာ နောင်မှ သတိပြုမိတော့တယ်။

ခါတိုင်းလို ဖြစ်မြဲဖြစ်တာဆိုလို့ ဘူတာ မသွားခင် ခဏ နားထောင် ကြရတဲ့ ဘွားကြင်ရဲ့ ရှေးစကားရယ်၊ ချင်းသုပ်ခွက်ပေါ် မကြာမကြာ ဝဲနေတဲ့

ရွှေစွန်ညို ကျွန်တော့်လက်တွေရယ်ပဲ။

အဲဒီတုန်းက နေ့ခင်းဟာ ဆောင်းဝင်ခါနီးမို့ ရှေးစကားထဲက အရုပ်တွေ အရိပ်တွေဟာ ဆောင်းရာသီနေ့ရက်တွေ၊ နေကြာရိုင်းတွေ ဖြစ်နေတာလည်း နှောင် နှစ်အတန်ကြာလို့ ပြန်တွေးတိုင်း စိတ်မျက်လွှာမှာ ပြက်ပြက် ဝင်ထင်ဆိုသလို ပေါ်လာတတ်တယ်။

"နေကြာပွင့်ရင် မိုးကုန်ပြီ၊ ဆောင်းစပြီလေ" လို့ ဘွားကြင်က စကားစခဲ့တယ်။

နေကြာလို့ အလွယ်ပြောပေမယ့် အစေ့လှော်စားရတဲ့နေကြာ မဟုတ်၊ နေကြာရိုင်းပင်ပါပဲ။ တောင်နေကြာလို့လည်း ခေါ်ကြတယ်။

ဘော်ကြိုရောက်စ မိုးဦးတုန်းက ဘူတာရဲ့ မျက်နှာချင်းဆိုင် သံလမ်း ဟိုဘက်ခြမ်း တောလမ်းကလေးရဲ့ နံဘေးဘယ်ညာ ဝန်းရံပေါက်နေတဲ့ အပင်လေးတွေကို မမနွေ့ လှမ်းပြပြီး "အဲဒီအပင် မြင်ဖူးလား၊ ဟို အရွက်ဖားဖားလေးတွေနဲ့ အပင်အုပ်ကို ပြောတာနော်" ဆိုတော့ ကျွန်တော် ခေါင်းခါတယ်၊ ပြီးတော့ ခေါင်းညိတ်တယ်။

ခေါင်းခါတာက မမြင်ဖူးကြောင်း၊ ခေါင်းညိတ်တာကတော့ ညွှန်ပြတဲ့အပင်ကို မြင်ပါကြောင်း။ မမနွေ့က ဘာဆက်ပြောတုံးဆိုတော့ "အဲဒါ နေကြာရိုင်းပင်လေ၊ ဆောင်းဦးပေါက်ပြီဆို ဝါထိန်နေအောင် ပွင့်တော့မှာ၊ နေကြာရိုင်းပွင့်တဲ့ အချိန်ဆို ရှမ်းပြည်ဟာ တအားလှတယ် မြတ်မော်ရဲ့၊ အိမ်ဝေးတဲ့သူတွေတောင် အိမ်လွမ်းကြတဲ့အချိန်တဲ့ သိလား" တဲ့။

ဆောင်းဦးပေါက်ဆိုတာ ခုလိုအချိန်ပေါ့။ ခုတော့ နေကြာရိုင်းတွေ ဘူတာဝန်းကျင်မှာ စပွင့်လို့ နေပေါ့။

ဘွားကြင်ရဲ့ ဆောင်းရာသီ ရှေးစကားဟာ နေကြာရိုင်းပွင့်တွေကို မြင်ယောင်ကျက်စားနေတဲ့ ကျွန်တော့်အာရုံကို ဖမ်းဆုပ်လိုက်ပြီ။

"ညနေ ငါးနာရီလောက်ဆို အင်္ကျီလက်ရှည်အပါးလေး ဝတ်ရပြီ၊ ခြောက်နာရီလောက်ဆိုရင် ဦးထုပ်တွေရော၊ လက်အိတ်တွေရော ရှုပ်ပွနေအောင် ဝတ်ရပြီ၊ အဘွားတို့ အမေက ခြံထဲမှာ မီးလေး ဖိုတယ်၊ မီးလှုံကြတယ်၊ ရေဒီယိုနားထောင်ကြတယ်၊ ရေဒီယိုကို ခုံပေါ်တင်ပြီး အခု တီဗွီကြည့်သလို ဝိုင်းကြည့်တာနော်၊ အဲဒီတုန်းက ရေဒီယို ပိုင်တယ်ဆိုတာ သူဌေးပဲ၊ တစ်ရွာလုံးမှာမှ အဘွားတို့အဖေရဲ့ ရေဒီယိုတစ်လုံးပဲ ရှိတာ၊ သူများတွေလည်း အခု တီဗွီအိမ်မှာ တီဗွီ လာကြည့်သလိုပဲ လာနားထောင်ကြတာ၊ အဘွားကတော့

အဲဒီတုန်းက အပျိုပေါ့၊ အိမ်ထောင်မကျသေးဘူးပေါ့ ကလေးရယ်”

ဆောင်းဦးလေပြည်ဟာ ဘွားကြင်ရဲ့ အိမ်ကလေးထဲ တိုးဝှေ့လို့။ အိမ်နံဘေးဝဲယာ သစ်ပင်အုပ်တွေဆီက လေတိုးသံဟာ ဘွားကြင်ရဲ့ စကားသံ ချိုအေးအေးကြားမှာ မြုပ်ချည် ပေါ်ချည်။

မမနွေဟာ ဘွားကြင်ရဲ့ ခြေသလုံးတွေကို ဖွဖွ နှိပ်ပေးနေတယ်။ ကျွန်တော်ကတော့ စောစောက ဆိုခဲ့သလို ချင်းသုပ်ခွက်ဆီ လက်ရောက်လိုက်၊ ဘွားကြင်ထိုင်နေတဲ့ ပက်လက်ကုလားထိုင် လက်ရန်းကို တင်းတင်းဆုပ်လို့ မျက်နှာကို မော့ငေး နားထောင်လိုက်ပါပဲ။ မှန်သောစကားဆိုရရင် အဲဒီတုန်းက ဘွားကြင် ပြောသမျှ ရှေးစကားတွေကို ကြိုက်လို့ကို နားထောင်ခဲ့တာပဲ။ မမနွေဆီ အလည်လာချင်တာမို့ ဘွားကြင် သဘောကျအောင်ရယ် မဟုတ်ခဲ့ဘူး။ ဒီလိုရှေးစကားတွေကို နှစ်လိုမိခဲ့တာဟာ မေမေ့ပုံပြင်၊ ကြီးကြီးပုံပြင်တွေနဲ့ ကြီးပြင်းခဲ့ရတာ၊ မေမေနဲ့အတူ ဇာတ်လမ်းပမာ၊ ရေဒီယိုဇာတ်လမ်းတွေ နားထောင်ခဲ့ဖူးတာ၊ နောက်တော့ ကက်ဆက်ဇာတ်လမ်းတွေ နားထောင်တတ်တာရယ်ကြောင့်ပဲ ဖြစ်ပါလိမ့်မယ်။

မမနွေဆိုတာလည်း ဘွားကြင်ရဲ့ ပုံပြင်တွေ၊ ရှေးစကားတွေနဲ့ ကြီးပြင်းခဲ့သူပဲ ထင်ပါရဲ့။ သိချင်တာတွေကို ဖြတ်မေးတတ်တာကလွဲလို့ စိတ်ဝင်တစား နားထောင်တာပါပဲ။ မမနွေက ပြောသေးတယ်။ သူတို့ ငယ်တုန်းက ဆောင်းညတွေဆိုရင် မီးပုံကြီးတွေ ဖိုပြီး မီးဖိုနား ဝိုင်းထိုင်လို့ ဘွားကြင်ရဲ့ ရှေးစကား နားထောင်ခဲ့ကြတာ ပျော်စရာကြီးပဲတဲ့။ မမနွေ အဲဒီလို ပြောတိုင်း အခုလည်း ပျော်စရာကောင်းသားပဲလို့ ကျွန်တော် ပြန်ပြောတတ်တယ်။

လူတွေဟာ အနီးရှိနေတဲ့ ပစ္စုပ္ပန်ကို တစိမ့်စိမ့် ခံစားနေထိုင်ဖို့ထက် ကျန်ခဲ့တဲ့ အတိတ်ကို ပိုလွမ်းတတ်၊ အဲဒီအတိတ်အကြောင်းကို ပိုလို့ တွေးတတ်တယ်ဆိုတာ ကျွန်တော် မသိတတ်နိုင်သေးတဲ့ ကာလများပေါ့။

“အိမ်ထောင် ဘယ်လိုကျတယ်ဆိုတာလည်း ပြောပြလိုက်ဦးလေ ဘွားကြင်ရဲ့”

“အိမ်ထောင်ကျတာလား” လို့ ပြောရင်း ဘွားကြင်က ပြုံးနေတယ်။ နောက် နံရံထက်က အဘိုးနဲ့ နှစ်ယောက်တွဲဓာတ်ပုံကို မော့မော့လေး ကြည့်နေပြန်ရော။ ဘွားကြင်ရဲ့ မျက်လုံးထောင့်စွန်းမှာ၊ ပါးပြင်မှာ၊ နဖူးပြင်မှာ အရေး ကြောင်းလေးတွေ ထင်းလှပြီ။ ဒါပေမဲ့ မျက်လုံးလေးတွေဟာ ကြည်ကြည် ရီရီလေး လဲ့နေတတ်တုန်းပဲ။

ဘွားကြင်ရဲ့ မျက်လုံးတွေဟာ ဒီအတိုင်းဆိုရင်တော့ မေမေ့မျက်လုံးတွေနဲ့ မဆင်ဘူး။ ဒါပေမဲ့ ဓာတ်ပုံဟောင်းလေးကို လှမ်းကြည့်လိုက်တဲ့အခါမှာတော့ ဖေဖေ့ဓာတ်ပုံတွေကို ပြန်ကြည့်တိုင်း မေမေ့ဆီမှာ မြင်ရတဲ့ မျက်လုံး လေးတွေလိုပါပဲ။

အဲဒီခဏမှာ လွမ်းတယ်ဆိုတဲ့ ခံစားမှုတစ်မျိုးကို ကျွန်တော် သတိပြုမိလာတယ်။ အရင်ကတော့ ဝမ်းနည်းတယ်လို့သာ နားလည်သလို ကျွန်တော် သုံးတတ်ခဲ့တယ်။ တစ်စုံတစ်ယောက်၊ တစ်စုံတစ်ရာကို အောက်မေ့ပြီး ဝမ်းနည်းရသလိုလို ခံစားမှုမျိုး ဖြစ်ရင် ဘယ်လို ပြောရမှန်းမသိတဲ့ ကျွန်တော့်ကို မေမေက “အလွမ်း” ဆိုတဲ့ စကားလုံးနဲ့ မိတ်ဆက်ပေးခဲ့တယ်။

ရန်ကုန်က ကြီးကြီးကို လွမ်းတယ်၊ ဝမ်းကွဲမောင်နှမတွေကို လွမ်းတယ်၊ နောက်ဆုံး ပြောင်းခဲ့ရတဲ့ မြို့ကလေးက သူငယ်ချင်းတွေကို လွမ်းတယ် စသဖြင့် ကျွန်တော် ပြောတတ်လာတယ်။

ခုလည်း ဘွားကြင်ကို ကြည့်ပြီး အလွမ်းဆိုတာကို ကျွန်တော် သိတတ်နေပြန်တယ်။

“အိမ်ထောင်ကျတာက အသက် ဆယ့်ခုနစ်နှစ်မှ ကျတာ၊ အဘိုးနဲ့ စတွေ့တော့ အဘွားက ဆယ့်လေး၊ ဆယ့်ငါးနှစ်သမီးပေ့ါ၊ ညညဆို အဘွားတို့ သက်ငယ်ပျစ်ရတယ်လေ၊ အဲဒီတုန်းက အဘွားတို့ခေတ်က မိန်းကလေး ဆိုတာ အချိန်တန် ထမင်းချက်၊ ကလေးထိန်း၊ လယ်ထဲဆင်း၊ ကြံပေါင်းလိုက်၊ ကြံရွက်ခွာ၊ သက်ငယ်ရိတ် အဲဒါတွေ အငှားလိုက်တာရော၊ ကိုယ်ပိုင်ရော လုပ်ရတယ်၊ ပညာရေးလည်း ဦးစားမပေးဘူး၊ အဘွားလည်း အတန်းငယ်ငယ်နဲ့ပဲ ကျောင်းထွက်၊ အိမ်အလုပ်တွေ လုပ်ရတာပေ့ါ၊ အဲ... စောစောက ပြောသလို သက်ငယ်ပျစ်တော့ အဘိုးက လာလာလည်ပြီး စကားတွေဘာတွေပြောပေ့ါ၊ နွေခင်းဆို သက်ငယ်တွေ ရေစိမ်၊ ရေဆွတ်ထား၊ ညနေရောက်ပြီဆို ရေမိုးချိုး၊ သနပ်ခါးလိမ်း ဆောင်းရာသီဆိုတော့ နွေးအောင် မီးဖိုလေးဖိုပြီး အပျိုတွေ သက်ငယ်ပျစ်ကြတယ်၊ ကာလသားတွေက ဝိုင်းထိုင်ပြီး စကားပြော၊ ရယ်ကြ မောကြ၊ မုန့်တွေ ဝယ်လာရင်လည်း ကျွေးကြပေ့ါကွယ်၊ ရပ်ဓလေ့ ရွာဓလေ့ပါပဲ၊ ည ဆယ်နှစ်နာရီ တစ်နာရီလောက်မှပဲ အိပ်ကြတာ၊ ဒီလိုနဲ့ပဲ သမီးရည်းစား ဖြစ်ကြ၊ ညားကြတာပေ့ါ၊ အဘိုးနဲ့ အဘွားလည်း အဲဒီလိုပဲ တွေ့ခဲ့ရတာ”

“အဲဒါနဲ့ပဲ ဒီမှာ လာကျတဲ့ ရုံပိုင်ဟာ မပြောင်းနိုင် မပြုနိုင် ဖြစ်သွားတာပေ့ါ၊ နော့ အဘွားရယ်”

မမနွေ့ စကားထောက်တော့ အဘွားက ပြုံးနေပြန်တယ်။

နောက်တော့ “တော်ပြီ ရပြီ၊ မနှိပ်နဲ့တော့ သမီး” လို့မမနွေ့ကို လက်ကာတားလိုက်တယ်။ ဒါပေမဲ့ မမနွေ့ဟာ နေရာက မခွာဘူး။ ပက်လက်ကုလားထိုင် နောက်လက်ရန်းတစ်ဖက်ကို မေးတင်လို့၊ ဘွားကြင်မျက်နှာကို မော့ငေးလို့ ရှေးစကား ဆက်နားထောင်ဖို့၊ ဘွားကြင်နဲ့ အပြန်အလှန် ပြောဖို့ အသင့်ဖြစ်နေပုံပဲ။

ခုနေများ တစ်ယောက်ယောက်ကသာ ကျွန်တော်တို့ မျက်နှာတွေကို အကဲဖြတ်ရင်တော့ စာမေးပွဲကနေ လွတ်မြောက်စ ကျောင်းပိတ်ရက်ရှည်ရစမို့ အပူကင်းနေတဲ့ အရိပ်တွေကို မြင်ရလိမ့်မယ်။ အထူးသဖြင့် ကျွန်တော့်မျက်နှာပေါ့။ မမနွေ့ကတော့ ကျွန်တော့်လောက် ပေါ့ပါးမယ် မဟုတ်ဘူး။ ကိုးတန်း ကျောင်းသူကိုး။ တစ်နေ့စာ တစ်နေ့ ပုံမှန် လုပ်နေကျမို့သာ ကျောင်းပိတ်ရက်မှာ ဘွားကြင်နဲ့ လာနေနိုင်သတဲ့။ မမနွေ့ရဲ့ သူငယ်ချင်း မမသီတာတို့ တစ်တွေဆို ကျောင်းပိတ်ရက်လည်း ကျူရှင်တက်နေကြရတယ် ဆိုတာပဲ။

“အဘိုးနဲ့ အဘွားက ရေဒီယို ကြိုက်တာလည်း တူတယ်ဆို”

“အေးပေါ့ သမီးရဲ့၊ တို့အိမ်မှာ အပျိုဘဝကတည်းက ရေဒီယိုရှိတော့ အဘွားက ရေဒီယိုစွဲတယ် မဟုတ်လား၊ အံမယ်...အဘိုးကျတော့ အဘွားဆီ လာလာလည်ရင်း ရေဒီယိုစွဲတာပေါ့၊ ညားပြီး ဒီအိမ် ပြောင်းနေကြတော့ ရေဒီယိုလေးပါ ပါလာရော၊ နားထောင်တဲ့ သူတွေကလည်း ဒီဘက် လိုက်လာရောပေါ့လေ၊ သမီးမယ်မယ်တို့ ငယ်တုန်းကလည်း အိမ်နီးနားချင်းတွေက ရေဒီယို လာလာနားထောင်ကြတုန်းပဲ၊ စနေညဆို အသံလွှင့်ဇာတ်လာရင် လူစည်မှစည်၊ ဇာတ်လမ်းပမာ နားဆင်စရာလည်း ကြိုက်ကြတာပဲ၊ အံမယ် ဟာသတွေ ဘာတွေများ လာရင် ကိုယ့်ရှေ့ လူရွှင်တော် လာပြက်နေသလို ရယ်ကြတာများ တဝေါဝါ နေတာပဲ”

ကျွန်တော့်မှာ ဘွားကြင် ပုံဖော်ပြတဲ့ မြင်ကွင်းတွေကို ကိုယ်တိုင် မြင်ယောင်မိသလို ရှိလာတာမို့ ရှေးဗီရိုဟောင်းပေါ်က ရေဒီယိုကိုတောင် လှမ်းကြည့်ရတယ်။ ဒီနေ့ခင်း အိမ်ပေါ် ကျွန်တော် ရောက်လာတုန်းက တေးသံတွေ ပျံ့လွင့်နေခဲ့တဲ့ ရေဒီယိုလေး။ ခုတော့ သူလည်း နေ့လယ်နေ့ခင်း အနားယူနေ ရှာပြီ။

ရန်ကုန်အိမ်မှာလည်း ဒီလို ရေဒီယိုဟောင်းလေး တစ်လုံး ရှိတယ်။ ဘော်ကြိုအိမ်မှာလည်း မနက်ခင်း ထမင်းဟင်းချက်ပြုတ်ရင်းနဲ့ မေမေ ရေဒီယို

နားထောင်တတ်သလို ညဦးချိန်တွေဆိုလည်း ဖွင့်ပြန်တာပဲ။ ပြောင်းလေရာရာ စာအုပ်နဲ့ ရေဒီယို သယ်တတ်တဲ့ မေမေဟာ ဒီတစ်ခေါက် ရန်ကုန်က ပြန်လာတော့ တစ်ပတ်ရစ် ကက်ဆက်လေးတစ်လုံးတောင် ဈေးတော်တာနဲ့ ပြန်ဝယ်လာခဲ့သေးတယ်လေ။

မေမေ့ကက်ဆက်လေးဟာ ရှမ်းပြည်ရောက်ရင် ဒီသီချင်းလေးတွေ နားထောင်လိုက်ရမှ ပိုလို့ လိုက်ဖက်ညီသလို ထင်ရတတ်တဲ့ စိုင်းထီးဆိုင်တို့၊ စိုင်းဆိုင်မောဝ်တို့ သီချင်းတွေ ပျံ့လွင့်မြဲ။ ဒါမှမဟုတ်ရင်လည်း ပလေးဘွိုင်း သန်းနိုင်၊ ခိုင်ထူး၊ ပုလဲကနေစလို့ ဟေမာနေဝင်း၊ ကော်နီတို့သီချင်းတွေဟာ သီပေါနယ်က လေပြည်မှာ စီးမျောလို့။ ကျွန်တော်ကတော့ ရန်ကုန်က ဝမ်းကွဲ အစ်ကိုတွေ ကြိုက်တဲ့ ထူးအိမ်သင်လည်း ကြိုက်သလို လေးဖြူ သီချင်းတွေလည်း သဘောကျပြန်တယ်။ မေမေတို့ ငယ်တုန်းက ရေဒီယိုကနေ လာတော့မှ သီချင်းလေးတွေ နားထောင်ရတယ်ဆိုတဲ့ ခေတ်ကနေ ကက်ဆက်ခွေ ထည့်ဖွင့်တဲ့ခေတ်၊ နောက်တော့ ကက်ဆက်ခွေတောင်မှပဲ မူရင်းခွေမဟုတ်ပြန်ဘဲ ကိုယ်ကြိုက်ရာ သီချင်းလေးတွေချည်း စုပြီး ရွေးပြီး ဖွင့်တဲ့ခေတ်ကို ရောက်လာတာ စိတ်ထဲ အံ့ဩသလိုတော့ ရှိသားပဲ။

မေမေကတော့ ပြောပါရဲ့။ ခေတ်ဟာ ဒီလိုပဲ ပြောင်းစမြဲပဲတဲ့။ မေမေ ပြောရင် မေမေတို့ခေတ်ဟာ လွမ်းစရာ ဖြစ်သလို ဘွားကြင်ပြောပြန်တော့လည်း ဘွားကြင်ရဲ့ ငယ်ဘဝ ခေတ်အခါက ပိုလို့ ဆွေးစရာ ကောင်းနေသလို။ ကျွန်တော်တို့ ကြီးပြင်းတော့လည်း သံသရာဟာ ဒီလိုပဲ လည်ရင် လည်နေဦးမှာ မဟုတ်လား။ “ငါတို့ ငယ်ငယ်တုန်းကလေ” ခေါင်းစဉ် အစချီကာပေါ့ ။

ဟော…တွေးတုန်းမှာပဲ မမနွေက “ငယ်တုန်းက” လို့ စကား အစချီပါရော။

“သမီးတို့ ငယ်ငယ်တုန်းကလည်း သူများတွေသာ သိပ်ပြီး မလာကြတော့တာ၊ အိမ်မှာတော့ လူတိုင်း နားထောင်ကြတာ အဘွားရဲ့ နော်”

“ဟုတ်ပ ဟုတ်ပ၊ မနက် ခုနစ်နာရီဆို ဒီနေ့ ဘာအစီအစဉ် လာမယ် ကြေညာပြီ၊ နေ့ခင်းဘက်လည်း ကြေညာပေးတယ်၊ ညလည်း ကြေညာတယ်၊ ခဏနေရင် ဘာလာမယ်၊ ဘာလွှင့်မယ်ပေါ့၊ အဘွားလေ ရေဒီယိုကို နံနက်ချိန်ခါ တေးသံသာက စပြီး နားထောင်တယ်၊ ထမင်းဟင်းချက်မပျက်၊ အိမ်အလုပ်မပျက် နားထောင်တာ၊ မနက် ခုနစ်နာရီဆို နံနက်ချိန်ခါတေးသံသာ လာပြီ၊ မနက်စောစောဆိုတော့ ကျက်သရေရှိတဲ့ သီချင်းလေးတွေချည်း လွှင့်ပေးတာနော်၊ အဘွားက သီချင်းတွေ တအားကြိုက်တော့

သီချင်းကောင်းကောင်း လာတဲ့ အစီအစဉ်အားလုံး ကြိုက်တာပဲ၊ သောကြာနေ့ ရန်ကုန်မှာ ရုပ်ရှင်ကား လဲရင် တနင်္ဂနွေကို မျှော်နေရပြီ၊ အဲ...တနင်္ဂနွေဆိုရင် အဲဒီဇာတ်ကားထဲက ဇာတ်ဝင်တေးတွေ လာရော မဟုတ်လား၊ နေ့ခင်း ဆယ့်နှစ်နာရီလောက် လာတယ် ထင်တာပဲ၊ နောက်ပြီး အနှစ်နှစ်ဆယ်တေးတို့၊ ကာလပေါ်တို့၊ သီချင်းကြီး သရုပ်ဖော်တို့၊ သောတရှင်တို့လိုရာ၊ စစ်သည်အတွက် တေးလက်ဆောင်တို့၊ ဓာတ်ပြားသီချင်းတို့ အကုန် ကြိုက်တာပေါ့”

“အဘွား သိပ်ကြိုက်တဲ့ သီချင်းလေး ရှိသေးတယ်လေ၊ သမီးကို ခဏခဏ ဆိုပြတဲ့ စန္ဒရားချစ်ဆွေသီချင်းလေ အဘွားရဲ့၊ အဲဒီသီချင်းလေး မြတ်မော်ကို ဆိုပြလိုက်ပါဦး”

ဘွားကြင်ဟာ မမနွေ့စကားကြောင့် ကလေးများလို မျက်စိပေါက်လေးတွေ ပိတ်အောင် ရယ်နေတယ်။ အရေးအကြောင်းတွေ ပိုလို့ ထင်ရှားလာပေမယ့် ပြုံးရယ်ပုံဟာ ချစ်စရာ ကောင်းနေပြန်တာပဲ။

ဘွားကြင် ရှက်နေပြီ၊ သီချင်းဆိုမပြဘူးလို့ ကျွန်တော်ထင်လိုက်တယ်။ ဒါပေမဲ့ “တစ်နေရာပဲ ဖြတ်ဆိုပြမယ် ဟုတ်လား” ပြောပြီး ပေါင်ပေါ် လက်ဝါးလေး တစ်ချက်ချင်း ရိုက်လို့ သီချင်းကို အစပျိုးလိုက်ပါလေရော။

“သော်က စံပယ် ခတ္တာငယ်နဲ့

သဇင်ညှာခက်များ မြင်ပါရက်သားနဲ့

မသွေ ညိုးပြောင်းကြွေသွား နွေမိုးဆောင်းတွေအလား

ဝိုးတဝါး အဖြေရှာ ယိုးမှား မသေချာတယ်”

ဘွားကြင်ရဲ့ အသံဟာ တကယ့်ကို အေးအေးချိုချို။ အဆွဲအငင် အရှိုက်အပင့် ပီသကြည်မြတယ်။ မြန်မာသီချင်းတွေလည်းပဲ မေမေ့ကျေးဇူးနဲ့ နားယဉ်နေတာမို့ ကျွန်တော်တို့ အကြိုက်နဲ့ ဟပ်လှတယ် မဟုတ်တောင် သဘောတော့ ကျသားပဲ။ ဘွားကြင် ဆိုပုံဆိုပေါက်ဟာ အဆိုကောင်းသူတွေရဲ့ ဆိုပုံဆိုပေါက်မျိုးဆိုတာ ကျွန်တော် တန်းသိပါတယ်။

အခုမှ နားထောင်ဖူးတဲ့ ကျွန်တော်က ဘွားကြင်မျက်နှာကို မော့ငေးသလို အခါခါ နားထောင်ပြီးသား ဖြစ်ပုံရတဲ့ မမနွေ့ဟာလည်း ကျွန်တော့်လိုပဲ ငေးလို့။ မမနွေ့ရဲ့ မျက်လုံးလေးတွေဟာ ကြည်စင်မြဲ ကြည်စင်လို့။ ဝတ်ခဲလှတဲ့ အပွင့်အခက် အင်္ကျီလေးနဲ့ မမနွေ့ ဒီနေ့ သိပ်လှတာပဲလို့ ကျွန်တော် အမှတ်မထင် တွေးမိတယ်။ အသားရောင်ပေါ် အညိုပွင့်လေးတွေ

ကြဲထားတာဟာ မနွေ့ရဲ့ အသားဝင်းဝင်းကလေးနဲ့ အတော်ပဲ လိုက်နေတာကိုး။ ဘွားကြင်ရဲ့ ခြေသလုံးသားကို နှိပ်ရင်း မျက်လွှာချထားတဲ့ အခါ မမနွေ့ရဲ့ မျက်တောင်ရှည်တွေဟာ မျက်လုံးလှလှလေးကို ဖုံးပြီး စင်းစင်းကျလို့။

ဒါကြောင့်လည်း စိုင်းနောင့်က "မင်း မမနွေ့က တအား လှလာတယ် နော်" လို့ ပြောတာ ဖြစ်မှာ။ ပြီးတော့လည်း "ဒီရွာထဲက အစ်ကိုကြီးတွေဆို မမနွေ့ကို စာပေးချင်တာမှ တအားပဲ၊ သူ့အဘွားတို့၊ သူ့အစ်ကိုတို့ကို ကြောက်လို့ မပေးရဲကြတာ၊ မင်းကိုတောင် ကပ်ချင်တဲ့သူတွေ ရှိသေးတယ် သိလား" တဲ့။ စိုင်းနောင့် ပြောသလို ကျွန်တော့်များ လာကပ်ကြရင် ဘာလုပ်ရမှာပါလိမ့်။ တခြားကောင်တွေ လုပ်တတ်သလို အစ်မကို သဘောကျတဲ့ကောင်တွေနဲ့ ရန်ဖြစ်ရမလား၊ ဒါမှမဟုတ် ကပ်ပေါင်းပြီးတော့ ညာစားလိုက်ရမလား။

တကယ် ထုတ်မကြည့်ဖူးတဲ့ အဖြေကို အဲဒီနေ့ခင်းတင် သိရတာပဲ၊ မသိတတ်ခင်အချိန် ခဏလေးမှာတော့ ကျွန်တော်ဟာ ဘွားကြင်ရဲ့ သီချင်းသံ ချိုကြည်အေးမှာ မျောလို့ပေ့ါလေ။

"တာရှည်ကွဲနေသော်လည်း ကမ္ဘာမြေထဲမှာ အတူရှိနေသ၍

ပြန်လည် ဆုံစည်းကြမယ် အချစ်ရယ်

ပြန်လည် ဆုံစည်းကြမယ် အချစ်ရယ်

ပြန်လည် ဆုံစည်းကြမယ် အချစ်ရယ် အချစ်ရယ်"

"အချစ်ရယ်" ဆိုတဲ့နေရာမှာတင် ဘွားကြင်က တိခနဲ ရပ်လိုက်တယ်။ "တော်ပြီ" တဲ့။

"တွေ့လား၊ မမတို့အဘွား အသံဘယ်လောက် ကောင်းသလဲဆိုတာ"

"ထက်ထက်မိုးဦး ကြော်ငြာထဲမှာ ပြောသလို ကောင်းမှကောင်း၊ ကောင်းမှကောင်း" လို့ ကျွန်တော် လက်မထောင်တော့ မမနွေ့ရော ဘွားကြင်ပါ ရယ်ကြတယ်။

"ဘွားကြင် နောက်တစ်ပုဒ် ဆိုပြဦး"

"တော်ပါတော့ မောင်မြတ်မော်ရဲ့၊ မင်းမမကို ဆိုခိုင်း၊ အဘွားကြိုက်တဲ့ သီချင်းတွေ သူ အကုန် အလွတ်ရတယ်"

မမနွေ့ကို ကျွန်တော် ငဲ့ကြည့်လိုက်တယ်။

“မမနွေ ဆိုပြ”

“အံမယ် တော်တော့၊ နောက်တော့ ဆိုပြမယ်၊ အလကားတော့ မရဘူးနော်၊ မုန့်ကျွေးမှ ဆိုပြမှာ”

“မုန့်ကျွေးမှ” ဆိုတဲ့ စကားကို အတည်မှတ်ပြီး ကျွန်တော် ခဏငြိမ်ကျသွားတယ်။ ကျွန်တော်ဆိုတဲ့ ကျောင်းဆရာမသားလေးဟာ မုန့်ဖိုးမှ များများစားစား မရလေဘဲကိုး။ ငယ်တုန်းကလို တစ်မတ်၊ ငါးမူးလောက် ရှိရုံနဲ့ မုန့်ဝယ်စားလို့ရတာ မဟုတ်ပေမဲ့ လက်ထဲမှာ ငါးကျပ်၊ တစ်ဆယ်လောက် ရှိရင်ပဲ အတော် ဟုတ်လှပြီ မှတ်တာ။ မုန့်ဖိုးလေးဘာလေး မေမေ ပေးရင်လည်း ကျွန်တော်က စာအုပ်ငှားဖို့စုတယ်။ တစ်ခါတလေမှ မုန့်ဝယ်စားဖြစ်တယ်။

ဒီတော့လည်း မမနွေက “မုန့်ကျွေးမှ” ဆိုတဲ့အခါ အိမ်မှာရှိတဲ့ လက်ကျန် ပိုက်ဆံလေးကို စိတ်မှန်းနဲ့ တွက်ကြည့်နေတာပါပဲ။

“အံမယ် မုန့်ကျွေးဆိုတာနဲ့ ပြန်တောင် မပြောဘူး ကြည့်စမ်း”

”မမနွေကို မုန့်ကျွေးလိုက်ရင် စာအုပ်ငှားဖို့ ကျန်ဦးမလား စဉ်းစားနေတာ”

“လာသေးတယ်...ကြည့်ဦး၊ မင်းစာအုပ်ဖိုးတွေ အန်တီဆရာမ ပေးပေးနေတာ မမ မသိတာကျလို့”

“မေမေက မုန့်ပဲ ကျွေးတာ မမနွေရဲ့၊ ကာတွန်းကျတော့ ကိုယ့်ဘာသာ မုန့်ဖိုးနဲ့ ဖတ်တဲ့”

“ပိုက်ဆံကို စည်းနဲ့ကမ်းနဲ့ သုံးတတ်အောင် လုပ်ပေးနေတာ ကောင်းတာပေါ့ မောင်မြတ်မော်ရဲ့၊ နို့မို့ဆို ဒီမုန့်ဖိုးတွေ ကျောင်းမှာပဲ ဝယ်စားလို့ မကုန်ဘူးလား ကဲ၊ အာဟာရလည်းမဖြစ် ဘာမဖြစ်၊ အိမ်က ထမင်းဟင်းကမှ အာဟာရဖြစ်တာ၊ အဘွားဆို အဘွားသားသမီးတွေကို အိမ်မှာ ဝဝကျွေးပြီးမှ ကျောင်းလွှတ်ခဲ့တာပဲ”

မေမေနဲ့ ဘွားကြင်ဟာ ဇာတ်တိုက်ထားသလိုပဲ။ အိမ်ချင်းသာ အလှမ်းဝေးကြတာ လူကြီးတွေ ပြောသမျှ စကားတွေဟာ ဘာကြောင့်များ တစ်ထပ်တည်းလို တူရတယ် မသိဘူး။ မမနွေ ပြောပြပြန်တော့လည်း မယ်မယ်ဟာ မေမေ့လိုပဲ ဆိုပဲ့ါလား။ မထူးဆန်းဘူးလား။

“သမီးတို့ ငယ်တုန်းကလည်း မုန့်ဖိုး သိပ်မရဘူးနော့ ဘွားကြင်၊ ပိုက်ဆံတစ်ကျပ်ဆိုရင်ကို ဗိုက်ရိုက်စားလို့ ရနေပြီ၊ မမ သုံး၊ လေးတန်းလောက်

အထိကို အသုပ်တစ်ပွဲမှ ငါးမူး၊ ပဲရေခဲချောင်းမှ တစ်မတ်ရယ်၊ ငါးမူးလောက် မုန့်ဖိုးရရင်ကို ဟုတ်လှပြီ၊ သိလား မြတ်မော်ရဲ့”

“ခုများတော့ လက်ဖက်ရည်တစ်ခွက် ငါးကျပ်ဆိုလား၊ ကြား မကြားဖူးပေါင်ကွယ်”

ဘွားကြင်စကားကြောင့် ကျွန်တော်ရော၊ မမနွေရော ရယ်ကြတယ်။ ကျွန်တော်တို့အတွက်တော့ လက်ဖက်ရည်တစ်ခွက် ငါးကျပ်ဖြစ်တာ သိပ်တော့ အရေးမကြီးသေးဘူး။ စာအုပ်ငှားခတွေ ဈေးကြီးလာရင်သာ ဒုက္ခရောက်မှာ။ နောက်ထပ် ပြဿနာတစ်ခုက ကျွန်တော်ဟာ စာအုပ်ဖတ်ရတာလည်း မင်လှသလို ဗွီဒီယိုရုံမှာ ဗွီဒီယိုကားသစ် လဲရင်၊ အဲဒီဇာတ်ကားသစ်မှာလည်း ကိုယ် ကြိုက်တဲ့ သရုပ်ဆောင်ပါရင် ကြည့်ဖို့ရာ အာရုံပိုပြန်တာပဲ။

မမနွေကတော့ ရှင်းတယ်။ ဗွီဒီယိုကို သိပ်စိတ်မဝင်စားဘူး။ ရုံတင်တဲ့ ရုပ်ရှင်ဆိုရင်တော့ ကြည့်တယ်။ ဒါပေမဲ့လည်း စာအုပ်ဖတ်တာနဲ့ယှဉ်ရင်တော့ ရုပ်ရှင်ကလည်း နောက်ရောက်သွားပြန်ရော။ ကျွန်တော်နဲ့ ဝါသနာ တူမလိုလိုနဲ့ ခြားနားတဲ့သူဆိုတာ စတွေ့စက မသိတတ်ပေမဲ့ နောင်တော့ တွေးတတ်လာတယ်။ မမနွေဟာ လူစုလူဝေးကြီးထဲမှာ ရောနှောနေရတာကို မကြိုက်လှဘူး။ တစ်ယောက်တည်း နေလို့ရလေ ကြိုက်လေဆိုတဲ့သူမျိုးပဲ။

ကျောင်းမှာလည်း သူငယ်ချင်း တစ်ယောက်၊ နှစ်ယောက်ပဲ ထားတဲ့သူ၊ ကျူရှင်မှာ၊ အင်္ဂလိပ်စာသင်တန်းမှာလည်း အဲဒီသူငယ်ချင်းတွေနဲ့သာ အတူရှိတတ်တဲ့သူ၊ ငယ်ကတည်းက စွဲမြဲခင်သူတွေနဲ့ ကြီးပြင်းချိန် တစ်လျှောက် လုံး နီးနီးကပ်ကပ် ရှိနေတတ်သူမျိုးပဲ။ မမနွေရဲ့ ကမ္ဘာဟာ သိပ်မကျယ်ပြန့်ဘူး။ ဒါပေမဲ့ အဲဒီ မကျယ်ပြန်တဲ့ ကမ္ဘာမှာပဲ လက်ချိုးရေလို့ရတဲ့ ချစ်ခင်သူတွေ ဆိုတာလည်း စိတ်နှလုံး ထပ်တူ ချစ်ရသူတွေဖြစ်လို့ အပေါ်ယံ တစ်ခုခု ရံမနေရတာနဲ့တင် အေးချမ်းလှပြီဆိုတာ အတူရှိရတဲ့ နှစ်အနည်းငယ်အတွင်းမှာ ကျွန်တော် ရိပ်မိခဲ့တယ်။

ခဏလောက်နေတော့ ဘွားကြင် တစ်ရေးတစ်မောအိပ်ဖို့ ပြင်ခိုက်မှာပဲ ကျွန်တော်တို့ အိမ်ကလေးဆီက ခွာလာကြတယ်။ ဘူတာရုံဆီ လျှောက်မြဲလို လျှောက်လာကြတယ်။ မပူပြင်းလှတဲ့ ဆောင်းဦးနေခြည်အောက်မှာ။

မမနွေ လက်ထဲမှာ အရင့်အရင် ယူနေကျ မဟုတ်ဘဲ စာအုပ်လေး တစ်အုပ် ကိုင်လာတာ ကျွန်တော် သတိပြုမိတယ်။ အဖုံးလေး လှမ်းမြင်တာနဲ့ မေမေ ကြိုက်လှတဲ့စာအုပ်၊ အိမ်မှာလည်း ရှိနေတဲ့ စာအုပ်ဆိုတာ ကျွန်တော် မှတ်မိလိုက်တယ်။ တက္ကသိုလ်ဘုန်းနိုင်ရဲ့ “သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်

ခိုင်”။ ဒီဝတ္ထု တစ်နေ့ ဖတ်ဦးမယ် တေးထားတာဟာ မေမေ့အညွှန်းကြောင့်ပဲ။ မမနွေလည်း ဒီစာအုပ်ကို ဖတ်ပြီးသားပဲဆိုတာ ကျွန်တော် သိပါတယ်။ ဒါပေမဲ့ ဘာလို့ ယူလာရသလဲ။ မေမေ့လိုများ ကြိုက်တဲ့စာအုပ် အပြန်ပြန် အလှန်လှန် သတိရတိုင်း ထုတ်ဖတ်၊ ကြိုက်တဲ့အခန်းလေးတွေ ရွေးဖတ်တယ် ဆိုသလို ပြန်ဖတ်ဖို့များလား။

“မမနွေ၊ ဘူတာမှာ စာဖတ်မလို့လား”

“မဖတ်ပါဘူး”

မမနွေက စကားမဆက်ဘူး။ ကျွန်တော်လည်း ဆက်မမေးဘူး။

မမနွေ ဦးဆောင်လျှောက်တဲ့နောက် ခြေထောက်တွေကို လှမ်းလိုက်၊ ခဏတုံ့လိုက် ဆော့သလိုလို လှမ်းနေရင်းက ကျွန်တော် လေ စချွန်မိတယ်။ အမယ်... လေချွန်မိတဲ့စာသားက “ပြန်လည်ဆုံစည်းကြမယ် အချစ်ရယ်” တဲ့လေ။ မေမေ ရေဒီယိုဖွင့်ရင် ကြားနေကျမို့ ကျွန်တော့်နားထဲ အဲဒီနေရာလေးတော့ စွဲနေသားပဲ။

ကျွန်တော့်လေချွန်သံကြောင့် ထင်ပါရဲ့၊ မမနွေက “အလို” လို့ ဆိုရင်း လှည့်ကြည့်လာတယ်။ မျက်ခုံးလေးပင့်လို့၊ မျက်လုံးလေးတွေဟာ ထူးခြားတယ် ဆိုရမလို အပြုံးရိပ်နဲ့ တဖျပ်ဖျပ် လက်လို့။ နှုတ်ခမ်းလေးတွေကလည်း စေ့စေ့ပိတ်ထားပေမယ့် ခုပဲ အားပါးတရ ရယ်မောလိုက်ဖို့ အားယူနေသလို တလှုပ်လှုပ်။

“မမနွေမှ ဆိုမပြဘဲ” လို့ ကျွန်တော် ပြောမိတယ်။

မမနွေဟာ ကျွန်တော် ပြောခါမှပဲ “ပြန်လည်ဆုံစည်းကြမယ် အချစ်ရယ်” စာသုံးကြောင်းကို ခပ်တိုးတိုး ဆိုပြတော့တာပဲ။ မမနွေရဲ့ အသံဟာ အနီးစပ်ဆုံး ဥပမာပေးရရင် တင်တင်မြ အသံမျိုး။ တူရိယာမပါဘဲနဲ့ အလွတ်ဆိုပြရင်တောင် နားထောင်သူရဲ့ စိတ်မှာ တူရိယာသံကိုပါ ကြားယောင်စေမယ့် အေးပြီး ချိုကြည်တဲ့အသံမျိုး ဆိုပါတော့။

နားဝင်ချိုလှတဲ့ အသံလေးနဲ့ “အချစ်ရယ်” ဆိုတဲ့ စာသားအဆုံးမှာတော့ ကျွန်တော်တို့လည်း ဘူတာရုံကို ချဉ်းကပ်မိတော့တာပဲ။

ဘူတာရုံလေးဟာ မြင်နေကျမြင်ကွင်းနဲ့ ကျွန်တော်တို့ကို ကြိုနေတယ်။ ရုံပိုင်ဟာ သူ့ရုံးခန်းလေးထဲမှာ၊ ခရီးသည်တွေဟာ စင်္ကြံတစ်လျှောက် ဟိုနားဒီနားမှာ၊ လမ်းခွဲကိုင်ဦးလေးကြီးကတော့ သံလမ်းနဲ့၊ ခရီးသည်တွေနဲ့

မလှမ်းမကမ်းမှာ။ ကျွန်တော်တို့အချစ်တော် ဘရောင်းကတော့ သမံတလင်းမှာ ခွေခွေလေး အိပ်လို့။

"မြတ်မော်ရယ်၊ နေကြာရိုင်းတွေ ပွင့်နေတာ လှလိုက်တာ တွေ့လား၊ ဟိုးနားက လမ်းကလေး ဘေးနှစ်ဖက်လုံး ဝါထိန်နေတာ လှတယ်နော်၊ အရွက်တွေက စိမ်းစိမ်း၊ အပွင့်တွေက ဝါဝါ"

နေကြာရိုင်းတွေကို မမနွေနဲ့အတူ ငေးဝဲကြည့်ရင်း "လှတယ်နော်" လို့ ကျွန်တော် သံယောင်လိုက်တယ်။

မမနွေဟာ ခါတိုင်းလို အုတ်တိုင်နားမှာ ကပ်လို့ ထိုင်ချလိုက်တာ မဟုတ်ဘူး။ ကျွန်တော် ရပ်နေကျ မြက်ခင်းစပ်ကို လိုက်ဆင်းလာတယ်။ လွယ်ကော်ဘူတာကနေ ဆန်တက်လာမယ့် ရထားကို မျှော်သလို လက်ကလေး ပိုက်လို့ သံလမ်းဘက်ကို ကြည့်နေတယ်။ လေတိုးတော့ မမနွေရဲ့ ဆံနွယ်တွေဟာ လွင့်လို့။ အင်္ကျီအောက်နားစဟာ လေအရှိန်နဲ့ လှုပ်လိုက်၊ ကိုယ်မှာ ပြန်ကပ်လိုက်။ ထဘီအောက်နားစလေးလည်း အဲဒီလိုပဲ။ မမနွေ မြက်ခင်းစပ်လေးမှာ ရပ်နေပုံနဲ့ တောတန်းလေးကို နောက်ခံထားတဲ့ ဘေးတစောင်း မျက်နှာကို ကြည့်သာ ကြည့်ပေမယ့် အဲဒီ အကြည့်ရဲ့ နောက်မှာ အာရုံဆင့်ပွားခြင်းတော့ မရှိသေးဘူး။

ဒီလူတစ်ယောက်တည်းကို ဒီလူတစ်ယောက်တည်းကပဲ ကြည့်နေကျ အကြည့်မျိုးနဲ့ ကြည့်တာတောင်၊ ပြောနေကျ၊ ပြုံးနေကျ စသဖြင့် ကြုံတွေ့နေကျ အပြုအမူမျိုးနဲ့ ပြုမူမိတာတောင် အချိန်ကာလလေး နည်းနည်းခြားရုံနဲ့၊ အတွင်းစိတ်အခံ အရောင်ပြောင်းရုံနဲ့ ဦးနှောက်က လက်ခံပုံ၊ နှလုံးသားက နားလည်ဆင့်ပွားခံစားလိုက်ပုံ ပြောင်းလဲသွားတာများ နောက်နောင် ပြန်စဉ်းစားမိတော့ အံ့စရာပါပဲ။

"ဒီရထားနဲ့ သူငယ်ချင်းတစ်ယောက် ပါလာမှာ သိလား" လို့ မမနွေ ပြောလာတယ်။ လက်ပိုက်လျက်သားကနေ ဘယ်လက်ကလေးက ညာဘက် လက်မောင်းအသားကို အေးလာရင် နွေးထွေးအောင် အပူပေး ပွတ်သပ် သလို ခပ်ဖွဖွ တို့ထိနေရင်းနဲ့။

"သူငယ်ချင်းက ဘယ်က လာမှာလဲ မမနွေ"

"မိတ္ထီလာက ပြန်လာတာ၊ မန္တလေးက ရထားစီးလာမှာလေ"

"အဲဒီ မိတ္ထီလာမှာ ဘာသွားလုပ်တာလဲ"

“ကျောင်းဆရာလုပ်ဖို့ ကျောင်းသွားတက်တာ”

“မေမေတို့လိုလား”

“အင်းပေ့ါ၊ အန်တီဆရာမတို့လိုပေ့ါ”

“မမနွေ့ သူငယ်ချင်းက ယောက်ျားလေးလား၊ မိန်းကလေးလား

မမနွေ့က မျက်ခုံး တစ်ချက်ပင့်ပြီးတော့မှ “ယောက်ျားလေး” လို့ ဖြေတယ်။

မမနွေ့မှာ ယောက်ျားလေး သူငယ်ချင်းလည်း ရှိသေးတာပဲကိုးလို့ ကျွန်တော် အဲဒီတော့မှ တွေးမိတယ်။

“ဘွားကြင်ကို သွားပြောမနေနဲ့နော်”

“မပြောပါဘူး၊ ဘာလို့ ပြောရမှာလဲ မမနွေ့ကလည်း”

“မပြောပါနဲ့” လို့ ဘာလို့ ပြောသလဲ ကျွန်တော် မတွေးဘူး။ ကျွန်တော် သိတာက မမနွေ့ စိတ်ညို့အောင် မလုပ်မိဖို့ပဲ။ တော်ကြာ စာအုပ်တွေ ငှားလာ မပေးတော့ဘူးဆို ဘယ်လိုလုပ်မလဲ။

“ဒီစာအုပ်က အဲဒီ အစ်ကိုကို ပေးဖို့လား”

“အင်းပေ့ါ”

အဝေးကြီးက လာတဲ့သူက သူ လာမယ့်အကြောင်း ဘယ်လိုများ အကြောင်းကြားထားသလဲမသိဘူးလို့ ကျွန်တော် တွေးတယ်။ ကျွန်တော်တို့ အိမ်တွေရဲ့ အနီးအနားမှာ ဖုန်းမရှိဘူးလေ။ ဩော်...စာထည့်လို့တော့ ရသားပဲ။ မေမေ့ဆီ တစ်ခါတလေ စာလာပို့တတ်တဲ့ စာပို့ဦးလေးကြီးကို ကျွန်တော် အမှတ်ရလာတယ်။ မမနွေ့ဆီလည်း နှစ်ခါ၊ သုံးခါလားမသိ စာလာပို့တာ ကျွန်တော် တွေ့ဖူးတယ်လေ။

အမှန်တော့ အဲဒီတုန်းက ကျွန်တော့်မှာ မေးခွန်းတွေ အများကြီး ကျန်ပါသေးတယ်။ ဒါပေမဲ့လည်း မေးခွန်း သိပ်များရင် မမနွေ့ စိတ်မရှည်တော့မှာ စိုးရသေးတာကိုး။ ဆက်မမေးဘဲ ကျွန်တော် လုပ်နေကျလို မြက်ပင်ဖျားလေးကို ခြေထောက်နဲ့ ထိုးဖွဆော့လိုက်၊ အနားရောက်လာတဲ့ ဘရောင်းကို စလိုက် လုပ်နေမိတယ်။ ခဏကြာတော့ ဘယ်သူကမှန်းမသိ စပြောလိုက်တာ “ရထား လာတော့မယ်၊ ရထားလာတော့မယ်” တဲ့။

ရထားဥသြသံ ကြားတော့ မမနွေကလည်း “ဟော” တဲ့။ မျက်လုံးလေး ဖျတ်ခနဲ လက်သွားတယ်။ တစ်ခြမ်းစောင်း ငေးနေရာကနေ ရထားလာမယ့် ဘက်ကို လုံးလုံး လှည့်သွားတယ်။ ရထားဟာ မြင်နေကျလိုပဲ တောတန်းလေးထဲကနေ တအိအိ ပြေးထွက်လာပြီး ဘူတာဆီ ချဉ်းကပ်လာတယ်။ အမောဆို့လာသူလို ရှူးခနဲ ဟောဟဲဆိုက် ရပ်တန့်ဖို့ ဟန်ပြင်တယ်။ မမနွေ့ရဲ့ မျက်လုံးတွေရော ကျွန်တော့်မျက်လုံးတွေပါ ရထားရွေ့လျားပုံနဲ့ ထက်ကြပ်မကွာ။

“မမနွေ သူငယ်ချင်းက ဘယ်တွဲမှာလဲ”

“ဘယ်သိမလဲ မြတ်မော်ရဲ့၊ မမနွေကို တွေ့ရင် သူ ခေါ်မှာပေါ့”

ကျွန်တော်တို့ရှေ့က ဖြတ်သွားတဲ့ တွဲတစ်တွဲကို ကျွန်တော် လိုက်ငေးနေတယ်။ ဈေးရောင်းဈေးဝယ် ပြန်လာတာ ဖြစ်ပုံရတဲ့သူတွေဟာ ဘူတာ မြင်ကွင်းဆီ သာမန်ကာ လျှံကာ ငေးလို့။ တချို့လည်း အိပ်ရာနိုးစ မှုန်ဝေဝေ မျက်လုံးတွေနဲ့။ ဘယ်မှာလဲ၊ မမနွေသူငယ်ချင်း ဘယ်မှာလဲ။ တွေ့လည်းပဲ သိမှာမဟုတ်တဲ့သူကို အဲဒီတုန်းက ဘာလို့ လိုက်ရှာနေမိမှန်းတောင် ကျွန်တော့် ကိုယ် ကျွန်တော် မသိခဲ့ဘူး။

“နွေအိမ်ရေ နွေအိမ်၊ အစ်ကို ဒီမှာ”

နာမည်ခေါ်သံကြားတော့ “ဟော” ဆိုတဲ့ စိတ်လှုပ်ရှားသံဟာ ကျွန်တော်တို့ နှစ်ယောက်လုံးဆီက ထွက်ကျလာတယ်။ အသံထွက်လာရာကို လှမ်းကြည့်တော့ ကိုလေးတို့ထက် နည်းနည်းလောက်ပဲ ကြီးမယ့် အမျိုးသား တစ်ယောက်ကို တွေ့လိုက်ရတယ်။ ကချင်ပုဆိုးလို့ နောင်တော့ သိလာမယ့် ပုဆိုးကို ရှပ်လက်ရှည်အဖြူနဲ့ တွဲဝတ်ထားတဲ့ အဲဒီလူဟာ တွေ့လိုက်ရုံနဲ့တင် ခင်မင်စရာ၊ ယုံကြည်အားကိုးချင်စရာ လူတစ်ယောက်လိုပဲ။ မမနွေ့ရဲ့ သူငယ်ချင်းဆိုတာကြောင့်လား ဘာလား မသိဘဲ ကျွန်တော့်စိတ်ထဲ သူ့မြင်ရတာ မစိမ်းလှဘူး။ မမနွေအနီးမှာ ရပ်နေတဲ့ ကျွန်တော့်ကို လှမ်းကြည့်တဲ့ သူ့ မျက်လုံးတွေဟာလည်း စိမ်းမနေဘူး။

ရထားရပ်တာနဲ့ မမနွေက “ခဏနော် မြတ်မော်” တဲ့။

ကျွန်တော် ရပ်နေရာမှာပဲ ကျန်ရစ်ခဲ့တယ်။ တွဲပေါ်က ဆင်းလာတဲ့ အစ်ကိုရယ်၊ တွဲအနီးကို အပြေးကပ်သွားတဲ့ မမနွေရယ်ကို လှမ်းငေးနေခဲ့တယ်။ နောင်အခါမှာ ဒီလိုမြင်ကွင်းလေးတွေ ကျွန်တော် ထပ်မြင်ရလိမ့်ဦးမယ်ဆိုတာ အဲဒီတုန်းက မသိခဲ့ဘူး။ မြင်ရုံမက ကာယကံရှင်နဲ့ ထပ်မျှနီးပါး လွမ်းဆွတ်နာကျင်ရလိမ့်မယ်ဆိုတာ ကျွန်တော် မသိခဲ့ဘူး။ ကျွန်တော် ရပ်လက်စနေရာမှာ

စောင့်မြဲ စောင့်နေခဲ့တယ်။ သီချင်းတစ်စကို ခပ်တိုးတိုးလေး လေချွန်လို့။

ပြန်လည် ဆုံစည်းကြမယ် အချစ်ရယ်...။

❀

"နေ့ခင်းက ပြောတဲ့တစ်ယောက်ကို ကိုယ် သိတယ်"

မှုန်ပျပျ မီးရောင်အောက်တွင် ဖျတ်ခနဲ မော့ကြည့်လာသော မြတ်မော်၏ မျက်နှာသွင်ပြင်သည် တစ်နေ့တာလုံး လူရော စိတ်ပါ အနားမရခဲ့သူနှင့် မတူလှချေ။ နွမ်းလျခြင်း အလျှင်းမရှိ ကြည်လင်ဆဲ။ အထူးသဖြင့် သိလိုစိတ် ပြင်းပြသော မျက်ဝန်းများမှာ သည်ကောင်လေး၏ အမှတ်အသား ဖြစ်ပုံရသည်။ ထမင်းစားသောက်ပြီး ရေနွေးခွက်ကိုယ်စီနှင့် ထိုင်နေကြရာက အဆက်အစပ်မရှိ စကားစမိလျှင် မြတ်မော်၏ ပင်ကို စူးလက်သော မျက်လုံးအစုံမှာ သူ့မျက်နှာထက် ရိပ်ခနဲ စိုက်လာပေသည်။

ဧည့်ခန်းရှိ ရုပ်သံဇာတ်လမ်းတွဲက ဇာတ်ဝင်ခန်း စကားဆိုသံ၊ နောက်ခံ တီးလုံးသံများသည် ထမင်းစားခန်းသို့တိုင် ပျံ့လွင့်လျက်။ နောက်ဖေး လက်ဆေးကန်က ရေတတောက်တောက်ကျသံကို ကြားမြဲလို ကြားရလျှင် မနက်ဖြန်တော့ အပြင် မထွက်မီ ပိုက်ခေါင်းအသစ် လဲပေးခဲ့မှဟု သူ ဖျတ်ခနဲ တွေးမိသည်။ လေသို့ လျင်သော စိတ်သည် တစ်ခဏချင်းမှာပင် ခေါင်းစဉ်များစွာ ပြောင်းတတ် ပါတကား။ နေ့ခင်းက ပြောခဲ့သူ၊ ဇာတ်လမ်းတွဲ၊ ရေပိုက်ရေကျသံ။

"ကျွန်တော်တို့ ဘူတာမှာ သွားတွေ့တဲ့ တစ်ယောက်လား အစ်ကို"

"ဟုတ်ပ၊ သူ့နာမည် ညိုတော့ ပါပါတယ်၊ ဘာပါလိမ့်ကွာ"

"လင်းညို၊ ကျွန်တော်ကတော့ အစ်ကိုလင်းညိုလို့ ခေါ်တယ်"

"ဩော်...ဟုတ်သားပဲ၊ လင်းညို"

လင်းညို။ နာမည်အပြည့်အစုံကို ခုမှပင် ပြန်ပြောင်းမှတ်မိပေမယ့် ထိုလူငယ်လေး၏ ရုပ်သွင်ကို မြင်ယောင်လျှင် စိတ်အာရုံထဲ ဦးစွာ ပုံရိပ်ထင် လာမည်မှာ မြင့်မားရှည်သွယ်သော အရပ်အမောင်း၊ ရှမ်းသွေးစပ်သူတို့၏ လှပသော အသားအရေ၊ မျက်နှာအစိတ်အပိုင်းများ အချိုးတကျ ပေါင်းစပ် ဖွဲ့စည်းမှုတို့ ဖြစ်သည်။ ရုပ်ရည်ချောမောသူ စာရင်းထဲတော့ ဝင်ဖို့ရာ မသေချာသော်လည်း မြင်လိုက်ရုံနှင့် ယုံကြည်လောက်ဖွယ် ခံစားရစေမည့် ကြည်လင်သော ရုပ်ရည်မျိုး ရှိလေသူ။ မြတ်မော်လိုပေါ့။

လင်းညိုကို သူ စတင် တွေ့မြင်ဖူးချိန်သည် နွေအိမ်ကို စတွေ့ချိန်နှင့် မကွာခြားလှပေ။ ရွက်ဟောင်းရွက်ကျင်တို့ ကြွေသက်သော နွေရာသီမှာသာ ဖြစ်သည်။ ဆိုင်မှာ စာအုပ် မကြာမကြာ လာငှားတတ်သော ကောင်လေးကို အမေ့အပြောနှင့်ပဲ ကျောင်းဆရာဟောင်းတစ်ဦး၏ သားဆိုတာ သူ သိခဲ့ရသည်။ လင်းညိုသည် သူ စတွေ့ချိန်မှာ ဝတ္ထုရှည်တို့ကို စတင်ဖတ်ရှုနေသူ။ အဲဒီတုန်းက အသက်ဘယ်လောက်များ ရှိဦးမှာပါလိမ့်။ သူ့ထက်တော့ ငါးနှစ်၊ ခြောက်နှစ် ငယ်လိမ့်မည်။ ငါးတန်းလား၊ ခြောက်တန်းလား ရေရေရာရာ မမှတ်မိ။ ငယ်နုသော ကောင်ကလေးတစ်ယောက် စာအုပ်စင်ထောင့်ချိုးမှာ ငြိမ်ငြိမ်ဆိတ်ဆိတ် ရပ်၍ စာအုပ်မြည်းတတ်ပုံကိုတော့ စိတ်၌ စွဲကာနေသည်။

"ဟုတ်တာပေ့ါ၊ အစ်ကို သိမှာပေ့ါ၊ အစ်ကိုလင်းညိုက ဒီဆိုင်မှာပဲ စာအုပ်ငှားတာပဲဟာ၊ ကျွန်တော်ကျတော့ နေ့ခင်းက ပြောသလို ဘော်ကြို ဘူတာမှာ စဆုံတာပေ့ါ၊ ပိုရင်းနှီးလာတာကတော့ အစ်ကိုလင်းညိုတို့ အိမ်မှာ အင်္ဂလိပ်စာသင်တန်း တက်တော့မှပဲ"

"သူတို့အိမ်က မြန်မာရပ်ကွက်ထဲမှာပဲ၊ နွေအိမ်တို့အိမ်နဲ့ နည်းနည်းတောင် နီးသလားလို့"

မြတ်မော်က ဆတ်ခနဲ ခေါင်းညိတ်သည်။ အပူငွေ့သတ်ရန် မလိုတော့ပြီဖြစ်သော ရေနွေးခွက်ကို ကိုင်မကာ တစ်ငုံ မော့သောက်လိုက်သည်။ ပြီးတော့ ခွက်ပြန်ချသည်။ ခွက်နှင့် ကွန်းစားပွဲပြင် ထိခတ်သံသည် ရေပိုက်က ရေကျသံနှင့် ရော၏။

"ဟုတ်တယ် အစ်ကို၊ မမနွေတို့အိမ်နဲ့ နီးတယ်၊ အစ်ကိုလင်းညိုတို့ အိမ်ကို စရောက်ဖူးကတည်းက ကျွန်တော် ပျော်တာပဲ၊ အဲဒီမှာ စာအုပ်တွေကလည်း အများကြီးရှိတာကိုး၊ အစ်ကိုရေ၊ စာအုပ်မှ အစုံပဲ၊ ရွှေသွေး၊ မိုးသောက်ပန်း၊ တေဇကနေစပြီး ခင်နှင်းယုတို့၊ ဂျာနယ်ကျော်မမလေးတို့၊ မိုးမိုးအင်းလျားတို့ ဝတ္ထုတွေအထိ ရှိတယ်၊ စာအုပ်တွေ တော်တော်စုထားတာပဲ၊ အစ်ကိုလင်းညိုက သူကိုယ်တိုင် စာဖတ်သလို ကျွန်တော်တို့ကိုလည်း အားပေးတယ်၊ အိမ်ကို ငှားပေးတယ်ဗျာ၊ ကျွန်တော့်မှာ စာလည်းသင်ရ၊ စာအုပ်လည်း ဖတ်ရ ဘာများ လိုသေးသလဲဆိုပြီး ပျော်ခဲ့တာပေ့ါ အစ်ကိုရာ၊ ဘာပြောကောင်းမလဲ"

ရယ်သံသည် နာကျင်လွမ်းဆွတ်သော အငွေ့အသက်များ လွှမ်းလျက် ရှိသည်။ တမ်းတရခြင်းသည် ရင်နင့်နာခြင်းနှင့်လည်း တစ်နည်းအားဖြင့် ဆက်စပ် နေပါလိမ့်မည်။ ချစ်ရသူ၏ ချစ်သောသူ။

မြတ်မော်သည် ထမင်းစားပွဲပေါ်က သစ်သီးပန်းကန်ကို အမှတ်မဲ့ဟန်ဖြင့် ငေးစိုက်နေသည်။ စတွေ့တုန်းက ကွက်စိပ်ပုဆိုးနှင့် ရှပ်အင်္ကျီအဖြူနှင့် မြင်ခဲ့ရပုံမှာ သည်တစ်နေ့လို တီရှပ်နှင့် ဂျင်းဘောင်းဘီနှင့် ဆိုပြန်တော့ ရှိရင်းစွဲထက် ပို၍ ငယ်နုသယောင် ထင်ရသည်။ မျက်မှန်သာ တပ်မထားရင် သည့်ထက် နုဦးမှာပဲ။ ခုတော့ သူ့လိုပဲ ကိုင်းအမည်း မျက်မှန်တစ်လက် တပ်ထားသည်။ မျက်မှန်အောက်က မျက်လုံးများမှာ ကာယကံရှင် ပြောလိုက်သမျှ စကားလုံးတိုင်းအပေါ် တစ်လုံးချင်း ထပ်တူ အရိပ်ထင်သလို အသက်ဝင် ရီလဲ့မြ။ ပြီးတော့ သူ့လို မျက်မှောင် မကြာခဏ ကြုတ်တတ်သူလည်း မဟုတ်ပြန်။

ကောင်လေးကို မသိမသာ စူးစမ်းနေရာက မီးဖိုခန်း၏ ပြတင်းအပြင်ကို လှမ်းကြည့်တော့ လျှပ်စစ်မီးရောင် မှုန်လဲ့လဲ့နှင့် ရောနှောသော မိုးည အမှောင်ကို တွေ့နေရပြီ။ ည ရှစ်နာရီကျော်တော့ ရှိလောက်ပါပြီ။ မီးဖိုခန်းထဲမှာ နာရီ မရှိပါ။ သူသည် လက်ပတ်နာရီလည်း ပတ်တတ်သူမဟုတ်၊ လက်ကိုင်ဖုန်းလည်း အနားမခွာ ဆောင်တတ်သူမဟုတ်။ အချိန်သိချင်လျှင် အလင်းရောင်နှင့်သာ အလွယ် ဆုံးဖြတ်တတ်သူ။

အင်းလေ... ရှစ်နာရီပဲ ထားပါတော့။ ခဏနေလျှင် ကောင်လေးကို ဟိုတယ်ဆီ သူ ပြန်လိုက်ပို့ရမည်။ ပြန်လာလျှင် ဆိုင်ပိတ်ရမည်။ ဆိုင်သည် ညနေက စာအုပ်ငှားသူ နှစ်ဦးအပြင် လူ ထပ်မဝင်။ ခုလည်း ဆိုင်ရှေ့ခန်းမှာ ဖွင့်လျက်သား။ အဘယ်သူမျှ လာဖွယ် မရှိ။

အတွေးနှင့်ပင် သူ့မှာ ပြုံးမဲ့လိုစိတ် ဝင်လာရပြီ။

"နောက်တစ်ခုက အစ်ကိုလင်းညိုဟာ စန္ဒရားတီးတာ သိပ်ကောင်းတယ် အစ်ကို၊ ပညာရှင်လိုတော့ မဟုတ်ဘူးပေါ့၊ ဒါပေမဲ့ ကျွန်တော်တို့အရွယ် နားနဲ့တော့ ပြိုင်စံရှားပဲ၊ ကျွန်တော် အတော်ကြွေခဲ့တယ်၊ အင်း...မမနွေလည်း ကြွေခဲ့မှာပဲ"

မြတ်မော်ထံ သူ ဖျတ်ခနဲ အကြည့်ရောက်၏။

လူဆိုသည်မှာလည်း အမြဲတစေတော့ဖြင့် စိတ်ကောင်းဝင် စိတ်လက် ကြည်လင်မနေတတ်ကြောင်း သူ တွေ့မြင်နေကျ ခပ်ကြည်ကြည် မျက်နှာပေါ်မှ အမဲ့သို့ စွက်သည့် အပြုံးရိပ်က ရိုးတိုးရိပ်တိတ် အသိပေးနေသလို။ မမြင်လေဟန် ပြုကာ တစ်ဝက်လောက်လျော့နေသော ရေနွေးခွက်သို့ ရေနွေးဖြည့်လျှင် အပူငွေ့သည် တလူလူ တက်ပြန်၏။

"သူ စန္ဒရားတီးတာ ကိုယ် နားထောင်ဖူးတယ်၊ ကောင်းပါတယ်"

မြတ်မော်၏ မျက်ခုံးများ အနည်းငယ် ပင့်တက်သွား၏။ သူနှင့် သည်မျှ ရင်းနှီးလေသလား စူးစမ်းဟန်။

“ဘယ်မှာလဲ အစ်ကို၊ အစ်ကိုလင်းညို့အိမ်မှာပဲလား”

“အင်း… သူတို့အိမ်မှာပေါ့၊ တစ်ခါတုန်းက ကိုယ့်သူငယ်ချင်း သူတို့ အိမ် ရောက်နေလို့ နောက်က လိုက်သွားတော့ စနားထောင်ဖူးတာ၊ နောက်တော့ သူလည်း အိမ်မှာရှိရင် ကြုံလည်း ကြုံရင် တီးပြခိုင်းပြီး နားထောင်ခဲ့ဖူးတယ်”

မီးဖိုခန်းပြတင်းက လှမ်းမြင်နေရသော ညမှောင်ရိပ် ပြင်ပမြင်ကွင်းကို ငေးမိသော်လည်း ကနဦးတွင် လှပသလောက် နောက်ပိုင်း ရောက်လေ လွမ်းနာဖွယ် အရိပ်တို့သာ လွှမ်းမြဲဖြစ်လေလေ ရှိဖူးသော အတိတ်ကိုသာ သူ မြင်သည်။ ရေကျသံကို မကြား။ ငြိမ့်ညောင်းသော စန္ဒရားသံကိုသာ သူ ကြားလေသည်။

* * *

နားနှင့် အင်မတန် ရင်းနှီးနေသော တေးသွားသံကို ဦးစွာ ကြားသည်။ ခြံအတွင်း မဝင်မီ တံခါးဖွင့်နေစဉ်ကပင် ကြားခဲ့ရသည်။ ခြံအဝင် ကျောက်စရစ် လမ်းကလေးကို ဖြတ်ကာ အိမ်ဘက်သို့ ခြေလှမ်း အတန်လှမ်းမိမှ၊ ဧည့်ခန်းဆီ မျှော်ကြည့်မိမှပင် တီးခတ်သူကို တွေ့တော့သည်။

သူသည် ဖိနပ်ချွတ်တွင် ရပ်ကာ အိမ်အတွင်းဘက်ဆီ လှမ်းကြည့်မြဲ ကြည့်နေသည်။ တီးခတ်သူများ စိတ်အနှောင့်အယှက် ဖြစ်လေမလား အတွေးစိတ်နှင့် အသံပင် မပြုမိ။ အသံပြုစရာ အခြားလူလည်း မရှိ။ စန္ဒရား တီးခတ်နေသူသည်သာ ဧည့်ခန်းထဲက တစ်ဦးတည်းသော သက်ရှိ။

သည်မြို့ကလေးမှာ စန္ဒရား တီးခတ်သံ၊ တီးခတ်ပုံကို ဦးဆုံးအကြိမ် တွေ့တွေ့ဆိုင်ဆိုင် ကြုံဖူးတာပဲ ဆိုချင်တော့သည်။ ဆရာ ဦးတင်ဟန်ဆိုသည်မှာ ဂီတနှင့်လည်း ကျွမ်းဝင်သူ၊ အထူးသဖြင့် စန္ဒရားလက်သံ ကောင်းလှသူ ဆိုတာ ကျော်ဝေ့ဆီကတစ်ဆင့် သူ ကြားဖူးနေကျပေမယ့် သည်ခြံထဲ ရောက်ဖို့ အကြောင်းတိုက်ဆိုင်သည့် တစ်ကြိမ်၊ နှစ်ကြိမ်မှာတော့ စန္ဒရားမှာ အဖုံးပိတ်လျက် ဆိတ်ဆိတ်ငြိမ်နေတာသာ တွေ့ရမြဲ။

ခုတော့ဖြင့် သာသောအသံသည် ခလုတ်ကလေးများနှင့် လက်ချောင်းသွယ်တို့ ထိတွေ့ရာက စီးဆင်းကျနေခဲ့ပြီ။ ဘယ်သူများပါလိမ့်..။ ဆရာ ဦးတင်ဟန်ကိုယ်တိုင်လား၊ သို့မဟုတ် အခြားတစ်ယောက်ယောက်လား။

တေးသွားမှာ ဒေါက်တာ ဇီဗားဂိုး ရုပ်ရှင်ဇာတ်ကား၏ ဇာတ်ဝင်တေး “Somewhere My Love” ဆိုတာ သူသိပါသည်။ အမေရော သူပါ ကြိုက်သော ရုပ်ရှင်။ သူကတော့ ရုပ်ရှင်ဇာတ်လမ်းထက် ဇာတ်ဝင်သီချင်းကို ပို၍ သဘောကျမိတာ ဝန်ခံရလိမ့်မည်။

တငြိမ့်ငြိမ့် ပြေးသော တေးသံ ညင်းပျောင်းဖျော့ကျ ရပ်တန့်တော့မှ သူ့မှာ ဧည့်ခန်းကြမ်းပြင်ပေါ် ခြေချမိတော့သည်။

“ဩော်...”

အာမေဍိတ်သံလား၊ နှုတ်ဆက်သံလား မရေရာသော ရေရွတ်သံသည် သူတို့နှစ်ဦးစလုံး၏ နှုတ်က မဆိုင်းမတွပင် ပွင့်ကျလာသည်။ စန္ဒရားတီးနေတာ ဘယ်သူများပါလိမ့် စူးစမ်းမိတော့ ကံ့ကော်ရိပ်မှာ တွေ့မြင်နေကျ ကောင်လေး၊ ဆရာဦးတင်ဟန်၏ သားငယ် ဖြစ်နေပါပကော။ စတွေ့တုန်းကတည်းက အရွယ်နှင့်မလိုက် ဝတ္ထုစာအုပ်များအား ဖက်တွယ်နေပုံ မြင်ခဲ့ရသော၊ နှစ်စဉ် နွေရာသီချိန်တိုင်း ဆိုင်ထိုင်သူနှင့် စာအုပ်ငှားသူအဖြစ် ဆုံနေကျမို့ သူနှင့်ပင် ခင်မင်နေပြီဖြစ်သော ကောင်လေး။ အံ့မယ်...အမေ ပြောတတ်သလိုပဲ ကောင်လေး ခေါ်ချင်သေးတာ။ အသက်ဖြင့် ဘယ်လောက် များ ကွာတာလိုက်လို့။

“ကိုကျော်ဝေဆီ လာတာလား ခင်ဗျ”

“ဟုတ်ပ”

ငယ်တုန်းကထက် ရှည်သွယ်လာသော အရပ်အမောင်း၊ ကြည့်ကောင်းသော မျက်နှာသွင်ပြင်မှာ စန္ဒရားနောက်ခံနှင့်မို့ ရုပ်ရှင်ပြကွက်ထဲက ဇာတ်ဆောင်တစ်ဦးကို ကြည့်နေရသလိုလို။ စာအုပ်ဆိုင်လာလျှင် ပုဆိုးနှင့် ရှပ်အင်္ကျီ လက်တို၊ လက်ရှည်တို့နှင့် တွေ့ရတတ်ပေမယ့် ခုတော့ အိမ်နေခိုက်မို့ အနည်းငယ် နွမ်းသော ပုဆိုးနှင့် တီရှပ် ဆင်ထား၏။ ဆံပင်ကို ဗိုလ်ကေတို ညှပ်ကာ သေသေသပ်သပ် ဖြီးသင်ထားပြန်တော့ “ဦးတင်ဟန်ပေါက်စလေး” ဟု ကျော်ဝေ မှတ်ချက်ချတတ်ပုံကို သူ အမှတ်ရလေသည်။

ဖခင်နှင့် ဆင်တူတာ ဝတ်စားနေထိုင်ပုံနှင့် ရုပ်ရည်မျှပဲ ဟုတ်ဟန်မတူ။ တစ်နေ့က အမေနှင့် ကောင်လေး စကားစပ်ကြချိန် သူ နားစွင့်မိတာတော့ ကျောင်းဆရာလုပ်မည့်သူ ဆိုတာပဲ။ မြို့ပေါ်ကျောင်း မလျှောက်ဘဲ ရွာဘက် အရောက် ဆင်းဦးမည်ဆိုတော့ စိတ်ထဲ ကျိတ်၍ အားပေးမိသည်။ တစ်ချိန်တစ်ခါကတော့ သူ့မှာလည်း ရှိခဲ့ဖူးသောအိပ်မက်ပါပေ။ တကယ်တမ်း

ကျောင်းပြီးတော့လည်း အစိုးရဝန်ထမ်း မလုပ်ဖြစ်ပြန်။ ဘာအလုပ်မှ မဝင်ဖြစ်သေးဘဲ ကျူရှင်ဆရာဘဝထဲ စီးမျောရတော့မလား တွေဝေဆဲ နွေဦးရာသီ။

ကောင်လေးသည် စန္ဒရားခုံမှ ထကာ သူ့ထံ လျှောက်လာ၏။

“အဖေနဲ့ မီးဖိုခန်းထဲမှာ ရှိတယ်အစ်ကို၊ အိမ်မှာ ထမင်းဝါ လုပ်စားတာနဲ့”

“ဒီကောင် အိမ်ကူးပြီး လည်ရာ ပြန်စားရေး လုပ်နေတယ်ပေ့ါလေ၊ ဆိုင်ဘက် လာပါဦး ဆိုရင်တော့ မအားသေးဘူး ဆိုတာချည်းပဲ”

အသားဖြူဖြူ၊ မျက်နှာပြည့်ပြည့်နှင့် အပြစ်စကားဆိုလည်း ရယ်စရာ ထင်ကာ မျက်ပေါက်မေးကလေး ပိတ်အောင် ရယ်နေတတ်သော သူငယ်ချင်း မျက်နှာကို ပြေးမြင်လျက် သူ ရယ်ရယ်မောမောပင် ဆိုမိသည်။ ခေတ်အခါထဲ ရှားရှားပါးပါး ဆိုရမလို ကျော်ဝေသည် စာဖတ်ဝါသနာ မပါသူ။ ရုပ်ရှင်ပော့ ဆိုလည်း အခေါ်ရခက်သူ။ အဲ...သီချင်းကျပြန်တော့ အတော် ဝါသနာပါသည်။ ဂစ်တာတော့ မခေါက်တတ်။ သီချင်းလည်း ကောင်းစွာ မဆိုတတ်။ သို့သော် သူ အိမ်မှာ ရှိနေလျှင်တော့ စိုင်းထီးဆိုင်သီချင်း တောက်လျှောက်ဖွင့်ကာ စိတ်ပါ လက်ပါ လိုက်ညည်းနေတတ်သည်။

စာဖတ်လည်း ဝါသနာမပါ၊ ဆိုင်လည်း အရောက်အပေါက် နည်းပါလျက် ဘာကြောင့် ဆုံကြပါသလဲ ဆိုလျှင်တော့ ရေစက်ကို လက်ညှိုးညွှန်ရလိမ့်မည်။ ကျော်ဝေနှင့် သူသည် နဂါးလက်ဖက်ရည်ဆိုင်မှာ လူကျခိုက် တစ်ဝိုင်းတည်း အတူပေါင်းထိုင်ရလျှင် လူငယ်ကလည်း လူငယ်ချင်းမို့ စကားစမိရာက နောင်တော့ မကြာမကြာ ချိန်းဆိုဆုံရသူများ ဖြစ်လာပေသည်။ သီပေါမှာသာမက ကျော်ဝေ ရန်ကုန် ရောက်ခိုက်မှာလည်း ဆုံကြရသည်။ ရန်ကုန်မှာလည်း ကျော်ဝေကို ရုပ်ရှင်ရုံ ခေါ်မရ။ တေးသံသွင်းများသို့သာ ခြေဦးလှည့်တတ်သူ။

“မမဒါလီလက်ရာဆို ဘယ်ဆိုင်မှ မမီဘူးတဲ့၊ ကိုကျော်ဝေ ပြောတာပဲ၊ အစ်ကိုလည်း ကြုံတုန်း စားသွားလိုက်ဦး”

“ကျော်ဝေ..ကျော်ဝေ” ဟု စိတ်ထဲက ကျိတ်၍ ရေရွတ်မိသည်။ မမဒါလီ ဆိုသည်မှာ ဆရာဦးတင်ဟန်၏ သမီးကြီး သမီးချော။ ကောင်လေးနှင့် ရုပ်ရည်ချင်းဆင်ပုံမှာ မြင်ရုံနှင့် မောင်နှမမှန်း တန်းသိနိုင်မည့် ရုပ်ရည်မျိုး။ တွေ့ခါစတုန်းက ဟာခနဲနေအောင် ငေးလိုက်မိသေးသော်လည်း နောက်နောင် ဆိုင်ကို ဝင်ထွက်ဖန်များတော့ ပွင့်လင်းသည့် မိန်းကလေး၏ ဟန်ပန်ကပင် ငေးလိုသူကို နောက်တွန့်စေသည်။ သူ့မှာ မရိုးမသားစိတ်

ဝင်သလားဆိုတော့လည်း မဟုတ်။ ဘယ်လို ပြောရပ့်ါ။ အလှကို အသိအမှတ်ပြုရုံ ဆိုရမည်။

ကျော်ဝေကတော့ သည့်ထက် ပိုလေကြောင်း တစ်လောဆီကမှ စကားအစ်အောက်လျှင် သိလိုက်ရပေသည်။

"ဧည့်သည်နဲ့ ကပ်မြှောင် ဖြစ်နေပါဦးမယ်ကွာ"

"အိမ်မှာ လုပ်စားရင် တော်ရုံတန်ရုံ လောက်ရုံ လုပ်တာ မဟုတ်ဘူး အစ်ကိုရေ၊ တစ်နေကုန် ထိုင်စားတောင် မကုန်အောင် လုပ်တတ်တာဗျ၊ စားသာ စားသွား"

ကောင်လေးက "လာ အစ်ကို" ဟု ထပ်ဆိုလျက် ရှေ့က ဦးဆောင်လျှောက်လျှင် သူလည်း နောက်က လိုက်ရသည်။ သူတို့ မီးဖိုဆောင်ဆိုတာသည် အိမ်မကြီးနှင့် တစ်ဆက်တစ်စပ်တည်း မဟုတ်။ စင်္ကြံလေးတစ်ခုနှင့် ဆက်ထားသော အိမ်နောက်ဖေးက သီးခြားအဆောင်ငယ်တစ်ခုသာတည်း။ အိမ်မကြီးဆီက အသံတို့သည် မီးဖိုသို့ မကူးသာ။ မီးဖိုဘက်မှ အကြော်ငွေ့၊ ချော်ငွေ့သည်လည်း အိမ်မကြီးသို့ မရောယှက်သာ။ သည်အရပ်က အိမ်အတော်များများမှာ ရှိတတ်သော မီးဖိုဆောင်မျိုး။ သူတို့အိမ်ကျပြန်တော့ ဧည့်ခန်းလည်း ဖြစ်သည့် အိမ်အတွင်းခန်းနှင့် ဆက်လျက်သား။

မီးဖိုဆောင်ကို ခြေချလျှင်ချချင်း "ဟာ...ဖိုးစော လာကွာ" ဆိုသည့် အသံကို ရယ်သံနှင့် ဆက်လျက် ကြားလိုက်ရတော့သည်။ နောက်တော့ ဆရာဦးတင်ဟန်၏ နှုတ်ဆက်သံ။ ဒါလို့အပြုံး။

မီးဖိုဆောင်သည် အတော်ပင် သပ်သပ်ရပ်ရပ် ရှိသော မီးဖိုဆောင်မျိုး ဖြစ်သည်။ အောက်ခံကြမ်းပြင်သည် သမံတလင်းမဟုတ်။ မြေသားကိုမှ အသားကျစ်ကျစ် ရှိစေရန် ထပ်ကာ ထပ်ကာ မံလျက် ရွှံ့စေးပြာ လိမ်းကျံထားသော သဘာဝ မြေပြင်အခင်း ဖြစ်သည်။ နှစ်ဖိုဆက်လျက်ရှိသော မီးဖိုမှာလည်း မြေပြာများ လိမ်းကျံလျက်။ ပြာမှုန်စတို့ တလွင့်လွင့် မရှိလှဘဲ သပ်သပ်ရပ်ရပ် ရှိနေသည်။ မီးဖို၏ အပေါ်ဘက်ဆီမှာတော့ ကျပ်ခိုးမှိုင်းများ ဝေ့ဝေသည့် ဆန်ကောတစ်ချပ်ကို သံကြိုးနှင့် ဆိုင်းထား၏။ ဆန်ကောထဲမှာ ဘာပစ္စည်းများ ရှိလေသလဲ မမှန်းသာ။

မီးဖိုဆောင်အလယ်မှာ ထမင်းစားပွဲတစ်လုံး၊ မီးဖိုများနှင့် မလှမ်းမကမ်းမှာ အစားအသောက် မချက်ပြုတ်မီ ပြင်ဆင်ပုံရသည့် စားပွဲဟောင်းတစ်လုံး။ စားပွဲပေါ်မှာတော့ ခရမ်းချဉ်သီး၊ ဂေါ်ဖီထုပ်၊

ပန်းမုန်လာတို့လို အသီးအရွက်များ ထည့်ထားရာ ဆန်ကောတစ်ချပ်။ စားပွဲအထက်က ဝါးလုံးတန်းတွင် ကြက်သွန်ဖြူ အစည်းလိုက်လေးများ။ သည်ဒေသက အိမ်အချို့မှာ တွေ့ရတတ်သလို တန်းခွလျက်သား ချိတ်ဆွဲထားပေသည်။

ဆရာဦးတင်ဟန်နှင့် ကျော်ဝေ ရှိနေသော ထမင်းစားပွဲမှာပင် သူ့ကို လင်းညိုက အထိုင်ခိုင်းသည်။ ဒါလီက ထမင်းဝါ စားရန် ဖိတ်ခေါ်သည်။ ပင်ကို ဖော်ရွေသော မိသားစု၏ အလယ်မှာ အနေရခက်ခြင်းသည် သူ့ထံက တစ်စစ လွင့်ပျောက်လာသည်။ ရောက်ဖူးနေကျ မီးဖိုဆောင်ပမာ ထမင်းဝါ ပန်းကန် ရှေ့ချလျက် စားရင်းသောက်ရင်းပင် ဆရာဦးတင်ဟန်နှင့် ကျော်ဝေ ပြောလက်စ ဖြစ်ပုံရသည့် ရှေးဟောင်းနှောင်းဖြစ်တို့ကို ပေ့ါပေ့ါပါးပါးပင် ဘေးက နားထောင်နိုင်လာသည်။

"တစ်ထောင့်ကိုးရာ ရှစ်ဆယ်လောက်အထိက ဂျီအမ်စီတို့ ချက်ဗလက်တို့ပဲ ရှိတာ ကျော်ဝေရ၊ ရှစ်ဆယ်နောက်ပိုင်း ကျတော့မှ ဂျပန်က နစ်ဆန်းတို့ဘာတို့ ရှိလာတာလေ။ အဲဒီကာလတုန်းကတော့ မန်းလေးသွားတယ်ဆိုတာ စီးပွားရေး ပေ့ါကွာ၊ တစ်ထောင့်ကိုးရာ ခုနစ်ဆယ့်ကိုးတုန်းက တရုတ်ပြည်မှာ တိန့်ရှောင်ဖိန် တက်လာပြီးတဲ့နောက် တံခါးဖွင့် စီးပွားရေးဝါဒ လုပ်တဲ့အချိန်မှာ တရုတ်ပြည်က ထွက်ကုန်တွေ ဆရာတို့ ဗမာပြည်ထဲကို အလုံးအရင်းနဲ့ ဝင်လာတာပဲ၊ မန်းလေးက အဓိက ဈေးကွက်ပေ့ါ။ မူဆယ်ဘက်ကနေ သယ်လာတဲ့ တရုတ်ပစ္စည်းတွေကို မန်းလေးကို သယ်သွားမယ်၊ မန်းလေးကနေမှ တခြားနေရာတွေကို ပြန်ဖြန့်မယ်၊ ဆရာတို့ ဒီဘက်မှာ မှောင်ခိုခေတ် ခေါ်တာပေ့ါ၊ အစိုးရက တရားဝင် ခွင့်မပြု ဘူးလေ၊ ကယ်ရီနဲ့ သယ်ကြတာပဲ၊ တရုတ်ပြည်က ပစ္စည်းတွေက ချင်း ပြည်နယ်ဘက်က တစ်ဆင့် အိန္ဒိယ သွားတယ်၊ ရန်ကုန်အထိ သွားတယ်"

"ဆရာတို့ မန်းလေး သွားရင် အဲဒီတုန်းက ကားနဲ့ အသွားများသလား၊ ရထားနဲ့လား၊ ကျွန်တော့်အဖေကတော့ ရထားသုံးတာ များတယ်တဲ့"

"ဆရာကတော့ ကားစီးလိုက်၊ ရထားစီးလိုက်ပဲ၊ လူစီးကတော့ လူ တအားများတာပေ့ါကွာ၊ ဘာဖြစ်လို့လဲဆိုတော့ မှောင်ခိုလောက ဖြစ်ထွန်းတော့ တရုတ်ပစ္စည်းတွေကို ကားနဲ့လည်း တချို့သယ်တယ်၊ တစ်နိုင်သမားတွေကျတော့ ရထားနဲ့သယ်တာ၊ ရထားတစ်စင်းလုံးက မှောင်ခိုပစ္စည်းတွေနဲ့ ပြည့်နေတာပါပဲကွာ၊ ခြေချစရာကို မရှိတာ၊ တောင်ကြီးဘက် သွားရင် တစ်ခါတလေ လမ်းခရီး မကောင်းဘူး၊ ဂုတ်တွင်းတို့ ဘာတို့က ဓားပြတွေ ပေါတယ်ဆိုရင် ရထားနဲ့ သွားတယ်၊ ရထားက

ပိုလုံခြုံတယ်လေ”

“အဖေ ပြောတာတော့ မှောင်ခိုသမားတွေက ရထားပေါ် တက်ဖို့ အပေါက်တွေကအစ ပိတ်ထားတာတဲ့၊ အိမ်သာထဲလည်း ပစ္စည်းထည့်တာပဲတဲ့၊ သီပေါက လမ်းခုလတ်ဆိုတော့ လားရှိုးက ထွက်လာတဲ့ရထား ဆယ်နာရီလောက် သီပေါဘူတာရောက်ရင် အဖေတို့ တက်စရာနေရာလည်း မရှိဘူးတဲ့၊ လက်မှတ်သာ ဝယ်လိုက်ရတာ နေရာလည်း မရဘူး၊ တက်ဖို့လည်း တံခါးတွေ ပိတ်ထားတော့ ကျော်တက်ရတယ်တဲ့၊ အိမ်သာလည်း ပစ္စည်းတွေနဲ့ ပိတ်နေတော့ အပေ့ါ အပါးသွားဖို့က ခက်၊ ခရီးသွားရတာ တော်တော်ကို အဆင်မပြေခဲ့တာ ဆိုပဲ”

“အဲဒီ ရထားပေါ်မှာပဲ လားရှိုးက ပါလာတဲ့ မင်းအမေနဲ့ စတွေ့တာရော ပြောပြဖူးလား”

“ဟာ…အဖေ ဘယ်ပြောမလဲ၊ ကျွန်တော် အမေ့ကို အတင်းကပ်မေး ထားရတာပေ့ါ၊ အဖေက သူ ရှားရှားပါးပါး ရထားတဲ့ နေရာလေး အမေ့ကို မျက်နှာလုပ်ပြီး ပေးထိုင်တယ်တဲ့လေ၊ ဟုတ်သလားအဖေ ဆိုပြီး ပြန်သွားမေးတော့ အဖေ့မျက်နှာက သူ မဟုတ်သလို ရှုတည်တည်နဲ့”

မီးဖိုဆောင်သည် တဟားဟား ရယ်သံများနှင့် ညံလျက်ရှိတော့သည်။ နွေလေပြည်သည် မီးဖိုပြတင်းက အပြေးတိုးဝင်ကာ ထမင်းစားပွဲရှိ လူလေးဦးထံ သာသာနွေးနွေး တိုးဝှေ့လျက်။

“ပြီးတော့လည်း အမေက ပြောသေးတာ၊ ကျောင်းတုန်းကတော့ အဖေ့ဝါသနာက ဒီလို ကုန်ရောင်းကုန်ဝယ်အလုပ် မဟုတ်ဘူးတဲ့၊ ဂစ်တာလေး တီးလိုက်၊ သီချင်းလေး ဆိုလိုက် နေချင်တာတဲ့၊ အခုကျတော့ ဘယ်လိုက ဘယ်လို ကုန်ပုံ ပစ္စည်းပုံတွေကြား ပျော်နေတယ် မသိဘူးတဲ့၊ ကျွန်တော့်ဆီအထိ အဲဒီသွေး ပါလာတာပါပဲ ဆရာရယ်၊ ကျွန်တော် ပညာရေးကို ဒီလောက် စိတ်မဝင်စားဘူး၊ ပိုက်ဆံကို ဘယ်လိုရင်းပြီး ဘယ်ကုန်ကို ဘယ်လို ရောင်းရမလဲပဲ တွေးနေမိတာ”

“မင်းအဖေက ကျောင်းပြီးတော့မှ ကုန်သည်လုပ်တာပါကွာ”

ကျော်ဝေသည် ဆင်ခြေကန်လိုသည့်ပမာ ဟဲခနဲ ရယ်လိုက်သည်။

“ဒါတော့ ဒါပေ့ါ ဆရာရယ်၊ ကျွန်တော့်မှာ အဖေ့လို ပညာပါရမီ ကျတော့ များများစားစား ပါမလာဘူးလား မသိဘူး၊ ဆယ်တန်း နှစ်နှစ်ကျတာကို အိမ်က အတင်းဖြေခိုင်းတာနဲ့ ဖြေခဲ့တာပဲ၊ အခုလည်း အိမ်က ကျောင်းပြီးအောင်တော့

တက်ရမယ်တဲ့၊ ဖြစ်နိုင်ရင် မတက်ချင်တော့ဘူး ဆရာ၊ ဘာလုပ်မလဲ၊ ပြီးတော့လည်း အလုပ်လုပ်ရတာ အချိန်နှောင့်နှေးတာပဲ အဖတ်တင်တာပေါ့"

သူ့ရှေ့တွင် အခါခါ ပြောဖူးပြီးသား စကားလုံးများကို ကျော်ဝေ ဆိုပြန်တော့ ခုကျခါမှ အဆန်းလုပ် ကြားပုံရသည့် ဆရာဦးတင်ဟန် မပြောနှင့် စကားဝင်မဆို ဘေးက နားထောင်လျက်ရှိသော သူပင် မျက်မှောင်တွန့်ချင် သည်။

ဦးတင်ဟန်သည် လက်ဝါးနှစ်ဖက်ကို ဖုန်မှုန့်များ ကပ်၍ ခါသလို တစ်ချက် နှစ်ချက် ပွတ်သပ်ပြီး စကားစ၏။

"ဘာလေးပဲ လုပ်လုပ် ပညာလေး တတ်ထားတော့ တစ်ပန်းသာတာပေါ့ကွာ၊ ဒီနေ့ ဒီအချိန်အထိ မင်းအဖေ မင်းတို့ ဒီအရွယ်ရောက်တဲ့အထိ သက်သက်သာသာ နေလို့ရအောင် ကြိုးစားနိုင်ခဲ့တာ ကုန်သည်အလုပ်ကြောင့် ဆိုတာထက် အဲဒီအလုပ်မှာ သူ့ပညာကိုပါ ပေါင်းပြီး တွက်ချက် လုပ်ကိုင်တတ်လို့ပဲ ကျော်ဝေရ၊ မင်းကို သားလို ခင်လို့ ဆရာ ပြောမယ်၊ ကျောင်းတော့ ပြီးအောင်တက်၊ ဟုတ်ပြီလား"

သူနှင့်သက်တူရွယ်တူ၊ သူပေပုံနှင့် မတူ တစ်နည်းတစ်ဖုံတော့ ပေတေသူ ကျော်ဝေသည် ဆရာ့စကားကို နာလျက် ရယ်ကျဲကျဲ လုပ်နေ၏။

ဆရာဦးတင်ဟန်က သတိရလာသလို သူ့ဘက် လှည့်ပြန်ကာ "စားနော် အားမနာနဲ့ သား" တဲ့။

ဒါလီအလှကတော့ မီးဖိုခုံမှာ မတ်မတ်ရပ်လျက် မောင်လုပ်သူအတွက် ထမင်းဝါပွဲသစ် ပြင်ပေးနေသည်။ ခုချိန်အထိ သူ ဘယ်လိုမှ အသားတကျ စားမရနိုင်၊ စူးစပ်စပ် စိမ်းရွှေရွှေ အရသာပဲ ရှိသလို ထင်မှတ်မိသော ဂျုံးမြစ် အပိုင်းလေးများကို လင်းညိုက တစ်ခုချင်း ကောက်စားလျက်။ လက်ထဲမှာတော့ စောစောလေးကတင် ကြောင်အိမ်ပေါ်က ဆွဲချလာသော မဟောသီမဂ္ဂဇင်းဟောင်း တစ်အုပ်။

"ထမင်းဝါ နောက်တစ်လုံး ယူပါဦးလား ကိုငြိမ်းစော"

လင်းညိုရှေ့သို့ ထမင်းဝါပန်းကန် ချပေးသည့် ဒါလီထံက အမေး စကားသံ ထွက်လာလျှင် ခေါင်းခါမည် စိတ်ကူးပါလျက် ခေါင်းညိတ်မိတော့သည်။ ဗိုက်ကလည်း မရပ်ချင်ပြီ။

"စားကောင်းတယ် ဆရာရေ၊ နှစ်လုံးနဲ့တင် တော်ပြီ မှတ်ထားတာ၊

ဒါလီရေ၊ တစ်လုံးပဲ ထည့်တော့ တော်ပြီ၊ ဗိုက်လည်း ဝပြီ၊ အားလည်း အားနာလာပြီ”

“ဟာ...အားမနာနဲ့ စားသာစား၊ ဒီအိမ်မှာ တစ်ခုခု လုပ်ရင် ကျွေးချင်လို့ကို ညွှေ့သည် မျှော်နေတာပဲ၊ ဆရာတို့အိမ်က ဒီလိုပဲ”

“အဲဒါကြောင့်... ကျော်ဝေ ပြေးပြေးလာတာ နေမယ်ဆရာ၊ ကျွန်တော့်ကို အိမ်အလည်ခေါ်ထားပြီး ပြေးလာတာသာ ကြည့်”

“အောင်မာ ငါ့နောက် လိုက်လာတော့ မင်းပါ မစားရဘူးလား”

သူတို့နှစ်ဦး စကားနိုင်လုနေခိုက် ဆရာဦးတင်ဟန်သည် တစ်စုံတစ်ရာကို စကားစလိုသည့်ပမာ “သမီးရေ” ဟု လှမ်းခေါ်သည်။ ထမင်းဝါတစ်လုံးကို ဆီချက်ကလေး ဆမ်း၊ ပဲပုပ်မှုန့် ဖြူးနေရာက ဒါလီ လည်ပြန်ငဲ့ကြည့်သည်။

“နွေအိမ် ဒီနေ့ လာမယ်ဆို၊ မလာသေးပါလား”

နွေအိမ်။ အမည်နာမတစ်ခုသည် ထမင်းဝါတစ်လုတ် သွင်းလိုက်၊ စာမျက်နှာပေါ်က စာလုံးမည်းမည်းလေးများ ပေါ်တွင်သာ အာရုံစိုက်လိုက် ရှိနေသော လူငယ်လေး၏ လှုပ်ရှားမှုကို တစ်ခဏတော့ တန့်သွားစေ၏။ သို့သော် ခေါင်းထောင်မကြည့်။ နားစွင့်ထားပုံကိုတော့ သူ သတိပြုမိနေသည်။

“လာမယ် ပြောတာပဲ အဖေ၊ ဒီအချိန်အထိ မရောက်သေးပုံ ထောက်တော့ တစ်ခုခု ခိုင်းနေပြီ ထင်တာပဲ၊ သူ့ကြီးကြီးဟာ သိပ်အကွက်စေ့တယ် အဖေရဲ့၊ သူ့အပ်ချုပ်ဆိုင်မှာ နွေအိမ်ကို လက်ချုပ် သင်ပေးပြီး ဝင်ကူခိုင်းနေ တယ်လေ၊ ကျောင်းပိတ်ရက်လေး နားနားနေနေ စာလေးဘာလေး ဖတ်ချင်ရင်တောင် အချိန်လုနေရရှာတယ်၊ မယ်မယ့်ကို ပြောပေ့ါဟယ် ဆိုတော့လည်း မပြောချင်ဘူး ရပါတယ်၊ လုပ်နိုင်တယ်တဲ့လေ၊ ပြောသာ ပြောရတာ သူ့ မယ်မယ်ကလည်း ယောက္ခမအိမ် နေနေတာ မဟုတ်လား၊ ယောက္ခမက တစ်မျိုး၊ ယောက်မက တစ်မျိုး၊ နွေအိမ်ကို အန်တီရီရီ မွေးစားလာတာ အခုထိ အကောင်း တစ်ခါတောင် မပြောဘူး ထင်တာပဲ၊ သမီးတော့ ဘေးက ကြည့်ကြည့်ပြီး ဒေါသပဲ ထွက်တယ်”

နွေအိမ်တစ်ယောက် ခုတစ်လော ဆိုင်ဘက် ရောက်လာလည်းပဲ အရင်လို နန်းနန်းနှင့် ဆော့ကာ ကစားကာ မနေသာပုံကို သူ အမှတ်ရလာသည်။ အမေနှင့် စကားစမြည် နည်းနည်းပါးပါးဆို၊ စာအုပ်လေး ဘာလေး ရွေးကာ ပြန်တော့သည်။ အလုပ်အားလပ်သော ညဘက်ကျပြန်တော့

အပျိုပေါက်စမို့ အိမ်က ထွက်ဖို့ရာ စိတ်မချကြဘူး ဆိုလေသည်။

ဘော်ကြိုက ရောက်လာတတ်သော နေ့ခင်းများမှာတော့ နွေအိမ် စကားသံ၊ ရယ်သံတို့မှာ ကံ့ကော်ရိပ်ဝယ် အချိန်အတန်ကြာအောင် ပျံ့လွင့်နေတတ်သည်။

"သူ့ဘဝအကြောင်းကိုးကွယ်" ဟု ဆရာဦးတင်ဟန်က စိတ်လက် မကောင်းဟန်နှင့် စကားထောက်သည်။

ကောင်လေး၏ မျက်နှာဆီ အကြည့်ရောက်လျှင် စောစောက အစ်မလုပ်သူ ပြောလိုက်သော စကားလုံးလှိုင်းများ၏ ရိုက်ခတ်မှုကို တနင့်တပိုး ခံလိုက်ရသလို မှိုင်းမှုန်မှုန်။

"ဟိုတစ်လောကတော့ သမီး ပြောလိုက်တယ်၊ ဘွားကြင်ဆီ သွားနေမှာဖြင့်ရင်လည်း တစ်ပတ် နှစ်ရက်၊ သုံးရက် သွားနေလို့၊ ဘွားကြင်ကို ကပ်ပြီး မယ်မယ်တို့ကို ပြောခိုင်းလို့၊ ဘော်ကြိုမှာဆိုရင် စိတ်အေးလူအေးနေရတာပေါ့"

သည်အခိုက်၊ သည်အခိုက်မှာပဲ "မမဒါလီရေ" ဆိုသော အသံနုနု အိမ်ရှေ့ဆီက လွင့်လာတာ ဖြစ်သည်။

"ဟော" ဟု သူတို့အားလုံး ပြိုင်တူလို ရေရွတ်မိကြသည်။ ကောင်လေး၏ ငုံ့လျက်သား ခေါင်း ဆတ်ခနဲ မော့လာသည်။ မီးဖိုဆောင် ခန်းဝဆီ စူးစိုက်သည့် လက်ပသော မျက်ဝန်းညိုများ။

ခန်းဝမှာ ပေါ်လာသူကတော့ သူတို့တစ်တွေ မျှော်နေသော ကောင်မလေး "နွေအိမ်"။

* * *

လမ်းသွယ်ကလေး၏ ထိပ်ဘက်ဆီမှ တစ်ဖက်ထိပ်သို့ ခပ်ဖြည်းဖြည်း လျှောက်နေစဉ်မှာပင် "အစ်ကိုရေ" ဆိုသော ခေါ်သံတစ်ခုကို သူ ကြားရသည်။ ရင်းလှသော အသံပါပဲ စိတ်ရောက်သော်လည်း သူ့ကို ခေါ်သည် မထင်မိ။ လည်ပြန်မကြည့်။ နောက်တစ်ကြိမ် "အစ်ကိုငြိမ်းစော" ခေါ်မှပင် အံ့အားတသင့် လှည့်ကြည့်ဖြစ်သည်။ ဒီလမ်းထဲ အသိမရှိ ဘာမရှိ ဘယ်သူများပါလိမ့်။

လှည့်အကြည့်တွင် တွေ့ရသူမှာ မျှော်လင့်မထားသော နွေအိမ်။

နွေအိမ်သည် မြေပြင်အထက် နှစ်ပေနီးပါး မြင့်၍ ဆောက်လုပ်ထားသော

စက်ချုပ်ဆိုင်ခန်း ရှေ့လှေကားထစ်လေးများမှ ဆင်းကာ သူ့ထံလျှောက်လာသည်။ တွေ့နေမြင်နေကျလို ဆံပင်ကို ကျစ်ဆံမြီးနှစ်ဖက် ကျစ်လျက်။ ဆင်စွယ်ပေါ် အညိုနု အကွက်စိပ်စိပ်ကွက်သော ရှပ်အင်္ကျီလက်တိုနှင့်၊ ပိတောက်ခြောက်ရောင် ဘီဘဲလ်လုံချည်နှင့်။ ပါးပြင်က သနပ်ခါး ပါးကွက်ကျားမှာ ဆည်းဆာနေခြည်နှင့် အပြိုင် ဝင်းပနေပေသည်။

ဟော...နီးလာမှပင် သတိပြုမိလာသည်မှာ လက်ထဲလည်း စာအုပ်တစ်အုပ် ကိုင်ထားပါပကော။

"ဒီလမ်းထဲ ငါ့ကို သိတဲ့သူလည်း မရှိပါဘူး စဉ်းစားနေတာ"

"ဆိုင်ကို မသွားနိုင်လို့ စာအုပ်က ရက်ကျော်တော့မလို ဖြစ်နေတာ၊ အစ်ကို ရှေ့က ဖြတ်တော့ အတော်ပဲဆိုပြီး ကျွန်မ လှမ်းခေါ်တာ၊ အဟောင်းက ရက်ကျော်လည်း အားမနာဘူး၊ ဝတ္ထုအသစ်ကျတော့ တခြားလူတွေလည်း ဖတ်ချင်မှာပဲ၊ သူများတွေ ခဏခဏ လာမေးရင် ဆရာမကို အားနာလို့၊ အစကတော့ ကိုလေးများ လာမလား စောင့်နေတာ၊ မလာတာနဲ့လေ"

"ရတယ်လေ ယူသွားပေးလိုက်မယ်"

"စာအုပ်ငှားခလည်း အထဲမှာ ညှပ်ထားပေးတယ် အစ်ကို"

"ငါ လက်ဖက်ရည် ဝင်သောက်လိုက်မယ်၊ အမေ့ကိုတော့ နွေအိပ်လာမှ ပေးလိမ့်မယ် ပြောလိုက်မယ်"

သူ့ကိုယ်သူပင် ထင်မှတ်မထားသော အစအနောက် စကားသံသည် နှုတ်က လွှတ်ခနဲပင် ထွက်ကျ၏။ နွေအိမ်သည် ပထမတော့ ဘာပြောလိုက်မှန်း မသိသလို မျက်လုံးလေး ဝိုင်းလျက်။ နောက်တော့မှ ရယ်မောလေသည်။

"ရပါတယ် သောက်ပါ"

အပ်ချုပ်ဆိုင်ဘက်ဆီ တစ်ချက်မျှ အကြည့်ရောက်လျှင် အမေ့ထက် အသက်ကြီးပုံရသော အမျိုးသမီးတစ်ဦးသည် ပိတ်စတစ်စ ဖြန့်တင်ထားသည့် စားပွဲအနီးရပ်ကာ ရယ်သံကြောင့် လှမ်း၍ စူးစမ်းဟန်။ နွေအိမ့်ကြီးကြီး၊ ဆိုင်ကို မကြာမကြာ လာတတ်သော ကိုကြီး၊ ကိုလေးတို့၏ မိခင် ဖြစ်လိမ့်မည်။ နွေအိမ့် ဖခင်နှင့် ရုပ်ရည်ချင်းဆင်သူ။ သို့သော် နွေအိမ့်ဖခင်လို မျက်နှာချိုပုံမရ။ သူ ပြုံးပြမည် ပြင်လျှင် တည်သော မျက်နှာနှင့် အကြည့်လွှဲသွားတာ ကြုံလိုက်ရသည်။

ဆိုင်ထဲက သူ့အရွယ် မိန်းကလေးတစ်ဦး၏ စက်နင်းသံ

တဂျောင်းဂျောင်းမှာ လမ်းသို့ ဖြာကျလျက်။ နွေအိမ်ရော စက်နှင်းနေရပြီလား။ ဘေးက စက်ခုံတစ်ခုံမှာ လွတ်လျက်သား။ အလုပ် လုပ်လက်စက ထလာတာလည်း ဖြစ်ကောင်း ဖြစ်လိမ့်မည်။

မဆီမဆိုင် အားနာစိတ်ကလေး လွှန့်လူးလျက် "သွားတော့မယ်" ဟု နှုတ်ဆက်ကာ သူ လမ်းဆက်လျှောက်လာသည်။

နွေအိမ်နှင့် သူ့ကြား ရှည်လျားသော စကားဆိုခြင်းသည် တကယ့် တကယ်တော့ ဦးဆုံးအကြိမ်ဖြစ်လိမ့်မည်။ နွေအိမ် ဆိုင်ရောက်လာတတ်သော နေ့များတွင် စာအုပ်အပ်ခြင်း၊ ငှားခြင်းနှင့် ဆိုင်သော စကားတစ်ခွန်း၊ နှစ်ခွန်း လောက်သာ ပြောမိကြသလို ထင်၏။ များသောအားဖြင့်တော့ နွေအိမ်သည် အမေနှင့် စကားဖောင်ဖွဲ့ကာ၊ နန်းနန်းလေးကိုစနောက်ကာ။ ကလေးနှင့် ချစ်ခင် စနောက်နေတော့လည်း ပကတိ ရွှင်ကြည်လှပုံကို သူ မြင်ယောင်လာသည်။

သည်မိန်းကလေး ကလေးပီပီ ဆော့ကစား ကြီးပြင်းခဲ့ရပါသလား သူ မကြာခဏ အတွေးဝင်ဖူးသည်။ အိမ်အနီးဝန်းကျင်မှာတော့ ကလေး သူငယ်တို့ ရှိခဲ့မှာပေါ့။ သူငယ်ဘဝတုန်းကလိုတော့ ဟိုအိမ်ဒီအိမ် လည်တာမျိုး၊ မေ့မေ့မြောမြော ဆော့ကစားတာမျိုး လုပ်ခဲ့ရပ့ါမလား။ မိခင်၊ ဖခင်အိမ်၊ ပြီးတော့ ဆွေမျိုးသားချင်းအိမ် မဟုတ်လေတော့ သူတို့တုန်းကလို ကိုယ်စိတ်နှစ်ပါး လွတ်လပ်ခြင်းနှင့် အကျွမ်းတဝင် ရှိလှမည် မထင်ပြန်။ သို့သော်လည်း ကိုလေးကတော့ နွေအိမ့် အဖော်ကောင်း ဖြစ်ခဲ့ပါလိမ့်မည်။

သူနှင့် စတွေ့သော နွေရာသီများမှာ စက်ဘီးတစ်စီးနှင့် ကလေးနှစ်ယောက် အတူလာတတ်ပုံကို အမှတ်ရသည်။ နောက်ပိုင်းတော့ နွေအိမ် တစ်ယောက်တည်း ဆိုင်ကို လာလေ့လာထ ရှိလာပြီ။ နွေအိမ်သည် သွားရဲ လာရဲ ဝင်ဆံ့ရဲခဲ့ပြီ ထင်ရသည်။ သူ့အပေါ်လည်း တွေ့စကလောက် မစိမ်းသက်တော့ပြီ။ ဆိုင်ထဲဝင်လာသည်နှင့် အမေ့ကို ရှာတတ်ပုံကတော့ မပြောင်းလဲ။ "ဆရာမရေ" ဟု ဘီးကလေး ဆိုက်သည်နှင့် ခပ်လွင်လွင် ခေါ်တတ်ပုံမှာ နွေအိမ့် ထုံးစံ။

သည်နှစ် နွေအိမ် ရှစ်တန်း ဖြေခဲ့ပြီးပြီ။ ကျောင်းများ ပြန်ဖွင့်လျှင် ကိုးတန်းကျောင်းသူ ဖြစ်လာတော့မည်။ ကလေးအရွယ်က လွန်မြောက်စ အပျိုပေါက်လည်း ဆိုနိုင်သော အရွယ်။ သို့သော် နွေအိမ်မှာ အလှမက်ပုံ၊ အပျိုလုပ်ချင် ပုံလည်း မရသေးချေ။ သူ့အမြင်တွင် နွေအိမ်သည် တွေ့စကလို ဖြူစင်ဆဲ ကလေးမလေးသာတည်း။

စာအုပ်စင်များအနီးမှာ စာအုပ်တစ်အုပ် ဖတ်မြည်း မြည်းလျက် နွေအိမ်

ခပ်နွဲ့နွဲ့ ရပ်နေလျှင် ပိန်သွယ်ပါးလှပ်သော ခန္ဓာကိုယ်လေးမှာ ခုပင် လေပြည်နှင့် လွင့်ခနဲ ပါတော့မလို ရှိတတ်သည်။

တစ်ခါတုန်းကတော့ သည်စာအုပ်စင်များ အနီးအပါးမှာပဲ ကလေးမလေး၏ သံယောဇဉ်ကြိုးတစ်မျှင် စတင်မွေးဖွားလာပုံကို သူ မြင်တွေ့ခဲ့ဖူးသည်။ သူ့အတွက်တော့ နွေအိမ်နှင့် တွေ့ရဆုံရ ရေစက်ကံ အကြောင်းဖန်လာသည့် ဒုတိယမြောက် နွေရာသီ။

ထိုတစ်နေ့က နွေအိမ်သည် ကိုလေး၏ စက်ဘီးနောက်မှာ ပါမြဲလို ပါလာခဲ့သည်။ နဖူးအတိဆံပင်နှင့် ဘေးမှာ ဝဲဝဲလေး ရှိသော ဆံတိုအကြားက မျက်နှာကလေးမှာ ခုလောက်ပင် ဝံ့ဝံ့စားစား မရှိလှသေး။ တွေ့စ နွေရာသီကလို လူကြောက်ဟန် စွက်ဆဲ။ “ဆရာမရောဟင်” ဟု တွန့်ဆုတ်သံလေးနှင့် မေးလျှင် “ဈေးခဏသွားတယ်” ဟု သူ ဖြေခဲ့သည်။ မောင်နှမနှစ်ယောက် စာအုပ်ရွေးခိုက် သူ့မှာ ဖတ်လက်စ ဝတ္ထုရှည်ထဲ မျောပါခဲ့ပြန်သည်။

နောက်တစ်ကြိမ် ဆိုင်ရှေ့မှာ လူရိပ်ထင်တော့ မော့ကာကြည့်လျှင် ဆိုင်လာနေကျ ကောင်လေးကို တွေ့ရသည်။ လင်းညို၊ ထိုစဉ်က ဆယ်ကျော်သက်ရွယ်ဆီ ကူးလုလု အရပ်ရှည်သွယ်မြင့်မားဖို့ရန် အားယူစ ကောင်ကလေး လင်းညို။

လင်းညိုသည် တစ်နေ့က ငှားသွားသော ဝတ္ထုတစ်အုပ်နှင့် မဂ္ဂဇင်း အပ်၏။ စာအုပ်ငှားခငွေ ပေးကာ စာအုပ်စင်ဘက်သို့ ရွှေ့လေသည်။ ဝတ္ထုရှည်များ ထားသော စင်တစ်ဝိုက်မှာ စတည်းချတော့မည်မှန်း သူ ရိပ်မိလိုက် သည်။

“နင်ကလည်း ခဏလေးပဲ နေခဲ့ပါဆို”

ရုတ်ခြည်း ထွက်ပေါ်သော အသံသည် ငုံ့နေသည့် သူ့ဦးခေါင်းကို ဆတ်ခနဲ မတ်လာစေသည်။ အသံလာရာဆီ မျှော်ကြည့်တော့ မျက်နှာချင်းဆိုင်နေသော မောင်နှမနှစ်ယောက်ကို တွေ့ရလေပြီ။

နွေအိမ်သည် ကာတွန်းစာအုပ်လေး နှစ်အုပ် ပိုက်လျက် တစ်စုံတစ်ရာကို အားငယ်ထိတ်လန့်ဟန်နှင့် ကိုလေးထံ မော့ကြည့်နေသည်။ ကိုလေးကတော့ လူကြီးသူမများ စိတ်မရှည်လျှင် ဖြစ်တတ်ပုံ မှုန်ကုပ်သည့်ဘက်သို့ ရောက်လုလု မျက်နှာထားမျိုး။ အံမယ်…ကလေးတွေ ဘာဖြစ်နေကြပါလိမ့်။

“ငါ ဘာမှ မကြာဘူး၊ ဒီကောင့်အိမ်မှာ ဘာမှမကြာဘူးဆို၊ တကယ် ခဏလေးပဲ ပြန်လာမှာ၊ အိမ်ရောက်ရင် ပြန်ထွက်လို့ မရတော့ဘူးကွ သိလား၊

အိမ်လည်ရင် အမေက အားကြီး ဆူတတ်တာ နင် သိရက်သားနဲ့”

“ဒါဆို နွေလည်း လိုက်မယ်”

“မလိုက်နဲ့၊ နင်ပါရင် ငါ ခဏလေးပဲ နေရမှာ”

“ကိုလေး ပြောတော့ ခဏလေးပဲ နေမှာဆို”

“ဟာ...ခဏလေးဆိုတာ နည်းနည်းတော့ ကြာတဲ့ ခဏလေးပေါ့ဟ၊ ဒီကောင့်အိမ်နောက်မှာ ခွ(ဂွ)အပစ် ပြိုင်မယ်လို့ ချိန်းထားတာ၊ နင်ပါရင် ကန့်လန့် ကန့်လန့်နဲ့”

“ကိုလေး တကယ် မကြာနဲ့နော်”

“မကြာပါဘူးဆို၊ နင် ကာတွန်း ထိုင်ဖတ်နေ၊ တစ်အုပ် မကုန်စေရဘူး ငါ ပြန်လာမှာ၊ ခဏနေရင် ဆရာမလည်း ပြန်လာမှာ၊ ဒီမှာပဲ နေခဲ့၊ သိလား”

တစ်ယောက်တည်း ကျန်ရစ်သော နွေအိမ်သည် သူ့အစ်ကို မှာကြားသလိုပင် ကာတွန်းစာအုပ်ပုံအနီးက ခွေးခြေခုံပုလေးမှာ ထိုင်ကာ ကာတွန်းတစ်အုပ်ကို ငြိမ်ဆိတ် ဖတ်နေတော့သည်။ ဆိုင်ထဲမှာ အခြားသော စာအုပ်ရွေးသူမရှိ။ ကလေးမလေးနှင့် ကောင်လေးနှစ်ယောက်တည်း။ စာအုပ်အပ်သူလည်း လာဦးမည် မဟုတ်။

ဆိုင်ရှေ့က ခဏ ခွာကာ သူ ရေအိမ် ဝင်သည်။ နောက် လက်ဆေး သန့်စင်ကာ ထမင်းစားပွဲပေါ်က အုပ်ဆောင်းလှပ်၍ အမေ ဘာချက်ခဲ့ပါလိမ့် စူးစမ်းသည်။ ငါးဖယ်ကြော်တစ်ဖတ်ကို ကောက်ဝါးကာ အိမ်ရှေ့ဘက် ပြန် ထွက်လာ၏။ အပြိုင်လိုရှိနေသော စာအုပ်စင်သုံးခုမှာ လျှောက်လမ်းက နှစ်ခု။ တစ်ဖက်မှာတော့ ဝတ္ထုစာအုပ်စင်အနီးက လင်းညိုနှင့် ထောင့်နားဆီမှာ ကာတွန်း စာအုပ်ပုံနားမှာ ကလေးမလေး။ သည်တစ်ဖက်ခြမ်းက သူ လျှောက်ရန် ပြင်ပြီးကာမှ လှမ်းကြည့်ပြုံးပြသော လင်းညိုကြောင့် ခြေလှမ်းတစ်ခဏ တုံ့ရ၊ နှုတ်ဆက် ရသည်။

“စာအုပ် ရပြီလား”

“ရပြီ အစ်ကို၊ နှစ်အုပ် တစ်ခါတည်း ယူသွားမလို့၊ နောက် တစ်အုပ် ထပ်ရှာနေတာ”

ကောင်လေး အသက်အရွယ်တုန်းက သူ သိုင်းဝတ္ထုများ ဖတ်နေခဲ့တာ သတိရသည်။ ကောင်လေးကတော့ အချစ်နှင့်ဘဝ ရောနှောပုံဖော်သော

ဝတ္ထုအချို့ကို မက်မက်မောမော ဖတ်ရှုစပြုပြီ။

"နှစ်အုပ်တောင် တစ်ရက်နဲ့ တစ်ည ကုန်သလားကွာ"

"မနက်ဖြန် လာမအပ်သေးဘူးလေ အစ်ကို၊ အပေါင်းတွေမို့လို့ ဆက်ယူထားလိုက်မယ်၊ အဲဒီလောက်ဆို ပြီးပါတယ်၊ ကျောင်းဖွင့်ရင် ဒီလောက် ဖတ်ရတော့တာ မဟုတ်ဘူး၊ နွေရာသီလေးပဲ ဖတ်ရတာ"

ကျောင်းတံခါး ပိတ်သည်နှင့် လွယ်အိတ်ကို မလိုအပ်တော့သလို ဘုတ်ခနဲ ပစ်ချကာ ရှိစုမဲ့စု မုန့်ဖိုးလေးများ ပိုက်လျက် လမ်းထိပ်က စာအုပ်ဆိုင်ဆီ ပြေးခဲ့ဖူးသော ငယ်ဘဝကိုပင် သူ လွမ်းသယောင်ယောင် ရှိလာသည်။

"အေးကွာ ဖတ်ထား၊ မင်း ပြောသလို နွေရာသီပဲ ဖတ်ရတာ"

ပြောပြီးသည်နှင့် ခြေလှမ်းစသော်လည်း လင်းညိုက "အစ်ကို" တဲ့။ တစ်ခွန်း ခေါ်လိုက်ပြန်သည်။

"အစ်ကိုတို့ဆိုင်မှာ စာအုပ်ထိုင်ဖတ်ရင် ပိုက်ဆံကောက်သလား"

ဘာတုံးဟ၊ ထူးထူးဆန်းဆန်း။

သူ ရုတ်ခြည်းမဖြေ မျက်မှောင်ကြုတ်လိုက်မိသည်။

"သြော်...စာအုပ် မငှားဘဲ အပြီးထိုင်ဖတ်ရင် ပိုက်ဆံ ကောက်သလားလို့ မေးတာပါ"

လင်းညို၏ ဖျတ်ခနဲရွှေ့သော မျက်လုံးများက ခေါင်းငုံစိုက်၍ ကာတွန်းဖတ်နေသော ကလေးမလေးထံမှာ။ သည်တော့မှပင် ဆိုလိုရင်းကို သူ ရိပ်မိတော့သည်။

"အင်း...ကောက်တယ်လေ၊ တစ်ဝက်ဈေးပေါ့၊ ကာတွန်းဆိုရင်လည်း တစ်ဝက်ပဲပေါ့"

"ကြားလား ဟိုကောင်မလေး"

ခုမှပင် သူတို့နှစ်ယောက်ထံ ဝေ့ဝေ့ဝဲဝဲ မော့ကြည့်လာသော နွေအိမ့် မျက်လုံးတို့သည် ထိတ်လန့်စိုးရွံ့ဟန်အပြည့်။ စာအုပ်ငှားခ ပေးအပြီး ပိုက်ဆံအပိုလည်း ကျန်ဟန်မတူ။ ပြီးတော့ အစ်ကိုကလည်း အနား မရှိပြီ။

"တကယ်လားဟင်"

သူ့ကို ကြည့်၍ မေးလိုက်သော အသံမှာ တိုးလျလျ တုန်ယင်ယင်။ လင်းညို၏ ချစ်ခင်စနောက်လိုသည့် မျက်နှာပေးကို ကြည့်လိုက်ပြန်ကာ "ဟုတ်တယ်လေ" ဟု သူ ဖြေမိသည်။ ဆိုင်ရှေ့ကိုလည်း လှမ်းကြည့်ရသေးသည်။ ခုနေ အမေပြန်လာလျှင်တော့ သူ့အချစ်တော်ကလေးကို စိတ်အနှောင့်အယှက် ဖြစ်အောင် လုပ်ရပ့ါမလား ဆူငေါက်တော့မည်။

ကလေးမလေး ဘာများ လုပ်လေမလဲ။ လင်းညိုရော သူပါ စိတ်ဝင်စားနေခိုက် ဖတ်လက်စ ကာတွန်းစာအုပ်လေးကို စာအုပ်ပုံပေါ် တင်လိုက်တာ တွေ့ရသည်။ နဂိုကတည်းက ငှားဖို့ ရွေးထားပုံရသည့် စာအုပ်လေးနှစ်အုပ်ကိုတော့ ရင်မှာ ပိုက်လျက်သား။ ခုပဲ ခွေးခြေခုံက ထကာ အိမ်အရောက် ဂါဝန်လေး တလွင့်လွင့် ဝဲသည်အထိ ပြန်ပြေးတော့မလို။

"မဖတ်တော့ဘူးနော်"

လင်းညိုထံက ရယ်သံကြားရသည်။ "အလကား စတာ ဖတ် ဖတ်" ဟု ဆက်ပြောလိုက်သံ။ သူလည်း ရယ်မောကာ ဆိုင်ရှေ့ လျှောက်လာသည်။ ကျောခိုင်းခဲ့ရာ စာအုပ်စင်အနီးက စကားသံတို့ကတော့ သူ့ထံ လွင့်လာဆဲ။

"စတာပါဆို ပြန်ဖတ်လေ"

နွေအိမ် စာအုပ် ပြန်ကိုင်လိုက်လေသလား။ သူ လှည့်မကြည့်ဖြစ်ပါ။

"ငါ့ကို မသိဘူးလား၊ နင့်အဖေ ငါတို့အိမ် လာလည်တုန်းက နင်လည်း လိုက်လာတယ်လေ၊ စန္ဒရားတီးပြတဲ့ အိမ်ကလေ၊ နင်တောင် တေဇတွေ ထိုင်ဖတ်နေလို့ ငါ့မမက စာအုပ်အဟောင်းတွေ ထည့်ပေးလိုက်သေးတာ မမှတ်မိဘူးလား"

"ဟုတ်...ဆောင်းတွင်းတုန်းက"

"နင့်နာမည် အိမ်တော့ ပါပါတယ်၊ ဘာအိမ်"

"နွေအိမ်"

"နင့်ကို ဒီနာမည် ဘယ်သူ ပေးတာလဲ"

"နင့်ရှာက အမေပေးတာလား"

"ဟုတ်"

"နင့်နာမည်လေး လှသားပဲ၊ ငါ့နာမည်ရော သိသလား"

"မသိဘူးရှင့်"

"လင်းညိုတဲ့ မှတ်ထား"

"ဟုတ်

"နောက်တစ်ခါ နင့်အဖေ အိမ်လာလည်ရင် လိုက်လာဦး သိလား၊ တေဇတွေရော၊ မိုးသောက်ပန်းတွေရော အများကြီး ပေးဖတ်မယ်၊ အိမ်မှာ ပိုက်ဆံလည်း မကောက်ဘူး ကြားလား"

အစ်မတစ်ယောက်သာ ရှိလေသော မောင်လင်းညိုသည် ချစ်စဖွယ် ရုပ်ရည်နှင့် မျက်လုံးလေး ဝိုင်းဝိုင်းလည်ကာ လူကြောက်ပုံလည်း ရသော မိန်းကလေးကို ညီမလေးတစ်ယောက် ကောက်ရသလိုများ မှတ်ယူနေရော့ သလား။ ခုနေများသာ လှည့်ကြည့်လျှင်တော့ ကလေးမလေး၏ စိုးထိတ်မှု တစ်စစ လျော့ပါးသည့် မျက်လုံးလေးများကို မြင်ရလေမလား။

ဆိုင်ရှေ့မှာတော့ ရွက်ကြွေတို့သည် ရုပ်တိုက် ပြေးလွှားဆဲ။ လေပူနွေးကလည်း တစ်ချက် တစ်ချက် ဝေ့ခနဲ ဝဲခနဲ တိုက်ခတ်မြဲ။ နွေကုန်ခါနီးလျှင် သီပေါကို သူ ခွာရဦးမည်။ မွေးဇာတိမြေ ရန်ကုန်ကို ပြန်ရဦးမည်။ နောက်တစ်နှစ် ပြန်လာတော့လည်း စာအုပ်ဆိုင်ကလေးနှင့် စာအုပ်ဆိုင်ဆီ ရောက်လာနေကျ မိတ်ဆွေတို့ကို တွေ့မြဲ တွေ့ရလိမ့်ဦးမည်။ အမေ့မိတ်ဆွေ၊ စာအုပ်ဆိုင်လေး၏ မိတ်ဆွေ၊ ပြီးတော့ သူ့ နွေမိတ်ဆွေများ။

ဆိုင်အတွင်းဆီ လှည့်ပြန်ကြည့်လျှင် စာအုပ်စင်ကို မမှီတမှီ ပြုလျက် သူ့ဘက် ကျောပေးကာ ကလေးမလေးထံ အိမ်အကြောင်း၊ ကျောင်းအကြောင်း စသည်စသည် စကားဆိုနေသော လင်းညိုကို တွေ့ရသည်။ သူနှင့် မျက်နှာချင်း ဆိုင်နေတာကတော့ နွေအိမ်။ မော့မော့ ငေးနေသော မျက်လုံးတို့တွင် စိုးထိတ်မှုသည် ပျောက်စပြုခဲ့ပြီ။ လင်းညို၏ နှမလေးသဖွယ် အမှန် သက်ဝင်သော ချစ်ခင်မှုကို တွေ့မြင်ခဲ့လေသလား။

နောက်တစ်နှစ် နွေတွင် သူ ပြန်ရောက်လာတော့ သည်အဖြေကို မမေးမစမ်းဘဲ သိရလေသည်။

နွေအိမ်သည် လင်းညိုကို ကိုလေးလိုပင် အစ်ကိုတစ်ယောက်ပမာ ခင်မင်တတ်နေပြီ။ တစ်မိုးအောက် အတူနေကြသော ကိုလေးလောက် မရင်းလှပေမဲ့ ခင်မင်နွေးထွေး စကားဆိုတတ်ပြီ။ အတူဆော့ကစားစရာ

သူငယ်ချင်းလည်း များများစားစား ရှိပုံမပေါ်သည့် ကလေးမလေး၏ ကမ္ဘာမှာ လင်းညိုသည် နောက်ထပ် ရလိုက်သော အဖော်တစ်ယောက်ဖြစ်လိမ့်မည်။ သူတို့သည် အိမ်ချင်းလည်း မဝေးကွာလှတာမို့ စာအုပ်များ ဖတ်နိုင်ရန် နွေအိမ့်ကို ဒါလီ သွားသွားကြိုတတ်ပုံကိုလည်း အမေ့ထံက သူ ကြားရလေသည်။

သည်တုန်းကတည်းက နွေအိမ်သည် ရှစ်နှစ်၊ ကိုးနှစ် အရွယ်နှင့် မလိုက်ဖက်အောင် ဒေါ်ရီရီတင်တို့အိမ်မှာ တောက်တိုမည်ရများ ကူညီညာ လုပ်ကိုင်တတ်ပြီ။ လူကြီးသူမများက ခိုင်းစေရန်မလို။ အကင်းပါး အလိုက်သိသော မိန်းကလေးသည် တစ်ပါးသူ၏ အိမ်အရိပ်ဝယ် မျက်လုံးလေး တဖျပ်ဖျပ် ဝေ့ကာ ဘယ်သူ ဘာခိုင်းပါ့မလဲ အစဉ်စိတ်ကူးနေသလို မြင်ရပါသတဲ့။ နွေအိမ်သည် ဒေါ်ရီရီတင့် ယောက္ခမ၏ လက်ကသုံးတောင်ဝှေး ဖြစ်၏။ ယောက်မ၏ ထမင်းဟင်းချက်အကူ ဖြစ်၏။ ပြီးတော့ အစ်ကိုများ၏ ကစားဖော်။ မွေးစားမိခင် ဒေါ်ရီရီတင်အတွက် တိုးတိုးဖော် ချစ်မြတ်နိုးစရာ အရုပ်ကလေးတစ်ရုပ်။

တစ်ကိုယ်တည်းသာ ပိုင်ဆိုင်လေသော အားလပ်ချိန်များတွင်တော့ ကောင်မလေး၏ နောက်ထပ် ကမ္ဘာသစ်သည် စာအုပ်များထံမှာ။ ပြီးတော့ စိတ်နှလုံးနှင့် သွေးသားတော်စပ်ရသလို ချစ်ခင်လှသည့် လင်းညိုတို့ မောင်နှမ၏ စိမ်းစိုမြမောင်းသော ခြံထဲမှာ၊ စန္ဒရားသံများ လေယူရာ ဝေ့ဝဲသော၊ စာအုပ်စာပေ စုံလင်သော အိမ်ထဲမှာ၊ သူတို့မိခင်၏ အရသာစုံလင် စားဖွယ်များ အတူတကွ စားသောက်နိုင်ရာ စားဖိုဆောင်ထဲမှာ။

ဂါဝန်ဝတ်အရွယ် နွေအိမ်မှသည် လုံချည်လေးများ စမ်းဝတ်လာရသော နွေအိမ်အထိ နေ့ရက်များ အစဉ်တစိုက် ပြောင်းလဲခဲ့ပုံကို စာအုပ်ဆိုင်လေး၏ အမိုးအောက်ဆီမှ သူ မြင်နေကြားနေရသည်။ နွေကုန်ဆုံး၍ ပြန်ချိန်တွင်တော့ ရန်ကုန်က အသိမိတ်ဆွေများထံ ကျက်စားတတ်သော အာရုံသည် သီပေါ ပြန်ရောက်လျှင် အိမ်က မိသားစုနှင့် စာအုပ်ဆိုင်က မိတ်ဆွေတို့ထံမှာ ဝေ့ဝဲတော့သည်။ သည်အထဲ နွေအိမ်ရော လင်းညိုပါ ပါဝင်ခဲ့ပေသည်။

သူတို့နှစ်ဦး၏ တစ်စစ ကြီးပြင်းလာသော အသက်အရွယ်အရ ဖတ်ရှုသော စာအုပ်များ ပုံစံပြောင်းလာကြသည်။ ဝတ်ပုံစားပုံ ပြောင်းလာကြသည်။ သို့သော် သံယောဇဉ်သည် မပြောင်းလဲ။ စာအုပ်ဆိုင်ဘက် တစ်ယောက်ယောက်က ကြိုတင်ရောက်နှင့် နေလျှင် နှုတ်က ဖွင့်ဟ မမေးသော်လည်း နောက်တစ်ယောက်ကို အလိုလို ရှာတတ်ကြကြောင်း သူ သိမြင်လာရသည်။

သူသည် စာအုပ်ဆိုင်များ၏ အမိုးအောက်မှာ ချည်နှောင်ခဲ့ကြသော ကြိုးကလေးများကို မြင်ဖူးလှပြီ။ ငယ်စဉ်တုန်းက တစ်ပါးသူ့ဆိုင်မှာရော အရွယ်ရောက်တော့ အမေ့ဆိုင်တွင်ပါ ကြုံဖူးလှပြီ။ ခုလည်း သံယောဇဉ် နှောင်ကြိုး တစ်စကို တွေ့ရပြန်ပြီ။ လှပသော ကြိုးကလေး နှစ်မျှင်။

* * *

"အစတုန်းကတော့ ကျွန်တော် ဒီကို ရောက်တုန်း ကြုံတုန်း မမနွေနဲ့ အတူ သွားလာဖူးတဲ့ နေရာတွေကို အလွမ်းပြေ ပြန်လိုက်ကြည့်ဖို့ သက်သက်ပဲ၊ ကျန်တာ ဘာမှမပါဘူး၊ ပြန်ရှာတွေ့ဖို့လည်း မပါဘူးလို့ စဉ်းစားခဲ့တာ၊ အခု သူ့အကြောင်းတွေ ကိုယ့်ဘာသာ ပြန်ပြောမိတာရော တခြားသူတွေ ပြောတာ နားထောင်ဖြစ်တာနဲ့ရော အားလုံး အသစ်လို ပြန်ဖြစ်လာတယ်၊ အသစ် ပြန်ဖြစ်တော့လည်း ဖြစ်နိုင်ရင် တွေ့ချင်လာရောပေါ့ အစ်ကိုရာ"

အတိတ်တစ်ချိန်ဆီ လွင့်ပါးခဲ့သော သူ့စိတ်အာရုံသည် ကံ့ကော်ရိပ် ဆိုင်နောက်ဘက်က မီးဖိုခန်းလေးဆီ ပြန်လည် ရောက်ရှိလေပြီ။

ပြတင်း အပြင်ဘက်မှာတော့ ညအမှောင်ရိပ်သည် အရောင်ပို၍ ရင့်ရော်ခဲ့ပြီ။ ညင်သာဖြည်းလေး တိုးဝင်သော လေပြည်တွင် မိုးငွေ့ပါသလို သူ ခံစားလာရသည်။ မိုးများ ရွာလေဦးမလား။ မိုးမရွာမီ မြတ်မော်ကို ဟိုတယ် ပြန်ပို့တာ ကောင်းလေမလား။ အင်း...ရွာတော့လည်း အိမ်မှာ တစ်ည တည်းပေတော့ပေါ့၊ မျှော်သူလည်း မရှိ၊ ဘာအရေးလဲ။

ရှေ့တူရူက မြတ်မော်ထံ အကြည့်ရောက်လျှင် စကားဆိုလိုက်တာ သူကိုယ်တိုင် မဟုတ်သလို အပူငွေ့သေလျက် ရေအေးပမာ ဖြစ်နေပုံရသည့် ရေနွေးခွက်ကို စူးစိုက်ကြည့်လျက်။ နောက် တစ်ကျိုက် မော့လိုက်ပြန်သည်။ ခုမှပင် သတိရလာသလို သူ ရေနွေးဖြည့်ပေး၏။ သူတစ်ခွက်၊ ကိုယ်တစ်ခွက်။ အမှန်တော့ မိုးကြောင့် စိမ့်စိမ့်အေးသော ညမျိုးမှာ ရေနွေးကြမ်းနှင့် ထိုင်နေ၊ လေပစ်နေကြရတာ တယ်ဖိမ်မကျ။ သည့်ထက် ပို၍ ဖိမ်ကျရန်မှာလည်း အိမ်မှာ ဘာတစ်ခုမှ အရန်သင့် ရှိမနေချေ။ အမေနှင့် နေရသူမို့ သူတို့အိမ်မှာ ဆန်အရက်၊ ကောက်ညှင်းအရက် အလွယ်တကူမရှိ။ သောက်ချင်လာလျှင် ဆိုင်သွားသောက် ပေရော့။

အဆင်သင့်များ ရှိလျှင်တော့ ကြက်ဥမွှေကြော်လေး၊ ဆိတ်သား ခြောက်ဖုတ်၊ ပဲခြမ်းသုပ်လေး ကိုယ်တိုင်ပင် ပြင်ပေးလိုက်ဦးမည်။ လွမ်းလိုသူမှာလည်း အလွမ်းရှိန်ကို မြှင့်ရကောင်းပြန်တာပေါ့။

ခုတော့ ရေနွေးကြမ်းသာ တစ်ခွက်ပြီး တစ်ခွက် ဆင့်မော့လျက်

အတိတ်ကို ပြန်တနေရတာ နည်းနည်းများ ရယ်စရာ ကောင်းလေမလား။ သို့သော် သူ မရယ်ရက်ပါ။ ကောင်လေး၏ မျက်နှာမူရာသွင်မှာ ရယ်ရက်စရာလည်း မရှိပါ။ မလင်းလှသော မီးရောင်အောက်မှာပင် မှိုင်းညို့ညို့ မျက်ဝန်း များထဲက လွမ်းနင့်နာကျင်မှုကို သူ ဖမ်းဆုပ်မိသလို ရှိပေသည်။

"အမေကလည်း မနေ့ညက ပြောနေသေးတယ်၊ မင်းကို တွေ့တော့မှ နွေအိမ်ကို တော်တော် သတိရလာတယ်တဲ့၊ ကလေးမလေး ဘယ်များ ရောက်နေပါလိမ့်တဲ့"

ကောင်လေး၏ ပင့်သက်ရှိုက်သံမှာ သူ့ထံသို့ လွင့်လာတော့သည်။

"ကျွန်တော် ဒီမြို့ ရောက်ရောက်ချင်း မမနွေ မရှိဘူး ဆိုတာလည်း ကြားသိနေတော့ တွေ့ချင်တဲ့သူကို စဉ်းစားတာ ဆရာမကို အရင်ဆုံး ပြေးမြင်တာပဲ၊ ပြီးတော့လေ မမနွေ ဒီက အပြီးထွက်မသွားခင် ညက မမနွေနဲ့ နောက်ဆုံး တွေ့ခဲ့ရတဲ့ အပြင်လူဟာ ဆရာမတဲ့၊ အဲဒါ အစ်ကို သိလား"

"သေချာတော့ မသိဘူးကွ၊ ဒီကြားထဲလည်း မင်းရောက်မလာခင်အထိ ကောင်မလေးအကြောင်း သိပ်မှ စကားမစပ်ဖြစ်တာ"

"ဒါဆို ဆရာမလည်း ကျွန်တော့်လိုလူ ဖြစ်လိမ့်မယ် ထင်တာပဲ၊ ဥပမာ စိတ်ထဲမှာသာ စိမ့်ပြီး လွမ်းတတ်တာ၊ အပြင်မှာတော့ ထုတ်ပြောခဲတာမျိုးပေါ့ အစ်ကို၊ ပြောလေလေ ကိုယ်ပဲ နာကျင်ရလေလေ ဖြစ်မယ်ဆိုရင် မပြောဘဲ နေလိုက်တာမျိုးပေါ့၊ ကျွန်တော်နဲ့ ဆရာမနဲ့ စိတ်အခြေခံတူမယ် ထင်တယ်"

အမေ ရှိလေရာ ဧည့်ခန်းဆီ တစ်ချက် လှည့်ပြန်ကြည့်ကာ မြတ်မော် သူ့ဘက် လှည့်လာပြန်သည်။ နံနက်ခင်းဆီတုန်းက သပ်သပ်ရပ်ရပ် ဖြီးသင်ထားသော ရွှေ့ဆံပင်တို့သည် အနည်းငယ် ဖွာရရာနိုင်လျက်။ လှပသော်လည်း စူးစူး တောက်လက်ခြင်း ကင်းသည့် မျက်ဝန်းညိုများကို အုပ်လုမတတ် နဖူးပြင်ထက် ဝဲလျက်။

သည်လို ဆံပင်ဝဲပုံကို မြင်တော့ တစ်ချိန်တုန်းက ကောင်ကလေး တစ်ယောက်ကို သူ အမှတ်ရပြန်သည်။ စန္ဒရားခုံထက်မှာ ထိုင်လျက် ခေါင်းငုံ့စိုက် တီးခတ်ပုံကို ရံဖန်ရံခါ မြင်ဖူးရသော၊ စာအုပ်စင်များ အကြားမှာ တိတ် ဆိတ်ငြိမ်ငြိမ် စာအုပ်ရွေးနေတတ်ခဲ့သော၊ လက်ဖက်ရည်ဆိုင်မှာ၊ မြစ်ဆိပ်ကမ်းမှာ တစ်ခါတလေ ဆုံရတတ်သော ကောင်ကလေး။ အတိတ်မှာသာ ကျန်ရစ်၍ ပစ္စုပ္ပန်နေ့ရက်များဆီ၌ ပုံရိပ်တို့ ဝေဝါးမှုန်သီခဲ့ပြီဖြစ်သော ကောင်ကလေး။

သူ ချစ်ခင်ခဲ့ဖူးသော သံယောဇဉ်ကြိုး နှစ်မျှင်သည် ကိုယ်စီ တစ်နည်း တစ်ဖုံသော ပျောက်ဆုံးခြင်းဖြင့် မြို့ကလေးကို ခွဲခွာသွားခဲ့ကြပေသည်။

"စောစောက စကား ပြန်ဆက်ရရင် ဟိုတစ်နေ့က ကျွန်တော့်ကို ဆရာမပဲ ပြောပြတာ၊ မမနွေက ဒီလို မိုးညမှာပဲ ဆရာမကို လာကန်တော့တာတဲ့၊ ခါတိုင်း သီတင်းကျွတ်မှပဲ ကန်တော့တာမို့ ထူးဆန်းနေသေးတာ၊ သူ့ကျူရှင်ခလေး ဒီလ ပိုရလာလို့ ကန်တော့တယ်ပြောတော့ ဟုတ်မှာပဲ ထင်လိုက်တယ်တဲ့၊ နောက်ရက် ညနေကျတော့ သူတို့အိမ်က လိုက်လာပြီး မေးတော့မှ မမနွေ သူ့ကို နောက်ဆုံး လာကန်တော့သွားတယ် ဆိုတာ သိရတာပဲတဲ့"

"သူတို့အိမ်က ဆိုတော့ သူ့မယ်မယ်တို့ပေါ့"

"သူ့မယ်မယ်ရယ်၊ သူ့အစ်ကိုရယ်တဲ့"

"အဲဒီနှစ် အမေတို့ ရန်ကုန်လာတုန်းကတော့ နွေအိမ် မရှိတော့ဘူး ဆိုတာ ပြောပြတယ်၊ အမေလည်း အံ့ဩနေတာပေါ့ကွာ၊ သူ့မယ်မယ်ကို သူ သိပ်ချစ်တယ် မဟုတ်လား၊ သူ့မယ်မယ် ရှိနေမှတော့ ဘယ်မှ ထွက်သွားမှာ မဟုတ်ဘူးလို့ ထင်တာပေါ့၊ ဘယ်လိုက ဘယ်လို ဖြစ်ရတယ် မသိဘူးတဲ့"

"ကျွန်တော် ထင်တာတော့ ကျွန်တော်တို့ မသိတဲ့ အကြောင်းကိစ္စ တစ်ခုခု ရှိပါလိမ့်မယ်၊ နောက်ပြီး ကျွန်တော် တစ်ခု တွေးမိတာက..."

စကား ခဏဖြတ်ကာ မြတ်မော် ရေနွေးခွက်ဆီ လက်လှမ်းလိုက်သည်။ တစ်ငုံလောက်တော့ မော့လိုက်မည် ထင်သော်လည်း မဟုတ်ပြန်။ ခွက်ကိုသာ ဘယ်က ညာ၊ ညာက ဘယ်ဆီ ခပ်သာသာလှည့်လျက်။ စားပွဲ မျက်နှာပြင်နှင့်ခွက် ထိခတ်သံနောက်မှာ ရေကျသံ တတောက်တောက်က လိုက်ပါလျက်။

"ဘွားကြင် မရှိတာကလည်း အကြောင်းတစ်ခုဖြစ်လိမ့်မယ် အစ်ကို၊ ဘော်ကြိုအိမ်ဟာ ဒီမှာ မပျော်တိုင်း မမနွေ ရောက်သွားတတ်တဲ့ နေရာကိုး၊ ဘွားကြင်သာ ရှိရင် ဘာအကြောင်းပဲ ရှိနေနေ မမနွေ သီပေါက ထွက်သွားမှာ မဟုတ်ဘူး ထင်တာပဲ"

ဪ...ဒီလို တွေးတော့လည်း ဟုတ်ပေသားပဲ။

နွေအိမ် မပျောက်ဆုံးမီနှင့် ပျောက်ဆုံးပြီးသော နွေရာသီများမှာတုန်းကတော့ သီပေါအိမ်ဆီ ရောက်နေကျလို့ သူ

ရောက်မလာနိုင်ခဲ့တာ အမှတ်ရနေသည်။ အလုပ်ခွင်တွင် ကျင်လည်၊ နောက်တော့လည်း အိမ်ထောင်ရေး ရေစီးမှာ လူးလာခတ် မျောပါခဲ့သည့် ကာလဦး။

မိန်းကလေး မရှိတော့ပြီဆိုစဉ် ဘာကြောင့်ပါလိမ့် တစ်ရက်၊ နှစ်ရက် တွေးလိုက်သေးသော်လည်း နောက်ပိုင်းတော့ အကြောင်းတိုက်ဆိုင်ချိန်က လွဲ၍ စိတ်မရောက်ပြန်။ ကိုယ်စီ ဘဝအကြောင်း ဆိုတာသည် တစ်မြေတည်း ရှိချိန်လောက် ထပ်တူထပ်မျှလို အာရုံကျ မကူးစက်နိုင်ပြီ။

အမေ့စိတ်မှာ တွယ်ခိုသော ဝေဒနာကိုတော့ လေး၊ ငါးနှစ် ကြာပြီးချိန် သီပေါဆီ တစ်ကျော့ပြန် အလည်ရောက်ခိုက်မှာပင် ရေးရေးမျှ သိရသည်။ အမေသည် နွေအိမ့်ကို လွမ်းဆဲ။ နွေအိမ့်လက်ရေးနှင့် ကူးရေးထားသော ကဗျာလေးများ၊ နွေအိမ် ငယ်တုန်းက ဆွဲပေးထားသော ပန်းချီပုံလေးများကို သိမ်းထားဆဲ။ တစ်ခါတုန်းက အမေ့စာအုပ်ဗီရိုကို မွှေရင်းနှောက်ရင်း သည်အမှတ်တရ အပိုင်းအစတို့ကို အမှတ်မထင် တွေ့လိုက်ရတော့ သူ တစ်ခဏမျှ ငေးငိုင်မိခဲ့သည်။

သည်အထဲ စာလေးတစ်စောင်မှာတော့ အဝေးဆီက ရောက်လာခဲ့သော စာလွှာ ဖြစ်သည်။ သည့်ထက် ရေရာအောင် ညွှန်းရလျှင် လိပ်စာ အတိအကျ မပါသော စာလေးတစ်စောင်။

“မြတ်မော်”

သူ့ခေါ်သံကြောင့် မြတ်မော် ခေါင်းမော့လာ၏။ “ပြောပါ” အဓိပ္ပာယ် ရသော အကြည့်မျိုးနှင့်။

“အမေ့ဆီကို နွေအိမ့်ဆီက စာတစ်စောင် လာဖူးသေးတယ်ကွ၊ နွေအိမ် ထွက်သွားပြီး တစ်နှစ်လောက် ကြာတော့မှ ရောက်လာတာ၊ အဲဒါ မင်းကို အမေ ပြောပြသေးလား”

“ပြောတယ် အစ်ကို၊ လိပ်စာလည်း မပါဘူးဆို၊ မန္တလေးဆိုတာက လွဲရင် ကျန်တာ ဘာမှ မသိရဘူး ပြောတယ်”

“အေးကွ၊ ရေးတော့ ရေးထားပေမယ့် အတိအကျလည်း မဟုတ်ဘူး၊ တကယ် စာပြန်ထည့်ရင် မရောက်နိုင်တဲ့ လိပ်စာမျိုးပေါ့ကွာ၊ စာထဲမှာတော့ သူ အဆင်ပြေပါတယ်၊ စိတ်မပူပါနဲ့တဲ့”

“ဒီစာတစ်စောင်ကြောင့် ဆရာမဟာ အခုအချိန်အထိ စိတ်ချလက်ချ

နေခဲ့တယ်လို့ အစ်ကို မထင်ဘူးလား”

“ဘယ်ပြောတတ်မလဲကွာ”

“ကျွန်တော့်ဆီကိုတော့ ဒါ နောက်ဆုံးစာပဲလို့ သဘောရတဲ့ စာတစ်စောင် သီပေါကနေ ပို့ပြီးကတည်းက ဘာစာမှ ထပ်မလာတော့ဘူး၊ ကျွန်တော်ကတော့ အဲဒီစာတွေ အကုန်သိမ်းထားတုန်းပဲ ဆိုရင် အစ်ကို ယုံလား”

ယုံပါတယ်ကွာ။

နှုတ်ဆိတ်လျက်သာ သူ ခေါင်းညိတ်မိလေသည်။ မြတ်မော်၏ စကားသံကတော့ သူ့အနီးမှာ ရေဒီယိုသီချင်းသံလို မတိုးမကျယ် လွင့်မြဲ လွင့်လျက်။

“ပထမဆုံး ရဖူးတဲ့ စာ၊ ခဏခဏ ဖတ်လွန်းလို့ အလွတ်ရမတတ် ဖြစ်နေတဲ့ စာလေးဆို အခု အနှစ် နှစ်ဆယ်တောင် ရှိပြီပေါ့ အစ်ကိုရေ”

❀

မြတ်မော် ပုံရိပ် (၅)

မမ ပထမဆုံး လှမ်းရေးတဲ့စာကို ကျွန်တော် လက်ခံရတော့ ခြောက်တန်းစာမေးပွဲကြီး ဖြေပြီးလို့ ရန်ကုန် ပြန်ရောက်နေတဲ့ နွေရာသီပါ။

စာပို့သမား ဦးလေးကြီး အိမ်ရှေ့မှာ ဘီးဒေါက်ထောက်လို့ ရပ်လိုက်တော့ ကျွန်တော်ဟာ ကြီးကြီး၊ ဒါမှမဟုတ် မေမေ့ဆီ စာလာတာပဲလို့ တွက်လိုက်တယ်။ ကစားနေရာကနေ အပြေးထွက်လို့ စာယူပေးတယ်။ စာအိတ်ပေါ် မှာ ရေးထားတာက မေမေ့နာမည်။ စာအိတ်လေးရဲ့ နောက်ကျောကို လှန်လိုက်တော့ ကျွန်တော့်စိတ်ထဲ ဟာခနဲ အသံအကျယ်ကြီး မြည်သွားသလိုပဲ။ လက်ရေးကို မမှတ်မိပေမဲ့ နာမည်ရယ်၊ လိပ်စာရယ်ကတော့ မှားစရာမှ မရှိဘဲ။ မမနွေဆီက စာလေ။

မမနွေဟာ စာအိတ်တစ်အိတ်တည်းမှာပဲ မေမေ့အတွက် စာလေးတစ်စောင်ရယ်၊ ကျွန်တော့်အတွက် စာတစ်စောင်ရယ် အတူ တွဲထည့်ထားသတဲ့။ စာအိတ်ကို ဖောက်ပြီးတဲ့အခါ မေမေက ကျွန်တော့်စာ ပေးလာတယ်။

ဘဝမှာ ပထမဆုံးအကြိမ် ကိုယ့်နာမည်တပ်ပြီး ရေးတဲ့စာကို ဖတ်ရတဲ့ ခံစားချက်ဟာ ခုနေခါတော့ စကားလုံးနဲ့ အတိအကျ ပြောပြဖို့တောင် မလွယ်လှဘူး။ ကျွန်တော်ဟာ ခြံထဲမှ သစ်ပင်တွေဆီက ကြွေလာတဲ့ သစ်ရွက်ကလေးတွေ မြေပေါ်မရောက်ခင် လေထဲမှာ ဝဲနေသလို လွင့်ခဲ့၊ ပျော်ခဲ့ပါတယ်။ လောကမှာ ကိုယ်တစ်ယောက်သာ ဒီကံကောင်းမှုကို ပိုင်ဆိုင်ထားသလို စိတ်ကြီးဝင် ခြေမြှောက်ကြွ ဖြစ်ရတဲ့အထိ ကြည်နူးခဲ့ပါတယ်။

အနီနဲ့မဲနယ်ပြာရောင် အကွက်စောင်းလေးတွေ ဖော်ထားတဲ့ လေယာဉ် စာအိတ်ဟောင်းလေးကို တံဆိပ်ခေါင်းလေးတွေတောင် နဂိုအတိုင်း မြဲမြဲစေလို့ နှစ်ပေါင်းများစွာ ကြာတဲ့အထိ ကျွန်တော် တခုတ်တရ သိမ်းထားမိခဲ့တယ်။

ဗွီဒီယိုဇာတ်ကားတွေမှာ ကြည့်ခဲ့ဖူးသလို စာရွက်ဖြူမှာ မမနွေ မျက်နှာ ပေါ်လာသယောင် ကျွန်တော် ထင်ခဲ့တယ်။ လက်ရေးလှလှလေးတွေကို ဖတ်ကာမျှနဲ့ အသံအေးအေးကိုလည်း ကျွန်တော် ကြားခဲ့တယ်။

"အစ်ကိုက ပြောတယ်။ မြတ်မော်ကို သူ့စိတ်ထဲ ညီလေးလိုပဲတဲ့၊ မမလည်း ပြောလိုက်ပါတယ်၊ နွေလည်း တွေ့စကတည်းက မောင်လေးလိုပဲ ထင်နေတာလို့၊ ဒီတစ်ခါ အစ်ကို ပြန်လာတော့ မမ ဘူတာမှာ သွားမစောင့် တော့ဘူး သိလား၊ အဲဒီနေ့က သီပေါကို ပြန်ရောက်နေတာကိုး၊ မယ်မယ်က

အင်္ဂလိပ်စာသင်တန်း ပြန်တက်ခိုင်းတယ်လေ၊ သင်တန်းပိတ်ရက်ကျမှ ဘွားကြင်ဆီ သွားရတာပေါ့။

အင်္ဂလိပ်စာသင်တန်းမှာ ဆရာက အစ်ကို့အဖေလေ၊ ကျောင်းက ပြဋ္ဌာန်းစာအုပ်နဲ့ သင်တာ မဟုတ်ဘူး၊ ရေး၊ ဖတ်၊ ပြော သင်တာ မြတ်မော်ရဲ့၊ မြတ်မော်လည်း ဒီတစ်ခေါက် ပြန်လာရင် ခုနစ်တန်းပဲ ရောက်နေပြီ၊ လာတက်ပါလား၊ သူ့အဆင့်အလိုက် ခွဲသင်တာ ဆိုတော့ အရည်အချင်းစစ်ပြီး တစ်ခါတည်း ဝင်တက်လို့ရတယ်လေ၊ ပြီးတော့ အရင်နှစ်တွေလို ကျောင်းဆင်းချိန် ညနေ မဟုတ်တော့ဘူး၊ စနေ၊ တနင်္ဂနွေ သင်တော့မှာဆိုတော့ အဆင်ပြေသွားပဲနော်၊ အစ်ကို့အဖေက သဘောကောင်းတယ်၊ အသင်အပြ သိပ်ကောင်းတယ်၊ ခြံကလည်း ပျော်စရာကြီး၊ မြတ်မော် ပျော်မှာပါ၊ အစ်ကိုကလည်း မြတ်မော်ကို သတိရတယ် ပြောလိုက်ပါတဲ့။

ဟိုတစ်နေ့က ဒဏ္ဍာရီဇာတ်ကားအကြောင်း မဂ္ဂဇင်းထဲမှာ ပြန်ဖတ်ရတော့ မမလိုပဲ ဒီဇာတ်ကားကြိုက်တဲ့ အန်တီဆရာမကိုရော၊ မြတ်မော်ကိုရော သတိရလိုက်တာ၊ အန်တီ ဆရာမကိုတော့ ပိုသတိရတာပေါ့၊ အန်တီ ဆရာမက မေသန်းနု ကြိုက်တယ် မဟုတ်လား၊ မေသန်းနုဟာ အဲဒီ ရုပ်ရှင်မှာ ချောလိုက်တာ မြတ်မော်ရယ်နော်၊ သကြ်န်မိုးတုန်းက တွဲတဲ့ ဇင်ဝိုင်းနဲ့ပဲ တွဲတယ်လေ၊ ဒါပေမဲ့ သူတို့ မညားပါဘူး၊ ကွဲသွားကြတယ်လေ၊ မြတ်မော် မှတ်မိတယ် မဟုတ်လား။

အဲဒီ ရုပ်ရှင်ထဲက “ပန်းချစ်သူ” ဆိုတဲ့ သီချင်းလေး မမ သိပ်ကြိုက်တာပဲ၊ ခင်မောင်တိုးနဲ့ မီမီဝင်းဖေ ဆိုထားတာလေ၊ နောက်ပြီး မီမီဝင်းဖေ ဆိုတဲ့ “ရှာမယ်ဆိုရင်လေ” သီချင်းလေးလည်း မမ ကြိုက်တာပဲ၊ မေသန်းနုက အဲဒီ သီချင်းကို ပန်းပင်လေးတွေ ရေလောင်းရင်း ဆိုတာမဟုတ်လား၊ မမလည်း ခြံထဲမှာ ပန်းပင်တွေ ရေလောင်းတဲ့အခါ ရတဲ့နေရာလေးက ကောက်ဆိုတာပေါ့၊ တိုးတိုးတော့ ဆိုရတာပေါ့၊ သူများတွေ ကြားရင် အရူးလို့ လာပြောနေဦးမှာလေ။

အံမယ်...ကိုလေးကလေ တခြားလူတွေနဲ့သာ သိပ်ခင်ခင်မင်မင် မနေတတ်တာ၊ မြတ်မော်ကိုကျတော့ ဘာလို့ ခင်နေမှန်းမသိဘူး၊ သတိရတယ်တဲ့ ဟိုတစ်နေ့ကတင် ပြောနေသေးတယ်။ စာရေးပါလားဆိုတော့ စာရေးပျင်းတယ် တဲ့။ အခု မမနွေ ရေးနေတဲ့ စာကိုတော့ စာတိုက်မှာ သွားထည့်ပေးမယ်တဲ့လေ။ ဒီစာနဲ့အတူ ထည့်ပေးလိုက်တဲ့ ပို့စကတ်တွေကတော့ ကိုလေးပေးတာ တစ်ခု၊ မမ ပေးတာ တစ်ခုနော်။ သကြ်န်နား နီးပြီဆိုတော့ ရေသဘင်ပွဲပုံ ပို့စကတ်လေးတွေ ရှာထားတာပေါ့။ ပေးသာ ပေးရတာ ရန်ကုန်မှာဆို ပို့စကတ်လေးတွေ ပိုလှ ပိုစုံမှာပဲ။ သီပေါကို

ပြန်လာရင်လေ မမအတွက် မုန့်ဝယ်လာမယ် ဆိုတာ မဝယ်နဲ့၊ ပို့စကတ်လေးတွေသာ အဆင်ပြေရင် ဝယ်ခဲ့ပေးလို့ အန်တီ ဆရာမကို ပြောပေးနော်”

* * *

၁၉၉၇ ဟာ မမနွေ့အပေါ် ထားအပ်တဲ့ ကျွန်တော့်အတွင်းစိတ်က ရစ်ပတ်နှောင်သော ကြိုးတစ်မျှင်ကို ကိုယ်တိုင် ပြန်သတိပြုမိတဲ့ နှစ်တစ်နှစ် ဖြစ်သလို သီပေါမြို့နဲ့ ကျွန်တော့်ကြား အမှတ်တရကာလတွေ ထပ်ကာ ထပ်ကာ မွေးဖွားပေးခဲ့တဲ့ နှစ်လို့လည်း ဆိုနိုင်လိမ့်မယ်။

မမနွေ့ တက်စေချင်တယ်ဆိုတဲ့ အင်္ဂလိပ်စာသင်တန်းကို မေမေကလည်း လွှတ်လို့ ကျွန်တော် သွားတက်ဖြစ်တာ အဲဒီနှစ်မှာပဲ။ အဲဒီလို သင်တန်း တက်ဖြစ်တာဟာ မမနွေ့နဲ့ ကျွန်တော် ပိတ်ရက်တိုင်း သီပေါဆီ အတူသွားကြဖို့ ဖြစ်လာတယ်။ ဘော်ကြို-သီပေါ လမ်းတစ်လျှောက်က အမှတ်ရဖွယ် အရိပ်များစွာကို နှစ်ကာလ ရှည်ကြာသည်အထိ တသသ သိမ်းထုပ်ဖို့ဖြစ်လာခဲ့တယ်။

အဲဒီနှစ်မှာပဲ မေမေက စက်ဘီးလေး ဝယ်တယ်။ ကျောင်းဖွင့်စ မိုးရက်တစ်ရက်မှာ ဆရာမကြီးနဲ့အတူ သီပေါ သွားကြပြီး အပြန်တော့ ဖီးဆင့်ဘီးလေး ပါလာခဲ့တာပဲ။ အခါခါ ပူဆာဖူးတဲ့ စက်ဘီးလေး၊ အိပ်မက်ထဲမှာတောင် ထည့်မက်ရတဲ့ စက်ဘီးလေး ရတဲ့နေ့က လှိုက်ခနဲ ရွှင်မြူးရတဲ့ ခံစားချက်ဆိုတာဟာ နောင်အခါ ဘယ်လောက် အဖိုးထိုက်တန်တဲ့ပစ္စည်း ပိုင်ဆိုင်ရပါစေ လိုက်မမီလောက်အောင် ခမ်းနားခဲ့တာပါ။ အချိန်အခါကလည်း စက်ဘီးတစ်စီးပေါ် လက်ကိုင်လေး ထိန်းကျောင်းလို့ လိုက်နိုင်ရင်ပဲ ကမ္ဘာတစ်ခြမ်းကို ခြယ်လှယ်ရတော့မလို ကျေနပ်စိတ် ဝင်စေတဲ့ ခေတ်အခါကိုး။

ကျွန်တော်ဟာ စက်ဘီးလေး စီးလို့ ဟိုမှော် မကြာမကြာ သွားတယ်။ စိုင်းနောင့်နဲ့ နှစ်ယောက်ပေါင်းပြီး ရွှေယိင်းတို့ဆီ သွားလည်တယ်။ ဖိုးခွားနဲ့ ဝင်းဦးတံတား ရှိတဲ့ဘက်အထိ နှစ်ယောက်သား စက်ဘီးနင်းကြတယ်။ စက်ဘီး နင်းသာတဲ့ တောလမ်းကလေးတွေထဲ လျှောက်နင်းကြတယ်။ အပြန်ခါကျ ရွံ့တွေ ကပ်လို့ ပါလာရင် ရေဆေးပေးရတာ ကျွန်တော့်တာဝန်ပဲ။ သားအမိ နှစ်ယောက်အတွက် ဒီစက်ဘီး ဝယ်တယ် ဆိုပေမယ်လို့ မေမေ စီးရတယ် ဆိုတာဟာ တစ်ပတ်စာ အခြောက်အခြမ်းနဲ့ စားစရာ ဝယ်ဖို့ သီပေါ သွားတာ၊ ရွာထဲက မုန့်ဆိုင်၊ ကုန်စုံဆိုင် သွားတာလောက်ပဲ။ များသောအားဖြင့် လက်ကိုင်မှာ ကျွန်တော့်လက်ချည်းပဲ။

ပြောရရင် အဲဒီစက်ဘီးလေး ရလို့ပဲ ကျွန်တော်ဟာ အစ်ကိုနဲ့ မမ ကြားက နေ့ရက်တွေကို ပိုလို့ နားလည်ခွင့် ကြုံခဲ့တာ။ လူနှစ်ယောက်ရဲ့ကြားက တတိယနားရွက်တစ်စုံလို အရာရာ သိခွင့်ရခဲ့တာ။

ပထမဆုံး သင်တန်း စတက်ရတဲ့နေ့ ဆရာ့ခြံဝိုင်းထဲ မမနွေနဲ့ အတူ ဝင်လိုက်ရင်ပဲ ဘော်ကြိုဘူတာလေးမှာ တစ်ကြိမ်၊ ကံ့ကော်ရိပ်မှာ နှစ်ကြိမ်လောက် တွေ့ပြီးတဲ့နောက် မဆုံရတာ ကြာနေတဲ့ အစ်ကို့ကို တွေ့ရတော့တယ်။

အစ်ကိုဟာ ခြံဝိုင်းရဲ့ ဘေးဆီက ရေတွင်းမှာ ရေငင်နေခဲ့တယ်။ အုတ်ခံ ပျဉ်ထောင် နှစ်ထပ်အိမ်ကြီး ခံ့ခံ့ထည်ထည် ရှိနေတဲ့ ခြံဝိုင်းထဲမှာ မနက်ခင်း နေခြည်ဖြာလို့။ သစ်ပင်သစ်ခက်တွေ ကြားက တိုးထွက်လာတဲ့အရိပ်ဟာ အစ်ကို့ကိုယ်ပေါ်ရော၊ ရေတွင်းလေးပေါ်ကိုရော ကွက်တိကွက်ကျား ကျနေတယ်။ ရေပုံးကြိုးနဲ့ စက်သီး ပွတ်တိုက်သံ တကျွီကျွီဟာ ခြံတံခါးကို တွန်းဖွင့်လို့ ဝင်လာတဲ့စက်ဘီးနှစ်စီး၊ လူနှစ်ယောက်ကို အမြင်မှာ တိခနဲ့ ရပ်သွားခဲ့တယ်။ ကျွန်တော်တို့ဘက်ကို အစ်ကို လှည့်ကြည့်လာတယ်။

ခြံဝိုင်းဟာ သိပ်မကျယ်ဝန်းလှ၊ အစ်ကိုရှိရာ ရေတွင်းဟာ ကျွန်တော်တို့ စက်ဘီးတွန်းဝင်လာရာ မြက်ခင်းအကြားက မြေလမ်းကလေးနဲ့ သိပ်မဝေး လှတာမို့ အစ်ကို့မျက်နှာအမူအရာကို ကျွန်တော် အသေးစိတ်လို မြင်နေရတယ်။

ဘယ်သူမှန်း မသိလို့ စူးစမ်းလိုက်တဲ့ ပုံမှန်မျက်နှာတစ်ခုကနေ မြင်တွေ့လိုက်ရသူတွေကြောင့် တစ်ခဏချင်း ပြုံးရွှင်ချိုမြသွားပုံကို ကျွန်တော် မမေ့ဘူး။ အစ်ကို့မျက်နှာဟာ ကျွန်တော် အရင် တွေ့ဖူးတုန်းကလိုပဲ ကြည်လို့။ မျက်လုံးတွေကအစ လိုက်ရယ်တတ်ပုံဟာ တစ်ဖက်သားကို အတော်ပဲ စိတ်ချမ်းသာစေတယ်။

ကျွန်တော်တို့ စက်ဘီးတွေ သစ်ပင်တစ်ပင်အောက် ဒေါက်ထောက် ရပ်လိုက်တုန်းမှာပဲ ငင်လက်စ ရေပုံးကို အနားက စဉ့်အိုးကြီးထဲ ဗွမ်းခနဲ လောင်းထည့်၊ ရေပုံးကိုင်းကို ရေတွင်းတိုင်က သံချိတ်မှာချိတ်လို့ ကျွန်တော်တို့နား အစ်ကို လျှောက်လာပါရော။ လက်ဝါးနှစ်ဖက်က ရေစက်ရေပေါက်တွေကို လက်ဝါးချင်း ပွတ်သပ်ခါထုတ်လို့။ ရေစက်လေးတွေဟာ အစ်ကို့လက်ဖျံ တစ်လျှောက်မှာ စိုကပ်လို့နေတယ်။

အစ်ကိုဟာ စွပ်ကျယ်အင်္ကျီဟောင်း အဖြူရောင်ကို ဝတ်ထားတယ်။ ပုဆိုးကတော့ တစ်ပတ်နွမ်း အကွက်စိပ် ခပ်တိုတို။ ရှင်းသန့်သန့် ဝတ်စားပုံနဲ့ မြင်တွေ့ခဲ့ဖူးတဲ့ အတိတ်က အစ်ကိုဟာ ခု မြင်တွေ့နေရတဲ့ ပစ္စုပ္ပန်က အစ်ကိုနဲ့

မတူလှသလိုပဲ။ ဒါပေမဲ့လည်း ယုံကြည်အားကိုးစရာ အစ်ကိုတစ်ယောက်ကို တွေ့လိုက်ရသလို ခံစားမိတာကတော့ ထပ်တူထပ်မျှပဲ။

"အစ်ကိုက နောက်လလောက်ဆို ကျောင်းလျှောက်တာ ကျတော့မှာ၊ သွားရတော့မှာ သိလား" လို့ အစ်ကို လျှောက်လာခိုက်မှာ မမနွေ ပြောပြတယ်။

ပြီးတာနဲ့ စက်ဘီးနင်းလာလို့ မသပ်မရပ်ဖြစ်နေတဲ့ နဖူးပြင်က ဆံနွယ် အတိုအစတွေကို သပ်လိုက်တယ်။ ဆံပင်ရှည်တွေကိုတော့ ပဝါအသေးလေး တစ်ခုနဲ့ ခပ်လျော့လျော့ စည်းလို့။ ဝတ်နေကျ ရှပ်အင်္ကျီလေးတွေ၊ အင်္ကျီရှည် ဖားဖားလေးကို မမနွေ မစွန့်သေးပေမဲ့ ဒီနှစ်ထဲ ကော်လာဝိုင်းလေးတွေ၊ လည်ပင်းတစ်လျှောက် တွန့်ဖတ်လေးတွေ ပါတာမျိုး၊ လက်ဖောင်း လက်စည်းလေးတွေ ပါတာမျိုးတွေ ဝတ်တတ်လာတာ သတိပြုမိတယ်။ အဲဒီ မနက်ကလည်း ပန်းနုနုပွင့်ရိုက် ချည်ထည်အင်္ကျီ လက်ဖောင်းကလေးနဲ့။ လုံချည်ကတော့ ဝတ်နေကျ ဘီဘဲလ်လုံချည် အသားရောင် ဗြောင်နဲ့။

မမနွေဟာ မေမေတို့လို အပေါ်အောက် အရောင်တိုက်ဝတ်တာတွေ မလုပ်သေးဘူး။ သိသာအောင် အလှပြင်တာမျိုးတွေ မလုပ်သေးဘူး။ မနှစ် ရှမ်းနှစ်သစ်ကူးပွဲတုန်းက ဘော်ကြိုကျောင်းတိုက်ဝင်းမှာ အကအဖွဲ့နဲ့အတူ ကတဲ့ရက် မိတ်ကပ်ပြင်တာ မြင်ဖူးရုံကလွဲရင် မိတ်ကပ်မျက်နှာ၊ နှုတ်ခမ်း၊ ဆိုးဆေးလွင်နေတဲ့ နှုတ်ခမ်းတွေကို ကျွန်တော် မတွေ့ဖူးသေးဘူး။ အဖြူပေါ် ပန်းရောင်၊ ခရမ်းရောင်လေးတွေ အကွက်ဖော် အလှဆင်ထားတဲ့ မွေးပွလွယ်အိတ်ကြိုးလေးကို တင်းတင်းဆုပ်လို့ အစ်ကို့ကို မမ ပြုံးကြိုတယ်။

"ဒီနေ့ စောသားပဲ"

"မြတ်မော်ကို မုန့်ကျွေးရအောင်လို့ စောလာတာ အစ်ကို"

"စားပြီးကြပလား"

"ပြီးပေ့၊ ဒီကလေးက သီပေါလာရင် နဂါးမှာ ပေါက်စီတော့ စားရမှ၊ ဒါမှမဟုတ်လည်း ဈေးထဲက တိုဟူးနွေး စားရမှ၊ ဒီမနက်တော့ မလိုင်လက်ဖက်ရည်ရယ်၊ ပေါက်စီရယ် စားလာကြတယ်"

"မမဒါလီတောင် ထမင်းဝါ လုပ်ထားသေးတယ်၊ သင်တန်းဆင်းရင် တန်းမပြန်နဲ့၊ ဝင်စားသွားကြဦး"

"စားမှာပေ့၊ မမဒါလီလက်ရာ ထမင်းဝါက တအားကောင်းတာ မြတ်မော်ရဲ့၊ မြတ်မော် ထမင်းဝါ စားဖူးလား"

ထမင်းဝါ။ ကျွန်တော် စားဖူးတဲ့ အစားအသောက်ထဲမှာတော့ မပါသေးဘူး မှတ်တာပဲ တွေးပြီး ခေါင်းယမ်းလိုက်တယ်။

ထမင်းဝါဆိုတာ ထမင်းကို ချက်ကတည်းက ဆားရယ်၊ နနွင်းရယ် ထည့်ပြီး ခပ်ပျော့ပျော့ချက်၊ အာလူးကို ပြုတ်၊ ကြေရုံ ထောင်းပြီး ထမင်းနဲ့ ရောထောင်းပြြန်ပါသတဲ့။ အဲဒီထမင်းဝါကိုမှ အဝိုင်းအချပ်လေးတွေလုပ်၊ ခရမ်းချဉ်သီးချက်၊ ပဲပုပ်မှုန့်၊ မြေပဲဆန်ကြော်၊ ငရုတ်သီးကြော်၊ ဂျုံးမြစ်တို့နဲ့ တွဲစားတယ်လို့ မမနွေက ပြောပြတယ်။

“သင်တန်းပြီးတော့ ဝင်စားကြတာပေ့ါ” လို့ မမနွေက စကားကို အဆုံးသတ်တယ်။

“လူတိုင်းကို ကျွေးတာလား”

ကျွန်တော့်မေးခွန်းကြောင့် အစ်ကိုရော၊ မမနွေရော ရယ်ကြတယ်။

“လူတိုင်းကိုတော့ ဘယ်ကျွေးမလဲ၊ နဂိုကတည်းက သင်တန်းကြေးလည်း သီးသန့် မကောက်ရတဲ့အထဲ သင်တန်းအဆင်း မုန့်ပါ ကျွေးရရင် ဆရာတို့ ဘယ်လွယ်မလဲ”

“ဘယ်သိမလဲ မမနွေရ၊ ကျွန်တော်က ဒီအတိုင်း ကျွေးနေတယ် မှတ်လို့”

ကျွန်တော် ထပ်ပြောတော့လည်း ရယ်ကြပြန်ရော။

“အိမ်မှာ အိုးသူကြီးက ကိုယ့်အစ်မ မမဒါလီပဲ၊ သူက နွေ့တော့ သိပ်ချစ်တာ၊ ဘာလေးပဲ လုပ်စားစား ဒီလို ပိတ်ရက်မှာ လုပ်စားတယ်၊ ပြီးရင် နွေ့ကို ခေါ်ကျွေးတယ်၊ မြတ်မော်လည်း နွေနဲ့သာ ကပ်ထား၊ ကောင်းကောင်း စားရမှာ သေချာတယ်”

ဆရာ့ခြံဟာ မမနွေ ပြောဖူးသလို ပျော်စရာ ကမ္ဘာလေးတစ်ခုပါပဲ။

ခြံရှိရာဆီ လမ်းမတန်းကနေ လမ်းသွယ်လေးထဲ ဖွဲဆင်းသွားရတယ်။ လမ်းတိုကလေးကို ထိပ်ပိတ်ထားတဲ့ခြံဟာ ဆရာတို့ခြံ။ အိမ်ဟာ ခြံတံခါးကို ဘေးတိုက်ပြုတယ်။ လမ်းပေါ်ကနေ လှမ်းကြည့်မယ်ဆိုရင်တော့ သစ်ပင်၊ ဝါးပင်တွေ အုပ်မိုးနေတာမို့ အိမ်ကို ရှင်းရှင်းမမြင်ရတတ်ဘူး။ ခြံဟာ မကျယ်လှပေမဲ့ သစ်ရိပ်၊ ဝါးရိပ်နဲ့၊ မြက်ခင်းစိမ်းနဲ့မို့ အစိမ်းရောင်ကမ္ဘာတစ်ခုလိုပဲ။

ခံ့ထည်လှတဲ့ ရှေးအိမ်ဆောင်မှာ ကျွန်တော် သဘောအကျဆုံးကတော့

အိမ်အောက်ထပ်ကို မဝင်ခင် ဖိနပ်ချွတ် နေရာကျယ်မှာ ချခင်းထားတဲ့ သစ်သားကွပ်ပျစ်ကြီးပဲ။ အိမ်အပေါ်ထပ် ဝရန်တာကို လသာဆောင်လို ခပ်ကျယ်ကျယ် ထုတ်ထားတော့ သစ်သားကွပ်ပျစ်ဟာ ဝရန်တာ အရိပ်ကျရာ နေရာမှာ ရှိတယ်။ သင်တန်းရောက်တဲ့ အချိန်စောရင် အဲဒီကွပ်ပျစ်မှာ ထိုင်ပြီး ကျွန်တော် စာဖတ်တာပဲ။ တစ်ခါတလေတော့ ခြံထဲဆင်းပြီး လိပ်ပြာတွေ၊ ပုစဉ်းတွေနောက် လိုက်။ သစ်ပင်ပေါ်က ငှက်တွေကို ချောင်း။ ဆောင်းဝင်ပြီဆို မြေစာပုံ ပွပွလေးတွေ ဟိုနားဒီနားက ပေါ်လာတတ်တော့ ဘာကောင် များ ထွက်လာမလဲ ထိုင်ကြည့်တာတောင် ရှိဖူးတယ်။

ရေငင်သုံးတဲ့ ရေတွင်းဆီ ဝေ့ဝေ့လည် ရောက်ပြီး အောက်ဘက်ကို ကြည့်ရတာလည်း အလုပ်တစ်ခုလိုပဲ။ အိမ်နောက်ဘက်က ရေတွင်းကတော့ ခပ်သေးသေး ခပ်တိမ်တိမ်။ ဒီရေတွင်းကတော့ အုတ်ဘောင်နဲ့ ဘာနဲ့ တကယ့် အခိုင်အမာ။ အောက်ခြေကို မြင်ရတာဟာ သရဲကားတွေထဲမှာ ပါတဲ့ ရေတွင်းတွေကို မြင်ရသလို ခုပဲ အောက်ရေပြင်က တစ်ခုခု တိုးထွက်လာတော့မလို။ ရေတွင်းဘောင်ဟာ လက်နဲ့ ထိလိုက်ရင်ကို စိမ့်အေးတာကို ခံစားသိရတယ်။

ရေတွင်းက ခပ်နက်နက်မို့၊ ရေပုံးကလည်း နည်းနည်း ကြီးတာမို့ ကျွန်တော် ရေတစ်ပုံးကို အချိန် နည်းနည်းကြာမှ ဆွဲတင်နိုင်တယ်။ ရေဟာ ကြည်လင်အေးမြလို့။ ရေတွင်းရေဟာ အေးစိမ့် ချိုမြလှတာမို့ နောင်နှစ်များစွာ ကြာတဲ့အထိ ဘယ်လောက် နာမည်ရတဲ့ သောက်ရေသန့်ပဲ သောက်ရပါစေ ကျွန်တော် မမေ့ဘူး။

များသောအားဖြင့်တော့ ရေတွင်းကရေကို အစ်ကိုပဲ ငင်တာများတယ်။ အစ်ကိုဟာ ချိုးရေ သုံးရေ ငင်တယ်။ သူတစ်ယောက်စာ ချိုးရေတင် မဟုတ်၊ ဆရာတို့၊ မမဒါလီတို့အတွက်ပါ ငင်ပေးတယ်။ အစ်ကို့မှာ အမေ မရှိတော့ဘူး။ အစ်ကို ရှစ်တန်းကျောင်းသားဘဝမှာ ဆုံးတယ် ပြောတာပဲ။ လောလောဆယ်တော့ အိမ်မှာ အုပ်ထိန်းသူဟာ ဆရာလို့ အားလုံးက မြင်ပေမယ့် တကယ်တမ်း ကျတော့ စီမံခန့်ခွဲသူဟာ မမဒါလီပဲ။ ခြုံပြောရရင် အေးချမ်းတဲ့ မိသားစုတစ်စုပဲ။ သိပ်လည်း မချမ်းသာသလို ဆင်းရဲနေတာလည်း မဟုတ်၊ ဒါပေမဲ့ သူတို့ကို မြင်ရတာ အလိုလို စိတ်ချမ်းသာရတယ်။ မိသားစုဝင် သုံးဦးကြား နှောင်ထားတဲ့ ကြိုးဟာ သိပ်မြဲမြံတယ်။

အစ်ကိုတို့အိမ်ဟာ မမနွေ့ရဲ့ သင်တန်းအိမ်လည်း ဖြစ်သလို စားအိမ် သောက်အိမ်လို့ဆိုလည်း မမှားဘူး။ သင်တန်းဆင်းချိန် တခြားသူတွေ ပြန်ရင်တောင် မမနွေ့က နောက်ချန်နေရစ်တယ်။ မုန့်အတူစားကြသတဲ့၊ တစ်ခါတလေတော့လည်း တနင်္ဂနွေ ရုပ်ရှင် အတူကြည့်ကြသတဲ့။ ကျွန်တော်ပါ

ပါလာတော့လည်း မမနွေ့ရယ်၊ ကျွန်တော်ရယ် မမဒါလီနဲ့ အစ်ကိုရယ် တီဗွီရှေ့ ရောက်ကြရတာပေါ့ ။

မနက် ၁၀ နာရီစပြီး နေ့ခင်း ၁၂ နာရီ ပြီးတဲ့ သင်တန်းချိန် နောက်ပိုင်းတော့ ဆရာ့ကို ဧည့်ခန်းထဲ တွေ့ရမြင်ရ သိပ်နည်းတယ်။ အပေါ်ထပ် စာကြည့်ခန်းမှာ နေတာများတယ်လို့ မမနွေ့က ပြောပြတယ်။ အပေါ်ထပ်မှာ စာကြည့်ခန်းအပြင် ဆရာ့အိပ်ခန်းရယ်၊ မမဒါလီအိပ်ခန်းရယ် ရှိသတဲ့။ အစ်ကို အိပ်ခန်းကတော့ ဧည့်ခန်းရဲ့ ဘေးမှာ။

သင်တန်းချိန်အတွင်း ဝိုင်းထိုင်လို့ရအောင် ပြင်ပေးထားတဲ့ ခုံတွေရဲ့ တစ်ဖက်မှာ ကြိမ်ဆက်တီဟောင်း တစ်စုံ ချထားတယ်။ အလယ်မှာတော့ ကျွန်းစားပွဲပုတစ်လုံး။ ခုံတွေရဲ့ မျက်နှာလှည့်မူရာက ဇာပဝါပါးလေး အုပ်ထား တတ်တဲ့ တီဗွီ။ တစ်အိမ်လုံးမှာ ကွပ်ပျစ်ကြီးပြီးရင် ကျွန်တော် နောက်ထပ် သဘောကျတာဟာ တီဗွီ ရှိနေတဲ့ အဲဒီ ဧည့်ခန်းပါပဲ။

ဧည့်ခန်းထဲမှာ ကျွန်တော် စိတ်ဝင်စားရာ နောက်တစ်ခုက စန္ဒရားပဲ။ အစ်ကို တီးပြတတ်တဲ့ မဟော်ဂနီရောင် စန္ဒရားပဲ။ စန္ဒရားဟာ ဧည့်ခန်းထောင့်မှာ ရှိတယ်။ ပြတင်းပေါက်အနီးမှာ ရှိတယ်။ ခန်းဆီးစလေးတွေ လွင့်နေတဲ့ မြင်ကွင်းကို ဘေးတိုက်ပြုလို့ ထိုင်ခုံထက် သက်သောင့်သက်သာဟန်နဲ့ အစ်ကို ထိုင်ပြီး စန္ဒရားတီးပုံဟာ အတော်ကြည့်ကောင်းပါတယ်။ ရုပ်ရှင်ထဲမှာ ပြီးရင် ပြင်ပမှာ ကျွန်တော် ဦးဆုံး မြင်ဖူးတဲ့ စန္ဒရားတီးသူဟာ အစ်ကိုပဲ။

စနေ၊ တနင်္ဂနွေ နေ့တိုင်း မဟုတ်ပေမဲ့ စိတ်လိုလက်ရ ရှိတိုင်းတော့ ကျွန်တော်တို့ တောင်းဆိုတဲ့အခါ စန္ဒရားတီးမြဲ တီးပြတတ်တယ်။ နားဆင်သူ ပရိသတ်ကတော့ တီဗွီကြည့်ဖို့ရယ်၊ စာဖတ်ဖို့ရယ်ပဲ စိတ်အားထက်သန်ပြီး သီချင်းတို့ ဘာတို့မှာ အာရုံသိပ်မရှိတတ်တဲ့ မမဒါလီမပါ၊ မမနွေ့ရယ်၊ ကျွန်တော် ရယ်ပဲ။

အဲဒီလို အခါမျိုးဆိုရင် သင်တန်းသားတွေ ပြန်ချိန်မို့ အသံဗလံ ဆိတ်ဆိတ်ငြိမ်သွားတဲ့ ဧည့်ခန်းမှာ ကျွန်တော်တို့ နှစ်ဦးဟာ စကားလေးတစ်ခွန်းတောင် မဆိုဘဲ အစ်ကို့လက်ချောင်းတွေ လှုလှုပပ ပြေးလွှားနေပုံကို စူးစိုက်ကြည့်ပြီး ဂီတသံကို နားဆင်ကြတယ်။ မမနွေ့ စိတ်မှာတော့ ဘယ်လိုရှိမယ် မသိ။ ကျွန်တော့်မှာတော့ လှိုင်းစီးနေရသလိုပါပဲ။

တစ်ရက်မှာ အစ်ကို တီးတဲ့ တေးသွားဟာ ကျွန်တော် မကြားဖူးသေးတဲ့ တေးသွားအသစ်။ အရင့်အရင် တေးသွားတွေနဲ့ မတူသလို ကျွန်တော့်စိတ်ထဲ

တစ်မျိုးမို့ တေးသံ ဆုံးဆုံးချင်း "ဒီသီချင်းက လွမ်းစရာ ကောင်းတယ်နော်" ပြောမိတော့ မမနွေက "အံမယ် လွမ်းစရာလို့ ပြောတတ်ပြီ" တဲ့။ မမနွေရဲ့ မျက်နှာမှာ ခုတစ်လော တွေ့ရတတ်တဲ့ အပြုံးကြည်လေးနဲ့။

အစ်ကိုကလည်း အပြုံးရိပ်နဲ့ ငဲ့ကြည့်တယ်။

"ဒီသီချင်းကို သိလား မြတ်မော်"

"ကျွန်တော် အခုမှ ကြားဖူးတာ အစ်ကိုရ"

"ဒီသီချင်းက ဒေါက်တာဇီဗားဂိုး ရုပ်ရှင်ကားထဲက ဇာတ်ဝင်သီချင်း၊ အဖေတို့ တအားကြိုက်ခဲ့တဲ့ ရုပ်ရှင်ပေါ့၊ သီပေါမှာ ရုံတင်တော့ သုံးပွဲလောက် ဆက်တိုက်ကြည့်ခဲ့တာတဲ့၊ အဖေက သူများလို ရုပ်ရှင်ထက် နောက်ခံ တေးဂီတကို ပိုကြိုက်ခဲ့တယ်တဲ့၊ သီချင်းခေါင်းစဉ်က Somewhere my love ၊ တစ်နေရာရာမှာပေါ့ အချစ်ရယ်တဲ့၊ မလှဘူးလား"

"လှတယ်"

မမနွေ မကြာမကြာ ဆိုပြတဲ့ "ပြန်လည် ဆုံစည်းကြမယ် အချစ်ရယ်" ကိုတောင် ကျွန်တော် သတိရလာမိတယ်။ သီချင်းခေါင်းစဉ်တွေ၊ ဝတ္ထု ခေါင်းစဉ်တွေဟာ သိပ်လှကြတာပဲ။ ဘယ်လိုများ ပေးလိုက်ကြပါလိမ့်။ ကျွန်တော် ဟာ ခုတစ်လော စာစီစာကုံးလိုလို၊ ဝတ္ထုလိုလို စာလေးတွေ စမ်းရေးတတ်လာပေမယ့် ခေါင်းစဉ်ပေးတဲ့ နေရာကျတော့ သိပ်ညံ့ပြန်တာပဲ။ ခေါင်းစဉ်မရှိဘဲ ပစ်ထားတဲ့ စာတိုတွေ ဆိုတာလည်း မနည်းလှဘူး။

"ဒီသီချင်းလည်း အဖေ တီးပြလို့၊ အဖေ သင်ပေးလို့ တီးတတ်နေတာ၊ အဖေ တီးပြရင် ပိုနားထောင်လို့ ကောင်းသေးတယ်"

"ဆရာ တီးပြရင် ကောင်းမှာနော်၊ နွေဖြင့် ဆရာ တီးပြတာကို နားမထောင်ရတာ ကြာပြီ"

အစ်ကိုဟာ စန္ဒရားခလုတ် မည်းလေးတစ်ခုကို ဆတ်ခနဲ နှိပ်ချလိုက်တော့ ကျွန်တော့်နားထဲ ဒုံခနဲ မြည်တဲ့ အသံအိုတစ်သံ ထွက်လာတယ်။

"အဖေ ဘယ်တီးတော့မလဲ၊ တခြားသီချင်း တီးရင်တီးမယ်၊ ဒီသီချင်း တီးမှာမဟုတ်ဘူး၊ အစ်ကို့ကိုတော့ မတီးနဲ့ မပြောပါဘူး၊ သူ့ဘာသာပဲ မတီးတာ"

ဘာလို့လဲ…ဘာလို့လဲ။

မမနွေဟာ အစ်ကို့ကို ဘာလို့လဲ မမေးဘူး။ ကျွန်တော့်မှာတော့ လည်ချောင်းဝက မေးခွန်းကို မျိုမချသာတဲ့ အဆုံး "ဘာလို့လဲ" မေးချလိုက်ရတယ်။

"အစ်ကို့အမေ ရှိတုန်းက အမေ့ကို အဖေ တီးတီးပြနေကျ သီချင်းမို့လို့ပေါ့ မြတ်မော်၊ ခုနက ပြောဖို့ ကျန်သွားတာက အမေ ကြည့်ချင်လို့ ဒီဇာတ်ကားကို အဖေ သုံးခါစလုံး အတူလိုက်ကြည့်ခဲ့ရတယ် ဆိုတာပဲ၊ အဖေ ဒီသီချင်း ရကတည်းက တစ်ပတ်ကို အနည်းဆုံး တစ်ခါ၊ နှစ်ခါလောက် တီးပြတတ်တာ၊ အဖေကလည်း အတီးကောင်း၊ အမေကလည်း အဆိုကောင်း၊ အမေ့အသံက အင်္ဂလိပ်သီချင်းဆိုဆို၊ ဗမာသီချင်းဆိုဆို နားထောင်လို့ သိပ်ကောင်းတာ"

အစ်ကိုက သင်တန်းချိန်တွေမှာ အကူဆရာအနေနဲ့ သင်တတ်သလို လေအေးအေးနဲ့ပဲ ရှင်းပြတယ်။

"နွေ နားထောင်ဖူးတယ်၊ ကြီးကြီးက ဒီစန္ဒရားခုံလေးနားမှာ ရပ်ပြီး ဆိုတာနော်၊ နွေဆို ကြီးကြီး သီချင်းဆိုတဲ့ အချိန်ရောက်လာရင် တအားပျော်တာပဲ၊ မြတ်မော်ရဲ့၊ မမ ကြိုက်တဲ့ ပြန်လည် ဆုံစည်းကြမယ် အချစ်ရယ်ကိုလည်း ကြီးကြီးက စန္ဒရားနဲ့ဆိုတယ်၊ နောက်ပြီး ချစ်အားငယ်ရသူမယ်တို့၊ ငှက်တေလေတို့ အများကြီးပဲ၊ ပြောရင်း လွမ်းတောင် လွမ်းလာတယ် တကယ်"

အစ်ကိုနဲ့ မမနွေဟာ ကျွန်တော် မသိမမီလိုက်တဲ့ အချိန်ကာလနဲ့ လူတစ်ယောက်အကြောင်းကို လွမ်းလွမ်းဆွတ်ဆွတ် ပြောနေကြတယ်။

နံရံထက်ကို မော့ကြည့်တော့ ကျက်သရေရှိလှတဲ့ အမျိုးသမီး တစ်ယောက်ရဲ့ဓာတ်ပုံကို ကျွန်တော် တွေ့ရတယ်။ အဖြူ၊ အမည်း ဓာတ်ပုံ။ တစ်ပုံကတော့ တစ်ယောက်တည်း။ နှင်းဆီပွင့်ကြီးတွေ ပါတဲ့ထဘီ၊ ပခုံးတင်ရဲ့ လက်နဲ့ လည်ထောင် ရင်ဖုံး မြန်မာအင်္ကျီ ဝတ်ထားတယ်။ ဆံပင်ကို ကျစ်ဆံမြီး နှစ်ဖက်ခွဲကျစ်ပြီး ပြန်ခွေထားတယ်။ ပန်းပန်မထားဘူး။ နှုတ်ခမ်းဆိုးဆေး သုံးထားတဲ့ နှုတ်ခမ်းတွေက ကွေးညွတ်ပြုံးလို့။ နွဲ့နွဲ့နှောင်းနှောင်း ရပ်လို့၊ ခေါင်းထက်မှာ ပန်ဖို့ပြင်ရာက မပန်ဖြစ်တာလား၊ ဒီအတိုင်းသတ်သတ် ယူလာတာလား မသိတဲ့ နှင်းဆီတစ်ပွင့် ကိုင်လို့။

ဘေးက ဓာတ်ပုံကတော့ တစ်နေ့တည်းပဲ ရိုက်ခဲ့ပုံရတဲ့ မောင်နှံစုံ ဓာတ်ပုံပါ။ ဆရာဟာ ပုဆိုးနဲ့ တိုက်ပုံနဲ့ သပ်ရပ်ခံ့ညားလို့၊ ဖနိုးနဲ့လည်း အတော်လိုက်ဖက်ပါတယ်။ တတိယမြောက် ဓာတ်ပုံကတော့ အချိန်ကာလ

ပြောင်းခါမှ ရိုက်တဲ့ပုံ ဖြစ်လိမ့်မယ်။ ဓာတ်ပုံထဲမှာ ဆရာတို့ ဇနီးမောင်နှံဟာ စောစောက ပုံထဲကထက် အသက်ရနေပြီ။ ဆရာ့ဘေးမှာ အစ်ကိုက ရပ်လို့၊ ဆရာ့ဇနီးဘေးမှာတော့ မမဒါလီ။

"ဒီအိမ်ကို စရောက်ဖူးတော့ နွေ့အသက် ဘယ်လောက်ပဲ ရှိသေးလဲ အစ်ကို မှတ်မိလား"

အစ်ကိုက ခေါင်းခါတယ်၊ ရယ်မောလိုက်သေးတယ်။ ပြီးတော့မှ "ယောက်ျားလေးတွေက အဲဒီလို မှတ်တဲ့နေရာမှာ မိန်းကလေးတွေကို မမီဘူးဗျ" တဲ့။ မမနွေ့က ပြုံးရယ်ရင်း စကားဆက်တယ်။

"ငွေ့အသက် အဲဒီတုန်းက ခုနစ်နှစ်ပဲ ရှိသေးတာ၊ နွေ့က ဖေဖေနဲ့ ဝင်လာတော့ စန္ဒရားသံကို စကြားရော၊ အရင်က ဘဝမှာ စန္ဒရားဆိုတာလည်း မသိဘူး၊ စန္ဒရားသံလည်း မသိဘူး၊ ပထမဦးဆုံး ကြားရတဲ့ စန္ဒရားသံကို နွေ့ သိပ်အံ့ဩခဲ့တာ အစ်ကို သိလား"

မမနွေ့ရဲ့ မျက်လုံးလေးတွေဟာ အဝေးကို ပျံ့တဲ့ ငှက်ကလေးတွေ နောက် လိုက်ပါတော့မလိုပဲ လွင့်လို့ ဝေလို့။

လှုပ်ယိမ်းနေတဲ့ ခန်းဆီးစလေးတွေကို ကြည့်ပေမယ့် မမနွေ့ တကယ် မြင်ရဲ့လား။ ကျွန်တော့်မှာတော့ ဘယ်အရာကိုမှ မမြင်၊ မမနွေ့ရဲ့ စကားလုံးတွေနောက် တလိမ့်လိမ့် မျောလို့ပါပဲ။

❀

နွေ့ပုံရိပ် (၂)

သီပေါအိမ်မှာ နေထိုင်သည့် ရက်အချို့ ကုန်လွန်ပြန်တော့ ကလေးမလေး နွေသည် တစ်ရက်တုန်းက ငိုရှိုက် အားငယ်ဖူးတာ မဟုတ်တော့သလိုပင် ရွှင်လန်းခြင်း ရှိလာပြန်သည်။ မယ်မယ့်အတွက်တော့ အကယ်စင်စစ် ရွှင်လန်းခြင်းလား၊ စိတ်ချမ်းသာစေရန် လုပ်ယူခြင်းလားဟု စူးစမ်းရသည့်အလုပ်တစ်ခု ပိုလာသည်။

ဘာပဲဖြစ်ဖြစ် နွေတစ်ယောက် စာအုပ်များနှင့် ငြိမ်နေလျှင် စိတ်ချမ်းသာရသည်။ ဖေဖေ့အပေါ် အနည်းငယ် စိမ်းသေးပေမယ့် မယ်မယ့်အပေါ်တော့ တိုးကပ်တွယ်တာပုံ ပြလာတာ စိတ်ချမ်းသာရသည်။ ကိုလေးအပေါ် အစ်ကိုရင်း တစ်ယောက်လို ဆက်ဆံတတ်လာပုံကို စိတ်ချမ်းသာရသည်။

ညညများတွင် ပြတင်းအနီး ထိုင်ပြီး ကြယ်ကလေးများကို ကြည့်ကာ ကြည့်ကာ နွေ ငေးငိုင်တတ်ကြောင်းတော့ လူကြီးများ မသိ။ စာကြည့်ရင်း စက္ကူများပေါ် အိမ်ဟောင်းကလေး၏ ရုပ်ပုံများ ဆွဲဆွဲနေတတ်ပုံကိုလည်း လူကြီးများမသိ။ ခန်းဆီးလေး လှပ်ဖွင့်လိုက်သော အခန်း၏ ပြင်ပမြင်ကွင်း လူကြီးသူမ ရှေ့မှောက်မှာတော့ အမှန် ပျော်ပုံပြသည့် နွေအိမ် ဖြစ်လာခဲ့ပြီ။

နေ့ရက်များသည် တအိအိပင် ရွေ့လျားသွားကြသည်။ ရွက်ဆုတ် ပြက္ခဒိန်မှ စာရွက်လေးများ တစ်ရွက်ပြီးတစ်ရွက် ဆုတ်ယူရသည်။ သီပေါ၏ မိုးကောင်းသော နေ့ရက်များ။

ခြံထဲတွင် မိုးရိပ်မိုးငွေ့ သောက်သုံးရသော သစ်ပင်၊ ဝါးပင်များမှအစ မြက်ပင်အဆုံး အစိမ်းရောင်ဝတ်ရုံကို ဆင်ထားကြသည်။ နဂိုက ခြံထဲ ဆင်းလျှက် ဆော့ကစားခြင်း မလုပ်တတ်သော နွေတစ်ယောက် မြက်ပင်ကလေးများ၊ အလေ့ကျ တောပန်းကလေးများနှင့် အလုပ်ရှုပ်ကာ ကလေးသဘာဝ ပြန်ပေါ်သလို ရှိလာပြီ။ နွေ မပျော်နိုင်သေးသော ကျောင်းသို့လည်း သွားရန် မလိုတော့ပြီလေ။

တစ်ရက်တွင် ဆရာမသည် စာသင်ခန်းထဲ ဝင်လာလျှင် ဝင်လာချင်း နွေတို့ အတန်းသားများအား "တအားမအော်ကြနဲ့နော်၊ ဆရာမပြောစရာရှိတယ်" ဟု စကားစလာသည်။ ဆရာမ၏ မျက်နှာမှာ သိပ်မသာယာ။ "မအော်ပါဘူး" ဟု ကတိအထပ်ထပ် ပေးကြသည့်အခါ ဆရာမက သက်ပြင်း တစ်ချက် ရှိုက်ငင်၏။

“ဒီနေ့က စပြီး ကျောင်းလာစရာ မလိုတော့ဘူး၊ ကျောင်းပြန်ဖွင့်ပြီလို့ ကြေညာမှ ပြန်တက်ရမယ်”

တစ်ခဏချင်းမှာပင် ဟေးခနဲ အသံမှာ ညံသွားတော့သည်။ နွေ့အသံ စူးစူးလေးလည်း ပါသည်။ ပျော်လိုက်တာ၊ ပျော်လိုက်တာ။ အိမ်မှာ နေရတော့မယ်၊ စာတွေ ဖတ်ရတော့မယ်။ နွေအပါအဝင် ကလေးတစ်သိုက်၏ ဝမ်းသာအားရ ဟိုမှ ဒီမှ စာစာ စာစာ ထွက်လာသော အသံတို့မှာ စည်လှည့်လှ၍ ဆရာမက ထပ်သတိပေးရသည်။ နောင် နှစ်အတန်ကြာသည့်အခါ ကျောင်းတံခါး ပိတ်ခြင်းသည် ဝမ်းနည်းဖွယ် ဖြစ်ရပ်များ၏ ရှေ့ပြေးနိမိတ်ဖြစ်ခဲ့ကြောင်း နားလည်လာသော်လည်း ထိုစဉ်ကတော့ နွေသည် ကိုလေး၏ စက်ဘီးနောက်ခုံမှာ ပျော်ရွှင်ပေါ့ပါးလျက် အိမ်အပြန် လိုက်ပါလာသည်။

“ကိုလေး၊ ကျောင်း ဘာလို့ ပိတ်တာတဲ့တုံး”

“ဘယ်သိမလဲဟ၊ အခုမှ ဆရာမတွေ ပြောလို့ သိတဲ့ဟာ၊ ကိုကြီးကတော့ ပြောနေတာ ဟိုတစ်နေ့ကတည်းကပဲ၊ အခြေအနေမကောင်းဘူးတဲ့၊ ဘာအခြေအနေမှန်းလည်း မသိဘူး၊ ကိုကြီး အပြင် ခဏခဏ သွားလို့ဆိုပြီး အမေတောင် စိတ်တွေပူလို့”

“နွေတို့မယ်မယ်ကို မေးရင်ရော”

“မေးမနေနဲ့၊ ကျောင်းပိတ်တာ မကောင်းဘူးလား၊ ငါတို့ အဂုဆော့မှာပေ့ါ”

“နွေတို့ နေ့တိုင်း စာအုပ်ဆိုင် သွားမယ်နော်၊ ကံ့ကော်ရိပ်ကိုလေ၊ နွေလေ...နွေ ကျောင်းမတက်ရမချင်း စာဖတ်မှာ”

“အေးပါ၊ သွားမယ်၊ နေ့တိုင်း သွားမယ်”

“နွေလေ သီတာ့ကိုလည်း အိမ်အလည်လာဖို့ ခေါ်ထားတယ်၊ နွေတို့ အဂုတ်ရုပ်ကလေးတွေနဲ့ အရုပ်တမ်း ဆော့ကြမလို့”

“ငါလည်း ဖိုးဇော်တို့အိမ် လာလည်မယ် ပြောထားသေးတယ်”

တကယ်တမ်းတော့ ကိုလေးရော နွေပါ အိမ်ကူးခွင့်၊ သူငယ်ချင်း မျှော်ခွင့် မရခဲ့ကြပေ။ သီတာတို့အိမ်နှင့် နွေတို့ခြံသည် သိပ်မဝေးလှ။ အရင့်အရင်ကလည်း လာလည်နေကျ ဖြစ်ပါလျက် လူကြီးများက ဘာကြောင့်ရယ်မသိ ပူပန်ကာ အိမ်ကူးခွင့် မပေးပါတဲ့။ မမခမ်းဆီက သတင်း

သိရတော့ နွေမှာ ပုံအားသင့်ရသည်။

"သီတာ မလာတော့ဘူးပေါ့နော်" ဟု တိုးတိုးလေး ရွတ်ကာ ခြံထဲမှာပဲ စာဖတ်နေရသည်။ စာအုပ်ဆိုင်လည်း မသွားနိုင်၍ စာအုပ်ဟောင်းများကို အဖော်လုပ်ရသည်။ တစ်ယောက်တည်း မြက်ပင်၊ တောပန်းပင်ကလေး များနှင့် ဆော့သည့်အခါ ဆော့ရသည်။

မယ်မယ်တို့ လူကြီးများသည် စာအုပ်ဆိုင်၊ ရုပ်ရှင်ရုံ၊ လက်ဖက်ရည်ဆိုင် စသော နေရာများဆီ နွေတို့ကို မခေါ်ဘဲ သွားနေသလားမသိ။ သူတို့ချင်း ကျိတ်ကျိတ်ကျိတ်ကျိတ် ပြောဆိုကာ မကြာခဏ ပျောက်ပျောက်သွားကြ သည်။ အိမ်မှာ လူကြီးများ စကားဝိုင်းဖွဲ့လျှင် နွေတို့ကလေးများက ခြံထဲမှာ ဆင်းနေရတာ များသည်။

ရံဖန်ရံခါတော့ အိမ်မှာ လူစိမ်းသူစိမ်း ဧည့်သည်များပင် ရောက်လာ ကြသေးသည်။ ဖေဖေ့မိတ်ဆွေ၊ ဘဘတို့ မိတ်ဆွေ၊ တစ်ခါတလေ ကိုကြီးနှင့် သူငယ်ချင်းများ။

တစ်ရက်တော့ ညဘက် ဧည့်ခန်းမှာပင် အိမ်တံခါးမကြီး စေ့စေ့ပိတ်လျက် လူကြီးများ စကားဝိုင်းဖွဲ့ကြလျှင် နွေသည် ဆံပင်ကော့ကော့၊ ပန်းရောင် အသားအရေရှိသော၊ ဂါဝန် အတိုလေး ဝတ်ထားသော ကော်ရုပ်ဝဝလေးကို ပွေ့ဖက်လျက် ဧည့်ခန်းထောင့်မှာ မျက်လုံးအဝိုင်းသားနှင့် ငြိမ်နေခဲ့သည်။ အနီးမှာ သူ့လိုပင် ငြိမ်ကုပ်နေသော ကိုလေးကို အဖော်ပြုလျက်။

ဖေဖေတို့နှင့် အတူရှိနေသော ဧည့်သည်မှာ ကိုလေး ဆိုပြ၍ နွေပင် ရနေပြီဖြစ်သော "ရှမ်းရိုးမက အိုးစည်သံ၊ ဗေဗေထုံလို့ ညံ၊ ကကြိုးကဟန် ကိန္နရာမာန်၊ တိုးနယား ဘယ်ညာရံ" စာသားပါ တေးသီချင်းကို ရေးသားသူ ဖြစ်ပါသတဲ့။ ကိုလေးက တီးတိုးပြောပြ၏။

"ကိုရဲအောင်ရေတဲ့၊ ကျောင်းသားလေးတွေ ဒီလိုဒီလိုပဲတဲ့၊ ကျောင်းသားလေးတွေ လာရင် ကျည်ဆန်တစ်ယောက် တစ်တောင့်ပဲဆိုတာ ကြားနေတာတဲ့၊ ကျွန်တော့်ကို လာပြောကြတယ်၊ ကျွန်တော်လည်း ဒီတိုင်းဆိုရင် မဖြစ်ဘူး၊ လုပ်ချင်လုပ်မှာ ပြောမရဘူး၊ ရှေ့ကနေ မားမားမတ်မတ် ရပ်ရင် နည်းနည်း လက်တွန့်မယ်ပေါ့၊ ပစ်ရင်လည်း ပစ်ပေါ့လေ၊ မတတ်နိုင်ဘူး၊ ကျောင်းသားတွေကတော့ အလံနဲ့ဘာနဲ့ မဟာမြတ်မုနိဘုရားကြီးကနေ ဆင်းလာတာ၊ လေးဆယ်လောက် ရှိတယ်၊ ကျွန်တော်လည်း ဝင်လိုက်တာပေါ့၊ အိမ်ကလည်း မလုပ်နဲ့ပေါ့၊ ကျွန်တော်က ကလေးတွေကို အစတေးမခံနိုင်ဘူးလို့၊ လိုက်မယ်လို့၊ သူတို့လည်း အားရှိသွားတာပေါ့၊ နောက် ဘုရားကြီးကနေ

ရေပေါ်ကျောင်းသွားတော့ ဟိုကပါလာ ဒီကပါလာ ခင်ဗျားတို့ မြင်တဲ့အတိုင်း လူ တစ်ရာလောက်ရှိနေပြီလေ၊ ခင်ဗျားတို့၊ ကျွန်တော်တို့ ပြောရတယ် မဟုတ်လား ဝင်မပါရဲသေးတဲ့သူတွေကို၊ မင်းတို့တွေ ဒီမှာ ကျောင်းသားလေးတွေ လုပ်နေပြီ တွေ့လား၊ ဒီမိုကရေစီ အသီးအပွင့်ဖြစ်လာမှ အလုအယက် မလုပ်နဲ့လို့၊ ငါတို့က တစ်ပါတီ အာဏာရှင်စနစ်ကို တိုက်တာ၊ စစ်တပ်ကို တိုက်တာမဟုတ်ဘူး၊ စနစ်ကို တိုက်တာလို့၊ မြို့ထဲရောက်တော့ လူ လေး၊ ငါးရာ ဖြစ်နေပြီ”

“နောက်ကျတော့လည်း တစ်ပတ် ဆယ်ရက်ပဲ ကြာတယ်ဗျာ၊ လူလေး၊ ငါးထောင် ဖြစ်လာတာ၊ တောပိုင်းက ပါလာတော့ သောင်းချီသွားတာပဲ”

ညွှ့်သည်ဦးလေးကြီးကို စကားတုံ့ပြန်သော ဖေဖေ့လေသံမှာ ကြားနေကျအသံနှင့်ပင် မတူသလို အနည်းငယ်မာလျက် ရှိသည်။ ထိုင်နေရာက နွေ လှမ်းကြည့်တော့ ဖေဖေ့နောက်ကျော၊ ဘဘနောက်ကျော၊ ဦးရဲအောင် ဆို သော ဧည့်သည်ဦးလေးကြီး၏ မျက်နှာတို့ကို တွေ့နေရသည်။ ဖေဖေတို့ မျက်နှာကိုသာ မြင်ရမည် ဆိုလျှင်တော့ ထိုဦးလေးကြီးလိုပဲ နွေတို့ကလေးများ စိတ်အလို မကျချိန် ဖြစ်တတ်သလို တင်းမှုန်နေတာ တွေ့ရလိမ့်မည် ထင်သည်။

နွေသည် ခုတစ်လော တစ်စုံတစ်ရာကို တွေးတော စိုးထိတ်နေသလို မြင်ရတတ်သော မယ်မယ့်မျက်နှာကို အမှတ်ရသည်။ နွေနှင့် ကိုလေးကလွဲ၍ တစ်အိမ်လုံးမှာ မြင်ရတတ်သော မျက်နှာ။

အသံကလေးတစ်ချက်ပင် မထွက်၊ လှုပ်ရှားမှုလေး တစ်ခုမျှ မပြုဘဲ နွေတို့ ငြိမ်နေခိုက်မှာပင် စကားသံက လွင့်ပျံ့လျက်။

“အေးလေဗျာ၊ ဒီလောက် လူများလာတော့ ဦးနှောက် သုံးရပြီ၊ စစ်တပ်နဲ့ ရဲနဲ့ ပြဿနာဖြစ်လို့ မရဘူး၊ ရွာကလည်း နည်းတာ မဟုတ်ဘူး၊ ပလောင်ရော၊ ရှမ်းရော လူမျိုးပေါင်းစုံပဲ၊ အင်အားက ကောင်းလိုက်တာဗျာ၊ အခု ပြောရင် အခု ပြန်မြင်ယောင်တယ်၊ ကျောက်မဲ၊ တောင်ကြီး၊ လားရှိုးကပါ ရောက်လာတဲ့ သူတွေတောင် ရှိတယ်မဟုတ်လား၊ ရဟန်းပျိုတွေလည်း ပူးပေါင်းလာတာ၊ ကိုင်း-ဒီလောက် လူအင်အားများလာတော့ ကျွန်တော်တို့ သပိတ်စခန်းကို ရဲလည်းခေါ်၊ စစ်တပ်လည်း ခေါ်ရတာ နော့၊ ငါတို့ ဘယ်နေ့ ဘယ်ကို ချီတက်မယ်၊ ဘယ်ကို လာရမယ်၊ ဘယ်ကိုမလာရဘူး ပြောပေါ့၊ သူတို့ မလာပါနဲ့ ပြောတဲ့နေရာတော့ မသွားဘူးပေါ့၊ ကျွန်တော်တို့ဘက်က ငြိမ်းငြိမ်း ချမ်းချမ်းပဲ ဆန္ဒပြတယ်၊ ခဲတစ်လုံး မကျဘူး၊ တုတ်တစ်ချောင်း မပစ်ဘူး”

အိမ်အပြင်ဘက်တွင် မိုးမှုန်မှုန်လေး ကျ၍ နေသည်။ စက်တင်ဘာ

နောက်ဆုံးပတ်သို့ ဝင်ခဲ့ပြီ။ မိုးနှောင်းမိုးသည် လက်ကျန်ရှိသမျှသော မိုးစက်ပွင့်တို့ကို ကမ္ဘာမြေပေါ် သွန်ချလျက်ရှိပြီ။ နွေသည် ပြတင်းတံခါးများ ပိတ်ရလေမလား တွေး၏။ သို့သော် ထိုင်ရာက ထမိလိုက်လျှင် "ဒီကလေး ဝေးဝေးနေစမ်း" ဟု ဖေဖေ ဖြစ်စေ၊ ဘဘ ဖြစ်စေ လှမ်းပြောလိုက်မှာ ပူနေသည်။

"ကိုလေး" ဟု လေသံတိုးတိုးနှင့် ခေါ်တော့ "တိတ်တိတ်နေ" ဟု ဟန့်တားကြုံရသည်။

"အခုတော့လည်း အားလုံးပြီးသွားပြီ၊ ရုပ်ရှင်တွေမှာလို ဆိုရင်တော့ ဂမ်းနည်းစရာ ဇာတ်သိမ်းကြီးပေါ့ဗျာ"

ဖေဖေ့စကားသံသည် တုန်ခိုက်သော လှိုင်းနုကလေးများဖြင့် သူတို့အနီးသို့ လွင့်လာပေသည်။

"ကျွန်တော်လေ ဘုရားကြီးဝင်းအပြင်မှာ စုခဲ့ ဆုံခဲ့ကြတဲ့ မျက်နှာတစ်ခုချင်းစီကိုတောင် မြင်ယောင်ပြီး ညည အိပ်လို့ မရဘူးဗျာ၊ ကျွန်တော်တို့ မျှော်လင့်ခဲ့သမျှလည်း ဘာမှ ဖြစ်မလာခဲ့ဘူး"

"ဖြစ်မလာဘူးတော့ မပြောနဲ့ ကိုထွန်း၊ တစ်နေ့နေ့တော့ ဒါဟာ ကျွန်တော်တို့ မျိုးဆက်တွေ နေရမယ့် ခေတ်အတွက် အုတ်မြစ်တစ်ခုလည်း ဖြစ်ရင် ဖြစ်သွားမှာပါ၊ သစ်ပင်စိုက်သလိုပေါ့ဗျာ၊ ကိုယ်ရှိနေတုန်း သီးမလာဘူး၊ မစားလိုက်ရဘူး ဆိုရင်တောင် နောင် ကလေးတွေ ခေတ်ကျ အပွင့်တွေ၊ အသီးတွေ ဝေနေမယ်ဆိုရင် မကောင်းဘူးလား"

"ဒီလိုပဲ တွေးရမှာပေါ့ ကိုရဲအောင်၊ အေးဗျ၊ စကားကောင်းနေတုန်း ဖြတ်ပြောတယ်လည်း မထင်နဲ့ဦး၊ ဒီတစ်ရက် နှစ်ရက်တော့ အစ်ကိုကြီးတို့၊ ကိုရဲအောင်တို့ သတိဝီရိယနဲ့ နေကြပါ၊ ကျွန်တော့်စိတ်ထဲမှာ ဖမ်းတော့မယ်ချည်း ထင်နေတာပဲ၊ ဆရာဦးတင်ဟန်လည်း သတိပေးဦးမှပဲ"

အပြင်လောကကမ္ဘာ၏ နက်မှောင်သော အပြောင်းအလဲကို မသိတတ်ခဲ့သော နွေသည် စာအုပ်ဆိုင်ဆီ ပြန်သွားခွင့်ရသော တစ်နေ့မှာ အမှန်ပင် စိတ်လက် ရွှင်ပျနေခဲ့သည်။ ကိုလေးက လေကလေး တချွန်ချွန်၊ နွေက တပြုံးပြုံး၊ လမ်းမများထက် သွားလာနေကြသူများ၏ ရွှင်လန်းပေ့ါပါးခြင်း အလျှင်းကင်းသော၊ တစ်စုံတစ်ရာ ချုပ်နှောင်ခံထားရသလို သတိအနေအထား ရှိနေသော ရုပ်သွင်များကို နွေတို့ မရိပ်မိ။

မိုးနေ့ရက်များသည် မီးခိုးရောင် မိုးတိမ်မျှင်တို့ တအိအိ ရွေ့လျားသလိုပင် နွေတို့ဝန်းကျင်မှ လွင့်ပျောက် ကုန်ဆုံးသွားသည်။

နေကြာရိုင်းတို့ ဝင်းဝါဝါ ရွှေရည်လောင်းသော ဆောင်းရာသီ ရောက်ပြီ။

ထိုနှစ်က ဆောင်းတစ်ညနေတွင် ဖေဖေနှင့်အတူ အိမ်တစ်အိမ်ဆီ အလည်အပတ် ရောက်ခဲ့ရတာ နွေ ကောင်းစွာ မှတ်မိသည်။ ဖေဖေ့ စက်ဘီး ကယ်ရီယာခုံနောက်တွင် ပထမဆုံး ထိုင်ဖူးသော နေ့လည်း ဖြစ်သည်။ ဖေဖေ့ မိတ်ဆွေအိမ်သည် နွေတို့အိမ်နှင့် သိပ်မဝေးလှ။ လမ်းမတန်းမှ ဖဲ့ဆင်းပြီး ဘီးကလေး အနည်းငယ် လိမ့်လိုက်လျှင်ပင် ကျယ်ဝန်းသော ခြံ၏ တံခါးဝသို့ ရောက်ပြီ။ သီပေါက ခြံများစွာလိုပင် တံခါးမှာ စေ့ရုံသာ စေ့ထား၍ တွန်းဖွင့် ဝင်ကြရသည်။

နွေသည် စက်ဘီးကယ်ရီယာပေါ်က ဆင်းကာ ဘီးတွန်းနေသော ဖေဖေ့နောက်က ခပ်ဖြည်းဖြည်း လျှောက်ဝင်လာသည်။ စူးစမ်းလက်ပသော မျက်လုံးလေးများသည် မိုး၏ စိမ်းလန်းခြင်း အငွေ့အသက် မကုန်သေးသော ခြံဝန်းကျင်တွင် ဝေ့ဝေ့လည်လျက်။ ဆောင်းဦးလေ နွဲ့နွဲ့တိုးတော့ သစ်ရွက် သစ်ခက်ကလေးများ တဆတ်ဆတ် ခုန်နေကြသည်။

“ဆရာရေ၊ ဆရာဦးတင်ဟန်” ဟု အိမ်ရှင်ကို ခေါ်ဝေါ်အသံပြုရင်း မြေပြင်ညီတွင် ဖေဖေက စက်ဘီးရပ်ကာ ဒေါက်ထောက်လိုက်သည်။

ညနေစောင်းသထက် စောင်းလျှင် အအေးပိုလာတော့မည်မို့ ထပ်ဝတ် ရမည့် ခေါင်းစွပ်၊ ဆွယ်တာအင်္ကျီကို စက်ဘီးရှေ့ခြင်းထဲက နွေ လှမ်းယူ၏။ ဖလန်နယ် ဘောင်းဘီရှည် တစ်ပါတည်း ဝတ်လာတာမို့ ခြေထောက်များကမူ တော်ရုံနှင့် အေးလိမ့်မည်မဟုတ်။ ဘောင်းဘီရှည် အကွက်၊ ပိတ်ပါးစ အပွင့်စိပ်စိပ် အင်္ကျီလက်ရှည်နှင့် နွေ့အသွင်အပြင်သည် ရှာက လိုက်လာတုန်းက ရုပ်ကလေးနှင့် ခြားနားစပြုခဲ့ပြီ။ လည်ကုပ်တွင် ထိကပ်နေသည့် ဆံပင်လေးများကိုမူ နွေ အရှည်ထားခွင့်မရသေး။ အလယ်တန်းကျောင်းသူဘဝ ရောက်မှ အရှည်ထားခွင့်ပေးမတဲ့။

သို့သော်လည်း အလယ်တန်း တက်ရဖို့ နေနေသာသာ မူလတန်းနေ့ရက်များပင် တစ်ဖန်အစမပြုသေးပေ။ “နောက်တစ်နှစ်ကျတော့မှ ပြန်ဖွင့်တော့မယ် ထင်ပါရဲ့” ဟု မယ်မယ် ပြောတာ ကြားလျှင် ကျောင်းပိတ်သည့် သတင်း ကြားတုန်းကလို နွေ ပျော်ရွှင်လာပြန်သည်။ ကျောင်းပိတ်တာ ကြာတော့လည်း ပြန်ဖွင့်စေချင်လှပြီ။

နွေသည် ဖေဖေ့နောက်နားတွင် ငြိမ်ဆိတ် ရပ်လျက် အိမ်အောက်ထပ် အခန်းတွင်းဆီက ခပ်သာသာ ထွက်ပေါ်နေသော အသံတစ်သံကို သတိပြုမိသည်။ အသံက တိုးတိုးကလေး။ နွေ ကြားဖူးသော အသံမျိုး မဟုတ်။

အင်း... မကြားဖူးဘူးလည်း မဆိုနိုင်။ ရုပ်ရှင်ထဲမှာ၊ ရေဒီယိုသီချင်းတွေထဲမှာတော့ ကြားဖူးသားပဲ။ ဒါပေမဲ့ ဒီအသံကို ဘယ်လို ခေါ်သလဲ။

"အဲဒါ ဘာသံလဲ ဖေဖေ"

ဖေဖေက "ဩော်" ဟု နားစွင့်ဟန်ပြုကာ-

"စန္ဒရားသံလေ သမီးရဲ့၊ ဆရာ၊ ဒါမှမဟုတ် ဆရာ့သား တီးနေတာ ဖြစ်မှာပဲ"

"စန္ဒရားဆိုတာ ဘာလဲဟင်"

"တူရိယာတစ်မျိုးပဲပေါ့၊ ဧည့်ခန်းထဲရောက်တော့ ဖေဖေ ပြမယ်"

ဆောင်းညနေ၏ ဆည်းဆာနေခြည်သည် နွေ့ ရပ်နေရာ မြက်ခင်းပြင်မှာ ထိုးဖြာကျနေသည်။ ပြီးတော့ အိမ်အောက်ထပ် လှေကားခုံအတက်က ကွပ်ပျစ်ပေါ်မှာ၊ နံရံများမှာ။ ကွပ်ပျစ်၏ တစ်ခုသော ခြေထောက်အနီးတွင် ကြောင်ကလေး ပူစီသည် ခွေခွေလေး အိပ်နေရာက နွေ့တို့ ရှိရာဆီ ခေါင်းထောင် ကြည့်နေသည်။

"ဆရာရေ" ဟု ဖေဖေ နောက်တစ်ကြိမ် အသံပြုတော့ စောစောက နွေ့ ကြားနေသော အသံက တိခနဲ ရပ်သွားသည်။ နောက် တရှပ်ရှပ် ခြေသံများ။

"ဖေဖေက အခုပဲ အပြင်က ပြန်လာလို့ အခန်းထဲမှာ အဝတ်လဲနေတာ ဦးထွန်း၊ ဝင်ပါ ခင်ဗျ"

တံခါးဝက ထွက်ပေါ်လာသူမှာ ကိုကြီးထက် နည်းနည်း ငယ်မည့် ယောက်ျားလေးတစ်ယောက် ဖြစ်သည်။ ကိုကြီးလိုပင် ပိန်ပိန်ရှည်ရှည်၊ ဆံပင်ကို တိုကပ်နေအောင် ညှပ်ထား၏။ အိမ်နေရင်း ဘောင်းဘီတိုနှင့်၊ ရုပ်အင်္ကျီနှင့်၊ မျက်နှာမှာ ကိုကြီးလို မတည်လှဘဲ ခင်မင်စဖွယ် ပြုံးရွှင်၍ နေသည်။

"မနေ့ကတည်းက ထွက်လာမလို့ဟာ မလာဖြစ်လို့ လင်းညိုရေ"

ဖေဖေ ခြေလှမ်းစတော့ နွေ့လည်း လိုက်လျှောက်သည်။ ဧည့်ခန်း ဆက်တီများမှာ နွေ့တို့ ထိုင်ကြရသည်။ ဆရာဆိုသူ၊ ဆရာကတော် ဆိုသူနှင့် ဖေဖေတို့ အပြန်အလှန် နှုတ်ဆက်စကား ဆိုပြီးချိန် နွေ့ကိုပါ ကြိုဆိုတော့ လူကြီးများ၏ အရေးအရာ အလုပ်ခံရခြင်းကို နွေ့ အနေခက်နေသည်။ ဆရာ့အိမ်က ဧည့်ခံသော လက်ဖက်ရည်ပူပူ သောက်ကြရသည်။ မလိုင်ဖတ်လေးများ ဝေ့လည်နေသော လက်ဖက်ရည်မှာ အေးစိမ့်စပြုလာသည့်

ဆောင်းညနေနှင့် လိုက်ဖက်လှပါသည်။

လက်ဖက်ရည် အရသာနှင့်အတူ တစ်ညနေတည်းမှာပင် ဆုံရသည့် အသစ်အသစ်သော လူများကို နွေ့ မှတ်နေရသည်။ ဆရာ၊ ဆရာကတော် အပြင် သားသမီးများက မမဒါလီတဲ့၊ အစ်ကို လင်းညိုတဲ့။ တစ်ဦးချင်း၏ မျက်နှာပေါ် ထင်ဟပ်သည့် နွေးထွေးခင်မင်ဟန်ကို နွေ့ အလိုလို ခံစားသိကာ လူကြီးများ၏ စကားဝိုင်းအနီးတွင် နှုတ်ဆိတ်ငြိမ်နေလေသည်။

"မနေ့ကတည်းက ကြားတယ်၊ ဆရာတို့ လွတ်လာပြီဆိုတာ၊ ဒါနဲ့လည်း လာမယ် လာမယ်နဲ့ မထွက်ဖြစ်တာ ဆရာရေ"

"ရတယ် ကိုထွန်း၊ မနေ့ကသာ ဆိုရင် ဒီလိုတောင် စကားအေးအေး ဆေးဆေး ပြောရမှာမဟုတ်ဘူး၊ အမျိုးတွေ တစ်ယောက်လာ တစ်ယောက်လာနဲ့"

ဖေဖေ့ထက် အသက် အနည်းငယ် ကြီးပုံပေါ်သော၊ ရှမ်းသွေးပါသူတို့၏ မျက်နှာပေးမျိုးနှင့် ခံ့ထည်သော ဆရာ့တွင် အရှိန်အဝါတစ်မျိုး ရှိပုံကို ငယ်နုစဉ် စတွေ့ခါစမှာ နွေ့ ရေးရေးမျှ ခံစားသိခဲ့သည်။ ဆရာ့စိတ်နှလုံးတွင်းက ယုံကြည်ရာအတွက် စွန့်လွှတ်ဝံ့သော ခိုင်မာပြတ်သားခြင်း၊ ခေါင်းမာခြင်းတို့သည် မျက်နှာတွင် အရောင်ပြေး အရိပ်သဖွယ် ထင်ဟပ်နေခဲ့တာ ဖြစ်လိမ့်မည်။ ကလေးအရွယ်ဆိုတော့ နွေ့ သည်မျှ ကောက်ချက်မချတတ်သေး။ ဆရာ စကား ပြောဆိုလိုက်ပုံ၊ ပြုံးလိုက်ပုံ စသည့် အပြုအမူ တစ်ခုချင်းအား စေ့စေ့ကြည့်ရင်း အတန်းပိုင်ဆရာမအပေါ် ယုံကြည်ကိုးစားဖူးသလို ခံစားလိုက်ရခြင်းကိုမူ သိတတ်ခဲ့သည်။

အိမ်အဝင်တံခါးမကြီးကို စေ့ထားသော်လည်း ဧည့်ခန်းပြတင်း နှစ်ခုလုံး ဖွင့်ထား၍ ဆောင်းလေက ညင်သာတိုးဝှေ့ ဝင်ရောက်လာသည်။ နွေ့သည် မယ်မယ် ထည့်ပေးလိုက်သော အင်္ကျီလက်ရှည်ကို ထပ်ဝတ်ရတော့မလား စိတ်ကူးနေလေသည်။

"ကျွန်တော်တို့ကို သီပေါထောင်မှာ ဖမ်းထားတော့ ရေဟော်ကျောင်း ဆရာတော် ဦးဝါသဝ လိုက်လာတယ်၊ ဒါ ငါ့ဒကာတွေ မလုပ်နဲ့လို့ ဆရာတော်က မိန့်တော့ စစ်ဗိုလ်ကတော်တစ်ယောက် သေလို့ လွတ်နေတဲ့ အိမ်မှာ ထားပေးတယ်၊ စစ်တပ်ထဲမှာပေါ့၊ ကိုထွန်းတို့၊ မရီရီတို့လိုပဲ ထမင်းလာပို့ကြတာလည်း မနည်းဘူး၊ စောင့်တာတော့ စစ်သားလေးတွေ နေ့ရော ညရော အရှေ့မှာ လေးယောက်၊ အနောက်မှာ လေးယောက်လောက် စောင့်တယ်၊ ထမင်း ဟင်းတော့ မငတ်ဘူးပေါ့ဗျာ၊ ဒါပေမဲ့ ခြင်တွေ

တအားကိုက်၊ နေရတာ ဆင်းရဲ ကျဉ်းကျပ်တာပေါ့။

ပြီးတော့လည်း တပ်က လုပ်ခါစဆိုတော့ ငှက်ဖျားနဲ့လည်း ခဏခဏ သေကြတာ၊ ဆရာဝန်တွေလည်း လာပြီး ဆေးထိုးပြုပေါ့၊ နောက် လေး၊ ငါး၊ ဆယ်ရက်လောက် ကြာတော့ ကျွန်တော်ရယ်၊ ကိုရဲအောင်ရယ်က လွဲပြီး ကျန်တဲ့ သူတွေ ဆေးရုံတက်ရတယ်၊ ခြင်တွေ တအားကိုက်တာကိုး၊ ဒီကြားထဲ ကိုယ့် ကိုယ်ကိုယ် မသနားနိုင်ဘဲ စစ်သားလေးတွေကို သနားမိတာလေး ပြောပြဦးမယ်၊ မင်းတို့ စားတာ ပြစမ်းဆိုတော့ ထမင်းကလည်း ဆန်ပြုတ်လိုလို ဘာလိုလို စပါးလုံးတွေနဲ့၊ ကန်စွန်းရွက်ပေါ်မှာ ငါးပိရည်လေး ဆမ်းထားတာနဲ့၊ ကျွန်တော်တို့ ဟင်းတွေ ပေးတော့ စားလိုက်ကြတာဗျာ။

သူတို့နဲ့ ခင်လာတော့ ဘာပြောတုံးဆို အဘတို့ ညဆိုရင် အပြင် မထွက်ပါနဲ့တဲ့၊ ပြီးတော့ အပြင်ကနေလည်း "သပိတ်ခေါင်းဆောင်တွေကို လွှတ်ပါ" ဆိုပြီးတော့ လာမအော်ခိုင်းပါနဲ့တဲ့၊ ကျွန်တော်တို့မှာ ပစ်သတ်ခွင့် ရှိတယ်တဲ့၊ လေး၊ ငါးရက်နေတော့ အဲဒီစစ်သားလေးတွေ ပြောင်းသွားရော၊ သိများ သိသွားသလား မသိဘူး၊ နောက် ရောက်လာတဲ့ လူသစ်တွေကျတော့ ကျွန်တော်တို့ ကျွေးတာလည်း မစားတော့ဘူး။

မလွှတ်ခင်က ကျွန်တော်တို့ကို ခေါ်ပြောတယ်၊ ခြောက်ယောက်စလုံး လက်မှတ်ထိုးပါတဲ့၊ နိုင်ငံရေး မလုပ်ပါဘူး ဆိုပြီး၊ ဟာ…မထိုးဘူး၊ မလွှတ်ချင် မလွှတ်နဲ့၊ အားလုံး သဘောတူသလားလို့ ဦးရဲအောင် မေးတော့ မတူစရာ ဘယ်ရှိမလဲ၊ သဘောတူတာပေါ့၊ ဘယ်သူမှကို လက်မှတ်မထိုးဘူး၊ လွှတ်တာ၊ မလွှတ်တာက သူတို့အပိုင်း၊ လက်မှတ်မထိုးနိုင်ဘူးလို့ ဆုံးဖြတ်ကြတယ်။

နောက်ဆုံးတော့လည်း မြင်တဲ့အတိုင်း ခင်ဗျားတို့ရှေ့ကို ပြန်ရောက်တာပေါ့ဗျာ

"နှစ်လကျော်နော်"

"ဟုတ်ပ ကိုထွန်း၊ နှစ်လကျော်"

"ခြောက်ဆယ့်ရှစ်ရက်တိတိပဲ"

"ကျွန်တော့်အစ်မ သတိရလို့ လက်ချိုးပြီး ရေထားတာပေါ့လေ"

ဖေဖေ့စကားကြောင့် ဆရာကတော်က ပြုံးလေသည်။

"သတိရတယ်ဆိုတာထက် စိတ်ပူတာပေါ့ ကိုထွန်းရယ်၊ သတင်းတွေကလည်း သိတဲ့အတိုင်းပဲ မဟုတ်လား နော့၊ လွှတ်လာမှ

သက်ပြင်းချနိုင်တာ၊ တကယ့်ရက်တွေ တုန်းကများ ကျွန်မမှာ ယောကျ်ားပူရ၊ သားပူရနဲ့၊ ဒီသားကလည်း ဘုရားကြီးကနေ ကျောင်းသားတွေ စထွက်တဲ့နေ့ကတည်းက ပါတာနော်၊ သူများတွေ ပြောလို့ ပြေးတားတော့ အမေရယ် ကျွန်တော့်ထက် ငယ်တဲ့ ကလေးတွေတောင် ပါသေးတာတဲ့၊ ကျွန်တော်တို့ အစ်ကိုကြီးတွေက ပြောတယ်၊ အပြောင်းအလဲဆိုတာ ကျောင်းသားတွေက စရတာတဲ့၊ အခု ကျွန်တော်တို့ ဒီလိုလုပ်ဖို့ အချိန်ရောက်နေပြီတဲ့၊ အဲဒီလို ပြောတော့ ကျွန်မမှာ သားကလေး မျက်နှာကြည့်ပြီး အံ့ဩလိုက်ရတာ၊ သြော်…ငါ့နှယ် တစ်အိမ်တည်း နေပြီ၊ ကိုယ့်သား ကလေးလေး ထင်နေတာ၊ ခုတော့လည်း နေ့ချင်းညချင်း ရင့်ကျက်သွားလိုက်တာလို့”

“အမေကလည်း ဒီအဖေရဲ့သား ဒီလိုပဲ လာမှာပေ့ါ”

စောစောက မမဒါလီလက်ထဲ လာထည့်ပေးသွားသော ဘီစကွတ်ချပ်လေးကို ဖြည်းဖြည်းချင်း ဝါးနေရာက အစ်ကိုလင်းညိုကို နွေ လှမ်းကြည့်သည်။ ဆရာနှင့် ဆင်သယောင် ရှိသလို ဆရာကတော်၏ မျက်နှာကျပုံနှင့်လည်း တူသည့် မျက်နှာသည် မရယ်မပြုံးဘဲ နေလျှင်ပင် ကြည်လင်နေမည် ထင်ရသည်။ နွေ့မှာသာ အစ်ကိုရင်း ရှိမည်ဆိုလျှင် ကိုလေးလို အစ်ကိုလည်း ရချင်သည်၊ အစ်ကိုလင်းညိုလို အစ်ကိုမျိုးလည်း ရချင်ပြန်သည်။ နွေသည် ကိုကြီးကိုတော့ မခင်တွယ်လှ။ သွေးသား မတော်စပ်ဟု သိနေရသည့်အထဲ ကိုကြီးက အနည်းငယ် စိမ်းတာကြောင့်လည်း ဖြစ်လိမ့်မည်။

အစ်ကိုရင်းဟု တွေးတော့ အမေ့ကို နွေ သတိရလာသည်။

“အမေက နွေ့ကို တစ်ယောက်တည်း မွေးထားပေးတယ်” ဟု မကြာမကြာ စကားနာထိုးဖူးသော သမီးလေးသည် ခုတော့လည်း ကြယ်ပွင့်လေးများကို တစ်ယောက်တည်းပင် ရေတွက် ငေးမောကာ ကျန်ရစ်ခဲ့လေသည်။ နာမည်ရှိသော ကြယ်ပွင့်လေးများ၊ နာမည် မရှိသော ကြယ်ပွင့်လေးများ။ လင်းလက်လှပသော ကြယ်ပွင့်များမှသာ မဟုတ်၊ သေးသေးမှုန်မှုန် ကြယ်ပွင့်လေးများက အစ နွေ ချစ်ရပါသည်။ ငယ်တုန်းကတော့ ကောင်းကင်ပြာမှောင်မှောင်မှာ ကြယ်ကလေးများ လက်နေပုံကို ချစ်စိတ်သက်သက်နှင့် မက်မောခဲ့သည်။ အမေ့ကို လွမ်းတော့ လွမ်းစိတ်နှင့် ချစ်ရ ငေးရပြန်သည်။

“ဟောဟို ကြယ်ပွင့်လေးက ခွန်ဆန်လောလေ၊ ဟိုတစ်ပွင့်ကတော့ နန်းဦးပြင်ပေါ့” ဟု သီပေါ ရောက်တော့မှ တိုး၍ သိရသည့် အမည်နှင့် မှတ်မိနေသော ကြယ်ပွင့်လေးများကို အမေကတော့

မောင်ရင်ဆိုင်းထမ်းကြယ်ဟု ပြောပြခဲ့သည်။ သူတို့ကြယ်ကလေး နှစ်ပွင့်ကြား ကြယ်အတန်းလိုက်လေး ခြားနေတာ ကလေးအတွေးနှင့်ပင် ဝမ်းနည်းစရာ ကောင်းလှသည်။ ခူဝံကြယ်ကို ကြည့်ရပြန်တော့ နွေ ပျော်ရွှင်လာပြန်သည်။ လမ်းပြကြယ်ဟု အမေ ပြောတတ်သည်။ လမ်းပျောက်ရင်တောင် ဒီကြယ်နဲ့ ရှာတွေ့မတဲ့။

အမေပျောက်တော့ဖြင့် ခူဝံကြယ်ကို လိုက်လံမှတ်သားရုံမျှနှင့် နွေ ပြန်ရှာမတွေ့နိုင်ခဲ့ပေ။

"သမီးလေး အိပ်ချင်ပြီလား"

နွေ အတွေးများ လွင့်ပါးနေတုန်း ပြောလက်စ စကားကြောင့်လား၊ နွေ့ အမူအရာကြောင့်လား၊ ဆရာတို့မိသားစုက ပြုံးရယ်လျက်။

"မအိပ်ချင်ဘူး ဖေဖေ"

"ဒါဖြင့် အနွေးထည် ထပ်ဝတ်ထား၊ တော်ကြာနေ ပြန်ရင် အပြင် ရောက်ရင် အေးတော့မှာ"

နွေ့ကို မမဒါလီက အနွေးထည် ကူဝတ်ပေးသည်။ ခေါင်းစွပ် စွပ်ချ၍ ဆံမျှင်များ ပွရောင်းတော့ လက်ဝါးလေးနှင့် သပ်ပေးလျှင် နွေသည် သူစိမ်းတစ်ဦး၏ ကြင်နာယုယခြင်းကို သဘောကျနေသည်။ နွေ့အစ်မသာ ဖြစ်ရင် ဘယ်လောက်ကောင်းမလဲ။ အရုပ်မလေးများနှင့် ဆော့လျှင် အဖော်ရလိမ့်မည်။ အဝတ်စလေးများနှင့် အမေ လုပ်ပေးထားသော အရုပ်များကို သီပေါအထိ နွေ သယ်လာခဲ့သည်။ ဘယ်လောက် လှသော ကော်ရုပ်များ မယ်မယ် ဝယ်ပေးပါစေ နွေသည် ထိုအဝတ်ရုပ်များကို မပစ်ရက်။

"နောက်ရက် လာလည်ဦးနော်" ဟု မမဒါလီ မှာတော့ စိတ်လိုလက်ရပင် နွေ ခေါင်းညိတ်မိသည်။

ရှေးဆန်သော ပရိဘောဂများ သေသေသပ်သပ် ရှိနေရာ ဧည့်ခန်းသည် ရောက်စကလောက် နွေနှင့် မစိမ်းတော့။ ဧည့်ခန်းမှာ ရှိနေသူများသည်လည်း နွေနှင့် မစိမ်းတော့။ သူတို့မျက်နှာများက အပြုံးမှာ နွေ့စိတ်ကို နေသားကျစေသည်။ သူတို့စကားလုံးများက နွေမျက်နှာပေါ်က အလိုလို အားငယ်သယောင် အရိပ်ကလေးကို အရောင်ဖျော့တော့စေသည်။ နွေ့ကိုပါ စကားဝိုင်းထဲ ခေါ်ယူကြလျှင် နှုတ်က စကားသံတစ်စ နှစ်စ ထွက်ကျလာရသည်။ အပြုံးအရယ် နည်းသော နှုတ်ခမ်းများက တွန့်ဆုတ်ဆုတ် ပြုံးလာရသည်။

တေ၈၊ မိုးသောက်ပန်းတို့ကို မဒါလီက အထပ်လိုက်ပင် နွေ့ရှေ့ ချပေးတော့ မျက်နှာရွှင်ရသည်။ အပြန်မှာပင် စာအုပ်အငှား ထည့်ပေးလိုက်ပုံကို နွေသည် ကာလများစွာတိုင် စိတ်နွေးကြည်သာ အမှတ်ရမြဲ။

ထိုစဉ်တုန်းကတော့ နွေမှာ ရေစက်ရှိ၍ ဆုံရသည်ဆိုသော သဘောကို နားမလည်တတ်သေး။ ဇာတ်တစ်ခုလုံး၏ အပျိုးလေးတစ်ခုပမာ အချို့သော အခန်းကလေးများ အဆင့်ဆင့် ပေါ်ပေါက်လာရပုံကို နားမလည်တတ်သေး။ ထိုတစ်ခဏ၏ စိတ်ချမ်းသာစရာ ကောင်းပုံကိုသာ သိတတ်နေသည်။

နောင်အခါ စကားစပ်မိလျှင် "အဲဒီနေ့က မျက်လုံးကလေး ဝိုင်းပြီး လူကြီးတွေ ပြောသမျှ ဟိုမျက်နှာ ကြည့်လိုက်၊ ဒီမျက်နှာ ကြည့်လိုက်နဲ့ နားထောင်နေတာ ဒီကလေး တအား ချစ်စရာကောင်းတာပဲလို့ နွေတို့ ပြန်သွားတော့ မဒါလီကို အစ်ကို ပြောမိသေးတယ်" ဟု အစ်ကိုက ပြန်ပြောပြတတ်သည်။

နွေသည် အားကျမခံပင် "နွေ အမြဲတမ်း ဘာကို မှတ်မိနေသလဲ သိလား၊ နွေတို့ ပြန်ခါနီးတော့ ဖေဖေ မေးလို့ အစ်ကို စန္ဒရား ပြန်တီးပြတာပဲ" ဟု တုံ့ပြန်ရသည်။

ဆောင်းတစ်ညနေတွင် လွင့်ပျံ့သော စန္ဒရားသံသည် ရာသီတစ်ခု၊ နှစ်တစ်နှစ်မှာသာ ကျန်နေရစ်ခဲ့သည် မဟုတ်။ နွေ ရှင်သန်ကြီးပြင်းရာ တစ်လျှောက် အရိပ်လိုပင် နောက်က ထက်ကြပ်ပါခဲ့လေသည်။

❀

မြတ်မော် ပုံရိပ် (၆)

"နွေတို့ စတွေ့တဲ့ နေ့တုန်းကလည်း အစ်ကို တီးပြတဲ့ သီချင်းက Somewhere My Love ပဲ၊ နွေ ဘယ်တော့မှ မမေ့ဘူး၊ ဉာဏ်ကောင်းတယ် သိလား" လို့ ပြောခဲလှတဲ့ ရွှင်ပျပျလေသံနဲ့ အဆုံးသတ်ခဲ့တဲ့ မမနွေရဲ့ အရိပ်ဟောင်း စကားလုံးတွေဟာ ကျွန်တော့်အတွက်တော့ စိတ်ဝင်စားစရာလည်း ကောင်း၊ ဝမ်းနည်းစရာလည်း ကောင်းခဲ့ပါတယ်။ ချစ်ခင်ရသူရဲ့ ဘဝအစ အမှတ်တရ နေ့ရက်တွေမှာ "မြတ်မော်" ဆိုတဲ့ ကျွန်တော်ဟာ ဘယ်အပိုင်းမှာမှ မပါနိုင်ခဲ့ဘူးကိုး။

ဥပမာ ကိုယ့်အမိအဖ မင်္ဂလာဓာတ်ပုံကြည့်ရင်း ငါ ဘယ်ရောက်နေပါလိမ့်လို့ ငယ်တုန်းက တွေးဖူးသလိုပေါ့။ မမနွေရဲ့ ရှေးစကားလေး ကြားတဲ့အခါ ငါတို့ ဘာလို့ အဲဒီတုန်းက မတွေ့ဖူးကြတာလဲလို့ ကျွန်တော် တွေးတယ်။ တကယ်လို့သာ အဲဒီတုန်းက ကျွန်တော် ရှိခဲ့ရင် မမနွေနဲ့ အစ်ကိုတို့ စကားလက်ဆုံ ပြောမကုန်တဲ့အခါ တစ်နေရာရာကနေ ဝင်ပြောနိုင်တာပေါ့ ။ သူစိမ်းတစ်ယောက်လို ဘေးမှာ ငူငူရပ်လို့ နားထောင်သမား သက်သက် လုပ်စရာ ဘယ်လိုလိမ့်မလဲ။ ဘာလို့များ ကျွန်တော်တို့ အခုမှ ဆုံကြရသလဲ။

မမနွေကတော့ မေမေနဲ့ တစ်လေတည်း ရေစက်ပဲတဲ့။ "မမ မြတ်မော် ဒီအချိန်ကျမှ ဆုံကို ဆုံရမယ်လို့ ရေစက်ရှိလို့ပေါ့" တဲ့။

ဒီစကားကို ကျွန်တော် လက်မခံတတ်သေးဘူး။ ရေစက်တွေ၊ ကံကြမ္မာတွေ၊ နဖူးစာဆိုတာတွေ ကျွန်တော် ဘယ်သိတတ်ပါဦးမလဲ။ အရာရာကို မြင်သလိုသာ တွေးတတ်သေးတာကိုး၊ တချို့အရာတွေများ မြင်တာတောင် မတွေးတတ်တာလည်း ရှိသေးတာကိုး။

"ရေစက်မဟုတ်ပါဘူး၊ မမနွေရာ အဲဒီနေ့က ကျွန်တော် ပျင်းနေလို့ ဘူတာဘက် လျှောက်လာလို့ပါ"

"အဲဒီလို ပျင်းလာဖို့ ဘူတာရှိတဲ့ နေရာကို မရောက်ရောက်အောင် လာဖို့ဆိုတာလည်း ဒီရေစက်ကြောင့်ပဲပေါ့ဟဲ့၊ ဟိုနားမှာ မမတစ်ယောက် ရှိတယ်၊ သွားချေ၊ သူငယ်ချင်း သွားလုပ်ချေလို့ မြတ်မော် မသိဘဲ မြတ်မော် စိတ်ကို တစ်ယောက်ယောက်က ခိုင်းသလို လုပ်မိတာပေါ့၊ ကဲ"

စကားလှလှ သုံးတတ်တဲ့ မမနွေကို ကျွန်တော် ယှဉ်မပြောသာဘူး။ ဒါပေမဲ့လည်း လက်လျှော့သလားဆို လက်မလျှော့ပြန်ဘူး။

"အစ်ကိုနဲ့ ကျွန်တော် ခင်သွားတာကျတော့ကော"

မမနွေက ရယ်တယ်။

"ဒါလည်း ရေစက်ပဲလေ"

"ရေစက်ဆိုတာ ရေတွေ တစက်စက် ကျနေတာမို့လို့လား"

"တယ်…ဒီကလေးဟာလေ၊ ကြီးတော့ နားလည်လာလိမ့်မယ်၊ တော်တော့"

"ကလေး"ဆိုတဲ့ အသုံးအနှုန်းကို ကျွန်တော် မကြိုက်လှဘူး။ စကားနာထိုးချင်စိတ် လှစ်ခနဲ ပေါ်တယ်။ နောက်တော့ မီးပွင့်ကလေး ငြိမ်းသလို ဟုပ်ခနဲ ငြိမ်းသွားပြန်တယ်။ လူကြီးဖြစ်နေပြီ ဆိုတဲ့အကြောင်း ခဏခဏ ပြောရင် လူကြီးကို မဟုတ်သေးဘူးလို့ မေမေ ပြောဖူးတာပဲ၊ နှုတ်ဆိတ်နေတာကမှ ဟုတ်လိမ့်ဦးမယ်။

တကယ်တမ်းကျတော့လည်း ရေစက်ဟုတ်သည် ဖြစ်စေ၊ မဟုတ်သည် ဖြစ်စေ အစ်ကိုနဲ့ ကျွန်တော့်ကြားက ခင်မင်မှုဟာ မမနွေကို အကြောင်းခံလို့ တစ်ရက်ပြီး တစ်ရက် တိုးလို့ နှောင်လာတယ်ဆိုတာ ငြင်းမရဘူး။

ကျွန်တော်ဟာ သင်တန်းပြီးလည်းပဲ ဘော်ကြိုဆီ တော်တော်နဲ့ မပြန်၊ ခိုကပ်နေတတ်သူမို့ အစ်ကိုနဲ့ရော ဆရာတို့ မမဒါလီတို့နဲ့ပါ ပိုပြီး နီးကပ်လာခဲ့တယ်။ အထူးသဖြင့် အစ်ကိုနဲ့ ပိုပြီးတော့ ရင်းနှီးလာတယ်။ လူပျိုပေါက် အရွယ်ကို ရောက်စပြုနေတဲ့ ကျွန်တော့်အတွက် အစ်ကိုလို စံပြုရမယ့်သူ၊ အတုခိုးရမယ့် သူလိုမျိုးကို ရင်းနှီးတွယ်ကပ် မိတာပဲလို့ နောင်တော့ ပြန်တွေးလာနိုင်ခဲ့တယ်။

သင်တန်းဆင်းချိန်တွေမှာ အစ်ကို စန္ဒရား မတီးဘူးဆိုရင် ကွပ်ပျစ်မှာ ထိုင်ပြီး ကျွန်တော်တို့ စကား ပြောကြတယ်၊ စာဖတ်ကြတယ်။ အစ်ကို့အိမ်အပေါ်ထပ်မှာလည်း လူတစ်ရပ်မကတဲ့ စာအုပ်စင်တွေ ရှိတာမို့ ကြိုက်ရာစာအုပ် ရွေးဖတ်နိုင်တယ် ပြောပါတော့။

အဲဒီတုန်းကတော့ ကျွန်တော့်အကြိုက်ဆုံးဆိုတာ စုံထောက်ဇာတ်လမ်းတွေ၊ မှုခင်းဇာတ်လမ်းတွေပဲ။ ဒါပေမဲ့ အစ်ကိုဖတ်တဲ့ အချစ်နဲ့ဘဝ ရောနေတဲ့ ဝတ္ထုမျိုးတွေလည်း မကြာခင် ဖတ်ချင်လာလိမ့်မယ်လို့ အဲဒီကတည်းက တွေးတတ်ပြီ။ ဘာလို့ဆို ဝတ္ထုတွေထဲက လူရိပ်ပုံတွေ အပြင်မှာ တကယ်ရှိနေသလို ပုံဖော်မြင်နိုင်အောင်၊ ဇာတ်လမ်းကို ကြိုက်တတ်လာရာက

ကိုယ်တိုင် ဖတ်ချင်စိတ်ဝင်အောင် အစ်ကိုက ပြောပြတတ်တာကိုး။

အစ်ကို့လေသံဟာ ဆရာ့လိုပဲ ကျောင်းသားတွေ နားဝင်အောင် ပြောတတ်တဲ့ လေသံမျိုးပါ။ အသံချိုတယ်။ လှိုင်းအနိမ့်အမြင့်လေးတွေလည်း ပါသေးတယ်။ အစ်ကို စကားပြောပုံကို သဘောကျလို့ လိုက်ပြောဖို့ ကြိုးစားပေမယ့် မအောင်မြင်ပါဘူး။ ကျွန်တော့်လေသံဟာ အစ်ကို့လို သွက်သွက်ချိုချို မဟုတ်ဘူး။ ပြီးတော့လည်း စကားပြော သိပ်မရဲလှသေးဘူး။ လူစိမ်းသူစိမ်းတွေနဲ့ ဆုံရင်၊ အထူးသဖြင့် လူအများရှေ့ဆို စကားသံ မထွက်သလောက်ပဲ။

အစ်ကို့ကိုတောင် တစ်ရက်မှာ ဒီအကြောင်း ပြောပြဖြစ်သေးတယ်။

"မင်း ငယ်ငယ်တုန်းက ကလေးပဲ ကလေးနေရာ နေစမ်း၊ လူကြီးတွေကြားထဲ ဝင်မပါနဲ့တို့ ဘာတို့ အပြောခံရဖူးလား"

အစ်ကို မေးတော့ ကျွန်တော် တွေပြီး စဉ်းစားတယ်။ ဘယ် အပြောမခံရဘဲ နေလိမ့်မလဲ။

"အပြောခံရတာပေါ့ အစ်ကိုရာ၊ လူကြီးတွေက အဲဒီလို ပြောနေကျပဲဟာ၊ အဲဒါကြောင့်မို့လား"

"အဲဒါတစ်ခုတည်းကြောင့်တော့ မဟုတ်ဘူးပေါ့ကွာ၊ ဒါပေမဲ့ ဒါလည်း အကြောင်းတစ်ခုပေါ့၊ နောက်တစ်ခုကလည်း စာသင်ခန်းထဲမှာဆို တပည့်တွေက ဆရာကို အပြန်အလှန် မေးခွန်းမေးတာ၊ အပြန်အလှန် ဆွေးနွေးတာ မရှိသလောက်ပဲလေ၊ အဲဒီလို ဆရာတစ်ဖက်တည်းကနေ သင်တဲ့စနစ်ကလည်း ကလေးတွေ လူရှေ့ မထွက်ရဲအောင်၊ မေးခွန်း မမေးရဲအောင် ပိတ်လှောင်လိုက်သလို ဖြစ်သွားတာပေါ့၊ ကလေးဆိုတာ ဒီလိုနေ ဒီလိုထိုင် ဒီလိုပဲ တွေးရမယ်လို့ ကန့်သတ်ထားရတာမျိုး မဟုတ်ဘူး၊ အဲဒီလို ကန့်သတ်ပါ များရင် မျိုးဆက် တစ်ဆက်ပြီးတစ်ဆက် ကျသွားဖို့ပဲ ရှိတာ၊ အစ်ကိုကတော့ မင်းတို့အရွယ်ရော၊ မင်းတို့ထက် ငယ်တဲ့ကလေးတွေရော သူတို့ ဘာပြောချင်သလဲ၊ ဘာတွေ ခံစားနေရသလဲ ဆိုတာ စိတ်ဝင်စားတယ်၊ မေးရဲ ပြောရဲတဲ့ သူတွေ ဖြစ်လာအောင်လည်း လုပ်ပေးချင်တယ်"

"ဒါကြောင့် အစ်ကို ကျောင်းဆရာ လုပ်ချင်တာလား"

အင်းပေါ့၊ အမှန်တော့ အစ်ကို့ဝါသနာလည်း ဟုတ်တယ်၊ အစ်ကို့ အဖေကို တစ်သက်လုံး မြင်လာရတော့ ဆရာဘဝကို အလိုလို သဘောကျတာလည်း ပါလိမ့်မယ်၊ မင်းရော ကြီးလာရင် ဘာလုပ်မလဲ

မြတ်မော်”

“လုပ်ချင်တာက အစုံပဲ အစ်ကိုရာ၊ ကျွန်တော် ငယ်ငယ်တုန်းကတော့ ဆရာဝန် လုပ်ချင်တာ၊ အခုအရွယ်ကျတော့ စာတအား ကျက်ရတာကို မကြိုက်ဘူး၊ ဒီလောက်လည်း ဉာဏ်မကောင်းဘူးဆိုတော့ မဖြစ်နိုင်ဘူးမို့လား၊ မေမေ့ကို ကြည့်တော့လည်း ဆရာ ဖြစ်ချင်ပြန်ရော၊ ပြန်စဉ်းစားတော့လည်း သိပ်ဝါသနာ မပါဘူးထင်တယ်၊ ကျွန်တော် အခု ဘာလုပ်ချင်သလဲ သိလား အစ်ကို”

“ပြောပါဦး”

“ရုံပိုင် လုပ်ချင်တာ”

“ဘယ်လို…”

အစ်ကို့မျက်ခုံးတွေ ဆတ်ခနဲ မြင့်တက်သွားတယ်။

“ဘူတာရုံရောက်ရင် ကျွန်တော် ပျော်တယ် အစ်ကိုရ၊ ရထား တွေ့ရင်လည်း ပျော်တယ်၊ ရုံပိုင်လုပ်တော့ ရထား နေ့တိုင်း တွေ့ရတာပေါ့”

အစ်ကို တဟားဟား ရယ်ပါတယ်။

“တော်သေးတာပေါ့ကွာ၊ သံလမ်းလုပ်သားတွေ ဘာတွေ လုပ်ချင်တယ် မပြောတာ”

မမန္တေဆိုရင်လည်း ဒီစကား ကြားရင် ရယ်မှာပဲလို့ ကျွန်တော် တွေးနေတယ်။

“အစ်ကိုလည်း ဒီအရွယ်ရောက်မှသာ ဆရာလုပ်ချင်တယ်လို့ ကိုယ့်ကိုယ်ကိုယ် သေချာ သိလာတာ၊ ငယ်တုန်းက ဘာလုပ်ချင်သလဲ သိလား၊ လက်ဖက်ရည်ဆိုင်ပိုင်ရှင်သား လုပ်ချင်တာ၊ ကလေးအတွေးနဲ့ တွေးကြည့်တော့ ဟာ…သူ့လိုနေရရင် သိပ်ကောင်းမှာပေါ့၊ လက်ဖက်ရည်လည်း အလကားသောက်ရ၊ မုန့်လည်း စားရ၊ သီချင်းလည်း နားထောင်ရတယ်လို့”

အစ်ကို့စကားကို လိုက်ရယ်ရင်း ဒီအတွေး မဆိုးဘူးလို့ ကျွန်တော် မှတ်ချက်ချတယ်။ ကျွန်တော် ဆိုရင်လည်း လက်ဖက်ရည်ဆိုင်မှာ စားပွဲထိုးတောင် လုပ်မယ် စိတ်ကူးယဉ်ဖူးသေးတယ်။ အနည်းဆုံးတော့ ပေါက်စီတို့၊ လက်ဖက်ရည်တို့ နေ့တိုင်း စားရသောက်ရမှာပေါ့။ တစ်ခါတလေတော့လည်း ဗွီဒီယိုရုံက လက်မှတ်ဖြတ်တဲ့သူ ဖြစ်ချင်ပြန်ရော။

ငွေတွေလည်း အထပ်လိုက် ကိုင်လို့၊ ပြီးတော့ ဇာတ်ကားလည်း နေ့တိုင်း ကြည့်ရလို့လေ။

မမနွေ၊ မမနွေ ဆိုရင်တော့ ဘာလုပ်ချင်မှာပါလိမ့်။ မမနွေ ဘာဝါသနာပါသလဲလို့ ကျွန်တော် တစ်ခါမှ မမေးဖူးဘူး မှတ်တာပဲ။

"မမနွေကကော ငယ်တုန်းက ဘာလုပ်ချင်သတဲ့လဲ အစ်ကို"

အစ်ကိုက ချက်ချင်း မဖြေဘဲ ရယ်နေသေးတယ်။ ပြီးတော့မှ-

"မိန်းကလေး အများစုလိုပေ့ါကွာ၊ ကျောင်းဆရာမ လုပ်မယ်ပေ့ါ၊ တစ်ခါတစ်ခါကျတော့လည်း အငြိမ့်မင်းသမီး လုပ်ချင်သတဲ့၊ ဈေးသည်လည်း လုပ်ချင်တယ် ပြောဖူးတယ်၊ ဘာဈေးသည်လဲဆိုတော့ ပန်းသည်တဲ့၊ ပန်းက လေးတွေက သိပ်လှတော့ ကြည့်နေရရင် စိတ်ချမ်းသာမှာပဲတဲ့၊ ဒါဖြင့် ပန်းစိုက်ပါတော့လား ဆိုတော့ ရေလောင်းရမှာပေ့ါတဲ့၊ သူများ ဖောက်သည်ပေးတဲ့ပန်း ယူရောင်းတော့ မအေးဘူးလားတဲ့၊ မင်းအစ်မက"

အစ်ကို့စကားဆုံးတော့ စောစောက အစ်ကို ရယ်သလိုပဲ ကျွန်တော် ရယ်မိတယ်။ မမနွေရဲ့ ပုံစံလေးကို ရောင်စုံပန်းတွေနောက်မှာ မြင်ကြည့်ရတော့လည်း လှသားပဲ။ ပန်းတွေတော့ ရောင်းကောင်း၊ မကောင်း မသိဘူး။ ကောင်လေးတွေ လာလာငေးကြမှာတော့ ကျိန်းသေပေါက်ပဲ။ အံမယ်...တစ်ခါက ကျွန်တော့်ကို ကပ်ပြီး စာပေးခိုင်းတဲ့ ဘော်ကြိုက ဟိုအစ်ကိုတောင် သီပေါ လာပြီး ပန်းမဝယ်ဘူး မပြောနိုင်ဘူးနော်။

"မမနွေက ပန်းရောင်းလည်း လှမှာပဲ"

ကျွန်တော် လွှတ်ခနဲ ပြောလိုက်တော့ အစ်ကိုက ခေါင်းညိတ်တယ်။ ပြီးတော့ ပြုံးလို့နေတယ်။

ဒီစကား မမနွေကို အစ်ကို ပြန်ပြောပြတော့ "မမဒါလီ မုန့်လုပ်ထားတယ် မြတ်မော်ရဲ့၊ မမ ကျွေးတယ် အမှတ်နဲ့ လာစားချေ"တဲ့။

ထမင်းဝါ၊ ငါးထမင်းနယ်၊ ရှမ်းထမင်းချဉ်၊ ရှမ်းခေါက်ဆွဲစသဖြင့် မမဒါလီ လက်စွမ်းပြတဲ့ နေ့တွေဆို ကျွန်တော် နေ့လယ်စာကို အဲဒီမှာတင် ကပ်စားလိုက်တာပဲ။ တချို့နေ့တွေကျတော့လည်း မမနွေတို့အိမ်ဆီ လိုက်သွားပြီး ရုပ်ရှင်ထိုင်ကြည့်၊ နှစ်ယောက်သား မယ်မယ် ပြင်ဆင်ကျွေးတဲ့ အဆာပြေ နေ့လယ်စာလေး စားပေ့ါ။

မမနွေတို့အိမ်ဟာ အစ်ကိုတို့လိုပဲ နှစ်ထပ်အိမ်။ မမနွေရဲ့ အခန်းကတော့

မယ်မယ်တို့ အခန်းနဲ့ကပ်လျက် အောက်ထပ်မှာပဲ ရှိတယ်။ မမနွေ့ရယ် မမခမ်းရယ် အတူနေကြတယ်။ မယ်မယ့်ယောက်ခမ၊ မမနွေ့က အဘွားလေး လို့ခေါ်တဲ့ အဘွားကလည်း အောက်ထပ်မှာပဲ နေတယ်။ ကိုကြီး၊ ကိုလေးတို့ သားအမိကတော့ အပေါ်ထပ်မှာ နေကြသတဲ့။ (ကိုကြီး၊ ကိုလေးတို့အဖေကတော့ ဆုံးပါးခဲ့ပြီ။)

တစ်အိမ်လုံးမှာ အိမ်သူအိမ်သား ခုနစ်ယောက်၊ ရှစ်ယောက် ရှိပေမယ့် သူ့အလုပ် ကိုယ့်အလုပ်နဲ့ အပြင်ထွက် ဘာထွက် များကြတဲ့ သူတွေမို့လား မပြောတတ်ဘူး၊ အိမ်ဟာ နေ့ခင်းဘက်ဆို များသောအားဖြင့် ဆိတ်ဆိတ်ငြိမ်ငြိမ်ပဲ။

ခြံဝင်းထဲ မဝင်ခင် ခြံဝကနေ စပြီးတော့ "မေမေရေ ဗိုက်ဆာပြီ"လို့ ကျွန်တော် အော်တတ်သလို မမနွေ့ အော်လေ့ မရှိဘူး။ တိတ်တိတ် ဆိတ်ဆိတ်ပဲ စက်ဘီးလေး တွန်းလို့၊ ကျွန်တော့်ဘီး အထဲဝင်တာကို စောင့်ပြီး ခြံတံခါးလေး ပိတ်လို့ ကျောက်စရစ်လမ်းလေးကနေ လျှောက်ဝင်တတ်တယ်။ အိမ်ဘေးမှာ စက်ဘီးရပ်မယ်။ ပြီးရင် အိမ်ရှေ့ ဖိနပ်ချွတ်မှာ ဖိနပ်လေး ညီညီချွတ်ပြီးတာနဲ့ "လာ မြတ်မော်" လို့ ကျွန်တော့်ကို လှည့်ခေါ်မယ်။

မမနွေ့ကသာ "မယ်မယ်ရေ" လို့ ကြိုခေါ်မထားတတ်ပေမဲ့ မယ်မယ်ကတော့ မမနွေ့ ပြန်လာမယ့်အချိန်မျိုးဆိုရင် နားစွင့်ပြီးသား ဖြစ်နေပုံပဲ။ ကျွန်တော်တို့ နှစ်ယောက်ရဲ့စကားသံ ခပ်သဲ့သဲ့ ကြားတာနဲ့ "ပြန်လာကြပြီလား" ဆိုတဲ့ အမေးသံနဲ့အတူ မီးဖိုချောင်ထဲကဖြစ်စေ၊ အခန်းထဲကဖြစ်စေ ထွက်လာတဲ့ မယ်မယ့်ကို တွေ့ရတတ်တယ်။

တနင်္ဂနွေလိုနေ့မျိုး ဆိုရင်တော့ မယ်မယ်ဟာ ဧည့်ခန်းထဲက တီဗွီရှေ့မှာ ရှိနေတတ်တယ်။ တနင်္ဂနွေရုပ်ရှင်ကို အသည်းစွဲရာမှာ မေမေတို့လိုပါပဲ။ မေမေ့မှာတော့ ရန်ကုန်မှာလို ကိုယ့်အိမ်မှာ ကိုယ် ဇိမ်နဲ့ မကြည့်နိုင်ဘဲ ရွာထဲ တီဗွီရှိတဲ့အိမ်ကို သွားကြည့်ရပါတယ်။

တီဗွီရှေ့ ဘယ်လောက်ပဲ အာရုံကျနေပါစေ မမနွေ့ကို တွေ့လိုက်တာနဲ့ တစ်ခုခုတော့ဖြင့် မယ်မယ် လှမ်းပြောလိုက်တာပဲ။ "ထမင်းစားတော့မလား"၊ "ခဏနားရင် နားလိုက်ဦး၊ ပြီးမှ လက်ဖက်ရည်နဲ့ မုန့်လေး စားရင်စား" ဆိုတာ မျိုးပေါ့။ မယ်မယ့်မျက်လုံးမှာ ချစ်မေတ္တာဟာ အရိပ်လို ဖြာလို့ပေါ့။

မယ်မယ့်အသက်အရွယ်ဟာ မေမေနဲ့ မတိမ်းတယိမ်းလောက်ပဲ။ ဘွားကြင်တို့အိမ် လာတဲ့အခါရယ်၊ မြို့ပေါ်ကို အစည်းအဝေးတက်ဖို့ သွားတဲ့ အခါရယ် ဆုံဖူးနေ၊ ခင်မင်နေတဲ့ မေမေ့အပြောအရတော့ မယ်မယ်ဟာ

တစ်နှစ်လောက်ကို ငယ်ပါသတဲ့။

မယ်မယ့်ရုပ်ရည်ဟာ ရှမ်းသွေးစပ်မှန်း သိသာစေတဲ့ ရုပ်ရည်မျိုးပါ။ ဘွားကြင်ခင်ပွန်းက အညာဘက်ကမို့ ဗမာဆန်တဲ့ အလှလည်း မယ်မယ့်မှာ တွေ့ရတယ်။ အသားဖြူဝင်းဝင်းနဲ့ မျက်ခုံးလှလှအောက်မှာ တောက်ပတဲ့ မျက်လုံးတွေ ရှိတယ်။ နှာတံကျပုံ လှတယ်။ နှုတ်ခမ်းဆိုတာကလည်း မပြုံးရင်တောင် ပြုံးနေသလို ထင်ရတဲ့ နှုတ်ခမ်းမျိုး။ မယ်မယ့်မှာ မေမေ့လိုပဲ ကျောင်းက ဆရာမဟန်ပန်တွေ အိမ်မှာ မပျောက်ဘူးဆိုတာ မြင်နေရတယ်။ သိမ်သိမ်မွေ့မွေ့ လှုပ်ရှားတတ်တာ၊ ချော့တစ်ခါ ခြောက်တစ်လှည့် စကားပြောတတ်တာ၊ များသောအားဖြင့် စိတ်ရှည်တတ်တာ။

မမနွေနဲ့ သူ့မယ်မယ် ဧည့်ခန်းမှာ အတူယှဉ်လို့ ထိုင်နေချိန်မျိုးကို ကျွန်တော် မသိမသာ လှမ်းမကြည့်ဘဲ မနေနိုင်ဘူး။ ဘာလို့ဆို သူစိမ်းတွေ တကယ့်မိသားစုလို နေကြတာမျိုးကို ကျွန်တော်မှ အနီးကပ် မတွေ့ဖူးလေပဲ။ မွေးစားအမေဆိုတာ ဘယ်လိုပါလိမ့်ဆိုတာမျိုး အကဲခတ်မိတယ်။

ကျွန်တော် တွေ့နေရတာကတော့ မေမေနဲ့ ကျွန်တော့်ဆက်ဆံရေး ပမာပဲ။ ရုပ်ရှင်ထဲကလို အမြဲတစေ “မေမေရေ”၊ “သားရေ” ဆိုတာမျိုး လုပ်နေတာမျိုး မဟုတ်ဘဲ ချစ်ခင်နွေးထွေး ရှိတဲ့အခါလည်း ရှိလိုက်၊ စကားနိုင်လုတဲ့အခါ လုလိုက် ဖြစ်တတ်တဲ့ မိသားစုဆက်ဆံရေးမျိုးပေါ့။ သားအမိပါပဲ၊ တကယ့်သားအမိပါပဲ။ တွေ့နေကျမို့ မျက်နှာချင်းတောင် ဆင်တင်တင် ဖြစ်လာသလို ကျွန်တော့်စိတ်က ထင်လိုက်သေးတယ်။

မမနွေရဲ့ ဖေဖေကတော့ လူအေးတစ်ယောက်ပဲ။ စကားနည်းတယ်။ ချစ်ခင်စရာကောင်းတယ်။ သမီးနဲ့ ရင်းရင်းနှီးနှီး နေတတ်ပုံ မရပေမဲ့ ဂရုတစိုက် နွေးထွေးတတ်တဲ့သူမျိုးပါပဲ။ တွေ့တွေ့ဆိုင်ဆိုင် ဆုံဖူးတဲ့ အကြိမ်ရေ နည်းလှပေမယ့် အဲဒီ ဦးဦးကို ကျွန်တော် ခင်မင်စိတ် ဝင်ပါတယ်။

မေမေကတော့ မမနွေအကြောင်း စိတ်လိုလက်ရ စကားစပ်မိတဲ့အခါမျိုးမှာ “သူတို့ သားသမီးထပ်မရတာ နွေ့ကံကောင်းတယ်တောင် ပြောရမလိုပဲ” လို့ ပြောတတ်တယ်။

“မေမေကလည်း ကလေး ထပ်မွေးတော့ မမနွေ အဖော်ရတာပေါ့”

“အဖော်ရတာပဲ သားက မြင်တာကိုး၊ သားသမီး ရှိမလာခင်တော့ မွေးစားသားသမီးအပေါ် ထားတဲ့ မေတ္တာဟာ တကယ့်သားသမီးအပေါ် ထားသလို ထားနိုင်ဦးမှာပဲ၊ ကိုယ်က မွေးစားပြီ ဆိုမှတော့ မေတ္တာလည်း ပါသလို ပတ်ဝန်းကျင်က အမြင်တင့်တယ်အောင်လည်း ထားမှာပဲ၊ ဒါပေမဲ့

ကိုယ့်သွေး ကိုယ့်သားကျ ဘာနဲ့မှ မတူဘူး သားရဲ့ အလိုလိုကို စိတ်ထဲက နွေးပြီး ချစ်နေမိတာမျိုး၊ အထူးသဖြင့် ငယ်သေးတဲ့အချိန်တွေဆိုရင် အစစအရာရာ စိတ်မချ စိတ်ပူပြီး ဂရုစိုက်နေမှာပဲ၊ အဲဒီလို သားသမီးရင်းကို တအားဂရုစိုက်နေတဲ့အခါ နွေ့ဟာ မရည်ရွယ်ဘဲ အလိုလို ဘေးရောက်ပြီး နေရခက်သွားရှာမှာပေါ့”

“သိပြီ”လို့ ဆိုတော့ မေမေက မျက်ခုံးပင့်တယ်။ “ဆိုပါဦး”တဲ့။

“အဘွား၊ မမနွေ့ရဲ့ အဘွားလေးလေ၊ မမနွေ့ထက် သူ့မြေးအရင်းတွေကို ပိုချစ်တယ်၊ အဲဒါမျိုးလား”

“ဩော်....ကိုကြီး၊ ကိုလေးတို့နဲ့တော့ ဘယ်တူမလဲ သားရယ်၊ ဟိုက သွေးရင်း မြေးရင်းလေ၊ အချစ်ပိုတော့မှာပေါ့”

မယ်မယ့်မျက်နှာကျပုံနဲ့ ဆင်သလို စိတ်နေစိတ်ထားလည်း ထပ်မျှ ဖြစ်တယ်လို့ ဆိုရမယ့် ဘွားကြင်ကို ကျွန်တော် မြင်ယောင်လာတယ်။

“ဘွားကြင်ကျတော့ကော၊ ဘွားကြင်ကျတော့ အဘွားရင်းမဟုတ်လည်း မမနွေ့ကို ချစ်တာပဲဟာ”

ဘွားကြင်မှာလည်း သူ့သားငယ်က မွေးတဲ့မြေး ရှိတာပေါ့ကွယ်၊ ဒါပေမဲ့ မန္တလေးမှာ နေကြတာ မဟုတ်လား၊ တစ်ခါတလေမှ တွေ့ရတာ၊ ဟိုမြေးကိုလည်း ချစ်တာပေါ့၊ နွေ့ကျတော့ အနေနီးတယ်၊ အနားမှာ ပြုစုတတ်တဲ့ မိန်းကလေးလည်း ဖြစ်တယ်၊ ဘွားကြင်ကိုယ်၌ကလည်း ချစ်တတ်တယ်၊ ဆိုတော့...တကယ့် မြေးအဘွားလို ဖြစ်နေတာပေါ့”

“တစ်ပတ်တစ်ခါ မမနွေ့ကို သူနဲ့ လာနေခိုင်းတာ ချစ်လို့ပေါ့နော် မေမေ”

မေးခွန်းတွေ များလွန်းတဲ့ ကျွန်တော့်ကို ဆံပင်တွေ ထိုးဖွပြီး မေမေက ပြုံးတယ်။

“ဘွားကြင်က သူ တစ်ယောက်တည်း နေရလို့တဲ့၊ အဖော်ရအောင် ကျောင်းပိတ်ရက်တွေ ကျရင် ကောင်မလေးကို ဘော်ကြို ပို့ပေးကြ ပြောလို့ နွေ့ငါးတန်းလောက်ကတည်းက စလာနေရတာတဲ့၊ အမှန်တော့ ဘော်ကြို အိမ်မှာ နွေ့ ပျော်မှန်းသိလို့ ခေါ်ထားချင်တာက ပိုတယ် မှတ်တာပဲ”

ဘော်ကြိုအိမ်မှာ တစ်ခါ၊ သီပေါအိမ်မှာနှစ်ခါ၊ သုံးခါလောက် ကိုကြီး ကိုလေးတို့ သားအမိတစ်တွေနဲ့ ဆုံဖူးပေမယ့် များသောအားဖြင့် ကျွန်တော် ရောက်သွားတတ်တဲ့ နေ့ခင်းတွေမှာ အဘွားလေးရယ်၊ မယ်မယ်ရယ်ပဲ

တွေ့ရတတ်တယ်။ စက်ချုပ်ဆိုင်မှာ နေ့ခင်းဘက်ကူရတဲ့ မမခမ်းလည်း ရှိမနေတတ်ဘူး။

အဘွားလေးကတော့ သူ့အခန်းထဲ နားရင်နားနေ၊ ဒါမှမဟုတ်လည်း ညှော်ခန်းထဲ ထွက်ပြီး ရေနွေးကြမ်းလေးသောက်၊ တီဗွီကြည့်လို့ပေါ့။ အိမ်မှာ မကြာမကြာ ဆုံရတတ်ပေမယ့် ဘာကြောင့်ရယ်မသိ ဘွားကြင်လို မရင်းနှီးလှဘဲ ဒီအဘွားနဲ့ စကားလက်ဆုံပြောဖို့ရာ ကျွန်တော် အတော်တွန့်ဆုတ်မိတယ်။

တစ်ခုသော နေ့လယ်ခင်းမှာတော့ မရှောင်သာဘဲ တည့်တည့်တိုးရော ဆိုပါတော့။

အဲဒီနေ့ခင်းက မမနွေ ဘော်ကြိုလည်း မလာ၊ သင်တန်းရောက်တော့လည်း မတွေ့နဲ့မို့ သင်တန်းအဆင်းမှာ အိမ်ကိုပဲ ကျွန်တော် လိုက်ခဲ့တာပါ။ ထုံးစံအတိုင်း ဘီးကလေးနင်းလို့ ခုတစ်လော ပါးစပ်ထဲ စွဲလာပြန်သလို ဖြစ်နေတဲ့ စည်သူလွင်ရဲ့ "ကိုယ့်ကြောင့် သီချင်းကို တိုးတိုးညည်းလို့။ ခြံနဲ့ နီးလာလေလေ မမနွေကို တွေ့ချင်လာလေလေ ဖြစ်ရတာကို ကျွန်တော့်ဘာသာ အံ့အားသင့်နေတယ်။ အရင့်အရင်က သောကြာညနေဆို ဘော်ကြို လာနေကျ မမနွေဟာ မနေ့ညနေကတော့ ရောက်မလာခဲ့ဘူးလေ။ အိမ်ရှေ့က ဖြတ်သွားတဲ့အခါ ကြားနေကျ "မြတ်မော်ရေ" ဆိုတဲ့ အသံကို နားစွင့်လို့ မကြားရတဲ့အဆုံး ဘွားကြင်ကို သွားမေးတော့မှ မမနွေ မလာဘူးဆိုတာ သိလိုက်ရတာ။

ဒီမနက်ခင်း သီပေါအလာခရီးမှာ ကျွန်တော် တစ်ယောက်တည်း။ မိုးဖွဲအောက်မှာ မိုးကာဝတ်လို့၊ ခမောက်လေး ဆောင်းလို့ ဘီးနင်းလာရတာ ခါတိုင်းလို ပျော်စရာမကောင်းလှဘူး။ မမနွေ ဘာလို့မလာတာပါလိမ့် ဆိုတာ ကိုပဲ ထပ်တလဲလဲ တွေးမိတယ်။ ညာဘက်ဘေးကို ယောင်ယမ်း လှည့်ကြည့်တာလည်း အခါခါပါပဲ။ လမ်းနံဘေး သစ်ပင်အုပ်ဆီက လေတိုးသံ ကြားတဲ့အခါ မမနွေရဲ့ ရယ်သံများလားလို့ ထင်မိတာကလည်း ဝမ်းနည်းစရာပါပဲ။

သင်တန်းရောက်ပြန်တော့လည်း အစ်ကို့ကို မမေးမိခင် အစ်ကိုကတောင် ဦးအောင် မေးပါသေးတယ်။ "နွေကော"တဲ့။

နောက်ဆုံးတော့ မမနွေတို့ခြံဆီ သွားစုံစမ်းဖို့ အရေးဟာ ကျွန်တော့်ဆီ မဲကျလာတယ်။ ဘော်ကြိုမပြန်ခင် အိမ်ကို တစ်ခေါက်ပြန်လာပြီး အကျိုးအကြောင်း ပြောပြမယ် ဆိုတဲ့ကြောင်း အစ်ကို့ဆီမှာ ကတိခံလာရတယ်။

ခြံဝိုင်းလေးဟာ အရင်နေ့တွေလိုပဲ ဆိတ်ဆိတ် ငြိမ်လို့။ အိမ်နံဘေးမှာ ဘီးရပ်လိုက်တဲ့အထိ အိမ်ထဲက လူသံသူသံ လုံးလုံးမကြားရဘူး။ ပိုထူးတာက ခါတိုင်းလို ရေဒီယိုသံလည်း မကြားရဘူး။ မမနွေသာ အိမ်မှာ ရှိနေရင်တော့ ဒီအချိန် ခြံထဲ ဝင်လာမယ့်သူဟာ ကျွန်တော်ပဲဆိုတာ မှန်းဆသိမှာပဲ။ 'မြတ်မော်ရေ'လို့ အပြေးထွက်လာမှာပဲ။ ခုတော့ ငြိမ်ဆိုသူ နတ္ထိ။

ဖိနပ်ချွတ်ကနေ အိမ်ထဲဘက် ကဲကြည့်လိုက်တော့မှ ဧည့်ခန်းက ကြိမ်ဆက်တီပေါ် သက်သောင့်သက်သာ ထိုင်ပြီး ဆေးလိပ်ဖွာနေတဲ့ အဘွားလေးကို တွေ့လိုက်ရတယ်။ ကျွန်တော့်ကို တွေ့တော့ ငြိုတာလည်း မမည်၊ အံ့သြတာလည်း မကျတဲ့ နှုတ်ဆက်ပုံနဲ့ "ဪ"တဲ့။

"လာလေ" လို့ ဆက်မပြောပေမဲ့ အိမ်ထဲကို ကျွန်တော် ဝင်လိုက်ပါတယ်။

"မမနွေကော အဘွား"

"နွေအိမ်လား၊ သူ့မယ်မယ်နဲ့ မနက်ကတည်းက ကျောက်မဲ ပါသွားတာပဲ"

"ဟိုလေ မနေ့ညနေကလည်း ဘော်ကြို မလာလို့ နေမကောင်းဘူး လားလို့ လာမေးတာ"

"ညနေက ကိုလေး မအားလို့ လိုက်မပို့နိုင်တာနဲ့ မလွှတ်တာဟေ့၊ သူ့မယ်မယ်က တစ်ယောက်တည်း သွားဖို့ရာ စိတ်မချဘူးတဲ့၊ ဘော်ကြိုကို တစ်ပတ်တစ်ခါ သွားသွားနေတာ ဘာလုပ်မလဲ၊ တစ်ပတ်တလေ အိမ်နေဦးပေါ့လို့ ပြောထားရတယ်"

'ဘော်ကြိုမှာ မမနွေက ပျော်တာကိုး'

ဒီစကားကိုတော့ စိတ်ထဲကပဲ ကျွန်တော် ပြောပါတယ်။ လူကတော့ ခပ်တည်တည်နဲ့ပဲ 'ဟုတ်ကဲ့' ပေါ့။ နဂိုက အဘွားလေးဟာ မျက်နှာတည်တည် အရယ်အပြုံးနည်းတော့ မသိရင် ကျောင်းအုပ်ဆရာမကြီးတစ်ယောက်ရှေ့ ရောက်နေရသလိုပဲ။ ကျွန်တော့်မှာ အပြစ်ရှိလို့ အဆူခံရတော့မယ့် ကျောင်းသားလို စိတ်ထဲ ဘာရယ်မဟုတ် ထိတ်မိတယ်။

ပြောချင်ရာ ပြောပြီးခါမှ ကျွန်တော် မိုးတိုးမတ်တတ် ဖြစ်နေတာကို မြင်လေသလား မသိဘူး။ "ထိုင်လေ"တဲ့။

အင်း...အဲဒါမှ ခွ...။

မမနွေလည်း မရှိ၊ သိချင်ရာလည်း သိရပြီဆိုမှတော့ ကျွန်တော် အစ်ကိုတို့အိမ် ပြန်ပြေးမလို့ပဲ။ အစ်ကို့ကို သတင်းပို့ပြီးရင် ကုံကော်ရိပ် ဝင်ပြီး ဘော်ကြို ပြန်မလို့ပဲ။ ဒီအဘွားရှေ့ ဘာလို့ ငုတ်တုတ်ထိုင်နေမလဲ။

ဒါပေမဲ့လည်း မတတ်သာတဲ့အဆုံး "ဟုတ်ကဲ့"လို့ ခပ်တိုတို ဆိုပြီ၊ ထိုင်ချလိုက်ရတော့တယ်။

"နေပါဦး၊ ငါ မေးပါဦးမယ်" လို့ အဘွားလေးက စကားစပြန်တယ်။ လက်ထဲက ဆေးပေါ့လိပ်ကို ပြာခံခွက်ထဲ ထိုးခြေလို့။ ဘာမေးမယ်မှန်း မသိပေမဲ့ စောစောက ပြောသလို ကျောင်းသားကလေး စိတ်မျိုးနဲ့ ကျွန်တော် လန့်လာတယ်။ ဆေးလိပ်ပြာခံခွက်မှာ စောင်းစောင်းလေး တင်နေတဲ့ ဆေးလိပ်က မီးခိုးငွေ့တွေ ခွေဝိုက်လွင့်တက်နေတာကို ကြည့်နေမိတယ်။

"မေးမယ်ဆိုတာ တခြား မဟုတ်ဘူး မောင်မြတ်မော်"

"ဟုတ်"

"နွေအိမ်မှာ ရည်းစားများ ရှိသလား"

"ဗျာ…"

နှုတ်က ပွင့်မကျတဲ့ အာမေဍိတ်ဟာ ကျွန်တော့်ရင်ထဲမှာ အတော့်ကို ကျယ်ကျယ်လောင်လောင်ပဲ မြည်ဟည်းသွားတယ်။ အဲဒီ အာမေဍိတ်ဟာ ခန္ဓာကိုယ်ရဲ့ အံစိတ်အပိုင်း အားလုံးအထိ ပျံ့သွားသလိုပဲ။ အံ့ဩတယ်ဆိုတာထက် ကျွန်တော် လန့်သွားတာ။ လူကြီးသူမများ ဒီလို စစ်ဆေးမေးမြန်းရင် သိထားတာကို တကယ်ပဲ ပြောပြရမလား၊ မပြောဘူး ဆိုရင်ရော ဘယ်လို အမူအရာနဲ့များ ပိပိရိရိ သရုပ်ဆောင်ရပ့ါမလဲ ကျွန်တော် မသိဘူး။

အဘွားလေးကို ငေးနေတဲ့ ကျွန်တော့်မျက်လုံးတွေဟာ ပြူးကြောင်ကြောင်များ ဖြစ်နေလေမလားပဲ။ အဘွားလေးက မျက်မှောင်ကြုတ်လိုက်တယ်။

"နွေအိမ်မှာ ရည်းစားများ ရှိနေသလားလို့ မေးတာ မောင်မြတ်မော်ရဲ့၊ သီပေါမှာရော၊ ဘော်ကြိုမှာရော မင်းနဲ့ပဲ တတွဲတွဲဆို၊ သိချင်းသိ မင်းပဲသိမှာပဲ"

အဘွားလေးရဲ့ မျက်လုံးတွေကို တစ်ခါတောင် ကျွန်တော် ရင်ဆိုင် မကြည့်ခဲ့ဖူးဘူး မှတ်တာပဲ။ သေးကျဉ်းကျဉ်း၊ ပြီးတော့ စူးတောက်တောက်။ တစ်ဖက်သားကို စိုက်ကြည့်တဲ့အခါ စိတ်ထဲကို အတိုင်းသားမြင်ရတော့မလို

ကြည့်တတ်တဲ့ မျက်လုံးမျိုး။ အဲဒီ မျက်လုံးတွေ အေးတိအေးစက် နိုင်လှပုံဟာ မယုံသင်္ကာ အကြည့်ခံရသူအဖို့ လက်ဖျား၊ ခြေဖျား အေးချင်စရာပဲ။

ကျွန်တော် လက်နှစ်ဖက်ကို တင်းတင်း ဆုပ်ထားတယ်။ စားပွဲခုံအောက် ပျောက်နေမယ့် ခြေချောင်းလေးတွေကတော့ အထိန်းအကွပ်မရှိသလို ကွေးလိုက် ဆန့်လိုက်။

"အဲ… ဟိုဒင်း မရှိပါဘူး၊ မမနွေ့မှာ ဘာရည်းစားမှ မရှိပါဘူး အဘွားလေး"

ပြောရင်းဆိုရင်းမှာပဲ အစ်ကိုလင်းညိုရဲ့ မျက်နှာဟာ ကျွန်တော့်အာရုံမှာ ဝင်းခနဲ ပေါ်လာတယ်။ ပုံမှန်ထက်ပိုတဲ့ သံယောဇဉ်မျိုးနဲ့ မမနွေ့နဲ့ အစ်ကို နှောင်တွယ်နေတဲ့ အကြောင်း ကျွန်တော် မြင်တတ်လာပေမယ့် ရည်းစားတွေ ဟုတ်သလား၊ မဟုတ်လားတော့ တကယ်ပဲ အရှင်းမပြောတတ်ပါဘူး။ မမနွေ့နဲ့ အစ်ကိုဟာ အိမ်မှာ ဆုံကြတာအပြင် ကံ့ကော်ရိပ်မှာလည်း တစ်ခါတလေ စာအုပ် ငှားရင်း တွေ့တတ်ဆုံတတ်ကြတာ ကျွန်တော် သိတယ်။ ဘော်ကြို မပြန်ခင် ကျွန်တော်တို့တွေ မုန့်အတူစားတဲ့ နေ့တွေ ရှိဖူးတယ်။ ဒီလောက်ပါပဲ။ ရည်းစားတွေ ပြောရအောင်ကလည်း လက်ကိုင်တာတောင် တစ်ခါမှ မတွေ့ဖူးခဲ့ဘူး။

"ဟုတ်ပ့ါမလား၊ ဒီကောင်မလေး ခုတစ်လော ကြည့်ရတာ သိပ်ပြီး မူမမှန်ဘူးနော်၊ ငါလည်း ငယ်ရာက ကြီးလာတာပဲ၊ သိကို သိတယ်၊ တခြားလူလည်း ရှိတာ မဟုတ်ဘူး၊ ကျောင်းဆရာသားပဲ နေမှာ"

အင်း…အဘွားလေးဟာ ကျွန်တော့်စိတ်ကိုများ အကြားအမြင်ဆရာလို ဖတ်နေသလားပဲ။ မဟုတ်ဘူး ဇွတ်ငြင်းနေမယ့် အစား ဟိုမရောက် ဒီမရောက် ပြောလိုက်တာကမှ နှစ်ဖက်စလုံးအတွက် အကောင်းဆုံး ဖြစ်မယ်လို့ ကျွန်တော် တွေးလိုက်မိတယ်။

"ကျွန်တော် မသိဘူး အဘွားလေး"

"အေးလေ မင်း သိချင်မှလည်း သိမှာပေ့ါ၊ ဟုတ်ရင်တောင် ဘယ်လိုလုပ် သိတယ် ပြောမလဲ"

"တကယ် မသိတာ ခင်ဗျ"

ဒီတစ်ခါတော့ ကျွန်တော် နည်းနည်း ပြောရဲဆိုရဲ ရှိလာပြီ။

"ထားလိုက်တော့၊ မသိရင်လည်း ထားလိုက်တော့၊ ငါ့ဘာသာ တခြား

မေးကြည့်ဦးမယ်၊ အင်း...ခေတ်လူငယ်တွေများ ပြောမနိုင် ဆိုမနိုင်တွေ၊ ကိုယ်က ကံကလေး ကောင်းလို့ ဒီအိမ် ရောက်လာတယ်၊ ပညာသင်ပေးတာလည်း ကြိုးစားယူပေါ့၊ ဆယ်တန်းလေးမှ အောင်ရမယ် မရှိသေးဘူး၊ ကျေးဇူးဆပ်ရမယ် မရှိသေးဘူး၊ ခြေလှမ်းက လှမ်းချင်နေပြီ၊ ရီရီတို့၊ မောင်ထွန်းတို့လည်း ပြောပါ၊ ပြောပါ ဆိုတာကို မပြောကြဘူး၊ ပြောလိုက်ရင် သတိပေးလိုက်သလို ဖြစ်သွားမယ်တဲ့လေ၊ ကောင်းသေးလား”

“ကောင်း...အဲ...မကောင်းပါဘူး”

ကျွန်တော့်ပုံစံကို ကျွန်တော့်ဘာသာ ပြန်မြင်ယောင်ကြည့်တော့ ရယ်စရာပဲ။ စာမေးနေသလို ထိုင်နေတဲ့ အဘွားအိုတစ်ယောက်ရယ်၊ ဘယ်အချိန် ထပြေးရမလဲ ချောင်းနေတဲ့ ကောင်လေးတစ်ယောက်ရယ် ဆိုတော့ကာ ကာတွန်းကားထဲက ကြောင်နဲ့ ကြွက်နဲ့များ တူလေမလား။

“ပြန်ချင်ရင်လည်း ပြန်လေ၊ လာတော့ ပြောထားလိုက်မယ်” ဆိုတာနဲ့ ဧည့်ခန်းထဲကနေ ကျွန်တော် တစ်ချိုးတည်း လစ်တော့တာပဲ။

နောက်ရက် မမနွေနဲ့ ဆုံတဲ့အခါ ဒီအကြောင်း ပြောရကောင်းနိုး၊ မပြောရကောင်းနိုး တွေဝေပေမယ့် နောက်ဆုံးကျတော့လည်း မနေနိုင် မထိုင်နိုင် ဖွင့်ပြောမိတာပါပဲ။ မမနွေမျက်နှာလေး ညှိုးသွားတော့ ငါ မပြောလိုက်ရရင် အကောင်းသား တွေးမိတယ်။ ညှိုးလျှနေတဲ့ မျက်နှာကိုပဲ ဘယ်လို နှစ်သိမ့်ရမှန်းမသိ ငေးမိတယ်။ မျက်တောင်ကလေးတွေ တဖျပ်ဖျပ် ခတ်နေပုံ၊ နှုတ်ခမ်းနှစ်လွှာကို တင်းတင်းစေ့ထားပုံ၊ လက်ချောင်းလေးတွေကို ဆုပ်ခြေနေပုံ။

ခဏကြာတော့ မမနွေက ဖွဖွပြုံးရင်း “ငါ့မောင်လေး စိတ်ရှုပ်သွားမှာပဲ” လို့ ဆိုတယ်။

“မရှုပ်ပါဘူး၊ ကျွန်တော်က ရပါတယ်၊ မမနွေ နောက်ရက်ကျရင် အဆူခံရမလားလို့ပဲ ကျွန်တော် စဉ်းစားနေတာ၊ အဘွားလေးက အားကြီး ပူတတ်တယ်ဆို”

“သူ့ဝသီကိုး မြတ်မော်ရယ်၊ မမ နေတတ်ပါတယ်၊ ရိုးလည်း ရိုးနေပါပြီ၊ ကိုယ်မှ မဟုတ်တာကို မဟုတ်ဘူးပြောရုံပေါ့၊ မယုံတော့လည်း ဘာတတ်နိုင်မလဲ၊ မယုံတာကို မမ ရှင်းပြမနေချင်ဘူး၊ မယုံရင်လည်း ထင်ချင်သလိုပဲ ထင်ကြပေ့စေပေါ့၊ နဂိုကမှ မယုံဘူးဆိုတဲ့ စိတ်မျိုး ရှိပြီးသား လူဟာ ဘယ်လောက် ရှင်းပြရှင်းပြ ယုံမှာမှ မဟုတ်ဘဲဟာ”

ဟောဗျာ... စောစောက ညှိုးဖျော့နေတဲ့ မျက်နှာဟာ ခုတော့လည်း သူ့ကိုယ်သူ အားတင်းနိုင်ခဲ့တဲ့ ရုပ်သွင်မျိုး ဖြစ်သွားပြန်ပါရောလား။ မမနွေဟာ နွေမှာ ပွင့်တဲ့ ပန်းလိုပဲ။ နေဒဏ် လေဒဏ်တွေ ကြားမှာမှ နဂိုနေထက် ပိုလို့ လှလာသလို ခေါင်းမော့နေတတ်တဲ့ အရောင်လွင်လွင် နွေပန်းကလေးလို့ ဆိုရင် ရမယ်ထင်ပါတယ်။

* * *

လူ ဆိုတာလည်း အခက်သားလား။

နောက်ခံ အကြောင်းအရာတစ်ခုခုကို မသိလိုက်ခင် အထိကတော့ အကြည့်အမြင်နောက်မှာ ကပ်လျက်သား ပါတဲ့အသိ၊ အတွေးဟာ ရိုးရိုး သာမန်ပဲ။ အဲ...နောက်ခံကို နားစွန်နားဖျားလေး သိပြီဆိုမှတော့ ကြည့်မြင်ပုံ၊ တွေးတောပုံ၊ လက်ခံပုံဟာ မတူတော့ဘူးရယ်။

ဥပမာ ဆိုပါစို့၊ မမနွေနဲ့ အစ်ကိုလင်းညိုဟာ ပုံမှန် မောင်ချစ်နှမချစ်ထက် သံယောဇဉ် ပိုကြတဲ့သူတွေမှန်း ကျွန်တော့်အရွယ်နဲ့လည်း ကြည့်တတ် မြင်တတ်ပါရဲ့။ ဒါပေမဲ့ အဘွားလေးနဲ့ တွေ့ပြီးတဲ့ နောက်ပိုင်းရက်တွေမှာ ဘယ်လိုတွေးတွေး ဒီအခြေအနေထက် မကတော့ဘူးလို့ပဲ၊ တကယ့် သမီးရည်းစားတွေ ဖြစ်နေကြပြီလို့ပဲ ကျွန်တော့်စိတ်က ထင်လာတော့တယ်။ ဒါကြောင့် ပြောတာ။ တချို့ကိစ္စတွေဟာ မသိလိုက်တော့လည်း အကောင်းသား၊ သိရပြန်တော့မှ တသီတတန်း လျှောက်တွေးတော့တာကိုး။

ဆိုခဲ့သလိုပဲ မမနွေတို့နဲ့ အတူ ရှိနေကျလို ရှိတဲ့အခါမှာ ကျွန်တော်ဟာ တွေးနေကျလို မတွေးနိုင်ပါဘူး။ သူတို့ ချစ်နေကြတာ နေမှာပဲ၊ ငါ့ရှေ့ဖို့၊ အိမ်က လူတွေရှေ့မို့ မောင်နှမလို၊ သူငယ်ချင်းလို နေကြတာ ဖြစ်မှာပဲလို့ တွေးမိတယ်။ ချစ်နေကြတော့ရောလို့ ဆက်တွေးတော့ နှစ်ယောက်စလုံးဟာ ချစ်ရသူတွေမို့ ကျွန်တော် ကျေနပ်ရမှာပါပဲ။

ဒါပေမဲ့လည်း အဲဒီ ကျေနပ်စိတ်ဟာ တင်းပြည့်ကျပ်ပြည့် ဖြူစင်မှုမျိုးနဲ့ မဟုတ်တာ ကျွန်တော် မသိတတ်သေးဘူး။ အစ်ကိုလင်းညိုကို ချစ်ခင်စိတ်မှာလည်း မနာလိုစိတ်ဟာ ရာခိုင်နှုန်း တစ်ဝက်လောက်ကို ရောနေတယ်ဆိုတာ ကျွန်တော် မသိတတ်သေးဘူး။ လူတစ်ယောက်ကို တစ်ပြိုင်နက်တည်းမှာပဲ ချစ်လည်း ချစ်နိုင်သလို အမုန်းစိတ်လည်း စွက်နိုင်တယ် ဆိုတာ ခုနေခါတော့ နားလည်သိနိုင်ပေမယ့် အဲဒီတုန်းကတော့ ဘာမှန်းညာမှန်းမသိ ဝေဝေဝါးဝါး နိုင်လှတဲ့ ခံစားမှုတွေ အားပြိုင်လို့ ကျွန်တော့်မှာ အတော်ပဲ ပင်ပန်းခဲ့ရပါတယ်။

ကျွန်တော်တို့ ပတ်ဝန်းကျင်ကနေ သီပေါမိုးရက်တွေ တအိအိ လွင့်ပါးနေတုန်းမှာပဲ သုံးယောက်သားကြားက အမှတ်တရ အချိန်ကာလတွေဟာ ဘယ်တော့မှ မကုန်ဆုံးတော့ဘူး ထင်ရအောင် အရှိန်ရနေပြန်တယ်။

တစ်ခါ တစ်ခါတော့လည်း အစ်ကိုရယ်၊ မမနွှေရယ်၊ ကျွန်တော်ရယ် သင်တန်းအပြီးဆိုရင် အပြင်ထွက်တတ်ကြတယ်။ များသောအားဖြင့်တော့ ကျွန်တော်နဲ့ မမနွှေက ဦးနှင့်အောင် ထွက်၊ ဆိုင်တစ်ဆိုင်ဆိုင်၊ ဒါမှမဟုတ် သွားနေကျ မြစ်ဆိပ်ကမ်းက စောင့်ရင် အစ်ကို နောက်က လိုက်လာတာပဲ။ မြစ်ဆိပ်ကို ကျွန်တော်တို့ ပိုပြီး သဘောကျကြတယ်။ ဘီးတွေ တစ်နေရာမှာ ထောင်ပြီးရပ်၊ ထိုင်နေကျ နေရာလေးမှာ ဝင်ထိုင်ပြီး ရှုခင်းကြည့်တာပဲ။ စကားပြောကြတာပဲ။ အိမ်အကြောင်း၊ စာအုပ်တွေ၊ ရုပ်ရှင်တွေအကြောင်း။

တစ်ရက်တုန်းကလည်း ဘော်ကြိုကို စောစော မပြန်ဖြစ်ဘဲ အစ်ကိုနဲ့၊ မမနွှေနဲ့အတူ ဒုဋ္ဌဝတီမြစ်ကမ်းဘက် ဘီးနင်းပြီး သွားကြတယ်။ ကျွန်တော်တို့ သုံးယောက်၊ ဘီးသုံးစီး။

အစ်ကို့စက်ဘီးကတော့ ယောက်ျားစီး၊ ဘားတန်းပါတယ်။ ကျွန်တော်ရယ်၊ မမနွှေရယ်ကတော့ မိန်းမစီးတွေနဲ့။ သူများတကာ ယောက်ျားလေးတွေ ယောက်ျားစီး စီးရင် ကျွန်တော်လည်း အားကျမခံ စီးချင်တာပေါ့။ တကယ်တမ်းကျ အိမ်က လူနှစ်ယောက်စလုံး စီးနိုင်မယ့်ဘီး ဆိုရင်တော့ မိန်းမစီးမှ အဆင်ပြေမှာ မဟုတ်လား။ မေမေ ငွေအပို မကုန်ရအောင် ကျွန်တော် ပူဆာ မနေတော့ဘူး။ ဒီတော့ မမနွှေလိုပဲ ဖီးဆင့်ဘီးလေးနဲ့ ခပ်တည်တည် နင်းပြီး လိုက်ရတယ်။

အစ်ကို့အိမ်က ထွက်စတုန်းက သုံးယောက်အတူပေမယ့် ထုံးစံအတိုင်း လမ်းမတန်းပေါ် ရောက်တော့ ကျွန်တော်ရယ်၊ မမနွှေရယ် ရှေ့က။

အဲဒီညနေခင်းက သီပေါကောင်းကင် အင်မတန်လှတာကို နှစ်များစွာ ကြာတဲ့အထိ ကျွန်တော် စွဲမြဲမှတ်မိနေတယ်။ အလိပ်လိုက် ကြွနေတဲ့ တိမ်စိုင်တွေဟာ အပြင်မှာ မြင်နေရတာနဲ့ မတူပါဘူး။ ရုပ်ရှင်မှာ မြင်နေရသလိုလို လွမ်းစရာကောင်းလှတယ်။ လွင့်နေတဲ့ တိမ်စိုင်တွေကို ဖျတ်ခနဲ ငေးလိုက်၊ လမ်းရှင်း၊ မရှင်း ကြည့်လိုက်နဲ့ သီချင်းလေးတစ်ပုဒ် လေချွန်ရင်း စက်ဘီးနင်းရတာ ပျော်စရာပဲ။

ကျွန်တော်တို့တွေ မြစ်ဆိပ်ကို တန်းတန်းမတ်မတ် မရောက်ဘူး။ လမ်းမှာ တိုဟူးနွေး ဝင်စားသေးတယ်။ နေ့လယ်ခင်းမှ ထွက်တဲ့

အဲဒီတိုဟူးနွေးဆိုင်ကို တစ်ခါ စားဖူးရုံနဲ့ စွဲမိပြီး နောက်တော့ မမနွေ့ ခေါ်တိုင်း တကောက်တက် ကြွကြွ လိုက်ရတာပဲ။

မမနွေ့ဟာ ကျွန်တော့်လိုပဲ တိုဟူးနွေး ကြိုက်ပုံပါ။ တစ်ပွဲမက နောက်ထပ် ပွဲတစ်ဝက်တောင် ထပ်ယူလိုက်ပါသေးတယ်။ ကျွန်တော်လည်း အားကျမခံ လိုက်ပွဲယူတာပေါ့။ အစ်ကိုကတော့ လက်ဖက်ရည်သမားမို့ ထိုင်နေကျ လက်ဖက်ရည်ဆိုင်ဆီ သွားနှင့်ပြီ။ လက်ဖက်ရည်သောက်ရင်း ကျွန်တော်တို့ ဆိုင်ရှေ့က ဖြတ်တဲ့အချိန်ကို စောင့်နေမှာပါ။

"မမနွေ့၊ တစ်ရက်လောက် ရုပ်ရှင်ကြည့်ရအောင်"

ဟိုဘက်ဆီ နည်းနည်းလောက် ဆက်သွားရင် ရုပ်ရှင်ရုံ ရောက်မယ်ဆိုတာ အမှတ်ရပြီး ကျွန်တော် အရေးဆိုတယ်။

"ရုပ်ရှင်လား ကြည့်ပေါ့၊ ဗမာကား ကားသစ်တင်မယ် ထင်တယ်၊ အန်တီဆရာမတောင် လာကြည့်ချင် ကြည့်ဦးမှာ"

"ကျွန်တော်က သိုင်းကားတွေ၊ အက်ရှင်ကားတွေ ကြည့်ချင်တာ"

"အံ့မယ် အဲဒါဆို အစ်ကိုနဲ့ သွားကြည့်၊ ကိုလေးနဲ့ဖြစ်ဖြစ် ကြည့်၊ မမ မကြိုက်ဘူး"

"ကျွန်တော့်ကို သီပေါ တစ်ခါ ခေါ်လာစတုန်းက မမနွေ့ပဲ လိုက်ပြပြီးတော့၊ ဂျက်ကီချန်းကားလေ"

"အဲဒါက မြတ်မော် မရောက်ဖူးသေးလို့ မမ လိုက်ပြတာလေ၊ အခုက သိနေပြီပဲဟာ၊ မမ အက်ရှင်ကားတွေ မကြိုက်ဘူး၊ မကြည့်ချင်ဘူး"

ခဏနေတော့ ကျွန်တော်တို့ ဆိုင်က ခွာပြီး ဘီးဆက်နင်းကြတယ်။ အစ်ကိုဟာ ကျွန်တော်တို့ကို မြင်တာနဲ့ ဆိုင်ထဲက ထွက်လာတာပဲ။ နောက်ပြန် လှည့်မကြည့်ပေမဲ့ မလှမ်းမကမ်းမှာ အစ်ကို ပါလာမယ်ဆိုတာ မမနွေ့ သိသလို ကျွန်တော်လည်း သိနေတယ်။

ကျွန်တော်နဲ့ ဘီးချင်း ယှဉ်နင်းနေတဲ့ မမနွေ့ဟာ ဒီကနေ့ ဝတ်ထားတဲ့ အဝါနု အပွင့်နုပ်နုပ်ဝတ်စုံကြောင့် ပိုလှနေသလိုပဲ။ ပြုံးပြုံးရွှင်ရွှင် စက်ဘီးနင်း နေပုံလေး မြင်ရတာ တကယ့် မေသန်းနု အသေးစားလေး။

"မမနွေ့"

"ပြော" ဆိုတဲ့သဘောနဲ့ မမနွေ ငဲ့ကြည့်တယ်။

"မမနွေက မေသန်းနု အသေးစားလေးတဲ့ "

"အံမယ် ဘယ်သူ ပြောလို့လဲ"

"အစ်ကို ပြောတာပဲ၊ ပြီးတော့ မေမေလည်း ပြောတယ်ဗျ သိလား"

မမနွေ ပြုံးလိုက်တယ်။ မြစ်ဆိပ်ကမ်းနား ချိုးဝင်တဲ့ လမ်းကလေးပေါ် ရောက်နေပြီမို့ အရှိန်လျှော့တယ်။ မမနွေ အရှိန်လျှော့တော့ ကျွန်တော်လည်း လိုက်လျှော့တယ်။

"အစ်ကိုက ပြောသေးတယ်၊ မမနွေက ငယ်တုန်းက ပန်းရောင်းချင်တာဆို၊ အဲဒီတော့၊ အဲဒီတော့ ကျွန်တော် ဘာပြောလိုက်လဲ သိလား၊ မမနွေ ပန်းရောင်းလည်း လှမှာပဲလို့"

"အံမယ်မယ် ကိုယ့်အစ်မကိုယ် မြှောက်တယ်ပေါ့လေ"

"မယုံရင် ဘော်ကြိုက ဟိုအစ်ကိုကြီး သွားမေးပေးရမလား၊ တစ်ခါတုန်းက ကျွန်တော် မုန့်ကပ်စားဖို့ ကြံပြီး စာယူလာပေးတဲ့ အစ်ကိုကြီးလေ"

မမနွေက ကျွန်တော့်ကို မျက်စောင်းခဲတယ်။

"တော်ပါ၊ ဒါတော့ ကိုယ့်အစ်မကိုယ် လဲစားရာကျသွားပြီ၊ တော်သေးတယ်၊ ဒန်ဝယ်တယ်၊ ကြေးဝယ်တယ် အသည်ကြီးဆီ လဲမပေးလိုက်တာ"

ကျောင်းပိတ်ပြီဟေ့ဆိုတာနဲ့ စာအုပ်ဟောင်းတွေ ပုံချပြီး ရောင်းရတဲ့ မုန့်ဖိုး၊ ဒါမှမဟုတ် အရုပ်တွေ၊ စားစရာတွေနဲ့ လဲရတဲ့ ဈေးသည်ကြီးကို မြင်ယောင်ပြီး ကျွန်တော် ရယ်မိတယ်။ မျက်စိထဲလည်း မမနွေ ပန်းရောင်းနေတဲ့ ပုံအစား ဒန်တွေ၊ ကြေးတွေ လိုက်ဝယ်တဲ့ပုံကို ပြေးမြင်မိတယ်။ မမနွေက ချိန်ခွင်ကို ကစားပြီး ချိန်ဖို့၊ ကလေးတွေကို မျက်လှည့်ပြဖို့ ပြင်မယ်။ ကျွန်တော်ကလည်း မေမေ့လေသံ ခိုးပြီး "ပိုပိုသာသာ ချိန်ပေးပါ အစ်မကြီးရယ်" လို့ ပြောမယ်။ မမနွေဟာ ရှပ်အင်္ကျီလေး ဝတ်နေကျလို ဝတ်ထားမှာပေါ့၊ ပုဆိုးဟောင်းလေး ခေါင်းခုလည်း လုပ်ရင် လုပ်ထားမှာပေါ့။ ဈေးတွေဘာတွေ ကျနေလည်း ကျွန်တော့်အစ်မခမျာ လှနေဦးမယ် မှတ်တာပဲ။

“ကြည့်စမ်း… ပြုံးစိစိနဲ့ ဘာစဉ်းစားနေတာတုံး”

“ဘာမှမဟုတ်ပါဘူး” လို့ ကျွန်တော် ကပျာကယာ ငြင်းတယ်။ မမနွေ့ ဟိုဘက် လှည့်သွားတာနဲ့ ကျိတ်ရယ်လိုက်သေးတယ်။

ဟော…ကျွန်တော်တို့ရှေ့မှာ ဒုဌဝတီ။ ဘော်ကြိုမှာ တစ်မျိုး လှသလို သီပေါမှာလည်း တစ်မျိုး ကြည့်ကောင်းလှတဲ့ ဒုဌဝတီ။ မြစ်ဆိပ်ကမ်းနားမှာ ကျွန်တော်တို့ ဘီးတွေကို ရပ်လိုက်ကြတယ်။

ကောင်းကင်မှာ ငှက်ကလေးတွေ နေခြည်ကို ဖြတ်၊ တိမ်မျှင်တွေကို ဖြတ်ပြီး ပျံနေတယ်၊ ပြန်နေကြတယ်။

ကျွန်တော်လည်း ခဏနေဆို သူတို့လိုပဲ ပြန်ရဦးမယ်လေ။

* * *

မျှော်လင့်ထားပြီး ဖြစ်တဲ့အတိုင်း မိုးရက်တစ်ရက်မှာတော့ အစ်ကို့ကို ကျွန်တော်တို့ နှုတ်ဆက်ကြရတယ်။

ဒီတစ်ခါတော့ ဟိုအရင် အခေါက်တုန်းကလို ဘော်ကြိုဘူတာမှာ မဟုတ်တော့ဘူး။ သီပေါဘူတာမှာပါ။ အစ်ကိုဟာ တောင်ကြီးကနေ ဆက်သွားရသေးတဲ့ ရွာတစ်ရွာမှာ တာဝန်ကျတာမို့ မန္တလေးအထိ ရထားစီး၊ မန္တလေးကနေမှ တောင်ကြီးဘက်ကို ကားပြောင်းစီးမယ် ဆိုပါတယ်။ “တနင်္ဂနွေကျရင် အစ်ကို့ကို ဘူတာ လိုက်ပို့ချင်လို့ စောစောသွားရအောင်” မမနွေ့ မှာထားတာမို့ နှစ်ယောက်သား ဝီရိယကောင်းကောင်းနဲ့ ဘော်ကြိုကနေ ခပ်စောစော ထွက်လာကြတယ်။

အဲဒီနေ့က လမ်းတစ်လျှောက် ဘီးနင်းလာကြတဲ့အခါ မမ ထူးထူးခြားခြား နှုတ်ဆိတ်နေပုံကို ကျွန်တော် သတိထားမိတယ်။ ခါတိုင်းလို သီချင်းလေး တိုးတိုးတောင် မညည်းဘူး။ ကျွန်တော် စကားစလိုက်ရင်လည်း အင်းပေ့ါ၊ ဟုတ်တာပေ့ါ ဆိုတာမျိုးလောက်ပဲ ပြန်ပြောဖော်ရတယ်။ မမနွေ့ဟာ လမ်းဘေးဝဲယာကို မငေးမူဘူး၊ မျက်နှာမူရာ ရှေ့တူရူကိုသာ စူးစိုက်လို့။

သီပေါရောက်တော့ နှစ်ယောက်သား ဘူတာရုံဆီ တန်းသွားကြတယ်။ ကျွန်တော်တို့ ကံကောင်းတာက တစ်လမ်းလုံး မိုးမရွာတာပဲ။ နို့မို့ဆိုရင် နှစ်ယောက်လုံး ကြွက်စုတ်ရပ်ကလေးတွေနဲ့ ဘူတာကို ရောက်သွားတော့မှာ။ ဘူတာရောက်တော့ အစ်ကိုတို့ မရောက်သေးတာနဲ့ ခဏ စောင့်ကြရတယ်။

ခရီးသည်တွေ ထိုင်တဲ့ ခုံတန်းရှည်မှာ အတူထိုင်နေတုန်း မမနွေ့

ပြောပြပြန်တာက "အစ်ကို့ကို သွားနှုတ်ဆက်မလို့ ဆိုတာ မယ်မယ့်ကို မပြောခဲ့ဘူးနော်၊ နေ့ခင်း အိမ်ရောက်ရင် ပြောမိနေမှာစိုးလို့" တဲ့။

ကျွန်တော် မမနွေ့ကို ဆတ်ခနဲ လှည့်ကြည့်လိုက်မိတယ်။

မမနွေ့မှာ လျှို့ဝှက်ချက်တွေ ရှိနေပြီလား။ အထူးသဖြင့် အစ်ကိုနဲ့ ပတ်သက်လို့ လူကြီးတွေ အသိမခံချင်တဲ့ ပတ်သက်မှုမျိုး ရှိနေပြီလား။ မမနွေ့ရဲ့ မျက်လုံးလေးတွေထဲ အဖြေရှာပေမယ့် ကျွန်တော် လိုချင်တဲ့ အဖြေမျိုး မရဘူး မှတ်တာပဲ။ မမနွေ့ဟာ ပြောနေကျ စကားတစ်ခွန်း ပြောလိုက်သလိုပဲ။ မလုံမလဲဟန် အမူအရာ မတွေ့ရဘူး။

ကျွန်တော် ကျေနပ်သွားတယ်။ ဒါပေမဲ့ ကျေနပ်စိတ်ရဲ့ တခြားမျက်နှာစာမှာတော့ ဝမ်းနည်းစိတ်တစ်မျိုးဟာ တိုးတိတ် လူးလွန့်လို့နေတယ်။

"မယ်မယ် သိရင် မမကို ဆူမှာလား"

"အင်း...ဆူမှာပေါ့၊ ကိုလေး သိရင် ပိုတောင် အဆူခံရဦးမယ်"

"ဆရာရော လာမှာလားဟင်"

"ဆရာတို့ မလာပါဘူး၊ အစ်ကို့သူငယ်ချင်းတွေပဲ လိုက်ပို့မှာတဲ့၊ ဆရာတို့ ပါရင် မမ ဘယ်လာမလဲ မြတ်မော်ရဲ့၊ လူကြီးတွေ တစ်မျိုးထင်သွားရင် ဘယ်ကောင်းမလဲ"

စောစောက မသိမသာလေး လူးလွန့်နေတဲ့ ဝမ်းနည်းစိတ်ဟာ ကျွန်တော့ရင်ထဲ အုံနဲ့ကျင်းနဲ့ ရစ်သိုင်းဖွဲ့လာတယ်။ တောင်တန်းလွှာပေါ် တောင်ခိုးတွေ ရစ်ပတ်ဖုံးလွှမ်း လိုက်သလိုမျိုး။ လေနှင်လေလေ တောင်ခိုးတွေ ဝေ့ဝေ လေလေ ဖြစ်လာသလိုမျိုး။ လူကို ထုံတုံတုံ ဖြစ်လာစေတဲ့ အာရုံများ ဖျောက်ပစ်လို့ ရလေမလား မျှော်လင့်စိတ်နဲ့ ရထားစောင့်နေသူတွေဆီ ကျွန်တော် ငေးမိတယ်။

ဒီဘူတာမှာတော့ ဘော်ကြိုဘူတာမှာလို လူနည်းနည်းလေး မဟုတ်ဘူး။ အတော်ကို များပါတယ်။ သူတို့ဆီက ဗမာစကားသံ၊ ရှမ်းစကား၊ ပလောင်စကားသံတွေ ကြားနေရတယ် (ဒေသခံ တိုင်းရင်းသားစကားတွေ မပြောတတ်သေးပေမဲ့ စကားတစ်ခုချင်း ကျွန်တော် ခွဲသိနေပြီ)။ တလှုပ်လှုပ် တရွရွနဲ့ ရထားလာမယ့်ဘက်ဆီ ငေးလိုက်၊ ပစ္စည်းတွေ ပြင်ဆင်လိုက် လုပ်နေသူတွေ၊ နာနတ်သီးစတဲ့ ဒေသထွက် အသီးအနှံတွေ၊ ကျွန်တော်တို့ ကလေးတွေ အကြိုက် ကြံပန်းခိုင်လို၊ စာကလေးခွေလို စားစရာ

ရောင်းတဲ့သူတွေ၊ ရထား ဂန်ထမ်းတွေ။ လက်မှတ်ရောင်းတဲ့ အပေါက်ဝလေးကို မြင်တဲ့အခါ၊ ဝေးဝေးက ရထားသံလမ်း တိုးဝင်တဲ့ တောတန်းကလေးကို ကြည့်မိတဲ့အခါ ဘော်ကြိုဘူတာကို ကျွန်တော် အမှတ်ရလာတယ်။

ဒီတစ်လော ဘော်ကြိုဘူတာဆီ ကျွန်တော်တို့ မရောက်ဖြစ်ကြဘူး။ ကျောင်းဖွင့်ရက်လည်း ဖွင့်ရက်မို့၊ ပိတ်ရက် ကျပြန်တော့လည်း သင်တန်းနဲ့မို့။ သင်တန်းက ပြန်လို့ အိမ်ရောက်တော့လည်း ကံ့ကော်ရိပ်က သယ်လာတဲ့ စာအုပ်တွေနဲ့ ကျွန်တော် ခွေနေမိပြန်တယ်။ ဘူတာလေးကို မလွမ်းဘူးလား ဆိုတော့ လွမ်းသားပဲ။

အခုဘူတာလို လူလည်း မစည်ကား၊ ကျယ်ကျယ်ဝန်းဝန်း ခမ်းခမ်းနားနားလည်း မရှိပေမဲ့ တောရိပ်တောင်ရိပ်ကို နောက်ခံထားတဲ့ ဘူတာလေးဟာ ကျွန်တော့်စိတ်ထဲ ဘယ်လိုများ ကြည့်ကောင်းနေရတယ် မသိဘူး။ မမနွေနဲ့ စတွေ့တဲ့နေ့ကို ကျွန်တော် သတိရတယ်။ ရထားပေါ်ကနေ အစ်ကို ဆင်းလာတဲ့ တစ်ရက်ကို အမှတ်ရတယ်။ ဘူတာက မြက်ပင်လေးတွေကိုတောင် လွမ်းသလို ရှိလာတယ်။ နောက်ဆုံးတော့ ခွေးကလေး ဘရောင်းရဲ့ ရုပ်ပုံကို အလိုလို မြင်ယောင်လာမိတယ်။

"ဟော..."

အသံတိုးတိုး ရေရွတ်ရင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားတဲ့ မမနွေ မျက်လုံးရွေ့တဲ့ နေရာကို လိုက်ကြည့်တော့ ခပ်လှမ်းလှမ်းက မြေကွက်လပ်မှာ စက်ဘီးရပ်နေတဲ့ အစ်ကို့ကို တွေ့ရတယ်။ အစ်ကိုတို့ သုံးယောက်၊ စက်ဘီးက နှစ်စီး။ အစ်ကိုကြီးတစ်ယောက်ရဲ့ စက်ဘီးနောက်ခုံက လိုက်လာတဲ့ အစ်ကို့ လက်ထဲမှာ ကြိမ်ခြင်းတောင်းတစ်လုံး။ စက်ဘီးရှေ့ဘက် ဘားတန်းမှာတော့ အဝတ်အိတ်တစ်လုံး။ နောက် အစ်ကိုတစ်ယောက်ရဲ့ စက်ဘီးကယ်ရီယာမှာလည်း အိတ်တစ်လုံး။ ပစ္စည်းတွေ ကိုယ်စီ သယ်ပြီး ဘူတာအဆောက်အအုံဆီ အစ်ကိုတို့ လျှောက်လာတော့ မမနွေနဲ့အတူ ကျွန်တော် ခြေလှမ်းစတယ်။

အစ်ကို့ကို တွေ့လိုက်ရတော့လည်း ခွဲခွာရတော့မယ်ဆိုတဲ့ အသိစိတ်များ အစားထိုး ဝင်လာလို့လား မပြောတတ်ဘူး။ စောစောက အုံ့မှိုင်းနေတဲ့ စိတ်ညစ်နွမ်းကလေး ကြည်လာပြန်ရော။

အဝေးကတည်းက အစ်ကို့ကို ကြည့်နေရတာ အလုပ်တာဝန်ကျတဲ့ နေရာဆီ သွားရတော့မှာမို့လား မသိဘူး၊ တကယ့် ဆရာတစ်ယောက်လိုပဲ။ အစ်ကို့မျက်နှာဟာ ဆရာ့ကို တွေ့နေရသလို ကြည်လှတယ်၊ အပြုံးချိုတယ်။

ကျွန်တော်တို့ဆီ အပြုံးနဲ့ လျှောက်လာနေတာ လမ်းခုလတ်မှာပဲ ဆုံကြပါတယ်။

"ရောက်နေကြတာ ကြာပြီလား"

"ခုလေးတင်ပဲ" လို့ မမနွေ ဖြေလိုက်တယ်။ မမနွေရော ကျွန်တော်ပါ ပစ္စည်းတွေ လက်လွှဲယူဖို့ ပြင်ပေမယ့် ဘယ်သူမှ မပေးကြဘူး။

"အိမ်ကနေ စောထွက်မလို့ပဲ၊ ဒါပေမဲ့ အဘွား ရောက်လာတာနဲ့ စကားနည်းနည်းပြော၊ လူကြီးတွေ ကန်တော့နဲ့ နောက်ကျသွားတာ၊ မနက်စာတောင် တကယ် ကသုတ်ကရက်ပဲ စားခဲ့ရတာ"

အိတ်နှစ်လုံးကို ရထားစောင့်သူတွေ ထိုင်တဲ့ ခုံပေါ် တင်လိုက်ကြတယ်။ အိတ်တွေဘေး ကပ်ချလိုက်တဲ့ ကြိမ်ခြင်းထဲမှာတော့ ရာသီပေါ် နာနတ်သီး ဝင်းဝင်းတွေ၊ ပန်းကန်၊ ခွက်၊ ဇွန်း၊ ဓာတ်ဘူးအသေး၊ ဘာဘာ ညာညာ ထည့်ထားတဲ့ဘူးလို ပစ္စည်းတွေ တွေ့ရတယ်။ ကျွန်တော်တို့ ဘော်ကြို ပြန်လာရင်လည်း မေမေဟာ ကြိမ်ခြင်းတောင်း တစ်လုံးနဲ့ ဒီလိုပဲ လိုမယ် ထင်တာတွေ သယ်လာတတ်တာပဲ။ ဘော်ကြိုက ပြန်ရင်လည်း ပဲပုပ်လို၊ ခေါပုတ်လို ဒေသထွက် အစားအစာတွေ သယ်ပြန်တာပဲ။

"ခြင်းကို စိတ်ဝင်စားနေတာလား မြတ်မော်"

အစ်ကိုက မေးရင်း ဘာလို့မှန်းမသိ ရယ်နေတယ်။

"မေမေ့လိုပဲ ပစ္စည်းတွေ သယ်သွားတယ်ဆိုပြီး ကြည့်နေတာ"

"ခြင်းကြီး မယူချင်ပါဘူးဆို၊ မမက ပြောလို့ မရဘူး၊ အတင်း ထည့်ပေးတာပဲ၊ ယောကျာ်းလေးနဲ့ ကြိမ်ခြင်းကြီးနဲ့ မလိုက်ပါဘူးကွာ"

"အစ်ကိုကလည်း လိုက်တယ်၊ မလိုက်ဘူးလည်း မရှိပါဘူး၊ ကိုယ်လိုလို့ ယူတာပဲဟာ၊ အစ်ကို ဟိုရောက်တော့ ကိုယ့်ဘာသာ ချက်ပြုတ်စားရမှာဆို၊ ဒါတွေက လိုလာမှာပဲ၊ ဒန်အိုးအသေးလေးတို့၊ ဒယ်အိုးအသေးလေးတို့ တောင် ထည့်သွားဖို့ကောင်းတာ"

မမနွေ ပြောတော့ အစ်ကို ရယ်ပြန်တယ်။

"ဒန်အိုး၊ ဒယ်အိုးတော့ မလုပ်ပါနဲ့ကွာ၊ ဟိုရောက်မှ တစ်ခုခု စီစဉ်မယ်၊ နို့မို့ဆို အိုးသံခွက်သံ တဒေါင်ဒေါင်နဲ့ ရထားပေါ် ပါသွားမှာ"

အစ်ကို့ဆံပင်တွေဟာ ဟိုတစ်လောလေးက တွေ့တုန်းကထက်

တိုကပ်နေပြီ။ "တောသွားမှာဆိုတော့ ဆံပင်တွေ ကြိုညှပ်ထားရဦးမယ်၊ ရွာက မြို့နဲ့ တော်တော်ဝေးတယ်ကွ" လို့ အစ်ကို ပြောပြခဲ့ပါသေးတယ်။

ခဏနေတော့ အစ်ကို့သူငယ်ချင်း နှစ်ယောက်က ပြန်ဖို့ နှုတ်ဆက်ကြပြီ။ ဆရာ့အိမ်မှာ တွေ့နေကျ အစ်ကိုကြီးတွေပါပဲ။ သူတို့တွေ အစ်ကို့ကို နှုတ်ဆက်ရင်း အနားကပ်လို့ ဘာမှန်းမသိ တိုးတိုး ပြောလိုက်တာ၊ သူတို့ချင်းပဲ ရယ်လိုက်ကြတာဟာ ဘာပြောလို့ ရယ်ကြတာပါလိမ့်လို့ ကျွန်တော် တွေးလိုက်သေးတယ်။ မမနွေကတော့ ခေါင်းလေးငုံ့လို့ ဈေးသည်တွေဆီ ငေးလို့။

ဘူတာ အဆောက်အအုံထဲကနေ အစ်ကို့သူငယ်ချင်းတွေ ထွက်သွားတာကို လိုက်ကြည့်နေရာက ဒီဘက် ခေါင်းပြန်ငဲ့လိုက်တော့ အစ်ကိုဟာ မမနွေ ကာကာဆိုင်က ဝင်ဝယ်လာတဲ့ မုန့်ထုပ်လေး ကိုင်ထားရင်း မမြင်ဖူးသလို လှည့်ပတ်ကြည့်နေတာ တွေ့လိုက်ရတယ်။ အစ်ကို့မျက်နှာဟာ အပြုံးရိပ်နဲ့။ အစ်ကို့အပြုံးဟာ ချိုတုန်းပဲ။ ဒါပေမဲ့ စောစောတုန်းက အစ်ကို့သူငယ်ချင်းတွေ ရှိတုန်းကလို မျက်နှာမျိုးလား ဆိုတော့လည်း မဟုတ်တော့ဘူး။ မမနွေကို ကြည့်ပြန်တော့လည်း လွန်ခဲ့တဲ့ ရက်တွေတုန်းက ဒုဋ္ဌဝတီ မြစ်ကမ်းမှာ သွားထိုင်ကြတုန်းက တွေ့ခဲ့ရသလို ကြည်လင်ရွှင်ပျ မနေတော့ပြန်ဘူး။

"ကျန်းမာရေးဂရုစိုက်နော် နွေ"

"အစ်ကိုလည်း ကျန်းမာအောင်နေ၊ တောပိုင်းမှာ အနေအစား ဆင်းရဲမှာဆိုတော့ အစ်ကိုက ပိုဂရုစိုက်ရမှာ၊ နွေက ဒီမှာတင် နေတာ စိတ်ပူစရာ မရှိဘူး၊ ဟိုမှာက အစ်ကို တစ်ယောက်တည်း"

မမနွေရဲ့ စကားသံဟာ အဆုံးသတ်နားလေးမှာ တိုးသဲ့သွားတယ်။ အစ်ကို့သက်ပြင်းချသံ ကြားရတယ်။ ကျွန်တော် မော့ကြည့်တော့ အစ်ကို့ မျက်လုံးတွေဟာ စိုလဲ့နေသလိုပဲ။ နှုတ်ခမ်းကိုတော့ တင်းတင်းစေ့လို့။

မြစ်ကမ်းနံဘေးမှာ ထိုင်ကြတဲ့ အချိန်တွေတုန်းကလို ဝင်နှောက်ဖို့ စိတ်မကူးဘဲ ဒီနေ့တော့ဖြင့် အစ်ကိုတို့တစ်တွေ နှုတ်ဆက်စကား အေးအေးလူလူ ပြောကြပါစေလို့ ကျွန်တော် စိတ်ကောင်းလေး ဝင်လာတယ်။ လူတွေဆီ ငေးနေ၊ အသံဗလံတွေ နားစွင့်နေတယ်။ တစ်ချက် တစ်ချက်တော့လည်း အနီးနားက မမနွေတို့၊ အစ်ကိုတို့ စကားသံတွေကို နားထောင်မိတာလည်း ရှိပြန်တာပေါ့။

"ဟိုတစ်နေ့ကတောင် ကိုလေးနဲ့ တွေ့သေးတယ် သိလား နွေ၊

လက်ဖက်ရည်ဆိုင် ခဏထိုင်ရအောင်တဲ့ ထူးထူးဆန်းဆန်း၊ ကိုကြီးနဲ့ပဲ ဆိုင်တွေ ဘာတွေ ထိုင်ဖူးတာ၊ သူနဲ့ကျတော့ မထိုင်ဖူးဘူးလေ၊ ထိုင်ကြတာပေါ့ ဆိုပြီး နဂါးကို ရောက်သွားကြတယ်၊ ဟိုပြောဒီပြောပေါ့၊ နောက်တော့ တာဝန်ကျတဲ့ ရွာကို သွားရတော့မှာဆိုတဲ့၊ အင်း ...ဟုတ်တယ်ပေါ့၊ အခြေအနေလည်း ကြည့်ပြီ နေထိုင်ဦးတဲ့ မှာလိုက်သေးတယ်”

“တွေ့လား၊ ကိုလေးက အစ်ကို့ကို ခင်ပါတယ်လို့ နွေ့ ပြောပြောနေတဲ့ဟာ”

“သိပ်တော့ ကြည့်မရဘူး လုပ်လိုက်”

ငါးနှစ်၊ ခြောက်နှစ်အရွယ် ကလေးနှစ်ယောက် စရင်းနောက်ရင်း မုန့်လုပြေးနေတာကို လိုက်ကြည့်နေရာကနေ ကိုလေး နာမည်ပါလာတာမို့ ကျွန်တော် ငဲ့ကြည့်တယ်။ ကိုလေးက အစ်ကို့ကို ဘာကြောင့် ကြည့်မရ ရှိရမှာပါလိမ့်။ အစ်ကို့လောက် မဆုံဖြစ်ပေမဲ့ ကိုလေးဟာ မမနွေ့နဲ့ ကပ်ကပ် ပါလာတတ်တဲ့ ကျွန်တော့်ကိုတောင် ခင်တတ်သေးတာပဲ၊ တစ်မြို့တည်း အတူ ကြီးပြင်းလာတဲ့ အစ်ကို့ကို ဘာလို့ ကြည့်မရ ရှိမလဲ။

ဒီခဏမှာ အဘွားလေးရဲ့ မျက်နှာကို ကျွန်တော် ပြေးမြင်မိတယ်။ အစ်ကိုတို့ကြားက ပတ်သက်မှုကို အိမ်က လူကြီးတွေ စိတ်ဝင်တစား အကဲခတ် နေကြပြီဆိုရင် ကိုကြီး၊ ကိုလေးတို့လည်း နည်းနည်းတော့ ယိမ်းပါလာလေ မလား။ ဒါကြောင့်များ ကိုလေး အမြင်မကြည် ဖြစ်ရသလား။

“ကဲပါ သွားခါနီး လာခါနီး မငြင်းတော့ပါဘူး၊ ခင်တယ်ပဲ ထားလိုက်တော့၊ ဒါပေမဲ့ ခုလို အစ်ကို သွားရတော့မယ် ဆိုတာနဲ့ပဲ သူ့ညီမအတွက် စိတ်အေးသွားတာကိုတော့ ဟန်မဆောင်ဘူးဗျ”

“အစ်ကိုကလည်း” လို့ မမနွေ့က တိုးတိုး ဆိုတယ်။ မျက်နှာလေး ရဲလို့။ ကျွန်တော့်ကို ဖျတ်ခနဲ တစ်ချက် ဝေ့ကြည့်တယ်။ မြင်နေကျ မဟုတ်လှတဲ့ မမနွေ့ရဲ့ အမူအရာလေးဟာ ကျွန်တော့်ရင်ထဲ လေပြည်တစ်ချက် တိုးဝေ့သွားသလိုပဲ။ အေးသလိုလို နွေးသလိုလို။ ကြည့်မိတာတော့ တကယ်ကို ခဏလေးပဲ။ ဒါပေမဲ့ နောက်နောင် ပြန်တွေးလိုက်တိုင်း အဲဒီမျက်နှာဟာ တစ်ဘဝစာ တောက်လျှောက် ပါလာခဲ့သလိုပဲ စွဲမြဲလှတယ်။

အစ်ကိုဟာ ဘာစကားမှ ထပ်မပြောတော့ဘဲ မမနွေ့ကို ခဏ ငေးနေတယ်။ ခေါင်းကလေး ငုံ့နေရာကနေ မမနွေ့ ပြန်မော့တော့ အစ်ကို့အကြည့်နဲ့ တော့တော့ဆိုင်ဆိုင် ဆုံကြတယ်။ သူတို့ ဘာစကားမှ မပြောကြဘူး။ မဟုတ်ဘူး၊ စကားမပြောဘူး ဆိုတာလည်း မဟုတ်ပြန်ဘူး။

ပြောတော့ ပြောနေကြတယ်၊ မျက်လုံးတွေနဲ့။

မမနွေနဲ့ အစ်ကို့ကို ပထမဆုံးအကြိမ် အရောင် နည်းနည်းစွက်တဲ့ မျက်မှန်ကလေးနဲ့ ကျွန်တော် ကြည့်တတ်လာတာ အဲဒီ အချိန်ပိုင်းလေးပါပဲ။ တစ်လျှောက်လုံး မမြင်တတ်ခဲ့တဲ့ ကန့်လန့်ကာ တအိအိ တက်ပြီးတဲ့နောက် ကမ္ဘာတစ်ခုကို ရှင်းလင်းမြင်လိုက်ရသလိုပဲ။ မမနွေတို့ ကမ္ဘာ။ အစ်ကိုနဲ့ မမနွေရဲ့ ကမ္ဘာ။ မမနွေ ကြိုက်တဲ့ "ပန်းချစ်သူ" ရုပ်ရှင်မှာ ဇင်ဝိုင်းနဲ့မေသန်းနု (မိုးကျော်နဲ့ ပန်း) တို့ လူအများအလယ်မှာပေမယ့် လူအများမရှိတော့သလို သူတို့ နှစ်ဦးတည်း စိတ်နဲ့ တည်ထားကြတဲ့ ကမ္ဘာလို။

မမနွေတို့ကို တွေ့နေရတာ ရုပ်ရှင်ဇာတ်ကားလေး ကြည့်နေရသလိုပဲ။ ပရိသတ်ကျွန်တော့်မှာ ကြည်နူးရတယ်။ နှစ်ဦးစလုံးကို ချစ်ခင်စိတ် မေတ္တာ အတွေးနဲ့ ကြည်နူးတဲ့ ကြားက ဘာလို့မှန်းမသိ ဝမ်းနည်းသလိုလည်း ဖြစ်မိပြန်တယ်၊ မဆန်းဘူးလား။

"နေဦး နေဦး၊ ခုမှ သတိရတယ်၊ စောစောက ကိုလေး ပြောတာ ဘာတဲ့၊ အခြေအနေလည်း ကြည့်ပြီး နေဦးဆိုတာလေ၊ အဲဒါ အဲဒါ နွေလည်း အစ်ကို့ကို မှာချင်တာ သိလား၊ ဟိုဘက်မှာ မအေးချမ်းဘူးဆို၊ နွေ စိတ်ပူတယ် ရော"

မမနွေရဲ့ စကားသံဟာ သက်ပြင်းနဲ့ ရောနှောနေတယ်။

"မပူပါနဲ့ နွေရာ၊ အစ်ကို ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်နိုင်ပါတယ်"

"တိုက်ပွဲတွေ ဘာတွေများ ဖြစ်ရင် သတိဝီရိယနဲ့ နေဦးနော်၊ နွေတို့ ဘက်မှာ အေးနေပေမယ့် အဲဒီဘက်တော့ ရှိနေသေးတယ် မဟုတ်လားလို့"

"နွေက မမဒါလီနဲ့ တစ်လေတည်းပဲ"

"မမဒါလီလည်း ပူမှာပေါ့၊ အစ်ကိုကလည်း တကယ်တမ်းကျ မြို့ပေါ်ကျောင်း ရအောင် ဆရာ့ကို လိုက်ခိုင်းလည်း ရရက်နဲ့"

"မြို့ပေါ်ကျောင်းက လာချင်တဲ့သူ များပါတယ် နွေရာ၊ တောရွာလေးတွေကျ လာချင်တဲ့သူလည်း ရှားတယ်၊ မဖြစ်မနေ လာရင်လည်း ခဏပဲ၊ ပြန်ပြောင်းကြပြန်ရော၊ အစ်ကိုက ဆရာလုပ်မယ်ဟေ့ ဆိုကတည်းက တကယ် စေလိုရာစေပဲ၊ ရွာခေါင်ခေါင်ကျလည်း သွားမှာပဲ ဆုံးဖြတ်ထားတာ၊ မမဒါလီကသာ စိတ်ပူတာနော်၊ အဖေကတော့ အေးအေးဆေးဆေးပဲ၊ နွေခုနက ပြောသလို လာဘ်ပေးပြီး လိုက်ရဖို့ ဆိုတာမျိုးကိုလည်း အဖေက နည်းနည်းမှ ကြိုက်တာ မဟုတ်ဘူး၊ နွေကသာ တောရွာတွေ ဘာတွေ ပြောနေ၊ မြတ်မော်

မေမေဆိုလည်း ရန်ကုန်သူက ဒီမှာ လာလုပ်နေတာ ကြည့်ပါလား၊ နွေတို့ကျောင်းကြီးမှာဆိုလည်း အဝေးက ဆရာ၊ ဆရာမတွေ ရှိတာပဲ”

အစ်ကိုက မေမေ့အကြောင်း ပြောရင်း ကျွန်တော့်ပခုံးကိုတောင် လှမ်းဖက်လိုက်သေးတယ်။

“အဲဒီကနေဆို အစ်ကို စာထည့်ဖို့ လွယ်ပ့ါမလားဟင်”

“မြို့ကို ရွာက လူတွေ သွားရင် ပါးလို့ရတယ်၊ ကိုယ်တိုင်လည်း လစာထုတ်တို့၊ အစည်းအဝေးတို့ လိုက်သွားဖြစ်ရင် ထည့်လို့ရပါတယ် နွေရာ၊ အစ်ကို စာရေးပ့ါမယ်”

အစ်ကိုဟာ သူ ပြောခဲ့တဲ့ စကားအတိုင်းပဲ ရွာကို ရောက်ပြီး တစ်လလောက် ကြာတဲ့အခါ သူ့အိမ်ကိုရော၊ မမနွေ့ဆီကိုရော စာရေးတယ်။ အဲဒီစာကိုလည်း မမ်နွေ့ ပေးဖတ်လို့ ကျွန်တော် ဖတ်လိုက်ရပါရဲ့။

စာကို “ညီမလေး နွေ” လို့ အစချီထားတယ်လေ။

“ရောက်စကတည်းက အိမ်ကို စာရေးရင်း ညီမလေးဆီကိုပါ စာရေးမယ် စိတ်ကူးထားပေမယ့် မြို့လူကြုံ မရှိသေးတာနဲ့ပဲ စောင့်လိုက်တာ တစ်လလောက် နောက်ကျသွားတယ်။ ညီမလေး နေကောင်းရဲ့လား၊ စာတွေရော လိုက်နိုင်ရဲ့လား၊ အိမ်မှာရော မိဘတွေနဲ့ အဆင်ပြေပြေ ရှိတယ် မဟုတ်လား ဆိုပြီး မေးချင်တဲ့ မေးခွန်းတွေ အများကြီးပဲ။ ဒါပေမဲ့ ညီမလေး အစစ အဆင်ပြေနေမယ်လို့ပဲ ယုံကြည်နေတယ်၊ ညီမလေးက အနေတတ်တဲ့သူပဲ၊ သမီးလိမ္မာလေးပဲ။ ဒီလို ဆိုလိုက်ရင် ဘယ်သူ့ကိုမှ ပြောမပြဖူးတဲ့ စကားတွေ ကိုယ့်ကျ ပြောတတ်တဲ့ ကောင်မလေးက “လိမ္မာရတာ မလွယ်ပါဘူး အစ်ကိုရာ၊ သမီးလေး လိမ္မာတယ်၊ မွေးစားသမီးမို့ သိတတ်ရမယ် ဆိုတာတွေနဲ့ နွေ တစ်သက်လုံး ပိတ်မိနေတာ သိလား” လို့များ ပြောဦးမလား။

ဒီကို ရောက်စတုန်းကတော့ ထုံးစံအတိုင်း နည်းနည်း စိမ်းတာပေ့ါ။ သီပေါကနေ အဝေးမှာ တစ်ခါမှ မနေဖူးလို့ မိတ္ထီလာ ရောက်စတုန်းကလို မနေတတ်တာ မဟုတ်ပေမဲ့ အနေခက်တာတော့ အမှန်ပဲ။ မိန်းကလေးတွေ ဆိုရင်တော့ အိမ်ကို လွမ်းလိုက်တာလို့ ဖွဲ့နွဲ့ပြောရင် ပြောမှာပေ့ါ၊ အစ်ကိုတို့ကျတော့ သတိရတယ်ပဲ ပြောဖြစ်မယ် ထင်တယ်။ ဖေဖေ့ကို သတိရတယ်၊ မမဒါလီကို သတိရတယ်၊ အိမ်ခြံဝင်းထဲက သစ်ပင်တွေ၊ စာသင်ခန်း၊ အစ်ကို့အခန်း၊ အိမ်အပေါ်ထပ် ဝရန်တာလေး (ညီမလေး

သင်တန်းလာတာကို အဲဒီနေရာ ကနေ စောင့်ကြည့်ဖူးတာ ခဏခဏပဲ)၊ မမဒါလီရဲ့ စားဖိုဆောင် အကုန်လုံးကို သတိရတယ်။

ဒီမှာတော့ အစားဆင်းရဲတာပေ့ါကွာ။ အစ်ကိုက ထမင်းတစ်အိုးတော့ ဖြစ်ဖြစ်မြောက်မြောက် တည်တတ်ပါတယ်၊ ဟင်းကျတော့ ခက်သားပဲ၊ ပထမတော့ ကိုယ့်ဘာသာ ဟင်းရွက်လေး ကြော်ပြုတ် (ကြော်သလိုလို ပြုတ်သလိုလို ဟိုမရောက် ဒီမရောက်) စားလိုက်၊ မမဒါလီ အမြော်အမြင်ကြီးကြီး ထည့်ပေးလိုက်တဲ့ လက်ဖက်လေး သုပ်စားလိုက်၊ ငါးပိကြော်၊ ငါးခြောက်ကြော်လေးနဲ့ စားလိုက် လုပ်နေသေးတယ်၊ နောက်ကျတော့ အစ်ကို နေရတဲ့ အိမ်နားက အဘွားက သိသွားရော။ ဆရာလေးရယ်၊ ဒီလိုမနေပါနဲ့တဲ့၊ သူတို့ဆီက ဟင်းယူစားဆိုတော့ တစ်အိုးတည်း ပေါင်းစားသလိုလည်း ဖြစ်သွားတော့ အဆင်ပြေသွားတာပေ့ါ၊ ထမင်းလခသဘောမျိုး ကန်တော့လိုက်မယ် စိတ်ကူးထားတာပဲ။

ခုနက အိမ်ကိုပဲ သတိရကြောင်းတွေ ပြောတော့ ညီမလေးကို သတိရတာ ထည့်မပြောဘူး ထင်လိမ့်မယ်။ အမှန်တော့ ပြောစရာ မလိုတော့ဘူးလားလို့ မပြောဖြစ်တာပါ၊ သီပေါကို ပြန်မြင်ယောင်ရင် အရင်ဆုံး သတိရမိတာ အိမ်ရယ်၊ ညီမလေးရယ်ပဲ။ ညီမလေးကို သတိရရင်တောင် အခုအရွယ် မဟုတ်ဘဲ စတွေ့စ အရွယ်လေး ကတည်းကနေ အမှတ်ရတယ်။

တွေ့လိုက်ရင် တစ်ခုခုကို ကြောက်နေသလို၊ အားငယ်နေသလို ပြုံးပြတတ်တဲ့ ကလေးမလေး၊ နောက်ပိုင်းကျတော့ ငယ်တုန်းကနဲ့စာရင် ကြည်ကြည်လင်လင် ပြုံးတတ်လာတဲ့ ကောင်မလေး၊ အဲဒီကောင်မလေး ပြုံးနေတဲ့ အခါ လမ်းနံဘေးက တောပန်းကလေးတွေတောင် အရင်ထက် ပိုလှလာတယ် ထင်မိတယ်လို့ ဆိုရင် အပိုပြောတယ် မထင်စေ့ချင်ဘူး။

တောပန်းကလေးဆိုလို့ ညီမလေး ချစ်တတ်တဲ့ တောပန်းကလေးတွေကို ဟောဒီရွာမှာ လမ်းနံဘေး နေရာတိုင်းလို တွေ့ရတယ်။ ခြံစည်းရိုး သီးခြား မရှိတဲ့ ခြံတွေမှာ ယာမိုင်းလော့ပန်းဖြူဖြူ ခြံစည်းရိုးတွေ၊ တောစံပယ် ခြံစည်းရိုးတွေ၊ စိန်နားပန် အရောင်စုံ ခြံစည်းရိုးတွေ။ အမှန်တော့ ဝါးကပ် ကျိုးတိုးကျဲတဲ ကြားကနေ တောပန်းတွေဟာ ပြူထွက်ပြီး လမ်းမကိုတောင် ဖြာကျနေတာ။ မြေမှာတင် ကပ်ပေါက်နေတဲ့ တောပန်းရောင်စုံတွေလည်း ရှိတာပေ့ါ။ ညနေညနေဘက် ဟိုဟိုဒီဒီ လမ်းလျှောက်ရင်း အဲဒီပန်းကလေးတွေ ကြည့်မိရင် ညီမလေးကို သတိရတယ်၊ ဒီပန်းကလေးတွေကို တောပန်းလို့ မခေါ်ရက်ဘူး ပြောခဲ့ဖူးတာ သတိရတယ်၊ ပန်းချင်းအတူတူ ဂရုတစိုက်လုပ်ခံရတာ နည်းလို့ သနားတယ် ပြောခဲ့ဖူးတာ သတိရတယ်။

ကျောင်းက ကလေးတွေကို ညီမလေး မြင်ရင် ချစ်မှာ သနားမှာပဲ၊ သူတို့လေးတွေဟာ ဆရာတစ်ယောက် ပြောင်းလာရင် သိပ်ပျော်ကြရှာတယ်၊ ဒီဆရာ ဘယ်တော့ ပြန်ပြောင်းမလဲ မသိဘူးလို့ စိုးရွံ့နေကြတဲ့ မျက်နှာလေးတွေဟာ သိပ်သနားစရာကောင်းတယ် ညီမလေးရယ်။

တစ်ရက်မှာ "ဆရာ ဘယ်တော့ ပြန်မလဲ" လို့ ကျောင်းသားလေး တစ်ယောက်က လာမေးတယ်။ ပထမတော့ သူဘာပြောတာပါလိမ့်လို့ အစ်ကို ရုတ်တရက်နားမလည်ဘူး။ ဆရာမကြီးကို ပြောပြတော့ "ဆရာတွေက ရွာကနေ ပြန်သွားပြီဆိုရင် ပြန်ရောက်မလာတော့ဘူးလို့ သူတို့စိတ်ထဲမှာ စွဲနေတာ" လို့ ပြောပြတယ်။ "အကြာကြီးနေမှာ မပြန်ဘူး" လို့ အစ်ကို ပြောလိုက်တဲ့နေက သူတို့ ပျော်သွားတဲ့ မျက်နှာလေးတွေကို သနားချစ် ချစ်လိုက်ရတာ။ ကျောင်းမှာတော့ ဆရာရယ်လို့ အစ်ကိုရယ်၊ ဆရာမကြီးရယ် နှစ်ယောက်တည်းပါပဲ။ ဆရာမကြီးက နှစ်တန်းကနေ လေးတန်းအထိ သင်တယ်၊ အစ်ကိုက သူငယ်တန်း၊ ပထမတန်း သင်တယ်၊ နှစ်ယောက်တည်းနဲ့ ဟိုအတန်း ဒီအတန်း ခွ သင်နေရတာ ပြေးနေရမှာပဲလို့ ညီမလေး ထင်မှာပဲ။ အမှန်တော့ ကျောင်းမှာ အခန်းဆိုတာမှ မရှိပဲ။ ဟိုဘက် ဒီဘက် ဒီလိုပဲ ကူးပြီး သင်လိုက်တာပဲ၊ အသံတွေက ဆက်နေတော့ အာပေါက်အောင်တော့ အော်ရတာပေါ့၊ တစ်တန်းကို သွားသင်ရင် သူငယ်တန်းက ရန်ဖြစ်ကြ ငြင်းကြ ငိုကြလို့ ဖျန်ဖြေရ၊ သူငယ်တန်းကို သင်ပြန်တော့လည်း တစ်တန်းက စကားများကြနဲ့ တစ်ခါတစ်ခါတော့ စိတ်လည်းညစ်၊ ရယ်လည်း ရယ်ချင်။ အစ်ကိုတစ်ယောက်တည်းလား ဆိုတော့လည်း မဟုတ်ဘူး၊ ဆရာမကြီးလည်း အစ်ကို့လိုပဲ မောမောပန်းပန်း ပြေးပြေးလွှားလွှားပါပဲ၊ အစ်ကိုတို့နှစ်ယောက်ကို ဆရာအဖြစ် ပိုင်ရတာ ဒီကလေးတွေ ကံကောင်းတယ် ဆိုရမှာပဲ၊ မွေးကတည်းက ရှမ်းစကားပဲ သုံးလာတဲ့ ကလေးတွေနဲ့ ရှမ်းစကား၊ ဗမာစကားတတ်တဲ့ ဆရာတွေ တွေ့ရတာကိုး၊ ဆရာမကြီးက ဗမာလူမျိုးပဲ၊ ဒါပေမဲ့ ဒီရွာမှာပဲ အိမ်ထောင်ကျပြီး မပြန်တော့တာ၊ ရာထူးတိုးလည်း မယူတော့ဘဲ ပျော်နေတာ ကြာပဲကြာလှပြီ၊ အစ်ကိုလည်း သူ့လို နှစ်ချီပြီး နေရင် ကောင်းမလား စိတ်ကူးနေတာပဲ။

လာမယ့် သီတင်းကျွတ်တော့ အစ်ကို သီပေါ ပြန်ဖြစ်မှာ မဟုတ်ဘူး၊ နွေကျမှ ပြန်လာမယ် စိတ်ကူးထားတာပဲ။ အဲဒီတော့မှ တွေ့တာပေါ့ ညီမလေးရေ၊ ကျန်းမာရေး ဂရုစိုက်ပါလို့ မှာနေကျလို မှာချင်တယ်၊ မေတ္တာလည်း အမြဲ ပို့ပါတယ်၊ ညီမလေး စိတ်ချမ်းသာပါစေ၊ အမြဲပျော်ရွှင်ငြိမ်းချမ်းပါစေ၊

နွေကျမှပဲ အစ်ကိုတို့တစ်တွေ ပြန်ဆုံကြတာပေါ့၊ ဒီကြားထဲမှာလည်း

အစ်ကို လူကြုံရှိတိုင်း စာတိုက်ကနေ စာထည့်ပါ့မယ်၊ ညီမလေးလည်း စာရေးပါ၊ ညီမလေးရဲ့ လက်ရေးလှလှလေးတွေ မြင်ရရင် အနည်းဆုံးတော့ သီပေါကို လွမ်းနေတာလေး ပြေတာပေါ့”

* * *

ကျောင်းဖွင့်ရက်တွေဟာ ကျွန်တော်တို့ အိမ်နဲ့ မျက်စောင်းထိုး လမ်းတစ်ဖက်ခြမ်းမှာ ရှိတဲ့ ကုက္ကိုပင်ကြီးက ရွက်ရော်တွေ ကြွေသလိုပဲ တဖြုတ်ဖြုတ် ကြွေနေကြတယ်။ ကျောင်းထဲက အကျော်ပင်ကြီးက ပန်းပွင့်ဖြူဖြူတွေဟာလည်း တချို့က ပင်ထက်မှာ၊ တချို့ကတော့ အပင်အောက်က ရေစပ်စပ် မြေပြင်ပေါ်မှာ။ မိုးဖွဲ့ဖွဲ့၊ ဒါမှမဟုတ် မိုးသည်းသည်းရွာတဲ့ ရက်တွေ ဆိုရင်တော့ အတန်းအပြင်က အကျော်ပင်ဘက် ငေးရတာကပဲ အရသာတစ်ခုလို။

အရင်တုန်းကတော့ ပြင်ပ ပတ်ဝန်းကျင်ကို၊ ရှုခင်းကိုငေးတယ်ဆိုတာ ဘာအရောင်မှ မပါတဲ့ သာမန်ကာလျှံကာ ငေးခြင်းမျှပဲ။ တောင်တန်းတွေကို ကြည့်လည်း ဒီအကြည့်ပဲ၊ တိမ်တွေကို ကြည့်လည်း ဒီအကြည့်ပဲ၊ တောပန်းတွေကို ကြည့်လည်း ဒီအကြည့်ပဲ၊ ဘာမှ မထူးခြားဘူး။

ခုနောက်ပိုင်းတော့ ဒီလို ဘယ်ဟုတ်ပါတော့မလဲ။

ကြည့်လို့မြင်၊ မြင်တဲ့နောက်မှာ အတွေးဟာ တောက်လျှောက် အရိပ်လို့ ပါလာတတ်ပြီ။ ဥပမာ တောင်တန်းကြီးတွေကို ကြည့်တယ် ဆိုပါစို့။ မှိုင်းပြာရီတဲ့ တောင်တန်းတွေဟာ အမြင်အဆင့်မှာတင် မရပ်တော့ဘူး။ သြော်... အဲဒီတောင် ပေါ်ဘက်မှာ ရွာကလေးတွေ အများကြီး ရှိဦးမှာပဲ၊ စိုင်းနောင့်တို့လို ရှမ်းရွာတွေလည်းရှိ၊ ပလောင်ရွာတွေလည်း ရှိမှာပေါ့၊ ပလောင်ရွာတွေမှာဆို လက်ဖက်ခင်း ရှိသတဲ့၊ လက်ဖက်ခင်းတွေဟာ စိုင်းနောင့်တို့ရွာက လိမ္မော်ခြံတွေ၊ ကြံခင်း တွေ၊ တောင်ယာတွေလိုပဲ လှနေမယ် ထင်တယ်။

စိုင်းနောင့်တို့ရွာဆိုလို့ ရွာထဲ မရောက်တာ နှစ်ပတ်လောက်ရှိပြီ၊ ရှေ့တစ်ပတ် ကျောင်းပိတ်ရင် သွားဦးမှပဲ၊ ပါပဲ့လက်ရာလေးနဲ့ ထမင်းမြိန်မြိန် စားရမယ်။ အဲဒီလိုတွေ ဆက်လို့ ဆက်လို့ တွေးမိရော။

နောက် တိမ်တွေကို ငေးမိတယ် ဆိုပါတော့။ ငယ်တုန်းကလို အရုပ်တွေ ပုံဖော်မြင်ကြည့်ဖူးတာ သတိရမယ်၊ ဟာ...ဟိုတိမ်ကတော့ ဝက်ဝံလိုပဲကွာ၊ ဟိုကောင်က မျောက်နဲ့ မတူဘူးလား၊ ဒီကောင်ကတော့ တကယ့်ခွေးပဲ စသဖြင့် ဆက်တွေးမယ်။ မေမေ ရွတ်ပြတတ်တဲ့ “တိမ်ညိုမိုလ္လာ တိမ်စုကာနှင့် တိမ်ပြာ ရောယှက် မရန်းဖက်၍ တိမ်သက်တံရောင် အဝါပေါင်ဝယ် မှောင်ခဲ့တစ်ခါ

ပြာခဲ့တချို့ ညိုခဲ့တစ်လီ ရီခဲ့တစ်ဖုံ" ဆိုတာကို အမှတ်ရမယ်။ တစ်ခါတုန်းက မမနွေနဲ့အတူ ရထားသံလမ်း ဟိုဘက်က ခရမ်းပန်းတောထဲမှာ မတ်မတ်ရပ်ရင်း တောင်တန်းတွေဘက် လှည့်၊ တိမ်တွေဆီ ငေးဖူးတာ၊ မီးခိုးရောင် တိမ်အုပ်မှာ ငွေမင်ရောင် ဇာနားတွန့်လေးတွေ ဆင်ထားပုံကို မမနွေ ငေးမဆုံးရှိဖူးတာ လွမ်းလာမယ်။

မမနွေက အလှကို မြင်ပေမယ့် အဲဒီတုန်းက ကျွန်တော် တွေးခဲ့ပုံက တစ်မျိုးရယ်။ တိမ်အုပ်ရဲ့ အနောက်ဘက်ကို ဝင်ကြည့်လိုက်ချင်တာ၊ တိမ်တွေပေါ် တက်စီးလိုက်ချင်တာ။ တိမ်တွေစီးရတာ ကော်ဇောပျံ စီးရသလို နေမှာပဲလို့ ထင်နေတာ။ တစ်နေ့တော့ လေယာဉ်ပေါ်ကနေ တိမ်တွေကို ငုံ့ကြည့်လိုက်မယ် စိတ်ကူးပေမယ့် လေယာဉ်မစီးဖူးတဲ့ ကျွန်တော့်မှာ မမနွေ ငေးသမျှ လိုက်ငေးလို့ စိတ်နဲ့တင် တိမ်တွေနောက် လိုက်တော့တာပဲ။

တောပန်းဆိုပါတော့။ တောပန်းလေးတွေ တွေ့မိရင်လည်း အတွေးရေစီးက ဆက်မျောတော့တယ်။ တောပန်းလေးတွေ မမနွေ ကြိုက်လှပုံကို သတိရလာမယ်။ မမနွေ တောပန်းလေးတွေ ချစ်ပုံဟာ ချုံကြီးအုံကြီးက ပန်းပွင့်ရောင်စုံမို့၊ နွယ်တက်နေတဲ့ စိမ်းမြမြနောက်ခံ အရောင်လွင် ပန်းတွေမို့ မဟုတ်ဘူး။ မြေမှာ ကပ်နေတဲ့မြက်ပင်တွေ၊ မြက်လို တွယ်ကပ်ပေါက်တဲ့၊ ကျွန်တော် နာမည် ပြောမပြတတ်တဲ့ အပင်လေးတွေက ပန်းပွင့် သေးသေးလေးတွေကိုလည်း ချစ်တာပဲ၊ အရွယ်အစား အင်မတန်သေးတဲ့ ပန်းကလေးတွေကို ဆောင့်ကြောင့်ထိုင်ချလို့ တမြတ်တနိုး ငုံ့ကြည့်တတ်ပုံဟာ ကျွန်တော့်မျက်စိထဲ မြင်နေကျ မြင်ကွင်းတွေထဲက တစ်ခုပဲ။

အခုနောက်ပိုင်း ဒီထက် နယ်ဆန့်လာတဲ့ စိတ်ဟာ ဘယ်လောက် အထိများ ခရီးနှင်တုန်းဆို တောပန်းလေးတွေ မြင်ရင် အစ်ကို့အကြောင်း အထိ ဆက်လို့ နွယ်လို့ ပါလာတော့တာပါပဲ။ အစ်ကိုဟာ သူ့စာထဲမှာ ဒီတောပန်း ကလေးတွေ တွေ့ရင် မမနွေကို သတိရကြောင်း တသသ ထည့်ရေးခဲ့တာကိုး။ အဲဒီစာလေးကို ဖတ်ရတုန်းက ဘယ်လို ခံစားမှု ရှိခဲ့သတုံးလို့ နောက်နောင် ပြန်စဉ်းစားတော့ မရေရာလှဘူး။ ဖတ်ခဲ့တယ်၊ စာလေးတစ်စောင် ဖတ်ခဲ့တယ်။ စာဟာလည်း ကိုယ့်ဆီ ညွှန်းတာမဟုတ်။ တခြားသူဆီ၊ သို့သော်လည်း ရေးသူရော ညွှန်းသူပါ သိသူတွေမို့ ဖတ်ရတဲ့အခါ စိတ်ဝင်စားမှု ရှိရတယ်။ စကားလုံးလေးတွေ ဖတ်ရင်း အစ်ကို့ကိုပါ မြင်ယောင်မိသလိုလည်း ရှိရတယ်။ ဒါပဲ၊ အဲဒီတုန်းက ဒီလောက်ပဲ။ ဒါပေမဲ့လည်း နောက်ပိုင်းကျတော့ တောပန်းပွင့် ကလေးတွေ မြင်မိရင် မမနွေကို သတိရသလို အစ်ကို့ကိုပါ သတိရတော့လည်း ဘယ်လိုပြောရမှန်းမသိတဲ့ စိတ်ခံစားမှုတစ်မျိုးဟာ ဒုဋ္ဌဝတီမြစ်ထဲ လှိုင်းနုနုလေးတွေ ပြေးနေသလို လှုပ်ခတ်ပြေးဆော့ ရှိလာတာ ကျွန်တော်

သတိပြုမိတယ်။

အစဦးမှာတော့ အမည်လည်း မပေးတတ်၊ ဘာရယ်လည်း သေချာနားမလည်လှဘဲ စိတ်ထဲ ပြေးဆော့တဲ့ လှိုင်းနုလေးတွေကို အမှတ်မဲ့ပဲ။ တစ်ရက်ကျတော့ ကျွန်တော် အငိုက်မိတယ်။ မျှော်လင့်မထားတဲ့ အခြေအနေမျိုးနဲ့ အငိုက်မိတယ်။

အဲဒီနေ့က မိုးနှောင်းမိုးဟာ မနက်ကတည်းက တဖွဲဖွဲ ကျနေခဲ့တယ်။ နေ့ခင်းကျပြန်တော့ မိုးဟာ သူမဟုတ်သလို တိတ်သွားပြန်ရော။ ကောင်းကင်ကကြည်သွားပြန်ရော။ မီးခိုးရောင် တိမ်စတိမ်မျှင်တွေ ကောင်းကင်ပြာနုနုထက် မျောနေတုန်းမှာပဲ ကျွန်တော်တို့အိမ်ကို မမနွေ ရောက်လာတယ်။ ထရံပေါက်လေးတွေ ကနေ တိုးဝင်လာတဲ့ အလင်းစလေးတွေ ဖြာကျနေတဲ့ အိမ်ရှေ့ခန်းမှာ သင်ဖြူးဖျာပေါ် အိပ်ရာခင်း အပါးလေးခင်း၊ ခေါင်းအုံးနှစ်လုံးဆင့်ထပ်၊ စောင်လေးခြုံလို့ ကျွန်တော် မှိန်းနေတုန်း မမနွေ ရောက်လာတယ်။

ခပ်ဖွဖွခြေသံတစ်သံ လှေကားထစ်တွေပေါ် နင်းတက်လာတော့ မှိတ်ထားတဲ့ မျက်လုံးတွေကို ကျွန်တော် ဖွင့်တယ်။ ဒါ မေမေ့ခြေသံ မဟုတ်တာ သိတယ်။ မေမေ မဖြစ်နိုင်တာလည်း သိတယ်။ မေမေနဲ့ ဆရာမကြီး သီပေါ ထွက်သွားလိုက်ကြတာ မကြာသေးဘဲကိုး။ ကျွန်တော်လည်း အတူလိုက်သွားရဖို့ဟာ အဖျားရှိလို့ နေရစ်ခဲ့ရတာကိုး။

ခြေသံဖွဖွနုနုကို နားစွင့်ရင်း ဘယ်သူဆိုတာ ကျွန်တော် ထင်းထင်း သိလာတယ်။ မမနွေ။ မမနွေကလွဲလို့ ဘယ်သူဖြစ်ဦးမှာလဲ။ လဲလျက်ကနေပဲ တံခါးမကြီးဆီ လှမ်းကြည့်တော့ လှေကားထိပ်မှာ ခြေစုံရပ်လို့ အိမ်အတွင်း ဘက်ဆီ ခေါင်းပြူကြည့်တဲ့ မမနွေကို တွေ့လိုက်ရပါရော။ ကျွန်တော် လဲနေရာကနေ ထဖို့ အားယူလိုက်တော့ မမနွေက အလောတကြီးပဲ “နေ နေ” တဲ့။

“နေမကောင်းဘူးဆို၊ အန်တီဆရာမနဲ့ ခေါက်ဆွဲဆိုင်ရှေ့မှာ တွေ့လို့ ပြောသွားတာ၊ သမီးမောင်လေး အိမ်မှာ တစ်ယောက်တည်း ကျန်ခဲ့တယ်တဲ့”

ကျွန်တော် ခေါင်းညိတ်ပြီး ခေါင်းအုံးပေါ် ခေါင်းပြန်ချတယ်။ မျက်နှာပြင်ဟာ အဖျားကြောင့်လား၊ ဘာကြောင့်လဲမသိ နွေးတေးတေးနဲ့ရယ်။

အဲဒီလောက် အချိန်တိုလေးအတွင်းမှာပဲ အတွေးဟာ မြန်လှတယ်။ ခေါင်းအုံးစွပ်က ဟောင်းနေမှာပဲလို့ တွေးတယ်။ သင်ဖြူးဖျာပေါ် အိပ်ရာခင်း ထပ်ခင်းထားပေမယ့် အိပ်ရာခင်းကလည်း အသစ်မဟုတ် (အသစ်လည်း အိမ်မှာ မရှိ)၊ ပြီးတော့ စောင်ဟာလည်း အသီးအသီးတွေ ထနေတဲ့

စောင်ဟောင်းပဲ။ စောင်နှစ်ထည်၊ သုံးထည်ရှိတာမှာ စောင်ဟောင်းကိုမှ ခြုံမိလေခြင်းလို့ ကျွန်တော် စိတ်ညစ်သွားတယ်။

နောက်ပြီး နောက်ပြီး ညှော့ခန်းလို့လည်း ဆိုနိုင်တဲ့ အိမ်ရှေ့ခန်းပေမယ့် ခပ်ကုပ်ကုပ် အမိုးလေးနဲ့မို့ အလင်းရောင်ရယ်လို့ တံခါးမကြီးက တိုးဝင်နေတဲ့ အလင်းရယ်၊ အဝေး မီးဖိုခန်း ပြတင်းပေါက်ဆီက အလင်းသဲ့သဲ့ရယ်၊ အိမ်ရှေ့ ခန်း ထရံပေါက်လေးတွေဆီက အလင်းပေါက်လေးတွေပဲ ရှိတာမှာ မမနွေ လှမ်းဝင်လာပုံဟာ စိတ်ထဲ တစ်မျိုးတစ်ဖုံ ဆန်းကြယ် လှုပ်ရှားစေတာ ဖြစ်မှာပဲ။ အတွင်းသဏ္ဌာန်က လှုပ်ရှားတုန်ယင်မှုဟာ မဆီမဆိုင် ပူပန်မှုတွေဆီ တောင်စဉ် ရေမရ ရောက်စေပုံပဲ။ အမှန်တော့ မမနွေနဲ့ ကျွန်တော်တို့ သားအမိကြားမှာ ဟန်လုပ်စရာလည်း ဘာမှ ရှိတာ မဟုတ်။

မမနွေဟာ အိမ်ခန်းထဲ တစ်လှမ်းချင်း တိုးလို့ ဝင်လာတယ်။ ခါတိုင်းလိုပဲ အိမ်နေရင်း ဝတ်တတ်တဲ့ ပါတိတ်လုံချည် တစ်ပတ်နွမ်းနဲ့၊ ပွင့်ရိုက်အင်္ကျီ ပွပွလေးနဲ့။ တံခါးမကြီးက ဝင်နေတဲ့ အလင်းကို ဆန့်ကျင်ပြီး လျှောက်လာတာမို့ မျက်နှာကို သဲသဲကွဲကွဲ မမြင်ရ။

အလင်းကို မျက်နှာမူပြီး ကျွန်တော် လျောင်းနေရာဘေး ဝင်ထိုင်လိုက် တော့မှသာ မမနွေရဲ့ မျက်နှာကို မြင်ရတယ်။ သနပ်ခါး ပါးကွက်လေး ကွက်မြဲ ကွက်ထားတာ မြင်ရတယ်။ မျက်လုံးလေးတွေမှာတော့ ကြင်နာရိပ်လေး တလဲ့လဲ့ ပြေးလို့။

“ဘယ်တုန်းကတည်းက ဖျားတာတုံး”

“မနေ့ညနေကမှ”

“ဘယ်လို ဖြစ်ရသလဲ ကဲ၊ နေ့ခင်း တွေ့တော့ အကောင်းကြီးဟာ”

“ညနေကျတော့ မေမေက ရေစောစောချိုး ဆိုတာ၊ ဖိုးခွားနဲ့ သွားဆော့ပြီး ပြန်တော့ မိုးချုပ်တော့မှ မေမေ ပြောနေတဲ့ကြားက ချိုးလိုက်တာ၊ ပြီးတော့ ဖျားတာပဲ မမနွေရာ”

“အခု ဘာဆေးသောက်ထားသလဲဟင်”

“ဆေးဆရာမဆီက ဆေး သောက်ထားတယ်” ပြောဖို့ အစချီလိုက်တဲ့ ကျွန်တော့်အသံဟာ “သောက်ထားတယ်” ဆိုတာ မပါဘဲ “ဆေး” နဲ့တင် တုံးတိ ရပ်သွားတယ်။ မမနွေက ကျွန်တော့်နဖူးပေါ် လက်ဝါးလေးတင်လိုက်တာ ကိုးလေ။

တစ်ယောက်ယောက်ကို ဒီအကြောင်း ပြန်ပြောပြရင် လက်ဝါးလေးတင်တာများ အဆန်းလုပ်လို့လို့ ပြောချင်လည်း ပြောကြမယ်။ ဒါပေမဲ့ အဲဒီလက်ဝါးပြင်လေး ကပ်လာတဲ့ အခိုက်အတန့်ဟာ အရာရာ တုံ့ဆိုင်းရပ်တန့်သွားသလိုပဲ။ ငယ်တုန်းက ကျောက်ရုပ်လုပ်တမ်း ကစားတဲ့အခါ အလှည့်ကျသူက ကိုယ့်ကို တို့ထိလာရင် ကျောက်ရုပ်လို မလှုပ်မယှက် ရပ်လိုက်ရတာမျိုး။ အိမ်ခန်းထဲ ကျိုးကျဲကျဲ တိုးဝင်နေတဲ့ အလင်းတွေလည်း ရပ်၊ လေပြည်ကလည်း အနော့ ရပ်၊ ငှက်ကလေးတွေရဲ့ တေးသံတောင် ရပ်သလို။ ပြီးတော့ ကျွန်တော့်နှလုံးခုန်တာ၊ အသက်ရှူတာ ရပ်သွားသလိုပဲ။

ပါးပြင်က ပူနွေးတာဟာ နားထင်နားရင်းကို ကူးတယ်။ ယောင်ပြီး အသက်အောင့် မျက်လုံးမှိတ်လိုက်တယ်။

ဖျားနာနေချိန် နဖူးအစမ်းခံရတာ အကြိမ်ကြိမ် ကြုံဖူးပေမယ့် ဒီတစ်ကြိမ်က ဘာလို့များလဲ။ သွေးမတော် သားမစပ်သူမို့လား၊ မမနွေမို့လား။

“သိပ်တော့လည်း မပူတော့ဘူး တော်သေးတယ်”

မမနွေ အသံလေး ကြားတော့ ကျွန်တော် မျက်လုံး ပြန်ဖွင့်တယ်။ ခါတိုင်းလို မမနွေ မျက်နှာကို ရဲရဲ ကြည့်နေကျကနေ မကြည့်ရဲသလို တစ်စုံတစ်ရာက ကျွန်တော့်စိတ်ကို အရှောင်တစ်ခုခု စွန်းထင်းစေလိုက်သလို။ မကြည့်ဘဲ နေပေမယ့်လည်း ရသလားဆိုတော့ မရပြန်။ ခိုးကြည့်သလို ဖျတ်ခနဲလေး ဝှေ့ဝဲရတာပဲ၊ အဲဒီတော့လည်း မမနွေရဲ့ ရိုးစင်းကြည်စင်တဲ့ မျက်နှာကို အတွေ့မှာ စောစောက လှိုင်းနုလေးတွေဟာ ကြက်ပျောက်ငှက်ပျောက် ဖြစ်ရပြန်တယ်။ တန့်နေတာတွေ အလုံးစုံ တစ်ဖန် လှုပ်ရှားသလို ကျွန်တော် အသက်ရှူချတယ်။

“အံမယ်လေး သက်ပြင်းတွေ ဘာတွေ ချလို့၊ ဘာလဲ ဖျားနေရတာ အိပ်ရာထဲ လဲရလို့ ပျင်းနေပြီပေါ့လေ”

“ဒီနေ့တော့ မဖျားချင်ပါဘူး မမနွေရာ၊ မနက်ဖြန်ဆို ဖျားရင် ကျောင်းမတက်ရဘူး၊ ဘယ်လောက် ကောင်းသလဲ”

“မပူနဲ့၊ မပူနဲ့၊ ဒီအတိုင်းဆို မနက်ဖြန်တစ်ရက်တော့ အန်တီဆရာမက ပေးနားမှာပါ”

“ဒါပေမဲ့ ပျင်းစရာကြီး မမနွေရာ၊ စိုင်းနောင့်တို့နဲ့လည်း မတွေ့ရတာ နှစ်ရက်တောင်ရှိပြီ၊ သူတို့တွေ ကျောင်းမှာ ဆော့နေတဲ့အချိန် ကျွန်တော်က ဖျားနေရတာ ပျင်းစရာကြီး”

"တစ်ခါတလေများ အိမ်စောင့်နတ်နဲ့ တည့်တယ် ရှိအောင် ကျောင်းပိတ်ရက် နေ့လယ်နေ့ခင်းလေး နေဦးပေါ့"

မမနွေက စောင်အပေါ်ပိုင်း အနားစလေး လျှော့ကျနေတာကို ပြန်တင်ပေးတယ်။ ဟော...ကျွန်တော့်မျက်နှာဟာ နွေးရပြန်ပြီ။

"ဒီနေ့ပြီးရင်လေ နောက်အပတ်ကျရင် မမ ဘော်ကြို မလာဘူး သိလား၊ ပထမအစမ်းနီးပြီမို့လို့ မယ်မယ်က အိမ်မှာပဲ စာကျက်တဲ့၊ တကယ်လို့ ဘွားကြင်လိုရင် မမခမ်းကို ဘော်ကြို လွှတ်လိုက်မယ်တဲ့"

"ဘွားကြင်ကိုပါ ခေါ်သွား ပြီးရော"

"အံမယ် ဘွားကြင်လား သူ့အိမ်ကို ထားပြီး တခြားနေရာ လိုက်နေပါလိမ့်မယ် စောင့်နေ"

"စာမေးပွဲပြီးရင်ရော မမနွေ ပြန်လာမှာလား"

"လာမှာပေါ့"

အိပ်ရာဘေးမှာ မမနွေ ထိုင်နေပုံလေးက ဒူးတုပ်လို့၊ ဒူးနှစ်ဖက်ကို လက်ယှက်ပိုက်လို့။ ခေါင်းအုံးနှစ်လုံး ဆင့်ထားတဲ့အပေါ် ခေါင်းကို နည်းနည်း နေရာပြင် ကိုယ်ကိုပါ ရွှေ့ယူတော့ ကျွန်တော် နေရထိုင်ရတာ ပိုလို့ သက်သောင့် သက်သာ ရှိသွားတယ်။

"ဘာစားပြီးပြီလဲ"

"မေမေ ဆန်ပြုတ် ပြုတ်ထားပေးတယ်၊ ငါးဆန်ပြုတ်တဲ့၊ မမနွေ စားဦးမလား"

"မစားချင်ပါဘူး၊ ဖျားရင်တောင် ဆန်ပြုတ်စားရရင် တအားစိတ်ညစ်တာပဲ၊ ဖျားလေ ထမင်းမစားရလေလေ စားချင်လေလေနော်၊ နာလန်ထလို့ ထမင်းပြန်စားရတဲ့နေ့ဆို သိပ်ပျော်တာပဲ၊ တအားကို စားပစ်တာ၊ အဲဒီလိုနေ့မျိုးများ မမ ကြိုက်တဲ့ ပဲပုပ်ထောင်းတို့ ဘာတို့နဲ့ဆို နှစ်ပန်းကန်လောက် စားပစ်တာ တကယ်"

"ကျွန်တော်လည်း ထမင်းစားချင်တယ်၊ စောနတုန်းကတောင် မမနွေ မလာခင်လေးတင် ခိုးစားမလို့ စိတ်ကူးနေတာ"

"အံမယ် အံမယ် မလုပ်နဲ့နော်၊ အိမ်မှာ ရက်ပိုနေလိုက်ရမယ် သိလား"

ပြောရင်းဆိုရင်း ကျွန်တော့်ဆံပင်တွေကို မမနွေ ထိုးဖွလိုက်တယ်။ ခေါင်းလျှော်မထားတာ သုံး၊ လေးရက်မို့ စေးကပ်နေမယ့် ဆံပင်တွေအတွက် ရှက်စိတ်က နောက်၊ ဘာလို့မှန်းမသိ စိတ်ထဲ နွေးခနဲ ဖြစ်ရတာက အရင်၊ အကုန်လုံး အခုအတိုင်းလေးမှာတင် ရပ်နေလိုက်ရင် ဘယ်လောက် ကောင်းမလဲ၊ ကျွန်တော် တစ်ယောက်တည်း အိမ်မှာကျန်နေရမယ့် မနက်ဖြန် ရောက် မလာအောင်၊ မမနွေ မရှိတော့တဲ့ ရက်တွေ ထပ်ရောက်မလာအောင်၊ မမနွေ အနားမှာ သူ ဂရုစိုက်စရာဆိုလို့ ကျွန်တော်တစ်ယောက်ပဲ ရှိနေအောင်။ အခုနေများ နတ်မင်းတစ်ပါးပါးက တစ်သက်လုံးစာ ကျောက်ရုပ်တမ်း ဆော့မလားဆို ကျွန်တော် ပျော်ပျော်ကြီး ဆော့မှာပဲ။

မမနွေရော၊ ကျွန်တော်ရော အခုအတိုင်း နေလက်စပုံစံကနေ ကျောက်ရုပ်လေးတွေ ဖြစ်သွားကြမယ်ဆိုရင် ကျွန်တော်က ခုလိုပဲ ပြေပြေလျော့လျော့ လဲလျောင်းလို့၊ မမနွေက ကျွန်တော့်ဘေးမှာ ထိုင်လို့။ မကောင်းပေဘူးလား။

ဒါပေမဲ့လည်း ဘယ်သောအခါမှ ရပ်ရိုးထုံးစံမရှိ၊ ဘယ်သူ့ဘယ်သူကိုမှ သနားငဲ့ညှာသောအားဖြင့် စောင့်ပေးလေ့ မရှိတဲ့အချိန်ဟာ သူ့သဘောနဲ့သူ ခရီးဆက်တယ်။ မမနွေကလည်း ကျွန်တော့်ဆံပင်ကို ထိုးဖွသပ်လိုက်တဲ့ သူ့လက်ကလေးကို ရုပ်လို့ စကားဆက်တယ်။ သင်တန်းအကြောင်း ပြောပြတယ်။ သူ့ဆယ်တန်းအခန်းအကြောင်း၊ သူငယ်ချင်းတွေအကြောင်း၊ ဆရာ ဆရာမတွေအကြောင်း ပြောပြတယ်။ မဒါလီကတစ်ဆင့် လိပ်မူပြီး ထပ်ရောက်လာတဲ့ အစ်ကို့စာလေးအကြောင်း ပြောပြတယ်။ ပြီးတော့ သီပေါကို ဒီတစ်ခါ ပြန်ရမှာ စိတ်ညစ်နေကြောင်းလည်း အံ့သြစရာ ပြောပြပါသေးတယ်။

“ဘာလို့ စိတ်ညစ်တာလဲ မမနွေ”

မမနွေက စကားမတုံ့ဘဲ ထရံကာ နံရံလေးဆီ မှုန်ရီ ငေးနေတယ်။ ပြီးတော့မှ-

“စိတ်ညစ်စရာအကြောင်း ရှိလို့ပေါ့၊ မြတ်မော် နားထောင်လို့လည်း စိတ်ညစ်ရုံအပြင် ဘာထူးမလဲ၊ တော်ပြီ ဘာမှ ပြောမနေချင်တော့ဘူး”

မပြောချင်ဘူးဆိုတဲ့သူကို အားနာစိတ်နဲ့ ဆက်မမေးဖြစ်ဘူး။ လူကြီးများလို “ဩော်” လို့ပဲ ကျွန်တော် ရေရွတ်လိုက်တယ်။ နေမကောင်းသူကို ပြုံးရယ် ကြည်နူးစေခဲ့သူက ခုတော့လည်း မျက်နှာပေါ် အလွှာတစ်လွှာ အုပ်မိုးလို့။ အဲဒီအလွှာဟာ အတွင်းစိတ်ကို ရောင်ပြန်ဟပ်သလို မှိုင်းမှိုင်းညို့ညို့။

“ဘော်ကြို့မှာပဲ နေ မမနွေရာ”

“ဟင်…ကျောင်းတက်နေတုန်းလေ”

“ဆယ်တန်းအောင်ရင်ကော”

“ဆယ်တန်းအောင်ရင်တော့ ပြန်လာမှာပေါ့”

“မယ်မယ်က မပြန်ခိုင်းရင်ကော”

“မယ်မယ်ကတော့ ဘွားကြင်နဲ့ နေချင်တယ်ဆို ဘာမှ ပြောမှာ မဟုတ်ပါဘူး၊ နဂိုလည်း ကျောင်းပိတ်ရက်တွေဆို မမ ဒီမှာ နေနေကျပဲ”

“ဒါဖြင့် ဆယ်တန်းစာမေးပွဲပြီးရင် မမနွေ့ရဲ့ အိမ်က ဘော်ကြို ဖြစ်တော့မှာပေါ့”

မမနွေ ပြုံးတယ်။ ဒါပေမဲ့ ခါတိုင်းလို အပြုံးလည်း ဟုတ်မနေဘူး။

“မမမှာ အိမ်မရှိတာ ကြာပြီပဲ မြတ်မော်ရာ၊ အဲဒီလို ပြောရင် ဘော်ကြိုမှာရော၊ သီပေါမှာရော အိမ်ရှိသားပဲလို့ မြတ်မော်က ပြောမှာပေါ့၊ ဟုတ်တာပေါ့၊ အိမ်ပေါ့၊ ဒါပေမဲ့ မိဘအိမ် မဟုတ်ဘူး သိလား မြတ်မော်၊ မမ မိဘအိမ် မဟုတ်ဘူး၊ ခုချိန်အထိ အိမ်လို့ ပြန်စဉ်းစားတိုင်း ရွာက အိမ် သေးသေးလေးကို မြင်မိတုန်းပဲ”

တစ်ခါတုန်းက နားထောင်ခဲ့ဖူးတဲ့ ဇာတ်ကြောင်းလေးထဲက နွေ့အိမ်လေးရယ်၊ သူ့အမေရယ်၊ ရထားကြီးရယ်၊ ရထားဘူတာရှိတဲ့ သံလမ်းဘေး ရွာကလေးရယ်ကို ကျွန်တော် ပြန်မြင်လာတယ်။ သူ့အိမ်ကို မမ ပြန်သတိရ လာအောင်များ ကျွန်တော် စကားပြောတာ မှားသွားလေသလား။

အိမ်အကြောင်း ဆက်မပြောစေချင်တော့ “မယ်မယ်က မမကို ချစ်သားပဲဟာ” လို့ ကျွန်တော် အလောတကြီး ဝင်ပြောမိတယ်။

“ဟုတ်ပါတယ်လေ၊ မယ်မယ်ကလည်း ချစ်တယ်၊ ဖေဖေကလည်း ချစ်ပါတယ်၊ ပြီးတော့ ဘွားကြင်ဆို တကယ့်အဘွားရင်းလိုပဲ၊ ကိုလေးဆိုလည်း အစ်ကိုလိုပဲ၊ ဒါပေမဲ့…ဒါပေမဲ့ တစ်ခါတလေကျတော့ အမေ့ကို သက်ရှိထင်ရှား ရှိနေစေချင်တဲ့စိတ်၊ အနားမှာ အတူရှိနေစေချင်တဲ့ စိတ်ဟာ မပေါ်ဘဲ မနေဘူး မြတ်မော်ရဲ့”

မမနွေ့ရဲ့ မျက်နှာလေး မှိုင်းရီသလို ရှိမြဲရှိနေတော့ စောစောလေးတင် စိတ်ထဲ ဟိုယိမ်းဒီယိမ်း ဖြစ်နေမိတာလေး လွင့်ခနဲ ပျောက်သွားတော့တယ်။ မမနွေမှ ပြန်လို့ မပြုံးရင် ကျွန်တော့်ဖျားနာခြင်းဟာ တာရှည်တော့မလိုပဲ။

ကျွန်တော့် အိမ်ခန်းလေးဟာ ဒီ့ထက် မှောင်တော့မလိုပဲ။ လောကမှာ ကိုယ်မဟုတ်တဲ့ နောက်တစ်ယောက်ရဲ့ အသက်ရှူခြင်း၊ ပျော်ရွှင်ခြင်း၊ ဝမ်းနည်းခြင်းစတဲ့ အသေးစိတ်ခံစားမှု ဟူသမျှဟာ ကိုယ့်သိမှု သိစိတ်နဲ့ ထပ်တူမျှ အရေးပါနေတယ် ဆိုတာ သိခွင့်ရလိုက်တဲ့ အခိုက်အတန့်ဟာ အဲဒီအချိန်ပိုင်းလေးပါပဲ။

နက်နက်ကလေး ထင်းနေတဲ့ မျက်ခုံးလေး ယောင်ယောင်ကြုတ်နေတာ၊ နှုတ်ခမ်းလေး တင်းတင်းစေ့ထားတာ၊ မျက်လွှာပင့်လို့ ထရံကို ထွင်းဖောက်တော့ မလို (အမှန်တော့ ဘာကိုမှ မမြင်သလို) ငေးနေတာ အဲဒီအမူအရာလေးတွေကို ကျွန်တော် တစ်ခုချင်း ပူပန်ကြည့်နဲ့ စူးစမ်းနေမိခဲ့တယ်။

မျက်ခုံးလေး ပြန်ပြေသွားတာရယ်၊ မျက်လုံးအကြည့် ကျွန်တော့်မျက်နှာပေါ် ပြန်ရောက်လာတာရယ်၊ နောက်ပြီး နှုတ်ခမ်းအတင်း ပြေပြေလျော့လို့ ပူပန်နေတဲ့ ကျွန်တော့်ကိုပဲ တစ်ပြန်စီး နှစ်သိမ့်လိုက်သလို အပြုံးရိပ်ကလေး ပြန်ထင်လာတာရယ်ဟာ ခေါင်းထဲ နောက်ကျိနေသမျှ ယူပစ်လိုက်သလို။

အံ့ဩစရာပါပဲ။

ပကတိ အဖြူထည် စိတ်တစ်စုံကနေ အပြာနုရောင်၊ ပန်းနုရောင်လေး ပြေးလာသလို လွှင့်မျောချင်တဲ့ သဘောကို ဦးဆုံးအကြိမ် ကိုယ်တိုင် ပြန်သိခွင့်ရလိုက်တာ အံ့ဩစရာပဲ။ လူတစ်ယောက်ရဲ့ ပျော်ရွှင်ခြင်းဟာ ကိုယ့်ရဲ့ ပျော်ရွှင်ခြင်း ဖြစ်သလို အဲဒီလူရဲ့ ဝမ်းနည်းခြင်းဟာလည်း ကိုယ့်ရဲ့ ဝမ်းနည်းခြင်း ဖြစ်နေမှန်း နားလည်လိုက်ရတာ အံ့ဩစရာပဲ။

အဲဒီ သိမှုဟာ ကျွန်တော့်အတွက် တစ်ဘဝစာ အရိပ်ပမာပါပဲ။

* * *

နေကြာရိုင်းရာသီကို နောက်တစ်ဖန် ကြုံဆုံရတော့ ကျွန်တော့် အိပ်မက်ဟာ အရောင်ရင့်စပြုခဲ့ပြီ။

အစိမ်းရောင်လွင်ပြင်ထဲ ရွှေရည်ရွှေသွေး ဆေးစက်တွေ ခပ်စိပ်စိပ် ကြဲပက်ထားသလို ကားလမ်းဘေးတစ်လျှောက်၊ အိမ်ကလေးတွေရဲ့ စည်းရိုးအပြင် မြက်ခင်းတောတစ်လျှောက်၊ ဘော်ကြိုဘူတာရုံ သံလမ်းဘေးတစ်လျှောက်၊ တောင်တန်းလွှာတွေဆီ လှမ်းကြည့်တော့လည်း ဟိုဟိုဒီဒီ မြင်ကွင်းတစ်လျှောက် နေကြာဝါဝါတွေ ပန်းချီဆန်ဆန်

နေရာယူနေတဲ့ ရာသီဟာ ဘော်ကြို ပတ်ဝန်းကျင်မှာ အလွန်လှပေမယ့် ကျွန်တော့်အတွက်တော့ ပြည့်စုံတယ် မရှိလှဘူး။

မပြည့်စုံဆို မမနွေ့ဟာ သီပေါမှာပဲ အနေများတော့တာကိုး။ အရင် တစ်ပတ်တစ်ခါ လာနေကျကနေ တစ်လကိုမှ တစ်ခါလောက် ရောက်လာတော့တာကိုး။ အင်္ဂလိပ်စာသင်တန်းမှာ ဆုံရပေမယ့် အရင်လို သင်တန်းဆင်းချိန် မမဒါလီဆီမှာပဲ အချိန်ဖြုန်းတာ၊ နှစ်ယောက်သား အပြင်ကို မုန့်ထွက်စားပြီးမှ (စနေညနေတွေဆို) စက်ဘီးလေးတစ်စီးစီနဲ့ အတူပြန်တာတွေလည်း မလုပ်ဖြစ်ကြတော့ဘူး။ မမနွေ့တို့ စာမေးပွဲဟာ လာမယ့်နွေဦးလေ။

မမနွေ့ဟာ ကျူရှင်ယူတဲ့သူ မဟုတ်ဘူး။ အိမ်မှာ မယ်မယ်က စာသင် ပေးသလို သူကိုယ်တိုင်လည်း စာကြည့်ချိန် ပိုယူတယ်။ ပြင်ပသင်တန်းဆိုလို့ ဆရာ့သင်တန်းတစ်ခုသာ ရှိသတဲ့။

မမနွေ့တစ်ယောက် ကြိုးကြိုးကုတ်ကုတ် အားထုတ်နေပုံကို မြင်ရတဲ့အခါ မယ်မယ်တို့၊ ဘွားကြင်တို့ကတော့ စိတ်ချမ်းသာမှာပေါ့။ ကျွန်တော့်မှာသာ အရင်လို အတူရှိရချိန် နည်းသထက် နည်းလာတဲ့အခါ ကျန်ခဲ့တဲ့အချိန်တွေပဲ ပြန်ပြောင်း အောက်မေ့နေရတယ်။ ဘော်ကြိုဘူတာရုံမှာ ရထားစောင့်ကြည့်ခဲ့ကြတဲ့ နေ့ရက်တွေ၊ ဒုဋ္ဌဝတီမြစ် ကမ်းနံဘေးမှာ စာအတူ ဖတ်ခဲ့ကြပုံတွေ၊ သီပေါက စာအုပ်ဆိုင်၊ ခေါက်ဆွဲဆိုင်၊ ဗွီဒီယိုရုံ၊ ရုပ်ရှင်ရုံ၊ မြစ်ကမ်းနံဘေးမှာ ခြေရာချင်း ထပ်မျှ သွားခဲ့တာတွေ၊ ဘွားကြင်ရဲ့ ရေးစကား အတူနားထောင်ချိန်တွေ။

ဆောင်းရာသီထဲ ပီပီပြင်ပြင် ဝင်လာကတည်းက သင်တန်းဆင်းရင် မမနွေ့က ခဏပဲနေပြီး ပြန်တော့တယ်။ ကျွန်တော်လည်း စက်ဘီးလေးနင်းမြဲနင်း သီပေါကို ကျောခိုင်းရတယ်။ မမနွေ့မပါတဲ့လမ်းဟာ ပိုလို့ ရှည်လျားလာ သလိုပဲ။ နေရောင်ဟာ မနွေးလှဘူး ထင်တယ်။ လေပြည်ကလည်း ရက်ရက်စက်စက် အေးစိမ့်တဲ့အထိ အသားကို တို့ထိတယ် ထင်တယ်။ သီပေါ-ဘော်ကြို အသွားအပြန် လမ်းနံဘေးမှာ နေကြာရိုင်းတွေ၊ တောပန်းကလေးတွေ ပွင့်မြဲပွင့်ပေမယ့်၊ တောင်တန်းလွှာအဆင့်ဆင့်မှာ နှင်းမြူရိပ်တွေ ဝေမြဲပေမယ့် မြင်မြင်သမျှ အလှကင်းသလို ထင်တယ်။ ဒီပတ်ဝန်းကျင် ဒီမြင်ကွင်းပေမယ့် ကျွန်တော့် လက်ခံပုံဟာ ကွဲပြားခဲ့ပြီ။

သီပေါကို စက်ဘီး ရှေ့ဘီးလေး လှည့်လိုက်ရတဲ့ စနေ မနက်ခင်းတွေဟာ ပျော်စရာ ကောင်းလှသလောက် တစ်ပတ်စာ ခွဲရတော့မယ် သိနေရတဲ့ တနင်္ဂနွေ မွန်းလွဲပိုင်းတွေဟာ နာကျင်စရာ အချိန်ပိုင်းပဲ။

တကယ်တော့ မေမေဟာ ကျွန်တော့်ကို နှစ်နှစ်လောက် စောမွေး လိုက်ဖို့ကောင်းတယ်။ အဲဒါဆို ခုနေ ကိုးတန်းပေါ့၊ ကျောင်းကြီးမှာ၊ မမနွေ့တို့ ကျောင်းကြီးမှာပဲ ကိုးတန်း တက်နေရမှာပေါ့။

ခုတော့ ကျွန်တော်ဟာ ဘော်ကြိုကျောင်းက အကျော်ပင်တွေ၊ ကုက္ကိုပင်တွေကို ငေးရမြဲပဲ။ စိုင်းနောင့်၊ ဖိုးခွား၊ ရွှေယိမ်း စတဲ့ ကျွန်တော့်ရဲ့ ရဲသုံးဖော်နဲ့ ခုနစ်တန်းအခန်းမှာ အတူရှိမြဲပဲ။ ခုနစ်တန်းမှာ ပြောစမှတ် ပြုစရာဆိုလို့ မေမေ့ကို သင်္ချာဆရာမအဖြစ် တွေ့ရတာပဲ။ အဲဒီသင်္ချာမှာပဲ တခြားဘာသာတွေထက် ကျွန်တော် အမှတ်နည်းလွန်းလို့ ဆရာမတွေ ရယ်ပွဲ ဖွဲ့ကြတာလည်း ကျောင်းသားဘဝရဲ့ အမှတ်တရ ရိပ်ပုံတစ်ခုလို့ ဆိုပါတော့။

ကျန်တဲ့ ကျွန်တော့် နေ့ရက်တွေကတော့ ပြောရရင် ဖြစ်ရိုးဖြစ်စဉ်မျှပဲ။

ကျောင်းသွားတယ်၊ ပြန်တယ်။ ဆယ်ကျော်သက်တစ်ယောက်ရဲ့ ရင်ခုန်ဦး အညွန့်အဖူးကာလ ဆိုပေမယ့်လည်း သူငယ်ချင်းတွေနဲ့ ကစားခုန်စား အကျင့်မပျောက် ဆော့မြဲ ဆော့တယ်။ သူငယ်ချင်းတွေအိမ် လည်နေကျလို့ လည်ပတ်တယ်။ ကျောင်းပိတ်ရက် ဆိုရင်တော့ ကျွန်တော် ပျော်ရတဲ့ မြို့ကလေးဆီ စက်ဘီးလေး ဦးတည်လိုက်တော့တယ်။

လူတစ်ယောက်ကို လွမ်းရင် သက်ရှိ၊ သက်မဲ့ ဘယ်အရာမဆို ဇာတ်ပို့ ဖြစ်လာတော့တာပဲလို့ ကျွန်တော် စပြီး သိတတ်လာခဲ့ပြီ။ မမနွေ့ အရောက် ကျဲသွားတဲ့ ကံ့ကော်ရိပ် စာအုပ်ဆိုင်လေးကို ကျွန်တော် တစ်ယောက်တည်း ရောက်သွားရတဲ့ အခါများဆို မမနွေ့ ထိုင်နေကျ ခရေပင်အောက်က ကွပ်ပျစ်လေးကလည်း တစ်မျိုးလွမ်းစရာပဲ။ ကောက်သူမရှိလည်း ကြွေချိန်တန် လွင့်ကြွေရတဲ့ ခရေပန်းလေးတွေ ဘဝကလည်း လွမ်းစရာပဲ။

ကွပ်ပျစ်ပေါ် ကတ်သီးကတ်သတ် တင်နေတဲ့ ခရေပန်းလေးတွေ မြေပြင်မှာ ကျနေတဲ့ ခရေပန်းလေးတွေ ကျွန်တော် ကောက်မိတယ်။ များများ စားစားတော့ မဟုတ်ဘူး။ လေး၊ ငါးပွင့်ပေါ့။ ပန်းကလေးတွေရဲ့ သင်းမြဲမြဲ ရနံ့ဟာ စိတ်ကို ကတိမ်းကပါး လွင့်စေတယ်။ အဝေးဆီ။ မမနွေ့ ရှိနေတဲ့အိမ်ဆီ။

ဆိုင်ထဲ ဝင်လို့မှ စာအုပ်ဟောင်းနံ့လေးတွေ ရှူရှိုက်မိတော့လည်း မမနွေ့ကို သတိရပြန်တယ်။ ဆိုင်ခုံပေါ် အသစ်ရောက်လိုက်တာနဲ့ ဦးနှင့်အောင် ငှားဖတ်လိုက်ရမှ မမနွေ့ ကျေနပ်တဲ့ မဂ္ဂဇင်းသစ်တွေ မြင်ရရင်၊ မမနွေ့ ကြိုက်တဲ့ ဂျူးစာအုပ်တွေ၊ တာရာမင်းဝေစာအုပ်တွေ တစ်ယောက်ယောက် လာငှားတာ၊ ဒါမှမဟုတ် ပြန်အပ်တာ တွေ့ရရင်၊ ကျွန်တော့်အရပ်ကို စီးမိုးမြဲ စာအုပ်စင်တွေနားမှာ မတ်မတ်ရပ်ပြီး စာအုပ်တွေ ရွေးနေရင်း “ဒီစာအုပ်လေး

ဖတ်ပါလား မြတ်မော်ရဲ့” လို့ မမနွေ ညွှန်းလိုက်ပုံကို ပြန်ကြားယောင်ရင် ကျွန်တော့်မှာ သက်ပြင်းများတောင် ခိုးချတတ်လာပါရော။

စာအုပ်ဆိုင်ရှင် ဆရာမက မမနွေအကြောင်း အစဖော်လိုက်တဲ့ အခါများတော့ ကျွန်တော့်မှာ လက်ထဲက ကိုင်လက်စ စာအုပ်ကိုပဲ ဆက်ကိုင်ထားရမလို၊ စားပွဲခုံပေါ်က စာအုပ်အထပ်မှာ ချလိုက်ရတော့မလို ကယောင်ကတမ်း ဖြစ်ရပြန်တယ်။ “သား မမနွေ” လို့ ဆရာမက ဆိုတယ်။

“သားမမနွေကို ဆရာမ ပြောတယ်၊ သင်္ချာတို့၊ ဖီးဆစ်တို့ ဆရာမဆီမှာ လာတက်ပါလားဆိုတာ မတက်ဘူး၊ အိမ်မှာ သူ့မယ်မယ် သင်ပေးနေတယ် တဲ့၊ သူများတကာ ကျူရှင် ယူနေကြတဲ့ ခေတ်မှာ ကျူရှင်လည်း ဖြစ်နိုင်ရင် ယူစေချင်တာပေ့ါ သားရယ်၊ ဒါပေမဲ့ သားမမက သိတဲ့အတိုင်း တစ်ခါတလေကျ သိပ်ခေါင်းမာတာ”

မမနွေဟာ သူ မလုပ်ချင်တဲ့ အလုပ်တစ်ခုကို တခြားတစ်ယောက်ယောက်က အတင်းတိုက်တွန်းနေရင်၊ “ဟင့်အင်း” လို့ ပစ်ပစ်ခါခါ ငြင်းလိုက်ရမှာ အားတုံ့အားနာ ဖြစ်ရတဲ့သူမျိုးဆိုရင် ခေါင်းလည်းမညိတ်၊ ခေါင်းလည်း မခါဘဲ ပြုံးပြုံးလေး ငြိမ်နေတတ်တာ ကျွန်တော် အသိသားပဲ။

“မမနွေက စာတော်ပါတယ် ဆရာမ၊ အောင်မှာပါ”

“အောင်တာတော့ အောင်မှာပါ၊ ခြေချော်လက်ချော် ဖြစ်မှာစိုးလို့၊ တကယ်တမ်း ကျတော့လည်း ဆရာမတို့ကသာ ဘေးက စေတနာနဲ့ ပြောတာ၊ နွေကျတော့ ဘယ်လို တွေးမလဲ ကိုယ် မသိနိုင်ဘူး မဟုတ်လား သားရယ်”

“မမနွေကြောင့် မယ်မယ်တို့ အပိုမကုန်စေချင်ပါဘူး မြတ်မော်ရယ်” လို့ ပြောပြဖူးတာ ဆရာမကို ကျွန်တော် ရှင်းမပြဖြစ်ဘူး။ မဂ္ဂဇင်းမျက်နှာဖုံးက မင်းသမီးကို ငုံ့ကြည့်နေမိတယ်။ လုံချည်တို၊ တီရှပ်နဲ့ အပေါ်ဝတ် ဂျင်းအင်္ကျီနဲ့၊ နားကွင်းလေး ဝတ်လို့။ ဆံပင်ခွေလိပ်လိပ်က လည်ကုပ်ကို ကျော်ပြီး ရှေ့ကို ကျနေတယ်။ နဖူးကလည်း အမောက်လို အလိပ်ကလေးနဲ့။ ခြေထောက်မှာလည်း နည်းတဲ့ ဒေါက်မြင့်လား။

“ဟိုးတစ်ရက်ကတော့ ဆိုင်လာသေးတယ်၊ စာအုပ်ဟောင်းလေးတွေ နှစ်အုပ်၊ သုံးအုပ် ယူသွားတယ်၊ ကြာမယ်တဲ့၊ ပြီးမှပဲ လာအပ်တော့မယ်တဲ့၊ အဟောင်းကတော့ ကိစ္စမရှိဘူး၊ ယူသာသွားလို့၊ တချို့ဟာက နှစ်အုပ်တောင် ရှိတာဆိုတော့ အပိုလည်း ရှိပြီးသား ယူသွားလို့၊ နွေဟာ အခု စာအုပ်ဖတ်ရ ခိုးဖတ်ရတယ်တဲ့၊ ဆယ်တန်းမို့ ရီရီက မဖတ်ခိုင်းတာလားဆိုတော့

မဟုတ်ဘူးတဲ့၊ သူ့အဘွားက မိန်းကလေးတွေဟာ ဒီလို ဝတ္ထုတွေ ဘာတွေဖတ်ရင် အချိန်မတန်ခင် လင်စိတ်သားစိတ် ဝင်မယ်တဲ့ကွယ်၊ ကျောင်းစာအုပ်က လွဲရင် တခြားစာအုပ်ကိုင်တာ မကြိုက်တော့ ကျောင်းစာအုပ်ထဲမှာ ညှပ်ပြီးတောင် ဖတ်ရသတဲ့၊ စာအုပ်တွေနဲ့ ကြီးလာတဲ့ ကလေးမို့ စိတ်မကောင်းဘူး သားရယ်”

“အဘွားလေးက ဆိုးမယ့်ပုံပဲ ဆရာမ”

“ဆိုးတယ်လို့တော့ ဘယ်ဟုတ်မလဲ” လို့ ဆိုရင်း ဆရာမက ရယ်တယ်။

“အမြင်မတူတာပါ သားရယ်၊ ဖြတ်သန်းခဲ့တဲ့ ဘဝမတူရင် အမြင် ဘယ်တူမလဲ၊ ကိုယ်နဲ့ အမြင်မတူ၊ သဘောချင်း မမျှလို့ ဆိုးတယ် ပြောလို့ ဘယ်ရမလဲ၊ လူကြီးဘက်က ကျတော့လည်း သူ့အမြင်မှန်တယ်ပဲ သူထင်နေမှာပေါ့”

ဆရာမကို မတုံ့ပြန်ပေမဲ့ ကျွန်တော့်အတွေးထဲတော့ စကားလုံးတွေဟာ ရေလှောပြင်က အမြှုပ်ကလေးတွေလိုပဲ ပလုံစီထလို့ နေတယ်။

မမနွေကို မပျော်စေသူဆိုတဲ့ စိတ်အခံကြောင့် ထင်ပါရဲ့။ အဘွားလေးကို ကျွန်တော် ခင်မင်နှစ်လိုစိတ် တစိုးတစိ မဝင်မိဘူး။ စတွေ့ကတည်းက ခုချိန်အထိပဲ ဆိုပါတော့။ အဘွားလေး လမ်းလျှောက်လာရင် ကျွန်တော့်စိတ်ထဲ မနှိုင်းကောင်း နှိုင်းကောင်း မလေးရှားသရဲကားထဲက စုန်းမကြီးလိုပဲ။ ကိုယ့်ဘာသာ တွေးမိပြီး စိတ်ထဲကပဲ “ကန်တော့ ကန်တော့” လုပ်လိုက်ရတဲ့အချိန် မနည်းဘူး။ လူဆိုတာ မုန်းစိတ်ဝင်မိရင် ပြုံးပြရင်တောင် သွားဖြဲပြီး လှောင်တယ် ထင်တာမျိုး မဟုတ်လား။ ကျွန်တော်လည်း ဒီသဘောပဲ။ အဘွားလေးတင်လား ဆိုတော့လည်း မဟုတ်ဘူး။ ကိုလေးတို့ အမေဆိုလည်း ဒီသဘောမျိုးပဲ။

“သား ဒီစာအုပ် ယူမှာ ဟုတ်လား”

ဆရာမ မေးတော့ ကျွန်တော် ခေါင်းညိတ်လိုက်တယ်။

တာရာမင်းဝေရဲ့ “ရွှေဖိနပ်မှာ အစိမ်းရောင် ကြက်ခြေခတ် ကောင်မလေး”…။

ကံ့ကော်ရိပ်ထဲက ပြန်ထွက်တော့ ခရေပွင့်လေးတွေ ရသလောက် ထပ်ကောက်ပြီး စာအုပ်ထဲ ညှပ်လိုက်တယ်။

ခရေပွင့်လေးတွေ ညှိုးခြောက်သွားအောင်ထား၊ အပွင့်ရေ

များများရအောင် စုထားပြီး မမနွေနဲ့ တွေ့တဲ့ အခါကျရင် ပေးရမယ်လေ။

* * *

မနေ့ညက အိပ်မက်မှာ မမနွေကို တွေ့တယ်။ မမနွေဟာ ကျွန်တော် မြင်ဖူးနေကျ သနပ်ခါးပါးကွက်နှစ်ဖက် ပုံပုံလေး တင်နေတဲ့ ဝင်းဝါဝါ မျက်နှာနဲ့၊ အပြုံးအရယ်မရှိ ဆိတ်ဆိတ်ငြိမ်ငြိမ် အသွင်နဲ့။ ခရေရိပ် ကွပ်ပျစ်လေးထက် ငေးငေးလေးထိုင်နေပုံဟာ အိပ်မက်ပြင်ပအထိ ကျွန်တော့်စိတ်ထဲ စွဲလို့ နေတယ်။

အိပ်မက် မက်တဲ့သူက ကျွန်တော်ပေမယ့် အိပ်မက်ထဲကျပြန်တော့ ဘယ်ထောင့်မှာမှ ကျွန်တော်မပါတာ အဆန်းပဲ။ ကျွန်တော်တင်မဟုတ်၊ အစ်ကိုလည်း မပါ၊ မမနွေ တစ်ယောက်တည်းရယ်။ အိပ်မက်ထဲ မမနွေ စကားတစ် ခွန်းလေးတောင် မပြောခဲ့ပေမဲ့ ပျော်မနေဘူး၊ တစ်ခုခုကို မျိုသိပ်လို့ ဝမ်းနည်းနေတယ်ဆိုတာ ကျွန်တော် အလိုလို သိနေသတဲ့။

ဒီအိပ်မက် ကျွန်တော့်ကို စိုးမိုးပုံများ ကျောင်းရောက်တဲ့အထိ ကောက်ကောက်ပါ။ သူငယ်ချင်းတွေနဲ့ မဆုံခင်အထိ ဆိုပါတော့။ ဆုံနေကျအချိန် ရဲဘော်ရဲဘက်တွေနဲ့ တွေ့ကြရပြန်တော့ ဆော့ကစား အော်ဟစ်ရင်းကပဲ ကျွန်တော်ဟာ အိပ်မက်ကို တစ်ခဏ မေ့သွားပြန်တယ်။

အတန်းတက်တော့ စိုင်းနောင့်က ဘာကြောင့်ရယ်မသိ "မင်းမမနွေ ဘော်ကြို မလာတော့ဘူးလား" လို့ သတိတရ မေးလာပါရော။

"စာမေးပွဲပြီးတော့မှ"လို့ ကျွန်တော် ပြန်ဖြေတယ်။

"အေးကွာ၊ စာမေးပွဲပြီးရင် မင်းက ရန်ကုန် ပြန်တော့မှာမဟုတ်လား၊ မင်းမရှိရင် မမနွေ ပျင်းနေမှာပေါ့၊ ငါ အဖော်လုပ်ထားပေးလိုက်မယ်"

"ဟော့ကောင်" လို့ လွှတ်ခနဲဆိုရင်း ကျွန်တော် တံတောင်နဲ့ တွက်လိုက်တယ်။ ဘာလို့လဲ၊ ဘာလို့များ ဒီလိုလုပ်မိသလဲ။ စိုင်းနောင့်နဲ့ မမနွေဟာလည်း ကျွန်တော့်ကြောင့် အချင်းချင်း သိနေ၊ ခင်နေကြတာပဲ။ စိုင်းနောင့်စကားကို မခံချင်ရသလို ဘာကြောင့် ဖြစ်ရသလဲ။ ကျွန်တော့်မျက်နှာ ပူခနဲ ဖြစ်သွားတယ်။ စိုင်းနောင့်ရဲ့ လှောင်ထေ့ထေ့ ရယ်သံ ကြားတော့ "မင်းနော်" လို့ အံကြိတ်ပြောရင်း လက်သီးရွယ်မိ။

"မျက်နှာကြီးကို နီနေတာပဲကွာ"

"မင်း ဘာမှ အဖော်လုပ်ပေးစရာမလိုဘူး၊ စာအုပ်တွေ ဖတ်နေရရင် အဖော်မလိုဘူးလို့ မမနွေ ပြောဖူးတယ်၊ မေလကျ ငါ ပြန်လာမှာ"

စိုင်းနောင့်က တဟစ်ဟစ် ရယ်နေတုန်းပဲ။ နောက် နားနားကပ်ပြီး ဘာပြောသေးသတုံးဆိုတော့ "မင်း မရိုးတော့ပါဘူးကွာ" တဲ့။ ပြဿနာပဲ၊ ဒီကောင် ဘယ်လိုလုပ် သိရသလဲ။ မေမေ့ရှေ့များ မဆင်မခြင် ပြောချလိုက်ရင် ကျွန်တော်တော့ ငါးပါးမှောက်ကိန်းပဲ။

ရိုးတယ်၊ မရိုးဘူး ဆိုတဲ့ ကိစ္စကို အရင်မဖြေရှင်းဘဲ မေမေ ပြန်သိမလား ဆိုတာကိုသာ ကျွန်တော် ပူပန်နေမိတဲ့ အခိုက်အတန့်ပါပဲ။ တကယ်တမ်း ကျတော့လည်း စိုင်းနောင့်ဟာ မေမေ့ကို မပြောနဲ့၊ ဖိုးခွားကိုတောင် ပေးမသိ ဘူး။ တခြားနေရာတွေမှာသာ သူငယ်ချင်းတွေကို ဘယ်လို ဇာတ်လမ်းဆင် မျက်လှည့်ပြလိုက်ရမလဲ စိတ်ကူးကောင်းတတ်ပေမယ့် ဖိုးခွားကလည်း ကျွန်တော့်ကို ခန့်မှန်းတတ်တဲ့အချိန် အတော်နောက်ကျခဲ့တာကိုး။ မသိလေ ကောင်းလေလို့ ကျွန်တော် သဘောထားတယ်။

ဘဝဟာ ဇာတ်ညွှန်းတစ်ခုပဲဆိုရင် နေရထိုင်ရခက်၊ မျက်နှာအထားရခက် စသဖြင့် အခက်တွေ့စေတဲ့ ဇာတ်ကွက်မျိုး ကျွန်တော့်အတွက် တစ်ရက်တည်းမှာ နှစ်ကြိမ်တောင် ထည့်ပေးထားတာဟာ တကယ်တော့ ဇာတ်ညွှန်းဂဆရာ ရက်စက်ရာကျလွန်းတာပါပဲ။ မနက်ပိုင်းက ကျွန်တော့်မှာ စိုင်းနောင့်နဲ့ တစ်ရန် ကြုံရသလို ညနေကျပြန်တော့လည်း အခက်ကျရပြန်တယ်။ ဒီတစ်ခါတော့ ထင်မှတ်မထားသူနဲ့ ဆိုပါတော့။

ကျွန်တော်တို့တစ်တွေ ကားချပ်လေးတွေ ဆက်တမ်းဆော့ကြတဲ့အခါ နောက်ဆုံးတစ်ကွက်လေးပဲ ကွက်ကွက်ကျန်ပြီး အရုပ်ပုံ ပြည့်စုံအောင် ဘယ်လို ဆက်ရှေ့ရတော့မှန်းမသိ၊ ဘယ်လို လှုပ်ရှားရမှန်းမသိ ကျဉ်းထဲကျပ်ထဲ ကျတဲ့ အခါမျိုး ကြုံရတာဟာ ကစားပွဲမှာတင်မဟုတ် တကယ့်ဘဝမှာလည်း မျှော်လင့်မထားဘဲ ဖြစ်ပျက်တတ်တဲ့အကြောင်း စပြီးနားလည်ခွင့်ရတဲ့အချိန်ဟာ အဲဒီ ညနေမှာပါပဲ။

အဲဒီညနေက ကျောင်းဆင်းချိန် ဖိုးခွားနဲ့အတူ ကျွန်တော် အိမ်ပြန် လာခဲ့တာပါ။ မေမေကတော့ ကျောင်းမှာပဲ ဆရာမကြီးရယ်၊ ဆရာ၊ ဆရာမတွေရယ် စုဝေးစကားပြောလက်စမို့ နေရစ်ခဲ့တဲ့အခါ ဖိုးခွားတို့ မောင်နှမနဲ့ ပြန်လာခဲ့တာ။ စိုင်းနောင့်တို့၊ ရွှေယိင်းတို့ကတော့ နှုတ်ဆက်လက်ပြ သွားနှင့်ကြပြီ။

အိမ်မရောက်ခင်ပဲ ဘီးကလေးတစ်စီး အိမ်ရှေ့မှာ ဒေါက်ထောက်ရက်သား ရပ်ထားတာ တွေ့လိုက်ရပါရော။ အဝေးကနေ စက်ဘီးကိုပဲ လှမ်းမြင်ရတာ။ အိမ်ကတော့ သစ်ပင်ကွယ်နေတုန်း။ အိမ်မှာ ဘယ်သူများ ရောက်နေပါ လိမ့်၊ အိမ်ခန်းက သော့ခတ်ထားပေမယ့် ဝရန်တာမှာ ဝင်နေလို့ရတော့ ဧည့်သည် ရှိချင်းရှိ ဝရန်တာမှာ ရှိမှာပဲလို့ ကျွန်တော် တွေးမိတယ်။ ဒါနဲ့ပဲ ဖိုးခွားကို နှုတ်ဆက်ပြီး ခြံဝိုင်းဘက်ကို ခပ်သွက်သွက် လျှောက်လာခဲ့တယ်။

ကျွန်တော့်ကို အမြင် ဝရန်တာမှာ ထိုင်ချရာကနေ မတ်မတ် ထရပ်သူကို ဖြုန်းခနဲ တွေ့တော့ ဝမ်းသာအားရနဲ့ "ကိုလေး" လို့ ခေါ်မိတယ်။ ကိုလေးရဲ့ အရပ်ဟာ မတွေ့ဖြစ်တဲ့ တစ်လ၊ နှစ်လအတွင်း ပိုလို့ရှည်လျားလာသလိုပဲ။ ပိန်သွယ်သွယ်။ မနှစ်က ဆယ်တန်းအောင်တဲ့ ကိုလေးဟာ မိဘလက်ငုတ် လက်ဖက်ခြောက်ပွဲရုံ လုပ်ငန်းမှာပဲ ဝင်လုပ်နေပြီ။ ကျွန်တော်တို့နဲ့ သိပ်မတွေ့ ဖြစ်တော့ဘူး။

ကျွန်တော်တို့ ဆိုတာထက် ကျွန်တော်နဲ့ပေါ့။ ကျွန်တော့်သင်တန်းချိန်ဟာ နေ့လယ်နေ့ခင်းမို့ ကိုလေးတို့ အလုပ်ချိန် ဖြစ်နေတယ် မဟုတ်လား။

ကိုလေးမျက်နှာပေါ်က အပြုံးဟာ ကျွန်တော့်ဆီ ကူးတယ်။ တုံ့ပြန်ပြုံးတယ်။ ကိုလေးကို တွေ့တွေ့ချင်း ဘယ်လို သဘောရယ်မှ မရှိ ကြည်လင်နေတဲ့ စိတ်ဟာ မမနွေမျက်နှာ မြင်ယောင်မိတော့ အစ်ကိုရယ်၊ နှမရယ်ဆိုတာ ဖြုန်းခနဲ အမှတ်ရပြန်တယ်။ ရင်က တထိတ်ထိတ် ဖြစ်စပြုတယ်။ အမှန်တော့ ကိုလေးဟာ ကျွန်တော့်စိတ် ရောင်စုံအကြောင်း တစ်စွန်းတစ်စမှ သိနေမှာ မဟုတ်ပါဘဲ ဘယ်လို ဖြစ်ရတာပါလိမ့်။

“ဘယ်လို ရောက်လာတာတုံး ကိုလေး”

လှေကားထစ်တွေပေါ် လှမ်းခနဲတက်၊ စိတ်ကို ငြိမ်အောင် ထိန်းရင်း မေးမိတယ်။

“ဘွားကြင် နေကောင်းသလား လာကြည့်တာကွာ၊ မမခမ်းကို လွှတ်မယ်ဆိုတော့လည်း ဘွားကြင်က ရတယ်ချည်း ပြောတော့ တစ်ယောက်တည်းလည်း လူကြီးတွေက ဟိုကနေ စိတ်ပူပူနေကြတာ၊ သွားလိုက်ဦးဆိုလို့ ထွက်လာရတာပဲ”

“သွားခဲ့ပြီလား အစ်ကို

အေးပေါ့၊ အခု မင်းဆီ ဝင်ပြီးရင် ပြန်ဖို့ပဲ၊ အန်တီဆရာမရော”

မေမေ့ကို မမနွေ ခေါ်သလိုပဲ “အန်တီဆရာမ” လို့ ခေါ်လိုက်တော့ ကျွန်တော်ဖြင့် ဟိုတစ်နေ့ နေ့ခင်းကမှ နှုတ်ဆက်ခဲ့သူကို ပြေးလို့ မြင်ပါရော။

“မေမေ ကျောင်းမှာ ကျန်ခဲ့တာ ကိုလေး”

သက်ငယ်အမိုးမှာတင် သော့ချောင်းလေး ထိုးထားတာကို ဖြုတ်လို့ အိမ်သော့ဖွင့်တော့ ကိုလေးက ရယ်တယ်။ မေမေ ဒီလို သော့လေး ထားစက ကျွန်တော်လည်း ရယ်တာပဲ။ မေမေကတော့ ခပ်အေးအေးပဲ။ “ဘာခိုးစရာ ရှိတာလိုက်လို့ သားရယ်” တဲ့။

အိမ်တံခါး ဖွင့်လိုက်ပေမယ့် ကိုလေးဟာ ဝရန်တာမှာရပ်မြဲပဲ။ ကော်ဖီ သောက်မလား၊ မုန့်စားမလား စသဖြင့် မေမေ့အတုယူပြီး ဧည့်ဝတ်ကျေပွန်ဟန် မေးပေမယ့် ကိုလေးက ခေါင်းခါမြဲပဲ။ လွယ်အိတ်ကို အတွင်းသံချိတ်မှာ ချိတ်ပြီးတော့မှ ကျွန်တော် ဝရန်တာဆီ ပြန်ထွက်လာတယ်။

ကိုလေးက ဝရန်တာလက်ရန်းကို လက်နှစ်ဖက် ထောက်ပြီး လမ်းမဘက် ကြည့်နေတယ်။ ကိုလေးနဲ့ ဘေးချင်း ယှဉ်လျက် ရပ်လို့ ဝရန်တာ လက်ရန်းပေါ် လက်တင်လို့ လမ်းဘက်ဆီ ကျွန်တော်လည်း လိုက်ငေးတယ်။

လမ်းပေါ်မှာတော့ ကျောင်းအပြန် ကျောင်းသား၊ ကျောင်းသူတွေ ရှိနေတုန်းပဲ။ အတန်းတူ မဟုတ်လည်း ထုပ်ဆီးတိုးတာတို့၊ ဘောလုံးကန်တာတို့မှာ အတူတွဲဆော့ဖူးလို့ ကျွန်တော့်ကို သိတဲ့သူတွေက လှမ်းလှမ်းနှုတ်ဆက်လို့ ပြန်နှုတ်ဆက် ရတာလည်း အလုပ်တစ်ခုလို။

ကုန်ကားတစ်စီး ဖြတ်တာကို အဆန်းလုပ် လိုက်ငေးနေတဲ့ ကိုလေးကို ကျွန်တော် ငဲ့ကြည့်လိုက်တယ်။ ဘေးစောင်းမကျတကျ မြင်နေရတဲ့ ကိုလေးမျက်နှာဟာ ရှေ့တည့်တည့် လှည့်ထားပုံထက် ပိုလို့ ကြည့်ကောင်းနေတယ်။ အဖေနဲ့ ပိုလို့ဆင်တယ် ဆိုကြတယ်။ ကိုကြီးကတော့ အမေတူ၊ အမေလိုပဲ ထက်မြက်သူ၊ စိတ်မြန်သူ။ ကိုလေးကတော့ ဖော်ဖော်ရွေရွေ စကားသွက်ပြီး သဘောကောင်း စိတ်ရှည်သူ။

“ကိုလေးက စိတ်တအား ရှည်တယ်နော်” လို့ ကျွန်တော် ပြောတုန်းက မမနွေကတော့ “စိတ်ဆတ်တာ မြတ်မော် မမြင်ဖူးလို့” ဆိုတာပဲ။

“မြတ်မော်”

ခေါ်သံနဲ့အတူ ကိုလေး ကျွန်တော့်ကို ငဲ့ကြည့်တယ်။

“အမှန်တော့ ဘွားကြင်ဆီကနေ ပြန်ဖို့ဟာ မင်းကို မေးစရာရှိလို့ စောင့်နေတာ သိလား၊ အစ်ကို ဘာမေးတယ်ဆိုတာ မင်းမမကို ပြန်မပြောဘူးလို့တော့ ကတိပေးရမယ်”

ဒါမျိုးစကား မမနွေလည်း တစ်ခါတလေ ပြောဖူးတာပဲ။ အစ်ကို့ဆီက စာတွေ မမဒါလီကတစ်ဆင့် ရောက်ရောက်နေတာ ကျွန်တော် သိသွားတဲ့နေ့က ပြောဖူးတယ်။ အစ်ကို့ဆီ လိုင်စင်ဓာတ်ပုံလေး တစ်ပုံပို့ဖို့ စာရေး၊ လက်မှတ်ထိုးရင်း ပြောဖူးတယ်။ “မယ်မယ့်ကို မပြောနဲ့”၊ “ဘွားကြင်ရှေ့လည်း မပြောနဲ့နော်”။ ဘာပြောပြော ကျွန်တော် ခေါင်းညိတ်တာပဲ။ ပြီးတော့လည်း ပြောတယ်မရှိ၊ ပြောဖို့ရာ စိတ်ကူးလည်း မရှိ။ မမနွေအပေါ် အရင်လို မဟုတ်တဲ့ ဆန်းပြားစိတ်က ဆန်းပြားစိတ် သက်သက်ပဲ။ စိတ်ညစ်နွမ်း မဟုတ်လေတော့ ချောက်ချလိုက်ဖို့ စိတ်ကူးမျိုး ကျွန်တော့်မှာ မြူမှုန်တစ်စလောက်တောင် မရှိခဲ့ပါဘူး။

ခုလည်း လွယ်လွယ်ပဲ ခေါင်းညိတ်လိုက်တယ်။

“နွေ့ဆီကို ကိုလင်းညိုဆီက စာတွေ လာတယ်မို့လား”

ဟိုက်…။

ကိုလေးဟာ ကျွန်တော် စောစောက တွေးနေတာတွေ ဘယ်လိုများ သိသွားပါလိမ့်။ မေးမယ့်မေးတော့လည်း ဆိုင်းမဆင့် ဗုံမပါ။ ကျွန်တော့်နှလုံးခုန်သံဟာ ဒုတ်ခနဲ ဒုတ်ခနဲ ကျယ်ကျယ်လောင်လောင် မြည်လာသလိုပဲ။ တစ်ယောက်က မပြောနဲ့ ဆိုထားတဲ့ စကားကိုမှ နောက်တစ်ယောက်က အဖြေထုတ်နေတယ်။ ပြီးတော့ တခြားသူလည်း မဟုတ်၊ မမနွေ့ရဲ့ အစ်ကိုလေ။

တစ်ခါတုန်းက အဘွားလေးရှေ့ ထိုင်နေရတဲ့ အချိန်တွေကို ပြန်သတိရလာတယ်။ အဲဒီတုန်းကတော့ တကယ်မသိတာကို မသိဘူးပြောရတော့ စိတ်လှုပ်ရှားတယ် ဆိုပေမယ့် အခက်ချည်း မဟုတ်ခဲ့ဘူး။ ခုတော့ တကယ့် ဒုက္ခ။

"ပြောလေ"

ကျွန်တော် တုံ့နေတော့ ကိုလေးက ထပ်မေးတယ်။ ကိုလေး မျက်လုံးတွေဟာ မေးခွန်းမေးနေပေမယ့် ကျွန်တော့်အဖြေကို သိပ်သိချင်ပုံ မပေါ်ပါဘူး။ သင်္ချာတော်တဲ့ စိုင်းနောင့်တစ်ယောက် သင်္ချာပုစ္ဆာတစ်ပုဒ်ကို ခဏလောက် စိုက်ကြည့်လိုက်ရုံနဲ့ အဖြေကို မှန်းနိုင်သလို ကိုလေးဟာ ကျွန်တော့်မျက်လုံးတွေကို စူးစိုက်ကြည့်ပြီး အဖြေ ကြိုသိရင် သိနေမှာပဲ။

ကိုလေးနှုတ်ခမ်းတွေဟာ တင်းတင်းစေ့လို့၊ မျက်လုံးတွေက စူးစူးလက်လက်။ တံတွေးမျိုချလိုက်တာလည်း ကျွန်တော် သတိပြုမိတယ်။ ကိုလေးလည်း ကျွန်တော့်လိုပဲ စိတ်လှုပ်ရှားနေသလား။ စူးလှတဲ့ ကိုလေးမျက်လုံးတွေကို ကျွန်တော် ရှောင်လွှဲတယ်။

"ကျွန်တော်...ကျွန်တော် မသိဘူး"

ငါ့နှယ်...အရေးထဲ အသံတုန်ရတယ်လို့။

"မင်း အစ်ကို့ကို မညာဘူးလို့ ယုံလိုက်ရမလား"

ဖျတ်ခနဲ ပြန်ငုံ့ကြည့်တော့ ကိုလေးဟာ ကျွန်တော့်ကို စူးစိုက်နေမြဲ။ အသက်ချင်း ကွာသူ၊ အတွေ့အကြုံလည်း ကိုယ့်ထက် ပိုသူရှေ့ ဖုံးကွယ်ရတယ်ဆိုတာ လွယ်တာမှတ်လို့။

ဝရန်တာလက်ရန်းပေါ် တင်ထားတဲ့ လက်ချောင်းတွေကို ခပ်ဆဆ ခေါက်သလို လုပ်နေမိရင်း ကျွန်တော် ကြိုးစားလို့ ရယ်တယ်။ စာအုပ်တွေထဲ ပါတတ်တဲ့ ခြောက်ကပ်ကပ်ရယ်သံဆိုတာ ဒါမျိုး မှတ်တာပဲ။

"ကိုလေးကလည်း ကျွန်တော်မှ တကယ် မသိတဲ့ဟာ"

ကိုလေးက ပြုံးလို့ အကြည့်လွှဲသွားတော့လည်း ကျွန်တော် အားနာသလို ဖြစ်လာပြန်တယ်။ တကယ်လည်း ကျွန်တော်မှ မသိလေပဲ။ ပထမဆုံး တစ်စောင်တုန်းကသာ ကျွန်တော် သိခဲ့၊ ဖတ်ခဲ့ဖူးပေမယ့် နောက်ထပ် နောက်ထပ်စာတွေ ကျပြန်တော့ လာတယ်လို့သာ သိနေရတယ်၊ မမနွှေက ပွင့်ပွင့်လင်းလင်းမှ မပြောတော့ပဲ။ ကိုလေးဟာ ကျွန်တော့်လိုပဲ အထင်နဲ့တင် သိနေခဲ့သလား။ သိပြီးသား အဖြေမျိုးကိုမှ သေချာတဲ့ သက်သေ ထပ်ရှာတဲ့သူမျိုးလား။

"အေးလေ ထားပါတော့၊ နွှေဟာ မြတ်မော်ကိုလည်း ဒါမျိုး ပြောပြချင်မှ ပြောပြမှာပေ့ါ၊ ဟုတ်သားပဲ"

ကျွန်တော် ယောင်တောင်ပေါင်တောင် ခေါင်းညိတ်လိုက်ပါတယ်။

"အစ်ကို မေးတာ နွှေ့ကို ပြန်မပြောဘူး မဟုတ်လား"

"ဟာ…မပြောပါဘူး ကိုလေးရာ"

"ဘာမှတော့ ထူးလို့ မဟုတ်ပါဘူး မြတ်မော်ရာ၊ ဒီလိုပဲ မေးကြည့်တာ၊ စာမေးပွဲမဖြေခင် စိတ်လေမှာ ပူလို့၊ မင်းလည်း မင်းမမတစ်ခုခုများ အရိပ်အခြည် မဟန်ရင် အစ်ကို့ကို ပြောဦး ဟုတ်လား"

မညိတ်ချင် ညိတ်ချင် ခေါင်း ထပ်ညိတ်ရပြန်တယ်။ စိတ်ထဲတော့ ငြင်းဆန်ရင်းပဲ ဆိုပါတော့။ မမနွှေကို ကျော်ပြီး တခြားတစ်ယောက်ဆီ ဘယ်နည်းနဲ့မှ သတင်းပို့လိမ့်မယ် မဟုတ်ဘူးဆိုတာ တကယ်တော့ ကိုလေးလည်း သိပြီးသား ဖြစ်မှာပဲ။ မမနွှေ စိတ်ချမ်းသာဖို့ဟာ ကျွန်တော့်အတွက် နံပါတ်မလိုအပ်တဲ့ အဓိကအကြောင်းမျှပဲ။ အစ်ကို့စာကို ဖတ်ရမှ မမနွှေ စိတ်ချမ်းသာမယ် ဆိုရင် အဲဒီစာတွေအကြောင်း တခြားသူကို ဘာလို့ ကျွန်တော်ပြောတော့မလဲ။

"နွှေက မင်းကိုတော့ တော်တော် ခင်ရှာတယ်"

ဒါကတော့ စိတ်ချမ်းမြေ့ချင်စရာပဲ။ ကျွန်တော် ပြုံးပါတယ်။

"နွှေဟာ သူ့ဘဝမှာ သူ့အကြောင်း လူတွေကို ပြောပြဖို့ တော်တော် ဝန်လေးတယ်၊ မပြောလည်း သိနေကြမှာပဲဆိုတာ သူ သိသားပဲ၊ ဒါပေမဲ့ ဒါတွေကို ပြန်ပြန်ပြီး ပြောမနေချင်တာနဲ့ တူတယ်၊ မင်းကိုကျတော့ ပြောပြလိုက် တယ် ဆိုတဲ့အခါ အစ်ကို အံ့ဩတယ်ဗျ၊ ဘာလို့လဲ မေးတော့

မြတ်မော်ရယ်၊ အန်တီဆရာမရယ်ဟာ တွေ့တဲ့အချိန် သိပ်မကြာသေးပေမဲ့. သူ့အတွက် မိသားစုလိုပဲတဲ့၊ မပြောဘဲနေနေရတာ သူ့စိတ်ထဲ မလုံလွန်းလို့ သူများ ပြောလို့ မသိခင် သူကိုယ်တိုင် ပြောလိုက်တာပဲတဲ့၊ ဒါဆိုလည်း ကောင်းသားပဲပေါ့ကွာ လို့၊ ဟုတ်တယ်မို့လား၊ တစ်နေ့မသိ တစ်နေ့ သိမှာပဲဟာ၊ တကယ်တော့လည်းကွာ ဒီမွေးစားတာကိုပဲ လူတွေက အဆန်းလုပ် ပြောနေကြတာ၊ နွေဟာ လူတွေ ပြောကြ ဆိုကြ စိတ်ဝင်စားကြတဲ့ဒဏ်ကို တစ်သက်လုံး ခံလာခဲ့ရရှာတာ မြတ်မော်ရဲ့၊ သာမန် မွေးစားသမီးဆိုလည်း ပြဿနာ မဟုတ်ဘူး၊ ဦးဦးတို့၊ ရီရီတို့က အချမ်းသာကြီးမဟုတ်တောင် နည်းနည်းတော့ ပြည့်စုံတဲ့အထဲ ပါတယ်မဟုတ်လားကွာ၊ သားသမီးရင်းမရှိဘဲ မွေးစားလိုက်တော့ ဒီသမီးကပဲ ပိုင်သွားမယ် ဘာညာဆိုတာ ဆွေမျိုးနီးစပ်တွေ ကြားထဲ ပြောစရာအကွက် ဖြစ်ခဲ့တာဆိုတော့ နွေဟာ အဲဒီဒဏ် ခံခဲ့ရရှာတာ၊ သူကတော့ နွေ ဒီလိုခံစား ရတယ် ကိုလေးရေလို့ ဘယ်တော့မှ ထုတ်ပြောမယ့်သူ မဟုတ်ဘူး၊ သူ့မျက်နှာကို ကြည့်ရင် သူ့စိတ်ထဲကို ကိုလေး အလိုလို မြင်တယ်”

ကျွန်တော် ကိုလေးကို ငုံကြည့်မိပြန်တယ်။

ကိုလေးရဲ့ မျက်လုံးတွေဟာ တံစက်မြိတ်ဖျားကို ကျော်လို့ လမ်းပေါ် ရောက်နေရာကနေ ကျွန်တော့်မျက်နှာဆီ ရွေ့လာတယ်။ မမနွေဆီမှာ တစ်ခါတလေ တွေ့ရတတ်တဲ့ မှုန်ရီရီ မျက်လုံးတွေ။ အညိုရောင် မျက်ဝန်းဆီက မေတ္တာရိပ်ဟာ တလက်လက်ဖြာလို့။ မမနွေ အနားမှာ မရှိပေမဲ့ ကိုလေးဟာ ကျွန်တော့်ကို မတွေ့၊ မမနွေကို တွေ့နေသလိုပဲ။ ကာယကံရှင်ရှေ့မှာ ပြောဆိုနေသလိုပဲ။

အဲဒီ အချိန်ပိုင်းလေးတုန်းကတော့ ကိုလေးရဲ့ အတွင်းစိတ် အစစ်အမှန်ကို ကျွန်တော် အကဲမဖမ်းတတ်သေးဘူး။ ကျွန်တော့်အသိမှာ ကိုလေးဟာ ညီမအရင်း မဟုတ်တဲ့ ညီမကို တော်တော်ချစ်တတ်၊ ဂရုစိုက်တတ်တဲ့ အစ်ကို တစ်ယောက်လိုပဲ။ မမနွေရဲ့ ပညာလမ်း၊ ဘဝလမ်းကို ပူပင်ရှာတယ်၊ စိတ်ဒုက္ခဖြစ်မယ့် အရေးတွေကို ပူပင်ရှာတယ်၊ ဒီလိုပဲ ကျွန်တော် သိတတ်ခဲ့တယ်။

နောင်တစ်နှစ်လောက် ကြာတဲ့အခါကျတော့မှ ကျွန်တော်ဟာ တကယ့် ကိုလေးကို မြင်ခဲ့တော့တာ။ အစ်ကို့ကို နားလည်ခဲ့ရသလို ကိုလေးကိုလည်း သိမြင်ခွင့်ရခဲ့တော့တာ။ ဆယ်ကျော်သက်ရွယ် ကောင်လေးတစ်ယောက်ဟာ သူ မြတ်နိုးရသူအပေါ် သူ့လို စိတ်မျိုးပဲ ပေါ်ပေါ်ထင်ထင် တစ်မျိုး၊ တိတ်တခိုးတစ်မျိုး ထားနေကြတဲ့ သူတွေကို အပြစ်မရှာ လက်ခံပေးနိုင်ပါတယ် ဆိုရင် ကြားရသူတွေ ယုံချင်မှ ယုံလိမ့်မယ်။ ဒါပေမဲ့ အဲဒါ တကယ့်အဖြစ်ရယ်။

မမနွေရဲ့ အချစ်ဦး ဖြစ်ခွင့်ရခဲ့သူ၊ အချစ်ဦးမဟုတ်ပေမဲ့ သံယောဇဉ် အရှိဆုံးသူနေရာမှာ နှစ်များစွာ မြဲမြဲရပ်ခဲ့သူ၊ အဲဒီလူတွေအတွက် ရံခါ ပေါ်ပေါက်မိတဲ့ မလိုစိတ်မရှိဘူးမဟုတ် ရှိဖူးပေမယ့် မမနွေရဲ့ အစဦးမေတ္တာရေး ဇာတ်လမ်းမှာတော့ ကျွန်တော်ဟာ ပွဲကြည့်ပရိသတ် ပိုလို့ ဆန်ခဲ့ပါတယ်။

* * *

၁၉၉၈ နွေမှာ ကျွန်တော် စာတိုက်ကနေ စာလေးစောင် လက်ခံခဲ့ရတယ်၊ မြို့တစ်မြို့တည်းဆီက လူသုံးယောက်ဆီက စာလေးတွေ။ နောင်နှစ်များစွာ ကြာတဲ့အထိ စာတွေ၊ ပို့စကတ်တွေ ကျွန်တော် ထည့်သိမ်းတဲ့ ဘူးလေးထဲမှာ စွဲမြဲ ရှိနေခဲ့တဲ့ စာလေးတွေ။ စာနှစ်စောင်က မမနွေဆီက၊ တစ်စောင်က စိုင်းနောင့်ဆီက၊ နောက်တစ်စောင်ကတော့ စာရေးလိမ့်မယ် ထင်မထားတဲ့ ဖိုးခွားဆီက။

မမနွေရဲ့ ပထမစာဟာ ကျွန်တော်တို့ ပြန်ရောက်ပြီး နှစ်ပတ်လောက် ကြာတဲ့အချိန်မှာ ရောက်လာခဲ့တယ်။

"...ပြီးခဲ့တဲ့ စာမေးပွဲကို ဖြေနိုင်တယ်ပဲ ပြောရမှာပေ့ါ၊ မြန်မာစာနဲ့ အင်္ဂလိပ်စာကို မမ အားအရဆုံးပဲ၊ သိပ်အားမရတာကတော့ သင်္ချာပေ့ါ၊ ပြီးတော့လည်း ဝိဇ္ဇာတွဲတို့၊ သိပ္ပံတွဲတို့ဆိုလည်း အောင်မှတ်ကျော်ကျော်ပဲ ရှိမယ်ထင်တယ်။ ပထဝီ၊ သမိုင်း၊ ဘောဂပေါင်းတဲ့ ဝိဇ္ဇာတွဲမှာ ဘောဂကို စိတ်မဝင်စား၊ ဓာတု၊ ရူပ၊ ဇီဝ သုံးခုပေါင်းတဲ့ သိပ္ပံတွဲမှာ ဇီဝတစ်ခုပဲ စိတ်ဝင်စားတာဆိုတော့ မဖြစ်မနေ သုံးခုပေါင်းပြီး ဖြေရတဲ့အခါ အမှတ်များဖို့ မျှော်လင့်လို့ မရတော့ဘူးလေ။

စာမေးပွဲပြီးတာနဲ့ မမ ဘော်ကြို ပြန်ရောက်တယ် သိလား၊ ခါတိုင်းလည်း နွေကျောင်းပိတ်ရက်ဆို ဘော်ကြိုမှာ နေတာပါပဲ။ နေနေကျပါပဲ။ ဒါပေမဲ့လေ စိတ်ထဲမှာ ခါတိုင်းနဲ့ သိပ်မတူသလိုပဲ၊ မြတ်မော်တို့ မရှိတော့တဲ့ အိမ်ရှေ့က ဖြတ်ရင် သတိရတယ်၊ နွေ့လယ်ခင်း ရထားလာရင်လည်း သတိရတယ်၊ ဘွားကြင်ဆိုလည်း ရေးစကား ပြောရင် မောင်မြတ်မော်ကို သတိရတယ်တဲ့၊ ပြောသေးတယ်လေ၊ ကွံ့ကော်ရိပ်ကိုတော့ တစ်ပတ်တစ်ခါပဲ ထုံးစံ အတိုင်း သွားတာပေ့ါ၊ စာအုပ်တွေကတော့ ရက်ကျော် ယူထားမှာဆိုတော့ လကျော်တွေပဲ ဖတ်ရတာပေ့ါ၊ ဒါပေမဲ့လည်း တစ်ရက်တစ်ကြိမ်လောက် သွားရမှာ မမလည်း မသွားချင်သလို ဘွားကြင်ကလည်း မလွှတ်ချင်ဘူးလေ။ ဒီအတိုင်းလေးလည်း အဆင်ပြေပါတယ်။ မြတ်မော်တို့၊ အန်တီဆရာမတို့ကို၊ ပြီးတော့ အစ်ကို့ကို သတိရတာကလွဲရင် မမအတွက်တော့ ဘော်ကြိုအိမ်မှာ နေရတာက ပိုကောင်းပါတယ်လေ။

မမ ဘော်ကြိုအိမ် ပြန်လာတော့ မယ်မယ် သတိရနေမှာပဲဆိုတာ သိတယ်၊ ကိုလေးလည်း သတိရနေမှာပဲ။ ဖေဖေလည်း သတိရနေမှာပါပဲ။ သူ့အမေ၊ အစ်မကြောင့် မမ အနေကျုံ့ရတယ် ဆိုတာ မမ ဘယ်လောက်ပဲ ဟန်ဆောင် ဟန်ဆောင် ဖေဖေက သိနေတော့ ဖေဖေ့မျက်နှာမကောင်းတာ မြင်ရင်ကို မမမှာ အားနာနေရတယ်။ ဖြစ်နိုင်ရင်တော့ မမ ပျော်နေတယ်လို့ပဲ မယ်မယ်တို့၊ ဖေဖေတို့ သိစေချင်တာပါ။ တစ်ယောက်ယောက်ကို သတိထားပြီး နေရရင် ဘယ်လောက် အနေခက်တယ်ဆိုတာ မြတ်မော် သိချင်မှ သိလိမ့်မယ်။ မမမှာ အမေနဲ့အတူ နေခဲ့ရတဲ့အချိန်ဟာ အဆင်းရဲဆုံးအချိန် ဆိုပေမယ့် ဘယ်သူ့ မျက်နှာမှ မကြည့်ခဲ့ရလို့လား မသိဘူး၊ ဘဝမှာ အပျော်ဆုံးအချိန်ပဲ။ သီပေါမှာလည်း ပျော်ပါတယ်လေ၊ အတူနေရတဲ့ တချို့လူတွေ ကိုယ့်ကို မကြည်ဘူး ဆိုတာ မေ့ထားတတ်ရင်တော့ နေပျော်တယ် ပြောရမှာပေ့ါ။

အစ်ကိုလည်း သီပေါ ပြန်ရောက်နေပြီလေ။ အစ်ကို ပြန်လာတဲ့နေ့တုန်းက မမ မကြိုဖြစ်လိုက်ပါဘူး။ အစကတော့ သီတာ လိုက်ကူရင်၊ မမဒါလီပါရင် ကြိုမလို့ဟာ၊ သီတာကလည်း တောင်ကြီးက အမျိုးတွေဆီ သွားလည်တယ်တဲ့၊ မမဒါလီကလည်း ဆရာ နေမကောင်းလို့ အိမ်စောင့်တဲ့၊ မမ တစ်ယောက်တည်းဆိုတော့ ပတ်ဝန်းကျင်အမြင်မှာ မကောင်းဘူးလားလို့ မကြိုဖြစ်ဘူးလေ။ သင်တန်းတက်ရတဲ့ စနေမှပဲ အစ်ကို့ကို စတွေ့ရတော့တာ၊ အစ်ကိုဟာ မတွေ့တာ ကြာလို့လား မသိဘူး အသားလည်း နည်းနည်း ပိုညိုသွားသလိုပဲ၊ အရပ်လည်း ပိုရှည်လာသလိုပဲ။ သင်တန်းတက်ရတဲ့ရက်တွေ ဆိုရင်တော့ ထုံးစံအတိုင်း အစ်ကိုတို့အိမ် ရောက်တာပေ့ါ။ ဒါပေမဲ့ မြတ်မော် ရှိတုန်းကလို မြစ်ကမ်းနား သွားတာတို့၊ မုန့်စားတာတို့၊ ဗွီဒီယိုရုံ သွားတာတို့တော့ လုပ်လို့ ဘယ်ရမလဲ။ ပတ်ဝန်းကျင်က အပြောခံရမှာစိုးလို့ အနေအထိုင် ဆင်ခြင်ရတယ်လေ။ မိန်းကလေးဘဝဆိုတာဟာ အရွယ်ရောက်တဲ့ အချိန်ကစလို့ ပတ်ဝန်းကျင်ရဲ့ အကြည့်၊ အပြောအောက်မှာ ဆင်ဆင်ခြင်ခြင်နေရတာ ထုံးစံလိုပဲတဲ့ မြတ်မော်ရဲ့၊ မမတစ်ယောက်တည်း ဆိုရင်တော့ ဂရုမစိုက်ပါဘူး။ တစ်ခုခုဆို မမကို မွေးထားတဲ့ မယ်မယ် အပြောခံရမှာ ပူတယ်လေ။

သင်တန်းဆင်းရင်လည်း မြတ်မော် အပြန် မပါတော့ မယ်မယ်က မမတစ်ယောက်တည်းမို့လို့ မျှော်တယ်။ အစ်ကိုတို့အိမ်မှာ အကြာကြီး မနေစေချင်ဘူး၊ မမဒါလီနဲ့ အိမ်မှာ မုန့်စားတာ ဘာညာလည်း အရင်လို ဖိမ်ဆွဲမနေရဘူး။ ခဏပဲနေပြီး ပြန်ရတယ်၊ အစ်ကို စန္ဒရားတီးပြရင်လည်း နားထောင်ရတာ ခဏပဲ။ တစ်ပုဒ်၊ နှစ်ပုဒ်လောက်ပဲ။ အစ်ကို့စန္ဒရားသံလေး နားထောင်ပြီးရင် စကားလေးတောင် ကောင်းကောင်း မပြောရဘဲ မမ ပြန်ရတာပဲ၊ အစ်ကိုကလည်း အိမ်အကြောင်း သိနေတော့ ပြန်တော့လို့

ပြောတော့တာပဲ။

အိမ်မှာတော့ အဘွားလေးကလည်း မယ်မယ့်ကို တစ်ခုခုတော့ ပြောထားမယ် ထင်တာပဲ။ မယ်မယ်ဟာ မမနဲ့ ပတ်သက်ရင် သိပ်သတိထားလာတယ်၊ ပိုဂရုစိုက်လာတယ်၊ မယ်မယ် ဂရုစိုက်တာဟာ အရင်လို ချစ်လို့ ဂရုစိုက်တာမျိုးနဲ့ သိပ်မတူဘူး၊ စိတ်မချလို့ ဂရုစိုက်နေတယ်ဆိုတာ သိတော့ မမလေ စိတ်မကောင်းဘူး သိလား။ ဆယ်တန်းဖြေပြီးတာနဲ့ တခြား ထွေလီကာလီတွေ စိတ်ဝင်စားရလောက်အောင်၊ အိမ်ထောင် ချက်ချင်းပြုရလောက်အောင် မမ မမိုက်ပါဘူး မြတ်မော်ရယ်။ ဒါပေမဲ့ ပွင့်ပွင့်လင်းလင်း ထုတ် မမေးကြတော့ မမ ဘယ်လိုရှင်းပြရမလဲ၊ အစ်ကိုနဲ့ မမဟာ သူတို့တွေ ထင်ကြသလို ခေါင်းထဲမှာ ကိုယ့်ပျော်ရွှင်မှုတစ်ခုပဲ ရှိကြတဲ့သူတွေမှ မဟုတ်တာ၊ မမ ပညာမစုံမှာ၊ မမ ဆင်းရဲဒုက္ခရောက်မှာ တခြားသူတွေထက် အစ်ကိုက ပိုကြောက်တယ်ဆိုတာ သူတို့ သိအောင် ဘယ်လိုရှင်းပြရမလဲ၊ ရှင်းပြမှ သိမယ် ဆိုရင်လည်း မမကတော့ ရှင်းမပြချင်ပါဘူး၊ မယ်မယ်က အစ နားမလည်တော့ မမ စိတ်မကောင်းဘူး။ ဘွားကြင်တစ်ယောက်ပဲ မမကို နားလည်သလို ခံစားရတော့ ဘော်ကြိုအိမ် ပြန်ရောက်မှပဲ ပျော်တော့တယ်။

ဆယ်တန်းစာအုပ်တွေ လွှတ်ချလိုက်ရရင် ပျော်စရာ သိပ်ကောင်းမှာပဲလို့ ငယ်တုန်းက ထင်ခဲ့ဖူးပေမယ့် တကယ်တော့ မဟုတ်ပါလား မြတ်မော်ရယ်။ မမရဲ့ နွေရာသီဟာ ပျော်စရာ သိပ်မကောင်းပါဘူး။

တစ်ခါတလေတော့ ဟိုတွေး ဒီတွေးနဲ့ စိတ်မကောင်း ဖြစ်ရတိုင်း ကောင်းကင်က ကြယ်ကလေးတွေ မော့ကြည့်မိတဲ့အခါ အမေ့ကို သတိရတယ်။ အမေ့ကို ပြောချင်တဲ့ စကားလေးတွေ ကြယ်ကလေးတွေကို ကြည့်ပြီး ပြောတယ်၊ ကြယ်ကလေး တစ်ပွင့်တလေဟာ အမေကိုယ်တိုင် မဟုတ်ဘူးလို့ ဘယ်သူ ပြောနိုင်မလဲ မြတ်မော်ရယ် နော့..”

* * *

တောင်လွှာအမြင့်မှာ တည်တဲ့ ကျွန်တော် ချစ်တဲ့ ရွာကလေးက သူငယ်ချင်းကတော့ စာကို “ဟေ့ကောင်” လို့ စပါတယ်။ စာရေးလေ့ရေးထ မရှိတဲ့ သူငယ်ချင်းဟာ ကျွန်တော် ရေးစေချင်တယ်ဆိုလို့သာ ဖျစ်ညှစ်လို့ စာတစ်စောင် ကောက်ရေးလိုက်ပုံပါပဲ။ စာကလည်း ခပ်ရှည်ရှည် မဟုတ်၊ တစ်မျက်နှာလေးတင်ပဲ၊ ရှည်ရှည်လျားလျား ဖွဲ့နွဲ့ရေးတတ်တဲ့ မမနွေ့စာကို ဖတ်ရရင် လွမ်းသလို ဘာလိုလို ဖြစ်ရတဲ့ စိတ်ခံစားမှုဟာ သူ့စာ ဖတ်ရပြန်တော့ မပြုံးဘဲ မနေနိုင်ဘူး။ စာလုံးလေးတွေပေါ်မှာလည်း သူ့မျက်နှာ ပြုံးဖြဲဖြဲကို

ပြေးလို့ ကွက်လို့ မြင်မိတာပါပဲ။

"ငါတို့အိမ်မှာ ဟိုတစ်နေ့က ရှမ်းခေါက်ဆွဲ လုပ်စားကြတော့ မင်းကို တအားပဲသတိရတယ်၊ မယ့် (အမေ) ချက်တဲ့ခေါက်ဆွဲကို မင်း သိပ်ကြိုက်တာ ငါတို့ သိတယ်၊ ခေါက်ဆွဲမှာ ငါက ငရုတ်သီး သိပ်ထည့်မစားပေမဲ့ မင်းက အစပ် အလွန်ကြိုက်တာ၊ မယ့်က ခေါက်ဆွဲပန်းကန်တွေ ပြင်ရင် မြတ်မော်ကို သတိရလိုက်တာလို့ ပြောပါတယ်။

ဟိုတစ်နေ့က မယ့် နောင်ချို သွားလို့ ဘူတာ လိုက်ပို့တော့ မင်းမမကို ဘူတာမှာ တွေ့တယ်၊ မင်း ပြောဖူးတဲ့ ရထားလာကြည့်တာမျိုး မဟုတ်လား၊ မင်းကို သတိရတယ်လို့ မမနွေ ပြောတော့ ငါလည်း ကျွန်တော်လည်း သတိရတယ် ပြောလိုက်ပါတယ်။ မယ့် ရထားပေါ် တက်သွားတော့ မပြန်သေးဘဲနဲ့ မမနွေကို ငါ အဖော်လုပ်ပေးမလို့ စဉ်းစားပေမယ့် မင်း ဒေါသဖြစ်မယ်ထင်လို့ မလုပ်တော့ပါ၊ အိမ်ပဲ ပြန်လာခဲ့တယ်။

ငါ့မှာလည်း ငါ သဘောကျတဲ့သူ ရှိပါတယ်ကွာ၊ မင်း ပြန်လာတော့ ပြမယ်။

ဟိုတစ်နေ့က ငါရယ်၊ ညီမလေးရယ် တောင်ယာ လိုက်သွားကြတယ်။ အလုပ်လည်း နည်းနည်းပဲ ကူရတာပါကွာ၊ မယ့်တို့၊ ပေ့ါ (အဖေ) တို့ လုပ်တာပဲ။ ငါတို့က ကူလိုက် စားလိုက် နားလိုက်ပဲ၊ မင်း ဒီတစ်ခေါက် ပြန်လာရင် ငါတို့အိမ်ကို ချက်ချင်း လာပါကွာ၊ ငါတို့ မျှော်နေကြတယ်"

* * *

ဖိုးခွားရဲ့စာဟာလည်း စိုင်းနောင့်နဲ့ ထူးမခြားနားလို့ ဆိုနိုင်ပေမယ့် စိုင်းနောင့်စာလေးထက်တော့ နည်းနည်း ပိုရှည်ပါတယ်။ ဧရာဝတီတိုင်းက သူ့အမျိုးတွေဆီ အမိုး ရေးခိုင်းလို့ စာလိုက်ရေးပေးတာက လွဲရင် သူကိုယ်တိုင် ဘယ်သူ့ဆီမှ စာမရေးဖူးဘူး ဆိုတာပဲ။ ကျွန်တော်ဆိုတဲ့ကောင်က ကိုယ့်ဆီ ချစ်ရခင်ရသူတွေ စာလှမ်းရေးတာမျိုး၊ စာရွက်ပေါ်က အသံမထွက်တဲ့စကားတွေ နားထောင်ရတာမျိုးကို သဘောကျမှန်း သိနေလို့သာ ရေးလိုက်တာ ဖြစ်မှာပါပဲ။ သူ့ခြံဝိုင်းလေးထဲမှာ ညီမလေးကို အဖော်ပြုရင်းပဲ ဖြစ်ဖြစ်၊ ဘုရားဝင်းထဲက ဈေးတန်းမှာ အမိုးကို ဈေးရောင်းကူရင်းပဲ ဖြစ်ဖြစ် ရှိနေမယ့် နွေရာသီ သူ့ပုံရိပ်ကို ကျွန်တော် မြင်ယောင် သတိရလာတယ်။

သူ့စာလေးဟာ ခံစားမှုနှစ်မျိုးကို တစ်ဆင့်ချင်း ပေးခဲ့တယ်။ ပထမ တစ်ပိုင်းကတော့ ဘော်ကြိုဘုရားပွဲကို အပြေးရောက်ချင်စရာ ပျော်စရာ အငွေ့ အသက်နဲ့။ နောက်တစ်ပိုင်းကတော့ သူ့ရဲ့ နာကျင်စရာ ဘဝအစိတ်အပိုင်း။

ဝမ်းနည်း ပေးမိုင်မနေတတ်သူတွေရဲ့ ဝမ်းနည်းမှုဟာ တခြားသူတွေထက် ပိုနာကျင်စရာ ကောင်းမှာပဲလို့ အဲဒီစာလေးကို နောက်နောင် ပြန်ဖတ်မိတိုင်း ကျွန်တော် တွေးတတ်ခဲ့တယ်။

"နောက်နှစ်တော့ ဘော်ကြိုပွဲနေရင် နေပါလားကွာ၊ တအား ပျော်စရာ ကောင်းတာ၊ ဒီဘုရားဝင်းမှာ စည်နေတာပဲသိလား၊ ပွဲတွင်းဆို ဒီနားမှာ ရထားရပ်ပေးတာ မဟုတ်လား၊ ရထားလမ်းက ပွဲဈေးရဲ့ အလယ်ကောင်ကို ဖြတ်သွားတာ မင်း မြင်စေချင်တယ်၊ တအား ပျော်စရာကောင်းတာပဲ၊ ငါတို့ ပွဲလည်း ကြည့်တယ်၊ အမေရယ် ငါရယ် ညီမလေးရယ်၊ ဇမာဇာတ်ရော၊ ရှမ်းဇာတ်ရော ကြည့်တာ၊ မိုးအလင်း ကြည့်တာကွ၊ ပလောင်အက ကတဲ့ စင်မှာလည်း သွားကြည့်ကြသေးတယ်။

မင်း ပွဲမကြည့်ချင်လည်း ပွဲဈေးတန်းလျှောက်ပြီး မုန့်တွေ စားချင်တာ စားကွာ၊ မုန့်တွေမှ အစုံပဲ၊ စိုင်းနောင့်တို့ဘက်ကဆို မုန့်ခေါင်းအုံးတွေ၊ ငှက်ပျောခြောက်တွေ လာရောင်းတာ ပျော်စရာကြီး၊ ပြီးတော့ ကောက်ညှင်းပေါင်းရယ်၊ အသုပ်စုံရယ် တွဲစားရတာလေ၊ သိတယ် မဟုတ်လား၊ ညောင်ရွက်သုပ်ရော၊ သရက်ရွက်သုပ်ရော၊ မြင်းခွာရွက်သုပ်တွေရော၊ နောက်ပြီး...နောက်ပြီး အာလူးသုပ်၊ မြူရွက်သုပ်၊ ပဲသီးသုပ်တွေရော စားစရာတွေ စုံမှစုံပဲ၊ ဝယ်စားစရာ မလိုတဲ့ စားစရာတွေလည်း ရှိတယ်နော်ဟ့ကောင်၊ လဆန်း ၁၃ ရက်ကနေလား မသိဘူး လပြည့်နေ့အထိ ကျွေးတာလေ၊ ပလောင်ရွာတွေက လာကျွေးတာ၊ ယာဂုတို့၊ လက်ဖက်သုပ်တို့၊ ရေးရင်းနဲ့တောင် စားချင်လာပြီကွာ။

ငါတို့မိသားစုမှာတော့ အဖေ့ကိစ္စကလွဲလို့ တခြား ဘာမှ ထူးထူးခြားခြား မရှိပါဘူး သူငယ်ချင်း။

အဖေကတော့ မူဆယ်မှာပဲ အိမ်ထောင်ကျနေသလိုလို ပြောကြတယ်။ အမေလည်း တစ်ခေါက်လိုက်သွားသေးတယ်။ ပြီးတော့ ပြန်လာတယ်၊ ငိုတယ်၊ အခုတော့ မငိုတော့ပါဘူး၊ ငါတို့ကို ဘာမှ ပူစရာမလိုဘူးလို့ ပြောတယ်လေ။ ငါကတော့ အမေ့ကို မမေးပေမဲ့ ဘေးက သူများတွေ ပြောကြတာပဲ၊ သိတာပေ့ါကွာ။ ဒါပေမဲ့ ညီမလေးကတော့ လုံးဝမသိတတ်။ အဖေရော အဖေရောနဲ့ ခဏခဏမေးလို့ တစ်ရက်တုန်းက ငါ ဆူပစ်တယ်။ နောက်တစ်ခါ မေးရင် ရိုက်ပစ်မယ်တောင် ပြောပစ်တယ်။ ပြီးလည်း ပြီးရော ညီမလေး ငိုတော့ ငါ စိတ်မကောင်းဖြစ်ရတယ် သူငယ်ချင်း"

* * *

မေလထဲ ဝင်ပြန်တော့ နွေဦးပန်းပွင့်တွေဟာ ကျွန်တော့်ကို သီပေါ ပြန်ချိန် နီးပြီဖြစ်တဲ့ အကြောင်း လက်တို့ကြတယ်။

ခြံရှေ့က ဗာဒံပင်ရိပ်မှာ စာဆင်းဖတ်တဲ့ တစ်ရက်မှာပဲ မမနွေ့ဆီက စာလေး ရောက်လာတယ်။ ဘယ်တော့ပြန်လာမလဲ ဆိုတာရယ် သတိရချင်စရာ ပတ်ဝန်းကျင်အရိပ်တွေ၊ ခင်မင်သူတွေအကြောင်း ပြောပြတာရယ် ပါတဲ့ စာထဲမှာ မမနွေ့ရဲ့ အချစ်ဇာတ်လမ်း တစ်ပိုင်းတစ်စကလည်း ရိပ်ရိပ်ငွေ့ငွေ့ ပါလို့ပေါ့ ။ အဲဒီစာပိုဒ်လေးတစ်ပိုဒ်၊ နှစ်ပိုဒ်ကိုတင် ကျွန်တော် သတိရတိုင်း အထပ်ထပ်လို ဖတ်မိတယ်။

ဖတ်တိုင်းလည်း ဘယ်တုန်း ဘယ်ကာလကမှ မျှော်လင့်ချက် မထားခဲ့ဖူးတဲ့ ကျွန်တော့်မေတ္တာပျိုးပင်ဟာ နေ၊ လေ၊ ရေ မထိတွေ့ရတော့သလို ညှိုးခြောက်ခွေယိုင်ရမြဲပဲ။

ကျွန်တော့်အသက်အရွယ်ဟာ ရည်းစားထားဖို့ရာ စောသေးတယ် ဆိုချင်ဆိုကြမှာ ဖြစ်ပေမယ့် ဒီအရွယ်မို့ ရင်မခုန်ပါနဲ့ဦး တားဖို့တော့ မဖြစ်နိုင်ဘူး မဟုတ်လား။ စာအုပ်တွေ၊ ရုပ်ရှင်တွေကနေပဲ သိခဲ့ရတဲ့ ဆန့်ကျင်ဘက်လိင်အပေါ် ရင်ခုန်တယ်ဆိုတာကို ကျွန်တော် ရေးရေး သိတတ်ခဲ့ပြီ။ ကျွန်တော့်စိတ်ထဲ ရင်ခုန်နွေးထွေးမိသူမှာ သူ သံယောဇဉ်ပိုသူ တစ်ယောက် ရှိနှင့်တာကတော့ ကံပေါ့လေ၊ ထားတော့။

"...ဘာလိုလိုနဲ့ အစ်ကိုတောင် သူ့ရွာကို ပြန်ရတော့မယ်။ ဒီကြားထဲ စကား အေးအေးဆေးဆေး ပြောရတယ်လည်း မရှိပါဘူး မြတ်မော်ရယ်၊ စာတွေပဲ အပြန်အလှန် ရေးကြ၊ လဲဖတ်ကြရတယ်။ ပြောသာ ပြောရတယ်၊ မမမှာ စာမေးပွဲလည်း ပြီးပြီဆိုတော့ စာရေးရင်တောင် စိတ်မလွတ်လပ်ပါဘူး။ ဘယ်သူမှတော့ လာမမေးပေမဲ့ စိတ်ကကို မလုံတာ သိလား။ စာရှည်ရှည် မရေးနိုင်ရင် တစ်မျက်နှာလောက် အတိုလေးတွေ ရေးပြီး ပေးရတယ်။ ဒီအတိုင်းတော့ ဘယ်ဟုတ်မလဲ။ စာအုပ်ထဲ ညှပ်ပေးတာပေါ့။ အပြင်မှာတော့ စကားပြောဖြစ်တဲ့ အချိန်ဟာ ကံ့ကော်ရိပ်မှာ စာအုပ်တွေ ရွေးကြတဲ့ အချိန်ပဲ။ ပြီးတော့ ကွပ်ပျစ်မှာ ခဏ ထိုင်ရတဲ့ အချိန်လေးရယ်ပဲ။ ဆရာမလည်း မလှမ်းမကမ်းမှာ ရှိတော့ စကားပြောရတာ လူများအမြင် မကောင်းမရှိဘူး ထင်တာပဲ။

အစ်ကိုက မေးနေတယ်၊ မြတ်မော်က ဘယ်နေ့ပြန်လာမှာလဲတဲ့၊ မတွေ့လိုက်ရမှာစိုးလို့တဲ့၊ ပြန်လာမယ့်အချိန်ကို မှန်းပြီး မမကို ပြောထားဦး၊ ဟိုတစ်ခါကလို ဘူတာမှာ နေ့တိုင်း လာစောင့်နေရအောင်လို့လေ၊ တကယ်လို့များ ဖုန်းဆက်ချင်ရင်လည်း အိမ်နားက ဖုန်းတစ်လုံး ပေးထားမယ်၊

ဖုန်းခေါ်ပြီးရင် အချိန်ပြန်ချိန်းလိုက်ပေါ့၊ စနေနေ့ ညနေဆိုရင် ပိုအဆင်ပြေတာပေါ့၊ မမ လာစောင့်နေမယ် သိလား...”

* * *

ဘူတာရုံကလေးက စိန်ပန်းပင်ထက် နီစွေးတောက်ပတဲ့ ပန်းပွင့်တွေ ဝေနေတုန်းမှာပဲ ချစ်ရတဲ့မြေဆီ ကျွန်တော် ပြန်ရောက်လာတယ်။ ဘူတာရုံကလေးမှာ စောင့်မြဲ စောင့်တဲ့ မမနွေ့ရဲ့ အနီးဝန်းကျင်ဆီ ပြန်ရောက်လာတယ်။

တကယ့်တကယ် ပြောရကြေးဆို အဲဒီနှစ်က မမနွေနဲ့ ကျွန်တော် ပြန်လည်ဆုံတွေ့ကြချိန်ဟာ ခါတိုင်းနှစ်တွေလောက်တော့ စိတ်ချမ်းမြေ့ရွှင်လန်းစရာ မဟုတ်ခဲ့ဘူး။ အဲဒီ အချိန်ကာလဟာ မမနွေ့အတွက် ကျဉ်းထဲကျပ်ထဲ ရာက်နေတဲ့ အခိုက်အတန့်ပဲ။ မမနွေ ပြောဖူးသလို ဆိုရရင် တစ်ပါးသူ မျက်နှာ အကြည့်ရဆုံး အခိုက်အတန့်။

မမနွေနဲ့ အစဦးဆုံး ပြန်လည်ဆုံတွေ့တဲ့ ရက်မှာတော့ မျက်နှာလေး မဆိုစလောက် ညှိုးနေတာကို ကျွန်တော့်မှာ နည်းနည်းတောင် သတိမထားမိဘူး။ သတိမထားမိဆို ပျော်နေတာကိုး၊ မမနွေနဲ့ ပြန်တွေ့ရတာ ပျော်နေတာကိုး။

ဘူတာရုံလေးရဲ့ မြက်ခင်းပြင်ပေါ်မှာ မမနွေ မတ်မတ်ရပ်နေပုံလေး မြင်လိုက်ရတာနဲ့တင် လွယ်ကော်ဘူတာ ကျော်လိုက်ကတည်းက ဘော်ကြိုရှိတဲ့အရပ်ဆီ ကြိုတင် အပြေးချီထားရတဲ့ ကျွန်တော့်စိတ်ဟာ လှပ်ခနဲ လှပ်ခနဲ ခုန်လှုပ်ရတယ်။ ဆောင်းရာသီညတွေထဲ မီးပုံလေးနား လက်ဝါးအေးအေးတွေ လှုံလိုက်ရသလို နွေးရတယ်။ မမနွေဟာ သူ ဝတ်နေကျ အိမ်နေရင်း ဝတ်စုံလေးတွေထဲက တစ်စုံ ဝတ်ထားတယ်။ အညိုရောင် အပွင့်အခက်ပါ ချည်ထည် လုံချည်လေးရယ်၊ တီရှပ်အဝါလေးရယ်။ ဆံပင်တွေကို နောက်မှာ ရိုးရိုးပဲ စည်းနှောင်ထားတယ်။ ရထားဥသြသံ ဘော်ဘော်ဘူဘူ လွှမ်းနေတဲ့ ဘူတာရုံကလေးရယ်၊ ဘူတာရုံကို နောက်ခံလို့ရပ်နေတဲ့ မမနွေရယ်၊ မြင်မြဲလိုမြင်ရတဲ့ ရထားစောင့်သူတချို့ရယ်၊ နောက် ကျွန်တော့်မိတ်ဆွေ ရထားဦးလေးကြီးတွေရယ်၊ မမနွေအနားမှာ ရစ်သီ ရစ်သီ လုပ်တဲ့ ဘရောင်းရယ်။

ကျွန်တော်ရယ်၊ မေမေရယ် အိမ်ကလေးဆီ ပြန်တဲ့နောက် မမနွေကလည်း ကြိမ်ခြင်းလေး ဝိုင်းကူဆွဲလို့ လိုက်လာတယ်။ မေမေနဲ့ အိမ်ရှင်းကူတယ်။ နွေရာသီတုန်းက အကြောင်းတွေ အပြန်အလှန် မေးကြ

ပြောကြတယ်။

မမနွေဟာ မေမေ့ဆီကိုလည်း စာတစ်စောင်သတ်သတ် ရေးလေ့ရှိပေမယ့် အစ်ကို့အကြောင်း ထည့်ပြောပြလေ့ မရှိဘူး မှတ်တာပဲ၊ မေမေ မေးတဲ့ ပြောတဲ့အထဲ အဲဒီ အရေးတွေ မပါ။ ကျွန်တော့်မှာလည်း မေးချင်ရင်တောင် မေမေ့ရှေ့မို့ ထုတ်မမေးသာ။ လူကဲခတ်တာ မတတ်လှသေးတဲ့ အရွယ်မို့ စကားတွေ ဝေဝေဆာဆာ ပြောရင်း မမနွေ ပြုံးရယ်နေတာကိုသာ မြင်တယ်။ ကျွန်တော်တို့ကို ပြန်တွေ့ရတာ တကယ်ပျော်နေတယ်ပဲ မှတ်လိုက်မိတယ်။

အတွင်းစိတ်ကို လှမ်းမြင်တဲ့ မေမေကတော့ မမနွေ အပြန်ကျတော့မှ "ကလေးမလေး မျက်နှာသိပ်မလန်းချင်ဘူး၊ ဘာလို့များပါလိမ့်" တဲ့၊ အဲဒီတော့မှ ကျွန်တော်ဟာ မမနွေရဲ့ စာထဲက ဇာတ်ကြောင်းလေးတွေကို သတိရလာတယ်။ မမနွေကို တစ်စုံတစ်ရာက စိတ်ပင်ပန်း ညှိုးနွမ်းစေတယ်ဆိုရင် ဒီအကြောင်းက လွဲလို့ ဘာများ ရှိလေမလဲ။

နောက်ရက်ကျတော့မှ မမနွေတို့အိမ်ဆီရောက်၊ ဘွားကြင်ကို မုန့်တွေ လက်ဆောင်ပေး၊ အိမ်နောက်ဖေး မြစ်ဆိပ်က လှေကားထစ်တွေဆီ ရောက်ကြတဲ့အခါ သိချင်တာတွေ မေးဖို့ ပြင်ရတယ်။

"သီပေါ မသွားရတာ နှစ်ပတ်တောင် ပြည့်တော့မယ်" လို့ မမနွေက စကားအစချီတယ်။

"ဘာဖြစ်လို့လဲဟင်"

"ဘာဖြစ်ရမလဲ၊ အစ်ကို မပြန်သေးလို့တဲ့၊ စာအုပ်ဆိုင်လည်း မလာနဲ့၊ သီပေါမြို့ပေါ်ကို အစ်ကို မပြန်မချင်း မလာနဲ့ဦး၊ သင်တန်းလည်း မတက်နဲ့ဦးတဲ့ မယ်မယ်က"

"မယ်မယ်က..."

မမနွေက ခေါင်းတစ်ချက် ညိတ်တယ်။ ခပ်လေးလေး။

"မယ်မယ် ဘာလို့ပြောသလဲဆိုတာ မမ နားလည်ပါတယ်၊ မယ်မယ်ဟာ မမနဲ့ ဖေဖေတို့၊ အဘွားလေးတို့ ကြားမှာ ကြားညှပ်နေတာကိုး၊ ဖေဖေရယ် အဘွားလေးရယ်ကိုလည်း မမ အပြစ်မတင်ပါဘူးလေ၊ လူကြီးတွေသဘောကိုလည်း မမ သိပါတယ်၊ သူတို့စိတ်ပူမှာပေါ့၊ ဟုတ်တာပေါ့၊ ဒါပေမဲ့ မမကို မယုံတာ စိတ်မကောင်းဘူးရယ်၊ အစ်ကိုနဲ့ မမ ချစ်နေတယ်ဆိုတာ အခုမှတော့ ဖုံးမနေတော့ပါဘူး၊ အားလုံးလည်း

ရိပ်မိနေကြတာပဲ၊ ဒါပေမဲ့ လူကြီးတွေ ထင်သလိုတော့ စာမေးပွဲမပြီးခင်ကတည်းက မဟုတ်ဘူးနော်၊ စာမေးပွဲပြီးတော့မှ သိလား၊ ဒီလို ပြောပြလည်း လူကြီးတွေ ယုံမှာ မဟုတ်ဘူး၊ ထားလိုက်တော့၊ မမ စောစောက ပြောသလို နားလည်ပါတယ်၊ ဒါပေမဲ့ သူတို့ စိတ်ထဲ ထင်သလို ငယ်ငယ်ရွယ်ရွယ်နဲ့ ထင်ရာစိုင်းသွားမယ်တို့ ဘာတို့ အဲဒီလို ပြောထွက်ကြတာကိုတော့ စိတ်မကောင်းဘူး၊ သီပေါ မသွားရလို့၊ အစ်ကို့ကို မတွေ့ရလို့ ဆိုတာထက် မမကို မယုံလို့ကို စိတ်မကောင်းဘူး၊ တကယ်ပြောတာ”

“ကျွန်တော် ယုံပါတယ် မမရာ”

မမနွေရဲ့ မျက်လုံးလေးတွေဟာ မြစ်ရေကို ငေးစိုက်လို့၊ လက်ညှိုးလေး ညှပ်မပိတ်ဘဲ ဖွင့်ထားတဲ့ စာအုပ်က စာရွက်တွေ လေတိုးလို့ တဆတ်ဆတ် ခုန်နေကြတယ်။ ပြီးမှ တိုးတိုးလေး ဆက်ပြောလိုက်တာ ကိုလေးလည်း ယုံတယ် ပြောသတဲ့။

“ဒီလိုအချိန်မှာ ကိုယ့်ကို ယုံတယ် ပြောတာ ဘယ်လောက် အား ရှိတယ်မှတ်လဲ၊ ကိုလေး အဲဒီလို ပြောလိုက်တဲ့နေ့က အားငယ်နေတဲ့စိတ်တောင် ပျောက်ချင်ချင် ဖြစ်သွားတယ် မြတ်မော်ရဲ့၊ ဘာလို့ အားငယ်ရသလဲ ပြောပြမယ်၊ စနေ၊ တနင်္ဂနွေ သင်တန်းဆင်းရင် ဘော်ကြို မပြန်ခင် အိမ်ကို မမ ဝင်နေကျ၊ အိမ်မှာ ခဏနေနေကျ သိတယ် မဟုတ်လား၊ အဲဒီလို ဝင်တော့ မယ်မယ်က ပြောစရာရှိလို့တဲ့၊ သမီးနဲ့ လင်းညို သမီးရည်းစားတွေလား ဘာလား မယ်မယ် မမေးတော့ဘူး၊ မယ်မယ်လည်း ငယ်ရာကကြီးလာတာတဲ့၊ မပြောလည်း သိတာပေါ့တဲ့၊ လင်းညိုကို သဘောမကျစရာ ဘာမှတော့ မရှိဘူး၊ ဒါပေမဲ့ သမီး ငယ်လွန်းသေးတယ်တဲ့၊ မယ်မယ်ဟာ ကိုယ့်သမီးလို မွေးခဲ့တဲ့သူတစ်ယောက်ကို ပညာစုံပြီး အတည်တကျ ဖြစ်သွားတာ မြင်ချင်တယ်၊ လမ်းမှား ရောက်သွားမှာ စိုးတယ်တဲ့၊ အမြဲ မြင်တွေ့နေရတာ မဟုတ်ဘဲ တစ်ခါတလေပဲ တွေ့ရမယ်၊ ခွဲရတော့မယ်ဆိုရင် လူဟာ စိတ်အလိုကို ပိုလိုက်မိတတ်လို့ ပြောရတာတဲ့၊ ဒီကြားထဲ သင်တန်းကို ခဏနားလိုက်၊ ဘော်ကြိုမှာပဲ နေတဲ့”

ဟင်...ကျွန်တော့် အာမေဋိတ်သံဟာ လူကြီးတစ်ယောက်လို စိတ်ပျက်လက်ပျက် ချလိုက်တဲ့ သက်ပြင်းနဲ့ ရောလို့ နေလိမ့်မယ်။

“အဲဒါဆို သင်တန်းပြန်တက်ရင် ကျွန်တော် တစ်ယောက်တည်းပေါ့”

“အင်းပေါ့၊ လိုက်လို့ ဘယ်ဖြစ်ဦးမလဲ၊ အစ်ကိုက ရှေ့တစ်ပတ် စနေမှ ပြန်မယ်တဲ့”

“မမနွေ ဘယ်လိုသိ”

“ကိုလေးနဲ့ ပါးလိုက်တဲ့ စာအုပ်ထဲမှာ စာပါတယ်လေ”

“စာပါတာ ကိုလေး သိရင် ဆူနေမှာပေ့ါ”

“ကိုလေးလား၊ သိတော့သိမယ် ထင်တာပဲ၊ မသိချင်ယောင် ဆောင်ပေးတာပဲထင်တယ်၊ စိတ်ကူးပေါက်တိုင်းတော့ ငါ နင့်ကို ယုံတယ်လို့ ခဏခဏ ပြောတယ်၊ လူကြီးတွေ စိတ်ပူသလို ဖြစ်မလာဘူးဆိုတာ သူ ယုံတယ်တဲ့၊ အချိန်လေးပဲ ခဏစောင့်ကြပေ့ါတဲ့၊ မပူပါနဲ့ ကိုလေးရာလို့ မမလည်း ပြန်ပြောလိုက်တာပေ့ါလေ”

ဒုဋ္ဌဝတီမြစ်ရေပြင်ကို ကျွန်တော် ကျော်ပြီး မျှော်ကြည့်တော့ ဟိုဘက်ကမ်းက စိုက်ခင်းတွေ စိမ်းမြဲ စိမ်းမြဲနေကြတာ၊ လေအဟုန့်မှာ လှိုင်းကလေးတွေ တအိအိ ဝှေ့သလို ယိမ်းနေကြတာ တွေ့ရတယ်။ နှစ်လကျော် ကျွန်တော်နဲ့ ဝေးခဲ့တဲ့ မြင်ကွင်းတွေ။ ချစ်ရတဲ့ မြစ်ကမ်းကလေး၊ ငေးမောရတဲ့ တောင်တန်းပြာ အလှအဆင့်တွေ။

ကျွန်တော့်အပေါ် လှေကားတစ်ဆင့်မှာ ထိုင်နေသူကတော့ ဝေးရချိန်မှာ လွမ်းဆွတ်ခဲ့ရသလို အတူရှိနေချိန်တွေ ဆိုရင်လည်းပဲ ဒီလို အတူရှိနေတာလေး လေနှင်ရာ လွင့်ပါးပျောက်ကွယ် သွားတော့မလို စိုးစိတ်နဲ့ လူမသိ သူမသိ လွမ်းမောနေရသူပါပဲ။

မမနွေ၊ မမနွေလို့ စိတ်ထဲမှာ တိုးတိုးလေး ခဏခဏခေါ်မယ်။ နဖူးဆံစ အစပ်ကနေ ပါးပြင်တစ်ဖက်ဆီ နွယ်ကျတဲ့ ဆံမျှင်နုကို စိတ်ကူးလက်နဲ့ လှမ်းလို့ တို့ထိဖယ်မယ်။ ခြေဖဝါးပေါ် တစ်စွန်းတစ်စ ခိုနေ ကြွေကျနေတဲ့ သစ်ရွက်ခြောက်လေး အောက်လှေကားအထစ်ဆီ ရှောရှောရှူရှူ လွင့်ကျလာစေဖို့ နောက်ထပ်လေကလေး တစ်ချက်လောက်ဝေဖို့ ဆန္ဒပြုမယ်။ မြစ်ပြင်ဆီ ငေးတဲ့ မျက်လုံးတွေကို အနားသတ်ထားတဲ့ မျက်တောင်ဖျားလေးမှာ ဝါးရွက်ခြောက် အစအနလေး တင်ကြည့်ချင်စိတ် ဝင်မယ်။ ဆောင်းတုန်းက အဲဒီ မျက်တောင်ဖျားပေါ် နှင်းစက်လေးတွေ ခိုနေဖူးတာကို သတိရလာမယ်။

ဖြစ်နိုင်ရင် မြစ်ပြင်ဆီ ငေးတဲ့ မျက်လုံးလေးတွေ ကျွန်တော့်မျက်နှာကို ကြည့်လိုက်စေချင်တာပဲ။ အဲဒီ ငေးရီဖျော့ မျက်လုံးလေးတွေမှာ တစ်စုံတစ်ယောက်ကို လွမ်းဆွတ်ရိပ်တွေ ခိုတွယ်နေမယ် ဆိုတာလည်း အတပ်သိပါရဲ့။ အဲဒီလို သိနေရတာဟာလည်း အတော်နာကျင်စရာ ကောင်းပါတယ်။

“အမှန်တော့ ဒီစကားတွေဟာ ကိုယ့်မောင်လေးကို ပြောဖို့ မကောင်းဘူးနော်၊ ဒါပေမဲ့ မင်းကိုမှ မပြောရင် မမမှာ ပြောစရာလူလည်း မရှိဘူး၊ ကိုလေးဆိုတာ သူငယ်ချင်းလို ဆိုပေမယ့်လည်း အစ်ကို မဟုတ်လား မြတ်မော်ရဲ့၊ ပြီးတော့၊ ပြီးတော့ သီပေါ မရောက်တာနဲ့ သီတာနဲ့လည်း မတွေ့ရဘူးလေ”

ဘာပြန်ပြောရမှန်း မသိလို့ ကျွန်တော် ခေါင်းပဲ ညိတ်တယ်။ မမနွေဟာ ကျွန်တော့်ဘက် မျက်နှာလေး လှည့်လာတယ်။ နှုတ်ခမ်းတွေ ပြုံးလိုက်တာတောင် မျက်လုံးလေးတွေကတော့ မှိုင်းဝေဝေ ကျန်ရစ်တုန်း။

ရေးရေး ကျုံ့ထားတဲ့ နက်ထင်းထင်း မျက်ခုံးလေးတွေဟာ အစ်ကို့ မျက်ခုံးလိုပဲ။ စကားပြောနေသလို ထင်မြင်ရတဲ့ မျက်လုံးညိုတွေရယ်၊ နှာတံစင်းပုံရယ်၊ မပြုံးဘဲ နေရင်တောင် ပြေပြေသာသာ ရှိတဲ့ နှုတ်ခမ်းဖွဲ့စည်းပုံရယ်၊ မျက်နှာကျ ကြည့်ကောင်းပုံရယ်။ ဒီလူနှစ်ယောက်မျက်နှာဟာ အတူယှဉ်လို့ မြင်လိုက်ရရင် အတော် လိုက်ဖက်ညီညီ ရှိတာပဲလို့ အသိအမှတ်မပြုဘဲ မနေနိုင် ဖြစ်ရတယ်။ မလိုစိတ်က သတ်သတ်၊ သူတို့ကြားမှာ နှစ်များစွာ နှောင်တည်းခဲ့တဲ့ ကြိုးမျှင်တွေကို အသိအမှတ်မပြုဘဲ မနေနိုင်တာက သတ်သတ်။

ရန်ကုန်မှာတုန်းက ရပ်ကွက်ထဲက စာအုပ်ဆိုင်လေးဆီ ရောက်တဲ့ အခါ အဲဒီ ဆိုင်ရှေ့က သစ်ရိပ်အောက် ထိုင်ရင်း စာအုပ်လေးတွေ မြည်းရတဲ့ အခါ သိပ်သတိရကြောင်း စာထဲမှာ ထည့်ရေးဖူးပေမယ့် လူချင်းဆုံတော့လည်း အဲဒီလို စကားမျိုးတွေ တစ်ခွန်းတောင် ကျွန်တော် မပြောဖြစ်ဘူး။ တကယ့် တကယ် သံယောဇဉ်နှောင်သူတွေကြား စကားလုံးဆိုတာလည်း သိပ် မလိုအပ်လှဘူး မဟုတ်လား။

ရယ်စရာလို ပြောရရင် ကျွန်တော် မရှိတဲ့နွေရာသီမှာ အစ်ကိုနဲ့မမနွေ အတူရှိလို့ ပျော်နေကြမှာပဲ အဝေးက ထင်ဖူးတယ်။ စိတ်မထင်ရင် မလိုစိတ်ဝင်ဖူးတယ်။ ခုလို မတွေ့မမြင်ရ ခွဲနေကြရတယ် ဆိုတော့လည်း စိတ်မကောင်း ဖြစ်ရပြန်တယ်။ လူ့စိတ်ဟာ အခက်သားရယ်။

“ဒီတစ်ပတ် စနေနေ့ ကျွန်တော် သင်တန်းပြန်တက်ရင် အစ်ကို့ကို မမနွေ ဘာမှာလိုက်ဦးမလဲ”

စောစောက လေတိုက်ရင် လွင့်သွားစေချင်တဲ့ သစ်ရွက်ခြောက်လေးကို မမနွေက ဖယ်လိုက်တယ်။ အောက်အဆင့်ကို လွှတ်ချလိုက်တယ်။ အရွက်ခြောက်လေးဟာ ရှိနှင့်ပြီးသား ရွက်ဝါရွက်လွှာတွေနဲ့

ရောနှောသွားလေရဲ့။

"မမှာတော့ဘူးလေ"

"စာရော"

"တော်ပြီ၊ ရတယ်"

"ရေးလည်း ကျွန်တော် ယူသွားပေးမှာပေါ့၊ မမဒါလီတို့ မမြင်အောင် စာအုပ်ထဲ ထည့်ပေးမှာပေါ့"

"မမဒါလီ" လို မမနွေက ခပ်တိမ်တိမ် ဆိုတယ်။ လက်ထဲ ရှိနေတဲ့ စာအုပ်ကို အဖုံးပိတ်၊ အဖုံးမျက်နှာပြင်ကို လက်ညှိုးလေးနဲ့ တို့ထိနေတယ်။

"မမဒါလီ မမြင်အောင်လား၊ မမဒါလီ မြင်လည်း ဘာမှတော့ ပြောမှာ မဟုတ်ပါဘူး၊ မမတို့အိမ်ဘက်ကို စိတ်ဆိုးနေပေမယ့် မမကိုတော့ မမဒါလီက ချစ်ပါတယ်"

"မမတို့အိမ်ကို ဘာလို့ စိတ်ဆိုးရသလဲ"

"ဆိုးတာပေါ့၊ သူ့မောင်ဆိုတာ သူတို့အတွက် ဘာမှပြောစရာ မရှိတဲ့ လူတော်လေး တစ်ယောက်ပဲဟာ၊ အဲဒီလို လူတစ်ယောက်ကို မမတို့ဘက်က သဘောမတူဘူးဆိုတဲ့ ပုံစံမျိုးနဲ့ မမကို ဒီလိုပိတ်တာတွေ တားတာတွေ လုပ်လာတယ် မဟုတ်လား၊ သူက အစ်မဆိုတော့ စိတ်နာတာပေါ့"

"မမကို မမဒါလီက တကယ် စိတ်မဆိုးဘူးလား"

"နောက်ဆုံးတွေ့ခဲ့ရတဲ့ နေ့တုန်းက အရင်လို စကားပြောတာ ဟက်ဟက်ပက်ပက် မရှိတော့ဘူး၊ မပြောဘူးလည်း မဟုတ်ဘူး ပြောတော့ ပြောတယ်၊ ဒါပေမဲ့ ပြောင်းလဲသွားတယ်ဆိုတာ မမဘာသာ သိလိုက်တာ၊ တခြားလူတွေ ကိုယ့်အပေါ် ဘယ်လိုသဘောထားသလဲ ဆိုတာမျိုးကို တစ်သက်လုံး သတိထား နေလာရလို့လား မသိပါဘူး၊ တစ်ဖက်က ဘယ်လိုပဲထိန်းပေမယ့် မမ အလိုလို သိတယ် မြတ်မော်ရဲ့"

မမနွေ စကား ခဏရပ်တော့ ကျွန်တော့်မှာ ဘယ်လို တုံ့ပြန်ရမယ်မသိတာနဲ့ လည်ပြန်ငေးလက်စနဲ့ ငြိမ်နေမိတယ်။ စက္ကန့်တချို့ကြာတော့ သူ့စကား သူ ဆက်ပြန်ပါတယ်။

"အိမ်မှာ အစ်ကိုကလည်း မရှိ၊ မမဒါလီကလည်း စကားသိပ်မပြောတော့

အဲဒီနေ့က မမ စောပြန်ခဲ့တယ်၊ ပထမတော့ တောက်လျှောက်ပြန်ဖို့ပဲ၊ ဒါပေမဲ့ မရဘူး၊ တအား ငိုချင်တာပဲ၊ ခြံပြင်က ကုက္ကိုပင်ကြီးအောက် စက်ဘီး ရပ်ပြီး ခဏနေမိတယ်၊ နောက်တော့ ငိုမိတော့တာပဲ၊ မမမှာ အပြင်လူတွေထဲမှာ စိတ်ထဲအရင်းဆုံးဆိုလို့ ဒီလူတွေပဲ ရှိတာ မဟုတ်လား၊ ဒီတစ်မိသားစုလုံး ဆွေမျိုးလိုပဲ၊ အစ်ကိုနဲ့ မပတ်သက်ရင်တောင် ဒီအတိုင်းပဲ ဖြစ်နေမှာ မြတ်မော်ရဲ့၊ ကိုယ်ချစ်ခင်ရတဲ့သူက စကားမပြောချင်ဘူး ဆိုတာကို နည်းနည်းတောင် မခံစားနိုင်ဘူး။ နောက်ပြီး ဘာဆက်တွေးမိသလဲဆိုတော့ အစ်ကိုလည်း တစ်နေ့ ဒီလို စိမ်းမသွားဘူး မပြောနိုင်ဘူးလို့လေ၊ အစ်ကို ဘယ်လောက် သည်းခံနိုင်မလဲ၊ စကားလည်း ရဲရဲ မပြောရဲ၊ မတွေ့ရဲ၊ အိမ်ကြောက်နေရတဲ့ မွေးစားသမီး တစ်ယောက်ကို အစ်ကို ဘယ်လောက် သည်းခံနိုင်မလဲ၊ တစ်နေ့ ဝေးကြမှာပဲ တွေးပြီး မျက်ရည်ပဲ ကျနေတာ၊ အဲဒီမှာတင် ဘယ်သူ ရောက်လာလဲ သိလား”

“အစ်ကိုလား”

“ဘယ်ကလာ၊ ကိုလေး၊ ကိုလေး ရောက်လာတာ”

“ကိုလေးလား”

“အင်း...ကိုလေး ရောက်လာတာ၊ မမကို ဘော်ကြို ပြန်လိုက်ပို့ဖို့ မယ်မယ် ခိုင်းလို့ ဝင်ခေါ်တာတဲ့၊ မမငိုနေတာကို တွေ့တာနဲ့ ကိုလေး ပျာသွားတာပဲ၊ ဘာဖြစ်တာလဲ၊ ကိုလင်းညိုနဲ့ စကားများသလားတဲ့၊ ဘယ်ကလာ များရမလဲ၊ အစ်ကိုဟာ သူစိမ်းတောင် စကားပြောရင် အတော်စိတ်ရှည်တဲ့ဟာ၊ မမကိုဆို ငယ်ကတည်းက စိတ်ရှည်တာပဲ၊ ကိုလေးကို ဘယ်လို ပြောရမလဲ စဉ်းစားမရတာနဲ့ အမှန်အတိုင်းပဲ ပြောလိုက်တယ်”

ကုက္ကိုပင်ကြီးအောက်မှာ အပြန်အလှန် အချီအချ ပြောနေကြမယ့် မမနွေနဲ့ ကိုလေးကို ကျွန်တော် မြင်ယောင်လာတယ်။ ဒီနှစ်ထဲတော့ ကျွန်တော်ဟာ ကိုလေးရဲ့ အရိပ်အကဲကို ဖမ်းတတ်ခဲ့ပြီ။ သိုဝှက်တဲ့ အတွင်းမနောကို သိတတ်ခဲ့ပြီ။

ကိုလေးဟာ အမူအရာအားဖြင့် သော်လည်းကောင်း၊ စကားလုံးအားဖြင့်သော်လည်းကောင်း ကျွန်တော့်ရှေ့ ကျွံခဲ့လို့ မဟုတ်။ မြွေမြွေချင်း ခြေမြင်ခဲ့တယ်ပဲ ဆိုရမှာပေ့ါ၊ ကျွန်တော် မြင်သလိုရော မမနွေ မြင်တတ်ခဲ့ရဲ့လား။ ကိုယ်တိုင်က အမြတ်တနိုးရှိလှသူနဲ့ သူ့ချစ်သူကြား ဝင်ရပ်သလို ဖြစ်ရတဲ့ အခြေအနေမှာ ကိုလေးအဖြစ်ဟာ ပင်ပန်းမှာပဲ။ ကျွန်တော့်လိုပေ့ါ၊ ခုနေခါ မေတ္တာဇာတ်လမ်း အပိုင်းအစလေး

နားထောင်နေရသလိုပေါ့။ ဇာတ်လမ်းထဲ မျောတဲ့အခါ မျော၊ ပုံရိပ်တွေ ပုံဖော် မြင်ယောင်တဲ့အခါ မြင်ယောင်လိုက်၊ ကိုယ့်ကိုယ်ကိုယ် ဇာတ်နာလှသူလို ဝမ်းနည်းချင်တဲ့အခါ ဝမ်းနည်းလိုက်ပေါ့။

ဒါပေမဲ့ ကျွန်တော့်ရဲ့ မှန်သော သစ္စာဟာ မမနွေ့ရဲ့ အပြုံးကို မြင်လိုခြင်းမျှပါ။ ခုလို မျက်နှာလေး မှိုင်းအုံ့နေတာ မြင်ရရင် ကျွန်တော်ကရော ဘယ့်နှယ်များ ပျော်နိုင်မှာပါလိမ့်။

"မမနွေ့ အစ်ကိုနဲ့ မတွေ့ခဲ့ဘူးလား"

မမနွေ့က ယဲ့ယဲ့ကလေး ပြုံးလိုက်တယ်။ ဒီနေ့ခင်းအဖို့ ဦးဆုံးမြင်ရတဲ့ အပြုံးပါပဲ။ ပန်းကလေး တစ်ပွင့် ဖူးရာက ငုံလာသလို မပြည့်စုံလှသေးတဲ့ အဲဒီ အပြုံးဟာလည်း ကျွန်တော့်ရင်ကို တိုးလို့ နွေးရှတယ်။

"အိမ်က ထွက်တာနဲ့ ကိုလေးကို ခွင့်တောင်းရတယ်၊ ကိုလေးရယ် အစ်ကို့ကို ခဏဖြစ်ဖြစ် အဝေးက ကြည့်ချင်တယ်လို့၊ အစ်ကိုရှေ့ ပြောရတာ ရှက်လည်း ရှက်ပါရဲ့၊ ဒါပေမဲ့လည်း ဒီလိုမှ မပြောရင် အစ်ကို့ကို မတွေ့ရတော့ဘူးကိုး မြတ်မော်ရယ်၊ ကိုလေးလည်း အစ်ကို ရှိနိုင်မယ်ထင်တဲ့ နေရာတွေ လိုက်ရှာပေးတယ်၊ နှစ်ယောက်သား ကံ့ကော်ရိပ် ရောက်တယ်၊ ခရေရိပ်လည်း ရောက်လိုက်သေးတယ်၊ နဂါးလည်း ရောက်တယ်၊ ကာကာမှာလည်း အစ်ကို သူ့သူငယ်ချင်းတွေနဲ့ ထိုင်တတ်လို့ သွားကြည့်တယ်၊ ဒါပေမဲ့ ဘယ်မှာမှ မတွေ့ခဲ့ရဘူးလေ၊ အဲဒါနဲ့ပဲ မမ ဘော်ကြို ပြန်ရောက်ခဲ့တာပဲ၊ သီပေါ ပြန်မရောက်တာ ခုထိပဲ၊ ကဲ"

မမနွေ့ရဲ့ ရုပ်ရှင်ဟာ စိတ်မောစရာအပိုင်းမှာ တိခနဲ ရပ်သွားတယ်။ ကျွန်တော် ဆက်ပေးလိုက်ချင်တဲ့ ဇာတ်ဝင်ခန်းကတော့ သီပေါမြို့ရဲ့ လမ်းသွယ်လေးတစ်ခုပေါ် မမနွေ့နဲ့အစ်ကိုတို့ အမှတ်မထင်တွေ့၊ တစ်ယောက်နဲ့တစ်ယောက် မှာစရာရှိတာလေးတွေမှာ၊ အပြုံးကိုယ်စီနဲ့ နှုတ်ဆက် လမ်းခွဲကြပေါ့ ။ ဒီဇာတ်ဝင်ခန်းဟာ အဝေးဆီ ပြန်ရမယ့် အစ်ကို့အတွက် မိုးတစ်ရာသီစာ အလွမ်းဖြေစရာလည်း ဖြစ်မှာပါ။

ခွဲခွာကြရတဲ့ ဇာတ်လမ်းမှန်သမျှ နေရာဟောင်းမှာ ကျန်ရစ်သူဟာ ပိုစာနာဖွယ် ဖြစ်မြဲမို့ မမနွေ့အတွက်လည်း တွေ့လိုက်ရတယ်ဆိုတာလေးက စိတ်ဖြေရာ ဖြစ်မှာပါ။

ခုတော့ စာလေးတွေသာ အလွမ်းဖြေဖွယ်ရာတဲ့။ "စာ" လို့ ဆိုမှပဲ အစဦးတုန်းက ပြောခဲ့တဲ့ စကားတွေကို ကျွန်တော် ရုတ်ခြည်း သတိရလာတယ်။

"မမနွေ၊ အစ်ကို့ဆီ စာရေးလိုက်လေ၊ ကျွန်တော် စနေနေ့ ပေးခဲ့မယ်"

"ဟင့်အင်း မပေးတော့ဘူးလေ"

"ဘာဖြစ်လို့"

မမနွေ ပြုံးပြန်တယ်။ ဒီအပြုံးလည်း လန်းလှတယ် မဆိုနိုင်ပေမဲ့ စောစောကထက်တော့ နုသစ်သယောင် ရှိလာတယ်။

"အင်္ဂါနေ့ကျရင် မယ်မယ်တို့ မသိအောင် မမ သီပေါကို ခဏသွားမလို့၊ အစ်ကိုနဲ့ ကံ့ကော်ရိပ်မှာ စကားခဏပြောရအောင် ချိန်းထားတယ်လေ"

* * *

မေလ နောက်ဆုံးပတ်ရဲ့ စနေနေ့ဟာ မွန်းလွဲပိုင်း မတိုင်မီအထိတော့ ကျွန်တော့်အတွက် သမားရိုးကျ တနင်္ဂနွေနေ့ခင်းတွေလို ပုံမှန်လည်ပတ်လို့ ရှိခဲ့တာပါ။

သင်တန်းကို ရောက်နေကျလို စောစောရောက်တယ်။ တာဝန်ကျတဲ့ ရွာကလေးဆီ အစ်ကို ပြန်သွားပြီမို့ ခါတိုင်းလို သင်တန်းခန်းမလည်း ဖြစ်တဲ့ အိမ်ဧည့်ခန်းမှာ မမဒါလီတစ်ယောက်တည်း စားပွဲတွေ၊ ခုံတွေ နေရာရွှေ့တာ ပြုတာလုပ်နေရတာ၊ အခန်းသန့်ရှင်းရေး လုပ်နေရတာကို မြင်ရတဲ့အခါ တားနေတဲ့ ကြားကပဲ ဝင်ကူတယ်။

မမဒါလီဟာ အမှိုက်အတိုအစတွေကို လှည်းကျင်းနေရာကနေ "နွေနေကောင်းရဲ့လား မြတ်မော်" လို့ လှမ်းမေးတယ်။

ကျွန်တော် လှည့်ကြည့်တော့ မမမဒါလီရဲ့ မျက်လုံးတွေက အမှိုက်အစအနတွေမှာပဲ ကပ်ငြိလို့။ မမဒါလီဟာ အစ်ကို့ထက် သုံးနှစ်လောက် ကြီးတဲ့သူမို့လား မသိ၊ မြင်ရတာ ကျွန်တော့်စိတ်ထဲ ပိုလို့ လူကြီးဆန်တယ်။ မိန်းမဆန်ဆန် နေတတ်ထိုင်တတ်တယ် ဆိုရမယ်။ ဒီအရပ်ဒေသမှာ တွေ့နေကျ ရှမ်း၊ ဗမာ စတဲ့ အမျိုးသမီးတွေ ဝတ်ပုံစားပုံလိုပဲ ခပ်ရိုးရိုး၊ ဆံပင်ရှည်ရှည်။ အသားအရေ ဝင်းပါဝါမှာ မမလိုပဲ သနပ်ခါးပါးကွက်လေး ထင်လို့။ လက်မောင်း လက်ဖျံ တစ်လျှောက် သနပ်ခါးစင်းကြောင်းနဲ့၊ ခြေမျက်စိ မရောက်တရောက် ဝတ်ထားတဲ့ ထဘီအောက် ခြေချင်းဝတ်နဲ့ ခြေဖမိုးမှာလည်း သနပ်ခါးရည်ကျဲနဲ့။

"ကောင်းတယ် မမဒါလီ၊ မမနွေ မနေ့ကပဲ သီပေါ ပြန်လာတယ်လေ မသိဘူးလား"

တရှုပ်ရှုပ် ရွှေ့နေတဲ့ တံမြက်စည်းလေး တုံ့ခနဲ ရပ်သွားတယ်။ ခါးဆန့်လို့ ကျွန်တော့်ကို လှည့်ကြည့်တယ်။ ရေးရေးတွန့်လိုက်တဲ့ မျက်ခုံးတွေ အောက်က အံ့အားတသင့်၊ ပြီးတော့ ချက်ချင်းလို အရောင်ဖျော့ကျသွားတဲ့ မျက်လုံးတွေဟာ ကျွန်တော့်မျက်နှာမှာ တစ်ခဏ တန့်နေတယ်။ ပြီးတော့မှ-

"သီပေါ ပြန်ရောက်နေတာ သိတောင် မသိရပါလား"

မမဒါလီပဲ မမနွေကို စကား မပြောချင်သလိုလို ဘာလိုလို လုပ်လိုက်တာကိုး။

ကျွန်တော် အသံတိတ် ရန်စကား ဆိုရင်း သင်ပုန်းက စာလုံးတွေကို ဘောဖျက်နဲ့ ဖျက်နေတယ်။ မြေဖြူစတွေဟာ ကျွန်တော့်အနားမှာ တဖွားဖွား လွင့်စဉ်လို့။ ဆရာ ဦးတင်ဟန် နှစ်များစွာ ရှူရှိုက်လာရ၊ မေမေ နှစ်များစွာ ရှူသွင်းလာရတဲ့ မြေဖြူမှုန် မြေဖြူနံ့တွေ။ ပြီးတော့ အစ်ကို့နှာဝမှာ ဝဲပျံ့နေမယ့် ရနံ့တွေ၊ အမှုန်တွေ။

"ကျွန်တော်လည်း မတွေ့လိုက်ရပါဘူး မမဒါလီရာ၊ မနေ့ညနေက ကျောင်းဆင်းတော့ သီပေါကို ဘာမှာမလဲ သွားမေးတာ မမနွေနဲ့ မတွေ့ဘူး။ ဘွားကြင်နဲ့ပဲ တွေ့ရတယ်၊ ဘွားကြင်က "နှင့်မမ မနက်ကပဲ သီပေါ သွားလိုက်တယ်ရော" တဲ့၊ ခါတိုင်းတော့ သီပေါသွားရင် ကျွန်တော်တို့ အိမ်ရှေ့မှာ စက်ဘီး ခဏရပ်ပြီး နှုတ်ဆက်နေကျပဲ၊ ဘာလို့ နှုတ်မဆက်သွားတာလဲ မသိဘူး"

"ဪ" လို့ တိုးတိုးလေး ရွတ်ရင်း ကျွန်တော့်ကို ကျောပေးလို့ မမဒါလီ တံမြက်စည်း ဆက်လှည်းတယ်။

"ကျွန်တော် သင်တန်းက အပြန်ကျတော့မှ အိမ်သွားလိုက်ဦးမယ်၊ မမဒါလီ ဘာမှာလိုက်ဦးမလဲ"

ကျွန်တော့်မြင်ကွင်းမှာ တံမြက်စည်းရော၊ လူရော တုံ့ခနဲ ရပ်သွားတယ်။

"အင်း...ဘာမှာမလဲ၊ ဘာမှာမလဲဆိုတော့ တကယ်လို့များ အိမ်က ခွင့်ပြုပြီဆိုရင် မမဒါလီတို့အိမ် လာလို့ ရပါပြီလို့၊ အိမ်က ခွင့်ပေးရင် လာပါ၊ အချိန်မရွေးပါပဲလို့၊ ဒါလေးပဲ ပြောလိုက်ပါ မြတ်မော်ရယ်"

တကယ်တမ်းကျတော့ အဲဒီ စကားကိုလည်း မမနွေဆီ ကျွန်တော် ပို့ခွင့် မရလိုက်ဘူး။ ကျွန်တော်ကိုယ်တိုင်လည်း မမနွေရဲ့ မျက်နှာငွေလကို မြင်ခွင့် မရလိုက်ဘူး။ "မမနွေရေ" လို့ ခေါ်ရင်း စက်ဘီးလေး တွန်းဝင်လာတဲ့

ကျွန်တော့်စိတ်ထဲ အရာရာဟာ နဂိုနေပဲ မှတ်ခဲ့တယ်။ ဒါပေမဲ့ ကျွန်တော် ဘာမှ မသိလိုက်ခင်၊ ဘယ်သူမှ မသိလိုက်ခင်မှာပဲ အပြောင်းအလဲဟာ တိမ်တွေကို ခိုစီးလို့ ခရီးနှင်ခဲ့ပြီ။

ကျွန်တော့်ခေါ်သံ ကြားရင် မမနွေတော့ ထွက်လာလိမ့်မယ် ထင်ခဲ့ပေမယ့် တကယ်တမ်းတွေ့လိုက်ရတာတော့ မယ်မယ်။ မယ်မယ်ဟာ ရေချိုးပြီး၊ ခေါင်းလျှော်ပြီးစထင်ပါရဲ့။ ဆံပင်ရှည်တွေကို ရှေ့ဘက် သိမ်းယူပြီး တဘက်နဲ့ သုတ်နေရင်း အိမ်ရှေ့ ထွက်လာတယ်။ ပိတောက်ပင်ရိပ်မှာ ကျွန်တော် စက်ဘီးကို ဒေါက်ထောက်ရပ်တယ်။ လွယ်အိတ်ကို ချွတ်ပြီး စက်ဘီးရှေ့ခြင်းထဲ ထည့်မလို့ လုပ်ပြီးကာမှ ဒီအတိုင်းပဲ ဆက်လွယ်ထားလိုက်တယ်။ မယ်မယ်ရှိတဲ့ ဖိနပ်ချွတ်နားကို လျှောက်လာတော့ မေမေ့ဆီမှာ ရတတ်တဲ့ တရော်ကင်ပွန်းနံ့ဟာ မြမြလေး သင်းပျံ့လို့။

“မမနွေရော မယ်မယ်”

မယ်မယ့်မျက်ခုံးတွေ ရိပ်ခနဲတွန့်သွားတယ်။ ဆံပင်သုတ်တာကို ရပ်လိုက်တယ်။

“မင်းမမနွေက ဒီမှာမှ မရှိဘဲ မြတ်မော်၊ ဘော်ကြိုမှာပဲလေ”

ဒီတစ်ခါ တွေဝေရသူကတော့ ကျွန်တော်ပဲ။ ဘွားကြင်ကို ကျွန်တော် မေးပြီးတဲ့အချိန်က ညနေ ခပ်စောစော မဟုတ်လား၊ ညဦးပိုင်းကျမှ ကိုလေး ပြန်လိုက်ပို့သွားရင် ကျွန်တော် ဘယ်သိလိုက်မလဲ။ ဒါပေမဲ့…ဒါပေမဲ့ မမနွေဟာ ကျွန်တော်တို့အိမ်ကို အသွားရော၊ အပြန်ရော ဘာလို့ အသံမပြုသလဲ။

“မနေ့ညနေက ပြန်သွားတာလား”

အောက်ခံ လှေကားထစ်ရယ်လို့ နှစ်ထစ်သာ ခံထားတဲ့ အိမ်ရှေ့ ဖိနပ်ချွတ်နေရာလေးကနေ မယ်မယ် ဆင်းလာတယ်။ နဂိုကတော့ ဆင်းဖို့ ရည်ရွယ်ထားတာ မဟုတ်ဘဲ ကျွန်တော့်စကားကြောင့် ဆင်းလိုက်မိပုံပဲ။ မယ်မယ်ဟာ မယုံနိုင်စရာ စကားတစ်ခုခုကို ကြားလိုက်ရသလို မျက်နှာပေးမျိုးနဲ့။

“မနေ့ညနေက…”

“ဟုတ်၊ မနေ့ညနေတုန်းက ကျွန်တော် ဘွားကြင်ဆီ သွားမေးတော့ မင်းမမ မနက်ကတည်းက သီပေါ သွားလိုက်တာလို့ ပြောလိုက်တာပဲ”

“ဟင်” လို့ ရွတ်လိုက်တာနဲ့ မယ်မယ့်ခန္ဓာ ယိုင်သွားတာဟာ

တစ်ချိန်တည်းပဲ။ မယ်မယ်ဟာ ကျွန်တော့်မျက်နှာကို ဝိုင်းစက်ယိမ်းခါနေတဲ့ မျက်လုံးတွေနဲ့ စိုက်ကြည့်နေတယ်။ စကားတွေအများကြီး ပြောတော့မလိုနဲ့ ဘာတစ်ခုမှ ထပ်ထွက်မလာသေးတဲ့ နှုတ်ခမ်းတွေကလည်း တဆတ်ဆတ် လှုပ်လို့ရယ်၊ ကျွန်တော် ဘာဆက်ပြောရမှန်း မသိ၊ ဖြစ်နေတဲ့ အခြေအနေကိုလည်း လိုက်မမီ နားမလည်တော့ လွယ်အိတ်ကြိုးကို တင်းတင်းဆုပ်မိတယ်။

သစ်ရွက်လေးတွေ ခုန်ပေါက်လာအောင် လေတိုးနေသံ ကြားရတယ်။ ငှက်ကလေးတွေရဲ့ အသံမျှဉ်းမျှဉ်းချိုချို ကြားရတယ်။ ဘာတွေဖြစ်ကုန်တာလဲလို့ ကိုယ်တွင်းက တစ်စုံတစ်ယောက်က ကျွန်တော့်ကို အထပ်ထပ် မေးတုန်းမှာပဲ မယ်မယ် စကားပြန်စတယ်။

"မလာဘူး မြတ်မော်ရဲ့၊ ကိုလေး လိုက်ပို့ပြီးကတည်းက နွေ သီပေါကို မလာ၊ အင်း...လာတယ်၊ တစ်ရက်လာသေးတယ်၊ ဒါပေမဲ့ မယ်မယ့်ဆီ မဟုတ်ဘူး၊ မနေ့ကတော့ တကယ် မလာဘူး၊ မလာပါဘူးကွယ်"

မယ်မယ်ဟာ လက်ချောင်းချင်း အပြန်ပြန် အလှန်လှန် ဆုပ်နယ်နေတယ်။ မျက်တောင် ခဏ ခဏ ခတ်တယ်။ မျက်လုံးအကြည့်ဟာ ကျွန်တော့် မျက်နှာဆီ ဝဲလိုက်၊ တစ်ယောက်ယောက်ကို ရှာသလို ခြံထဲဘက် ဝေဝေဝါးဝါး အကြည့်ရွှေ့လိုက်။ ဒါပေမဲ့ ဘယ်နေရာမှာမှလည်း အကြည့်က ကြာကြာ စိုက်တယ်ရယ် မရှိဘူး။

ဘာများလဲ၊ ဘာများ ထူးခြားနေပြီလဲ။

"မင်း ခုနက ပြောတာ ဘာတဲ့၊ ဘော်ကြိုမှာ မရှိဘူး၊ သီပေါ သွားမယ် ပြောသွားတယ်၊ ဟုတ်ရဲ့လား"

ကျွန်တော် ခေါင်းညိတ်လိုက်တယ်။

"ဒုက္ခပဲ၊ ဒုက္ခပဲ၊ ဘယ်လိုလုပ်ကြမလဲ၊ ဘယ်လိုလုပ်ကြမလဲဟင်"

ဖိနပ်ချွတ်ပေါ် မယ်မယ် ပြန်တက်သွားတယ်။ ဖိနပ်ချွတ်နေရာကို ကျယ်ကျယ် ယူထားတဲ့ အိမ်ပုံစံမို့ ပေါ့ပေါ့ပါးပါး ထိုင်ရအောင် ချထားတတ်တဲ့ ကြိမ်ဆက်တီဟောင်းလေးမှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်တယ်။ မျက်လုံးကို စုံမှိတ်လို့ ညာဘက် လက်ချောင်းတွေနဲ့ နားထင်နှစ်ဖက်ကို ဆုပ်ညှစ်လို့ မျက်နှာ ဝှက်ထားတယ်။ ကျဲကျဲ ဖြန့်ကာထားတဲ့ လက်ချောင်းတွေကြားမှာ မယ်မယ့်မျက်နှာကို ကျွန်တော် ရှင်းရှင်း မမြင်ရဘူး။ မယ်မယ် ငိုနေသလား။

လွယ်အိတ်ကြိုးကို ကျွန်တော် တိုးလို့ ဆုပ်ထားမိတယ်။ စိတ်လှုပ်ရှားရင် လုပ်မိလုပ်ရာ လုပ်တတ်သလို ညာဘက်ခြေကို မလိုက် ပြန်ချလိုက်၊ ဘယ်ခြေကိုလည်း ပုံစံတူ လုပ်နေမိတယ်။ သစ်ရွက်ခြောက်တွေ ချိုးချိုးချွတ်ချွတ် ချွတ်မြည်သံဟာ ကျွန်တော့် ဆင်ကြယ်ဖိနပ်အောက်က ထွက်ပေါ်လို့နေတယ်။ ခုနေများ နောက်ကျောက သစ်ရွက်ခြောက်နင်းသံလေး၊ စက်ဘီးဘဲလ်သံလေး ပေါ်လာရင် ဘယ်လောက်များ ကောင်းလိမ့်မလဲ။ "မြတ်မော်ရေ၊ မယ်မယ်ရေ" လို့များ လှမ်းခေါ်လိုက်ပါတော့လား မမနွေရယ်။

တစ်အောင့်နေတော့မှ မယ်မယ်ဟာ ကျွန်တော့်ကို သတိရလာသလို မျက်လုံးပြန်ဖွင့်၊ မျက်ခွံကို တစ်ချက်၊ နှစ်ချက် ပွတ်လို့ လှမ်းကြည့်လာတယ်။ အဲဒီအချိန်အထိ ကျွန်တော်ဟာ ဖိနပ်ချွတ်အစပ်မှာ ရပ်နေတုန်းပဲ။ ဘာလုပ်ရမှန်း မသိလို့ ရပ်နေမိတာလည်း ဖြစ်နိုင်သလို မယ်မယ့်လို ခံစားချက်မျိုး ကျွန်တော့်မှာပါ ပူးကပ်နေတာကြောင့်လည်း ဖြစ်နိုင်ပါတယ်။ ဘော်ကြိုမှာရော သီပေါမှာပါ မမနွေ မရှိတော့ဘူးဆိုတဲ့ သတင်းလောက် ဘယ်အရာကမှ ကျွန်တော့်ကို မချောက်ချားစေနိုင်ဘူး၊ မမနွေ ဘယ်ရောက်နေသလဲ တွေးမိခါမှ မျက်နှာလေး အာရုံထဲ တရစ်ဝဲဝဲ ပေါ်လာနေတာလောက် ဘယ်အရာကမှ ကျွန်တော့်ကို မထိရှစေဘူး။

"မြတ်မော်"

"ဟုတ်...မယ်မယ်"

"အခု ကိုလေးသူငယ်ချင်း မောင်ဇော်တို့အိမ်ကို သွား၊ ကိုလေးကို အမြန်ခေါ်လာခဲ့၊ သူများတွေ ရှေ့မှာတော့ ဘာမှ မပြောနဲ့ဦးနော်"

စက်ဘီးရှိရာဆီ ကျွန်တော် အပြေးကလေး သွားဖို့ ပြင်တုန်းမှာပဲ မယ်မယ်က "မြတ်မော်" လို့ လှမ်းခေါ်ပြန်တယ်။ ပြီးတော့ ထိုင်ရာက ထလို့ ကျွန်တော် ရှိရာ မြက်ခင်းပြင်အထိ ဆင်းလာပါရော။

"သား အခု သင်တန်းက ပြန်လာတာနော်"

ကျွန်တော် ခေါင်းညိတ်လိုက်တယ်။

"လင်းညို ပြန်သွားတာ ဘယ်နေ့ကတဲ့လဲ၊ သိလား"

"ကြာသပတေးနေ့ကတဲ့"

"သူတို့ တွေ့ကြသေးတာ အင်္ဂါနေ့၊ လင်းညို ပြန်တာ ကြာသပတေးနေ့၊ နွေ ပျောက်သွားတာ မနေ့က၊ အင်း..."

မယ်မယ်က တွေးတွေးဆဆဟန် တစ်ခဏ ငြိမ်နေတော့ ကျွန်တော် အနေခက်လာတယ်။ အစ်ကိုနဲ့ မမနွေအကြောင်း ကျွန်တော် အတော်များများ သိထားတယ်ဆိုတာ မယ်မယ် ရိပ်မိလေမလား။

"ကဲပါကွယ်၊ ကိုလေးကို သွားခေါ်ပေးဦး"

အဲဒီနေ့ကတော့ ကျွန်တော်ဟာ မယ်မယ့်အတွက် ခြေမြန်တော်ပဲ။ ကိုလေးရှိရာဆီ အပြေးရောက်၊ အကျိုးအကြောင်း ပြောပြပြီး အတူ ခေါ်လာရတယ်။ ကိုလေးခမျာ သူ့စက်ဘီးလေး ဆွဲနင်းလို့ ကမန်းကတန်း လိုက်လာရှာတယ်။

ကိုလေးသူငယ်ချင်းအိမ်မှာတုန်းက မပြောခဲ့တဲ့ အကြောင်းအရာတွေကို လမ်းပေါ်ကျခါမှ ကျွန်တော် ပြောပြတော့ ကိုလေးမျက်နှာဟာ ရွာတော့မယ့် မိုးကောင်းကင်လိုပဲ မည်းမှောင်ပြိုဆင်းလာပါရော။ အသက်ပြင်းပြင်းရှူလို့၊ စက်ဘီးလက်ကိုင်ကို တင်းတင်းဆုပ်လို့။ ရှေ့ကို စူးစိုက်နေတဲ့ မျက်လုံးတွေဟာ မျက်တောင် မခတ်တတ်တော့သလို စူးစူးရဲရဲ။

"အဲဒါကြောင့် ပြောတာ၊ ရီရီကို စိတ်နောက်ကိုယ်ပါ မလုပ်ပါနဲ့၊ လက်မပါစေနဲ့ဆိုတာ"

ကိုလေးစကားသံဟာ မျက်နှာပြင်လိုပဲ အပူငွေ့နဲ့ တင်းမှုန်နေတယ်။

"မယ်မယ် ဘာလုပ်လို့လဲဟင်"

"ဟိုနေ့က ဘော်ကြို လိုက်သွားပြီး နွေ့ကို သွားဆူတာလေ၊ သီပေါ လာပြီး ကိုလင်းညိုနဲ့ လာတွေ့တာ သူများ ပြန်ပြောလို့ သိလို့ သွားဆူတာလေ၊ ပထမတော့ လက်မပါဘူး၊ ပြောရင်း ပြောရင်းနဲ့ လက်ပါသွားတာ၊ နွေကလည်း နွေပဲ၊ အဆက်အသွယ်ဖြတ်လို့ ပြောတာ ခေါင်းလည်း မညိတ်၊ ခေါင်းလည်း မခါဘူး၊ ကြမ်းပြင်ကို ဒီအတိုင်း စိုက်ကြည့်နေတာ၊ တကယ့် မတုန်မလှုပ်ပဲ၊ အဲဒီမှာတင် ရီရီက နွေ့ကို ရိုက်ရော၊ သုံးချက်...လေးချက်၊ ပခုံးတွေရော၊ ကျောတွေရော"

အို...ကျွန်တော် မှတ်မိပြီ။ မမနွေ မပျောက်ခင် တစ်ရက်မှာ ကျွန်တော်တို့ ဆုံလိုက်ကြသေးတာပဲ။ အဲဒီနေ့မှာတော့ မမနွေဟာ ကျွန်တော် မသိတတ်တဲ့ ဒဏ်ရာတွေနဲ့ ငြိမ်ကျနေခဲ့ပြီ။ အထိနာနေတဲ့ ကြောင်ပေါက်စလေးတစ်ကောင် ချောင်တစ်ချောင်မှာ ဝပ်နေသလိုပဲ စာအုပ်တစ်အုပ်နဲ့ ငြိမ်နေတယ်။ ဘူတာ သွားကြစို့ ဆိုတော့လည်း ဟင့်အင်း၊ မြစ်ဆိပ် ဆင်းရအောင် ဆိုတော့လည်း ဟင့်အင်း။

ကျွန်တော် မှတ်မိနေတဲ့ မြင်ကွင်းတစ်ခုမှာ ဘွားကြင်ဟာ ရေးစကား ဘာစကားလည်း မပြော၊ သူ့ ပက်လက်ကုလားထိုင်လေးပေါ် မျက်စိစုံမှိတ်လို့ လက်ထဲက ပုတီးကို နာနာ စိပ်နေတာ။ မမနွေကတော့ လှေကားထိပ်ကနေ လည်ပြန်ကြည့်တဲ့ ကျွန်တော့်ကို အခန်းထောင့်မှာ ပြေလျော့လျော့ မှီထိုင်နေရာက ယဲ့ယဲ့ပြုံးလို့ နှုတ်ဆက်လိုက်တာ။ အဲဒီနေ့ဟာ မမနွေ မပျောက်ဆုံးခင် တစ်ရက်လို့ ကျွန်တော် ဘယ်လိုလုပ် သိနိုင်ခဲ့မလဲ။

မမနွေရဲ့ အနာတရမျက်နှာလေးဟာ ရှေ့က ခြံစည်းရိုး ပန်းရုံကလေးတွေထဲမှာတောင် ရေးရေးထင်နေသလိုပဲ။ နာကျင်ရိပ် ပြေးနေတဲ့ မျက်လုံးလေးတွေဟာ ကျွန်တော့်ကို အလိုလို ဝမ်းနည်းစေတယ်။ အရွယ်ရောက်နေတဲ့သူ တစ်ယောက်၊ မမနွေကို ပိုင်ပိုင်နိုင်နိုင် လက်တွဲခွင့် ရထားတဲ့သူတစ်ယောက် ဆိုရင်တော့လည်း မမနွေ ရှေ့ကရပ်လို့ အားလုံးကို ကျွန်တော် ရင်ဆိုင်ပစ်လိုက် နိုင်မှာပါပဲ။

ကျွန်တော်တောင် ဒီလိုတွေးရင် အစ်ကိုဟာ ပိုတွေးလိမ့်မပေါ့။ ဒါကြောင့်များ အစ်ကို ပြန်ပြီး နောက်တစ်ရက်မှာ မမနွေ ပျောက်သွားခဲ့သလား။

ကိုလေးရဲ့ ပူတောင့်ပန်းပင် စကားတွေဟာ ကျွန်တော့်နားထဲ ဝင်တစ်ချက်၊ မဝင်တစ်ချက်။ ဘော်ကြိုက မပြန်ခင် မမနွေကို ဒီလို ထွက်မသွားဖို့ သေချာကပ်ပြီး တိုးတိုး မှာခဲ့ရကြောင်း၊ ဒါတောင်ပဲ သူ့ကို ကတိမပေး စိတ်ချမ်းသာအောင်တောင် ခေါင်းမညိတ်လို့ စိတ်ချလက်ချ မရှိခဲ့ကြောင်းလည်း ပြောရဲ့။ အစ်ကို မပြန်ခင် တစ်ရက်က စာတစ်စောင် ပါးထားလို့ ခုထိ သူ့ဆီမှာ သောင်တင်နေကြောင်းလည်း ပါရဲ့။

"အဲဒီစာထဲတော့ သူတို့ အချိန်းအချက်လုပ်ရင် လုပ်ထားမှာပေါ့ကွာ၊ ဒါပေမဲ့ စာက ငါ့ဆီမှာ၊ သူတို့ချိန်းစရာ တခြားလမ်း ရှိတာ မဟုတ်ဘူး"

ဘူတာလေးကို ကျွန်တော် ကွက်ခနဲ မြင်လာတယ်။ ကြာသပတေးနေ့က မမနွေ မနက်အစောကြီး ဘူတာဘက် သွားရင် သွားမှာပေါ့။ မယ်မယ့်အရိုက်ခံထားရတော့ သွားချင်မှလည်း သွားမှာပေါ့။

ဒါပေမဲ့ မမနွေဟာ ဒီအခြေရောက်ရင် ဒီလိုအလုပ်မျိုး မလွဲမသွေ လုပ်မယ်ဆိုတာမျိုး မှန်းရခက်တဲ့သူပါပဲလို့ အဲဒီဖြစ်ရပ်နောက်ပိုင်း ကျွန်တော် တွေးမိလာခဲ့တယ်။

အိမ်ရောက်တော့ မယ်မယ်ရယ်၊ ကိုလေးရယ် ခြံဝင်းထဲ ကျိတ်ကျိတ် ကျိတ်ကျိတ် ခေါင်းချင်းဆိုင်ကြတယ်။ မယ်မယ် ထိုင်ခဲ့ဖူးတဲ့ ကြိမ်ဆက်တီလေးမှာ ထိုင်လို့ ကျွန်တော် ဟိုငေးဒီငေးပဲ။ အရေးထဲ

ဘာစိတ်ကူးပေါက်တယ်မသိဘူး၊ အဘွားလေးဟာ တံခါးဝမှာ ဘွားခနဲပေါ်လာပြီး "ထမင်း စားသွားပါလား" လို့ လာပြောသေးတာပဲ။ ကျွန်တော့်မှာ တအံ့တသြ ကြောင်နေပြီးမှ "မစားပါဘူးခင်ဗျ" ငြင်းလိုက်ရတယ်။ စကားမဆက်ချင်လို့ အကြည့်လွှဲပေမယ့်လည်း မအောင်မြင်ပါဘူး။

"ရီရီနဲ့ ကိုလေး ဘာတွေများ အရေးကြီးနေကြသတဲ့လဲ"

လှည့်ကြည့်တော့ အဘွားလေးဟာ လက်တစ်ဖက်က ခါးထောက်၊ နောက်တစ်ဖက်ကတော့ မျက်လုံးအထက်မှာ အုပ်မိုးလို့ ခြံထဲကို အားယူကြည့်နေတာပဲ။

"ဟဲ့…သူတို့ ဘာတွေ အရေးကြီးနေတာလဲ၊ ပြောပါဦး"

မကြားချင်ယောင်ဆောင် မရတဲ့အဆုံး "မသိဘူး ခင်ဗျ" လို့ပဲ ကျွန်တော် ပြောလိုက်ရတယ်။ မမနွေ့အရေးကို မယ်မယ် ပြောချင်လိမ့်မယ် မဟုတ်ဘူးလို့ ကျွန်တော် သိနေတယ်။

"မင်း မသိဘူးလား၊ အေး…မင်းက ဘော်ကြိုပဲ နေတော့ ဘယ်သိမလဲ၊ ဒီနှစ်ယောက် ဒီလို တိုးတိုး တိုးတိုး ပြောပြီဆို ဟိုကောင်မလေး အကြောင်းက လွဲပြီး တခြားအကြောင်း ရှိဦးမလား"

ဟိုက်…အဘွားလေး ဘယ်လိုသိ။ မယ်မယ်တို့ နှစ်ယောက်ရှိရာဆီ လှမ်းမျှော်ကြည့်နေရာကနေ နောက်တစ်ကြိမ် လှည့်ကြည့်ပြန်တော့ အဘွားလေးကို အဘွားလေးလို့မမြင်၊ ရုပ်ရှင်တွေထဲ ပါတတ်တဲ့ မှော်ဆရာမကြီးလို့ ထင်လာတယ်။ ဆံပင်တွေ ဖားလျားချ၊ ခါးကို နည်းနည်းလောက် ကုန်း၊ လည်ပင်းမှာ ပုတီးတွေ၊ အရိုးတွေဆွဲ၊ တောင်ဝှေးလိုလို တုတ်တစ်ချောင်း ကိုင်လို့ပေါ့လေ။

ကျွန်တော့်ဘာသာ စိတ်ကူးနဲ့ ဖန်ဆင်းနေတုန်းမှာပဲ မှော်ဆရာမက စကားစပြန်တယ်။

"ဟိုတစ်နေ့ကလည်း ဟိုကောင်လေးနဲ့ စာအုပ်ဆိုင်မှာ စကားထိုင်ပြောနေတာ မိတယ်တဲ့၊ ဘော်ကြိုပဲနေ၊ ဒီမလာနဲ့ ပြောထားရက်နဲ့ ရောက်အောင် လာတယ်၊ မိန်းကလေးတန်မဲ့ လာတယ် ကောင်းသေးလား၊ ဟိုကမြင်၊ ဒီကမြင်နဲ့ လူကြီးတွေ သိက္ခာ ဘယ်နား သွားထားမလဲ ဟင်၊ ဒါကြောင့် ပြောရတာ၊ မွေးစားတာ မပြောနဲ့ သားသမီးဆိုတာ ကိုယ်မွေးတောင် ကိုယ်မပိုင်ဘူးလို့၊ အချိန်တန်တော့ သူ့လမ်းသူ ဖောက်ကြတာပဲ၊ မင်းလည်း

ဒီလိုပဲ လာမှာပဲ၊ သဘာဝပဲ”

ဘဝမှာ ကျွန်တော် ကံကောင်းတဲ့ တစ်ချက်က ဒီလို နားပူတတ်တဲ့ လူကြီးသူမမျိုးနဲ့ တစ်အိမ်တည်း အတူမနေခဲ့ရတာပဲ။

“ဒုက္ခ၊ ဒုက္ခ၊ ဘာများဖြစ်နေကြပြန်ပြီ မသိဘူး” လို့ တဖျစ်တောက်တောက် ရွတ်ရင်း အိမ်ထဲကို အဘွားလေး ဝင်သွားတော့မှ ကျွန်တော် စိတ်လက် ဖြောင့်ဖြောင့် အသက်ရှူရတယ်။

အဲဒီနေ့ခင်းက နာရီပိုင်း၊ မိနစ်ပိုင်းတွေဟာ ပုံမှန်ထက် ရှည်လျားသလိုပဲ။ မယ်မယ်နဲ့ ကိုလေးတို့ ဆရာတို့အိမ် သွားဦးမယ်ဆိုပြီး ထွက်သွားတဲ့အချိန် မမနွေအကြောင်းလည်း သေချာ မသိရဘဲ ဘော်ကြိုမပြန်ချင်လို့ စောင့်နေရတာ တစ်ကမ္ဘာစာလောက် ကြာသလိုပဲ။ ခြံထဲက သစ်ရွက်လေးတွေ ကြွေမြဲ ကြွေတယ်။ လေပြည်က ဝေ့မြဲ ဝေ့တယ်။ ဒါပေမဲ့ ရှိမြဲ လူတစ်ယောက် အနား မရှိတော့တဲ့ အဖြစ်ဟာ ဘာနဲ့မှ အစားထိုးမရ၊ အဟာကြီး ဟာလှတယ်။

စက္ကန့်တံလေး တဖျပ်ဖျပ် ရွေ့တယ်။ မိနစ်ကို ကူးတယ်။ တစ်မိနစ်၊ ငါးမိနစ်၊ ဆယ်မိနစ်၊ မိနစ် သုံးဆယ်။ သစ်သားခြံတံခါးကနေ ကွက်တိ ကွက်ကျား ထွင်းမြင်ရတဲ့ လမ်းကလေးကို ကျွန်တော် တမျှော်မျှော် ငေးတယ်။

မျက်စိသငယ် နားသငယ်နဲ့ ရောက်လာခဲ့မယ့် ခုနစ်နှစ်အရွယ် ကောင်မလေးဟာ အဲဒီခြံဝကနေ အိမ်ထဲကို စိုးထိတ်တဲ့ မျက်လုံးလေးတွေနဲ့ ကြည့်နေခဲ့လိမ့်မယ်။ အဲဒီအိမ်ထဲ သူ့ကို ကြိုဆိုသူ၊ ကြိုဆိုဟန်ပြပေမယ့် မလိုလားသူ ဘယ်နှယောက် ရှိနေမလဲဆိုတာ သူ စိုးထိတ်နေမယ်။

နောင် နှစ်တွေ တဖြည်းဖြည်း ကြာလာတဲ့အခါ ဒီစိုးထိတ်စိတ်ဟာ ပျောက်ပျက်သွားခဲ့သလား။ သီပေါမှာ နေသည် ဖြစ်စေ၊ ဘော်ကြိုမှာ နေသည် ဖြစ်စေ မမနွေဟာ အမှန်တကယ် ပျော်ရွှင်ခဲ့ရဲ့လား။

မနှစ်တုန်းက မမနွေ ဘာမေးဖူးသလဲဆိုရင် “ဘဝမှာ အပျော်ဆုံးအချိန် တစ်ချိန်ပဲ ရွေးပြီး ပြောပါဆိုရင် ဘယ်အချိန်ကို မြတ်မော် ရွေးမလဲ” တဲ့။

ကျွန်တော် ခဏလောက် တွေသွားတယ်။ ငြိမ်သွားတယ်။ နောက်မှ ရုတ်ခနဲ ထပြောမိတယ်။

“နွေကျောင်းပိတ်တဲ့အချိန်”

မမနွေဟာ မျက်မှောင်လေးကြုတ်လို့ ကျွန်တော့်ကို စိုက်ကြည့်နေပြီးမှ ပြုံးလိုက်တယ်။

"အဲဒီလို နှစ်တိုင်း ရတဲ့အချိန်မျိုးကို ပြောတာမဟုတ်ဘူးလေကွာ၊ တစ်ခါပဲ ရချင်ရခဲ့ဖူးမယ်၊ အဲဒီလို အချိန်လေးကို ပြောတာ၊ စဉ်းစားကြည့်"

ဒုက္ခပဲ၊ ကျွန်တော့်မှာ အပျော်ဆုံးအချိန်တွေက အလွန်များသကိုး။ ဘယ်အချိန်ကို ပြောလိုက်ရမှန်းတောင် မသိသလို ဝေဝေဝါးဝါး နိုင်လှတယ်။ နွေ ကျောင်းပိတ်လို့ ရန်ကုန်အိမ် ပြန်ရောက်တော့လည်း ပျော်တာပဲ။ ရန်ကုန်အိမ်ကနေ မေမေ တာဝန်ကျတဲ့နေရာ လိုက်လာရပြန်ရင်လည်း ဆော့နေကျ ပေါင်းနေကျ သူငယ်ချင်းတွေနဲ့ ပြန်တွေ့ရလို့ ပျော်တာပဲ။ ဝမ်းကွဲအစ်ကို အစ်မတွေ မလွမ်းဘူးလားဆိုတော့လည်း လွမ်းတာပဲ။ ဒါပေမဲ့ နေရာသစ်မှာလည်း ပျော်တာပဲ။ ဒါဖြင့် အပျော်ဆုံးအချိန်က ဘယ်အချိန်များပါလိမ့်။

ကျွန်တော့်နားထဲမှာ ရထားဥဩသံကို ကြားယောင်လာတယ်။ ပန်းနီနီတွေ ပွင့်နေတဲ့ စိန်ပန်းပင်ရယ်၊ ဘူတာရုံကလေးရယ်။ သံလမ်းပေါ် တရိပ်ရိပ် ဖြတ်ရင်း ဘူတာရုံလေးဆီ တိုးကပ်လာတဲ့အခိုက် အဆုံးအစ မရှိတော့သလို နွေးထွေး လှုပ်ခုန်နေတဲ့ ကျွန်တော့်နှလုံးခုန်သံရယ်။ မြက်ခင်းစိမ်ပေါ် နွဲ့နွဲ့ရပ်ရင်း လက်ကလေး ဝှေ့ယမ်းပြနေသူ၊ တစ်နွေလုံး လွမ်းနေရသူရယ်။

ဘုရား...။ အပျော်ဆုံးအချိန်ကို ပြောပြလိုက်ရင် မမနွေ ကျွန်တော့်ကို စိမ်းများ သွားမလား။ ဟင့်အင်း...။

"ဟဲ့...ဘာခေါင်းခါတာတုံး"

"အပျော်ဆုံးအချိန်တွေက အများကြီးပဲ၊ မပြောတတ်ဘူး"

"အစုတ်ပလုတ်လေး" လို့ ပြောရင်း မမနွေ တိုးတိုး ရယ်တယ်။

"မမနွေရော၊ မမနွေရဲ့ အပျော်ဆုံးအချိန်ရော"

အရယ်အပြုံးဟာ နေလာနှင်းစက်လို ဖြည်းဖြည်းချင်း ပျောက်ကွယ်သွားတယ်။ သက်ပြင်းချသံ သဲ့သဲ့လေး။ ခေါင်းငုံ့ချတယ်။ မြစ်ပြင်ကို ဖြတ်လာတဲ့ လေပြည်နှော့လို့ ဆံမျှင်လေး လွင့်လွင့်ဝဲလာတာကိုတောင် မဖယ်ဘူး။ မျက်တောင်လေး အခါခါ ခတ်နေတာကို ကျွန်တော် တွေ့ပြန်တယ်။ မျက်ဆန်အိမ်လေး ဟိုဒီ ရွေ့နေတာ၊ လက်ထဲမှာ ကိုင်ထားတဲ့ တုတ်ချောင်းလေးနဲ့ အုတ်လှေကားထစ် မျက်နှာပြင်ကို ခြစ်နေတာ။

ခဏကြာတော့ လက်ကလေး တန့်ခနဲ ရပ်သွားတယ်။ ကျွန်တော့်ကို လှမ်းကြည့်တယ်။ လက်ခနဲ ပေါ်လာတဲ့ အပြုံးဟာ အနွမ်းရိပ်ကြောင့် လွမ်းစရာကောင်းလှပါရဲ့လေ။

မမနွေရဲ့ အသံဟာ တိုးတိုး ချိုချိုလေး။ ဒါပေမဲ့ တစ်ဘဝလုံးစာ သတိရတိုင်း ပြန်ကြားယောင်ရလောက်အောင် ကျွန်တော် စွဲခဲ့ပါတယ်။

"တစ်ခါတုန်းက ကျောင်းအပြန် ရထားပေါ်က ဆင်းပြီး အိမ်ပြန်လာတော့ အမေ့ကို မတွေ့ရဘူး၊ ဒေါ်ကြီးဘုကိုလည်း သူ့အိမ်မှာ မတွေ့ဘူး၊ ဘေးအိမ်ကို မေးတော့ နင့်အမေ နင့်ကို ထားခဲ့ပြီတဲ့၊ လွယ်အိတ်ကို မြေကြီးပေါ်တင် ဘုတ်ခနဲ ပစ်ချပြီး မမ ငိုတာပဲ၊ "ဟုတ်လည်း မဟုတ်ဘဲနဲ့ လိမ်ကြတာတော့" လို့ အော်အော်ပြီး ငိုတာပဲ၊ မမက ငိုလေ သူတို့က ရယ်လေပဲ၊ အဲဒီအချိန်မှာပဲ ခြံဝက အသံကြားလိုက်ရတာ၊ "ဟဲ့...သမီးလေး၊ ဘာဖြစ်သလဲ" တဲ့၊ လှည့်ကြည့်လိုက်တော့ အမေရယ်လေ၊ မမလေ ငိုရင်းနဲ့ ပြေးတာပဲ၊ အမေ့ဆီအရောက် ပြေးတာပဲ၊ အမေ့ကို တင်းတင်း ဖက်ပစ်တယ်၊ မမအရပ်နဲ့ဆိုတော့ ပေါင်လောက်ကိုပဲ မီတာပေါ့၊ အမေ့လုံချည်စတွေကိုပါ အတင်းဆွဲထားတာ၊ အမေ့ကို မတွေ့ရတော့ဘူးလို့ ထင်ပြီး ပြန်တွေ့လိုက်ရတဲ့ အဲဒီအချိန်ဟာ တစ်ဘဝလုံးမှာ အပျော်ဆုံးပဲ၊ အမေက မမ ခေါင်းလေးကို သပ်လို့ "တိတ်ပါ သမီးရယ်၊ တိတ်ပါ" တဲ့၊ မမလေ အမေ့ကို မလွှတ်ဘူး၊ အငိုလည်း မတိတ်ဘူး၊ နေရာလည်း မရွေ့ဘူး၊ အမေ လွတ်သွားမှာ၊ ပျောက်သွားမှာ သိပ်ကြောက်တာပဲ၊ နောက်ကျတော့ အမေ့ကို တစ်သက်လုံး ပြန်မတွေ့ရတော့တဲ့ အခါ မမရဲ့ အပျော်ဆုံး အချိန်ဟာ အလွမ်းဆုံးအချိန်လည်း ဖြစ်သွားတော့တာပေါ့ မြတ်မော်ရယ်"

❀

"ဉည့်သည် ရောက်နေတယ်" ဆိုသော စကားကြောင့် ရေစိုလက်ကို ကပျာကယာ သုတ်လျက် ဆိုင်ရှေ့သို့ အထွက်တွင် သူ့ခေါင်းထဲ ဦးစွာ ပေါ်ပေါက်သည့် အတွေးမှာ ကျော်ဝေများ ပြန်ရောက်လာသလား ဆိုတာပင်။

ခဏချင်းမှာပင် သူ ခေါင်းခါယမ်းမိသည်။ ကျော်ဝေ ဆိုလျှင်ဖြင့် အမေဟာ "ကျော်ဝေ ရောက်နေတယ် မောင်စောရေ" ဆိုခဲ့မှာ မဟုတ်လား။ သည်မြို့မှာ အရင်းနှီးဆုံး ပေါင်းခဲ့သော မိတ်ဆွေကို အမေ ကျွမ်းဝင်သိနှင့်သည်လေ။ ဖြစ်ချင်းဖြစ် သူစိမ်းတစ်ယောက်သာ ဖြစ်ပါလိမ့်မည်။

စာအုပ်စင်တန်း နှစ်တန်းကြားမှ ဆိုင်ရှေ့ဘက်ဆီ လှမ်းမျှော်ကြည့်လျှင်တော့ "သြော်" ဟူသော အာမေဋိတ် သူ့နှုတ်က

ပွင့်ကျရသည်။ သူစိမ်းဆိုရမလား၊ မဆိုသာပြီလား။ တစ်ကြိမ်တော့ ဆုံခဲ့ကြဖူးသားပါပဲ။ မြတ်မော်ကို စတွေ့ရသည့်နေ့ကပဲ တွေ့ခဲ့ရသူ။ မူဆယ် အပြန် ဝင်ပါဦးမယ် ဆိုခဲ့သူ။ ထိုသူသည် ဆိုင်ဘက်ဆီ မျက်နှာမူလျက် မျှော်ကြည့်နေရာက သူ့ကို မြင်တွေ့လျှင် ရွှင်ကြည်စွာ ပြုံးလိုက်ပေသည်။

"မှတ်မိလားဗျ"

"မှတ်မိတာပေါ့ဗျာ၊ ကိုမင်းလွင်၊ စာရေးဆရာ"

အညိုဘက်သို့ ပြေးသော မျက်နှာပြင်ပေါ်က အပြုံးတစ်ပွင့် လက်ခနဲ ပေါ်လာ၏။

"ထိုင်ပါ" ဟု ခုံကို ညွှန်လျက် တစ်လက်စတည်း သူ ဆိုလိုက်မိသည်။

"ခင်ဗျားအမေရော အိမ်မှာ ရှိတယ် မဟုတ်လား"

"ရှိပါ့ဗျာ၊ အမေ့ကိုတော့ ခင်ဗျား လာမေးတဲ့အကြောင်း ကြိုပြောထားပါတယ်၊ ခဏနေဦး ကျွန်တော် အမေ့ကို သွားခေါ်လိုက်ဦးမယ်"

အိမ်ခန်းဘက်ဆီ ခြေလှမ်းပြင်ပြီးမှ ဧည့်သည်ထံ သူ ပြန်ငဲ့ကြည့်လိုက်သည်။

"အိမ်မှာဆိုတော့ ကော်ဖီပဲ အလွယ်ရမယ်ဗျ၊ ကော်ဖီ သောက်မလား"

"ဟာ...နေပါစေ၊ ကျွန်တော် မနက်စာ စားလာပြီးပါပြီ၊ အိပ်ရာက နိုးနိုးချင်းပဲ ဈေးဘက် သွားခဲ့တာ"

နေ့လယ်စာ ဟင်းချက်ရန် ပြင်ဆင်နေသည့် အမေ့ကို အကျိုးအကြောင်း ပြောပြကာ အိမ်ရှေ့ဘက်ဆီ ခေါ်ထုတ်လာတော့ ကိုမင်းလွင်သည် မဂ္ဂဇင်းတစ်အုပ်ကို ဟိုဟိုဒီဒီ လှန်လှောနေရာက ဖျတ်ခနဲ မော့ကြည့်ကာ နှုတ်ဆက်ပြုံး ပြုံးလေသည်။ အမေတို့ကို သူပင် မိတ်ဖွဲ့ပေးရသည်။ ပြောဆိုပြီးသား အရေး ကိစ္စကိုပင် နောက်တစ်ကြိမ် ထပ်ကျော့ရသည်။

အမေ စကားဆိုပုံကို ငေးမော နားစိုက်သည့် ကိုမင်းလွင်၏ အပြုံးရိပ် မျက်နှာပေါ်ဝယ် စိတ်လှုပ်ရှားပုံ အရောင်ရေးရေး ဖြတ်ပြေးလျက် ရှိလေသည်။

"သား ပြောတာနဲ့ အန်တီလည်း လက်လှမ်းမီသလောက် မေးထားပေးတယ်၊ အခုထိတော့ မေးမိသလောက်က မသိကြဘူးကွဲ့၊ တစ်ဆိုင်...အင်း...တစ်ဆိုင် မဟုတ်ဘူး၊ နှစ်ဆိုင်တော့ ကျန်သေးတယ်"

“အဲဒီနှစ်ဆိုင်ထဲက တစ်ဆိုင်လည်း ဖြစ်နိုင်တာပဲ အန်တီ၊ နှစ်ဆိုင်စလုံးကတော့ လွန်ခဲ့တဲ့ ရှစ်နှစ်၊ ကိုးနှစ်လောက်က ရှိခဲ့ကြတာ မဟုတ်လား”

အမေက ခေါင်းညိတ်လိုက်ပေသည်။

“အရင်က ရှိခဲ့ပြီး အခု မရှိတော့တဲ့ ဆိုင်တွေပေါ့လေ”

ညှော်ခန်းထဲက စားပွဲပေါ် နေရာယူမြဲ ရေနွေးဗန်းကို သူ သယ်ထုတ်ကာ စာအုပ်အငှားစာရင်းမှတ်ရာ စားပွဲမှာပင် နေရာချလိုက်သည်။ ရေနွေး တစ်ခွက် ငှဲ့ပေးသည်။ သူ့အတွက် ဖန်ခွက်ရှည်နှင့် ဖြည့်ယူကာ ညှော်ခန်းသို့ ပြန်ရောက်လာသည်။ အမေတို့ဘာသာ အေးအေးလူလူ ပြောကြပါစေ။ စပ်စု နားစွင့်လိုလျှင်လည်း သည်နေရာက ကြားနိုင်သားပဲ။

ရေနွေးကြမ်းကို တဖူးဖူး မှုတ်တော့ လက်ဖက်ခြောက်နံ့မှာ သင်းခနဲ။ မွှေးပျံ့သော ရနံ့ကို သိမှတ်ခိုက် သည်လက်ဖက်ရည်ကြမ်း ကြိုက်လှသော မြတ်မော်ကို ပြေးမြင်ပြန်သည်။

ခုနေများတော့ နံနက်အစော ထလေ့ မရှိပါ ဆိုသော မြတ်မော် တစ်ယောက် အိပ်ရာထဲ ကွေးကောင်းတုန်း ရှိလိမ့်မည်။ သည်တစ်နေ့တော့ ဟိုမှော်ဆီ ခရီးဆန့်ရမည်မို့ နေမမြင့်ခင်တော့ ရောက်လာကောင်းပါသည်။

မနေ့ကတော့ ညဥ့်အတော်နက်ခါမှ မြတ်မော်တစ်ယောက် သူတို့ အိမ်က ခွာသည်။ နှစ်ယောက်သား နားထောင်သူက အလိုက်သင့်နားထောင်နိုင်၊ စကားတုံ့နိုင်သလို ပြောသူက အစလေးတစ်ကြောင်း ဆုပ်ကိုင်မိရုံနှင့် မဆုံးတော့သယောင် စကားလမ်းပွင့်လိုက်သည်မှာ လိုက်ဖက်လည်း ညီလှသလို ဆိုရလိမ့်မည်။ ဇာတ်လမ်းတွဲ တစ်ခုပြီး တစ်ခု ပြောင်းကြည့်တတ်သော အမေပင် နောက်ဆုံးတော့ နှုတ်ဆက်လျက် အိပ်ရာဝင်သည်။ သူတို့နှစ်ယောက်ကား စကားမပြတ်။ အမှောင် သိပ်သည်းလာရုံမက မိုးလေပါ ပြေးလာတော့မှ မြတ်မော်ကို သူ ဟိုတယ် လိုက်ပို့ခဲ့ရလေသည်။

နံနက်ဦးတုန်းကတော့ အမေ ပြင်ပေးသည့် နံနက်စာ စားရင်း နွေအိမ့်အကြောင်း အမေ့ကို သူ စကားတောက်ကြည့်ရသေးသည်။ တစ်ချိန် တစ်ခါတုန်းက ကောင်မလေး သီပေါကနေ ပျောက်သွားဖူးသည့် အကြောင်းများ အမေ မှတ်မိသေးသလား။

“ဘယ်မမှတ်မိဘဲ နေမလဲ မောင်စောရယ်၊ အဲဒီတုန်းက ဖြစ်ပုံကလည်း အမေ့ဆိုင်က စသလို ဖြစ်နေတာကိုး၊ ခါတိုင်းလည်း စာအုပ် လာငှားရင်း သူတို့

စကားပြောနေကျဆိုတော့ အမေလည်း ကိုယ့်ဘာသာ စာအုပ်စာရင်း မှတ်လိုက်၊ စာအုပ်ရွေးပေးလိုက်နဲ့ အမှုမဲ့ အမှတ်မဲ့ပေါ့ကွယ်၊ ဆိုင်မှာ လူဝင်လူထွက်ကလည်း အဲဒီနေ့က အတော်များတော့ ဘယ်သူများ မြင်သွားတယ် မသိဘူး၊ နောက်ရက်ကျတော့ ဘော်ကြီးအထိ ရီရီတို့ လိုက်သွားသတဲ့၊ နောက်မှ ကြားရတာ ရိုက်ပါ ရိုက်သတဲ့"

"မြတ်မော် ပြောပြတယ်"

"အေးလေကွယ်၊ ဒါမျိုးကိစ္စဆိုတာ ကိုယ့်သားသမီး အရွယ်ရောက်လာရင် ကြုံရတာပဲ၊ ဖြေရှင်းပုံကျတော့ မိဘဘက်က လိမ္မာဖို့လိုတာပေါ့၊ ဖြေရှင်းပုံမကျရင် ကိုယ်မဖြစ်စေချင်တာမျိုး စောစောစီးစီး ဖြစ်သွားဖို့ရာ တွန်းပို့လိုက်သလို ဖြစ်တော့မှာပေါ့၊ ရီရီဟာ နောက်ကျတော့လည်း ဝန်ခံရှာပါတယ်၊ သူ့မှာ တစ်ခုခုဆို နွေ့ အပြောအဆိုခံရမှာ သိပ်ပူတာတဲ့၊ အဲဒီစိတ်ကြောင့်ပဲ ရိုက်မိသွားတာတဲ့၊ သူ့သမီးလေး ပျောက်တော့လည်း မျက်စိပျက် မျက်နှာပျက် ပတ်ဝန်းကျင်ကိုလည်း ထုတ်မပြောသာဘဲ ကျိတ်ရှာတာပဲ သားရယ်"

ညတုန်းဆီက စကားသံကို အာရုံဝင်စား ပြန်ကျော့တွေးခိုက် "မောင်စောရေ" ဆိုသော အသံမှာ ဆိုင်ခန်းထဲက ပေါ်လာပေသည်။ ရေနွေးခွက်ကို ကိုင်မြဲကိုင်ကာ အမေတို့အနီး သူ ချဉ်းလာသည်။ စောစောက အာရုံ တစ်ခဏ လွင့်တော့ အမေတို့တစ်တွေ ပြောလက်စ စကားတို့နှင့်လည်း အဆက်ပြတ်ခဲ့ရသည်။ ဘာများ ပြောနေကြပါလိမ့်။ သူ့အခန်းကဏ္ဍက ဘာများပါလိမ့်။

အမေသည် ဆိုင်ရှေ့သို့ မျက်နှာမူသည့် ခုံလေးထက် ဧည့်ထောက်ခံ စကားဆိုနေရာက သူ လျှောက်လာရာဆီ လည်ပြန်ငဲ့ကြည့်နေလေသည်။

"မနက်ဖြန်ကျရင် မြတ်မော်က ဘယ်သွားဦးမတဲ့လဲ"

"မပြောတတ်ဘူး အမေ၊ ဒီနေ့တော့ ဟိုမှော်တဲ့၊ ဘော်ကြီးဘုရား ဟိုဘက်က ရွာလေ"

"သြော်...အေး...အေး၊ သွားစရာရှိလည်း သွားပါစေ၊ လိုက်ပို့ပေးပေါ့၊ နည်းနည်း နေမြင့်တော့မှ လာမယ်ဆိုရင် မနက်ဖြန် မနက်အစောပိုင်း မောင်မင်းလွင်ကို တစ်နေရာ၊ နှစ်နေရာလောက် လိုက်ပို့ပေးလိုက်ပါလား"

ဧည့်သည်ရှေ့ ဟက်ခနဲ မရယ်မောမိအောင် သူ အတော်အောင့်အည်းလိုက်ရသည်။ စေတနာ့ဝန်ထမ်းအလုပ်ကိုမှ ဝါသနာပါလေသူ ဆရာမ

ဒေါ်မြတ်သန္တာကို အမေတော်ရမှတော့ သူ့မှာလည်း ရှိစုမဲ့စု မေတ္တာစိတ်ကလေးကို ကြိုးစားပမ်းစား ဆွဲဆန့်ရပါတော့မည်။ တစ်ခါလည်း မဟုတ်၊ နှစ်ခါလည်း မဟုတ်၍ ခုများတော့ အကျင့်ပါနေပြီပင် ဆိုရမလို။

စိတ်မရှည်တတ်လှသော၊ ဘာသိဘာသာ နေတတ်လှသော မောင်ငြိမ်းစောသည် အမေ့အိမ်မှာတော့ တစ်မျိုးတစ်ဘာသာ ပြောင်းလဲနေထိုင်ဖြစ်ခဲ့ပြီ။ အမေကတော့ သူ ပြောင်းလဲခဲ့ပြီ ဆိုမည် မဟုတ်။ ပင်ကိုစိတ်ရင်းလေး ပြန်ပေါ်လာတာပဲ ဆိုချိမ့်မည်။

"ရတယ်လေ အမေ၊ ကိုမင်းလွင်က ဘယ်တွေ သွားမှာတဲ့တုံး"

"အန့်တီ ခုနက ပြောတဲ့ စာအုပ်ဆိုင်အဟောင်း ပိုင်ရှင်တွေ ရှိတဲ့ နေရာပေ့ါ ကိုစော"

"အမေ နေရာတွေ သေချာ ပြန်ပြောဦးဗျ၊ ခုနက နားမထောင်လိုက်မိဘူး"

"ကြာပါတယ်အေ" ဟု ရေရွတ်ကာ အမေသည် စာရွက်ပိုင်းတစ်ခုကို ကောက်ယူ၏။ စာရင်းစာအုပ်တွင်းက ဘောပဲန်ကို ဆွဲထုတ်ကာ-

"လိပ်စာ အကြမ်းဖျင်းတော့ ရေးပေးလိုက်မယ်၊ မေးမြန်းရင် ရောက်တာပဲ"

ပြောပြောဆိုဆို အမေက စာရွက်ပေါ် ချရေး၏။ အမေ့လက်ရေး များမှာ လူလိုပင် ကျက်သရေရှိရှိ ဝိုင်းဝိုင်းလှလှ။

"တစ်ခုက ပန်းထိမ်တောင်ထဲမှာ ဦးသက်ထွန်းတဲ့၊ အိမ်နံပါတ်တော့ အမေ သေချာမသိဘူး၊ သူ့အိမ်မရောက်ခင် မူလတန်းကျောင်းလေး ရှိတယ်၊ ဘေးခြံမှာ ဖိနပ်ဆိုင်နဲ့ ဖက်ရှင်ဆိုင် တွဲထားတဲ့ဆိုင် တစ်ဆိုင် ရှိတယ် မောင်စောရယ်၊ ခြံဝင်းကျယ်ပဲ၊ ရောက်ရင် သိသာတယ်၊ နာမည်မေးရင် ရှာရလွယ်တယ်။ အရင်က စာအုပ်ဆိုင် ဖွင့်ခဲ့တာပဲ၊ အမေ လွတ်လိုက်တယ် ပြော"

အမေသည် စကားကို တစ်ခဏ တန့်ကာ "နောက်တစ်ယောက်ကတော့ မင်း သိလိမ့်မယ် ထင်တယ်" ဟု တွေးတွေးဆဆ ဆိုလေသည်။

"ဘယ်သူလဲ အမေ"

စကားလုံးနှင့် အပြိုင် ရွေ့နေသော ဘောပဲန်မှာ စာရွက်သားပေါ်တွင်

ခဏ ငြိမ်၏။ အမေ သူ့ကို ဖျတ်ခနဲ မော့ကြည့်လာသည်။

"မြန်မာရပ်ကွက်ထဲကလေ၊ ဆရာအိမ်ပဲ၊ မင်းတောင် ရောက်ဖူးတယ် ထင်တာပဲ"

"မြန်မာရပ်ကွက်ထဲက ဆရာ…"

"အေးလေကွယ်၊ မင်း သူငယ်ချင်း ကျော်ဝေတို့နဲ့ နီးတယ်၊ ကျော်ဝေနဲ့ မင်း သွားသွားနေတာပဲ မဟုတ်လား"

သူ့ဝင်သက်၊ ထွက်သက်လေသည် စက္ကန့်ပိုင်းမျှ နှာဝသို့လည်းမရောက် ရင်ထဲကလည်း ရုန်းထမလာသလို တုံ့နေပေသည်။ ကျော်ဝေ၊ မြန်မာရပ် များများစားစား စဉ်းစားတွေးတောရန် မလို။ အဖြေရှာ တွေဝေရန်မလို။ မြင်လွှာဝယ် စိမ်းမြသော ခြံတစ်ခြံမှာ လှပသက်ဝင်လာသည်။

ကမ္ဘာသည် ရုံခါ၌ မရည်ရွယ်သူတို့နှင့် အမှတ်မထင် တိုက်ဆိုင် ကြုံကြိုက်လောက်အောင် ကျဉ်းမြောင်းလှပေသည်။

* * *

"အစ်ကို့အတွက် အပျော်ဆုံးအချိန်လို့ဆိုရင် ဘယ်အချိန်ဖြစ်မလဲ"

အပျော်ဆုံးအချိန်။

မျက်လုံးများ စုံမှိတ်လျှင်ပင် တရေးရေးမြင်၊ တရိပ်ရိပ် ထင်အပ်သော သူ့စိတ်နှလုံး အရွှင်မြူးရဆုံးကာလသည် အဘယ်ကာလပါနည်း။ ရှိရော ရှိခဲ့သလား၊ ရရော ရခဲ့ရဲ့လား၊ ရှိတာကို သိရော သိတတ်ခဲ့ရဲ့လား၊ ဝေဝါးဝါး ခေါင်းခါတော့ ကောင်လေးက ရယ်သည်။

"မရှိဘူးလား အစ်ကိုရ"

"မရှိဘူး မှတ်တာပဲ"

"ရှိတော့ ရှိမှာပါ၊ အစ်ကို သေချာ မစဉ်းစားလို့ပါ၊ ဘယ်သူ့မှာမဆို တစ်ချိန်တော့ ရှိမှာပါ၊ ငယ်ဘဝမှာလည်း ဖြစ်ချင် ဖြစ်မယ်၊ လူငယ်ဘဝ မှာလည်း ဖြစ်ချင် ဖြစ်မယ်"

"သေချာတာက လူဟာ ငယ်တုန်းသာ ပိုပျော်တတ်တာကွ၊ ငယ်တုန်းအချိန်ကို ပြန်စဉ်းစားရင်…"

လည်ချောင်းထဲ ချွဲချွဲငင်ငင် ကပ်လာသလို တစ်စုံတစ်ရာကြောင့် တံတွေးတစ်ချက် ပစ်ခနဲ ထွေးချသည်။ အမြုပ်ငယ်များ ပလုံစီသည့် တံတွေးစ မြက်ပင်ဖျားကပ်နေပြန်တော့ မြက်ပင်များကိုပင် အားနာသလို ရှိလာပြန်သည်။ မြက်ပင်ဖျားက ခရမ်းရောင် ပန်းပေါက်စကလေးတောင် ထိသွားမလားပဲ။ တဆတ်ဆတ် ခုန်၍ နေသည်။

လည်ချောင်းရှင်းသလို အသံကျယ်ကျယ်ပြု ချောင်းဟန့်ကာ စကားပြန်စဖို့ အားယူရသည်။ ပြောင်သည့်ဘက်သို့ လုချင်လာသော သူ့နဖူးပြင် ကျယ်ကျယ်မှာ မိုးနေနွေးကြောင့် ချွေးစလေးများ စို့လျက်။ ဖွဖွ သပ်ခိုက်မှာပင် လေပြည်တိုးတော့ အေးမြသယောင် ရှိလာပြန်သည်။

လက်ရှိ သူ့ဝန်းကျင်သည် သီပေါမြို့ပေါ် ရပ်ကွက်များ၊ လမ်းသွယ်များ မဟုတ်တော့ပြီ။ သံသရာ ဘဝ ဘဝ ကျင်လည်ပုံကို ဥပမာ ပြုသည့်ပမာ နေမြင့်စပြုသည့် နံနက်ခင်းက မြို့မဈေးကြီးထဲမှာ သူတို့ ရှိနေခဲ့သည်။ မဟာမြတ်မုနိဘုရား ရောက်သည်။ စာတိုက် ရောက်သည်။ လွမ်းသူ ခြေဦးလှည့်သမျှ သူ့မှာ ဘဝပေး ကိုယ်ရံတော်။

ဟော…ခုတော့ ဘော်ကြိုဘုရားကြီး အနောက်ဘက်မှာ ရှိနေရပြန်ပြီ။

“ငယ်တုန်းအချိန်ကို ပြန်စဉ်းစားရင်တော့ အပျော်ဆုံးအချိန်က ကိုယ်သဘောကျတဲ့ ကောင်မလေးပေါ့ကွာ၊ အဲဒီကောင်မလေးရဲ့ လိုင်စင်ဓာတ်ပုံလေး ခိုးလိုက်ရတဲ့အချိန် မှတ်တာပဲ၊ အခုခေတ်လို အင်တာနက်နဲ့တင် ဓာတ်ပုံတွေ ပို့နိုင်တဲ့ခေတ်မှ မဟုတ်ဘဲ၊ တစ်လက်မလောက် ဓာတ်ပုံလေး သူ့သူငယ်ချင်း အကူအညီနဲ့ ခိုးလို့ရတာတောင် ပျော်လိုက်ရတာ ကိုယ့်လူရေ၊ တစ်နေ့လုံး အင်္ကျီအိတ်ကပ်ထဲ ထည့်ပြီး သတိရတိုင်း ထုတ်ထုတ်ကြည့်ရတာ အမော”

ကောင်လေးက သူ့မျက်နှာ အကြည့်ဝေ့လျက် ရယ်ပြန်သည်။

“ကျွန်တော်တို့ ခေတ်တုန်းကလည်း အတူတူပါ အစ်ကိုရာ၊ ကျွန်တော် မမနွေဆီက ဓာတ်ပုံလေး တစ်ပုံတည်း ရဖူးတယ်၊ ဒါတောင် မရရအောင် တောင်းလို့ ကျွန်တော်တို့ ပြောင်းခါနီး ပေးလိုက်တာ၊ ဘာစာမှလည်း ရေးမပေးဘူး၊ လက်မှတ်ထိုးတယ်၊ ရက်စွဲလေးနဲ့ ဒါပဲ၊ တခြားဘာမှလည်း မပါဘူး၊ ကျွန်တော့်မှာ အဲဒီဓာတ်ပုံကိုပဲ တစ်လျှောက်လုံး သိမ်းလာရတာပဲ၊ နောက်ပိုင်း ကျွန်တော် ရည်းစားမထားဖူးဘူး မဟုတ်ဘူး၊ နှစ်ယောက်၊ သုံးယောက် ထားခဲ့ဖူးတယ်၊ ရည်းစားထားတာက သတ်သတ်၊ မမနွေနဲ့ ပတ်သက်သမျှ ဘာကိုမဆို သိမ်းနေကျလို ဆက်သိမ်းတာက သတ်သတ်ပဲ၊ တစ်ယောက် တုန်းကဆို အဲဒါ သိသွားလို့ကို ကွဲကြတာပဲ၊ မမနွေကတော့ ဒါတွေ

သိမှာတောင် မဟုတ်ဘူး”

ဘုရားဝင်း၏ အနောက်ဘက်ကို ကွေ့ပတ်ကာ တောင်ခြေရွာ၊ တောင်ပေါ်ရွာများဆီသို့ ဦးတည်သော လမ်းကလေးမှာ ကောင်လေး ပြောပြဖူးသလို မြေလမ်းမဟုတ်တော့၊ ကျောက်ခင်းလမ်းဖြစ်နေခဲ့ပြီ။ အရင်တုန်းက ခြသေ့်ရုပ်တု နေရာက ရပ်ကြည့်လျှင် မြင်ရမည့် ထိုမြေလမ်းကလေးမှာ ကောင်လေး၏ စက်ဘီးရာများ အထပ်ထပ် ထင်ခဲ့လိမ့်မည်။ မြက်ပင်ငယ်များ စိမ်းစိမ်းလန်းလန်း ရှိသော၊ တောပန်း ခရမ်းရောင်၊ အဝါရောင်၊ လိမ္မော်ရောင် စသည်ဖြင့် ပန်းစုံပွင့်သော မိုးရာသီမှာရော၊ ရွှေရောင်နေကြာရိုင်းတို့ လွှမ်းမိုးသော ဆောင်းရာသီမှာရော ကောင်လေး ဖြတ်သန်းခဲ့ရာ လမ်းကလေး။

ကတ္တရာလမ်းပေါ် ဘဲလ်သံ တညံညံ ပေးကာ စက်ဘီးနင်းလျက် ဘာမဆို ပျော်စရာထင် ဖြူဖြူစင်စင် ပြုံးရွှင်နေခဲ့ဖူးသော ကောင်ကလေး၏ အရိပ်သည် အဝေးတွင် မှုန်ဝါး ကျန်ရစ်ကာ လောက၏ အသွေးအရောင်စုံကို မြင်ခဲ့ပြီးသော၊ အဆုံးသတ်ကို ကြိုသိလျက်နှင့် အဆုံးသတ်ချိန် ရောက်မလာမီ ကြိုးစားရုန်းကန်ကြရသည့် လူ့အဖြစ်၏ ရက်စက်ခြင်းကို နားလည်ခဲ့ပြီးဖြစ်သော လူလတ်ပိုင်းအရွယ် အမျိုးသားတစ်ဦးသာ နေရာဟောင်း၏ လမ်းများထက်သို့ ပြန်ရောက်လာခဲ့ပုံရလေသည်။

ထိုအမျိုးသားသည် ယခု သူ့ဘေးမှာယှဉ်၍ ရပ်လျက်။ အမျိုးသားဟု သုံးနှုန်းလျှင် သိပ်တော့ အံကျပုံမရ။ ကောင်လေးဟု အမေ ခေါ်သလို သုံးလိုက်ရတာ ပို၍ အဆင်ပြေသလို ရှိသည်။ သူ့ထက် နှစ်များစွာ ငယ်ရွယ်သူ၊ ငယ်ရွယ်စဉ်ကလို စိတ်ခံစားမှုနောက်ကိုမှ ကောက်ကောက်ပါ လိုက်မြဲရှိသူကို ကောင်လေး မသုံးနှုန်းတော့ ဘယ်လို သုံးရမည်နည်း။ ထားတော့။

ဘုရားကြီးကို လက်အုပ်ချီမိုး ဦးခိုက်ပြီးသည့်နောက် ဟိုမော်ဘက် ဆိုင်ကယ် ဦးတည်ရန် ပြင်ဆဲမှာပင် သည်အတိုင်း ခဏရပ်၍ ကြည့်ချင်ပါသည် ဆိုသမို့ ဆိုင်ကယ်ရပ်လျက် အတိတ်ငေးသူ ငေးသမျှ သူပါ လိုက်ငေးနေရသည်။

“မင်းမမနွေတော့ ဒီရက်တွေထဲ နေ့တိုင်း နားပူနေမယ် မှတ်တယ်”

သူ့စကားသံမှာ ရယ်သံနှင့် စွက်နေလိမ့်မည်။ ကောင်လေး၏ ပြုံးပုံမှာ အသက်ထက် နုနယ်သော အပြုံးမျိုး။ ငယ်ဘဝ၏ တစ်ကျော့ပြန် အပြုံး။

“နားပူရင်လည်း ပူနေမှာပေါ့၊ ဒါပေမဲ့ ကျွန်တော်ကြောင့်လို့တော့ ယောင်လို့တောင် စဉ်းစားမိမှာ မဟုတ်ဘူး၊ မမနွေရဲ့ သတိရခြင်းဆိုတာ လူ တစ်ယောက်အတွက်ပဲ၊ ကျွန်တော့်အကြောင်း ဘယ်အကန့်လေးမှာမှ ရှိနေမှာ

မဟုတ်ဘူး အစ်ကို”

“ဒါမျိုးတော့ ယတိပြတ် ပြောလို့ ဘယ်ရမလဲ”

အံမယ်...မောင်ငြိမ်းစော အကောင်းမြင်စကားတောင် ပြောတတ်နေပါပကော။ အမေသာ ကြားလျှင်တော့ သည်လို မှတ်ချက်ချလိမ့်မည်။

လားရှိုးနှင့် သီပေါကို အပြန်ပြန်အလှန်လှန် ကူးနေသော အမေသည် သည်နေ့ခင်းလည်း လားရှိုးဘက် ရောက်နေပြန်ပြီ။ နန်းနန်းခမျာ သားဦးတစ်ဖက်၊ အိမ်အလုပ်တစ်ဖက်နှင့် မနိုင်မနင်း ဖြစ်နေပြန်ပြီဟု အမေ အကြောင်း ပြသည်။ မြေးကို မြင်ချင် တွေ့ချင် ချီချင်လှသည့် တကယ့်သဘောကို သိတော့ “သွားပေ့ါအမေရယ်” ဆိုခဲ့ရသည်။ ကိုမင်းလွင် ပြန်ပြီး မရှေးမနှောင်းပင် အမေလည်း အိမ်ကထွက်၊ သူလည်း ထွက်ရသည်။ ဆိုင်ကိုတော့ တစ်နေ့ခင်းစာ ပိတ်ခဲ့ရလေသည်။

မပိတ်တော့ရော ဘယ်သူ လာမှာမို့လို့တုံး။

စိတ်အတွင်းက လျှိုတက်သော အရိုတရားဦးခွံစွပ်သည့် စကားသံကြောင့် မဲ့ပြုံးတစ်ချက်ပင် သူ ယောင်ယမ်း ပြုံးလိုက်မိသည်။ ပြုံးပြီးခါမှ မြတ်မော်ကို သတိရတော့သည်။ လှောင်ပြုံးများ ထင်လေမလား။

သို့သော် မြတ်မော်သည် သူ့ဘက် အကြည့်မရောက်မူဘဲ အဝေးသို့ ငေးပြန်လေပြီ။

“မမျှော်လင့်ပါဘူး အစ်ကိုရာ၊ အတူရှိတုန်းက၊ ပြီးတော့ ဝေးလည်းပဲ အဆက်အသွယ် မပြတ်တုန်းကတောင် ကျွန်တော် မျှော်လင့်ချက် မထားရဲခဲ့တာ၊ လုံးဝ ဝေးသွားတော့၊ အစအန ပျောက်သွားတော့ ပိုဆိုး”

ကာယကံရှင်ထက် ကျော်လွန်ကာ မှန်းဆပြန်လျှင်လည်း အဖြစ်အပျက်ကို လုံးစေ့ပတ်စေ့ မမြင်၊ ပြောသလောက်သာ သိခဲ့ရသူမို့ လွဲလျှင်လည်း လွဲလိမ့်မည်။ နှုတ်ဆိတ်နေတာပဲ ခပ်ကောင်းကောင်း။

တောင်တန်း တောင်ကြောတို့သည် အမောအပန်းပြေ လဲလျောင်းနေသူလို ခပ်စင်းစင်း ခပ်စိမ်းစိမ်း တည်လျက် ရှိသည်။ မီးခိုးရောင် တိမ်အုပ်တို့ ဆိုင်းဆိုင်းညို့ညို့ ဝန်းရံသည့် တောင်ပေါ်မြင်ကွင်းဝယ် ဆည်းလည်းသံ တလွင် လွင်ကို ကြားနာရတော့ ကောင်လေးမပြောနှင့်၊ သူ့မှာပင် လွမ်းစရာ မရှိလှသည့် အတိတ်ဆီ မျှော်တွေး ငေးမိတော့မယောင် ရှိရသည်။

"ကျွန်တော် ဒီကြားထဲ သီပေါ ပြန်လာဖို့ အကြိမ်ကြိမ် စဉ်းစားဖူးတယ်ဗျ၊ ဒါပေမဲ့လည်း လူဟာ အရပ်ဒေသ တစ်ခုခုကို ဘယ်လောက်ပဲ ပြန်ရောက်ချင်ဦးတော့၊ ဘယ်လောက်ပဲ လမ်းသင့်ဦးတော့ ရေစက်ရှိတဲ့နေ့မှပဲ ရောက်နိုင်တယ်ဆိုတာ မှန်သားပဲ အစ်ကို၊ နှစ်တွေကြာခါမှ ကျွန်တော် ပြန်ရောက်လာရတယ်၊ ဒါတောင်ပဲ စိုင်းနောင့်နဲ့ ကျွန်တော် အွန်လိုင်းမှာ ပြန်မတွေ့ ဖြစ်ခဲ့ရင် ရောက်ဖြစ်ပါ့မလားတောင် မသိဘူး၊ မရောက်တုန်းကလည်း နှစ်နဲ့ချီ နေတာနော်၊ ရောက်ချင်ပြန်တော့လည်း ဗြုန်းခနဲ ဒိုင်းခနဲလို ချက်ချင်း စီစဉ်၊ ချက်ချင်း ရောက်တာတာပဲ"

"အဲဒါလည်း ကံပဲကွ၊ ဒီအချိန်မှ ဆုံရမယ် ဆိုတာလည်း ရှိသကိုး"

"တကယ်ဗျ၊ မတွေ့ချင်ရင်လည်း ကြံဖန် လွဲတတ်တာ ပြောပြဦးမယ်၊ ကျွန်တော် စိုင်းနောင့်နာမည် ဖေ့စ်ဘွတ်ခ်မှာ ခဏခဏ ရှာဖူးတယ်၊ သူ့နာမည်ရင်းရော၊ နာမည်ရင်းမှာ စိုင်းတို့ ဘာတို့ နောက်က ထပ်ထည့်ပြီး ဖြစ်နိုင်ခြေနဲ့ ရှာလိုက် လုပ်တာ၊ နောက်ဆုံးတော့ သူက ကျွန်တော့်ကို အရင်ရှာတွေ့တယ်၊ သူ့ကိုယ်သူ ဘာနာမည် ပေးထားလဲ သိလား၊ သားကြီးတဲ့၊ သားကြီးတဲ့ဗျာ"

သူတို့ရယ်သံသည် လေတိုးသံနှင့် ရောနှောကာ လမ်းတစ်ဖက်ဆီ ကူးလူးသွားသလိုပင် ထင်ရသည်။ ညောင်ပင်ကြီးပေါ်က ညောင်ရွက်ငယ်များ လေနှင့်အတူ လှုလှုန့်န့် လှုပ်ခတ်သံ၊ အသံတစ်သံချင်း ပေါင်းလိုက်သော ဂီတသံနှင့် ရောသွားသည်။ ညောင်ပင်၏ အရိပ် ကျော်လွန်စ မြေနေရာ လယ်ကွင်းပြင်မှာ လယ်ထွန်သော လယ်သမား၏ ထွန်စက်သံ တထုတ်ထုတ်နှင့် ရောသွားသည်။ ကျောက်ခင်းလမ်းပေါ် ဖြတ်သော ဆိုင်ကယ်သံ၊ လယ်ကွင်းထဲက ရှားရှားပါးပါး ထွက်ပေါ်လာသော ညံ့ခနဲ ကျွဲသံတို့နှင့် ရောနှောသွားလေသည်။

"အခု သူနဲ့ ပြန်တွေ့ရတော့မယ် ဆိုတော့မှ သူ့အကြောင်း၊ သူ့မိသားစုအကြောင်း တသီတတန်းကြီး စဉ်းစားမိရော၊ သိပ်ခင်စရာကောင်းတဲ့ မိသားစုဆိုတာ အစ်ကိုရောက်ရင် တွေ့လိမ့်မယ်၊ နွေကုန်ခါနီးဆိုရင်လေ ကျွန်တော်နဲ့ မေမေနေတဲ့ "ဆရာမအိမ်" တံခါးတွေ ပြန်ဖွင့်ပြီ၊ မေမေအိမ်ရှင်းရင် ခဏရှင်းကူပြီးတာနဲ့ စက်ဘီးလေး ဆွဲပြီး ကျွန်တော် မမနွေဆီ သွားတာပဲ၊ ပြီးရင် ဟိုမှော်သွားတာပဲ၊ ဟိုမှော်အိမ် ရောက်ပြီဆိုတာနဲ့ ကျွန်တော် အင်မတန် ချစ်တဲ့၊ ရှမ်းသံဝဲတဲ့ နှုတ်ဆက်သံတွေ ကြားရတော့တာပဲ"

❀

မြတ်မော် ပုံရိပ် (၇)

စိုင်းနောင့်တို့အိမ် မရောက်ခင် ကွေ့ပတ်တက်ရတဲ့ ကုန်းမြင့်လမ်းကလေးကို အပေါ်ထိ ရောက်အောင် ကျွန်တော် စက်ဘီးနင်းတက်ဖို့ အခါခါ ကြိုးစားပေမယ့် တစ်ကြိမ်မှ မအောင်မြင်ခဲ့ဘူး။ တစ်ဝက်လောက်အထိ၊ ဒါမှမဟုတ် သုံးပုံနှစ်ပုံနီးပါး အထိတော့ နင်းနိုင်ခဲ့တယ်။ ပြီးတာနဲ့ ဆင်းတွန်းရတာပဲ။ ထိပ်ဘက်နား လမ်းမြွာလေး ရောက်ခါမှ စိုင်းနောင့်တို့အိမ်ဘက် ခွဲဆင်း သွားတဲ့လမ်းက အနိမ့်အလျှောမို့ စက်ဘီးပေါ် ပြန်တက်နိုင်တယ်။

ဟော...တစ်ခါ အိမ်ကျပြန်တော့ ကုန်းမြင့်လေးပေါ် ဆောက်ထားတာ မဟုတ်လား။ အဲဒီခြံဝင်းထဲ ကွေ့ဝိုက်ဝင်ပြီး ကုန်းပေါ်တက်နိုင်ဖို့ ဆိုတာလည်း မလွယ်ဘူး၊ ဒါပေမဲ့ ဒါလည်း ကြိုးစားရပြန်တာပဲ။

ဒီလို မိုးတွင်းကျပြန်တော့ ပိုဆိုးတော့တာပေ့ါ။ ရွှံ့တွေနဲ့ မတော်ရင် စက်ဘီးလဲသွားနိုင်တဲ့ လမ်းကိုတော့ နင်းနိုင်တယ်၊ ခြံထဲကျပြန်တော့ ဗြုန်းခနဲ ကွေ့၊ ကွေ့ပြီးတာနဲ့ အားချင်း နင်းတက်နိုင်ဖို့ဆိုတာ လွယ်တာမှတ်လို့။ အံမယ်...သူကိုယ်တိုင်သာ နင်းတက်ချင်မှ တက်နိုင်မယ်၊ ကျွန်တော် နင်းမလို့ ပြင်ပြီးခါမှ ကတိုက်ကရိုက် ဆင်းတွန်းလိုက်ရရင်တော့ စိုင်းနောင့်ဆိုတာ တဟားဟား ရယ်ရင်း အကြိုထောက်တော့တာပဲ။

“မိုးမိခဲ့သေးလား မြတ်မော်၊ စောစောက မိုးဖွဲလေး ကျနေတယ်ရော”

စက်ဘီးကို တွန်းတက်ရင်း စိုင်းနောင့်ရဲ့ စပ်ဖြဲဖြဲ မျက်နှာ၊ အစနောက် စကားကို မခံချင် တုံ့ပြန်နေတုန်းပဲ ပါပါက မီးဖိုဝမှာ ပေါ်လာတယ်။ ယောက်မလေး ကိုင်လို့။ စားကောင်းတဲ့ ဟင်းတစ်မည်မည် ချက်နေမှာ အသေအချာပဲလို့ သိစိတ်နဲ့ ကျွန်တော် တံတွေးစိုလာတယ်။

“မမိဘူး ပါပါ၊ မိုးတိတ်မှ ထွက်လာခဲ့တာ”

“နေ့လယ်စာ ထမင်း မစားရသေးဘူးမို့လား”

ဒီအရပ်ဒေသတစ်ဝိုက်မှာ ထမင်းကို မနက်ရယ်၊ နေ့ခင်းရယ်၊ ညရယ် သုံးကြိမ်လောက် စားကြတာမို့ ကျွန်တော် ရောက်တဲ့ ဒီအချိန်ဟာ မနက်စာနဲ့ နေ့လယ်စာကြားက အချိန်အပိုင်းအခြား တစ်ခုပါပဲ။

“မစားရသေးဘူး ပါပါ”

"အတော်ပဲ၊ ဒီမှာ ဖတ်တီးတော့ ချက်နေတယ်၊ စားခါနီးမှ ပူပူလေး စားရအောင်လို့ဆိုပြီး ခုလေးတင် တည်နေတာ"

"စားမယ် ပါပါ၊ ထမင်း နှစ်ပန်းကန် စားမယ်"

"သုံးပန်းကန်စားလည်း ရတယ်" လို့ ပါပါက ရယ်ရယ်မောမော ဆိုတယ်။ ဖတ်တီးတော့လို့ ခေါ်တဲ့ ပဲပုပ်အရသာလေး ကဲထားတဲ့ ဟင်းရွက်စုံ ဟင်းရည်ဟာ ကျွန်တော့်အကြိုက် ဟင်းတစ်မည်ပဲ။ ခရမ်းချဉ်သီး ပန်ထွေဖျော်လေးလည်း ပါမှာ အသေအချာပဲလို့ တွေးရင်း စက်ဘီးကို မီးဖိုနံရံမှာ မှီထောင်လိုက်တယ်။

မီးဖိုပြတင်းဝက မြင်နေရတဲ့ ပါပါရဲ့ ရုပ်သွင်ဟာ မကျဉ်းမကျယ် နဖူးပြင်ဆီ ဆံစတစ်မျှင်တောင် မကျရလေအောင်အပြောင်သိမ်း၊ အနောက်မှာ ဆံထုံး ထုံးမြဲထုံးလို့ တကယ့်ရှမ်းအမျိုးသမီးတစ်ယောက်ရဲ့ အလှတွေ စုထားသလိုပဲ။ တောင်ယာအလုပ် လုပ်သူ၊ နေဒဏ် လေဒဏ် ခံရသူမို့ အသားအရေ မဖြူလှပေမဲ့ မျက်လုံးကြည်ကြည်၊ အပြုံးနွေးနွေးဟာ အလှတရားပဲ။ မျက်နှာ မြင်လိုက်ရင်ကို အေးချမ်းတဲ့ ခံစားမှု အလိုလို ကူးစက်စေတယ်။

ပါပဲ့အကြောင်း ပြောရင် ဒီအချိန်လောက်ဆို ရွာအစပ်က တောင်ယာမှာ ရှိနေမယ့် လုံး(ဦးလေး) ကိုလည်း ချန်ထားလို့မဖြစ်ဘူး။ လုံးကလည်း ထောင်ထောင်မောင်းမောင်းနဲ့ ခံ့ညားသူပဲ။ ပါပါက ပိုချောတယ်လို့ ကျွန်တော် အမှတ်ပေးရင် လုံးဟာ မငြိုငြင်ဘူး။ သဘောတကျ ပြုံးနေမြဲပဲ။ မိန်းမအပေါ် ချစ်ခင် ဦးစားပေးတတ်သူ၊ သားသမီးတွေနဲ့ ရင်းနှီးကျွမ်းဝင်ရှိလှသူ လုံးကို မြင်ရင် ကျွန်တော် သိပ်မသိမီလိုက်တဲ့ ဖေဖေ့ကို သတိရတယ်။

စိုင်းနောင့်ကို နောက်ချင်ပြီဆို ကျွန်တော် ပြောနေကျ စကားက "ပါပါ ချောသလောက်၊ ပါပါချောတာကို မင်းညီမလေးမွေဖောင် ရသလောက် မင်းကွာ"..။ ဘာစကားမှ ဆက်စရာ မလိုဘူး။ မျက်မှောင်ကြုတ်လို့ ရန်တစောင်စောင်နဲ့ "ငါက ချောပြီးသားကွ၊ တစ်ရွာလုံးမှာ ငါ အချောဆုံးပဲ" ဆိုတာမျိုး ဒီကောင် ပြောလာတော့တာပဲ။ သူနဲ့ ကျွန်တော်ဟာ သူ ဦးရင် သူ နောက်၊ ကိုယ်ဦးရင် ကိုယ် ဦးအောင် ချောက်ချတာပဲ၊ ဒုက္ခရောက်အောင် ဘယ်သူမှ မရည်ရွယ်၊ အပျော်ပဲ ဆိုပါတော့။

စောစောကတင် ရေချိုးရင်း အပြေး လာနှုတ်ဆက်လို့ စနောက်ပုံရတဲ့ စိုင်းနောင့်ဟာ အိမ်နောက်ဖေးက ရေချိုးတဲ့နေရာဆီ ပြန်ရောက်နေပြီ။ "နောက်မှာနော် ပါပါ" လို့ အော်ရင်း ရေသံတဖွမ်းဖွမ်း ကြားရတဲ့ နေရာဆီ

ကျွန်တော် လျှောက်လာတယ်။

စိုင်းနောင့်တို့အိမ်မှာ ကျွန်တော် သိပ်သဘောကျရတဲ့ နေရာထဲ ဒီနေရာလေးလည်း အပါပေါ့။ တစ်ရွာလုံး တောင်ကျရေ ကြည်အေးအေးကို သုံးကြပြီး အဲဒီတောင်ကျရေ မြောင်းကလေးတွေကလည်း သူ့အိမ် ကိုယ့်အိမ် ဝင်းကလေးတွေထဲက ဖြတ်သွားတာဟာ ဒီရွာလေးရဲ့ ချစ်စရာ ထူးခြားမှုပဲ။ စိုင်းနောင့်တို့အိမ်မှာ ရေမြောင်းလေး ဖြတ်နေတဲ့နေရာက အိမ်နောက်နားဆီမှာ။

စည်ပိုင်းပြတ်လေး တစ်လုံးထဲ မြောင်းက သွယ်ယူထားတဲ့ ရေတွေ စိမ့်အေးအေး လျှံကျလို့။ မြောင်းကလေးကတော့ ကျေးငှက်သံက လွဲလို့ တိတ်ဆိတ်တဲ့ ဝန်းကျင်မှာ သံစုံတီးဝိုင်း အသေးစားလေးလိုပဲ အသံလှလှတွေ ဖန်တီးပြီး ငြိမ့်ငြိမ့်စီးနေတယ်။ စိုင်းနောင့် ရေချိုးတာ စောင့်ရင်း ခြံအနိမ့်ပိုင်းဆီ မြောင်းကလေး စီးဆင်းဖို့ အားယူရာ နေရာလေးမှာ ကျွန်တော် ထိုင်ချတယ်။ မြောင်းနှုတ်ခမ်းက မြင်းခွာပင်၊ မြက်ပင်လေးတွေဟာ ရေစီးအရှိန်နဲ့ တဆတ်ဆတ် တုန်လို့ ခုန်လို့။ ဘေးပတ်ဝန်းကျင်ကို မကြည့်၊ ဒီတစ်နေရာတည်းကိုပဲ ကွက်ကြည့်ရင် မြောင်းကလေးနဲ့တောင် မတူ၊ ရုပ်ရှင်တွေမှာ မြင်ရတဲ့ ချောင်းတစ်ခုရဲ့ မြင်ကွင်းကို အနီးကပ် ကြည့်ရသလိုပဲ။

စိုင်းနောင့် ရေလောင်းချတဲ့ တဗွမ်းဗွမ်း အသံ ထွက်လာတော့လည်း ကျွန်တော် ချစ်တဲ့ သံစုံဂီတဟာ တစ်ခဏ ငြိမ်ရတော့တာပဲ။ ရေထဲ လက် နှစ်လိုက်တော့ အေးမြတဲ့ အထိအတွေ့က တစိမ့်စိမ့် ကူးလာတယ်။ ရေအရှိန် နုနုလေး လက်ကို တိုးလို့၊ နေရောင်ဟာ ရေမြောင်းလေးထဲ တလက်လက် လွန့်လူးနေလေရဲ့။

ခဏနေတော့ စိုင်းနောင့် အပိုင်စား ရထားတဲ့ အောက်ထပ်အခန်းထဲ ကျွန်တော်တို့ ရောက်နေကြပြီ။ စိုင်းနောင့် အဝတ်လဲတာကို စောင့်တယ်။ "မင်း ရေချိုးသွားပါလားကွ" လို့ပြောတာကို ခေါင်းခါရင်း သူ့အိပ်ရာပုံ ခေါင်းရင်းက စာအုပ်တွေကို ဆွဲမွှေတယ်။ စာအုပ်တစ်အုပ်ကို ဆွဲချတော့ လွင့်ခနဲ ကျလာတဲ့ စာလေးတစ်စောင်ကို အတွေ့မှာ ပုဆိုးဝတ်ဖို့ ပြင်နေတဲ့ စိုင်းနောင့် တစ်ယောက် ပုဆိုးမနိုင် ဘာမနိုင် ဝုန်းခနဲ အနားကပ်လာပါရော။

"ဟေ့ကောင် ဟေ့ကောင် မဖတ်နဲ့ကွာ"

ကပျာကယာ မတ်တတ်ရပ်လို့ စာကိုင်ထားတဲ့ လက်ကို နောက်ကျောဘက် ကျွန်တော် ပို့လိုက်တယ်။

"မရဘူး ဟေ့ကောင်၊ မင်းရဲ့ စာရေးပုံရေးနည်းကို ငါ အမှတ်ပေးမလို့"

"မလိုဘူးကွာ၊ ပြန်ပေး ဟေ့ကောင်"

လက်လှမ်းဖို့ ပြင်တာကို ကျွန်တော် ရှောင်ပြီး စာအစကို အသံထွက်ဖတ်တယ်။

"ချစ်ရတဲ့ နန်းမိုရေ၊ ဒီစာကို ဖတ်ပြီးရင် စိတ်မဆိုးပါနဲ့နော်..."

"ဟေ့ကောင်"

ဒီကောင် အသံကျယ်ကျယ်လည်း ထွက်ရဲတာ မဟုတ်ဘူး။ ပါပါ ရှိတဲ့ မီးဖိုခန်းနဲ့ ဒီကောင့်အခန်းက သိပ်မှ မဝေးဘဲ။

"ပြန်ပေးပါကွာ၊ မယ့် သိရင် ဆူမှာ၊ မင်း အသံပြဲကြီးနဲ့ ကြားတော့မှာပဲ"

"ဘာနဲ့ လဲမလဲ ပြောစမ်း"

စိုင်းနောင့်မျက်နှာဟာ မလူးသာ မလွန့်သာ အခြေအနေမို့ အီဆိမ့် မှုန်ကုပ်နေတယ်။ နောက်ဆုံးတော့ မတတ်သာ လက်လျှော့လိုက်ရသလို "ငါ မုန့်ဝယ်ကျွေးပါ့မယ်ကွာ" တဲ့။

ကျွန်တော့်လက်က စာလည်း ပြန်ရရော "ဟိုဘက် လှည့်နေကွာ" ဆိုပြီး ရတနာတစ်ပါးလို ဝှက်တော့တာပဲ။

"မင်းအလှည့်တော့ လုပ်ထားပေါ့ မြတ်မော်ရာ၊ တစ်နေ့နေ့ မင်းမမနွဲ့ကို စာရေးပေးရင် ငါ့အလှည့်ပေါ့"

ကျွန်တော် သူ့ဘက် ချာခနဲ လှည့်ကြည့်တယ်။

"မမနွဲ့ကို ငါက ဘာလို့ စာပေးရမှာလဲ"

စိုင်းနောင့်ရုပ်ဟာ မချိုမချဉ်ရယ်။

"မင်း ရေးချင်လာမှာပါကွာ"

"ဘယ်တော့မှ မရေးဘူး"

"မရေးဘူးလား"

ခပ်ပြတ်ပြတ်ဟန်မျိုးနဲ့ "မရေးဘူး" လို့ ပြောဖို့ ကြိုးစားတယ်။ ဒါပေမဲ့ ကျွန်တော့်အသံဟာ အားမရှိသလို ခပ်တိမ်တိမ်ရယ်။

“မင်းလား မရေးမှာ”

“မရေးဘူး၊ ဘာလို့ ရေးရမလဲ၊ မမနွေဟာ ငါ့အစ်မပဲ”

“အစ်မလား” လို့ ရွတ်နောက်နောက် မျက်နှာနဲ့ဆိုရင်း စိုင်းနောင့် ကျွန်တော့်ဆီ ခြေတစ်လှမ်း တိုးလာတယ်။ ဝဋ်ဆိုတာ ခဏနဲ့တင် လည်ပါလားရယ်လို့ ကျွန်တော် တွေးတယ်။ မျက်နှာမှာတော့ ဟန်ကိုယ့်ဖို့ အပြုံးနဲ့ပဲ။

“အစ်မ ဟုတ်လား၊ အစ်မဆို မမနွေ ပျောက်သွားတုန်းက ငါ့ရှေ့မှာ အရူးလို ငိုခဲ့တာ ဘယ်ကောင်လဲ၊ အဲဒီတုန်းက ကမ္ဘာပျက်သလို ငိုတာ မင်း မဟုတ်တဲ့ မင်းရဲ့ အမြွှာလား၊ ကဲ”

စိုင်းနောင့်မျက်လုံးတွေကို ရင်မဆိုင်ရဲသလို ပြတင်းဝက လှမ်းမြင်ရတဲ့ မြင်ကွင်းဆီ ကျွန်တော် လှမ်းကြည့်တယ်။ မြင်မြင်လေရာ တောင်တန်းရိပ် လွှမ်းနေတဲ့ ရွာကလေးမို့ ကျွန်တော် တွေ့လိုက်ရတာက တောင်ပြာတန်းပါပဲ။ တောင်ပြာ ဇာပဝါပေါ် တိမ်ဖြူပွင့်တွေ အဆုပ်လိုက် ကြဲလို့ပေါ့။ မြင်ကွင်းဟာ လှမြဲ၊ ဟိုမှော်ဝန်းကျင်ဟာ ပန်းချီကားချပ်တစ်ခုထဲ ပန်းချီဆရာ စိတ်ကြိုက် ဖန်တီးထားသလို လှမြဲပဲ။

မမနွေ မရှိတော့ဘူးဆိုတာ သေချာသွားတဲ့ တစ်နေ့တုန်းက မြင်ကွင်းကလည်း အခု မြင်နေရတဲ့ မြင်ကွင်းနဲ့ ထပ်တူမျှပါပဲ။ ဒါပေမဲ့ အဲဒီနေ့ကတော့ နဂိုလှတဲ့ ဝန်းကျင်ဟာ ကျွန်တော့်အာရုံမှာ အသက်ဝင်မနေဘူး။ ကျွန်တော်ဟာ ဒီအခန်းလေးထဲကနေ ခုလိုပဲ ကြည့်တယ်။ ခုလိုပဲ မြင်တယ်။ ဒါပေမဲ့ မြင်မြင်လေရာ အလှတရား နတ္ထိ။

မမနွေ မရှိတော့တဲ့အခါ ပုံမှန် လည်ပတ်နေတဲ့ အရှိတရား တစ်ခုလုံး ချုံးချုံးကျ ပျက်စီးသွားတော့သလို၊ စီးနေကျ ဒုဋ္ဌဝတီ အရှိန်တန့်သွားသလို၊ နုသစ်လတ်ဆတ်တဲ့ လေပြည် ကျွန်တော့်ဝန်းကျင်မှာ မရှိတော့သလို အရာရာ လစ်ဟာလို့ သူစိမ်းအမျိုးသမီး တစ်ယောက်အတွက် ဘဝမှာ ပထမဆုံး မျက်ရည်ကျခဲ့ရတာပါပဲ။

* * *

မမနွေဟာ ပဟေဠိတစ်ပုဒ်လို ပျောက်သွားခဲ့သလို ပြန်ရောက်လာတော့လည်း ပဟေဠိဆန်ဆန်ပါပဲ။

မမနွေ ပြန်ရောက်လာတဲ့နေ့၊ အဲဒီနေ့ဟာ ပုံမှန်နေ့တစ်နေ့မျှသာပဲ။

မျှော်နေသူ ပြန်ရောက်လာမယ်မှန်း မသိနိုင်သေးတဲ့ အချိန်ကာလမျှပဲ။ တစ်နွေလုံး ပိတ်ထားခဲ့တဲ့ ကျောင်းစာသင်ခန်းတံခါးတွေ ပြန်ဖွင့်လို့ ရယ်သံမောသံတွေ၊ အဖြူအစိမ်းဝတ် ပုံရိပ်တွေနဲ့ သက်ဝင်တောက်ပခဲ့တဲ့ တစ်ပတ်တာ ကုန်ဆုံးပြီးစ ဦးဆုံး ရောက်လာခဲ့တဲ့ စနေ နေ့ခင်းဟာ ကျွန်တော့်အတွက်တော့ ငြီးငွေ့ ခြောက်သွေ့ဖွယ် အရိပ်ပြဇာတ်ဆန်ဆန် နေ့ခင်းပဲ။

သင်တန်း ဆင်းတာနဲ့ စာအုပ်ဆိုင်ဝင်၊ တစ်ခါတုန်းက မမနွေ ငှားတတ်သလို လကျော်စာအုပ်တွေကို တစ်ပတ်စာ သုံး၊ လေးအုပ်လောက် ငှားပြီး ဘော်ကြို ပြန်ရောက်လာခဲ့တယ်။

လမ်းနံဘေးဝဲယာက သစ်ပင်မြင့်မြင့်တွေ၊ ဒေသရိုးရာအိမ်တွေ၊ လမ်းတစ်လျှောက် ဖြတ်သန်းသွားလာနေတဲ့ ကုန်ကားတွေ စတဲ့ မြင်နေကျ မြင်ကွင်းတွေ ဂန်းရံထားတဲ့ ဘော်ကြိုဟာ ကျွန်တော့်ကို ကြိုနေကျအသွင်မဟုတ်သလို သူစိမ်းဆန်ဆန် အေးတိအေးစက် ကြိုတယ်။ ရွာထဲ ဝင်လိုက်ရတဲ့ ခံစားမှုကကို နှစ်လိုစရာ မရှိလှဘူး။

မမနွေ မရှိတဲ့ ရက်တွေဟာ ကျွန်တော့်အတွက် ငရဲတမျှပဲ။

ကျွန်တော့်ကိုယ်ခန္ဓာဟာ ဒီအချိန် ဒီနေရာကို သွားရမယ်၊ ဒါ လုပ်ရမယ် ဆိုတဲ့ အသိစိတ်နဲ့ အလိုလို ရွေ့နေသလိုပဲ။ စိတ်လွင့်တဲ့အချိန် လူတွေဟာ လုပ်မိလုပ်ရာ လုပ်တတ်ကြတယ်လို့ စာထဲမှာသာ ဖတ်ဖူးပြီး ကိုယ်တိုင် သတိမမူနိုင်သေးတဲ့ အရွယ်မှာ ဦးဆုံးကြုံရတဲ့ အတွေ့အကြုံဟာ လက်မခံနိုင်စရာ ခါးသီးလှတယ်။ ဒီလူကို ကိုယ် မပိုင်ဆိုင်နိုင်ဘူးဆိုတာ ကုန်လွန်ခဲ့တဲ့ ကာလများစွာ ကတည်းက သေချာသိခဲ့သားပဲ၊ နားလည်လက်ခံခဲ့သားပဲ။ တစ်နေ့ကျ အစ်ကို့နောက် သျှောင်နောက် ဆံထုံးပါ လိုက်သွားတာ၊ ဒါမှမဟုတ် ကျွန်တော်တို့ ဒီမြို့က ပြောင်းသွားရတာလို ခွဲနည်းမျိုးနဲ့ ခွဲကြရမယ်ဆိုတာလည်း အသိသားပဲ။

ဒါပေမဲ့ ဘယ်ရောက်မှန်း၊ ဘာဖြစ်နေမှန်းမသိ ပျောက်နေတဲ့ အဖြစ်မျိုး ကြုံလာလိမ့်မယ်တော့ မထင်ခဲ့ဘူးလေ။ ရင်တထိတ်ထိတ် ကြည့်ခဲ့ရတဲ့ ဗွီဒီယိုကားတွေထဲကလို မမနွေဟာ လူဆိုးတွေနဲ့ တွေ့သွားပြီလား၊ ဒုက္ခတစ်ခုခုများ ရောက်နေသလားလို့ တွေးလိုက်ရင် အသက်ရှူတောင် ရပ်လုလု ကျွန်တော့်မှာ မွန်းကျပ်ပင်ပန်းရတယ်။

အဲဒီတုန်းက ကျွန်တော်ဟာ လူကြီးတွေ တွေးသလို ကောင်လေးနောက် လိုက်သွားသလားဆိုတာမျိုး ဘာလို့ မတွေးမိမှန်း မသိဘူး။ မမနွေဟာ

ဒါမျိုးလမ်းကို ရွေးမယ့်သူ မဟုတ်ဘူးဆိုတာမျိုး ကျွန်တော့်ကို ဘယ်အရာတွေက သေချာစေခဲ့သလဲ။ မမနွေ့အပေါ် ရည်းစားတစ်ယောက်လိုထက် ညီမတစ်ယောက်လို ဂရုစိုက်တယ် မြင်ရတဲ့ အစ်ကို့အပေါ် ယုံကြည်မှု လွန်ကဲခဲ့တာပဲလား။ မမနွေ့ဟာ အစ်ကို့နောက် လိုက်မသွားဘူးလို့ပဲ ကျွန်တော် ထင်နေတယ်။ လမ်းမှာပဲ၊ တစ်နေရာရာမှာ ရှိမှာပဲ။

ဘော်ကြိုအိမ် ပြန်ရောက်တော့ ခါတိုင်းလို နေ့ခင်းဘက် ဘူတာ သွားရအောင်ကလည်း စိတ်မပါလက်မပါ။ မမနွေ့ကို သတိရမယ့် နေရာတွေ မသွားချင်လှတာ အမှန်ပဲ။ ဟိုရှာဒီရှာ ရှာကြတဲ့အဆုံး၊ ပြန်မတွေ့တဲ့အဆုံး တနင်္ဂနွေ ညနေခင်းကတော့ ရထားလာချိန် ကျော်ပြီးတာတောင် ဘူတာလေးဆီ ကျွန်တော် တမင် သွားခဲ့သေးတယ်။ သံလမ်းပေါ် သွားထိုင်တယ်။ မြက်ပင်တွေကို စိတ်မှတ်မဲ့ ဆွဲနုတ်လို့ အဝေးကတောင်တန်းဆီ ငေးတယ်။ သီပေါကို ဦးတည်နေတဲ့ သံလမ်းကိုငေးတယ်။ ဟောဒီ သံလမ်းပေါ်ကနေ မမနွေ့ တန္တဲ့နွဲ့ လျှောက်လာရင် ဘယ်လောက်များ ကောင်းလိုက်မလဲလို့ သူရူးတစ်ယောက်လို အထပ်ထပ် တွေးတယ်။

လွမ်းလွန်းမက လွမ်းလာတဲ့အခါ ဘူတာကို နောက်တစ်ကြိမ် မသွားတော့ဘူးလို့ ဆုံးဖြတ်လိုက်ရတာပဲ။

ဘာမှ လုပ်စရာ အထွေအထူးမရှိလှတဲ့ အဲဒီ နေ့လယ်ခင်းကတော့ ပြောလောက်စရာရယ်လို့ နေ့လယ်စာ စားတာရယ်၊ စာဖတ်တာရယ်ပဲရှိတာ၊ ဟိုမှော် သွားဦးမယ် စိတ်ကူးပေမယ့် မိုးကလေး စိမ့်နေတာကြောင့် နေ့ခင်းဘက် အိမ်မှာပဲ ခိုနေတယ်။ မိုးစဲမှ ဖိုးခွားအိမ် ကူးမယ် စိတ်ကူးနဲ့ ဆိုပါတော့လေ။ တကယ်တမ်းကျ ဖိုးခွားနဲ့ တွေ့ဖို့ရာ သူ့အိမ်ဘက် ကူးစရာ မလိုလိုက်ဘူး။ ဖိုးခွားကိုယ်တိုင် ကျွန်တော့်အိမ်ရှေ့ ရောက်လာခဲ့တာ။

“ဟေ့ကောင် မြတ်မော်၊ မြတ်မော်” လို့ အရေးတကြီး လေသံနဲ့ တကြော်ကြော် ခေါ်လို့ ရောက်လာခဲ့တာ။

ဖိုးခွားဟာ အဝေးကနေ အလောသုံးဆယ် ပြေးလာခဲ့သလို မောဟိုက်လို့ ချွေးတွေ ပြန်လို့။ ကျွန်တော့်ကို တွေ့တွေ့ချင်း သူ့မှာ ဘာစကားမှ မပြောနိုင်ဘဲ အသက်ရှူနေရပါသေး။ “ဘာတုံးကွ” လို့ ကျွန်တော် မေးတော့မှ စကားတစ်ခွန်း ထွက်ကျလာတော့တာ။

“မင်း မင်းမမနွေ့ ဘူတာမှာ ဟေ့ကောင်”

ဘာ…။

ကျွန်တော့်အသံဟာ အံ့အားသင့်မှု၊ ရင်ခုန်မှုနဲ့ ဘယ်လောက်တောင်များ ကျယ်သွားသလဲဆို ကိုယ်တိုင်တောင် ပြန်ထိတ်ရတဲ့အထိပဲ။ မျက်လုံး အကြောင်သားနဲ့ ဖိုးခွားကို စိုက်ကြည့်နေမိတာ စက္ကန့် ဘယ်လောက် ကြာသွား သလဲ မဆိုနိုင်ဘူး။ နောက်မှ အသိဝင်သလို ဝရန်တာအဆုံး လှေကားထစ်ကနေ ဖိုးခွား ရှိနေရာ မြေပြင်ဆီ လှမ်းခနဲ ဆင်းမိတယ်။

"အဟုတ်လား၊ တကယ်လား ဖိုးခွား"

"ဟုတ်တယ်၊ မင်းမမနွေ ဘူတာမှာ ရောက်လာလို့၊ သူ့အမေရော၊ အစ်ကိုရော ပါတယ်၊ ငါ အမိုးကို သွားကြိုတော့ တွေ့လာတာ၊ ဟော့...ဟော့ကောင်"

နောက်ကနေ ဖိုးခွား အော်နေတာရော၊ နေ့လယ်ခင်း တစ်ရေးတစ်မော အိပ်နေရာကနေ ကျွန်တော်တို့ အသံတွေကြောင့် မေမေ နိုးလာပြီး အပြင်ဘက် ထွက်လာတာရော၊ ဖိနပ်ကို ဘယ်တစ်ဖက် ညာတစ်ဖက် တွေ့ရာ တွဲစပ် ကောက်စွပ်လို့ စက်ဘီးကို ဂျုံးဂျုံးဂျိုင်းဂျိုင်း ဆွဲထုတ် အားကုန်သုတ် နင်းလာမိတာတွေရော ဘာဆို ဘာမှ မသိနိုင်တော့ဘူး။ ကျွန်တော့်အာရုံဟာ တစ်ခုတည်း၊ ကျွန်တော့်ဦးတည်ရာဟာ တစ်နေရာတည်း။ ကျွန်တော် မြင်လိုသူဟာလည်း တစ်ယောက်တည်းပါပဲ။

ဘီးကို ခပ်သွက်သွက်နင်းရင်း ဘူတာ သွားရမလား၊ အိမ်ပဲ သွားရမလား ကျွန်တော် ကမန်းကတန်း တွေးရတယ်။ ဒီအချိန်၊ ဒီအချိန်လောက်ဆို အိမ်ပဲ ရောက်နေရောပေ့။ အိမ်မှာ မယ်မယ်လည်း ရှိလိမ့်ဦးမယ်။ ကိုလေးလည်း ရှိလိမ့်မယ်။

ကျွန်တော် အရှိန်ကို တိုးလို့ နင်းတယ်။ ခုံမှာ ထိုင်နင်းရတာ အားမရလို့ ထပြီး နင်းတယ်။

ကျွန်တော်တို့အိမ်ကနေ ဘွားကြင်အိမ်အထိ ဆက်စပ်တည်နေတဲ့ ကတ္တရာလမ်းဟာ ဒီနေ့မှာမှ ပိုလို့ ရှည်လျားလာခဲ့သလား။ နင်းလို့ပဲ မဆုံးတော့ဘူးလား။ လမ်းလျှောက်နေတဲ့ လူတွေများ တွေ့ရင် ဘဲလ်က တီးရသေးတယ်။ ရှောင်ကြပါ၊ ရှားကြပါ။ ကျွန်တော်ကတော့ လောလောဆယ် ရှောင်နိုင်မှာ မဟုတ်ဘူး။

နောက်ဆုံးတော့လည်း ဘွားကြင်အိမ်ဆီ ဒုတ်ဒုတ်ထိ ရောက်ပါပြီ။ စက်ဘီးကို အိမ်ထဲ တွန်းယူခဲ့ပြီး စည်းရိုးအတွင်းဘက်ကနေ ထောင်လိုက်တယ်။ လှေကားရင်းမှာတော့ ဖိနပ်တွေဟာ တစ်ပုံကြီးရယ်။ လူ လေးယောက်စာထက် ပိုတယ်။

အိမ်ပေါ်ရောက်တော့ မြင်ဖူးနေပေမယ့် ကျွန်တော်နဲ့ မခင်လှတဲ့ မျက်နှာသုံး၊ လေးခု၊ ပြီးတော့ ကျွန်တော် ချစ်ခင်ရတဲ့ ဘွားကြင်၊ ကိုလေး၊ တစ်လောတုန်းက စိတ်မပြေနိုင် ဖြစ်ရပေမယ့် မျက်နှာမြင်ပြန်တော့လည်း မိခင်မေတ္တာကို နားလည်သယောင် ခံစားမိစေတဲ့ မယ်မယ်။

မယ်မယ့်ဘေးမှာ ရှိသူကတော့ ကျွန်တော့် မမနွေ။

ကျွန်တော်ဟာ အိမ်ရှေ့ခန်း တစ်ခန်းလုံးမှာ သင့်ရာသင့်ရာ ထိုင်လို့ စကားစမြည် ဆိုနေကြသူတွေအားလုံးကို ကြည့်တယ်၊ တွေ့တယ်။ ဒါပေမဲ့ တစ်ယောက်ပဲ မြင်ပါတယ်။ မမနွေ၊ ကျွန်တော့် မမနွေရယ်လေ။

* * *

"တကယ်တမ်းကျတော့ အိမ်က ထွက်သွားမယ့် မနက်စောစောအထိ အဲဒီလို ထွက်သွားဖို့ စိတ်ကူး မရသေးဘူး မြတ်မော်ရဲ့၊ ရထားလာချိန် နီးမှ သူ့အလိုလို စိတ်ပြောင်းသွားတာ"

အဲဒါ ပြီးခဲ့တဲ့ တစ်ပတ်တာအတွက် မမနွေ ကျွန်တော့်ကို ဖြေရှင်းပြခဲ့တဲ့ တစ်သံတည်းသော စကားပါပဲ။ ဒါ့ထက်လည်း ပိုမပြော။ ကျွန်တော့်ကိုတင် မဟုတ်၊ မေမေ့ကိုလည်း မပြော၊ ဘယ်သူ့ကိုမှ မပြော။

မမနွေဟာ စကား ပိုနည်းလာတယ်၊ ပိုငြိမ်လာတယ်။ ကုန်လွန်ခဲ့တဲ့ ရက်တွေအကြောင်း စကားဟဟ မပြောပေမဲ့ မမနွေ သွားခဲ့တဲ့ ခရီးဟာ ပျော်စရာခရီးတော့ မဟုတ်နိုင်ဘူးလို့ ကျွန်တော် မှန်းရတယ်။

တကယ်တော့လည်း မမနွေတင် မဟုတ်ပါဘူးလေ။ မယ်မယ်တို့ တစ်အိမ်သားလုံး ဒီအကြောင်း ရှည်ရှည်ဝေးဝေး စကားစလိုဟန် မပြဘူး။ "နွေအိမ် ပြန်တွေ့ပြီလား" မေးရင် "ပြန်လာပြီလေ" ဆိုတာလောက်ပဲ တိုတိုတုတ်တုတ် ဖြေတတ်တယ်လို့ မေမေ ကျွန်တော့်ကို ပြောပြတယ်။ ကြာတော့လည်း သတင်းစကားတွေဟာ တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်ဖုံ ချဲ့ကားလို့ ဇာတ်လမ်းအသစ်တွေ ထွက်လာပါရော။

တစ်ရက်တော့ သင်တန်းသွားတဲ့အခါ မမဒါလီ စိတ်ကသိကအောက် ဖြစ်နေပုံကို မတွေ့စဖူး တွေ့လိုက်ရတယ်။ စက်ဘီးကို ဒေါက်ထောက် ရပ်နေကျနေရာမှာ ရပ်ပြီး လျှောက်လာတော့ မမဒါလီဟာ ကွပ်ပျစ်မှာထိုင်လို့။ မျက်လုံးတွေကတော့ ခြံထဲက ထွက်သွားတဲ့ အမျိုးသမီးနောက် ကောက်ကောက်ပါလို့။

မမဒါလီရဲ့ မျက်နှာ တင်းမာနေတာကို မြင်နေမကျတော့ ကျွန်တော် ခြေလှမ်းတုံ့ရတယ်။ မမဒါလီက ကျွန်တော့်ကို မမြင်ဘူး။ အသက်ပြင်းပြင်းရှူတယ်၊ လက်သီးကလေး ဆုပ်ထားတယ်။ မျက်နှာပြင်ဟာ ချွေးကလေးတွေ စို့လို့ ပန်းသွေးရောင် တောက်နေတယ်။ မမှိတ်မသုန် ကြည့်နေတဲ့ မျက်လုံးတွေကို ခဏနေတော့ မှိတ်ချလိုက်ရော။

"မမဒါလီ ခေါင်းမူးနေလို့လားဟင်"

မမဒါလီက မျက်လုံး ဖွင့်ကြည့်ပြီး လက်ကာပြတယ်။

"မမူးဘူး မောင်လေး၊ ရတယ်" တဲ့။

နေခြည်ဟာ မမဒါလီ ရှိတဲ့ ကွပ်ပျစ်နားအထိ တိုးဖြာကျနေတယ်။ ကွပ်ပျစ်ပေါ်မှာတော့ ရေနွေးကြမ်းခွက်၊ ကရားအိုး ထည့်ထားတဲ့ ဗန်းတစ်ခု။ ညှော်သည် ရောက်လာမှ ချတတ်တဲ့ ဗန်းကလေး။ ရေနွေးကရား နှုတ်သီးထဲက အငွေ့ငွေ့ဟာ နေရောင်ခြည်တန်းမှာ တငွေ့ငွေ့တက်လို့ ပူးယှက်သွားကြတယ်။

မမဒါလီကို ဒီလို တွေ့ရတော့ ဘော်ကြိုမှာပဲ နေနေသေးတဲ့ မမနွေ့ကို ကျွန်တော် သတိရလာတယ်။ မမနွေ့ဟာ သူတို့အောင်စာရင်းတွေ ထွက်ပြီးရင် သီပေါ ပြန်လာတော့မှာ၊ မယ်မယ့် ခွင့်ပြုချက်နဲ့ အင်္ဂလိပ်စာသင်တန်း ပြန်တက်တော့မှာတဲ့။ ဘော်ကြိုမှာပဲ ဆက်နေရင်တော့ ကျွန်တော့်အတွက် ပျော်စရာပေမယ့် ထပ်ပျောက်ပြန်ရင် ဘယ်လိုလုပ်မလဲ၊ သီပေါမှာ နေတာပဲ အကောင်းဆုံး ဖြစ်လိမ့်မယ်။

လှေကားထစ်ပေါ် လှမ်းတက်မယ် ပြင်တုန်းမှာပဲ "ဘယ်သူလဲ သမီး" ဆိုတဲ့ အသံနဲ့အတူ ဆရာ အိမ်ရှေ့ဘက် ထွက်လာတာ တွေ့လိုက်ရတယ်။ မနက်စောစော ရေချိုးတတ်တဲ့ ဆရာဟာ အဝတ်အစား လဲပြီးစပဲ။ ဆရာ့ကို ဒီလို ဖြူန်းခနဲ တွေ့လိုက်ရရင် အစ်ကို့ကို သိပ်အမှတ်ရတယ်။

"ဘယ်သူရမလဲ၊ အဖေ့ညီမတော်ပေ့ါ၊ နေရာတကာ ပါချင်တယ်၊ ဆရာလုပ်ချင်တယ်၊ ဘာလာပြောတယ် မှတ်သလဲ၊ ကောင်မလေးဟာ မောင်လင်းနောက် လိုက်သွားတာဆိုတဲ့၊ သေချာတယ်ဆိုရင် ဟိုကောင့် ပြန်ခေါ်ပြီး တစ်ခါတည်း တောင်းရမ်းပေးစားကြလေ၊ ဘာလုပ်နေသလဲ တဲ့၊ မဟုတ်ပါဘူး။ ကောင်မလေးဘာသာ သူ့ရွာ ခဏ ပြန်သွားတာပါ သူ့အိမ်က ပြောပြီးသားပဲ၊ သိကြပြီးသားပဲလို့ ပြောလည်း မရ၊ အဲဒါ သူတို့ဘက်က သဘောမတူလို့၊ ဒါမှမဟုတ် ရှက်လို့ လျှောက်ပြောတာ နေမှာ၊ ကိုယ့်မောင်ကိုယ် ပြန်မေးတဲ့၊ သိပ်ခက်တာပဲ၊ ဒီအမျိုးတွေ သိပ်ခက်တယ်၊ အဖေ့ဘက်က တစ်မျိုး၊ အမေ့ ဘက်က တစ်မျိုး၊ ကိုယ့်ဘာသာ အဆင်ပြေနေပါတယ် ဆိုလည်း မရ၊

ဝင်ပြီး လျှာရှည်ချင်ကြတယ်၊ မသိရင် သူတို့ပဲ အစစအရာရာ စီစဉ်တော့မလို၊ လုပ်ပေးလိုက်တော့မလိုပဲ၊ တကယ်လည်း လာလုပ်ဟေ့ဆိုရင် အိအဂျိဂျနဲ့ ဘယ်ချောင်ကပ်သွားမှန်းတောင် သိလိုက်မှာ မဟုတ်ဘူး"

"ခက်တာပဲ၊ ငါ့ကို မနေ့ညနေက တစ်ခေါက် လာပြောကတည်းက ပြတ်ပြတ် ပြောလိုက်ပြီးသား၊ ဝင်မပါနဲ့၊ ဒီဘက်မှာ လူကြီးချင်း အဆင်ပြေတယ်၊ ကလေးချင်းလည်း ဘာမှ ဖြစ်ကြတာ မဟုတ်ဘူးဆိုတာလည်း မရ၊ အခု ထပ်လာတယ်ပေါ့လေ"

"ဩော်...ကိုယ့်အပူနဲ့ကိုယ် ရှုပ်နေလိုက်တာ ငါတပည့်က မတ်တတ် ရပ်နေရပြီ၊ လာ မောင်မြတ်မော် အိမ်ထဲဝင်" လို့ ဆရာက စကားဆက်တယ်။ ကြားရတဲ့ ဇာတ်လမ်းအသစ်မှာ စိတ်ဝင်တစား နားစိုက်နေတဲ့ ကျွန်တော်ဆိုတာလည်း အဲဒီတော့မှ တွန့်ခနဲ ဖြစ်ပြီး ဖိနပ်ချွတ်ဆီ လှမ်းတက်တယ်။ ထိုင်နေကျ စားပွဲမှာပဲ နေရာယူတယ်။

ကျွန်တော့်နားထဲတော့ စောစောက မမဒါလီ ပြောခဲ့တဲ့စကားတွေဟာ လှုံ့တုန်း ဝဲခတ်နေတုန်းပဲ။ တကယ်လား၊ လူတွေ ထင်နေကြတာ တကယ်လား။ တောင်ကြီးကနေ ဟိုးဘက် ထပ်သွားရသေးတဲ့၊ အစ်ကို ရှိတဲ့ ရွာကလေး၊ မြို့နဲ့အလှမ်းဝေးတဲ့ ရွာကလေးဆီ မမနွေတစ်ယောက်တည်း ဘယ်လိုသွားမလဲ။ မမနွေဟာ မမဒါလီ ပြောသလိုပဲ ရွာပြန်သွားတာလား။ ကျွန်တော့်မှာ တောင်တွေး မြောက်တွေးနဲ့ ခေါင်းတွေလည်း ချာချာလည်လို့။

အိမ်ရှေ့ဆီ လှမ်းကြည့်တော့ ဆရာတို့သားအဖက စကားကောင်းတုန်း။ ခဏနေတော့ သင်တန်းသားတွေ တစ်ယောက်စ၊ နှစ်ယောက်စ ရောက်လာ။ ကျွန်တော်နဲ့ ဆက်ရှင်တူ အတန်းသားတွေလည်း ပါလာ။ ကျွန်တော်တို့ အိမ်စာတွေ အဖြေခိုးတိုက်ကြတယ်။ တစ်ယောက်နဲ့ တစ်ယောက် စကားပြော ကျင့်ရမယ် ဆိုတဲ့ ဆရာ့မူအတိုင်း "မနက်ခင်းပါ" ကစလို့ "ထမင်း စားပြီးပြီလား၊ ငါ့ကိုစာအုပ်ငှားပါ၊ ကျေးဇူးတင်ပါတယ်၊ မင်းအကြိုက်ဆုံး ရုပ်ရှင်က ဘာလဲ၊ မင်း မိသားစုဝင် ဘယ်နှယောက်ရှိသလဲ" စတာ စတာတွေလည်း ပြောတဲ့သူတွေ ပြောကြတော့တာပဲ။

စောစောက ဆိတ်ငြိမ်နေတဲ့ အိမ်ဟာ ခုတော့လည်း သက်ဝင်ဆူညံ လာပြန်ပြီ။ အစ်ကိုကတော့ ပြောဖူးပါတယ်။ "အမေ မရှိတဲ့နောက် ဒီသင်တန်းလေးသာ မရှိရင် အဖေဟာ ဘဝ သေသွားမှာ" တဲ့။ လူသေတယ် ဆိုတာကို နားလည်နေတဲ့ ကျွန်တော်ဟာ ဘဝသေတယ် ဆိုတာကိုတော့ နားမလည်လှဘူး။ အစ်ကိုက တစ်နေ့တော့ နားလည်လာလိမ့်မပေါ့တဲ့။

သဒ္ဒါမှားနေတဲ့ အိမ်စာ စာကြောင်းလေး တစ်ကြောင်းကို အသစ်ပြန်ပြင်ရေးပြီး ခေါင်းပြန်မော့တော့ ဆရာတောင် သင်တန်းခန်းမထဲ ရောက်နေပြီ။ စောစောတုန်းက မျက်နှာလေး စွေးစွေးနီနေတဲ့ မမဒါလီလည်း သူ မဟုတ်ပြန်သလို ပုံမှန်မျက်နှာပေး ကြည်ကြည်လင်လင်နဲ့ ဆရာ့ကို ကူဖို့ ပြင်ပြီ။

သင်ပုန်းရှိရာဆီ ငေးရင်း ငေးရင်းက တစ်ချက်တစ်ချက်တော့ စန္ဒရားဆီ မျက်လုံးရောက်တယ်။ ခလုတ် အမည်း၊ အဖြူလေးတွေပေါ် လှလှပပ ပြေးလွှားခဲ့ဖူးတဲ့ အစ်ကို့လက်ချောင်းတွေ၊ ဂီတမှာ အာရုံဝင်စားနေတဲ့ အစ်ကို့မျက်နှာ။ အစ်ကို့ကိုမှ မသိမသာ ခိုးငေးတဲ့ မမနွေ့ရဲ့ မျက်လုံးလေးတွေကိုလည်း ကျွန်တော် အမှတ်ရလာတယ်။

"တစ်နေရာရာမှာပေ့ါ အချစ်ရယ်" တဲ့။ မမနွေ့ ဘယ်ရောက်ခဲ့တာလဲ၊ ဘယ်အရပ်ဆီ ခြေဦးလှည့်ခဲ့တာလဲ။

* * *

တစ်ရက်တော့ ကိုလေးကို အိမ်မှာ နေ့လယ်နေ့ခင်း ရှားရှားပါးပါး တွေ့ရတဲ့အခိုက် နှစ်ယောက်သား အခန်းထဲ စကားလေကြော မျောရင်းက ဖျတ်ခနဲ မေးလိုက်မိတယ်။

"ဟိုးတစ်ရက်တုန်းက မမနွေ့ ဘယ်ရောက်သွားတာလဲ ကိုလေး" လို့။

"မင်းမမနွေ့ ပြောမပြဘူးလား"

ကိုလေးမျက်နှာကို စူးစမ်းမြဲ စူးစမ်းရင်း ကျွန်တော် ခေါင်းခါတယ်။

"မပြောဘူးဆို သူ မပြောချင်လို့လို့ မှတ်တာပဲ၊ အကျယ်တော့ မပြောတော့ပါဘူးကွာ၊ နွေ့ ရွာပြန်တယ်၊ သူ ငယ်တုန်းက နေခဲ့တဲ့ရွာကို စိတ်လေနေတုန်း ခဏ ပြန်သွားတယ်၊ ဒါပါပဲ၊ တစ်ရက်လောက်နေပြီး ပြန်လာမယ် ရည်ရွယ်ထားတဲ့ ကောင်မလေး ရက်ကြာကြာ နေခဲ့တာကတော့ သူ မပြောချင်တဲ့ အကြောင်း၊ ပြောရင်လည်း သူ ဝမ်းနည်းရမယ့် အကြောင်းပဲ ဆိုပါတော့"

ဝမ်းနည်းရမယ့်အကြောင်း။ ဘာအကြောင်းပါလိမ့်။ ဒီမေးခွန်း ကိုလေးကို ထပ်မေးသင့်ရဲ့လား၊ မမေးသင့်ဘူးလား ဝေခွဲမရစိတ်နဲ့ အကဲခတ်နေမိတယ်။ အိမ်မှာတော့ အငယ်မို့ ဂျစ်ကန်ကန် လုပ်တတ်တယ်လို့ လူကြီးတွေ ပြောကြပေမယ့် ကိုလေးဟာ မမနွေ့ အပေါ်ကျပြန်တော့ တကယ့်အစ်ကို ဖြစ်သွားပြန်ရော။ လူတွေဟာ သူတို့ကို ဂရုစိုက်တဲ့သူတွေရဲ့

ပုံစံတစ်မျိုး၊ သူတို့က ဂရုစိုက်ရမယ့် သူတွေရဲ့ ပုံစံတစ်မျိုး ဖြစ်တတ်သလား။

ကျွန်တော်ဖြင့် ကိုလေးကို ဂျစ်ကန်ကန် ပုံစံမျိုးနဲ့ မတွေ့ဖူးဘူးလည်း မဟုတ်။ ကိုလေး စိတ်ဆတ်ပုံကို တစ်ခါ ဗွီဒီယိုရုံမှာ မမနွေကို ကောင်လေးတွေ စတော့ ဝုန်းခနဲ တုံ့ပြန်ပုံနဲ့ သိခဲ့ဖူးတယ်။ မမနွေတို့ ဇာတ်လမ်းစကြတုန်းက လူကြီးတွေ ဆူမှာ စိုးစိတ်နဲ့ တားတဲ့အခါ မမနွေဘက်က ခေါင်းမညိတ်၊ ခေါင်းမခါ စကားလည်း ခွန်းမတုံ့ဘဲ ပေရပ်နေတုန်းက ထောင်းခနဲ ဒေါသထပုံကို မြင်ဖူးတယ်။ ဒါလောက်ပဲ။

ဒါပေမဲ့လည်း အဲဒီပုံစံနဲ့စာရင် အခါများစွာ လိုက်လျောပြေပြစ်တဲ့ ဟန်ကိုပဲ ကျွန်တော့်စိတ်က လက်ခံ သိမှတ်ထားဟန် တူတယ်။

“နွေ သူ့အကြောင်း ပြောပြတုန်းက ဒေါ်ကြီးဘုအကြောင်းရော ပါသလား မြတ်မော်”

ဒေါ်ကြီးဘု။ ကျွန်တော် တစ်ချက်တော့ တွေသွားတယ်။ ဦးနှောက်ရဲ့ ဘယ်အစိတ်အပိုင်းတွေထဲ ရောက်နေမှန်း မသိတဲ့ မှတ်ဉာဏ် အဟောင်းအမြင်းတွေကို ပြန်မွှေနှောက်တယ်။ ဟော…ရပြီ။

“ပါတယ် ကိုလေး၊ မမနွေ ဒီမလာခင်အထိ အတူနေခဲ့သေးတယ် ဆိုတဲ့ အဒေါ်ကြီး…ဒေါ်ကြီးဘု”

“အေး ဟုတ်တယ်၊ အဲဒီ ဒေါ်ကြီးဘုပဲ၊ နွေ ရောက်သွားတဲ့ အချိန်မှာ ဒေါ်ကြီးဘုက မရှိတော့ဘူး၊ နွေဟာ သူ့ဒေါ်ကြီးဘုရဲ့ မြေပုံကိုပဲ ကန်တော့ခဲ့ရတယ်၊ ဆုံးတာတောင် တစ်လပြည့်တော့မယ်တဲ့ကွာ”

“ဩော်” လို့ ကျွန်တော် ရေရွတ်မိတယ်။

ဒါကြောင့်လည်း ပြန်တွေ့ရတဲ့ နေ့က မမနွေရဲ့ မျက်နှာဟာ တစ်ခါမှ မမြင်ခဲ့ဖူးသလို အနွမ်းကြီး နွမ်းနေတာ ထင်ပါရဲ့။ မျက်လုံး တောက်တောက်လေးတွေဟာ ပျောက်ကွယ်ခဲ့ပြီ။ ပြုံးလျလျ ရှိတတ်တဲ့ နှုတ်ခမ်းလေးတွေဟာ ဖွဖွ စေ့ပိတ်လို့ ဆိတ်ဆိတ် နေတတ်ခဲ့ပြီ။ နောက်ရက် နောက်ရက်တွေကောတဲ့။ မမနွေဟာ အရင်လို သနပ်ခါး ပါးကွက်လေး လုလု ကွက်ထားတာ၊ ဆံပင်လေးတွေ သပ်သပ်ရပ်ရပ်ခွေလို့ ကျစ်ထားတာ၊ ပန်းကလေး ပန်ထားတာတောင် မမြင်ရသလောက်ပဲ။ သနပ်ခါးရည်ကျဲလေး ပွတ်ရုံ၊ ဆံပင်တွေကို အဝတ်စနဲ့ စည်းထားရုံပဲ။ အရင်က မြင်နေကျ မမနွေကိုပဲ ကျွန်တော့်မှာ တိတ်တခိုး လွမ်းနေရတယ်။

“မမနွေ သနားပါတယ်နော် ကိုလေး”

“အေးလေ သူ့ရွာကို သူ ပြန်သွားတယ် ဆိုတာလည်း ဒေါ်ကြီးဘုကို တွေ့ချင်လို့တဲ့ မြတ်မော်ရာ၊ အနည်းဆုံးတော့ အမေလို သူ သဘောထားခဲ့တဲ့ သူကို ပြန်တွေ့ရရင်တောင် နွေ ပျော်ရှာမှာပဲ”

“ဒေါ်ကြီးဘု မရှိတော့ဘူးဆိုရင် မမနွေ ဘာလို့ အဲဒီမှာ ကြာနေတာလဲ ကိုလေး”

“နွေက ဒီက ထွက်သွားတုန်းက သူ စုထားတဲ့ မုန့်ဖိုးလေးတွေ ယူသွားသေးတယ်ကွ၊ ဒေါ်ကြီးဘုကို ကန်တော့ဖို့ဆိုပြီး၊ ဟိုရောက်တော့ ဆုံးလည်း ဆုံးနေပြီ၊ တစ်လလည်း ပြည့်တော့မယ်ဆိုတော့ အလှူလေးလုပ် ဆွမ်းလေးကပ်ပြီးမှ ပြန်လာချင်တယ်ဆိုပြီး တလပြည့်အောင် စောင့်နေသတဲ့၊ ကိုလင်းညိုနဲ့ ဘယ်နည်းနဲ့မှ ပါမသွားလောက်ဘူး ဆိုတာ သေချာတော့ မယ်မယ်ရော၊ ငါရော စဉ်းစားတာ ဒီတစ်နေရာပဲ ကျန်တာ၊ အဲဒါနဲ့ လိုက်သွားကြတော့ တွေ့တာပေါ့ကွာ၊ သူ့ဆန္ဒပြည့်ပြီး နောက်တစ်ရက် ပြန်ခေါ်လာကြတာပဲ”

“ဒါများ...”

ကိုလေးက ကျွန်တော့်မျက်နှာကို စူးစိုက်လို့ မျက်မှောင်တွန့်တယ်။

“ဒါများ ဘာဖြစ်တုံး”

“ဘာဖြစ်ရမလဲ ကိုလေးရ၊ ဒီလို ရွာပြန်သွားတာများ လူတွေ မေးရင် ဒီအတိုင်း ကျွန်တော့်ကို ပြောပြသလို ပြောပြလိုက် ပြီးရော၊ အခုတော့ လူတွေက မမနွေဟာ ခိုးရာ လိုက်ပြေးခဲ့တယ်လို့ ပြောနေကြတယ်တဲ့”

“အဲဒီလို လိုက်ရှင်းပြတော့ကော ဘာထူးမလဲ၊ လူတွေက သြော်...ဟုတ်လားဆိုပြီး ပြီးသွားမယ် မှတ်သလား၊ ဒါ မလုံလို့ လာပြောတာပဲဆိုပြီး သူတို့ နဂိုထင်တဲ့အတိုင်း ပြန်ပြောကြဦးမှာပဲ၊ နဂိုအထင်အမြင်ကလည်း နည်းနည်းတောင် ပြောင်းမှာမဟုတ်ဘူး၊ ပြောင်းလည်း တစ်ယောက်၊ နှစ်ယောက်ပေါ့၊ ဘာလုပ်မလဲ မြတ်မော်ရာ၊ အမှန်တရားဆိုတာ ကိုယ့်ဘာသာ သိနေရင်၊ ကိုယ့်ကို တကယ်ချစ်တဲ့လူတွေ သိရင် တော်ပြီပေါ့၊ ဒီအတိုင်း ပြောကြကြေးဆို နွေကို မွေးစားစက ဘာလို့ မွေးစားတယ်၊ ဘယ်က မွေးစားလာတယ်ဆိုတာတွေ ရီရီက သိပ်ပြောခဲ့တာ မဟုတ်ဘူး၊ အဲဒီတော့လည်း ဇာတ်လမ်းအသစ် ပေါ်လာရော၊ အပျိုဘဝ အိမ်ထောင်မကျခင်က လူမသိအောင် ခိုးမွေးထားတဲ့ ကလေး နေမှာတဲ့၊

ဖြစ်ချင်တော့ နွေရဲ့ ရုပ်ကလည်း ကြီးလေ ရီရီနဲ့ ဆင်လေ၊ ပြောလို့ သိပ်ကောင်းတာပေါ့ကွာ၊ ဒါလည်း ရီရီ ရှင်းပြမနေဘူး၊ သူ့ယောကျ်ား သိပြီးသားပဲ တော်ရောပေါ့တဲ့၊ အမျိုးတွေက ကြားစကားနဲ့ နွေ့ကို မကြည်တာတောင် ဂရုစိုက်မနေဘူး၊ အခုလည်း လူတွေ မေးရင် ဒီလိုပဲ တိုတိုတုတ်တုတ်ပဲ ဖြေတာ၊ "ပြန်ရောက်ပြီလား၊ ပြန်ရောက်ပြီလေ၊ ဘယ်သွားတာတဲ့လဲ၊ သူ့ရွာ" ဆိုတာလောက်ပဲ၊ လူတွေကလည်း ဒါလောက်ဆို တော်ရောပေါ့ကွာ၊ ကိုယ် မဟုတ်တဲ့ လူတစ်ယောက်ဆီက သူ့ဘဝအကြောင်းတွေ အသေးစိတ် ဘာလို့ သိချင်နေကြဦးမလဲ"

ကိုလေးရဲ့ စကားကို ကျွန်တော် လုံးစေ့ပတ်စေ့ နားမလည်လှဘူး။ ကျွန်တော့်စိတ်နဲ့ ကျွန်တော်ဆိုရင်တော့ လူတွေ မေးလာရင် ရေရေလည်လည် ဖြစ်အောင် ရှင်းပြမှာပဲ၊ ဒါမှပဲ လက်ခံကြလိမ့်မယ်ချည်း ထင်နေတယ်။

ကိုလေးဆီက ပြန်လို့ မေမေ့ကို ဒီအကြောင်းတွေ ပြောပြ၊ ကျွန်တော့်အထင်ကို အတည်ပြုတော့ ကိုလေး ပြောသလို စကားမျိုးနဲ့ ခပ်ဆင်ဆင်ပဲ မေမေက ပြောလာပြန်တယ်။

"သား တစ်နေ့ လူကြီးဖြစ်ရင် နားလည်လာမှာပေါ့" တဲ့။

လူကြီးဖြစ်လာရင်…။ လူကြီးဖြစ်လာတော့ အကုန်သိရောလား။ အခု မမနွေကို၊ မယ်မယ်တို့ကို စိတ်ညစ်စေတဲ့ စကားတွေ ပြောနေကြတာလည်း လူကြီးတွေပဲ၊ သူတို့ ဘာလို့ မသိတတ်ကြသလဲ။

တချို့ မေးခွန်းတွေဟာ မေးခွန်းအဖြစ်မှာပဲ၊ ဖြေစရာ အဖြေလည်း ရေရေရာရာ ရှိမှာ မဟုတ်ဘူးလို့ နောင်တော့ နားလည်တတ်လာပေမယ့် အဲဒီတုန်းကတော့ ဒါကိုပဲ ထပ်တလဲလဲ တွေးမိတယ်။ လူကြီးတွေဟာ ပိုရက်စက်တတ်သလား၊ သူတို့မှာ သနားစိတ် မရှိတော့ဘူးလား။

ဒါပေမဲ့ တွေးသမျှကိုတော့ မေမေ့ကိုတောင် ပြောဖြစ်လှတာမဟုတ်ဘူး။ အထူးသဖြင့် ဒီနှစ်မှာ ကျွန်တော်ဟာ မေမေ့ကို စကားကုန် မပြောတော့ဘူး။ သူငယ်ချင်းနဲ့မှ ပြောချင်တဲ့စကားတွေ ရှိလာတယ်။ ကျွန်တော်တို့ ဆယ်ကျော်သက်ချင်းပဲ ဖလှယ်ချင်တဲ့ စကားတွေ ရှိလာတယ်။ ဒီတော့ အိမ်မှာနဲ့ အပြင်မှာ စကားကို ခွဲပြီး ဂုက်ပြီး ပြောတတ်လာတယ်။ ကျွန်တော်တို့ အမြင်မှာ လူကြီးတွေဟာ ကျွန်တော်တို့ လုပ်ချင်တာ၊ ပြောချင်တာတွေ မှန်သမျှ တားမယ့် သူတွေလို့ချည်း ထင်စပြုလာတယ်။

ပြောရရင် ကျွန်တော်ဟာ အရွယ်ပြောင်း၊ စိတ်ပြောင်းကာလမို့ တွေးတောကြံဆပုံ၊ လုပ်ပုံတွေ ဖြည်းဖြည်းချင်း ပြောင်းစပြုလာခဲ့တယ်။

နောက်တော့မှသာ ဒီအပြောင်းအလဲကို ရိပ်မိကြောင်း စကားကြုံလို့ ပြောလာပေမယ့် ကျွန်တော့်ဘာသာ သိုသိုသိပ်သိပ် နေဖို့ စကြိုးစားနေတဲ့ ကာလတုန်းကတော့ မေမေဟာ ဘာမဆို မသိသယောင် နေပေးခဲ့တာပါပဲ။

* * *

၁၉၉၈ ဟာ ကျွန်တော့်ဘဝအတွက်ရော၊ မမနွေဘဝအတွက်ရော အလှည့်အပြောင်းတွေ ဖြစ်လာဖို့ အစပျိုးနေတဲ့ ကာလလို့ ဆိုရလိမ့်မယ်။

ကျွန်တော်တစ်ယောက်တည်း အတွက်ဆိုရင် ဖဲရိုက်တတ်လာတာလည်း အဲဒီနှစ်ပဲ။ အနံ့နဲ့တင် မူးရီရီ ဖြစ်ရမလောက် အရသာပြင်းပြတဲ့ တောင်ပေါ် ကောက်ညှင်းအရက်ကို မြည်းစမ်းဖူးတာလည်း အဲဒီနှစ်ပဲ။ လက်ရေးလှတယ်ဆိုပြီး သူငယ်ချင်းတွေ၊ အရပ်ထဲကအစ်ကိုတွေ ကပ်ရေးခိုင်းသမျှ ရည်းစားစာတွေ ရေးပေးတတ်တာလည်း အဲဒီနှစ်ကုန်ပိုင်းကနေ စတာပဲ။ သူတို့ သဘောကျတဲ့မိန်းကလေး ဖြူသလား၊ မည်းသလား မသိရင်တောင် ကျွန်တော့်အတွက် ပြဿနာမဟုတ်ဘူး။ မမနွေကို မြင်ယောင်လို့ စာတွေ အစောင်စောင် ရေးခဲ့တယ်။

“သို့ ချစ်သောနှင်း”၊ “ချစ်ရတဲ့ ညီမလေး” စသဖြင့် အစချီပုံသာ ကွဲမယ်၊ အလယ်မှာ ရေးသမျှ စာသားဟာ မမနွေအတွက်ချည်းပဲ။ မမနွေကို ပြောခွင့်မရသမျှ၊ ရေးခွင့်မရသမျှ စကားလုံးတွေဟာ ဘော်ဒါတွေရဲ့ ခံစားချက်ကို ကိုယ်စားပြုတဲ့ စကားလုံးတွေ ဖြစ်လာခဲ့တယ်။ ကျွန်တော့်စိတ်ထဲ ဝှက်ဝှက် ကွယ်ကွယ် ပြုထားတဲ့ စကားလုံးတွေ ဘယ်လောက် ပြောင်မြောက်ခဲ့တယ်တော့ မသိဘူး။ အဲဒီစာတွေကြောင့် အဆင်ပြေသွားတဲ့ အတွဲလည်း မနည်း၊ စားလိုက်ရတဲ့မုန့်လည်း မနည်းဘဲကိုး။

သူတို့မှာသာ အတွဲအလီလီ အဆင်ပြေနေပေမယ့် ကျွန်တော့်မှာတော့ ခင်မင်စရာ မောင်လေးဘဝမှာ နေမြဲပဲ။ ရယ်စရာလို ပြောရရင် ငယ်တုန်းက မမနွေနဲ့ တတွဲတွဲနေ၊ မမနွေနား တကပ်ကပ် နေတတ်လွန်းလို့ ကျွန်တော့်ကို ယောတောယောင်တောင် ဖြစ်သွားမှာတောင် မေမေက ပူခဲ့သတဲ့။ ရှစ်တန်းနှစ် ရောက်တော့မှ တကယ့်ယောကျ်ားလေးပုံစံ လောက်လောက်လားလား ဖမ်းတတ်လာတော့မှ သက်ပြင်းလေး ခိုးချခဲ့ရတယ် ဆိုတာပဲ။

တကယ်တော့ မေမေ မသိခဲ့တဲ့ နောက်ကွယ်က ကျွန်တော့်ဘဝမှာတော့ ကိုယ်စား ရည်းစားစာရေးရင်သာ မဟုတ်၊ မေမေ့စာအုပ်စင်က ကျွန်တော် ယူမွှေမိတဲ့ စာအုပ်တွေထဲက မင်းသမီးတွေကလည်း မမနွေပဲ။ တက္ကသိုလ် ဘုန်းနိုင်ရဲ့ ခိုင်ဟာ မမနွေပဲ၊ ဂျာနယ်ကျော်မမလေးရဲ့ မေရီဟာ မမနွေပဲ၊

ခင်နှင်းယုရဲ့ မွေးဟာ မမနွေပဲ၊ ဂျူးရဲ့ တင်တင်ဇော်ဟာ မမနွေပဲ၊ တာရာမင်းဝေရဲ့ နှင်းဆီဖြူဟာလည်း မမနွေပဲ။ အို…ကုန်ကုန်ပြောရရင် ဖတ်မိလေသမျှ ဝတ္ထုတွေထဲက ဇာတ်ကောင် မိန်းကလေးတိုင်းဟာ ကျွန်တော့်အတွက်တော့ မမနွေချည်းပါပဲ။ သီချင်းတွေထဲ တေးရေးသူ ဖွဲ့သမျှ မိန်းကလေးပုံရိပ်တွေဟာလည်း မမနွေပဲ ဖြစ်နေပြန်တယ်။

မမနွေ မသိခဲ့တဲ့ ကျွန်တော့်ငယ်ဘဝ ခံစားချက်ဟာ ဆောင်းရာသီဆို တောင်တန်းတောင်ကုန်းတွေထက်၊ လယ်ကွင်းပြင်ထက်၊ လမ်းနံဘေးထက် အလျှို အလျှို ခေါင်းထောင် ပွင့်ဖူးလာတဲ့ နေကြာရိုင်းအခင်း အလှပြင်တွေလိုပဲ လှပခမ်းနားခဲ့ဖူးတယ်။ မေတ္တာဆိုတာဟာ ကိုယ်က ပေးဖို့ပဲ၊ ပြန်ရယူဖို့မဟုတ် ဘာညာ စသဖြင့် ဝတ္ထုတွေထဲက စကားလုံးတွေ သွေးသားထဲ စိမ့်ဝင်နေတဲ့ ကာလဆိုတော့လည်း တိတ်တခိုး ချစ်နေ၊ လွမ်းနေရတာကိုက အရသာတစ်မျိုး လိုလည်း ရှိခဲ့ဖူးတယ်။

တစ်ရက်တော့ လူမသိ သူမသိ သိမ်းထားတဲ့ အရိပ်တွေကို မမနွေ ဖမ်းမိလုလု ဖြစ်ခဲ့ဖူးတာ မှတ်မှတ်ရရပဲ။

အဲဒီနေ့က မမနွေ အိမ်ရောက်လာတဲ့အခါ ကျွန်တော် ရှိမနေဘူး။ ဖိုးခွားတို့အိမ် ရောက်နေတဲ့အချိန်။ သီပေါဈေးသွားမယ့် မေမေ ဖိုးခွားတို့ခြံရှေ့က စက်ဘီးလေးနဲ့ ဖြတ်တော့မှ အိမ်မှာ မမနွေ ရောက်နေမှန်း သိရတော့တာ။ စိုင်းနောင့်ခြေရာ နင်းလို့ ခုနောက်ပိုင်း ကျိတ်နောက်ချင်ပုံ ရလာတဲ့ ဖိုးခွားရဲ့ အရယ်မျက်လုံး အပြုံးမျက်နှာကို မမြင်သယောင်ပြုလို့ အပြေးထွက်ခဲ့တယ်။

မမနွေဟာ ခုတစ်လော ကျောင်းဖွင့်ရက်ဆို သီပေါမှာ နေပြီး ကျောင်းပိတ်ရက် ကျပြန်တော့ ဘော်ကြိုပြန်နေတယ်။ ဆယ်တန်းကို မြန်မာစာ၊ အင်္ဂလိပ်စာ ဂုဏ်ထူးနှစ်ခုနဲ့ လူ့အပြောလွတ်စရာ အောင်ခဲ့ပေမယ့် မမနွေတို့ ဆယ်တန်း မအောင်ခင် ၁၉၈၈ ကတည်းက ပိတ်ထားတဲ့ တက္ကသိုလ်ကျောင်းတံခါးလည်း ပြန်မဖွင့်သေးတော့ ဒီကာလဟာ ပိုနေတဲ့ အချိန်တွေပဲတဲ့။ နဂိုကတည်းက အခြေခံ သိထားပြီးသား စက်ချုပ်ပညာကို ကြီးကြီး သင်ပေးနေတာ၊ သင်ချုပ် ချုပ်ရင်း ကူနေတာမို့ တစ်ပတ် ငါးရက် သီပေါမှာ နေတာလို့ ဆိုတယ်။

ကျွန်တော်ကတော့ ဘော်ကြိုနေလည်း တွေ့ရ၊ သီပေါ နေပြန်တော့လည်း သင်တန်းမှာ ဆုံရတဲ့သူ မဟုတ်လား။ ဘယ်ဇာတ်ကွက်မဆို ကလိုက်ချင်စရာတွေချည်းပဲ။ နာကျင်စရာ ဇာတ်ကွက်တွေ ရောက်မလာခင်မို့လည်း နက်ဖြန်လို့ တွေးလိုက်ရင် ပျော်စရာတွေပဲ

အသင့်စောင့်နေသလို ရှိခဲ့တဲ့ကာလ။

ဒီတစ်ပတ် ပိတ်ရက်တော့ မမနွေ သင်တန်းလည်း မတက်၊ အိမ်မှာလည်း မရှိဘူးဆိုတဲ့အခါ ကျွန်တော့်စိတ်ထဲ ဟာလိုက်သေးတာပေါ့။ သီပေါက ပြန်ရတဲ့လမ်းဟာ ရှည်လျားလိုက်သေးတာပေါ့။ လမ်းနံဘေးက မြက်ရိုင်းပင်တွေ၊ နေကြာရိုင်းပင်စိမ်းစိမ်းတွေ၊ လယ်ကွင်းတွေ၊ ရွာကလေးတွေ၊ တောင်တန်းတွေဟာလည်း ကျွန်တော့်ကို မဆွဲဆောင်နိုင်။ မမနွေ မရှိတဲ့အခိုက် လွတ်ဟာရခြင်းဟာ ကျွန်တော့်ဇာတ်လမ်းမှာ အရက်စက်နိုင်ဆုံး ဗီလိန်ဇာတ်ပို့ပဲ။

ခုတော့ မမနွေဟာ ကျွန်တော်တို့ အိမ်ကလေးမှာ ရောက်နေခဲ့ပြီ။

ပွင့်နေတဲ့ ခြံတံခါးကနေ ကျွန်တော် ကပျာကယာ လျှောက်ဝင်လာတယ်။ လှေကားထစ်တွေကို အထစ်ကျော်ပြီး လှွားခနဲ တက်တယ်။

“မမနွေ”

“ဟော” ဆိုတဲ့ အသံလေးနဲ့အတူ ချာခနဲ လှည့်ကြည့်လာတဲ့ မမနွေကို မြင်ရတဲ့အခါ ကျွန်တော် ထိတ်ခနဲ ဖြစ်သွားတယ်။ မမနွေဟာ ကျွန်တော့် စာအုပ်တွေ ပုံထားတဲ့ စားပွဲလေးနားမှာ ရှိနေတာ၊ ဗလာစာအုပ်လေး တစ်အုပ်ကို ဖွင့်လျက်သား ဖတ်လက်စလို ကိုင်ထားတာ။ ကျုံ့ကျုံ့လေးထိုင်လို့ စာဖတ်နေရာက မော့ကြည့်တော့ ဆံနွယ်တွေဟာ တစ်ခြမ်းစောင်း ဝဲဝဲကလေး လွင့်လို့။ မျက်လုံးလေးတွေဟာ (ခုနောက်ပိုင်း ပြန်တွေ့ရတတ်သလို) ကြည်လို့။ “ဟော” လို့ ရွတ်ပြီး ပြုံးလိုက်တဲ့ အပြုံးကလေးဟာ အိမ်ဝက ကျွန်တော့်ရင်ဘက်ကို ခပ်နက်နက် ထိမှန်ပါတယ်။

ကျွန်တော့်မှာ မမနွေကို တစိမ့်စိမ့်ကြည့်နေချင်စိတ်ရယ်၊ တစ်ခုခုကို ခိုးလုပ်ထားသလို စိုးထိတ်စိတ်ရယ် အားပြိုင်လို့ နေတယ်။

အဲဒီဗလာစာအုပ်ဟာ တခြားမှ မဟုတ်ဘဲကိုး။ ကဗျာလေးတွေ ဖတ်၊ ဝတ္ထုတွေ ဖတ်ရင်း ကိုယ့်ခံစားချက်နဲ့ တိုက်ဆိုင်တာလေးတွေ ကူးထည့်ထားတဲ့ စာအုပ်ပဲကိုး။ ကူးရေးတိုင်းလည်း မမနွေကို မြင်ယောင်ခဲ့ပါရဲ့၊ မမနွေ ဖတ်စေချင်၊ ကျွန်တော် ဖတ်ပြရင်လည်း နားထောင်စေချင်ခဲ့ပါရဲ့။ ဒါပေမဲ့ တကယ့်တကယ်တမ်း ကျတော့လည်း ရင်မဆိုင်ရဲ စိတ်ဟာ ကျွန်တော့် စိတ်နှလုံးကို အပ်ဖျားနဲ့ ခပ်စပ်စပ်ကလေး ဆွလို့ နေပြီ။

“လာပါဦးတော်၊ ဒီစာလေးတွေ ကူးဖို့ စိတ်ကူးရှိတာလေး သဘောကျလွန်းလို့ ဖတ်နေတာ၊ စပ်စုတာ မဟုတ်ဘူးနော်”

"ဟုတ်"

အိမ်ထဲ လှမ်းဝင်လိုက်ရတဲ့ ကျွန်တော့်ခြေလှမ်းတွေဟာ လေးတိလေးကန်။ မမန္တေနဲ့ မလှမ်းမကမ်းမှာ ဝင်ထိုင်ရတာတောင် ခါတိုင်းလို ရဲရဲဝံ့ဝံ့ ဟုတ်မနေဘူး။ တွန့်ဆုတ်ဆုတ် ယောင်တိယောင်န။

"ဒါတွေ ကူးဖို့ ဘယ်လိုစိတ်ကူးရတုံး ပြောပါဦး၊ မမဖြင့် ကြိုက်လိုက်တာဟယ် ဆိုပြီး ဖတ်ရင်းနဲ့ တွေးတော့ တွေးမိတယ်၊ ဒါပေမဲ့လည်း မကူးမိဘူးရော"

"အဲဒါ…အဲဒါကလေ"

"အံမယ် ရှက်နေပြန်ပါပြီ၊ ပြောပြပါဆိုနေမှ တကတဲ"

လူကြီးတွေ စကားအစ ခက်ရင် လုပ်တတ်သလို၊ အစည်းအဝေးမှာ စကားပြောခါနီး လည်ချောင်းရှင်းတတ်သလို "အဟမ်း" လုပ်မလို့ဟာ အလုပ် မတတ်တော့ "အဟစ်" ထွက်သွားရတယ်။ ဖြစ်ရပုံများတော့။

"ဒီလိုပဲ…ဒီလိုပဲ ကူးလိုက်တာပဲ မမန္တေရဲ့၊ ဟိုဟာလေ ဖတ်နေရင်းနဲ့ ကြိုက်တာလေးတွေဆို စာရွက်ခေါက် မှတ်…"

"ဘာ" ဆိုတဲ့အသံက ကြားဖြတ်ဝင်လို့ ကျွန်တော် စကားမဆက်လိုက်ရဘူး။ မမန္တေရယ်လေ ကျွန်တော့်ကို မျက်စောင်းများတောင် ခဲလို့။

"စာရွက်တွေကို ခေါက်ပြီး မမှတ်ရဘူးဆိုတာ ဘယ်နှခါ ပြောပြော မမှတ်ဘူး၊ ကြည့်စမ်း"

စာရွက်အစအန အလွယ်မရှိတတ်တဲ့ မြစ်ဆိပ်ကမ်းနားဆိုရင် သစ်ရွက်ကြွေလေးတွေနဲ့ မမန္တေ ဖတ်လက်စ စာမျက်နှာ မှတ်တတ်ပုံကို ကျွန်တော် ပြေးမြင်မိတယ်။ ခုနောက်ပိုင်း မမန္တေ ပြောလွန်းမက ပြောလို့ စာရွက်ခေါက်တတ်တဲ့ အကျင့်လည်း ဖျောက်ခဲ့သားပဲ၊ စာမျက်နှာ နံပါတ်မှတ်တာ အကျင့်လုပ်သားပဲ။ တစ်ခါတလေတော့လည်း ယောင်ခေါက်မိပြန်တာပေါ့။ "မပြောလိုက်ရင် အကောင်းသား" လို့ ကျွန်တော် နောင်တရလိုက်ပေမယ့် မျက်စောင်းရဲ့ နောက်မှာ အပြုံးက ကပ်ပါလာပြန်လို့ သက်ပြင်းချရတယ်။

"ကဲပါ…ငြိမ်မသွားနဲ့ ဆက်ပြော၊ ခုနက မှတ်လိုက်တယ် ဟုတ်လား၊ မှတ်ပြီးတော့ရောတဲ့"

“မှတ်ပြီးတဲ့ အခါကျတော့ စာအုပ်ပြီးသွားတဲ့အခါ ဒီစာအုပ်ထဲမှာ ကူးထားလိုက်တာပေါ့ မမနွေရ”

“လက်ရေးလေးကလည်း တယ်လှ”

ကျွန်တော် ပီတိဖြာသွားပုံများ လေးကြောင်းမျဉ်းနဲ့ လက်ရေးလှကျင့်ပေးခဲ့တဲ့ မေမေ မြင်စေ့ချင်တယ်။

“ဒါနဲ့ နေပါဦး၊ မေးစရာ တစ်ခု ရှိသေးတယ်”

ဟင်ခနဲ ဒိန်းခနဲ ဖြစ်သွားတဲ့ အတွင်းစိတ်ကို မျက်ကွယ်ပြုပြီး ကျွန်တော် ခေါင်းညိတ်ပါတယ်။ မမနွေဟာ စာမျက်နှာတစ်ရွက်၊ နှစ်ရွက်လောက် လှန်လိုက်တယ်။ ကျွန်တော့်ကို စေ့စေ့ကြည့်ပြန်တယ်။ ဟာ...မျက်လုံးတွေပါ ပြုံးနေပုံက ကြောင်ပေါက်စကို တို့ထိစနောက်တော့မလိုပါလား။ အဲဒါမှ တကယ့် ပြဿနာ။

မိုးရာသီ ကုန်လုလု နွေခင်း၊ မပူနွေးလှတဲ့ နွေခင်းပေမယ့် ကျွန်တော် အိုက်လာတယ်။ ချွေးစေးတွေ ပြန်နေသလိုလည်း ခံစားလာရတယ်။ နေမထိထိုင်မသာ ဖြစ်နေမယ့် ကျွန်တော့်ပုံစံကို အသက် သုံးနှစ်လောက် ပိုကြီးတဲ့ မမနွေက အစဉ်းသိလေမှာပဲ။ စောစောက ပြုံးပုံထက် နည်းနည်း ပိုလာတော့တာပဲ။

ဥပမာပြရရင် ပန်းကလေးတစ်ပွင့် ငုံရာက ပွင့်လာသလိုပေ့ါ။ မမနွေရဲ့ အပြုံးဟာ ပန်းတစ်ပွင့်လိုပဲ။ လတ်တလော အတွင်းစိတ် ကြည်လင်နေပုံလေး ဟပ်နေတော့ အဲဒီ ပန်းကလေးဟာ အရောင်အသွေး ရွှန်းစိုလှပါရဲ့။ မမနွေ စိတ်ကြည်နေမှာပေ့ါ။ ဆောင်းဦးပေါက်ဆို အစ်ကို အိမ်ပြန်လာတော့မှာကိုး။

မလိုစိတ်ကလေး လှစ်ခနဲ ပေါ်တော့ ရင်ခုန်တာ ပျောက်ချင်ချင်၊ ခေါင်းညိတ်ပြီးပေမယ့် “မေးလေ” လို့ ခပ်ဆတ်ဆတ် ပြောလိုက်မိပြန်တယ်။

“ဒီစာသားတွေ၊ ကဗျာစာပိုဒ်တွေ အားလုံးက ခံစားချက်တစ်ခုကို ပြတာတွေချည်းပဲ ဆိုတော့ကာ ငါ့မောင်လေးမှာ ဒါမျိုးစာတွေ စာအုပ်ထဲ ချကူးထားရလောက်အောင် စိတ်ဝင်စားရတဲ့သူများ ရှိနေပြီလားလို့ မေးမလို့၊ ကဲ”

ဟိုက်...သေပြီ။

ဘာပြန်ပြောရမလဲ၊ ကျွန်တော် ဘာပြန်ပြောလိုက်ရမလဲ။

ခေါင်းတွေ ထူပူပုံများ နွေခေါင်ခေါင် ရေခပ်နွေးနွေးနဲ့ လောင်းအချ

ခံလိုက်ရသလိုပဲ။ ရေငွေးငွေ့တွေ လျှံနေတဲ့ ပေါင်းအိုးပေါ် မျက်နှာ အောက်ချ အပ်ထားလိုက်ရသလိုပဲ။ ဟော...ခဏနေပြန်တော့ ပူနေတဲ့ မျက်နှာဟာ ရေအေးအေးနဲ့ ပက်ချလိုက်သလို၊ ဆောင်းလေအေး ဖြန်းခနဲ တိုးလိုက်သလို အေးရပြန်တယ်။ ပူလိုက်၊ အေးလိုက် ဖြစ်နေတာ မျက်နှာပြင်တစ်ခုတည်းမှ မဟုတ်ဘဲ၊ ရင်ဘတ်ရော၊ လက်တွေရော။ အင်း...ခန္ဓာတစ်ခုလုံး မှတ်တာပါပဲ။

မမနွေ့မျက်နှာကိုလည်း ရဲရဲ မကြည့်ရဲတော့သလို အကြည့်လွှဲတယ်။ ဟန်ဆောင်ရမယ်လို့ ကိုယ်စောင့်နတ်က တီးတိုးသင်ပေမယ့် ဟန်ဆောင် ပန်ဆောင် မျက်နှာပေါ် ဇာပဝါတစ်လွှာ အုပ်ရလောက်အောင်ကလည်း ဘဝ အတွေ့အကြုံ နုနယ်လှတဲ့ အချိန်မို့ မျက်စိပျက် မျက်နှာပျက် အကြည့်လွှဲတာ တစ်ခုသာ တတ်နိုင်ခဲ့ပုံပါပဲ။

မီးဖိုဆီ အကြည့်ရွေ့တယ်။ မီးဖိုပြတင်းနားက ကဲလားအောက်မှာ ထုတ်ထားတဲ့ ပန်းကန်ဆေးတဲ့နေရာလေး။ စဉ့်အင်တုံ၊ ဖွဲပြာခွက်၊ သပွတ်အူ။ အဲဒါတွေကို ကျော်လိုက်ရင် ခြံနောက်ဘက်က စိမ်းစိုစို မြင်ကွင်း။ စိတ်နဲ့ ကျော်ကြည့်တော့ တောင်တန်းတွေက ကျွန်တော့်ကို တစ်ပြန်စီး ငေးလို့ “မကြောက်ပါနဲ့” ဆိုတဲ့ လေတိုးသံတွေကိုတောင် ကြားလိုက်ရသလိုပဲ။

“အယ် ...ကြည့်ဦး၊ မျက်နှာလေး ဆီးရွက်လောက်ပါလား မြတ်မော်ရယ်၊ ဘာတုံး အန်တီဆရာမကို ပြန်ပြောမှာ ကြောက်တယ်ပေါ့ ၊ တော်ပြီ၊ မမ မမေးတော့ဘူး ဟုတ်ပြီလား၊ ဒီမှာ စာအုပ်လည်း ပြန်ထားပြီနော်”

ပြုံးစစမျက်နှာပေးနဲ့ စာအုပ်ကလေးကို စာအုပ်ပုံပေါ် မမနွေ့ ထပ်တင်တယ်။ နောက်ရက်ကျရင်တော့ စာအုပ်တွေရဲ့ အောက်ဆုံးမှာ သတိနဲ့ သိမ်းမှပဲလို့ ကျွန်တော် တေးထားလိုက်တယ်။

“ဘာမှ မရှိပါဘူး မမနွေ့ရာ”

“ဘာတုံး”

မေးသူ မရှိတော့ဘူးဆိုမှ ထဖြေတော့လည်း မမနွေ့ ရုတ်တရက် ကြောင်အသွားပုံပဲ။ နောက်တော့မှ သဘောပေါက်ပြီး ထရယ်တယ်။

“ဟုတ်ပါပြီ၊ ဟုတ်ပါပြီ၊ မရှိဘူးဆိုလည်း မရှိဘူးပေါ့”

အရယ်ငွေ့စွက်တဲ့ လေသံကြောင့် ကျွန်တော် အနေခက်ရပြန်တယ်။

“ဒီမယ် အမှန်တော့ လာတာက ဘွားကြင် ခေါ်ခိုင်းလို့၊ အိမ်မှာ သာဂူကျိုထားတယ်၊ မြတ်မော် ကြိုက်တဲ့ ကန်စွန်းဥလေးတွေပါ ထည့်ထားတဲ့

သာဂူကျို၊ အဲဒါ လာစားဖို့ သွားခေါ်ခဲ့တဲ့၊ ခဏနေရင် လာခဲ့နော်”

မလာနဲ့ ဆိုရင်တောင် လာချင်တာပါ မမနွေရယ်။

စိတ်ထဲက စကားတွေဟာ မျက်လုံးကတော့ လျှို့မကျလောက်ဘူး မှတ်ရတာပဲ။ ကျွန်တော် ဆိတ်ငြိမ်ပြုံးနဲ့ ခေါင်းညိတ်မိတယ်။ မမနွေ ပြန်သွားတော့မှ စာအုပ်လေးကို ရင်တခုန်ခုန် ကောက်ကိုင်မိတယ်။ စာမျက်နှာတွေ တဖျပ်ဖျပ် လှန်တဲ့အခါ ကျွန်တော် စာကူးရေးနေတုန်းက တလိုက်လိုက် ခုန်ခဲ့တဲ့ နှလုံးခုန်သံတွေ ဗုံသံလို အတိုးအကျယ် စီရီ ပီသ ထွက်လာပြန်သလိုပဲ။

ပထမဆုံး စာမျက်နှာပေါ်က စာလုံးလေးတွေဟာ ကျွန်တော် မဟုတ်တဲ့ သူစိမ်းတစ်ယောက်ရဲ့ လက်ရေးလိုပါပဲ။

“ခေါင်းညိတ် ခေါင်းခါ

မျက်နှာ လွှဲဖယ်။

ပင့်သက် တိုးတိတ်

နှုတ်ဆိတ်နေမယ်

အမြင် အကြည့်

မယှဉ်မိကြောင်း

သခင် သိရင် ပျော်ပါတယ်။”

(တာရာမင်းဝေ၏ ရွှေဖိနပ်မှာ အစိမ်းရောင် ကြက်ခြေခတ်နဲ့ ကောင်မလေး…မှ)

“ငါသည် ငါ့ဒိုင်ယာရီကြားမှာ ပြန်ညပ်နေသော ဝါးရွက်ခြောက် ကလေးသာ ဖြစ်သည်။ ဘာပဲဖြစ်ဖြစ် အသေခံပြီး ငါ ဆက်ချစ်သွားဦးမည်။ အို…ချစ်သူ၊ ဒီခင်တန်းမှာ ချမ်းမြေ့ဖြူစင်ပါစေ။”

(တာရာမင်းဝေ၏ ရွှေဖိနပ်မှာ အစိမ်းရောင် ကြက်ခြေခတ်နဲ့ ကောင်မလေး…မှ)

* * *

ရှမ်းရိုးမ တောင်တန်းလွှာတွေပေါ် နေကြာရိုင်းပွင့်တွေ ဝင်းပါဝါ ရွှေရည်လောင်းဖို့ အားယူနေတုန်းမှာပဲ သီပေါကို အစ်ကို ပြန်ရောက်လာခဲ့တယ်။ သီပေါ မရောက်ခင် ဘော်ကြိုကို အရင်ခြေချတယ် ဆိုရမှာပေ့ါ။ မိသားစုဝင်တွေနဲ့ မတွေ့ခင် ကျွန်တော်တို့နဲ့ အရင်တွေ့တယ်လို့လည်း ဆိုရမှာပေ့ါ။

အမှန်တော့ အဲဒီ ဆောင်းဦးရာသီဟာ ကာလများစွာ ကြာညောင်းတဲ့အထိ မမေ့နိုင်အောင် အမှတ်ရ တသစွဲကျန်ရစ်မယ့် ပုံရိပ်တွေ ယူဆောင်လာမှန်း မသိနိုင်သေးတဲ့ အချိန်အခါမို့ အစ်ကိုနဲ့ ပြန်တွေ့ရတဲ့ အခိုက်အတန့်မှာ ကျွန်တော် တကယ်ပဲ ပျော်ရွှင်ခဲ့ရပါတယ်။

ကျောင်းပိတ်ရက် စစချင်းရက်တုန်းကတော့ မမနွေ့ဆီ ကျွန်တော် မရောက်ဖြစ်ဘူး။ ပထမတစ်ရက်က ဟိုမော် သွားလည်တယ်။ နောက်တစ်ရက် ကျတော့ ဖိုးခွားနဲ့ ငှက်ပစ်ထွက်ကြတယ်။ မိလာတဲ့ ငှက်ကလေး ပိစိကွေးကို ဖိုးခွားလက်အပ်ပြီး အိမ်ပြန်လာတဲ့ ညနေခင်းမှာပဲ မမနွေ့က အိမ်ရောက်နှင့်ပြီ။ “မနက်ဖြန် နေ့ခင်းကျ ဘူတာ လာခဲ့နော်” တဲ့။

တကယ်တမ်းကျတော့ ကျွန်တော် ရောက်မလာတဲ့ နေ့ခင်းတွေမှာလည်း မမနွေ့ဟာ ရထားစောင့်မြဲ စောင့်ခဲ့သတဲ့။ နှစ်ရက်လုံး စောင့်ခဲ့သတဲ့။ အစ်ကို့ဆီက ပါးလိုက်တဲ့ စာတစ်စောင်မှာ ဒီပိတ်ရက် ပြန်လာမယ်ဆိုသကိုး၊ ရထားနဲ့ပဲ ပြန်လာမယ် ဆိုသကိုး။ ရက်အတိအကျ မသိနိုင်တော့ မမနွေ့ခမျာ နေ့တိုင်း စောင့်ခဲ့ရှာတယ်။ ကျွန်တော့်မှာသာ မမနွေ့များ အဖော်သဟဲလေး လိုမလား မစဉ်းစားမိ၊ စိတ်နှင်ရာ လွှင့်မိတာ စိတ်မကောင်း ဖြစ်ရတယ်။

ဒါနဲ့ပဲ ဆောင်းဦးနေခြည်သာတဲ့ နေ့လယ်ခင်းမှာ ဘွားကြင်အိမ်ဆီ ရောက်နေကျလို ရောက်ရပြန်ရော။ ဘွားကြင်ကိုယ်တိုင် တလှုပ်လှုပ် ချက်ပြုတ်ထားတဲ့ ရှမ်းခေါက်ဆွဲလေး တစ်ပွဲလောက် ဝင်စား၊ ရှေးစကား ပုံရှည်ရှည် မဟုတ်တဲ့ စကားခပ်တိုတိုတွေ နားထောင်၊ စကားထဲ ညှပ်ညှပ်ပြောတတ်တဲ့ စကားပုံအသစ်တွေ မရှင်းတာ ပြန်မေး မှတ်သားရင်း အချိန်မှန် ဥဩသံ မကြားခင် ကျွန်တော်တို့နှစ်ယောက် ဘူတာရုံလေးဆီ ချီတက်လာကြတယ်။

လမ်းသွယ်ကလေး၊ မြက်ပင် မြက်တောတွေ၊ စိန်ပန်းပင်၊ ဘရောင်းလေး။ နေကြာရိုင်း ပွင့်စပြုပေမယ့် အခင်းလွှာကြီးတစ်ခုလို မကျယ်ပြောလှသေး။ ဟိုနားတစ်စ ဟိုနားတစ်စ။ အဝေးနယ်ကနေ မိခင်မြေဆီ ပြန်လာ ကြသူတွေကို မျှော်နေပုံပါပဲ။ သူတို့တွေ ပြန်ချိန်ကျပြန်တော့ တစ်တောလုံး တစ်တောင်လုံး ဝါရွှေထိန်လို့ လွမ်းစဖွယ် နှုတ်ဆက်

ကျန်ခဲ့ဦးမှာပေ့ါ။

အံမယ်…ခုတစ်လော ဖတ်တဲ့စာတွေဟာ အလွမ်းဘက် နွယ်တဲ့ စာအုပ်တွေမို့လား မသိ။ ကျွန်တော်ဟာ လွမ်းစရာတွေကို တောင်တောင်ဤဤ တွေးတတ်လာပြီ။

ခုပဲ ကြည့်ပါဦး။ ရထားလာမယ့်အရပ်ဆီ လည်တိုင်ဖြူ ကြော့ကြော့လေး ချီလို့၊ ကျွန်တော့်ကို ကျောပေးလို့ မမနွေ ငေးပုံကလည်း တောတန်းကလေး၊ တောင်တန်းရိပ်ကလေး နောက်ခံနဲ့ ပန်းချီလို လွမ်းစရာပဲ။ ခဏနေရင် ရထားကြီး ရောက်လာတော့မှာ ပျော်စရာကောင်းပေမယ့် ငါးမိနစ်လောက် နေရင် အစ်ကိုနဲ့ ကျွန်တော်တို့ ခဏ ခွဲကြရဦးမှာ လွမ်းစရာပဲ။ အင်း…လွမ်းစရာ အကောင်းဆုံးတစ်ချက်ကတော့ ကိုယ်ချစ်ရသူက သူ့ချစ်ရသူကို မျှော်နေချိန် ကိုယ်ကပါ အဖော်ပြုနေရတဲ့ အဖြစ်ပါပဲ။

"မမနွေ"

ခါးထိအောင် ရှည်နေပြီဖြစ်တဲ့ ဆံနွယ်နုနုတွေ လှုပ်ယမ်းအောင် မမနွေ လှည့်ကြည့် မေးဆတ်ပြတယ်။

"ဒီလို ဘူတာမှာ လာစောင့်တော့ ဟိုတစ်ခါကလို ဘွားကြင်တို့ ဆူရင် ဘယ်လို လုပ်မလဲ၊ မယ်မယ် ရိုက်ရင် ဘယ်လို လုပ်မလဲ"

မမနွေက ခြေတစ်လှမ်း ဆုတ်ပြီး ကျွန်တော်နဲ့ ဘေးချင်း ယှဉ်ရပ်လိုက်တယ်။ အသံလေးကို နှိမ့်ချလို့-

"မယ်မယ်က အရင်လို မဟုတ်တော့ဘူး၊ နည်းနည်းတော့ ပြောင်းသွားပြီ မြတ်မော်ရဲ့၊ အပြင်မှာ လျှောက်သွားတာတွေ ဘာတွေ မလုပ်နဲ့ပဲ ပြောတာ၊ စာတွေ ဘာတွေ လာနေတာလည်း သိတယ်"

"စာတိုက်က စာလား"

"အင်းပေ့ါ၊ အစ်ကို့ဆီက စာလာရင် အရင်က မမဒါလီဆီကနေ ပို့ရတာ မဟုတ်လား၊ အခု သီပေါအိမ် လိပ်စာနဲ့ပဲ ပို့တယ်၊ "စာ" ဆိုလို့ ပြောရဦးမယ်၊ အရင်က စာပို့သမား ဦးလေးကြီး လာလာပို့တဲ့ စာတွေကိုလေ အခု မမတို့ ရပ်ကွက်ထဲကပဲ ဘဘတစ်ယောက်က ယူယူလာပေးတာတော့်၊ ဘဘ ဦးကျော်စိန်လေ"

"ကျွန်တော် မသိဘူးရော"

"အင်း...မြတ်မော် ဘယ်သိမလဲ၊ ဘဘ ဦးကျော်စိန်က စာတိုက်ကို အမြဲ သွားတယ်၊ စာတွေ ပုံမှန်ပို့တယ်၊ သီပေါက ပြောင်းသွားတဲ့ မိတ်ဆွေတွေ၊ ဒီမှာ တာဝန်လာကျလို့ ခင်ကြ၊ ပြီးတော့ တခြားနယ် ပြောင်းသွားတဲ့ မိတ်ဆွေတွေဆီ စာပို့တယ်၊ ပို့စကတ်တွေ ပို့တယ်၊ စာတိုက်ကို အမြဲရောက်တာ၊ စာတွေလည်း သူ သိတဲ့သူရဲ့စာဆိုရင် စာပို့သမားအပို့ရ သက်သာအောင် ယူလာပေးတာပဲ၊ အဲဒီတော့ မမကို သိနေတော့ ယူလာပေးတော့တာပေ့ါ၊ မမဒါလီတို့ စာတွေလည်း ဒီလိုပဲ ယူလာပေးနေကျ၊ အစ်ကို့လက်ရေးတောင် မှတ်မိနေပြီတဲ့ ပြောသေးတယ် သိလား"

အစ်ကို့ဆီက စာတော့ ဒီကြားထဲ ကျွန်တော် တစ်ကြိမ် ရဖူးပါတယ်။ မမနွေဆီ ထည့်တဲ့ စာအိတ်လေးထဲ ရောထည့်လိုက်တာပါ။ သတိရကြောင်း၊ သာကြောင်း မာကြောင်း၊ သူ့ရွာလေးအကြောင်း၊ တပည့်တွေအကြောင်း။ စာလေးတစ်ကြောင်းကိုတော့ ခုထိ စွဲမြဲ မှတ်မိနေတယ်။ "အစ်ကို မရှိတဲ့အခိုက် မင်းမမနွေကို စောင့်ရှောက်ပါ ညီလေးရေ" တဲ့။ ကျွန်တော့်မယ် ကြည်နူးစိတ်၊ ဝမ်းနည်းစိတ် ဒွန်တွဲလို့ မျက်ရည်ဝဲရတော့တာပေ့ါ။ အစ်ကို မပြောလည်း မမနွေကို စောင့်ရှောက်ပြီးသား၊ မမနွေအနား ဖဝါးခြေထပ် လိုက်ပြီးသား၊ အရိပ်လို အတူရှိချင်ပြီးသားပါ။

ခုလိုပေ့ါ၊ ခုအတိုင်းလေးပေ့ါ ။

ရှမ်းတောင်တန်းတွေပေါ် တိမ်မျှင်စတွေ တိမ်ပင်လယ်ခင်းလို့ တရိပ်ရိပ် တအိအိ လွင့်သလို ကျွန်တော့်စိတ်တွေ ပွေလီယိမ်းယိုင်တုန်းမှာပဲ ရထားဥဩသံကို ကြားတော့ မမနွေက "ဟော" တဲ့။ အဲဒီ အာမေဍိတ်သံလေးမှာ ခံစားမှုပေါင်းစုံ စီးမျောနေတာ ကျွန်တော် ကူးယူနားလည်မိတယ်။ ပျော်မှာပေ့ါ။ လေးလလောက် မတွေ့မမြင်ရတဲ့ ချစ်သူကို ပြန်တွေ့ရခိုက်မှာ မမနွေ ပျော်မှာပေ့ါ။ ခုနေခါ ဘော်ကြိုဘူတာဆီ လည်ပင်းရိုး ကျိုးမတတ် မျှော်နေလောက်ပြီဖြစ်တဲ့ အစ်ကိုလည်း ရင်တလှိုက်လှိုက် ခုန်နေလောက်ရောပေ့ါ ။ ပြီးခဲ့တဲ့ နွေတုန်းက ရန်ကုန်က ပြန်လာချိန် ဘူတာမှာ မမနွေ ရှိနေမယ်ဆိုတာ သိလို့ ကျွန်တော် ရင်ခုန်ခဲ့ဖူးသလိုလေ။

တွေ့နေကျ မြင်နေကျလို ရထားကြီး ဆိုက်လာတယ်။ လူတချို့ဆင်းတယ်။ အစ်ကိုလည်း ပါလာတယ်။ အစ်ကိုဟာ အပြေးလှမ်းမလာဘူး၊ မမနွေကလည်း အပြေးမသွားဘူး။ ဒါပေမဲ့ သူတို့ အပြုံးတွေကတော့ အချင်းချင်း တိုးတိုက်မိလောက်ပြီ၊ စိတ်အာရုံချင်းလည်း နီးနီးကပ်ကပ် ပေါင်းဆုံမိလောက်ပြီ။ ရသမျှ အချိန်တိုလေးထဲမှာ အစ်ကိုဟာ ခရီးလမ်းအကြောင်း တစ်ခွန်း နှစ်ခွန်းပဲ ပြောတယ်၊ မမနွေကလည်း စကားနည်းနည်းပဲ ထောက်တယ်၊ ကျန်တဲ့အချိန်တွေကတော့ ပြုံးလို့

တစ်ယောက်နဲ့ တစ်ယောက် မျက်လုံးချင်း ဖျတ်ခနဲဆုံ၊ ဖျက်ခနဲ အကြည့်လွှဲလို့ပါပဲ။

ကျွန်တော့်မျက်လုံးထဲမယ် ရုပ်ရှင်ဇာတ်ဝင်ခန်း တစ်ခန်းကို ကြည့်နေရသလို။ မြင်ရ တွေ့ရ ကြည်နူးရသမျှ ပစ္စုပ္ပန်ဟာ ခဏပဲ၊ တစ်ခဏပါပဲ။ အဲဒီ ခဏငယ်လေး ကုန်လွန်တဲ့နောက် ကျွန်တော်တို့ကို နှုတ်ဆက်လို့ ရထားကြီး ခေါ်ရာနောက် အစ်ကို လိုက်သွားရပါတော့တယ်။

ကျွန်တော်ဟာ ရထားကို ငေးကျန်တဲ့ မမနွေ့ကို ငေးမိတယ်။ နောက် တောင်တန်းတွေဆီ အကြည့်ဝေမိပြန်တယ်။ ကျွန်တော်ပဲ စိတ်ထင်လို့လားတော့ မပြောတတ်။ တောင်ပြာရိပ်ဟာ ကျွန်တော့်ကို စိတ်လက်မကောင်း ပြန်ငေးနေသလိုပါပဲ။ ကျွန်တော် ခေါင်းကို ဆတ်ခနဲ ငုံ့ချမိတယ်။

တောင်တန်းကြီးရေ၊ ငါ့မမနွေ့ ပျော်ပါစေ၊ သူ ပျော်မှပဲ ငါလည်း ပျော်နိုင်မှာမို့ပါ။ ငါ မပျော်ရဘူးဆိုရင်တောင် ရှိပါစေ၊ ငါ့ရဲ့ပျော်စရာအချိန်ရယ်၊ ကံကောင်းခြင်းမှန်သမျှရယ် ပေးမလားဆိုရင်တောင် ငါ့မမအတွက်ဆို နှစ်ခါပြန် မစဉ်းစားစတမ်း ပေးလိုက်နိုင်ပါတယ်။

* * *

တကယ်တမ်း အစ်ကိုနဲ့ ကျွန်တော် အေးအေးဆေးဆေး တွေ့ရတာဟာ စနေနေ့ခင်း သင်တန်းပြီးချိန်မှပါပဲ။ သင်တန်းဆင်းတော့ သူငယ်ချင်းတွေနဲ့ "ယောက်ဖရေ၊ မနက်ဖြန်မှ တွေ့မယ်ဟေ့" တွေ ဘာတွေ ရွှတ်နောက်နောက် နှုတ်ဆက်ပြီး ကျွန်တော် နေရစ်တယ်။ မမနွေ့လည်း နေရစ်တယ်။ မမနွေ့နဲ့ မမဒါလီကို ဒီနောက်ပိုင်း ညီအစ်မလို မြင်မြဲ မြင်ရပြန်ပြီ။ ခုနေခါတော့ မီးဖိုချောင်ထဲ နေ့ခင်းစာစားဖို့ ပြင်ဆင်ရင်း ခေါင်းချင်း ဆိုင်နေကြရော့မယ်။

ကျွန်တော့်မှာကလည်း ထုံးစံအတိုင်း အစ်ကို့ကို စပ်စုချင်တာတွေ အများသားရယ်။ အစ်ကို့စာထဲက ရွာကလေးအကြောင်း ထပ်သိချင်တယ်။ တောင်သူတွေရဲ့ သားသမီး ကျောင်းသား၊ ကျောင်းသူလေးတွေအကြောင်း ထပ်သိချင်တယ်။ ဒါတွေ ဒါတွေ သိရပြန်တော့လည်း အဲဒီအရပ်က တောင်တန်းတွေဟာ ကျွန်တော်တို့ သီပေါနယ်တစ်ဝိုက်က တောင်တန်းတွေလောက် လှရဲ့လား၊ သိမ်တောင်ပေါ်က လှမ်းကြည့်ရင်မြင်ရတဲ့ ဒုဋ္ဌဝတီ ရစ်ခွေတဲ့ သီပေါ သဘာဝ ပတ်ဝန်းကျင်လောက် လှရဲ့လား ထပ်သိချင်ပြန်တယ်။

မေးခွန်းတွေများလှတဲ့ ကျွန်တော့်ကို ကျောင်းဆရာ အစ်ကိုက စိတ်ရှည်ပါတယ်။

"မြန်မာတစ်နိုင်ငံလုံး ပတ်ဝန်းကျင်ရှုခင်းဟာ သူ့နေရာနဲ့သူ လှတာပဲ မြတ်မော်ရဲ့၊ မြတ်မော်က သီပေါမှာ နေနေလို့၊ သီပေါမှာ ပျော်လို့ ဒီနေရာက အလှဆုံးထင်မယ်၊ အစ်ကိုကလည်း ရွာရောက်နေလို့၊ ရွာမှာပျော်လို့ ရွာပတ်ဂန်းကျင်က သိပ်လှတာပဲ ထင်မယ်၊ ဟော...တစ်နေ့ကျပြန်တော့ မြန်မာနိုင်ငံ အောက်ပိုင်းမှာ နေရပြန်ရင် ပင်လယ်ပြာကို မြင်နေရတဲ့ အရပ်ကသာ ပိုလှတယ် ထင်ရင် ထင်လာဦးမယ်၊ အမှန်တော့ အလှဆိုတာ သူ့နဂိုအတိုင်း ရှိနေတာပဲကွ၊ လူ့စိတ်ကသာ ဒီအလှထက် ဟိုအလှကပိုတယ်လို့ လိုက်ဆုံးဖြတ်နေတာ၊ အဓိကက မြတ်မော် ဘယ်နေရာမှာ ပျော်သလဲ ဆိုတာပဲ၊ စိတ်ပျော်ရင် လှတယ်လို့ အလိုလို ခံစားမိလာမှာပဲ"

"အစ်ကို စကားပြောတာ ကိုလေးလိုပဲ၊ ကျွန်တော် နားမလည်တာတွေ အားကြီး ပြောတတ်တယ်"

ဒီတော့ အစ်ကိုက အားပါးတရ ရယ်ပြန်ရော။

"အေးကွာ၊ ကိုယ့်တုန်းက ကိုယ်နားမလည်တာတွေ လူကြီးတွေက ပြောတတ်တော့ အခု ပြန်ပြောရတဲ့အချိန် လျှောက်ပြောမိတယ် မှတ်တာပဲ၊ ရှင်းရှင်းလေး တစ်ခုပဲ မှတ်ထား၊ အရပ်ဒေသတစ်ခုဟာ သိပ်လှစရာ၊ သိပ်ဖွံ့ဖြိုးစရာ မလိုဘူး၊ ကိုယ်ပျော်တဲ့အရပ် ဖြစ်ဖို့ပဲ လိုတယ်"

အံမယ်...ဒါကျတော့ နားလည်သလို ရှိလာပြန်ရော။ သီပေါဟာ ရန်ကုန်လို မဟုတ်ဘူး၊ ဒါပေမဲ့ ကျွန်တော် သီပေါမှာ ပျော်နေတယ်၊ ဒါမျိုး ပြောတာ ဖြစ်မှာပဲ။

"အစ်ကိုတို့ဆီ ကျွန်တော်တို့ လာလည်လို့ မရဘူးလား၊ မမနွေ့ရယ်၊ ကျွန်တော်ရယ်လေ"

"ဟာ...ဘယ်ဖြစ်မလဲ မြတ်မော်ရ"

"ဘာလို့လဲ အစ်ကို၊ သူတို့ဆီ ဧည့်သည်လာလို့ မရဘူးလား"

အစ်ကိုက ဖြေဖို့ရာ စကားလုံး ရှာသလို ခဏ ငြိမ်နေတယ်။ ပြီးမှ-

"လာလို့တော့ ရပါတယ်၊ လောလောဆယ်က ဘယ်လို ပြောရမလဲ၊ သိပ်မအေးချမ်းသေးဘူး၊ အင်း...မအေးချမ်းသေးဘူး ဆိုပါတော့ကွာ၊ အိမ်ရှင်လို ဖြစ်နေတဲ့ အစ်ကိုတောင် ဘက်နှစ်ဖက်ကြားမှာ ကျောင်းသားတွေမျက်နှာတစ်ခုနဲ့ အဆင်ပြေအောင် ကြိုးစားနေနေရတဲ့အချိန် မြတ်မော်ရ၊ အေးချမ်းမှ၊ အင်း...အေးချမ်းတော့မှပဲ အလည်ခေါ်တာပေါ့"

ဘယ်တော့ အေးချမ်းမလဲ။

ဒီမေးခွန်း မေးဖို့ ပြင်တုန်းမှာပဲ အစ်ကို့သူငယ်ချင်း ရောက်လာတာကြောင့် စကားဆက်ပြတ်ရတယ်။ ဧည့်သည်ပြန်လို့ နှစ်ယောက်တည်း ကျန်ပြန်တော့လည်း ခဏ ပြတ်တောက်ခဲ့ရတဲ့ အကြောင်းအရာကို အစ်ကို ပြန်မစတော့သလို ကျွန်တော်လည်း စိတ်မဝင်စားလှတော့ဘူး။

မမနွေ့တို့တစ်တွေ နေ့ခင်းစာစားဖို့ ထွက်မလာခင်အထိ ကျွန်တော်တို့မှာ ထွေရာလေးပါးတွေ ပြောမဆုံးပေါင် တောသုံးထောင်။ မနှစ်ကနဲ့ ဒီနှစ် တစ်နှစ်လောက်အတွင်း မြတ်မော် အတော် ပြောင်းလဲသွားတယ်လို့ အစ်ကို မှတ်ချက်ချတယ်။ အရပ်ရှည်ထွက်လာသတဲ့၊ အသံအောလာသတဲ့၊ သင်တန်းသူတွေနဲ့ စကားပြောရင် နည်းနည်းလည်း ရှက်ကိုးရှက်ကန်း ဖြစ်သယောင် ပြလာသတဲ့။ အသား နည်းနည်းညိုလာ၊ မျက်နှာသွင်ပြင်ကလည်း ငယ်ရုပ် နည်းနည်း ပျောက်လာသလိုပဲတဲ့။

ကိုယ့်ဘာသာ အသေအချာ သတိမထားမိတာတွေ အစ်ကို ပြောပြန်တော့ “ဟုတ်သားပဲ၊ ဟုတ်သားပဲ” နဲ့ ကျွန်တော့်မှာ တအံ့တသြရယ်။

ကိုယ့်အပေါ် တစ်ပါးသူက ထပ်မျှနီးပါး အကဲခတ်နိုင်ပုံကို အံ့အားသင့်စိတ်ဟာ ခဏနေပြန်တော့ ထိတ်လန့်စိတ်အဖြစ် ပြောင်းရပြန်ရော။ မမဒါလီ အတင်းကျွေးတဲ့ ရှမ်းဟင်းစုံနဲ့ ထမင်းဖြူ မွှေးပျံ့ပျံ့ အရသာဟာ အဲဒီထိတ်စိတ်ကို မဖျောက်နိုင်ဘူး။ အစ်ကိုဟာ ကျွန်တော့်ရင်ထဲကို လှမ်းမမြင်ခဲ့ဘူးလို့ ဘယ်သူ ပြောနိုင်မလဲ။

ငယ်တုန်းက ကျွန်တော် မမနွေ့ကို ကြည့်တဲ့ အကြည့်နဲ့ ခုနောက်ပိုင်း အကြည့်တွေ မတူကွဲပြားနေတာ အစ်ကို ရိပ်မိခဲ့သလား။ သီပေါမြို့ပေါ်မှာ တခြားခင်မင်ရသူ မရှိမဟုတ် ရှိပေမယ့် နေရသမျှ အချိန်တိုလေးအတွင်း မမနွေ့ အနားနေဖို့သာ စိတ်ရှိတာ၊ အဲဒီစိတ်အတိုင်း တစ်ဆံခြည်မလျော့ လိုက်လုပ်မိတာကို အစ်ကို တွေးနိုင်ခဲ့ပြီလား။ အစ်ကို့အပေါ် သံယောဇဉ်ရှိတာက သတ်သတ် ရံခါ မလိုသလို စိတ်မျိုး ဝင်မိတာက သတ်သတ်ဆိုတာ အစ်ကို ခံစား သိခဲ့ပြီလား။

ဘုရား ...ကျွန်တော့်မျက်နှာဟာ ဟင်းချိုပူပူက အငွေ့ကြောင့်လား၊ ထမင်းငွေ့ကြောင့်လား နွေးလိုက်တာ။

* * *

“ဟော့ကောင် မြတ်မော်၊ လာစမ်းပါကွာ၊ မင်းက တုံ့နှေးတုံ့နှေးနဲ့”

“ဟိုက် ရှာလပတ်ရည်” လို့ အီကြာကွေးဝတ္တုထဲကလို အော်ရတော့မလိုပဲ။ စိုင်းနောင့်လေ၊ စိုင်းနောင့်တစ်ယောက် တက်ကြွနေလိုက်တာဆိုတာ မြင်မကောင်း ရှုမကောင်း။ လူကလည်း ပျာယီးပျာယာ၊ ဆံပင်တွေကလည်း စက်ဘီးကို ဒုန်းစိုင်း နင်းလာတာမို့ ပွရောင်းရောင်း။ ပုဆိုးကို ကြည့်ဦးမလား၊ ဝတ်ထားလိုက်တာ ကပိုကရို။ ခါးပုံစက မသပ်မရပ် ထွက်ကျလို့၊ ရှပ်လက်တို ဒုတိယကြယ်သီး ပြုတ်နေတာ ဖရိုဖရဲပုံမို့ စောစောကတင် သတိပေးခဲ့ရသေးတယ်။ မျက်နှာလေး ရှမ်းချောချောလို့ ကြည့်ကောင်းလို့သာ တော်တော့တယ် ဆိုရမယ်။ တကယ့်ကောင်။

“အေးပါကွာ၊ အေးပါကွာ” လို့ ရယ်ဟဟ တုံ့ပြန်ရင်း ကျွန်တော် စက်ဘီးသော့ခတ်တယ်။ စိုင်းနောင့် တလွှားလွှား လျှောက်တဲ့ ဘူတာထဲ အပြေး လိုက်ဝင်ရတယ်။

ကျွန်တော်တို့ ရောက်နေတာ သီပေါဘူတာပေ့ါ။ သီပေါဘူတာရဲ့ နေ့လယ်ခင်း ရထားစောင့်ဆိုင်းချိန်ပေ့ါ။

ကျွန်တော်ဟာ ဘူတာနဲ့ တော်တော့်ကို အကျိုးပေးတယ်၊ အတိအကျဆိုရရင် ဘူတာမှာ သံယောဇဉ်ရိပ် စောင့်သူတွေနဲ့ အတော်အကျိုးပေးတယ် ဆိုရမယ်။ ဒီဘူတာကို မမနွေနဲ့ အတူရောက်လာဖူးတယ်။ ဘော်ကြိုဘူတာလေးမှာ မမနွေနဲ့ အတူရှိဖူးတယ်။ အဲဒီတုန်းကလည်း စောင့်စားသူ၊ နှုတ်ဆက်သူ အခြေအနေနှစ်မျိုးနဲ့။ အခုလည်း ထိုနည်းနှင်နှင်ပဲ။

“သူ ပြန်လာမှာ သွားစောင့်ချင်တယ်ကွာ၊ မနက်ဖြန် ပြန်လာမှာလို့ သူ့သူငယ်ချင်း ပြောလိုက်တာပဲ” လို့ တဖွဖွပြော၊ အတင်းအကျပ် ခေါ်တာနဲ့ နှစ်ယောက်သား ဘော်ကြိုကနေ သီပေါအထိ ရောက်လာခဲ့ကြပြီ။ သူ့ကတိ အတိုင်း အပြန်ကျရင် လက်ဖက်ရည်၊ မုန့် အဝကျွေးမယ်ဆိုတာကိုသာ မျှော်တလင့်လင့်နဲ့ ဒီကောင့်နောက် လိုက်လာရတယ်။

“မင်းကောင်မလေးက မင်းဆီ စာတွေ ဘာတွေ မရေးဘူးလားကွ”

အလဲ့ …မင်းကောင်မလေး ဆိုတာကြောင့်လားမသိ။ စိုင်းနောင့်ရဲ့ နဂိုနေ မတည်လှတဲ့ မျက်နှာဟာ ပြုံးဖြဲဖြဲ ဖြစ်သွားပါရော။

“ဘယ်ရေးမလဲကွ၊ ငါ့ကို ကြိုက်တယ်တောင် ပြန်မပြောသေးတဲ့ဟာ”

"အေးပါကွာ၊ နောက်နှစ်တော့ ဒီအချိန် ကောင်မလေး လက်ရေးနဲ့ စာပြန်ရပါစေ ဆုတောင်းပေးလိုက်မယ်"

"ဘာနောက်နှစ်၊ နောက်နှစ် မရောက်ဘူး ဟော့ကောင်၊ သူ ငါ့စာကို ယူတယ်၊ ဖတ်တယ်ကွ၊ ပြန်သာ မပြောသေးတာ၊ သူ့သူငယ်ချင်းက အခြေအနေကောင်းတယ် ပြောပြီးသား"

"ညာစားနေတာ နေမှာပါကွာ"

စိုင်းနောင့်က "မင်းနော်" လို့ လက်သီးရွယ်တယ်။ ကျွန်တော် သဘောတကျ ရယ်မောရင်း သူ့နောက် လိုက်လာတယ်။

သီပေါဘူတာကတော့ တွေ့နေကျ မြင်ကွင်းနဲ့ ကျွန်တော်တို့ကို ကြိုတာပါပဲ။ ရထားစောင့်သူတွေ၊ ဈေးသည်တွေ။ သူတို့ဆီက ရှမ်းစကားသံ၊ ပလောင်စကားသံ၊ ဗမာစကားသံ။ အသားအရောင် အဖြူ၊ အဝါ၊ အညို အစုံအလင်။ ဒီရေဒီမြေမှာ တွေ့မြင်နေကျ လူတွေအပြင် ဒီအရပ်က မဟုတ်၊ ကျွန်တော်တို့လို ဌာနပြောင်း၊ ရုံးပြောင်း၊ ကျောင်းပြောင်းနဲ့ ရောက်လာသူ၊ ရေကြည်ရာ မြက်နုရာ ရှာဖွေသူတွေ အဖုံဖုံပါပဲ။

စိုင်းနောင့် ပြောပြောနေတဲ့ ကောင်မလေး ဆိုတာဟာလည်း ကျွန်တော့်လို နယ်ပြောင်း ဝန်ထမ်းသားသမီးတစ်ယောက် ဆိုပါတော့။ ဒီကောင် သူ့အဒေါ် ရှိတဲ့ ဈေးရပ်က အိမ်ကို သွားသွားရင်းနဲ့ ကောင်မလေးကို တွေ့လာခဲ့တာလို့ ဆိုတယ်။ ကောင်မလေးတက်တဲ့ ကျူရှင်ကို ဒီနှစ် နှစ်စကတည်းက လိုက်တက်ဖို့ ကြံရာမှာ သူ့အိမ်က ကိုးတန်းမှ တက်ဆိုလို့ ငြိမ်နေရသတဲ့။ ကြံရာမရတဲ့အဆုံး ကောင်မလေးရဲ့ သူငယ်ချင်းကိုပဲ အပူကပ်ပြီး စာလေးတွေ ရေးရေးပို့တာပေါ့လေ။ စာရေးသူကတော့ သိတဲ့အတိုင်း ကျွန်တော်ပါပဲ။

စာတစ်စောင်ထဲမယ် တာရာမင်းဝေရဲ့ ဝတ္ထု၊ ကျွန်တော် အလွန်ကြွေရတဲ့ ဝတ္ထုထဲက "ဒီလိုနဲ့ပဲ၊ မျက်လုံးတွေ ပြန်ယူဖို့ အခါအခွင့် စောင့်နေခဲ့စဉ်၊ နတ်ဖန်ဆင်းတဲ့ နှင်းကို မြင်တယ်" ဆိုတာလေး ထည့်ရေးပေးတုန်းက ဒီကောင် သဘောကျလိုက်တာမှ အလွန်ပဲ။ "ကောင်းတယ်ကွာ၊ မိုက်တယ်ကွာ"နဲ့ နေတာပဲ။ သူ့ကောင်မလေး နာမည်အစက "နှင်း" ကိုး။

အခု အဲဒီနှင်းဟာ ရထားကြီးနဲ့ ပါလာမယ်။ မန္တလေးက အဘိုး၊ အဘွားဆီ ကျောင်းပိတ်ရက် သွားနေတယ်လို့ ဆိုတယ်။ ဒီ့ထက် ပိုပြီးတော့လည်း စိုင်းနောင့်မှာ ဘာဆိုဘာမှ သိခွင့်ရခဲ့တာ မဟုတ်။ ရထားပေါ်က ဆင်းလာတဲ့ ကောင်မလေးကို စကားသွားပြောမလားဆိုတော့

“ကြောက်တယ်ကွ” တဲ့။

နှစ်ယောက်သား ရထားလာမယ့် အရပ်ဆီ မျှော်လိုက်၊ တောင်ငေး မြောက်ငေး လုပ်လိုက်နဲ့ စင်္ကြန့်တံတွေ တဖြုတ်ဖြုတ် ခြွေနေတုန်း ကျွန်တော့် မြင်ကွင်းရှေ့ကို မထင်မှတ်သူ ရောက်လာတယ်။ ရောက်လာတယ်ဆိုတာထက် နဂိုကတည်းက ရှိနေတာကို အခုမှပဲ သတိထားမိတယ် ဆိုရမှာပေ့ါ။ သတိထားမိရအောင်ကလည်း အစ်ကိုဟာ ကျွန်တော့်ကို ကျောပေးထားတာကိုး။ လူပုံပန်း မြင်ရုံနဲ့ အစ်ကိုပဲလို့ တန်းမှတ်မိရအောင်ကလည်း ကျွန်တော့်အကြည့်က တစ်ယောက်ချင်းစီမှာ စိုက်မနေခဲ့ဘူးကိုး။ အစ်ကိုဟာ အမျိုးသမီးတစ်ယောက်နဲ့ စကားဆိုနေတယ်။ အမျိုးသမီးက ဘာပြောတယ် မသိ၊ ရထားသံလမ်းရဲ့ တစ်ဖက်ကို လှမ်းမျှော်ကြည့်တော့မှ တစောင်းဖြစ်သွားတဲ့ အနေအထားမှာ အစ်ကို့ကို ကျွန်တော် မှတ်မိသွားတာပါပဲ။

“ဘယ်သူလဲကွ”

စိုက်နေတဲ့ ကျွန်တော့်မျက်လုံးတွေကြောင့် ထင်ပါတယ်။ စိုင်းနောင့်ကပါ လှမ်းကြည့်လို့ မေးလာတယ်။

“ကိုလင်းညိုလေ၊ မမနွေ့ရဲ့ ချစ်ချစ်ဆိုတာ”

“ငယ်ရည်းစားဆိုတဲ့ အစ်ကိုလား”

“ငယ်ရည်းစား မဟုတ်ပါဘူးကွာ၊ ငယ်ချစ်...ငယ်ချစ်”

စိုင်းနောင့်မျက်နှာက စပ်ဖြဲဖြဲ ဖြစ်လာပြန်တယ်။

“ငယ်ချစ်နဲ့ ငယ်ရည်းစား အတူတူပဲ မဟုတ်လားကွ၊ မင်းဟာကလည်း တွန့်တိုနေလိုက်တာ”

“ဟ...ဘယ်ကလာ တူမှာလဲ၊ ငယ်ချစ်ဆိုတာ ငယ်ကတည်းက သံယောဇဉ်ရှိတဲ့သူ၊ ချစ်သူမဖြစ်လည်း ရတယ်ကွ၊ ငယ်ရည်းစား ဆိုတာကကျတော့ သူကလည်း ရည်းစားစကားပြော၊ ကိုယ်ကလည်း အဖြေပြန်ပေး၊ လူတွေက ရည်းစားဖြစ်နေကြပြီ ပြောတာ၊ တွဲတာမျိုးပေ့ါကွ၊ ဘယ်တူမလဲ”

“မင်းကို ဘယ်သူ ပြောသလဲကွာ၊ ကဲ”

“ငါ ပြောတယ်ကွာ၊ ငါဆိုတဲ့ ဆရာကြီးမြတ်မော် ပြောတယ်ကွာ၊ မမနွေ့

ငယ်တုန်းကတည်းက အစ်ကိုနဲ့ ခင်လာတယ်၊ သံယောဇဉ် ရှိကြတယ်ဆိုတာ ဟုတ်တယ်၊ အဲဒါ ငယ်ချစ်၊ ရည်းစားဖြစ်တာ ဆယ်တန်းဖြေပြီးမှပဲ၊ ပြီးတော့ ငယ်ရည်းစား ဆိုတာကြီးက ငယ်ချစ်လောက် ခေါ်လို့ မကောင်းပါဘူးကွာ၊ ငယ်ချစ်ပဲ၊ မမနွေတို့က ငယ်ချစ်တွေပဲ”

“မင်းကွာ စကားလေးတစ်လုံးနဲ့ ကတ်ငြင်းနေတယ်” လို့ ပြောရင်း ကျွန်တော့်ပခုံးကို တစ်ချက် လှမ်းထိုးတယ်။ သူ့လက်အဆနဲ့ ခပ်ဖွဖွပါပဲ။ နာလည်း မနာပါဘူး။ ဒါပေမဲ့ “ဟော့ကောင်” လို့ ဟန့်လိုက်ရတယ်။

ကျွန်တော့်အာရုံဟာ ပခုံးသားမှာ ခပ်ဖွဖွ ထိခတ်သွားတဲ့ လက်သီးချက်မှာ မရှိတော့ဘူး၊ ဘူတာရုံက ဆူညံညံ အသံတွေ၊ ဟိုဟိုဒီဒီ သွားလာနေကြတဲ့ လှုပ်ရှားမှုတွေမှာ မရှိတော့ဘူး၊ အစ်ကို့ရှေ့က အမျိုးသမီးဆီ ရောက်လို့ နေတယ်။

အမျိုးသမီးဟာ ကျွန်တော်ရှိရာဘက်ကို မျက်နှာမူထားလေရဲ့။ မမနွေလို မြင်လိုက်ရုံနဲ့ မိန်းမလှတစ်ယောက်ပဲရယ်လို့ ကောက်ချက်ချရမယ့်သူမျိုးတော့ မဟုတ်ဘူး၊ ကြည့်ကောင်းသူပါ။ အထူးသဖြင့် ပြုံးပုံဟာ အတော်ပဲ ကြည်လင်ချိုမြပါတယ်။ အစ်ကို့ကို စကားပြောရင်း တစ်ချက်တစ်ချက် သဘောကျသလို ရယ်လိုက်တာ၊ အစ်ကို့စကားကို အပြုံးနဲ့ နားစိုက်ထောင်နေတာကို ကျွန်တော် တစ်ရံမလပ် အကဲခတ်နေမိတယ်။

ဒီအစ်မကြီးဟာ သီပေါကလည်း မဟုတ်ဘူး မှတ်တာပဲ။ အနည်းဆုံးတော့ သီပေါက အစ်ကို့သူငယ်ချင်းတွေဆိုတာ ကျွန်တော် မြင်ဖူးတဲ့သူတွေ မဟုတ်လား။ ဒီတစ်ယောက်ကတော့ ကျွန်တော့်အတွက် သူစိမ်း။ ခုမှ မြင်တွေ့ဖူးတဲ့ သူစိမ်း။

“ဘာဖြစ်လို့ အဲဒီလောက် ကြည့်နေရတာလဲကွ၊ မင်းနဲ့ သိလို့လား”

“ငါနဲ့လား မသိပါဘူး၊ အစ်ကို့သူငယ်ချင်းထဲမှာ ဒီအစ်မကြီးကို မမြင်ဖူးလို့ ကြည့်နေတာ”

“မင်း မမြင်ဖူးသေးတဲ့ သူငယ်ချင်း ဖြစ်ရင် ဖြစ်မှာပေါ့”

“ဟုတ်မှာပေါ့ကွာ” လို့ ကျွန်တော် မရေမရာ ပြောမိတယ်။ အကြည့် လွှဲမိတယ်။ ဘူတာရုံဟာ ဆူညံသက်ဝင်မြဲပဲ။ စိုင်းနောင့်မျက်လုံးတွေဟာ ဘော်ကြိုဘူတာဘက်က ဦးတည်လာတဲ့ သံလမ်းဘက် စိုက်လို့ နေပြီ။ သူ မျှော်တော့ ကျွန်တော်လည်း လိုက်မျှော်တယ်။ သူကတော့ သူ့ကောင်မလေး ပါလာမယ့် ရထားကို မျှော်မှာ။ ကျွန်တော်ကတော့ ခုနေခါ ဘော်ကြိုဘူတာမှာ

ထိုင်ရင် ထိုင်နေလောက်မယ့် မမန္တေကို အဝေးက မျှော်တာပါ။

မမန္တေခမျှာ အစ်ကို ရှိတဲ့ရက်တွေ တစ်လျှောက်လုံး သီပေါမှာ နေချင်ရှာမှာပဲ။ ဒါပေမဲ့လည်း မယ်မယ်ဟာ ပုံမှန် သင်တန်းတက်တာ၊ စာချင်း အဆက်အသွယ် ပြု၊ စကားစမြည် ပြောတာလောက်ကို မသိယောင် ပြုထားပေမယ့် သီတင်းကျွတ်ပိတ်ရက် တစ်လျှောက်လုံး သီပေါမှာ နေခွင့်ပေးလောက်အောင်တော့ မကြည်ဖြူသေးဘူး ထင်တာပဲလို့ မမန္တေက ဆိုတယ်။ ပြောမယ့်သာ ပြောရ၊ ဒီပိတ်ရက် ဆိုတာလည်း ဘယ်လောက်များ ကြာမှာမို့လဲ။ မမန္တေနဲ့ အစ်ကို မကြာခင် ခွဲကြရပြန်ဦးမယ်လေ။

တစ်ရက်တုန်းကတော့ အစ်ကိုဟာ မနက်ခင်းဘက် ရထားစီးပြီး ဘော်ကြိုကို ရောက်လာခဲ့သတဲ့။ အစ်ကို လာလိမ့်မယ်ဆိုတာ သိလို့ မမန္တေက ဘူတာမှာ သွားစောင့်ချင်တော့ ထုံးစံအတိုင်း ကျွန်တော့်ကို အဖော်ခေါ်တယ်။ ခါတိုင်းတော့ မျက်နှာအထားရ ခက်လည်းပဲ ချစ်ခင်ရသူနှစ်ယောက်အတွက် ကျွန်တော် ဘေးက ရံပေးတာပါပဲ။ ဒါပေမဲ့ အဲဒီရက်ကတော့ စိုင်းနောင့်တို့၊ ဖိုးခွားတို့နဲ့ ချိန်းထားပြီးသားမို့ လိုက်မပေးဖြစ်ဘူး။

ညနေခင်းကျတော့မှ မမန္တေဆီ အရောက်သွားပြီး အိမ်ရှေ့ဝရန်တာက ဘွားကြင်လည်း မကြားအောင် “အခြေအနေ” လို့ တီးတိုးကပ်မေးရတယ်။

မမန္တေက ညနေစာ ထမင်းအိုးတည်ဖို့ ဒန်အိုးလေး ဆေးနေရာကနေ “ဘာအခြေအနေတုံး” လို့ ရယ်နေတယ်။ ထင်းမီးနဲ့ ချက်ပြုတ်ရတာမို့ ဘေးပတ်ပတ်လည် မည်းနေတဲ့ ဒန်အိုးဟာ ကျွန်တော့်မျက်စိထဲ ဖြည်းဖြည်းချင်းလည်နေတယ်။ မမန္တေရဲ့ လက်ကလေးကတော့ ရွှေဝါဆပ်ပြာ လူးထားတဲ့ သပွတ်အူဖတ်ကို ဒန်အိုးအတွင်းထဲ လှည့်ပတ်လို့။ ဖိုခုံလောက် မီးဖိုမှာ ထင်းမီးပျိုးထားတယ်။ မေမေ့လို သက်ငယ်အဟောင်းလေးတွေနဲ့ပဲ မီးမွှေးတာပဲ။ မီးပျိုးတဲ့ အနံ့ဟာ မီးဖိုချောင်လေးထဲ ပျံ့လို့ နေတယ်။

“အစ်ကိုလာတယ် ဆိုတာလေ”

“အင်းလေ လာတယ်လေ”

ကျွန်တော် အသံကို ထပ်နှိမ့်လိုက်တယ်။

“ဘွားကြင် သိသွားသေးလား”

စဥ့်အိုးလေးထဲကနေ အုန်းမှုတ်ခွက်နဲ့ ခပ်ပြီး ဒန်အိုးအတွင်းကို မမန္တေ ရေလောင်းတယ်။ လှည့်ပတ်ကျင်းပြီး မြေပေါ် လှမ်းသွန်ပက်တယ်။ တစ်ခွက်၊

နှစ်ခွက်။ ရေထပ်ထပ်လောင်းလို့ အိုးကို ရေကျင်းနေပြန်တာမို့ ကျွန်တော့်အမေးကို မကြားလို့ပါပဲ မှတ်လိုက်တယ်။ စောစောက အမေးကို ထပ်ဆင့်တယ်။ မမနွေက "ဟဲ့" လို့ ဟန့်လိုက်တယ်။

"ဒါနဲ့ပဲ ကြားတော့မှာပဲ"

"မကြားပါဘူး မမနွေရာ"

"ခဏစောင့်၊ လာမယ်"

မီးဖိုဘေးက သစ်သားထိုင်ခုံ အသေးလေးမှာ ကျွန်တော် ထိုင်ချတယ်။ ထင်းတစ်ချောင်းကို ရှေ့တိုးလိုက်တယ်။ မီးအရှိန်ကျတာမို့ မီးပြောင်း ယူပြီး တစ်ချက် ကုန်းမှုတ်တော့ မှုတ်ပုံမကျလို့ မီးခိုးငွေ့က အာကို ရိုက်၊ တဟွပ်ဟွပ် ဖြစ်ပါရောေ။ မမနွေရဲ့ ရယ်သံ၊ ဆန်လောင်းထည့်သံ၊ ဆန်ရေ ဆေးသံ ဆက်တိုက် ကြားရတယ်။ ခဏနေတော့ ဒန်အိုးကို မလို့ မီးဖိုနား ရောက်လာတယ်။ ဒန်အိုးကို မီးဖိုပေါ်တင်၊ မီးကို သေချာအောင် ထည့်ပြီး ခုံလေးတစ်လုံး ဆွဲထိုင်တယ်။ ခုတော့ နှစ်ယောက်သား မီးဖိုနားမှာ မျက်နှာချင်း ဆိုင်မိကြပြီ။

ရေကပြင်က အပေါက်တစ်ပေါက်ရယ်၊ မီးဖိုနံရံနဲ့ အမိုးကြားက ဟနေတဲ့ နေရာရယ်ပဲ အလင်းဝင်စရာ ရှိတဲ့နေရာမို့ အခန်းဟာ ညနေခင်းမှာ အလင်းအားနည်းလှတယ်။ မှောင်တယ်လည်း မဆိုသာ၊ လင်းတယ်လည်း မဟုတ်။ မမှောင့်တမှောင်။ ထင်းမီး ငွေ့ငွေ့လောင်တက်တဲ့ အလင်းရှိန်ဟာ မမနွေရဲ့ မျက်နှာလေးပေါ် နုနုရိပ်ရိပ်လေး ဟပ်လို့။ မျက်လုံးလေးတွေဟာ မီးရှိန်ကြောင့်လား၊ စောစောက ကျွန်တော် စထားတဲ့ စကားကြောင့်လားမသိ၊ ညို့ညို့ရီရီလေးရယ်။

"ဘွားကြင် မသိပါဘူး မြတ်မော်ရဲ့၊ အစ်ကိုက ဘူတာကို ရထားနဲ့ ပါလာတယ်၊ ဘူတာမှာပဲ စကားထိုင်ပြောကြတယ်၊ ရုံပိုင်အသစ်ကြီးတောင် မမနဲ့ ခင်နေပြီဆိုတော့ စလိုက်သေးတယ်၊ ကောင်မလေး နင့်အဘွား တိုင်လိုက်ရမလားတဲ့၊ အစ်ကိုပါလို့ ပြောလိုက်တယ်၊ ရုံပိုင်ဦးလေးကြီးလည်း ယုံမှာတော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ မတတ်နိုင်ဘူးလေ၊ စနေတစ်ရက်ပဲ အစ်ကိုနဲ့ စကားပြောချိန် ရှိတော့တာ၊ ဒါတောင် မယ်မယ်က သင်တန်းဆင်းချိန်နဲ့ ပြန်ချိန်ကို တွက်သေးတာနော်"

မယ်မယ့်မျက်နှာကို ပြေးမမြင်ဘဲနဲ့တောင် မယ်မယ့်ခံစားချက်ကို ကျွန်တော် နားလည်သလို ရှိနေတယ်။ ဘာလို့ဆို ကျွန်တော်လည်း မယ်မယ့်ခံစားချက်မျိုး ထပ်တူမဟုတ်တောင် အနီးစပ်ဆုံး

တွေ့ထိသိနေတာကိုး။ မနက်ခင်းက ဆိုရင် သူငယ်ချင်းတွေနဲ့ ချိန်းထားလို့သာ တောတောင်တစ်ခွင် ပြေပြေစင် သွားနေရပေမယ့် စိတ်ကတော့ ဘော်ကြိုဘူတာမှာ ဝေ့လို့ ဝဲလို့ပဲ။

ဒီအချိန်ဆိုရင် ရထားဆိုက်ပြီ၊ ဒီအချိန်ဆိုရင် အစ်ကို ရထားပေါ်က ဆင်းလာပြီပေါ့၊ မမနွေနဲ့ တွေ့နေပြီပေါ့။ သူတို့ စကားပြောကြမှာ စကြံမှာ ထိုင်ပြီးတော့လား၊ သံလမ်းမှာ လမ်းလျှောက်ရင်းလား၊ ဒါမှမဟုတ် တောလမ်းကလေးမှာ ပွင့်ပြူစ နေကြာရိုင်းလေးတွေ ရေတွက်ရင်းနဲ့လား။ အစ်ကိုဟာ ကျွန်တော်တို့နဲ့ စကားပြောတဲ့အခါမှာတောင် အင်မတန် ချိုသာ ငြိမ်းချမ်းလှတာ၊ သူ ချစ်ရသူနဲ့ နှစ်ယောက်တည်းဆို ပြောဖွယ်ရှိမှာ မဟုတ်။

အစ်ကို့စကားသံဟာ မမနွေအတွက် တောကို ဖြတ်လာတဲ့ လေပြည်ဂီတ၊ ပန်းကလေးတွေရနံ့ပါ ယိမ်းနွဲ့ခိုစီးလာတဲ့ ကျေးငှက်ဘာသာဘာဝ ဂီတထက် နှစ်လိုဖွယ် ကောင်းနေမှာပဲ။ အဲဒီ စကားတွေကို မမနွေ ဘယ်လို နားထောင်နေလေမလဲ။ မျက်လုံးလှလှလေးတွေ ဝင့်လို့ ပြုံးလို့ အစ်ကို့မျက်နှာကို ဖျတ်ခနဲ ရိပ်ခနဲ ခိုးခိုးဝေ့ဝေ့ ကြည့်ပြီးတော့လား။ ဒါမှမဟုတ် မြက်ပင်ဖျားလေးတွေကို ရှက်စနိုး တို့ထိရင်း မျက်လွှာချလို့ နားစွင့်နေလေမလား။

ပြန်ခါနီးကျရင်တော့ အစ်ကို့ခမျာ မမနွေကို မထားရက် ထားရက် ဖြစ်တော့မှာပေါ့။ မမနွေကလည်း လွှမ်းလွှမ်းဆွတ်ဆွတ် မျက်လုံးလေးတွေနဲ့ မျက်ရည်ရီရီ ငေးလို့ နေရင် နေမှာပေါ့။ အဲဒီအခါ အစ်ကိုဟာ မမနွေကို နှစ်သိမ့်သလို ပခုံးလေး ထွေးဖက်မလား၊ လက်ကလေးပဲ ဆုပ်ကိုင်လိုက်မလား။

အို…ကျွန်တော့်ရင်ဟာ ငှက်ကလေး ရုတ်ခနဲ ထပျံလို့ တုန်ခါ ကျန်ရစ်ရတဲ့ သစ်ကိုင်းဖျားလိုပဲ၊ တဆတ်ဆတ်ခုန် တလှုပ်လှုပ်ယိမ်း။

လူဟာ ခက်တော့ အခက်သားမဟုတ်လား။ မပိုင်ဆိုင်ရဘူး အထပ်ထပ် သေချာပြီးသား အဖြစ်ကိုတောင် တစ်ခါတစ်ရံ သိစိတ်က တွန်းကန်ရက်နဲ့ မသိစိတ်က မဝံ့မရဲ မျှော်လင့်ချင်တာများ မသိတတ်ရန်ကော ဆိုရမလိုပဲ။

"ဟိတ်"

ဒီတစ်ခါ အတွေးကြောင့်မဟုတ်၊ တကယ် တုန်ရတယ်။ အလန့်တကြား ကြည့်တော့ မမနွေက ဟက်ဟက်ပက်ပက် ရယ်လို့။

"ဘာတွေ စဉ်းစားနေတာတုံး"

"ဟိုလေ…ဟို"

မမနွေ မျက်စောင်းချီတယ်။ မျက်ဆံအိမ်ဟာ မီးရောင်မှာ လင်းခနဲ ဝင်းခနဲ။

"တော်တော့၊ ပြောလိုက်ရင် တဟိုဟိုနဲ့၊ ကောင်လေးနော်၊ ခုတစ်လော တွေ့လိုက်ရင် တစ်ခုခုကို တအား တွေးနေသလိုပဲ၊ အန်တီဆရာမကို သတိပေးထားမှပဲ ထင်တယ်"

ဝင့်လာတဲ့ လက်ညှိုးလေးကို တို့ထိလိုက်ချင်စိတ် မနည်းထိန်းနေရတာ မမနွေ သိပါရဲ့လား။

ကျွန်တော် အားတင်းလို့ အကြည့်လွှဲရပါတယ်။

"မဟုတ်ပါဘူး မမနွေကလည်း"

"နေဦး၊ ခုနက ပြောတာ မဆုံးသေးဘူး၊ နားထောင်ဦး၊ တစ်ရက်တုန်းကလေ အစ်ကိုက ရုပ်ရှင်ကြည့်ရအောင်တဲ့၊ စိန်မေတ္တာမှာ မေသန်းနုပါတဲ့ ဇာတ်ကား တင်နေတယ်၊ နွေ့အကြိုက်ပဲတဲ့၊ အစကတော့ ကြည့်ဦးမလို့ပါပဲ၊ အစ်ကိုနဲ့ ရုပ်ရှင်တောင် တစ်ခါမှ မကြည့်ဖူးဘူး မဟုတ်လား၊ ကြည့်ချင်တာပေါ့၊ ဒါပေမဲ့ တကယ်တမ်း ပြန်စဉ်းစားတဲ့ အခါကျတော့ ရုပ်ရှင်လေး တစ်ခါကြည့်မိတာနဲ့ နောက်ပိုင်း စာတောင် အဆက်အသွယ် မလုပ်ရတော့တဲ့ အထိ ဒဏ်ပေးခံရရင် ဘယ်လိုလုပ်မလဲဆိုပြီး မကြည့်ဖြစ်ပါဘူး၊ ဒီလို ရည်းစားထားတဲ့ ကိစ္စမျိုးတွေဆိုတာ သားသမီးအရင်းတောင် မချောင်တာ၊ မမတို့လို မွေးစားသားသမီးက ပိုဆိုး"

"မယ်မယ်က အဲဒီလို မဟုတ်ပါဘူး" လို့ ကျွန်တော် စောဒကတက်တော့ မီးဆွပေးရင်း မမနွေ ပြုံးတယ်။

"မယ်မယ်က ဟုတ်တာပေါ့၊ ဒါပေမဲ့ မယ်မယ်နဲ့တင် ပြီးသွားတာ မဟုတ်ဘူးရော၊ မယ်မယ်ကိုယ်တိုင်လည်း ယောကျ်ားအမျိုးတွေ ကြားမှာ ပတ်ဝန်းကျင်ကြားမှာ နေရတာပဲဟာ၊ သူများပြောမှာစိုးလို့ သူကိုယ်တိုင် ပိုဖိဆူတာ၊ ပိုကျပ်တာတွေ မြတ်မော် သိမှာ မဟုတ်ပါဘူး"

ဒန်အိုးနှုတ်ခမ်းနဲ့ အဖုံးကြားက တိုးထွက်စ ပြုလာတဲ့ အပူငွေ့လေးကို ကျွန်တော် ငေးနေတယ်။ ထရံကြားက တစ်ပေါက်ချင်း တိုးဝင်ဖြာကျနေတဲ့ အလင်းစတွေကတော့ မမနွေကိုယ်ပေါ်မှာ တချို့၊ ကျွန်တော့်ကိုယ်ပေါ် တချို့၊ ကြမ်းပေါ်မှာလည်း ဟိုတစ်စ ဒီတစ်စ။

“ဟိတ်”

ဟင်…။

“ဟော့ကောင် ဘာငေးနေတာလဲကွ”

စိတ်ကူးပိုးကြိုးမျှင်တွေ လွန်းထိုးနေမိတော့ ကျွန်တော်ဟာ ပစ္စုပ္ပန်နဲ့ တစ်ခဏတော့ အဆက်ပြတ်သွားပုံပါပဲ။ ကျွန်တော့်ရဲ့ အထိတ်တလန့် မျက်လုံးတွေကို စိုင်းနောင့်က လှောင်ရယ် ရယ်လို့။ သူ့ခမျာ ကြာကြာလည်း မလှောင်အားပါဘူး။ ဘာလို့ဆို ရထားကြီးက ဘော်ဘော်ဘူဘူ အသံပေးလို့ ဘူတာဆီ ချဉ်းကပ်လာတော့တာကိုး။

“ဟော” လို့ စိုင်းနောင့် ရေရွတ်တယ်၊ ရေ့နား တိုးကပ်တယ်။ ဘူတာထဲ ပြေးဝင်လာတဲ့ ရထားတွဲတွေကို ပြူးပျာပျာ ကြည့်တယ်။ တကယ်တော့ ဒီလို မကြည့်လည်းပဲ ရထားပေါ်က ဆင်းလာမယ့် ကောင်မလေးကို သူ တွေ့မှာပဲဟာ။ ဘယ့်နှယ်ကြောင့် အလောတကြီး နိုင်ရတယ် မသိ။

အမြင်ကတ်ကတ်နဲ့ မျက်မှောင်ကြုတ် အပြစ်မြင်တွေး တွေးပေမယ့် ကျွန်တော့်တုန်းကလည်း မမနွေ ရှိနေတဲ့ ဘူတာလေးဆီ အရာရာ မှုန်ဝါးပျောက်ဆုံး သွားတော့မလို၊ မျက်တောင်ပဲ မခတ်တတ်တော့သလို ငေးနေခဲ့ဖူးတာ မဟုတ်လား။ “ကိုယ်ချင်းစာမှပေါ့” လို့ ကျွန်တော့်ကိုယ်စောင့်နတ်က သတိပေးတယ်။ “ဒီကောင် ပိုလွန်းလို့ပါ” လို့ ကျွန်တော် ပြန်ပြောတယ်။ “ချစ်မိရင် လူဟာ သူများအမြင်မှာ နည်းနည်းတော့ပိုတာပဲ၊ ဒါပေမဲ့ သူကိုယ်တိုင်အတွက် တော့ ကွက်တိပဲ၊ လိုတယ်တောင် ထင်ရင်ထင်ဦးမှာ” လို့ ကိုယ်စောင့်နတ်ဆီက တုံ့ပြန်ခံရတယ်။

ရထားတွဲပေါ်က ဆင်းလာတဲ့ ပုံရိပ်တွေထဲ အမောတကော ရှာဖွေတဲ့ စိုင်းနောင့်နောက်ကျောကို ငေးနေတုန်း ခေါ်သံတစ်သံ နားထဲ တိုးဝင်လာလေရဲ့။ “ဟေ့…မြတ်မော်” တဲ့။

လှည့်ကြည့်တော့ အစ်ကိုဟာ ကျွန်တော့်ဆီ လျှောက်လာနေပြီလေ။

* * *

မြက်ပင်တွေပေါ်၊ နောက်တော့ ကျောက်ခင်းလမ်းလေးပေါ် လျှောက်နေတဲ့ ကျွန်တော့်ခြေလှမ်းတွေဟာ စိတ်နဲ့အပြိုင် သွက်လွန်းမက သွက်လို့နေတယ်။ မမနွေတို့အိမ်ဆီ ကျွန်တော့်ခန္ဓာထက်အရင် စိတ်က ရောက်နှင့်နေတာကိုး။ စိတ်နောက် အမီလိုက်ရတယ်ဆိုတာ လွယ်တာမှတ်လို့။

ကျောက်စရစ်ခဲလေးတွေနဲ့ ဖိနပ် ထိခတ်သံ လှုပ်ရှားပုံဟာ တတောက်တောက် တဆတ်ဆတ်။ ခြံထဲက ကျေးငှက်သံတွေ၊ သစ်ခက်သစ်ရွက်တွေကြား လေတိုးသံတွေ ခါတိုင်းလို ကြားတယ်။ ဒါပေမဲ့ မကြားသလိုပဲ။ အိမ်ထဲက ရေဒီယိုတေးသီချင်းသံ သဲ့သဲ့ဟာ ခြံထဲ လျှံကျနေတယ်။

“မေတ္တာကမ္ဘာများဖြင့် မခြားလိုတယ်…”

အိမ်ကလေးထဲမှာ မမနွေ ရှိမှာ အသေအချာပဲ။ သူ့အခန်းလေးထဲ ရှိနေမှာ အသေအချာပဲ။ ဧည့်ခန်းထဲက ဗီရိုပေါ် နေရာယူထားတတ်တဲ့ ရှေးရေဒီယိုကြီးထဲက သီချင်းသံကို သူ့အခန်းထဲကနေ နားစွင့်ရင် စွင့်နေမှာပေါ့။ စာကြည့်စားပွဲမှာ ထိုင်လို့ ပြတင်းအပြင်ဘက်က သစ်ပင်သစ်ခက်တို့ရဲ့ မြမြမောင်း မြင်ကွင်းကို ငေးရင် ငေးနေမှာပေါ့။ တစ်ခါတုန်းက မြင်ဖူးသလို စားပွဲခုံကို လက်ချောင်းကလေးတွေနဲ့ စည်းချက်ကျကျ ခေါက်လို့လေ။

ကျွန်တော့်သိစိတ်က ဒီအိမ်ထဲ ရှိကိုရှိမှာလို့ ထင်နေပေမယ့် မသိစိတ်က ကျပြန်တော့ ဟိုတစ်ခါလို ပျောက်သွားတာ မဟုတ်ဘူးလို့ ဘယ်သူပြောနိုင်မလဲ ငြင်းချက်ထုတ်နေတယ်။ မမနွေဟာ မနေ့ညနေကပဲ ထုံးစံအတိုင်း သီပေါ ပြန်သွားပြီလို့ ဘွားကြင်ဆီက ကျွန်တော် သိခဲ့ပါရက်နဲ့ ဒီနေ့မနက် သင်တန်းမှာ ဘာလို့ ရှိမနေရသလဲ။ အစ်ကိုကိုယ်တိုင်က မမနွေ ဘာကြောင့် သင်တန်း မလာမှန်း မသိ၊ ဘယ်ရောက်နေမှန်း မသိ ဖြစ်နေရသလဲ၊ ဘော်ကြိုက ဒီမနက်မှ ထွက်လာတဲ့ ကျွန်တော့်ကို ဘာလို့များ ဆီးပြီး မေးရသလဲ။ တနင်္ဂနွေ အစ်ကို ပြန်တော့မယ်ဆိုတာ သိရက်နဲ့ မမနွေ ဘာလို့ အဆက်အသွယ် မလုပ်သလဲ။

"ဘာလို့လဲ...ဘာလို့လဲ" ဆိုတဲ့ အသံတွေဟာ ကျွန်တော့်ရင်ဘတ်ထဲက လျှံကျနေသလိုပဲ။ ဆောင်းနေခြည်နွေးနွေး ဖြာကျနေတဲ့ အိမ်သွပ်မိုးအပူဟာ ကျွန်တော့်ရင်အပူကို မီရဲ့လား။

"မယ်မယ်ရေ...မယ်မယ်"

စိတ်အလောကြီးရင် ဖြစ်တတ်သလိုပဲ ချွတ်ချလိုက်တဲ့ ဖိနပ်ဟာ တောင်တစ်ဖက် မြောက်တစ်ဖက်။ ကျွန်တော် ပြန်ငုံ့ကြည့်မအားဘူး။ ဧည့်ခန်း တစ်ဝိုက်၊ မီးဖိုခန်း၀၊ အိပ်ခန်းတွေ ရှိရာဘက် ဟိုဟိုဒီဒီ အကြည့်ရွေ့တယ်။ ခြေသံတစ်ချက် ဖျတ်ခနဲ ကြားရလို့ လှမ်းကြည့်တော့ မယ်မယ် မဟုတ်၊ မမနွေလည်း မဟုတ်၊ အိမ်မှာ ဒီအချိန် တွေ့နေကျ မဟုတ်တဲ့ ကြီးကြီးရယ်။

"ရှိရှိ မရှိဘူး သား၊ အပြင်သွားလိုက်တယ်"

"မမနွေရော ကြီးကြီး"

ဆင်စွယ်ရောင်ပေါ် သစ်ခက်လေးတွေ၊ လိပ်ပြာလေးတွေ ပြေးနေတဲ့ ပိတ်ပါးစ ခန်းဆီးလေး လွင့်နေရာ အိပ်ခန်းဘက်ဆီ ကြီးကြီး လှမ်းကြည့်တယ်။ အဲဒါ မမနွေ အိပ်ခန်းလေ။ ငယ်တုန်းက နှစ်ခါ၊ သုံးခါလောက် ရောက်ခဲ့ဖူးပြီး မနှစ်ကစလို့ ကျွန်တော်လည်း ခြေလှမ်းတုံ့၊ မမနွေက လာပါ မခေါ်တော့ မမြင်ရတာ နှစ်ချီကြာတဲ့ အိပ်ခန်းလေးလေ။

"အခန်းထဲပဲ ရှိမှာပေါ့၊ မနက်က ရှိရှိပြောသံ ကြားတာတော့ ခေါင်းမူးနေတယ်ဆိုလား ဘာလား"

အခန်းဘက်ဆီ အသံပြုဖို့ ပြင်တုန်းမှာပဲ ခန်းဆီးစလေး လှပ်ခနဲ ပွင့်လာတယ်။ မမနွေရဲ့ နွမ်းဖျော့ဖျော့မျက်နှာကို တွေ့လိုက်ရတယ်။ တစ်လျှောက်လုံး ပူနေခဲ့တဲ့စိတ်ဟာ ခုတော့လည်း ရေအေးလောင်းခံလိုက်ရတဲ့ မီးစမီးနလိုပဲ ဟုပ်ခနဲ ငြိမ်းရတယ်။ လက်ကျန်အငွေ့ တလူလူဟာလည်း လေပြေနှော့သလို ဖျတ်ခနဲ ပြိုးပြလိုက်တဲ့ အပြုံးမှာ လွင့်ပျောက်ရတယ်။ ကြီးကြီး ခြေသံတရှပ်ရှပ် ဝေးသွားတုန်း မမနွေရဲ့ ခြေလှမ်းတွေဟာ ကျွန်တော့်အနား တဖြည်းဖြည်း တိုးကပ်လာတယ်။

"သင်တန်းက ပြန်လာတာလား"

ခေါင်းညိတ်ပြတဲ့ သင်္ကေတက အရင်လား၊ အားရဝမ်းသာ ပြုံးလိုက်တာက အရင်လား ကျွန်တော့်ကိုယ် ကျွန်တော် မရေရာလှဘူး။

"မမနွေ ဘာလို့ သင်တန်းမလာတာလဲ၊ ခုနတုန်းက ကြီးကြီး

ပြောသွားတာ ခေါင်းမူးလို့ဆို”

“အင်း”

နေမကောင်းသေးလို့များလား။ မမနွေ့ရဲ့ “အင်း”ဟာ လေးပင်လှတယ်။

“ခေါင်းနည်းနည်းလေးနေတာနဲ့ မလာတော့တာ”

“အခုကောဟင်”

“ကောင်းပါတယ်”

“ကောင်းပါတယ်လည်း ပြောသေးတယ်၊ မျက်နှာလည်း မကောင်းဘဲနဲ့”

အဲဒီအချိန်အခါတုန်းကတော့ လူတစ်ယောက်ဟာ စိတ်မကောင်းရင်လည်း နေမကောင်းသလို မျက်နှာမျိုး ဖြစ်တတ်တယ်လို့ ကျွန်တော် မသိရိုး အမှန်ပါပဲ။ မသိလို့လည်း မေးမိတယ်။

“ကောင်းပါပြီ မြတ်မော်ရဲ့” ထပ်ပြောတော့လည်း ဟုတ်ကဲ့ပါပေါ့။ ဒီထက် ဘယ်ပိုပါ့မလဲ။ အိမ်ရှေ့ အခန်းပြင်ဘက်ဆီ မမနွေ့ ဦးဆောင်လျှောက်တော့လည်း နောက်က လိုက်ခဲ့တာပဲ။ အိမ်နံဘေး သစ်ရိပ်အောက်က ကွပ်ပျစ်လေးဆီ ဦးတည်တော့လည်း ခြေလှမ်း ထက်ကြပ်မကွာ။ ကွပ်ပျစ်လေးပေါ်က ရော်ရွက်ကြွေတွေကို တစ်ချက်လေးတောင် သပ်မနေဘဲ မမနွေ့ ထိုင်ချတယ်။ ကျွန်တော်လည်း လိုက်ထိုင်တယ်။

ကျွန်တော်တို့ ဝန်းကျင်မှာ ချစ်စဖွယ် ကျေးငှက်သံတွေဟာ သာရုံပဲ၊ မဆူညံလှဘူး။ ဆောင်းလေဟာ ညနေခင်းများလို မအေးစိမ့်လှသေးဘူး။ အသားပြင်မှာ အေးမြမြအတွေ့နဲ့ နေလို့ထိုင်လို့ ကောင်းရုံ။

“အစ်ကိုတောင် မေးနေသေးတယ်၊ မမနွေ့ ဘော်ကြိုက ပြန်မလာဘူးလား တဲ့”

“မသိဘူးလို့ ပြောလိုက်ပေါ့”

ဟင်...။ မမနွေ့ရဲ့ အသံဟာ ကျွန်တော် မကြားဖူးတဲ့လေသံမျိုးပါပဲ။ မကြည်လင်မှု၊ စိတ်အလိုမကျမှု စတဲ့ စတဲ့ အရိပ်တွေ အထပ်လိုက် အလွှာလိုက် ပျော်ဝင်နေတဲ့ ဆတ်တတ်တတ်လေသံမျိုး။

“မမနွေ့ကလည်း”

"ဘာတုံး၊ အခု သူ လွှတ်လိုက်တာလား ပြော"

"မဟုတ်ပါဘူး၊ ကျွန်တော့်ဘာသာ လာတာပါ"

အမှန်တော့ ပြန်ခါနီးတုန်းက မမနွေ့ဆီ ဝင်ဦးမယ့်အကြောင်း အစ်ကို့ကို ပြောခဲ့ပါသေးတယ်။ မပြောလို့လည်း ဘယ်ဖြစ်မလဲလေ။ မနက်ခင်းတုန်းက သင်တန်းသားတွေ တဖွဲဖွဲ ရောက်နေတဲ့အချိန် မမနွေ့အရိပ်ကလေးတောင် မမြင်ရတော့ နောက်ကျနေတယ်လို့ သာမန်ပဲ ထင်ရင်ထင်နေမယ့် အစ်ကိုဟာ ကျွန်တော့်ကို တွေ့လိုက်တဲ့အချိန်၊ ဘော်ကြိုမှာလည်း မရှိဘူးဆိုတာ သိလိုက်ရတဲ့ အချိန် အတော်ပူပင်သွားရှာတာကိုး။ အစ်ကို မပြောနဲ့ ကျွန်တော့်မှာတောင် ဟိုက်ခနဲ ဖြစ်သွားရသေးတာပဲ။ တစ်နေ့တုန်းက ညနေဘက် မေမေ ခိုင်းလို့ အိမ်သွားလိုက်တုန်းကတောင် မမနွေ့ဟာ ခါတိုင်းလို ကြည်ကြည်သာသာပဲ။

ရေမိုးချိုးပြီးလို့ သနပ်ခါးအဖွေးသားနဲ့ အိမ်ရှေ့ခန်းက ဖျာချောပေါ် ပုံချထားတဲ့ အဝတ်ခြောက်တွေကို တစ်ထည်ချင်းခေါက်နေတာ။ ကျွန်တော် ရောက်ချိန်မှာ ဘွားကြင်ရော မမနွေ့ပါ နှစ်ယောက်လုံး ပုံမှန်လို စကားဆိုလက်စ ရှိနေတာ။ မေမေ ထည့်ပေးလိုက်တဲ့ ဟင်းရွက်နုတွေ ပေးတော့ မမနွေ့ဟာ မီးဖိုထဲဝင်ထားပြီး ပြန်အထွက်မှာ ကျွန်တော့်အတွက် ဆီထမင်းလေးတောင် အုန်းသီးဖတ်လေးတွေ ဖြူးလို့ ယူလာပေးခဲ့သေးတာ။ ပြီးတော့လည်း "စနေနေ့ကျ သင်တန်းဆင်းရင် ဘော်ကြို မပြန်ခင် ကံ့ကော်ရိပ်ကို ခဏ လိုက်ခဲ့ဦး၊ အိမ်မှာ တနင်္ဂနွေနေ့အတွက် မမဒါလီ ဟင်းတွေဘာတွေ ကျော်ပေးနေတာ မမ ဝင်ကူနေရင် စကားလည်း အေးဆေး ပြောရမှာမဟုတ်လို့တဲ့ အစ်ကိုက" ဆိုပြီး ခြံထဲက ထွက်ခါနီး တိုးတိုး ကပ်ပြောခဲ့သေးတာ။

မြင်ခဲ့သမျှ မျက်နှာအမူအရာ၊ ကြားခဲ့ရသမျှ စကားသံတွေကို ပြန်စဉ်းစားတော့လည်း အစ်ကိုနဲ့ပတ်သက်လို့ ခုလို လေယူလေသိမ်းမျိုး ပြောလာဖို့ အရိပ်အယောင်လေးတောင် ပျိုးမနေခဲ့ဘူး မှတ်တာပါပဲ။ နောက်ဆုံး မှာလိုက်တဲ့ စကားသံလေးဟာဆိုရင် စိတ်လှုပ်ရှားမှုတစ်မျိုးနဲ့ ချိုသာလှုပ်ခတ်မြဲ လှုပ်ခတ်နေတာ မဟုတ်လား။ ဒီတစ်ရက်၊ နှစ်ရက်အတွင်း မမနွေ့ကို ဘာတွေကများ၊ ပြောင်းလဲသွားစေခဲ့သလဲ။

"သူ မခိုင်းလိုက်တာ သေချာတယ်နော်" ထပ်မေးလို့ ခေါင်းညိတ်ပြရပြန်တယ်။

မျက်နှာလွှဲလို့ ကျောက်ခင်းလမ်းနောက်က သစ်ပင်ရိပ်ရယ်၊

ယာမိုင်းလော့ ခြံစည်းရိုးပင်တန်းရယ်ကို ငေးနေတဲ့ မမနွေ့မျက်နှာဟာ ခပ်မှုန်မှုန်ရယ်။ မျက်တောင်တောင် မခတ်တတ်တော့သလို ငေးနေတာများ ခုနေ ပန်းကြွေစ သစ်ရွက်ကြွေစလေး မျက်တောင်ပေါ် တင်လိုက်ရင် မြဲမြဲ ငြိမ်နေတော့မလိုပဲ။ မမနွေ့ ဘာတွေ တွေးနေပါလိမ့်။ မနက်ဖြန် မနက်ရထားနဲ့ အစ်ကို ပြန်ရင် နွေဦးပေါက်ချိန်ကျတော့မှ ပြန်ဆုံရတော့မယ့် အရေးအတွက် လွမ်းစိတ် ဝင်နေသလား။ နေရထိုင်ရတဲ့ ပတ်ဝန်းကျင်ဟာ မအေးချမ်းလှဘူးလို့ ကျွန်တော့်ကို ပြောဖူးသလို ပြောပြထားလို့ပဲ အစ်ကို့အတွက် ပူပင်နေရော့သလား။ ဒါမှမဟုတ် သီပေါအိမ်မှာပဲ အနေရခက်စရာ အခြေအနေတစ်ခုခုများ ကြုံနေရော့သလား။

မမနွေ့ ဘာတွေများ ဖြစ်နေပြန်ပြီလဲ။ မျက်နှာကို စေ့စေ့ကြည့်လည်း မသဲကွဲ၊ မျက်လုံးကို ဖတ်တော့လည်း မရေလည်။ ခုနောက်ပိုင်း မမနွေ့ဟာ ကျွန်တော် တွေ့စကလောက် နားလည်လွယ်တဲ့သူ မဟုတ်တော့သလိုပဲရယ်။ ကန်ရေပြင်လိုပဲ၊ ကန်ရေပြင်ရဲ့အပေါ်ပိုင်း ကြာစွယ်၊ ကြာရွက်လောက် မြင်သာရုံနဲ့ ကန်အောက်ခြေ တည်ရှိမှုကို မမှန်းသာသလိုမျိုးလို့ ဆိုရမယ် ထင်ပါရဲ့။

"မမနွေ့" လို့ ကျွန်တော် တစ်ခေါက် ခေါ်တယ်။ မထူး။ နောက်တစ်ကြိမ် ထပ်ခေါ်လိုက်တော့မှ "ဟင်" လို့ အလန့်တကြားလေး လှည့်ကြည့်လာတယ်။

"ကံ့ကော်ရိပ် သွားကြမယ်ဆို၊ အစ်ကို စောင့်နေလိမ့်မယ်လေ"

"မသွားတော့ဘူး၊ တော်ပြီ"

"ဟာ…မမနွေ့ကလည်း သင်တန်းလည်း မသွား၊ ကံ့ကော်ရိပ်လည်း မသွားဆိုရင် အစ်ကိုနဲ့ ဘယ်တွေ့လိုက်ရတော့မလဲ"

"သင်တန်းလည်း တမင်မသွားတာ၊ ကံ့ကော်ရိပ်လည်း တမင်မသွားတာ၊ တော်ပြီ၊ ထပ်မပြောနဲ့"

"ကျွန်တော်ကတော့ အစ်ကို့ဆီ တစ်ခေါက်ပြန်သွားရဦးမယ်၊ အစ်ကိုက ပြန်လာခဲ့ပါဦးတဲ့"

မမနွေ့က ကျွန်တော့်ကို စူးခနဲ လှည့်ကြည့်တယ်။

"စောစောက ပြောတော့ ခိုင်းလိုက်တာ မဟုတ်ပါဘူးဆို"

"မခိုင်းပါဘူး၊ အိမ်ကို သွားလိုက်ပါလို့ မခိုင်းပါဘူး၊ အိမ်ရောက်ရင် ကြည့်ခဲ့ဦး၊ တစ်ခုခု မှာရင် အစ်ကို့ကို ပြန်ပြောတဲ့"

သိပ်လှတဲ့ မျက်စောင်းမြားဟာ ကျွန်တော့်မျက်နှာမှာ စိုက်ခနဲပဲ။

"ကုလားကြီးနဲ့ အရာကြီးပဲ ဘာကွာလို့လဲ"

ဒီတစ်ခါလေသံဟာ ဆတ်တောက်တောက် သိပ်မဖြစ်တော့ပေမယ့် ကျေနပ် စိတ်ကြည်နေတဲ့ အနေမျိုးတော့လည်း မရောက်သေးဘူး။ နဂိုကတည်းက သပ်သပ်ရပ်ရပ် မရှိလှတဲ့ ဆံပင်တွေကို ကျွန်တော် ဆွဲဖွမိတယ်။ လက်ချောင်းတွေကို ချိုးမိတယ်။

"ဟဲ့...လက်ဆစ်ကြီးလာမယ်" လို့ အော်ဖို့ မမနွေ့ သတိမရဘူး ထင်တယ်။

"တကယ်မခိုင်းဘူး မမနွေ့ရဲ့၊ ကျွန်တော့်ဘာသာ လာတာပါ" လို့ ကျွန်တော် ထပ်အတည်ပြုတယ်။ မမနွေ့ဟာ စိတ်လျှော့လိုက်တာလား၊ ပြောချင်စိတ် မရှိပြန်တာလားမသိ၊ မျက်နှာတစ်ဖက် လွှဲနေတယ်။ ခရေပင်အကိုင်းအခက်တွေ ကြားက တိုးကျလာတဲ့ နေခြည်ပေါက်ဟာ ဦးထိပ်ဆံစကနေ နားထင် ဘေးဘက်တစ်ဝိုက်အထိ ပန်းပွင့်ကလေးတွေ ကြဲထားသလို လက်လက်ပပ၊ ဆံသားအနက်ပေါ် ဝါရွှေရွှေ အကွက်အပြောက်လေးတွေ ထင်းလို့။ ဆံပင်တွေကို လက်နဲ့ သပ်နေတော့ လက်ဖမိုးပေါ် နေခြည်ပြောက်တွေ ကွက်နေပြန်ရော။ လက်ခုံက သွေးကြောလေးတွေဟာ နေခြည်စလေး အလင်းပေးထားတော့ ပိုလို့တောင် စိမ်းမြနေသေး။ လက်ကလေးကလည်း ပိုလို့ ဝင်းဝါနေသေး။ နီလာတစ်လုံး မြှုပ်ထားတဲ့ ရွှေလက်စွပ်လေးဟာလည်း အသားရောင်၊ နေရောင်နဲ့ ဟပ်လို့ ဝင်းဝင်းပပ။

ကျွန်တော့်စိတ်ဟာ မမနွေ့ရဲ့ အဲဒီလက်ဝါးလေးကို ထွေးဆုပ်လိုက်တယ်။ ကျွန်တော့်ခန္ဓာကတော့ နေမြဲပဲ။ မငြိမ်လှတဲ့စိတ်ဟာ ခြေထောက်ကို ကြိုးကိုင်နေတယ်။ မသိမသာ လှုပ်ယမ်းနေမိတဲ့ ခြေထောက်တစ်ဖက်ဟာ သစ်ရွက်ကြွေတွေကို ထိုးဖွ၊ ဖုန်ထလာတော့တယ် ထင်မှ တန့်ရပြန်တယ်။ မမနွေ့ ဘာပြောဦးမလဲ နားစွင့်တယ်။ အသက်ရှူသံ မှန်မှန်ကလွဲလို့ အသံနတ္ထိ။ ဝန်းကျင် အသံကသာ စိုးမိုးမြဲ။ ခြံရှေ့လမ်းပေါ်က စက်ဘီးဘဲလ်သံ၊ စကားသံ၊ ဖိနပ်ကို ရှပ်တိုက်လျှောက်တဲ့ ခြေသံ၊ ကလေးအီသံ။

အိမ်ထဲမှာတော့ ရေဒီယိုသံ ဆိတ်ခဲ့ပြီ။ အဲဒီအစား ကက်ဆက်ခွေ ထည့်လိုက်ပုံရတယ်။ ပလေးဘွိုင်းသန်းနိုင်အသံ ကြားလိုက်ရတယ်။ မမနွေ့ရဲ့ ဖေဖေဟာ ပလေးဘွိုင်းသန်းနိုင် သီချင်းတွေ နှစ်သက်သူ။

"မမနွေ့ တကယ် ဘာမှ မမှာဘူးလား"

"မမှာပါဘူးဆို တော်ပြီ"

"ခဏနေ စာအုပ်ဆိုင် သွားမယ်ဆို၊ အတော်ပဲ၊ ကျွန်တော်လည်း မင်းလူစာအုပ်အသစ် မဖတ်ရသေးတာနဲ့"

"စာအုပ်ဆိုင် မသွားတော့ဘူး"

"ဘာဖြစ်လို့" ဆိုတဲ့ ကျွန်တော့်အမေးကို မမနွေက နှုတ်ဆိတ်နေပြန်တယ်။ ကျွန်တော် နောက်တစ်ခွန်း ထပ်မေးဖို့ အားယူလိုက်တယ်။

"မနက်ဖြန်ကျတော့မှ သိပေါ့ဘူးတာ လိုက်ပို့မှာပေါ့၊ အစ်ကို့ကိုလေ"

"မပို့ပါဘူး၊ ညနေ ဘော်ကြိုပြန်မှာ၊ ညနေ မဟုတ်ဘူး၊ မြတ်မော် ပြန်ရင် လိုက်ပြန်မှာ"

ပထမတော့ မမနွေ နောက်နေတာ ဖြစ်မှာလို့ ကျွန်တော် ထင်လိုက်သေးတယ်။ မျက်နှာကို စေ့စေ့စပ်စပ် အကဲခတ်သေးတယ်။ ဒါပေမဲ့ နောက်ပြောင်လိုခြင်း အရိပ်အယောင် လုံးလုံးမရှိတာကို ခဏအတွင်း ရိပ်မိနိုင်ပါရော။

မမနွေဟာ ယတိပြတ်စကားမျိုး ပြောခဲ၊ ပြောရင်လည်း တည်တဲ့သူပဲလို့ အဲဒီနေ့က ကျွန်တော် နားလည်လိုက်ရတယ်။ စကားမပြောဘူး၊ မတွေ့ဘူး ပြောတာဟာ စိတ်အခန့်မသင့်လို့ အခိုက်အတန့်သဘော ပြောရုံတင် မဟုတ်၊ တစ်ဖက်သား စိတ်ကသိကအောက် ဖြစ်စေချင်ရုံတင် မဟုတ်၊ တကယ့်စိတ်ထဲက အပိုင်အနိုင် ဆုံးဖြတ်ပြီးခါမှ ပြောတာပဲရယ်လို့ နားလည်လိုက်ရတယ်။

ကျွန်တော် အစ်ကို့ဆီ ပြန်သွားတာတောင် မမနွေ အမှာစကားတစ်ခွန်း မပါးခဲ့ဘူး။

အဲဒီနေ့ခင်းက ခြံဝိုင်းထဲ ကျွန်တော် ဘီးကလေး တွန်းဝင်လာတဲ့အခါ အစ်ကို့ကို ကွပ်ပျစ်ပေါ်မှာ တန်းတွေ့လိုက်ရတယ်။ အစ်ကိုဟာ ကျွန်တော် ဝင်လာမယ့်လမ်းဆီ လည်ဆန့်မျှော်နေပုံပဲ၊ ဘယ်အချိန်ကတည်းကများ မျှော်နေခဲ့ပါသလဲ။ မနက်ဖြန်ဆို ဇာတိမြေကနေ ရပ်ဝေးကို ခရီးနှင်ရတော့မယ့် အချိန်၊ ချစ်ရသူကို အရိပ်ကလေးတောင် မမြင်တွေ့ရတဲ့ အချိန် အစ်ကို ဘယ်လောက်များ ရင်ပူနေခဲ့ပါသလဲ။

မျှော်လင့်ချက်နဲ့ လက်နေတဲ့ အစ်ကို့မျက်ဝန်းညိုတွေ မှိုင်းသွားရမယ့်

စကားမျိုး ကျွန်တော် မပြောရက်ဘူး။ ကွပ်ပျစ်ကနေ ဝုန်းခနဲထရပ်၊ ကျွန်တော် စက်ဘီး ရပ်နေတဲ့ သစ်ပင်ရိပ်အထိ လျှောက်လာနေတဲ့ အစ်ကို့ခြေလှမ်းသွက်တွေ နှေးသွား၊ တုံ့ဆိုင်းသွားရမယ့် စကားမျိုး ကျွန်တော် မပြောလိုဘူး။ ဒါပေမဲ့ အရှိစကားကို ဘယ်လိုများ သကာဖုံးရမှာပါလိမ့်။

လုပ်စရာ မရှိ၊ ရှိတာ ပွေပွေလီလီ ရှာရသလို ဒေါက်ထောက်ပြီးသား ဘီးကို အောက်ခံမြေကြီးပဲ ပွနေသယောင် ဒေါက်ပြန်ဖြုတ်တယ်။ မဆိုစလောက်ကလေး နေရာရွှေ့တယ်။ ဒေါက်ပြန်ထောက်တယ်။ မြေပြင်ပေါ်က မြက်ပင်တွေ၊ မြေမှုန်မြေပြင်၊ ပုရွက်ကောင်ကလေးတွေ၊ ပုစဉ်းကောင်ကလေးတွေ၊ မြက်ပန်းပွင့်ကလေးတွေကိုပဲ ငုံ့ကြည့်၊ အစ်ကို့ကို မျက်နှာချင်းမဆိုင်ရဘူးဆို ဘယ်လောက် ကောင်းလိုက်မလဲ။

ကျွန်တော် ခေါင်းပြန်မော့ဖို့ အစ်ကို့မျက်လုံးတွေနဲ့ တည့်တည့် ရင်ဆိုင်ဖို့ အားယူလိုက်ရတာဟာ ကမ္ဘာတစ်ခြမ်းကို လမ်းလျှောက် ပတ်ရသလောက် ကြာပါတယ်။

"မမနွေနဲ့ တွေ့ခဲ့တယ် အစ်ကို၊ ဘာမှတော့ မမှာလိုက်ဘူး"

"ဟင်" ဆိုတဲ့အသံတိုးတိုး အစ်ကို့နှုတ်က ထွက်ကျလာတယ်။ အစ်ကို မျက်နှာဟာ မိုးအခါ ကျွန်တော်တို့အိမ် အနောက်ဘက်မှာ မြင်ရတတ်တဲ့ တောင်တန်းရိပ်အထက်က ကောင်းကင်ပြင်လို မီးခိုးရောင်ရင့်ရင့် ညို့ညို့ဆိုင်းဆိုင်း။ မျက်မှောင်ကြုတ်ထားတဲ့ မျက်နှာမှာ အံ့အားသင့်၊ မယုံနိုင်၊ လက်မခံနိုင် စတဲ့ အရောင်တွေ တဖျပ်ဖျပ် လူးပ်ဝေ့လို့။ ပထမ မှိုင်းပျသွားတဲ့ မျက်ဝန်းတွေဟာ ခဏကြာတော့ အရောင် ဖြိုးခနဲ ဖျပ်ခနဲ လက်လာပြန်တယ်။

"ခဏနေကျရင်တော့ ကံ့ကော်ရိပ် လာမယ် မဟုတ်လား"

ပင်နီရောင် လွယ်အိတ်ကြိုးလေးကို လွတ်သွားတော့မလို ကျွန်တော် တင်းတင်းဆုပ်လိုက်မိတယ်။

"မလာတော့ဘူးတဲ့ အစ်ကို၊ ကျွန်တော် ပြန်ရင် ဘော်ကြိုကို လိုက်ပြန်မယ်တဲ့"

အစ်ကို့နှုတ်က ထွက်ကျတဲ့ ဟာခနဲအသံဟာ ပတ်ဝန်းကျင်မှာ ပဲ့တင် ထပ်နေသလိုပဲရယ်။ အစ်ကို့ မျက်နှာဟာ တစ်ယောက်ယောက်က ရိုက်ချတာ ခံလိုက်ရတဲ့ လူတစ်ယောက်ရဲ့ မျက်နှာနဲ့ သိပ်တူပါတယ်။

"အဓိပ္ပာယ်မရှိတာ"

"ဟုတ်ကဲ့"

နားမလည်ပါးမလည် တစ်ဖက်သား ကျေနပ်ရင်ပြီးရော ထောက်ခံတာ မဟုတ်၊ အမှန်ပဲ ကျွန်တော့်စိတ်ထဲ အဲဒီလို ထင်နေလို့ပါပဲ။

"ဘူတာကိုရော မလာဘူးတဲ့လား၊ သီပေါဘူတာလေ၊ အင်း... သီပေါဘူတာ ဘယ်ဟုတ်တော့မလဲ၊ ဘော်ကြို ပြန်မှတော့ ဘော်ကြိုဘူတာပေါ့"

"ကျွန်တော် မမေးခဲ့ရဘူး အစ်ကို"

အစ်ကိုဟာ သစ်ကိုင်းခြောက်လေးကို ထောက်ခနဲ နင်းချလိုက်တယ်။

"ဘူတာပဲ လိုက်ပို့မယ်ဆိုလည်း သီပေါဘူတာ လာနိုင်ရင် ကောင်းမှာပဲ မြတ်မော်ရာ၊ ဘော်ကြိုမှာက ခဏလေးပဲ ရပ်တာ၊ ကျန်းမာရေး ဂရုစိုက်နော်၊ စာရေးလိုက်မယ် ဆိုတာလောက် ပြောပြီး ရထားပေါ် ပြေးတက်ရမှာ၊ ဒုက္ခပါပဲကွာ၊ ဘာလုပ်ရမလဲ၊ နွေ ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ"

ကျွန်တော့်အတွက်တော့ အမြဲတစေ တည်တည်ငြိမ်ငြိမ် မြင်ဖူးသူ တစ်ယောက် ဆောက်တည်ရာမရ ဖြစ်ပုံကို ဦးဆုံး တွေ့ဖူးတာပါပဲ။ ခပ်အေးအေး ခပ်ပြုံးပြုံးနေတတ်သူ၊ စကားချိုချို ပြောတတ်သူဟာ တစ်ခဏ ပျောက်ရှလို့ အဲဒီအစား ခြေမကိုင်မိ လက်မကိုင်မိ သစ်ပင်ရိပ်မှာပဲ ဆက်နေရတော့မလိုလို၊ အိမ်ဘက်ဆီပဲ လျှောက်သွားရတော့မလိုလို ဦးတည်ချက် ပျောက်ဆုံး၊ စိတ်တဒင်္ဂ လွင့်ပါးသူကို မြင်လိုက်ရတယ်။

ချစ်ခြင်းမေတ္တာဟာ လူကို ရှိမြဲရှိတတ်တဲ့ ကိုယ်ပိုင်သင်္ကေတ၊ ကိုယ်ပိုင် ဖြစ်တည်မှုကနေ နည်းနည်းတော့ ပြောင်းလဲစေတတ်သလား၊ ကိုယ်ပိုင်ကမ္ဘာမှာ ကိုယ့်စည်းနဲ့ကိုယ် ငြိမ်ဆိတ်နေတတ်သူ၊ အလွှာတစ်ခု ရံထားတတ်သူတွေကို စိတ်မှတ်မဲ့ ရုန်းလွတ်လာစေတတ်သလား။ အစ်ကို့လိုလေ။

ကျွန်တော်ဟာ လမ်းပျောက်သူလို ဝေဝါးသွားတဲ့ အစ်ကို့မျက်လုံးတွေမှာ၊ တင်းတင်းစေ့လိုက်တဲ့ နှုတ်ခမ်းလွှာမှာ၊ နှလုံးခုန်သံနဲ့ လိုက်ပြီး တဖြည်းဖြည်း မြန်ဆန်လာပုံရတဲ့ အသက်ရှူသံမှာ၊ အိမ်ဘက်ဆီ ကမူးရှူးထိုး လျှောက်တဲ့ နောက်ကျောရိပ်မှာ၊ စိတ်အနှင်နောက် ပြေးလိုက်တဲ့ အလောတကြီး ခြေလှမ်းတွေမှာ မမနွေအပေါ် ထားတဲ့အချစ်ကို တွေ့ခဲ့တယ်။

အစ်ကိုဟာ စာကြည့်စားပွဲမှာ ဝင်ထိုင်တယ်။ "စာရေးလိုက်ဦးမယ်၊ ယူသွားပေးဦး" ဆိုတယ်။ နောက်တော့ ဘာစကားမှ ဆက်မဆို၊ စာတစ်စောင်

ခပ်သွက်သွက် ရေးချတော့တာပဲ။

ကုလားထိုင် နောက်ကျောဘက်မှာ ရပ်နေတာမို့ အစ်ကို ရေးနေတဲ့ စာလုံးလေးတွေကို အာရုံစိုက် ဖတ်ရင် ကျွန်တော် မြင်ရမှာပါ။ ဒါပေမဲ့ အစ်ကို့ကိုလား၊ မမနွေ့ကိုလား မသိ၊ အားနာလှတယ်၊ ပြီးတော့ ဖတ်ချင်စိတ်လည်း မရှိ။ ဒါနဲ့ပဲ စာအုပ်စင်က စာတစ်အုပ်ကို ဆွဲလှန်နေမိတယ်။ ဖတ်ဖူးပြီးသား စာအုပ်ပါပဲ၊ ဖတ်ဖူးပြီးသားမို့လည်း စိတ်ကို စုစည်းရ ခက်ခဲတဲ့အခိုက် လှန်လှောလို့ အဆင်ပြေသားပေါ့။

တစ်ချက် တစ်ချက်တော့ စာအုပ်လေးထဲ လက်ညှိုး ညှပ်ပိတ်လို့ အစ်ကို့နောက်ကျောရယ်၊ ဘောပဲန်ကို သွက်သွက် စေခိုင်းနေတဲ့ လက်ချောင်းတွေရယ်ကို ကျွန်တော် ငေးနေမိတယ်။ လူဟာ အံ့စရာတော့ အကောင်းသား။ ပုံမှန်လိုဆိုရရင် ဒီလူနှစ်ယောက် အဆင်မပြေ ဖြစ်ကြရတဲ့အခါ ကျွန်တော့်အတွက် ဝမ်းသာစရာပဲ မဟုတ်လား။ ဘာတဲ့၊ ပွဲလန့်တုန်း ဖျာခင်း ဆိုတာလေ။ ဝမ်းသာစရာပေါ့၊ မမနွေ့ဆီက အမှတ်ဝင်ယူပေါ့။ ဒီလိုလုပ်နိုင်သားပဲ။ ခက်တာ က ဖြစ်ပျက်နေတဲ့ အခြေအနေကို အစ်ကို့လိုပဲ ကျွန်တော် ကြိုက်မနေတာပါ။ အလိုမကျ၊ လက်မခံနိုင် ဖြစ်နေတာပါ။

ကျွန်တော်ဟာ သူတို့တွေကြားက ပျော်ရွှင်ဖွယ် ဇာတ်သိမ်းခန်းကိုပဲ မြင်ချင်တဲ့သူ ဖြစ်နေတာ ကိုယ့်ဘာသာ အံ့ဩရပြန်တယ်။ အဲဒီ အသက်အရွယ်တုန်းကတော့ တစ်ခါတစ်ရံမှာ ချစ်ခြင်းမေတ္တာဆိုတဲ့ ဖွင့်ဆိုမှုထဲ ကိုယ် မပိုင်ဆိုင်ရသော်လည်း ကိုယ်ချစ်ရသူ ပျော်ရွှင်တာကို မြင်လိုမှုလည်း အချက်တစ်ခု အနေနဲ့ ပါလိမ့်မယ်ဆိုတာမျိုး တခမ်းတနား မတွေးတတ်ခဲ့သေးဘူး ဆိုရမှာပေါ့။

အဲဒီနေ့ခင်းက စာလေးတစ်စောင် ညှပ်ထားတဲ့ ဝတ္ထုစာအုပ်တစ်အုပ် အစ်ကို ကျွန်တော့်ကို ပေးတယ်၊ စာအုပ်လေး ကျွန်တော့်လက်ထဲ ထည့်ပြီးတော့ အစ်ကိုဟာ ထိုင်ရာက ထရပ်တယ်။

စာအုပ်ကို လွယ်အိတ်ထဲ ထည့်ရင်း “စိတ်ချ” လို့ အစ်ကို့ကို ကျွန်တော် ပြောလိုက်တယ်။

ခဏငယ်ဟာ စက္ကန့်တံတွေ တဆတ်ဆတ် ခရီးဆက်တဲ့နောက် ကုန်ဆုံးစပြုတယ်။ ကျွန်တော့်မျက်နှာကို စေ့စေ့ကြည့်တဲ့ အစ်ကို့မျက်လုံးတွေဟာ အသံတိတ်စကားလုံးတွေနဲ့ တဖျပ်ဖျပ် လက်။

“အစ်ကို မရှိရင်လည်း မင်းမမကို စောင့်ရှောက်မယ် မဟုတ်လား” တဲ့။

ကျွန်တော် ခေါင်းအထပ်ထပ် ညိတ်တာပေ့ါ။ စိတ်ကျေနပ်အောင် မဟုတ်ဘဲ လိုက်လှဲကြည်သာ ကတိပေးတာပေ့ါ။

အဲဒီတုန်းကတော့ ပစ္စုပ္ပန်မှာ အမှတ်မထင် ပြောလိုက်မိ၊ ကြားလိုက်မိတဲ့ တချို့ စကားလုံးတွေဟာ နောင်အခါ ကြုံလာရမယ့် အဖြစ်အပျက်တွေကို ပြည့်ွန်တဲ့ နိမိတ်တွေ ဖြစ်လာတတ်တယ်ဆိုတာ ကျွန်တော် မသိခဲ့ရိုး အမှန်ပါ။

❀

ရံခါတော့လည်း ရောက်မလာနိုင်သေးသော ကာလရှည်ကြာ အနာဂတ်ကို မျှော်ကြည့်ဖို့ရာ သူ ပျင်းရသည်မှာ အပြစ်ဆိုဖွယ်မရှိ ထင်သည်။

အချိန်ကာလဆိုတာဟာ လက်ထဲ ပိုင်နေသမျှသာ မြဲတာကိုး၊ မနက်ဖြန် မဆိုထားနှင့်၊ နောက်ထပ် နာရီပိုင်းကလေးကတောင် ကိုယ့်ထံမှာ မြဲချင်မှ မြဲတာကိုး။

ခုပဲကြည့်၊ နှစ်ယောက်သား သီပေါက ထွက်လာကြတုန်းက ဟိုမော်မှာ တစ်နေ့ခင်းလုံးနေပြီး ညဦးပိုင်းမှာ ပြန်ကြဖို့ဖြစ်သည်။ ဆိုင်ကယ်နှင့်ဆို ဟိုမော်နှင့်သီပေါ ဘယ်လောက်မှ ဝေးလံသော ခရီးမဟုတ်။ မင်္ဂလာပွဲရက် ကျတော့မှ ညအိပ်ညနေ ထပ်လာတာပေ့ါ။ သည်လိုပဲ သူနှင့် မြတ်မော် တိုင်ပင်ခဲ့ကြသည်။

အင်း…ခုတော့လည်း အကုန်ပြောင်းလဲရပြီ။

နှစ်ပေါင်းရှည်ကြာ ကွဲကွာနေကြသော သူငယ်ချင်းနှစ်ဦး၏ ကြည်နူးဖွယ် ပြန်လည် ဆုံတွေ့ခန်း၊ သူတို့တင်မက မိသားစုဝင်များနှင့်ပါ ပြောမဆုံး၊ နှုတ်ဆက်မဆုံးသော တစ်ကျော့ပြန် ဇာတ်ဝင်ခန်းများ၏ နောက်မှာ စကားမျှင် ဆိုတာသည် တော်တော်နှင့် မပြတ်။ ပြတ်ဖို့ရာလည်း အကြောင်းမမြင်။ ပြောမဆုံးပေါင် တောသုံးထောင်။ ညဦးပိုင်း ပြန်ပါမည်ဆိုသော စကားကို အပြောပင် မခံ။

နောက်ဆုံးတော့ သူ့ထံက သဘောတူညီမှု ယူကာ ဟိုမော်မှာ တစ်ည အိပ်ဖို့ မြတ်မော် ဆုံးဖြတ်တော့သည်။ သူ့ကိုတော့ "အစ်ကို အိမ်ပြန်ချင်ရင် ပြန်နော်၊ ကျွန်တော့်ကို ထားခဲ့၊ အားမနာနဲ့" ပြောပါသေးသည်။

"ဒီလိုတော့ ဘယ်ဟုတ်မလဲကွ၊ အိမ်ပြန်လည်း အမေ ရှိတာမဟုတ်တဲ့ အတူတူ ဒီနေလည်းဖြစ်ပါတယ် မြတ်မော်ရာ၊ ဒါပေမဲ့ မင်းတင် မဟုတ်ဘဲ ကိုယ်ပါ ညအိပ်တာ အားနာစရာလားလို့"

"ဟာ...အားမနာရဘူး အစ်ကို၊ တစ်ညမဟုတ်ဘူး၊ နောက်ညတွေ နေလည်းရတယ်၊ နေလည်းနေရမှာ၊ မနက်ဖြန် အဝတ်တွေပြန်ယူပြီး မင်္ဂလာဆောင် အကြိုညလည်း ဒီမှာပဲအိပ်ရင် မကောင်းဘူးလား"

ဝင်ပြောလိုက်သော စိုင်းနောင့်အသံက ကြည်ကြည်လွင်လွင်။

ငယ်ရုပ်ကို မမြင်တွေ့ဖူးသော်လည်း ကြီးပြင်းချိန် စဆုံရစဉ်မှာ ခံ့သန့်သော ရှမ်းလူရွယ်ကလေးဟု စိုင်းနောင့်၏ ရုပ်သွင်ကို အလွယ် ပုံဖော်ရမည်။ တကယ်တော့ မြတ်မော်ပင်လျှင် ခံ့လှသည် ဆိုနိုင်သော ရုပကာထဲ မပါ။ သာမန်ရုပ်ရည် ရှိသည့် ဗမာလူရွယ်လေးပဲ၊ အရပ်ရှည်ရှည် အသားလတ်ပုံ၊ သပ်သပ်ရပ်ရပ် နေတတ်ပုံ၊ မျက်နှာကြည်ကြည် စိတ်ကြည်ကြည်တို့ကြောင့်သာ ကြည့်ကောင်းသူ ဖြစ်ရသည်။

စိတ်ကြည်ကြည်၊ သည်အမြင်၊ သည်အသုံးကို တမင်တကာသုံးနှုန်း ယူသည် မဟုတ်။ ခေါင်းထဲ အလိုလို ရောက်ခြင်းမျှသာတည်း။

မြတ်မော်၏ ဘဝဇာတ်ခုံ နောက်ကြောင်း နေ့ရက်များထဲက သူနှင့် ရင်းနှီးပြီးသား ခြံမြေဝင်း၏ သရုပ်လွှာသည် စိတ်ကူးထဲ ဖော်ထားပုံနှင့် ပြင်ပမှာ မြင်တွေ့ရပုံ သိပ်တော့ မကွာခြားလှပေ။ ရွာလမ်း ကုန်းအဆင်းပြေပြေက ဂင်လာလျှင် လမ်းကလေး မကွေ့ဝိုက်မီ ထောင့်ချိုးလောက်မှာ ခြံမြေဝင်းထဲ ဝင်ရမည့် တံခါးဝ ရှိသည်။ ဝါးလုံးတန်းထိုး ပိတ်ရသော ခြံတံခါးမျိုးဖြစ်သည်။

အိမ်သည် အနည်းငယ် ပြေပြေမြင့်သွားသော ကုန်းကလေးထိပ်က မြေပြန့်ပြန့်မှာ ဆောက်ထားသော အုတ်ခံ ပျဉ်ထောင် သွပ်မိုးအိမ် ဖြစ်သည်။ မီးဖိုဆောင်မှာ အိမ်အောက်ခန်းနှင့် တွဲလျက် သီးသန့်ထုတ်ထားသော အဆောင် ပုံစံ။ ရှမ်းရိုးရာနှင့် ခေတ်သစ်ပုံစံ ရောနှောရာ အိမ်ကလေးကို ပတ်လည်ဝန်းရံ ထားသည်ကတော့ စိမ်းမြမြ စားပင်သီးပင်များ။ ငှက်ပျောပင်၊ ရှောက်ပင်၊ သရက်ပင်၊ ပြောင်းပင်များ။ ပြီးတော့ချဉ်ပေါင်၊ ရုံးပတီခင်း။ မြတ်မော် တစ်ခါက တခုတ်တရ ပြောဖူးသော တောင်ကျမြောင်းကလေးမှာ ပလုတ်ပလုံ အသံပေးကာ စိမ့်အေးအေး စီးဆင်းလျက်။

ခြံထဲ ဝင်လိုက်ရုံနှင့် အားရဝမ်းသာ အော်ကာ ဟစ်ကာ ရယ်မောကာ တစ်ယောက်တစ်ပေါက် ဝိုင်းဝန်းနှုတ်ဆက်လိုက်ကြသော စကားသံများမှာ သူ့နား၌ ယခုတိုင် စွဲမြဲလျက် ရှိလေသည်။

"ဟာ...မြတ်မော် လာပြီဟေ့ စိုင်းနောင့်"

"ရောက်နေပြီဆိုလို့ ပါပါတို့ နေ့တိုင်း မျှော်နေတာ"

"ယူလီယူခဟ ပါပါ" (နေကောင်းတယ်နော် အဒေါ်)

"ဟော့ကောင် မြတ်မော်၊ မင်း အဆင်ပြေတယ် မဟုတ်လား၊ အစ်ကိုရော၊ နေပါ၊ နေကြပါနော့၊ ရောက်တုန်းရောက်ခိုက်ပဲဟာ"

စိုင်းနောင့်လို တိုက်တွန်းစကား အထပ်ထပ် မဆိုသည့်တိုင် သူတို့နှစ်ဦးထံ စိုက်လျက်ရှိသော မျက်ဝန်းများ၏ တစ်တပ်တစ်အား ဖိတ်ခေါ်ပုံ၊ သူ့ကို အပြောခက်သော်လည်း စိတ်ထဲက ပါချင်ချင် ဖြစ်ဟန်တူသော မြတ်မော်၏ မျက်နှာရိပ် မျက်နှာကဲကြောင့် "ဒါဖြင့်လည်းနေတာပေါ့၊ မနက်ဖြန်တော့ အဂတ် ပြန်ယူကြမယ်လေ" ဟု သူ ကတိကဝတ်ပြုလိုက်ရသည်။

"ဆိုင်က ဖြစ်ရဲ့လား အစ်ကို"

အကိုင်းအခက် ဝေဖြာသော ခရေကိုင်းများနောက် ကုပ်ကုပ်ကလေး ဝပ်နေမည့် စာအုပ်ဆိုင် ဆိုင်းဘုတ်ကို မြင်ယောင်ကာ သူ ပြုံးမိလေသည်။

"ဖြစ်ပါတယ်ကွာ၊ အလွန်ဆုံး လာတော့လည်း တစ်ယောက်၊ နှစ်ယောက်ပေါ့၊ ပိတ်ထားတယ်ဆိုလည်း ဒီလိုပဲ လှည့်ပြန်ပါလိမ့်မယ်"

သူတို့သည် အိမ်အောက်ထပ်က ဧည့်ခန်း ဆိုရမည့် အခန်းကျယ်မှာ သင်ဖြူးဖျာကြီးထက် ဝိုင်းဖွဲ့ထိုင်လျက်။

သူတို့အလယ်မှာတော့ ကြွေရည်သုတ် လင်ဗန်းဟောင်းထဲ ကြွေရည်သုတ် ကရားအိုးနှင့် စဥ့်ရေနွေးခွက်များ။ အငွေ့ထောင်းထောင်းထဆဲ စဥ့်ခွက်ပုဝပ်ဝပ်လေးများမှာ အိမ်က ရေနွေးခွက်လေးများနှင့်ပင် ခပ်ဆင်ဆင်။ ဘော်ကြိုဘုရားပွဲ ချိန်ရောက်တိုင်း သည်လို စဥ့်ထည် သုံး၊ လေးမျိုးလောက်တော့ သူ့မာတာမိခင် ဝယ်တတ်မြဲမို့ အိမ်မှာ ငရုတ်သီးစိမ်းလေး၊ ကြက်သွန်ဖြူမြွှာလေး ထမင်းနှင့် မြုပ်စား၊ ကိုက်စားရန် အသင့်ထည့်တာကအစ၊ ဘောပန်း၊ ခဲတံထည့်တာက အစ စဥ့်ထည်၊ မြေထည်များသာ မြင်နေကျ ဖြစ်ရသည်။ အမေသည် စဥ့်ထည်၊ မြေထည်၊ ဝါး၊ ကြိမ်လို ရိုးရာလက်ဖြစ် ပစ္စည်းများကို တွယ်တတ်သူ။

သူကတော့ရောတဲ့၊ သူ့မှာတော့ဖြင့် အဆင်ပြေ ပြီးရော၊ ဘာပစ္စည်း ဖြစ်ဖြစ်ပါပဲ။ အစွဲအလမ်း နည်းလှသည်။ အသုံးအဆောင်ပစ္စည်းမှ မဟုတ်၊ နေရာဒေသ၊ လူပုဂ္ဂိုလ် ဘာအစွဲမှ မရှိ။ ဒါသည် ယောကျ်ားတစ်ယောက်၏ စရိုက်ဟု အခါခါ ယူဆခဲ့ဖူးသော်လည်း ကောင်လေးလို အမှတ်သညာကြီးတတ်သူကို မြင်တွေ့ရပြန်တော့ ခြွင်းချက်ဆိုတာ ရှိစမြဲ

ယုံမှတ်လိုက်ရပြန်သည်။

"ဘာဆိုင်လဲ အစ်ကို"

"စာအုပ်ဆိုင်"

စိုင်းနောင့်မိခင် သူ့ရှေ့သို့ တိုးပေးထားသော ရေနွေးခွက်ကို လှမ်းယူကာ တိုတိုတုတ်တုတ် ရှိလှစွာသော အဖြေစကားဆိုမိသည်။ မိုးလေစိမ့်စိမ့်နှင့်မို့ အနည်းငယ် အေးထုံထုံ ဖြစ်ချင်သော လက်ချောင်းများက ရေနွေးခွက်အသားပြင်နှင့် အထိမှာ နွေးခနဲ ဖြစ်ရလေသည်။

အိမ်ရှေ့ခန်း တစ်ဝိုက်တွင်တော့ ဝိုင်းကာ ဝန်းကာ ထိုင်နေကြသူများထံက မဟုတ်သော ရှမ်းစကားသံအချို့ ပျံ့လွင့်လျက် ရှိသည်။ မူရင်းနောက်ခံ အင်္ဂလိပ်စကားပြောနေရာမှာ ရှမ်းစကားပြောသံ ထည့်ထားသော ရုပ်ရှင်ဇာတ်ကား ဖြစ်သည်။ စိတ်ကူးအတော် ကောင်းသားပဲ၊ ဗမာစာတန်းထိုး ပါတတ်ပေမယ့် စာမဖတ်နိုင်လျှင်၊ သို့မဟုတ် အသက်အရွယ်ကြောင့် အဖတ်ရခက်၊ အမြင်ရ ခက်လျှင် သည်လို တိုင်းရင်းသား ဘာသာစကား ထည့်ထားတော့ (ပြောသူကလည်း လေသံ အနိမ့် အမြင့် အကွက်ကျကျ ပြောတော့) အဆင်ပြေပေသားပဲ။ ဖန်သားပြင်ကို လှမ်းငေးကာ ရေနွေး တစ်ကျိုက်သောက်သည်။ နွေးသော အာရုံကို သိမှတ်ရသည်။

မီးဖိုခန်းထဲက လျှပ်စစ်ရေနွေးအိုး ဆူပွက်သံ တရှူးရှူးမှာ တစ်ချက် တစ်ချက် အိမ်ရှေ့ခန်းသို့တိုင် လွင့်လာ၏။ စိုင်းနောင့်မိခင် ထိုင်ရာမှ ရုတ်ခနဲ ထကာ မီးဖိုခန်းဝင်တာ၊ ဓာတ်ဘူးကြီးထဲ ရေနွေးဖြည့်တာ သူ မြင်နေရသည်။ စိုင်းနောင့် ညီမလေးကတော့ အားသွင်းကြိုးက ဖုန်းဖြုတ်ယူကာ အိမ်အပေါ်ထပ် တက်နှင့်ပြီ။ ဖခင်မှာမူ ငါးကြင်းခွက်ဟု သူတို့ အလွယ်ခေါ်ဖူးသော ဖန်ခွက်နှင့် ပြည့်လုမတတ် ရေနွေးကြမ်းဖြည့်ကာ တီဗွီဖန်သားပြင်ကို ငေးစိုက်နေသည်။

"ဒီဘက်မှာ မီးတွေ ဘာတွေ မှန်သလား"

သူ့အမေးကြောင့် စိုင်းနောင့်ရော မြတ်မော်ပါ သူ့ထံ အကြည့် ရွေ့လာကြပေသည်။

"မှန်တော့ မှန်တယ် အစ်ကို၊ မဆိုးပါဘူး၊ အရင်က ကျွန်တော်တို့ ငယ်တုန်းကတော့ မီးလည်း မရှိ၊ ဘာမရှိပေါ့၊ အိမ်တိုင်း ဖယောင်းတိုင်နဲ့ နေရတာဗျ၊ ထမင်းဟင်းချက်လည်း ထင်းမီးနဲ့ပဲ၊ တစ်ရွာလုံးမှာ တီဗွီတစ်လုံးတောင် မရှိဘူးဗျ၊ ဗွီဒီယို ကြည့်ချင်ရင် ဘော်ကြိုရွာဟောင်းမှာပဲ သွားကြည့်ရတာ၊ အဖော်များရင် ညဘက်လည်း ရွာဟောင်းကို

လာကြည့်ကြတာပဲ၊ နော်...မြတ်မော်၊ မင်းတောင် မင်းမေမေ ပါပါ၊ မပါပါ ငါတို့နဲ့ လိုက်ကြည့်သေးတာလေ။ မင်း အိမ်ကို ပြန်ပို့ပြီးမှ ငါတို့ ရွာပြန်ကြတာ မှတ်မိတယ်မို့လား”

“မှတ်မိပ့ါ၊ သရဲကားများ ကြည့်ပြီးရင် တစ်ယောက်နဲ့ တစ်ယောက် ခြောက်ပြီး ထွက်ပြေးကြတာ နောက်ကျတဲ့ ခြေထောက် သစ္စာဖောက်ပဲ”

မြတ်မော်၏ ရယ်သံမှာ ရွှင်ကြည်လျက်။

“အစ်ကိုတော့ မပြောတတ်ဘူး၊ ကျွန်တော်တို့ နှစ်ယောက်က သိုဝ်းကားလည်း ကြိုက်မှကြိုက်၊ ပြီးရင် သိုင်းကွက်တွေ တရှီးရှီးနဲ့ ပြန်ပြန်သုံးရတာ အမော၊ အံမယ် မြတ်မော်၊ ငါတို့ ကစားတာ ဘာလဲ၊ အရက်မူးသိုင်းတို့၊ သူတောင်းစားသိုင်းတို့၊ မြွေသိုင်းတို့၊ လင်းယုန်သိုင်းတို့ အစုံပဲနော်၊ တစ်ခါတုန်းက လေပေါ်ပျံတယ်ဆိုပြီး သစ်ပင်ပေါ်က ခုန်ချလိုက်တာ ကံကောင်းလို့ ခြေထောက် မကျိုးတယ်”

“ဂူခုန်း လုပ်ကြတာ၊ ကျန်ကျောင်း လုပ်ကြတာတွေလည်း ထည့်ပြောဦး ဟေ့ကောင်”

သူငယ်ချင်းနှစ်ဦး၏ ရယ်သံများကြားမှာ သူပင် ငယ်ဘဝကို ပြေး၍ မြင်ယောင်မိသလို ရှိရသည်။ သူတို့ခေတ်နှင့် မြတ်မော်တို့ခေတ်သည် သိပ်မကွာခြားလှ။ ဆိုရှယ်လစ်ခေတ်၏ အကြွင်းအကျန်ကာလကို မြည်းစမ်းခဲ့ကြရသည်။ အစစအရာရာ ရှားပါးခဲ့သည်။ ငွေလည်းရှား၊ အသုံးအဆောင်လည်း ရှား။ ကျောင်းသုံးစာအုပ်တောင်ပဲ အတန်းကြီးသူက အတန်းငယ်သူထံ လက်ဆင့်ကမ်း သုံးခဲ့ရသော သူတို့၏ ကျောင်းသားဘဝ ကာလများ။ ပျော်စရာ ငယ်ဘဝ နေ့ရက်များကိုတော့ ကလေးတိုင်းနီးပါး ရှာတွေ့တတ်သလို ဝန်းကျင်မှာ ရှာဖွေဖန်တီး ယူခဲ့ကြရလေသည်။

“အခုတော့ အိမ်တိုင်းလိုလို တီဗွီနဲ့ပါကွာ၊ ဗွီဒီယိုရုံမှာ ငါတို့ ငယ်ကုန်းကလို ကိုယ်သဘောကျတဲ့ ကောင်မလေး သူ့အမျိုးတွေ၊ သူငယ်ချင်းတွေနဲ့ ဗွီဒီယိုလာကြည့်ရင် နောက်နားခုံကနေ ခိုးငေးရတာတွေ ဘာတွေ ခု ငါ့ တူတွေ၊ သူတို့ သူငယ်ချင်းတွေ ဘယ်သိတော့မလဲ”

“အဲဒီတုန်းက မင်း သွားသွားငေးတဲ့ ကောင်မလေးက ဘယ်သူ၊ နာမည်တောင် ပါးစပ်ဖျားလေးတင်ပါ၊ ကွာ...ရွာဟောင်းကပဲလေ၊ နှင်းကို မတွေ့ခင် မင်း တွေ့လာတဲ့ တစ်ယောက်”

“ဟေ့ကောင်၊ ပြီးခဲ့တာတွေ ပြီးပြီ၊ ပြန်အစမဖော်နဲ့”

“ကြောက်ရင် ကြောက်တယ် ပြောပါကွာ”

စိုင်းနောင့် လက်သီးနှင့် ရွယ်တော့ မြင်နေကျမဟုတ်သော ဟက်ဟက်ပက်ပက် ရယ်မောပုံမျိုး မြတ်မော်ထံမှာ တွေ့ရလျှင် သူပါ ရောယောင်ပြုံးမိ၏။

ခဏမျှ ကြာလျှင် လူကြီးသူမနှစ်ဦးသည် သားလုပ်သူနှင့် ဧည့်သည်တို့ကို နှုတ်ဆက်စကားဆိုလျက် ဧည့်ခန်းတွင် ချန်ထားရစ်တော့သည်။ အပေါ်ထပ်ဆီ ဖြည်းဖြည်းလေးလေး တက်သော ခြေသံများ၊ ရှမ်းစကားသံများ။ သူတို့အတွက် အိပ်ရာများကိုတော့ ဧည့်ခန်းထောင့်မှာပင် ပြင်ထားပေးပြီးသား။ အကောင်ပလောင်တို့၏ အသံများက လွဲ၍ ဆိတ်ဆိတ်ငြိမ်သော ရွာညကို မကြုံရတာ ဘယ်လောက်များ ကြာခဲ့ပြီလဲ။ ခေါင်းချလျှင်ပင် ခဏနှင့် မေ့စက်ပျော်မည်ဟု သူ ထင်နေသည်။

ဧည့်ခန်းတစ်ဝိုက် သူတို့ချည်းသာ ကျန်လေရာ တင်ပျဉ်ခွေတောင် မဟုတ်၊ ခြေဆင်းတော့မတတ် သက်သောင့်သက်သာ နေမိသည်။ ညနေခင်းက အားပါးတရ စားသောက်ထားသော ညစာသည် သူ့ဗိုက်တွင် နင့်လျက်အင့်လျက် ရှိ၏။ အမေ ချက်သော ရှမ်းထမင်းဟင်းများ စားနေကျဖြစ်ပေမယ့် သည်မှာတော့ ပိုလတ်ဆတ်တာကြောင့်လား၊ တကယ့်ရှမ်းအမျိုးသမီးက ချက်ပြုတ်တာကြောင့်လား မပြောတတ်။ ဟင်းရွက်စုံ ဟင်းရည်ကအစ အင်မတန် အရသာ ရှိသည်။ တစ်ပန်းကန်လောက် တစ်ညတာ နေသာရုံ စားတာပေါ့လေ တွေးခဲ့သော်လည်း တဇွန်းပြီး တစ်ဇွန်း ရောခနဲ ရှော်ခနဲ ဝင်လိုက်သည်မှာ နှစ်ပန်းကန်အထိ ရောက်လေသည်။

နေကြာစေ့လေး တဖြောက်ဖြောက် ဝါးတာကတော့ ပါးစပ်အယားပြေပါ။ တကယ်တော့ စတီးပန်းကန်ပြားလေးထဲ နေရာယူသော နေကြာစေ့မှာလည်း ရာဇဝင်နှင့်။ ပလောင်တောင်သူတို့က ဘော်ကြိုဘုရားပွဲအလာ အိမ်မှာ လာတည်းရင်း လက်ဆောင်ပေးထားကြသတဲ့။

ဖြစ်ခဲ့ဖြစ်ဆဲ စစ်မီးပွားအစအနတို့သည် တကယ့် မိတ်ရင်းဆွေရင်းပမာ နေခဲ့ကြသူများ အကြားမှာတော့ အရာထင်ခဲ့ဟန်မတူ။

ခု ငုံ့ထည့်ဖို့ ပြင်လိုက်သော ရေနွေးထဲက လက်ဖက်ခြောက်ကလည်း သည်အိမ်က ရှမ်းမိသားစုထံ ပလောင်မိသားစုက ကမ်းလိုက်သော လက်ဆောင်ပါတဲ့။ ဘယ်လောက်များ လှပါလိမ့်။

နံရံထက် ဟိုဟိုဒီဒီ အကြည့်ရွှေ့တော့ အိမ်များစွာလိုပင် မိသားစုဓာတ်ပုံများ၊ သားနှင့် သမီးတို့၏ ဘွဲ့ဓာတ်ပုံများ။ စိုင်းနောင့်တစ်ယောက် ထိုင်းနိုင်ငံမှာ အလုပ်လုပ်စဉ် ရိုက်ပို့လိုက်ဟန်တူသည့် ဓာတ်ပုံများ။

မိသားစုဓာတ်ပုံနှင့် ယှဉ်လျက်သား နေရာယူသည်ကတော့ သီပေါနယ်တစ်ခွင် အိမ်အတော်များများမှာ တွေ့ရမည့် မောင်နှံနှစ်ဦး၏ ဓာတ်ပုံဖြစ်လေသည်။ နောက်ဆုံးစော်ဘွား စဝ်ကြာဆိုင်နှင့် မဟာဒေဝီ စဝ်သုစန္ဒီ။ မေတ္တာလွှမ်းသော မျက်နှာများထက်က အပြုံးရိပ်တို့မှာ အဝေးက ဝေးမောသည့် သူ့ထံ အပြေး လွင့်ပါးလာသလို ရှိပေသည်။

ဧည့်ခန်းမှာ တည်မြဲဖြစ်သော စကားဝိုင်းကတော့ သူငယ်ချင်းနှစ်ဦး၏ ရေးဟောင်းနှောင်းဖြစ်များမို့ သူ ဝင်မပါပြီ။ ဓာတ်လမ်းတွဲ၏ ဆွဲခေါ်ရာနောက် အမေ့လို မျောပါဖို့ အားထုတ်မိသည်။ သို့သော်လည်း ဆိုးသူက အင်မတန်ဆိုး၊ ဓာတ်ဆောင်က သနားစရာကောင်းလှသော ဓာတ်ကွက်မို့ နှာခေါင်းသာ ရှုံ့ချင်ပြန်သည်။ အိမ်အပြင်ဘက်က ပိုးကောင်သံ၊ ညတေးသံတွေ နားထောင်နေတာကမှ ခပ်ကောင်းကောင်းပဲ။

သည်အခိုက်မှာပင် မြတ်မော်၏ စကားအစက သူ့ကို အဖျားခတ်လိုက်လေသည်။

“အစ်ကိုတို့ စာအုပ်ဆိုင်က ဘယ်ဆိုင်များ ထင်လို့လဲ စိုင်းနောင့်”

သူသည် ရေနွေးပူပူကို တဖူးဖူး မှုတ်သောက်ရင်း စကားသံထွက်ပေါ်ရာဆီ လှမ်းကြည့်မိ၏။ သူငယ်ချင်းနှစ်ဦး၏ စိုက်ဆုံလျက်ရှိသော မျက်ဝန်းများသည် အသံမဲ့စကားများစွာ ဆိုနေသယောင်။ စိုင်းနောင့်က မေးခွန်းထုတ် စူးစမ်းဟန်။ မြတ်မော်ကမူ သိလိုသူကို တစ်ခဏတော့ အချိန်ဆွဲလိုဟန်။

သူ ဘာမှ ဝင်မပြောပါ။ ပြောရန်လည်း မလိုပါ။

ရေနွေးခွက်က နောက်ဆုံးအကတ်အသတ်ကို မော့၍ ရေနွေး တစ်ခွက်ထပ်ငှဲ့ရန် သူ ပြင်လိုက်သည်။

“ဘယ်ဆိုင်လဲကွ”

“ကံ့ကော်ရိပ်လေ”

ဟာခနဲ အာမေဍိတ်သံသည် ရေနွေးငွေ့သံနှင့် တစ်ထပ်တည်းကျ၏။ အချိန်အတန်ကြာ ရင်ဆိုင် ဆုံတွေ့နေကြသည့် မျက်ဝန်းများ။

“ကံ့ကော်ရိပ်လား”

“ဟုတ်ပ့ါ၊ ကံ့ကော်ရိပ်ဆိုင်ပိုင်ရှင် ဆရာမက အစ်ကို့အမေလေ”

“သြော်” ဟု စိုင်းနောင့်က ရေရွတ်လိုက်သည်။

“စာအုပ်ဆိုင်တွေလည်း မရောက်တာ ဘယ်လောက်ကြာပြီလဲကွာ၊ ကုံ့ကော်ရိပ်ရှိသေးတယ် ဆိုတာတော့ သိတယ်၊ ဆိုင်ရှေ့က တစ်ခါတစ်ခါ ဖြတ်တာပဲ၊ မဝင်ဖြစ်တာ၊ စာအုပ်မငှားဖြစ်တာကွာ၊ တကယ်တော့ ငါက ငယ်တုန်းကလည်း စာအုပ် သိပ်မဖတ်ပါဘူး၊ မင်း ပြောလွန်းလို့သာ ဖတ်တာ၊ စုံထောက်တို့၊ လျှို့ဝှက်သည်းဖိုတို့ ဖတ်ရတာတော့ ပိုကြိုက်တာပေါ့၊ မင်း ရှိတုန်းက စာအုပ်ဆိုင် မသွားဖြစ်လည်း မင်း ငှားလာတဲ့ စာအုပ်တွေ ကပ်ဖတ်လိုက်သေးတယ်၊ မင်း ပြောင်းသွားတဲ့ အခါကျတော့ ဖတ်စရာလည်း မရှိ၊ တအား ဖတ်ချင်လာတဲ့ အခါကျတော့ စာအုပ်ဆိုင်သွားရတာပဲ၊ ဆရာမက ငါ့ကို တွေ့ရင် မင်းကို သတိရတယ်တဲ့၊ ခဏ ခဏ ပြောတယ်”

တကယ်တော့လည်း စီးပွားရေးလုပ်ငန်း အသေးစားတစ်ခု ဆိုနိုင်သော စာအုပ်ဆိုင်ဆိုတာသည် တခြားသော ဆိုင်ကနားများနှင့် မတူလေကြောင်း တစ်ရပ်တစ်ရွာ ပြောင်းရွှေ့ပြီးခါမှ အမေ့စာအုပ်ဆိုင်ဆီ တခုတ်တရ အလည် ပြန်လာသူ၊ အလွမ်းရိပ်ရှာ ပြန်လာတတ်သူ၊ အမှတ်တရ အလွမ်းပြေ လာကြည့်တတ်သူများကို ကြုံနေကျမို့ သူလည်း သိပြီး ဖြစ်ပါသည်။

သူတို့၏ အမည်များကိုတော့ အမေသည် အသေအချာ မမှတ်မိတတ်ပေ။ ဟိုကသည်က အစအနလေးများ တစ်ဖက်လူက ဆက်စပ်ပေးပြီဆိုမှဖြင့် “သြော်…သိပြီ” ဆိုကာ အားရဝမ်းသာ ဖြစ်တတ်သော အမေ့ဟန်မှာ သူ မြင်နေကျပါပဲ။ ဆိုင်မဖြုတ်သေးဘူးလား မေးလိုသမျှမှာလည်း ထိုခဏငယ်များနှင့် မေ့မေ့ပျောက်ပျောက် ရှိရပြန်သည်။ အမေ ပျော်နေရင် ပြီးတာပဲ၊ အမေ့ ပျော်ရွှင်ခြင်းဟာ စာအုပ်ဆိုင် ဖြစ်နေရင်လည်း သည်စာအုပ်ဆိုင်ကလေးကို အမေ့တစ်သက်၊ သူ့တစ်သက် ကြည့်နေရုံပေါ့။ ဒါပဲ ရှိတာ။

ခုတစ်လောတော့ အမေ့စိတ်ဝင်စားမှုသည် မြတ်မော်ထံမှာ ရှိ၏။ ပြီးလျှင်တော့ နွေအိမ့်ထံမှာ။ “ကလေးမလေး ဘယ်ရောက်လို့ ဘယ်ပေါက်နေသလဲ၊ သီပေါပြန်လာရင်တော့ ဒီဆိုင် လာကိုလာမှာ” ဟု လာနိုင်ခြေ ရာနှုန်း နည်းလှသော ဧည့်သည်ကို မျှော်ပြန်သည်။ ဗွီဒီယို၊ ရုပ်ရှင်များထဲကလို ဆိုလျှင်တော့ ဆိုင်မှာပဲ မြတ်မော်နှင့် သူ့မမနွေတို့ ပြန်းခနဲ တိုက်တိုက်ဆိုင်ဆို ဆုံကြ။ ဟား…ဟား…။

“ငါ့ကို ပြန်တွေ့တဲ့ နေ့ကလည်း ဆရာမက ပျော်နေတာဗျ၊ မြတ်မော်လို့ ပြောရင် ရုတ်တရက် မမှတ်မိမှာစိုးလို့ မမနွေ နာမည်ပါ ဒီအစ်ကို့ကို ထည့်ပြောခဲ့ရတယ်၊ နောက်ရက်၊ အင်း…နောက်ရက်မှ ဆိုင်ကို

ပြန်သွားတာပေါ့၊ အဲဒီတော့မှ ဆရာမနဲ့ တွေ့ပြီး ရှေးဟောင်းနှောင်းဖြစ်တွေ ပြောရတာပဲ”

“ဆရာမက မင်းကို တွေ့ရင်လည်း မမနွေကို သတိရဦးမှာပဲ”

“အစစ်ပေါ့၊ ငါနဲ့ ပြန်တွေ့ပြီးတဲ့ နောက်ပိုင်း မမနွေကို နေ့တိုင်း သတိရတာပဲတဲ့ကွာ၊ ဘယ်ရောက်နေသလဲ မသိဘူးဆိုတဲ့ စကားကို ဆရာမ ခဏခဏ ပြောတယ်၊ ဆရာမကိုတော့ ပြောလိုက်ပါတယ်၊ ကျွန်တော်လည်း အဲဒါ သိခွင့်ရရင် သိချင်သားပဲ၊ သွားတွေ့ဖို့လည်း မဟုတ်ပါဘူး၊ တွေ့ဖို့လည်း မကြိုးစားပါဘူးလို့လေ၊ စိတ်ချမ်းသာ ကိုယ်ကျန်းမာ ရှိနေတယ်လို့ သိခွင့်ရရင်ကို ငါကျေနပ်ပါတယ်၊ ခုတော့လည်း အစ်ကို တီးပြတတ်တဲ့ “တစ်နေရာရာမှာပေါ့ အချစ်ရယ်” သီချင်းလေးလိုပေါ့ကွာ၊ တစ်နေရာရာမှာပေါ့...”

အဖျားခတ် တိုးလျချင်သော အသံကြောင့် မြတ်မော်ထံက အားနာပါးနာ သူ မျက်နှာလွှဲ၏။ ဝမ်းနည်းစရာ ဇာတ်ကြောင်းများ ပြန်လှန်လေတော့မလား။ မောင်လင်းညို၊ မနွေအိမ်၊ အနီရင့်ရောင် နွေရက်များ။

သို့သော် မြတ်မော် စကားမဆက်ပါ။ စိုင်းနောင့်ကသာ သက်ပြင်း တစ်မျှင် အသာချလျက် စကားစပါသည်။

“ငါထင်တာတော့ မြတ်မော်ရာ၊ ကိုလင်းညို မရှိတော့တာကလည်း မမနွေ သီပေါက ထွက်သွားရတဲ့ အကြောင်းတစ်ကြောင်း ထင်တာပဲ၊ လူတကာ ဒီလို ထင်ခဲ့ကြတာပဲ၊ နေရာဟောင်းကွာ၊ ဘယ်နေရာမဆို သူ့ချစ်သူအရိပ် မြင်နေရမယ့်နေရာကွာ၊ သူ ကြာလေ မပျော်လေ ဖြစ်လာမှာပဲ မဟုတ်ဘူးလား”

လေချဉ်သည် သူ့လည်ချောင်းဝကို ဆန်တိုးရန်ပြင်ကာ လူကို နေမထိ ထိုင်မသာ ရှိလာစေ၏။ မတတ်နိုင်တော့ပြီ။ ထိုင်ရာမှ ထရပ် ကိုယ်လက်ဆန့်ကာ ပြတင်းအနီးသို့ တိုးကပ်လာသည်။ ပြတင်းဘောင်ကို ဆုပ်ကာ မှောင်ပြာရီသော အဝေးမြင် တောင်တန်းရိပ်၊ တောတန်းရိပ်များရှိရာဆီ ငေးသည်။

ကျောခိုင်းထားသော နောက်ကျောဘက်ဆီက စကားသံများကတော့ သူ့ထံ လွင့်မြဲ။

“တစ်ခါတလေကျတော့ ငါ ဘာတွေးမိသလဲ သိလား စိုင်းနောင့်၊ အနားမှာ မရှိတော့တဲ့ လူတစ်ယောက်ကို အချိန်တွေ အကြာကြီး မမနွေ ချစ်နိုင်၊ စောင့်နိုင်ခဲ့တာကို ကြည့်ပြီး အဲဒီလူနဲ့ ငါ နေရာချင်း လဲချင်လာတာပဲ၊ အစ်ကို့လို

ကံကြမ္မာမျိုးနဲ့ ကြုံမယ်ဆိုရင်တောင် မမနွေ လွမ်းနေမယ်ဆိုရင် ငါ နေရာချင်းလဲခဲ့မှာပဲ”

မပြောကောင်း မဆိုကောင်းကွာ၊ နှုတ်က မထွက်သာသော စကားလုံးကို သူ မျိုချလိုက်၏။ လေပူတစ်ချက် မှုတ်ထုတ်၏။

မျက်လုံးအစုံကို ဖျတ်ခနဲ မှိတ်ချလိုက်မိသည်။ အလင်းစ ပျောက်လျက် အမှောင်ကြီးစိုးသော စိတ်မြင်လွှာဝယ် ထင်းထင်းပေါ်သည်မှာ စိမ်းမြ ရိပ်ညိုသော ဝင်းခြံတစ်ခု၏ ရိပ်ပုံများသာ ဖြစ်ပါသည်။

* * *

ခြံတံခါးဝ၌ ရပ်မိစဉ်မှာပင် တစ်ယောက်သောသူကို ဦးစွာ ပြေးမြင်လေသည်။

တစ်ချိန်တုန်းက သည်ခြံရှေ့ ရပ်မိလျှင်၊ သို့မဟုတ် ခြံတံခါးကို တွန်းဖွင့်မိလျှင် ခြံဝင်းတစ်နေရာရာမှာ ရှိနေတတ်သူသည် ခြံဝဘက်ဆီ လှမ်းမျှော်ကြည့် “ဟော အစ်ကိုကိုး၊ ကိုကျော်ဝေတော့ အဖေ့လေကြောမိနေပြီ၊ အိမ်ထဲ ဝင်သွားပေတော့” ဆိုတတ်သည်။ ခြံဝနှင့် အလှမ်းကွာဝေးလျှင်လည်း အပြုံးကတော့ အနီးဆုံးအရပ်သို့ လွင့်လာတတ်၏။ ငြိမ်းသော ကြည်သော အပြုံး။

ခုတော့ဖြင့် အပြုံးပိုင်ရှင်ကို တွေ့ခွင့် မသာတော့ပြီ။

ညကလိုပင် လေပူတစ်ချက် မှုတ်ထုတ်မလို ပြုပြီးကာမှ နံဘေးက ဧည့်သည်ကို အမှတ်ရတော့သည်။ ခြံတံခါးဝက လူခေါ်ခေါင်းလောင်းကို လှုပ်ခါတော့ “လာပြီ” ဟု အသံပြုလာသည်။ သို့သော် တော်တော်နှင့် လူရိပ် မမြင်ရ။

ခြံမြေသည် သစ်ရွက်များ လှုပ်ခတ်သံ၊ ကျေးငှက်တို့ မြည်သံနှင့် သက်ဝင်လျက် ရှိသော်လည်း တိတ်ဆိတ် ခြောက်သွေ့ခြင်းသည် ဟိုမှာ သည်မှာ အိမ်အပေါ်ထပ်က ဝရန်တာထက်မှာပင် ထင်းထင်းပေါ်သယောင် ရှိနေသည်။ ရေနံချေး ဝလျက်ရှိသော အိမ်ဟောင်း၏ ပျဉ်ထောင်နံရံများ၊ သံချေး ဝနေသော သွပ်မိုးဟောင်းများ၊ သုံးပုံမရတော့သော ရေတွင်းဟောင်း။ ခြံအဝင် လျှောက်လမ်းဘေးက ဘေးတစောင်းစီထားသော အုတ်ခဲများပင် ယိုယွင်းနေတာကို ပြင်မထား။ ခြံထဲက ပေါင်းပင်၊ မြက်ပင်တို့လည်း သဘာဝအတိုင်း ထိုးထောင်ထောင်။ စိမ့်ကြီးမြိုင်ကြီးပမာ မဖြစ်တာပင် ကံကောင်း ဆိုရမည်။

ခြံသည် ဆိတ်ငြိမ်လျက်ကပင် ဝမ်းနည်းရိပ် လွှမ်းနေသလို။ ဟောဟို သစ်ပင်ရိပ်ကတော့ မြတ်မော် စက်ဘီးရပ်တတ်သော နေရာ ဖြစ်မည်။ နွေအိမ့် စက်ဘီးလေးလည်း အဲဒီတစ်ဝိုက် ရပ်မှာပေါ့။ ဟောဟိုက ကွပ်ပျစ်ကတော့ ရံခါမှာ မောင်လင်းညိုလေး နွေအိမ့်ကို၊ မြတ်မော်ကို မျှော်ခဲ့ရာပေါ့။ ခြံထဲက ပန်းရုံတွေ အနားမှာ ဂါဝန်ပျော့နွဲ့နွဲ့နှင့် ကလေးမလေးတစ်ယောက် ပြေးလွှား၊ ဆော့ကစားခဲ့ဖူးမည်။ နောက်တော့ ဆယ်ကျော်သက်ရွယ်၊ အပျိုရွယ် မိန်းက လေးတစ်ယောက် ရှက်ရွံ့ကြည်နူး ခြေလှမ်းများနှင့် လမ်းလျှောက်ဖူးမည်။ အင်း...တွေးတော့လည်း ဆုံး မဆုံးတော့ပါဘူး။

“ဒီနေ့လည်း သီပေါကောင်းကင်ဟာ ပြာလို့ဗျာ၊ ဆောင်းဆို ဒီထက် လှမယ်” ဟု ဆိတ်ဆိတ်ငြိမ်သော ဝန်းကျင်ကို ဖြိုခွင်းသလို ကိုမင်းလွင်က စကားစသည်။ ကောင်းကင်ကို မော့ငေးလျက်။

သည်အိမ်ကို ခြေဦးမတည်ခင် လက်ဖက်ရည်ဆိုင်ထဲ တုန်းကလည်း ကိုမင်းလွင်သည် ဆိုင်အပြင် အမိုးစွန်းမှာ အတန်းလိုက်ကလေး ချိတ်သလို ရှိနေသော ကောင်းကင်အစအနကို ငေးကာ သည်စကားမျိုး ဆိုခဲ့သေးသည်။ စကားမှာ ခုလိုတော့ တစ်ပိုင်းတစ်စနှင့် မရပ်။ ဆက်ကာ ဆက်ကာ စမ်းရေ စီးသည့်ပမာ။ မလိုင်ဖတ်ကလေးများ ဝေ့ဝဲဝဲ နှစ်လိုဖွယ် လက်ဖက်ရည်ခွက်ကလေး အားကိုးနှင့် သူ့စကားတို့ကို စိတ်ရှည်လက်ရှည် နားစိုက်ထောင်ခဲ့တာ ခုပင် ပြန်သတိရသည်။ အံ့မယ်လေး...လက်ဖက်ရည်ဆိုင်မှာ ထိုင်စတုန်းကများ ဟိုငေးဒီငေး ခပ်ငူငူ။ ပြောစရာ ကြုံတော့လည်း စကားနည်းသူများ ဖြစ်လေမလား ထင်ခဲ့ဖူးတာပင် ပြန်ရုပ်သိမ်းမိတော့မတတ် ကောင်းကင်ပြာကစလို့ စကားစဉ်မပြတ်အောင် ပြောနိုင်သူ ဖြစ်နေသကိုးလေ။

“ကျွန်တော် ထောင်ထဲမှာ နေတုန်းက မြင်နေရတဲ့ သီပေါကောင်းကင်က စိတ်ထင်လို့လားတော့ မသိဘူး၊ တခြားကောင်းကင်နဲ့ မတူဘူးဗျာ၊ သူက အပြာရောင်ပလိန်း၊ ကောင်းကင်က သိပ်လှတယ်၊ ဝေ့ါဒစ္စနေအပြာလို ဟာမျိုး၊ ကောင်းကင်က ကြည်ပြီး ပြာနေတာ၊ ကျွန်တော်တို့က တိုက်ပိတ် ခံထားရတဲ့ အခါကျတော့ ကောင်းကင်ကိုပဲ အားထားပြီး ကြည့်နေရတယ်၊ အသက်ရှူ ချောင်စရာလေးပေါ့”

“ကျွန်တော်ဖြင့် ခင်ဗျားလို သတိထားပြီး တစ်ခါတောင် မကြည့်ဖူးဘူး ထင်တာပဲ၊ အမှတ်တမဲ့ပဲဗျ”

“ခင်ဗျားတို့မှာ ကြည့်စရာ များ၊ နားထောင်စရာ များ၊ အာရုံများတာကိုးဗျ၊ ကျွန်တော်တို့မှာတော့ ဘာရှိမလဲ၊ မြင်ရလည်း သစ်ပင်လေး

အဖျားအနား၊ ကောင်းကင်လေး တစ်စွန်းတစ်စပေါ့”

“အင်းပေါ့လေ ဟုတ်တာပေါ့”

“တစ်ခါတုန်းက လားရှိုးသွားတော့ သီပေါကို ဖြတ်ဖူးတယ်၊ သီပေါလမ်းက တော်တော်လှတယ်ဗျ၊ ဖောက်ထားတာလည်း တော်တော်ကောင်းတယ်၊ အချိန်ကလည်း နေကြာရိုင်းပွင့်ချိန်ဗျာ၊ စဉ်းစားသာကြည့်ပေတော့၊ ကျွန်တော်လေ သီပေါကို သဘောကျပြီးတော့ ဒီမြို့လေးမှာ နေရရင် ကောင်းမယ် တွေးမိခဲ့သေးတယ်၊ တကယ်တမ်း ဒီကို ရောက်လာတော့ ထောင်သား တစ်ယောက်လို ရောက်လာတာပဲ။

ဒါပေမဲ့ အခုနေ သီပေါလို့ ပြန်တွေးရင်လည်း ကိုယ်ထောင်ကျခဲ့တဲ့နေရာလို့ ကျွန်တော် ခါးသီးမနေဘူးဗျ၊ လွမ်းတယ်၊ စောစောက ပြောတဲ့ ကောင်းကင်ကိုလည်း လွမ်းတယ်၊ တိုက်ထဲကနေ မြင်ရတာဆိုလို့ရှိရင် ထောင်ရဲ့ ရှေ့တည့်တည့်မှာ ညောင်ပင်ကြီးရှိတယ်၊ အဲဒီညောင်ပင်ရဲ့ အဖျားကိုပဲ မြင်ရတယ်၊ နောက် ဟိုဘက်ကျတော့ ကုက္ကိုပင်ကြီးရဲ့ အဖျားကို မြင်ရတယ်၊ တိုက်က အတွင်းထဲက ဆယ်ပေ ရှစ်ပေအခန်းရှိတယ်၊ ရှေ့မှာတော့ ဆယ်ပေ ရှစ်ပေရှိတဲ့အခန်း၊ သံစကာ ကာထားတယ်၊ ရေချိုးကန်လေးနဲ့ပေါ့လေ၊ မော့ပြီးတော့ ကြည့်လို့ရှိရင် ညောင်ပင်ပဲ မြင်ရတယ်၊ ညောင်ပင်က ပုရစ်ဖူးပြီဆိုရင် ဩော်...ငါတို့ တစ်နှစ် ပြည့်ပါပြီကောဆိုတာ သိရတယ်။

ကျွန်တော့်ရဲ့ မော်ဒယ်ဟာ ကုက္ကိုပင်ကြီးပဲ၊ မနက်ခြောက်နာရီလောက်ဆို နှင်းမြူတွေထဲကနေ သူ့ရဲ့အရိပ်ကလေးပဲ မြင်နေရတဲ့အချိန်က တကယ်ကို ကောင်းပေ့ဆိုတဲ့ ပန်းချီကားတစ်ချပ်လိုပဲ၊ အဲဒီအပြာနောက်မှာမှ ခရမ်းရောင်က မှိုင်းပြီးတော့နေတာ၊ ပြီးတော့ နေပွင့်လာရင် တစ်မျိုး၊ နေအရိပ်ကျရင် တစ်မျိုး၊ အနောက်ဘက်က နေထိုးရင် တစ်မျိုး၊ နေ့စဉ် ကြည့်နေရင်တောင် ပုံမထပ်ဘူး။

ဒါပြီးရင် ကျွန်တော့်ရဲ့ အဓိကမိတ်ဆွေက ငှက်ကလေးပေါ့၊ သပိတ်လွယ် ငှက်ကလေးပေါ့၊ ငှက်ကလေးက လာလာပြီးတော့ အော်တာ၊ တစ်ခါ တစ်ခါကျတော့လည်း အထဲကနေ ပျင်းတော့ အော်သံကို နားထောင်ပြီး လိုက်တွက်တာပေါ့၊ အော်သံက များသောအားဖြင့် စုံနဲ့ ပိတ်တာများတယ်၊ တစ်ခါတလေ မ ဖြစ်သွားရင် ဘာများ ထူးခြားမလဲပေါ့၊ ကျွန်တော့်မှာ အဖော်ဆိုလို့ ဒါပဲ ရှိတာကိုး။

နောက်ထပ် ကျွန်တော့်အဖော်က စာအုပ်တွေပဲ၊ စာဖတ်တာကိုတော့ ခွင့်ပြုတယ်၊ စာကြည့်တိုက်လည်း ရှိတယ်၊ ပထမတုန်းကတော့

စကားလုံးလေးကအစ အာဏာရှင်ဆိုတာ ပါရင် ပေးမဖတ်ဘူး၊ ဒါပေမဲ့ သူတို့က တကယ့် နိုင်ငံရေးစစ်စစ် အနှစ်သာရ ရှိတာတွေ မသိပါဘူး၊ မျက်နှာဖုံး ဖြုပြီး တခြား အဖုံးနဲ့ဆိုရင် ပို့လိုက်တာပဲ၊ ဒီမိုကရေစီ အရေးတော်ပုံတို့ ဘာတို့ဆိုရင် မူရင်းမျက်နှာဖုံး ဖြုတ်ပြီး မင်္ဂလာသုတ်အဖွင့်တို့ ဘာတို့နဲ့ ဖုံးလာရတာ၊ စာအုပ်တွေ ပထမက စစ်ပေမယ့် အပြင်မှာ ပွင့်လင်းလာတဲ့ နောက်ပိုင်းကျ မစစ်တော့ပါဘူး၊ ကျွန်တော့်စိတ်ကလည်း အဲဒီတုန်းက နေလို့ ပျော်ပါတယ်၊ စာရေးလို့ မရရင်တောင် စိတ်က လွတ်လပ်နေတာကိုး၊ စိတ်ကူးလို့ ရနေတာကိုး၊ ကျွန်တော် ပြောဖူးသလိုပဲ နောက်ပိုင်း စာခိုးရေးတယ်၊ ဒိုင်ယာရီ ရေးတယ်၊ ဒါပေမဲ့ ပျောက်သွားတယ်၊ လွှတ်ပြီးခါမှ ဒိုင်ယာရီ ရေးခဲ့တာကို ပြန်စဉ်းစားပြီး စာရှည်ရှည်တစ်ပုဒ်လို ပြန်ရေးတာပဲ၊ စာအုပ်ထွက်လာအောင် ရေးခဲ့တာပဲ။

ကျွန်တော့်မှာ စာအုပ်ဆိုင်ရှင်ကိုသာ လိုက်ရှာနေတယ်၊ သူ ဖြူသလား၊ မည်းသလားလည်း ကျွန်တော် မသိဘူး၊ သူကလည်း ကျွန်တော် ဖြူသလား၊ မည်းသလား သိမှာ မဟုတ်ဘူး၊ ကျွန်တော်တို့ကြားက ကြိုးက စာအုပ်တွေပဲဗျ”

“ကျွန်တော်တို့ကြားက ကြိုးက စာအုပ်တွေ” ဆိုသော စကားကို ကြားယောင်ကာ သူ ပြုံးမိလေသည်။ နောက် အိမ်ဘက် အကြည့်ရွှေ့ပြန်၏။

ဟော…ဒီတစ်ခါတော့ တကယ် လာပါပြီ။

“လာပြီ” အသံရှင်မှာ ဒါလီဖြစ်လိမ့်မည် အတပ် တွက်ခဲ့သော်လည်း အသက် ဆယ့်ငါးနှစ်ဝန်းကျင် သူစိမ်းမိန်းကလေး တစ်ယောက်ပါလား။

“တံခါး သော့ခတ်မထားဘူးရှင့်၊ ကန့်လန့်ပဲ ထိုးထားတာ” ဟု ပြောပြောဆိုဆို မိန်းကလေးက တံခါးဖွင့်သည်။ နယ်ထုံးစံမို့ တံခါးမဖွင့်မီ ဘယ်သူလဲ အစရှိသည် မမေး။ နောက်ထပ်သော ဟောင်းမြင်းခြင်း သင်္ကေတ တစ်ခုဖြစ်သည့် သံပန်းတံခါးသည် ကန့်လန့်မှ လွတ်လျှင် ရင်ကို နှစ်ခြမ်းခွဲလျက် သူတို့ ဝင်သာရန် ပြင်ပေးသလို။

“မဒါလီနဲ့ တွေ့ချင်လို့ပါ”

“ဟုတ် မမ ရှိတယ်ရှင့်၊ မီးဖိုထဲမှာ ညနေစာ ချက်နေပါတယ်”

ဒါလီ၊ ဒါလီ ယခုတိုင် မီးဖိုဆောင်မှာ ပျော်မွေ့သူဘဝ ရှိမြဲပေပဲ။ ထီးတည်းကျန်သော အိမ်ရိပ်မှာ နာကျင်သောရင်နှင့် ဘယ်သူ့အတွက်များ ချက်ပါဦးမလဲ။

"လာဗျာ ကိုမင်းလွင်" ဟု အကျွမ်းတဝင် ရှိသူပမာ ခေါင်ငင်လျက် မိန်းကလေးနောက်က လိုက်ရသည်။

ဖိနပ်ချွတ်မှ လှမ်းမျှော်လျှင်မြင်ရသော အိမ်အောက်ထပ်မြင်ကွင်းသည် အတိတ်တစ်ချိန်က တွေ့ခဲ့ဖူးသည်နှင့် များစွာမခြားလှပေ။ ရှေးဟန်လည်း မပျက်၊ ထိုင်ဖန်များ၍လည်း အောက်ခြေပင် အနည်းငယ် အိဝင်၊ ကျောမှီ၌ အဆီဝနေသော ကြိမ်ဆက်တီမှာ သူတို့ ဝင်ထိုင်ကြရသည်။ အလယ်ကောင်တွင် တက်တင်း ဇာလေးထောင့်ကွက်ကို ဆန္ဒင်းမကင်းပုံ အုပ်ထားသော စားပွဲပေါ် ကလေးမလေးက စတီးလင်ဗန်းတစ်ချပ် ချလာသည်။ ရေနွေးကရားမှာ ရေနွေးငွေ့ ဝေ့လျက်၊ အကြွမ်းပန်းကန်များ မှောက်လျက်။ နေကြာစေ့လှော် တစ်ပန်းကန်။

"ကိုမင်းလွင် ရေနွေးသောက်ဗျာ၊ နေကြာလည်း စား၊ ဒီအရပ်က နေကြာစေ့လှော်တွေ တည်တတ်ကြတယ်၊ ရန်ကုန်တို့ ဘာတို့မှာ လက်ဖက်တည်သလိုပေါ့၊ စားကြည့်၊ နေကြာက ခပ်ဆိမ့်ဆိမ့်ဗျ၊ သိပ်ကောင်းတယ်၊ ရေနွေးကလည်း အလွန်ကောင်း၊ လက်ဖက်နံ့ရရင်ကို ခင်ဗျား သောက်ချင်လာမှာ"

"ကျွန်တော် သောက်ဖူးသားပဲဗျ"

"ဩော်...ဟုတ်သားပဲ၊ ကျွန်တော့်မလည်း ခင်ဗျား ဒီမှာ နေဖူးတာကို မေ့သွားပြန်တယ်"

အပူငွေ့မှာ လက်ကျန်ဖြာသော ညနေ နေခြည်အလင်းရိပ်တွင် တိုးဝင် နှောဆဲ။ ခန်းဆီးစမှာ တလွင့်လွင့်။ ပြတင်းဘေးမှာတော့ ငြိမ်ဝပ်ဝပ် တည်သော စန္ဒရားအို။ အဖုံး ပိတ်လျက်သား တီးသူမဲ့ စန္ဒရားအို။ စန္ဒရားအနီးမှာ ထိုင်စရာ ခုံပင်မရှိ။ ဒါလီရော စန္ဒရား မတီးတတ်ဘူးလား။ တီးတတ်ပါလျက် လွမ်းမည် စိုးစိတ်နှင့် မတီးသူများလား။

အတိတ်တစ်ချိန်က သည်စန္ဒရားပေါ် ပြေးလွှားခဲ့ဖူးသော လက်ချောင်းကလေးများ ပိုင်ရှင်မှာ ပစ္စုပ္ပန်ကာလတွင်တော့ အိပ်မက်များ၏ ပုံရိပ်ယောင် အဖြစ်သာ ကျန်ရစ်တော့သည်။

ဟောဟိုထောင့်က အခန်းကတော့ စန္ဒရားတီးသူ မောင်လင်းညို၏ အခန်းတည်း။ အခန်းသည် တံခါးစေ့ပိတ်လျက်သား။ အကယ်၍များ တံခါးတို့ကို ဖွင့်ဝင်ရလျှင်တော့ အခန်းတွင်း အိပ်ရာအိပ်ခင်းကအစ ပစ္စည်းပစ္စယတို့ကို အနေအထားမပျက်၊ ဖုန်သုတ်မပျက် ထားတာမျိုး မြင်ကောင်း မြင်ရလိမ့်မည်။

တစ်ချိန်တုန်းက စာသင်သားများနှင့် စည်စည်ဝေဝေ ရှိခဲ့ရာ အိမ့်အောက်ထပ်တစ်ခွင်သည် ခုတော့ဖြင့် လူသူကင်းမဲ့လျက် ဆိတ်ဆိတ်ငြိမ်ငြိမ် ဆက်တီများ၊ စားပွဲများ၊ ဗီရိုများသည် နှစ်များစွာကအတိုင်း ရွေ့လျားခြင်းမရှိ ခိုင်ခိုင်မတ်မတ် ရပ်နေကြသလို။ ဟောင်းမြင်းခြင်းသည် မြင်မြင်လေရာ မြင်ကွင်းတစ်ခုလုံးကို စိုးမိုးလျက်ရှိကာ ထိုထိုသော ဟောင်းမြင်းခြင်းကြောင့်ပင် နှစ်ကာလတို့ ကုန်လွန် ဖြတ်သန်းခဲ့ပြီဆိုတာ ဟုတ်မှ ဟုတ်ပါလေစ သူ သံသယဝင်မိမလို ရှိလာလေပြီ။

"အားနာလိုက်တာရှင် ဟင်းအိုးက ပြင်လက်စမို့ ကြာသွားတာ" ဆိုသော အသံနှင့်အတူ မီးဖိုဆောင်နှင့် အိမ်မ ကူးဆက်ထားသော အပေါက်ဝမှာ ဒါလီ ဘွားခနဲ ပေါ်လာတော့ သူ့မှာ ခါးပင် ဆတ်ခနဲ မတ်သွားရသည်။

"ဩော်" ဆိုသော အာမေဋိတ်သံသည် ဒါလီနှုတ်က ထွက်ကျလာ၏။

သူတို့ထံ အံ့အားသင့်ခြင်းလည်းစွက်၊ ဖော်ရွေခြင်းလည်း ပါဝင်သော အမူအရာဖြင့် နှုတ်ဆက်ဟန်ပြုလျက် လျှောက်လာနေသော အမျိုးသမီးသည် လွန်ခဲ့သော နှစ်များကလိုပင် မဟာဆန်သော အလှမျိုးဖြင့် ဝင်းပမြဲ။ ဆံပင်ကို အပြောင်သိမ်းကာ သေသေသပ်သပ်ပင် စည်းနှောင်ထားသည်။ အိမ်နေရင်းဝတ်စုံကို ဝတ်ထားစေကာမူ အလှတရားက လျော့ပါးခြင်း မရှိ။

သို့သော်၊ သို့သော်လည်း သူ တွေ့မြင်သိကျွမ်းဖူးသော အတိတ်ကမ္ဘာက မျက်နှာလို အပူကင်းစင် ပေါ့ပါးဟန်သည် ပျောက်ခြင်းမလှ ပျောက်ဆုံးခဲ့ပြီ။ သည်အစား ဘဝ၏ ပျော့ရွှင်ဖွယ် အစိတ်အပိုင်း အားလုံးနီးပါး ဆုံးရှုံးခဲ့ပြီးသူ တစ်ဦး၏ စိတ်လှုပ်ရှားတက်ကြွမှု၊ လိုက်လုံ့မှု ကင်းလှဟန် မျက်နှာတစ်ခုသာ ကျန်ရစ်ခဲ့ပုံရသည်။ အိမ်ရှင်တို့၏ နှုတ်ဆက် ဖော်ရွေပြုံးတော့ ပြုံးရှာသား။

"ကျွန်တော့်ကို မှတ်မိရဲ့လား ဒါလီ"

"ဟုတ်" ဟု တစ်ခွန်းဆိုကာ သူတို့နှင့် မျက်နှာချင်းဆိုင်မှာ ဒါလီ ဝင်ထိုင်၏။

"ကံ့ကော်ရိပ်က မဟုတ်လား"

"ဟုတ်ပါ့ဗျာ"

"ကျွန်မလည်း အပြင် သိပ်မထွက်ဖြစ်တာနဲ့ မရောက်ဖြစ်တာတောင် တော်တော်ကြာပြီ၊ ဆရာမ နေကောင်းရဲ့လား"

"ကောင်းပါတယ်" ဟု သူ တုံ့ပြန်ရသည်။

ဒါလီနှင့် မျက်လုံးချင်း ဆုံခိုက်မှာပင် ကျော်ဇော့ကို သူ အောက်မေ့လာသည်။ သီပေါကို ခွာလျက် ရန်ကုန်မှာ မိဘများနှင့် အတူ အခြေချနေသော ကျော်ဝေသည် မိဘများ စီစဉ်ပေးသူနှင့်ပင် အိမ်ထောင်ရက်သား ကျနေပြီ။ သားတစ်ယောက်ပင် ရနေပြီ။ တစ်ချိန်တစ်ခါတုန်းက မစမီပင် ဆုံးနှင့်ခဲ့သော ဇာတ်လမ်းလေး တစ်ပုဒ်ကို ကျော်ဝေ သတိရသေးသလား။ သူ မသိပါ။

"ကိစ္စရှိရင် ပြောပါအစ်ကို၊ ညှော်သည်လည်း ပါတယ်ဆိုတော့ ကိစ္စ တစ်ခုခု ရှိမှာပဲ"

မနက်ခင်းက တွေ့ခဲ့သူ စာအုပ်ဆိုင်ရှင်ဟောင်းကလည်း ရှာလိုသူနှင့် လွဲချော်ခဲ့ပြီမို့ နောက်ဆုံးသော ကောက်ရိုးတစ်မျှင်ကို ဆုပ်ကိုင်လိုပုံရသည့် ကိုမင်းလွင်၏ စိတ်စောစောမျက်နှာကို တစ်ချက်မျှ အကဲခတ်ကာ ဒါလီကို သူ စကားစရသည်။ အကျိုးအကြောင်း ရှင်းပြရသည်။ သူက ပြောလိုက်၊ ကိုမင်းလွင်က ဖြည့်စွက်လိုက်နှင့် နောက်ဆုံးတော့ သည်ခြံအထိ ဒုတ်ဒုတ်ထိ ရောက်လာရသော အကြောင်းရင်းမှာ ပြည့်စုံသလောက် ရှိခဲ့ပြီ။ သီပေါထောင်၊ စာအုပ်များ၊ စာအုပ်ဆိုင် ထောင်ဝန်ထမ်းကောင်ကလေး၊ နောက်ဆုံး ကိုမင်းလွင်၏ သီပေါဒိုင်ယာရီ။

ဒါလီသည် သူတို့နှစ်ဦး စကားဆိုကြစဉ် တစ်လျှောက် ဆက်စပ် တွေးတောဟန် တစ်ချက်တစ်ချက် ငြိမ်၏။ တစ်ချက်တစ်ချက်တွင် မျက်လုံးအစုံ ဖျတ်ခနဲ လက်၏။ "ဆိုင်ရှင်ကို ကျေးဇူးတင်စကားလေး ပြောရင်း စာအုပ်လေး ပေးခဲ့ချင်တာဗျ" ဟု ကိုမင်းလွင် စကားအဆုံးသတ်တော့ ဒါလီက ဖွဖွယဉ်ယဉ် ပြုံးလိုက်လေသည်။

"အဲဒါဆိုရင် ကျွန်မကို ပေးခဲ့လို့ ရပါတယ်"

"ဗျာ…"

ကိုမင်းလွင်၏ နှုတ်က ပွင့်ကျသော အာမေဍိတ်သည် ဝမ်းသာ လှိုက်လှဲမှုအတိ။ ကြားခဲ့ပြီးသား စကားကိုပင် ထပ်မံအတည်ပြုလေဟန်ဖြင့်-

"မဒါလီက ကျွန်တော် ရှာနေတဲ့ ဆိုင်ရှင်ပေါ့"

"ဟုတ်ပါတယ်၊ ကျွန်မပါပဲ"

"ဝမ်းသာလိုက်တာဗျာ" ဟု လှိုက်လှဲရွှင်ကြည် ရေရွတ်ကာ သူ့ဘက်သို့ ကိုမင်းလွင် ငဲ့ကြည့်လာသည်။ မနက်ခင်းတုန်းက စိတ်လျှော့တော့မလို၊ သူ့ထံ

စာအုပ်အပ်၍ပဲ ရန်ကုန် ပြန်ရတော့မလိုလို စကားကုန် ဆိုခဲ့လေသော ကိုမင်းလွင်၏ အပြုံးမှာ လွင့်ခနဲ ကူးစက်လာပေသည်။

"မနက်ဖြန်တောင် ရန်ကုန် ပြန်ရတော့မှာဗျာ၊ မတွေ့တော့ရင် ဒုက္ခပဲ ပြောခဲ့သေးတာနော် ကိုစော"

"ဟုတ်ပ၊ ကျွန်တော် ခင်ဗျားကို ပြောပါသေးတယ်၊ ဒါလီများ ဖြစ်နေရင် ခင်ဗျားစာအုပ်ကို ကိုယ်တိုင် ပေးခဲ့ရမှာပါလို့"

"အေးဗျာ၊ အဆင်သင့်လိုက်တာ"

ကိုမင်းလွင်သည် လွယ်အိတ်ထဲက စာအုပ်ကို ထုတ်၏။ ဘောပဲန်ပါ ထုတ်ကာ လက်မှတ်ထိုးရန် ပြင်လိုက်၏။

"ဒါလီတို့ စာအုပ်ဆိုင် ဖွင့်ဖြစ်သေးတာ စိတ်ထဲ ဝေဝေဝါးဝါးဗျ၊ သိပ်မမှတ်မိတော့ဘူး၊ အမေ ပြောလို့သာ"

"ဖွင့်တယ်ဆိုလည်း သိပ်တော့ မကြာလိုက်ပါဘူး အစ်ကိုရယ်၊ အိမ်မှာလည်း စာအုပ်တွေက ပုံနေ၊ လူရော စိတ်ပါ အနားမပေးချင်ဘဲ တစ်ခုခု လုပ်ချင်နေတဲ့ အချိန်ဆိုတော့ လုပ်ဖြစ်သွားတာပါပဲ၊ လမ်းမတန်းမှာပဲ ဖွင့်တာပါ၊ အဲဒီတုန်းက အဖေ ရှိသေးတာပေါ့၊ ဆိုင်မှာ ညနေဘက်ဆို အဖေပါ လာထိုင်၊ သူ့မိတ်ဆွေတွေနဲ့ စကားလေး ဘာလေး ပြော၊ ဆိုင်ကလည်း လူစည်တယ်လေ၊ စာအုပ်ဆိုင် ခေတ်ကောင်းသေးတဲ့ အချိန်ဆိုတော့ ငွေပိုဝင်တယ် ဆိုတာထက် အဖေရော ကျွန်မပါ အတော် စိတ်ချမ်းသာခဲ့တာ"

ဒါလီသည် ကိုမင်းလွင် ကမ်းပေးသော စာအုပ်ကို လက်ခံယူလျက် ကျေးဇူးစကားဆိုကာ ပြောလက်စ စကားကို ဆက်ပြန်သည်။

"အဖေ ဆုံးတဲ့အထိကို ဆက်ဖွင့်ထားသေးတယ်၊ တစ်ယောက်တည်း စိတ်ပြေလက်ပျောက် ဖြစ်တာပေါ့ဆိုပြီး ဆက်ဖွင့်တာပေါ့၊ အဲဒီကောင်လေး စာအုပ် လာလာငှားတာလည်း အဲဒီအချိန်လောက်ပဲ၊ သူ လာနေကျ သူ့အမျိုးအိမ်နဲ့ နီးလို့ လာငှားတာတဲ့၊ ပထမတော့ စာအုပ်နာမည်တွေနဲ့ ပြောပြောငှားတာကို စိတ်ဝင်စားတာနဲ့ မေးရင်းကနေ ထောင်ထဲမှာ နိုင်ငံရေးအကျဉ်းသား နှစ်ယောက် ရှိတဲ့အကြောင်း၊ သူတို့အတွက်ပါ စာအုပ်ငှားပေးရတဲ့အကြောင်း သိရတာပဲ၊ အဲဒီလို သိပြီးကတည်းက စာအုပ်ငှားရင် သူ့အတွက် ပိုက်ဆံမယူတော့ဘဲ ထားလိုက်တာ၊ စာအုပ်တွေလည်း ထည့်ပေးလိုက်တာပဲ၊ ဆိုင်ပိတ်ခါနီးတော့ ကျွန်မ စာအုပ်တွေ အများကြီး ပေးမလို့ဟာ ကောင်လေးက ပြောတယ်၊ သူတို့ လွတ် သွားကြပြီတဲ့၊

ဒါနဲ့ သူ ဖတ်ချင်တာလေးတွေပဲ လက်ဆောင်ပေးလိုက်ရတယ်”

“အဲဒီကောင်လေးနဲ့လည်း ထပ်မတွေ့နိုင်တော့ဘူးဗျာ၊ နာမည်လည်း မမှတ်မိ၊ ဘာလည်း မမှတ်မိ၊ သူလည်း ကျေးဇူးရှင်တစ်ယောက်ပဲဗျ၊ အင်း... မဒါလီလည်း ကျွန်တော့်ကျေးဇူးရှင်ပဲ”

“အဲဒီလိုတော့ မပြောပါနဲ့၊ ကျွန်မလည်း ဘာမှ အပန်းကြီးတာ မဟုတ်ဘဲ၊ ကိုယ့်ဆိုင်က စာအုပ်တွေ ဖတ်ချင်တာ ပို့ပေးခဲ့ရတာပဲဟာ၊ ဆေးတွေ ဘာတွေ ဆိုတာလည်း တန်ဖိုးကြီး မဟုတ်၊ ရှမ်းဆေး၊ ဗမာဆေးတွေပဲ၊ ပြီးတော့ ကိုယ်တောင် သယ်သွားပေးရတာ မဟုတ်ဘူးလေ”

“ဒါပေမဲ့ဗျာ၊ ထောင်ထဲက လူ၊ အထူးသဖြင့် နိုင်ငံရေးအကျဉ်းသား တစ်ယောက်နဲ့ အဆက်အဆံလုပ်ဖို့ တော်တော်တန်တန် ရှောင်ခဲ့ကြတဲ့ အချိန်မျိုး မဟုတ်လားဗျ၊ ကျွန်တော့်စိတ်ထဲတော့ မှတ်မှတ်ရရကို ဖြစ်နေတာ”

“ဟုတ်ကဲ့ပါ”

ဒါလီစကားသံမှာ အရယ်အပြုံးနှင့် နှောလျက်။

“တစ်ခုခု စားကြပါလားဟင်၊ အိမ်မှာ နေ့ခင်းက လုပ်စားတဲ့ ရှမ်းခေါက်ဆွဲ ရှိပါတယ်၊ ပြင်လိုက်ရုံပဲ”

“ဟာ...တော်ပါပြီ ရပါတယ်” ဟု ကိုမင်းလွင်က ငြင်း၏။ သူကမူ ဒါလီ ကမ်းလှမ်းစကားကြောင့် အတိတ်ကို မြင်ယောင်လေသည်။ မပြောတော့ပါဘူး တွေးသော်လည်း နှုတ်က လွှတ်ခနဲ ထွက်တော့သည်။

“အရင်တုန်းက ဒီအိမ်မှာ ကျွန်တော် နှစ်ခါလား၊ သုံးခါလား ဝင်ဝင်စားဖူးတာ မှတ်မိသေးတယ်၊ ဒါလီလက်ရာက သိပ်ကောင်းတာကိုး”

“လက်ရာကောင်းလည်း အခု စားမယ့်သူက ကျွန်မရယ်၊ ညီမလေးရယ်ပဲ ရှိတယ်”

“ခုနက ကလေးမလေး...”

“ဟုတ်ပ၊ နှစ်ဝမ်းကွဲညီမပေါ့လေ၊ အဖော်ရအောင် ခေါ်ထားရတာ၊ အိမ်ကနေပဲ ကျောင်းတက်ပေါ့”

“အရင်လို သင်တန်းရော ဖွင့်သေးလား”

“မဖွင့်ဖြစ်တော့ဘူး အစ်ကို၊ အမိကက အဖေ လုပ်ချင်တဲ့ သင်တန်း

ဆိုတော့လေ၊ ကျွန်မကျတော့ ဖွင့်ပြန်ရင်လည်း လူက တစ်ယောက်တည်း မနိုင်လောက်ဘူး၊ လူခေါ်ရအောင်ကလည်း စီးပွားရေးလို ကျယ်ကျယ်ပြန့်ပြန့် မလုပ်ချင်တာနဲ့ မလုပ်ဖြစ်တော့တာ”

နှမြောစရာ။ သည်စကားစုကိုတော့ နှုတ်က မဆိုဖြစ်ပေ။

သည်အိမ်ကို နောက်ဆုံး ရောက်ခဲ့တာ ဘယ်တုန်းကပါလိမ့်။ တစ်ခါကတော့ လင်းညို၏ သတင်း လွင့်ပျံ့စဥ်ကာလ အမေနှင့်အတူ မေးမြန်းအားပေးရန် ရောက်ခဲ့ရချိန်။ ခြံထောင့်အပင်ရိပ်မှာ နွေအိမ် ငြိမ်ငြိမ်ငေးငေးလေး ထိုင်နေပုံ မြင်ခဲ့ဖူးတာပင် အမှတ်ရသည်။ နောက်တစ်ကြိမ်ကတော့ ဆရာ နာမကျန်း၍ သတင်းမေးစဥ်။ ဆုံးပါးချိန်မှာတော့ သူ မရှိပြီ။ ရန်ကုန် ပြန်ရောက်နေပြီ။

ဟိုမှသည် အကြည့်ဝေ့ကာ သူ တစ်ချက် ကျိတ်ရှိုက်လိုက်သည်။

ချစ်ခင်သူတို့၏ ရယ်မောသံ၊ စကားသံများ၊ အရိပ်အလွင့် လှုပ်ရှားပုံများ မျောရီရီ ကျန်နေဆဲဖြစ်မည့် သည်အိမ်အိုထဲ ဘယ်လို စိတ်နှလုံး ခွန်အားအစုံနှင့်များ ဒါလီ ထီးတည်းနေရစ်ပါသလဲ။

ဩော်...မောင်ငြိမ်းစော၊ သူ့မှာလည်း သူ့ဘဝနေနည်း ရှိပေမပေါ့။ လူဆိုတာ သည်လိုပေပဲ။ သူ့ဘဝကို ကိုယ့်နေရာက လှမ်းကြည့်တော့ သူ ဘယ်လိုများ နေပါလိမ့်မလဲ ဆင်ခြင်မဆုံး။ တကယ်တမ်းကျတော့ သူလည်းပဲ ကိုယ့်ဘဝကို သည်လို တွေးကောင်း တွေးနေမှာပေ့ါ။ အငိုနှင့် စခဲ့ရာ ဘဝမှာ ပြီးပြည့်စုံသော ပျော်မွေ့ရာဆိုတာ ရှိမှ မရှိလေဘဲ..။

“စန္ဒရားက ဘယ်သူ တီးတာလဲဗျ”

သူနှင့် ဒါလီတို့ စကားဆိုလက်စမို့ တစ်ယောက်တည်း ဟိုငေးဒီငေး ပြုနေခဲ့ပုံရသော ကိုမင်းလွင်ထံက စကားသံ ရုတ်ခြည်းပေါ်ပေါက်လျှင် စိတ်တွင် ထိတ်ခနဲ ဖြစ်ရလေပြီ။ ကိုမင်းလွင်ထံ ဆတ်ခနဲ အကြည့်ရောက်သလို ဒါလီကိုလည်း အမှတ်မဲ့ဟန် အကဲခတ်ရသည်။

သည်စကားမှာ နာကျင်ရာမလား။ နာကျင်ဖွယ် အတိတ်ကို ဖြုန်းခနဲ တသစိတ်နှင့် မျက်ရည်ဝဲရာတော့မလား။ ညှို့သည်မို့ ဖွေမယူလောက်ဘူး မျှော်လင့်စိတ်နှင့် တောင်းပန်လိုဆဲ ဒါလီက ပြုံးလိုက်၏။ အိပ်မက် မက်သူလို။

“ကျွန်မမောင်လေး တီးခဲ့တာပါ”

* * *

ဆောင်းတစ်ညနေဆီက ကြားခဲ့ရသော စန္ဒရားသံသည် ကာလများစွာထိတိုင် အရိပ်လို ထက်ကြပ်မကွာ ရှိမြဲ ရှိခဲ့ပါသတဲ့။ နွေအိမ့်စကားကို သူ တစ်ဆင့်ခံ ကြားနာဖူးသည်။

ဩော်...နွေအိမ်...နွေအိမ်...။

တစ်လောလေးကအထိ ရှိခဲ့ဖူးသော မေ့မေ့ပျောက်ပျောက် မိန်းကလေး၏ အမည်သည် ခုတော့လည်း သူ့ဝန်းကျင်တွင် မကြားလိုမှ အဆုံး ဖြစ်လာခဲ့ပြီ။

စင်စစ် သူ့ဘဝစာမျက်နှာတွင် မိန်းမတို့၏ အမည်နာမများစွာ မရှိချေ။ အမေကတော့ ခြွင်းချက်မရှိ ထိပ်ဆုံးမှာပေ့ါ။ ချစ်လှစွာသော ချစ်သူတစ်ယောက်တော့ဖြင့် တစ်မိုးအောက် တစ်ယောက် စာဖွဲ့ရမလို တမ်းတစရာ ရှိခဲ့ဖူးပါရဲ့။ သို့သော်လည်း နဖူးစာ မင်ရေကျဲသူတို့မှာ ဘာကြောင့်မှန်း ပြောမပြသာသော အကြောင်းခြင်းရာလေးများပေါ် ဖန်ကွဲစလေးများ နင်းသလို တစ်စချင်း နင်းမိရာက အဆုံးမတော့ ဖဝါးကိုယ်စီ သွေးခြင်းခြင်းနီကာ အဝေးကြီး ဝေးခဲ့ဖူးပြီ။

စိတ်က အနည်းငယ် နွေးတေးတေးရှိရုံနှင့် သူ့ဦးနှောက်က ရာနှုန်းပြည့် လက်မထောင်ပြခဲ့သော မိန်းမတစ်ယောက်နှင့်တော့ ဆယ်နှစ်ကျော်မျှ ကြာအောင်ပင် တစ်အိမ်တစ်ဆောင်၌ ဘဝခရီးအတူ လျှောက်ခဲ့ဖူးပါသည်။ သည်နေရာမှာလည်း အမေပြောတတ်သလို ဆိုရရင်ဖြင့် ရေစက်၊ ရေစက်ပဲ။ ရေစက်ဆုံချိန် အတူရှိဖူးကြရာက ရေစက်ကုန်ပြန်တော့ ငဲ့ကွက်စရာ သားသမီးလည်း မရှိသူတို့မှာ အမျက်သိုခြင်းမရှိ လမ်းခွဲခဲ့ဖူးပြီ။

လောကတွင် သူစိမ်းတစ်ဦးက နောက်တစ်ဦးအပေါ် ထားအပ်သော ချစ်ခြင်းမေတ္တာဆိုတာသည် တကယ်ပင် ရှိလေသလား၊ မရှိဘူးလား သူလည်း ရေရေရာရာ မသိတော့ပြီ။ မရှိပါဟုလည်း ဆိုလိုက်ချင်သည်။ "ရှိပါတယ်" ဆိုသူများကိုလည်း သံသယပြုံး၊ ထေ့ပြုံးနှင့်သာ စောင့်ကြည့်ချင်ခဲ့ဖူးသည်။

ခုတော့လည်း မျှော်လင့်မထားခဲ့သော အချိန်ကာလတိုလေး အတွင်းမှာပင် မိန်းကလေးတစ်ယောက်၏ ဘဝရိပ်ပုံက သူ့ဝန်းကျင်ဝယ် တစ်ကျော့ပြန် လှိုင်လှိုင်ပျံ့ပျံ့ ထင်ဟပ်လေတော့လည်း သူစိမ်းတို့ကြားက မေတ္တာဆိုတာ တကယ် ရှိလေသလား တွေးရတော့မလိုတည်း။ ထိုမိန်းကလေးသည် မွေးစားမိဘတို့၏ မေတ္တာကိုလည်း ရခဲ့သည်။ သွေးမတော် သားမစပ် ဆိုတာအပြင် စာအုပ်ဆိုင်ရှင်နှင့် စာအုပ်ငှားသူဆိုသော အဆင့်ထက် ပိုသာရန် မရှိသည့် သူ့မိခင်ထံက သံယောဇဉ်ကိုလည်း ရခဲ့သည်။

ပြီးတော့ ဟိုကောင်ကလေး၊ သူ့ကို ကျောပေးကာ ဟော်နန်းဘက် ငေးနေသော ကောင်ကလေးထံက ချစ်မေတ္တာပေါ့။

"မမနွေ" ဆိုသော နာမည် ရေရွတ်ချိန်မှာပင် ပုံမှန်နှင့်မတူ ခြားနားသော အရိပ်တစ်မျိုး ကောင်လေးမျက်နှာပေါ် ဖြတ်ပြေးတတ်ပုံကို သူ မြင်ဖူးလှပြီ။ တစ်ခုပဲ တွေးစရာရှိသည်မှာ ကောင်လေးဘက်ကပဲ သည်သဘော ရှိခဲ့သလား။ မမနွေ၊ အင်း...နွေအိမ့်ဘက်ကရော နောက်ပိုင်းမှာ ဘယ်လို သဘောမျိုး ရှိခဲ့လေသလဲ၊ သူတို့တစ်တွေ ဘာကြောင့်များ အဆက်အသွယ် ပြတ်တောက် သွားကြပါသလဲ။

"အစ်ကို ဒီနေရာကို လာနေကျလား"

"အင်..."

စိတ်အမျှင် လွင့်ပါးသမျှ စိုက်လိုက်မတ်တတ် မျှောပါလျက်ရှိရာက သတိပြန်ဝင်သည်။

"ဒီနေရာ" ဟု ကောင်လေး ညွှန်းသော သီပေါဟော်ကို လှမ်းကြည့်မိသည်။ ဝင်လုဆဲဆဲ မိုးနေခြည်ကို နောက်ခံထားကာ သူတို့ထံ စီးစီးမိုးမို လှမ်းကြည့်နေပုံရသော ဟော်နန်းအဆောက်အအုံသည် နှစ်ကာလရှည်ကြာ ခေတ်များစွာကို ဖြတ်သန်းလာသည့်တိုင် ထည်ဝါခံ့ညားခြင်း၏ အရိပ်အငွေ့များ ရှံမြဲ။ ပြောမပြဖြစ်ခဲ့သော စကားများစွာ မျိုသိပ်ထားရသူ တစ်ဦးနှင့်ပင် ခပ်ဆင်ဆင် တူသလို။ ဟော်နန်းတစ်ခုလုံးတွင် သူ စိတ်အဝင်စားဆုံးအရာမှာ အပေါ်ထပ်ဆောင်၊ အောက်ထပ်ဆောင်တို့၏ ရှေ့မျက်နှာစာတစ်လျှောက် နေရာယူသည့် လှပသော ပြတင်းရှည်များ ဖြစ်သည်။

ထိုပြတင်းများကို စတွေ့ဖူးစဉ်က ပြတင်းအနီး မှီလျော့လျော့ ရပ်လျက် အဝေးသို့ မျှော်သော မိန်းမတစ်ယောက်ကိုပင် စိတ်နှင့် မြင်ခဲ့လေသည်။ မှောင်ပိန်းကျသော ခေတ်တစ်ခုက မိသားစုတစ်စု၊ ပြီးတော့ ဒေသတစ်ခု၏ မျှော်လင့်ချက် ရောင်ခြည်စ အရိပ်အခြည် ရှာမရသလို လွင့်ပါးပျောက်ဆုံးခဲ့ရာ ကာလများ။

"ဒီတစ်ခေါက်ပါ ပါမှ သုံးခေါက်လောက်ပဲ ရှိသေးတယ်၊ ပထမဆုံး တစ်ခေါက်တုန်းကတော့ ကိုယ့်ဘာသာ လာတာ၊ Twilight Over Burma ဖတ်ပြီးကတည်းက ဟော်ကို စိတ်ဝင်စားနေတာဆိုတော့ ဒေသ့သည်တွေ ဝင်လို့ရတဲ့ အချိန်နဲ့ ကြုံတာနဲ့ လာခဲ့တာ၊ နောက်တစ်ခေါက်ကတော့ အခုလိုပဲ မင်းလိုပဲ အမေပို့ခိုင်းတဲ့ဧည့်သည် လိုက်ပို့တာ"

"ကျွန်တော်ကတော့ အထဲအထိ ဝင်ဖူးတာ ဒါ ပထမဆုံးပဲ အစ်ကို၊ ငယ်တုန်းကတော့ မမနွေ့နဲ့ ခြံဝင်းနားမှာ မယောင်မလည် လာကြည့်ဖူးတယ်"

မြက်ပင်ရှည်များ လွှမ်းနေသော လမ်းသွယ်ထက် စက်ဘီးလေးနှင့် ရောက်လာတာ ဖြစ်ကောင်းဖြစ်မည့် ကောင်လေးနှင့် ကောင်မလေးကို သူ စိတ်ကူးနှင့် မြင်ယောင်လိုက်မိသည်။ သူတို့၏ စူးရှထက်သန်သော မျက်ဝန်းများသည် တိတ်ဆိတ် ပိတ်သော ဝင်းခြံတံခါးကို ကျော်ကာ ခြံဝိုင်းထဲသို့ ဖြန့်ကြက်ခဲ့လိမ့်မည်။ လူကြီးသူမများထံက ကြားဖူးနားဝ သီပေါစော်ဘွား၏ ချစ်မေတ္တာဇာတ်လမ်း၊ နောက်တော့ ရင်နင့်နာဖွယ် အဆုံးသတ်တို့ကို ပြန်ပြောင်း အောက်မေ့ခဲ့ကြလိမ့်မည်။ သူတို့ချင်းလည်း တီးတိုးစကား ဆိုရင်ဆိုခဲ့ကြမှာပေ့ါ။

ခပင် ဟော်နန်းတစ်ဝိုက် ဝေ့ဝေ့ဝဲဝဲ ရှိလှသော လေပြည်မှာ အတိတ် တစ်ချိန်က စကားသံတို့ စီးမျောဆဲ ရှိလိမ့်ဦးမည်။

"မမနွေ့က မဟာဒေဝီကို သိပ်သဘောကျတာပဲတဲ့၊ စော်ဘွား စဝ်ကြာဆိုင်နဲ့ မဟာဒေဝီ စဝ်သုစန္ဒီတို့ ဇာတ်လမ်းလေးက တကယ့်ဝတ္ထုလေး တစ်ပုဒ်လိုပဲလို့ ပြောပြတတ်တယ်"

သူသည် ပြတင်းရှည်များထံ နောက်တစ်ကြိမ် မော့ကြည့်လိုက်၏။ မချိသော နှလုံးနှင့် အပြင်သို့ ပူပန်ကြောင့်ကြ ငေးလျက် တစ်ယောက်သောသူ ပြန်လာချိန် မျှော်သူကို မြင်ရပြန်သလို စိတ်က ထင်လာ၏။

သီပေါ ရောက်စကတော့ သူ့အတွက် ကြားသိရသမျှ၊ တွေ့မြင်ရသမျှသည် မျက်ခုံးပင့်ဖွယ်တည်း။ အုပ်ချုပ်သူတစ်ဦးအပေါ် ထားအပ်သော စိတ်နှလုံး ပုံအပ် ချစ်ခင်မှုဆိုတာသည် အမှောင်ခေတ်တွင် ကြီးပြင်းနေသားကျသူနှင့် လားလားမျှ မအပ်စပ်ဘဲ ချစ်ခြင်းအစား ရွံ့ကြောက် ကြောက်ရခြင်းနှင့်သာ ကျွမ်းဝင်ခဲ့ဖူးပါသည်။ သီပေါစော်ဘွားအပေါ် နယ်သူနယ်သားတို့ လေးစားမြတ်နိုး ရှိလှပုံသည် ဦးဆုံး ကြုံရချိန်တုန်းက တော်ရုံနှင့် မလှုပ်ခတ်တတ်သော သူ့ရင်ကိုပင် လှိုင်းနုနုထသော ရေပြင်ပမာ တငြိမ့်ငြိမ့် ရှိစေခဲ့သည်။

သူတို့သည် နောက်ဆုံး စော်ဘွား စဝ်ကြာဆိုင်၊ မဟာဒေဝီ စဝ်သုစန္ဒီ တို့အကြောင်းများ ပြောရမည်ဆိုလျှင် မျက်နှာတစ်ပြင်လုံး အကြောပြေလျော့ ပြုံးရွှင်နေတတ်သည်။ ကောင်းမြတ်ခြင်း ဂုဏ်အင်္ဂါတို့ကို တဖွဲ့တနွဲ့ ပြောကြသည်။ တစ်နယ်လုံးအပေါ်၊ တောသူတောင်သူများ အပေါ်ပါမကျန် စေတနာ ထားခဲ့ပုံကို လွှမ်းလွှမ်းဆွတ်ဆွတ် ပြောတတ်ကြသည်။ အိမ်နံရံမှာ

ဓာတ်ပုံများ ချိတ်ဆွဲကြသည်။ အမိ၊ အဖတို့ ဓာတ်ပုံများနှင့် တန်းတူပမာ။

သီပေါစော်ဘွား၏ သိသာ သိသော်လည်း မမြင်နိုင်ခဲ့သည့် အဆုံးသတ်နေ့ရက်များအကြောင်းမှာလည်း လူကြီးသူမတို့ထံက လက်ဆင့်ကမ်းသော စကားလုံးများ၊ ပုံရိပ်များနှင့်ပင် ရင်နင့်နာဖွယ် ဒဏ္ဍာရီလို ရှိခဲ့လေသည်။

"မဟာဒေဝီရဲ့ စာအုပ်ကို ကျွန်တော်က ဘာသာပြန် ဖတ်ခဲ့ရတာ အစ်ကို၊ မမနွေ့ကျတော့ ဒီလိုမဟုတ်ဘူး၊ ငယ်ကတည်းက နားနဲ့ ဖတ်ခဲ့ပြီးပြီ၊ အရင်တုန်းက ဒီစာအုပ် အိမ်မှာ ရှိရင်တောင် သိမ်းထား၊ ဝှက်ထားကြရတာ ဆိုတော့ မြန်မာဘာသာနဲ့တော့ မဟုတ်သေးဘူးပေါ့၊ မူရင်းစာအုပ်ကိုပဲ မယ်မယ် ဖတ်ပြီးတော့ ပုံပြင်လို ပြန်ပြောပြခဲ့တယ် ပြောတယ်၊ ကျွန်တော့်ကို ဇာတ်လမ်း အကျဉ်းချုပ် ပြောပြတာလည်း မမနွေ့ပဲ၊ မမနွေ့ဟာ သီပေါသူ မဟုတ်ပေမဲ့ စော်ဘွားနဲ့ မဟာဒေဝီကို သဘောကျတာတော့ လူကြီးတွေဆီက ရေခံမြေခံ လိုက်တယ်မှတ်တာပဲ၊ စော်ဘွားတို့ ဟိုတုန်းက အကြောင်းတွေများ နားထောင်ရမယ်ဆိုရင် မမနွေ့ရဲ့ မျက်လုံးတွေကို တောက်နေရောပဲ အစ်ကိုရေ"

အခုလည်း မင့်မျက်လုံးတွေ တောက်နေတာပါပဲကွာ။

ပြုံးထေ့ထေ့ သူ့နှုတ်ခမ်းတို့ကို ကောင်လေး မမြင်စေရန် မျက်နှာ တစ်ဖက် လှည့်လိုက်ရသည်။

ဟော်နန်းရှိရာ တောင်ကုန်းလေးပေါ်ကနေ ပထမဆုံး အကြိမ်တုန်းကလိုပင် စူးစူးစမ်းစမ်း လှမ်းကြည့်တော့ ဒုဋ္ဌဝတီကို လှပစွာ မြင်တွေ့ရပြန်သည်။ ဟော်နန်းထဲဝင်ဖို့ မကြုံသေးခင် ဒုဋ္ဌဝတီမြစ် တစ်နေရာက လှမ်းမျှော် ကြည့်ဖူးစဉ်တုန်းကလည်း အဆောက်အအုံ၏ တစ်ပိုင်းတစ်စကို သစ်ပင်ရိပ်များ ရံလျက် မြင်ရတော့ ပုံပြင်ထဲက နန်းတစ်ဆောင်ပမာ သူ ထင်မြင်ခဲ့ဖူးသည်။ မိသားတစ်စု၏ နာကျင်မှုများ၊ ထိုမိသားစုကို ချစ်ခင်အားကိုးသူတို့၏ ပူဆွေးမှုများသည် ဒုဋ္ဌဝတီ မြစ်ပြင် တစ်ကြောမှာ စိမ့်ဝင်စီးမျောတုန်းလို သူ ခံစားခဲ့မိလေသည်။

မဟာဒေဝီ၏ စာအုပ်ကတစ်ဆင့် စာနာနားလည်နိုင်ခဲ့သော အဖြစ်သနစ်တို့သည် တစ်ခါတုန်းကတော့ဖြင့် တကယ့်ပြင်ပက အလွမ်းပြေ ပြန်ပြောင်း ပြောပြသူ၏ နှုတ်ထွက်စကားတို့ဖြင့် သူ့ဝန်းကျင်မှာ ပျံ့လွင့်နေခဲ့ဖူးသည်။ ယခင့်ယခင် အမည်သာ ကြားနေ၊ ရင်းနှီးနေရသူတစ်ဦး၏ နေအိမ်သို့ ကျော်ဝေ သွားရာနောက် လိုက်ပါရင်း သူ တိုက်ဆိုင် ကြုံကြိုက် ရောက်ခဲ့ရပုံ၊ လွမ်းစရာ့ အတိတ်ကို လည်ပြန်တသသော စကားအချို့အား ထိုနွေ့ဦးရက်တွင် မှတ်မှတ် ထင်ထင် ကြားနာခဲ့ရပုံမှာ ခုပြန်တွေးတော့လည်း

လတ်ဆတ်ပူနွေးမြပင်။

"စော်ဘွား ပြန်လာတုန်းက ဦးလေး အသက် ဘယ်လောက်ရှိမလဲ၊ ရှစ်နှစ်လောက်ပေါ့၊ စော်ဘွားက သုစန္ဒီကို လက်ထပ်ပြီးပြီ၊ စော်ဘွားအဖြစ်နဲ့ ဘိသိက်ခံတော့ သုစန္ဒီက မဟာဒေဝီပေါ့"

သူတို့လူငယ်ဘဝက ဆိုညည်းခဲ့ဖူးရာ "ရှမ်းရိုးမက အိုးစည်သံ" အပါအဝင် လှပသော တေးသီချင်းများအား မွေးဖွားဖန်တီးခဲ့သူသည် သူနှင့် ကျော်ဝေကို မကြည့်မူဘဲ ယခုပင်လျှင် ခြံအဝင်လမ်း၌ ပုံရိပ်ဟောင်းတို့ ပေါ်လာတော့မလို ငေးမော စကားဆိုလျက် ရှိခဲ့လေသည်။

လူမှုရေး၊ ဘာသာရေး၊ ကျန်းမာရေးမှာ ဦးလေး အဖေ၊ အမေတို့နဲ့ တွဲမိကြတာ မှတ်မိသေးတယ်၊ အဖေကတော့ စော်ဘွားလေး စဝ်ကြာဆိုင်ထက် ၁၁ နှစ်၊ ၁၂ နှစ်လောက် ကြီးတယ်၊ နောင်ကော်ကြီးဆိုတဲ့ရွာမှာ အဖေက စိုက်ပျိုးရေး၊ မွေးမြူရေး အကုန်လုပ်နေပြီ၊ ဒါပေမဲ့ သိပ်မတိုးတက်ဘူး၊ စော်ဘွားလေး လာတဲ့အချိန်မှာ သူကတော့ ခေတ်မီနည်းစနစ်တွေ ယူလာတာကိုး၊ တအားတိုးတက်သွားတာ၊ အမေကလည်း လူမှုရေးတွေ အကုန်လုပ်တာ၊ ကျောင်းဆရာမလည်း လုပ်တယ်၊ မဟာဒေဝီနဲ့ ပေါင်းလုပ်တာ ဖောင်ဒေးရှင်းတဲ့၊ စော်ဘွားဖောင်ဒေးရှင်းစကူးလ်ဆိုပြီး လုပ်လိုက်တာ အတော် အောင်မြင်တာ၊ မိခင်နှင့်ကလေးမှာ မဟာဒေဝီက ဥက္ကဋ္ဌ၊ အမေက အတွင်းရေးမှူး၊ အဲဒီအချိန်မှာ ရွာတွေက မတိုးတက်ဘူး မဟုတ်လား၊ ကလေး ငါးယောက် မွေးရင် သုံးယောက်က သေလိုသေ၊ မကျန်းမာနဲ့၊ မြို့လည်း မလာရဲဘူးလေ၊ မဟာဒေဝီက ကားမောင်းတယ်၊ အမေက ဘေးမှာထိုင်ပြီး ရွာတွေကို သွားပြီး စည်းရုံးကြတာပေါ့နော်၊ အနာဂတ်အတွက် ရည်မှန်းချက်တွေ၊ မျှော်လင့်ချက်တွေနဲ့ လုပ်ခဲ့ကြတာ"

သူ့စိတ်မျက်လွှာဝယ် မြင်ကွင်းစုံတို့သည် ဇာတ်ဝင်ခန်းများသဖွယ် စီကာစဉ်ကာပင် အရိပ်ထင်ခဲ့သည်။ စိမ်းမြရိပ်ညိုသော သီပေါနယ်တစ်ခွင် လှည့်လည်သွားလာနေမည့် စော်ဘွားနှင့် မဟာဒေဝီတို့၏ ပုံရိပ်များ။ သူတို့ကို အားထားချစ်ခင် ငေးမောနေမည့် မျက်ဝန်းများစွာ။ အုပ်ချုပ်သူတစ်ဦးတွင် အုပ်ချုပ်ခံ လူများစွာအပေါ် ရင်ဝယ်သားပမာ စောင့်ရှောက်ထားအပ်သည့် တကယ့်စေတနာစစ်၊ မေတ္တာစစ်သာ ရှိရန်လိုလိမ့်မည်။ တန်ပြန်သက်ရောက်မည့် လူထုမေတ္တာမှာတော့ ယုံမှားဖွယ်မရှိ။ စံနမူနာ ဖြစ်ခဲ့ဖူးသူတို့ကို ကြည့်၍ သည်လိုပင် သူ ယုံကြည်ပါသည်။

"မဟာဒေဝီ ကျောင်းဖွင့်တော့ အမေက အဲဒီကျောင်းမှာ ဆရာမ၊ ကျောင်းက ဟော်ရဲ့ အပြင်ဘက်မှာပဲ၊ အင်္ဂလိပ်၊ မြန်မာ၊ သင်္ချာရယ် မူကြိုပေါ့၊

လေး၊ ငါးနှစ် အရွယ်လေးတွေပေါ့၊ ကျောင်းလခ မပေးရဘူး၊ ကလေးတွေကို ကျောင်းကားနဲ့ ဘာနဲ့ ကြိုတာ၊ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး အကုန် အားပေးခဲ့တာ၊ လယ်ယာမြေတွေ လယ်လုပ်သူသာ ပိုင်ဆိုင်ရမယ်ဆိုပြီး စော်ဘွားက လုပ်တော့ မဟာဒေဝီက နည်းနည်းတော့ ချန်ပါဦးဆိုတာတောင် မရဘူး၊ အဲဒီ အချိန်မှာ ဦးလေးက မေမြို့မှာ ကျောင်းသွားတက်နေပေမယ့် ပြန်လာတဲ့အခါဆို ဟော်ကို ဝင်ထွက်နေတဲ့ အဖေနဲ့အမေက စော်ဘွားနဲ့ မဟာဒေဝီ ဘယ်လောက် တော်တယ်၊ ရှမ်းလူထုအပေါ် ဘယ်လောက်ကောင်းတယ်ဆိုတာ ပြောပြောပြတယ်”

“ငယ်တုန်းက စော်ဘွားတို့အကြောင်း ကြားရရင် တကယ့် ဇာတ်လမ်းတစ်ပုဒ် နားထောင်နေရသလိုပဲ ဦးရဲအောင်ရယ်၊ ကျွန်တော်တို့ အဘိုးတွေ အဘွားတွေဆိုတာလည်း တသသ ပြောမဆုံးကြဘူးကိုး”

ကျော်ဝေ စကားထောက်တော့ သူပါ ရောယောင် ခေါင်းညိတ်မိပေသည်။ သူကတော့ သည်လို လူကြီးသူမများနှင့် နေထိုင်လာဖူးတာကြောင့် မဟုတ်ချေ။ ဦးကျော်နှင့် လက်ထပ်ကာ သီပေါမှာ အခြေချပြီးနောက် တကယ့် သီပေါသူပမာ မြို့ကို ချစ်ခင်တွယ်မက်သည့် အမေ့နှုတ်က တဖွဖွ ပြောတတ် သော ဇာတ်လမ်းများကို အခါခါ နားဆင်ခဲ့ဖူး၍ ဖြစ်လေသည်။

“ဇာတ်လမ်းမှ လွမ်းစရာ၊ ရင်နာစရာ ဇာတ်လမ်းမျိုးပေါ့ မောင်ကျော်ဝေရာ၊ ၁၉၆၂ မှာ မျှော်လင့်မထားတဲ့ အခြေအနေမျိုးနဲ့ စော်ဘွား ပျောက်သွားတာဟာ စော်ဘွားမိသားစုတင်မကဘူး၊ တစ်နယ်လုံးကို ရိုက်ခတ်ခဲ့တာကိုး၊ ပျောက်တာက တောင်ကြီးက အပြန်မှာလေ၊ ရန်ကုန်က အဖေ့ညီတွေက တပ်မတော်ဘက်မှာရှိတော့ အစ်ကိုကြီးရေ၊ မဟာဒေဝီနဲ့ သမီးလေးနှစ်ယောက်ကို ပြောလိုက်ပါ၊ သီပေါမှာ မနေနဲ့တော့၊ မလုံခြုံဘူး၊ ရန်ကုန်မှာ နေပါ ပြောတယ်၊ ဦးခန့် ဒီကိုလာပြီး သူတို့ကို ခေါ်သွားတယ်လေ၊ ရန်ကုန်မှာ တစ်နှစ်လောက် နေပြီးတော့မှ မြန်မာနိုင်ငံကနေ ထွက်သွားတော့လည်း အခက်အခဲကြားကပဲ ပြန်သွားရတာ”

“စော်ဘွား ပျောက်သွားပြီးစက အခြေအနေကိုရော ဦးလေး ဘာတွေ မှတ်မိသေးသလဲ”

ဦးရဲအောင်က သူ့ထံ လှမ်းကြည့်ကာ တစ်ချက်မျှ ပြုံးလိုက်ပေသည်။

“မှတ်မိတာပေါ့၊ ဦးလေးက မရောက်ပေမဲ့ လူကြီးတွေ ပြန်ပြောတာ သိနေတာပေါ့၊ ဟော်ကြီးတစ်ခုလုံး စစ်တပ်တွေနဲ့ စိမ်းနေတာပဲတဲ့၊ အကုန်လုံးရှာတာ ဟိုရှာဒီရှာနဲ့ပေါ့လေ၊ အဖေကတောင် ကွာ…စော်ဘွားဟာ

တကယ့်လူတော်လူကောင်းပါ၊ အရင်ကလို ပဒေသရာဇ်မျိုးလည်း မဟုတ်ဘူး၊ အဲဒါကို ကလေးတွေရဲ့ အရုပ်တွေကအစ ဘက်နက်နဲ့ ထိုးပြီး ဖောက်တာတို့ ဘာတို့ အိပ်ရာခင်းတွေရောပဲ၊ အဲဒီလောက်ကြီးတော့ မလုပ်ကြပါနဲ့ပေါ့လေနော့၊ အဖေ့ကိုတောင် တော်တော် ငြိုငြင်သေးတယ်၊ အဖေလည်း တွေ့နေရတော့ မခံနိုင်ဘူးလေ၊ တစ်ခါလည်း ကျောက်မဲစစ်တပ်ကနေ လာပြီးတော့ ဦးလေးတို့၊ ဆရာမကြီးတို့ ဟိုမိန်းမကို လက်မခံနဲ့ပေါ့၊ မဟာဒေဝီကလည်း ဒီအိမ်က လက်ခံနေတော့ ဒီအိမ်ကို လာတာပေါ့ကွာ၊ လာတယ်ဆိုတာလည်း ကလေးဆံပင်ညှပ်မယ်တို့၊ ဆေးခန်းပြမယ်တို့ ပြောပြီး လာရရှာတာ၊ အဲဒါကို လက်မခံနဲ့ လာပြောတော့ အဖေက မင်း ဘယ်မိန်းမကို ပြောတာလဲ ဆိုတော့ ဘိုမကို ပြောတာတဲ့၊ ပြောတာတောင် အဲဒီလူက ခါးထောက်ပြီး ပြောတာ၊ အဖေက ပြောတယ်၊ မင်း ငါ့ကို ပြောချင်ရင် ခါးက လက်ကို ချလိုက်၊ အံမယ်...သူက တစ်ဖက်တော့ ချတယ်၊ နောက်တစ်ဖက်က မချဘူး၊ ထားတော့၊ အဖေက ဘာထပ်ပြောသလဲဆိုတော့ ငါ့အိမ်ကို ဘယ်ဧည့်သည်ပဲ လာလာ ငါ လက်ခံမယ်၊ မင်းတို့ အထက်ကို ပြောပြလိုက်၊ ငါ့ဆီ လာနေသရွေ့တော့ ငါလက်ခံမှာပဲ၊ မင်းတို့လည်း တတ်နိုင်ရင် ငါ့ဆီ မလာကြနဲ့တဲ့။

မဟာဒေဝီ သိသွားတော့ လာရမှာတောင် စိတ်ပူသွားရှာတယ်၊ အဖေကလည်း လာခဲ့၊ ကိစ္စမရှိဘူးတဲ့၊ တစ်မြို့လုံးမှာလည်း အဖေနဲ့အမေကိုတောင် ကျောက်မဲတပ်က ခေါ်သွားတယ် ဘာညာ သတင်းတွေ ဖြစ်လာတာ၊ တိုတို ပြောရရင် ယောက်ျားလည်း သေသလား၊ ရှင်သလား ဘယ်လိုမှ စုံစမ်းလို့ မရတော့တဲ့အဆုံး မဟာဒေဝီတို့ ရန်ကုန်ပဲ လိုက်သွားကြတယ်၊ ရထားနဲ့ပဲ၊ ဦးလေးတို့ လိုက်ပို့တယ်လေ၊ နှင်းတွေလည်း ကျလို့၊ လူတွေလည်း အများကြီးပဲ၊ ခွဲခွာကြရတာ စိတ်မကောင်းစရာ အဖြစ်ကြီးနဲ့ပေါ့၊ ပြန်တွေးတိုင်း စိတ်မကောင်းဘူး၊ အမေဆိုလည်း ရထားထွက်သွားပြီး အိမ်ပြန်ခဲ့ကြတော့ ဒီအချိန်ဆို ဘော်ကြို ရောက်ပြီ၊ ဒီအချိန်ဆို ဘယ်ရောက်ပြီဆိုပြီး တောက်လျှောက်ပြောနေတာ၊ ကလေးတွေဆိုလည်း အမေ စာသင်ပေးလိုက်တာ သုံးနှစ်လောက်ဆိုတော့ သံယောဇဉ်က တွယ်နေပြီ၊ အခုဆို အသက် ဘယ်လောက် ရပြီ၊ ဘယ်နှတန်း ရောက်နေပြီဆိုပြီး တွက်တွက်နေတာပဲ။

အမေ့ဆီလည်း စာတွေ လာတယ်၊ ပို့စကတ်တွေလည်း လာတာပေါ့၊ လူကြုံနဲ့ ပို့ရတာပဲ၊ အမေဆုံးတော့ ကမ္ဘာပေါ်မှာ သူ အချစ်ရဆုံးအစ်မကြီး မဂ္ဂီ ဆုံးသွားပြီနော်တဲ့၊ စာထဲ ထည့်ရေးလာရှာတယ်”

လေပြည်နုတွင် ခိုကာ သူတို့အနီး စီးမျောသည့် စကားသံများကြား

ကျက်သရေရှိရှိ လှပသိမ်မွေ့သော မျက်နှာတစ်ခုကိုပါ သူ ပြေး၍ မြင်ယောင်ခဲ့မိခဲ့လေသည်။ သာမန်လူတစ်ဦးဟုသာ သိခဲ့ရသည့် တစ်မြေခြားသူနောက် ချစ်ခြင်း မေတ္တာတစ်ခု အားကိုးနှင့် လိုက်ပါလာခဲ့ရှာသူ၊ မတူညီသော ဓလေ့ထုံးစံ၊ ရေမြေသဘာဝ အနေအထားများကြား ဟန်ချက်ညီညီ နေထိုင်နိုင်ခဲ့ရုံမက လက်အောက်ငယ်သားတို့၏ ချစ်ခြင်းကိုပါ ခေတ်ကာလ အဖန်ဖန်ပြောင်းသော်လည်း သိမ်းပိုက်နိုင်ခဲ့သူ၊ သေသည်၊ ရှင်သည် မသိရ၊ သေသည်ဆိုလျှင်လည်း အလောင်းမှ မြင်ခွင့် မရလေသော ချစ်ရသူကို ထားရစ်လျက် သမီးလေး နှစ်ယောက် လက်ဆွဲကာ အဝေးဆီထွက်သွားခဲ့ရသူ။ ထိုအမျိုးသမီး၏ ရင်ထဲမှ အလွမ်းသည် တမြည့်မြည့် ကျွမ်းလောင်ခဲ့လိမ့်မည်။ ကူကယ်ရာမဲ့ ခံစားရချိန်လည်း ရှိနိုင်သလို သမီးလေးတို့အတွက်၊ ဝန်းကျင်က သူ့အပေါ် အားကိုးနေသူတို့ အတွက် အားတင်းထူမတ်ချိန်လည်း ရှိခဲ့လိမ့်မည်။

သူတို့နှစ်ဦးကြားက ချစ်ခြင်းမေတ္တာ၊ ဒေသအပေါ် ပုံအပ်ခဲ့သော စေတနာ၊ နောက်ဆုံးတော့ လွမ်းစဖွယ်ဓာတ်သိမ်းသည် သီပေါဟော်နန်းဟု ဆိုလိုက်သည်နှင့် ကြားရသူ့စိတ်ကို တစ်နည်းတစ်ဖုံတော့ လှုပ်ခတ်အောင် ညှို့ခဲ့ရာ ဖြစ်ပါလိမ့်မည်။ သည်အညှို့နှင့်ပင် အဝေးက ငေးခဲ့ရသည်။ လာခွင့်ကြုံသည် နှင့် ဟော်နန်းမြေဆီ သူ ခြေချခဲ့ရသည်။ သီပေါသား မဟုတ်၊ ရှမ်းလူမျိုးမဟုတ်သော်လည်း ထပ်မျှ လေးစားနှစ်လိုသော စိတ်နှလုံးနှင့်။

ခုလည်း သူသည် နေရာဟောင်းသို့ ခြေဦးလှည့်သော ကောင်လေးနှင့် အတူ ညနေ ဆည်းချိန် အစပြုလိုက်သည်နှင့် ရောက်လာလေသော ဆည်းသည်များ အကြားမှာ ရှိနေရပြန်ပြီ။

ယခုမှ ရောက်ဖူးလေသော ကောင်လေးကတော့ စာအုပ်ထဲက အမှတ်တရတို့ကို ပြန်ရှာနေသလို တစ်ခုချင်း၊ တစ်နေရာချင်း အသေးစိတ် ကြည့်တတ်သည်။ ဟော်နန်းကို ဓာတ်ပုံရိုက်ယူတော့ အဝါရောင် ပန်းကလေးများလည်း ပါလေအောင် မြေပေါ် ဒူးထောက်ထိုင်၊ ကိုယ်ကိုကိုင်းချလျက် ကြိုးပမ်း သေးသည်။ သူ အမည်မဖော်တတ်သော အနီရောင်ပန်းပွင့်အလုနှင့် တွဲဖက်ကာ ဟော်နန်းကို ရိုက်ယူသည်။ မြက်ပင်ရှည်များလည်း မချန်။ ပြိုပျက်ကျလုမတတ် ရှိသော ဘုရားကျောင်းဆောင်ကိုလည်း မှတ်တမ်းယူသည်။

သူကတော့ မြင်ကွင်းတို့ကို ဓာတ်ပုံရိုက်ယူရသည်ထက် စိတ်နှင့် သိမ်းသိမ်းထုပ်ထုပ် ပြုလိုက်ရခြင်းကိုသာ ပို၍ နှစ်လိုပါသည်။

“အစ်ကို”

အတွေးတိမ်စိုင်နှင့် မမျှောမီမှာပင် သူတို့ အကြည့်ချင်း ဆုံရပြန်သည်။

"မဟာဒေဝီရဲ့ စာအုပ်ထဲမှာ အစ်ကို ဘယ်နေရာကို စိတ်အထိခိုက်ဆုံးလဲ"

"ကိုယ်လား၊ ကိုယ့်အတွက် ထိခိုက်စရာကတော့ ဘယ်လို ပြောရမလဲ၊ လူတစ်ယောက်ရဲ့ အသက်ကို သတ်တာ ဆိုပေမယ့် လူမျိုးတစ်မျိုးရဲ့ နှလုံးသားကို၊ မျှော်လင့်ချက်ကိုပါ သတ်သလို ဖြစ်ခဲ့တာပေါ့"

မြတ်မော်က ပင့်သက်ရှိုက်၏။ သူ သိမီခဲ့သော အမှောင်ခေတ်ကို မြတ်မော်လည်း နှစ်အချို့တော့ မီပါလိမ့်မည်။ လင်းယောင်ဆောင်သော အမှောင်ခေတ်မှာတော့ ပို၍ အနေကြာခဲ့လိမ့်မည်။

"မမနွေ့ကကျတော့ ဘယ်နေရာကို ထိခိုက်သလဲ အစ်ကို သိလား"

"ပြောပါဦး" ဟု သူ မတုံ့ပြန်ပါ။ မေးသာ ဆတ်ပြလိုက်ပါသည်။

"သူချစ်တဲ့သူ ပြန်လာမှာပဲလို့ ယုံကြည်ပြီး စဝ်သုစန္ဒီ စောင့်ခဲ့တာကိုပဲ တဲ့၊ ကျွန်တော့်ကို ဒီအကြောင်းတွေ ပြောပြတုန်းကတော့ သူလည်း တစ်နေ့ ကျရင် အဲဒီလိုပဲ သူချစ်တဲ့သူ ပြန်လာမယ့်အချိန်ကို စောင့်ရဦးမှာလို့ မမ သိချင်မှ သိဦးမှာပေါ့ အစ်ကို"

လေတိုးပုံကြောင့် ညောင်ပင်ကြီးထက်က ညောင်ရွက်လေးများချင်း ထိခတ်သံမှာ တစ်စစနှင့် အသံအစိုင်အခဲလို တိုးဝှေ့စုရုံးလျက် ဝမ်းနည်းဖွယ် မြည်ကြွေးသော အသံတစ်မျိုး ဖြစ်လာသလို သူ့စိတ်ထဲ ထင်လာပေသည်။

❀

မြတ်မော် ပုံရိပ် (၈)

၁၉၉၉ ခုနှစ် နွေရာသီမှာ လုံးဝ မျှော်လင့်မထားတဲ့ စာတစ်စောင် ကျွန်တော် လက်ခံလိုက်ရတယ်။

အမှန်တော့ မျှော်လင့်မထားတဲ့စာလို့ မသုံးသင့်ပါဘူး။ မျှော်နေသူဆီက မျှော်လင့်မထားတဲ့ အကြောင်းအရာတွေ ပါတဲ့ စာလို့ သုံးမှ မှန်လိမ့်မယ်။ စာကတော့ မမနွေ့ဆီက။ စာထဲမှာ ပါလာတဲ့ အကြောင်းအရာတွေကတော့ ဘယ်အချိန် ပြန်တွေးတွေး မနေ့တစ်နေ့က ကြုံခဲ့ရသလို အဖန်တလဲလဲ အသစ်လို ခံစားရစေတဲ့ ကြမ္မာဆိုးရဲ့ အစဦး ဇာတ်ကြောင်းပါပဲ။

ကျွန်တော်ဟာ စာကို ဖတ်ပြီး ဆောက်တည်ရာ မရတော့သလို သစ်ပင်ရိပ်မှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေမိတယ်။ နောက် ထိုင်ပြန်တယ်။ စာရွက်ကို ကိုင်ထားတဲ့ ကျွန်တော့်လက်တွေဟာ အိမ်မြှောင်အမြီးပြတ်လို တဆတ်ဆတ်တုန်လို့။ မဟုတ်ပါဘူး၊ မဟုတ်နိုင်ပါဘူး။

"မေမေရေ" လို့ လှမ်းခေါ်ပြီး မပြေးရုံတစ်မည်ခြေလှမ်းတွေနဲ့ အိမ်ဘက်ကို ကျွန်တော် ပြန်လျှောက်လာတယ်။

စာအိတ်တစ်အိတ်ထဲမှာတင် မေမေ့အတွက် တစ်စောင်၊ ကျွန်တော့်အတွက် တစ်စောင် ပါလာတာမို့ စာထဲပါတဲ့ အကြောင်းအရာဟာ ထပ်တူ ထပ်မျှနီးပါး ဖြစ်မှာပဲ။ စာအိတ်ကို ဖောက်ပြီးတာနဲ့ တစ်ယောက်တစ်စောင် ကိုင်ဖတ်ဖို့ ပြင်လိုက်ကြတာမို့ မေမေ ဖတ်ပြီးလောက်ပြီလို့ မှန်းမိတယ်။

"မေမေရေ"

ဧည့်ခန်းမှာပဲ မေမေ ခပ်ငူငူ ထိုင်နေတာကို ပထမ မမြင်ဘဲ အော်ခေါ်မိပြီးခါမှ တန့်သွားရတယ်။ မေမေဟာ ကျွန်တော့်ခေါ်သံကို ပြန်မထူးပေမယ့် တစ်ချက်တော့ လှမ်းကြည့်လာတယ်။ မေမေ့မျက်နှာဟာ မြင်နေကျလို မဟုတ်တော့ဘူး။ မှုန်လို့ မှိုင်းလို့ နေခဲ့ပြီ။ ဘုရား…ဘုရား၊ အားကိုးတကြီး တိုင်တည်ဖို့ ရောက်လာခဲ့ပေမယ့် မေမေ့မှာ ကျွန်တော် စိတ်ချမ်းသာစရာ ပြန်ပြောဖို့ စကားမှ ရှိပါတော့မလား။

စောစောတုန်းက ဖတ်ခဲ့ရတဲ့ စာထဲက စကားလုံးတွေဟာ မေမေ့ကို ကျွန်တော် ကြောင်ငေးနေတဲ့ အခိုက်အတန့်မှာတောင် ပတ်ဝန်းကျင်မှာ ယိမ်းထိုး ခုန်ပေါက်နေကြသလိုပဲ။ မမနွေ့…မမနွေ့ရေ။

"...ခါတိုင်း နွေဦးရောက်ပြီဆိုကတည်းက သီပေါ ပြန်လာတတ်တဲ့ အစ်ကိုဟာ ဒီနှစ် ပြန်ရောက်မလာဘူး မြတ်မော်ရယ်၊ ခါတိုင်းလို တစ်ပတ်၊ ဆယ်ရက် နောက်ကျတယ်ပဲ မှတ်လို့ စောင့်ကြတယ်၊ ဒါပေမဲ့ အခုဆို မတ်လပဲ ကုန်တော့မယ်၊ ရောက်မလာဘူး၊ မမလေ အစ်ကို ပြန်မလာမချင်း သီပေါကနေ မခွာချင်ဘူး၊ ဘွားကြင်ဆီလည်း မသွားလို့ မဖြစ်တော့ နှစ်ရက်လောက် သွားနေလိုက်၊ သီပေါ ပြန်လာလိုက်ပဲ၊ ဘော်ကြိုမှာ နေရင်တော့ သိတဲ့တိုင်း ဘူတာမှာ နေ့ခင်းဆို ဆင်းစောင့်တာပေါ့။

အစ်ကိုတို့အိမ်ကလည်း ပထမတော့ မမတွေးသလိုပဲ ရက်နည်းနည်း နောက်ကျတယ် မှတ်ပြီး စောင့်ခဲ့ကြတာ၊ မလာ မလာနဲ့ဆိုတော့ တအားကို ပူနေကြပြီ၊ ဆရာကမှ လူကြီးမို့ နည်းနည်းထိန်းနိုင်သေးတယ်၊ မမဒါလီကတော့ လူငယ်မို့ မထိန်းနိုင်ရှာဘူး၊ မမတို့လေ တစ်ခါတလေကျတော့ အပြန်အလှန် နှစ်သိမ့်ကြတာပဲ၊ ပြန်လာမှာ၊ မကြာခင် ပြန်လာမှာပါပေါ့၊ တစ်ရက်တော့ သူ့ကို ကိုယ် မချော့နိုင်၊ ကိုယ့်ကို သူ မချော့နိုင်ဘဲ ထိုင်ငိုမိကြတယ်၊ တကယ်လို့ တစ်ခုခုရှိလို့ ပြန်မလာဖြစ်ဘူး ဆိုရင်တောင် အစ်ကိုဟာ စာထည့်ခဲ့မှာပဲ၊ ခုတော့ အကြောင်းကြားတာလည်း မရှိ၊ ဘာဖြစ်မှန်း မသိတဲ့ အခြေအနေမှာ မမတို့ ဘာလုပ်ရမှန်း မသိဘူး မြတ်မော်ရယ်။

"အစ်ကိုတို့ အိမ်ကတော့ ရွာကို လိုက်သွားကြမယ်တဲ့၊ ဖြစ်ချင်တော့ ဆရာကလည်း နေမကောင်း၊ မမဒါလီကလည်း မိန်းကလေးဖြစ်နေ၊ သိပ်မအေးချမ်းတဲ့နေရာ၊ တစ်ခါမှ မရောက်ဖူးတဲ့နေရာ ဆိုတော့ မသွားသင့်ဘူးပေါ့၊ အဲဒီတော့ အစ်ကိုတို့ အစ်ကိုဝမ်းကွဲရယ် ကိုလေးရယ် လိုက်သွားကြမတဲ့၊ မနက်ဖြန်ဆိုရင် သူတို့ သွားကြပြီ သိလား။

မမလေ ဘာမှလည်း တတ်နိုင်တာ မရှိတော့ ဘုရားပဲ ရှိခိုးပြီး ဆုတောင်းနေရတယ်၊ အစ်ကိုသာ တစ်ခုခုဆို မမ သေမှာပဲ မြတ်မော်၊ နောက်ဆုံး တွေ့ရမယ့် အချိန်လေးမှာတောင် ဘာမဟုတ်တဲ့ ကိစ္စလေးနဲ့၊ အစ်ကို သူ့ သူငယ်ချင်း မူဆယ်က လာလည်လို့ တစ်ရက်လောက် ဟိုဒီလိုက်ပို့ပေးတာကို စိတ်လုပ်ပြီး သွားမတွေ့မိခဲ့တာ တစ်သက်လုံး နောင်တရလို့ ဆုံးမှာမဟုတ်ဘူး၊ နောင်တနဲ့ နေရတာဟာ သေတာနဲ့ မခြားဘူးလေ.."

မဟုတ်ဘူး...မဟုတ်ပါဘူး မမနွေရယ်။

စိတ်ထဲက တွန်းကန် ငြင်းဆန်စကားနဲ့ ခေါင်းတစ်ချက် ခါမိရင်း မေမေ့အနား ကျွန်တော် တိုးကပ်သွားတယ်။

“မေမေ” လို့ ခေါ်တော့ မေမေ့တုံ့ပြန်သံက “အင်း” တဲ့။ အဲဒီ “အင်း” မှာ သက်ပြင်းသံက လေးလေးပင်ပင် လူးလိမ့်မျောပါလို့။

“မဟုတ်ဘူးမို့လား မေမေ၊ မမနွေ စနေတာ မဟုတ်လား”

“စစရာမှမဟုတ်တာ သားရယ်”

မေမေဟာ ခေါက်ထားပြီးသား စာရွက်လေးကို တင်းတင်းကျပ်ကျပ်ပဲ ကိုင်ဆုပ်ထားတယ်။ လက်ချောင်းလေးတွေကလည်း မသိမသာ တုန်ယင်။

“ဒါပေမဲ့ ကိုလေးတို့ အပြန်ကျရင်တော့ အစ်ကို လိုက်လာမှာပေါ့နော် မေမေ”

“အဲဒီလို ဖြစ်ရင်တော့ ကောင်းတာပေါ့၊ မဟုတ်ရင်သာ…”

“မဟုတ်ရင် ဘာလဲ၊ အစ်ကို ဘာဖြစ်မှာလဲ”

“မေမေလည်း ခု ဘယ်ပြောနိုင်ဦးမလဲ မြတ်မော်၊ မင်းမမဆီက နောက်ထပ် စာလာတာ စောင့်ကြတာပေါ့”

နောက်ထပ် စာတစ်စောင် ရဖို့ရာ ကျွန်တော် ရက်အကြာကြီး စောင့်ရဦးမှာပဲ။ ဒီကြားထဲ ဘာမှန်း မသိတဲ့ အခြေအနေတစ်ခုနဲ့ မသက်မသာ စောင့်ဆိုင်းနေရမလား။ ဟင့်အင်း။

“ဖုန်း…ဖုန်းဆက်လို့ ရသားပဲ မေမေ၊ မမနွေကို တစ်ဆင့် ခေါ်လို့ ရတဲ့ဖုန်း ရှိတယ်”

မေမေက ကျွန်တော့်ကို မော့ကြည့်တယ်။ မေမေ့မျက်လုံးတွေ တစ်ချက်တော့ လက်သွားလေရဲ့။ ဖုန်းဆက်လို့ရကြောင်း ခုမှ တွေးမိပုံ ရပါတယ်။

“နောက်တစ်ပတ်လောက် နေတော့မှ ဆက်တာပေါ့”

* * *

တကယ်တမ်းကျ ဖုန်းဆက်တဲ့နေ့မှာ မယ်မယ်ပဲ ဖုန်းလာကိုင်တယ်။ မမနွေက ဘော်ကြို ပြန်သွားသတဲ့။ မမနွေဆိုရင်တော့ မေမေနဲ့တစ်ယောက်တစ်လှည့် ဖုန်းပြောဖို့ စိတ်ကူးထားပေမယ့် ခုတော့ မေမေတို့ လူကြီးတွေပဲ ပြောကြတယ်။ ပြီးတော့မှပဲ မေမေက ကျွန်တော့်ကို တစ်ဆင့် ပြန်ပြောပြတယ်။

အစ်ကိုလင်းညိုရဲ့ အစ်ကိုဝမ်းကွဲရော၊ ကိုလေးရော ရွာကနေ ပြန်လာခဲ့ကြပြီတဲ့။ ဒီစကားလေး အဆုံးမှာ စက္ကန့်ပိုင်းလောက်ပဲ မေမေ သက်ပြင်းရှိုက်လို့ ခဏနားပေမယ့် ကျွန်တော့်မှာတော့ စကားပြန်ဆက်ဖို့ စောင့်လိုက်ရတာ တစ်ကမ္ဘာလောက် ကြာပါတယ်။

"ရွာကလည်း မောင်လင်းညိုအကြောင်း ဘာမှ သေချာမသိကြဘူးတဲ့၊ မပျောက်ခင် တစ်ပတ်လောက်က မေးစရာရှိလို့ဆိုပြီး ခေါ်သွားဖူးတာတော့ သိကြတယ်၊ ဘာအကြောင်းကိစ္စလဲ မေးတော့လည်း သူတို့လည်း ပြန်ပြော မပြတတ်ကြဘူး၊ ဒီလိုပဲ မဆက်သွယ်စေချင်တဲ့ အဖွဲ့တွေနဲ့ ဆက်သွယ်နေတယ် ထင်ရင် ခေါ်ခေါ်ပြီး မေးတတ်ကြတာပဲဆိုတော့ ဒီ့ထက်လည်း ပိုမသိဘူး၊ ပြန်လာတော့လည်း မောင်လင်းညိုက ဘာမှမပြောဘူးတဲ့၊ တစ်ရက်ကျတော့ ပြန်မယ်ဆိုပြီး ပစ္စည်းတွေ ဘာတွေလည်း သေချာပြင်ပြီးနေပြီ၊ နောက် တစ်ရက်မနက် သူ့တပည့်လေးတွေ နှုတ်ဆက်ဖို့ သွားတော့ သူ့အိမ်လေးမှာလည်း မရှိ၊ ပစ္စည်းတွေကလည်း ဒီအတိုင်းတဲ့၊ သူ့ကို ထမင်းကျွေးတဲ့အိမ်က အဘွားကလည်း ပြီးခဲ့တဲ့ညက လာမစားလို့တောင် နေမကောင်းဘူးလား စိတ်ပူနေတာ၊ မှောင်နေတာနဲ့ သူ့အိမ်ဘက်လည်း မမြင်မစမ်းမို့ မသွားမိဘူးတဲ့၊ ဒါပဲ သား၊ ဒီ့ထက် ပိုတဲ့သတင်း မရခဲ့ကြဘူး ပြောတယ်"

"အစ်ကိုက ဒါဆို ပျောက်နေတာပေါ့"

"ပျောက်နေတာလို့ပဲ အားလုံးက သဘောထားတာပေါ့၊ တချို့ကလည်း ပျောက်တယ်ဆိုကတည်းက ပြန်လာနိုင်တာ ခပ်ရှားရှားလို့ ပြောကြတာပဲတဲ့၊ အခု ဆရာဦးတင်ဟန်တို့ကို ဆွမ်းသွတ်ဖို့တွေ ဘာတွေ လုပ်ဖို့ ပတ်ဝန်းကျင်က ပြောကြတယ်တဲ့၊ ဒါပေမဲ့ ဆရာတို့က ဘာမှ မလုပ်ဘဲနဲ့ ပြန်လာတဲ့အထိ စောင့်ဦးမယ်တဲ့"

"မမနွေ့ သနားပါတယ်"

မေမေ့ကို ကြည့်လို့ ပြောမိပေမယ့် အဝေးက ညိုးဖျော့ဖျော့ မျက်နှာလေးကိုပဲ ကျွန်တော် ပြေးမြင်ပါတယ်။

"ရီရီက ပြောတယ်၊ နွေ့ဟာ ဦးတင်ဟန်တို့ အိမ်ကနဲ့ တစ်လေတည်းပဲတဲ့၊ ပြန်လာမယ်လို့ပဲ ထင်နေတုန်းတဲ့၊ ဘော်ကြို ပြန်သွားတာတောင် စိတ်က မဖြောင့်ဘူး၊ တကယ်လို့များ ကားနဲ့ ပြန်လာရင် ကိုလေး ဘော်ကြိုကို လာပြောပေးဦး မှာသွားရှာသတဲ့"

"ပြန်လာမှာပါ၊ အစ်ကို ပြန်လာမှာပါ နော် မေမေ"

“ပြန်လာမှာပေါ့ သားရယ်၊ ပြန်လာဖို့ အကြောင်း ရှိသေးရင် ပြန်လာမှာပေါ့”

အရင့်အရင်က ဒီလို အိမ်ပြန်ရောက်ချိန် နွေဦးကာလဟာ ကျွန်တော့်အတွက် ပျော်မွေ့ဖွယ်အတိပဲ။ အိမ်နဲ့ သိပ်မဝေးတဲ့ စာအုပ်ဆိုင်မှာ စာအုပ်တွေ တစ်ပုံကြီး သွားငှားလိုက်၊ အိမ်မှာ သစ်ရိပ်အောက် ဖြစ်ဖြစ်၊ အခန်းထဲ ဖြစ်ဖြစ် ဇိမ်နဲ့ ဖတ်လိုက်၊ ကြီးကြီးလုပ်ကျွေးတဲ့ မုန့်တွေ တဝစားလိုက်၊ တစ်ခါ တစ်ခါတော့လည်း ရပ်ကွက်ထဲ၊ လမ်းထဲက ဘော်ဒါတွေနဲ့ လူပျိုပေါက်တို့ထုံးစံ လက်ဖက်ရည်ဆိုင် ထွက်ထိုင်လိုက်နဲ့ တစ်ရက်တစ်ရက်ဟာ အချိန် ဘယ်လိုကုန်လို့ ကုန်မှန်းတောင် သိလိုက်တာ မဟုတ်ဘူး။

သီပေါကို လွမ်းတယ်ဆိုရင်တောင် အမြဲတစေ လွမ်းနေတတ်တာမျိုး မဟုတ်ဘူး။ ရောက်ရာမှာ ပျော်နေတတ်တဲ့ ထုံးစံအတိုင်း ရန်ကုန်မှာလည်း ပျော်နေခဲ့တာပဲ။ အခုမှ…အခုကျခါမှ။

မမနွေဆီက စာလေးတစ်စောင်ဟာ ကျွန်တော့်ပျော်ရွှင်မှု ဟူသမျှကို စုပ်စမြုပ်စ ပျောက်အောင် ဖန်လိုက်သလိုပဲ။ ကျွန်တော်ဟာ သုံး၊ လေးရက်လောက်ကို စာအုပ်ဆိုင်လည်း မရောက်ဖြစ်၊ ဘယ်သူနဲ့မှလည်း မဆုံဖြစ်ဘဲ အိမ်ထဲမှာပဲ အောင်းနေမိတယ်။

အဲဒီတုန်းက ဒိုင်ယာရီရယ် ဘာရယ်မဟုတ်ဘဲ ခံစားရတာလေးတွေ စာတိုစာစလို ချရေးတတ်တဲ့အချိန်ဆိုတော့ အခန်းထဲမှာ ငြိမ်နေပြီး ကျွန်တော် စာရေးဖြစ်တယ်။ ရေးလက်စကနေ စကားလုံးပျောက်လို့ ခဏ ငြိမ်နေရချိန်မျိုးဆို စာရွက်ဖြူ ဗလာပြင်မှာ အစ်ကို့မျက်နှာတစ်လှည့်၊ မမနွေရဲ့ မျက်နှာ တစ်လှည့် ပေါ်တော့တာပဲ။ သူတို့မျက်နှာတွေဟာ အပြုံးနဲ့ ဖြစ်ရင် ဖြစ်လိုက်၊ မှိုင်းညို့ရီတဲ့အသွင်မျိုး ဖြစ်ရင် ဖြစ်လိုက်ပေါ့လေ။

အစ်ကို ပြန်လာပါစေ။ ချစ်ခင်သူတွေ မျှော်နေကြသလို အစ်ကို အိမ်ပြန်လာနိုင်ပါစေ။

အစ်ကို ပြန်လာစေဖို့ ဆုတောင်းမိတာဟာ မမနွေ ပျော်စေချင်တာ တစ်ခုတည်းကြောင့် မဟုတ်၊ အစ်ကို့အပေါ် ထားတဲ့ မေတ္တာစိတ်ကြောင့်ပါပဲ။ လူတစ်ယောက်အပေါ် ကိုယ်ဘယ်လောက် နှောင်တွယ်မိတယ်ဆိုတာ အဲဒီလူ ကိုယ့်အနားက ပျောက်ဆုံးချိန်၊ ဒါမှမဟုတ် ပျောက်ဆုံးတော့မယ့် အချိန်မှ သိတတ်တာမျိုး နေမှာပဲလို့ အဲဒီတုန်းက ကျွန်တော် တွေးမိခဲ့တယ်။ ဆယ်ကျော်သက်ဘဝမှာ စံတစ်ခုလို အားကျရသူ၊ နှစ်လိုရသူ

တစ်ယောက်မဟုတ် တစ်ယောက်ရှိတယ်ဆိုရင် ကျွန်တော့်ရဲ့ စံပြလူဟာ အစ်ကို ဖြစ်ခဲ့လေတာကိုး။

တစ်ရက်မှာတော့ မမနွေ့ဆီက စာလေးတစ်စောင် ထပ်ရောက်လာပါတယ်။ မျှော်ချိန်ထက်ပိုပြီး နောက်ကျခဲ့တဲ့ စာလေးမှာ "ဆရာမရေ" လို့ အစချီ ထားပြီး အဆုံးမှာကျတော့မှ "မှတ်ချက်၊ မြတ်မော်ကိုလည်း ပေးဖတ်လိုက်ပါ" တဲ့။ ကျွန်တော် ဖတ်ရတော့ စကားလုံးတိုင်းမှာ မမနွေ့ရဲ့ ရှိုက်ငင်သံတွေ အရိပ်ထင်လို့။

"..နွေ့ အပြင်မထွက်ချင်ဘူး၊ သီပေါမှာလည်း မနေချင်ဘူး ဆရာမရယ်၊ လူတွေဟာ နွေ့ ဘယ်လို ဖြစ်နေသလဲ ကြည့်နေကြတယ်လို့ပဲ စိတ်ထဲက ထင်နေတယ်၊ သူတို့ဘာသာ စကားပြောနေရာက နွေ့ ဖြတ်သွားလို့ အသံတိုးသွားရင်တောင် ကျောပေးလိုက်တဲ့အခါ နွေ့အကြောင်း ပြောကြတော့မှာပဲ ထင်နေတယ်၊ သူတို့ နွေ့ကို သနားနေကြမှာပေါ့၊ မသနားစေချင်ပါဘူး၊ အစ်ကို သေသွားလို့ နွေ့ ရင်ကွဲနေတာ သနားစရာလေးလို့ အပြောကို မခံချင်ဘူး။ အဲဒီလို ပြောကြတယ်လို့ ပြန်သိရင် နွေ့ သိပ်ဝမ်းနည်းတာပဲ၊ အစ်ကိုမှ မသေတာ၊ ဘာပြောစရာလိုသလဲ၊ ဘာသနားစရာ လိုလို့လဲ၊ နွေ့ကို ဘာစိတ်ဝင်စားစရာ လိုသလဲ မဟုတ်ဘူးလား၊ မဟုတ်ဘူးလားဟင် ဆရာမ။

မသေပါဘူး၊ ပျောက်နေပါတယ်၊ ပြန်လာမှာပါ၊ အစ်ကို တစ်နေရာရာမှာ ရောက်နေလို့ပါ ဆိုတာကို ဆရာတို့အိမ်ရယ်၊ နွေ့ရယ်ပဲ ယုံတယ်၊ ကျန်တဲ့သူတွေက အစ်ကို့ကို ပါးစပ်နဲ့ သတ်နေကြတယ် ဆရာမ သိလား။

ကိုလေးတို့ ပြန်လာတဲ့နေ့တုန်းက နွေ့ အိမ်မှာပဲ၊ မယ်မယ့်အိမ်မှာပဲ၊ ခြံဝင်းထဲ ကိုလေး ဝင်လာတော့ ပြေးကြိုမိတယ်၊ အစ်ကို ပြန်ရောက်ပြီဆိုတာမျိုး ကိုလေး ပြောလိုက်တော့မယ်ပဲ ထင်နေတာ၊ ဒါပေမဲ့ ကိုလေးက နွေ့ မေးခွန်းတွေ ဆက်တိုက်မေးလည်း ချက်ချင်း မဖြေဘူး၊ မယ်မယ့်ကို လှမ်းခေါ်ပြီး မယ်မယ်ပါ ခြံထဲ ရောက်လာတော့မှ ပြောပြတာ၊ ကိုလင်းညို ပျောက်နေတယ်တဲ့၊ သတင်းလည်း မရခဲ့ဘူးဆိုပြီး တောက်လျှောက် ပြောပြတော့တာပဲ၊ နွေ့လေ၊ ကိုလေး ပြောတာတွေကို အကုန်မကြားဘူး၊ မကြားတော့ဘူး၊ နွေ့လက်ကို မယ်မယ် လှမ်းဆုပ်လိုက်တာကိုလည်း သတိမထားမိဘူး၊ မျက်ရည် တွေပဲ ကျလာတယ်၊ ကိုလေးအသံကိုလည်း သဲသဲကွဲကွဲ မကြားဘူး၊ ဘာမှလည်း မသိတော့ဘူးလိုပဲ၊ မယ်မယ်လည်း လက်လွှတ်ပေးလိုက်ရော ခြံထောင့်မှာ သွားထိုင်ငိုနေတာပဲ၊ မယ်မယ်တို့ နွေ့ဆီ လျှောက်လာတဲ့အချိန်ကျတော့ နွေ့ မျက်ရည်တွေ သုတ်ပြီးနေပြီ၊ ဟုတ်တယ်၊ နွေ့ ဘာလို့ ငိုရမလဲ၊ အစ်ကို့အတွက် ငိုတယ်ဆိုတာ တကယ်တော့ မကောင်းဘူး

မဟုတ်လား ဆရာမရယ်၊ နွေ မငိုဘူး၊ မငိုတော့ဘူးလို့ ဆုံးဖြတ်လိုက်တယ်၊ နောက်ရက်တွေလည်း နွေ မငိုပါဘူး၊ အစ်ကို လမ်းခရီးမှာ၊ တစ်နေရာရာမှာ တစ်ခုခု ဖြစ်မှာစိုးလို့လည်း တအားမမျှော်ပါဘူး။ ဒါတောင် လူတွေက စကားတွေ ကားကြသေးတယ်လေ။

တစ်ခါတုန်းက နွေ စိတ်ညစ်ညစ်နဲ့ ရွာပြန်သွားဖူးတယ် မဟုတ်လား၊ အဲဒါကိုပဲ အစ်ကို့နောက်ကို လိုက်သွားတာ၊ အိမ်က ခေါ်လို့ ပြန်လာတာလို့ ပြောဖူးကြတယ်လေ၊ အခုကျတော့ အဲဒါတွေ ပြန်ပြောကြတာပေါ့ ဆရာမရယ်၊ နွေက...နွေကလေ သာမန်ချစ်သူ ရည်းစားထက် ပိုတဲ့အဆင့်မို့ မုဆိုးမလို ရင်ကွဲနာကျနေတာတဲ့၊ မျက်နှာကိုက မရွှင်မပျ မုဆိုးမလက်သစ် အပူသည်လေးလိုပဲတဲ့၊ ပတ်ဝန်းကျင်က ပြောရုံဆို နွေလည်း စိတ်နည်းနည်း ညစ်ရုံပေါ့၊ အခုကလေ အိမ်က အဘွားလေးတို့ရော အမျိုးတွေကရော ပြောလာတာမို့လို့ စိတ်မကောင်းဖြစ်ရတာ၊ ပြီးတော့ ဆရာမရယ်...နွေ့ကို မွေးခဲ့တာ မယ်မယ် သိပ်မျက်နှာငယ်တာပဲ၊ နွေ့ကြောင့် ခဏခဏ မျက်နှာငယ်ရတာပဲ၊ နွေမို့ ဖြစ်လိုက်ရင် အရာရာနဲ့ အကြောင်းကြောင်းပဲ၊ နွေ အိမ်မှာလည်း မငိုချင်ဘူး၊ ဒါပေမဲ့ မယ်မယ့်မျက်နှာမြင်ရင် ကိုယ့်အတွက် ဝမ်းမနည်းဘဲ မယ်မယ့်အတွက်ပဲ ဝမ်းနည်းလာတယ်...”

မမနွေဆီ ပြန်စာရေးတော့ မေမေ့ဆီကပဲ ကျွန်တော် ယူဖတ်ရပြန်တယ်။ စာတစ်စောင်လုံးဟာ မမနွေကို နှစ်သိမ့်တဲ့ အကြောင်းအရာတွေချည်း၊ မဟုတ်ဘူး။ ရန်ကုန်အိမ်အကြောင်း၊ ကျွန်တော့်အကြောင်း စသဖြင့် စိတ်အပြောင်းအလဲဖြစ်အောင် ရေးပေးထားသလိုပဲ။ စာလေးတစ်ပိုဒ်နဲ့ပဲ မမနွေကို မေမေ နှစ်သိမ့်လိုက်တာ။

“...ပတ်ဝန်းကျင်ဆိုတာကတော့ ဒီလိုပဲ နွေ၊ အဖြစ်အပျက်တစ်ခုမှာ သူတို့ ထင်မြင်ယူဆတဲ့ ဘက်ပေါင်းစုံက ပြောမှာပဲ၊ ပြောကြတာတွေကို မပြောကြပါနဲ့လို့ ဆရာမတို့ တစ်ယောက်ချင်းကို လိုက်ပြီး ဘယ်လို တားနေမလဲ၊ ပြောကြပါစေ၊ စိတ်ဝင်စားကြပါစေ၊ အချိန်တန်တော့လည်း ပြီးသွားမှာပဲ၊ နောက်တစ်ပတ်၊ နှစ်ပတ်လောက်နေရင် ပြောကြတော့မှာလည်း မဟုတ်ဘူး၊ စိတ်ဝင်စားကြတော့မှာလည်း မဟုတ်ဘူး၊ တခြားသူအကြောင်းကို ဘယ်လောက် စိတ်ဝင်စားတယ် ပြောပြော အချိန်တန်ရင် ကိုယ့်ဘဝလောက် စိတ်ဝင်စားဖို့ ကောင်းတာ ဘယ်ရှိမလဲ နွေ၊ အခု နွေ ကြုံနေရတာ၊ ကြားနေရတာ ဒါ သဘာဝပဲ၊ လူ့ပတ်ဝန်းကျင်မှာ နေရင် ကြုံရမယ့် လူ့သဘော၊ လူ့မနောလို့ တွေးလိုက်ရင် ပြီးတာပါပဲ၊ နွေ ဖြေတတ်သွားမှာပါပဲ...”

* * *

အုတ်လှေကားထစ်တွေပေါ် သစ်ရွက်လေးတွေ ကြွေကျနေပုံဟာ စတွေ့ဖူးတုန်းကအတိုင်း။ ခုပဲ လေပွေတစ်ချက် ဝှေ့ရင် သစ်ရွက်ကြွေလေးတွေ ဆောက်တည်ရာမရ လွင့်ရတော့မလို၊ ဆင်းလာ နင်းလာမယ့် ခြေလှမ်းတွေကိုပဲ လန့်ထိတ်ငြိမ်ဝပ်နေသလို။

အဲဒီ ရော်ရွက်ကြွေလေးတွေ ဝေ့ဝေ့ဝဲဝဲ နေရာယူထားတဲ့ တစ်ခုသော အုတ်လှေကားဆင့်မှာတော့ ကျွန်တော် ရှိရာဘက် ကျောပေးလို့ မြစ်ကို ငေးတဲ့သူ။ ဆံနွယ်တွေဟာ လေအဝှေ့မှာ လွင့်လို့။ လူကတော့ မလှုပ်မယှက် ဆိတ်ငြိမ်။

ကျွန်တော် ခြေလှမ်း တစ်ခဏ တုံ့ပြီး မြင်ကွင်းကို ငေးနေမိတယ်။ မြင်နေကျ မြင်ကွင်းပါပဲ။ စတွေ့ကြတဲ့ အချိန်ကနေ ရေတွက်ရင် ဒီလိုပုံသွင်မျိုး အခါခါ မြင်ခဲ့ဖူးတယ်တောင် ဆိုနိုင်တယ်။ ဒါပေမဲ့ ခုမြင်နေရပုံ၊ မြင်နေပုံ အပေါ် ဆင့်ပွားလိုက်တဲ့ ခံစားချက်ကတော့ လုံးလုံး မတူပါဘူး။ ကျောပေးထားရက်နဲ့ ကျွန်တော်ဟာ မျက်နှာတစ်ခုကို စိတ်နဲ့ မြင်ပါတယ်။

အဲဒီမျက်နှာလေးပေါ်မှာ မျက်ရည်ဝေနေသလို မှိုင်းနေမယ့် မျက်လုံးလေးတွေ ရှိမယ်။ မပြုံးတတ်တော့သလို တင်းတင်းစေ့ထားမယ့် နှုတ်ခမ်းလေးတွေ ရှိမယ်။ ခြုံကြည့်လိုက်ရင် မျှော်လင့်ချက် အလင်းရောင်တစ်စကို အားတင်း ဆုပ်ကိုင်ထားရတဲ့ အမူအရာမျိုး ဖြစ်ပါလိမ့်မယ်။ မမနွေ၊ မမနွေရယ်…။

“မမနွေ”

စိတ်ထဲက လှမ်းခေါ်သံက အရင်။ နှုတ်ကတော့ မဆိုစလောက်ကလေး နောက်ကျတယ်။

ကျောပြင်လေး ဆတ်ခနဲ လှုပ်သွားတာ မြင်ရတယ်။ လှည့်လာတဲ့ မျက်နှာလေးဟာ ကျွန်တော် ကြိုလို့ တွေးမြင်ထားတာနဲ့ ထပ်မျှပဲ။

“ပြန်ရောက်ပြီပေါ့”

အုတ်လှေကားထစ်တွေကို ခပ်သွက်သွက် နင်းလို့ဆင်းရင်းက “ခုလေးတင် ရောက်တာ” လို့ ဆိုမိတယ်။ “ပြန်ရောက်ပြီပေါ့” ဆိုတဲ့အသံဟာ ဝါးရုံရိပ်ကို ဖြတ်လာတဲ့ လေပြည်စမှာ ခိုတွယ်လိုက်ပါသွားသလို ဝေ့ဝဲလို့။ ဒီစကားလုံးတွေဟာ ကျွန်တော် မဟုတ်တဲ့ တစ်ယောက်သော သူကို မမနွေ ဆီးကြိုနှုတ်ဆက်လိုက်ချင်တဲ့ စကားလုံးတွေပဲ ဖြစ်လိမ့်မယ်ဆိုတာ အတပ် သိပါတယ်။

"မမနွေကို ဘူတာမှာ တွေ့ဦးမလားလို့"

မမနွေဟာ သူ့အထက် တစ်ဆင့်အမြင့်က လှေကားထစ်မှာ ထိုင်ချလိုက်တဲ့ ကျွန်တော့်ကို မော့ငေးနေတယ်။ ဘာစကားမှ မတုံ့ပြန်ဘူး။ မဟုတ်ဘူး၊ မတုံ့ပြန်ဘူးတော့ မဟုတ်ဘူး။ မျက်လုံးတွေနဲ့ပဲ တုံ့ပြန်လိုက်တာ။ ဘူတာမှာ စောင့်ဆိုင်းရတာ မောပန်းနာကျင်ခဲ့ပြီ ဆိုလိုက်သလား။

အရင်က မြတ်နိုးခိုးငေးခဲ့ရတဲ့ မျက်လုံးလေးတွေ ခုလို ကျွန်တော့်ကို မော့လို့ စိုက်လို့ ကြည့်နေပြန်တော့လည်း ကြည်နူးစရာ မဖြစ်ဘဲ စိတ်ထဲ ဝမ်းနည်းနာကျင်စရာသာ ဖြစ်လာတယ်။ ကျွန်တော့်စိတ်ဟာ ဒီအိမ်ကို အလာ လမ်းကတည်းက၊ မဟုတ်ဘူး၊ ဘော်ကြိုဘူတာနဲ့ နီးကပ်လာကတည်းက ကြိုပြီး နင့်နေခဲ့တာ။ ဒါနဲ့ပဲ "မမနွေနဲ့ ဆုံရင်" လို့အစချီပြီး မမနွေ ပျော်အောင် ဘယ်လို စကားတွေ ပြောလိုက်မယ် ဆိုတာအထိ စိတ်ကူးခဲ့တယ်။ ခုတော့လည်း အကုန်လုံး ပျောက်ရှခဲ့ရပြီ။

"မြတ်မော်တို့တောင် ပြန်လာကြပြီ"

ကျွန်တော့်စိတ်ထဲက "ဟင်" သံဟာ အပြင်ကသာ ကြားခွင့်ရှိရင် အတော်ကို ကျယ်လိမ့်မယ်။ မြတ်မော်တို့တောင် ပြန်လာကြပြီ။ တစ်မျိုးပဲ၊ မမနွေစကားဟာ တစ်မျိုးပဲ။

ဘာပြောရမှန်းမသိ ဝေဝါးချိန်မှာ နှုတ်က အလိုအလျောက် ထွက်ကျသလိုပဲ "ဟုတ်" လို့ ဆိုမိတယ်။

မမနွေက အကြည့်လွှဲတယ်။ မြစ်ပြင်ကို တစ်ရံတစ်ဆစ်မှ မမြင်ဖူး သူလို ငေးတယ်။

"အစ်ကိုလည်း အဲဒီလို ပြန်လာရင် ဘယ်လောက် ကောင်းမလဲ"

"မမနွေ"

ကျွန်တော် ထိတ်ခနဲ ခေါ်မိတယ်။ ဘာလို့ဆို မမနွေက ဒူးခေါင်းလေးပေါ် တံတောင်နှစ်ဖက်ထောက်ပြီး မျက်နှာကို လက်ဝါးနဲ့ အုပ်ထားလိုက်တာကိုး။ ပခုံးရယ်၊ ကျောပြင်ရယ် စပြီး သိမ့်ခနဲ သိမ့်ခနဲ လှုပ်ခါလာတော့တာကိုး။ မမနွေ ငိုနေပြီလား။

တစ်ခါတုန်းက ကျွန်တော်နဲ့အတူ ဆော့ဖော်ဆော့ဖက် ငယ်သူငယ်ချင်းတစ်ယောက် ဆုံးပါးတုန်းက သူ့အမေဟာ အိမ်ဝင်းထဲ ကျွန်တော် ဝင်လာတာ မြင်လိုက်တာနဲ့ သားကလေးနာမည်တလို့

ဟစ်အော်ငိုခဲ့ဖူးတာ အမှတ်ရလာတယ်။ မမနွှေဟာလည်း သူရယ်၊ အစ်ကိုရယ် သွားလေရာမှာ ဘေးကနေ ရံလို့ဝန်းလို့ လိုက်ခဲ့ဖူးသူ ကျွန်တော့်ကို မြင်တွေ့တဲ့အခိုက် သူငယ်ချင်းရဲ့ အမေလို ခံစားလိုက်ရတာ ဖြစ်မှာပဲ။ မြတ်မော်တို့တောင် ပြန်လာကြပြီ။

"မမနွှေ"

ဒီတစ်ခွန်းကိုတော့ နှုတ်ခမ်းလှုပ်ရုံသာ ခေါ်မိပါတယ်။ တကယ်တော့ ကျွန်တော်ဟာ ဘွားကြင်တို့အိမ်ကို တစ်ယောက်တည်း ထွက်မလာသင့်ဘူး။ မေမေ့ကိုပါ စောင့်ခေါ်ခဲ့ရမှာ။ အနည်းဆုံးတော့ မေမေဟာ ကျွန်တော့်ထက် နှစ်သိမ့်တတ်ဦးမယ်။ ငိုကြွေးသူကို ပခုံးတစ်ဖက် ငှားတတ်ဦးမယ်။ ကျွန်တော့်မှာသာ...။

ကျွန်တော့်မှာသာ ဘာပြောရမှန်းသိ စကားလုံး ပျောက်ရှသူလို ကျောပြင်သိမ့်သိမ့်ကို ငေးနေမိတယ်။

ခုနေများ မျက်နှာချင်းဆိုင် မြင်နေရတဲ့ ကမ်းပါးမှာ အစ်ကို ရောက်လာရင် ဘယ်လောက်များ ကောင်းလိမ့်မလဲ။ ဟောဟိုက မြက်ပင်ရှည်တွေကြားကနေ လက်နှစ်ဖက် ဝှေ့ယမ်းလို့ အစ်ကို ဘွားခနဲ ပေါ်လာရင် ဘယ်လောက်များ ကောင်းလိမ့်မလဲ။ အများတကာ ပြောကြသလို အစ်ကို မရှိတော့ဘူးဆိုတာ မဟုတ်ဘူးဆိုတဲ့အကြောင်း သက်သေ လာပြလှည့်ပါ။ တိမ်တိုက်တွေကြားကနေ အစ်ကို မမနွှေကို ငေးနေမလား၊ မျက်ရည်တွေ သုတ်ပေးဖို့ စိတ်ကူးနေသလား။ ပြန်လာခဲ့ပါ အစ်ကို။

အစ်ကို မရှိရင်လည်း မင်းမမကို စောင့်ရှောက်မယ် မဟုတ်လား။

ကျွန်တော့် လက်ဝါးနှစ်ဖက်ဟာ မရည်ရွယ်ပါဘဲ ဆတ်ခနဲ မြောက်တက်သွားတယ်။ မျက်နှာကို အုပ်ဖို့ ပြင်တယ်။ နောက် ပြန်ချ၊ နှုတ်ခမ်းကို တင်းတင်းစေ့တယ်။ မဟုတ်ဘူး။

မပျော့ညံ့ချင်တဲ့ အသိစိတ်ဟာ အခါခါ အောင့်အည်းရလို့ တစ်ခါလောက်တော့ဖြင့် ပျော့ညံ့လိုက်ချင်တဲ့ မသိစိတ်ကို အရှုံးပေးစ ပြုလာပြီလား။ ခေါင်းကို ဆတ်ခနဲ ခါမိတယ်။ ပါးပြင်ပေါ်က လွင့်စဉ်သွားတာ မိုးစက်လား။ မဟုတ်ဘူး၊ မိုးစက် မဟုတ်ဘူး။ တင်းစိတ်ကို ကျွန်တော် လျှော့ချတယ်။

အဲဒီနောက်တော့ ဒီရက်တွေအတွင်း စိတ်ထဲ တအုံနွေးနွေး ဖြစ်နေခဲ့တဲ့ အနာကို ဖောက်ချသလို ငိုမိတော့တာပါပဲ။

* * *

၁၉၉၉ ကျောင်းဖွင့်ရာသီမှာ ကျွန်တော်တို့ ကျောင်းကြီးမှာ စတက်ကြရပြီ။ မနက်မနက်ဆို ဟိုမှော်က ထွက်လာတဲ့ စိုင်းနောင့်ကို စောင့်၊ အိမ်ရှေ့က ဖိုးခွားကို လှမ်းခေါ်ပြီး ဘော်ကြိုက ထွက်၊ နားခဲကို ဖြတ်တဲ့အခါ အသင့် စောင့်နေတဲ့ ရွှေယိင်းကိုပါ ခေါ်ပြီး သီပေါမြို့ဆီ ခရီးဆက်ကြတယ်။

မိုးစက်တဖြောက်ဖြောက် ကျသည် ဖြစ်စေ၊ နေသာသည် ဖြစ်စေ ကျွန်တော်တို့ဟာ စက်ဘီးကိုယ်စီနဲ့ သီချင်းတကြော်ကြော် ဆိုလို့၊ တစ်ယောက်ကို တစ်ယောက် နောက်ပြောင်လို့။ မှန်ရာကို ဝန်ခံရရင် အဲဒီလို ရယ်မောနောက်ပြောင်နေရတဲ့ အခိုက်၊ သူငယ်ချင်းတွေနဲ့ အတူရှိတဲ့ အခိုက်ဆို ကျွန်တော်ဟာ ဂမ်းနည်းစရာဖြစ်ရပ်တွေကို အလိုလို မေ့နေတော့တာပဲ။

အသက်ရလာလို့ ပြန်တွေးတော့မှ ဆယ်ကျော်သက်ရွယ် ကာလရဲ့ ဂမ်းနည်းလွယ် ထိခိုက်လွယ်၊ နောက်တော့ ပြေပျောက်လွယ်တဲ့ သဘောကို သတိထားမိပေမယ့် အဲဒီတုန်းကတော့ အမှတ်မထင် ပြန်သတိရလိုက်မိတဲ့ အခိုက်ဆိုရင် ကိုယ့်ကိုယ်ကိုယ် အပြစ်မကင်းသလို ကျွန်တော် ခံစားရဖူးတယ်။

ကျွန်တော် ရယ်မောနေတဲ့အချိန်ဆို မမနွေဟာ ဘွားကြင်အိမ်လေးထဲမှာ၊ ဒါမှမဟုတ် သီပေါအိမ်မှာ သူ့အတွေးနဲ့သူ ငြိမ်ငြိမ်ဆိမ်ဆိမ်လေး နေနေရှာမှာပဲ၊ အစ်ကိုဟာလည်း ကျွန်တော်တို့နဲ့ မိုင်များစွာ ဝေးကွာတဲ့ အရပ်မှာ၊ တောတောင်တွေ ကြားမှာ ဒုက္ခသုက္ခရောက်ရင် ရောက်နေမှာပဲလို့ တွေးလိုက်မိရင် ရယ်လက်စ နှုတ်ခမ်းတွေတောင် တိုးလိုးတန်းလန်း ဖြစ်တော့တာပဲ။ တစ်ခါကလိုတော့ ကျွန်တော် ထပ်မငိုမိဘူး။ ဒါပေမဲ့လည်း ရင်ထဲမှာတင် ကျိတ်ပြီး ငိုကြွေးတာဟာ ဒီအတိုင်း မျက်ရည်ကျလိုက်တာထက် ပိုအခံရခက်တယ်ဆိုတာ နားလည်တတ်လာတယ်။

ရန်ကုန်အိမ်မှာတုန်းကလိုပဲ သီးသန့်ထားတဲ့ စာအုပ်တစ်အုပ်ထဲ စာလေးတွေ ချရေးရင် နည်းနည်းတော့ နေသာတယ်ဆိုတာလည်း ကျွန်တော် သိတတ်ခဲ့ပြီ။ စာမျက်နှာ ဖြူဖြူလေးတွေဟာ ကျွန်တော့်တိုင်ပင်ဖော်ပဲ။ အပြင်မှာ ထုတ်မပြောဖြစ်တဲ့ စကားတွေကို စာရွက်တွေပေါ် ချရေးလိုက်ရတာဟာ လူကို လေထဲ လွင့်သလို ပေါ့ပါးစေလို့ နှစ်လိုတတ်လာတယ်။

ဒီစာအုပ်လေးကိုတော့ ကျောင်းစာအုပ်တွေနဲ့လည်း မရောနှောဘဲ အဝတ်တွေကြားမှာ သီးခြားထားရတယ်။ အိမ်ပေါ်ကို မမနွေ တက်လာပြီး တစ်ခါကလို စာအုပ်မွှေရင်၊ ဒါမှမဟုတ် စိုင်းနောင့်တို့၊ ဖိုးခွားတို့

အိမ်လာလည်ရင်း တွေ့သွားရင် စသဖြင့် လိုက်တွေးတာပေါ့။ အမှန်တော့ စာထဲမှာ ဘာမှ ဆန်းဆန်းပြားပြား ထည့်ရေးတာလည်း မဟုတ်၊ စာရေးကျင့်သလို ရေးတာပေမယ့် ပြဖို့ရာ ရှက်နေသေးတဲ့ အချိန်ပဲ ဆိုပါတော့။

ဒီလို စာအုပ်ထဲမှာ ရေးတာကိုသာ မပြဖြစ်တယ်၊ ဝတ္ထုတွေ၊ ကဗျာတွေထဲက ကြိုက်တာလေးတွေ ကူးထားတာကိုတော့ သူတို့ ကြည့်ချင်တယ်ဆို ပြလိုက်တာပဲ။ စိုင်းနောင့်များတော့ "ဒါလေး ငါ့စာထဲ ထည့်ရေးပေးစမ်းပါကွာ" ဆိုတာချည်းပဲ။

တစ်ခါတုန်းက ဘူတာမှာ သွားစောင့်ခဲ့ဖူးတဲ့ ကောင်မလေးဟာ ခုတော့ ကိုးတန်းမှာ တစ်ခန်းတည်းတက်ရတာကိုး။ ထိုင်ခုံချင်းကလည်း မျက်စောင်းထိုးလောက် ဆိုတော့ လှမ်းမြင်နေရတာကိုး။

အံမယ်...ဒီနှစ်တော့ ဒီကောင် တိုးတက်လာတာက အရင်လို စာလေးတွေ ပေးရုံတင်ပေး၊ မျက်နှာချင်းဆိုင်ဖို့ကျ ကြောက်တာမျိုး မဟုတ်တော့ဘဲ ပြုံးတတ် နှုတ်ဆက်တတ်လာတာပဲ။ ကောင်မလေးကလည်း မဆိုးပါဘူး။ ဘယ်လို သဘောရှိတယ် မမှန်းသာပေမဲ့ စိုင်းနောင့်အပေါ် ပစ်ပစ်ခါခါ လုပ်သလား ဆိုတော့လည်း မလုပ်ပြန်ဘူး။

တစ်ရက်တော့ "သူတို့အိမ်ဘက် သွားကြည့်ရအောင်ကွာ" လို့ စိုင်းနောင့် ခေါ်တာနဲ့ ကျောင်းအဆင်း ညနေ မပြန်ခင် ကောင်မလေးအိမ်ရှိတဲ့ လမ်းဘက် သွားကြတယ်။ ရွှေယိမ်းကတော့ ကောင်မလေးအဖော်တွေနဲ့ ပြန်နှင့်ပြီမို့ ကျွန်တော်တို့ သုံးယောက်ရယ်။ ကောင်မလေးအိမ်ရှေ့မှာ စက်ဘီးတစ်ပတ်၊ နှစ်ပတ်လောက် မယောင်မလည် နင်းကြပြီး နောက်ဆုံးတော့ စိုင်းနောင့်အဒေါ် အိမ်မှာ ကမ်းကပ်ကြတယ်။ အဒေါ်လုပ်သူမှာတော့ တူကလေး လာလည်တယ်ရယ်လို့ အားရဝမ်းသာနဲ့ ရှိတဲ့မုန့်တွေ ချကျွေးပါလေရော။ ဒီတော့လည်း ကျွန်တော်တို့မှာ ကျိတ်ရယ်ရင်း စားကြတာပါပဲ။

အပြန်ကျတော့ လမ်းထဲမှာ မျှော်လင့်မထားသူနဲ့ ဆုံပါတယ်။ မမသီတာ၊ မမနွေ့ရဲ့ သူငယ်ချင်း မမသီတာ။

မမသီတာ ဒီလမ်းထဲ နေမှန်း မသိတာမို့ ရှေ့တည့်တည့်က စက်ဘီးနင်းလာတာတောင် မကြည့်မိ၊ နှုတ်မဆက်မိဘူး။ လွန်ခါမှ "ဟဲ့...မြတ်မော် မဟုတ်လား" ဆိုတဲ့ အသံကြားတာကြောင့် ဘီးကို တန့်ပြီး လှည့်ကြည့်မှ တွေ့ပါတော့တယ်။

"မမသီတာ"

“အေးဟဲ့၊ ငါ့ကိုတောင် မမြင်ဘူး၊ ကြည့်စမ်း”

ကျွန်တော် ဟီးခနဲ ရယ်မိတယ်။ စိုင်းနောင့်တို့ကို “ခဏလေး” လို့ လှမ်းပြောပြီး ဘီးကိုရပ်လို့ မမသီတာအနားကို လျှောက်လာတယ်။

“မေးစရာ ရှိလို့ မြတ်မော်ရဲ့၊ နွေ နေကောင်းရဲ့လားလို့”

“မမနွေလား၊ မမနွေ နေကောင်းပါတယ်”

“ဒီတစ်ပတ် သီပေါ မလာလို့လေ”

မမနွေဟာ သင်တန်းမတက်တော့တာ ကြာပြီ။ သီပေါ လာရင်လည်း မယ်မယ့်အိမ်မှာ ခဏပဲ နေပြီး ဘော်ကြို ပြန်တတ်တာပဲ။ ကျွန်တော်ဆိုတာကလည်း တစ်ယောက်တည်း သင်တန်းတက်ရတော့ အရင်လို ပျော်ပျော်ရွှင်ရွှင် မဟုတ်လှတော့ဘူး။ မမနွေနဲ့တုန်းက ဒီလို ဘယ်ဟုတ်ပါ့မလဲ။ မိုးရွာရွာ နေပူပူ ဘီးနင်းရတာ လန်းလို့ ရွှင်လို့။

“ဘွားကြင် နေမကောင်းဘူးတဲ့ မမသီတာ”

“သြော်...အေးပါဟယ်၊ အဲဒါဆိုလည်း ပြီးရော၊ နေများ မကောင်းလို့လား၊ ဒါမှမဟုတ် တမင် မလာတာလားလို့”

မမသီတာရဲ့ မျက်နှာအမူအရာရယ်၊ စကားရယ်ဟာ ကျွန်တော့်အတွက် ဆန်းနေတယ်။

“တမင်မလာတာ” ဆိုတာ ဘာကို ရည်ရွယ်သလဲ။ မမနဲ့ ပတ်သက်ရင် ဘာမဆို သိချင်တော့ ကျွန်တော် မမေးဘဲ မနေနိုင်ဘူးရယ်။

“မမနွေက ဘာလို့ တမင် မလာရမှာလဲဟင်”

“မနွေ့က အစ်ကို့အတွက် ဆွမ်းသွတ်တယ်လေ”

ဟင်...။

ကျွန်တော်ဟာ ပါးစပ်အဟောင်းသားနဲ့ မမသီတာကို ငေးမိတယ်။ ဒီတစ်ပတ် သင်တန်း ပျက်ခဲ့တာမို့ ဆရာတို့အိမ်က သတင်းနဲ့ ကျွန်တော် အတော်ပဲ အဆက်ပြတ်ခဲ့ပြီ။ ဆွမ်းသွတ်တယ်၊ ဆွမ်းသွတ်တယ်။ ဒါဆို...။

“အစ်ကို သေတယ်ဆိုပြီး လုပ်တာလားဟင်”

မမသီတာက သက်ပြင်းလေး ရှိုက်လိုက်တယ်။

“အေးပေ့ါဟယ်၊ ဆရာကိုယ်တိုင် နောက်တစ်ခေါက် လိုက်သွားပြီးပြီ၊ သေသေချာချာ မေးမြန်းခဲ့ပြီးပြီပဲ၊ ဘာမှမထူးတဲ့ အဆုံးကျတော့ ဒီလိုပဲ လုပ်ရတော့တာပေ့ါ၊ တော်ကြာ တကယ် ဆုံးသွားတာဆို အမှုမရ ဘာမရနဲ့ ဘယ်ကျွတ်မလဲ မြတ်မော်ရဲ့”

လေသံအေးအေးနဲ့ ပြောလိုက်တဲ့ မမသီတာရဲ့ စကားသံဟာ ကျွန်တော့် နားထဲတော့ ပုစဉ်းရင်ကွဲ အကောင်တစ်ထောင်လောက် စုပြုံအော်ဟစ်လိုက် သလိုပဲ။ အစ်ကိုက တကယ် သေဆုံးသွားခဲ့ပြီလား၊ ကျွန်တော်တို့ဆီ ပြန်မလာ နိုင်တော့ဘူးလား။ နှမလေးလို၊ ချစ်သူလို အစ်ကို ချစ်ရတဲ့ မမနွေ့ဆီ ဘယ်တော့မှ ပြန်မလာတော့ဘူးလား။

“မြတ်မော်”

ရုတ်ခြည်းဆိုသလို ကျွန်တော် ငိုင်ကျသွားလို့ ထင်ပါရဲ့။ မမသီတာက သတိပေးသလို ခေါ်လိုက်တယ်။

“စိတ်မကောင်း မဖြစ်ပါနဲ့ မောင်လေးရယ်၊ ဖြစ်လာမှတော့ လက်ခံရတော့မှာပေ့ါ၊ ဒီအတိုင်း ဆက်စောင့်ချင်စိတ်က သူ့မိသားစုမှာ ပိုတောင် ရှိဦးမယ်၊ ဒါပေမဲ့ မတတ်သာလို့ ဒီလို လုပ်ကြရတာပေ့ါ၊ စိတ်မကောင်းမဖြစ်နဲ့၊ မင်းမမကိုသာ ဂရုစိုက် ကြားလား”

ခါတိုင်းလို “မင်းမမ” ဆိုတာကို နားဝင်ပီယံ ရှိမနေဘူး။ ကျွန်တော့် အသိဟာ ထုံမှိုင်းအုံ့ဆိုင်းလို့။ ခေါင်းတော့ လေးလေးပင်ပင်ပဲ တစ်ချက် ညိတ်လိုက်မိတယ်။

“မင်းမမက ဆွမ်းသွတ်မှာကို သိတယ်၊ လူကြုံနဲ့ မဒါလီတို့ မှာထားပြီးသားတဲ့၊ ရောက်မလာတော့ တမင်မလာတာလို့ပဲ မမ ထင်တယ်လေ၊ သူလည်း သူ့ချစ်သူနာမည် တပ်ပြီး အမျှဝေဖို့ အင်အား ဘယ်ရှိဦးမလဲ၊ အဲဒီ အမျှဝေသံ ကြားရင် လူရင်း အမျိုးရင်း မပြောနဲ့ ဘေးလူတောင် ဝမ်းနည်းရတာ၊ သူ တအားငိုမိမှာစိုးလို့ မလာတာပဲ ဖြစ်မှာ”

“မဟုတ်ဘူး မမသီတာ”

မမသီတာက ကျွန်တော့်ကို စူးစမ်းကြည့် ကြည့်လာတယ်။ ရှေ့တူရူက မမသီတာကို တွေတွေဆိုင်ဆိုင် ပြန်ကြည့်ပေမယ့် ကျွန်တော် မြင်တစ်ချက် မမြင်တစ်ချက်ပါပဲ။ အာရုံမှာတော့ မျက်နှာလေးတစ်ခုက

ကွက်ကွက်ကွင်းကွင်းပဲ ပေါ်လို့နေပါတယ်။ စိတ်နှလုံး နုနယ်တော့မလို မျက်နှာလေးတစ်ခု ပိုင်ပါရက်နဲ့ တစ်ခါတလေကျတော့ သူတကာထက် မာကျောတတ်တဲ့သူ။ မျှော်လင့်ချက်တစ်ခုကို ကိုင်ဆုပ်ထားရာက တော်တော်နဲ့ လွှတ်မချတတ်တဲ့သူ။ အိပ်မက်တွေကို အရှုံးမပေးတတ်တဲ့သူ။

“မမနွေက အစ်ကို ပြန်လာဦးမယ် ထင်လို့ စောင့်နေတာပါ”

* * *

“အစ်ကိုသာ တကယ် သေတယ်ဆိုရင် မမကို အိပ်မက်တော့ ပေးမှာပဲ၊ အနည်းဆုံးတော့ အပြင်မှာ အရိပ်ကလေး ဘာလေးပြပြီး နှုတ်ဆက်တာ ဖြစ်ဖြစ်၊ အိပ်မက်ပေးတာ ဖြစ်ဖြစ် လုပ်မှာပဲ၊ အခုက ဘာမှမှ မရှိခဲ့တာ”

အစ်ကို့အတွက် ဆွမ်းသွတ်ပြီး တစ်လလောက် ကြာတဲ့အခါ မမနွေက ဒီစကားကို မှတ်မှတ်ရရ ပြောတယ်။

အိပ်မက်ဆိုမှ တစိမ့်စိမ့် ပြန်တွေးတော့ ဟုတ်သား၊ ကျွန်တော်လည်း ဘာအိပ်မက်မှ မမက်ခဲ့ဘဲ။ ပြောသာပြောရတယ်၊ ကျွန်တော်ဆိုတဲ့ ကျွန်တော်ကလည်း အိပ်ပြီဆို ခေါင်းအုံးပေါ် ခေါင်းချလိုက်တာနဲ့ တစ်ချိုးတည်း တန်းအိပ်ပျော်တာပဲ၊ အိပ်မက်မရှိ ဘာမရှိ၊ တစ်ရေးနိုးရင် မိုးလင်းနေတာမျိုး မဟုတ်လား။ ကျွန်တော့်ကို အိပ်မက်ပေးချင်ရင်တော့ အိပ်မက်ပေးဖို့ ကြိုးစားသူဟာ အတော်မောရှာမှာပဲ။ ကြီးကြီး အပြောအရဆိုရင်တော့ “အိပ်လို့မပျော် ဆင်အော်လို့မှ မနိုးတဲ့ မြတ်မော်” ပေါ့လေ။

အရင်ဆို ဒီလို ပေါက်ကရတွေးမိရင် အပြင်မှာပါ ဟက်ခနဲ လိုက်ရယ်တတ်ပေမယ့် ခုများတော့လည်း မရယ်တတ်တော့ပါဘူး။ တစ်ဖက်လူရဲ့ အရိပ်အကဲကြည့်ပြီး နေရထိုင်ရတဲ့ ပညာကို ကျွန်တော် တတ်မြောက်စပြုပြီ။ ရင့်ကျက်လုပြီ မဆိုနိုင်ပေမဲ့ ကလေးဆန်ဆန် အပြုအမူ အပြောအဆိုတွေ ကျွန်တော့်ဆီကနေ လွင့်စပြုပြီ။

ကျွန်တော်ဟာ မိုးရာသီဆို ဘူတာနဲ့ အပြိုင် တောတန်းကလေးဘေးမှာ အလေ့ကျ ပေါ်လာတတ်တဲ့ ပန်းခရမ်းတောနား မမနွေ ရပ်နေပုံကိုပဲ ငေးလို့ ဘာစကားမျှား ဆက်လေမလဲ နားစွင့်နေတယ်။ မမနွေကတော့ ကျွန်တော့်ကို ကျောပေးလို့။ ပန်းခရမ်းလေးတစ်ပွင့်ကို လက်ဖျားလေးနဲ့ အသာတို့ထိနေတယ်။

အစ်ကိုကတော့ တောပန်းကလေးတွေ တွေ့ရင် မမနွေကို သတိရခဲ့သတဲ့။ မမနွေကရော...။ အို...ကျွန်တော့်မမနွေဟာ

တောပန်းကလေးတွေ တွေ့မှမဟုတ် တိမ်တောင်ဆုပ်၊ တောင်ပြာဆင့်၊ စိမ်းမြသစ်ပင်ရိပ်ကိုပဲ တွေ့တွေ့၊ အိမ်နောက်ဘက်က ဒုဋ္ဌဝတီမြစ်ကိုပဲ မြင်မြင်၊ ကုန်ကုန် ပြောရရင် မျက်လုံးတွေ မှိတ်လိုက်ရင်တောင် အစ်ကို့ကို လွမ်းနေမယ့်သူပါ။

"မမကို သူများတွေက ဘာပြောသလဲ သိလား"

"ဟုတ်" လို့ ကျွန်တော် စကားထောက်တယ်။

"ဒီလိုအဖြစ်မျိုး ကြုံရင် ဘယ်သူမှ အိမ်ပြန်မလာနိုင်ခဲ့ဘူးတဲ့"

ကျွန်တော် ခြေနှစ်လှမ်းစာလောက် ရှေ့တိုးတော့ မမနွေနဲ့ ဘေးချင်းယှဉ်မိတယ်။ မမနွေ မျက်လုံးလေးမှိတ်လိုက်ပုံ၊ အသက်တဝရှူရှိုက်ပြီး ခေါင်းမော့ထားပုံ၊ နောက်တော့ ဖြည်းဖြည်းချင်း ထွက်လေ သက်ပုံကို မြင်နေရတယ်။ ဒီအမူအရာလေး မကြာခဏဆိုသလို မြင်ခဲ့ဖူးသားပဲ။ မြင်တွေ့တိုင်းလည်း ကျွန်တော့်မျက်လုံးထဲ ရိုးမသွားဘဲ တစ်ခါပြန်လို့ အသစ်ဖြစ်မြဲပဲ။ ကော့ညွတ်နေတဲ့ မျက်တောင်ဖျားလေးတွေ၊ ကိုယ့်ကိုယ်ကိုယ် အားယူနေသလို တင်းတင်းစေ့၊ အပြုံးရိပ်ရိပ် ဆင်ထားတဲ့ နှုတ်ခမ်းလွှာတွေ။

ဟော...ကျွန်တော် ငေးနေတုန်းမှာပဲ မျက်လုံး ဖျတ်ခနဲ ဖွင့်တော့ ကပျာကယာ အကြည့်လွှဲရတယ်။ မြက်ပင်လေးတွေကို ဖိနပ်ဦးနဲ့ တော့လိုက်မိတယ်။

"ဒီလမ်းကနေ တခြားလူတွေ ပြန်မလာနိုင်ဘူး၊ တစ်ရာမှာ တစ်ယောက်ပဲ ပြန်လာတယ်ဆိုရင်တောင် အဲဒီတစ်ယောက်ဟာ အစ်ကို ဖြစ်ရင် ဖြစ်နေမှာပေ့ါ၊ ဘယ်သူမှ ပြန်မလာနိုင်တဲ့လမ်း ဆိုပေမယ့် အစ်ကိုကတော့ ပြန်ရင် ပြန်လာမှာပေ့ါ၊ မဟုတ်ဘူးလား"

"ဟုတ်သားပဲ၊ ပြန်ရင် ပြန်လာမှာပေ့ါ" လို့ ကျွန်တော် ဆိုမိတယ်။

မမနွေလောက် မျှော်လင့်ချက် မကြီးလှပေမဲ့ တစ်ခါ တစ်ခါကျတော့လည်း အစ်ကို ပြန်လာစေချင်စိတ်၊ ပြန်မလာတော့မှာ ပူပင်စိတ်ဟာ ကျွန်တော့်ရင်ထဲ အနာတစ်ခုလို တစစ်စစ်နဲ့ရယ်။ အမှန်တော့ ကိုယ့်ဘက်က မေတ္တာထားမိသူမှာ ဖက်ပြိုင်စရာလူတစ်ယောက် မရှိတော့ဘူးဆိုတာ ကြံဖန် ကျေနပ်စရာ မဟုတ်လား။ ဒါပေမဲ့ ဒီလိုနည်းမျိုးနဲ့တော့ မမနွေ မေတ္တာကို မရရင် နေပါစေ၊ ဘယ်တော့မှ မယူပါဘူး။

ချစ်ရသူရဲ့ စိတ်ဆင်းရဲ ညှိုးငယ်မှုဟာ ကျွန်တော်ရဲ့ ပျော်ရွှင်မှု ဖြစ်ဖို့ အကြောင်းလည်း မရှိဘူး။ သူ့လို လိုက်လို့သာ မငိုရင် ရှိရမယ်၊ သူ့အပူဟာ ကျွန်တော့်ကို ကူးပါတယ်။ ကျွန်တော်လည်း အလုံးစုံ မပျော်ရွှင်နိုင်ပါဘူး။

တစ်ခါတလေ ကျောင်းအသွားအပြန် လမ်းမှာဖြစ်စေ၊ ကျောင်းအားလပ်ချိန်မှာ ဖြစ်စေ သူငယ်ချင်းတွေနဲ့ ရယ်မောပျော်ရွှင်နေရင်းက စကားဆက်ပြတ်သွားတဲ့အခါ ကျွန်တော့်စိတ်ဟာ ဘော်ကြိုကို အပြေးနှင်တယ်။ မမနွေ ဒီအချိန် ဘာများ လုပ်နေမှာပါလိမ့်။ အိမ်အလုပ်တွေ လုပ်လို့ အားလပ်ရင် မြစ်ဆိပ်ဘက်များ ဆင်းသွားပြန်ဦးမလား၊ နေ့ခင်းနေ့လယ် ဆိုရင်ရော ဘုတာဘက် ထွက်သွားဦးမလား တွေးမိတယ်။

မမနွေရယ်လို့ အပြေးမြင်ယောင်မိရင် အရယ်အပြုံး ကင်းတဲ့ မျက်နှာသေလေး ဖြစ်နေတာဟာ ကံကြမ္မာရဲ့ ပြုစားမှု အကြွင်းအကျန်လိုပဲ။ ဒီမျက်နှာလေး ဘယ်တော့များမှ နဂိုနေ ဖြစ်လာပါ့မလဲလို့ ကျွန်တော် အခါခါ ပူမိတယ်။

အဲဒီအတောအတွင်း ပိတ်ရက်တွေမှာ မမနွေ ဘော်ကြိုမှာ ရှိနေတယ်ဆိုရင် ကျွန်တော် ဟိုမှော်လည်း မရောက်ဖြစ်တော့ဘူး။ ဖိုးခွားနဲ့လည်း လျှောက်မသွားဖြစ်တော့ဘူး။ ဘွားကြင်ရဲ့ အိမ်ဝိုင်းလေးဆီပဲ တလည်လည် ဖြစ်ရတယ်။ မိုးလေပြည် တသုန်သုန်ဝေ့တဲ့ နေ့တွေမှာ ဘူတာစကြံမှာ ဆိတ်ဆိတ် ထိုင်ရင်း သံလမ်းကြောပေါ် ဦးတည်ရာမဲ့ လွင့်တော့မလို လမ်းလျှောက်ချင်တဲ့ မမနွေကို အဖော်ပြုရတယ်။ တောတန်းဘေးက လမ်းကလေးမှာ လျှောက်ချင်ရင် အတူရှိရတယ်။ ဒုဋ္ဌဝတီမြစ်ကမ်းကတော့ အိမ်ပေါ်ကနေတောင် ခြေချရင် ရောက်တော့တဲ့ နေရာမို့ ဝမ်းနည်းရပ်ဝန်းကာလမှာ မမနွေ အခိုနားဆုံးလို့ ဆိုရမယ်။

မြစ်ကမ်းနားမှာ ငိုင်တိငိုင်တိုင်ထိုင်လို့ အဝေးကိုငေးတတ်တဲ့ မမနွေကို ကျွန်တော် အခါခါ တွေ့ခဲ့ရတယ်။ တစ်ခါတလေတော့ သစ်ရွက်ကြွေလေးတွေကို တုတ်တစ်ချောင်းနဲ့ စိတ်မှတ်မဲ့ ထိုးဖွလို့ သက်ပြင်းလည်း အကျော့ကျော့ ချလို့၊ ဘယ်ကိုမှ ငေးမနေဘဲ ဒူးနှစ်ဖက်ကိုပိုက်၊ မျက်နှာအပ်ရင်း တိတ်ဆိတ်နေတဲ့ အခါမျိုးလည်း ရှိပါရဲ့။

အဲဒီ မြင်ကွင်းတွေကိုပဲ အမြဲတစေ မြင်ရတော့မလားလို့ ကျွန်တော် ပူပန်လို့ ကောင်းတုန်းမှာပဲ မမနွေရဲ့ အပြောင်းအလဲကို ကြုံရပြန်တယ်။

မမနွေဟာ မြစ်ကမ်းနားမှာ စာဖတ်နေတတ်ခဲ့ပြီ။ ဘွားကြင်ရဲ့ ဝေယျာဝစ္စ လုပ်ကိုင်ပေးရင်း၊ တိုးတိုးဖော်အဖြစ် အတူရှိရင်း အိမ်အလုပ်မှာ

ပျော်မွေ့ဟန် ပြလာခဲ့ပြီ။ သီပေါကို ကူးသန်းလို့ သုံးရက်တန်သည်၊ လေးရက်တန်သည် နေရင်း ကြီးကြီးရဲ့ ဆိုင်မှာ စက်ချုပ်ပညာ ထပ်သင်နေခဲ့ပြီ။

ဒီ့ထက် ပိုလို့ ကျွန်တော် အံ့အားသင့်ရတာကတော့ လနဲ့ချီပြီး ရှောင်နေခဲ့တဲ့ အစ်ကိုတို့ခြံထဲ မမနွေ နောက်တစ်ကြိမ် ခြေဦးပြန်လှည့်တာပါ။ ဒီတစ်ကြိမ်တော့ မမနွေဟာ သင်တန်းသူအဖြစ် မဟုတ်တော့ပါဘူး။ တစ်ခါတုန်းက အစ်ကို လုပ်ခဲ့ဖူးသလို ဆရာ့ကို ကူညီညာ စာပြတဲ့ သင်တန်းလက်ထောက်အဖြစ်ပါ။

ဒီအပြောင်းအလဲဟာ မမနွေကို ချစ်ခင်သူတွေအတွက် အလှပဆုံး အပြောင်းအလဲ ဖြစ်ခဲ့ပါတယ်။ ကျွန်တော်တစ်ယောက်တည်း အတွက်ဆိုရင်တော့ အစ်ကို့ခြေရာ၊ အစ်ကို့အသံ၊ အစ်ကို့ဟန်တွေကို အနီးစပ်ဆုံး ထိတွေ့နေရမယ့် နေရာတစ်ခုမှာ မမနွေ မြဲမြဲရပ်ဖို့ အားထုတ်နေပုံ တွေ့မြင်ရတာ အံ့အားသင့်ရ၊ တစ်ဖက်မှာလည်း ကျေနပ်ရပြန်ပါရော။

တစ်ရက်တော့ မမနွေအကြောင်း စိတ်လိုလက်ရ ကျွန်တော် စကားစပ်တဲ့ အခါ မေမေက ကြည်လင်ပြုံးနဲ့ မှတ်ချက်ချပါတယ်။

"မေမေ သိသားပဲ၊ တစ်နေ့ကျရင် နွေဟာ သူ့အသိစိတ်နဲ့သူ ပြန်ထူထောင်လာဦးမယ် ဆိုတာ သိကိုသိနေတာ၊ သူ့အတွက် လောကဓံဆိုတာ အခုမှ ကြုံရတာမှ မဟုတ်တာ သားရယ်၊ တစ်ခါထိရင် တစ်ခါ ပြိုလဲတာကတော့ လူ့သဘောပဲ၊ သူလည်း ပြိုလဲရှာမှာပဲ၊ ဒါပေမဲ့ အချိန်တန်တော့ ကိုယ်ထူမှ ကိုယ်ထရမယ့် ဘဝမှာ သူ ပြန်ရှင်သန်ရမယ် ဆိုတာ နွေ ကောင်းကောင်း သိမှာပေါ့၊ သူ ဖတ်ခဲ့တဲ့ စာတွေက သူ့ကို လမ်းကျောင်းလိမ့်မယ်၊ သူနဲ့အနီးဆုံးက သူ့ဘွားကြင်၊ သူ့မယ်မယ်က ထိန်းသွားလိမ့်မယ်၊ ဒီ့ထက် မေမေ အားကိုးတာက နွေ့မှာ နဂိုရှိနေတဲ့ အသိစိတ်ပဲ၊ ဘဝပေးအသိစိတ်ပဲ၊ ဒီမှာ သားရဲ့၊ လောကမှာ ဒဏ်ရာနဲ့ ကင်းတဲ့လူ မရှိဘူး၊ ဒဏ်ရာကို ဘယ်လို တုံ့ပြန်သလဲ ဆိုတာမှာသာ လူဟာ အမျိုးမျိုး ကွဲပြားသွားကြတာ၊ တချို့က ဒဏ်ရာကို အနာမကျက်စေဘူး၊ မကြာခဏ အနာဖေး ပြန်ပြန်ခွာတယ်၊ တချို့ကျတော့ ဒဏ်ရာကို အနာကျက်တဲ့ အထိ ထားတယ်၊ ပြီးရင် ဥပေက္ခာပြုလိုက်တယ်၊ ဒါပဲ ကွာတာ"

သီပေါဝန်းကျင်မှာတော့ မိုးနှောင်းကာလဟာ သူ့ကိုယ်ပိုင်အလှတစ်မျိုးနဲ့ ဝင်းစိုလှပလို့ နေပြီ။ သီပေါကို ပြန်ရောက်ချိန် နွေရာသီကတည်းက ပြီးပြည့်စုံတဲ့အလှ တစ်ခဏ ခွာသလို ထင်ခဲ့ဖူးတဲ့ ဝန်းကျင်ဟာ ခုတော့လည်း ဖူးစသစ် ပန်းချီကားတစ်ချပ်လိုပဲ ကျွန်တော့်စိတ်က ထင်ပြန်ပါတယ်။ နွေ အကူးမှာတင် လေရူးဝှေ့တာမဟုတ်ဘဲ မိုးနှောင်းမှာလည်း

ငေ့ဝဲတတ်ပုံပါပဲ။ ကျွန်တော့်အတွက်သာ ရည်ရွယ်တဲ့လေရူး ဆိုပါတော့။ အဲဒီအချိန်အခါက ကျွန်တော့် သီးသန့်မှတ်စုထဲမှာ စာလေးတစ်ပိုဒ်တောင် ချရေးခဲ့ဖူးပါတယ်။

"အို…ဒုဋ္ဌဝတီ

ကျွန်တော်ချစ်ရသူ၏ မျက်ရည်ကို မြစ်ရေစီးသံနှင့်အတူ သယ်သွားပါလေတော့၊ ငှက်ကလေးတို့၏ သီချင်းသံကို အရံအဖြစ် ကျွန်တော်ထည့်ပေးလိုက်ပါမည်။ ချစ်ရသူ၏ အရယ်အပြုံးတို့ကို တစ်ဖန်ပြန်မြင်ရမည်ဆိုလျှင် ကျွန်တော့်အသက်ကိုပင် မြစ်ရေကြောမှာ ထပ်ဆောင်းမျှောပေးလိုက်ပါမည်"

* * *

"ဒီဘူတာဘက်ကို နွေ့ ခဏခဏ လာတယ် မဟုတ်လား"

သံလမ်းစွန်းကို ဖိနပ်ဦးဖျားနဲ့ ခပ်ဆဆ တို့ထိနေရာက အသံလာရာဆီ ကျွန်တော် လှည့်ကြည့်တယ်။

ကိုလေးဟာ လွယ်ကော်ဘူတာဆီ ကွေ့ဝိုက်ခရီးဆက်သွားတဲ့ သံလမ်းကြောကို လှမ်းမျှော်လို့။ ခုပဲ အဲဒီ သံလမ်းဇလီဖာ တုံးလေးတွေပေါ် မမနွေ့ လမ်းလျှောက်သွားနေသလို။ တောတန်းလေးအကွေ့ကနေ ပေါ်လာတော့မလို။

"ဟုတ်တယ် ကိုလေး"

"ပထမဆုံး ဒီနေရာကို ရောက်လာတုန်းက သူ့မျက်နှာလေး ငါ အခုထိ မှတ်မိသေးတယ်၊ ရထားကို ငေးနေတာများကွာ သူ့သူငယ်ချင်း တစ်ယောက်၊ အမျိုးတစ်ယောက် ပြန်တွေ့ရသလိုပဲ၊ နင် ဘာဖြစ်နေတာလဲ လို့ဆိုတော့ ဘာမှမဖြစ်ပါဘူးတဲ့၊ တကယ်တမ်းကျတော့ မေးမယ့်သာ မေးတာ သူ ငိုချင်နေတယ် ဆိုတာ ငါသိတာပေါ့"

ပထမဆုံး ရောက်ဖူးတဲ့ ဘော်ကြိုဘူတာက မြက်ခင်းပြင်လေးမှာ ရထားကြီးကို ငေးရင်း မျက်ရည်ဝဲနေရှာမယ့် ခုနစ်နှစ်အရွယ် ကလေးမလေးကို ကျွန်တော် မြင်ယောင်လာပါတယ်။ ကလေးမလေးဟာ ရထားကြီး သွားရာနောက် မျက်လုံး ကောက်ကောက်ပါမှာပေါ့။ ပြီးရင်တော့ ရထားကြီး လာခဲ့ရာ အရပ်ဆီကိုလည်း မျှော်ကြည့်ဦးမှာပေါ့။ အဲဒီ သံလမ်းရိုးတစ်နေရာမှာ သူ မွေးဖွား ကြီးပြင်းခဲ့ရာ ရွာကလေးရှိမယ်၊ သူ့မိဘရဲ့ အရိပ်တွေ ရှိမယ်၊

သူချစ်ရတဲ့ ဒေါ်ကြီးဘုလည်း ရှိနေမယ်။

အဲဒီ ကလေးမလေးဟာ ငေးနေရင်း အခိုက်အတန့်မှာတင် ဘယ်လောက်များ အသည်းကြွေရှာမလဲ။ စကားလုံးများစွာ မဆိုတတ်သေးသူ (ဆိုတတ်ရင်တောင် မျိုသိပ်ထားမယ့်သူ) ဟာ ဝမ်းနည်းနာကျင်ခြင်းကို တေးတစ်ပုဒ်လို ရင်ထဲမှာ အထပ်ထပ် ဆိုနေခဲ့ရှာမှာပါပဲ။

"ကျွန်တော်နဲ့ စတွေ့တော့လည်း ဒီဘူတာမှာပဲ"

"နွေ ပြောပြဖူးတယ်"

"မမနွေက ပြောတယ်၊ အဲဒါ ရေစက်ပဲတဲ့"

"အင်းပေါ့၊ ရေစက်ရှိလို့ ငါတို့တွေ ဒီလို ဆုံကြရတာပေါ့၊ ရေစက်ရှိလို့ မြတ်မော်က သီပေါ ရောက်လာ၊ ရေစက်ရှိလို့ပဲ နွေက ရီရီနဲ့ သီပေါကို ပါလာ၊ ငါတို့တွေ ဆုံကြရရော၊ အင်း...ရေစက်ကုန်ချိန်ကျတော့ ခွဲကြရမှာပဲ"

ကျွန်တော် မေမေ့မျက်နှာကို ပြေးမြင်လာတယ်။ ခုတစ်လော မေမေ ပြောတဲ့စကားတွေမှာ အပြောင်းအရွှေ့ဆိုတာ ပါလာနေပြီ။ မေမေဟာ ရန်ကုန်ကို ပြန်ပြောင်းချင်တဲ့အကြောင်း စကားဦးသန်းနေပြီ။ ကြီးကြီး ကျန်းမာရေး သိပ်မကောင်းတော့ အနားမှာ နေချင်တာ၊ ကျွန်တော် ဆယ်တန်းအောင်ချိန်ကျရင် တက္ကသိုလ်ပညာရေးအတွက် ရွှေ့ဆက်ဖို့ ရှိနေတာ စတာစတာတွေဟာ မေမေ့ကို ဒီမြေက ခွာဖို့ တွန်းအားတွေ ဖြစ်လာပုံပါပဲ။ ဒါဖြင့် ကျွန်တော်တို့ ကြားက ရေစက်ကုန်ချိန်ဟာ မကြာခင် ရောက်လာဦးမလား။

အပြောင်းအရွှေ့အကြောင်း မေမေ ပြောတဲ့ ညတုန်းက မမနွေ မျက်နှာကိုပဲ အရင်ပြေးမြင်မိတာ သိရင် ကျွန်တော့်သူငယ်ချင်းတွေ ခွင့်လွှတ်တန်ကောင်းပါရဲ့။

"ရှင်ကွဲကျတော့ တော်သေးတာပေါ့ကွာ၊ တစ်မြို့တည်း မဟုတ်ရင်တောင် တစ်နေရာရာမှာ ရှိနေတယ်လို့ သိနေရသေးတာပေါ့၊ သေကွဲ၊ သေကွဲ ဆိုရင်တော့လည်း..."

ကိုလေးက စကားမဆက်ဘဲ တုံးတိပဲ ရပ်လိုက်တယ်။ ကိုလေး ဘာကို တွေးမိသွားတယ် ဆိုတာ ကျွန်တော် အတပ်သိတာပေါ့။ ဒါပေမဲ့ ကျွန်တော် စကားမထောက်သလို ကိုလေးလည်း စကားမဆက်ဘူး။

ဒီနေ့ ကိုလေး ဘော်ကြိုရောက်လာတာဟာ ကြီးကြီးရယ်၊ မမခမ်းရယ်

ဘွားကြင်ဆီ လာကြလို့ အဖော်လိုက်လာတယ် ဆိုတာပဲ။ ဒါပေမဲ့ မမန္တေကတော့ ဒီသီတင်းကျွတ် ပိတ်ရက်ရှည်မှာ ဘော်ကြိုမှာ ရှိမနေဘူး။ မယ်မယ်တို့ ဆရာမတစ်စု ဘုရားဖူးထွက်ကြတာ လိုက်သွားသတဲ့။ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ နေရာအနှံ့လို့ ဆိုတယ်။ အသက် ၁၂ နှစ်နောက်ပိုင်း ပြည်နယ်တွင်း မြို့တွေကလွဲလို့ အဝေးခရီး မသွားရသေးဘူး ဆိုတဲ့ မမန္တေကတော့ မသွားခင် တစ်ရက်က ပစ္စည်းလေးတွေ ပြင်ရင်း ကြည်သာနေလိုက်တာ။

ကျွန်တော့်အတွက်ကတော့ ဘော်ကြိုမှာ နေခဲ့ရတဲ့ သီတင်းကျွတ် ပိတ်ရက်ရှည်တွေထဲ ပထမဆုံးသော မမန္တေ မရှိရာ ပိတ်ရက်မို့ အတော်ပဲ ပျင်းရိထိုင်းမှိုင်းရတယ်။ လွမ်းလည်း လွမ်းရတယ်။ မေမေ အိမ်မှာ ရှိနေတဲ့ ရက်တွေဆို တော်သေး၊ သီပေါ ဈေးဝယ်သွားတဲ့ နေ့မျိုးဆို အိမ်မှာ တစ်ယောက်တည်းရယ်။ ဒီနေ့လည်း တစ်ယောက်တည်းမို့ ဟိုမှော်သွားရင် ကောင်းမလား စိတ်ကူးနေတုန်း ကိုလေး ရောက်လာတာဟာ ရေငတ်တုန်း ရေတွင်းထဲကျသူလိုပါပဲ။

“န္တေ မင်းကို အိမ်အကြောင်း ဘယ်လောက် ပြောပြဖူးလဲ”

“ဗျာ”

အတွေးနယ်ထဲက ရုန်းလွတ်စ ကျွန်တော့်မှာ ဘာဆိုလိုလိုက်မှန်း နားမလည်ဘဲ ကိုလေးကို ကြောင်ငေး ကြည့်မိတယ်။

“သြော်…သီပေါအိမ်အကြောင်း ဘယ်လောက် ပြောပြဖူးသလဲလို့”

ကျွန်တော် ခဏ တွေသွားတယ်။ မမ နှုတ်က ပြောဖူးသမျှစကားတွေ ကိုလေးကို ဘာလို့ ပြောရမလဲ၊ မပြောရဘူးလို့ ကျွန်တော့်အတွင်းစိတ်က အမိန့်ချတယ်။

“သိပ်မပြောဖူးပါဘူး ကိုလေးရာ၊ ငယ်တုန်းက အိမ်ရောက်စ အကြောင်းတွေတော့ ပြောဖူးတယ်၊ နည်းနည်း၊ အင်း…နည်းနည်းပဲ”

ကိုလေး ပြုံးတော့ ကျွန်တော် ဟန်ကိုယ့်ဖို့ လိုက်ပြုံးမိတယ်။

“မပြောလည်း မင်း အိမ်ကို ဝင်ထွက်နေတာ သိရင် သိနေမှာပေါ့ကွာ၊ အနည်းဆုံးတော့ န္တေ သီပေါအိမ်မှာ သိပ်မပျော်တာ သိရင် သိမှာပေါ့”

ကျွန်တော် ခပ်လေးလေးပဲ ခေါင်းညိတ်လိုက်မိတယ်။

"နွေက အဘွားနဲ့ အဆင်မပြေဘူး မြတ်မော်၊ အမေနဲ့ကျပြန်တော့ ဘယ်လိုပြောရမလဲ၊ ပြေတဲ့အခါလည်းရှိ၊ မပြေတဲ့အခါလည်း ရှိတာပေါ့ အမေက သူ့အလုပ်တွေ အလိုက်တသိ လုပ်ပေးတဲ့အခါဆို ကြည်နေရော၊ အဲ... အဲဒီလို မဟုတ်ဘဲ နွေ သူ့ဘာသာ စာလေးဘာလေး ဖတ်လိုက်၊ စာအုပ်ဆိုင်လေး သွားလိုက်၊ သီတာတို့အိမ် လည်လိုက် လုပ်နေပြီဆို မကြည်တော့ဘူး ပွစိပွစိ လုပ်တာပဲ၊ ရီရီက အနေအေးတော့ တစ်ခါတောင် ငါတို့ရှေ့မှာ မဆူဖူးဘူး ထင်တာပဲ၊ မေမေတို့၊ အဘွားတို့က ဆူချင်ပြီဆို နေရာရွေးတာ မဟုတ်ဘူး၊ သူတို့က ဘယ်လို တွေးတုံးဆိုတော့ မိန်းကလေးဆိုတာတဲ့ အိမ်မှုကိစ္စကိုပဲ စိတ်ဝင်စားရမယ်တဲ့၊ မပျင်းရဘူးတဲ့၊ စာဖတ်တာ၊ ရုပ်ရှင်ကြည့်တာ၊ သီချင်းနားထောင်တာ အဲဒါတွေက လူကို ပျင်းစေတယ်တဲ့၊ ဝတ္ထုဖတ်ရင်များ အချိန်မတန်ခင် ယောကျ်ားနောက်လိုက်သွားမယ် ဆိုတာချည်းပဲ၊ မင်းမမနွေ တစ်ယောက်တည်း မဟုတ်ဘူးနော်၊ မမခမ်းလည်း အဲဒီလို ခံရတာပဲ၊ သူတို့နှစ်ယောက်စလုံး ပြန်မပြောတာ၊ စိတ်မလုပ်တတ်တာ တူကြတယ်၊ နွေက တစ်ခါ ပြောဖူးတယ်၊ တစ်အိမ်လုံးမှာ သူနဲ့ ဘဝတူတာ၊ သူ့ခံစားမှုကို အနီးစပ်ဆုံး နားလည်ပေးနိုင်တာ မမခမ်းတစ်ယောက်ပဲ ရှိတာတဲ့၊ ဟ..နင် မပျော်ရင်၊ နင် အဆူခံရရင် ငါလည်း ငါ ကိုယ်တိုင် ဖြစ်နေသလိုပဲ ခံစားရတာ၊ ငါ နင့်ကို ဘယ်လောက်နားလည်သလဲ၊ ဘယ်လောက်ချစ်သလဲ နင်မသိဘူးလား ဆိုတော့ ဒါလည်း ဟုတ်တော့ ဟုတ်ပါတယ်လေတဲ့၊ ကဲ"

"နင့်ကို ဘယ်လောက်ချစ်သလဲ" ဆိုတဲ့ စကားသံဟာ တောတန်းလေးကို ပြေးလို့ ရိုက်တယ်။ ပြီးတော့ ပဲ့တင်သံတွေလို ကျွန်တော့်ဆီကို ပြန်လာတယ်။ ကျွန်တော် သက်ပြင်းပဲ ရှိုက်ရတယ်။ မမနွေအနားမှာ ရှိတတ်သူတွေ ဟာ သံယောဇဉ်ကြိုး ချည်နှောင်တဲ့ နှစ်ကာလ ရှည်ကြာသူတွေချည်းပါပဲ။ ကျွန်တော့်မှာ မပြိုင်ခင်ကတည်းက အခါခါ ရှုံးရပါတယ်။

ကိုလေးရှေ့မှာ မျက်နှာ ပျက်မိမစိုးလို့ ဆင်ခြင်ရပေမယ့် ကျွန်တော့်ရင်ဟာ ဗလောင်ဆူမြဲ ဆူလာပြန်တယ်။

"ကိုကြီးကတော့ ခပ်အေးအေးပဲ၊ နွေနဲ့ ငယ်တုန်းကတည်းက အရွယ်ကွာတော့ ငါ့လောက် မရင်းဘူး၊ အဖေရှိတုန်းကလိုပဲ၊ ဆူပူတာ၊ စွက်ဖက်တာတွေလည်း မလုပ်ဘူး၊ ချစ်လည်း မပြဘူး၊ ခပ်အေးအေးပဲ၊ ငါသာ မနေနိုင်တာ မြတ်မော်ရ၊ အမေ ဆူလည်း နည်းနည်းဖြစ်ဖြစ် ဝင်ပါ၊ အဘွား ဆိုလည်း ဝင်ပါ၊ ငါ့ကို ပြောကြတယ်၊ နွေ့ရှေ့နေတဲ့၊ နွေ ရည်းစားထားတော့ ကိုင်း...ငါတို့ မပြောဘူးလား၊ ဘယ့်နှယ်ရှိစပေါ့"

"ကျွန်တော့်ကိုတောင် ဟိုနေ့က မေးနေသေးတယ်၊ ကောင်မလေး ရည်းစားတွေ ဘာတွေများ ဘော်ကြိုမှာ ရှိနေသလားတဲ့"

ကိုလေးက မျက်ခုံးပင့်လို့ ဆတ်ခနဲ လှည့်ကြည့်လာတယ်။

"အဘွားကလား"

"ဟုတ်တယ်"

"အံ့ဩပ၊ ဘာလို့များ မေးရတယ် မသိဘူး"

"သီပေါ သိပ်မလာချင်ဘဲ ဘော်ကြိုမှာပဲ ပျော်နေလို့တဲ့၊ ဘော်ကြိုမှာ ကောင်လေး တစ်ယောက်ယောက် ရှိရင် ရှိနေမှာတဲ့၊ မင်းများ သိမလားလို့တဲ့"

တောလမ်းကလေးမှာ ကလေးသုံးယောက် တွန်းထိုး ရယ်မောရင်း အပြေးတစ်ပိုင်း လျှောက်သွားကြတယ်။ သူတို့ ရယ်သံလေးတွေကို မမီမကမ်း ဖမ်းဆုပ်ရင်း ဘော်ကြို စရောက်စ အချိန်တွေကို ကျွန်တော် ပြန်လွမ်းသွားတယ်။ စိုင်းနောင့်နဲ့ ဖိုးခွားကိုလည်း ခုတွေ့ချင်ရင် ပြေးတွေ့နိုင်ရက်သားနဲ့ ကျွန်တော် လွမ်းသွားတယ်။

အမှန်တော့ တစ်စုံတစ်ယောက်ကို လွမ်းဆွတ်ဖို့ဆိုတာ ဝေးနေမှမဟုတ်ဘူး။ အနီးမှာ ရှိရက်နဲ့လည်း အလွမ်းဟာ သူ့အလိုလို ဖြစ်တည်လာနိုင်တာ မဟုတ်လား။

"မေးရက်တယ်ကွာ၊ သူ့ခမျာ သူ့ကိုယ်သူ အလုပ်တွေ စွတ်ခိုင်းပြီး အားချိန်၊ စိတ်လေချိန် မရှိအောင် နေနေရှာတာ မသိကြဘူးလား၊ နောက်တစ်ယောက်ကို ဘယ်နည်းနဲ့များ ချစ်နိုင် ကြိုက်နိုင်ဦးမှာလဲကွာ"

ကိုလေးမျက်လုံးတွေဟာ ရီလို့ လဲ့လို့။ သက်ပြင်းချသံဟာ စိန်ပန်းပင်ပေါ်က ငှက်ကလေးရဲ့ အဖော်ကွဲတေးသံကြား မှုန်ဝါးဝါးလေး ပျောက်သွားရှာတယ်။

"နွေ့စိတ်ထဲမှာ နောက်တစ်ယောက်ကို အစားထိုးဖို့ဆိုတာ အချိန်အတိုင်းအတာတစ်ခု အထိ ကြာဦးမှာ သိလား မြတ်မော်၊ အစားထိုးတယ်ဆိုတဲ့ စကားကိုတောင် မသုံးသင့်ဘူး၊ သူ့အလိုလို မေတ္တာထားလာဖို့ပေါ့၊ အဲဒီလို မေတ္တာထားနိုင် သွားရင်တောင် သူ့လို အစွဲအလမ်းကြီးတဲ့ မိန်းကလေးဟာ သူ့ချစ်ဦးသူ၊ အင်း...သူ့ချစ်ဦးသူ ဆိုတာလည်း ရှင်ကွဲတောင် မဟုတ်ဘဲ သေကွဲကွဲခဲ့တဲ့သူမို့လို့ တစ်သက်လုံး သီးသန့်နေရာပေးပြီး ထားသွားမှာပဲ၊ ဒါကို လူကြီးတွေ မရိပ်မိပေမဲ့ ငါ ရိပ်မိတယ်"

ကျွန်တော်လည်း ရိပ်မိပါတယ်။

ဒီစကားကိုတော့ တောင်တန်းပြာရိပ်တွေကို လှမ်းမျှော်ငေးရင်း စိတ်ထဲကပဲ ကျွန်တော် ဆိုမိခဲ့ပါတယ်။

* * *

နောက်သုံးနှစ်လောက် ကြာတဲ့အခါ မမနွေ့ဆီ ပုံမှန် ရေးရိုးရေးစဉ် မဟုတ်တဲ့ စာလေးတစ်စောင် ရေးဖို့ အားယူနေတဲ့အချိန်၊ တစ်စောင်ရေးလိုက် စိတ်တိုင်းမကျလို့ ဆုတ်ဖြဲလိုက် လုပ်နေမိတဲ့အချိန် တစ်ခါတုန်းက ကိုလေး ပြောခဲ့ဖူးတဲ့ စကားကို ကျွန်တော် ပြန်ကြားယောင်မိသေးတယ်။ မမနွေ့ရဲ့ နှလုံးသားမှာ နောက်တစ်ယောက်အတွက် နေရာ မရှိသေးဘူးလို့ အဓိပ္ပာယ်ရတဲ့ ဒီစကားလုံးတွေဟာ စာရွက်ဖြူလေးပေါ် အရောင် မစွန်းထင်းစေဖို့ ကျွန်တော့်ကို ဖိနှိပ်ထားကြသလိုပဲ။

“ပြောလိုက်ပါတော့၊ စောင့်ခဲ့ရတာ ဘယ်လောက်ကြာပြီလဲ” လို့ အသိစိတ်က တွန်းပို့တယ်။ “မပြောနဲ့၊ နဂိုနေတာကမှ ကောင်းသေးတယ်၊ ပြောလိုက်မှ မုန်းသွားရင် ဘယ့်နှယ် လုပ်မလဲ၊ အဲဒီတော့မှ တကယ်အသည်းကွဲမှာ” လို့ မသိစိတ်က ဟန့်တားတယ်။ စိတ်နှစ်ခုကြားမှာ ကျွန်တော်ဟာ ကယောင်ကတမ်းရယ်။

ဘာစာမှ ထပ်မရေးဘဲ တစ်ပတ်လောက် နေမိသေးတယ်။ အဲဒီကြားထဲတော့ ပြောချင်ရက်နဲ့ နှစ်ကာလရှည် သိမ်းခဲ့ရတဲ့ စကားလုံးတွေဟာ ဗုံသံ ဆိုင်းသံ တညံညံနဲ့ ကျွန်တော့်ရင်ထဲ ဆူညံဖိစီးလှပြီ။ ခြံထဲက သရက်ပင်ရိပ်မှာ သွားထိုင်မိရင် ငှက်ကလေးတွေ အော်သံကအစ မမနွေ့ ခေါ်သံလို ကြားမိတယ်။ လေပြည်တိုးရင် မမနွေ့များ လက်ကလေးနဲ့ ပခုံး လာတို့သလား ထင်မိတယ်။ ကြယ်ပွင့်ကလေးတွေကို မော့ကြည့်ရင် မမနွေ့ကို မြင်မိတယ်။

“အမေ့ကို လွမ်းရင် ညညကျ ကြယ်ကလေးတွေကို မော့ကြည့်တာပဲ၊ အဲဒီကြယ်လေးတွေ နားမှာ အမေ ရှိတယ်လို့ပဲ မမ အမြဲတွေးတယ်၊ ကြယ်ပွင့် ကလေးတွေကို မြင်နေရရင် စိတ်ချမ်းသာနေရော” လို့ မမနွေ့ ပြောခဲ့ဖူးတယ်။ အစ်ကို မရှိတဲ့ နောက်မှာရော ကြယ်ပွင့်ကလေးတွေကို ငေးတဲ့အခါ အဲဒီ ကြယ်ပွင့်လေးတွေနား အစ်ကို့ကိုပါ မမနွေ့ တွေ့ခဲ့သလား။ ကျွန်တော်ဟာ မမနွေ့အတွက် အရံကြယ်ကလေးတောင် မဖြစ်ခဲ့ဘူးလား။

အစ်ကို မရှိတော့တာ သုံး၊ လေးနှစ် ကြာသွားလည်း ဘဘဦးကျော်စိန် စာတိုက်က ပြန်လာချိန်နဲ့ တိုက်ဆိုင် ကြုံကြိုက်တိုင်း “သမီးအတွက် စာပါသလား” လို့ မေးတတ်၊ စာပါလာလို့ ပေးလိုက်ပြန်ရင်လည်း

စာအိတ်ပေါ်က လက်ရေးကို ချက်ချင်းလို ကြည့်တတ်တယ်ဆိုတဲ့ မမနွေ့ဟာ ပြောင်းခဲ့ပြီးတဲ့ သုံးနှစ်အတွင်း တစ်လကို စာတစ်စောင်လောက် မဖြစ်မနေ လှမ်းထည့်တတ်တဲ့ ကျွန်တော့်စာတွေကိုရော မျှော်တတ်သလား။ ကျွန်တော် တစ်ခါမှတော့ မမေးမိပါဘူး။

ဒါပေမဲ့ မမနွေ့ဆီက ရောက်လာတတ်တဲ့ စာလေးတွေထဲမှာတော့ ကျွန်တော့်စာတွေကြောင့် စိတ်အနှောင့်အယှက် ဖြစ်ဟန်ကို ရှာမတွေ့ခဲ့ဖူးဘူး။ ကျွန်တော့်ကိုရော မေမေ့ကိုပါ အောက်မေ့ဟန်ကိုပဲ ဖမ်းဆုပ်မိခဲ့တယ်။ "ဆရာမ အိမ်ရှေ့က ဖြတ်ရင် တအားသတိရတာပဲ မြတ်မော်ရယ်" လို့ ရေးတတ်တယ်။ "ဘွားကြင် ဆုံးတဲ့နေ့တုန်းက အားငယ်လိုက်တာ၊ အနားမှာ ဆရာမတို့၊ မြတ်မော်တို့သာ ရှိရင် ဘယ်လောက်များ ကောင်းလိမ့်မလဲ" လို့ တတတ်တယ်။ "ဘွားကြင် မရှိလည်း အိမ်ကလေးမှာ တစ်ယောက်တည်း နေရပါတယ်၊ ဒါပေမဲ့ မယ်မယ်တို့က ပေးမနေကြဘူးလေ၊ တစ်ပတ်ပြည့်အောင် နေရရင်ကို ပြန်ပြေးချင်တဲ့ သီပေါအိမ်မှာ ခုတော့ အပြီးလို နေနေရတယ်၊ ဘော်ကြိုကို သိပ်လွမ်းတာပဲ၊ ဘော်ကြိုဘူတာကို တစ်ခါတလေ ကိုလေး လိုက်ပို့တာ ဖြစ်ဖြစ်၊ ကိုယ့်ဘာသာ စက်ဘီးလေး နင်းပြီး တိတ်တိတ်လေး ထွက်သွားတာ ဖြစ်ဖြစ် သွားမိရင် မြတ်မော်ကို တော်တော် သတိရတယ်၊ မရှိတော့တဲ့ ဘရောင်းလေးကိုလည်း သတိရတယ်" လို့ လွမ်းစရာ ရေးပြတတ်တယ်။

မမနွေ့ဟာ အစ်ကိုတို့၊ ကိုလေးတို့ ပြီးရင် ကျွန်တော့်ကို သံယောဇဉ် အရှိဆုံးများလား တွေးရတဲ့အခါ နံပါတ်စဉ် တပ်ရင်တောင် (၁)နေရာလည်း မဟုတ် (၂)နေရာလည်း မဟုတ်ရတဲ့ ကိုယ့်အတွက်ကိုယ် စိတ်မကောင်းများ တောင် ဖြစ်ရပါရဲ့။ ဒါလည်း တကယ်တမ်းကျ ခဏပါပဲ။ သံယောဇဉ်ကို အရိပ်အငွေ့မျှ မြင်ရရုံနဲ့လည်း အဝေးကလူမှာ တစိမ့်စိမ့် ပျော်ခဲ့ပါတယ်။

ကျွန်တော်တို့သားအမိ ဘော်ကြိုမှာ ရှိခဲ့တဲ့ နောက်ဆုံး ဆောင်းရာသီတုန်းက နေကြာရိုင်းတွေ ခါတိုင်းနှစ်ထက်များ ဝင်းဝါနေတော့သလား မှတ်ရလောက်အောင် မြိုင်မြိုင်ဆိုင်ဆိုင် ပွင့်ဝေနေကြတာ ဝေးကြချိန်အထိ အာရုံမှာ တရေးရေး မြင်မိတယ်။

သူငယ်ချင်းတစ်တွေနဲ့ ကျောင်းသွားကြတဲ့ လမ်းတစ်လျှောက် နေကြာဝါဝါတွေ၊ အိမ်နောက်ဘက်က တောတန်းကလေးမှာ နေကြာဝါဝါတွေ၊ ဘူတာရုံလေးရဲ့ ဝန်းကျင်မှာ နေကြာဝါဝါတွေ၊ တောင်တန်းလျှာတွေပေါ်မှာ၊ ယာခင်း တွေမှာ နေကြာဝါဝါတွေ။ တစ်တောလုံး အဝါ၊ တစ်တောင်လုံး အဝါ။ ကျွန်တော့်အိပ်မက်မှာတောင် ခမ်းနားလှပမြဲ အဝါ။

အဲဒီနှစ်က ဘော်ကြိုမှာ နေကြာတွေ ဝါချင်တိုင်း ဝါ၊ ဖြာချင်တိုင်း

ဖြာနေတဲ့အချိန် မမနွေလည်း ရှိမြဲ ရှိနေတယ်။ ဘွားကြင်ရဲ့ ကျန်းမာရေးဟာ တစ်နေ့ရွှေ တစ်နေ့ငွေမို့ မမနွေ ဘော်ကြိုမှာ နေတာသာ ပိုကောင်းလိမ့်မယ်လို့ မယ်မယ်တို့က ဆုံးဖြတ်သတဲ့။ "သင်တန်းရှိတဲ့ နေ့ကျတော့မှ သီပေါကို လာပေ့ါ" လို့ ဆိုသတဲ့။

"မမကတော့ ပြန်လို့ရပြီ ဆိုတာနဲ့ အဝတ်တွေပါ သယ်ပြီး ပြန်ချလာတာပဲ" လို့ ဘွားကြင်အိမ်မှာ ကျွန်တော် သွားတွေ့တာနဲ့ မမနွေက တန်းပြောပြတယ်။ မျက်နှာပေါ်မှာ အပြုံးတစ်စနဲ့။ ဟက်ဟက်ပက်ပက် ရယ်တာ ပြုံတာ မတွေ့ရတတ်ပေမဲ့ မမနွေရဲ့ အပြုံးနုကိုတော့ ကျွန်တော် ပြန်မြင်လာရပြီ။ မျက်လုံးလေးတွေပါ တောက်လဲ့လာဖို့တော့ လောဘမကြီးသင့်ဘူး ထင်ပါရဲ့လို့ စိတ်လျှော့ထားရပါတယ်။

"မမနွေကို မယ်မယ်က ပြန်ခိုင်းတော့ တခြားလူတွေ ဘာမှ မပြောဘူးလား"

ကျွန်တော်တို့နှစ်ယောက် ထိုင်နေတဲ့ အိမ်ရှေ့ ဝရန်တာကနေ လှမ်းကြည့်ရင် ဘူတာလေးကို မြင်နေရတယ်။ စောစောကတင် ရထားကြီး လားရှိုးဘက် ဆန်သွားလိုက်ပြီ။ အသံသာ ကြားပေမယ့် ကျွန်တော်တို့ မရွေ့မိကြဘူး။ သစ်သားပွတ်လုံးတိုင်လေးကို တင်းတင်းဆုပ်ကိုင်လို့ လမ်းဘက် ငေးမြငေးရင်း မမနွေ ပြုံးတယ်။

"ပြောလို့သာရရင် မပြောဘဲ ဘယ်နေလိမ့်မလဲ မြတ်မော်ရဲ့၊ မမခမ်း အိမ်ထောင်ပြုသွားတော့ အိမ်မှာ မမတစ်ယောက်ပဲ ချက်တာပြုတ်တာ လျှော်ဖွပ်တာ ဝိုင်းကူမယ့်သူ ရှိတော့တာ မဟုတ်လား၊ အဘွားလေးနဲ့ ကြီးကြီးကတော့ သိပ်မကြည်ဘူးပေ့ါ၊ ဒါပေမဲ့ ဒီတစ်ခါက မမ မနေချင်လို့ ပြန်လွှတ်ရတာ မျိုးလည်း မဟုတ်ဘဲ မယ်မယ့်အမေ ကျန်းမာရေးဆိုတော့ ပြောလည်း မပြောသာ၊ ပြောရင်လည်း ဖေဖေပါ ပါလာမှာ နည်းနည်းလန့်တော့ မပြောကြဘူး၊ မျက်နှာတော့ မကောင်းဘူး"

"ကိုလေးရော ဘာပြောသေးလဲ"

"ကိုလေးလား၊ ကိုလေးကတော့ သွားပေ့ါ၊ သွားရမှာပေ့ါတဲ့၊ သင်တန်း လာပြရင်လည်း တန်းပြန်တဲ့၊ အမေ့ဆိုင်တွေ ဘာတွေ ဝင်ကူမနေနဲ့တော့၊ အိမ်အလုပ်လည်း ပြန်လုပ်မနေနဲ့တော့တဲ့၊ ဘွားကြင်ကိုပဲ ပြုစုတဲ့၊ မမနွေကို ကျောင်းမတက်ခင်၊ အလုပ်မဝင်ခင် နားစရာ ရှိတာလည်း နားထားဦးတဲ့၊ ကျောင်းပြီးလို့ အလုပ်လုပ်ရင် နားချိန်ဆိုတာ နည်းသွားရောတဲ့"

"မမနွေတို့ ကျောင်း ဘယ်တော့ စတက်ရမှာလဲ"

မမနွေက ကျွန်တော့်ဘက် ငဲ့ကြည့်တယ်။ အသက် ၁၈ နှစ်ပြည့်ခဲ့ပြီမို့လား မပြောတတ်ဘူး။ မမနွေရဲ့ အလှဟာ ပိုလို့ ပြည့်စုံလာတယ်။ မျက်နှာ ဝင်းပပမှာ နှာတံစင်းစင်း၊ မျက်လုံးတောက်တောက်၊ မျက်ခုံးကွေးကွေး၊ နှုတ်ခမ်းလေးကလည်း ခုခေတ် မိန်းကလေးများလို ခဲတံလိုင်းနဲ့ ပုံဖော်နေစရာ မလိုဘဲ ပုံကျလှပလို့။ အပျိုအရွယ်ပေမယ့် မျက်နှာကို အလှအပ မပြင်ဆင်တတ်တဲ့ သူ။ မှန်တင်ခုံပုလေးပေါ်က အာချီမိတ်ကပ်ဟာ မင်္ဂလာဆောင်တို့ဘာတို့ သွားမှ လိမ်းအပ်တဲ့ အလှပြင်ပစ္စည်းပမာ ရှိမြဲ။ ပါးကွက်ကျားကို နှစ်လိုမြဲ။ ခါးကျော်အောင် ရှည်လျားနေတဲ့ ဆံပင်တွေကိုတော့ ခေါင်းလျှော်ချိန်က လွဲလို့ စည်း တန်စည်း၊ ကျစ်တန်ကျစ် သပ်သပ်ရပ်ရပ် ထားမြဲ။

အဲဒီခဏမှာ ကျွန်တော့်မျက်လုံးအကြည့်ဟာ နည်းနည်းများ အရိပ်အယောင် စွက်ခဲ့မလား မပြောတတ်ဘူး။ မမနွေ ဖျတ်ခနဲ အကြည့်လွှဲတော့ ရင်က ထိတ်ခနဲ ခုန်တယ်။

အသံကြည်အေးအေးကို ကြားနေကျလို ကြားရတော့မှ ဆတ်ဆတ် ခုန်နေတဲ့ ပုစွန်လို စိတ်ကလေးက တန့်တော့တယ်။

"ကျောင်းက ဘယ်ကလာ တက်ရဦးမလဲ မြတ်မော်ရယ်၊ မမတို့ ရွာက အောင်တဲ့လူတွေတောင် မတက်ရသေးတဲ့ဟာ၊ ကျောင်းတွေ ပြန်မဖွင့်သေးဘူးတဲ့၊ ဒါနဲ့ပဲ အသက်တွေ ကြီးတော့မှာပဲ"

"မမနွေကလည်း အသက်က မကြီးသေးပါဘူး"

"အသက်က ရပ်နေတာမှ မဟုတ်တာ၊ ၁၈ ပြီးရင် ၁၉ လာမယ်၊ ပြီးရင် နှစ်ဆယ်လာမယ် မြတ်မော်ရဲ့"

"မမနွေက အသက်ကြီးပြီဆိုရင် ဘွားကြင်တို့ဆို ဘယ်လိုလုပ်မလဲ"

မမနွေဟာ ဘွားကြင် အိပ်နေတဲ့ အခန်းလေးဘက်ဆီ ငဲ့ကြည့်လိုက်တယ်။ ပြီးမှ-

"ဘွားကြင်လောက်တော့ အသက်မရှည်ချင်ပါဘူး မြတ်မော်ရယ်၊ မမမှာ ဆွေမရှိ မျိုးမရှိ၊ အဲဒီအချိန်လောက်ဆို မမအနားမှာ မယ်မယ်တို့ ဘွားကြင်တို့လည်း ရှိမှာ မဟုတ်တော့ဘူး၊ ပျင်းစရာကြီး၊ အသက်ရှည်ရတယ် ဆိုတာ ကိုယ်ချစ်တဲ့သူတွေ အနားမှာရှိမှ ပျော်မှာ၊ မဟုတ်ရင် ကိုယ်ချစ်တဲ့သူတွေ တစ်ယောက်ပြီးတစ်ယောက် ပျောက်သွားကြတာကို ထိုင်ကြည့်နေရမှတော့ ဘာလုပ်မှာလဲ"

နောက် သုံး၊ လေးရက်လောက် ကြာတဲ့အခါ မမနွေရဲ့ စာအုပ်စင်လေးကို မမနွေ အဝတ်လျှော်ဆင်းနေတုန်း မွှေမိတော့ ထွက်လာတဲ့ ဗလာစာအုပ်လေးထဲ အဲဒီအဓိပ္ပာယ်ဆန်ဆန် စာသားလေးတစ်ခုရယ်၊ နောက် ခံစားချက် အပိုင်းအစလေးတွေရယ်ကို ကျွန်တော် အမှတ်မထင် ဖတ်မိပါတယ်။

"အသက်ရှည်ရတယ်ဆိုတာ တစ်ခါတစ်ခါမှာ ကျိန်စာလိုပဲ၊ အိပ်မက်ဆိုးလိုပဲ၊ ကိုယ်ချစ်တဲ့သူတွေ တစ်ယောက်ပြီး တစ်ယောက် ဒီလောကထဲကနေ ထွက်သွားကြတာကို ထိုင်စောင့်ရတဲ့ ကျိန်စာပေါ့၊ လွမ်းပြီး နာပြီး ကျန်ရတဲ့ အိပ်မက်ဆိုးပေါ့။"

"တချို့သော ပျော်ရွှင်မှုတွေဟာ ပိုင်ဆိုင်ချိန် သိပ်တိုတောင်းတယ်၊ ဒါပေမဲ့ တစ်သက်လုံး သိမ်းထားဖို့ရာတော့ လုံလောက်ခဲ့ပါတယ်။"

ခိုးဖတ်မိသလို ဖြစ်ရတဲ့ စာလေးတွေအကြောင်း မမနွေကို ကျွန်တော် မမေးခဲ့ဘူး။ ဖတ်မိတဲ့နေ့မှာလည်း မမေး၊ နောက်ပိုင်း ဝေးသွားတော့လည်း မမေးဖြစ်ဘူး။

ဆောင်းနှောင်းနေ့ရက်တွေဟာ ကျွန်တော်တို့ဝန်းကျင်မှာ ဒုဋ္ဌဝတီ မြစ်ရေစီးဆင်းသလို တရွေ့ရွေ့ ကုန်လွန်လည်ပတ်မြဲပဲ။ ကျောင်းဖွင့်ရက်တွေဆို သူငယ်ချင်းတွေနဲ့ နောက်ရင်းပြောင်ရင်း၊ ဘီးအနင်းပြိုင်ရင်း ကျောင်းအသွား ခရီးနှင်ကြတယ်။ ဘယ်လို ပျော်ရမလဲဆိုတာပဲ စိတ်ကူးနေတတ်တဲ့ အရွယ်မဟုတ်လား။ ပူပန်ကြောင့်ကြမှုလည်း ခပ်နည်းနည်း။ တစ်ခါတလေ ကျွန်တော်တို့ သုံးကောင် ကျောင်းလစ်ပြီး ရုပ်ရှင် ခိုးကြည့်ကြတယ်။ မုန့်ဖိုးတွေစု၊ မုန့်ဝယ်ပြီး မြစ်ကမ်းနား သွားထိုင်ကြတယ်။

အဲဒီ တစ်ခါတလေကလည်း များများစားစားတော့ မဟုတ်လှဘူး။ ကျွန်တော်တို့ဟာ အချိန်တန်တော့ စာမေးပွဲအောင်၊ တစ်နှစ်တစ်တန်း တက်ရမယ်ဆိုတဲ့ ဘဝပေးအသိတော့ သူ့မှာရော ကိုယ့်မှာပါ ရှိကြတာပဲ။ အားလုံးဟာ သာမန်လက်လုပ် လက်စားမိဘတွေက ပေါက်ဖွားလာသူတွေ။ စိုင်းနောင့်ဆို မိဘက လယ်ထဲယာထဲကနေ ကျောင်းကို ပို့ခဲ့တာ။ ဖိုးခွားကတော့ အဖေ့လုပ်စာ မရှိတော့တာမို့ အမေတစ်ယောက်တည်း ရှန်းနေရတဲ့သူ။ ကျွန်တော်ကလည်း ဘာများ ထူးလို့လဲ။ ကျောင်းဆရာမအမေ တစ်ယောက်သာ အားကိုးအားထား ရှိတာ မဟုတ်လား။ လူလိမ္မာမလေး ရွှေယိမ်းကတော့ မိဘကို ကျွန်တော်တို့ထက် သိတတ်ရှာတယ်။ အတန်းထဲလည်း ကျွန်တော်တို့ထက် အဆင့်သာမြဲပဲ။

မေမေကတော့ ကျွန်တော့်ပညာရေးနဲ့ ပတ်သက်လို့ ဘယ်လိုဖြစ်ရမယ်၊

ဘယ်လို လိုင်းမျိုးမှ ဖြစ်မယ် တစ်ခါတောင် တွန်းအားမပေးဘူး။ အတန်းထဲမှာ အဆင့်တစ်ကနေ သုံးမဝင်လို့ တစ်ခါမှ မဆူပူဖူးဘူး။ ငယ်တုန်းရွယ်တုန်းက သိပ်မသိတတ်ခဲ့ပေမဲ့ နားလည်တတ်တဲ့ အရွယ်မှာတော့ မေမေဟာ ကျွန်တော့် ဘဝတစ်လျှောက် တွန်းအားပေးတဲ့ ဆုံးမနည်းမျိုးကို သိသိသာသာ ရှောင်ခဲ့တယ် ဆိုတာ သတိပြုမိလာတယ်။ ပြောချင်ဆိုချင်စရာလေး ရှိလာရင်တောင် ညင်ညင် သာသာပဲ လိုရာဆွဲလို့ ပြောယူတတ်ခဲ့တာ။

မေမေ့ဘဝမှာ ကျွန်တော့်အပေါ် ဒေါသစိတ်ဝင်ပုံ သိသိသာသာ ပြခဲ့တာ တစ်ကြိမ်ပဲ။ မှတ်မှတ်ရရ တစ်ကြိမ်ပဲ ရှိခဲ့တယ်။ အဲဒီ တစ်ကြိမ်ဟာလည်း မမနွေနဲ့ ပတ်သက်နေခဲ့ပြန်ပါရော။

အဲဒီနေ့ဟာ ညနေခင်း မတိုင်ခင်ထိတော့ ကျွန်တော်တို့အတွက် သမားရိုးကျနေ့ တစ်နေ့ပါပဲ။ စာမေးပွဲနီးလာပြီမို့ ရွှေယိင်းတို့အိမ်မှာ သုံးယောက်သား စုပြီး စာသွားကျက်ကြတယ်။ ရွှေယိင်းအမေ ပြင်ပေးတဲ့ နေ့လယ်စာ စားကြတယ်။ နေ့ခင်းကျတော့ ခဏနား၊ ပြီးတော့ စာပြန်ကျက်။ ညနေမှ ပြန်လာခဲ့ကြတယ်။

ဖြစ်ချင်တော့ အိမ်ပြန်ရောက်ပြီးခါမှ လေး၊ ငါးအိမ်လောက် ကျော်တဲ့ အိမ်ဆိုင်လေးကို တစ်ခါ လမ်းလျှောက် ပြန်ထွက်ပြီး မုန့်ဝယ်လိုက်သေးတာ။ မုန့်ဝယ်ပြီး အပြန်ကျတော့ ရွာထဲကပဲ ကျွန်တော်နဲ့ အသက်ချင်းမတိမ်း တယိမ်း ကောင်လေးနှစ်ယောက်နဲ့ ဆုံရော။ သူတို့က စက်ဘီးတွေနဲ့။ ကျွန်တော့်ကို တွေ့တော့ စက်ဘီးကို ဘေးချ ရပ်လိုက်ကြတယ်။

"ဟေ့…မြတ်မော် အတော်ပဲ" တဲ့၊ တစ်ယောက်က…။

ဘာလဲ ဆိုတဲ့သဘောနဲ့ မေးဆတ်ပြရင်း ကျွန်တော် တန့်လိုက်တယ်။

"ငါ့အတွက် စာရေးပေးစမ်းပါကွ"

"ဘာစာလဲဟ"

"ဟာ ရည်းစားစာပေါ့ကွာ၊ မင်း ရည်းစားစာ ရေးပေးတာ အားကြီး တော်တယ်ဆို"

ကျွန်တော် ခေါင်းမညိတ်၊ ခေါင်းမခါ စူးစိုက်နေမိတယ်။ ဘာလို့ဆို ဒီကောင့်မျက်နှာဟာ စာရေးခိုင်းချင်တာထက် နည်းနည်းတော့ ပိုနေသလိုပဲ။ မလုံသလိုလို၊ ပြောလိုက်ရတာပဲ အခက်တွေ့နေသလိုလို အမူအရာကိုး။

ဘာပဲဖြစ်ဖြစ် မေးစရာရှိတာတော့ ဆုံးအောင် မေးမြန်းဖို့ ကျွန်တော်

ဆုံးဖြတ်ချက် ချလိုက်တယ်။

“အေး...စိတ်ပါရင်တော့ ရေးပေးပါတယ်၊ နေဦး...ဘယ်သူ့ကို ပေးဖို့လဲ”

ဒီကောင် ခဏ ဆိုင်းနေတယ်။ ပြီးမှ-

“မနွေအိမ်”

“ဘာ” ဆိုတဲ့ ကျွန်တော့်အသံဟာ ကိုယ့်ဘာသာ ကိုယ်တောင် ပြန်လန့်ရတဲ့အထိ ကျယ်တယ်။ ကုက္ကိုပင်ကြီးပေါ်က ကျီးတစ်သိုက် ပြိုသွားသလို ထင်မိတယ်။ လမ်းဘေး ခွေးတစ်ကောင် အိပ်နေရာက ခေါင်းထောင်ကြည့်တယ်။

ကျွန်တော် ခြေတစ်လှမ်း ရှေ့တိုးလိုက်တယ်။

“ပြန်ပြောစမ်း”

သူ့မျက်နှာက နည်းနည်း ထိတ်သွားသလို ရှိတယ်။ ဒါပေမဲ့ ဘေးမှာ အတူပါလာတဲ့ အဖော်အားကိုး ထင်ပါရဲ့။ စကားဆက်ပြန်တယ်။

“မနွေအိမ်ကို ပေးချင်တာကွ၊ မင်းနဲ့လည်း ဘာမှမဟုတ်ဘူးလို့ ပြောကြတော့ သူများတွေ ဦး...ဦးသွားမှာ စိုးလို့၊ အဲဒါ...အဲဒါ မင်း ရေးပေးမယ် မဟုတ်လား”

“ဘာလို့ ရေးပေးရမှာလဲကွ၊ မင်း ဘယ်သူ့ကိုမှလည်း ရေးခိုင်းစရာ မလိုဘူး၊ ပေးလည်း ပေးမနေနဲ့”

“ငါ့ဘာသာ ပေးတော့ရော မင်းအပူလားကွာ၊ မင်းရည်းစားမို့လို့လား၊ မင်းနဲ့လည်း ဘာဆိုင်လို့လဲ၊ ကဲ”

ကျွန်တော့်စိတ်ဟာ ဂစ်တာကြိုးတစ်ချောင်း ထောင်းခနဲ ပြတ်ပုံနဲ့လည်း ဆင်လိမ့်မယ်။ မြစ်ရေပြင် တငြိမ့်ငြိမ့်ထဲ ခဲကြီးကြီးတစ်လုံး ဝုန်းခနဲ ပစ်ချခံရပုံနဲ့လည်း ဆင်လိမ့်မယ်။ ကျွန်တော် မထိန်းလိုက်နိုင်ဘူး။ ထောင်းခနဲ ထလာတဲ့ ဒေါသကိုရော၊ ဗြုန်းခနဲ နီးကပ်အောင် တိုးလိုက်မိတဲ့ခြေလှမ်း၊ အားနဲ့ ဝှေ့လိုက်တဲ့ လက်သီးကိုရော မထိန်းလိုက်နိုင်ဘူး။

ကျွန်တော် သတိထားမိတဲ့ အချိန်မှာ ဒီကောင်ဟာ စက်ဘီးရော၊ လူရော အလဲလဲအပြိုပြို။ နောက်တစ်ချက်တော့ ကျွန်တော် ဆင့်မထိုးပါဘူး။ ကိုယ့်ကို ပြန်မထိုးဘဲ လဲပြိုနေတဲ့သူကို ဆင့်ထိုးရလောက်အောင်တော့ ကျွန်တော်

သွေးမဆူဘူး။ ဒါပေမဲ့ သူသာ ခံချလာမယ် ဆိုရင်တော့ သူသေ ကိုယ်သေ ပြန်ထိုးမယ် ဆိုတဲ့စိတ်နဲ့ လက်သီးဆုပ်ကို မဖြေဘူး။ စူးလို့စိုက်လို့ ကြည့်နေမိတယ်။ အသက်ရှူနှုန်းကတော့ မြန်တုန်း။ ရင်ဘတ်ဟာ စက်လှေများ မောင်းသလို တထုံးထုံးနဲ့။

တကယ်တမ်းကျ ဒီကောင်ရော သူ့သူငယ်ချင်းပါ ပြန်မချဘူး။ ဘာပြန်လုပ်လိုက်ရမလဲ တွေဝေနေသလား၊ သူတို့ လွန်သွားတယ် တွေးမိလို့ ဆက်မလုပ်တာလား မပြောတတ်ဘူး။ လူတွေ သတိပြုမိပြီး လှမ်းကြည့်နေတာကြောင့်လည်း ဖြစ်ရင် ဖြစ်လိမ့်မယ်။

ကျွန်တော် နောက်ခြေတစ်လှမ်း ဆုတ်တယ်။ ဒီကောင့်မျက်နှာကို စိုက်ကြည့်ရင်း အေးတိအေးစက်လေသံနဲ့ပဲ ဆိုမိတယ်။ ကျွန်တော်မဟုတ်တဲ့ ကိုယ်ပွား နောက်တစ်ယောက်က ဆိုလိုက်သလို။

“မမနွေ့ သူ့ဘာသာ အေးအေးဆေးဆေး နေပေ့စေ၊ သွား ဒုက္ခမပေးနဲ့၊ ဒုက္ခပေးလို့ကတော့ မင်း ငါ့အကြောင်း ကောင်းကောင်း သိမယ်မှတ်”

အဲဒီနေ့က ကျွန်တော် အိမ်ရောက်ပြီး သိပ်မကြာခင်ပဲ သတင်းက အိမ်ရောက်လာတော့တယ်။ ဘယ်သူ လာလို့ ဖြန့်ချိသွားတယ် ကျွန်တော် မသိလိုက်ရဘူး။ “မြတ်မော်” ဆိုတဲ့ မေမေ့အသံ စူးခနဲ ကြားရတော့မှ အခြေအနေ မကောင်းဘူးဆိုတာ ဖြုန်းခနဲ သိလိုက်ရတယ်။ မီးဖိုခန်းထဲက ထွက်လာတော့ အိမ်ရှေ့ခန်းမှာ မျက်နှာအပျက်ကြီး ပျက်နေတဲ့ မေမေရယ်။

ကျွန်တော် ကိုးနှစ်၊ ဆယ်နှစ်သား အရွယ်လောက်တုန်းက အတန်းထဲက ကောင်လေးတစ်ယောက်နဲ့ ကစားရင်း ရန်ဖြစ်ကြ၊ ထိုးကြကြိတ်ကြတုန်းကလို၊ လွန်ခဲ့တဲ့တစ်နှစ် နွေရာသီတုန်းက ကြီးကြီးကို ပြန်ခံပြောမိတုန်းကလို မေမေ့မျက်နှာဟာ နာကျင်နီရဲလို့။ အသက်ရှူရ ခက်နေသလို အားယူလို့ ရှိုက်နေတယ်။ လက်တွေကိုလည်း တင်းတင်းဆုပ်လို့။

ပြီးတော့၊ ပြီးတော့ မေမေ့မျက်လုံးတွေဟာ အတော်ပဲ စိမ်းလှပါရဲ့။

“မင်း...မင်း ရန်ဖြစ်လာတယ်ဆို ဟင်...ဟိုဘက်က ဘာမှ မလုပ်ဘဲနဲ့ မင်းကပဲ ထိုးလာခဲ့တယ်ဆို”

ကြည့်စမ်း၊ စကား...စကား၊ ကားလိုက်ပုံများ ကျွန်တော်တို့ကြား ဘာတွေ ဘယ်လို ပြောဆိုရာက စတယ်ဆိုတာ မသိပါဘဲ သတင်းတောင် တလွဲဖြန့်လိုက်သေး။ ဒါပေမဲ့ ပြဿနာက မေမေ့ကို ဘယ်လို ရှင်းပြရမလဲ ဆိုတာပဲ။ အမှန်အတိုင်း ပြောမိရင် ရည်းစားစာတွေ ရေးပေးခဲ့ဖူးတယ် ဆိုတာ

ပေါ်လာမယ်။ မမနွေနာမည် ထည့်ပြောရမှာလည်း အားနာစရာ ဖြစ်မယ်။

ကျွန်တော် နှုတ်ခမ်းတင်းတင်းစေ့လို့ မေမေ့ကို မျက်လုံးချင်း ဆုံကြည့်နေမိတယ်။

"ဟင်…မြတ်မော် ပြောစမ်း၊ ဒီရွာမှာ နေလာတာ ဘယ်လောက် ကြာပြီလဲ၊ ငါ ဘယ်သူနဲ့များ မသင့်မတင့် ဖြစ်တာ ကြားဖူးသလဲ၊ ငါ ပတ်ဝန်းကျင်နဲ့၊ ရွာနဲ့ အဆင်ပြေအောင်နေတယ်၊ မကြာခင်လည်း ပြောင်းရတော့မယ်၊ အဲဒီအချိန်ကျမှ နင်က ဒီလို ထဖောက်တော့ ပြောစရာ မဖြစ်ဘူးလား၊ လူ ပြောင်းသွားတောင် နာမည်ဆိုး မကျန်ခဲ့ဘူးလား ပြောစမ်းပါဦးဟဲ့"

ရန်ဖြစ်တုန်းက ထိတ်လန့်စိတ် မဖြစ်မိဘဲ မေမေ့ဒေါသသံကို ကျွန်တော် လန့်လာတယ်။ လန့်တာရဲ့နောက်မှာ စိတ်မကောင်းတာက တွဲပါလာတယ်။ မေမေ ငါ့ကြောင့် စိတ်မကောင်း ဖြစ်ရပြီလို့ တွေးတယ်။ ဒါပေမဲ့ ဒီကိစ္စမှာ ကျွန်တော့်အပြစ်ပါတယ်လို့ ခုထိ မမြင်ဘူး။ ဟိုကောင့်ကိုပဲ လက်သီးစာ ထပ်ကျွေးချင်စိတ် ပေါ်လာတယ်။

"ဒီကောင် ကျွန်တော့်ကို မဟုတ်တာ လာပြောတာကိုး မေမေ"

"ဘာပြောလို့များ စထိုးရတာလဲ မြတ်မော်ရဲ့ ဟင်"

ကျွန်တော် မဖြေပါဘူး။ မေမေ့ကို ခဏ မျက်လုံးချင်း ဆိုင်ကြည့်နေမိပြီးမှ မျက်နှာလွှဲတယ်။

"ကျွန်တော် အတိအကျ မပြောချင်ဘူး မေမေ၊ မဟုတ်တာ တစ်ခုခု ပြောတာလို့ပဲ မေမေ သိထားပါ"

မေမေ ထပ်မေးပေမယ့် ကျွန်တော် မဖြေဘူး။ ဒေါသသံကို မတုန်မလှုပ် နာခံတယ်။ ဆူပူသံကို မသိသလိုနေတယ်။ ဘယ်ဘက်နားက ဝင်သမျှ ညာဘက်နားက ထွက်နည်းနဲ့ မတ်မတ်ရပ်နေခဲ့တယ်။ ကျွန်တော့်နှုတ်က မမနွေ စိတ်အနှောင့်အယှက် ဖြစ်စေမယ့်စကား ယောင်လို့မှ မထွက်စေရ။

မေမေ့ရှေ့မှာ တင်းခံနိုင်ခဲ့တဲ့ ကျွန်တော့်မှာ မမနွေရှေ့ ရောက်တော့မှ ဒုက္ခရောက်ရတော့တာပဲ။ မမနွေက အဖြစ်အပျက်ကို သိနေပြီကိုး။ ဟိုကောင့် သူငယ်ချင်းရဲ့ အစ်မဟာ မမနွေနဲ့ ရင်းနှီးတော့ တကယ့်အဖြစ်က မမနွေနား အထိ ရောက်လာတော့တာကိုး။

"ဘယ်လို ဖြစ်ရသလဲ မြတ်မော်ရယ်၊ ဒီလောက်အထိ ဖြစ်စရာ

လိုလို့လား၊ အေးအေးဆေးဆေး ပြောပြီး ထွက်လာတော့ရော မပြီးဘူးလား”

“ဒီကောင်က မိုက်ရိုင်းတာကိုး”

မြစ်ကမ်းထိပ်က သစ်မြစ်ပေါ်မှာ ကျွန်တော် ထိုင်နေတယ်။ မမနွေကတော့ ကျွန်တော့်မျက်နှာချင်းဆိုင်မှာ မတ်မတ်ရပ်လို့ လက်ကလေး ပိုက်လို့။ မျက်နှာမှာတော့ ဒေါသရယ်လို့ မရှိပါဘူး။ ဒီအစား စိတ်မကောင်းတဲ့ အရိပ် ကလေးတွေပဲ ကျွန်တော် တွေ့နေရတယ်။

“ဘာများ မိုက်ရိုင်းသလဲ ပြောပါဦး”

အဲဒါမှ ဒုက္ခ။ ဒီကောင် ပြောခဲ့တဲ့စကားလုံး အတိအကျ ကျွန်တော် ဘယ်လိုလုပ် ပြောထွက်ပါ့မလဲ။ ပြောခါမှ ကျွန်တော့်ကိုယ် ကျွန်တော် ဘွင်းဘွင်းကြီး ဖွင့်ချလိုက်သလို ဖြစ်သွားရင် ဘယ့်နှယ် လုပ်ရပ့်။

“ယောက်ျားလေးတွေ ကိစ္စပါ မမနွေရာ ထားလိုက်ပါတော့”

“မြတ်မော်ရယ်၊ ပေးချင်ရင်လည်း လာပေးပေ့စေပေ့၊ မမနွေ ကိုယ့် ဘာသာ ရှင်းလိုက်မှာပဲ”

“မမနွေ စိတ်ညစ်အောင် ဘယ်သူမှ လာမလုပ်စေချင်လို့ အပြတ်ရှင်းခဲ့တာ၊ ဘာ လာပေးပေ့စေလဲ မမနွေကလည်း”

မကြည်မသာ ကျွန်တော့်မျက်နှာကို ကြည့်ပြီး မမနွေ ပြုံးတယ်။

“အဲဒီသဘော ပြောတာမှ မဟုတ်တာ၊ မြတ်မော် ဒီလို ပြဿနာ ဖြစ်လာတော့ မကောင်းဘူးလေ၊ ဆရာမလည်း စိတ်မကောင်း ဖြစ်ရတယ်၊ မမနွေလည်း စိတ်မကောင်း ဖြစ်ရတယ်၊ အဲဒါကြောင့် ပြောနေတာ”

“မမနွေလည်း စိတ်မကောင်း ဖြစ်ရတယ်” ဆိုတဲ့စကားဟာ ကျွန်တော့် မကြည်စိတ်ကို ရုတ်ခြည်းပဲ ပြောင်းလဲစေတယ်။ ကျွန်တော် ငြိမ်ကျသွားတယ်။ အောက်ဘက်မှာ မြင်နေရတဲ့ မြစ်ပြင်ကို ငေးပြီး ခဏငြိမ်မိတယ်။ မမနွေလည်း တစ်ခုခု တွေးနေသလို ခဏ ဆိတ်သွားပါရော။

လေပြည်ညင်းလေး၊ မြစ်ပြင်၊ သစ်ရွက်ကြွေတွေ။

“မြတ်မော်”

“ဗျာ” လို့ ကျွန်တော် ထူးလိုက်တယ်။ ဆတ်ခနဲ လှည့်ကြည့်မိတယ်။

"ဆရာမက ပြောင်းတော့မှာဆို"

"မေမေ ပြောတာလား"

"ဟုတ်ပ၊ ဟိုတစ်နေ့က ပြောပြတာ အပြောင်းအရွှေ့ လျှောက်ထားတယ်တဲ့"

"ဟုတ်တယ် မမနွေ"

"မြတ်မော် မမကို ဘာလို့ မပြောတာလဲ"

"ကျွန်တော် ဘယ်သူ့ကိုမှ မပြောရသေးဘူး မမနွေ၊ ဘယ်လိုပြောရမှန်း မသိတာနဲ့"

မမနွေက မျက်နှာချင်းဆိုင် နေရာကနေ ဘေးတိုက်လှည့်တယ်။ မြစ်ပြင်ကို ငေးတယ်။ ဆံပင်တွေ ဖြန့်ချထားတာမို့ လေအဝှေ့မှာ တလွင့်လွင့်ဝဲလို့။ မမနွေ ဘာတွေများ တွေးနေပါသလဲ။ ချစ်ခင်သူတွေဟာ နောက်ဆုံးတော့ တစ်နည်းနည်းသော ခွဲခွာခြင်းနဲ့ ကွဲကွာစမြဲလို့များ တွေးမိသလား။ ကျွန်တော် တွေးသလိုလေ။

"မမနွေ"

"ဟင်" လို့ လှည့်မကြည့်ပါဘဲ မမနွေ ထူးတယ်။

"ကျွန်တော် မရှိတော့ရင် သတိရနေမှာလား"

မမနွေဟာ မြစ်ပြင်ကို ငေးမြဲနဲ့ပဲ "သတိရနေမှာပေါ့" တဲ့။ အလွယ် ပြောတာပဲ ဖြစ်ဖြစ်၊ စိတ်ထဲက လှိုက်လှဲလို့ပဲ ဖြစ်ဖြစ် ကျွန်တော် တော်တော်ပဲ ကျေနပ်သွားပါတယ်။

"ကျွန်တော် စာရေးမှာနော်"

"အင်း"

"မမနွေလည်း စာပြန်ရေးရမယ်နော်"

"ရေးမှာပေါ့၊ မြတ်မော်ဆီက စာတစ်စောင် ရောက်တိုင်း မမနွေလည်း စာပြန်မယ်၊ ကတိပေးတယ်"

မမနွေဟာ သူ ကတိပေးထားသလိုပဲ ကျွန်တော် ရန်ကုန်

ရောက်ပြီးချိန်က စလို့ တစ်လ တစ်စောင် ရေးသမျှ စာတွေကို ပြန်ပါတယ်။ လူချင်း ဝေးပေမယ့် စာတွေကတစ်ဆင့် စိတ်ချင်းနီးစပ်နေမြဲပဲ။ ကျွန်တော့်မေတ္တာဟာ ငယ်စိတ်ကြောင့် မဟုတ်ဘဲ တစ်နှစ်ပြီး တစ်နှစ် ပြောင်းသွားချိန်မှာလည်း ရှင်သန်မြဲပဲ။

အခြေအနေဟူသမျှဟာ ဒီလိုသာ မြဲလိမ့်မယ်လို့ ကျွန်တော် ယုံကြည်ခဲ့ဖူးတယ်။ မြဲနေတဲ့ အခြေအနေလေး မယိမ်းယိုင်ချင်လို့ စိတ်ထဲရှိသမျှ၊ ခံစားရသမျှ ရေးချချင်တဲ့ စာလေးကိုတောင် ရေးပြီး မထည့်ဖြစ်ခဲ့တဲ့ ကျွန်တော့်မှာ တစ်နေ့ကျရင် "မမဆီ စာထပ်မရေးနဲ့တော့၊ မမ စာမပြန်တော့ဘူးနော်" ဆိုတဲ့ အစိမ်းရောင် စကားလုံးတွေ ပါဝင်တဲ့ စာတစ်စောင် ရောက်လာလိမ့်မယ်လို့ ဘယ်တုန်းကမှ မတွေးမိခဲ့ဘူး။

ဒါပေမဲ့လည်း ကံကြမ္မာဆိုတာဟာ မျှော်လင့်ထားတာတွေချည်းပဲ ထုပ်ပိုးပို့ဆောင်တတ်သူမှ မဟုတ်လေဘဲ။

အဆုံးသတ် စာတစ်စောင်ဟာ ကျွန်တော့်နှလုံးသားကို အလဲထိုးဖို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့တယ်။ ကျွန်တော့်မှာ မေးခွန်းမေးမြန်းခွင့် မရှိ၊ ဖြေရှင်းခွင့် မရှိ။ ဘာဆို ဘာမှ မရှိ။

မမနွေ ရေးခဲ့ဖူးတဲ့ စာသားလေးဟာ အဲဒီတုန်းက ကျွန်တော် ခံစားရသမျှနဲ့ ခပ်ဆင်ဆင် တူနေပြန်ပါတယ်။ ဘာတဲ့-

"တချို့သော ပျော်ရွှင်မှုတွေဟာ ပိုင်ဆိုင်ချိန် သိပ်တိုတောင်းတယ်၊ ဒါပေမဲ့ တစ်သက်လုံး သိမ်းထားဖို့ရာတော့ လုံလောက်ခဲ့ပါတယ်"

❁

"မေးတဲ့သူက မေးလိုက်တာ အေး...ဘယ်သွားကြမလဲတဲ့၊ ပြန်ဖြေတာက အေး...ငါတို့ ဒီဘက်မှာ ပတ္တမြားကောင်းလေး ရှိတယ်ကြားလို့ လာခဲ့တာတဲ့"

ပတ္တမြားကောင်းလေး။ စိတ်နှလုံး နွေးထွေးဖွယ် စကားအသုံးသည် စိုင်းနောင့်မိခင်၏ နှုတ်မှ စိမ့်စိမ့်အေးအေး စီးကျလာပေသည်။ ပတ္တမြားကောင်းလေး သို့မဟုတ် လှပသိမ်မွေ့သော အဖိုးတန်သတို့သမီးလောင်းလေး။ မိန်းကလေး တစ်ယောက်ကို ခိုင်းနှိုင်းလိုက်ပုံများ ကဗျာဆန် နူးညံ့လှသည်။ စင်စစ် ခိုင်းနှိုင်းပုံသာ မဟုတ်။ သူတို့ မြင်နေကြရသော မြင်ကွင်းကလည်း ကဗျာဆန်ဆန်။ အရင့်အရင် စာထဲ ဖတ်ခဲ့ဖူးသမျှ ခုတော့ ဖန်သားပြင်မှာ တိုက်ဆိုင်မြင်ခွင့် ကြုံသည့် မင်္ဂလာကဗျာ။

တစ်နည်းအားဖြင့်တော့ စိုင်းနောင့်၏ တောင်းရမ်းမင်္ဂလာ နေ့ရက်က မှတ်တမ်းရုပ်ရှင်ပုံရိပ်များ။

သတို့သားလောင်း စိုင်းနောင့်၊ ပြီးတော့ စိုင်းနောင့်ဘက်မှ လူကြီးမိဘများ၊ အပျိုခေါင်းဆောင်၊ လူပျိုခေါင်းဆောင်များသည် သစ်လွင်လှပသော ရိုးရာဝတ်စုံများနှင့် ပြင်ဆင်ဖြီးလိမ်းကာ သတို့သမီးလောင်း၏ ခြံဝိုင်းရှေ့တွင် ရပ်လျက်ရှိ၏။ တစ်ဖက်မှာတော့ သူကြုံဖူးခဲ့သည့် မင်္ဂလာကြိုးတားခြင်း ဆန်ဆန်ပင် အမျိုးသား၊ အမျိုးသမီးတစ်စုသည် ပြင်ပက လူအုပ်ကို ခြံဝိုင်းထဲ မဝင်နိုင်ရန် တားလျက် အမေးအဖြေပြုနေပုံ။ သူ မကျွမ်းဝင်သော ရှမ်းဘာသာစကားသည် နားလည်ခြင်း၊ နားမလည်ခြင်းဆိုသော အရံအတားကို ကျော်လွန်ကာ လှပသော သံစဉ်တစ်မျိုးဖြင့် စိုင်းနောင့်တို့ အိမ်ဧည့်ခန်းဝယ် လွင့်ပျံ့နေ၏။ သတို့သမီးလောင်းဘက်က မေးလိုက်၊ သတို့သားလောင်းဘက်က ဖြေလိုက်။ ချစ်စရာ။

"တောင်းတဲ့နေ့တုန်းက ပါပါတို့က မလိုက်ဘူး၊ အိမ်မှာပဲ နေခဲ့တာ၊ လူကြီးတွေနဲ့ပဲ သွားရတယ်၊ မင်္ဂလာပွဲကျတော့လည်း သတို့သမီးဘက်မှာ လုပ်ကြတာ များတယ်လေ၊ မနက် ရှစ်နာရီကနေ ဆယ်နာရီလောက်အထိ ကျွေးကြတာ၊ တချို့လည်း ပြီးပြီဆို ပြီးတာပဲ၊ တချို့ကျတော့ မဏ္ဍပ်တွေဘာတွေ သိမ်းပြီးလည်း မုန့်တွေလုပ်ပြီး ခေါ်ကျွေးသေးတာ၊ အခုက ပိုကုန်ကြတာပေါ့၊ အရင်က ဒီလောက် မကုန်ဘူးလေ၊ ပါပါနဲ့ လုံးတို့တုန်းက ဘယ်လောက် ကုန်သလဲဆိုတော့ နှစ်သောင်းကျော်လောက်ပေါ့"

"နှစ်သောင်းကျော်"

မြတ်မော်၏ ပဲ့တင်သံသည် ရယ်သံစွက်လျက်။

"ဟုတ်ပ၊ နှစ်သောင်းကျော်၊ အခုခေတ်တော့ တချို့လည်း သိန်းနှစ်ဆယ်ကျော် ကုန်တယ်၊ တချို့လည်း သိန်း သုံးဆယ်ကျော် ကုန်တယ်"

"မြို့မှာဆို ဘယ်ကမလဲ ပါပါ၊ ကျွန်တော်တောင် မိန်းမ မယူနိုင်သေးတာပဲ ကြည့်"

"ကွယ် မဟုတ်နိုင်တာ"

စိုင်းနောင့်မိခင်သည် စကားတစ်ခွန်း ပြောလိုက်လေတိုင်း နှုတ်ခမ်းသာမက မျက်လုံးကပါ လိုက်ပါပြုံးရယ်သလို ကြည်လင်ရွှင်ပျနေပေသည်။

"ဟော…သူတို့ ဘာထပ်ပြောသလဲ နားထောင်ဦး၊ အထဲက လူတွေက ပြောလိုက်တာ ပတ္တမြားကောင်းလေးက ရှိတော့ရှိတယ်၊ သွားရတာ လမ်းက ခက်တယ်တဲ့၊ လမ်းက အခက်အခဲရှိတယ်ပေါ့၊ ဘာကြောင့်လဲဆိုတော့ တစ်ဆင့်နဲ့ တစ်ဆင့် အတောင်းအရမ်းတွေ များတယ်တဲ့၊ ဒီဘက်က…ဒီဘက်က ပြန်မေးနေတာက ဘယ်လောက်ပေးမှ သွားရမှာလဲတဲ့၊ ရွှေ ဘယ်လောက်လဲ၊ ငွေ ဘယ်လောက်လဲတဲ့"

ရုပ်သံမြင်ကွင်းက ရယ်သံများကို ကျော်လွှန်အောင် စိုင်းနောင့်မိခင်က ဘာသာပြန်ဆဲ။ မိန်းကလေး၏ ခြံဝင်းထဲမှာတော့ မိန်းကလေးရှင်ဘက်က လူကြီးသူမများ၊ အပျိုခေါင်းဆောင်၊ လူပျိုခေါင်းဆောင်နှင့် သူငယ်ချင်းမိတ်ဆွေများသည် သည်တစ်ဖက်ခြမ်းက မင်္ဂလာအဖွဲ့လိုပင် လှပသက်ဝင်သော အပြုံးများကို ဆင်လျက်။ စကားပြောဆိုရာမှာတော့ ခေါင်းဆောင်တင်ထားပုံရသူက ဦးဆောင်တာ မြင်ရသည်။ စိုင်းနောင့်ဘက်ကလည်း သည်လိုပင် တစ်ဦးက ရှေ့မှနေ၍ ခပ်ပြုံးပြုံး ခပ်သာသာအသံနှင့် တုံ့ပြန်၏။

ပျဉ်ထောင်နှစ်ထပ်အိမ်သည် စိုင်းနောင့်တို့ခြံလို ပြေပြေလေး မြင့်တက်သွားသော ကမူအမြင့်ဆီမှာ ရှိလေသည်။ အပေါ်တွင် မြေပြင်ကို ပြန့်အညီဖြစ်အောင် ညှိကာ ဆောက်ထား၏။ အိမ်မှာ ရေနံချေးဝ၍ ညို့နေသည်။ ခြံထဲမှာ တော့ စိမ်းလန်းသော စားပင်သီးပင်များ။ တောင်တန်းရိပ်သည် အဝေးတွင် အဆင့်ဆင့်သာသော မြင်ကွင်းနှင့် အိမ်ကို နောက်ခံမြင်ကွင်း ပြုပေးထား၏။

ထိုအိမ်ထဲတွင်တော့ စိုင်းနောင့်၏ သတို့သမီးလောင်း ရှိလိမ့်မည်။

စိုင်းနောင့်သည် ခုပင် ခြံဝိုင်းထဲက အိမ်ဆီ မျှော်ငေးလျက် သတို့သမီးလောင်းကို စိတ်ကူးနှင့် ရင်ခုန်နေသည့်ပမာ နှုတ်ခမ်းစေ့ပိတ်ပြုံးလျက် ဖန်သား ပြင်ဆီတစ်လှည့်၊ သူတို့ထံတစ်လှည့် ကြည့်ကာနေသည်။ စကားမှု ဝင်မဆို။ စိုင်းနောင့်ဖခင်ကတော့ နံရံကို မှီကာ အခါများစွာ ကြည့်ခဲ့ပြီးပုံရသည့် မှတ်တမ်းရုပ်ရှင်ကို ခပ်ငြိမ်ငြိမ် ငေးလျက်။

ညနေဦး၏ နေခြည်ဖျော့သည် သူတို့ ထိုင်နေရာ ဖျာအစွန်းတွင် ထိုးကျစပြုပြီ။ ဖျာပေါ် ထောက်ထားသော မြတ်မော်၏ လက်ချောင်းများပေါ်တွင် နေရောင်မှာ အကွက်အကွက် ထလျက်။

"နည်းနည်းလောက် လျှော့ပါဦးဆိုတော့ မလျှော့နိုင်ဘူးတဲ့၊ ဒီလမ်းက ပန်းခင်းလမ်း၊ ရွှေခင်းလမ်း၊ ငွေခင်းလမ်းတဲ့၊ အေး…တော်သင့်သလောက်ပေါ့တဲ့

ဆစ်ကြတာပေ့ါ၊ တို့မှာ ဒီလောက် ဒီလောက်ပဲ ပါတယ်ပေ့ါ၊ ပိုက်ဆံကလည်း သိပ်မရှိဘူးပေ့ါ၊ တစ်ဖက်ကလည်း အေး…ဒါဆိုလည်း ဒီလောက်ပဲ ပေးလိုက်ပေ့ါ၊ ဒီဘက်ကို အဲဒီလို ပြောလိုက်ပြီးပြီဆိုတာနဲ့ ဒီဘက်က ပိုက်ဆံလေး၊ ချိုချဉ်လေးပေး၊ အဲဒီ ပိုက်ဆံလေး၊ ချိုချဉ်လေး ကလေးတွေကို ခွဲပေးပြီး ဝင်ခဲ့ပြီး ဟော…တွေ့လား အဲဒီလို ဝင်ခဲ့ပြီးတော့ အိမ်ပေါ်တက်မှာပေ့ါ”

ဖန်သားပြင်တွင် မြိန့်မြိန့်ကြည်ကြည် ပြုံးလျက်ရှိသော စိုင်းနောင့်၏ ရုပ်သွင်ကို ကြည့်လျက် မြတ်မော်က အသံထွက်အောင်ပင် ရယ်မောလိုက်သည်။

“ဘာရယ်တာလဲကွ”

“မင်းကလည်းကွာ၊ ဘာမှ မဟုတ်ပါဘူး၊ မင်းရုပ်က သတို့သမီး ချောချောလေး ငါ အပိုင်ရတော့မယ်ဟေ့ ဆိုတဲ့ရုပ် ဖြစ်နေလို့ ရယ်တာ”

“အောင်မာ”

“ဘာ အောင်မာလဲ မဟုတ်လို့လား၊ ခုတောင် မင်းက အဲဒီရုပ်ပဲ၊ မနက်ဖြန်မနက်တော့ ငါ့မင်္ဂလာဆောင်ဟေ့ဆိုတာ မင်းနဖူးမှာ စာတန်းတောင် ချိတ်ထားသလိုပဲ၊ အဝေးက ကြည့်ရင်တောင် မြင်ရင် မြင်နေရမှာ”

စိုင်းနောင့်မျက်နှာတွင် ကျေကျေနပ်နပ် ပြုံးလိုက်သော အပြုံးရိပ်မျိုး ဖျတ်ခနဲ ပေါ်လာပေသည်။ သတို့သားလောင်း အတွက်တော့ ယနေ့ညသည် ရင်ခုန်ကြည်နူးဖွယ်အတိ ဖြစ်လိမ့်မည်။ မနက်ဖြန်ဆိုလျှင် သတို့သမီးလောင်း လေး၏ နေအိမ်မှာ မင်္ဂလာဆွမ်းကပ်မည်။ ဧည့်သည်များကို ဧည့်ခံမည်။ ပြီးလျှင်တော့ ချွေးမတက်မည်မို့ သည်ဘက်အိမ်သို့ ကြိုလာပေမည်။ သတို့သမီးလေးကို သူငယ်ချင်းများက လိုက်ပို့ကြပါမတဲ့။ အိမ်အောက်ထပ်မှာတော့ စိုင်းနောင့်တို့ အတွက် အခန်းပြင်ဆင်ထားပြီးပြီ။

သူသည် စောစောလေးကတင် စိုင်းနောင့် ဖြည့်ပေးထားသော ရေနွေး တစ်ခွက်ကို ကောက်ယူကာ တစ်ကျိုက် ကျိုက်၏။ စိုင်းနောင့်မိခင်ထံက ဟော ဆိုသော အသံတစ်ချက် ကြားရလျှင် ရှမ်းစကားသံများ၊ ရယ်သံများ ညင်သာ ပျံ့လွင့်ရာဆီ အကြည့်ရွှေ့၏။ မြတ်မော်သည်လည်း သူငယ်ချင်းကို ဆက်၍ ဆက်၍ စနောက်လိုဟန် ရယ်မြူးရိပ်သန်းမြဲ မျက်လုံးများကို သိမ်းလျက် ဖန်သားပြင်သို့ အကြည့်ရောက်ပြန်လေ၏။

“လေ့ကားအတက်မှာ တချို့လည်း ဆက်ပြောကြတယ်၊ တချို့လည်း မပြောတော့ဘူး၊ စိုင်းနောင့်တို့တုန်းက မပြောတော့ဘူး၊ ဟိုအရှေ့မှာ ထိုင်နေတာက ကောင်မလေးမိဘရယ် လူကြီးတွေရယ်လေ၊ ဒီဘက်က

ပြည့်တောင်းလေးနဲ့ တောင်းတာပေါ့၊ ကောင်မလေးဘက်က မေးနေပြီ၊ ဘာလာလုပ်တာလဲတဲ့၊ ဒီဘက်ကလည်း ကျုပ်တို့သားနဲ့ သမီးနဲ့ မင်္ဂလာကိစ္စ အချိန်တန်တော့ လက်ခံဖို့ပေါ့၊ ပြောဆိုပြေလည်သွားတော့ တွေ့လား၊ မအေက ပြည့်တောင်းကို လက်ခံလိုက်တာ၊ ဆန်ကောထဲ ပြည့်တောင်းကို ထည့်လိုက်တာပဲ"

"ကောင်မလေးကော မတွေ့ပါလား"

အိမ်ရှေ့ခန်းရှိ ဝတ်ကောင်းစားလှဆင် လူများအကြားမှာ သတို့သမီးလောင်းကို ရှာမတွေ့၍ သူ့လိုပင် စဉ်းစားခန်း ဝင်နေပုံရသည့် မြတ်မော်ထံက အမေးစကား ထွက်ကျလာသည်။

"ငါ ဝှက်ထားတာ"

"အသာနေစမ်း၊ ငါ ပါပါကို မေးနေတာ"

စိုင်းနောင့်မိခင်က ရယ်ကာမောကာ စကားဆက်ပြန်သည်။

"အထဲမှာ အိမ်ထဲမှာလေ၊ အင်း...တွေ့လား ကောင်မလေးအမေက ပြည့်တောင်းကို လက်ခံပြီး အိမ်ထဲမှာ သွားထားတာ"

အထဲခန်းက မြင်ကွင်းမှာတော့ မိန်းမပျိုတို့သည် တောက်ပအသွေးစုံသော ရိုးရာဝတ်စုံနှင့် မိတ်ကပ်ပန်းမန်ဆင်ကာ သတို့သမီးလောင်းနှ င့်အတူ ထိုင်နေကြသည်။ ကင်မရာရှေ့တွင် အနေခက်ဟန် ရှက်ပြုံးများ။ သတို့သမီး လောင်းကတော့ ပြင်ပတွင် သူတို့ တစ်ကြိမ် တွေ့ဖူးပြီမို့၊ အားလုံးထဲမှာလည်း အထင်ပေါ်ဆုံး၊ အလှဆုံး မိန်းကလေးမို့ လူမှားဖွယ် မရှိပါပေ။

"မိဘက လက်ခံလို့ မပြီးသေးဘူး၊ အခု အပျိုရံဆီမှာ ဆက်တောင်းရတာပေါ့၊ စိုင်းနောင့်နဲ့ ပါလာတဲ့ အပျိုခေါင်းဆောင်နဲ့ လူပျိုခေါင်းဆောင်က အဲဒီလို တောင်းပေးလို့ ရတော့မှ အခန်းထဲ ဝင်ရတာ၊ အပျိုရံတွေက ရပြီဆိုရင် အခုလိုပဲ သတို့သမီးလက်ကို တွဲယူလိုက်တာပေါ့၊ အဲ ဟိုမှာ ကောင်မလေးရဲ့ အဖေနဲ့ အမေကို အခန်းထဲ ခေါ်လာပြီ၊ တင်တောင်းမယ့် ပိုက်ဆံရယ်၊ ပန်းကတော့ ပေါက်ပေါက်ဆုပ်ရယ် ကန်တော့တယ် တွေ့လား၊ ဟော...မိဘက စိုင်းနောင့်ညာလက်နဲ့ ကောင်မလေး ဘယ်လက်ကို ချည်ပေးလိုက်ပြီ၊ မိဘက မေတ္တာပို့နေပြီပေါ့"

"ဩော်" ဆိုသော ရေရွတ်သံမှာ မြတ်မော်နှင့် သူ့နှုတ်က တစ်ပြိုင်တည်း

တိုးထွက်လာလေသည်။

ဖန်သားပြင်မြင်ကွင်းမှာတော့ စိုင်းနောင့်နှင့် မိန်းကလေးတို့ အပြင်ထွက်လာပြီ။ ဧည့်ခန်းသို့ ထွက်လာကြပြီ။ စောစောက ရှိနှင့်နေကြသော ရပ်ရွာလူကြီး ဘိုးဘွားများကို တူညီညာ ကန်တော့လိုက်ကြသည်။ အဝါနုသွေးဆင် သော သတို့သမီးလောင်းလေးကို စိုင်းနောင့် ခိုးခိုးကြည့်ပုံမှာ မြတ်မော်မပြောနှင့် သူပင် နောက်ချင်စိတ်ဝင်လာသည်။ သို့သော် တွေ့ရသည်မှာ မကြာလှသေး။ ဧည့်သည်ကလည်း ဧည့်သည်။ နောက်ကောင်းမည် မဟုတ်။ နောက်ထပ် မြင်ရ ပြန်သည်မှာတော့ အိမ်အောက်ထပ်တွင် ခင်းကျင်းထားသည့် စားဝိုင်းများ၌ ဧည့်သည်များအား ဧည့်ခံခြင်း။

“အဲဒီလို ကျွေးမွေးပြီးရင် တောင်းတာ ပြီးပြီပေါ့၊ မနက်ဖြန်လည်း ဆွမ်းကပ်ဦးမှာ၊ ကျွေးဦးမှာပဲ” ဟု စိုင်းနောင့်မိခင်က အဆုံးသတ်လိုက်သည်။ ကြည့်ဖူးပြီးသား မှတ်တမ်းရုပ်သံကိုပင် မြိန့်မြိန့်ပြုံးလျက်၊ စကားသံဆိတ်လျက် ထိုင်ကြည့်နေသော စိုင်းနောင့်ဖခင်က ထိုင်ရာမှ ထကာ အခွေထုတ်သည်။ တီဗွီကို တစ်လက်စတည်း ပိတ်လိုက်သည်။

“မနက်ဖြန် မင်း ဝတ်စုံ ဘယ်နှစုံ လဲမှာလဲ”

“နှစ်စုံ၊ တစ်စုံက ရှမ်းဝတ်စုံ၊ တစ်စုံက ဗမာဝတ်စုံ”

“ကောင်မလေးကတော့ ဘာဝတ်ဝတ် လှနေမှာပါကွာ”

“ချွေးကောင်၊ မင်းသူငယ်ချင်းက ပိုလှတာကွ၊ ငါက လှလို့ မိုခမ်းက ငှါ့အရောင်တွေ ဟပ်ပြီး လှသွားတာ”

ရယ်သံများ ညံရပြန်သည်။ သူတို့နှင့်အတူ လိုက်ပါ ရယ်မောမိပြန်သည်။

စတီးပန်းကန်လေးထဲက နေကြာစေ့များကို လက်တစ်ဆုပ် နှိုက်လျက် သူ အခွံခွာရန် ဟန်ပြင်တော့ စိုင်းနောင့်က ငဲ့ကြည့်လာသည်။

“ပျင်းနေပြီလား အစ်ကို”

“ဟာ မပျင်းပါဘူး ရတယ်၊ ကိုယ်က စကားသာ ဝင်မပြောဖြစ်တာ၊ ပြောသမျှ နားထောင်နေတယ်၊ စိတ်လည်း ဝင်စားတယ်၊ ရတယ်၊ အေးအေးဆေးဆေးသာနေကြ၊ စကား အေးအေးဆေးဆေး ပြောကြ၊ နောက် ဘယ်တော့ ရောက်လာမယ် ဘယ်သူမှ ပြောနိုင်တာ မဟုတ်ဘူး”

"ဟုတ်ပ" ဟု လူကြီးများထံက ထောက်ခံသံ။ စိုင်းနောင့်ဖခင်သည် အားလုံးထံ သူ့မူပိုင် အပြုံးအေးနှင့် ဝေ့ကြည့်ကာ ဧည့်ခန်းမှ ထွက်ခွာသည်။ ခြံထဲ ဆင်းတာ ဖြစ်ကောင်းဖြစ်လိမ့်မည်။ အလုပ်တစ်ခုခု ရှာလုပ်တာဖြစ်ကောင်း ဖြစ်လိမ့်မည်။ ကုံကော်ရိပ်မှာ ကျန်ရစ်သော အမေ့ကိုပင် အမှတ်မထင် အောက်မေ့လောက်အောင် အလုပ်နှင့် လက်နှင့် မပြတ်တတ်သော လူကြီးသူမများ။ ခုကိုပဲ စိုင်းနောင့်မိခင်က မီးဖိုခန်း ဝင်ရန်ပြင်ပြီ။ "ဟင်းရည်လေး ချက်ဦးမယ်၊ ခဏနေရင် ထမင်းစားရအောင်" တဲ့။

ဧည့်ခန်းမှာ သုံးဦးသား ကျန်ရစ်လျှင် သူငယ်ချင်းနှစ်ဦးက စကား ဖောင်ဖွဲ့လျက် သူကတော့ နားစိုက်ထောင်သူ၊ ရံခါတော့ စကားထောက်ပေးသူ ဖြစ်လာရသည်။

စကားလမ်းကြောင်းသည် ပထမတွင်တော့ ဘော်ကြိုအလယ်တန်းကျောင်း၊ ဘော်ကြိုဘုရား၊ ဘော်ကြိုရွာ လမ်းမများ၊ အထက်တန်းနေ့ရက်များ၊ ပြီးတော့ ခွဲခွာခဲ့ပြီးနောက် ဘဝဘဝများ အကြောင်း၊ တယ်လီဖုန်း အဆက်အသွယ် ပြန်ရသော်လည်း ဖိုးခွားတစ်ယောက် မင်္ဂလာပွဲမတက်ဖြစ်ပုံ၊ မနက်ဖြန် ရောက်လာမည့် ရွှေယိင်းနှင့် ဆုံကြရမည့်အကြောင်း စသဖြင့် စကားစမိလျှင်ပင် မဆုံးတော့သလို ဝေ့ဝေ့လည်လျက်က နောက်တော့လည်း ဘယ်သူက ဘယ်လို အစပြုလိုက်သည်မသိဘဲ တစ်ခုသော ခေါင်းစဉ်မှာ ကမ်းကပ်လေသည်။

အတိတ်တွင် မကျန်ရစ် ပစ္စုပ္ပန်အထိ လိုက်ပါမြဲဖြစ်သော မြတ်မော်၏ ခေါင်းစဉ်ကတော့ "မမနွေ"

* * *

အမေ့ကိုတော့ သတို့သားအိမ်မှာ ညအိပ်မည်ဟု သူ အသိပေးခဲ့သည်။

တကယ့် တကယ်မှာတော့ ညအိပ်သည်ဆိုပေမယ့် သူတို့အတွက် အိပ်ချိန် အတော် နည်းပါသည်။ သူငယ်ချင်းနှစ်ဦးမှာ ညဦးနက်သန်းခေါင်တိုင် စကားလက်ဆုံ ပြောမကုန်ရှိဆဲ။ တစ်ချက်တစ်ချက်တော့ သူပါ စကားဝိုင်းထဲ ဝင်မိဆဲ။ မနက်ဖြန် သန်ဘက်ခါဆိုလျှင် သီပေါကို နှုတ်ဆက်ရတော့မည့် မြတ်မော်သည် စိုင်းနောင့်အားလည်းကောင်း၊ သူ့အားလည်းကောင်း ပြောစရာ စကားများစွာ ရှိဆဲပင်။

အတိတ်ကွင်းဆက်တို့သည် မြတ်မော်၏ အနီးတွင် ကိုယ်ထင်ပြသည့် ပမာ သူ့ခများ အစအနတစ်ခုကို လှမ်းဆုပ်သည်နှင့် နောက်တစ်ခုကလည်း

ကပ်ညိလာတော့ကာ အတိတ်ပန်းချီနောက် လိုက်၍မဆုံးနိုင်ပြီ။

နွေအိမ့်အကြောင်း စကားစမိမှတော့ သီပေါမှာ နောက်ဆုံး တွေ့လိုက်ရသော တစ်ညအကြောင်းကို အမေ့ထံက ထပ်သိရသမျှ သူ လက်ဆင့်ကမ်းဖြစ် ပြန်ပါသည်။ ထိုတစ်ညက နွေအိမ် အမေ့ကို ကန်တော့ရင်းက မျက်ရည်ကျ သော်လည်း အကြောင်းရင်းအား မေးမရခဲ့ပုံ။ ထို့နောက်တော့ တဖြောက်ဖြောက် ရွာစွေသော မိုးရေများ အကြားတွင် နွေအိမ်သည် ထီးကို လက်တစ်ဖက်နှင့် ထိန်းကိုင်ကာ စက်ဘီးလေး နင်းကာ တရွေ့ရွေ့ဝေးသွားခဲ့ပါသတဲ့။ အမေ့မှာ ဆိုင်အဝ ရပ်လျက် အတန်ကြာ ငေးမိပါသေးသတဲ့။

နောက်တစ်ရက် ညနေခင်းမှာတော့ တုန်လှုပ်ဖွယ်သတင်းစကားသည် အမေ့ဆိုင်သို့ ရောက်လာခဲ့ပြီ။ နွေအိမ့်မယ်မယ်သည် နွေအိမ် သွားတတ်ရာ နေရာအချို့အချို့သို့ သတင်းစုံစမ်းရန် ရောက်ရာတွင် ကုံကော်ရိပ်လည်း ပါဝင်ခဲ့ပြီ။ သို့သော် အမေ့မှာ ပြောစရာ စကားများစွာ မရှိခဲ့ပေ။ ကြုံခဲ့ရသမျှသာ နွေအိမ့်မယ်မယ်ကို သတင်းပေးနိုင်ခဲ့ပါသတဲ့။ အပ်ချုပ်ဆိုင်ဆီ နံနက်ခင်း ပုံမှန် ထွက်နေကျလို ထွက်သွားသည် ဆိုကြပေမယ့် နွေအိမ် ထွက်သွားပုံကိုတော့ ဘယ်သူကမှ မြင်လိုက်သည် မရှိ။ နွေအိမ်သည် ဘယ်သူ့ ဘယ်သူကိုမျှ အရိပ်အယောင်အားဖြင့်ပင် နှုတ်ဆက်ကြောင်း ပြမသွား။

အမေသည် နွေအိမ်ကို နောက်ဆုံး တွေ့ခဲ့၊ စကားပြောဆိုခဲ့ရသည့် သူတစ်ဦးဖြစ်မည်ဟု သူ ထင်မြင်ခဲ့ဖူးသော်လည်း စိုင်းနောင့်ထံက စကားသစ် နားစွင့်ရလျှင်တော့ ထိုသို့လည်း မဟုတ်ချေပြီ။

"အဲဒီနေ့က ငါ လားရှိုးက လူကြုံနဲ့ ပစ္စည်းထည့်ပေးလိုက်တယ် ဆိုလို့ ဘူတာမှာ သွားစောင့်တာ၊ အဲဒီမှာ မမနွေကို တွေ့တာ မြတ်မော်၊ နောက်မှ ပြန်စဉ်းစားတော့ အဲဒါ မမနွေကို နောက်ဆုံး တွေ့ရတဲ့နေ့ပဲကွ၊ ရထားစောင့်တဲ့ ခုံမှာ မမနွေ တစ်ယောက်တည်း ထိုင်နေတယ်၊ ရထားလာမယ့်ဘက်ကိုပဲ ကြည့်နေတယ်၊ ဘေးမှာတော့ အိတ်တစ်လုံး ချထားတယ်ကွာ၊ ခရီးဆောင်အိတ် လိုမျိုးတော့လည်း မဟုတ်ဘူး၊ ပုံမှန် မိန်းကလေးတွေ ကိုင်တဲ့ အိတ်ထက် နည်းနည်းလောက်ပဲ ကြီးတဲ့ လက်ဆွဲအိတ်မျိုးပဲ၊ အဲဒီတုန်းက မမနွေကို မတွေ့တာ အတော်ကြာပြီဆိုတော့ ဝမ်းသာအားရ သွားနှုတ်ဆက်တာပေါ့၊ နေကောင်းလား ဘာညာပေါ့၊ မင်းအကြောင်းလည်း ပြောမိတယ်၊ မင်းနဲ့ စာအဆက် အသွယ်လည်း မလုပ်မိတဲ့အကြောင်း၊ အဆက်ပြတ်သွားတဲ့ အကြောင်းပေါ့ ၊ သူလည်း ပြောပါတယ်၊ သူနဲ့လည်း စာချင်း အဆက်အသွယ် မရှိတော့တာ ကြာပြီတဲ့၊ အခု မင်းပြောပြတော့မှ သူ့ဘက်က စာထပ်မရေးနဲ့ ဆိုလို့ မင်း မရေးတော့တာမှန်း သိရတာ၊ ထားတော့...ငါ ပြောပြချင်တာက

အဲဒီနေ့က မမနွေ မူသိပ်မမှန်တာကို ငါ လုံးဝ သတိမထားမိဘူးဆိုတာပဲ၊ ဘယ်သွားမလို့လဲလို့ ငါ မေးတော့ မေမြို့ ခဏတဲ့၊ ကိစ္စလေး ရှိလို့တဲ့၊ ငါလည်း ဘြော် ဟုတ်လားပေ့ါကွာ၊ ခဏနေတော့ ဟိုပြောဒီပြော ပြောနေကြရင်းက သူ့အသိ တစ်ယောက်က ဖြတ်သွားရင်းနဲ့ ဘယ်သွားမလို့လဲ ရပ်မေးတော့ မသွားပါဘူး၊ ညွှေ့သည်တစ်ယောက် စောင့်နေတာတဲ့၊ အဲဒီတုန်းက ငါလည်း ထူးထူးခြားခြား မတွေးမိပါဘူး၊ သူ မေမြို့သွားတာ မပြောချင်လို့နေမှာလို့ပဲ တွေးခဲ့တာ၊ ရထားလာတော့ ငါလည်း ပစ္စည်းပါလာမယ့် လူကြုံကို လိုက်ရှာဖို့ ထွက်လာတော့ သူလည်း ရထားပေါ် တက်သွားတော့တာပဲ၊ မမနွေ ပျောက်သွားတယ် ဆိုတာတောင် တစ်ပတ်၊ နှစ်ပတ်လောက်နေတော့မှ သီပေါ ရောက်တော့မှ သိရတာပဲ၊ ပထမတော့ ငါလည်း သူ့အိမ် သွားပြီး အကျိုးအကြောင်း ပြောပြဦးမလို့ပဲ၊ ဒါပေမဲ့ ပြန်စဉ်းစားတော့ သူ ငါ့ကိုရော အမှန်အတိုင်းပြောခဲ့တာမှ ဟုတ်လို့လား ဆိုတာပဲ၊ ဒါနဲ့ပဲ ဘယ်သူ့ကိုမှလည်း မပြောဖြစ်တာ အခုအထိပဲ”

မြတ်မော်သည် စိုင်းနောင့် စကားဆိုချိန်တစ်လျှောက်လုံး စိုင်းနောင့် မျက်နှာကိုတစ်လှည့် ပြတင်းက မြင်ရသော အမှောင်ရိပ်ကိုတစ်လှည့် ငေးနေခဲ့သည်။ အမှောင်ရိပ်မှာ တန့်သော မျက်လုံးများ။ စိတ်ကူးလေပွေသည် မှောင် ရိပ်သန်းသော တောင်တန်းများကို ကျော်လွန်ကာ သီပေါဘူတာဆီ ရောက်သွားခဲ့ပါသလား။ ဘယ်အရပ်ဆီ ဦးတည်မည် မသိရသည့် ချစ်ဦးသူကို စကားဆို တားမြစ်နေမည်လား။ ပြောခွင့်မသာခဲ့သည့် ချစ်စကားကို ဖွင့်ဟလေမည်လား။

“ဆယ်နှစ်တောင် ကျော်ပြီပေ့ါနော်”

“ကျော်ရောပေ့ါ မြတ်မော်ရာ၊ နောက်နှစ်နှစ်နေတော့ ငါလည်း ဟိုဘက် ထွက်သွားလိုက်တာ ဆိုတော့ အင်း...ဆယ်နှစ်ကျော်ပေ့ါ”

ဟိုဘက်ဆိုသည်မှာ ထိုင်းနိုင်ငံကို ဆိုလိုတာမှန်း သူ သိလိုက်ပါသည်။

“မမနွေ ငါ့ဆီ နောက်ဆုံးရေးတဲ့ စာရဲ့အရှေ့စာထဲမှာတော့ ဘွားကြင် သူ့ကို ဘော်ကြို အိမ်လေး ပေးခဲ့တာ၊ ဘော်ကြိုမှာပဲ နေချင်ပေမယ့် မိန်းကလေး တစ်ယောက်တည်း မသင့်တော်ဘူးဆိုပြီး မယ်မယ်က သီပေါမှာပဲ ခေါ်ထားတာ ပါတယ်၊ သီပေါအိမ်မှာ အဲဒီတုန်းက ကိုကြီးမရှိတော့ဘူး၊ အိမ်ထောင်ကျပြီး အိမ်ခွဲနေပြီ၊ မမခမ်းလည်း မရှိတော့ဘူး၊ အဲ...အဘွားလေးကတော့ ကျန်းကျန်းမာမာ ပွားနိုင်တုန်းဆိုတာပဲ၊ သီပေါအိမ်မှာ သူ မပျော်ဘူးတဲ့၊ မမနွေ ထွက်သွားတော့ ငါနဲ့ စာချင်း အဆက်ပြတ်တာ တစ်နှစ်ကျော်ပြီထင်တယ်၊ အဲဒီတော့လည်း ငါ့မှာ ဘာလို့ ထွက်သွားတယ် ဆိုတာလည်း မသိရဘူး၊

သီပေါမှာ မရှိတော့ဘူးဆိုတာတောင် မမသီတာနဲ့ ရန်ကုန်မှာ အမှတ်မထင်ဆုံတုန်း သိလိုက်ရတာ၊ မမသီတာလည်း ငါ့လိုပဲ ဘာဆို ဘာမှ မသိခဲ့ရဘူးတဲ့”

“အင်း” ဟု စိုင်းနောင့်ရော သူပါ သံပြိုင်လို စကားထောက်မိကြသည်။ သူ့အသံမှာတော့ သက်ပြင်းချသံပါ စွက်သွားလေမလား။

တစ်ရက်တုန်းဆီက နွေအိမ် နေထိုင်ခဲ့ရာ သီပေါခြံဆီ မြတ်မော်နှင့် ရောက်ခဲ့ဖူးပုံမှာ ခုပင် ကြုံရသလို အာရုံမှာ ထင်းထင်းလင်းလင်း ရှိလာ၏။ မိန်းကလေးငယ် တစ်ယောက်၏ ရယ်သံများ၊ ငိုရှိုက်သံများ၊ ပျော်ရွှင်ကြည်နူးမှုနှင့် ဒဏ်ရာအနာတရတို့ကို လက်ခံသိမ်းဝှက်ခဲ့ရာ ခြံမြေသည် သူကြားခဲ့ဖူးလေသော စကားများထဲကလိုပင် စိမ်းမြရိပ်ညိုမြဲဖြစ်သည်။ အိမ်သည် အနည်းငယ် အိုဟောင်းခဲ့ပြီ။ ပေါင်းမြက်တို့သည် လူနိုင်နိုင်ထားကာ မရှင်းရတာကြောင့်လား မဆိုနိုင်ဘဲ ခြံအဝင်ဝမှသည် လှမ်းမြင်နေရသော ခြံစပ်အထိ တောထလျက် ရှိကြသည်။

အစိမ်းရောင် လွှမ်းသော ခြံဝင်း၏ ကြုံဆိုဟန်မှာ မြတ်မော်အတွက်တော့ မသိ။ သူ့အတွက်တော့ များစွာ သူစိမ်းဆန်လှပါသည်။ တစ်ကြိမ်တစ်ခါပင် ခြေမချဖူးသော ခြံ မဟုတ်လား။ စိမ်းသက်သော ခြံမြေရှေ့ ဝင်ဖို့ရာလည်း မဟုတ်ဘဲ ခြေလှမ်းတုံ့ရပ် နေရပုံကိုက စိတ်ဝယ် ဆန်း၍ နေသည်။

အမေ့ထံက ကြားဖူးသမျှမှာတော့ နွေအိမ့်မိခင်သည် ခင်ပွန်းသည်ရော ယောက္ခမပါ ဆုံးပါးပြီးနောက်မှာလည်း သည်အိမ်မှာပင် ဆက်လက်နေထိုင်မြဲ။ နွေအိမ့်ကိုလေးကတော့ အိမ်ထောင်ရက်သားကျကာ မန္တလေးမှာ ပြောင်းနေပြီ။ မိခင်ကိုပါ အပါခေါ်သွားရန် ပြင်သော်လည်း မလိုက်ပါတဲ့။ တည့်လှသည်လည်း မဟုတ်၊ စိမ်းသည်လည်း မဆိုသာသော သမီးယောက်မနှစ်ဦးသာ ခြံထဲ ဆိတ်ငြိမ်ကျန်ရစ်ခဲ့ကြသည်။ တစ်ဦးကတော့ ဘာကြောင့် ကျန်ရစ်သည် မသိ။ နောက်တစ်ဦးကတော့ သမီးလုပ်သူ ပြန်လာရာချိန်မှာ အချိန်မရွေး တွေ့နိုင်အောင် ဆိုလေတာပဲ။

“နွေအိမ့်မယ်မယ်နဲ့ တွေ့ဦးမလား”

စရောက်ချိန်ကတည်းက မျှော်လင့်သူ တစ်စုံတစ်ဦး ထွက်ပေါ်လာတော့မည့်ပမာ ခြံထဲသို့ မမှိတ်မသုန် ငေးသော မြတ်မော်သည် သူ့ဘက်သို့ လှည့်ကြည့်လာသည်။ ညို့ဆိုင်းသော မျက်ဝန်းများ။

“မတွေ့တော့ပါဘူးဗျာ၊ ခုချိန်အထိ ဆရာမကလွဲရင် မမနွေနဲ့ ပတ်သက်တဲ့သူ တစ်ယောက်ကိုမှ ကျွန်တော် တွေ့ဖို့ မကြိုးစားခဲ့တာ အစ်ကို

သတိထားမိမှာပေါ့၊ တွေ့တော့ရော ဘာလုပ်မလဲ အစ်ကိုရာ၊ အဖြေလည်းမရ ကိုယ်လည်း စိတ်ပင်ပန်းရမယ့် အလုပ်မျိုး ကျွန်တော် မလုပ်ချင်ဘူး”

ပင့်သက်ရှိုက်သံသည် လေပြည်တွင် ခိုကာ သူ့အနီး၌ ဝဲကာ လမ်းနံဘေးက တောပန်းပင်များသို့ လွင့်ပြီး ထင်ရသည်။ မောနေသလား… မောခဲ့ပြီလား ကောင်လေးရေ။

မျက်နှာပြင်ကို အကြည့်စိုက်ကာ သူ အဖြေထုတ်နေစဉ်မှာပင် မြတ်မော်က စကားဆက်ပါသည်။

“တစ်ခါတစ်ခါကျတော့လည်း ဘာမျှော်လင့်ချက်မှ မထားတော့ဘဲ ဒီအတိုင်းလေး လွမ်းနေရတာက ပိုကောင်းပါတယ် အစ်ကို”

* * *

“အစကတော့ ကျွန်တော့်မှာ မမနွေကို ရှာမယ်ဆိုတဲ့ စိတ်ကူး မရှိခဲ့ပါဘူး ဆရာမရယ်၊ ကျွန်တော် ပြောခဲ့ဖူးသလို နေရာဟောင်းလေးတွေ သွားကြည့် လာကြည့် ဒါလောက်ပဲပေါ့၊ အမှန်အတိုင်း ပြောရရင် နေရာဟောင်း တွေရောက်ခါမှ မမနွေကို ကျွန်တော် ရှာချင်လာတယ်၊ တစ်ဆက်တည်းမှာ မရှာဘူးလို့လည်း ဆုံးဖြတ်လိုက်တယ်၊ ဘာလို့ဆို မမနွေက ကျွန်တော့်ကို အဆက်အသွယ် မလုပ်ပါနဲ့တော့လို့ နောက်ဆုံး ရောက်လာတဲ့ စာထဲမှာ ထည့်ရေးဖူးတာကိုး”

“ဘာလို့တဲ့လဲကွယ်”

“အဲဒါတော့ မမနွေမှပဲ သိမှာပဲ ဆရာမရယ်၊ ကျွန်တော် စာဆက် ရေးပေမယ့် ပြန်စာ လုံးဝမလာတော့ဘူးဗျ၊ နှစ်စောင်လောက် ဆက်ရေးပြီးတဲ့ အခါကျတော့လည်း မမနွေ ငါ့စာများ မဖတ်ချင်တော့ဘူးလား မသိဘူးဆိုပြီး ကျွန်တော့်ဘက်ကချည်း ရေးနေတာကို ရပ်လိုက်တာပါပဲ”

“အင်းလေ…နွေဟာ တစ်ခါတစ်ခါကျ သူ့စိတ်ထဲရှိတာ အပြင်ကို ထုတ်မပြချင်တဲ့ မိန်းကလေးမျိုးပဲ၊ သူ ဘာတွေ တွေးမိလို့ ဒီလို ဆုံးဖြတ်တာလဲ သူပဲ သိမှာပဲ၊ နေပါဦး မောင်မြတ်မော်၊ သားတို့ပြောင်းသွားကြတာ ဘယ်နှစ်..”

“နှစ်ထောင်ပြည့်နှစ် ဆရာမ၊ ကျွန်တော် ဆယ်တန်းကို ရန်ကုန်မှာ တက်ရတာ”

“သြော်…အေး..အေး၊ ပြောင်းသွားပြီးတော့ စာချင်း အဆက်အသွယ် မပြတ်ဘူးဆိုတာ ဆရာမ သိတယ် သားရဲ့၊ နွေကိုယ်တိုင် ပြောတာပဲ၊ ဆိုင်ကို

လာရင် ဆရာမ ပြောမိတယ်၊ နွေ့ကိုတွေ့တော့ မောင်မြတ်မော်ကို သတိရလိုက်တာလို့ နွေက ပြောတယ်၊ စာတော့ အဆက်အသွယ်ရှိတယ် ဆရာမတဲ့၊ တစ်ခါတုန်းကတောင် ဓာတ်ပုံလေးတစ်ပုံ မြတ်မော် ပို့လိုက်တာလို့ ယူလာပြဖူးသေးတယ်”

“ဟာ..မမနွေက အဲဒီဓာတ်ပုံကြီး လာပြသေးတာလား၊ အဲဒီတုန်းကတော့ ခပ်တည်တည် ရိုက်ပစ်တဲ့ပုံပေါ့ ဆရာမရာ၊ အခုနေ ပြန်ကြည့်ရင်တော့ ရယ်စရာ ဖြစ်နေမှာ၊ ဂျင်းဘောင်းဘီနဲ့ ဂျင်းဂျာကင်နဲ့ ဂစ်တာနဲ့ဘာနဲ့ အိုက်တင် ပေးထားတာ၊ အဲဒီတုန်းက ခုလို ဖုန်းတွေဘာတွေနဲ့ အလွယ် မရိုက်နိုင်၊ စတူဒီယိုမှာ အမှတ်တရ ဓာတ်ပုံ သွားရိုက်ကြရတဲ့ခေတ်၊ ကိုယ့်အမျိုး မင်္ဂလာဆောင်ကျမှ ဓာတ်ပုံ စုရိုက်ကြရတဲ့ ခေတ်ကိုး ဆရာမရဲ့၊ ရိုက်ပြီးတော့ အမိုက်ဆုံး ထင်တဲ့ပုံ ပို့လိုက်တာပဲ၊ မမနွေကျတော့ ကျွန်တော့်ဆီကို ရောင်စုံဓာတ်ပုံ လှလှလေး တစ်ပုံတောင် မပို့ခဲ့ဘူးဗျ၊ လိုင်စင်ပုံလေး တစ်ပုံပဲ ပြောင်းခါနီးတုန်းက အတင်းတောင်းလို့ ပေးခဲ့တာ၊ အခုအထိ ပိုက်ဆံအိတ်ထဲထည့်ပြီး သွားလေရာ ယူတာပဲ၊ ဒီမှာ... ဒီမှာ ကြည့် ဆရာမ”

“အင်း...ဒါ သူ ဆယ်တန်းနှစ်က ရိုက်တဲ့ပုံထင်တာပဲ၊ ဆရာမကိုလည်း တစ်ပုံပေးထားသေးတယ်၊ ဒီပုံလေးပဲ၊ စာတွေ၊ ပို့စကတ်တွေ၊ ဓာတ်ပုံအဟောင်းတွေ သိမ်းထားတဲ့ ဘူးလေးထဲမှာ ရှိဦးမှာပဲ၊ တစ်ရက်မှ ပြန်ရှာဦးမယ်”

တစ်နေ့နေ့ ကျတော့လည်း ဆရာမ ဓာတ်ပုံ ရှာစရာမလိုခင် ဆရာမ ဆိုင်ရှေ့ကို လူကိုယ်တိုင် ပြန်ရောက်ရင် ရောက်လာမှာပေါ့”

“မျှော်တော့ မျှော်ပါတယ် သားရယ်၊ နွေ သူ့အိမ်မှာ မရှိတော့ဘူး ဆိုတဲ့ အစပိုင်းရက်တွေ ကတည်းက ဟိုတစ်ခါလို ရှာကနေ ပြန်လာဦးမလား လို့ ဆရာမ မျှော်တာပဲ၊ နှစ်ချီပြီး ကြာလာတော့လည်း စိတ်လျှော့လိုက်မိတယ်”

“မမနွေ ရှိတုန်းက အကြောင်းတွေ မှတ်မိသေးလား ဆရာမ”

“မှတ်မိတာပေါ့”

“ဟို...ဟိုလေ မမနွေက ဒီမှာ ရှိတုန်းက ရည်းစား ထပ်မထားဘူးလား ဆရာမ၊ ဘာကြောင့်မှတော့ မဟုတ်ပါဘူး၊ သက်သက်မေးတာပါ”

“ဟား...ဟား...ရှက်မနေပါနဲ့ ငါ့လူရာ၊ မေးချင်လို့ မေးတယ်၊ စိတ်ဝင်စားလို့ မေးတယ်ပေါ့၊ ပြီးနေတာပဲဟာ ဒီလူနဲ့ ဒီလူ၊ အမေရေ ခုလောက်ရှိ သဘောပေါက်လောက်ပြီ မဟုတ်လား”

“အစ်ကိုကလည်းဗျာ လုပ်ပြီ”

“ဟာ…မလုပ်နဲ့ ကိုယ့်လူ၊ တစ်ခါတစ်ခါကျတော့ သတ္တိရှိမှဖြစ်မယ့် ကိစ္စတွေ ရှိတယ်ကွ၊ မင်း တွန့်ဆုတ် တွန့်ဆုတ် ဖြစ်ခဲ့လို့ ဒီလောက် နှစ်တွေ အကြာကြီး စောင့်ခဲ့ရတာ ဖြစ်မှာပေါ့၊ မင်းက နွေရာသီဆို ရန်ကုန်ပြန်၊ ငါက နွေရာသီဆို သီပေါလာနဲ့ မဆုံခဲ့ကြလို့သာ၊ ဆုံခဲ့ရင်တော့ ငါ့လက်ချာတွေနဲ့ မင်း ဒီလောက်အကြာကြီး စောင့်ရမှာတောင် မဟုတ်ဘူး၊ နေ့းပဲ့ကွာ”

“သားရယ်၊ သူများကို ဘယ်လိုများ ပြောလိုက်တာလဲကွယ်၊ မောင်မြတ်မော်ရေ၊ ဆရာမသား မောင်ငြိမ်းစော တစ်ကောင်ဟာ အဲဒီလိုပဲ ပြောလိုက်ရင် ပိဿာလေးနဲ့ ဘေးပစ်၊ စိတ်ရင်းလေး ကောင်းလို့သာ ခံသာတယ်”

“ရပါတယ် ဆရာမရဲ့၊ အစ်ကိုနဲ့ သုံး၊ လေးရက်လောက် အတူသွား လာခဲ့ရတာပဲဟာ အစ်ကို့အကြောင်း သိပါတယ်၊ ကျွန်တော်က ဒါမျိုးလူတွေနဲ့ အကျိုးပေးတယ်ဗျ၊ ကျွန်တော့်သူငယ်ချင်းတွေလည်း ဒီပုံစံပဲ၊ သူငယ်ချင်းရေ သိပ်သတိရတာပဲ ဘာညာတွေ ဘယ်သူမှ မပြောကြဘူး၊ တွေ့ရင် သူ့ကိုယ်နှိပ်၊ ကိုယ့်သူနှိပ်နဲ့ နေတာပဲ၊ ဒီမှာ ကျန်ခဲ့တဲ့ စိုင်းနောင့်တို့၊ ရန်ကုန်မှာ ဟိုတစ်လောကမှ ပြန်တွေ့တဲ့ ဖိုးခွားတို့လည်း ဒီအတိုင်းပဲ၊ ကျွန်တော်ဖြင့် ရိုးနေပါပြီ”

“ဒါဖြင့်လည်း တော်သေးတာပေါ့၊ ဆရာမဖြင့် ဘယ်အချက်များ မောင်ငြိမ်းစော အပြောကို စိတ်ညစ်သွားမယ် မသိဘူး တွေးနေရတာ”

“အမေရေ၊ ခုနက မြတ်မော် မေးတာလေး ဖြေလိုက်ပါဦး”

“နေဦး၊ အဲဒါ ပြောရတာတော့လည်း ခက်တယ်၊ ရည်းစားထားသလား ပြောရအောင်ကလည်း နွေ ဘယ်သူနဲ့မှ တွဲသွား တွဲလာ မလုပ်ဘူး၊ သူ့ဘေးမှာ နောက်လူတစ်ယောက် ပါတယ် ဆိုရင်တောင် သူ့ကိုလေးပဲ”

“ကိုလေး”

“ဟုတ်ပ၊ ကိုလေးဟာ သူ့နှမလေးကို တကယ်ပဲ ဂရုစိုက်ရှာတယ်၊ မောင်လင်းညို မရှိတော့တဲ့နောက်ပိုင်း၊ သူ့ဘွားကြင် ဆုံးပြီးနောက်ပိုင်း နွေဟာ အရုပ်လေးတစ်ရုပ်လို ဖြစ်လာတာကိုး၊ အချိန်တန် လုပ်စရာရှိတာလုပ်၊ စာလေး ဖတ်၊ ဒါလီအိမ် သွားနေ၊ မှိုင်နေညှိုးနေတာလား ဆိုတော့လည်း မဟုတ်ဘူး၊ ပြုံးပြုံး ပြုံးပြုံးပဲ၊ ဒါပေမဲ့ စိတ်ထဲက ပါတဲ့ အပြုံးမဟုတ်ဘူး ဆိုတာတော့ ဆရာမ သိတာပေါ့၊ ကိုလေးလည်း သိမှာပေါ့”

"ဟိုလေ...ဆရာမ၊ ကိုလေးဟာ မမနွေအပေါ် အစ်ကိုဆိုတာ ထက်များ ပိုတယ်လို့ မထင်ဘူးလား"

"သားက အဲဒီလို ထင်လို့လား"

"ထင်တယ်ဆိုတာထက် အလိုလို ခံစားခဲ့ရဖူးတယ် ဆရာမ၊ နောက်ပိုင်း...ကျွန်တော် မရှိတဲ့ နောက်ပိုင်းတော့ ဘယ်ပြောတတ်မလဲ"

"အင်း...အဲဒီနောက်ပိုင်းလည်း ဆရာမ မြင်တာတော့ သားမြင်သလိုပဲ ဆိုပါတော့လေ၊ အနေကြာတော့လည်း သံယောဇဉ်ဟာ အရောင်ပြောင်းရင် ပြောင်းမှာပေါ့၊ ကိုလေးကို အမှတ်ရတာ တစ်ခုက နွေ ပျောက်သွားပြီးစကပေါ့၊ နွေ့သတင်း ဟိုဟိုဒီဒီ ပျံ့ပြီးတဲ့တစ်ရက်မှာ ဆရာမတို့ ကံ့ကော်ရိပ်ကို သူ တစ်ယောက်တည်း လာတယ်၊ စာအုပ်လေးတစ်အုပ် ဆွဲယူပြီး ကွပ်ပျစ်မှာ ထိုင်နေတယ်၊ စာဖတ်နေတယ်ပဲ ဆရာမ မြင်တာပေါ့၊ ကိုယ်လည်း စာအုပ်ငှားသူနဲ့ ဘာနဲ့လေ၊ အဲဒီ ၂၀၀၅ ပတ်ဝန်းကျင်ဟာ စာအုပ်အငှားကောင်းတုန်းပဲ၊ ၂၀၁၀ လောက်အထိကို ကောင်းနေတုန်းပဲ၊ လူကျနေလို့ သူ့ကို အာရုံမစိုက်မိဘူး၊ လူကျဲသွားတော့မှ ဆိုင်ရှေ့ကို လှမ်းကြည့်မိတယ်၊ အမယ်လေးကွယ်...ကိုလေးဟာ စာ ဘယ်မှာ ဖတ်လို့လဲ၊ စာအုပ်ကိုတော့ ငုံ့ကြည့်နေပေမယ့် စာရွက်လည်း မလှန်၊ မျက်လုံးရော၊ ခေါင်းရော မရွေ့၊ ဒီအတိုင်းစိုက်ကြည့်နေတာ တကယ့်ကို အကြာကြီး၊ သူ့ညီမလေးကို အောက်မေ့နေမှာပေါ့

"ဩော်..."

"တစ်ခါတော့ သူနဲ့ ထပ်တွေ့တဲ့အခါ မနေနိုင်လွန်းလို့ မေးမိတယ်၊ နွေနဲ့ အဆက်အသွယ်ရလား၊ နွေ ဘယ်ရောက်နေတာလဲလို့၊ ရန်ကုန် ထွက်သွားတယ်လိုလိုလည်း ပြောကြတယ်၊ ကိုလင်းညို တာဝန်ကျဖူးတဲ့ ရွာဘက်ကို ထွက်သွားတယ်လို့လည်း တချို့က ဇာတ်လမ်းတွေဆင်ပြီး လျှောက်ပြောနေကြတယ်၊ ဘယ်ဟာ အမှန်လဲ မသိဘူးတဲ့၊ မမဒါလီကတော့ ဘယ်သူမေးမေး မသိဘူးချည်း ပြောပေမယ့် သူ မယုံဘူးတဲ့ ကိုလေးက..."

"ဟုတ်သားပဲ၊ မမဒါလီဟာ မမနွေ ထွက်မသွားခင်အထိ နောက်ဆုံးအတူ ရှိခဲ့မယ့်သူပဲ ဆရာမ၊ သူတော့ သိရင် သိနေမှာပေါ့"

"ဒါလည်း မဟုတ်လောက်ပါဘူး၊ နွေအိမ့်လက်ရေးနဲ့ စာတွေဘာတွေ ဒါလီအိမ် မလာဘူးလို့ ဦးလေး ဦးကျော်စိန် ပြောတာပဲ၊ ဦးလေးက ဒါလီကို စာတွေ ယူလာပေးနေကျလေ၊ ခုနောက်ပိုင်းတော့ ဖုန်းတွေဘာတွေ ပေါ်လာတဲ့ အခါ၊ အင်တာနက် ဘာညာတွေ သုံးလာကြတဲ့အခါ စာတွေလည်း မပို့ကြတော့

စာအကြောင်းတော့ ထပ်မကြားရဘူး၊ တခြားနည်းနဲ့ ဆက်သွယ်ရင်လည်း ဆက်သွယ်မှာပေါ့၊ ဆရာမလည်း မေးမကြည့်မိပါဘူး”

“မမဒါလီကို မေးစမ်းကြည့်ဖို့ ကျွန်တော် ဘာလို့ စိတ်ကူးမရခဲ့သလဲ မသိဘူး ဆရာမရယ်”

“မင်းပဲ မင်းမမနွေကိုရှာဖို့ စိတ်ကူးမရှိဘူးဆို၊ ဒါကြောင့် ငါ ဒါလီနဲ့ ပြန်တွေ့တဲ့နေ့တုန်းက ဘာမှ မမေးခဲ့တော့တာ”

“ရပါတယ် အစ်ကိုရာ၊ မမေးခဲ့လည်း နေပါစေ၊ မမဒါလီရဲ့ စာအုပ်ဆိုင်လေး ပိတ်လိုက်ရတယ်ဆိုတာနဲ့ပဲ ကျွန်တော့်မှာ စိတ်မကောင်းဖြစ်နေတာ”

“ပိတ်လိုက်တာ ကြာပေါ့၊ အခုဆို သားသိတဲ့အတိုင်း ပုရစ်ဖူးရယ်၊ ဒီဆိုင်ရယ်ပဲ ကျန်တာ၊ ဒါလီ “လွမ်းရိပ်” လည်း ကြာကြာ ဘယ်တောင့်ခံနိုင်မလဲ၊ ငှားဖွင့်တော့ ပိုဆိုးပေါ့၊ နေရာအပိုင်တွေပဲ ဆက်ဖွင့်နေနိုင်တာလေ”

“ကျွန်တော်ဖြင့် မေမေ့ကိုတောင် သတိရလာတယ်၊ ဆရာမကို ပြောဖူးသားပဲ၊ မေမေလည်း စာအုပ်ဆိုင်လေး ဖွင့်ထားတယ် ဆိုတာလေ”

“အေးကွယ်၊ သားမေမေကိုလည်း သတိရတယ်၊ ဆရာမတို့ နေကောင်းကျန်းမာကြောင်း ပြောပေးဦး၊ သီပေါလည်း တစ်ခေါက်လောက် ပြန်လာဦးလို့၊ ခရီးဆိုတာ သွားနိုင်တုန်းလေး သွားထားရတာလို့”

“ဟုတ် ဆရာမ၊ မေမေက အိမ်သိပ်ခင်တယ်၊ သူ့ဘဝ တစ်လျှောက်လုံး အပြောင်းအရွှေ့နဲ့ နေလာရတာ များတော့ အိမ်မှာပဲ ပျော်နေတော့တာ၊ စာအုပ်ဆိုင်ကိုလည်း သံယောဇဉ်ကြီးသေးတယ် ဆရာမရေ”

“စာအုပ်ဆိုင်ကို သံယောဇဉ်ကြီးတာတော့ ဆရာမ နားလည်တယ်၊ ဒါပေမဲ့ သားလက်ထဲအပ်ပြီး ခရီးထွက်လို့”

“စာအုပ်ဆိုင်ကို တစ်ရက်မှ လေး၊ ငါးယောက် လာတာကို ဘာလို့ အညောင်းခံ ထိုင်တော့မလဲလို့ ကျွန်တော် ခဏခဏ ပြောတယ်၊ ပိတ်ခိုင်းတယ်၊ မေမေက မပိတ်နိုင်ဘူးတဲ့၊ တစ်ရက်လုံးနေလို့ တစ်ယောက်မှ မလာတော့ရင်တော့ သူ စဉ်းစားမယ်တဲ့၊ ဖတ်သူ ရှိသရွေ့ သူ ဖွင့်မှာပဲတဲ့၊ ခုကိုပဲ ကျွန်တော်တို့ လမ်းထဲမှာ တစ်ဆိုင်ပဲ ကျန်တော့တာ”

“မင်းကို ပြောဖူးသားပဲကွာ၊ စာအုပ်ဆိုင်ရှင်ရဲ့ ဆောင်ပုဒ်ဆိုတာ သူ

လာလာ လာလာ မလာလာ လာလာလာ ကိုယ်က စောင့်ရမှာ..လို့၊ ဒီမှာလည်း ငှားတဲ့သူ လာဖို့ အမေ စောင့်ရင်စောင့်၊ မစောင့်ရင်လည်း ကိုယ် စောင့်နေရတာပဲ”

“အစ်ကိုကတော့ လုပ်ပြီ”

“စောင့်ပျော်ပါတယ်ကွာ၊ တစ်နေ့ကျတော့ မင်းတို့လို ဆိုင်ကို အလွမ်းပြေ လာကြည့်ရတဲ့ အထိ စာအုပ်အငှားဆိုင်မှာ ပျော်ခဲ့ဖူးတဲ့ ကလေးတွေလိုမျိုး နောက်ကလေးတွေ ခေတ်ကျ ဆိုင်မှာ စာအုပ်လာငှားတဲ့ သူတွေနဲ့ စည်နေတာ ပြန်တွေ့ရင်လည်း တွေ့ရမှာပေ့ါ၊ မတွေ့ရတော့လည်း ကိုယ်တို့ကံပေ့ါ ၊ နေဦး၊ ဒါမျိုးပြောလို့ စိတ်မကောင်းမဖြစ်နဲ့၊ တချို့ အရိုတရားတွေက မသိချင်ယောင် ဆောင်ထားမှ စိတ်ချမ်းသာမယ် ဆိုပေမယ့် တစ်ချိန်ချိန်ကျ မသိယောင် ဆောင်လို့မရ ရင်ဆိုင်ရမှာပဲဆိုရင် ဘာထူးမလဲ၊ အရှိတရားက ဒါပါလို့ အစောကြီးကတည်းက ကြိုနှလုံးသွင်းထားနိုင်ရင် အေးချမ်းတာပေ့ါ”

“အဲဒါ မောင်ငြိမ်းစောရဲ့ ဘဝနေနည်းပဲ၊ အံမယ် မရယ်နဲ့၊ အဲဒါ မင်း ပြောနေကျ လေသံကို အမေ ပြန်ပြောပြတာ”

“အစ်ကို တွေးသလို လိုက်တွေး လိုက်နေနိုင်ရင် တကယ် အေးချမ်းမှာပဲ ဆရာမရဲ့၊ ခက်တာက ကျွန်တော် အဲဒီလောက်လည်း မနေနိုင်သေးတာပဲ”

“အချိန်တန်တော့လည်း ဖြစ်သွားတာပါပဲ သားရယ်၊ တစ်ခါတလေ ကျတော့လည်း ကိုယ့်ဘဝတစ်လျှောက်လုံး သိနေကြုံနေကျ ဖြစ်ရပ်လေး တစ်ခု၊ သိနေတယ် ထင်ပြီးသား စကားလေးတစ်ခွန်းကပဲ အချိန်ကျတဲ့အခါ ကိုယ့်ဘဝကို အချိုးအကွေ့ ဖြစ်ရင် ဖြစ်စေတာပဲ သားရဲ့၊ အချိန်ပဲ၊ သားဘဝကံမှာ ပါပြီးသား အချိန်၊ အဲဒီ အချိန်”

“မမနွေလည်း ဒီလို စကားမျိုး ပြောဖူးတယ် ဆရာမ”

“နွေကတော့ ပြောမနေနဲ့၊ ဘဝကလည်း နာခဲ့တယ်၊ စာကလည်း အတော်ဖတ်သေးတယ်၊ အတွေးသမားလည်း ဖြစ်တယ်ဆိုတော့ တစ်ခါတလေ သူ ပြောတဲ့စကားနဲ့ သူ့အသက်အရွယ်နဲ့ဆို သိလှချည်လား အံ့ဩမိတဲ့အထိပဲ”

“ကျွန်တော်တို့ ပြောင်းခါနီးတုန်းက ကျွန်တော်က အဲဒီ ခွဲခွာတဲ့ဒဏ်ကို မခံစားနိုင်ဘူးကိုး ဆရာမရဲ့၊ ကိုယ်က အစ်မလို၊ နောက်တော့လည်း ဟိုဒင်း...ဆရာမလည်း သိပြီးသားပဲ၊ သံယောဇဉ်ရှိမိတဲ့သူ ဆိုတော့ ခွဲရတဲ့အခါ အဲဒီ ဝေဒနာကို မခံနိုင်ဘူး၊ မမနွေက အစဦးရက်တွေမှာ မျက်နှာမကောင်းလှပေမဲ့ မေမေ့ကို ပစ္စည်းပြင်ကူ ဘာညာလုပ်ပေးတော့

ခပ်အေးအေးပဲ၊ ကျွန်တော်လေ မမနွေကို အဲဒီလို မမြင်ချင်ဘူး၊ မမနွေ ဝမ်းနည်းနေတာကို မြင်ချင်တယ်၊ ကျွန်တော်တို့ကို မပြောင်းစေချင်ဘူး ဆိုတာမျိုး ပြောစေချင်တယ်၊ ဒါပေမဲ့ တစ်ခွန်းတောင် မပြောခဲ့ဘူး၊ တစ်ရက်တော့ မခံနိုင်လွန်းလို့ ဒီအကြောင်း ပြောဖူးတယ်၊ အဲဒီတော့ ဘာပြန်ပြောသလဲ သိလား၊ မမတို့ ဒီအချိန် ခွဲရမယ်ဆိုတာ ပါပြီးသားပဲတဲ့၊ လုပ်ယူလို့မှ မရဘဲတဲ့၊ စိတ်မကောင်းပေမယ့် လက်ခံရမှာပေါ့တဲ့၊ မေမေကတော့ ရင့်ကျက်လိုက်တာကွယ်လို့ ချီးကျူးတယ်၊ ကျွန်တော်ကတော့ မမနွေဟာ ကျွန်တော့်လောက် သံယောဇဉ် မထားတတ်ဘူးလို့ စိတ်ထဲကနေ အကြီးအကျယ် စွပ်စွဲခဲ့ဖူးတယ်”

“နွေက မင်းကို ခင်ပါတယ် သားရယ်၊ လူတွေနဲ့ ခွဲရတာ ရှင်ကွဲရော၊ သေကွဲရော ခဏခဏမို့ သူ့အတွက် အနာအဆင့်ကနေ အသားမာ တက်သလို ဖြစ်နေတာ နေမှာပါကွယ်”

“ကျွန်တော် နောက်ပိုင်းကျတော့မှ အဲဒီလို ပြန်တွေးလာနိုင်ခဲ့တာ ဆရာမရဲ့၊ ငယ်တုန်းကတော့ ငယ်စိတ်နဲ့ပဲပေါ့”

“အခုသာ ပြန်တွေ့ရင် ဘာပြောမလဲကွာ”

“ကျွန်တော်...”

“အင်း...”

“ဟင်း...တကယ်တမ်းကျတော့လည်း ပြောချင်တာတွေ၊ မေးချင်တာတွေ သိပ်များတော့ ရုတ်တရက် ပြန်တွေ့ရင် ဘာစကားမှ ချက်ချင်း ပြောနိုင်မယ် မထင်ပါဘူး အစ်ကိုရာ၊ မမနွေလို့ ဝမ်းသာအားရ ခေါ်မိမှာပေါ့၊ စကားပြောနိုင်ရင်တော့လည်း ဘယ်တွေ ရောက်နေတာလဲ၊ ကျွန်တော့်ကို၊ လူတွေကို ဘာလို့များ အဆက်အသွယ် ဖြတ်ထားရသလဲ မေးမှာပေါ့”

“ဒါပဲလားကွာ

“တချို့စကားတွေကျတော့ အချိန်ယူဖို့ လိုမှာပေါ့ အစ်ကိုရာ”

“မောင်ငြိမ်းစောရယ် မင်းမလည်း မေးလို့ပဲ မဆုံးဘူး”

“မဟုတ်ဘူး အမေရေ၊ ထပ်တွေ့ဝေနေမှာစိုးလို့ ပြောနေရတာ”

“နောက်ထပ် မတွေ့ဝေတော့ပါဘူး အစ်ကိုရာ၊ ကံပေးလို့ ဆုံလို့မှ ထပ်တွေ့ဝေရင် တစ်သက်လုံး ဝေးတော့မှာပေါ့”

"နှစ်ယောက်သား အပေးအယူတွေ ညီနေလိုက်ကြတာ ကြည့်ဦး၊ စားပြီးသောက်ပြီး ကတည်းက စကား ကောင်းနေလိုက်ကြတာ မောင်မြတ်မော် ပြန်များ နားချင်နေပြီလား"

"ရတယ် ဆရာမ၊ အိပ်ရုံရှိတာပဲ၊ ပစ္စည်းလည်း ပြင်ပြီးသား"

"မနက်ခင်းကျတော့ မနက်စာ ဒီလာစားပါလား သား"

"ဟာ...နေပါစေတော့ ဆရာမ၊ ဒီညစာ ကျွေးတာပဲ ကျေးဇူးတင်လှပြီ၊ မနက်ဖြန် မနက်က စိုင်းနောင့်တို့ လင်မယားနဲ့၊ ရွှေယိင်းနဲ့ လာကြမှာလေ၊ သူတို့နဲ့အတူ မနက်စာစား၊ ပြီးတော့ ဘူတာ ဆင်းမှာပေ့ါ"

"ဒါဆိုလည်း ဆရာမတို့ ခုည တစ်ခါတည်း နှုတ်ဆက်ရမှာပေ့ါ"

"ကျွန်တော် ဒီမှာ ရှိခဲ့တဲ့ တစ်ပတ်လုံး ဆရာမနဲ့ အစ်ကို ကျွန်တော့်ကို ဂရုစိုက်ခဲ့ကြတာ ဘယ်တော့မှ မမေ့ဘူးဗျ၊ ကျေးဇူးစကားပြောရင် သူစိမ်းဆန်မှာ စိုးလို့သာ မပြောတာ"

"အမယ်လေး မပြောပါနဲ့ သားရယ်၊ အချင်းချင်းတွေပဲ၊ ဒီလူနဲ့ ဒီလူပဲ၊ ဘာလိုမလဲကွယ်"

"အမေ၊ အမေတို့ စကားသာ ဆက်ပြောကြရင် သန်းခေါင်တိုင်လိမ့်မယ်၊ မြတ်မော် ပြန်ရင်လည်း ပြန်ပါစေတော့"

"သား လိုက်ပို့မယ် မဟုတ်လား"

"ဟာ နေပါစေ ဆရာမ၊ အစ်ကို ရတယ် မပို့နဲ့၊ ကျွန်တော့်ဘာသာ ပြန်ပ့ါမယ်"

"ရပါတယ် မြတ်မော်ရ၊ ငါ ပို့ပ့ါမယ်"

"မဟုတ်ဘူး အစ်ကို၊ နောက်ဆုံး နှုတ်ဆက်ရတဲ့ ညမှာ မြို့က လမ်းတွေပေါ် ကျွန်တော် တစ်ယောက်တည်း တွေးရင်း လျှောက်သွားချင်လို့ပါ"

❁

ပေးစာ(၁)

"...ပြန်ရောက်ကတည်းက ပစ်ထားခဲ့တဲ့ အလုပ်နဲ့ ရှုပ်နေလိုက်တာ အစ်ကို့ဆီ စာရေးဖို့တောင် အတော် နှောင့်နှေးသွားမိတယ်၊ အစ်ကိုကတော့ ဖုန်းဆက်နိုင်သားပဲလို့ ပြောမှာပဲ၊ ဒါပေမဲ့လည်း ကျွန်တော်ကတော့ ပြောချင်တာ အကုန် စာရေးချလိုက်ရတာကို ပိုသဘောကျတယ်၊ အစ်ကို အီးမေးလ် သုံးတာကိုလည်း ကျေးဇူးတင်ရမယ်၊ အရင်တုန်းကလို လက်ရေးလေးနဲ့ အလွမ်းပြေ ရေးချင်ပေမယ့် ကွန်ပျူတာနဲ့ စာရေးတာ ကြာသွားတဲ့အခါ ကျွန်တော် စာရေးရင် သိပ်နှေးတယ်၊ ရေးချင်တာကလည်း စာရှည်၊ တဖွဲ့တနွဲ့ ရေးချင်တာ ဆိုတော့ စာရိုက်တာက ပိုအဆင်ပြေတာကိုး။ (စာတိုက်ကသာ ထည့်ရရင် စာအိတ်အထူကြီးတွေ အစ်ကို လက်ခံရဦးမှာပဲ။)

ရန်ကုန်အိမ်မှာတော့ ကျွန်တော် ပြောပြသမျှ ခရီးသွား အတွေ့အကြုံတွေကို နားထောင်ပြီး သီပေါကို ပြန်လွမ်းလာတယ် ထင်ပါရဲ့။ မေမေဟာ တစ်ရက်တစ်ရက် ဘော်ကြိုအိမ်ကလေးအကြောင်း၊ ပိတ်ရက်တွေဆို ရောက်နေကျ သီပေါမြို့ပေါ်က ဈေးတို့၊ စာအုပ်ဆိုင်တို့၊ ရုပ်ရှင်ရုံတို့၊ လက်ဖက်ရည်ဆိုင်၊ ခေါက်ဆွဲဆိုင်တို့တွေအကြောင်း၊ မိတ်ဆွေတွေအကြောင်း၊ သိပ်လှတဲ့ မြို့ပတ်ဝန်းကျင်အကြောင်း သတိရတိုင်း စကားစပ်လို့ ပြောတော့တာပဲ။ ဒီတော့လည်း မမနွေအကြောင်းဟာ မပါမဖြစ် ပါလာတာပေါ့။ (တကယ်တော့ ကျွန်တော့်ခံစားချက်ကို မေမေ ရိပ်မိတာ သီပေါက အပြန်မှပါ။)

မမနွေ တစ်ခါတုန်းက ကျွန်တော့်ကို ပြောဖူးတဲ့ စကားလေး မေမေ့ကိုလည်း ပြောပြတယ်ဆိုတာ အဲဒီတော့မှ သိရတယ်။ အစ်ကို မသေသေးဘူးလို့ ဘာလို့ ထင်ခဲ့သလဲဆိုတော့ သူ့ကို အိပ်မက် လုံးဝ မပေးခဲ့လို့ ဆိုတာလေ။

ဒါနဲ့ ကျွန်တော်လည်း မေမေ့ကို မေးရတယ်၊ မေမေရော ဘယ်လို ထင်သလဲလို့။ မေမေ့အဖြေကတော့ ရှင်းရှင်းလေးပဲ၊ အဲဒီတုန်းကတော့ မေမေလည်း အစ်ကိုလင်းညို ပြန်လာမယ်၊ သက်မရှင်းတာလေး တစ်ခုခုရှိလို့ တစ်နေရာရာမှာ အဖမ်းခံထားရတာပါ၊ လွတ်လာမှာပါ ထင်ခဲ့တာပဲတဲ့၊ နှစ်တွေ ကြာလာတော့လည်း ဒေသခံတွေ မြင်ကြသလို ပြန်လမ်းမရှိ၊ သေသွားခဲ့ပြီလို့ပဲ တွေးလိုက်တာတဲ့။ ကဲ...ဒါဖြင့် ဟုတ်ပြီ၊ မမနွေ ဒီအတိုင်း လက်ခံသွားမယ်လို့ မေမေ ထင်သလားဆိုတော့ မပြောတတ်ဘူးတဲ့၊ လက်မခံချင်ဘဲ မတတ်သာလို့

လက်ခံလိုက်ရတာလည်း ဖြစ်ချင်ဖြစ်မှာ၊ ဒါကြောင့်ပဲ သီပေါက ထွက်သွားရသလား မပြောတတ်ဘူးတဲ့။

ဖြစ်နိုင်တာပေ့ါ၊ လူဟာ ကိုယ့်ကို နာကျင်စေတဲ့ နေရာဟောင်းတွေ အရပ်ရှစ်မျက်နှာမှာ ရှိနေတဲ့ ပတ်ဝန်းကျင်မှာ ဘယ်ပျော်ပိုက်ပ့ါမလဲ၊ မဟုတ်ဘူးလား၊ အနည်းဆုံးတော့ နေရာသစ်မှာ နေတော့မှာပေ့ါ။ အတိတ်ကို ပြည်ဖုံးကား ချတယ်လို့ မဆိုနိုင်ရင်တောင် ပစ္စုပ္ပန်တည့်တည့်ရှု နေလို့ထိုင်လို့ ဖြစ်မယ့်နေရာမှာ နေတော့မှာပေ့ါ။

ဒါပေမဲ့ တကယ်တမ်း အဲဒါကြောင့်သာ ထွက်သွားရတာဆိုရင် မမနွေ့ တွေးဖို့ကောင်းတာက ထွက်ပြေးတိုင်း လွတ်တာ မဟုတ်ဘူးဆိုတာပဲ။ ကိုယ်ကိုယ်တိုင် လွတ်မြောက်ချင်မှသာ တကယ် လွတ်မြောက်တယ် ဆိုတာပဲ။ ဒဏ်ရာဟောင်းကို အနာဖေး မကျက်စတမ်း ပြန်ပြန်ဆွနေလို့ကတော့ ဝေဒနာ ဖြစ်စေရာအရပ်နဲ့ မိုင်ထောင်ချီဝေးအောင် ပြေးပါစေ မလွတ်မြောက်ပါဘူး။

ဒီလို ပြောရင်တော့ မကြုံဖူးတာမို့ မစာနာနိုင်ဘူးလို့ မမနွေ့က အပြစ်ပြောရင်လည်း ပြောမှာပေ့ါ အစ်ကိုရာ၊ တကယ်တမ်းကျတော့ ကျွန်တော်လည်း ကြုံဖူးတာပေ့ါ။ ကျွန်တော်က ရှင်ကွဲလေ၊ မမနွေ့နဲ့ ရှင်ကွဲလေ။ ကတ်သတ် ပြောရကြေးဆို သေကွဲကမှ သေသွားလို့ ခွဲရတာပဲ၊ သင်္ခါရပဲ၊ သတ္တဝါတိုင်း တစ်နေ့ မလွဲမသွေ ကြုံရမှာပဲ ဖြေတတ်ရင် ဖြေသာဦးမယ်၊ ရှင်ရက်နဲ့ ဝေးကြရတာကမှ တကယ့်ဝေဒနာ၊ တစ်မိုးအောက်မှာ အရပ်ဒေသတစ်ခုစီမှာ ရှိနေတယ်မှန်း သိနေပါရက်နဲ့ ပြန်မဆုံနိုင်ကြတော့တာကမှ တကယ့်အနာ။

ကျွန်တော်တို့ ပြောင်းလာလာချင်းတုန်းက မမနွေ့နဲ့ ရှင်ကွဲကွဲနေတယ်လို့ မခံစားရပါဘူး။ ဘာလို့ဆို စာချင်း အဆက်အသွယ်မှ မပြတ်ဘဲကိုး။

မမနွေ့ရဲ့ စာတွေဟာ ခုနေ အလွမ်းပြေ ပြန်ထုတ်ဖတ်ဖြစ်ရင် တကယ် လွမ်းစရာတွေချည်းပဲ။ ကျွန်တော်က လွမ်းတတ်သူမို့ လွမ်းစရာ ရှာလွမ်းတာ မဟုတ်ဘူး၊ မမနွေ့ ရေးပုံလေးတွေကိုက လွမ်းစရာကောင်းနေတာ။ မမနွေ့မှာ စာနဲ့ ဘာနဲ့ လှမ်းပြောစရာကလည်း အဲဒီ အချိန်က ကျွန်တော်ပဲ ရှိခဲ့တယ် ထင်တာပဲ။

ကျွန်တော်တို့ကြားမှာ စာရွက်ဖြူဖြူ ၊ စာရွက်ဝါ၊ စာရွက်ပြာလေးတွေဟာ အပြန်အလှန် ကူးလူးနေခဲ့ဖူးတယ်။ စာရွက်ဖြူကတော့ မမနွေ့ အမြဲ သုံးတဲ့အရောင်။ ကျွန်တော်က ရောင်စုံစာရွက်လေးတွေ သုံးတာ။ ပန်းရောင် လေး သုံးချင်ပေမယ့် မမနွေ့ ငြူစူမှာ စိုးတာကြောင့် မသုံးရဲဘူး။

တခြား အရောင်သုံးတော့ ရောင်သာတိမ်းသာတယ် မှတ်တာပဲ၊ မေမေ့စာရေးစက္ကူ စာအုပ်က ယူသုံးတာလို့လည်း စကားခံထားရတာပေါ့။

အဲဒီ ရောင်စုံစာရွက်လေးတွေ ကြားထဲမှာ ပန်းခြောက်လေးတွေ၊ သစ်ရွက်ခြောက်လေးတွေ ကျွန်တော် ထည့်ပေးဖူးတယ်။ ခြံထဲက ဆိပ်ဖလူးပန်းတို့၊ ခရေပန်းတို့၊ စံပယ်ပန်းတို့လို ပန်းခြောက်ကလေးတွေ၊ သစ်ရွက်လှလှလေးတွေ။ (စွယ်တော်ရွက်ခြောက်လေးတောင် ထည့်ပေးဖူးတယ်။)

တစ်ခါတလေတော့လည်း ပို့စကတ်လေးတွေ ရအောင်ရှာပြီး ထည့်ပေးရတယ်။ အဲဒီအချိန်တုန်းက ပို့စကတ် ပို့ကြတာ အရင်လောက် ခေတ်မစားတော့ ကဗျာလေးဘာလေး ရေးထားတဲ့ ပို့စကတ်မျိုးတွေ ရှာလို့မလွယ်တော့ဘူး။ ရှေ့ဘက်မှာ ရှုခင်းပုံ၊ နောက်ကျောမှာ မှ..၊ သို့.. ဆိုတဲ့ လိပ်စာဖြည့်ဖို့ ပြင်ပေးထားတဲ့ ပို့စကတ်လေးတွေပဲ ရှိတော့ အဲဒါလေးတွေပဲ ပို့ဖြစ်တယ်။

မမနွေဆီက ပြန်ရတာကျတော့လည်း ကျွန်တော့်လောက် အနုစိတ် မဟုတ်ပေမဲ့ တစ်ခုဆို တစ်ခုဆိုသလောက်ပဲ အမြတ်တနိုး ရှိရတယ်။ သူ ကိုယ်တိုင် ခဲခြစ် ခြစ်ထားတဲ့ ပန်းချီပုံလေးတွေကိုး။ များသောအားဖြင့် ရှုခင်း ပုံတွေပဲ၊ အိမ်နောက်ဘက်က မြင်ရတဲ့ ဒုဋ္ဌဝတီပုံ၊ ဟိုးအဝေးက တောင်တန်းတွေပုံ၊ အဲဒီလိုပေါ့။

ကျွန်တော်ကတော့ စာထဲမှာ ဘယ်နေရာတွေ ဘယ်လို သတိရကြောင်း၊ ဘာလေး လုပ်လို့ ဘယ်လို တိုက်ဆိုင်တဲ့အခါ အမှတ်ရကြောင်းတွေ ထည့်ရေးတတ်ပေမယ့် မမနွေကတော့ ခပ်မှန်မှန်ပဲ။ “မြတ်မော်ကိုရော အန်တီ ဆရာမကိုရော သတိရပါတယ်” လို့ သုံးတတ်တယ်။ ကဲ...မလိမ္မာပေဘူးလား။ အဲဒီတုန်းကတော့ ဒီလိုပဲ ရေးတတ်လို့ ရေးတယ်ထင်ပေမယ့် အသက်ရလာတဲ့ အခါကျတော့ မမနွေဟာ ငါ သူ့အပေါ် သာမန်ထက် ပိုတယ်လို့ သိလို့ပဲ စကားလုံး သုံးတာ သိပ်သတိထားခဲ့သလားပေါ့။ အစ်ကိုလင်းညိုနဲ့ ပတ်သက်တဲ့ ဝေဒနာကို မကြာမကြာ ပြောခဲ့သလား၊ ကျွန်တော့်ကို ချွန်းအုပ်ခဲ့သလားပေါ့။ ဒါလည်း မမနွေကိုယ်တိုင်ပဲ သိမှာပါ။

တစ်ခါက စာလေးထဲမှာ ထည့်ရေးထားတဲ့ စာကြောင်းလေးတွေကတော့ မမနွေက ဘယ်လို ရည်ရွယ်သည်ဖြစ်စေ ကျွန်တော် ဝမ်းနည်းရတယ်။ အစ်ကိုလင်းညိုကို သတိရတာရယ်၊ အစ်ကိုလင်းညိုအပေါ် ထားခဲ့တဲ့ မေတ္တာကို အားကျ မက်မောရတာရယ်ကြောင့် ဆိုပါတော့။

"ကိုယ့်ဆီ ပြန်ရောက်လာမယ် ထင်တဲ့သူကို မျှော်ရတာထက် ပြန်မလာလောက်ဘူး ထင်တဲ့သူကို မျှော်ရတာက ပိုပင်ပန်းတယ်၊ ဒါပေမဲ့လည်း အဲဒီလို မျှော်နေရတာကပဲ အသက်ဆက်ရှင်နေချင်တဲ့ အကြောင်းလေ" တဲ့။

* * *

ပေးစာ(၂)

"...ပြီးခဲ့တဲ့ တစ်ရက်ကပဲ ဖိုးခွားနဲ့ လမ်းမှာ ဆုံကြတယ် အစ်ကို၊ သူ့ကို သီပေါ ပြန်ရောက်ခဲ့တဲ့အကြောင်း၊ စိုင်းနောင့်တို့ကလည်း သတိရနေကြောင်း ပြောပြဖြစ်တယ်။ နှစ်ယောက်သား လွမ်းကြောင်းတွေ ထပ်ထပ်ပြော ဖြစ်တော့တာပေါ့ အစ်ကိုရာ။ ဖေ့စ်ဘွတ်ခ်မှာလည်း ခရီးအကြောင်း မတင်ဖြစ်ခဲ့တော့ သွားတာသာ သိခဲ့ပြီး ဘာမှ မသိရသေးတဲ့ ဖိုးခွားကို ကျွန်တော်က ပြောပြလိုက်၊ အတိတ်တုန်းက အကြောင်းတွေ ဖိုးခွားက စကားပြန်စပ်လိုက်နဲ့ နှစ်ယောက်သား ဆူးလေက ကော်ဖီဆိုင်ထဲ အတော်ကြာ ထိုင်ဖြစ်ကြတယ်။

ဖိုးခွားက အခု အစီအစဉ်တင်ဆက်သူ လုပ်နေတယ်လေ၊ အအောင်မြင်ကြီးတော့ မဟုတ်သေးပေမဲ့ ကြိုးစားနေဆဲပေါ့။ ညီမလေးကတော့ အိမ်ထောင်ကျပြီတဲ့၊ အမေက ညီမလေးနဲ့ လိုက်နေ၊ သူကတော့ အလုပ်က သူငယ်ချင်းတွေနဲ့ အိမ်ငှားနေပေါ့။ အခုရော မင်းညီမလေးကို လိုက်မထိန်းရတော့ဘူးလား ဆိုတော့ ဆဲပါလေရော။ သူ့အဖေကတော့ နောက်အိမ်ထောင်လက်ထဲမှာပဲ ဆုံးသွားရှာတယ်။ ကျွန်တော် ပြောင်းသွားပြီးတဲ့ နောက်ပိုင်း ဖိုးခွားရဲ့ ဘဝအပြောင်းအလဲဟာ မြန်လှတယ်။ ဖိုးခွားရဲ့ အဖေဟာ မူဆယ်မှာ နောက် အိမ်ထောင်ထူတယ်။ ဖိုးခွားအမေကတော့ ဈေးရောင်းမြဲရောင်း၊ သားရယ်၊ သမီးရယ်ကို ပျိုးထောင်မြဲ ပျိုးထောင်ရင်း ကျန်ရစ်ခဲ့တာပေါ့။

တစ်ခုပဲ ပြောစရာရှိခဲ့တာက အဲဒီတုန်းက ဖိုးခွားရဲ့ အသက်အရွယ်ဟာ အတိမ်းအစောင်း မခံတဲ့အရွယ်မဟုတ်လား။ သူ့အမေရော၊ စိုင်းနောင့်ရော ထိန်းတဲ့ကြားကကို စိတ်လေလွင့်ခဲ့သေးသတဲ့၊ လွယ်ရာလမ်းနောက်လိုက်သလို တချို့လူငယ်တွေလို ဆေးတောင် သုံးခဲ့ဖူးသေးသတဲ့၊ ကျောင်းဆိုတာလည်း ပျက်လိုက်တာ ဝီခေါ်လို့၊ နောက်ဆုံးတော့ စိုင်းနောင့်က နှစ်ချင်းပေါက် အောင်ပေမယ့် သူက စာမေးပွဲတစ်နှစ် ကျခဲ့တာ။ နောက်တစ်နှစ်ကျတော့မှ သြော်... ငါ့အမေ ပင်ပန်းလှချည့်လို့ ပြန်မြင်တတ်လာပြီး အသိတရား ဝင်လာသတဲ့၊ အခုတော့လည်း ဖိုးခွားဟာ ကျွန်တော် နဂိုသိခဲ့တဲ့ ဖိုးခွားပါပဲ။

သူ တာဝန်ယူထားရတဲ့ အစီအစဉ်ဟာ နဂိုကတည်းက အူရှင်၊

ဖြတ်ထိုးဉာဏ် ကောင်းတဲ့သူနဲ့လည်း ကွက်တိပဲ၊ သူ လျှောက်နေတဲ့လမ်းဟာ အမှန်ပဲ။ ထူးခြားတာက ကျွန်တော်တို့ သူငယ်ချင်း သုံးယောက်စလုံးဟာ စီးပွားရေးလုပ်ငန်းတစ်ခုခုကို ကိုယ်ပိုင် ဇောက်ချ လုပ်ချင်စိတ် မပြင်းပြတာပဲ၊ အိပ်မက်နည်းတာလည်း မဟုတ်၊ လျှောက်နေကျလမ်း၊ ပျော်လည်း ပျော်ပိုက်တဲ့ လမ်းကလေးမှာ ပုံမှန်လျှောက်ရုံပဲ။ ဘဝဟာ နေပျော်ဖို့ လိုရင်း မဟုတ်လား အစ်ကို။ တိုတောင်းတဲ့ဘဝမှာ အပူတွေ အများကြီး ထမ်းမထားချင်တာကတော့ မတိုင်ပင်ပါဘဲ သုံးယောက်လုံး ညီကြတဲ့ သဘောပဲ။

ဖိုးခွားက ကျွန်တော့်ကို မေးတယ်၊ မင်း မိန်းမ မယူသေးဘူးလားတဲ့။ မင်းရော ဆိုတော့ ရှေ့နှစ်တဲ့။ ကျွန်တော်လည်း ပြောပါတယ်၊ ငါလည်း အခြေတကျလေးများ နေမလားလို့ ကျန်ခဲ့တဲ့ နှစ်နှစ်လောက်က တစ်ခါ စိတ်ကူးဖူးတယ်၊ မေမေကလည်း နားချတာနဲ့ ဟုတ်မိဟုတ်ရဲ့ပေါ့၊ နောက်ဆုံးတော့လည်း တစ်မိုးအောက် အတူနေကြမယ့် လူနှစ်ယောက်မှာ ရင်ခုန်စိတ်လှုပ်ရှားရုံ အချစ်မျိုးထက် မေတ္တာစိတ်က ပိုအရေးကြီးတာ၊ အဲဒီ မေတ္တာစိတ်ကို မမွေးနိုင်၊ တစ်ယောက် အားနည်းချက် တစ်ယောက်က သည်းမခံနိုင်နဲ့ နောက်ဆုံးတော့ မင်္ဂလာခန်းမဆီမရောက်ဘဲ လမ်းခုလတ်မှာတင် ဇာတ်သိမ်းခဲ့တာပဲ။ အဲဒီနောက်ပိုင်း ဘာမှ ထပ်မလှုပ်ရှားဖြစ်တာ၊ သီပေါက ပြန်လာတော့ ပိုဆိုးပြီလို့။

ဟာ...ဘာလို့လဲတဲ့၊ ငါ မမနွေကို တအား သတိရလာတယ်ကွာ၊ အချစ်ဦးဟာ အချစ်ဦးပါပဲ၊ ဘယ်လောက်ပဲ နှစ်ကြာကြာ ငါ့စိတ်ထဲ ရှိနေကျ နေရာလေးမှာ ငြိမ်ငြိမ်လေး ရှိနေတုန်းပါပဲလို့ ပြောပြမိတယ်။ ကမ်းမမြင် လမ်းမမြင် ပင်လယ်ကိုမှ ကူးဖို့ရာ မျှော်ချင်တဲ့ ကျွန်တော့်အတွက် ဖိုးခွားက စိတ်မကောင်းဖြစ်ပုံပဲ။ နောက်တော့လည်း စကားလမ်းကြောင်း လွှဲပြီး ငယ်တုန်းက အကြောင်းတွေ ပြောရင်းပြောရင်းနဲ့ မမနွေရဲ့ ပုံပြင်လေးဟာ ဝေဝါးသွားပြန်ရော။ အပြန်လမ်းကျတော့ ထုံးစံအတိုင်း တွေးမြဲတွေးတာပါပဲ။

အစ်ကို့ဆီက ပြန်စာမှာ မမဒါလီဆီ ထပ်ရောက်တာ၊ ထပ်ပြီး သိခဲ့ရသမျှ ပြန်ဝေမျှတာ ကျေးဇူးတင်တယ်၊ မမနွေ ထွက်မသွားခင်က စာတွေ ရောက်ရောက် လာတတ်တယ်ဆိုတာ အစ်ကို ရေးတော့မှ ကျွန်တော် သိရတာပဲ၊ ဘယ်သူဖြစ်နိုင်မလဲဆိုတဲ့ အစ်ကို့အမေးကိုတော့ ကျွန်တော် ဖြေတတ်မှာ မဟုတ်ဘူး။ ကျွန်တော်ကတော့ တခြားသူတွေ တွေးကြသလို အဲဒါ အစ်ကိုလင်းညိုလို့ လုံးလုံး မထင်ဘူး။ (၁)အချက် အစ်ကိုလင်းညိုဟာ အလောင်းပြန်မရပေမဲ့ ဆုံးပါးသွားတာ ဖြစ်ဖို့များတယ်၊ အပ်ကျမပ်ကျ မစွပ်စွဲနိုင်ပေမယ့် ဒေသခံတွေ လက်ဆင့်ကမ်းနေကျ ဇာတ်လမ်းတွေအရ ဒီလိုပဲ ယုံကြည်ရမယ်၊ (၂)အချက် အစ်ကိုလင်းညိုသာ အသက်ရှင်နေရင် သီပေါကို

ပြန်လာမှာပဲ၊ ဘာကိစ္စနဲ့ အဝေးတစ်နေရာမှာ ဇာတ်မြှုပ်နေမလဲ၊ အဖေနဲ့အစ်မကို ပစ်ထားမလဲ၊ အခုဆို သူ့အစ်မတစ်ယောက်တည်း နေရတယ်ဆိုတဲ့ အဖြစ်နဲ့ ဘယ်ပစ်ထားမလဲ မဟုတ်ဘူးလား။

ဒီတော့ စာပို့သူဟာ အစ်ကိုလင်းညို ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ စာဆိုတာကလည်း ပုံမှန် ကျွန်တော်တို့လို မိတ်ဆွေတစ်ယောက်ယောက်က ဆက်သွယ်တာ ဖြစ်ရင်ဖြစ်မှာပါ။ ထွက်သွားတော့မှ၊ ဘယ်ရောက်သွားမှန်း မသိတော့မှ ဟိုစဉ်းစား ဒီစဉ်းစားနဲ့ ပေါ်လာတဲ့ကွင်းဆက်လည်း ဖြစ်ရင် ဖြစ်နေမှာပါ အစ်ကို။

သေချာတာကတော့ အဲဒီစာရေးသူဟာ ကျွန်တော် မဟုတ်ဘူး ဆိုတာပဲ၊ ကျွန်တော့်စာ ဖတ်ရလို့ မမနွေ့ စိတ်အနှောင့်အယှက် ဖြစ်မှာစိုးလို့ ရပ်တန်းက ရပ်လိုက်တာ မှတ်မှတ်ရရ ၂၀၀၄ လောက်မှာပါပဲ။

အခု ၂၀၁၇ဆို ၁၃နှစ်နီးပါးကြာခဲ့ပြီပေါ့၊ စာချင်းဝေးတော့မှ လူချင်း တကယ် ဝေးသွားသလို ခံစားရတာ။ စစချင်းကတော့ အသည်းကွဲတာပေါ့ အစ်ကိုရာ။ အိမ်ရှေ့ကနေ စာပို့သမား ဖြတ်သွားတာကို မခံစားနိုင်ဘူး၊ စာတိုက်ရှေ့က ဖြတ်မိရင်၊ စာတိုက်ပုံးအနီလေး မြင်မိရင် မခံစားနိုင်ဘူး။ သီပေါတုန်းက ဘဘဦးကျော်စိန်ကို တွေ့ရင် မမနွေ့ မျှော်လင့်တကြီး မေးတတ်သလိုတော့ စာပို့သမားတွေ့ရင် မမေးမိပါဘူး။ မသိစိတ်ကတော့ မျှော်တာပေါ့၊ နောက်ပိုင်းတော့ မမျှော်တော့ဘူး။ သတိရတယ်၊ လွမ်းတယ်၊ ဒါပေမဲ့ လူဆိုတာဟာ တစ်ယောက်မရှိလည်း နောက်တစ်ယောက်က ရှေ့ဆက်ရမြဲ သတ္တဝါမျိုးမို့ နေသားကျလာတယ် ဆိုရမှာပေါ့။

ပြောရရင် ရန်ကုန်ဟာ ကျွန်တော့်အိမ်ပဲ၊ အလွမ်းတွေနဲ့ ပြန်လာတဲ့ ကျွန်တော့်ကို ဆီးကြိုတယ်၊ အနာဆေးသိပ်တယ်။ အိပ်မက်အသစ်တွေနဲ့ ရှေ့ဆက်စေတယ်။ အရွယ်နဲ့ လိုက်အောင် တစ်စစ ရင့်ကျက်လာစေတယ်။ ကျွန်တော့်ဇာတိမြေ။ မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်က အိပ်မက်တွေ ထမ်းပိုးလို့ ရောက်လာတဲ့ လူငယ်တွေရဲ့မြေ။ ကျွန်တော် ပျော်ပိုက်တဲ့မြေ။

ကျွန်တော့်ရန်ကုန်ဟာ လူမျိုးစုံ၊ ယဉ်ကျေးမှုစုံကို တွေ့နိုင်တဲ့နေရာ။ ကမ္ဘာကြီးကို တံခါးပေါက်အသွယ်သွယ်ကနေ လှမ်းကြည့်နိုင်တဲ့နေရာ။ ကိုယ် ဘယ်လိုဘဝမျိုး တည်ဆောက်ချင်တာလဲ၊ ကြိုးစားသူ အစွမ်းရှိသလောက် ရန်ကုန်ဟာ သူ့ရင်ကို တံတားလို ခင်းပြီး ပံ့ပိုးဖို့ အသင့်ပဲ။ ခုနောက်ပိုင်း ဖျက်သူတွေ ဖျက်ခဲ့လို့ မြို့ပျက်ကြီးတစ်ခုလို ဟိုနေရာ ယိုယွင်း၊ ဒီနေရာ ယိုယွင်း ဖြစ်လာတော့လည်း ရန်ကုန်ကို ချစ်တဲ့ ကျွန်တော်တို့မှာ စိတ်မကောင်း ဖြစ်ရတာပဲ။ ကားတွေပိတ် လူတွေထူ အပူတွေ လှိုင်းလိုလွင့်လို့ ဆူညံသံတွေ

ပတ်လည်ဝိုင်းနေတဲ့ အခါ ထွက်မပြေးချင်ဘူးလားဆို ပြေးချင်တာပဲ၊ ပြေးတာပဲ၊ အချိန်တန်တော့လည်း ပြန်ရောက်လာမိတာပဲ။

တစ်ခါတလေတော့လည်း လူထူထူကြားထဲ ပျောက်သွားနေမိတဲ့အခါ စိတ်တွေ မွန်းကျပ်နေရင်းနဲ့ကို ကျွန်တော့်မှာ ခုနေများ မမနွေကို ဘွားခနဲ ပြန်တွေ့လိုက်ရရင် သိပ်ကောင်းမှာပဲ စဉ်းစားမိတယ်။ မတွေ့ချင်လို့၊ မဆက်သွယ်ချင်တော့လို့ တမင် ဖြတ်တောက်သွားသူကို တကူးတကတော့ စိတ်အနှောင့်အယှက်ဖြစ်အောင် လိုက်မရှာခဲ့ဘူး။ ဒါပေမဲ့ အမှတ်မထင် ပြန်ဆုံဖို့တော့ အချိန်တိုင်း မျှော်လင့်တယ်ဆိုတာ ပြောနေကျ အမှန်တရားပါပဲ။

ဟိုတစ်နေ့က မမနွေရဲ့ စာဟောင်းလေးတွေ ပြန်ဖတ်မိတော့ စာလေးတစ်စောင်ထဲက စာတစ်ပိုဒ်ဟာ ကျွန်တော့်ကို နင့်နင့်သီးသီး လွမ်းစေပြန်တယ်။ မမနွေရဲ့ ပျောက်ဆုံးခြင်းဟာ ဒီစာပိုဒ်လေးနဲ့ ဆက်စပ်နေသလား အစ်ကို စဉ်းစားလို့ရအောင် ကျွန်တော် ကွင်းခတ်ပြီး ရိုက်ပေးလိုက်တယ်နော်။ (..တစ်ခါတစ်ခါကျတော့လည်း မမ တွေးမိတယ်၊ ငါဟာ ဘယ်သူလဲ၊ ဘာလို့များ သူများအိမ်မှာ ရောက်နေရသလဲ၊ တခြားသူတွေမှာ အိမ်ရှိ၊ မိသားစု ရှိပြီး ငါ့ကျမှ ဘာလို့ ဒီလို ဖြစ်ရတာလဲ ဆိုပြီးတော့လေ၊ မြတ်မော်ကတော့ အဖေမရှိတော့တာတောင် အမေ့အရိပ်မှာ ကြီးလာရတဲ့ကလေးမို့ မမကို နားလည်နိုင်မှာ မဟုတ်ဘူး၊ ငါ့မှာ ဘယ်သူမှမရှိဘူး၊ ငါတစ်ယောက်တည်းဆိုတဲ့ စိတ် တစ်ခါတလေ ဝင်တတ်တာကို နားလည်မှာ မဟုတ်ဘူး၊ မမလေ ကိုယ့်ကိုယ်ကိုယ် ပြောင်းလဲပစ်လို့ရရင် တကယ့် နေအိမ်အစစ်လို နေချင်သေးတယ်၊ ဘယ်သူ့ရဲ့ မွေးစားသမီးမှ မဟုတ်၊ ဘယ်သူ့ရဲ့ မွေးစားညီမမှ မဟုတ်၊ ဘယ်ပိုင်ဆိုင်မှုနဲ့မှ မပတ်သက်၊ မမဟာ မမကိုယ်တိုင် ဖြစ်ချင်သေးတယ်၊ သူများတွေ စိတ်ချမ်းသာအောင် ရယ်ပြ ပြုံးပြနေရတဲ့ ဘဝမျိုး၊ သိပ်လိမ္မာတဲ့ သမီးလေးပဲ အပြောခံရရင်တောင် နောက်ဆက်တွဲက မွေးစားသမီးပဲ ဒီလောက်လိမ္မာမှလည်း ဖြစ်မှာဆိုတာမျိုး နောက်က ကပ်ပါမလာတဲ့ ဘဝမျိုးမှာ သိပ်နေချင်တာပဲ၊ ဘယ်သူ့မျက်နှာမှ မကြည့်ဘဲ တဲအိမ်ထဲပဲဖြစ်ဖြစ် ဝင်လိုက်ချင်တယ်၊ ကိုယ်ပိုင် အိပ်ရာအစုတ်မှာပဲ ပစ်လှဲလိုက်ချင်တယ်၊ ပန်းစုံမွှေးတဲ့ခြံထဲ ရောက်နေပေမယ့်လည်း သူများခြံ၊ သူများပန်းပင်တွေလို့ သိနေရင် လေကို ရှူရှိုက်ရတာတောင် စိတ်မလွတ်လပ်သလိုပဲလို့ ပြောရင် မြတ်မော် နားလည်ပါ့မလား..)”

* * *

ပေးစာ(၃)

“...ရှေ့လဆို မိုးကုန်ပြီ အစ်ကိုရေလို့ စက်တင်ဘာလတုန်းက

ရေးတဲ့စာမှာ ကျွန်တော် ထည့်ရေးမိတယ်နော်။ ဟာ ဘယ်ကုန်လိမ့်မလဲ အစ်ကိုရာ။ အောက်တိုဘာလ သီတင်းကျွတ်လကြီး ရှာလိုက်တဲ့ မိုးဆိုတာ ပြောမနေပါနဲ့တော့၊ ဒီအတိုင်းဆိုရင် တန်ဆောင်တိုင်လည်း မိုးနဲ့ပဲ နေမှာပဲ။ ရန်ကုန်မှာ မိုးရယ်၊ နွေရယ်ပဲ ရှိတော့သလိုပဲ။ ဆောင်းဟာ ပျောက်ကို ပျောက်နေပြီ။

ဆောင်းများ ရောက်ပြီဆို ချမ်းချင်အေးချင်လိုက်တာဗျာ၊ ငယ်တုန်းကလို၊ သီပေါမှာတုန်းကလို အနွေးထည်တွေ ထပ်ဝတ်၊ ဂွမ်းစောင်ပုံကြီးထဲ တိုးပြီး အိပ်ချင်လိုက်တာဆိုတာ။ ဒါပေမဲ့ ဒီမှာတော့ မအေးဖူးတာ ကြာပြီ။

မေမေတောင် ဟိုတစ်နေ့ကပဲ လွမ်းလွမ်းဆွတ်ဆွတ် ပြောနေသေးတယ်။ ဒီအချိန်များဆို သီပေါမှာ အေးလောက်ပြီတဲ့။ နေကြာရိုင်းတွေလည်း ပွင့်လောက်ပြီတဲ့။ မေမေက ပြောရုံပြော၊ ကျွန်တော့်မှာ မျက်စိထဲ နေကြာရိုင်း တွေရော၊ ဘော်ကြိုပြတ်ဝန်းကျင်ရော၊ ဟိုမော်က တောင်တန်းတွေရော ပြေးမြင်တော့တာပဲ။ လွမ်းကြောင်းလည်း အထပ်ထပ် ပြောမိတာ များနေလို့ ကျွန်တော် မပြောတော့ပါဘူး။

အခု ပြောပြချင်တာက ကျွန်တော်တို့ စာအုပ်ဆိုင်လေးအကြောင်း။ စာအုပ်ဆိုင်အကြောင်းများ ဒီခေတ်မှာ လူနည်းတာ အဆန်းလုပ် ပြောမလို့လား လို့ အစ်ကို ထင်ဦးမယ်၊ မဟုတ်ဘူး အစ်ကိုရေ။ ဆိုင်မှာ အခု အစီအစဉ်လေး တစ်ခု ပြောင်းထားတယ်။ စာအုပ်ဆိုင်ပဲ၊ ဒါပေမဲ့ စာကြည့်တိုက် အသေးစားလေးတစ်ခု လိုပေါ့။ အစပြုပုံက ဒီလို...။

တစ်ရက်မှာ စမ်းချောင်းက သူငယ်ချင်းတစ်ယောက်အိမ် အလည် သွားရင်း သူ ငှားနေကျဆိုတဲ့ စာအုပ်ဆိုင်လေး တစ်ဆိုင်ကို ရောက်တယ်အစ်ကို။ ထင်ပေါ်စာပေတဲ့။ အရင့်အရင်တုန်းကတော့ ပုံမှန်စာအုပ်ဆိုင်တွေလိုပဲ တစ်ရက် ငှားခနဲ့ ငှားလာတာပဲ၊ ဒါပေမဲ့လည်း ဒီခေတ်က သိတဲ့အတိုင်း စာအုပ်တစ် အုပ်ကို တစ်ရက်တည်းနဲ့ ပြီးအောင် ဖတ်ဖို့ မလွယ်တော့ဘူး၊ အလုပ်ကလည်း တစ်ဖက်၊ ပြီးတော့ အာရုံတွေလည်း များလာတယ်မဟုတ်လား၊ နောက်ပိုင်း ကျတော့ စာဖတ်သူ တဖြည်းဖြည်းကျလာတဲ့အခါ ဖတ်တဲ့သူတွေလည်း အဆင်ပြေအောင် ဆိုပြီး စာအုပ်တစ်အုပ်ကို တစ်ပတ်အချိန်ပေးတယ်၊ တစ်ရက်ခပဲ ယူတဲ့စနစ် ပြောင်းလိုက်တယ်၊ နည်းနည်းလေးတော့ ပြန်တက်လာတယ်တဲ့၊ ဒီစနစ်က ဖတ်သူဘက်က ပိုလို့ အဆင်ပြေသွားတဲ့ စနစ်ပေါ့ အစ်ကိုရာ၊ စာအုပ်ဆိုင် ဆိုပေမယ့် စာကြည့်တိုက်တစ်ခုလို ဖြစ်သွားတာပေါ့၊ ဒါကြောင့်လည်း သူငယ်ချင်းက စငှားဖြစ်တာတဲ့၊ သူ ကြိုက်တဲ့ ဘာသာပြန်စာအုပ်တွေဆို တစ်ပတ်ကို တစ်အုပ် ပုံမှန် ဖတ်ဖြစ်နေတာတဲ့၊ ကျွန်တော့်ကိုလည်း

ခေါ်သွားတော့ စာအုပ်ဆိုတာ စုံလိုက်တာ အစ်ကိုရယ်၊ အခန်းပတ်လည်က စာအုပ်ဟောင်းနဲ့ တွေကလည်း လွမ်းစရာခေတ်ကိုတောင် ပြန်ခေါ်သွားသလိုပဲ။

အဲဒီနေ့ကပဲ မေမေ့ကို ဒီစိတ်ကူးလေး ပြောပြမိတယ်။ မေမေဆိုတာလည်း သူ့စာအုပ်ဆိုင်လေး ပုံမှန်အတိုင်း လည်ပတ်နေရင် ပြီးတာပဲ၊ ကိုယ့်အိမ်နဲ့ကိုယ် အေးအေးလူလူပဲဆိုတော့ ပြီးခဲ့တဲ့ တစ်ပတ်ကစပြီး အဲဒီစနစ်လေး လုပ်ဖြစ်တယ်၊ ကျွန်တော်တို့ ဆိုင်နာမည် "နှင်းပန်းအိမ်" ဆိုတာနဲ့ပဲ လူမှုကွန်ရက်မှာ ရှိနေတယ်၊ အစ်ကို ဝင်ရှာကြည့်ပါလား၊ ဆရာမကိုလည်း ဒီနည်းလေး အဆင်ပြေရင် စသုံးပါလားလို့ အစ်ကို အကြံပေးကြည့်ပါလား။

အခုတော့ ဆောင်းဆိုပေမယ့်လည်း မိုးတဖွဲဖွဲ ရွာကောင်းနေသေးတဲ့ ညတွေဆို မေမေဟာ သူ့နဂိုပုံစံလေးအတိုင်း ရေဒီယို ဖွင့်ထားမယ်၊ ပက်လက်ကုလားထိုင်လေးမှာ ထိုင်ရင်း လမ်းပေါ်ကို ငေးမယ်၊ စာအုပ်အပ်သူလာရင် စာရင်းထဖျက်ပေးမယ်၊ မလာတော့လည်း ဒီအတိုင်းလေးပဲ။ မေမေ့ကို ကြည့်ရတာ သက်ငြိမ်ပန်းချီကား တစ်ချပ်လိုပဲ။ ဒီအတိုင်းလေး မြင်နေခွင့်ရတာနဲ့တင် ကျွန်တော့်အတွက် အတော် ကျေနပ်စရာ ကောင်းနေပြီ။

တစ်ခါတလေတော့လည်း ဘာတွေးမိသလဲဆိုတော့ ကျန်ခဲ့တဲ့ ခေတ်ကြီးတစ်ခေတ်လုံးဟာ ခုတော့ အဖြူ၊ အမည်း ရုပ်ရှင်ကားလို လွမ်းစရာ ချည်းပါလား အစ်ကိုရယ်။ စာအုပ်ဟာ ကျွန်တော်တို့အတွက် ကမ္ဘာကြီးဖြစ်ခဲ့ဖူးတယ်။ ကျွန်တော်တို့မှာ ကြည့်စရာ ရှုစရာ ဖျော်ဖြေရေးဆိုလို့ အများနဲ့ ရောနှောကြည့်ရတဲ့ ဗွီဒီယို၊ ရုပ်ရှင်ပဲ ရှိတယ်၊ နားထောင်စရာ ရေဒီယို၊ နောက်တော့ ကက်ဆက်တွေရှိတယ်၊ ကျွန်တော်တို့ကြားမှာ စာလေးတွေက လွဲပြီး ဆက်သွယ်စရာ နည်းလမ်း များများစားစားမရှိခဲ့ကြဘူး၊ တစ်ယောက်ကို တစ်ယောက် သတိရရင်၊ တစ်ယောက်အကြောင်း တစ်ယောက် သိဖို့ဆိုရင် စာလေးတွေ ရေးရတယ်၊ နောက်တော့ အခပေး ဖုန်းဆက်လို့ ရတဲ့နေရာတွေ ရှိလာတယ်၊ အသံတွေပါ ကြားနိုင်လာတယ်၊ အခုတော့ ခေတ်ဟာ အရှိန်မြန်မြန် ပြသသွားတဲ့ ရုပ်ရှင်၊ ဆေးရောင်အစုံလွန်နေတဲ့ ရုပ်ရှင်ပဲ။ ဒီခေတ်မှာ လူချင်း တွေ့စရာမလိုဘဲ သိနေ မြင်နေဖို့ ပိုလွယ်လာတယ်၊ ဒါပေမဲ့ ကျွန်တော်တို့တွေ ပိုပြီးတော့လည်း ဝေးသွားကြတယ်.."

* * *

ပေးစာ(၄)

"...တစ်လ တစ်စောင် ရေးနေရာကနေ နှစ်ပတ်လောက်ပဲ ရှိသေး၊ စာတစ်စောင်ရောက်လာတော့ အစ်ကို အံ့ဩသွားမှာပဲ။ အမှန်တော့ ဒီစာဟာ

အရေးပေါ်မို့ ရေးရတာပါ အစ်ကို။ ဘာအရေးပေါ်သလဲ ဆိုတော့ မမနွေကို ကျွန်တော် ရှာတွေ့ခဲ့ပြီလေ။

ရှာတွေ့ခဲ့ပြီဆိုတဲ့ စကားဟာ တစ်ဖက်တည်းကနေပဲ တွေ့ခဲ့၊ နောက်တစ်ဖက်က လုံးလုံး မသိခဲ့ရင် သုံးသင့်သလား၊ မသုံးသင့်ဘူးလား ကျွန်တော် မပြောတတ်ဘူး။ ကျွန်တော်ဟာ မမနွေကို တွေ့တော့ တွေ့ခဲ့ပါရဲ့။ ဒါပေမဲ့ မမနွေဘက်ကတော့ ကျွန်တော် သူ့ကို လှမ်းတွေ့ကြောင်း လုံးဝ မသိခဲ့ရတဲ့ အဖြစ်ကိုး။

ဖြစ်ပုံက ဒီလို အစ်ကိုရေ။

ပြီးခဲ့တဲ့ ပိတ်ရက်တုန်းက ကျွန်တော် စာအုပ်လမ်း သွားတယ်။ သိမ်ဖြူက စာအုပ်လမ်းလေ။ သွားနေကျအတိုင်းပဲ တစ်ယောက်တည်း စာအုပ်ဆိုင်တွေ လှည့်ပတ်ကြည့်၊ နောက်ဆုံးတော့ စာအုပ်ဟောင်းလေး သုံး၊ လေးအုပ် ဆွဲပြီး ပြန်မယ်လုပ်တော့ ကျွန်တော် လှည့်လိုက်မိတဲ့ ဘက် (တိတိကျကျ ပြောရင် သုံး၊ လေးဆိုင်အကျော်လောက်) မှာ ဘဝ ဘဝနဲ့ချီ ရင်းနှီးကျွမ်းဝင် ခဲ့သလို မျက်နှာတစ်ခုကို ဘေးတိုက်လေး တွေ့လိုက်ရတော့တာကိုး။

ဘုရား…ဘုရား၊ အဲဒီခဏ ခံစားမှုဟာ ခုနေ ပြန်ပြောတော့ လေးနက်မှု နည်းနည်း လျော့လိမ့်မယ်။ တကယ် ကြုံနေရတုန်းကတော့ ကျွန်တော့်မှာ ပြန်ပြောပြစရာ စကားလုံးအသုံးတောင် ပျောက်ရှတယ် မှတ်တာပဲ။ ရင်ဟာ အဆုံးစွန်အထိ ခုန်နိုင်သမျှ အစွမ်းမျိုးနဲ့ မရပ်မနား ခုန်တယ်။ ခြေဖျား လက်ဖျားတွေ အေးစက်လို့ နေရာမှာတင် ကျောက်ရုပ်ဖြစ်သွားသလို။ ကျွန်တော့် စိတ်ဟာ ဟင်းလင်းပွင့်လို့၊ ကျွန်တော့်မျက်လုံးဟာ မျက်တောင်မရှိတော့သလို၊ ကျွန်တော့်နှုတ်ခမ်းဟာ အချင်းချင်း ပြန်စေ့စပ်လို့မရတော့သလို။ ပေါက်ကွဲ ထွက်တော့မတတ် ဆူညံလှတဲ့ ရင်ခုန်သံဟာ ဘေးဘီဝန်းကျင်က စကားသံတွေ၊ လှုပ်ရှားမှုတွေ အကုန်လုံးကို ဖုံးလွှမ်းနေသလိုပဲ။

ကမ္ဘာဟာ အတောမသတ် လည်နေရာက ဗြုန်းဆို ရပ်တယ်၊ တန့်တယ်။ အရာရာ ဆိတ်ငြိမ်ကျသွားတယ်။ ရှင်သန်ကျန်ရစ်တာဟာ လူနှစ်ယောက်တည်း၊ ကျွန်တော်ရယ်၊ မမနွေရယ်။

တွေဝေငေးမောနေရတဲ့ အခိုက်အတန့် ကာလတိုလေးအတွင်း ကျွန်တော် မြင်နေရတဲ့ မျက်နှာဝင်းပပဟာ မသိရင် တစ်မိနစ်လေးတောင် မဝေးခဲ့ ကြသလိုပဲ။ အစိတ်အပိုင်းတစ်ခုချင်းဟာ ကျွန်တော့်စိတ်ထဲ တစိမ့်စိမ့် ပျိုးထား မိတဲ့ ပျိုးပင်လေးနဲ့ ထပ်မျှပဲ။ ခန္ဓာလေး နည်းနည်း ပြည့်လာပုံကလွဲလို့

ကျွန်တော် မြင်နေရတဲ့ မမနွေဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀ ကျော်က ဘော်ကြိုမှာ စလို့တွေ့ဆုံ၊ နောက်တော့ သံယောဇဉ်ကြိုးငင်လာမိတဲ့ မိန်းမပျိုလေးနဲ့ မခြားဘူး ဆိုရင် အစ်ကိုကတော့ ငါ့လူ ပိုပြန်ပြီ ဆိုလိမ့်မယ်။ ထားတော့။

အစ်ကို တစ်ခါက ပြောဖူးသလို သတ္တိရှိဖို့ လိုတဲ့ အခိုက်အတန့်ဟာ ဒီအချိန်ပဲလို့ ကျွန်တော် နားလည်လိုက်တယ်။ ဒီတစ်ကြိမ် နှောင့်နှေးတွန့်ဆုတ်ရင် ပင်လယ်ပြင်ထဲ ရွက်ကြွေလေးတစ်ရွက် လိုက်ရှာသလို နှစ်များစွာ ကျွန်တော် အမောကြီး မောရလိမ့်ဦးမယ်။ ဒီစိတ်ဓာနဲ့ပဲ ကျွန်တော် ခြေလှမ်းစတယ်။ ခြေလှမ်းစတယ် ဆိုတာထက် ခြေထောက်တွေကို မဖြစ်မနေ အမိန့်ပေး ရတယ်လို့တောင် ဆိုချင်တယ်။ ကျွန်တော်ဟာ လေဟာနယ်ထဲ လွင့်နေသလို ခြေလှမ်းနဲ့...။

"မမနွေ..."

အကျယ်ကြီး အော်ခေါ်လိုက်တယ်လို့ ကျွန်တော် ထင်မိတယ်။

ဒါပေမဲ့ ခပ်တိုးတိုးပဲ နှုတ်က ပွင့်ကျတာပါ။ လူသံသူသံနဲ့မို့ မမနွေက မကြားပါဘူး။ နောက်တစ်ကြိမ် ပြန်ခေါ်ဖို့ ပြင်မိတယ်။ မမနွေ...။

ကျွန်တော့်နှုတ်ခမ်းတွေဟာ နာမည်ကို အသံတိတ် ရွတ်မိတယ် ဆိုရမလို တိုးလိုးတန်းလန်း ရပ်သွားရတယ်။ ကျွန်တော့်ခြေလှမ်းဟာ ဇက်ကြိုး အဆွဲခံလိုက်ရသလို။ ကျွန်တော့်ရင်ဟာ လှပ်ခနဲ၊ စိတ်က အေးခနဲ နွေးခနဲ။

လက်ကလေး၊ လက်ကလေးတစ်ဖက်ဟာ မမနွေလက်ထဲက ဖွင့်ဖတ်လက်စ စာအုပ်ပေါ် ဖျတ်ဆို ကျလာတာကိုး။ လက်ကလေး၊ ပြီးတော့ ဖျတ်ခနဲ ပေါ်လာတဲ့ မျက်နှာလေး။ အဲဒီမျက်နှာလေးကို မမနွေက တစ်ခုခု ငုံ့မိုးပြောလိုက်တယ်။ စာအုပ်လေးကို ပြလိုက်ပြန်တယ်။ သူတို့ရယ်သံဟာ တွေဝေရပ်နေဆဲ ကျွန်တော့်ဆီ လွင့်လို့။

မမနွေ ငယ်တုန်းက မျက်နှာလေးကို မမြင်မတွေ့ဖူးပေမယ့် မြင်ဖူး တွေ့ဖူးရင်လည်း ဒီမျက်နှာပေါက်လေးပါပဲ လို့ ကျွန်တော် အတွေးရောက်မိစေတဲ့ ပုံတူကိုယ်ပွားလေး။ မမနွေကိုယ်ပွား အသက် လေး၊ ငါးနှစ်အရွယ် ကလေး မလေး။

စောစောတုန်းက တစ်ကမ္ဘာလုံးမှာ ဒီလူနှစ်ယောက်ပဲ ကျန်တော့တယ် ထင်မိတော့မလောက် ရင်ခုန် စိတ်လှုပ်ရှားခဲ့ရသမျှဟာ ခဏ အတွင်းမှာတင် အမှုန်အမွှားလေးတွေ လေပွေထဲ အစအန ရှာမရ လွင့်စဉ်သလို လွင့်နည်းမျိုးနဲ့ ကျွန်တော့်ဆီကနေ လွင့်ပါးသွားကြပြီ။ ကျွန်တော်ဟာ ဗလာသက်သက်ပဲ

ကျန်တယ်။ အခွံချည်းသက်သက် ကျန်ရစ်တဲ့ ခရုခွံလို ဟာလာဟင်းလင်း ရင်ဘတ်နဲ့ ပင်လယ်ကို ငေးနည်းမျိုး ငေးမိတယ်။ ကျွန်တော့်ပင်လယ်ဟာ ရယ်လို့ မောလို့။ အနှစ်နှစ် အလလက ကျွန်တော် တွေ့ချင်မြင်ချင် တောင့်တ မရတဲ့ အပြုံးကို သစ်ရွက်လို ခြွေလို့။

ဘာလုပ်ရမလဲ။ ကျွန်တော် ဘာလုပ်ရမလဲ။

ဒီတစ်ကြိမ် တွေ့ဝေခြင်းကတော့ ကျွန်တော့်ကိုယ်ကျွန်တော် ငဲ့ညှာခြင်းလည်း မည်ပါလိမ့်မယ်။

အရောက်သွားလို့ နှုတ်ဆက်တော့မယ်ဆိုရင် မမနွေ့ အိမ်ထောင်ရက်သား ကျတဲ့အကြောင်း၊ ဘယ်မှာ နေထိုင်ကြောင်း သိရလိမ့်မယ်။ သိရတော့ရော ဘာလုပ်တော့မတဲ့လဲ။ ကျွန်တော့်ရဲ့ အရောင်ပြောင်းခဲ့လေသော သံယောဇဉ်ဟာ အဖြူထည်လည်း ဖြစ်နိုင်ကြောင်း ဒီလောက် အချိန်အတိုင်းအတာလေးနဲ့တော့ ဟန်လုပ်လို့ ရမယ်လည်း မဟုတ်ဘူး။ ဒီတော့ ဘာလုပ်ရမလဲ။ နေမြဲတိုင်း ဝေးဝေးနေခဲ့မလား။ မတွေ့လက်စနဲ့ နံရံအထပ်ထပ် ခြားမြဲ ခြားထားတော့တာပဲ ကောင်းလေမလား။

တွေတွေငေးတဲ့ ကျွန်တော့်မြင်ကွင်းမှာ မမနွေ့ဟာ ပိုက်ဆံရှင်းနေတယ်၊ စာအုပ်အိတ်ကို လက်လှမ်းယူနေတယ်။ ကလေးမလေးကို တစ်ခုခု ငုံ့ကိုင်းလို့ ဆိုတယ်။ ပြီးတော့ လက်ကလေး လှမ်းတွဲလိုက်တယ်။

မျက်နှာချင်းဆိုင်က လူနှစ်ယောက် လာနေတာမို့ ကျွန်တော် ဘေးကပ် ရှောင်လိုက်တယ်။ မြင်ကွင်းရှင်းတာနဲ့ စောစောက နေရာဆီ အလောသုံးဆယ် ပြန်ကြည့်မိတဲ့အခါ မမနွေ့တို့ဟာ ကျွန်တော်ရှိရာအရပ်ကို ကျောခိုင်းလို့ ခပ်ဖြည်းဖြည်း လျှောက်သွားကြပြီ။

ကျွန်တော့်နှုတ်ဟာ ဆိတ်ဆိတ်။ ကျွန်တော့်ခြေလှမ်းဟာ တုံ့ဆိုင်း။ “မမနွေ့ရေ” ဆိုတဲ့ ရင်ဘတ်ထဲက အော်သံတစ်ခုပဲ လိုဏ်သံ အထပ်ထပ်နဲ့ မြည်ဟည်းလို့မဆုံး ကျန်ရစ်ခဲ့တယ်။ ကျွန်တော် ခေါ်မိတာ ပစ္စုပ္ပန်က ပိုင်ရှင် ရှိတဲ့ မမနွေ့ မဟုတ်ဘူး။ အတိတ်တစ်ချိန်က ကျွန်တော် ချစ်မိခဲ့တဲ့ မမနွေ့။

တွေဝေပေါ့လို့ အစ်ကို အပြစ်ဖို့ရင်လည်း ကျွန်တော် ခံယူရုံပါပဲ။

တစ်ခါတစ်ခါကျတော့ ကိုယ့်ကို နာကျင်စေမယ်လို့ သိနေနှင့်ပြီးသား ရပ်ဝန်းတစ်ခုဆီ ဘာလို့များ ခြေချနေတော့မလဲ၊ အဲဒီအစား အဝေးအရပ်မှာ ကင်းကင်းကွာကွာ ရှိနေရတာဟာ ကိုယ့်ကိုယ်ကိုယ် သနားညှာတာခြင်း မည်တယ်လို့ပဲ ကျွန်တော် ရိုးရိုးလေး တွေးခဲ့တယ်..”

* * *

ပေးစာ(၅)

"...လေမှာ လွင့်သော နေ့ရက်များပါပဲ။

ဒီနှစ်တွေထဲ တငွေ့ငွေ့ ကျွမ်းလောင်မြဲ ကျွမ်းလောင်အောင် အသက်ဆက်ခဲ့ရတဲ့ မီးအိမ်ငယ်ဟာ ငြိမ်းခဲ့ပြီ။ အလင်းစ ရှာမရမှတော့ ကျွန်တော်ဟာ မှောင်ကမ္ဘာမှာ လမ်းပျောက်သူပဲ၊ လေပွေတောမှာ မျောသူပဲ။ လူ့အဖြစ်ဟာ မျှော်လင့်ခြင်းနဲ့သာ အသက်ဆက်လာကြရတာ မဟုတ်လား။ မျှော်လင့်ရာ တစ်ခုမဟုတ် တစ်ခု ဆုပ်ကိုင်ထားမှသာ အဆုံးသတ် သိပြီးသားလမ်းပေါ် ရှေ့ဆက်တိုးရတာ ဝန်လေးပင်ပန်းခြင်း ကင်းလိမ့်မှာ။

ခုတော့ ကျွန်တော့် မျှော်လင့်ရာ ကမ်းပါးဟာ လှိုင်းအပုတ်မှာ ပြိုပျက်ခဲ့ရပြီ။ အစအန အကျိုးအပဲ့တွေ အဖြစ် ရေစီးမှာ တအိအိ မျောပါသွားခဲ့ပြီ။ ရင်ဟင်းလင်းပွင့် ကမ်းမြေ၊ မလွန်ဆန်နိုင်တဲ့ သဘာဝမှာ လက်မြှောက်ခဲ့ရတဲ့ ကမ်းမြေ..။

အမှန်တော့ စာရေးခြင်းကို နှစ်လိုသူ တစ်ယောက်အနေနဲ့ ဖွဲ့နွဲ့ ဝေ့ပတ်ပြောနေပေမယ့် အတိုချုပ်ကတော့ အသည်းကွဲတာပါပဲ အစ်ကိုရေ။

သက်လတ်ပိုင်းအရွယ် ယောကျ်ားသား တစ်ယောက်အတွက်တော့ အသည်းနှလုံး အစိတ်စိတ် ကွဲကြေလို့ လေမှာ လွင့်ရပုံဟာ ဆယ်ကျော်သက် ရွယ်ကနဲ့တော့ ဘယ်တူပါ့မလဲ။

ကျွန်တော်ဟာ သွားနေကျနေရာတွေကို သွားနေကျလို သွားတယ်၊ လုပ်နေကျအလုပ်ကိုလည်း လုပ်မြဲလုပ်တယ်၊ မိတ်ဆွေတွေနဲ့ ကော်ဖီဆိုင်၊ ဒါမှမဟုတ် ဘီယာဆိုင် ထိုင်ကြတဲ့ အခါမှာတောင် ပုံမှန် စကားစမြည် ပြောနိုင်ဆိုနိုင်၊ ပြုံးနိုင်ရယ်နိုင်တယ်။ ရင်ဘတ်ဟာ ဗလာကျင်းပေမယ့် စက်ရုပ်တစ်ရုပ်လောက်တော့ ပုံသေကားကျမဆန် လူမြင်ကောင်းရုံတော့ အသက်ဝင်တာပါပဲ။

တစ်ကိုယ်တည်း ရှိချိန်မျိုးမှာတော့ ဝေဒနာဟာ အတော်ပဲ သိသာလှတယ်။ လူသူ ဆူညံစည်ကားတဲ့ ဆူးလေဘုရားတစ်ဝိုက်မှာ၊ မဟာဗန္ဓုလ ပန်းခြံထဲမှာ၊ ဈေးဝယ်စင်တာတွေ တစ်ဝိုက်မှာ ဘယ်လိုပဲ စီးမျောဖို့ ကြိုးစားပေမယ့် မအောင်မြင်ဘူး။ ခြေလှမ်းတွေဟာ ဘယ်ပြီးရင် ညာ လှမ်းရမယ်လို့ အလိုလို သိခြင်းမျိုးနဲ့ လှမ်းပုံသက်သက်ပဲ။ စိတ်နဲ့ တစ်ထပ်တည်းကျ လှုပ်ရှားတဲ့ ခြေလှမ်းမျိုးတော့ မဟုတ်ခဲ့ဘူး။

ကျွန်တော်ဟာ စိတ်မှတ်မဲ့ လျှောက်တယ်၊ စိတ်မှတ်မဲ့ ငေးတယ်၊ တချို့နေ့များတော့ တစ်လမ်းဝင် တစ်လမ်းထွက်လို့ ခြေညောင်းလောက်ပြီဆိုမှ သုဝဏ္ဏကို ပြန်ဖူးတယ်။

အိမ်မှာတော့ မေမေဟာ ကျွန်တော့်အမူအရာကို ရိပ်မိတယ်လည်း မဟုတ်၊ မရိပ်မိဘူးလည်း မဟုတ်။ ဘာမှတော့ ထူးထူးခြားခြား မမေးမြန်းပေမဲ့ သားကို အရိပ်လို ကြည့်ရှုမြဲ မေမေ့မျက်လုံးတွေဟာ ကျွန်တော့်ကို မသိမသာ အကဲဖြတ်နေမှာပဲလို့ စိတ်တစ်ထောင့်မှာ အလိုလို သိနေတယ်။ ဒါပေမဲ့ မေမေ့သား ကျွန်တော်ဟာ မသိချင်ယောင် ဆောင်တတ်ပါတယ်။ "မမနွေကို ကျွန်တော် တွေ့ခဲ့တယ် မေမေ၊ ကလေးလေး တစ်ယောက်တောင် ရနေပြီ" လို့ ပြောမထွက်မှတော့ မသိချင်ယောင် ဆောင်တာဟာ အကောင်းဆုံးပဲလို့ ကျွန်တော် ဆုံးဖြတ်ခဲ့တာကိုး။

သီပေါမှာတုန်းက အစ်ကို တစ်ခါ မေးဖူးတယ် မဟုတ်လား။ "ဒီတစ်ခါ တွေ့ရင် ဘာပြောလိုက်မလဲ" ဆိုတာ။

တစ်ခါတစ်ခါကျတော့ ဖွင့်ပြောခွင့်တောင် မသာခဲ့တဲ့ ချစ်မေတ္တာမျိုး ဆိုတာလည်း ရှိသေးတာပေါ့ အစ်ကိုရေ၊ ငယ်တုန်းရွယ်တုန်းကတော့ ပြောဖို့ရာ ရဲလို့၊ ဟော...ပြန်တွေ့ရင် ပြောပါတော့မယ် ဆိုလည်း နောက်ကျလို့။

"နောက်ကျခဲ့လို့" ဆိုတဲ့ စကားသုံးတော့ အစ်ကိုက ပြုံးချင်မှာပဲ။ အစ်ကိုဟာ ကျွန်တော် ပြောပြသမျှ ဇာတ်ကြောင်းကို သိခဲ့တာကိုး။ ကျွန်တော့်ဘဝမှာ ဘယ်တော့မှ ဦးတယ်ရယ် မရှိ၊ အမြဲ နောက်ကျခဲ့တာ အစ်ကို သိလိမ့်မပေါ့။

အစ်ကိုလင်းညိုနဲ့ တုန်းကလည်း ကျွန်တော် နောက်ကျခဲ့တယ်။ ဒါပေမဲ့ ကျွန်တော် ချစ်ရတဲ့ အစ်ကိုနဲ့မို့ ကိုယ်စားဝင် ပျော်ရွှင်ပေးနိုင်ခဲ့တယ်။ ခုတော့ ကျွန်တော် အသက်တမျှ ချစ်ခဲ့ရသူနဲ့ ဖြူသလား၊ မည်းသလားတောင် မသိရသေးသူကို ဘယ်လိုများ ကျေနပ် ကြည်ဖြူနိုင်ပါ့မလဲ။

မမနွေကို ပြန်တွေ့ပြီးနောက်ပိုင်း လေလွင့်ရာက တစ်ဖန် စိတ်ပြန်ငြိမ် စမှာ ကျွန်တော် ဝတ္ထုတိုတစ်ပုဒ် ရေးမိသေးတယ်။ အချစ်ဝတ္ထုလည်းမဟုတ်၊ ကျွန်တော့်နောက်ကြောင်းနဲ့လည်း ဘယ်လိုမှ မဆက်နွယ်တဲ့ဇာတ်ကို စိမ့်စိမ့် သက်ဝင် ရေးဖြစ်တယ်ဆိုပါတော့။ စာရေးနေတုန်းခဏ တကယ့်ဘဝကို မေ့ထားနိုင်တာဟာ အခါများစွာကလို နှစ်လိုဖွယ်ပါပဲ။

တစ်ရက်တော့ ကျွန်တော်ဟာ စာမူလေး အိတ်ထဲထည့်လို့ ဆူးလေ တစ်ဝိုက်ကို ရောက်ရပြန်တယ်။ နာမည်ကျော် ဝတ္ထုရေးသူမဟုတ်၊ မဂ္ဂဇင်း

များစွာနဲ့လည်း အကျွမ်းတဝင် မဖြစ်သူမို့ ပို့နေကျ မဂ္ဂဇင်း နှစ်စောင်လောက်ထဲက တစ်စောင်ကို ပို့မယ်ပေါ့။ ပြီးရင်တော့ စာအုပ်လေး ဘာလေး ဝယ်ပြီး အိမ်ပြန်မယ်ပေါ့။ ဒီရက်ထဲ ဘာသာပြန်စရာအလုပ် နည်းနည်းလေး လျော့သွားတော့ စာဖတ်တဲ့ဘက် ကျွန်တော့်အာရုံ ပြန်ရောက်လို့ နေတယ်။

အတွေး အဝေးနဲ့ အနော်ရထာလမ်းပေါ် လျှောက်နေတုန်းမှာ မိတ်ဆွေ ကဗျာဆရာ နှစ်ယောက်နဲ့ ပက်ပင်းတိုးတယ်။ ကျွန်တော့်ရဲ့ ရှားပါးလှသော စာပေမိတ်ဆွေထဲက ချစ်စရာ ကဗျာဆရာတွေ ဆိုပါတော့။ သူတို့နှစ်ယောက်ကို များသောအားဖြင့် တွဲလို့ တွေ့ရတတ်တယ်။ တစ်ယောက်ကို တွေ့ရင် နောက်တစ်ယောက်ကို ကျွန်တော် အလိုလို မေးမိတဲ့အထိ သူတို့တွေ အတွဲညီကြတယ်။ လူပုံသဏ္ဌာန်ဟန်ပန်နဲ့ ကြည့်မယ်ဆိုရင်တော့ တစ်ယောက်ကို တစ်ဘာသာစီလို့ ဆိုနိုင်တယ်။ တစ်ယောက်က သတိထားမိလောက်အောင် အရပ် ခပ်ရှည်ရှည်၊ နောက်တစ်ယောက်ကျ အရပ်မြင့်တဲ့အထဲ မပါဘူး။ မြင်လိုက်ရုံနဲ့ ဆန့်ကျင်ဘက် ရိပ်ပုံနှစ်ခုလို့ ပြေးမြင်လိမ့်မယ်။ ဒါပေမဲ့ နှလုံးသားနဲ့ရင်းအပ် ထပ်မျှညီတဲ့ မိတ်ဆွေတွေ။

သူတို့ နှစ်ယောက်ဟာ အိမ်ချင်းလည်း နီးတယ်ဆိုရမယ်။ နီးတယ် ရယ်တောင် မဟုတ်၊ တိုက်က တစ်တိုက်တည်းမှာ။ တစ်ယောက်က မြေညီထပ်မှာ စာအုပ်ဆိုင်လေး ဖွင့်ထားတယ်။ နောက်တစ်ယောက်က အထပ်မြင့်မှာ နေတယ်။ နှစ်ဦးစလုံးဟာ စာအုပ်တိုက်ပါ ထောင်ထားတဲ့သူတွေလည်း ဖြစ်ပြန်တော့ အထပ်မြင့်မှာ နေတဲ့ ကဗျာဆရာဟာ စာအုပ်တွေ သယ်ပိုးလို့ ပြန်လာတဲ့အခါများဆို စာအုပ်ဆိုင်ရှေ့ ဗာဒံပင်ရိပ်က ခုံတန်းလေးမှာ ထိုင်လို့ အမောဖြေတတ်တယ်။ ရောက်နေတဲ့ ဧည့်သည်၊ ဒါမှမဟုတ် မိတ်ဆွေကဗျာဆရာ စာအုပ်ဆိုင်ရှင်နဲ့ စကားစမြည်ပြောပြီးရင် ရှည်လျားတဲ့ ကျောပြင်ပေါ်၊ ခိုင်မတ်တဲ့ ပခုံးပေါ် စာအုပ်တွေ သယ်ပိုးထမ်းတင်လို့ အထပ်မြင့်က သူ့အခန်းဆီ ပြန်တာပဲ။ ဒီကဗျာဆရာနှစ်ယောက်လုံး သူတို့အခန်းတွေမှာ လူနေရာနဲ့ စာအုပ် နေရာ ဘယ်သင်းက ပိုများလေမလဲ။

“စာပေလောကကို ထမ်းပိုးထားတဲ့သူတွေ” လို့ ကျွန်တော် သူတို့ကို တိတ်တဆိတ် နာမည်ပေးထားမိတယ်။

စာအုပ်တွေ မငှားရလည်း စာအုပ်ဆိုင်လေး မပိတ်ရက်သေးသူ၊ စာအုပ်တွေ အရောင်းအဝယ်ကျလည်း ပုံမှန်ထုတ်ဝေလို့ မြုပ်ချည်ပေါ်ချည် စာပေရေစီးမှာ အားတင်း ကူးယက်နေသူ။ သူတို့ကိုမှ ဒီနာမည် မပေးရင် ဘယ်သူ့ကို ပေးရပါ့မလဲ။

ကျွန်တော့်မှာတော့ ဝါသနာအရ စာလေး တစ်ပုဒ်၊ နှစ်ပုဒ်လောက် ဝင်ရေးရုံနဲ့ "စာပေလောကဆိုတာကွာ" စသဖြင့် လူထူထူရှေ့ မပြောချင်ဘူး။ ဒီအလုပ်နဲ့ ရပ်တည်ပါလားဆိုရင် ကျွန်တော် သတ္တိ မရှိသေးဘူး။ ဒါဟာ တကယ့်အဖြစ်မှန်လည်း ဟုတ်၊ ခေတ်လည်း ဟုတ်။

တိုတိုပြောရရင် သူတို့နဲ့ ဆုံတော့ မြစ်ပယ်ဆီ ခြေဦးလှည့်ကြတယ်။ ထုံးစံအတိုင်း သူတို့လက်ထဲမှာ စာအုပ်ထုပ်တွေနဲ့။

လက်ဖက်ရည်ခွက်ကိုယ်စီနဲ့ ဆိုင်မှာ ထိုင်မိတော့ ပြောနေကျလိုပဲ ကဗျာခေတ်အကြောင်း၊ ဝတ္ထုရေစီးအကြောင်း၊ လက်ရှိ ခေတ်ကမ္ဘာက မဂ္ဂဇင်းတွေအကြောင်း၊ မောစရာ စာပေလောကအကြောင်း စသည် စသည်ဖြင့် စကားရက်ကန်း ခတ်ကြပြန်တယ်။

လမ်းခွဲကြမယ် ဆိုတော့မှ ကျွန်တော့်ကို ဒီကနေ ဘယ်သွားဦးမလဲတဲ့။ စာမူ ဝင်ပို့ဦးမယ်လို့ ပြောပြဖြစ်တယ်။ မဂ္ဂဇင်းနာမည်ကိုပါ ဘာရယ်မဟုတ် ပြောလိုက်တယ်။

အဲဒီမှာ အရပ်ရှည်ရှည် ကဗျာဆရာက "ဟာ...အဲဒီမဂ္ဂဇင်း ပြီးခဲ့တဲ့ လကပဲ ရပ်သွားပြီလေ" တဲ့။ "ဟုတ်ရဲ့လားဗျာ" လို့ ကျွန်တော် အထပ်ထပ် မေးမိတယ်။ တူညီတဲ့ အဖြေကိုသာ နှစ်ဦးစလုံးဆီက ရတယ်။

ကျွန်တော် အမှတ်မထင် ငေးငိုင်မိတယ်။ မြင်ရသမျှ ပြင်ပမြင်ကွင်းကို ငေးမိတယ်။

ခုနေခါတော့လည်း ကျွန်တော့်စိတ်ကို တမြည့်မြည့် တိုက်စားနေတဲ့ ပုဂ္ဂလိကအလွမ်း၊ တစ်ကိုယ်ရေစာအလွမ်းဟာ ဘာများ ဟုတ်တော့လို့လဲ။ ပြန်မရနိုင်တော့တဲ့ ခေတ်ကြီးတစ်ခေတ်လုံးကို လွမ်းရတဲ့ အလွမ်းနဲ့ ယှဉ်ရင် မြူတစ်မှုန်စာမျှပဲ ရှိပါတော့တယ်.."

* * *

ပေးစာ(၆)

"..လူ့ဘဝဟာ တကယ်တော့ အခန်းစဉ်တွေ ရေးပြီးသား ဇာတ်ညွှန်း ပမာပဲ။ ဒီအချိန်မှာ ဒီလူနဲ့ ဆုံရမယ်ဆိုတာလည်း ရှိပြီးသား၊ ဘယ်အချိန်မှာ ဝေးကြရမယ် ဆိုတာလည်း ရှိပြီးသား။ ရေစက်များ ကုန်ပြီဆိုရင် ဘယ်လိုပဲ ကြိုးစားပေ့စေ နီးစပ်မရတော့လောက်အောင် အဝေးကြီး ဝေးသွားကြတော့တာကိုး အစ်ကိုရေ။

မမနွေနဲ့ ကျွန်တော့်အဖြစ်ဟာ ဒီလိုပဲ ရေစက်ကို ပုံချရလိမ့်မယ် မှတ်ခဲ့ဖူးတယ်။ နှစ်ပေါင်းများစွာ ပြန်တွေ့ချင်စိတ် မြဲမြဲမြံမြံ ရှိလှပေမယ့် ဒီလောက ကမ္ဘာမှာ မရှိတော့ဘူး ထင်ရလောက်အောင် စုပ်စမြုပ်စ ပျောက်ရှခဲ့ပြီးပြီ။ မဆုံတော့ပါဘူး စိတ်တုံးတုံးချထားချိန်မှ ပြန်ဆုံကြတယ်တောင် ဆိုနိုင်တယ်။ ဒီတော့ ရေစက်ဟာ ကုန်တယ်လည်း မဆိုသာ၊ ရှိနေသေးသလား ဆိုတာကလည်း မရေရာ။

အံ့စရာကတော့ မမနွေနဲ့ ဆုံပြီး နောက်ပိုင်းမှာမှ ကွင်းဆက် ကွင်းဆက်ကလေးတွေ တစ်ခုပြီးတစ်ခု ပေါ်လာတော့တာ။ အစ်ကိုလည်း ကြုံဖူးတယ် မဟုတ်လား၊ တစ်ခါတလေ လူစိမ်းတစ်ယောက်ကို အကြို ဒါမှမဟုတ် အသုံးအဆောင်တစ်ခုခုနဲ့ သတိထားလိုက်မိရင် နောက်တစ်နေရာမှာ အဲဒါမျိုးနဲ့ ထပ်တူ နောက်ထပ် လူစိမ်းကိုလည်း တစ်ရက်တည်းမှာပဲ ဆုံရတဲ့အဖြစ်တွေ ရှိတတ်တာလေ။ ကျွန်တော့်မှာလည်း အဆန်းသား ကြုံရပြန်တယ်။

အဲဒါ ဘာတုံးဆိုတော့ မမနွေကို ရှာချင်တုန်းကလည်း ကောက်ရိုးပုံထဲ အပ်ပျောက်ရှာသလို။ တွေ့ပြန်တော့လည်း ဆက်တိုက်ဆိုရမလိုပဲ။ မမနွေနဲ့တော့ မဟုတ်၊ ဆက်နွှယ်ရာတွေနဲ့ ဆိုပါတော့။

ပထမတစ်ခုက ဓာတ်ပုံ။

အဲဒီဓာတ်ပုံကို မိတ်ဆွေတစ်ယောက်အိမ် အလည်သွားရင်းက ကျွန်တော် အမှတ်မထင် တွေ့လိုက်ရတာပဲ။

ဓာတ်ပုံဟာ ကျွန်တော် ထိုင်နေတဲ့ ဆိုဖာနဲ့ မျက်နှာချင်းဆိုင်နေရာမှာ ရှိနေတယ်။ အိမ်တွေရဲ့ ဧည့်ခန်းမှာ ဓာတ်ပုံဘောင်လေးတွေနဲ့ ဓာတ်ပုံအလတ်၊ အသေးတို့ကို ဟိုနားတစ်ခု၊ ဒီနားတစ်ခု ထောင်ထားတတ်သလို အလှပြထားတဲ့ အထဲမှာ ပါနေတဲ့ အဲဒီဓာတ်ပုံကို ပထမတော့ ရောက်ခါစနေရာမို့ ဟိုဟိုဒီဒီ အကဲခတ်ရာက ဖျတ်ခနဲ အကြည့်ရောက်၊ အကြည့်လွှဲဖယ်မယ် ပြင်ပြီးခါမှ ရယ်ပြုံးနေတဲ့ မျက်နှာတစ်ခုကို တစ်ကျော့ပြန် ကြည့်မိပြီး ကျွန်တော့်မှာ စက္ကန့်အတော်ကြာအောင် ငေးကြောင်ရတယ်။

မမနွေ။

ပင့်ကိုအလှမှာ ရင့်ကျက်မှုပါ ထပ်ပေါင်းထားတဲ့ အမျိုးသမီးဟာ ရှေ့က ကင်မရာကို တည့်တည့်စေ့စေ့ ကြည့်လို့ ပြုံးနေတယ်။ မျက်လုံးတွေရော နှုတ်ခမ်းတွေပါ ပြုံးနေတယ်။ မမနွေမျက်နှာမှာ ဒီလိုအပြုံးလေးတွေ မြင်ခဲ့ဖူး သလားလို့ သေချာပြန်စဉ်းစားတော့ ဝေဝေဝါးဝါးပဲ။ နှုတ်ခမ်း၊ မျက်လုံး

တစ်ပြိုင်တည်း ပြုံးချိန်ဟာ အတော်ရှားခဲ့တယ် ထင်တာပါပဲ။

အပြုံးမျက်နှာနဲ့ မမနွဲ့ဟာ ဘေးက ကောင်မလေးရဲ့ပခုံးပေါ် လက်ကလေးတစ်ဖက် တင်ထားတယ်။ ဆံနွယ်တွေကို ရှေ့ဘက် ကပိုကရို ကျမနေအောင် နောက်ကျောဘက်မှာ သပ်သပ်ရပ်ရပ် ချလို့။ နဖူးပြင်ကို အပြောင်သိမ်းလို့။ မျက်လုံး၊ မျက်ခုံးအလှဟာ ပိုလို့ထင်းလာသလိုပဲ။ စူးစူးစိုက်စိုက် ရင်ဆိုင် ကြည့်နေသလိုလို ခံစားရစေတဲ့ အဲဒီ မျက်လုံးတွေဟာ ကျွန်တော့်ကို ဆယ်ကျော်သက်ရွယ်ဆီ ရောက်အောင် ပြန်တွန်းပို့နေသလိုပါပဲ။

မတွေးတော့ဘူးရယ်လို့ မေ့ဖျောက်ထားသမျှဟာ လေပြည်မှာ လွင့်ရပြန်တယ်။ ကျွန်တော် ဘော်ကြို ပြန်ရောက်သွားတယ်။ ဘူတာရုံလေးကို ပြန်ရောက်သွားတယ်။ ပြီးတော့ မြစ်ကမ်းနံဘေးကိုလည်း ရောက်သွားပြန်တယ်။ မမနွဲ့ကို ငေးလို့၊ ပြောသမျှ စကားလုံးတွေကို နားနဲ့ မဟုတ်၊ တဒိတ်ဒိတ် ခုန်နေတဲ့ ရင်ဘတ်နဲ့ ကြားနာလို့။ စက္ကန့်၊ မိနစ်တွေကို အဲဒီကာလလေးမှာတင် ရပ်လိုက်ရ ဘယ်လောက်များ ကောင်းမလဲ။

အစ်ကိုလင်းညိုနဲ့ မမနွဲ့ရဲ့ ဝမ်းနည်းဖွယ် အခန်းစဉ်လည်း ရောက်လာတော့မှာ မဟုတ်၊ ကျွန်တော်လည်း ဘော်ကြိုက ပြောင်းလာရတော့မှာ မဟုတ်၊ မမနွဲ့လည်း သီပေါကနေ ပျောက်သွားမှာ မဟုတ်။ မဟုတ်...မဟုတ်။

မဲန်မိုရီစတစ်လေးထဲ ထည့်ပေးလိုက်စရာရှိတဲ့ ဖိုင်တွေ၊ ဓာတ်ပုံတွေ ထည့်ပေးနေတဲ့ မိတ်ဆွေကတော့ ကျွန်တော့်ဖြစ်ပုံကို သတိပြုမိဟန် မတူဘူး။

ကျွန်တော့်မှာ တစ်ယောက်တည်း အလူးအလဲ ပြိုလဲတယ်။ နောက်တော့ တစ်ယောက်တည်းပဲ သိရှိတဲ့ ပြိုလဲခြင်းက နာလန်ထူလာပြန်တယ်။ ဆိတ်ဆိတ်ပဲ နေနေကျလို နေမိတယ်။ လွန်ခဲ့တဲ့ ငါးမိနစ်၊ ခြောက်မိနစ်လောက်က ပြောလက်စ စကားတွေကိုပဲ ဆက်လိုက်မိတယ်။ ကျွန်တော့်စကား လမ်းကြောင်းဟာ ဓာတ်ပုံထဲက အမျိုးသမီးဆီ လုံးလုံးမရောက်ပါဘူး။ ရောက်တော့ရော ဘာထူးမလဲ၊ အဲဒီ အမျိုးသမီး ဘယ်မှာ နေကြောင်း သိရတော့ရော ဘာထူးမလဲ။

နာကျင်စေတာမှန်သမျှ လွှတ်ချရမယ် ဆိုတဲ့မူဟာ ကျွန်တော့်မှာ စွဲမြဲတုန်းပဲ။

နောက်တစ်ကြိမ် မမနွဲ့နဲ့ နွယ်ယှက်နေတဲ့ ကွင်းဆက်တစ်ခု ထပ်တွေ့ လိုက်ရပြန်တာကတော့ သက်မဲ့မဟုတ်ဘူး။ လူတစ်ယောက်ပါ၊ ပြန်တွေ့လိမ့်မယ် မမျှော်လင့်ခဲ့သူပါ။

အဲဒီနေ့က ကျွန်တော် မြို့ပတ်ကားနဲ့ လိုက်လာခဲ့ပြီး မဟာဗန္ဓုလပန်းခြံနားမှာ ဆင်းလိုက်တယ်။ ညနေခင်းမို့ ကားဟာ အတွင်းဘက်မှာ ပိတ်ကျပ် နေလေတော့ ဆင်းလိုက်ရတဲ့အချိန်၊ လွတ်လပ်ကျယ်ပြောတဲ့ ပြင်ပလောကနဲ့ ထိတွေ့လိုက်ရတဲ့အချိန် အခါခါ ကြုံရသလိုပဲ စိတ်သက်သာရာ ရသွားတယ်။ ပထမတော့ ကားပြောင်းစီးဦးမလို့ပဲ။ ဒါပေမဲ့လည်း ပန်းခြံထဲတော့ ခဏ ဝင်ဦးမယ် စိတ်ကူးနဲ့ ခြေလှမ်းတွေ ရှေ့ဆက်မိတယ်။

ပန်းခြံဟာ မြင်နေကျလိုပဲ ညနေခင်းများဆို မြက်ခင်းစိမ်း၊ အပင်စိမ်းတွေ ကြားမှာ အရောင်စုံ ပန်းတွေ အပုံလိုက် အပုံလိုက် ကြွေကျနေသလိုပဲ လူစည်လှတယ်။ ကလေး၊ လူကြီး အရွယ်စုံ။ တချို့လည်း တမင်တကာ အပန်းဖြေ လာတယ်။ တချို့လည်း မိတ်ဆွေနဲ့၊ ချစ်သူနဲ့ ချိန်းဆိုကြတယ်။ တချို့လည်း ရုံးအဆင်း အိမ်မပြန်ခင် ခဏဝင်နားတတ်ကြတယ်။ စာကလေး အိမ်လေးတွေ၊ အခန်းလေးတွေဆီ မပြန်ခင်တော့ အများပိုင် မြေနေရာ ကျယ်လွင့်လွင့်ပေါ်က မြက်ခင်းစိမ်းတွေဟာ စိတ်လက်ကြည်နူး အပန်းပြေစရာ မဟုတ်လား။ မြို့ပြမှာ ဒါမျိုးနေရာကျယ်တွေ ရှားပါးလာတော့ ကျန်နေသေးတဲ့ ခိုနားရာတွေအတွက် ကျေးဇူးတင်ချင်စိတ် ဝင်လာပြန်တယ်။ လွယ်လင့်တကူ အမှိုက် ပစ်ချတတ်သူတွေပါ ပန်းခြံထဲ ရောက်လာတတ်တာကတော့ စိတ်မကောင်းစရာပဲ။ ထားပါလေ။

ပန်းခြံထဲ ရောက်တော့ လွတ်နေတဲ့ မြက်ခင်းတစ်နေရာမှာ ဝင်ထိုင်တယ်။ ဖုန်းထုတ်သုံးမယ် ပြင်ပြီးခါမှ ပန်းခြံ ရောက်တုန်းရောက်ခိုက် လူစုံ အရောင်စုံကို ငေးမောရင်း သူတို့ဘဝတွေ စိတ်မှန်းနဲ့ ဖတ်ရှုဖို့သာ ဆုံးဖြတ်လိုက်တယ်။ ကျွန်တော်ဟာ ရှေ့တူရူက လူတွေဆီ ဟိုဟိုဒီဒီ အကြည့်ရွေ့တယ်။ ပျော်နေ၊ ပြုံးနေတဲ့သူတွေ။ သူတို့ တကယ်ပျော်နေသလားလို့ ကျွန်တော် မတွေးဘူး။ ပျော်နေကြတယ်ဆိုတဲ့ နေရာမှာပဲ ရပ်လိုက်တယ်။ ဆက်ငေးတယ်။

တစ်နေရာမှာတော့ ကျွန်တော့်အကြည့်ဟာ ဗြုန်းဆို ရပ်သွားရတယ်။

သက်လတ်ပိုင်းအရွယ် အမျိုးသားတစ်ယောက်ဟာ ကျွန်တော်နဲ့ မလှမ်းမကမ်းက မြက်ခင်းပေါ် ထိုင်လို့။ သူ့ကို ဘေးတိုက်မက မျက်နှာပြည့်လည်း မကျတဲ့ အမြင်မျိုးနဲ့ လှမ်းမြင်တော့ စိုက်ကြည့်နေမိရာက ကျွန်တော် မျက်မှောင် ကြုတ်မိတယ်။ မြင်ဖူးပဲ့၊ ဒီလူကို ကျွန်တော် မြင်ဖူးပဲ့။

ရင်းနှီးလှတဲ့ မျက်နှာဟာ ကျွန်တော့်အာရုံကို တဖျပ်ဖျပ် လှုပ်နှိုးလို့။

ဒီလူကို သိကို သိနေပါတယ်၊ စဉ်းစားစမ်း၊ စဉ်းစားစမ်းလို့ ကျွန်တော် အလောတကြီး တွေးရင်း အဖြေလည်း သိရော ဟာခနဲ ဖြစ်သွားရတယ်။

တခြားလူ ဟုတ်ပါရိုးလား။ ကိုလေးလေ၊ မမနွေ့ရဲ့ အစ်ကို၊ ကျွန်တော် ချစ်ခင်ရတဲ့ ကိုလေးလေ။

ဒီတစ်ကြိမ်တော့ ကျွန်တော် နှစ်ခါပြန် စဉ်းစားမနေဘူး။ ထိုင်ရာက ဖြုန်းခနဲ ထလို့ ကိုလေးဆီကို တိုးကပ်သွားလိုက်တယ်။ အနီးမှာ ရပ်မိတော့ သူ ကျွန်တော့်ကို မော့ကြည့်တယ်။ မျက်မှောင်တွန့်ချိုးသွားတယ်။ ဘယ်သူပါလိမ့် ဇဝေဇဝါ အကြည့်ကို မြင်လိုက်ရတယ်။ “ကိုလေး” လို့ ကျွန်တော် အားရဝမ်းသာ ခေါ်မိတယ်။ လွန်လေပြီးတဲ့ နှစ်တချို့က ကောင်လေး တစ်ယောက်ကို သူ မှတ်မိပ့ါမလား တစ်ဆက်တည်း တွေးတယ်။

“မင်း...” ဆိုရင်း ကိုလေး တုံ့နေတယ်။ “ကျွန်တော် မြတ်မော်ပါ၊ ဘော်ကြိုမှာ နေခဲ့ဖူးတယ်လေ၊ အစ်ကို မှတ်မိလား” လို့ ဆက်တော့မှ “ဟာ” တဲ့။

ကိုလေး ရင်ထဲ ဘယ်လိုများ ခံစားနေရမလဲ ကျွန်တော် မပြောတတ်ဘူး၊ ကျွန်တော့်မှာတော့ ကွဲကွာနေတဲ့ မိတ်ဆွေဟောင်းတစ်ယောက်နဲ့ ပြန်ဆုံလိုက်ရတဲ့ အခိုက်အတန့်မှာ ခံစားမှုဟာ ပေါင်းစုံ၊ အရိပ်စုံပဲ။ အဲဒီအချိန်များ ကျွန်တော့်ကိုယ်ကျွန်တော် မှန်ထဲ ပြန်ကြည့်မယ်ဆိုရင် စိတ်လှုပ်ရှား ပြုံးမြနေတဲ့ နှုတ်ခမ်းတွေကို မြင်ရမယ်၊ ငယ်ဘဝကို ပြန်ရောက်ရသလို ငယ်ရိပ်ငယ်သွေး ပြန်သန်းလာတဲ့ မျက်နှာပြင်ကို မြင်ရမယ်။

ကိုလေးဟာ ချက်ချင်းဆိုသလို ထိုင်ရာက ထရပ်ပြီး ကျွန်တော့်လက်ကို အတော်ကြာဆွဲဆုပ်ယမ်းခါတယ်။ “ဝမ်းသာလိုက်တာ မြတ်မော်ရာ” ဆိုတဲ့ စကားကို နေကောင်းလား၊ ဘယ်မှာနေသလဲ၊ ဘာလုပ်နေသလဲအစရှိတဲ့ အပြန်အလှန် အမေးအဖြေခန်းမှာ အလျဉ်းသင့်တိုင်း ထုတ်ထုတ်ပြောတယ်။ ကျွန်တော်တို့ စကားသံတွေဟာ ပျော်ရွှင်ရိပ်နဲ့ လှိုက်လှဲတုန်ယင်လို့။ မြက်ခင်းပေါ်မှာ ပြန်ထိုင်မိကြတဲ့အထိ အပျော်လှိုင်းရှိန်ဟာ တစိမ့်စိမ့် တိုးဝင်တုန်း။

ကျွန်တော်တို့ ဘော်ကြိုအကြောင်း စကားစပ်ကြတယ်။ သီပေါနေ့ရက်တွေ အကြောင်း ပြောမိကြပြန်တယ်။ နောက်တော့ ဘယ်သူ့အကြောင်းပါ ဆက်လို့ ပါလာမလဲဆိုတာတော့ ပြောဖို့ မလိုဘူး ထင်ပါရဲ့ အစ်ကိုရေ။

“မမနွေ့ ဘယ်ရောက်နေသလဲ ကိုလေး” လို့ ကျွန်တော် မေးမိတယ်။ မေးသာ မေးရတယ်။ ကိုလေး မသိလောက်ပါဘူးလို့ စိတ်က ထင်နေတုန်းပဲ။

ဘာလို့ဆို ကိုလေးသာ သိရင် မယ်မယ်တို့ သိနေကြမှာပေါ့၊ ပြီးတော့ ဆက်လို့ စပ်လို့လည်း မမဒါလီတို့၊ ဆရာမတို့ သိနေကြမှာပေါ့။ ကိုလေး မသိလို့သာပဲ လို့ တွေးမိတဲ့ အတွေးဟာ "ရန်ကုန်မှာပဲလေ" ဆိုတဲ့ အဖြေစကားမှာတင် တိခနဲ ရပ်သွားရတယ်.."

❁

အဆုံး

ဆောင်းဦး၏ ဆည်းဆာနေခြည် "ကံ့ကော်ရိပ်" စာအုပ်ဆိုင်ရှေ့ဆီ ဖျော့ဖျော့နွဲ့နွဲ့ ဖျန်းပက် မလာခင်အထိ သူ့တစ်နေ့တာသည် ပုံမှန်သာ လည်ပတ်လျက် ရှိခဲ့သည်။

မွန်းလွဲပိုင်း ကျော်ကတည်းက စာအုပ်ဆိုင်ထဲ ဝင်သူကို မျှော်ရန်မလိုတော့ ခရေပင်ရိပ်မှာ ပက်လက်ကုလားထိုင် တစ်လုံး ချကာ ရေနွေးတစ်ခွက် ကွပ်ပျစ်ပေါ်တင်ကာ စာအုပ်တစ်အုပ်နှင့် သူ ငြိမ့်နေခဲ့သည်။ နေရောင်ခြည်သည် သိပ်သိပ်စိပ်စိပ် ရှိသော သစ်ရွက်များအကြားမှ ကျိုးတိုးကျဲတဲသာ ဖြာသည့် အပြင် ဒီဇင်ဘာနေခြည်မို့ မစူးလှ။ ဝန်းကျင်ကလည်း အေးမြမြ။ နေ၍ထိုင်၍ ကောင်း၊ ဇိမ်ခံ၍လည်း ကောင်းပ့ါ။

သားအမိနှစ်ယောက် လက်ဆုံစားပြီး ကတည်းက အမေက တစ်နေရာ၊ သူက တစ်နေရာ။ စာအုပ်ဆိုင်တံခါးမှာ သူ့နောက်ကျောတွင် ဟင်းလင်း ဖွင့်လျက်။ တစ်ချက် တစ်ချက်တွင်တော့ စာအုပ်ကို ရင်ဘတ်တွင် ကပ်ကာ၊ မျက်မှန်ကို ကျော်ကာ လမ်းမတန်းဆီ သူ ငေးဖြစ်သည်။ သူ့ဇာတိပမာ ရင်းနှီး လာရသည့် မြို့ကလေး။ စိတ်မပါ လက်မပါ လာနေဖြစ်ရာက ခုတော့လည်း ဆူညံသက်ဝင်လှသည့် မြို့ပြဆီ မပြန်ချင်၊ တွယ်ကပ်၍သာ နေချင်တော့သည့် မြို့ကလေး။ မြို့ကလေး၏ တစ်ခုတည်းသော ဆွဲငင်ရာမှာ အသက်ရလာပြီ ဖြစ်သည့် အမေအိုတည်း။

အမေ့အနား နေခွင့်ရချိန် ဘယ်လောက်များ ကျန်မှာပါလိမ့်။ ဘယ်သူမှ မသိနိုင်။ နေခွင့်ရသမျှ နေဦးပေါ့ မောင်ငြိမ်းစောဟု ကိုယ့်ကိုယ်ကိုယ် အားပေးရင်း ပြုံးမိသည်မှာ အခါခါ။ ဒါပဲ၊ အမေ့စိတ်ချမ်းသာမှု တစ်ခုပဲ။

ကျန်တာတော့ ဘာကိုမှလည်း အလောတကြီး ဆန္ဒမပြုချင်ပြီ။ ကိုယ့်တစ်ကိုယ်စာအတွက်ပင် သိပ်မတွေးလိုတာ အများအတွက်တော့ ဝေးပါရော။ ဘယ်နေရာမဆို ဝင်ပါပ့ါလား၊ ဦးဆောင်ပါလားဆို ခေါင်း အတန်တန် ခါရသည်။ ဘာလုပ်မလဲ၊ ခေါင်းဆောင်လုပ်ချင်သူများ ပုံလို့။ သူတို့ ခေါ်ပေ့ါ။ ငါးဆယ်၊ ခြောက်ဆယ်ကျော်လျှင်တော့ မပြောတတ်၊ ငါးဆယ်နီးပါးမှာတော့ ဘေးက ထိုင်နေရတာကိုသာ စိတ်ဝင်စားတော့သည်။ တစ်ခါတုန်းကတော့ ကိုယ်တိုင်လည်း မျှော်လင့်ဖူးသားပဲ၊ အုတ်တစ်ချပ် ဖြစ်ချင်ဖူးသားပဲ။ ခုတော့ မောပြီလေ။ မတော်တည့်လှသော ခေတ်ကို ဘေးကထိုင်ကာ ကြိမ်းမောင်းသူလည်း မလုပ်ချင်။ ဘာမှကို ပြောမနေတော့တာ မအေးပေဘူးလား။

ဆိုင်ရှေ့လမ်းပေါ်မှာ ဆိုင်ကယ်များ ပုံမှန် ဖြတ်လျက်။ အသံမဆူညံတာလည်း ရှိ၊ တမင်တကာ အသံ ဆူညံအောင် ဖန်တီးထားသော ဆိုင်ကယ်လည်းရှိ။ စီးနင်းသူများ ကြည့်ပြန်တော့ အသက်ကလေး ၁၈၊ ၁၉။ မျက်နှာများက တစ်စုံတစ်ရာသော အငွေ့နှင့် ဝေဝါးမှုန်ရီ။ သည်အသံတွေကြား ပျော်သလားကွယ်။ စိတ်ဟာ အဲဒီလို ဖောက်ချတော့ ပေ့ါပါးသွားရောလား။

လမ်းထဲက လက်ဖက်ရည်ဆိုင်မှာတော့ မွန်းလွဲချိန်မို့ လူခပ်ရှင်းရှင်း။ မနက်ခင်း၊ ညနေခင်းဆို စည်လျက်။ လက်ဖက်ရည်၊ ကော်ဖီခွက်၊ အအေးပုလင်းများ ရှေ့ချကာ လူသုံး၊ လေးဦးဝိုင်းထိုင်လျက်က တစ်ဦးမျက်နှာ တစ်ဦး မကြည့်အား။ စကားလည်း ဟက်ဟက်ပက်ပက် မဆိုအား။ လက်ဖက်ရည်ဆိုင်မှာ သူငယ်ချင်းများ ချိန်းချက်ဆုံသော၊ ရေပက်မဝင် စကားပြောဖူးကြလေသော ကာလဟာ သည်လို ဆိုတော့လည်း လွမ်းစရာ မကောင်းပြန်လား။ မြတ်မော် ပြောသလိုပဲ အစစ လွယ်လာတာကြောင့် တဖြည်းဖြည်း ပိုဝေးသွားခဲ့သလား။

တစ်ရက်ကတော့ သူသည် ထိုလက်ဖက်ရည်ဆိုင်လေးကို ဖြတ်လျှောက်လျှင် ငုံ့ကိုင်းကိုင်း ဦးခေါင်းများစွာကို မြင်သည်။ လမ်းမတန်းပေါ် ရောက်ပြန်တော့ ခုံတစ်လုံးပေါ် ကိုယ်ကို လျှောမှီကာ အင်္ဂလိပ်ကျေးလက်ဂီတ သံနောက် မျောလျက် တိမ်ရောင်စုံကို ငေးလျက် ရှိသော အမျိုးသားကြီးတစ်ဦးကို မြင်သည်။ မြင်ကွင်းနှစ်ခု၊ ခေတ်နှစ်ခု။

ဂီတသံနှင့်အတူ လွင့်မျော ရီဝေလျက်ရှိသော အမျိုးသားကြီးသည် သူ့မြို့က ရုပ်ရှင်ရုံလေးမှာ တစ်ချိန်က နိုင်ငံခြားဇာတ်ကားကောင်း၊ မြန်မာရုပ်ရှင်ကားကောင်းများ ကြည့်ခဲ့ဖူးတာ လွမ်းကောင်း လွမ်းနေလိမ့်မည်။ ဝင်းဦး ရုပ်ရှင် လာရိုက်ဖူးတာ၊ “ကျောက်မဲအကျဉ်းသား” ကို အိမ်လုံးကျွတ် ကြည့်ခဲ့ကြတာ ပြန်သတိရလျှင် ရနေလိမ့်မည်။ မြို့ကလေးမှာ ရုပ်ရှင်ရုံ မရှိတော့တာကိုရော တွေးနိုင်သလား။ စာအုပ်အငှားဆိုင် နှစ်ဆိုင်ပဲ ကျန်တော့တာကိုရော စိတ်ရောက် နိုင်သလား။ သူ့လိုလူဆိုလျှင်တော့ ဘာကိုမှ အဆန်းလုပ် လွမ်းဆွတ်တော့မည် မဟုတ်။ အရာရာ ဇာတ်ဆရာ့ သဘောပဲ။ ဖြစ်ခဲ့ပြီ၊ ထို့နောက် ပျက်ခဲ့ပြီ။

မြတ်မော်လိုလူမျိုး ဆိုရင်တော့ တွေးပေမပေ့ါ။

“မြတ်မော်” ဆိုကာမှပင် တစ်ညတုန်းက အမေနှင့် စကားဝိုင်းဖွဲ့ခဲ့ရပုံကို သူ အမှတ်ရလာသည်။ အခါတိုင်းနှင့် မတူ ထူးခြားသော မြတ်မော်၏ ပေးစာသည် သူနှင့်အမေ စကားလက်ဆုံကျရခြင်း၏ တစ်ခုတည်းသော အကြောင်းရင်း ဖြစ်ခဲ့သည်။ မြတ်မော်တစ်ယောက် မြို့ကလေးဆီက

ရှောင်ပြေးလေသော နွေအိမ့်ခြေရာကို ကောက်နိုင်ခဲ့ပြီ။

"ကိုလေးက ပြောတယ်တဲ့ အမေ၊ နွေ ရန်ကုန် ရောက်နေတယ် ဆိုတာ သူ သိတာ ခြောက်နှစ်လောက်တော့ ရှိပြီတဲ့၊ သူငယ်ချင်းတစ်ယောက်အိမ် သွားရင်း အဲဒီတိုက်မှာ နွေအိမ်နဲ့ဆုံသတဲ့၊ နွေအိမ်က မရှောင်သာတဲ့ အဆုံးဆိုတော့ သူ့အစ်ကိုကို လက်ခံတွေ့တယ်၊ အဆောင်ငှားနေတယ်လို့ ပြောပြတယ်တဲ့၊ အိမ်ကနေ ဘယ်ကို ထွက်သွားတာတုံး ဘာညာ မေးတော့မှ ပြန်ပြောပြတာက သူ အိမ်က ထွက်လာတုန်းကတော့ သူ့ရွာကို ပြန်လိုက်တာတဲ့၊ အဲဒီကနေမှ မြင်းခြံက ရွာကို လိုက်သွားတာတဲ့"

"တစ်ခါမှ မရောက်ဖူးဘဲကွယ်"

အက်ဖ်အမ်ရေဒီယိုက ထွက်ပေါ်လျက်ရှိသော သီချင်းသံကို အနည်းငယ် လျှော့ချရင်း အမေက ခပ်ညည်းညည်း ဆိုလေသည်။

"လူကြုံနဲ့ ပါသွားတယ်လည်း ပြောတာပဲ၊ ဒါပေမဲ့ နွေအိမ်က အရေးကြုံလာရင် သတ္တိရှိတဲ့သူမျိုးဆိုတာ အမေလည်းသိသားပဲ၊ တစ်ယောက်တည်းလည်း ရောက်မသွားဘူးလို့ မပြောနိုင်ဘူး၊ အဲ...မြင်းခြံကို ဘာလို့ လိုက်သွားတာလဲ ဆိုတော့ သူ့အဖေရဲ့ ပထမအိမ်ထောင်မှာ သမီးတစ်ယောက် ရှိတယ်တဲ့၊ သူတို့ချင်း စာအဆက်အသွယ်လည်း ရှိခဲ့ကြတယ်တဲ့ အမေ"

"အလို..."

ဆတ်ခနဲ မြင့်တက်သွားသော အမေ့မျက်ခုံးများ။ စူးခနဲ လက်ကာ အဝန်းကျယ်သွားသော မျက်ဝန်းများ။

"ဟုတ်တယ် အမေ၊ ကျွန်တော်လည်း အဲဒီစာကို ဖတ်ရတော့ အတော် အံ့သြသွားတယ်၊ နွေအိမ်ဟာ ထွက်သွားကတည်းက သူ ငယ်ငယ်က နေခဲ့တဲ့ ရွာကို ရောက်ရုံတင်လား၊ ဟိုတစ်ခါကလို ပြန်လာဖို့ စိတ်ကူးထားသလား မပြောတတ်ဘူး၊ ရွာကို ပါသွားပြီးတော့မှ ရွာမှာတင် သူ့ခရီးက မရပ်ဘဲ ဆက်သွားတာများ ဖြစ်မလားလို့ တွေးနေတာ၊ အဲဒီအစ်မက ရွာမှာ မရှိတော့ဘူး၊ ရန်ကုန်မှာ အလုပ်သွားလုပ်ရင်း အိမ်ထောင်ကျပြီး အခြေချတယ်ဆိုတာပဲ၊ နွေအိမ်ဟာ ရန်ကုန်ကို ဆက်လိုက်သွားတော့တာပဲ တဲ့"

အမေက ပင့်သက်ရှိုက်လေသည်။ တစ်သက်တာပတ်လုံး တစ်ပါးသူ့ အရိပ်မှာသာ ခိုနေခဲ့ရသော၊ အမျိုးအဆွေ ကင်းရှာခဲ့လေသော မိန်းကလေးတစ်ယောက်အဖို့ သွေးသားရင်းချာနောက် စိုက်စိုက်ပါ

လိုက်သွားပုံကို မြင်ယောင် မှန်းဆနေရှာသလား။

သူကတော့ဖြင့် မြတ်မော် ရေးပို့ခဲ့ဖူးသော စာထဲက နွေအိမ့် ပေးစာ တစ်ပိုဒ်ကို သတိရနေသည်။ နွေအိမ်သည် သူ့အမျိုးအဆွေကို လိုက်ရှာသည် မဟုတ်၊ သူ့ကိုယ်ပိုင်ဘဝတစ်ခုကို လိုက်ရှာတာသာ ဖြစ်လိမ့်မည်။

"နောက်တော့ရော"

"နောက်တော့ သူ့အစ်မနဲ့ ပြန်တွေ့၊ အဆက်အသွယ်ရ၊ သီပေါကိုလည်း မပြန်ချင်တော့ အဆောင်မှာနေပြီး အလုပ်ရှာသတဲ့၊ သီပေါမှာတုန်းက စာသင်လက်စဆိုတော့ အပြင်ကျောင်းတစ်ခုမှာ အလုပ်ဝင်ပြီး တစ်ယောက်တည်း ရုန်းကန်နေတာတဲ့၊ ကိုလေးက သူ့ညီမကို မေးတယ်၊ နင် မပင်ပန်းဘူးလား ဆိုတော့ ပင်ပန်းတာပေါ့၊ ဒါပေမဲ့ ပျော်တယ်တဲ့၊ အဆောင်အခန်းကလည်း သီပေါအိမ်က အခန်းရဲ့ တစ်ဝက်တောင် မရှိဘူး၊ ဒါပေမဲ့ သူပျော်တယ်တဲ့၊ ကိုလေးကတော့ သူ့ညီမ အိမ်က ဘာကြောင့် ထွက်ရတယ် ဆိုတာပဲ စိတ်ဝင်စားတော့ အဲဒါကို မဖြေ ဖြေအောင် မေးသတဲ့"

"နွေအိမ်က ဘာပြောသတဲ့လဲ"

"ဘာအဖြေမှ မရဘူးတဲ့ အမေ၊ ပြုံးပဲ ပြုံးနေတာတဲ့"

အမေသည် "အလို" ဟု ရေရွတ်လိုက်ပြန်၏။

"ကိုလေးကတော့ မြတ်မော်ကို သူ့အထင်တွေ ပြောပြတယ်တဲ့၊ နွေအိမ် ထွက်သွားရတဲ့ အကြောင်းဆိုတာမှာ ကိုလေးက သူနဲ့ ပတ်သက်တယ်လို့ ထင်တယ်တဲ့"

"ဘယ်လိုများ ဖြစ်ကြလို့တဲ့လဲကွယ်"

"ကိုလေးက နွေအိမ့်ကို ချစ်ပေမယ့် စိတ်အနှောင့်အယှက် ဖြစ်အောင်တော့ မလုပ်ခဲ့ပါဘူး၊ ပိုင်စိုးပိုင်နင်း လုပ်ဖို့ နေနေသာသာ ဖွင့်တောင်မပြောဘူး၊ သူ့အမေက စိတ်ပူတာ၊ ကြိုးချင်းထား ကြိုးချင်းငြိ ဘာညာပေါ့၊ ကောင်မလေးနဲ့ တအား အနေနီးတော့ စိတ်ပူလာမှာပေါ့၊ အိမ်ထောင်ချပေးဖို့ စီစဉ်တော့ ကိုလေးက ငြင်းတဲ့အခါ ပိုပူလာသတဲ့၊ တည့်တည့် မပြောရုံ ထုတ်ထုတ်ပြောလာတော့ စိတ်ထဲ မွန်းကျပ်လာတဲ့အခါ ထွက်သွားတာဖြစ်မှာပေါ့လို့ ကိုလေးက မြတ်မော်ကို ပြောပြတယ်တဲ့၊ မြတ်မော်ကတော့ ဒါလည်း ကိုလေး အထင်ပဲ၊ သူ့ဘာသာ တခြား အကြောင်းတွေလည်း ရှိရင်ရှိမှာပေါ့၊ မမနွေဟာ သူ့ဘဝနဲ့သူ သိပ်နေချင်ခဲ့တာ၊

သူ့အိမ်ဆိုတာမျိုးလည်း သိပ်လိုချင်ခဲ့တာ၊ အဲဒါကြောင့်များလား မသိဘူးလို့ ပြန်ပြောလိုက်တယ် ဆိုလားပဲ”

“အင်းလေ၊ သွားတာက သူ့အကြောင်းပဲ ထားပါတော့၊ ဒါပေမဲ့လည်း အဆက်အသွယ်တော့ ဘာလို့များ လုံးလုံး ဖြတ်ရသတဲ့လဲ”

“သူ့မယ်မယ်ကို ကျေးဇူးဆပ်နိုင်တဲ့ တစ်နေ့ကျမှ ပြန်လာတွေ့ဖို့ စိတ်ကူးတာတဲ့ အမေရေ၊ ဒီကြားထဲတော့ သူ့ဘာသာ ရုန်းကန်နေရတာနဲ့ မဆက်သွယ်တော့တာတဲ့၊ မဆက်သွယ်တာမှ တစ်ခါ ပြန်ဆုံပြီး လိပ်စာ ဘာညာ ပေးလိုက်ဖူးတဲ့ ကိုလေးကိုတောင် နောက်တစ်နေရာ ပြောင်းတော့ အဆက်ဖြတ် လိုက်တာပဲ၊ ဒါကြောင့်လည်း ဒေါ်ရီရီတို့ သီပေါအိမ်ဘက်မှာ နွေအိမ့်သတင်း အစအနေတောင် ပြန်မရဘူး ဖြစ်သွားတာ၊ နေကောင်းကျန်းမာ အသက်ရှင်ကြောင်းလေးတော့ ကိုလေး ပြန်ပြောပြလို့ သိရတာပေ့ါလေ”

“တစ်ခါလောက်တော့ ပြန်တွေ့ချင်လိုက်တာကွယ်”

သည်စကားမျိုး မြတ်မော်လည်း ပေးစာထဲ ထည့်ရေးခဲ့ပေသည်။

“…ကိုလေးနဲ့ တွေ့ပြီး နောက်ရက်ကျတော့ ဟိုနေ့က သူငယ်ချင်း အိမ်ကို လှမ်းဆက်မိတယ် အစ်ကိုရေ၊ ဓာတ်ပုံထဲက အမျိုးသမီးဟာ ကျွန်တော့် မိတ်ဆွေပါ၊ ဘယ်နေသလဲ သိချင်လို့ပါဆိုတော့ သူငယ်ချင်းက သူ့ညီမလေးကို ခေါ်ပေးတယ်၊ သူ့ဆရာမတဲ့၊ အခု နောက်ဆုံး ပြောင်းနေတာက လှိုင်တဲ့၊ လှိုင်မှာ အခန်းငှားနေတယ်တဲ့၊ လိပ်စာလေး ပေးနိုင်မလားလို့ မေးမိတယ်၊ ဟိုတစ်နေ့က အဲဒီလို မေးဖို့ ဘာလို့ နှုတ်နှေးရတာလဲ ဆိုတော့ ပြန်တွေ့တော့လည်း မထူးတဲ့ဘဝမှာ ထပ်ပြီး မနာကျင်ချင်တော့လို့ အစ်ကိုရေ၊ အခုတော့လည်း ထူး၊ မထူးဆိုတဲ့ မျဉ်းတစ်ကြောင်းပေါ် ကျွန်တော် ရပ်ခွင့်ရှိနေပြီ ထင်တာပဲ၊ မမနွေမှာ ကျွန်တော် ထင်သလို အိမ်ထောင် ရှိမနေဘူးကိုး၊ ကျွန်တော် တွေ့ခဲ့တဲ့ ကလေးလေးဟာ သူ့အစ်မရယ်၊ ခဲအိုရယ် မရှိတော့တဲ့ နောက်ပိုင်း သူ မွေးစားထားတဲ့ တူမလေးကိုး၊ တစ်ယောက်တည်းဘဝပဲ ဆိုတဲ့ စကားလောက် ချိုတာ ရှိဦးမလား အစ်ကို၊ လိပ်စာလည်း ရရော နောက်နေ့ အဲဒီလိပ်စာအတိုင်း ကျွန်တော် လိုက်သွားတာပဲ၊ ဖြစ်ပုံက တံခါးဝမှာ သော့တန်းလန်းနဲ့ရယ်။

တစ်ရက်သွားလည်း မတွေ့၊ နှစ်ရက် သွားလည်း မတွေ့။ အခန်းနီးချင်းတွေ မေးတော့လည်း ဘယ်သူမှ ရေရေရာရာမသိ။ မမနွေ နောက်တစ်ကြိမ် ပျောက်သွားပြန်ပြီလား တွေးတော့ ကျွန်တော် ထူပူလာပြန်တယ်။

ဘဝမှာ အခါခါ နောက်ကျပြီးပြီ၊ နှစ်အကြာကြီး ခွဲခဲ့ရပြီးပြီ၊

ဒီတစ်ကြိမ်တော့ မလွဲချင်ဘူး၊ တစ်ခါလောက်ပဲဖြစ်ဖြစ် မျက်နှာချင်းဆိုင် ပြန်တွေ့ချင်တယ်၊ မပြောဖြစ်ခဲ့တဲ့ စကားတွေ ကျွန်တော် ထုတ်ပြောချင်တယ်လေ..”

* * *

‘မောင်ငြိမ်းစောရေ’ ဟု အမေ့ခေါ်သံကြားတော့မှ အတွေးနယ်က ရုန်းထရသည်။ အိမ်အတွင်း ပြန်ဝင်ရသည်။ အမေက သူ့မိတ်ဆွေအိမ် ခဏ သွားမတဲ့။ အမေ့ခဏ ဆိုတာဟာ ရှေးဟောင်းနှောင်းဖြစ် တောထဲ တလည်လည် ဖြစ်သမျှ အတော်ကြာတတ်မှန်း သူ သိပါသည်။ ထုံးစံမပျက် ဆိုင်စောင့်ဖို့ပေါ့။

အမေ ထွက်တော့မှ သစ်ပင်ရိပ်သို့ တစ်ဖန်ပြန်လာသည်။ ပက်လက်ကုလားထိုင်မှာ ဆက်လှဲသည်။ စာအုပ်ကို လှန်သည်။ စိတ်သည် ကောင်းစွာ စုစည်းမရပြန်ချေ။ ဟိုတစ်လော ညနေဆီက စာအုပ်ဆိုင် မလာစဖူး အရောက် လာသည့် ဒါလီနှင့် တွေ့ရပုံသို့ ရောက်ပြန်သည်။ ဒါလီ့ကို မြတ်မော်နှင့် နွေအိမ့်အကြောင်း လွှတ်ခနဲပြောမိပုံ။ ငါ့နှယ် မြတ်မော်က ပြောစေချင်မှန်း၊ မပြောစေချင်မှန်းမသိ။ သြော်...ပြောတော့လည်း ဘာအရေးလဲ။ ဒီလူနဲ့ ဒီလူပဲ။ မတော်စပ်ခဲ့ရပေမဲ့ ညီအစ်မလို ချစ်ခင်သူတွေပဲ။

တစ်ယောက်တည်း အဆို၊ အချေတို့နှင့် စိတ်အလုပ်များသော ထိုခဏမှာ အမျိုးသမီး၏ မျက်လုံးများကတော့ သူ့မျက်နှာထက် စိုက်လျက်၊ မျှော်လင့်ရိပ်ကလေး စိုလဲ့လဲ့ လွှမ်းလျက်။

“တကယ်လို့များ နွေနဲ့ အဆက်အသွယ် ရတယ်ဆိုရင် ပြန်ပြောပေးပါလို့ မြတ်မော်ကို ပြောပေးနော်”

“စိတ်ချပါ”

“ဒီလထဲ ကျွန်မတို့ကျောင်းမှာ ဆရာကန်တော့ပွဲ ရှိတယ်လေ၊ ဆရာမကြီး ဒေါ်စောမျိုးစစ် အသက် ၁၀၀ ပြည့်မွေးနေ့ပါ တပည့်တွေက လုပ်မှာ ဆိုတော့ လူတအားစုံမှာ အစ်ကို၊ ကိုလေးတို့ မိသားစုတွေလည်း လာကြမယ် ပြောတယ်၊ အဲဒါ အဲဒါလေ နွေ နေတဲ့နေရာ မြတ်မော် သိနေပြီ ဆိုတဲ့ အကြောင်း ပြောလိုက်လို့ ဖြစ်တယ် မဟုတ်လား”

“ခင်ဗျားသဘောပါ၊ ပြောရင်လည်း သူတစ်ယောက်တည်းပဲ သိပေ့စေဦး ဆိုတာလေး ထည့်ပြောပေါ့၊ မြတ်မော် နွေအိမ်နဲ့ အဆက်အသွယ်ရပြီး နွေအိမ်ကိုယ်တိုင်က အိမ်ကို ပြောစေချင်မှပဲ သူ့အိမ်ကို အသိပေးတာ ကောင်း

မယ် ထင်တယ်”

“စိတ်ချပါ အစ်ကို”

အရေးထဲ အရာပေါ် ပြောရင်းဆိုရင်းက ဒီအမျိုးသမီး လှသားပဲတို့ ဘာတို့ တွေးမိသေးသည်။

“သူ ကျွန်မဆီ လှမ်းပို့တဲ့ စာ၊ အဲ…တစ်စောင်တည်း ရခဲ့ဖူးတဲ့စာထဲမှာ နွေက ဘာရေးခဲ့သလဲ ဆိုတော့ သူ စိတ်ချရတဲ့ နေရာမှာ ရှိနေတယ်၊ စိတ်မပူနဲ့တဲ့၊ နွေက ပျော်တဲ့နေရာမှာပဲ နေချင်တာ၊ အဲဒီ ပျော်တဲ့နေရာက မနေအပ်တော့ဘူး ဆိုရင် မပျော်တဲ့နေရာမှာလည်း နေသင့်ရင် နေရမှာပဲတဲ့၊ အခု သူနေနေတဲ့ နေရာဟာ သူ ပျော်တဲ့နေရာ ဟုတ်ရဲ့လားလို့ ကျွန်မ သိပ်မေးချင်တာပဲ၊ လူတွေကို စိတ်ပူအောင် လုပ်ရသလားဟဲ့လို့ သိပ်ပြောချင်တာပဲ”

သြော်…မနွေအိမ်၊ မနွေအိမ်။ ခင်ဗျားမလည်း မေတ္တာခန်းလို့ ပြေးရသူတော့ ဟုတ်ဟန်မတူဘူး၊ ခင်ဗျားပတ်ဝန်းကျင်မှာ မေတ္တာက လျှံလို့ပါကော။ ဒီဘဝ ဒီခဏ ဆွေမျိုးမဟုတ်၊ သံသရာအမျိုးတွေ ဆီကလေ။

နှာရောင်မှ လျှောကျချင်သော မျက်မှန်ကို ပင့်တင်ကာ စာမျက်နှာ များပေါ် အာရုံ ပြန်နှစ်ရသည်။ စာအုပ်ဆိုင်နေသူ ဖြစ်ပါရက်နဲ့ သုံးရက်လောက် နေလို့ စာတစ်အုပ်မကုန်ဘူးဆိုတာ လူကြားမကောင်း။ ဖတ်မှ ဖတ်မှ။ ငယ်တုန်း ကလောက်သာ အာရုံဝင်စားနိုင်ရင် ဘယ်လောက်ကောင်းမလဲ။ ထိုစဉ်ကတော့ မုန့်ဖိုးကလေး စု၍ စာဖတ်ရလေရာ “ဒီစာအုပ်ဆိုင်ကြီး ငါပိုင်ရင် ကောင်းမယ်” တောင် စိတ်ကူးယဉ်လိုက်သေးသည်။ ခုတော့ စာအုပ်ဆိုင်က စာအုပ် များစွာသည် သူ့လက်ခုပ်ထဲမှာ။ ဘဝမှာ ဒီအိပ်မက်တစ်ခုပဲ ထင်းထင်း အောင်မြင်ခဲ့တာ ရယ်စရာတော့ အကောင်းသား၊ အံမယ်။

“ဦးလေးရေ၊ စာအုပ်အပ်ချင်လို့” ဆိုသော အသံတစ်စ ပေါ်ထွက်တော့မှ ပတ်ဝန်းကျင်ကို ပြန်သတိရသည်။ စာအုပ်ကို ပြန်ချ၊ ထိုင်ရာက ထသည်။ နေရောင် အနည်းငယ် ဖျော့ပြီ။ ဆည်းဆာနေခြည်။ ဆောင်းဆည်းဆာ။ သည်အချိန်ဆို မြို့ပတ်ဝန်းကျင်က တောင်တစ်ကြော မြေတစ်ကြောမှာ နေကြာရိုင်းတို့ ဝင်းဝါထိန်ရှော့မည်။ တစ်နေ့တော့ မြို့ပြင်ထွက်ဦးမှ။

စာအုပ်စာရင်း မှတ်ပြီးသော် ဆိုင်ရှေ့ ပြန်မထွက်ချင်ပြီ။ မီးဖိုထဲ ဝင်ကာ ကော်ဖီတစ်ခွက် ဖျော်သည်။ အရသာမှာ အမေ စပ်သလောက် အဆင်မပြေ။

“ဆရာမ၊ ဆရာမ”

ဟော...စာအုပ်အပ်သူ ထင်ပ့ါ။ အသံကတော့ မိန်းမသံပေပဲ။

အငွေ့ထောင်းထောင်းထဆဲ ကော်ဖီခွက်ကို ကိုင်ကာ အိမ်ရှေ့ ပြန်ထွက်လာရသည်။

"ဆရာမ" ခေါ်သူသည် ဆိုင်ထဲမှာ မဟုတ်။ ဆိုင်ရှေ့က ခရေပင်ရိပ်မှာ။ စောစောတုန်းက သူ ရှိခဲ့ရာ ပက်လက် ကုလားထိုင်လေး အနီးမှာ ရပ်လျက် ဆိုင်ထဲဆီ လှမ်းမျှော်ကြည့်နေသည့် သူစိမ်းအမျိုးသမီးတစ်ဦး။ လူရိပ်တွေ့တော့ မျက်လုံးကလေး ဖျတ်ခနဲ ဝင်းလက်သွားပုံ၊ နောက်တော့ မျှော်သူ မဟုတ်လျှင် အရောင်ကလေး မှိန်သွားပြန်ပုံ။ ဘယ်သူပါလိမ့်။ အမေ့ညှော်သည်များလား၊ မျက်နှာကတော့ မြင်ဖူးသလိုလို ရှိပေသား။

"ဆရာမ ဒေါ်မြတ်သန္တာတို့ဆိုင် ဟုတ်ပါတယ်နော်"

"ဟုတ်တယ်ဗျ၊ အမေတော့ မရှိဘူး၊ ညနေစောင်းလောက်မှ ပြန်ရောက်မယ်"

"သြော်" ဟု တိုးတိုးရေရွတ်ကာ အမျိုးသမီးသည် ခြေသံုး၊ လေးလှမ်းမျှ လှမ်းလျှင် ရောက်သော ဆိုင်ဝသို့ ချဉ်းကပ်လာသည်။ လေအယူ အနွဲ့နှင့် လှုပ်နေသော ခရေရွက်တို့ကို နောက်ခံပြုကာ၊ ဆောင်းဆည်းဆာကို နောက်ခံပြုကာ။ ဆံပင်ရှည်တို့သည် နွဲ့နွဲ့ယိမ်းယိမ်း။ ချည်ထည်ပွင့်ရိုက် အပြာနုနုက လှပသော ကိုယ်နေဟန်တွင် တင့်တယ်စွာ။ အနီးကပ်ခါမှပင် ဖြူကြည်သော အသားအရေကို လည်းကောင်း၊ မျက်နှာပြင်ထက် မျက်ခုံး၊ မျက်လုံး၊ နှာတံ၊ နှုတ်ခမ်း တစ်ခုချင်း ကြည့်လည်းလှ၊ ခြုံကြည့်ပြန်တော့လည်း လှသည်ဆိုတာထက် ကျက်သရေရှိပုံကို သတိပြုမိကာ မြင်ဖူးလိုက်တာ ဆိုသော အတွေးမှာ တဝဲဝဲ လည်ရပြန်သည်။

"ထိုင်မယ်နော်" ဟု ပြောပြောဆိုဆိုပင် စားပွဲဘေးက ခုံကို ဆွဲယူထိုင်သည်။ သူစိမ်းဆိုသော အသုံးကို ပြန်ပြင်ရလိမ့်မည်။ ရင်းနှီးပုံ ဆောင်လိုက်တာ။ ခုံကို ဆွဲလိုက်ပုံ၊ ဆိုင်ထဲ စာအုပ်စင်များ တစ်ဝိုက် ဝေ့ဝဲကြည့်လိုက်ပုံမှာ သူစိမ်း မဆန်။ ရင်းနှီးလှပေသည်။

"ကျွန်မ ဆရာမနဲ့ တွေ့ဖို့ လာတာရင့်၊ တကယ်လို့ မရှိဘူးဆိုရင်လည်း စာအုပ်လေးပဲ ငှားပြီး ပြန်ပ့ါမယ်၊ မနက်ကျတော့မှ ထပ်လာပ့ါမယ်"

"ရတယ်ဗျ၊ စာအုပ်ငှားမယ် ဆိုလည်း ငှားပါ၊ အင်း...အင်း"

"ဆရာမအတွက် လက်ဆောင်လေးတော့ အစ်ကို့ကိုပဲ ပေးခဲ့ပ့ါမယ်၊

ပဝါလေးပါပဲ”

ပခုံးမှာ ချိတ်လာသော အိတ်ထဲမှ အပွင့်ဖော် ပဝါတစ်ထည် ထုတ်ယူကာ သူ့လက်အပ်သည်။ စားပွဲအံဆွဲဖွင့်ကာ ထည့်ရသည်။ အံဆွဲပိတ်သံနှင့် အမျိုးသမီး ထိုင်ရာက ထရပ်သဖြင့် ခုံနှင့် သမံတလင်း ပွတ်တိုက်မိသံမှာ တစ်ပြိုင်တည်း။ စာအုပ်ရွေးပြီးချိန် စောင့်ဆိုင်းကာ ကော်ဖီသောက်ရန် စိတ်ကူးသည်။ ကော်ဖီက ခပ်ပူပူမို့ တဖူးဖူးမှုတ်ကာ တစ်ငုံသောက်ရသည်။ လျှာတော့ မကျက်၊ သို့သော် ဖိမ်မရှိ။ အေးမှပဲ သောက်တာပေ့ါ။

ခဏကြာတော့ သင်းပြံသော ရေမွှေးနံ့ကလေး သူ့နံဘေး ရောက်လာသည်။ စာအုပ်ကမ်းပေးလျှင် “နာမည် ဘယ်လို မှတ်ရမလဲ” မေးမိသည်။ သူစိမ်းများကို မေးနေကျလို။

“နွှေအိမ်ပါ”

“ဗျာ...။”

အာမေဍိတ်သံသည် စာအုပ်အဟောင်းနဲ့ အုပ်မိုးနေသော ဆိုင်ကလေးထဲ ကျယ်လောင်စွာ။ ဘောပဲန်ကိုမျှ မလှုပ်ရှားနိုင် ဝိုင်းသော မျက်လုံးများနှင့် သူ မော့ကြည့်မိသည်။ အငိုက်မိသည်၊ အံ့အားသင့်သည်၊ မယုံနိုင် စသဖြင့် စကားလုံးများစွာ သုံးနိုင်ပါသည်။ သို့သော် “ဗျာ” ဆိုသော အာမေဍိတ်နှင့်ပင် ပြည့်စုံလောက်ပြီ။ မျက်လုံးအရိပ်များနှင့်ပင် ပြည့်စုံလောက်ပြီ။

“ဗျာ” ၏ နောက်ဆက်တွဲအဖြစ် ရုပ်ရှင်ထဲကလို “ခင်ဗျားက... ခင်ဗျားက နွှေအိမ်လား” ဟု သူ ထပ်မမေးပါ။ ငယ်မျက်နှာသည် တရေးရေး တရိပ်ရိပ် ပြန်ပေါ်လာပြီ။ အမြင်အာရုံ အားနည်းလာသော၊ နှစ်များစွာ ဝေးကွာခဲ့သည့် လူမျက်နှာများကို ဝေဝေဝါးဝါးသာ မှတ်မိနိုင်သော သူ့အာရုံသည် ခုတော့ဖြင့် နွှေအိမ့်ပုံရိပ်ကို ကောင်းစွာ ဖမ်းဆုပ်နိုင်ခဲ့ပြီ။

မြတ်မော်၊ မြတ်မော်ရေ။ မင်းမမနွှေဟာ ငါ့ရှေ့ တည့်တည့်မှာကွ။

“ဒါကြောင့် တွေ့ဖူးလိုက်တာလို့ ထင်နေတာ”

“အစ်ကိုက ဆရာမသား ကိုစော မဟုတ်လား၊ အမေလို့ ပြောလိုက်မှ ကိုစောမှန်း ကျွန်မ သိတာ၊ မျက်နှာကျတော့ သိပ်မမှတ်မိတော့ဘူးကိုး”

“အသက်ကြီးပြီကိုးဗျာ၊ ငယ်ရုပ် ဘယ်ကလာ ရှိပါတော့မလဲ၊ ဒါနဲ့ နေပါဦး၊ အခု ဘယ်မှာ တည်းသလဲ၊ အမေ မေးရင် ပြောထားလိုက်မယ်”

"မယ်မယ့်အိမ်မှာပါပဲ၊ မယ်မယ့်ကိုလည်း ကျန်းမာတုန်းလေး တွေ့ချင်၊ ပြီးတော့ ကျောင်းက ဆရာကန်တော့ပွဲလည်း တက်ချင်လို့လာလိုက်တာ"

"ဒါလီနဲ့ရော တွေ့ပြီးပလား"

"တွေ့ပြီးပါပြီ"

သြော်...အကြောင်းစုံဖြင့် သိပြီးလောက်ရောပေါ့။ မောင်မြတ်မော်၏ သီပေါမြို့ဆီ တစ်ကျော့ပြန် နေ့ရက်များ၊ ရန်ကုန်မြို့မှာ ရှာပုံတော် ဖွင့်သော ဇာတ်ကြောင်းများ။

ဝတ္ထုအမည်၊ စာရေးဆရာအမည် ချရေးကာ စာအုပ် ပြန်ကမ်းတော့ နွေအိမ်က လှမ်းယူသည်။

"သွားမယ်နော်၊ မနက်မှ ပြန်လာမယ်လို့ ဆရာမကို ပြောထား ပေးပါဦး"

အနီးမှ လွင့်စပြုသော သင်းမြမြရနံ့။

နေပါဦး..။ စိတ်အတွင်းက ကျယ်လောင်သော တားမြစ်သံသည် နှုတ်က မထွက်။ ဘယ့်နှယ် ပြန်ဆုံခိုက် ကြားခံအနေနှင့် ပြောပြစရာများစွာ။ ဒါနှင့်တောင် စကားတစ်ခွန်း ထွက်မကျ။ အပြောခက်တာလား၊ အားနာတာလား မရေရာ။ တစ်ဖက်လူကိုတော့ သင်ခဲ့သေး။ ဘာတဲ့၊ ဒီတစ်ခါ ကြုံရင်တော့ မတွေဝေနဲ့ဆိုလား။ အခုတော့ ကာယကံရှင် မတွေဝေဘဲ သူ တွေဝေတာကြောင့်များ နှစ်ချီ ထပ်ဝေးကြပြန်ဦးမလား။

"နေပါဦး"

သည်တစ်ခါတော့ အသံသည် နှုတ်က တကယ်ပင် ထွက်ကျ၏။ ကျောပေးလျက် ခပ်နွဲ့နွဲ့လျှောက်နေသော ခြေလှမ်းများ တိခနဲရပ်ကာ ချာခနဲ လှည့်ကြည့်လာသည်။ မြတ်မော်၏ သက်ငြိမ်ပန်းချီ။ ဆောင်းနေခြည်မှာ ဖြာသော အရိပ်ပန်း။ သူ့ကြောင့် မလွဲချော်စေရ။ ကိုင်း...တစ်.. နှစ်.. သုံး။

"တကယ်လို့များ နွေအိမ် ဒီဆိုင်ကို ရောက်လာရင် အကျိုးအကြောင်း ပြောပြပြီး တွေ့လို့ရတယ်၊ အကြောင်းကြားလို့ ရတယ်ဆိုရင် ဖုန်းဆက်ပေးပါ မှာထားတဲ့သူ တစ်ယောက် ရှိတယ်ဗျ၊ သီပေါကိုတောင် မနက်ဖြန် ရောက်ရင် ရောက်လာမယ့် သူမျိုးပါ၊ သူ ဘယ်သူလဲဆိုတာ နွေအိမ် သိမှာပါ၊ သူ့ကို ဖုန်းဆက်လိုက်လို့ ရမလား"

စူးလက်ဖြာသော မျက်ဝန်းများသည် သူ့မျက်နှာပေါ် ခဏတန့်လျက်။

ပထမတွင် ဝေဝေမှုန်မှုန်၊ နောက်တော့ တစ်စစ လဲ့လဲ့ကြည်။

“ဆက်ပါ အစ်ကို၊ ရပါတယ်”

ဝဲခနဲ လွင့်သွားသော ဆံနွယ်များ၊ တစ်ဖန် ပြန်စသော ခြေလှမ်းများ။ ဆောင်းနေခြည်အောက်က နေကြာရိုင်းတစ်ပွင့်။

တစ်ခါတုန်းဆီက ပိုင်ဆိုင်ချိန် တိုတောင်းခဲ့လေသော ပျော်ရွှင်မှုတို့ တစ်ဖန် ပြန်လည် နိုးထ သက်ဝင်ခဲ့ပြီ။ ။

စံပယ်ဖြူနု





တမျိုးသော ပျော်ရွှင်မှုတွေဟာ
ပိုင်ဆိုင်မှုနဲ့ သိမ်ဝှက်ထားတာပါ
ဒါပေမဲ့ တစ်သက်လုံး သိမ်းထားချင်ရတော့
ဝေမျှလိုက်ပါတယ်

COVERDESIGN:NAYMYOSAY